www.burmeseclassic.com

**မောင်မောင်မြင့်အေး**

စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

အမှတ် (၃၀၀)၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ

BURMESE CLASSIC .com



ကြာတက်တာတွေ မကြာစေဖို့

Graphic Design : AWH Photo: MPA

www.burmeseclassic.com

www.burmeseclassic.com


# ခုနစ်ရက်သားသမီးများအတွက်

# ဆရာမဒေါက်တာစောယုနွယ်က ဆောင်ရွက်ပေးနေပြီ

အမိအဘတွေက ကိုယ့်သားသမီးတွေကို ဆင်စီးမြင်းရံပြီး ဘဝခရီးတစ်လျှောက် ပန်းခင်းတဲ့လမ်းကို လျှောက်လှမ်းစေချင်တာ ဓမ္မတာပါပဲ။ ဒါကြောင့် ကိုယ့်သားသမီးလေးတွေကို ကံဇာတာမြင့်မားစေတဲ့ ရက်တွေ၊ နေ့တွေမှာ မွေးစေချင်ကြပါတယ်။ အဲဒီလိုကိစ္စတွေဖြစ်ခဲ့ရင် ဆရာမဒေါက်တာစောယုနွယ် ထံမှာ သင့်လျော်တဲ့ မွေးရက်ကို တွက်ချက်လိုက်ပါ။

**မွေးရက်ရွေးခြင်း**

မွေးလာတဲ့ ကလေးအတွက် မွေးသည့်အချိန်မှစ၍ လူမှုရေး၊ ပညာရေးတွေ ကောင်းစေဖို့ ဆောင်ရွက်ပေးပြီး မျက်နှာမြင် ချစ်ခင်စေ၊ နာမည်ကြားရုံနှင့် လူတိုင်းက ဖြိုးစေမယ့် နာမည်ကောင်းတွေကို ရွေးလိုက်ပါ။

**က[illegible]**

BURMESE CLASSIC .com

မင်္ဂလာမောင်မယ်တို့အတွက် နေ့[illegible]ာကိုရွေးပြီး တစ်သက်မခွဲရွှေလက်တွဲ ရမယ့်အဆောင်

**မင်္ဂလာရက်မြတ် လက်ထပ်ရက်ရွေး**

အလုပ်ကြီး အကိုင်ကြီး ဆိုင်ကြီး ကန္တာရကြီးတွေအတွက်

**လုပ်ငန်းအမည်ပေး**

ငွေကြေးအဆင်ပြေလို့ အိုးအိမ် အသစ်ဆောက်မယ့်အခါ

**အိမ်ဆောက်ပန္နက်တင်မင်္ဂလာ**

နာမည်ကျော်ကြား လူသိများပြီး ဝင်ငွေကောင်းစေမယ့်

**အနုပညာရှင်တို့၏ အမည်ပေးလွှာ**

စသည့် အကြောင်းအရာတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးနေပါပြီ။ နယ်မှ ဆောင်ရွက်လိုသူများ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါလျှင် စာတိုက်၊ မော်တော်ကား စသည့် ရောက်ရှိမည့် လမ်းကြောင်းများနှင့် ပြန်လည်ပို့ပေးနေပါပြီ။

ချမ်းသာကိုယ်စိတ်မြဲပါစေ . . . .

**ဆရာမဒေါက်တာစောယုနွယ်**

အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၄၃၀၃၀၊ ၀၉-၇၈၉၉၅၉၅၆၇


www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း။ ရုပ်သမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း။ ပြည်တွင်း ပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ။ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်း သံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

### စာမူပေးပို့လိုလျှင်

လာဘ်မိုးစွေ စာပေ - တိုက်-၂၇၊ အခန်း-၁၂၊
မြေညီထပ်၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

လာဘ်မိုးစွေဂါထာ

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘာတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

# မဂ္ဂပစ္စယော ရောင်ပြန် မဂ္ဂဇင်း

၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလ၊ အမှတ်(၃၀၀)ပြည့်

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ)
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဇင်
ပထမံဦးအောင်သူ၊ အင်ကြင်းဖြူဖြူ
အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(၀၀၉၅၆)မှ ထုတ်ဝေ၍ ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်၊ အမှတ်-၉၊ ရာဇာဓိရာဇ်လမ်း သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၅၀၀ ကျပ်
စာအုပ်ချုပ် - ဖိုးလပြည့်၊ အတွင်းဖလင် - မျိုးဝင်းကျော်
အတွင်းပန်းချီ - အောင်နိုင်လတ်၊ စံလွင်မောင်၊ ဖိုးအောင် တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို မသန်းသန်းဌေးမှ ဖန်တီးသည်။

www.burmeseclassic.com

မဂ္ဂပစ္စသော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၉ - ခုနှစ်၊ ဇန်နဝါရီလ၊ အမှတ်(၃၀၀)ပြည့်


## မာတိကာ

### ရောင်ပြန် ကဗျာ

နှစ်မိုးကြယ်၊ ဝန်းရံ၊ အောင်ရာဇာ(ဥက္ကလာ)၊
မောင်ခင်မိုး(ချောက်)၊ ထွေးထွေး(ယွန်းစလင်းမြေ)၊ ခိုင်လွန်း
သွေးရည်၊ မင်းမာယ(ရေကြည်)၊ နွေသင်နိုင်

### ကလေးများအတွက် ရောင်ပြန်


ရေးပေဘင်းအမွေ(ကဗျာ)
နှစ်မိုးကြယ် ——— ၁၅၈
နာမည်များတဲ့ ကြောင်ကလေး(ပုံပြင်)
သျှက်ပြုံး(မြန်မာစာ) ——— ၁၅၉


သန့်လျှင်မြို့ ကျောက်တော်တွင်းရပ်ကွက်အတွင်းရှိ
ဘုရားနီဘုရား (ခ) ပတ္တမြားမာန်စအောင် သိဒ္ဓိရှင်
စေတီတော်မြတ်ကြီး သမိုင်းအကျဉ်း

—— သမိုင်းက စကားပြောသော သန်လျင် ——

စာ-၃၉ မောင်စလေးအောင်(သန်လျင်)



စာ-၂၀၄




### ရောင်ပြန် အခန်းဆက်ရသ


မမေ့နိုင်စရာ ၁၃ ရက်နေ့မှာ
မနုသသကျော်ဝင်း ——— ၁၆၄
နှလုံးသားပုံရိပ်ရှင်(၁)
မြနန်းရှင် ——— ၂၀၄
ဒေါက်တာသောင်းထိုက်နှင့် စိန်ဘာဘူသတ်မှု
ရွှေဥဒေါင်း ——— ၂၂၄
ကျောက်ဆောင်ပေါ်က အထီးကျန်သရဲမလေး(ဇာတ်သိမ်း)
မင်းဟိန်းထိဝ် ——— ၂၃၄
သမီးနှစ္စ(၆)
မြဝတီ ——— ၂၄၂



www.burmeseclassic.com
www.burmeseclassic.com


www.burmeseclassic.com

စာ - ၅၉

## သမိုင်းဝင်
# တမူထူး ရှင်ပင် ရွှေဂူဘုရားကြီး

မောင်အောင်မြင့်(မိတ္ထီလာ)






**အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးရွာ စာပေ**

တိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)

၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉-၄၂၁၈၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇


## ရှောင်ပြန် လျှို့ဝှက်ဆန်းကြယ်


အနှစ်တစ်ရာတွင် တစ်ကြိမ်သာပေါ်ပေါက်သော လူဝင်စားမှု

တိုးထက် ---------- ၁၃၃


## ရှောင်ပြန် ရသ


ချစ်သူကို ဘယ်လိုပြောရမယ်...

မနောမြေရွှေကူသိန်းအောင် ---------- ၁၈၄

လပြည့်ညမှာ ပွင့်သောပန်း

ထွန်းတောက် ---------- ၁၉၃

မလွမ်းလို့ မဖြစ်ဘူး

မင်းသိန် ---------- ၂၁၃

မိနိုင်တို့အိမ်

ဗဟိုစော ---------- ၂၁၆


## မော်ဝင်နေသော ယတြာများ


ညဘက်မှာငိုတဲ့ ကလေးတွေအတွက်

မောင်မောင်မြင့်အေး ---------- ၂၄

မိသားစုအတွင်း စီးပွားရေး၊ ကျန်းမာရေး

လူမှုရေး ကောင်းမွန်ရန်

မောင်မောင်မြင့်အေး ---------- ၂၅

အိုးချင်းထား အိုးချင်းထိ

မောင်မောင်မြင့်အေး ---------- ၂၆

သဘော်တက်ရန် ခက်ခဲနေပါက

မောင်မောင်မြင့်အေး ---------- ၁၁၀




စာ - ၁၆၄

www.burmeseclassic.com

www.burmeseclassic.com




## လောကီရေးရာ


ဆရာကြီးမင်းသိန်း၏
မနောမယအဓိဋ္ဌာန်စေတီ ပုတီးစိပ်နည်း
မင်းသိန်း ---------------------------------------- ၁၈

ဝင်ငွေကောင်းစေ
မဟာနိုင် ---------------------------------------- ၃၀

ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ------------------------- ၃၂

သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ----------------------------- ၃၃

စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ---------------------------------- ၃၅

သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ------------------------------- ၃၆

သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ----------------------------- ၃၈

နက္ခတ္တဗေဒဆရာမကြီးဒေစီ၏
၂၀၁၈ ခုနှစ် ဟောစာတမ်း
ဦးတိုး(တက္ကသိုလ်) ----------------------------- ၅၆

လူနတ်တို့ထက် မြင့်မြတ်သာလွန်ကာ
အသက်ရှည်စွာ
ချမ်းချမ်းသာသာ နေရသူများ ------------------- ၆၅

ကမ္ဘာ့ငြိမ်းချမ်းရေး မဟာသိဝံကျင့်စဉ် ၇၀
မင်းဝိဇ္ဇာ --------------------------------------- ၇၀

နိုင်ငံအဝန်း ချမ်းသာစေမည့်နည်းလမ်း
တက္ကသိုလ်သျှင်သီရိ --------------------------- ၇၅

ဝိဇ္ဇာဓိုရ်ရတို့၏ ဖိုဝင်ထုံကူးခြင်းနှင့် ဂမ္ဘီရအစုံစုံ ဆန်းကြယ်ပုံများ
ဝိဇ္ဇာဓိုရ်များ တကယ်ရှိသည်(၂)
မောင်မောင်သိမ်းဟံ(မြူး) ----------------------- ၇၇

ပထမ်တစ်ဦး၏ ဘဝခရီး(၅)
သတိုးမင်းအောင် ------------------------------ ၈၅

ဆရာသခင်ဖြစ်တော်မူသော သတ္တမမြေ ;ဘ် ကျော်အောင်စံထား
ဆရာတော်ဘုရားကြီးနှင့်နောက်ဆုံးရက်၃၀အတူနေထိုင်ခြင်း(၃+၄)
ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း) ---------------------- ၉၁

ဆင်အကြောင်း သိကောင်းဖွယ်ရာများ(၆)
ဦးညွှန့်မောင် ---------------------------------- ၉၇

လူသစ်စိတ်သစ် ကြံတိုင်းဖြစ် မနောလိပ်ပြာစိတ်ကမ္ဘာစာစုများ
သက်လုံ -------------------------------------- ၁၀၄

နိဗ္ဗာန်ခေတ်များဟု သိကြစေလိုသည်
ဦးအောင်(မဟာပဋ္ဌမံ) -------------------------- ၁၁၁



ပထမ ဘိုးဘိုးအောင်နှင့် ဘဘတိုးမင်းခေါင် ရုပ်တုတော်


ရှင်သီဝလိရဟန္တာမြတ် ရုပ်တုတော်နှင့် ရှင်ဥပဂုတ္တရဟန္တာမြတ် ရုပ်တုတော်

www.burmeseclassic.com

www.burmeseclassic.com



## ရွှေဟောင်းအမွေ


စာ - ၁၅၈ နန္ဒာမိုးကြယ်

စေတီတည်ခြင်းမင်္ဂလာ ၁၁၄
ကိုမောင်သန်းဝင်း ---- ၁၁၄
နယူးယောက်မှ ဝါရှင်တန်ဒီစီသို့(၂)
မောင်ကောင်းမြင့် ---- ၁၂၃
အမေရေးခဲ့သော စာတစ်စောင်
တက္ကသိုလ်သန် ---- ၁၂၆
နှစ် ၂၀ ကျော် အိပ်ပျော်ရာမှ
ကိုယ့်ရွာပြန်ရောက်လာသူ
မောင်ကျေးဇူး ---- ၁၂၉
လူဝင်စားမိသားစု
သမီးဖကျီအောင်စိုး ---- ၁၃၆
ကိုယ်ကျင့်တရား
မြတ်အောင်ဇော် ---- ၁၄၀
ငယ်ဘဝသို့ သွားကြစို့
လိုက်ခဲ့တော့ သူငယ်ချင်းများ
ရှယ်လီသိန်းမောင် ---- ၁၄၃
အချိန်နှင့်ကြိုးစား မြတ်တရား
အရာခံဗိုလ်သစ်လွင် ---- ၁၄၅
သိမှတ်စရာ ဗေဒင်ပညာ
အောင်စိုးမင်း(ပညာရေး) ---- ၁၄၉
သမီးကို တစ်ယောက်တည်း မထားခဲ့ပါနဲ့
ဗိုလ်ချုပ်မြေတင်တင်ဝင်း ---- ၁၅၃
လက်မှတ်မဲ့ရထားစီးသော ဆာဒူးကြီး
မြဟန်သိန်း(လုပ်သားကောလိပ်) ---- ၁၆၁
ဝေဟင်မှာလေယာဉ်စီးလို့
မော်ချီးကိုတဲ့ ပြန်ခဲ့တယ်
ကေတုမောင်ညိုလင်း ---- ၁၇၀
ရှေးသည့်ခေါ်သော အိမ်ဒိုကြီး...
တင့်လွင်(ဘုရားနီ) ---- ၁၇၅
ကျီးပင်ဒုတ်တိုမှ တစ္ဆေအို
သပိတ်ကျင်း-ကျော်ကျော်ထွန်း ---- ၁၇၉
ဗောဓိညောင်မှာ သင့်ကံဇာတာ
မောင်စံထား(မနုဖြူ) ---- ၂၃၃
ထူးထက်ရှိုး အသက်ရှည်ဘုန်းတိုး
မော်တင်သိန်းဇော်ဇ ---- ၂၅၀
အိမ်ခြံမြေနှင့် မြေအိုး
ဂမ္ဘီရဆရာလှမျိုး ---- ၂၅၃





www.burmeseclassic.com

www.burmeseclassic.com

ဆရာသခင်ဖြစ်တော်မူသော

**သစ္စာမပျက် ကျော်အောင်စံအားနာတော်ဘုရားကြီး**

နှင့်

**နောက်ဆုံး ရက် ၃၀ အတွင်းနေထိုင်ခြင်း (၃)+(၄)**

ဂမ္ဘီရချမ်းကြီး(ဆင်ဖြူကျွန်း)



စာ - ၉၁


စင်နက္ခကို သိရှိရန်
ဆရာဦးမောင်မောင်မြင့် ———— ၂၅၅

ဖြစ်တော်စဉ် ၅၅၁ မှ ဒေဝဒတ်သတ် ဇာတ်ငါးဇာတ်
အောင်မြင့်မြတ်(ပြည်ရွှေဘို) ———— ၂၅၇

နိဗ္ဗာန်လမ်းပြ ဝိပဿနာတရားတော်(၂၂)
မဟာထွန်း ———— ၂၆၀

မိုးပျံယာဉ်တွေ လွှတ်ကြည့်ပါ
မင်္ဂလာရွှေအိုး ———— ၂၇၄

ခြံဝယ်ပြီး အိမ်ဆောက်ရင် သတိပြုစဉ်ခြင်
ဝင်းဇော်(သုံးဆယ်) ———— ၂၇၅

သက်မညှောင်ထန်း အသက်ရှည်စတမ်း
မော်တင်သိန်းဇော်ဇ ———— ၂၇၇

ငွေဝင်လာဘ်ရှင် အောင်ဓာတ်ဆင်
သစ္စာဝါဒီမြတ်စောလင်း ———— ၂၇၉


## လက်ဆွဲဖိုးပြင်ပေါ်မှ ဘဝအမိဗ္ဗာယ်များ


ဖော်ကွာဝေးသူ၏ လက္ခဏာ
ဒေါက်တာစောယုနွယ် ———— ၂၇

မောင့်မှုပိုင်ရှင်
ဒေါက်တာစောယုနွယ် ———— ၂၈

အချစ်ပါရဂူ၏ လက္ခဏာ
ဒေါက်တာစောယုနွယ် ———— ၂၉

အချစ်ရေးမှာ စံပြုထိုက်သူ၏ လက္ခဏာ
ဒေါက်တာစောယုနွယ် ———— ၁၈၃


## ရောင်ပြန် တိုင်းရင်းဆေး


၁၂ လရာသီ ဓာတ်စာ
ဒေါက်တာသက်ဆွေ ———— ၂၆၂


စာ - ၁၈၄




လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ) ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။ စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်း မရှိပါက တာဝန်ယူမည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့ရေးရာ

သန်လျင်မြို့ သောက်တော်တွင်းရပ်ကွက်အတွင်းရှိ ဘုရားနီဘုရား(ခ) သဗ္ဗုမမြောက်မာန်အောင်သိဒ္ဓိရှင်စေတီတော်မြတ်ကြီးသမိုင်းအကျဉ်း
မောင်လေးအောင်(သန်လျင်) —— ၃၉
သမိုင်းဝင်တမုတ်ရှင်ပင် ရွှေဂူဘုရားကြီး
မောင်အောင်မြင့်(မိတ္ထီလာ) —— ၄၉





သန်လျင်မင်းတရားကြီး ရုပ်တုတော်



မင်းဟိန်းထိပ်
၈ - ၂၆

အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွာ စာပေ
တိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)
၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇

## ရောင်ပြန်ပေဒင်

သီသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် —— ၂၅

## ရောင်ပြန် အထူးယတြာ

နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် —— ၂၉

## လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ —— ၂၆

www.burmeseclassic.com

www.burmeseclassic.com

# ဝါ–စိမ်း–နီ သုံးရောင်ခြယ်ဘုရား



ဇဝံ အစိန္တိယာ ဗုဒ္ဓါ

ဗုဒ္ဓဂုဏာ အစိန္တိယာ

အစိန္တိယေ

ပသန္နနံ ဝိပါကောဟောတု


မမ အစိန္တိယော

www.burmeseclassic.com

www.burmeseclassic.com

# အလယ်လူ

ထွေးထွေး(ယွန်းစလင်းမြေ)




- ဟိုဘက်တိမ်း
  မစိမ်းနဲ့ . . .
  ဒီဘက်တိမ်း
  မယိမ်းနဲ့ . . .။

- အလယ်လူ
  အဖြူထုံး
  နှလုံးမူ။

- အလယ်လူ
  ဖြူအောင်တွေး
  အလေးမူ။

- အလယ်လူ . . .
  အမှန်တရား
  စံထားဖွေလှစ်
  ရေးခြစ်ဆစ်ပိုင်း
  မရိုင်းအတွေး
  သမိုင်းကလေး လှပါစေ။ ။

www.burmeseclassic.com

www.burmeseclassic.com

- ထောင်ချောက်ကိုကျော်
  အစာမျှော်မလား။
- အဆာသာသီ
  ချိုပ်မကြည့်တော့ . . .
- စိတ်မှာကစား
  သိက္ခာတရားတွေ၊ ပွားများမထင်
  အရှင်လတ်လတ်၊ အသတ်ခံ
  နက်ဖြန်တစ်ရက်
  ပဆက်ရန်ပျက်ကွက်ခဲ့လေပြီ။ ။



ပန်းချီ-အောင်နိုင်လဝင်

ခိုင်လွန်း

# သားကောင်

www.burmeseclassic.com


www.burmeseclassic.com

- တော်ဘုန်းခေါင်
ပိတုန်းရောင် ထုံးနှောင်တင့်ပေမယ့်
ပြုံးလျောင်သထင့် ဘော်ငွေမျှင်။

- ဆံဖြူတစ်ချောင်း ဉာဏ်ဦးခေါင်းမှာ
ပြန်မနုတ်စတောင်းရယ်လို့
တရားသံဝေ ယူစေကြောင်း
ဘုရားလောင်းရှင်။

- သားရေနယ် လွယ်သပိတ်နဲ့
တောရိပ်ကိုဝင်
သူတော်စင် ဉာဏ်မြင်လင်း။

- ခေါင်းလျှော် ချေးချွတ်
ကျွန်တော်တို့ ယနေ့ခေတ်မှာတော့
မျက်နှာသစ် ပေါင်းတင်
ဆံပင်ဖြောင့် ဆံပင်ကောက်
နှားဖော့က် တက်တူးထိုး
ဆေးရောင် အမျိုးမျိုးနဲ့
အဖြူကို အနက်ဆိုးပါလို့
မျက်နှာရှေ့သွင်း။ ။




# သွေးရည်

**နေမိမင်း**

www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်ရုပ်ပြောင်းချိန်

နွေသင်နိုင်



- သည်ခေတ်ထဲမှာ
  စစ်ပွဲဆိုတာ...
  တောတွေ၊ တောင်တွေထဲမှာ မဟုတ်တော့ဘူး
  လျှိုမြောင်ချောက်ကမ်းပါးတွေမှာ မဟုတ်တော့ဘူး။

- သည်ခေတ်ထဲမှာ
  စစ်ပွဲဆိုတာ...
  ဓားတွေလှံတွေနဲ့ တိုက်တာမဟုတ်တော့ဘူး
  သေနတ်တွေမြောက်တွေနဲ့ တိုက်တာမဟုတ်တော့ဘူး။


- သည်ခေတ်ထဲမှာ
  စစ်ပွဲဆိုတာ...
  လက်ဆွဲနှုတ်ဆက်ခြင်းတွေနဲ့ "ခုတ်"ကြ
  အပြုံးချိုချိုလေးတွေနဲ့ "ထစ်"ကြ
  တစ်ယောက်ပခုံး တစ်ယောက်ဖက်တာတွေနဲ့ "သတ်"ကြ
  လောကဇာတ်ရုပ်ပြောင်းချိန်
  "ဟောင်းဒူးယူဒူး"ပေါ့ကွယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# အာမေဒိုတ်ကဗျာ

နန္ဒာမိုးကြယ်




- အစ်ကို့ဆရာ၊ မောင်သာယာက
ကဗျာတစ်ပုဒ်၊ ရေးကာထုတ်ခဲ့
"အုတ်နီခဲတွေက
ရဲနေလိုက်ကြတာ . . ."ဆိုပဲ
လိုရင်း့တိုရှင်း
ရင်တွင်းထိ ရင်တွင်းငြိ။

- သွားလေသူ ဆရာအစ်ကိုရေ . . .
ခုဖြစ်နေပုံ ဆိုရရင်
အုတ်နီခဲကို ထီမထင်တဲ့
မျောက်ဖင်နီတွေ များမှများ
တမလွန်က သိစေသား။ ■

www.burmeseclassic.com

www.burmeseclassic.com

# တောင့်တမှုသစ္စာ

ဝန်းရံခ



ပန်းချီအောင်နိုင်လတ်

- စိတ်အညှာမခိုင်တဲ့
  လိပ်ပြာယိုင်သူများလည်း မဟုတ်။

- အငြင်းစကားဆိုမယ့်
  အချင်းများလိုသူလည်း မဟုတ်။

- အပြစ်တင်အကြည့်နဲ့
  ညစ်ချင်သူလည်း မဟုတ်။

- မကြင်စိတ်ထားနဲ့
  ဘဝင်စိတ်များသူလည်း မဟုတ်။

- ဒါပေမဲ့ . . .
  ကိုယ်ဟာ ဘယ်လိုလူလဲဆိုတာ
  ကြိုတင်ကြေညာခဲ့ချင်တာက . . .
  အသက်ရှင်သမျှ မပြတ်တမ်း
  ကိုယ့်လမ်းကိုယ် အမှန်လျှောက်
  ရန်မကြောက်တဲ့သူသာ ဖြစ်လို၏။ ။

www.burmeseclassic.com

www.burmeseclassic.com

- မျက်နှာထား ချိုသာသလောက်
တစ်ဖက်သားဆို
မညှာမတာ ပေါက်တတ်တဲ့
ဖောက်တီးမ်တိမ် လူဆန်ကောတွေ…
ဗမ္မာပေါ်နေတဲ့ခေတ်မှာ
ထူပြောလာတဲ့ ပြဿနာက
အစသာရှိကြပြီး
အဆုံးမသတ်နိုင်တော့
ရှုံး,ဂါတ်ဆိုတာ
ပျော်စရာအမှတ်ထား
မတော်ရာ ကျက်စားလာကြတာများ
(အလောင်းတော်) မပော်သဓာ
လက်ဖျားခါလောက်ရဲ့ကွယ်။ ▪

# ဇွေးမျှစ်မျှစ် ခေတ်

အောင်ရာဇာ(ဥက္ကလာ)




www.burmeseclassic.com

www.burmeseclassic.com

# လက်သစ်များ

မောင်ခင်မှိုင်း(ချောက်)

- ဘောလုံးလောကမှာ
  ရော်နယ်ဒိုလက်သစ်
  မက်ဆီလက်သစ်
  နေမာလက်သစ်
  အဲဒီ လက်သစ်မျိုးတွေ
  အမြဲတမ်းလာပစေ
  ဝဲလ်ကမ်းပါလေ...။

- နိုင်ငံရေးလောကမှာ
  အာဏာရှင်လက်သစ်
  ဖက်ဆစ်လက်သစ်
  တောက်ပြားလက်သစ်
  အဲဒီ လက်သစ်ဆိုးတွေ
  ယောင်လို့ မလာပါစေနဲ့
  မောင်တို့ရှာနာသလေ...။ ။



ပန်းချီအောင်နိုင်လတ်

www.burmeseclassic.com

www.burmeseclassic.com

# ဆရာ့စကား



"မင်း တစ်ခု စဉ်းစားကြည့်လေ...
ဟိုး တောင်ထိပ်မှာရှိတဲ့ ဆူးပင်က ဆူးကိုလဲ သူပဲချွန်ရတယ်၊
ပန်းတွေကိုလဲ သူ့အရောင်နဲ့သူဖြစ်အောင် လုပ်ရတယ်၊
အသီးတွေကိုလဲ သူ့အရသာနဲ့သူ ဖြစ်အောင်လုပ်ရတယ်၊
တောင်တွေပေါ်မှာ ဆီးနှင်းတွေပုံရတယ်၊
သမုဒ္ဒရာထဲမှာ လှိုင်းတံပိုး ထအောင်လည်း လုပ်ရတယ်၊
သဲကန္တာရထဲမှာကျတော့ ရေတစ်စက်မှမရှိအောင် လုပ်ရပြန်ရော၊
ပြီး နေ့နဲ့ညကိုလဲ အချိန်မှန်မှန် လုပ်ပေးရပြန်တယ်၊
မိုးတွင်းမှာ မိုးရွာချပေးဖို့၊
ဆောင်းတွင်းမှာ နှင်းကျဖို့ စတဲ့ တာဝန်တွေကို မလစ်ဟင်းရအောင်
ဆောင်ရွက်နေတဲ့ သဘာဝတရားကြီးကို ဘယ်သူက မီဦးမှာလဲ၊
ဒီတော့ ဘယ်သူပဲ ဖြစ်ဖြစ် သဘာဝတရားကြီးထံမှာ ဦးညွှတ်ရတော့တာပဲ မဟုတ်လား"

**မင်းသိခ်**

[ပုဏ္ဏားဘကွန်း၊ ၁၉၉၂ - ဉာဏ်ဝင်းစာပေမှ]



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီး မင်းသိခ်

**၏**

# မနောမယ အဓိဋ္ဌာန်စေတီ

# **ပုတီးစိပ်နည်း**

ဆရာကြီး မင်းသိခ်သည် ခုနစ်ရက်သားသမီးများ ကျန်းမာချမ်းသာစေရန် အတွက် တတ်ကျွမ်းသော ပညာများဖြင့်လည်းကောင်း၊ အဓိဋ္ဌာန်ကျင့်စဉ်များဖြင့် လည်းကောင်း ကူညီလေ့ ရှိခဲ့ပါသည်။

ခုနစ်ရက်သားသမီးများ ကျန်းမာချမ်းသာစေရန် ရည်ရွယ်လျက် အဓိဋ္ဌာန် ကျင့်စဉ်တစ်ခုကို စီမံပြုလုပ်ခဲ့ပြီးသဖြင့် ၎င်းအဓိဋ္ဌာန်ကျင့်စဉ်ကို မနောမယ အဓိဋ္ဌာန်စေတီ ပုတီးစိပ်နည်းဟု ခေါ်တွင်ပါသည်။

ရောင်ပြန်မဂ္ဂဇင်းအနေဖြင့် ...


စာဖတ်သူ ခုနစ်ရက်သားသမီးအပေါင်းအတွက် အဓိဋ္ဌာန်ကျင့်စဉ် ပုတီးစိပ် နည်းကို သိရှိနိုင်ရန် ဖော်ပြလိုက်ရပါသည်။ ကျင့်ကြံနိုင်ကြပါစေ။

မောင်မောင်မြင့်အေး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဆရာကြီးမင်းသိန်း၏
## မနောမယ အစီအစဉ်ဖော်ပြချက် အစိဋ္ဌာန်စေတီပုံစေ့ ပုတီးစိပ်နည်း

❖ ပုတီးစ,စိပ်သောနေ့မှာ မိမိမွေးသောနေ့ ဖြစ်ရပါမည်။ (ဥပမာ–တနင်္ဂနွေသားသမီးဆိုလျှင် တနင်္ဂနွေနေ့တွင် စ,စိပ်ရပါမည်။)

❖ ဦးစွာ အပါယ် (၄)ဘုံအတွက် စိပ်ရမည် ဖြစ်ပါသည်။ အစရက်တွင် ငရဲဘုံအတွက် (၅)ပတ် စိပ်ရပါမည်။ နောက်ရက်တွင် (၆)ပတ် စိပ်ရပါမည်။ ဤသို့လျှင် တစ်နေ့ တစ်ပတ်တိုး၍ (၁၂)ပတ် ရသည်အထိ စိပ်ရပါမည်။ ငရဲတွင် ကျခံနေရသော ငရဲဘုံသားများ အား မေတ္တာပို့ အမျှပေးဝေရပါမည်။ (၁၂)ပတ်ရောက်လျှင် ငရဲဘုံအတွက် ပြီးပါပြီ။

❖ နောက်တစ်ခါ စိပ်ရမည်မှာ တိရစ္ဆာန်ဘုံအတွက် ဖြစ်ပါသည်။ (၁၂)ပတ်က စ၍ စိပ်ရပါမည်။ နောက်ရက်တွင် (၁၁)ပတ် စိပ်ရပါမည်။ ဤသို့လျှင် တစ်နေ့ တစ်ပတ်လျှော့၍ စိပ်ရပါမည်။ (၅)ပတ်သို့ရောက်လျှင် တိရစ္ဆာန်ဘုံအတွက် ပုတီးစိပ်၍ ပြီးပါပြီ။ နေ့စဉ် ပုတီး စိပ်ပြီးတိုင်း တိရစ္ဆာန်များကို မေတ္တာပို့ အမျှပေးဝေရပါမည်။

❖ နောက်တစ်ခါ စိပ်ရမည်မှာ ပြိတ္တာများအတွက် စိပ်ရမည် ဖြစ်ပါသည်။ (၅)ပတ်က စ၍ စိပ်ရပါမည်။ တစ်နေ့ တစ်ပတ် တိုးသွားရပါမည်။ (၁၂)ပတ် ရောက်လျှင် ပြိတ္တာအတွက် ပုတီးစိပ်ခြင်း ပြီးပါပြီ။ ထုံးစံအတိုင်း ပုတီးစိပ်ပြီးတိုင်း ပြိတ္တာများကို မေတ္တာပို့ အမျှပေးဝေရပါမည်။

❖ ထို့နောက် အသူရကာယ် ဘုံသားများအတွက် ပုတီးစိပ်ရပါမည်။ (၁၂)ပတ်ကစ၍ စိပ်ရပါမည်။ ထို့နောက် (၁၁)ပတ်၊ (၁၀)ပတ် စသည်ဖြင့် တစ်ရက်လျှင် တစ်ပတ်နှုန်း လျှော့၍ စိပ်သွားရပါမည်။ (၅)ပတ်သို့ရောက်လျှင် ရပ်ရပါမည်။ ပုတီးစိပ်ပြီးတိုင်း အသူရကာယ်များကို မေတ္တာပို့ အမျှပေးဝေရပါမည်။

❖ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံသားတို့အတွက် ပုတီးစိပ်သော ရက်ပေါင်း (၃၂)ရက် ရှိပါလိမ့်မည်။ (၃၂)ရက် ပြည့်ပြီး နောက်တစ်နေ့တွင် ယမမင်းအတွက် သီးခြား ပုတီး(၁၂)ပတ် စိပ်ပေးရပါမည်။ မေတ္တာပို့ အမျှပေးဝေရပါမည်။ <u>ထိုနေ့တွင် သက်သတ်လွတ်စားရပါမည်။</u>

❖ အပါယ်(၄)ဘုံအတွက် ပုတီးစိပ်ရက် စုစုပေါင်း(၃၃)ရက် ရှိပေလိမ့်မည်။ ဘုံတစ်ဘုံအတွက် အဓိဋ္ဌာန်ပုတီးပြီးတိုင်း ထိုအကွက်များကို အစိမ်းရောင် ခဲတံဖြင့်ဖြစ်စေ၊ ဆေးဖြင့်ဖြစ်စေ ခြယ်ပစ်၊ ခြစ်ပစ်ပါ။

❖ ပြီးလျှင် လူ့ဘုံအတွက် စိပ်ရပါမည်။ လူ့ဘုံမှာ ...
- ပုဗ္ဗဝိဒေဟခေါ် အရှေ့ကျွန်း လူ့ဘုံအတွက် ပုတီး (၉)ပတ် ၁ ရက်၊
- အပရဂေါယာနခေါ် အနောက်ကျွန်း လူ့ဘုံအတွက် ပုတီး(၈)ပတ် ၁ ရက်၊
- ဥတ္တရကုရုခေါ် မြောက်ကျွန်းလူ့ဘုံအတွက် ပုတီး(၇) ပတ် ၁ ရက်၊
- ဇမ္ဗူဒီပခေါ် တောင်ကျွန်းလူ့ဘုံအတွက် ပုတီး(၆) ပတ် ၁ ရက် စိပ်ရပါမည်။ စိပ်ပြီးတိုင်း။ စိပ်ပြီးတိုင်း သုခိတ၊ ဒုက္ခိတ၊ လူအပေါင်းတို့အား မေတ္တာပို့ အမျှပေးဝေရပါမည်။

❖ ဤသို့ (၄)ရက်စိပ်ပြီးလျှင် နောက်တစ်ရက်၌ ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရဟု ဆိုအပ်သော နတ်မင်းကြီး(၄)ပါးအတွက် ပုတီး(၄)ပတ်၊ တစ်ရက်တည်းနှင့် စိပ်ရပါမည်။ ပုတီးစိပ်၍ ပြီးလျှင် ၎င်းနတ်မင်းကြီးများအား မေတ္တာပို့ အမျှပေးဝေရပါမည်။ <u>ထိုနေ့တွင် သက်သတ်လွတ် စားရပါမည်။</u>

❖ လူ့ဘုံအတွက် ပုတီးစိပ်ရက်ပေါင်း (၄)ရက်ရှိ၍ နတ်မင်းကြီး(၄)ပါးအတွက် ၁ ရက် စိပ်ရသောကြောင့် စုစုပေါင်း ပုတီးစိပ်ရက် (၅)ရက် ရှိပေလိမ့်မည်။ ကျွန်းတစ်ကျွန်းအတွက် အဓိဋ္ဌာန်ပြီးတိုင်း ၎င်းအကွက်များကို အဝါရောင် ခဲတံဖြင့် ဖြစ်စေ၊ ဆေးဖြင့်ဖြစ်စေ ခြစ်ပစ်၊ ခြယ်ပစ်ပါ။

• • •

❖ ပြီးလျှင် နတ်ပြည်(၆)ထပ်အတွက် ပုတီးစိပ်ရပါသည်။
- ပရနိမ္မိတဝသဝတ္တီနတ်ပြည်အတွက် ပုတီး ၁ပတ် ၁ ရက်၊
- နိမ္မာနရတီနတ်ပြည်အတွက် ပုတီး ၁ပတ် ၁ ရက်၊
- တုသိတာနတ်ပြည်အတွက် ပုတီး ၁ပတ် ၁ ရက်၊
- ယာမာနတ်ပြည်အတွက် ပုတီး ၁ ပတ် ၁ ရက်၊
- တာဝတိံသာ နတ်ပြည်အတွက် ပုတီး ၁ပတ် ၁ရက်၊
- စတုမဟာရာဇ် နတ်ပြည်အတွက် ပုတီး ၁ ပတ် ၁ ရက် စိပ်ရပါမည်။ (၆)ရက် ပြည့်သောအခါ

နတ်တို့သနင်း သိကြားမင်းအတွက် တစ်နေ့တည်း ပုတီး(၁၃)ပတ် စိပ်ပေးရပါမည်။ ပုတီးစိပ်ပြီးနောက် သိကြားမင်းကို မေတ္တာပို့၊ အမျှပေးဝေရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

<u>သိကြားမင်းအတွက် စိပ်သောနေ့တွင် သက်သတ်လွတ် စားရပါမည်။</u>

❖ ထိုအပြင် သိကြားမင်းအတွက် ပုတီးစိပ်သောနေ့၌ ကြွေပန်းပန်ပြားထဲတွင် ဖီးကြမ်းငှက်ပျောသီးမှည့် (၁၀)လုံးကို အခွံနွာ၍ ထည့်ပြီးလျှင် အပေါ်မှ သကြားဖြူးရပါမည်။ ထိုငှက်ပျောသီးထဲတွင် ဖယောင်းတိုင်စိုက်၍ မီးထွန်းပြီးလျှင် သိကြားမင်းကို လှူဒါန်းရပါမည်။ ထိုနေ့တွင် မိမိလိုအပ်သော ဆုကို တောင်းရပါမည်။

❖ နတ်ဘုံ(၆)ထပ်အတွက် ပုတီးစိပ်ရက် (၆)ရက်၊ သိကြားမင်းအတွက် (၁)ရက် စုစုပေါင်း (၇)ရက် ရှိပေလိမ့်မည်။ နတ်ဘုံတစ်ဘုံအတွက် ပုတီးစိပ်ပြီးတိုင်း အနီရောင်ခဲတံ၊ ဆေးတို့ဖြင့် ခြယ်ပစ်၊ ခြယ်ပစ်ပါ။

● ● ●

❖ ထို့နောက် ဗြဟ္မာ့ဘုံအတွက် ပုတီးစိပ် မေတ္တာပို့ရာ၌လည်း ...

- ရူပဝစရဗြဟ္မာ့ဘုံ (၁၆)ဘုံအတွက် ပုတီး(၉)ပတ် ၁ ရက်၊
- အရူပဝစရဗြဟ္မာ့ဘုံ (၄)ဘုံအတွက် ပုတီး(၉)ပတ် ၁ ရက်၊ စိပ်ရပါမည်။ <u>ထိုရက်များတွင် သက်သတ်လွတ် စားရပါမည်။</u> ဗြဟ္မာ့ဘုံများအတွက် ပုတီးစိပ်ပြီးသောအခါများ၌လည်း ၎င်းအကွက်များကို အနီရောင် ခြယ်ပစ်ပါ။

❖ ဗြဟ္မာ့ဘုံအတွက် ပုတီးစိပ်ပြီးလျှင် နောက်တစ်ရက်၌ မိမိအလိုရှိရာ ကိစ္စပြီးမြောက်စေကြောင်း ဆုတောင်း၍ ပုတီး(၁၀)ပတ် စိပ်ရပါမည်။ (၃၁)ဘုံရှိ သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်းတို့ကို မေတ္တာပို့ အမျှဝေရပါမည်။ ပြီးလျှင် နောက်တစ်ရက်၌လည်း ထိုအတိုင်း ပုတီး(၉)ပတ်စိပ်၍ မိမိလိုအင်ဆန္ဒ ဆုတောင်းရမည်။ <u>ထိုနှစ်ရက်တွင် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ စသည့်ဖြင့် မိမိစွမ်းနိုင်သော သီလကို ဆောက်တည်ထားရမည်။</u>

စေတီပုံနှင့် ယှဉ်ပြထားခြင်းမှာ (၄၉)ရက် အဓိဋ္ဌာန်ပြီးတိုင်း ပုတီးပတ်ပေါင်း (၂၇၀)စိပ်ပြီးကြောင်း သိရန်ဖြစ်၏။ ထို့ပြင် ထိုအဓိဋ္ဌာန် (၄၉)ရက်အတွင်း ...

သီလ (၂)ကြိမ် ဆောက်တည်ပြီးဖြစ်၏။

ထို့ပြင် (၃၁)ဘုံအတွက် ပုတီးစိပ်နေကြောင်း ကွင်းကွင်းကွက်ကွက် မြင်သာရန်လည်း ဖြစ်၏။ မိမိ၏ ပုတီးကျင့်စဉ်ဖြင့် စေတီတစ်ဆူ တည်ပြီးဖြစ်ကြောင်းလည်း သိသာနိုင်၏။ ထိုစေတီတော်၏ ဘွဲ့တော်မှာ –

"**မဇ္ဈိမဘေ အဓိဋ္ဌာန်ပုတီးစေတီ**" ဟူ၍ဖြစ်၏။

ဤ ပုတီးစိပ်နည်းမှာ လွန်ခဲ့သော နှစ်ပေါင်း (၃၀)နီးပါးခန့်က ရွှေတိဂုံဘုရား၏ တနင်္ဂနွေထောင့်တွင် အဘိုးကြီးတစ်ဦးနှင့် ကျွန်ုပ် စကားလက်ဆုံကျမိရာမှအစ ၎င်း၏ ပြောပြချက်အရ မွန်ပြည်နယ်၊ မုဒုံမြို့၊ ဂျူးဂျူးကျတောရ ပထမဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကထာတွင် ပါရှိသည့် ပုတီးစိပ်နည်းဟုဆိုကာ ကျွန်ုပ်အား သင်ပြပေးခဲ့သောနည်း ဖြစ်ပါသည်။

ထိုကျမ်းတွင် ရိုးရိုးပုတီးစိပ်နည်းသာ ပါ၏။ ထိုအဘိုးကြီးက ကတ်ပြားတစ်ချပ်တွင် စေတီပုံရေးဆွဲ၍ ၎င်းစိပ်လာခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ (၃၁)ဘုံအကွက်များရိုက်၍ တစ်ခုချင်း အရောင်ခြယ်ပြီး ပုတီးစိပ်ခဲ့ကြောင်း စေတီဘယ်နှစ်ဆူ တည်ပြီးပြီဖြစ်ကြောင်း ရှင်းပြ၍ ကျွန်ုပ်အားလည်း စိပ်နိုင်းလေ၏။

လွန်စွာ ထူးခြားသော ပုတီးစိပ်နည်း ဖြစ်၏။ စိပ်နေစဉ်အတွင်း၌လည်းကောင်း၊ အဓိဋ္ဌာန်တစ်ကွက်တစ်ကွက် ပြီးသောအခါ၌လည်းကောင်း အိပ်မက်ထူးများ မက်၏။ လိုအင်ဆန္ဒများပြည့်ဝခဲ့၏။ ယခုအခါ ကျွန်ုပ်သည် အသက်(၆၃)နှစ်အရွယ်သို့ ရောက်နေပြီ ဖြစ်၍ ထိုအဘိုးကြီးက ကျွန်ုပ်အား ပေးခဲ့သကဲ့သို့ ကျွန်ုပ်လည်း အဘိုးကြီးအရွယ်သို့ ရောက်နေပြီဖြစ်သောကြောင့် ကျွန်ုပ်ကတစ်ဖန် သင်တို့အား ဤပုတီးစိပ်နည်းကို ရွှေဘုန်းပွင့်စေတီတော်၌ အတိတ်ကောင်း၊ နိမိတ်ကောင်း ယူ၍ လက်ဆောင်ပေးလိုက်ရပေတော့သတည်း။

သင်တို့၏ အကျိုးကို လိုလားသော
မင်းသိခ်

**ပုတီးစိပ်နည်း**

| | | | |
|---|---|---|---|
| ၁။ | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ | ... | ပုတီးတစ်လုံးချ။ |
| ၂။ | ဓမ္မံ သရဏံ ဂစ္ဆာမိ | ... | ပုတီးတစ်လုံးချ။ |
| ၃။ | သံဃံ သရဏံ ဂစ္ဆာမိ | ... | ပုတီးတစ်လုံးချ။ |
| ၄။ | အနိစ္စ | ... | ပုတီးတစ်လုံးချ။ |
| ၅။ | ဒုက္ခ | ... | ပုတီးတစ်လုံးချ။ |
| ၆။ | အနတ္တ | ... | ပုတီးတစ်လုံးချ။ |
| ၇။ | အာသန် | ... | ပုတီးတစ်လုံးချ။ |
| ၈။ | ပါန် | ... | ပုတီးတစ်လုံးချ။ |
| ၉။ | နိဗ္ဗာန် | ... | ပုတီးတစ်လုံးချ။ |



www.burmeseclassic.com

www.burmeseclassic.com

# မင်းသိင်္ခ၏ မနောမယအဓိဋ္ဌာန်စေတီပုံတော် ပုတီးစိပ်နည်းဇယား

- ပုတီးစ၊ စိပ်သောနေ့မှာ - မိမိမွေးသောနေ့ ဖြစ်ရပါမည်။
- ဥပမာ - တနင်္ဂနွေသားသမီးဆိုလျှင် တနင်္ဂနွေနေ့တွင် စ၍ စိပ်ရပါမည်။
- တနင်္လာသားသမီးဆိုလျှင် တနင်္လာနေ့တွင် စ၍ စိပ်ပါ။
- တစ်ရက်ပြီးတိုင်း လက်ျာဘက်အစွန်ဆုံးမှ အကွက်တွင် အမှတ်အသား ပြု၍ ခြစ်ပါ။

| အဓိဋ္ဌာန်ရက် | စိပ်ရမည့် ဘုံသားများ | ပုတီးပတ် | ခြယ်ရမည့် အရောင် | မေတ္တာပို့အမျှဝေ ရမည့်ပုဂ္ဂိုလ် | ထူးခြားကျင့်စဉ် | |
|---|---|---|---|---|---|---|
| | အပါယ်(၄)ဘုံအတွက် စိပ်ရပါမည်။ | | | | | |
| အစဦးနေ့ | ငရဲဘုံအတွက် | ၅ ပတ် | | ငရဲသားများ | | |
| ၂ ရက်မြောက်နေ့ | ။ | ၆ ပတ် | | ။ | | |
| ၃ ရက်မြောက်နေ့ | ။ | ၇ ပတ် | ။ | | | |
| ၄ ရက်မြောက်နေ့ | ။ | ၈ ပတ် | ။ | ။ | | |
| ၅ ရက်မြောက်နေ့ | ။ | ၉ ပတ် | ။ | ။ | | |
| ၆ ရက်မြောက်နေ့ | ။ | ၁၀ ပတ် | ။ | ။ | | |
| ၇ ရက်မြောက်နေ့ | ။ | ၁၁ ပတ် | ။ | ။ | | |
| ၈ ရက်မြောက်နေ့ | ။ | ၁၂ ပတ် | အစိမ်းရောင် | ။ | | |
| | | | | | | |
| ၉ရက်မြောက်နေ့ | တိရစ္ဆာန်ဘုံအတွက် | ၁၂ ပတ် | | တိရစ္ဆာန်များ | | |
| ၁၀ ရက်မြောက်နေ့ | ။ | ၁၁ ပတ် | | ။ | | |
| ၁၁ ရက်မြောက်နေ့ | ။ | ၁၀ ပတ် | | ။ | | |
| ၁၂ ရက်မြောက်နေ့ | ။ | ၉ ပတ် | | ။ | | |
| ၁၃ ရက်မြောက်နေ့ | ။ | ၈ ပတ် | | ။ | | |
| ၁၄ ရက်မြောက်နေ့ | ။ | ၇ ပတ် | | ။ | | |
| ၁၅ ရက်မြောက်နေ့ | ။ | ၆ ပတ် | | ။ | | |
| ၁၆ ရက်မြောက်နေ့ | ။ | ၅ ပတ် | အစိမ်းရောင် | ။ | | |
| | | | | | | |
| ၁၇ ရက်မြောက်နေ့ | ပြိတ္တာဘုံအတွက် | ၅ ပတ် | | ပြိတ္တာများ | | |
| ၁၈ ရက်မြောက်နေ့ | ။ | ၆ ပတ် | | ။ | | |
| ၁၉ ရက်မြောက်နေ့ | ။ | ၇ ပတ် | | ။ | | |
| ၂၀ ရက်မြောက်နေ့ | ။ | ၈ ပတ် | | ။ | | |
| ၂၁ ရက်မြောက်နေ့ | ။ | ၉ ပတ် | | ။ | | |
| ၂၂ ရက်မြောက်နေ့ | ။ | ၁၀ ပတ် | | ။ | | |
| ၂၃ ရက်မြောက်နေ့ | ။ | ၁၁ ပတ် | | ။ | | |
| ၂၄ ရက်မြောက်နေ့ | ။ | ၁၂ ပတ် | အစိမ်းရောင် | ။ | | |



www.burmeseclassic.com

www.burmeseclassic.com

| အဓိဋ္ဌာန်ရက် | စိပ်ရမည့် ဘုံသားများ | ပုတီးပတ် | ဖြယ်ရမည့် အရောင် | မေတ္တာပို့အမျှဝေ ရမည့်ပုဂ္ဂိုလ် | ထူးခြားကျင့်စဉ် | |
|---|---|---|---|---|---|---|
| ၂၅ ရက်မြောက်နေ့ | အသူရကာယ်ဘုံအတွက် | ၁၂ ပတ် | | အသူရကာယ်ဘုံသားများ | | |
| ၂၆ ရက်မြောက်နေ့ | ။ | ၁၁ ပတ် | | ။ | | |
| ၂၇ ရက်မြောက်နေ့ | ။ | ၁၀ ပတ် | | ။ | | |
| ၂၈ ရက်မြောက်နေ့ | ။ | ၉ ပတ် | | ။ | | |
| ၂၉ ရက်မြောက်နေ့ | ။ | ၈ ပတ် | | ။ | | |
| ၃၀ ရက်မြောက်နေ့ | ။ | ၇ ပတ် | | ။ | | |
| ၃၁ ရက်မြောက်နေ့ | ။ | ၆ ပတ် | | ။ | | |
| ၃၂ ရက်မြောက်နေ့ | ။ | ၅ ပတ် | အစိမ်းရောင် | ။ | | |
| ၃၃ ရက်မြောက်နေ့ | ယမမင်းအတွက် | ၁၂ ပတ် | | ယမမင်း | သက်သတ်လွတ်စားပါ | |
| | လူ့ဘုံအတွက် စိပ်ရပါမည်။ | | | | | |
| ၃၄ ရက်မြောက်နေ့ | ပုဗ္ဗဝိဒေဟ-အရှေ့ကျွန်း | ၉ ပတ် | အဝါရောင် | သုခိတာဒုက္ခိတလူအပေါင်း | | |
| ၃၅ ရက်မြောက်နေ့ | အပရဂေါယာန-အနောက်ကျွန်း | ၈ ပတ် | ။ | ။ | | |
| ၃၆ ရက်မြောက်နေ့ | ဥတ္တရကုရု-မြောက်ကျွန်း | ၇ ပတ် | ။ | ။ | | |
| ၃၇ ရက်မြောက်နေ့ | ဇမ္ဗူဒီပါ-တောင်ကျွန်း | ၆ ပတ် | ။ | ။ | | |
| ၃၈ ရက်မြောက်နေ့ | နတ်မင်းကြီး ၄ ပါးအတွက် | ၄ ပတ် | ။ | နတ်မင်းကြီး ၄ပါး | သက်သတ်လွတ်စားပါ | |
| | နတ်ဘုံအတွက် စိပ်ရပါမည်။ | | | | | |
| ၃၉ ရက်မြောက်နေ့ | ပရနိမ္မိတဝသဝတ္တီနတ်ပြည်အတွက် | ၁ ပတ် | အနီရောင် | ပရနိမ္မိတဝသဝတ္တီဘုံသားများ | | |
| ၄၀ ရက်မြောက်နေ့ | နိမ္မာနရတီနတ်ပြည်အတွက် | ၁ ပတ် | ။ | နိမ္မာနရတီဘုံသားများ | | |
| ၄၁ ရက်မြောက်နေ့ | တုသိတာနတ်ပြည်အတွက် | ၁ ပတ် | ။ | တုသိတာဘုံသားများ | | |
| ၄၂ ရက်မြောက်နေ့ | ယာမာနတ်ပြည်အတွက် | ၁ ပတ် | ။ | ယာမာဘုံသားများ | | |
| ၄၃ ရက်မြောက်နေ့ | တာဝတိံသာနတ်ပြည်အတွက် | ၁ ပတ် | ။ | တာဝတိံသာဘုံသားများ | | |
| ၄၄ ရက်မြောက်နေ့ | စတုမဟာရာဇ်နတ်ပြည်အတွက် | ၁ ပတ် | အနီရောင် | စတုမဟာရာဇ်ဘုံသားများ | | |
| ၄၅ ရက်မြောက်နေ့ | သိကြားမင်းအတွက် | ၁၃ ပတ် | | သိကြားမင်း | သက်သတ်လွတ်စားပါ<br>သိကြားပွဲပြင်ပါ | |
| | ဗြဟ္မာဘုံအတွက် စိပ်ရပါမည်။ | | | | | |
| ၄၆ ရက်မြောက်နေ့ | ရူပဝစရဗြဟ္မာဘုံ(၁၆)ဘုံအတွက် | ၉ ပတ် | အနီရောင် | ရူပဗြဟ္မာဘုံသားများ | သက်သတ်လွတ်စားပါ | |
| ၄၇ ရက်မြောက်နေ့ | အရူပဝစရဗြဟ္မာဘုံ(၄)ဘုံအတွက် | ၉ ပတ် | အနီရောင် | အရူပဗြဟ္မာဘုံသားများ | သက်သတ်လွတ်စားပါ | |
| ၄၈ ရက်မြောက်နေ့ | (၃၁)ဘုံရှိသတ္တဝါများအတွက် | ၁၀ ပတ် | ။ | (၃၁)ဘုံသားများ | ဉပုသ်စောင့်အလိုရှိရာဆုတောင်း | |
| ၄၉ ရက်မြောက်နေ့ | ။ | ၉ ပတ် | ။ | ။ | ဉပုသ်စောင့်အလိုရှိရာဆုတောင်း | |

(မနောမယ အဓိဋ္ဌာန် ပုတီးစေတီ အောင်မြင်စွာ တည်ပြီးပါပြီ။ )

အဓိဋ္ဌာန်စဝင်သည့်နေ့ ............. ခု ၊ ...................... လ ၊ ............... ရက်

အဓိဋ္ဌာန်အောင်မြင်သည့်နေ့ ............. ခု ၊ ...................... လ ၊ ............... ရက်




www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်မြင့် အေး

# မှော်ဝင်နေသော ယတြာများ

## ညဘက်မှာ ငိုနေတဲ့ ကလေးတွေအတွက်




၁။ ကြက်လျှာ အဝါရောင်တစ်ခု ယူပါ။

၂။ ကြက်လျှာပေါ်တွင် အစမှ အဆုံး ၁ မှ ၈ ရေးပါ။

၃။ ထောင့်သုံးထောင့်တွင်
ဗုဒ္ဓချုပ်၊ ဓမ္မချုပ်၊ သံဃချုပ် ရေးပါ။

၄။ ကလေးအိပ်ရာ ခေါင်းရင်းတွင် ထားပါ။

၅။ ကလေး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပါလိမ့်မည်။

မှတ်ချက်။ ၎င်းယတြာအတွက် အစကြေးငွေ မယူရပါ။
ယူလျှင် ဓာတ်ပျက်သည်။



www.burmeseclassic.com


www.burmeseclassic.com

မောင်မောင်မြင့် အေး

# မျှော်ဝင်နေသော ယတြာများ

## မိသားစုအတွင်း စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကောင်းမွန်ရန်

၁။ အဝါရောင် = စီးပွားရေး
၂။ အစိမ်းရောင် = ကျန်းမာရေး
၃။ အနီရောင် = လူမှုရေး
၄။ အပြာရောင် = ပညာရေး




၁။ ရောက်သီးတစ်လုံးကို ရွှေချပါ။
၂။ ၎င်းရောက်သီးရွှေချပေါ်ကို **အဝါရောင်၊** အစိမ်းရောင်၊ အနီရောင်၊ **အပြာရောင်** တံခွန်လုံးများ စိုက်ပါ။
၃။ ၎င်း ရောက်သီးရွှေချနှင့် တံခွန်လုံးများကို ကြေးလင်ပန်း (သို့) ကြေးဖလားတစ်လုံး ပေါ်တင်ပါ။
၄။ ဘုရားကျောင်းဆောင်ပေါ်တင်ပြီး ဘုရားကိုလှူပါ
၅။ ရောက်သီး ပုပ်က အသစ်လဲပါ။
၆။ မွေးနေ့ နံနက် (၉း၄၅) တွင် တင်ပါ။




www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်မြင့် အေး

# မှော်ဝင်နေသော ယတြာများ



## အိုးချင်းထား အိုးခြင်းထိ

အခက်အခဲ တစ်စုံတရာရှိပါက
အိုး (၄)-လုံးကို အကြီးအသေးထပ်ပြီး ထိပ်ဆုံးတွင်
ထီး၊ တံခွန် ကုက္ကား တစ်စုံတင်ပြီး ညောင်ပင်ကြီးတစ်ပင်၏
အင်္ဂါထောင့်တွင် လှူပါ။ ရက္ခစိုးကို ဆုတောင်းပါ။
မကြာခင် ပြေလည်မည့် အလုပ်အကိုင်များ
ချိတ်ဆက်မမိပါက ချိတ်ဆက်မိပါမည်။




www.burmeseclassic.com

www.burmeseclassic.com

# ဒေါက်တာစောယုနွယ်

*Ph.D(Tantra)(Kol-India)Astrologer*

# လက်ဝါးပြင်ပေါ်မှ
# ဘဝအာမိဗ္ဗာယ်များ



## ဖော်ကွာဝေးသူ၏ လက္ခဏာ

အိမ်ထောင်ရေးလမ်းကြောင်းဟာ တိုပြီး အပေါ်ဘက်ကို တက်နေမယ်ဆိုရင်တော့ . . .
ဒီတစ်သက်မှ စွံမှာ မဟုတ်တော့ပါဘူး။ တစ်ကိုယ်တည်း အပျိုကြီး၊ လူပျိုကြီးတွေရဲ့
လက်ဝါးပြင်ပေါ်မှာ အဲ့ဒီလို အိမ်ထောင်ရေးလမ်းကြောင်းမျိုး ပါတတ်ပါတယ်။
ဒ႒ထီးကျန် အိမ်ထောင်ရေးလမ်းကြောင်းလို့လည်း ခေါ်လို့ရပါတယ်။
တော်တော်မရွေးလို့ ဖော်ကွာဝေးသူတွေရဲ့ လက်ဝါးပြင်မှာ အဲ့ဒီလို အိမ်ထောင်ရေးလမ်းကြောင်းမျိုးပါပါတယ်။
"ကန်ရာသီဖွား" "၁" ဂဏန်းသမားတွေရဲ့ လက်ဝါးပြင်ပေါ်က အိမ်ထောင်ရေးလမ်းကြောင်းဟာတိုပြီး
လက်သန်းအပေါ်ဘက်ကို တက်နေတတ်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာစောယုနွယ်

Ph.D(Tantra)(Kol-India)Astrologer

# လက်ဝါးပြင်ပေါ်မှ
# ဘဝအဓိပ္ပာယ်များ




## မောင့်မူပိုင်ရှင်

၎င်းအမှတ်အသားပါရှိသူသည် တစ်ဦးတည်း တစ်ယောက်တည်းဖြင့်
မေတ္တာမိုးရွာပြီး ရာသက်ပန် ပေါင်းသင်းကာ
ရှေ့သွား နောက်လိုက်ညီသော အိမ်ထောင်ရေးကို ထူထောင်ရမည်။




www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာစောယုနွယ်

*Ph.D(Tantra)(Kol-India)Astrologer*

# လက်ဝါးပြင်ပေါ်မှ
# ဘဝအဓိပ္ပာယ်များ



## အချစ်ပါရဂူ၏ လက္ခဏာ


နလုံးလမ်းကြောင်းဟာ စနေဂြိုဟ်ခုံ အောက်တည့်တည့်ကနေ အဖျားနှစ်ခွနဲ့ စထွက်လာရင်…
အချစ်ရေးမှာ ကျွမ်းကျင် လိမ္မာတတ်ပါတယ်။ အချစ်ရေးမှာ ပါးနပ်လွန်းသူတွေရဲ့ လက်ဝါးပြင်ပေါ်မှာ
အဲ့ဒီလို နလုံးလမ်းကြောင်းမျိုး ပါတတ်ပါတယ်။ အချစ်ပါရဂူပေါ့။

အချစ်ရေးနဲ့ ပတ်သက်လာရင် "ချက်ဆို နားခွက်က မီးတောက်"တဲ့ သူတွေရဲ့ နလုံးလမ်းကြောင်းမျိုးကို
ပြောတာပါ။ ပြိသလရာသီဖွား "၉" ဂဏန်းသမားတွေရဲ့ လက်ဝါးပြင်ပေါ်က နလုံးလမ်းကြောင်းဟာ
စနေဂြိုဟ်ခုံအောက်ကနေ အဖျားနှစ်ခုနဲ့ စထွက်လာတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဝင်ငွေကောင်းစေ

မဟာခိုင်

လွန်ခဲ့သော သကြံ့န်မတိုင်မီကာလက ဖြစ်သည်။

ကျွန်တော်နှင့် သူငယ်ချင်းဖြစ်သူ ဇေယျာသည် ၃၅ လမ်းတွင်းရှိ လက်ဖက်ရည်ဆိုင်တစ်ခု၌ ရှိနေကြသည်။ လွန်စွာ အရသာကောင်းမွန်သော လက်ဖက်ရည်ကို အရသာခံသောက်နေကြရင်း ရောက်တတ်ရာရာ စကားလေးများ ပြောဖြစ်ကြသည်။ ကျွန်တော်က ဆရာကြီးပြောပြဖူးသော ဈေးခေါ် အစီအရင်ကလေးများ၊ ပီယလက်ဖွဲ့ ပြုလုပ်နည်းလေးများကို ပြောပြဆွေးနွေးဖြစ်သည်။ ဇေယျာက စိတ်ဝင်စားဟန်မပြ။ အင်းမလုပ်၊ အဲမလုပ်။ ကျွန်တော့်စိတ်၌ ၎င်း၏အမူအရာကြောင့် များစွာ စိတ်အနှောင့်အယှက်ဖြစ်ရသည်။ ထိုစဉ် ဇေယျာက ပိုက်ဆံအိတ်ကို ကောက်ကိုင်လိုက်ကာ ပိုက်ဆံရှင်းရန် ဟန်ပြင်သည်။ ငါးရာတန်တစ်ရွက်ကို ဆတ်ခနဲထုတ်လိုက်သည်။ အမှတ်မထင် ကျွန်တော့်မျက်လုံးများက ငါးရာ၀ ၂ မြန်မာအက္ခရာလေး နှစ်လုံးကို လှမ်းမြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ခေါင်းထဲတွင် လက်ခနဲအကြံတစ်ခု ချက်ချင်းရလိုက်သည်။ **ကျွန်တော်မြင်လိုက်သော အက္ခရာလေးနှစ်လုံးမှာ (ကစ)ဟူ၍ ဖြစ်သည်။** ထို့ကြောင့် ဗေယျာအား ထိုင်းရာ**တန်အား သိမ်းထားပြီး** "ဟော့ကောင်နေကွာ ငါပဲရှင်းလိုက်မယ်" နားမလည်သလို လှည့်ကြည့်လာသော သူ့အား "အကြောင်းရှိလို့ပေါ့ကွာ"ဟု ပြုံးရယ်ကာ ပြောလိုက်သည်။ ပြီးတော့မှ ဗေယျာအား ထိုင်းရာတန်ကို သိမ်းထားပြီး ဝင်ငွေကောင်းစေသော စမလုပ်ကြည့်ပါလားဟု မေးလိုက်သည်။ "မင်းဟာ ဟုတ်မှလည်းလုပ်ပါကွာ"ဟု သူက ပြောသည်။ ၎င်းသည် ခေါင်းမာသူပီပီ လက်တွေ့လုပ်ကြည့်ပြီး အောင်မြင်မှ ယုံမည့်သူဖြစ်သည်။ ထို့ကြောင့် ဆရာကြီးပြောဖူးသောနည်းလေးကို သူ့ကလည်း ငွေနှင့် ပတ်သက်၍လားမသိ အသေအချာပင် ရေးမှတ်သွားကာ အောင်မြင်လျှင် (ကျွန်တော်ပြောသလို ငွေထူးထူးခြားခြားဝင်လျှင်) ကျွန်တော့်အား ခကျေးဇူးတုံ့ပြန်ကျွေးမွေးပါမည်ဟု ကတိပြုလေသည်။ ထို့နောက် ကျွန်တော်တို့နှစ်ဦးသား လမ်းခွဲလိုက်ကြလေ၏။

ကျွန်တော် ဗေယျာကို ပေးလိုက်သော ဝင်ငွေစမကလေး(သို့မဟုတ်) ငွေဝင်စေရန် ယတြာလေးပြုလုပ်ရန်မှာ ငါးရာတန် (သို့မဟုတ်) တစ်ထောင်တန် တစ်ရွက်လိုအပ်ပါသည်။ ထိုပိုက်ဆံနံပါတ်မှာ မြန်မာအက္ခရာ (ကက) (ကစ) (ကဠ) (ကတ) (ကပ)တို့ ဖြစ်ရမည်။ ဆရာကြီး၏ အဆိုအရ ငါးရာတန် တစ်ထောင်တန်နှင့် ဆောင်ရွက်ရသည်မှာ ငွေတို့တွင် အင်အားကြီးသော ငွေနှင့် ပြုလုပ်ခြင်းဖြစ်ပြီး အထက်ပါအက္ခရာများမှာ စမစာလုံးတွဲများဖြစ်သောကြောင့် ဟူ၍ဖြစ်သည်။ ထိုပိုက်ဆံတစ်ရွက် ရပြီးပါက ကြေးလင်ပန်းတစ်ခု၊ ခေါင်းလောင်းငယ်တစ်ခုတို့ အသင့်ပြင်ကာ တနင်္လာနေ့နံနက်ခင်းတစ်ခုတွင် အစီအရင်ကို စတင်ဆောင်ရွက်ရမည်။ မဆောင်ရွက်မီ ဥပုသ်သီလ ဆောက်တည်ရမည်။ ပြီးလျှင် အဆိုပါ တနင်္လာနေ့ နံနက် ၉း၄၅ နာရီတွင် ငွေစက္ကူကို အလယ်တွင် ခဲတံဖြင့် "က"ဟု ရေးရမည်။ ရေးသည့်အခါတွင် "ဗုဒ္ဓဝင်၊ ဓမ္မဝင်၊ သံဃံဝင်"ဟု ရွတ်ဆိုရပါမည်။ ခေါင်းလောင်းနှင့် ဖိထားသော ငွေစက္ကူကို ခရေ နှစ်ညွန့်နှင့် "ငွေ-ငွေကို ဝင်လာဝင်လာ"ဟုပြောပြီး ရိုက်ပါ။ ငွေစက္ကူပေါ်မှ ခေါင်းလောင်းငယ်ကို လှုပ်ခတ်ပါ။ ငါလည်း ငွေဝင်သလို ခုနစ်ရက်သားသမီးများလည်း ငွေဝင်ပါစေဟု စစ်မှန်သော မေတ္တာဖြင့် ဆုတောင်းပါ။ နောက်နေ့ နောက်နေ့များတွင် ဆက်လက်ဆောင်ရွက်ရမည်မှာ နေ့ရက်များ ရက်သတ္တပတ်အစီအစဉ်အားဖြင့် ဖော်ပြရလျှင်…

တနင်္ဂနွေ ညနေ ၁ နာရီခွဲမှ ၂ နာရီအတွင်း။
တနင်္လာ မနက် ၉ နာရီမှ ၁၀ နာရီခွဲအတွင်း။
အင်္ဂါ ညနေ ၂ နာရီခွဲမှ ၄ နာရီခွဲအတွင်း။
ဗုဒ္ဓဟူး မနက် ၁၀ နာရီခွဲမှ ၁၂ နာရီအတွင်း။
ကြာသပတေး မနက် ၆ နာရီမှ ၆ နာရီခွဲအတွင်း။
သောကြာ မနက် ၁၂ နာရီမှ ၁ နာရီခွဲအတွင်း။
စနေ မနက် ၇ နာရီမှ ၉ နာရီအတွင်း။

ပိုက်ဆံပေါ်မှ ခေါင်းလောင်းခေါက်ကာ ခရေညွန့်များ အသစ်လဲကာ ရိုက်ပါ။ ထိုကဲ့သို့ အစဉ်တစိုက် စီရင်ဆောင်ရွက်ပါက ငွေကြေးလာဘ်လာဘတို့ ဝင်လာမစဲ တသဲသဲရှိလိမ့်မည်ဟု ဆရာကြီးက ဆိုမိန့်ဖူးသည်ကို ဗေယျာအား အခါအခွင့်သင့်ခိုက် ပြန့်ပွားပေးလိုက်ရခြင်း ဖြစ်သည်။

သင်္ကြန်အကြိုနေ့ တစ်ရက်တွင် လွန်စွာကတိတည်သော ဗေယျာသည် ဖောင်းကားနေသော ပိုက်ဆံအိတ်ကို ခါးကြား၌ညှပ်ကာ ပြုံးပြုံး ပြုံးပြုံးနှင့် သူ့ဝင်ငွေစမလေးမှာ အောင်မြင်ကြောင်းပြောပြပြီး ကျွန်တော့်ကို စားသောက်ဆိုင်တစ်ဆိုင်သို့ ခေါ်ဆောင်လေတော့သည်။ လောက၌ "သိသူဖော်စား၊ မသိသူကျော်သွားပါတကား"

**မဟာခိုင်**



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၈၀-ပြည့်နှစ်၊ နတ်တော်လ - ပြာသိုလ

## 2019 JANUARY

| | | |
|---|---|---|
| အင်္ဂါ Tuesday | 1 ၁၀ နိုင်ငံတကာနှစ်သစ်ကူးနေ့ | |
| ဗုဒ္ဓဟူး Wednesday | 2 ၁၁ ရက်ရာဇာ | |
| ကြာသပတေး Thursday | 3 ၁၂ ပြဿဒါး | |
| သောကြာ Friday | 4 ၁၃ ရက်ရာဇာ လွတ်လပ်ရေးနေ့ | 18 ၁၃ ပြဿဒါး |
| စနေ Saturday | 5 နတ်တော်လကွယ် ပြဿဒါး | 19 ၁၄ ရက်ရာဇာ |
| တနင်္ဂနွေ Sunday | 6 ၁ ကရင်နှစ်သစ်ကူးနေ့ | 20 ၁၅ ပြာသိုလပြည့် |
| တနင်္လာ Monday | 7 ၂ | 21 ၁ |
| အင်္ဂါ Tuesday | 8 ၃ | 22 ၂ |
| ဗုဒ္ဓဟူး Wednesday | 9 ၄ ပြဿဒါး မဟာရက်ကြမ်း | 23 ၃ ပြဿဒါး |
| ကြာသပတေး Thursday | 10 ၅ ရက်ရာဇာ | 24 ၄ ရက်ရာဇာ အမြိတ္တစုတ်ရက် |
| သောကြာ Friday | 11 ၆ ပြဿဒါး | 25 ၅ |
| စနေ Saturday | 12 ၇ ရက်ရာဇာ | 26 ၆ ရက်ရာဇာ |
| တနင်္ဂနွေ Sunday | 13 ၈ အမြိတ္တစုတ်ရက် | 27 ၇ |
| တနင်္လာ Monday | 14 ၉ | 28 ၈ |
| အင်္ဂါ Tuesday | 15 ၁၀ | 29 ၉ |
| ဗုဒ္ဓဟူး Wednesday | 16 ၁၁ ပြဿဒါး | 30 ၁၀ ပြဿဒါး |
| ကြာသပတေး Thursday | 17 ၁၂ ရက်ရာဇာ | 31 ၁၁ ရက်ရာဇာ |



၅. ၁. ၂၀၁၉ စန်းပြောင်းရက်များ ၂၀. ၁. ၂၀၁၉

### ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၄. ၁. ၂၀၁၉ တနင်္လာနေ့ ည ၈ နာရီ ၄၇ မိနစ် ၁၁ စက္ကန့်တွင် မကာရရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂၀. ၁. ၂၀၁၉ တနင်္ဂနွေနေ့ ည ၁၀ နာရီ ၃ မိနစ် ၉ စက္ကန့်တွင် မကာရရာသီသို့ပြောင်းသည်။

သောကြာသည် - ၁. ၁. ၂၀၁၉ အင်္ဂါနေ့ ည ၉ နာရီ ၃၈ မိနစ် ၃၉ စက္ကန့်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။ ၃၀. ၁. ၂၀၁၉ ဗုဒ္ဓဟူးနေ့ နံနက် ၀ နာရီ ၂၃ မိနစ် ၄၆ စက္ကန့်တွင် ဓနုရာသီသို့ ပြောင်းသည်။

### ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွက် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၈. ၁. ၂၀၁၉)အင်္ဂါနေ့၊ ည ၁၀ နာရီ ၅၇ မိနစ် ၄၂ စက္ကန့်။

(၁၃. ၁. ၂၀၁၉) နှင့် (၂၄. ၁. ၂၀၁၉)ရက်တို့သည် အမြိတ္တစုတ်ကျ၍ ***အကောင်းဆုံးရက်များ ဖြစ်သည်။***

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

**တနင်္ဂနွေသားသမီးသည်** အနောက်မြောက်အရပ်တွင် ထောက်ကြံ့ပင် စိုက်ပါ။

***တနင်္လာသားသမီးသည်*** အရှေ့အရပ်တွင် သြဇာပင် စိုက်ပါ။

***အင်္ဂါသားသမီးသည်*** အနောက်တောင်အရပ်တွင် ခရေပင် စိုက်ပါ။

***ဗုဒ္ဓဟူးသားသမီးသည်*** မြောက်အရပ်တွင် စိန်ပန်းပင် စိုက်ပါ။

***ကြာသပတေးသားသမီးသည်*** အနောက်အရပ်တွင် လောက်သေပင် စိုက်ပါ။

**သောကြာသားသမီးသည်** တောင်အရပ်တွင် ပိတောက်ပင် စိုက်ပါ။

**စနေသားသမီးသည်** အရှေ့တောင်အရပ်တွင် သစ်အယ်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွက်

နွယ်သာကီအောင်

ခရစ်နှစ်တစ်နှစ်၏ အဦးအစသို့ ရောက်ခဲ့ပေပြီ။

မြန်မာလရာသီအားဖြင့်ဆိုသော် ပြာသိုနှင့် တပို့တွဲလ ပေါင်းစပ်ထားသည့် ကာလ ဖြစ်ပေရာ ပတ်ဝန်းကျင်တစ်ခွင်မှာတော့ ခွာညိုရနံ့တို့မှာ တသင်းသင်း။ ပေါက်ပွင့်၊ လဲပွင့်တို့မှာလည်း ငုံစီနေကြပေပြီ။ အပူလွန်ကဲခြင်းမရှိသေးသည့် ရာသီဥတုမို့လည်း နေထိုင်ရသည်မှာ သက်သောင့်သက်သာ ရှိလှပေသည်။ ဤကာလမှာပင် စားဝတ်နေရေးအတွက် လှုပ်ရှားရုန်းကန်နေကြသူတို့အနေဖြင့် ကြီးပွားရာကြီးပွားကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းတို့အတွက် ရှေ့ရှုနေကြစမြဲဖြစ်ရာ . . .

### ၁။ နေအိမ်တိုက်တာဝယ်ယူရန်

ဇန်နဝါရီလ (၄)၊ (၁၈)၊ (၂၁)၊ (၂၄)၊ (၂၈)၊ (၂၉) စသော ရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၂။ ကား/ယာဉ်ဝယ်ယူရန်

ဇန်နဝါရီလ (၁၀)၊ (၁၂)၊ (၂၁)၊ (၂၈) စသော ရက်များသည် ကား/ယာဉ်ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၃။ ရွှေတွင်း/ကျောက်တွင်း တူးရန်

ဇန်နဝါရီလ (၄)၊ (၁၀)၊ (၁၅)၊ (၁၉)၊ (၂၄)၊ (၂၆) စသောရက်များသည် ရွှေ/ကျောက်တွင်းများ တူးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၄။ ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန်

ဇန်နဝါရီလ (၁)၊ (၁၂)၊ (၁၉)၊ (၂၄)၊ (၂၈)၊ (၂၉) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၅။ ကျောင်း/အိမ်ဆောက်လုပ်ရန်

ဇန်နဝါရီလ (၇)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၁၉)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၂၈)၊ (၃၁) စသောရက်များသည် ကျောင်း/ အိမ်ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၆။ ပဉ္စင်းခံရာ၊ ရှင်ပြု၊ နားသမင်္ဂလာ ကျင်းပရန်

ဇန်နဝါရီလ (၂)၊ (၇)၊ (၁၂)၊ (၁၅)၊ (၁၇)၊ (၁၉)၊ (၂၁)၊ (၂၆)၊ (၂၈)၊ (၃၁) စသောရက်များသည် ပဉ္စင်းခံ၊



www.burmeseclassic.com

www.burmeseclassic.com

ရှင်ပြု၊ နားသမင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၇။ အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန်

ဇန်နဝါရီလ (၇)၊ (၁၂)၊ (၁၉)၊ (၂၄)၊ (၂၉) စသော ရက်များသည် အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၈။ အမည်ပေး/ဆိုင်းဘုတ်တင်ရန်

ဇန်နဝါရီလ (၂)၊ (၁၇)၊ (၂၄)၊ (၂၆)၊ (၃၁) စသော ရက်များသည် အမည်ပေးရန်၊ ဆိုင်းဘုတ်တင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၉။ လက်ထပ်မင်္ဂလာ ကျင်းပရန်

ဇန်နဝါရီလ (၇)၊ (၁၃)၊ (၁၉)၊ (၂၄)၊ (၂၆)၊ (၂၈) စသော ရက်များသည် လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၁၀။ ရပ်ဝေး၊ရပ်နီး ခရီးသွားရန်

ဇန်နဝါရီလ (၄) (၁၂)၊ (၁၇)၊ (၁၉) စသော ရက်များသည် ခရီးသွားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၁၁။ လယ်ထွန်မင်္ဂလာကျင်းပရန်

ဇန်နဝါရီလ (၂) (၄)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၄)၊ (၂၆) စသောရက်များသည် လယ်ထွန်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များဖြစ်ကြပါသည်။

## ၁၂။ အရောင်းအဝယ်လုပ်ကိုင်ရန်

ဇန်နဝါရီလ (၂) (၄)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၄)၊ (၂၆) စသော ရက်များသည် အရောင်းအဝယ်လုပ်ကိုင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၁၃။ သီးနှံမျိုးစေ့ကြဲဖို့ရာ

ဇန်နဝါရီလ (၂) (၄)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၄)၊ (၂၆) စသောရက်များသည် သီးနှံမျိုးစေ့ကြဲရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၁၄။ ရေတွင်းရေကန် တူးဖော်ရန်

ဇန်နဝါရီလ (၄)၊ (၇) (၁၂)၊ (၁၃)၊ (၁၉)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၂၈) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၁၅။ အောင်ဘာလေထီ ထိုးရန်

ဇန်နဝါရီလ (၁) (၂)၊ (၈)၊ (၁၁)၊ (၁၄)၊ (၁၅)၊ (၁၇)၊ (၁၉)၊ (၂၂)၊ (၂၇)၊ (၂၈)၊ (၃၁) စသော ရက်များသည် အောင်ဘာလေထီထိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၁၆။ ပညာသင်ကြားရန်

ဇန်နဝါရီလ (၇) (၁၂)၊ (၁၇)၊ (၂၄)၊ (၂၆) စသော ရက်များသည် ပညာသင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြသည်။

## ၁၇။ ရေသတ္တဝါများ ဖမ်းဆီးရန်

ဇန်နဝါရီလ (၂)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၂၁)၊ (၂၉) စသောရက်များသည် ငါး၊ ပုစွန် စသော ရေသတ္တဝါများ ဖမ်းဆီးရန် **အကောင်းဆုံး**ရက်များ ဖြစ်ကြပါသည်။

## ၁၈။ မင်္ဂလာအခါပေးရန်

ဇန်နဝါရီလ (၁)၊ (၂)၊ (၆)၊ (၈)၊ (၁၁)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၂)၊ (၂၇)၊ (၃၁) စသော ရက်များသည် မင်္ဂလာအခါပေးသင့်သည့် ရက်ကောင်း များ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွက်

■ တောကကိုရင်

မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးကိုအဓိကထားသော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ကောက်ပဲသီးနှံများ ဝေဆာဖြစ်ထွန်းခြင်းဖြင့် တိုင်းပြည်စားသုံးမှု ဖူလုံပြည့်ဝသည်သာမက ပိုလျှံသမျှ နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချသည့်အတွက်လည်း နိုင်ငံခြားဝင်ငွေများ တိုးပွားလျက်ရှိသည်ပင်။ ထိုမှတစ်ဆင့်ချင်း ဆိုသကဲ့သို့ စက်မှုနိုင်ငံသို့ ပြောင်းလဲသွားရမည်သာ ဖြစ်သည်။ ဤသို့ စိုက်ပျိုးရေးနှင့် ပတ်သက်၍ တောင်သူလယ်ယာဦးကြီးတို့ သတိထားဆောင်ရွက်ရန် ဖေးမကူညီသည့်အနေဖြင့် . . .

၁။ **အပွင့်၊ အသီး၊ အနှံ၊ အရွက်၊ အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက်**

ဇန်နဝါရီလ (၂)၊ (၄)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၄)၊ (၂၆) စသောရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက် ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်၊ အကိုင်းအခက်များ ခုတ်ရန်အတွက်**

ဇန်နဝါရီလ (၃)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၂)၊ (၃၀) စသော ရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင် ချုံနွယ် မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊ အမြစ်များ တူးရန်အတွက်**

ဇန်နဝါရီလ (၁)၊ (၂)၊ (၄)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၇)၊ (၃၀) စသောရက်များသည် ထွန်ယက်ခြင်းစိုက်ပျိုး ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊ အမြစ်များ တူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **သီးနှံမျိုးစေ့များ ကြဲရန်အတွက်**

ဇန်နဝါရီလ (၂)၊ (၄)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၄)၊ (၂၆) စသောရက်များသည် သီးနှံမျိုးစေ့များ ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

တောကကိုရင်

www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွက်

**နေမျိုးထွဋ်ခေါင်**

၁။ ဇန်နဝါရီလ (၁)၊ (၆)၊ (၁၁)၊ (၂၁)၊ (၂၅ )၊ (၃၀) စသောရက်များသည် "နန္ဒာတီထီ"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ ဇန်နဝါရီလ (၂)၊ (၇)၊ (၁၂)၊ (၁၃)၊ (၁၇)၊ (၂၂)၊ (၂၆)၊ (၃၁) စသောရက်များသည် "ဘဒြာတီထီ"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားတွင်းမင်္ဂလာ ပြုလုပ်ပေးခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ ဇန်နဝါရီလ (၃)၊ (၈)၊ (၁၄)၊ (၁၈)၊ (၂၃)၊ (၂၇) စသော ရက်များသည် "ဇယာတီထီ"တွင် ကျရောက်၏။ ထိုရက် များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စတို့ ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဇန်နဝါရီလ (၅)၊ (၉)၊ (၁၅)၊ (၁၉)၊ (၂၈) စသောရက်များသည် "ရိတ္တာတီထီ"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်/ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လောကားထောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ကြပါသည်။

၅။ ဇန်နဝါရီလ (၄)၊ (၁၀)၊ (၁၆)၊ (၂၀)၊ (၂၄)၊ (၂၉) စသောရက်များသည် "ပုဏ္ဏာတီထီ"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဉ္စင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဇန်နဝါရီလ (၁၃)၊ (၂၄) စသောရက်များသည် "အမြိတ္တာရက်"တွင် ကျရောက်၏။ ထိုရက်များ၌ မည်မျှပင် မကောင်းကြံ့စေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ ဇန်နဝါရီလ (၂)၊ (၄)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၄)၊ (၂၆)၊ (၃၁) စသောရက်များသည် "ရက်ရာဇာ"တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေးကိစ္စအဝဝ တို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အလုံးစုံ ပြီးမြောက်နိုင်ပြီး နာမည်ဂုဏ်သတင်းလည်း ထင်ရှားကျော်စောတတ်ပါသည်။

နေမျိုးထွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်စေရန်
# ရွေးချယ်သင့်သည့် ရက်များ

## ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွက်

■ မဟိဒ္ဓိကျော်ခေါင်

**တနင်္ဂနွေသားသမီးများအတွက်**

ဇန်နဝါရီလ (၂)၊ (၇)၊ (၁၂)၊ (၁၅)၊ (၁၇)၊ (၁၉)၊ (၂၁)၊ (၂၆)၊ (၂၈)၊ (၃၁) စသောရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**တနင်္လာသားသမီးများအတွက်**

ဇန်နဝါရီလ (၇)၊ (၁၃)၊ (၁၉)၊ (၂၄)၊ (၂၆)၊ (၂၈) စသောရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**အင်္ဂါသားသမီးများအတွက်**

ဇန်နဝါရီလ (၂)၊ (၄)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၄)၊ (၂၆) စသောရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**ဗုဒ္ဓဟူးသားသမီးများအတွက်**

ဇန်နဝါရီလ (၁)၊ (၂)၊ (၆)၊ (၈)၊ (၁၁)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၂)၊ (၂၇)၊ (၃၁) စသောရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**ကြာသပတေးသားသမီးများအတွက်**

ဇန်နဝါရီလ (၂)၊ (၄)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၄)၊ (၂၆) စသော ရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**သောကြာသားသမီးများအတွက်**

ဇန်နဝါရီလ (၁)၊ (၂)၊ (၈)၊ (၁၁)၊ (၁၄)၊ (၁၅)၊ (၁၇)၊ (၁၉)၊ (၂၂)၊ (၂၇)၊ (၂၈)၊ (၃၁) စသောရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**စနေသားသမီးများအတွက်**

ဇန်နဝါရီလ (၄)၊ (၁၂)၊ (၁၇)၊ (၁၉) စသော ရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**ရာဟုသားသမီးများအတွက်**

ဇန်နဝါရီလ (၇)၊ (၁၂)၊ (၁၉)၊ (၂၄)၊ (၂၉) စသော ရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

မဟိဒ္ဓိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လများအတွက် ကံဇာတာ

## ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွက်

■ ဆရာမိုးဟန်ကြွယ်

လုပ်ငန်းခွင်၌ ထင်မှတ်မထားဘဲနှင့် လိမ်ကောက်ခြင်း ခံရတတ်သည်။ နိုင်ငံခြားသားနှင့် အလုပ်ကိစ္စ ပြောဆိုရတတ်သည်။ လျှပ်စစ်ဆိုင်ရာပစ္စည်းများ ဝင်လာတတ်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာ၏ ဂုဏ်ပြုခြင်းကို ခံရတတ်ပါသည်။

အိမ်ထောင်ဘက်နှင့် ကတောက်ကဆ ဖြစ်ရတတ်သည်။ ပျိုရွယ်သူများ ချစ်သူအတွက် စိတ်သောက ရောက်ရတတ်သည်။ စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုရှိမည်။ အလှူမါန ပြုရတတ်သည်။ အိမ်ခြံမြေဝင်မည်။ ဘာသာရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ ဆောင်ရွက်ရတတ်သည်။ တရားစခန်း ဝင်ရတတ်သည်။

အိမ်၊ ယာဉ်မှင့် ပတ်သက်၍ အကျိုးအမြတ် ခံစားရမည်။ ကံစမ်းမဲသော်လည်းကောင်း၊ အောင်ဘာလေထီပေါက်ကိန်းသော်လည်းကောင်း ရှိမည်။ စက်မှုလုပ်ငန်းရှင်များ၊ ရတနာရောင်းဝယ်ရေး လုပ်ကိုင်သူများ၊ အကျိုးထူးခံစားရမည်။ နယ်စွန်နယ်ဖျားသို့ ခရီးထွက်ရတတ်သည်။ သားသမီးများ၏ ကောင်းသတင်းဂုဏ်ပုဒ်များကို ကြားရတတ်သည်။ ဆ...က်အထည်၊ အရောင်းအဝယ်ကိစ္စများ အောင်မြင်မည်။ မိ...်ဆွေအပေါင်းအသင်းများနှင့် လုပ်ငန်းစပ်တူ လုပ်ကိုင်ရတတ်သည်။

စီးပွားရေးသမားများ လုပ်သမျှ ကိုင်သမျှ အောင်မြင်ဖြစ်ထွန်းပြီး ဝင်ငွေကောင်းမွန်မည်။ အိမ်ထောင်ဘက်ဖြစ်သူ နိုင်ငံရပ်ခြားသွားရောက်ရတတ်သည်။ မျက်စိအောင့်ခြင်း၊ ...အောင့်ခြင်းတို့ ဖြစ်တတ်သည်။ စီးပွားရေး...ငန်းတစ်ခုမှ ငွေအစုလိုက် အပြုံလိုက်ဝင်လာတတ်သည်။ ချစ်သူမရှိသေးသူများ ချစ်ရေးဆိုခြင်း ခံရတတ်သည်။ ရပ်ဝေးမှ မိတ်ဆွေများ၊ ချစ်ရသူနှင့် လက်ထပ်ရတတ်သည်။ ကိုယ်ပိုင်စီးပွားရေးလုပ်သူများ အဆင်ပြေမည်။ လက်ဆောင်ပစ္စည်းများ ရရှိတတ်သည်။ သားသမီးများ၏ ကျန်းမာရေး ပညာရေးများ ကောင်းမွန်ပါလိမ့်မည်။

လူငယ်များ အပျော်လွန်၍ အမှုအခင်း ကြုံရတတ်သည်။ မြေတွင်ဥသော သစ်ဥများ၊ မြေပေါ်တွင်သီးသော သစ်သီးများ အထွက်နှုန်း လျော့မည်။ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ငွေနှင့် ငွေထည်ပစ္စည်းများ၊ လက်ဖက်စို၊ လက်ဖက်ခြောက်၊ မာတ်ဆီ၊ ကော်ဖီ၊ ရာဘာ၊ ဟင်းသီးဟင်းရွက်များ၊ ဟင်းခတ်အမွှေးအကြိုင်ပစ္စည်းများ၊ အုန်းသီး၊ ဂျုံ၊ ဒန့်စပါး၊ ကြံ၊ သ...ဘာထွက်ပစ္စည်းများ အကျိုးအမြတ် ထင်သလောက် မရတတ်ပါ။ အဆင်ပြေရုံသာရှိမည်။ ပဲပြောင်းလည်း သင့်တင့်ရုံသာ ရှိမည်။ ပါဝ္ပမ်း၊ နှမ်း၊ ဆီတို့ ရောင်းဝယ်လျှင် အကျိုးအမြတ် ဖြစ်ထွန်းနိုင်ပါသည်။

မမျှော်လင့်ဘဲ နာစေး၊ ချောင်းဆိုး၊ အာဂန္တုရောဂါကလေးများ ခံစားရတတ်သည်။ အိမ်ထောင်ဘက်နှင့် ပတ်သက်သည့် အသိုင်းအဝိုင်းမှ အမွေများ ရရှိတတ်သည်။

*ယတြာပြုလုပ်လိုပါက* - ဘုရား၌ ကံ့ကော် ခုနစ်ညွန့် လှူပါ။ သောက်ရေအိုးစင်ကို သန့်ရှင်းပေးပါ။ တံခွန်အနီတစ်လက် လှူပါ။ ဝါးစိမ်းရွက် လေးညွန့် လှူပါ။

ဆရာမိုးဟန်ကြွယ်

www.burmeseclassic.com

www.burmeseclassic.com

# သန်လျင်မြို့ သောက်တော်တွင်းရပ်ကွက်အတွင်းရှိ ဘုရားနီဘုရား (ခ) ပတ္တမြားမာန်အောင် သိဒ္ဓိရှင် စေတီတော်မြတ်ကြီး သမိုင်းအကျဉ်း

## သမိုင်းက စကားပြောသော သန်လျင်


**မောင်လေးအောင်(သန်လျင်)**

ဘုရားနီ ဘုရားသမိုင်းသည် ဘုရားနီဘုရား၏ အကြောင်းခြင်းရာတို့ကို ဖစ့်ဖစ့်ငုံငုံ ပြည့်ပြည့်စုံစုံ သမိုင်းက ထောက်ပြနေ၏။ ဖော်ပြနေ၏။ တစ်နည်းအားဖြင့် သမိုင်းက စကားပြောနေသည်။

သန်လျင်မြို့သည် ပိညာဉ်ရှိသောမြို့ဟူ၍ ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ တင်စားရေးသားချက်ကို တွေ့ရှိ သိရှိရပါသည်။ အမှန်တကယ်ပင် တင်စားထိုက်ပါပေ၏။

ဆရာတက္ကသိုလ်ဘုန်းနိုင် ဆိုထားသည့်အတိုင်း သန်လျင်သည် ခိုင်ခံ့ရှည်ကြာသော သမိုင်းစဉ်ရှိသည်။

သန်လျင်မြို့သည် လွှမ်းမောတသဖွယ်ကောင်း





www.burmeseclassic.com

www.burmeseclassic.com

သော သာယာစိုပြည် တင့်မောဖွယ်ကောင်းသော ကြည်နူးချမ်းမြေ့ဖွယ်ကောင်းသော မြို့တစ်မြို့ဖြစ်သည်။

လှို့ဝှက်ဆန်းကြယ်သော၊ နက်နဲသိမ်မွေ့သော ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဖြစ်ရပ်မှန်တို့သည် သန်လျင်မြို့လေးတွင် ရှိနေသည်မှာ မှန်၏။ အချို့ အချို့ နေရာများတွင် ဒဏ္ဍာရီဆန်နေသည်။ ပုံပြင်ဆန်နေသည်။

ပုံပြင်ဆန်ဆန်၊ ဒဏ္ဍာရီဆန်ဆန် ရှိသော်ငြားလည်း အမှန်ဖြစ်၏။ အမှန်တကယ်ရှိ၏။ အမှန်ဖြစ်သော အမှန်တကယ်ရှိသော ဖြစ်ရပ်မှန် ဖြစ်ရပ်ဆန်းတို့သည် သူ့နေရာနှင့်သူ ခိုင်လုံသော အထောက်အထားပြယုဂ်များဖြင့် သူ့ရာဇဝင်နှင့်သူ၊ သူ့သမိုင်းနှင့်သူ ရှိနေလေ၏။

ခိုင်ခံ့ရှည်ကြာသော သမိုင်းစဉ်ရှိသည့်မြို့ သန်လျင်သည် အထက်မှဆိုခဲ့သည့်အတိုင်း လွမ်းမောဖွယ်ရာ၊ ကြေကွဲဖွယ်ရာ၊ ကြည်နူးချမ်းမြေ့ဖွယ်ရာအဆတိ ရှိနေသော နက်နဲသိမ်မွေ့ပြီး လှို့ဝှက်ဆန်းကြယ်နေသော ဒဏ္ဍာရီဆန်သော မြို့၊ သို့မဟုတ် ဒဏ္ဍာရီမြို့တော်လေးဟု ထပ်ဆင့်ဆိုခဲ့ပါလျှင် . . . ။

ဝိညာဉ်ရှိသောမြို့ (ဝါ) ဒဏ္ဍာရီမြို့တော်လေးဖြစ်သည့် ထိုမြို့သန်လျင်သည်ကား ငါးမည်ရ သန်လျင်မြို့ဖြစ်သည်ဟု ဆိုသည်။

(က) မြို့တည်မင်း သေန်လျင်ကို အစွဲပြု၍ သန်လျင်မြို့။၏

(ခ) သလင်၊ သခါ။ မွန်၊ ကရင် စကားအခြေခံ ယင်းမွဲအရပ်အခေါ် တည္ဍင် (အချို့က သန်လျင်မြို့တည်ရာအရပ်၌ ကြက်တညင်လေးများ ပေါ်များ၍ တညင်ဟု ခေါ်ကြသည်ဟု ဆိုသည်။)

(ဂ) ထုံစလင်၊ ဋ္ဌင်သလင်၊ သမိုင်းစကား (သမိုင်းသကား) ကျွန်းမွန်အခြေခံ၊ ယင်းမွဲ၊ စံကားရွာ၊ စံကားမြို့၊ (အချို့က မြို့တည်ရာအရပ်၌ စံကားပင်များ ပေါ်များ၍ စံကားရွာ၊ စံကားမြို့ဟု ခေါ်သည်ဟု ဆိုကြသည်။)

(ဃ) ကျောက်ဂပံ၊ ကုန်းတန်းပေါ်တွင် မြို့တည်ရှိ၍ ကျောက်ဖျာရွာ။

(င) ခြင်္သေ့ပုံသဏ္ဍာန်ရှိသောမြို့ကို တည်သောကြောင့် သီဟဒီပကျွန်းသို့ ဖြစ်ရကား သန်လျင်မြို့သည်



ရှင်သီဝလိရဟန္တာမြတ် ရုပ်တုတော်နှင့် ရှင်ဥပဂုတ္တရဟန္တာမြတ် ရုပ်တုတော်



www.burmeseclassic.com

www.burmeseclassic.com



ပထမံ ဘိုးဘိုးအောင်နှင့် ဘဘဘိုးမင်းခေါင် ရုပ်တုတော်

(၁) သန်လျင်၊ (၂) တညင်၊ (၃) စံကား၊ (၄) ကျောက်ဖျာ၊ (၅) သီဟဒီပ ဟူ၍ ငါးမည်ရမြို့ဖြစ်သည်ဟု ဆိုပါသည်။

သန်လျင်ရာဇဝင်တွင် ရှေးပါဒမြို့ စည်ပင်ဖွံ့ဖြိုးသည့်ကာလ အရိန္ဒရာဇာမင်းလက် ပါဒမြို့ အရှေ့ဘုရားကြီးရှု၌ နေထိုင်သော တောင်သူဇနီးမောင်နှံတို့တွင် ဘုန်းသမ္ဘာနှင့် ပြည့်စုံသော သားတစ်ယောက် ရှိသည်။

ထိုသူငယ်သည် ငယ်စဉ်ကပင် သန်မာထွားကျိုင်းသည်။

ခွန်အားဗလနှင့် ပြည့်စုံ၏။ ဖွားမြင်စကပင် ထမင်းတစ်ယောက်မ ကုန်အောင်စားသည်။ တစ်စတစ်စနှင့် ကြီးပြင်းလာသော် တစ်နေ့တစ်နေ့လျှင် နှစ်တင်းခွဲ သုံးတင်းချက်မှ ကုန်အောင်စားနိုင်၏။ လွန်စွာမှ ခွန်အားဗလနှင့် ပြည့်စုံသောကြောင့် သစ်ပင်၊ ထန်းပင်၊ အုန်းပင် ကြီးကြီးမားမားကို နုတ်နိုင်၊ လှဲနိုင်၊ ထမ်းနိုင်သည့် စွမ်းအားရှိသည်။ ထို့ကြောင့် –

၎င်း၏အမည်ကို 'ငသန်လျင်'ဟု ခေါ်ကြသည်။ ငသန်လျင်၏ အမိ၊ အဖများသည် –

"ငါတို့၏သားသည် ဤမျှထိ စားနိုင် သောက်နိုင်၏။ ကုန်လွယ်၏။ စပါး၊ ဆန် အဘယ်မှာ ရနိုင်အံ့နည်း။ ခွန် အားဗလလည်း လွန်စွာကြီး၏။ ဖျက်လက်၏။ ပေါ့ပါး၏။ နောင် မင်းစိုးရာဇာတို့ ကြားသိခဲ့သော် မင်းပြစ်မင်းဒဏ်မှ မလွတ်မကင်းဖြစ်နိုင်၏"

ဟု နှစ်ယောက်သား တိုင်ပင်ပြောဆိုပြီးလျှင် သားဖြစ်သူကို ခေါ်၍ ဤသို့ဆို၏။

"ချစ်သား ... ငါတို့မှာ သူများနည်းတူ ကူးသန်းရန်အတွက် စီးနင်းရန် လှေမရှိ၊ တက်လည်းမရှိ။ ဒါကြောင့် ငါတို့သားအဖနှစ်ယောက် တောတွင်းသို့ လှေထွင်းရန် သစ်ခုတ်သွားကြအံ့"

ဟု ဖခင်ဖြစ်သူမှ အကြံအစည်ဖြင့် သားဖြစ်သူ ငသန်လျင်အား လှည့်ဖြားပြောဆို၍ သူတစ်ပါး၏ လှေငယ်တစ်စီးအား ငှားရမ်းပြီး စားနပ်ရိက္ခာအချို့ တင်ဆောင်ကာ သားအဖ ၂ ယောက် သီဟဒီပကျွန်းသို့ ထွက်ခွာသွားကြလေ၏။

ရောက်ရောက်ချင်းပင် လှေထွင်းရန် သစ်ပင်ကို



www.burmeseclassic.com

www.burmeseclassic.com



သန်လျင်မင်းတရားကြီး ရုပ်တုတော်

ရှာဖွေကြရာ လုံးပတ်အတောင် ၂၀ ခန့်ရှိ ယမနေပင်ကြီး တစ်ပင်ကို တွေ့ရှိသဖြင့် သားအဖနှစ်ယောက် အတူတူ ခုတ်လှဲကြလေ၏။ လဲကျလုဆဲဆဲအချိန်သို့ ရောက်သည့် အခါတွင် ဖခင်ဖြစ်သူမှ သားဖြစ်သူအား ဥပါယ်တံမျဉ်ဖြင့် ဤသို့ဆိုလေ၏။

"ချစ်သား ... သစ်ပင်လဲကျ၍ ရွေ့သည့်အချိန်တွင် သယ်နိုင်မည်မှန်သော်လည်း သစ်ပင်ကြီး လဲကျသွားသည့် အခါတွင် ငါသည် ပခုံးထက်သို့ မချီ၍ ပင့်နိုင်မည်မဟုတ်။ ဒါ့ကြောင့် သစ်ပင်မလဲကျမီကပင် ငါ့သားပခုံးဖြင့် အသင့်ခံ၍ နေပါလော့"

ဟု ဆိုလေ၏။

အဖဆိုသည့်အတိုင်းပင် သေနိလျှင်လည်း သစ်ပင်ကြီးအား ပခုံးဖြင့် အသင့်ခံ၍ ထမ်းထားစဉ် ဖခင်ဖြစ်သူမှ သစ်ပင်ကို ဓားဖြင့်ဆက်ခုတ်လေရာ မကြာမီ သစ်ပင်ကြီးမှာ သေနိလျှင်ပေါ်သို့ လဲကျလေ၏။

ဖခင်ဖြစ်သူသည် သူကြံစည်ထားသည့်အတိုင်း သားဖြစ်သူမှာ သစ်ပင်ပိ၍ သေပြီဟု ထင်မှတ်ကာ လှေရှိရာသို့ အမြန်ဆုံးသွားရောက်ကာ မိမိနေထိုင်ရာအရပ်သို့ လှော်ခတ်၍ ပြန်ခဲ့လေတော့သည်။

သားဖြစ်သူ သေနိလျှင်သည် ဘုန်းသမ္ဘာရှင်တစ်ဦး ဖြစ်သည်နှင့်အညီ သစ်ပင်ပိ၍ မသေဘဲ ထိုသစ်ပင်ကြီးကို ထမ်းကာ လှေဆိုက်ထားရာ ကမ်းနားသို့ လာခဲ့လေ၏။ ကမ်းနားသို့ရောက်သောအခါ ဖခင်မှာ ထွက်ခွာသွားပြီဖြစ်သောကြောင့် မတွေ့ရ၊ မမြင်ရတော့သည့်အတွက် ဖခင်ကို လွမ်းဆွတ်သဖြင့် တရှုပ်ရှုပ် ငိုကြွေးနေတော့သည်။

ဧင်းဖခင်အား လွမ်းဆွတ်၍ ငိုကြွေးသည့်နေရာကို အလွမ်းဆွတ်ရွာဟု ခေါ်တွင်ကြလေ၏။ ကာလရွေ့လျား၍ နောင်တွင် အလွမ်းသုပ်ကျေးရွာဟု ယနေ့တိုင် ခေါ်တွင် လျက်ရှိပေသည်။

ယခင်တစ်ချိန်ကလည်း ဖခင်သည် ဥပါယ်တံမျဉ်ဖြင့် ဤသို့ဆိုလေ၏။

"ချစ်သား ... ငါတို့ တောထဲဝင်ပြီး ကြောင်လိုက် သွားကြရအောင်။ ကြောင်ရလျှင် ဟင်းလျာရမယ်။ လာ လိုက်ခဲ့ပါ"

ဟု ဆိုကာ သားကို တောထဲသို့ ခေါ်သွားလေ၏။ တောထဲသို့ရောက်သည့်တွင် ဖခင်သည် တစ်နေရာ၌ ကျား ခြေရာများကို တွေ့လေ၏။

"ချစ်သား ... ဤခြေရာများသည် ကြောင်ခြေရာ များ ဖြစ်သည်။ ဤလမ်းမှသွားပြီး ကြောင်လိုက်ပေတော့။ အဖေက ဟိုဘက်လမ်းကနေ ဝိုက်ပြီးလိုက်မယ်"

ဟု ပြောဆိုပြီး တခြားလမ်းသို့သွားကာ အိမ်သို့ ပြန်ခဲ့လေ၏။ သေနိလျှင်သည် ကျားကြီးကိုတွေ့သည်။ တွေ့သောကျားကြီးကို ကြောင်ထင်မှတ်ကာ ကြောင်အမှတ် နှင့် ကျားကို ခွစီးပြီး အိမ်သို့ပြန်လာခဲ့လေ၏။ အမိ၊ အဘတို့ တွေ့မြင်ကြသောအခါ လွန်စွာမှ အံ့သြခြင်း ဖြစ်ကြရလေ ၏။

"ချစ်သား ... အဲဒါ ကြောင်မဟုတ်ဘူး ကျား။ ကျားကြီးကို ပြန်လွှတ်လိုက်ပါ"

ဟုပြောမှ သေနိလျှင်သည် ကျားကို တောထဲသို့

www.burmeseclassic.com

www.burmeseclassic.com

ပြန်လွှတ်လိုက်လေ၏။

သေန်လျှင်သည် ဤမျှထိ စွမ်းအားရှိ၏။ ခွန်အားဗလကြီး၏။ ဘုန်းသမ္ဘာနှင့် ပြည့်စုံသူဖြစ်၏။

သေန်လျှင်သည် ဖခင်အား မတွေ့တော့သဖြင့် တောထဲ၌ လှည့်လည်ရင်း ထိုသီဟာဒီပကျွန်း၌ပင် တစ်ယောက်တည်း နေထိုင်၍ ရှာဖွေစားသောက်နေလေတော့သည်။

တစ်နေ့တွင် တောဝက်ကြီးတစ်ကောင်သည် ပတ္တမြားကြီးကိုငုံလျက် ကောင်းကင်ခရီးဖြင့် ပျံလာပြီး စားသောက်နေကျဖြစ်သော သဖန်းပင်ခြေရင်းရှိ သဖန်းမြစ်အကြားတွင် ပတ္တမြားကို ချထားပြီး သဖန်းသီးများကို အားပါးတရ လိုက်လံစားသောက်နေလေ၏။

ပြန်ချိန်ရောက်သောအခါမှ သဖန်းပင်ခြေရင်းရှိ သဖန်းပင်မြစ်များအကြားတွင် ထားရှိသော ပတ္တမြားကိုယူ၍ ပါးစပ်တွင်ငုံကာ ကောင်းကင်ခရီးဖြင့် ပြန်လေ့ရှိသည်ကို သေန်လျှင် သိမြင်ရလေတော့သည်။

နောက်တစ်ရက်တွင် သေန်လျှင်သည် ဝက်ကြီး မလာမီ သဖန်းပင်ပေါ်မှနေ၍ စောင့်ဆိုင်းနေလေ၏။ မကြာမီ ဝက်ကြီးသည် သဖန်းပင်ခြေရင်း သစ်မြစ်များကြားတွင် ပတ္တမြားကြီးကိုချထားခဲ့ပြီး သဖန်းသီးများကို ကိုက်ချီစားသောက်နေလေ၏။

သေန်လျှင်သည် သဖန်းသီးမှည့်များကို ဆွတ်ခူး၍ အရှေ့အရပ်သို့ ပေးအောင်ပစ်လေ၏။ ဝက်ကြီးသည် လိုက်၍ ကောက်စားသည်။ ထိုအချိန်တွင် အနောက်ဘက်သို့လည်းကောင်း၊ မြောက်ဘက်သို့လည်းကောင်း ဝေးသည်ထက်ဝေးအောင် ပစ်လေ၏။ ဝက်ကြီးသည်လည်း အနောက်ဘက်သို့လည်းကောင်း၊ မြောက်ဘက်သို့လည်းကောင်း သဖန်းသီးမှည့်ရှိရာ ဝေးသောနေရာသို့ လိုက်၍ကောက်စားနေသည်။

တဖြည်းဖြည်း ဝေးသည်ထက် ဝေးရာဘက်သို့ ထပ်၍ထပ်၍ ပစ်ပြန်ရာ ဝက်ကြီးသည်လည်း သဖန်းသီးမှည့်ရှိရာ ဝေးသည်ထက်ဝေးသော နေရာများတွင် လိုက်လံကောက်ယူ စားသောက်နေစဉ် သေန်လျှင်သည် သဖန်းပင်ပေါ်မှ လျင်မြန်စွာဆင်းပြီး သဖန်းပင်ခြေရင်းရှိ အမြစ်များကြား၌ရှိသော ပတ္တမြားကြီးကို လျင်မြန်စွာ ကောက်ယူပြီး အခါးတွင်း၌ ငုံထားလိုက်လေ၏။

ဝက်ကြီးသည် ပြန်ချိန်တန်၍ ပတ္တမြားရှိရာ နေရာသို့လာသော် ပတ္တမြားကို ရှာမတွေ့တော့သဖြင့် အမျက်ဒေါသ လွန်စွာဖြစ်၍ သဖန်းမြစ်ကို အစွယ်ဖြင့် ထိုးဆွရှာဖွေနေတော့သည်။

ထိုအချိန်၌ ပတ္တမြားကို ငုံထားသော သေန်လျှင်သည် ပတ္တမြားတန်ခိုးဖြင့် စွမ်းအားထက်မြက်မှုကြောင့်လည်းကောင်း၊ ပင်ကို ဘုန်းသမ္ဘာနှင့် ပြည့်စုံခြင်း၊ ခွန်အားဗလကြီးခြင်းတို့ကြောင့် သဖန်းပင်ကြီးကို နုတ်သည်။ ၎င်းသဖန်းပင်လုံးဖြင့် ဝက်ကြီးကိုထမ်း၍ တောထဲသို့ ဝင်ခဲ့လေတော့သည်။

ဝက်ကြီးကို သေန်လျှင် သယ်ဆောင်သွားသည့်လမ်းကို နောင်တွင် ဝက်သတ်တံခါးဟု အမည်တွင်လေသည်။

ဝက်ကိုဖျက်၍ သွေးများမြင်ရာအရပ်ကိုမူ မွန်ဘာသာဖြင့် ကျိုက်ဖရိုအုံ ဖြစ်သည်။ မြန်မာဘာသာဖြင့် ဘုရားနီကုန်းဟု ခေါ်တွင်သည်။ ဝက်ကြီးအား မီးကင်စားရာအရပ်



သိဒ္ဓိရှင် ဝက်ကြီးပုံ



www.burmeseclassic.com

www.burmeseclassic.com

ကို မွန်ဘာသာဖြင့် အထင်ကလိတ်ဟု ခေါ်၏။ မြန်မာဘာသာဖြင့် ဝက်ကင်ရာအရပ်ဟု ခေါ်ဆိုသည်။

သေနလျှင်သည် ပတ္တမြားပျံကို ရရှိ၍ –

"ငါသည် လူသားဖြစ်သည်။ တောထဲ၌ အစဉ်အမြဲ နေထိုင်နိုင်မည်မဟုတ်။ လူသူရှိရာ နေထိုင်ရာအရပ်သို့ သွားမှ သင့်တော်မည်"ဟု စိတ်တွင် ကြံစည်စိတ်ကူးနေလေသည်။

မည်သည့်အရပ်သို့သွားလျှင် ကောင်းမည်ကို တွေးမိပြီး လှမ်းမျှော်ကြည့်သောအခါ၌ ရန်အောင်မြင်ကုန်းတွင် တလူလူထွက်နေသော မီးခိုးများကို မြင်တွေ့လေ၏။

ထိုကာလ၌ သီဟဒီပကျွန်းတွင် ရန်အောင်မြင်ကုန်း၊ ကျိုက်ဒေးပရင်းကုန်း၊ ကျိုက်ဒေးဝင်းကုန်းဟူ၍ ကုန်းသုံးကုန်းရှိပြီး ရသေ့ညီနောင်သုံးပါး ထိုကုန်းပေါ်၌ တစ်ပါးစီ အသီးသီး သီတင်းသုံးနေထိုင်ကြလေ၏။

ထိုအချိန်တွင် သိကြားဘုံရှိ သိကြားမင်းသည်–

"ငါသည် ပုဏ္ဏားမျိုးရိုးဖြစ်စဉ်ကာလတွင် တော်စပ်ခဲ့ကြသော ငါ၏ညီငယ် သုံးဦးတို့သည် ယခုအခါတွင် ဘယ်အရပ် ဘယ်ဒေသတွင် ရောက်ရှိ၍ ဘာတွေဖြစ်နေကြသနည်း"

ဟု သိကြားဘုံမှ လှမ်းမျှော်ကြည့်ရှုသော် အထက်ပါ ရသေ့ညီနောင်သုံးပါး ဖြစ်နေကြောင်းကို တွေ့မြင်ရလေ၏။ သို့ဖြစ်၍ လူယောင်ဖန်ဆင်းကာ ပထမဦးစွာ ရန်အောင်မြင်ကုန်း၌နေသော အသက် ၈၀ ကျော်ပြီဖြစ်သည့် ရသေ့ကြီးထံ သွားရောက်၍ –

"အရှင်ရသေ့၊ ဤတောအရပ်တွင် နေရသည်မှာ စိတ်ချမ်းသာပါ၏လော။ အဘယ်ကဲ့သို့သော အလိုဆန္ဒများ မပြည့်စုံဘဲ ရှိနေပါသနည်း"ဟု မေးမြန်းလေ၏။

ထိုအခါ ရှင်ရသေ့သည် –

"ငါသည် မီးအလိုရှိတိုင်း ထင်းကိစ္စအတွက် ဆင်းရဲပင်ပန်းခြင်းဖြစ်ရသည်"ဟု ဆိုသော် သိကြားမင်းမှ –

"ရှင်ရသေ့ ... ထင်းအလိုရှိပါက ဤဓားမကို စေခိုင်းလော့"ဟုဆိုကာ ဓားမကို ပေးလှူပြီး သိကြားဘုံသို့ ပြန်သွားလေ၏။

ထို့နောက် ဒုတိယအကြိမ် ကျိုက်ဒေးပရင်းကုန်း၌ သီတင်းသုံးနေသော ရှင်ရသေ့ထံ သွားရောက်ကာ ရှေးနည်းတူ မေးမြန်းသည့်အခါတွင် ရှင်ရသေ့မှ "ငါကား ကုတ်ဟီးချောင်းဆိုးရောဂါဖြစ်နေ၍ ထိုရောဂါအတွက် နွားနို့၊ ထောပတ်တို့ကို အလိုရှိသည်"

ဟု ဆိုလေ၏။ ထိုအခါ သိကြားမင်းမှ –

"ဤမြူတာအိုးသည် နွားနို့၊ ထောပတ်တို့ကို အလိုရှိသမျှ ရနိုင်၏။ ရန်သူနှင့် ကြုံတွေ့ပါကလည်း မြူတာအိုးကို မှောက်လိုက်သည်ရှိသော် မြစ်ကြီးဖြစ်သွားမည်"

ဟုဆိုကာ မြူတာအိုးကို ပေးလှူခဲ့လေ၏။ ၎င်းနောက် တတိယအကြိမ်မြောက် ကျိုက်ဒေးဝင်းကုန်း၌ သီတင်းသုံးနေသော ရှင်ရသေ့ထံ သွားရောက်၍ ရှေးနည်းတူ မေးမြန်းလေ၏။

ထိုအခါ ရှင်ရသေ့သည် "ငါ့မှာ အခြားသော ဘေးအန္တရာယ်မရှိ။ အနောက်မြောက်ထောင့် ပါးရုံ၌ နေထိုင်သော ဆင်တို့သည် ငါ့အား အမြဲတမ်း လာရောက်နှောင့်ယှက်သဖြင့် ကောင်းစွာမအိပ်စက်ရဘဲ ဆင်းရဲပင်ပန်းလှ၏"ဟု ဆိုလေ၏။

ထိုအခါ သိကြားမင်းမှ "ရှင်ရသေ့ ဤစည်ငယ်ကို တီးခတ်လိုက်လျှင် စစ်သည်ဗိုလ်ပါ အမြောက်အများ ထွက်ပေါ်လာပါလိမ့်မည်။ ရန်သူဟူသမျှ ပြေပျောက်အောင် တိုက်ခိုက်နှိမ်နင်းပေးလိမ့်မည်။ ဤစည်ငယ်ကို အသုံးပြုလော့"

ဟုဆိုကာ စည်ငယ်ကို ရသေ့ကြီးအား ပေးလှူပြီး သိကြားမင်းသည် သိကြားဘုံဗိမာန်သို့ ပြန်သွားလေတော့သည်။

သေနလျှင်သည် တလူလူထွက်နေသော မီးခိုးများကို မြင်တွေ့သောကြောင့် ပတ္တမြားကိုစီး၍ ကောင်းကင်ခရီးဖြင့် လာခဲ့ရာ ပထမဦးစွာ ရန်အောင်မြေကုန်းရှိ ရသေ့ထံသို့ ရောက်ရှိလေ၏။ ကောင်းကင်မှ ပျံသန်းလာသော သေနလျှင်ကိုမြင်သော် ရှင်ရသေ့မှ –

"အသင်ကား လူလော၊ နတ်လော၊ ဘီလူးလော"

ဟု မေးမြန်းလေ၏။

"ကျွန်ုပ်သည် လူသားစစ်စစ် ဖြစ်ပါသည်။ ရှင်ရသေ့ထံတွင် ဆည်းကပ်နေထိုင်လို၍ ခွင့်ပြုပါ"ရန် သေနလျှင် လျှောက်ထားလေ၏။ ထိုအခါ ရှင်ရသေ့သည် သေနလျှင်အား နေထိုင်ခွင့်ပြုလိုက်လေ၏။ အနေကြာလာသော်



www.burmeseclassic.com

www.burmeseclassic.com

ငသန်လျှင်သည် ရှင်ရသေ့ထံ၌ရှိသော ဓားမအစွမ်းကို ကောင်းစွာ သိမြင်၍ လိုချင်တပ်မက်စိတ် ဖြစ်ကာ –

"ရှင်ရသေ့ ကောင်းကင်ဘုံ ပျံသန်းနိုင်ပါ၏လော" ဟု မေးမြန်းလေ၏။

ထိုအခါ ရှင်ရသေ့မှ "ငါသည် ဈာန်မရသေး၍ ကောင်းကင်မပျံနိုင်"

ဟုဆိုသော် ငသန်လျှင်သည် ပတ္တမြားကိုငုံ၍ ကောင်းကင်သို့ ပျံပြလေ၏။ ရှင်ရသေ့သည် ပတ္တမြား၏ အစွမ်းကိုသိမြင်၍ "ငါ့အား ပတ္တမြားကိုပေးပါလော့။ ရှင်ရသေ့နှင့်သာ ထိုက်တန်သည်"ဟု ဆို၏။ ထိုအခါ ငသန်လျှင်မှ –

"ပတ္တမြားကို အလိုရှိပါက ဓားမနှင့်လဲမည်"ဟု ဆို၏။ ရှင်ရသေ့သည် သဘောတူပြီး ပတ္တမြားနှင့် ဓားမကို လဲလှယ်လိုက်လေ၏။ ငသန်လျှင်သည် ဓားမကိုရသည်နှင့် တစ်ပြိုင်နက် "ရသေ့၏လည်ကိုဖြတ်ချေ"ဟု ဓားမကို စေခိုင်းလိုက်သည့်အတွက် ရှင်ရသေ့ သေရရှာလေ၏။

ရှင်ရသေ့သေသော် ငသန်လျှင်သည် ပတ္တမြားနှင့် ဓားမကို ပိုင်ဆိုင်ပြီဖြစ်၍ ပတ္တမြားကိုငုံကာ ကျိုက်ဒေးပရင်းကုန်းရှိရာသို့ ကောင်းကင်ခရီးဖြင့် ပျံခဲ့လေ၏။

ကျိုက်ဒေးပရင်းကုန်းသို့ ရောက်သောအခါ ထိုကုန်းရှိ ရသေ့ကြီးထံ၌ ရှေးယခင်နည်းတူ ချဉ်းကပ်ပြီး နေထိုင်ခွင့်ပြုပါရန် လျှောက်ထားပြီး နေခွင့်ရ၍ အနေကြာလာသော် ရှင်ရသေ့ထံ၌ရှိသော မြူတာအိုးအကြောင်းကို သိရပြန်၍ ရှေးနည်းအတူ ပတ္တမြားနှင့် လဲလှယ်ကာ ရသေ့ကို သတ်ပြီးသော် ပတ္တမြားကို ပြန်ယူပြီး ကျိုက်ဒေးဝန်း၌ သီတင်းသုံးနေသော ရှင်ရသေ့ထံသို့ သွားလေတော့သည်။

ကျိုက်ဒေးဝန်းသို့ ရောက်ပြန်သော် ရှင်ရသေ့ထံ၌ရှိသော စည့်ငယ်၏ တန်ခိုးသတ္တိကို သိလေသော် ရှေးနည်းတူ ပတ္တမြားနှင့် လဲလှယ်၍ ရသေ့ကို သတ်လေ၏။

ရှင်ရသေ့သုံးဦးတို့၏ အသုံးအဆောင်များဖြစ်သော (၁) ဓားမ၊ (၂) မြူတာအိုး၊ (၃) စည့်ငယ်တို့ကို သယ်ဆောင်ကာ မိမိမွေးဖွားရာ ဇာတိအရပ်ဖြစ်သော မိဘများရှိရာ ဘုရားကြီးရွာသို့ ပြန်ခဲ့လေတော့သည်။

သန်လျှင်ရာဇဝင်တွင် ပါဒမြို့၌ စိုးစံတော်မူသော အရိန္ဒရာဇာမင်းသည် မင်းကျင့်တရားဆယ်ပါးနှင့် မညီညွတ် သာသနာတော်ကိုလည်း မချီးမြှောက် မစောင့်ရှောက်၊ ရှေးမင်းတို့၏ထုံးစံကိုလည်း မကျင့်ကြံဘဲ ရှိ၏။ သမ္မာဒေဝနတ်တို့ကိုလည်း ပူဇော်ပသခြင်းမပြု။ သို့ဖြစ်၍ ထီးဖြူစောင့်နတ်သည် လူအသွင်ဖန်ဆင်း၍ ငသန်လျှင်ရှိရာအရပ်သို့ ရောက်လာပြီးလျှင် –

"အသင်သည် ဘုန်းသမ္ဘာနှင့် ပြည့်စုံ၍ ပါရမီအတတ်ပညာများနှင့် ပြည့်စုံပြည့်ဝသည်။ မင်းပြုနိုင်သောစွမ်းရည်သတ္တိရှိသည်။ သို့ဖြစ်ပါ၍ ပါဒမြို့ကို သိမ်းပိုက်အုပ်ချုပ် မင်းလုပ်ပါလော့"ဟု တိုက်တွန်းပြောဆိုလေ၏။

ငသန်လျှင်သည် ထီးဖြူစောင့်နတ်မင်း ပြောကြားသည့်စကားကိုကြားသော် ၎င်း၏ အမိအဖ နှစ်ပါးအား ပါဒမင်းထံ စေလွှတ်၍ ထီးနန်းကို တောင်းစေ၏။

ငသန်လျှင်၏ အမိအဖတို့သည် သားဖြစ်သူ ငသန်လျှင် စေခိုင်းသည့်အတိုင်း မလွန်ဆန်ရဲ၍ ပါဒမြို့သို့ သွားရောက်ခဲ့သော်လည်း နန်းတွင်းသို့ မဝင်ရဲသဖြင့် နန်းတော်တံခါးဝမှနေပြီးလျှင် မိမိတို့၏သား မှာထားသည့်အတိုင်း ဟစ်အော်ကြွေးကြော်နေလေ၏။

ပါဒမင်းကြားသော် မှူးမတ်ဗိုလ်ပါများအား ငသန်လျှင်၏ မိဘနှစ်ပါးကို ရိုက်ပုတ်နှင်ထုတ်စေလေ၏။ ငသန်လျှင်၏ မိဘများသည် ရိုက်ပုတ်နှင်ထုတ်လိုက်သဖြင့် ငိုယို၍ ပြန်လာပြီးလျှင် သားဖြစ်သူအား ပြောကြားသောအခါ ငသန်လျှင်သည် ဒေါသအမျက်ဖြစ်ရကား သူကိုယ်တိုင် ပါဒမင်းအား စစ်တိုက်ရန် ထွက်ခဲ့လေ၏။

ပါဒမြို့တံခါးသို့ ရောက်သောအခါတွင် "ထီးနန်းကို ပေးအပ်မည်လော၊ စစ်ကိုတိုက်မည်လော"

ဟု ငသန်လျှင်မှ ပါဒမင်းအား ကြွေးကြော်လေ၏။

ပါဒမင်းကြားလေသော် အမတ်ကြီးတစ်ဦးအား စစ်သည်ဗိုလ်ပါ ငါးရာနှင့်တကွ စေလွှတ်၍ ငသန်လျှင်အား ဖမ်းဆီးသတ်ဖြတ်ရန် အမိန့်ပေးလေ၏။ အမတ်ကြီးသည် ဘုရင်မင်းမြတ်စေခိုင်းသည့်အတိုင်း မြို့ပြင်ထွက်၍ ငသန်လျှင်ကို ဖမ်းဆီးလေတော့သည်။

ဤတွင် ငသန်လျှင်မှ အသင့်ယူဆောင်လာသော စည့်ငယ်ကို တီးခတ်လိုက်ရာ စစ်သည်ဗိုလ်ပါများစွာ ထွက်လာပြီး တစ်ဖက်ရန်သူများကို ခုချမှုန်းတိုက်ခိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအကြောင်းကို ပါဒမင်းကြားသော် ဒေါသအမျက်ထွက်ကာ ၎င်းကိုယ်တိုင် စစ်သည်အင်အားများစွာတို့ကို စုစည်း၍ သေနလျှင်ကို တိုက်ခိုက်လေတော့သည်။ ထိုအခါ သေနလျှင်သည် ပါဒစစ်သည်များရှိရာသို့ မြူတာအိုးကို သွန်မှောက်လိုက်ရာတွင် မြစ်ကြီးတစ်စင်း ချက်ချင်းဖြစ်သွားပြီး ထိုမြစ်ကြီးက တစ်ဖက်ရန်သူများအား တားဆီးထားလေတော့သည်။

ထို့နောက် သေနလျှင်သည် "ငါသတိမေ့လျော့နေချေပြီ"ဟု ဆိုကာ သတိဝင်လာပြီး ၎င်းထံ၌ ကျန်ရှိနေသော ဓားမကို ရန်သူများထံ စေလွှတ်လိုက်ပြီး ပါဒမင်း၏ ဦးခေါင်းကို ဖြတ်စေသည်။

ပါဒမင်း နတ်ရွာစံသော် သေနလျှင် ထီးနန်းရသည်။

သေနလျှင်သည် "ငါသည် ဤပါဒမြို့၌ နေသည်ထက် ပတ္တမြားရရာအရပ်၌ မြို့တည်ထောင်၍နေသော် သင့်တော်မည်"ဟု ကြံစည်စိတ်ကူးမိသည်။

စိတ်ကူးကြံစည်သည့်အတိုင်း သီဟဒီပကျွန်းရှိ ပတ္တမြားရရာအရပ်၌ ခြသေ့်သဏ္ဌာန်ကဲ့သို့ မြို့တည်ထောင်ပြီးလျှင် ထီးနန်းစိုက်ထူ၍ အုပ်ချုပ်မင်းလုပ်တော်မူသည်။

ထို့ကြောင့်၍ ၎င်း၏အမည်ကို သန်လျင်မင်းဟု ခေါ်တွင်ကြသည်။

မြို့ကိုလည်း သန်လျင်မင်းတည်ထောင်သည်ကို အစွဲပြု၍ သန်လျင်မြို့ဟု ခေါ်ဝေါ်သမုတ်ကြလေ၏။

ထို့နောက်တွင် သေနလျှင်ခေါ် သန်လျင်မင်းသည် သီဟဒီပကျွန်းတစ်ပိုက်၌ ဘုရားငါးဆူကို တည်ထားကိုးကွယ်တော်မူခဲ့ပါသည်။

(၁) ဓားမကိုရသောအရပ်၌ မွန်ဘာသာအားဖြင့် ကျိုက်ပိသုံမနီ မြန်မာဘာသာဖြင့် ရန်အောင်မြင်ဘုရား ယခု (မြို့ဟောင်းအလယ်ရပ်ကွက် ဆင်ကျုံးပိုင်းတွင် တည်ရှိသည်)

(၂) မြူတာအိုးရသောအရပ်၌ မွန်ဘာသာဖြင့် ကျိုက်ဒေးပရင်း မြန်မာဘာသာဖြင့် ရေလျှံဘုရား ယခု (အောင်ချမ်းသာရပ်ကွက် ခရိုင်ပြည်သိုင်ဖြိုးရုံး၏ အနောက်ဘက်ရှိ သီဟိုဠ်ကျောင်းဘုရားဟု ခေါ်၏။

(၃) စည်ငယ်ရသောအရပ်၌ မွန်ဘာသာဖြင့် ကျိုက်မယဂေ မြန်မာဘာသာဖြင့် စည်ငယ်ဘုရား ယခု (ကျိုက်ဒေးဝဆွဲ အမည်ဖြင့် သန်လျင်ကျိုက်ခေါက်စေတီအနီး၌ တည်ရှိသည်။)

(၄) ပါဒမင်း ဦးခေါင်းဖြတ်ရာအရပ်၌ မွန်ဘာသာဖြင့် ကျိုက်ပြတ်စပ်တနော် မြန်မာဘာသာဖြင့် ပြဿဒ်ဘုရား ယခု(ကျောက်တန်းမြို့ မင်းကျောင်းစာသင်တိုက်အနီး၌ တည်ရှိသည်။)

(၅) ဝက်ကြီးကိုဖျက်ရာအရပ်၌ မွန်ဘာသာဖြင့် ကျိုက်ဖရှိအံ့ မြန်မာဘာသာဖြင့် ဘုရားနီဘုရားကို တည်ထားကိုးကွယ်သည်။

ဘုရားနီ ဘုရားသည် သန်လျင်မြို့ သောက်တော်တွင်းရပ်ကွက်အတွင်းရှိ ရထားသံလမ်းတစ်ဖက်တွင် ဘုရားနီဘုရားခေါ် ပတ္တမြားမာန်အောင်သိဒ္ဓိရှင် စေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်သည်။

ပါဒမင်း၊ ရသေ့ သုံးပါးနှင့် ဝက်ကြီး ငါးဦးကို သတ်မိသည့်အတွက် ဘုရားငါးဆူကို တည်ထားကိုးကွယ်တော်မူခဲ့သည်။

သန်လျင်မြို့ကို သေနလျှင် စတင်တည်ထောင်အုပ်ချုပ် မင်းလုပ်ခဲ့ရာ ဘောဂသေနမင်းလက်ထက်တွင် မင်းဆက်ပြတ်ခဲ့သည်။ သန်လျင်မင်းဆက်သည် နောက်ဆုံး ဘောဂသေနမင်းအထိ မင်းဆက် ၁၃ ဆက်ရှိသည်။ ဘောဂသေနမင်းသည် ရှင်မွေးထွမ်း (ခ) ရှင်မွေးလွန်း၏ ဖခမည်းတော် ဖြစ်သည်။ ပါဒမြို့နှင့် သန်လျင်မြို့ နှစ်ရပ်ပေါင်း သည်ရှိသော် မင်းဆက် ၃၆ ဆက်ရှိသည်။

သေနလျှင် တည်ထားကိုးကွယ်ခဲ့သော ဘုရားနီဘုရားခေါ် ပတ္တမြားမာန်အောင် သိဒ္ဓိရှင်စေတီတော်မြတ်ကြီးသည် နှစ်ပေါင်းကြာလာသည်နှင့်အမျှ သက်တမ်းကြာလာသောအခါ ရာသီဥတုဒဏ်ကြောင့် ပြိုပျက်ယိုယွင်းပျက်စီးခြင်းသို့ ရောက်လေ၏။

ပျက်စီးယိုယွင်းနေသော ဘုရားနီဘုရားပျက်ကြီးဆီသို့ ပထမဦးစွာ ရောက်ရှိလာသူသည် လွယ်အိတ်တစ်လုံးဖြင့် ဘုန်းကြီးတစ်ပါးဖြစ်သည်။ ဘုရားနီဘုရားပျက်ကြီးကို သောက်တော်တွင်းရပ်ကွက်အတွင်းရှိ ရပ်ကွက်သူ ရပ်ကွက်သားများဖြင့် စုပေါင်း၍ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ နိုင်ရာတာဝန်ယူကာ စည်းလုံးညီညွတ်စွာဖြင့် ဘုရားတည်ခွင့် ရကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးစီးအောင်မြင်သည်အထိ ဘုရားတည်ပြီးသွားသောအခါ ထိုဘုန်းကြီးမရှိတော့ချေ။ ဆိုရလျှင် ...

၎င်းဘုန်းကြီးသည် သာသနာပြုရန် လာသောဘုန်းကြီးဖြစ်သည်။ မူရင်းနေရာသို့ ပြန်ကြွသွားသည်လား၊ အခြားနေရာသို့ သာသနာပြုရန် ကြွသွားသည်လား မဆိုတတ်ချေ။

များမကြာမီ အချိန်အတွင်းမှာပင် ရသေ့လေးငါးပါး ရောက်ရှိလာသည်။ တစ်ပိုင်တစ်နိုင် သာသနာပြုလုပ်ငန်းများ လုပ်ကိုင်သွားကြသည်။ (ဘုရားတည်ပြီး၊ ပြုပြင်မွမ်းမံပြီးဖြစ်၍ ထူးထူးခြားခြား မရှိချေ။ နောင်တွင် သိရသည်မှာ ဘုန်းကြီး၏တပည့်များဟု သိရသည်။

အချိန်တို့သည် ကြာခဲ့ပြီဖြစ်ပါသည်။

ရွှေဘိုကျောင်းဆရာတော် ဦးကုန္တကနှင့် မင်းကျောင်းဆရာတော် အရှင်ဦးဝဏ္ဏသီရိတို့ တိုင်ပင်ပြောဆိုပြီး ဆရာကြီးဦးဘဌေးကို ဘုရားနီဘုရားတွင် သာသနာအကျိုးများ ဆောင်ရွက်ရန် တာဝန်ပေးထားရှိခဲ့သည်။ ဆရာကြီးဦးဘဌေးသည် ဘုရားနီဘုရားတွင် နေစဉ်ကာလ မကွယ်လွန်မီအချိန်ထိ တစ်ပိုင်တစ်နိုင် သာသနာပြုလုပ်ငန်းများ နှစ်ပေါင်း ၃၀ နီးပါးမျှ လုပ်ကိုင်ခဲ့လေ၏။

ဆရာကြီးဦးဘဌေး မကွယ်လွန်မီ ဦးဘဌေးနှင့်အတူ ရယက ဥက္ကဋ္ဌ ဦးကျော်သူနှင့် ရွှေဘိုကျောင်းဆရာတော် ဦးသုမနတို့၏ ရှေ့မှောက်တွင် လက်ရှိ အောင်တော်မူ ဘုရားဖြူဘုရား ဂေါပကဥက္ကဋ္ဌဖြစ်သူ ဦးတင့်လွင်ကို ဘုရားနီဘုရားကြီးကို ဆက်လက်၍ သာသနာ့အကျိုးများ ဆောင်ရွက်နိုင်ရန် ၇-၁၂-၂၀၀၇ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

၂၇-၁၂-၂၀၀၇ ရက်တွင် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်အပါအဝင် အဖွဲ့ဝင်ပေါင်း ၃၀ ဖြင့် အသစ်ပြန်လည် ဖွဲ့စည်းခဲ့ပါသည်။

ဘုရားဖြူ၊ ဘုရားနီ ဂေါပကဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့သည် ဘုရားနီဘုရားကြီး တိုးတက်ဖွံ့ဖြိုးမှုကို ရည်သန်၍ အားကြိုးမာန်တက် သာသနာပြုလုပ်ငန်းများ အစဉ်မပြတ် ဆောင်ရွက်ခဲ့ကြသည်။

ပျက်စီးယိုယွင်းနေသော ဒုတ်တံတိုင်းကြီးများ၊ ရင်ပြင်တော်များ၊ သာသနိက အဆောက်အဦးများကို အလှူရှင်များ၏ ကောင်းမှုဖြင့် အသစ်တစ်ဖန် ပြန်လည်မွမ်းမံနိုင်ခဲ့သည်။

ဤသို့ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လည်း ယခင်အဖွဲ့သားများနှင့်အတူ အဓိဋ္ဌာန်ဝင်ခဲ့သည့်အတိုင်း ယခုအချိန်ထိ လစဉ်လတိုင်း ဓိဋ္ဌာန်ဝင်မြဲ ဝင်နေဆဲဖြစ်သည်။

ဂေါပကဥက္ကဋ္ဌ ဦးတင့်လွင်လက်ထက်တွင် ဘုရားနီချောင်းကြီးကို ဖြတ်ကူးသော တံတားသစ်ကြီး ပေါ်ထွက်လာခဲ့သည်။ ၎င်းတံတားသစ်ကြီးကို ရာဇသောက်ရေသန့် ဦးမောင်မောင်တိုးမှ တစ်ဦးတည်းအလှူရှင်အဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ပထမရင်ပြင်၊ ဒုတိယရင်ပြင်၊ မဟာရံတံကိုင်း၊ လျှောက်လမ်း၊ မုခ်ဦးတို့သည် အလှူရှင်များ၏ စေတနာသဒ္ဓါစွမ်းအားများကြောင့် ပေါ်ထွက်လာခဲ့သည်။

သဗ္ဗ၊ သိဒ္ဓိ၊ မုနိ၊ ဘုရားတန်ဆောင်းတော်ကြီးနှင့် ဆန်းစတားပြကွဲဒိန်မှ တစ်ဦးတည်းအလှူရှင်အဖြစ် လှူဒါန်းသော တန်ဆောင်းတော်ကြီးနှစ်လုံး ပေါ်ထွက်လာခဲ့သည်။

ယခု လက်ရှိအချိန်တွင် သဗ္ဗ၊ သိဒ္ဓိ၊ မုနိ ဘုရားရုပ်ပွားတော်မြတ်ကြီးကိုလည်းကောင်း၊ ထီးကျစေတီတော်ကြီးကိုလည်းကောင်း၊ ဘုရားရုပ်ပွားတော်ကြီးနှင့် လက်ဝဲရံ လက်ယာရံ ရှင်သီဝလိရဟန္တာမြတ်ကြီးနှင့် ရှင်ဥပဂုတ္တရဟန္တာမြတ်တို့သည်လည်းကောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပထမံဘိုးဘိုးအောင်၊ ဘဘဘိုးမင်းခေါင် နှစ်ပါးတို့သည်လည်းကောင်း၊ နဂါးရုံဘုရားသည်လည်းကောင်း၊ လိုဏ်ကျောင်းတော်မူဘုရားကြီးသည်လည်းကောင်း၊ သန်လျင်မင်းတြားကြီး ရုပ်တုသည်လည်းကောင်း သာသနာစိုက်ထူမည့် ကြာပွင့်ကြီးသည်လည်းကောင်း၊ ဝက်ကြီးကိုလည်းကောင်း အလှူရှင်များ၏ စေတနာသဒ္ဓါအားတို့ဖြင့် အောင်မြင်ပြီးစီးခဲ့ပါပြီ။

ပေ ၅၀၊ ပေ ၂၀ အကျယ်ရှိသော တန်ဆောင်းတော်ကြီးကိုလည်း ဦးကျော်ဝင်း+ဒေါ်အေးအေး မိသားစုမှ မတည်ပြီး အခြားအလှူရှင်များနှင့်အတူ ကောင်းမှုပြု၍ ဆောက်လုပ်ပြီးစီးနေပြီ ဖြစ်သည်။

အလှူရှင်များကောင်းမှုဖြင့် ပေါင်းစုကာ ရုပ်တော်မူ ရုပ်ပွားတော်မြတ်ကြီးနှင့် ပန်းပေါင်းစုံစေတီတော်ပြဘ်...

www.burmeseclassic.com

www.burmeseclassic.com

လည်း တည်ထားကိုးကွယ်ပြီး ဖြစ်သည်။

ဘုရားဖြူ၊ ဘုရားနီ ဘုရားဂေါပက ဦးတင့်လွင် လက်ထက်တွင် ၇-၄-၂၀၀၈ ခုနှစ်မှစတင်၍ ဘုရားနီဘုရားခေါ် ပတ္တမြားမာန်အောင် သိဒ္ဓိရှင်စေတီတော်မြတ်ကြီးကို စည်ကားသိုက်မြိုက်စွာဖြင့် ဘုရားပွဲတော်ကို နှစ်စဉ် ကျင်းပခဲ့ပါသည်။

ယခုနှစ် ကျင်းပလျှင် ၁၀ နှစ်တင်းတင်းရှိပြီဖြစ်ပါသည်။ ဇာတ်ပွဲများ၊ ရုပ်ရှင်ပွဲများ၊ ထည့်သွင်း၍ စည်ကားစွာကျင်းပခဲ့ပါသည်။ ဖျော်ပွဲ၊ ရှင်ပွဲများအပြင် ပွဲတော်ရက်အတွင်းမှာပင် နိဗ္ဗာန်ဈေးပွဲတော်ကိုလည်း ထူးထူးခြားခြားဖြစ်အောင် နှစ်စဉ် စည်စည်ကားကား ကျင်းပနိုင်ခဲ့ပါသည်။

၎င်းပွဲတော်ရက် မနက်ပိုင်းတွင် ဦးတင်မောင်ဆွေ+ဒေါ်အေးအေးနိုင် မိသားစုများဖြစ်ကြသော နိုင်မျိုးအောင် မုန့်ဖိုမှ သံဃာတော်အရှင်သူမြတ် ကိုးပါးကို ဒါတဗ္ဗဝတ္ထုအစုံစုံတို့ဖြင့် မုန့်ဟင်းခါးဆွမ်းကပ်လှူပြီး ခုနှစ်ရက်သားသမီးအားလုံးကိုလည်း မုန့်ဟင်းခါးဖြင့် ငည့်ခံကျွေးမွေး၍ စေတနာသာပြုခဲ့ကြသည်မှာ နှစ်စဉ်နှစ်တိုင်းပင် ဖြစ်ပါသည်။

ဘုရားနီဘုရားခေါ် ပတ္တမြားမာန်အောင်သိဒ္ဓိရှင်စေတီတော်မြတ်ကြီးအတွက် သာသနာ့အကျိုးများ အဘက်ဘက်မှဆောင်ရွက်နိုင်ရန် သဒ္ဓါပေါက်၍ လာရောက်လှူဒါန်းကြသော အလှူရှင်များစွာ ပေါ်ထွက်လာခဲ့သည်။

ထပ်မံ၍ ဘုရားနီဘုရားကြီးအတွက် သဒ္ဓါပေါက်၍ လာရောက်လှူဒါန်းချင်သော အလှူရှင်များ ရှိခဲ့ပါလျှင် ဂေါပကဥက္ကဋ္ဌ ဦးတင့်လွင်ထံ၌လည်းကောင်း ရာဇသောက်ရေသန့်တွင်လည်းကောင်း၊ ဦးမြင့်လွင်ထံ၌လည်းကောင်း၊ ဦးအောင်မင်းထွေး(စာရင်းစစ်)ထံတွင်လည်းကောင်း လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်ပြီး အသိပေးနှိုးဆော်လိုက်ရပါသည်။

ဘုရားနီ စေတီတော်မြတ်ကြီးအတွက် သဒ္ဓါပေါက်၍ လာရောက်လှူဒါန်းချင်သော အလှူရှင်များရှိခဲ့ပါလျှင် နာယကဆရာတော် ဦးသုမန၊ ရွှေဘိုကျောင်းဆရာတော်၊ ဂေါပကဥက္ကဋ္ဌ ဦးတင့်လွင်၊ ဦးကျော်သက်နိုင်၊ အတွင်းရေးမှူးဦးမြင့်ဇင်၊ ဦးအောင်မင်းထွေး၊ စာရင်းစစ် ဦးမြင့်လွင်၊ ဦးကျော်ခင်၊ ဦးတင်မောင်ဆွေထံ၌သော်လည်းကောင်း၊ နာယကနှင့် အဖွဲ့ဝင်များဖြစ်ကြသော ကာတွန်းမြင့်သိန်း၊ ဦးကျော်ဝင်း၊ ဦးစံအေး၊ ဦးဂျက်ဆင်၊ ဦးတင်ရီ၊ ဦးလေးအောင်၊ ဦးအေးလွင်၊ ဦးသိန်းနိုင်၊ ဦးမျိုးအောင်၊ ဦးဝင်းမြင့်ဦး၊ ဦးခင်စိုး၊ ဦးအယ်တာ၊ ဦးထက်အောင်ဖြိုး၊ ဦးသိန်းတန်တို့နှင့် ကျန်အဖွဲ့များဆီသို့လည်း လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်ပြီး အသိပေးနှိုးဆော်လိုက်ရပါသည်။

ဘုရားနီစေတီတော်မြတ်ကြီးအတွက်လည်းကောင်း ဘုရားနီဘုရားပွဲတော်ဖြစ်မြောက်ရေးအတွက်လည်းကောင်း ထိပ်ဆုံးမှ နေရာယူ၍ လိုအပ်တာမှန်သမျှ အများဆုံး အကူအညီပေးပြီး နှစ်စဉ်လှူဒါန်းကြသော အလှူရှင်များမှာ

ချမ်းမြေ့မေတ္တာ အထူးကုဆေးရုံပိုင်ရှင် ဦးဇော်ဝင်း၊ ဒေါ်မိမိတင်၊ သမီးအိမွန်မွန်မိသားစု၊ ရာဇသောက်ရေသန့်မိသားစု၊ နိုင်မျိုးအောင်မုန့်ဖိုမိသားစု၊ ဦးမြင့်လွင်မိသားစုနှင့် ခုနှစ်ရက်သားသမီးအလှူရှင်များ အားလုံး အားလုံးအားလေးစားစွာဖြင့် အထူးကျေးဇူးတင် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

သမိုင်းက စကားပြောသော သန်လျင်နှင့် ဘုရားနီဘုရားသမိုင်း ဤတွင် အဆုံးသတ်လိုက်ရပါတော့သည်။

*သုခီ အတ္တာနံ ပရိဟရန္တု ...*

မောင်လေးအောင်(သန်လျင်)

ဝ၉-၇၇၇၂၂၀၈၆၇

<u>ကျမ်းကိုး</u>

မြန်မာ့အလင်း ဦးဘရွှေရေး၊ ကျိုက်ခေါက်စေတီတော်သမိုင်း။ သန်လျင်မြို့ ရာဇဝင် ထီးလှိုဏ်မင်္ဂလာဩဘာစာတန်း ရန်ကုန်မြို့ လမ်း ၅၀ နေ မြေပိုင်ရှင် သူဌေး ဦးဘရှင်နှင့် သူဌေးကတော် ဒေါ်ခင်ညွန့် မိသားစုကောင်းမှု။



www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းဝင်

# တမုတ် ရှင်ပင် ရွှေဂူဘုရားကြီး

မောင်အောင်မြင့်(မိတ္ထီလာ)

လွန်ခဲ့သော သုံးနှစ်ကျော် ၂၀၁၅ ခုနှစ်က ဖြစ်ပါသည်။ ထိုအချိန်က စာရေးသူမှာ မြန်မာနိုင်ငံ ကျန်းမာရေးမှုးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းဥက္ကဋ္ဌ (ဒုတိယသက်တမ်း) တာဝန်ယူခဲ့စဉ် မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင် ကျန်းမာရေးမှုးအသင်း လေးလပတ် ပုံမှန်အစည်းအဝေးသို့ တက်ရောက်ပြီး နောက်တစ်ရက်တွင် ကျောက်ဆည်ခရိုင်အသင်းဥက္ကဋ္ဌ၏ ကူညီမှုဖြင့် ကျောက်ဆည်မြို့၏ အထင်ကရသမိုင်းဝင် 'တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး'သို့ အတွင်းရေးမှုးနှင့်အတူ ရောက်ရှိဖူးမြော်ခွင့် ရရှိခဲ့ပါသည်။ ဤသို့ ဖူးမြော်ရာတွင် ခေတ်သုံးခေတ် လက်ရာအဆင့်ဆင့် ဗုဒ္ဓရုပ်ပွားတော်များကို တွေ့ရှိရသဖြင့် စိတ်ဝင်စားမှု ရှိခဲ့ပါသည်။

သို့ရာတွင် ကျန်းမာရေးမှုးတာဝန် (မြို့နယ်/ခရိုင်/တိုင်း/ဗဟို)များကြောင့် မိမိစိတ်ဝင်စားမှုရှိခဲ့သည့် အဆိုပါ (ကျောက်ဆည်မြို့နယ်) သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး၏ သမိုင်းကြောင်းကို မရေးဖြစ်ခဲ့။ ယူးဆန်းအုံဩဖွယ်



စေတီတော်ကြီး လက်ရှိဖူးမြင်ရသော ကောင်းကင်ရှုခင်း



www.burmeseclassic.com

www.burmeseclassic.com




ရာ တွေ့ရှိရသော ပုဒ္ဓရုပ်ပွားတော် ခေတ်သုံးခေတ် အဆင့်ဆင့် သုံးဆူ၊ နှစ်ဆူကို ဘုရားဆင်းတုတော် တစ်ဆူတည်းတွင် တွေ့ရှိရသဖြင့် မှတ်တမ်းတင်ဓာတ်ပုံရိုက် ပုံသိမ်းထားနိုင်ခဲ့ပါသည်။

ယခုအချိန် ၂၀၁၈ ရောက်မှ လွန်ခဲ့သော သုံးနှစ်ကျော်က မိမိတွေ့ရှိဖူးမြော်ခဲ့ရသော အဆိုပါ ကျောက်ဆည်မြို့နယ်၏ အထင်ကရသမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး၏သမိုင်းကို မိမိနှင့် ရင်းနှီးခင်မင်သော ဆရာဦးအေးသောင်း (ကျွန်းမာရေးမှူး-ငြိမ်း၊ ကျောက်ဆည်)၏ ကူညီမှုဖြင့် မိုး(ကျောက်ဆည်)၏ သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး၏ အတ္ထုပ္ပတ္တိ (သမိုင်း)စာအုပ် ရရှိ၍ ရောင်ပြန်မဂ္ဂဇင်း၏ စာဖတ်သူ(ပြည်သူ)များ သိရှိ ဗဟုသုတရရှိစေရန် စာရေးသူ မိုး(ကျောက်ဆည်)၏ သမိုင်းစာအုပ်မှ သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး၏ သမိုင်း(အကျဉ်း)ကို မှိုင်ငြိမ်းပြုစုရေးသားပါသည်။

**ဝန်ခံချက်**

သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး အတ္ထုပ္ပတ္တိ (သမိုင်း)ကို ရေးသားပြုစုခဲ့သော စာရေးသူ မိုး(ကျောက်ဆည်)နှင့် စာအုပ်တွင်ပါရှိသော (တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး တူးဖော်တွေ့ရှိမှုများအရ ခေတ်ကာလအချိန် သတ်မှတ်ခြင်းနှင့် လေ့လာတွေ့ရှိချက်များ) ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်း၏ စာတမ်းမှလည်း တူးဖော်တွေ့ရှိချက်သမိုင်း(အချို့)ကို မှိုင်ငြိမ်းပြု ကူးယူရေးသားတင်ပြမှုကို ခွင့်ပြုပါရန်နှင့် အတတ်နိုင်ဆုံး အမှားအယွင်းမရှိ(နည်း)စေရန် သတိထားရေးသားပြုစုခြင်း ဖြစ်ပါကြောင်းနှင့် ရွှေဂူဘုရားကြီး သမိုင်းစာအုပ်ကို ရှာဖွေ၍ ပေးပို့သော ကျောက်ဆည်မြို့မှ ဆရာဦးအေးသောင်း (ကျွန်းမာရေးမှူး-ငြိမ်း)အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**သမိုင်းဝင် တမုတ်ရှင်ပင် ရွှေဂူဘုရားကြီး(သမိုင်း)**

**(၁) တည်နေရာ**

တမုတ်ရှင်ပင် ရွှေဂူဘုရား တည်နေရာမှာ မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၏ အနောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်ဆည်-တံတားဦး ကားလမ်းတောင်ဖက် (ကြောင်ပန်းကုန်း) (ညောင်ပင်ဖောက်)နှင့် (ငယ်တိုး)ကျေးရွာတို့၏ အလယ်တွင် တည်ရှိသည်။


**(၂) နောက်ခံသမိုင်း**

သက္ကရာဇ် ၄၇၄ ခုနှစ် နန်းတက်သော ပုဂံပြည့်ရှင်အနော်ရထာမင်းလက်ထက် ပြည်သူများ ဝမ်းစာပြည့် (စားနပ်ရိက္ခာဖူလုံစေရန်) နိုင်ငံရေးအတွက် ဆန်စပါးစိုက်ပျိုးနိုင်ရန် ကျောက်ဆည်ခရိုင် လယ်တွင်း ၁၁ ရွာသို့ လယ်ယာဘန်ချောင်း၊ ဆည်မြောင်းများနှင့် နိုင်ငံ၏ နယ်နိမိတ်အရန်အတား (နယ်စပ်ကင်းမြို့) တည်ထောင်ရန် ရောက်ရှိစဉ်က မုဒ္ဒောကိုးဆူ၊ ဆပ်သွားကိုးဆူ၊ ဆည်ကိုးဆည်၊ ဂူကိုးလုံးခေါ် ရွှေဂူဘုရားကိုးဆူ တည်ထားခဲ့သော ဘုရားများအနက် တမုတ်ရှင်ပင် ရွှေဂူဘုရားတစ်ဆူ အပါအဝင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံခေတ် သိမ်တော်အတွင်းမှ ဗုဒ္ဓရုပ်ပွားတော်များ

ပုဂံခေတ်နှောင်းပိုင်း မြေး ပြတိစည်သူမင်းလက်ထက်တွင် ဘိုးတော်အနော်ရထာမင်း တည်ထားခဲ့သော ပျက်စီးယိုယွင်းလျက်ရှိသည့် အဆိုပါဘုရားကြီး၏ မူလစေတီတော်ပုံ အထွတ်အထိပ်တွင် တစ်ထပ်ဂူဘုရားငယ်ကို ကွမ်းတောင်ပေါက်နှစ်ထပ် ဂူဘုရားအဖြစ် ပြုပြင်ပြောင်းလဲ တည်ထားခဲ့သည်။ လိုဏ်ဂူအတွင်း၌ ဆင်းတုတော်(အကြီး)၊ (အငယ်)များ၊ လိုဏ်ဂူအပြင်နံရံ၌ အနုစိတ်ကနုတ်ပန်းများ၊ လူနတ်ဗြဟ္မာ၊ ကိန္နရာ၊ ကိန္နရီတို့၏ အရုပ်များနှင့် ကျေးငှက်၊ တိရစ္ဆာန်ရုပ်ပုံမျိုးစုံတို့ဖြင့် အလှဆင်ထားခဲ့သည်။

သက္ကရာဇ် ၆၈၇ ခုနှစ်ဝန်းကျင် ပင်းယဥဇနာမင်းလက်ထက်တွင် အဆိုပါ စေတီတော်၊ သိမ်တော်၊ ဆင်းတုတော်များကို ထပ်မံလွှမ်းငုံ၍ ပုဂံရွှေစည်းခုံပုံတော်အသစ်တည်ထားပူဇော်ခဲ့သည်။

သက္ကရာဇ် ၇၁၈ ခုနှစ်တွင် ပင်းယဆင်ဖြူရှင်ကျော်စွာမင်း တာမုတ်ရှင်ပင် ရွှေပူဘုရားသို့ ရောက်ရှိပြီး ဘုရားကြီးအတွင်း ဘုရားဝတ္တကမြေများ၊ အလုပ်အကြွေး ကျေးကျွန်များ လှူဒါန်းခဲ့ကြောင်းကို ပြတိုက်အတွင်းရှိ ကျောက်စာတွင် တွေ့ရှိရသည်။ ခေတ်ကာလ ကြာရှည်သည့်နောက်ပိုင်းတွင် ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းနှင့် သဘာဝဘေးဒဏ်များကြောင့် အဆိုပါ "ပင်းယခေတ်"စေတီတော်ကြီးပြိုကျပျက်စီး၍ ဘုရားကုန်းတော်တစ်ခုလုံး သစ်ပင်ချုံနွယ်များ တောကြီးသဖွယ် ဖုံးလွှမ်းသွားခဲ့သည်။

သက္ကရာဇ် ၁၂၇၇ ခုနှစ်တွင် ကျောက်ဆည်မြို့နယ် ကြောင်ပန်းကုန်းရွာမှ ဦးစံထွား၏ ဦးဆောင်မှုဖြင့် အဆိုပါပြိုကျပျက်စီး သစ်ပင်ချုံနွယ်များ ဖုံးအုပ်နေသော ဘုရားကုန်းတော်ကြီးကို ရှင်းလင်းပြီး ဘုရားကုန်းတော်ကြီး၏ ထိပ်တွင် ဉာဏ်တော်အမြင့် ၂၁ ပေရှိ စေတီငယ်တစ်ဆူကို



www.burmeseclassic.com

www.burmeseclassic.com

အသစ် ထပ်မံတည်ထားပူဇော်ခဲ့ကြသည်။

သက္ကရာဇ် ၁၃၅၁ ခုနှစ်တွင် ကျောက်ဆည်မြို့နယ် သံဃနာယက(ရွှေကျင်)ဆရာတော်များက "ငွေတွင်းတူး တော ရကျောင်းတိုက်မှ လက်ထောက်နာယကဆရာတော် အရှင်စန္ဒောဘာသ"ကို တမုတ်ရွှေဂူကျောင်းဆရာတော် အဖြစ် သတ်မှတ်၍ ဘုရားကြီး၏ ပြုပြင်ရေးလုပ်ငန်းများကို စတင် အကောင်အထည်ဖော်ခဲ့ကြပြီး ၁၃၆၉ ခုနှစ် ဘုရား ကြီးဘက်စုံပြုပြင်နိုင်ရေးအတွက် အမှုဆောင်ဂေါပကအဖွဲ့ ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ယင်းဂေါပကအဖွဲ့၏ တင်ပြလျှောက်ထားချက်များ အရ ၁၃၇၀ ပြည့်နှစ်တွင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး အား ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးမူမပျက် ပြန်လည်ပြုပြင် နိုင်ရေးအတွက် ခွင့်ပြုပေးချက်အရ သန့်ရှင်းရေးဆောင်ရွက် ခဲ့ရာ အင်္ဂတေပန်းတော့ အနုစိတ်လက်ရာများဖြင့် တန်ဆာ ဆင်ထားသော မြောက်ဘက်မျက်နှာလှည့် နှစ်ထပ်အတွင်း စေတီတော်ကြီးနှင့်အတူ (အန္တဂူရုပ်ကြွဘုရား) (အတွင်း အပြင်မှ ပုဂံခေတ် ပန်းတော့လက်ရာရုပ်ကြွများ၊ နံရံဆေး ရေး ပန်းချီကားများ၊ ငါးရာ့ငါးဆယ့်ဇာတ်သရုပ်ဖော် ဖောင်း ကြွရုပ်ပုံများ၊ ရုပ်ပွားတော်များ၊ မှန်တံကဲကနုတ်ပန်းဒီဇိုင်း များ အဆင့်ဆင့် ပေါ်ထွက်လာခဲ့သည်။

၁၃၆ရ ခုနှစ်၊ နတ်တော်လမှစ၍ ကျောက်ဆည်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး ဦးဆောင်မှုဖြင့် မြို့နယ်သံဃနာ ယက(ရွှေကျင်)ဆရာတော်များနှင့် အမှုဆောင်အဖွဲ့က ရှေး ဟောင်းပစ္စည်းများပြသနိုင်ရန် သမိုင်းပြတိုက်တည်ဆောက် ခြင်း၊ ရှေးဟောင်းလက်ရာများ မပျက်စီးစေရန် အမိုးတည် ဆောက်ခြင်း၊ အဝင်မုခ်ဦးများ တည်ဆောက်ခြင်းနှင့်အတူ ဘုရားဖူးများ လွယ်ကူစွာ သွားလာနိုင်ရန် အသွား/အပြန် လမ်းများဖောက်ပေးခြင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှလည်း စေတီတော်ကြီး၏ 'အနုစိတ်'ပန်းလက်ရာများကို သမိုင်းဝင် စာရင်းတွင် ထည့်သွင်းသတ်မှတ်နိုင်စေရန် ကြိုးစားလျက် ရှိကြသည်။

## (၃) ဒလ့လာဖွယ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ

စေတီတော်ကြီးအတွင်းပိုင်းတွင် ပုဂံခေတ်နှောင်း ပိုင်း ၁၂ ရာစုခေတ်လက်ရာ အရှေ့ဖက်နှင့် အနောက်ဘက် တွင် သမာပတ်ဝင်စားတော်မူဟတ် 'ရျာနမုဒြာ'ဆင်းတု တော် နှစ်ဆူနှင့် တောင်ဘက်တွင် အနောက်သို့ ဦးခေါင်း ပြုလျက် လျောင်းတော်မူဟန် ဆင်းတုတော်၊ မြောက်ဘက် တွင် ဘူမိဖဿမုဒြာ ဆင်းတုတော်များ မဟာပထဝီမြေထု ကို သက်သေထူဟန် မပျက်မစီး အကောင်းပကတိ တွေ့ရှိ ရပြီး အောက်ထပ် လိုဏ်ဂူအတွင်း၌ ပုံစံတူ ဆင်းတုတော် လေးဆူကိုလည်း ဖူးတွေ့နိုင်သည်။ အောက်ထပ်ရှိ ဆင်းတု တော်များ အနည်းငယ် ပျက်စီးမှုရှိ၍ ပြုပြင်ထားသည်ကို တွေ့ရှိရသည်။ အောက်ထပ်အဝင်ထောင့် လေးထောင့်တွင် 'ရျာနမုဒြာ'ဆင်းတုတော် ၁၂ ဆူနှင့် အပေါ်ထပ် မြောက် ဘက်မုခ်အဝင် အရှေ့နှင့်အနောက် နံရံများ၌လည်း ရျာန မုဒြာ ဆင်းတုတော် နှစ်ဆူတို့ကို ကြည်ညိုပူဇော်နိုင်ရန် တွေ့ရှိရသည်။

စေတီတော်ကြီး၏ အနောက်မြောက်ထောင့်ဘက်ရှိ သိမ်တော်ကြီးအတွင်းမှ ဆင်းတုတော်များ၏ အောက်ခံ ပလ္လင်တော်များမှာ အထပ်သုံးထပ်ရှိပြီး အတွင်းဆုံးပလ္လင် တော်၏အထက်၌ ကြာမှောက်၊ ကြာလှန်များမှာ ပုဂံခေတ် လက်ရာ လောကနာထ(နန္ဒာ)ဘုရား ပလ္လင်တော်နှင့် ပုံစံ တူသည်ကို တွေ့ရှိရသည်။ ဆင်းတုတော်များမှာ ပျက်စီးယို ယွင်းနေသဖြင့် ယခင်ပုံစံအတိုင်း ထပ်မံပြုပြင်မွမ်းမံထား ဟန်ရှိသည်။ ထို့အတူ စေတီတော်ကြီးအရှေ့မြောက်ဘက် နောင်တော်ကြီးစေတီအတွင်း၌လည်း ဗဟိုမဏ္ဍိုင်ကို နောက်မှီပြုတည်ထားသော ဆင်းတုတော်ကြီးမှာလည်း ပျက်စီးသွားသဖြင့် မူလ ပုဂံခေတ်ဦးလက်ရာ ပလ္လင်တော်ကို သာ တွေ့ရှိနိုင်ပါသည်။ ထို့အတူ အဝင်ထောင့်လေးထောင့် ရှိ နံရံများတွင် အနည်းငယ်ပြုပြင်ထားသော ရျာနမုဒြာ ဆင်းတုတော်ငယ် ၁၂ ဆူကိုလည်း ဖူးတွေ့နိုင်သည်။

စေတီတော်ကြီး၏ အနောက်တောင်ဘက်တွင် ပင်းယဥစ္စာမင်းကြီး၏ စည်းခုံပုံတူ လှွမ်းငုံစေတီ၏ အထက် ခြမ်းပိုင်းကို လေ့လာနိုင်ပြီး စေတီတော်ကြီး၏အောက်၌ ပုဂံခေတ်စေတီ၏အတွင်းမဏ္ဍိုင်ကို ကျောခင်းကပ်မှီလျက် အတွင်းပိုင်းတွင် ပုဂံခေတ်လယ် ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း၊ ထီးလှိုင်မင်းလှိုင်မင်းတို့၏ ခေတ်လက် ရာများ၊ အပြင်ပိုင်း၌ ၁၃ ရာစုခေတ်နှောင်းပိုင်း လက်ရာများ ဖြစ်သော သုံးထပ် ဆင်းတုတော် နှစ်ထပ်ဆင်းတုတော်



www.burmeseclassic.com

www.burmeseclassic.com

ပုံများကိုလည်း ဖူးတွေ့နိုင်သည်။

**(၄) အနုစိတ်လက်ရာကနုတ်ပန်းများ**

ကွမ်းတောင်ပေါက် နှစ်ထပ်စေတီတော်ကြီး၏ အပြင်နံရံများတွင် အနုစိတ်အင်္ဂတေပန်းလက်ရာတို့ဖြင့် တန်ဆာဆင်ထားသော ၅၅၀ နိပါတ်တော်သရုပ်ဖော် ရုပ်ကြွကနုတ်ပန်းများ၊ မုခ်ဦးတံကဲများ၊ သစ်ပင်မျိုးစုံ၊ ပန်းမျိုးစုံ၊ တိရစ္ဆာန်မျိုးစုံနှင့် လူ၊ နတ်၊ ဗြဟ္မာတို့၏ ရုပ်ကြွ၊ ရုပ်ပုံများကို တွေ့ရပြီး အတွင်းနံရံ၊ မျက်နှာကျက်များတွင်လည်း အနုစိတ်(ပန်းချီ)လက်ရာများကို တွေ့ရှိနိုင်မှာဖြစ်သည်။

**(၅) မုခ်ဦးဝင်ပေါက်များ**

တမုတ်ရွှေဂူဘုရားကြီး၏ ရှေ့မျက်နှာတွင် ပုဂံ နဂါးရုံ၊ အပယ်ရတနာ၊ နတ်ကြီးဂူ၊ ငါးမျက်နှာစေတီတို့တွင် တွေ့ရသည်။ ၁၁ ရာစုနှောင်းပိုင်းခေတ် ထက်ဝက်ခြမ်းတစ်ဝက် (Half Circle) စက်ဝိုင်းပုံ၊ ဂုံးဝိုင်းမုခ်ဦးကို မူလက သိုလ်ရှင် အနော်ရထာမင်းကြီး၏ ကုသိုလ်တော် တစ်ထပ်ဂူဘုရား၏ လက်ကျန်အပိုင်းကို စေတီတော်ကြီး၏အောက်ထပ်တွင် တွေ့ရှိရနိုင်ပြီး အာနန္ဒာ၊ ကန်တော့ပလ္လင်၊ သဗ္ဗညု၊ ထီးလိုမင်းလို၊ စူဠာမဏိ စသော ဂူဘုရားများတွင် တွေ့ရသော ၁၂ ရာစုခေတ်၊ ထိပ်တွင်သပ် (Key Stone) ဂုံးချွန်မုခ်ဦးနှင့် ပုဂံမြို့ ဆုတောင်းပြည့်အုတ်ကျောင်းတွင် တွေ့ရသည့် ချွန်းအထွဋ်တွင် ကြွေကွေးမပါသည့် တိမ်ညင်းပေါင်း သစ်သားအဆောက်အအုံ၏ အမွှမ်းပန်းများကဲ့သို့ အဖြောင်ပြုလုပ်ထားသော ၁၂ ရာစုခေတ် မုခ်ဦးတို့ကို လေ့လာတွေ့ရှိနိုင်သည်။

**(၆) ယဉ်ကျေးမှုအမွေအနှစ်များ**

စေတီတော်ကြီးဝန်းကျင် အရှေ့တောင်၊ အရှေ့မြောက်၊ အနောက်တောင်ထောင့်များတွင် ပုဂံခေတ်ဦး လက်ရာ စေတီတော်များမှ ကြွင်းကျန်သည့်စေတီတော် အုတ်မြစ် သုံးဆူနှင့် အနောက်မြောက်ဘက်တွင် ပုဂံခေတ်ဦးပိုင်းသိမ် တော်ဟောင်းအုတ်မြစ်နှင့် ပျူယဉ်ကျေးမှု အုတ်ရိုးတန်းများ၊ အရိုးအိုးများနှင့်အတူ အနှစ်တစ်ထောင်ခန့် ရှေးဟောင်းရေတွင်းပုံကို တွေ့ရှိရသည်။

စေတီတော်ကြီး၏ အနောက်တောင်ထောင့်ရှိ သမိုင်းပြတိုက်တွင်လည်း အင်းဝခေတ် ဆင်ဖြူရှင်ကျော်စွာမင်း၏ ကျောက်စာ၊ အန္တကူရုပ်ကြွရုပ်ပွားတော်၊ အုတ်ခွက်ဘုရားများ၊ သတ္တဌာန စံနေတော်မူပုံ ကြွေးဆင်းတုတော်များ၊ ပရိသတ်ဆယ်ပါးနှင့် ရှေးဟောင်းကျောက်ဆင်းတုတော်များ၊ ရှေးခေတ် ဆေးတံများကိုလည်း လေ့လာသုတေသနပြုနိုင်ပါသည်။

**(၇) တမုတ်ရွှေဂူကြီးစေတီတော်အား တူးဖော်တွေ့ရှိမှုများအရ "ခေတ်ကာလအချိန်"သတ်မှတ်ခြင်းနှင့် လေ့လာတွေ့ရှိချက်များ။**

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်း စာတမ်းမှ ဖော်ပြချက် အကျဉ်း။

တမုတ်ရှင်ပင်ရွှေဂူစေတီတော်အား တူးဖော်စဉ်က တွေ့ရှိခဲ့ရသော ဗုဒ္ဓဆင်းတုတော်များ၊ သာသနိက အဆောက်အအုံများ၊ ဗိသုကာအနုပညာ ပန်းတော့လက်ရာများ၊ မြေထည်ပစ္စည်းများ၊ ကျောက်စာများကို လေ့လာရာတွင် စေတီတော်ကြီးသည် ပုဂံခေတ် အေဒီ ၁၁၊ ၁၂၊ ၁၃ ရာစု၊ ပင်းယခေတ် အေဒီ ၁၄ ရာစုအတွင်း ရှေးဟောင်းယဉ်ကျေးမှု အနုဗိသုကာလက်ရာများဖြစ်ကြောင်း အခြားယဉ်ကျေးမှု အနုဗိသုကာလက်ရာများဖြင့် နှိုင်းယှဉ် လေ့လနိုင်ရန် တင်ပြပါသည်။

**(၁) ဗုဒ္ဓဆင်းတုတော်များ**

(က) စေတီတော်ကြီး၏ အနောက်တောင်ထောင့်ရှိ ဂူဘုရားဟု ယူဆရသော ဆင်းတုတော်နှစ်ဆူမှာ ပလ္လင်သုံးဆင့်စီပါရှိခြင်း၊ မျက်နှာတော်များကို နီးကပ်စွာ နှိုင်းယှဉ်လေ့လာရာ ပုဂံဘုရားအမှတ် ၁၆၈၆ နှင့် ၃၂၆ တို့၏ မျက်နှာတော်များနှင့် တူညီမှုရှိခြင်း (အနောက်ဘက် မျက်နှာလှည့်)

(ခ) အရှေ့မျက်နှာလှည့် ဆင်းတုတော်ကြီးမှာ ပုဂံပြည့်ရှင် အနော်ရထာမင်း၏ ကုသိုလ်တော်ဖြစ်ပြီး အိန္ဒိယနိုင်ငံရှိ ဂုပ္တခေတ်လက်ရာများကို တွေ့မြင်ရပါသည်။ ၎င်းဆင်းတုတော်ကြီးမှာ ၁၁ ရာစုခေတ်နှောင်းပိုင်း လက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(ဂ) စေတီတော်၏ အနောက်မြောက်ထောင့်ရှိ ဆင်းတုတော်များ၏ ပလ္လင်တော်ကို တူးဖော်ရာတွင် ပလ္လင်တော် သုံးထပ်ရှိပြီး အတွင်းပလ္လင်တော်ထက်ရှိ ကြွေမှောက်ကြွေလှန်မှာ ပုဂံခေတ် အနော်ရထာမင်းလက်ထက် (ပန်းရန်စီပုံစနစ်)အတိုင်း အုတ်ကို ကြွေဖုတ်ပုံများ ထွင်းထုစီထားပုံမှာ အနော်ရထာမင်းလက်ထက် တောင်ပုံလောကနာ(ဂ)ဘုရား ပလ္လင်တော်နှင့် ပုံစံတူသည်။

(ဃ) ဆင်းတုတော်ကြီး၏ အရှေ့တောင်ရှိ ရှေးဟောင်းအုတ်ခွက် လေးမျိုး ပုဂံခေတ်ဦး အနော်ရထာမင်းကြီးလက်ထက်က ကလံ၊ သံဗျင် မင်းမှုထမ်းအမတ်များ လှူဒါန်းပူဇော်ခဲ့သော အုတ်ခွက်များနှင့် ပုံစံတူညီနေမှုမှာ ပုဂံခေတ်ဦးလက်ရာ အထင်ရှားဆုံးအချက် ဖြစ်သည်။

## (၁–၁) သုံးထပ်ဆင်းတုတော်များ

ပင်းယခေတ်တွင် အပြင်လွှမ်းငုံ စေတီတော်ကြီးကို ဖယ်ရှားလိုက်ရာ ပုဂံခေတ် နှစ်ထပ်ဂူဘုရားကြီး ပေါ်ထွက်လာခဲ့သည်။ ဘုရားကြီး၏ အနောက်မြောက်ထောင့်တွင် အနောက်ဖက်လှည့် အုတ်ရိုးဆင်းတုတော်ကြီးတစ်ဆူ၊ ဝဲယာ ဆင်းတုတော်ငယ် နှစ်ဆူ ပါရှိသော သိမ်တော်ကြီးတစ်ဆောင်၊ အနောက်တောင်ထောင့်တွင် အလျား ၃၆ ပေ၊ အနံ ၁၂ ပေခန့်ရှိ အုတ်ရိုးအတွင်း၌ ကျောချင်းကပ် အုတ်ရိုးဆင်းတုတော်နှစ်ဆူ ပေါ်ထွက်လာပြီး အဆောက်အအုံများ၏ ကြမ်းပြင်မှာ မြေပြင်အောက် ငါးပေခန့်အနက်တွင် တည်ရှိသည်။

ထိုနေရာ နှစ်ခုစလုံးကို တူးဖော်ရာ ဆင်းတုတော်များ၏ အောက်ကြမ်းခင်းများသည် သုံးဆင့် သုံးထပ်စီရှိနေသည်ကို တွေ့ရှိရသည်။ အတွင်းသုံးထပ်သည် ၁၁ ရာစု ပုဂံခေတ်လယ် ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း၊ နရပတိစည်သူမင်း၊ ထီးလှိုင်မင်းလှိုမင်းတို့၏ခေတ် အပြင်ဆုံးအထပ်သည် ၁၃ ရာစု ပုဂံခေတ်နှောင်းပိုင်းကာလနှင့် သက်ဆိုင်မှုရှိကြောင်း တွေ့ရှိရသည်။ စနေထောင့်ရှိ အနောက်ဖက်လှည့်ရုပ်ပွားတော်မှာ ၁၃ ရာစု ပုဂံခေတ်နှောင်းပိုင်းလက်ရာ ဖြစ်သော်လည်း ဆင်းတုတော်အောက်ခြေရှိ ပလ္လင်တော်ကို ငုံတည်ထားပြီး ဒုတိယခေတ် ဆင်းတုတော်ကို နောက်ဆုံးခေတ်ပလ္လင်တော်က ငုံ၍တည်ထားခဲ့သော သဲလွှန်စများကို တွေ့ရှိရသည်။ အထင်ရှားဆုံးမှာ အရှေ့ဖက်လှည့် ဆင်းတုတော်ဖြစ်သည်။ အတွင်း၌ အနော်ရထာမင်းလက်ထက် ဂူပ္ပခေတ်ဟန် ၁၁ ရာစုဆင်းတုတော်ရှိပြီး အလယ်၌ ပါလခေတ်ဟန် ကျန်စစ်သားမင်းကြီးနှင့် စောလူးမင်းတို့လက်ထက် ၁၂ ရာစုလက်ရာအချို့ ပါဝင်နေပြီး ဆင်းတုတော်များအားလုံး၌ မြေမီးဖုတ် ခရုခွံဆံတော်များ စိုက်ထားသည်ကို တွေ့ရသည်။

## (၁–၂) ဂူဘုရားများ

မြန်မာပြည်အနှံ့ မြင်တွေ့ဖူးမြော်ရသည့် ဂူဘုရားများမှာ ပျူခေတ်၊ သရေခေတ္တရာမြို့ဟောင်းရှိ ဘဲဘဲဂူမှစ၍ အာနန္ဒာဘုရားကဲ့သို့ ဆင့်ကဲဆင့်ကဲ ပြောင်းလဲတိုးတက်လာသော ဆောက်လုပ်ရေးနည်းပညာနှင့် (Construction Technology) မြင့်မားလာသော စိတ်ကူးအတွေးအခေါ်များ ကြောင့်ဖြစ်သည်။ ဂူဘုရားများအား (Structure Engineering) ရှုထောင့်မှကြည့်ပါက ခေတ်အလိုက် ခေတ်သုံးခေတ်မျိုး တွေ့ရသည်။

(က) Hall Type ဂန္ဓကုဋီတိုက်အား အုန်းလက်ခံ ပေါင်းကူး (Hopped Tunnel Vault) အမျိုးအစား။

(ခ) Contral Pillor Type ဂန္ဓကုဋီတိုက်ကို အလယ်တွင် မဏ္ဍိုင်(Pillor) နှင့် တည်ဆောက်မှုအမျိုးအစား။

(ဂ) တတိယအမျိုးအစားမှာ (Hall Type) နှင့် (Central Pillor Type) အမျိုးအစားနှစ်ခု၏ နည်းပညာတို့ကို စုပေါင်းတည်ဆောက်ထားသော အမျိုးအစား။

## (၂) ဂန္ဓကုဋီတိုက် (ပုဂံခေတ်ဦးပိုင်းကာလ) အမျိုးအစား

ဂန္ဓကုဋီတိုက်အား စုတိုးပေါင်းကူး (Cross Vault) (သို့) အုတ်လက်ခံပေါင်းကူး (Hopped Tunnel Vault) ဖြင့် တည်ဆောက်ထားသည်။ ၎င်းနည်းတို့ဖြင့် တည်ထားသော ဂူဘုရားများတွင် အာရုံခံခေါ် ရှေ့ထွက်ဆောင် (Vastibule) သည် တစ်ဆောင်တည်းမဟုတ်။ နှစ်ဆောင် (သို့) သုံးဆောင်ထိ ဆက်လက်ထားရှိ၍ တစ်ဆင့်တိုးတက်လာသော (Plan) ပုံစံများဖြင့် ပေါ်ထွက်လာသည်။ ပုဂံ



www.burmeseclassic.com

www.burmeseclassic.com

ခေတ် အလောင်းစည်သူမင်းလက်ထက် တည်ထားသော ကျဆင်းစေတီ၊ လောကထိပ်ပန်စေတီတော်များတွင် ဂန္ဓကုဋီ တိုက်မှာ အလယ်မဏ္ဍိုင်မရှိသဖြင့် ပတ်လည်စင်္ကြန် (Corredor) မရှိကြောင်း တွေ့ရှိရသည်။

(၃) မုခ်ဦးဝင်ပေါက်များ

တမုတ်ရှင်ရွှေဂူကြီးစေတီတော်တွင် မုခ်ဦးအဝင်ပေါက် သုံးမျိုးရှိသည်ကို တွေ့ရသည်။

၁။ ဂုံးပိုင်းမုခ်ဦး ထက်ဝက်ခြမ်း၊ ထက်ဝက် (Hall Circle) ဂုံးပိုင်းပုံကို စေတီတော်ကြီးအောက်ထပ်တွင် တွေ့ရ ပြီး (၁၁) ရာစု ပုဂံခေတ်စေတီများဖြစ်သော နဂါးရုံ၊ အပယ်ရတနာ၊ နတ်ကြီးဂူ၊ ငါးမျက်နှာစေတီတို့တွင် တွေ့ရသည်။

၂။ ဂုံးချွန်မုခ်ဦးထိပ်တွင် သပ် (Key Stone) ပါ ၁၂ ရာစုပုဂံခေတ် အာနန္ဒာ၊ ကန်တော့ပလ္လင်၊ သဗ္ဗညု၊ ထီးလိုမင်းလို၊ စူဠာမဏိ စသော ဂူဘုရားများတွင် တွေ့ရသည်။

၃။ ပန်းတော့လက်ရာ အင်္ဂတေအဖြော်င့်ဂုံး မုခ်ဦးသစ်သားအဆောက်အုံများ၏ အမွှမ်းပန်းများကဲ့သို့ တိန်ညွှင်းဘောင် အဖြော်င့်လက်ရာကို အောက်ထပ်မှ အပေါ်ထပ်သို့ တက်ရသော လှေကားထိပ်ဝင်ပေါက် ၁၂ ရာစု လက်ရာ တွေ့ရသည်။

(၃) ရှင်ပင်ရွှေဂူဘုရားကြီး၏ ထူးခြားချက်များ

(၁) ပုဂံမြို့နှင့် မိုင် ၁၂၀ အကွာ ကျောက်ဆည် ခရိုင်ဒေသရှိ ပုဂံခေတ်လက်ရာဖြစ်ခြင်း။
(၂) ပုဂံခေတ် ကြီး၊ လတ်၊ ငယ် နှစ်ထပ်ဂူဘုရား အမျိုးအစားဖြစ်ခြင်း။
(၃) အပြောက်အမွှမ်း အပြည့်အစုံပါသော ဂူ ပြောက်အမျိုးအစား ဘုရားဖြစ်ခြင်း။
(၄) ၅၅၀ ဇာတ်ကွင်းဇာတ်တော်များပါရှိခြင်း။
(၅) ရွှေဂူဘုရားကြီး၏ထိပ်တွင် ကွင်းတောင် ပေါက်ပါရှိခြင်း။
(၆) အင်္ဂတေစာပါရှိသော (မြန်မာနိုင်ငံတွင် တစ်ဆူတည်းရှိသော) စေတီတော်ဖြစ်ခြင်း။
(၇) နှစ်ထပ်စေတီတော်ဖြစ်ခြင်း (စေတီတော်ကို ပင်းယခေတ် သက္ကရာဇ် ၇၀၀ ကျော်ခန့်က အပြင်မှငုံ၍ တည်ထားခြင်း။
(၈) နှစ်ပေါင်း ၈၀၀ ခန့်က အခြေအနေအတိုင်း ပျက်စီးမှုနည်းပါးပြီး ပြည့်စုံစွာ တွေ့ရခြင်း။
(၉) မြောက်ဘက်လှည့်ဘုရားဂူ ပုဂံဘုရားများကဲ့သို့ ထွက်ရပ်ပေါက်ပညာဖြင့် စီမံ၍ တည်ထားသဖြင့် ဝင်ပေါက်သည် မြောက်ဘက်သို့ လှည့်နေခြင်း။

တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား၏ ကောက်ဦးဆွမ်းလောင်းပွဲတော်ကြီးကို သက္ကရာဇ် ၁၂၇၇ ခုနှစ်၊ နတ်တော်လပြည့်နေ့မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ ၁၃၇၇ ခုနှစ် ပွဲတော်ကြီးသည် နှစ် ၁၀၀ ပြည့်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ကောက်ဦးဆွမ်းလှူပွဲကို ကျောက်ဆည်မြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီး ဦးဆောင်မှုဖြင့် ကျင်းပပြီး သာသနိက အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ရှင်ပင်ရွှေဂူဘုရားကြီးနှင့် ပဋ္ဌာန်းဆက်ပါဝင်လိုသူ သူတော်စင် ဘုရားဒါယကာ ဒါယိကာမများအနေဖြင့် နှစ်စဉ် ကျင်းပမြဲဖြစ်သော ကောက်ဦးဆွမ်းလှူပွဲအခမ်းအနား နတ်တော်လဆန်း ၁၅ ရက်သို့ သဒ္ဓါကြည်ညို ကုသိုလ်ပွားရန်နှင့် ဘုရားကြီး၏ ဂန္ဓကုဋီတိုက်အပါအဝင် ဘက်စုံပြုပြင်မွမ်းမံနိုင်ရန် ကြွရောက်လှူဒါန်း ကုသိုလ်ယူနိုင်ရေး လာဘ်မိုးဖွေစာပေ (ရော်ပြန်မဂ္ဂဇင်း)မှတစ်ဆင့် ရေးသား ကုသိုလ်ဒါန မျှဝေခြင်းဖြစ်ပါသည်။

မောင်အောင်မြင့်
(မိတ္ထီလာ)



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တဗေဒ ဆရာမကြီးဒေါ်စီ ၏

# ၂၀၁၈ ခုနှစ် ဟောစာတမ်း

## ဒီဇင်ဘာလ

■ ဦးတိုး(တက္ကသီလ)

### Aries မိဿရာသီဖွား

### (မတ်လ ၂၁ ရက် မှ ဧပြီလ ၁၉ ရက်) (သိုးထီးရုပ်)

သင်သည် ပုဂ္ဂိုလ်ရေးနှင့် လူမှုရေးတာဝန်ခံမှုများကို ပြည့်စုံလာစေရန် ရှေ့တက်ဆောင်ရွက်မည်။ ၎င်းတို့ကို ပြီးမြောက်သွားစေရန် အနာဂါတ်တိုးတက်မှုအတွက် နည်းဗျူဟာများ ထုတ်လုပ်၍ လုပ်ကိုင်နိုင်ရေးကို အာရုံစိုက်ထားပါမည်။ သင်၏ရည်မှန်းချက်များ အောင်မြင်ပြီးမြောက်သွားစေရန် ပိုမိုစိတ်ဓာတ်တက်ကြွစွာဖြင့် လိုအပ်သလို လုပ်ဆောင်ရပါမည်။ အခြားသူများနှင့် အခြေအနေများအပေါ် မှီခိုနေစရာမလိုပေ။ ဤဇာတာရှင်သည် ကိုယ့်စိတ်ကြိုက်အတိုင်း ပြောင်းလဲလုပ်ကိုင်နိုင်ပါမည်။

ဂြိုဟ်အားလုံးသည် အရှိန်အဟုန်ဖြင့် ရှေ့သို့ ရွေ့လျားနေကြသောကြောင့် သင်၏ ရည်မှန်းချက်ကို အလွယ်တကူ ရောက်သွားစေရန် ခွန်အားများ ရှိနေပါမည်။

ဇာတာရှင်သည် ယခုလတွင် သက်မွေးမှု၊ ဘာသာရေးလိုက်စားမှု၊ အဆင့်မြင့်ပညာဆည်းပူးမှုများ၊ ပင်လယ်ရပ်ခြား ခရီးသွားခြင်းများ၊ ချစ်မေတ္တာရေးကိစ္စ၊ ဆွေမျိုးများကိစ္စ၊ လူမှုရေးပွဲများအပေါ် အာရုံစိုက်ထားပေမည်။

သင်၏ သက်မွေးမှုသည် ကာသီလင်တနိုင်လျက်ကြီးပွားတိုးတက်ရာတွင် အံ့သြစရာကောင်းနေပေမည်။ သင်၏ စီမံခန့်ခွဲတတ်သော စွမ်းရည်များကြောင့် လုပ်ငန်းခွင်၌ တာဝန်ခံထားရမှုများဖြင့် ဝန်ပိလျက်ရှိနေပါမည်။ ပူးပေါင်းတည်ဆောက်ရာတွင် သိသာထင်ရှားသည့် ပြုပြင်မွမ်းမံမှုများရှိကာ အဖွဲ့အစည်းတွင် ဤသည်မှ အခွင့်အရေးကြီးများကို ဖွင့်လှစ်ပေးပါလိမ့်မည်။

#### ငွေရေးကြေးရေး

မိသားစု၏ ထောက်ကူမှုများကို ရရှိပြီး သင်၏ ဝင်ငွေကောင်းအောင် စီမံရာတွင် တိုးတက်မှုရှိလာမည်။ အစိုးရအေဂျင်စီများနှင့် ဆက်ဆံရာတွင် ရလာဒ်ကောင်းမည်။ ငွေရေးကြေးရေးဆိုင်ရာ အမြင်ထက်မြက်မှုနှင့် မလိုလားအပ်သော သုံးဖြုန်းမှုများကို ဖြတ်တောက်နိုင်၍ ငွေကြေးနိုင်မာခိုင်မည်။ ကျွမ်းကျင်စွာ ဆောင်ရွက်၍ ရရှိလာသော ဝင်ငွေများသည် ဘဏ္ဍာရေးအခြေအနေကို ပိုမိုတောင့်တင်းလာစေပါမည်။

#### ချစ်မေတ္တာရေးနှင့် ဆက်ဆံရေး

သင်၏ဇနီး၊ ခင်ပွန်းနှင့် လိုက်လျောညီထွေစွာ ရှိကြပေမည်။ ယခုလတွင် တစ်ကိုယ်တည်းသမားများ ချစ်မေတ္တာသက်ဝင်ရမည်ဖြစ်ပြီး ကိုယ်ဝန်ဆောင်ရတတ်သည်။ သင်ချစ်ရမည့်သူမှာ အလုပ်ခွင်မှသော်လည်းကောင်း၊ လူမှုရေးအစုအဖွဲ့များမှလည်းကောင်း တွေ့ရှိရပါမည်။ ၂၁ ရက်နေ့အထိ ချစ်မေတ္တာရေးမှာ လက်တွေ့ကျပြီး သင်၏ သက်မွေးမှုတိုးတက်ရေး အလားအလာအတွက် ထောက်ကူပေး



www.burmeseclassic.com

www.burmeseclassic.com

ည့် လက်တွဲဖော်ကို ရှာနေမိပါလိမ့်မည်။ ထိုသည့်နောက် ပိုင်းတွင် ကြည်နူးဖွယ်ရာကောင်းသော ချစ်မေတ္တာရေးများ ကို တွေ့ရပါမည်။

**ကျန်းမာရေး**

ဗုဒ္ဓဟူးဂြိုဟ် နောက်ဆုတ်သွားသည့် အတော အတွင်း ကျွမ်းကျင်မှုရှိသည့်အတိုင်း အလုပ်ကို ပင်ပင် ပန်းပန်း လုပ်ကိုင်နေရသဖြင့် အားအင်ကုန်ခန်းသွားမည်။ ထို့ကြောင့် အနားယူအပန်းဖြေပါ။ မိသားစုဆက်ဆံရေး ကောင်းမွန်စေရန် သင့်စီနီယာများနှင့်အတူ ဝိပဿနာ၊ ယောဂကျင့်စဉ်များဖြင့် ကျန်းမာလာစေနိုင်ပါသည်။ ကျန်း မာရေးညံ့ဖျင်းရသည့် အကြောင်းရင်းကို သိရှိပြီး ဆေးဝါး သောက်သုံး၍ ချက်ချင်း ကောက်ကာငင်ကာ ပြန်လည် ကျန်းမာလာနိုင်ပါမည်။

## Taurus ပြိဿရာသီဖွား

## (ဧပြီလ ၂၀ ရက် မှ မေလ ၂၀ ရက်)(နွားလားဥသဘရုပ်)

သင်သည် အခြားမိသားစုများ၏ ကိစ္စနှင့် သင်၏ ရှေ့တက်လမ်းများ၊ စိတ်ခံစားမှု လုံခြုံရေးများ စသည့် သက်မွေးမှုကိစ္စရပ်များ၊ ရှေ့ရည်မှန်းချက်များ စိုးမိုးထား သည်။ ကိုယ်မရေးကိစ္စထက် သူများ၏ အရေးကိစ္စအပေါ် ပိုမိုအလေးထားနေရပါမည်။ လူမှုရေး ဂုဏ်ကျက်သရေရှိရန် လိုသည်။ အဘယ်ကြောင့်ဆိုသော် အခြားသူများနှင့် အခြား နေရာများသို့ လိုအပ်သလို လိုက်ပါရန်အတွက်ဖြစ်သည်။ အခြားသူများ၏ အကူအညီမပါဘဲ ရှေ့သို့ တက်လှမ်းရန် မဖြစ်နိုင်ပေ။

သင်သည် ဘာသာရေးနှင့် ဝိပဿနာအလုပ်တွင် ပိုမိုအလေးထားနေသည်။ သင့်အတွက် ပင်လယ်ရပ်ခြား ခရီးရှိသည်။ ကျောင်းသူကျောင်းသားဖြစ်လျှင် ပညာရေး လိုက်စားရာ၌ ထူးချွန်ပါမည်။

သောကြာဂြိုဟ် စိုးမိုးထားသဖြင့် ရှေ့တက်လမ်း ကောင်းမွန်လျက်ရှိပါသည်။ ရာထူးတက်မည်။ ဝင်ငွေ ကောင်းမည်။ တာဝန်ခံရမှုများလည်း ပိုလာပါလိမ့်မည်။

**ငွေရေးကြေးရေး**

ဘဏ္ဍာရေးနှင့် ပတ်သက်၍ အလားအလာ အလွန် ကောင်းမွန်နေပါသည်။ အခြားသူများ၏ ဘဏ္ဍာရေးအခြေ အနေနှင့် ကြီးပွားချမ်းသာခြင်းများအပေါ် သင်ကလည်း စိတ်ဝင်စားနေပါသည်။ အနာဂါတ်အတွက် အစီအစဉ်သစ် များကို နည်းလမ်းရှာခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ နည်းဗျူ ဟာများကို ပြန်လည်သုံးသပ်နေရပါမည်။

သင်၏ဇနီး၊ ခင်ပွန်းသည်လည်း ပုဂ္ဂိုလ်ရေးပိုင် ငွေ ကြေးကိစ္စတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်နေရမည်။ လိုအပ်သောအချိန်တွင် သင်ချစ်ရသူမှ ငွေကြေးကိစ္စ ထောက်ကူပေးပါလိမ့်မည်။ အမွေရရှိသဖြင့် ချမ်းသာ ကြွယ်ဝလာနိုင်ပါသည်။

**ချစ်မေတ္တာရေးနှင့် ဆက်ဆံရေး**

ပလူတိုဂြိုဟ် ထွန်းလင်းနေ၍ သင်၏ ချစ်မေတ္တာ ရေးနှင့် အိမ်ထောင်ရေးပေါ် စိုးမိုးခြယ်လှယ်နေပေရာ အိမ် ထောင်ရေးအဆင်ပြေပြီး ကိုယ်ဝန်ဆောင်ရတတ်သည်။

**ကျန်းမာရေး**

တစ်လလုံးလိုလို ကျန်းမာရေးကောင်းမွန်နေမည်။ မိသားစုအဖွဲ့ဝင်များနှင့် လုပ်ဖော်ကိုင်ဖက်များသည် လုပ် ငန်းခွင်တွင် ဆက်ဆံရေးကောင်းမွန်နေသဖြင့် သင့် ကျန်းမာရေးလည်း ကောင်းမွန်နေပါမည်။

အတိသုခ ချမ်းသာရရှိရေးသည် ဝိပဿနာအလုပ် နှင့် ဆုတောင်းမေတ္တာပို့သခြင်းတို့နှင့် ဆက်စပ်လျက်ရှိ သည်။ ထို့ကြောင့် ဘာသာရေးလိုက်စားပါ။ ဗုဒ္ဓဟူးဂြိုဟ် နောက်ပြန်ဆုတ်ချိန်အတောအတွင်းတွင် သင့်ကျန်းမာရေး ကိစ္စကို ဂရုစိုက်ရပါမည်။

## Gemini မေထုန်ရာသီဖွား

## (မေလ ၂၀ ရက် မှ ဇွန်လ ၂၀ ရက်) (အမြွှာရုပ်)

ယခုလတွင် သက်မွေးမှုလုပ်ငန်း တိုးတက်မည်။ ပြင်ပရည်မှန်းချက်များ ပြည့်မီသွားမည်။ မိသားစုနှင့် စိတ် ခံစားမှု စသည့် သင်နှင့်ပတ်သက်သမျှ ပျော်ရွှင်ရမှုများဖြင့် ကြုံတွေ့ရသဖြင့် အခြားသူများဆီသို့လည်း ဂယက်ရိုက်



www.burmeseclassic.com

www.burmeseclassic.com

ပြီး စိတ်ချမ်းမြေ့စေပါလိမ့်မည်။ သင့်တွင် အနာဂတ်အတွက် ရည်မှန်းချက်များ စတင်ထားရှိမည်။ မျှော်မှန်းချက်အတိုင်း ထူးခြားလာပါလိမ့်မည်။ အလုပ်အကိုင်ရှာဖွေနေသူဖြစ်လျှင် ၂၂ ရက်နေ့နောက်ပိုင်း အခွင့်ကောင်းများပေါ်ပေါက်လာပါလိမ့်မည်။

**ငွေရေးကြေးရေးအခြေအနေ**

ပထမသီတင်းပတ်နှင့် ဒုတိယသီတင်းပတ်များတွင် ဝင်ငွေကောင်းမည်။ သို့သော်လည်း ၁၀ ရက်နေ့နောက်ပိုင်းတွင် ငွေကြေးဗျူဟာများ ပြောင်းလဲသွားတတ်ရာ ယခုကာလတွင် ရည်မှန်းထားသော စီမံချက်များကို ပြုလုပ်ရန် မသင့်သေးပေ။

**ချစ်မေတ္တာရေးနှင့် ဆက်ဆံရေး**

သင့်အနေဖြင့် သင့်လက်တွဲဖော် ခင်ပွန်း၊ ဇနီးနှင့် စုံပြုအတွဲဖြစ်လိုလျှင် သူ့ကို အထူးဂရုစိုက်ရပါလိမ့်မည်။ သို့မှသာ ၎င်းအား ပျော်ရွှင်ချမ်းမြေ့စေပါလိမ့်မည်။ သင်သည် ကိုယ်ဝန်ယူရန်ကိုပင်လျှင် စဉ်းစားနေမည်။ သင်၏လူမှုရေး ဆက်ဆံမှုဘဝသည် အတော်လေး သက်ဝင်လှုပ်ရှားလျက်ရှိပြီး သင်၏စဉ်းစားလုပ်ကိုင်မှုတွင် သူတို့ပါဝင်လာအောင် မျှော်လင့်ထားနိုင်ပေသည်။

တစ်ကိုယ်တည်းသမားများ အနေဖြင့် ချစ်သူအတွဲရရှိမည်ဖြစ်ရာ သူနှင့် စိတ်လှုပ်ရှားဖွယ်ရာ လက်တွဲဖော်ဖြစ်လာနိုင်ပါသည်။

**ကျန်းမာရေး**

သင်ချစ်ရသူနှင့် ကောင်းစွာလက်တွဲ၍ လူမှုရေးဆက်ဆံမှုများဖြင့် သင်၏ကျန်းမာရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ပါမည်။ သင်၏ ချစ်မေတ္တာရေးနှင့် အိမ်ထောင်ရေးအိမ်၌ ကျန်းမာရေးကောင်းသော ပလူတိုဂြိုဟ် ထွန်းလင်းလျက်ရှိသောကြောင့် ဖြစ်နိုင်ပေသည်။ သင်၏ ကျန်းမာရေးသည် လူမှုဆက်ဆံရေးတွင် အတော်လေး မှီခိုနေပေရာ ဗုဒ္ဓဟူးဂြိုဟ် နောက်ဆုံးချိန် ကျန်းမာရေးညှိုးဖျင်းသွားတတ်သဖြင့် ကောင်းကောင်းအနားယူရမည်ဖြစ်သည်။ သင်၏လုပ်ငန်းတိုးတက်ရေးတွင် လူမှုရေးဆက်ဆံမှုနှင့် ချစ်မေတ္တာရေးသည် အံ့သြဖွယ်ရာဖြစ်မည်။ ကျန်းမာရေးနှင့် ငွေရေးကြေး ရေးမှာလည်း စိတ်ပူစရာကိစ္စများ ရှိနေမည်။

## Cancer ကရကင့်ရာသီဖွား
## (ဇွန်လ ၂၁ ရက် မှ ဇူလိုင်လ ၂၂ ရက်) (မုစ္ဆန်လုံးရုပ်)

စိုးမိုးဂြိုဟ်များသည် ၇ဝ ရာခိုင်နှုန်းခန့် မြောက်ဘက်ခြမ်းသို့ ရွေ့လျားကြမည်ဖြစ်၍ ၂၂ ရက်နေ့ နောက်ပိုင်းတွင် ထိုအကြောင်းကြောင့် စိတ်ခံစားမှုကိစ္စများနှင့် မိသားစုများ၏ ကောင်းကျိုးချမ်းသာအပေါ် အနာဂါတ်ရည်မှန်းချက်များ ဦးစားပေးရမည်ဖြစ်သည်။ ဗုဒ္ဓဟူးဂြိုဟ် နောက်ပြန်ဆုတ်ခွာချိန်တွင် မိသားစုအား လုံးဝလစ်လျူရှုထား၍ မဖြစ်ပေ။

အခြားသူများ၏ အကူအညီကိုယူ၍ သင်တို့၏ ရည်မှန်းချက်များ ရရှိအောင် လူမှုရေးကျွမ်းကျင်မှုသည် အရေးပါစွာ ရှိနေမည်။ အခြားသူများအပေါ် လွှမ်းမိုးထားခြင်းသည် ကိုယ်ကျိုးကြည့်ခြင်းဖြစ်သည်။ လူမှုရေးတွင် သင်သည် ဘုန်းကျက်သရေတိုးရန် မှီခိုရမည်ဖြစ်သဖြင့် အခြားသူများ၏ ပြောစကားကို လိုက်လိုက်လျောလျော နားဆင်တတ်မှု ရှိရပေမည်။ ၂၂ ရက်နေ့နောက်ပိုင်းတွင် အခြားသူများ၏ ထောက်ကူပေးမှုကို ရရှိပါလိမ့်မည်။

အဓိက စိတ်ဝင်စားရေးများမှာ သင်၏သက်မွေးမှု တိုးတက်မြင့်မားလာရေး၊ ကျန်းမာရေး၊ ရုပ်ပိုင်းဆိုင်ရာ ဆက်ဆံမှုများနှင့် ချစ်မေတ္တာရေးကိစ္စရပ်များ ဖြစ်သည်။

အလုပ်အကိုင် အခြေအနေသည် ၂၂ ရက်နေ့တိုင်အောင် စိန်ခေါ်မှုရှိနေမည်။ ဤကာလတွင် သမားရိုးကျအလုပ်ကို ဆက်လုပ်နေပါ။ အလုပ်အကိုင်ရှာဖွေနေသူဖြစ်လျှင် လူမှုရေးကွန်ရက်နှင့် အင်တာနက်မှတစ်ဆင့် အလုပ်အကိုင်ရရှိမည်။

**ငွေရေးကြေးရေး**

၂၂ ရက်နေ့နောက်ပိုင်း ဘဏ္ဍာရေးအခြေအနေ ဖြစ်ထွန်းစည်ပင်ပါလိမ့်မည်။ သင်၏ငွေကြေးဆိုင်ရာ အမြင်စူးရှ ထက်မြက်လှသဖြင့် အနာဂါတ် နည်းဗျူဟာများအပေါ် ရောင်ပြန်ဟပ်ပေးပါလိမ့်မည်။ သင်သည် ရင်းနှီးမြှုပ်နှံမှု အသစ်တွင် ငွေများထည့်ဝင်ဖြစ်မည်။ စီးပွားရေးလုပ်ငန်း စီမံချက်များ အသစ်လုပ်ကိုင်ရန် ရှာဖွေနေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ပိုက်ဆံကို သင်၏ကျွမ်းကျင်သောလုပ်ငန်းမှ ရရှိနေပေရာ ၂၂ ရက်နေ့အထိ ဖြစ်မည်။ ၎င်းရက်ထက် ကျော်လွန်သော် သင်၏ချမ်းသာကြွယ်ဝမှုဖြစ်လာအောင် ပါတနာများနှင့် မိတ်ဆွေများမှ ဖြည့်ဆည်းပေးကြပါလိမ့်မည်။ ယခုလတွင် မိသားစုအသုံးစားရိတ်များသည် အတော်လေးများနေပါလိမ့်မည်။

**ချစ်မေတ္တာရေးနှင့် ဆက်ဆံရေး**

သင်တို့၏ ဖို-မ ဆက်ဆံရေးတွင် သင်သည် ချစ်မေတ္တာသက်ဝင်ရမည့်သူကို ရှာဖွေမတွေ့ရှိရပါမည်။ သင်တို့၏ အိမ်ထောင်ရေးဘဝသည် ပိုမိုသော ချစ်ကြည်နူးစရာများ ရှိနေကာ ကလေးတစ်ဦး ရရှိလာသည်အထိ ဖြစ်လိမ့်မည်။ အကောင်းချည်းပဲ ရှိမနေဘဲ ပဋိပက္ခမှု ပေါ်ပေါက်၍ ညှိနှိုင်းရမှုများလည်း ရှိနေပါမည်။ လူမှုဆက်ဆံရေးတွင် အဟောင်းများ စွန့်ပစ်၍ အသစ်များ ဝင်လာနိုင်သည်။

**ကျန်းမာရေး**

၂၂ ရက်နေ့အထိ ကျန်းမာရေး အထူးကောင်းမွန်နေပါမည်။ ထိုရက်နောက်ပိုင်း ကျန်းမာနေစေရန် အနားယူ၍ သက်သောင့်သက်သာ နေပါ။

ဤဇာတာရှင်များသည် အလွန်ကောင်းမွန်သော လူမှုဆက်ဆံရေးဘဝကို ရရှိမည်။ ကျန်းမာရေး၊ သက်မွေးမှု၊ ငွေရေးကြေးရေး၊ အိမ်ထောင်ရေးများ ကောင်းမွန်ပါသည်။

## Leo သိဟ်ရာသီဖွား
## (ဇူလိုင်လ ၂၃ ရက်မှ ဩဂုတ်လ ၂၂ ရက်) (ခြင်္သေ့ရုပ်)

ယခုလတွင် သိဟ်ရာသီဖွားများအား စိတ်ပိုင်းဆိုင်ရာ အရေးကိစ္စနှင့် မိသားစုကိစ္စများကို အထူးဖော်ပြပေးရမည် ဖြစ်သည်။ ရှေ့မတက်ဘဲ နောက်ပြန်နေမည့် ကာလဖြစ်သည်။ အနာဂါတ်ဖွံ့ဖြိုးတိုးတက်ရေးသို့ ရှေးရှုခြင်းမရှိဘဲ အတိတ်သို့ ပြန်လှည့်ရောက်ရှိနေတတ်ပါသည်။

**ချစ်မေတ္တာရေး**

တစ်ကိုယ်တည်းသမားများအနေဖြင့် လက်တွဲဖော်ကို ၂၂ ရက်နေ့ကျော်လွန်လျှင် ရရှိပါမည်။ သင်သည် ချစ်ရမည့်သူကို အလုပ်ခွင်တွင် တွေ့ရှိရတတ်သည်။ ဖြစ်နိုင်ခြေရှိသည်မှာ သင်နှင့် လုပ်ဖော်ကိုင်ဖက်တစ်ယောက် ဖြစ်မည်။

**ကျန်းမာရေး**

သင့်ကျန်းမာရေး ယခုလ အထူးကောင်းမွန်မည်။ ခန္ဓာကိုယ် ပျော့မွေ့မှုရရှိရန် လိုက်လျောလွန်းအားကြီးသည်။ သင်၏စွမ်းအင်များသည် အလွန်ကြီးမားနေပါမည်။ သတိထားဖို့ အကြံပြုလိုပါသည်။ စွမ်းအင်ကို မဖြုန်းတီးဘဲ ထိန်းသိမ်းထားပါ။ ကျန်းမာရေးကောင်းမွန်နေလျှင် သင့်တွင် ဆွဲဆောင်မှုအပြည့် ရှိနေပေမည်။

ယခုလတွင် သင်သည် ချစ်မေတ္တာရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး တိုးတက်ပြီး အထူးကောင်းမွန်သော်လည်း ကြေးစားဘဝအနေဖြင့် ကြမ်းတမ်းခက်ခဲနေပါမည်။

## Virog ကန်ရာသီဖွား
## (ဩဂုတ်လ ၂၃ ရက်မှ စက်တင်ဘာလ ၂၂ ရက်)
## (အပျိုစင်ရုပ်)

သင်၏ လူမှုဆက်ဆံရေးဘဝသည် ပိုမိုပေါ်လွင်ထင်ရှားနေပါမည်။ ယခုလတွင် သင်သည် အခြားသူများအပေါ် မှီခို၍ လူမှုဆက်ဆံရေးကျွမ်းကျင်မှုများကို အသုံးပြုပြီး ကိစ္စဝိစ္စအားလုံး ပြီးမြောက်သွားအောင် လုပ်ဆောင်နိုင်ပါမည်။ ကိုယ်သိကိုယ်တတ်ကြောင်း ထုတ်ဖော်ပြောမည့်သူများလည်း မဟုတ်ဘဲ စီးပွားရေးတွင် အစမ်းလုပ်ကိုင်ကြည့်ရန်လည်း ရှိမည်မဟုတ်ပေ။ သင်သည် ပူးပေါင်းဆောင်ရွက်မှုနှင့် အများဆန္ဒသဘောထားကို လိုအပ်သည်။ အခြေအနေအရပ်ရပ်ကို မှီးယှဉ်ရန် ပြောင်းလွယ်ပြင်လွယ်မှုရှိပြီး လူများသည် အထူးအရေးပါပါသည်။

သင်၏ လုပ်ငန်းခွင်တွင် ဖရိုဖရဲဖြစ်မည်။ အကျိုးဆက်အနေဖြင့် သင်၏သက်မွေးမှုလုပ်ငန်း အပြောင်းအလဲ ဖြစ်လာမည်။ ၁၀ ရက်နေ့တွင် သင်၏ သက်မွေးမှုအိမ်တွင် နေကြတ်မှုဖြစ်သောကြောင့် ဖြစ်မည်။ သင်ပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီ(ဆောက်လုပ်ရေး) အခက်အခဲနှင့် ကြုံနရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

### ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေး

သင်ပိုင်ဆိုင်ထားသော အိမ်ခြံမြေ ပစ္စည်းဥစ္စာနှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေရရှိမည်။ စွန့်စားလုပ်ကိုင်ထားသော နေရာမှ မျှော်မှန်းထားသလို ဝင်ငွေကောင်းမည် မဟုတ်ပါ။ ယခုလတွင် ဝင်ငွေတိုးတက်လာအောင် ပြင်ဆင်မွမ်းမံမှုများကို လုပ်ဆောင်ပါ။ ၂၃ ရက်နေ့အထိ ငွေရေးကြေးရေးအဆင်ပြေပါမည်။ ငွေရှာရာတွင် ဤကာလသည် လွယ်ကူပြီး ပျော်ရွှင်စရာကောင်းပါမည်။

### ချစ်မေတ္တာရေးနှင့် ဆက်ဆံရေး

မိသားစုဆက်ဆံရေးတွင် ပျော်ရွှင်မှုနှင့် ချစ်မေတ္တာရေးကောင်းမည်။ ယခုလတွင် တစ်ကိုယ်တည်းသမားများ ချစ်သူရမည်။ သင်၏ ချစ်မေတ္တာရေးသည် ဆိုးရွားစွာ အတက်အကျရှိလာတတ်သည်။ ၂၂ ရက်နေ့နောက်ပိုင်းရောက်မှ ပျော်ရွှင်စရာ ရှာဖွေတွေ့သဖြင့် ပျော်ရွှင်ရမည်။ အားလပ်ရက် ခရီးသွားရင်း စိတ်ချမ်းမြေ့မည်။ ကလေးများအနေဖြင့် ဘာသာရေးတွင် သက်ဝင်ယုံကြည်မှု စိတ်ဝင်စားမည်။ ကိုယ့်ကိုယ်ကို သတိပြုမိအောင်လည်း ဘာသာရေးအလုပ်ကို လုပ်ဆောင်တတ်လာပါမည်။ သင်သည် ကလေးတစ်ယောက်ယူရန် အစီအစဉ်ရှိနေပါလိမ့်မည်။

၁၀ ရက်နေ့ လကြတ်သဖြင့် မိတ်ဆွေများနှင့် မိသားစုများ၏ဘဝသည် ဖရိုဖရဲဖြစ်လာတတ်သည်။ တကယ့်ချစ်ခင်ရသူများသာ သင်နှင့်အတူ ရှိနေပေမည်။

### ကျန်းမာရေး

ပုဒ္ဓဟူးဂြိုဟ် နောက်ပြန်ဆုတ်ခွာ၍ ပြီးဆုံးသွားသည်အထိ ကျန်းမာရေး ညံ့ဖျင်းနေပါမည်။ လုံလောက်စွာ အနားယူပြီး စွမ်းအားစုဆောင်း၍ ကြံ့ခိုင်အောင်နေပါ။ ပုံမှန်အနိုင်ခံခြင်းဖြင့် ကျန်းမာရေး ကောင်းမွန်တိုးတက်လာပါလိမ့်မည်။ ကျန်းမာရေးသည် ပြင်းထန်စွာ စိန်ခေါ်မှုရှိပြီး ငွေရေးကြေးရေးနှင့် ဆက်ဆံရေးကောင်းမွန်ပါမည်။

## Libra တူရာသီဖွား
## (စက်တင်ဘာလ ၂၂ ရက် မှ အောက်တိုဘာလ ၂၂ရက်)
## (ချိန်ခွင်ရုပ်)

စိတ်ခံစားမှု သဟာဇာတဖြစ်ရေးသည် အလွန်အရေးပါပါသည်။ မိသားစုအရေးကိစ္စများသည် သင်၏ ကျွမ်းကျင်မှု တိုးတက်ရေးအပေါ် စိုးမိုးထားပါမည်။ အနာဂါတ်တိုးတက်မှုထက် အတိတ်သည် ပိုမိုပါဝင်ပတ်သက်နေပေမည်။ အတိတ်အတွေ့အကြုံများကို စံနမူနာယူ၍ အနာဂတ်အတွက် ၎င်းတို့မှ လမ်းပြပေးပါလိမ့်မည်။ ယခုလတွင် သင့်အိမ်ကို ပြန်လည်မွမ်းမံပြင်ဆင်၍ ပရိဘောဂအသစ်ထည့်ရန် လုပ်ဆောင်ရပါမည်။ သင်တို့၏ ဆက်ဆံရေးပြဿနာများကို ဖြေရှင်းပေးရပါမည်။

လူမှုဆက်ဆံရေး ကျွမ်းကျင်မှု အလွန်အရေးပါပါသည်။ သင်၏ သဘာဝအနေအထားများအရ သင်၏အရေးကိစ္စများနှင့် မြင့်မားစွာ သက်ဆောင့်သက်သာ ရှိနေပါမည်။ အောင်မြင်မှုရရှိစေရန် ပူးပေါင်းဆောင်ရွက်ပြီး ခိုင်မာမှုကို လွတ်လပ်စွာ အသုံးပြုရပါမည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရရှိရန် မလိုသည့်ပြင် စွန့်စားလုပ်ဆောင်ရန်မှာလည်း လိုအပ်မည်မဟုတ်ပေ။

အရာရာသည် လျင်မြန်စွာ ပြောင်းလဲနေ၍ပျော်ရွှင်စရာကောင်းပါသည်။ ၂၂ ရက်နေ့အထိ ကျောင်းသားများအနေဖြင့် ပညာရေးလိုက်စားရာတွင် ထူးချွန်မှုများကို ရရှိပါမည်။ စိတ်ခံစားမှု ပျော်ရွှင်ရမည်။

### ငွေရေးကြေးရေး

ငွေကြေးတိုးပွားမှု အထူးကောင်းမွန်မည်။ အရောင်းမြှင့်တင်ရေးနှင့် ဈေးကွက်နည်းဗျူဟာ မွမ်းမံပြုပြင်ခြင်းဖြင့် ဝင်ငွေမြင့်တက်လာပါမည်။ ယခုလတွင် ဝင်ငွေကောင်းအောင်ဖန်တီးမှုအရ တိုးတက်မည်။ မိသားစု အဖွဲ့ဝင်များနှင့် အိမ်နီးချင်းများမှ သင်၏ငွေရေးကြေးရေးအတွက် ထောက်ကူပေးကြပါလိမ့်မည်။

### ချစ်မေတ္တာရေးနှင့် ဆက်ဆံရေး

သင်၏ လက်တွဲဖော် သို့မဟုတ် ဇနီး၊ ခင်ပွန်းတို့အား ချစ်ခြင်းမေတ္တာအရင်းခံ၍ စုစည်းထားပါမည်။ ချစ်



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာများ မြှင့်တင်ပေးအပ်လျက် ၂၂ ရက်နေ့အထိ ဆက်ဆံရေးကို ထောက်ကူပေးထားမည်။ ထိုနေ့အထိ သင့်အိမ်တွင်း၌ ဖျော်ဖြေရေးနှင့် ပျော်ရွှင်စရာများရှိနေပြီး ထိုရက်နောက်ပိုင်း ပြင်ပသို့ထွက်၍ ပါတီပွဲကျင်းပမည်ဖြစ်သည်။

ချစ်ခြင်းမေတ္တာတွင် ဘာသာရေးသည်လည်း အရေးပါသည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် ချစ်မေတ္တာသက်ဝင်ရမည့်သူကိုတွေ့ရန် အခွင့်အလမ်း အများကြီးရှိနေမည်။ သင်၏ချစ်သူကို ဘာသာရေးပွဲများ၊ ဝိပဿနာစခန်းများနှင့် ဘာသာရေးဆိုင်ရာ ညီလာခံများမှ တွေ့ရှိရပါမည်။ အချစ်ရေးပြဿနာ၊ ကိုယ်ဝန်ဆောင်ရမှုများကို ဘာသာရေးအရ အဖြေရှာယူရပါလိမ့်မည်။

**ကျန်းမာရေး**

ဗုဒ္ဓဟူးဂြိုဟ် နောက်ပြန်ဆုတ်၍ ပြီးဆုံးသွားသည်အထိ ကျန်းမာရေးအထူးကောင်းမွန်နေပါမည်။ ကျန်းမာရေးကောင်းမွန်အောင် ဆက်လက်၍ အနားယူပါ။ သက်သောင့်သက်သာနေပါ။

ဒီဇင်ဘာလတစ်လပတ်လုံးတွင် ကျန်းမာရေးကောင်းမည်။ ချစ်မေတ္တာရေး ထူးကဲမည်။ ထိုနည်းတူ ငွေရေးကြေးရေး အထူးကောင်းမွန်သည်။ သို့သော်လည်း သင်၏ သက်မွေးမှုလုပ်ငန်းသည် သာမန်လောက်သာရှိနေမည်။

## Scorpio ဗြိစ္ဆာရာသီဖွား
## (အောက်တိုဘာလ ၂၃ ရက် မှ နိုဝင်ဘာလ ၂၁ ရက်)
## (ကင်းမြီးကောက်ရုပ်)

ယခုလတွင် စိတ်ခံစားမှု ပျော်ရွှင်ရေးနှင့် မိသားစုအရေးကိစ္စများသည် အလွန်အရေးပါပါသည်။ နောက်ခံအကြောင်းရင်းအဖြစ်ဖြင့် သင်၏သက်မွေးမှုကိစ္စများနှင့် အနာဂါတ်ရည်မှန်းချက်များအား တွန်းအားပေးပါလိမ့်မည်။ ယခင်မေ့ထားသော အတိတ်မှ အောင်မြင်ခဲ့မှုများကို ပြန်လည်ရှာဖွေနေမိပါလိမ့်မည်။

သင်၏စွမ်းအင်များ မြင့်မားနေကာ ကိုယ်ပိုင်လုပ်ကိုင်ခွင့်နှင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိလွန်းနေမည်။ ကိုယ်စိတ်ချမ်းသာရာကို ဖန်တီးနေပြီး ဘယ်သူ့ဆီမှာမှ မှီခိုနေမည်မဟုတ်ပေ။ သင်၏ပန်းတိုင်သို့ ချီတက်ရန် လူမှုရေးကျွမ်းကျင်မှုများနှင့် အခြားသူအပေါ် မှီခိုရမှုများ လိုအပ်မည်မဟုတ်ပေ။ သင့်ရှေ့တက်လမ်းအတွက် အခြေအနေများနှင့် လူများအား ပုံသွင်းယူပါလိမ့်မည်။ ပုဂ္ဂိုလ်ရေးစိတ်ဝင်စားမှုအရ အခြားသူများအပေါ် စိုးမိုးထားနိုင်ပါမည်။

၂၂ ရက်နေ့လွန်လျှင် သင့်ပညာရေးကို မြင့်တက်အောင် ဆောင်ရွက်ရန် စိတ်အားထက်သန်နေမည်။ သင့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို စိတ်ဝင်စားနေ၍ သင့်စွမ်းအားများကို အသုံးပြုကာ အချိန်ကုန်နေပါမည်။

အဓိက စိတ်ဝင်စားမှုများမှာ ငွေရေးကြေးရေး၊ မိသားစုအရေး၊ ပရဟိတလုပ်ငန်း၊ ပညာရေးလိုက်စားမှု လူသားချင်းစာနာထောက်ထားမှုအရ လှူပ်ရှားဆောင်ရွက်ရမှုများဖြစ်သည်။

သင်၏ ကျွမ်းကျင်မှုနှင့် စပ်လျဉ်း၍ နောက်ထပ်သင်တန်းများ တက်ရောက်ခြင်း၊ လေ့လာသင်ယူခြင်းဖြင့် သက်မွေးမှုတိုးတက်အောင် ရှာကြံနေပါမည်။ ဗုဒ္ဓဟူးဂြိုဟ် နောက်ပြန်ဆုတ်၍ ပြီးသွားချိန်နောက်ပိုင်း သင်၏ ကျွမ်းကျင်မှုဝန်းကျင်သည် ပြောင်းလဲသွားပါလိမ့်မည်။

**ငွေရေးကြေးရေး**

ငွေရေးကြေးရေးတွင် ဝင်ငွေ ထူးခြားမည့်လဖြစ်သည်။ ငွေကြေးရရန် စွန့်စားဆောင်ရွက်မှုများတွင် အောင်မြင်ပြီးမြောက်သွားအောင် သင့်စီနီယာများနှင့် မိသားစုများမှ ထောက်ကူပေးမှုများကို ရရှိပါမည်။ သင်၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ပူးတွဲဖက်စပ်လုပ်ကိုင်မှုများသည် ကောင်းကောင်းမွန်မွန် တိုးတက်နေပါမည်။ အဏ္ဏဝါရေးအသိအမြင်ကြွယ်ဝ၍ ငွေကြေးတိုးတက်အောင် ကူညီပေးပါမည်။ ချမ်းသာကြွယ်ဝလေလေ လူမှုရေးအဖွဲ့အစည်းတွင် သင်၏အဆင့်အတန်း မြင့်မားလာလေလေ ဖြစ်လာပါလိမ့်မည်။

**ချစ်မေတ္တာရေးနှင့် ဆက်ဆံရေး**

ချစ်မေတ္တာရေးတွင် ထူးထူးခြားခြား အတက်အကျရှိနေမည်။ သင်၏ဆောင်ရွက်မှုအပေါ် မှီ၍ ပျော်ရွှင်မှုကို ရရှိပါမည်။ သင့်အနေဖြင့် ဖနီး၊ ခင်ပွန်းအား စိတ်ချမ်းေ



www.burmeseclassic.com

www.burmeseclassic.com

ဆောင် ပြုလုပ်ပေးပါ။ ၂၂ ရက်နေ့အထိ ဉာဏ်စေစား၍ သင့်ချစ်သူမှ ချစ်ခင်လာအောင် ပြုလုပ်နိုင်ပါမည်။ သင်၏ အားပေးမှုဖြင့် အတူတူလဲည်ပတ် အချိန်ဖြုန်း၍ ကိုယ်ဝန် ဆောင်ခွင့်ရမည်။ ပျော်ရွှင်ရမှုနှင့် ပျော်ဖြေတင်ဆက်မှုဖြင့် မိသားစုများသည် ချစ်မေတ္တာရေးတွင် ကျေနပ်အားရမှုကို ရရှိပါလိမ့်မည်။

၂၇ ရက်အထိ တစ်ကိုယ်တည်းသမားများအနေဖြင့် ချစ်ရမည့်သူကို ရွေးချယ်ရာတွင် သတိရှိရပါမည်။ သင် သည် ပညာရေးလောကနှင့် ဝိုင်းဒေသမှ ချစ်သူကို တွေ့ရှိရ ပါမည်။ လက်တွဲဖော်နှင့် ညှိနှိုင်း၍ တိုးတက်မှုရရှိမည်။

ကျန်းမာရေး

ယခုလတွင် ကျန်းမာရေးကောင်းမည်။ ကျန်းမာ၍ ပညာရေးတွင်လည်း စိတ်ဝင်စားလာမည်။ ကုသမှုအသစ် များနှင့် ကြံ့ခိုင်ရေးကို လိုက်စားလာမည်။

## Sagittarius ဓနုရာသီဖွား
## (နိုဝင်ဘာလ ၂၂ ရက် မှ ဒီဇင်ဘာလ ၂၁ ရက်)
## (လေးစွဲယောက်ျားရုပ်)

ယခုလတွင် မိသားစုကိစ္စရပ်များနှင့် စိတ်ချမ်းမြေ့ ရေးသည် ပိုမိုအရေးပါပေသည်။ စိုးမိုးဂြိုဟ်များသည် တောင်ဘက်ခြမ်းပိုင်းသို့ ၉၀ ရာခိုင်နှုန်း ရောက်ရှိနေကြ သဖြင့် ပြင်ပရည်မှန်းချက်များမှာ အရေးမပါလှဘဲ နောက် ဘက်၌ ချန်ထားရသည်။ အနာဂတ်သို့ အာရုံမစိုက်ဘဲ အတိတ်ကိုသာ အာရုံပြုနေကြရပေမည်။

ဂြိုဟ်များသည် အရှေ့ဘက်သို့ စုရုံးလာသည့် ကာလ၌ အခြားသူများ၏ ကောင်းကျိုးချမ်းသာထက် ကိုယ် ကျိုးကြည့်ခြင်းကို ပိုမိုအလေးထားနေမည်။ သင်သည် ဤ သို့ လွှမ်းမိုး၍ ထိုအတိုင်း သတ်မှတ်ဆောင်ရွက်ပေလိမ့်မည်။ အခြေအနေအရပ်ရပ်များနှင့် လူများအား ဓနုရာသီမှ ထိန်း ကွပ်ထားသဖြင့် လူမှုရေးဆောင်ရွက်မှုကို လိုအပ်မည် မဟုတ်တော့ပေ။ ကိုယ့်ဘာသာရည်မှန်းချက် အောင်မြင်စွာ ပြီးမြောက်သွားစေရန် သင့်တွင် စွမ်းအားများ ရှိနေပါမည်။

ဂြိုဟ်များသည် ဓနုရာသီ၏ ရာသီရုပ်အဖြစ် အား ကောင်းစွာ တည်ရှိနေပါမည်။ ဒီဇင်ဘာလတွင် အထွန်း တောက်ဆုံး ကြယ်တစ်စင်းဖြစ်လာပြီး မြင့်မားစွာ စိတ်ချ ယုံကြည်၍ ရှင်သန်လျက်ရှိပါမည်။ သင်ကိုယ်တိုင်သည် စိတ်ကူးယဉ်လျက် အလိုလိုက်ကာ ခန္ဓာကိုယ်၏ အပျော် အပါးကို မွေ့လျော်နေပေမည်။

လုပ်ငန်းခွင်တွင် အလုပ်များပြီး ကသီလင်တဖြစ်နေ မည်။ ကလေးများသည် သူတို့၏ ကိစ္စရပ်များတွင် ကောင်း မွန်စွာ ဆောင်ရွက်ကြပါမည်။ သင့်အမှုသည်များ ဖောက် သည်များနှင့် လူမှုရေးဆောင်ရွက်ရပ်း သင်၏သက်မွေးမှု လုပ်ငန်းတိုးတက်မှု ရှိလာပါမည်။

ငွေရေးကြေးရေး

၂၂ ရက်နေ့နောက်ပိုင်း ဝင်ငွေကောင်းလာမည်။ သင်၏စီးပွားရေး အမြင်ကျယ်သဖြင့် ကောင်းမွန်စွာ ရင်းနှီး မြှုပ်နှံနိုင်ခွင့် ရရှိပါမည်။ ပစ္စည်းများကို သင့်တင့်သည့် ဈေးနှုန်းများဖြင့် ဝယ်ယူနိုင်မည်။ တွက်ချက်၍ စွန့်စားလုပ် ကိုင်ထားသော မျှော်မှန်းရင်းနှီးမြှုပ်နှံထားမှုများမှ ဝင်ငွေများ ရရှိမည်။

ကျန်းမာရေးနှင့် ချစ်မေတ္တာရေး

သင့်ကျန်းမာရေးသည် ယခုလတွင် အထူးကောင်း မွန်မည်။ စိတ်ကျန်းမာစေရန် ကောင်းမွန်သည့် ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို လုပ်ဆောင်ပါ။ ချစ်မေတ္တာရေးနှင့် ကျန်းမာရေး ထူးကဲစွာကောင်းပြီး ငွေရေးကြေးရေးနှင့် သက်မွေးမှု အလားအလာအတွက် ပင်ပန်းစွာ ရှာဖွေရမည်။

## Capricorn မကာရ ရာသီဖွား
## (ဒီဇင်ဘာလ ၂၂ ရက် မှ ဇန်နဝါရီလ ၁၉ ရက်)
## (ဆိတ်ရုပ်)

ယခုလတွင် မိသားစုအရေးကိစ္စများနှင့် စိတ်ခံစား မှုများ လွှမ်းမိုးထားမည်။ ၂၂ ရက်နေ့ နောက်ပိုင်းတွင် ပြည်တွင်းစီမံချက်များကို စတင်ဆောင်ရွက်ပါ။ လုပ်ဆောင် ရာတွင် ပြဿနာရှိမည်မဟုတ်ပါ။ သွေးသားဆန္ဒ တောင်း ဆိုချက်များ ရှိလာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

စိုးမိုးဂြိုဟ်များ အားလုံးသည် ရှေ့သို့ ရွေ့လျားနေကြသဖြင့် သင်၏သဘာဝလောကဖြစ်စဉ် တိုးတက်မှု ရှိလာမည်။ သင်၏ရည်မှန်းချက်များ အောင်မြင်ပြီးမြောက်ရန် လှုပ်ရှားရမည့်ကာလ ဖြစ်သည်။ စိုးမိုးဂြိုဟ် အားကောင်းနေ၍ စစ်မက်ပြုရန် အသင့်ဖြစ်နေတတ်သည်။ ဤသည်က သင်၏ ပန်းတိုင်များသို့ အောင်မြင်ပြီးမြောက်စေမည်ဖြစ်သည့်အပြင် သင်၏ မိတ်ဆွေဖွဲ့စည်းမှုများနှင့် ချစ်မေတ္တာရေးဆက်ဆံမှုများ၌ ဖရိုဖရဲဖြစ်အောင် ဖန်တီးသလို ဖြစ်သွားတတ်ပေသည်။

**တစ်ကိုယ်တည်းသမားများ၏ ချစ်မေတ္တာရေး**

သင်သည် လူမှုရေးဝန်ဆောင်မှုနှင့် ပရဟိတလုပ်ငန်းတွင် လုပ်ဆောင်ပေးရန် အလွန်စိတ်ပါဝင်စားနေပေမည်။ သင်၏ အလိုလိုသိတတ်သည့် သဘာဝအရ ဗုဒ္ဓဟူးဂြိုဟ် နောက်ပြန်ဆုတ်သွားချိန်၌ အလွန်ထင်ရှားပေါ်လွင်နေပါမည်။ သင်သည် အိပ်မက်များနှင့် စိတ်ကူးစိတ်သန်းအတွေးများမှတစ်ဆင့် ညွှန်းဆိုမှုများကို ရရှိနေပေမည်။

**သက်မွေးမှုလုပ်ငန်း**

ယခုလတွင် သင့်အနေဖြင့် ကိုယ်ကိုယ်တိုင်ထက် အခြားသူများ၏ အကျိုးတရားကို စိတ်ပါဝင်စားနေပါမည်။ သောကြာဂြိုဟ် စိုးမိုးထားရာ သင်၏ဆွဲဆောင်မှုသည် ကြီးမားလျက်ရှိသဖြင့် လူများကို ကျလာအောင် ဆွဲဆောင်နိုင်မည်။ ပထမနှင့် တတိယသီတင်းပတ်များတွင် ချစ်ရမည့်သူများကို တွေ့ရှိရမည်။ ၎င်းတို့နှင့် အပျော်သဘောဖြစ်ပြီး အတည့်တကျ မဟုတ်ချေ။ လက်ရှိချစ်သူများ ကိုယ်ဝန်ဆောင်ရမည့် ကိစ္စမှာလည်း စမ်းသပ်ခံရမှုသာဖြစ်မည်။ သူတို့နှင့် ဆက်လက်ဆက်ဆံမှုပြုရန် လွန်လွန်ကဲကဲ သည်းခံစောင့်စည်းရမည်။ သင်သည် နိုက်ရန်ဖေဒါသစိတ် ကြီးမားလျက် စိတ်တိုနေပါမည်။

**ကျန်းမာရေး**

ဒီဇင်ဘာလတစ်လလုံး ကျန်းမာရေး အထူးကောင်းမွန်နေမည်။ သင်သည် ချက်ချာတက်ကြွလွန်းနေ၍ အားကစားများနှင့် ကာယလေ့ကျင့်မှုများသို့ လိုက်စားရန် လမ်းကြောင်းပြောင်းသင့်သည်။

ယခုလတွင် သင်သည် ကျန်းမာရေး၊ ချစ်မေတ္တာရေး ငွေရေးကြေးရေး၊ သက်မွေးမှုလုပ်ငန်းများ မြင့်မားလာနေသောကြောင့် ဝရုန်းသုန်းကား အခြေအနေသို့ ဆိုက်ရောက်နေပါမည်။

## Aquarius ကုံရာသီဖွား
## (ဇန်နဝါရီလ ၂၀ ရက် မှ ဖေဖော်ဝါရီလ ၁၈ ရက်)
## (ရေထမ်းယောက်ျားရုပ်)

သင်သည် လောကီတွင် အလိုဆန္ဒရှိနေမှုများနှင့် ကျွမ်းကျင်မှုဆိုင်ရာ ရည်မှန်းချက်များသို့ ဦးတည်လုပ်ကိုင်မည်။ စိတ်ခံစားမှု လုံခြုံရေးနှင့် မိသားစုကောင်းကျိုးချမ်းသာကို ဦးစားပေးမည်မဟုတ်ပေ။ အတိတ်မှ အောင်မြင်ခဲ့မှုများထက် အနာဂတ်အလားအလာကောင်းစားရေးကို ရှေးရှုထားမည်။ သင်သည် လူမှုရေးအဖွဲ့အစည်းအတွင်း သိက္ခာရှိရေးနှင့် အဆင့်မြင့်မားရေးကိုသာ မျှော်မှန်းထားပေသည်။

သင်၏ ရည်မှန်းထားချက်များကို ကိုယ်တိုင် ကြိုးပမ်းရယူရမည်။ အခြားသူများ၊ အရေးကိစ္စအပေါ် စိတ်မဝင်စားတဲ လူမှုရေးကျွမ်းကျင်မှုများသည်လည်း မလိုအပ်ပေ။ အခြေအနေနှင့် လူများအပေါ် မှီခိုရာလည်း မလိုချေ။ ကိုယ့်ကိစ္စ ကိုယ်သာလုပ်မည်ဟု သဘောထားမည်။

စိုးမိုးဂြိုဟ်များ အားလုံးသည် အရှိန်အဟုန်ကောင်းစွာဖြင့် ရှေ့သို့ ရွေ့လျားနေကြ၍ သင်၏လုပ်ဆောင်မှုများအရ တိုးတက်မှုကို ရရှိမည်။ ဘာသာရေး စိတ်အားထက်သန်ကာ ပရဟိတလုပ်ငန်းများကို လုပ်ဆောင်ဖြစ်မည်။ အိပ်မက်မှတစ်ဆင့် အကြံဉာဏ်များကို ရရှိပြီး သင်သည် လှူဒါန်းရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေရပါမည်။

ယခုလတွင် သင်သည် သက်မွေးမှုလုပ်ငန်း ကြီးထွားလာရေး၊ လူမှုရေးဘဝ၊ ဘာသာရေး၊ ပညာသင်ယူရေး၊ ပင်လယ်ရပ်ခြား ခရီးသွားလာရေး၊ ပရဟိတလုပ်ငန်းလုပ်ဆောင်ရေးနှင့် ပုဂ္ဂလိကသြဇာတိက္ကမ ပြည့်စုံရေးနောက်သို့ လိုက်နေလိမ့်မည်။

ကျွမ်းကျင်မှု တိုးတက်လာရေးတွင် လူမှုရေးကွန်ရက် နှင့် ဆက်သွယ်ရေးစွမ်းဆောင်နိုင်မှုများဖြင့် မြင့်မားတိုးတက်လာနိုင်သည်။ သက်မွေးမှု ပလူတိုဂြိုဟ်သည် မိတ်ဆွေများနှင့် အုပ်စုလိုက်လှုပ်ရှားမှုအိမ်သို့ ပြောင်းရွေ့



www.burmeseclassic.com

www.burmeseclassic.com

ထွန်းလင်းနေသဖြင့် သက်မွေးမှုလုပ်ငန်း အလားအလာကောင်းစေရန် ကျွမ်းကျင်သော အဖွဲ့အစည်းများတွင် သူတို့နှင့်အတူ ပါဝင်လှုပ်ရှားပေးရမည်ဖြစ်သည်။ သင်၏ စိတ်ကူးအိပ်မက်များသည် စိုးမိုးဂြိုဟ်များ၏ လွှမ်းမိုးပေးမှုဖြင့် အကောင်အထည်ပေါ်လာပါ လိမ့်မည်။

**ငွေရေးကြေးရေး**

သင်၏ အိပ်မက်စိတ်ကူးသည် ထက်သန်လွန်းနေသောကြောင့် သင့်အမြင်စွမ်းအားဖြင့် ငွေရေးကြေးရေး ချမ်းသာကြွယ်ဝမှုကို မြှင့်တင်ပေးပါလိမ့်မည်။

**ချစ်မေတ္တာရေးနှင့် ဆက်ဆံရေး**

ယခုလတွင် အချစ်ဇာတ်လမ်းဖွဲ့၍ ကြည်နူးစရာများဖြင့် ပြည့်နှက်နေပါမည်။ သင့်လက်တွဲဖော်နှင့် ပျော်ရွှင်ရမည်။ အတူတကွ ညှိနှိုင်းဖျော်ဖြေပေးရမည်။ နောက်ပြီး သင်တို့၏ ချစ်မေတ္တာသည် သဟဇာတဖြစ်နေမည်။ ၂၂ ရက်နေ့မတိုင်မီ နိုင်ငံခြားခရီး သွားရမည်။ အိမ်ထောင်ပြုရမည်။ ကိုယ်ဝန်ဆောင်ရမည်။

## Pisces မိန်ရာသီဖွား
## (ဖေဖော်ဝါရီလ ၁၉ ရက် မှ မတ်လ ၂၀ ရက်)
## (ငါးနှစ်ကောင်ရုပ်)

သင်၏ သက်မွေးမှုလုပ်ငန်းတွင် လောကီရည်မှန်းချက်များမှ စိုးမိုးထားပေသည်။ အတိတ်ကို နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေနေခြင်းထက် အနာဂတ်ကောင်းစားရေးကို ရှေးရှုနေပါမည်။ လောလောဆယ်တွင် မိသားစုပျော်ရွှင်ရေးနှင့် စိတ်ဝင်စားမှုများကို ဘေးဖယ်ထားမည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိ၍ စွန့်စားလုပ်ကိုင်လိုမည်။ လူများနှင့် အခြေအနေများအပေါ် မှီတွယ်နေမည်မဟုတ်ပေ။ သင်ကိုယ်တိုင် ပြီးမြောက်အောင်မြင်အောင် လုပ်နိုင်ခြေရှိနေ၍ လူမှုရေးကျက်သရေရှိရန် မလိုအပ်ပေ။ ကိုယ့်သဘောနှင့်ကိုယ် ရွေးချယ်၍ ဆက်လက်ဆောင်ရွက်နေပါမည်။

ယခုလတွင် ချစ်မေတ္တာရေး၊ လူမှုရေးဘဝ သက်မွေးမှုအပြောင်းအလဲများနှင့် ကာမဂုဏ်ခံစားမှုများကို ဦးစားပေးထားမည်။ လှုပ်ရှားဆောင်ရွက်ရမှုများဖြင့် ဟုံးတက်သော လတစ်လဖြစ်မည်။

**ချစ်မေတ္တာရေး**

တစ်ကိုယ်တည်းသမားများအနေဖြင့် ၁၂ ရက်နေ့မတိုင်မီ ချစ်ရမည့်သူနှင့် တွေ့မည်။ ကိုယ်ဝန်ဆောင်ရရန် အခွင့်အရေးများ ရှိနေမည်။ သင်၏ ကျွမ်းကျင်မှုလုပ်ငန်း အလားအလာ ကောင်းမွန်ရေးအတွက် လက်တွဲဖော်ကို ရှာနေပါမည်။ အထက်တန်းစားများနှင့် သင့်စိန်ိယာများအတွင်းမှ ချစ်သူကို ရှာတွေ့မည်။ သင်၏အိမ်ထောင်ရေးအတွက် ဗုဒ္ဓဟူးဂြိုဟ်နှင့် စနေဂြိုဟ်တို့မှ ကူညီဆောင်ရွက်ပေးပါမည်။

**ကျန်းမာရေး**

၂၂ ရက်နေ့တိုင်အောင် သင့်ကျန်းမာရေး ချူချာနေမည်။ ငှင်းကိုကုစားရန် များများအနားယူပါ။ သက်သောင့်သက်သာနေပါ။ မိသားစုနှင့် မိတ်ဆွေများဖြင့် ဆက်ဆံရေးကောင်းနေလျှင် ကျန်းမာရေးကို မြှင့်တင်ပေးရာ ရောက်ပါမည်။ သင့်အလုပ်ကို အခြားသူများအား လွှဲပြောင်းလုပ်ကိုင်စေခြင်းဖြင့် စွမ်းအင်တိုးပွားလာပါလိမ့်မည်။

**ငွေရေးကြေးရေး**

ငွေကြေးအလားအလာကောင်း၍ လူမှုရေးအဆင့်မြင့်မားလာမည်။ လူမှုရေးအဆက်အစပ်များဖြင့် ဘဏ္ဍာရေးအခြေအနေ တောင့်တင်းလာပါလိမ့်မည်။ ဗုဒ္ဓဟူးဂြိုဟ်နောက်ဆုတ်သွားချိန်တွင် ကိုယ်ဝါသနာပါရာကို လိုက်စားနိုင်ခွင့်ရမည်။

ငွေကြေးအနေဖြင့် ဝင်ငွေကောင်းမွန် တိုးတက်လာသဖြင့် သင့်ဇနီး၊ ခင်ပွန်းနှင့် လိုက်လျောညီထွေ ရှိနေကြမည်။ သင်၏ စိတ်ဆန္ဒရှိသည့်အတိုင်း လိုအပ်သည်များကို ဖြည့်ဆည်းပေးပါလိမ့်မည်။ သင်သည် သြဇာအာဏာရှိသူများနှင့် အပြန်အလှန် ဆက်ဆံနေပါမည်။

ဦးတိုး(တက္ကသိလ)



www.burmeseclassic.com

www.burmeseclassic.com

# လူ့နတ်တို့ထက် မြင့်မြတ်သာလွန်ကာ အသက်ရှည်စွာ ချမ်းချမ်းသာသာ နေရသူများ

**ဗြဟ္မာလေးမျိုး၊ ဗြဟ္မာဘုံနှစ်ဆယ် ရှိသည်။ တစ်ဆင့်ပြီးတစ်ဆင့် သာလွန်၍ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသည်။ ဗြဟ္မာဘုံ အဆင့်ဆင့်သို့ ရောက်စေသော အကျင့်များ။**



## ဗြဟ္မာ

"ဗြူမဟိ ပရိဝဇ္ဇတီတိ ဗြဟ္မာ" ဟု ကျမ်းဂန်လာသည်နှင့်အညီ ဈာန်အဘိညာဉ်ကို ရသည့်အတွက် အထက်ဗြဟ္မာဘုံတို့၌ အသက်ရှည်စွာ ချမ်းချမ်းသာသာ နေရခြင်း စသောဂုဏ်တို့ဖြင့် လူနတ်တို့ထက် မြင့်မြတ်သာလွန်သူများကို ဗြဟ္မာဟု ခေါ်သည်။

ရုပ်၊ နာမ် အကျင့်တရားတို့ကိုလိုက်၍ ဗြဟ္မာအမျိုးလေးပါး ခွဲခြားနိုင်သည်။ (၁) ရုပ်နာမ်နှစ်ပါးလုံးရှိသော ရူပဗြဟ္မာမျိုး။ (၂) နာမ်သက်သက်သာရှိသော အရူပဗြဟ္မာမျိုး။ (၃) ရုပ်သက်သက်သာရှိသော အသညသတ် ဗြဟ္မာမျိုး။ (၄) အရိယာ သက်သက်သာရှိသည့် သုဒ္ဓါဝါသ ဗြဟ္မာမျိုးဟူ၍ ဖြစ်သည်။

ယင်းဗြဟ္မာ (၄) မျိုးတို့ နေထိုင်ရာဘုံ ၂၀ ရှိသည်။ ရူပဗြဟ္မာ၊ အသညသတ်ဗြဟ္မာ၊ သုဒ္ဓါဝါသဗြဟ္မာတို့ နေထိုင်ရာ ရူပဝစရ ဗြဟ္မာ့ဘုံ ၁၆ ဘုံ ရှိ၍ အရူပဗြဟ္မာတို့ နေထိုင်ရာ အရူပဝစရ ဗြဟ္မာ့ဘုံ လေးဘုံ ရှိသည်။

ရူပဝစရ ၁၆ ဘုံ၌ ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံတည်းဟူသော ပထမဈာန် သုံးဘုံ၊ ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘဿရာဘုံတည်းဟူသော ဒုတိယဈာန် သုံးဘုံ၊ ပရိတ္တသုဘာဘုံ၊ အပ္ပမာဏသုဘာဘုံ၊ သုဘကိဏှာဘုံတည်းဟူသော တတိယဈာန် သုံးဘုံ၊ ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊ အဝိဟာ ဗြဟ္မာဘုံ၊ အတပ္ပါဗြဟ္မာဘုံ၊ သုဒဿာဗြဟ္မာဘုံ၊ သုဒဿီဗြဟ္မာဘုံ၊ အကနိဋ္ဌဗြဟ္မာဘုံတည်းဟူသော စတုတ္ထဈာန် ခုနစ်ဘုံတို့ ပါဝင်သည်။ အရူပဝစရ လေးဘုံတွင် အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာ ယတနဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝသညာနာ သညာယတနဘုံတို့ ပါဝင်သည်။

ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံနှင့် မဟာ



www.burmeseclassic.com

www.burmeseclassic.com

ပြဟ္မာဘုံ ဟူသည့် ဘုံ သုံးဘုံကို ပထမစျာန်ရသော ပြဟ္မာတို့ နေရာဘုံဖြစ်သောကြောင့် ပထမစျာန်ဘုံဟု ခေါ်၏။ သုံးဘုံ စလုံး ဘုံတစ်ပြင်တည်း တည်သည်။ ပထမစျာန် ဘုံသည် ပရိနိမ္မိတဝသဝတ္တီနတ်ပြည်မှ ယူဇနာ ၅၅ဝဝဝဝဝ ခြားကွာ၍ လူ့ပြည်မှ ယူဇနာ ၅၇၆ဝဝဝဝ ဝေးကွာရာအရပ်၌ အထူးထူးသော ရတနာရောင်တို့ဖြင့် တပြောင်ပြောင် တောက်ပလျက် တစ်ခဲနက် ပျံ့ပျူးစွာသော ရတနာအပြင်၌ ပဒေသာပင်၊ ဥယျာဉ်၊ ရေကန် စသည်တို့ဖြင့် ရှုသာတင့် တယ်ဖွယ်ရာ လျောက်ပတ်သော ဘုံနန်းပြာသာဒ်တို့ဖြင့် တည်ကုန်၏။ မဟာပြဟ္မာဘုံ၌ မဟာပြဟ္မာဟုခေါ်သော ပြဟ္မာမင်းတစ်ပါးတည်း ရှိဟန်တူသည်။ ပြဟ္မဇာလသုတ်၌ "ကမ္ဘာတည်သည့်အခါ မဟာပြဟ္မာတစ်ယောက်တည်း ရှေးဦးစွာဖြစ်၍ ထိုမဟာပြဟ္မာ၏ တောင့်တချက်ဖြင့် အောက် လက်ငယ်သား ပြဟ္မာများ ရောက်လာသည်"ဟု ဆို၏။ ပြဟ္မပါရိသဇ္ဇာဘုံတွင် မဟာပြဟ္မာမင်း၏ ပရိသတ်ဖြစ်သော လက်ပါးစေ ပြဟ္မာငယ်များ နေထိုင်သည်။ ပြဟ္မပုရောဟိတာဘုံ၌ မဟာပြဟ္မာမင်း၏ ပုရောဟိတ်အရာ၌ တည်သော ပြဟ္မာများ နေထိုင်သည်။

မဟာပြဟ္မာ၏ သက်တမ်းသည် အသင်္ချေယျတစ် ကပ်ရှည်သည်။ ပြဟ္မပုရောဟိတာဘုံမှ ပြဟ္မာတို့၏ သက် တမ်းသည် အသင်္ချေယျကပ် ထက်ဝက်ရှည်၍၊ ပြဟ္မပါရိ သဇ္ဇာဘုံမှ ပြဟ္မာတို့၏ သက်တမ်းသည် အသင်္ချေယျကပ် သုံးစုတစ်စု ရှည်သည်။ ပထမစျာန် သုံးဘုံစလုံး၌ နေထိုင် ကြသော ပြဟ္မာများသည် တိဟိတ်ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ် များချည်း ဖြစ်ကြသည်။ ကာသိုဏ်း ၁ဝ ပါး၊ အသုဘ ၁ဝ ပါး၊ ကာယဂတာသတိ၊ အာနာပါနသတိ ဟူသော အနုဿ တိ ၂၂ ပါး၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာဟု ဆိုအပ်သော ပြဟ္မဝိဟာရ ၃ ပါး၊ ဤ ၂၅ ပါးသော ကမ္မဋ္ဌာန်းတရားတို့ တွင် တစ်ပါးပါးသော ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းပွားများ အား ထုတ်ခြင်းဖြင့် ပထမစျာန်ဘုံသို့ ရောက်နိုင်၏။ ထိုရောက် ကြောင်းအကျင့်ဖြစ်သော ပထမစျာန်ကို ယုတ်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် နည်းသော အာနုဘော်ရှိအောင် ပွားစေသည်ရှိသော် ပြဟ္မာပါရိသဇ္ဇာဘုံ၌ အလတ်ဖြစ်သော ဆန္ဒ စသည်ဖြင့် မြတ်သောအာနုဘော်ရှိအောင် ပွားစေသည်



ရှိသော် မဟာပြဟ္မာဘုံ၌ဖြစ်၏။ ပထမစျာန်ဘုံ ပြဟ္မာကြီး တို့သည်ကား အာဒိနဝ ကာမချမ်းသာနှင့်တကွ နီဝရဏတ ရားတို့ကို ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာစျာန်အင်္ဂါ ငါးပါးတို့ဖြင့် တားဆီးပယ်ခွာလျက် စျာန်ချမ်းသာကို ကောင်း စွာခံစားကြလေကုန်၏။ ပြဟ္မာကြီးတို့၏ စည်းစိမ်သုခတို့မှာ လူနတ်တို့ စည်းစိမ်သုခတို့နှင့်ဆစ၍တောက်လျှင် မနှိုင်းသာ အောင် ကွာလွန်ထွက်မြတ်လှသည်။

ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘဿရာဘုံ ဟူသော သုံးဘုံကို ဒုတိယစျာန်ဘုံဟု ခေါ်သည်။ ယင်း သုံးဘုံစလုံးလည်း ကောင်းကင်တစ်ပြင်တည်း၌ တည်သည်၊ ပထမစျာန် သုံးဘုံမှ အထက်သို့ ယူဇနာ ၅၅ဝဝဝဝဝ ကွာ သော ကောင်းကင်၌ ပထမစျာန်ဘုံတို့ကဲ့သို့ တည်၏ ထိုဒုတိယစျာန်ဘုံ၌ အာဘဿရ ပြဟ္မာသည် ပြဟ္မာမင်း ဖြစ်သည်။ အပ္ပမာဏာပြဟ္မာတို့သည် ပထမစျာန်ဘုံမှ ပါရိ သဇ္ဇပြဟ္မာတို့ကဲ့သို့ အလုပ်အကျွေး ပြဟ္မာများ ဖြစ်သည်၊ ပရိတ္တာဘာ ပြဟ္မာတို့သည် အသက် နှစ်ကမ္ဘာရှည်သည်၊ အပ္ပမာဏာပြဟ္မာတို့သည် အသက်လေးကမ္ဘာရှည်သည်။ အာ



www.burmeseclassic.com

www.burmeseclassic.com

ဘာသရပြဟ္မာတို့သည် အသက် ရှစ်ကမ္ဘာရှည်သည်ဟု ဆိုသော်လည်း ကမ္ဘာတည်ပုံ ပျက်ပုံနှင့် ထောက်သော် ခုနစ်ကမ္ဘာနှင့် အသချေ်ယျ နစ်ကပ်ရှည်သည်။ ပရိတ္တာဘာဘုံမှ ပြဟ္မာတို့၏ အရောင်အဝါတို့သည် အသင့်အတင့်ရှိ၍ အပ္ပမာဏာဘာဘုံမှ ပြဟ္မာတို့၏ အရောင်အဝါသည် များပြတ်ပြီးလျှင် အာဘဿရာဘုံမှ ပြဟ္မာတို့၏ အရောင်အဝါသည် ညခင်းဆည်းဆာ၌ ကောင်းစွာလောင်အပ်သော တန်ဆောင်းမှ ပြက်လျက်ထွက်သော မီးလျှံအရောင်ကဲ့သို့ ထိုထိုကိုယ်အရပ်မှ ပြက်လျက် ပြက်လျက် ထွက်သည်။ ကသိုဏ်း ၁၀ ပါး၊ အာနာပါနဿတိ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာအားဖြင့် ဗြဟ္မဝိဟာရ သုံးပါး။ ဤ ၁၄ ပါးသော ကမ္မဋ္ဌာန်းတို့တွင် တစ်ပါးပါးသော ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သဖြင့် ရအပ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဈာန် အင်္ဂါလေးပါးရှိသော ဒုတိယဈာန်သည်လည်းကောင်း။ ယခင် ကမ္မဋ္ဌာန်းကိုပင် အားထုတ်၍ ရအပ်သော ပီတိ၊ သုခ၊ ဧကဂ္ဂတာဈာန်အင်္ဂါ သုံးပါးရှိသော တတိယဈာန်သည်လည်းကောင်း။ တစ်နည်းကား ပီတိ၊ သုခ၊ ဧကဂ္ဂတာဈာန်အင်္ဂါ သုံးပါးရှိသော ဒုတိယဈာန်သည်လည်းကောင်း၊ ဒုတိယဈာန် သုံးဘုံသို့ရောက်ကြောင်း အကျင့်ဖြစ်သည်။ ဒုတိယဈာန်ဘုံ ပြဟ္မာတို့၏ စည်းစိမ်သုခတို့သည် ပဌမဈာန်ဘုံ ပြဟ္မာတို့၏ စည်းစိမ်သုခတို့ထက် ဝိတက်ဝိစာရဟူသော ရန်ရှင်းသော ဈာန်အင်္ဂါကို စွန့်ခွာပြီးသည်ဖြစ်၍ သာလွန်ထက်မြတ်ပေသည်။ ယင်းဘုံများနေ ပြဟ္မာကြီးများသည် တိဟိတ်ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ်များချည်း ဖြစ်ကြသည်။

မလှုပ်မယှက် တစ်ခဲနက် တောက်ပသော ကိုယ်ရောင်ရှိသည့် ပြဟ္မာကြီးများ နေထိုင်ရာ ပရိတ္တသုဘာဘုံ၊ အပ္ပမာဏသုဘာဘုံ၊ သုဘကိဏှာဘုံ သုံးဘုံကို တတိယဈာန်ဘုံဟု ခေါ်သည်။ တတိယဈာန်ဘုံတို့သည် ဒုတိယဈာန်ဘုံမှ အထက်ယူဇနာ ၅၅၀၀၀၀၀ ခြား ကွာသော ကောင်းကင်၌ ပဌမဈာန်ဘုံ၊ ဒုတိယဈာန်ဘုံတို့ နည်းတူပင် တစ်ပြင်တည်း တည်သည်။ ပရိတ္တသုဘာဘုံက ပြဟ္မာထက် အပ္ပမာဏသုဘာဘုံက ပြဟ္မာက၊ အပ္ပမာဏသုဘာဘုံက ပြဟ္မာထက် သုဘကိဏှာပြဟ္မာက အရောင်အဝါ ပိုမိုတောက်ပသည်။ ပရိတ္တသုဘာဘုံမှ ပြဟ္မာတို့၏ သက်တမ်းသည် ၁၆ ကမ္ဘာရှည်၍ အပ္ပမာဏသုဘာဘုံမှ ပြဟ္မာတို့၏ သက်တမ်းသည် ၃၂ ကမ္ဘာရှည်သည်။ သုဘကိဏှာဘုံမှ ပြဟ္မာသက်တမ်းသည် ၆၄ ကမ္ဘာရှည်သည်ဟု ဆိုသော်လည်း တတိယဈာန် သုံးဘုံသည် ဝိဝဋ္ဋကပ် အလယ်မှ စတည်၍ သံဝဋ္ဋကပ် ၆၄ ကမ္ဘာအပါအဝင် သံဝဋ္ဋကပ် ဆုံးခန်းတွင် ပျက်သောကြောင့် သုဘကိဏှာပြဟ္မာတို့၏ အသက်သည် ၆၄ ကမ္ဘာလုံးလုံး မပြည့်၊ ၆၃ ကမ္ဘာနှင့် အသချေ်ယျ နစ်ကပ်ကျော်သာ ရှိသည်ဟု သိအပ်သည်။ အထက်၌ ဖော်ပြခဲ့သော ၁၄ ပါးသော ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းသဖြင့် ရအပ်သော သုခ၊ ဧကဂ္ဂတာ အင်္ဂါနှစ်ပါးရှိသော စတုတ္ထဈာန်သည် တစ်နည်းကား သုခ၊ ဧကဂ္ဂတာ အင်္ဂါနှစ်ပါးရှိသော တတိယဈာန်သည် တတိယဈာန်ဘုံသို့ ရောက်ကြောင်း အကျင့်ဖြစ်သည်။ တတိယဈာန်ပြဟ္မာတို့၏ စည်းစိမ်သုခတို့သည် ဒုတိယဈာန်ပြဟ္မာတို့၏ စည်းစိမ်သုခတို့ထက် ဝိတက် ဝိစာရ ပီတိဟူသော ရန်ရှင်းသော ဈာန်အင်္ဂါကို ပယ်ခွာလျက် တည်ကြည်ငြိမ်သက်သော သုခဧကဂ္ဂတာဈာနသုခဖြစ်၍ သာလွန်၍ ထွတ်မြတ်ကုန်၏။

သညာစေတသိက် စသော စိတ်စေတသိက် မရှိဘဲ ရုပ်ခန္ဓာကြီးသာ ရှိသည့် ပြဟ္မာတို့နေရာ အသညသတ်ဘုံ၊ ပြန့်ပြောကြီးမားသော အကျိုးရှိသော ပြဟ္မာတို့ နေရာ ဝေဟပ္ဖိုလ်ဘုံ၊ စင်ကြယ်သော ပုဂ္ဂိုလ်တို့၏ နေရာ သုဒ္ဓါဝါသ ငါးဘုံတို့သည် စတုတ္ထဈာန်ဘုံဟု မည်၏။ သုဒ္ဓါဝါသ ငါးဘုံသည်ကား အနည်းငယ်သော ကာလဖြင့် မိမိနေရာဌာနကို မစွန့်သော ပြဟ္မာတို့၏နေရာ အဝိဟာဘုံ၊ ဈာန်ချမ်းသာ၊ ဖိုလ်ချမ်းသာတို့ကို ခံစားသဖြင့် ရောင့်ရဲခြင်းမရှိသော ပြဟ္မာတို့၏နေရာ အတပ္ပါဘုံ၊ ကောင်းသော ရှုမြင်ခြင်းဖြင့် ရှုမြင်အပ်သော ပြဟ္မာတို့၏နေရာ သုဒဿာဘုံ၊ ထိုထိုတရားတို့ကို ကောင်းစွာရှုလေ့ရှိသော ပြဟ္မာတို့နေရာ သုဒဿီဘုံ၊ ယုတ်နိမ့်သော အဖြစ်မရှိ မြတ်ထွတ်သော အဖြစ်သို့သာ ရောက်သော ပြဟ္မာတို့၏နေရာ အကနိဋ္ဌဘုံတို့ဖြစ်သည်။ အသညသတ်ဘုံနှင့် ဝေဟပ္ဖိုလ်ဘုံတို့သည် တတိယဈာန် (၃) ဘုံမှ အထက်သို့ ယူဇနာ ၅၅၀၀၀၀၀ ခြားကွာရာ ကောင်းကင်၌



www.burmeseclassic.com

www.burmeseclassic.com

တစ်ပြင်တည်း တည်၏။ သုဒ္ဓါဝါသ ငါးဘုံကား အသညသတ်ဘုံ၊ ဝေဟပ္ဖိုလ်ဘုံတို့မှ အထက်သို့ ယူဇနာ ၅၅၀၀၀၀၀ စီ ခြားကွာရာအရပ်၌ အစဉ်အတိုင်း အဆင့်ဆင့် တည်ကြကုန်သည်။ အသညသတ်ဘုံနှင့် ဝေဟပ္ဖိုလ်ဘုံတို့မှ ဗြဟ္မာများ၏ သက်တမ်းသည် ကမ္ဘာ ၅၀၀ ရှည်၏။ သုဒ္ဓါဝါသ ၅ ဘုံရှိ ဗြဟ္မာများသည် ကမ္ဘာ ၁၀၀၀၊ ၂၀၀၀၊ ၄၀၀၀၊ ၈၀၀၀၊ ၁၆၀၀၀ အသီးသီး အသက်ရှည်ကြသည်။

ကသိုဏ်း ၁၀ ပါး၊ အာနာပါနဿတိ၊ ဥပေက္ခာဗြဟ္မ ဝိဟာရအားဖြင့် ၁၂ ပါးသော ကမ္မဋ္ဌာန်းတို့တွင် တစ်ပါးပါးသော ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သဖြင့် ရအပ်သော ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ပဥ္စမဈာန်သည် တစ်နည်းကား ဥပေက္ခာ၊ ဧကဂ္ဂတာ ဟု ဆိုအပ်သော စတုတ္ထဈာန်သည် ဝေဟပ္ဖိုလ်ဘုံသို့ ရောက်ကြောင်း အကျင့်ဖြစ်၏။ သာသနာတော်မှ တစ်ပါးသော အမှုအယူ အကျင့်ရှိသော တိတ္ထိတို့ ကျောင်း၌ ရဟန်းပြုပြီးလျှင် နာမ်တရား၌ အပြစ်ကိုမြင်၍ ကသိုဏ်း ၁၀ ပါးတွင် ဝါယောကသိုဏ်း၌ စီးဖြန်း၍ ရအပ်သော ဥပေက္ခာ၊ ဧကဂ္ဂတာ ဟူသည့် အင်္ဂါ ၂ ပါးရှိသော ပဥ္စမဈာန်ကိုပင် တစ်နည်းကား စတုတ္ထဈာန်ကိုပင် သညာ၌ တပ်ခြင်းကင်းအောင် စီးဖြန်းခြင်းသည် အသညသတ်ဘုံသို့ ရောက်ကြောင်းအကျင့်ဖြစ်သည်။ အသညသတ်ဗြဟ္မာတို့သည် ပန်းချီဆေးရေး အရုပ်ကဲ့သို့ဖြစ်သည်။ ရပ်လျက်ဖြစ်သော ဗြဟ္မာတို့သည် ရပ်လျက်သာလျှင်နေသည်။ ထိုင်လျက်ဖြစ်သော ဗြဟ္မာတို့သည် ထိုင်လျက်သာလျှင်နေသည်။ လျောင်းလျက်ဖြစ်သော ဗြဟ္မာတို့သည် လျောင်းလျက်သာနေသည်။ အနာဂါမိဖိုလ်တွာန် ပုဂ္ဂိုလ်တို့သည်ကား ကသိုဏ်း ၁၀ ပါး၊ အာနာပါနဿတိ၊ ဥပေက္ခာဗြဟ္မဝိဟာရအားဖြင့် ၁၂ ပါးသော ကမ္မဋ္ဌာန်းတို့တွင် တစ်ပါးပါးသော ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သဖြင့် ဥပေက္ခာ၊ ဧကဂ္ဂတာ အင်္ဂါ နှစ်ပါးရှိသော ပဥ္စမဈာန်ကို တစ်နည်းကား ယင်းအင်္ဂါ နှစ်ပါးရှိသော စတုတ္ထဈာန်ကို ပွားစေ၍ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသည့် ဣန္ဒြေငါးပါး အားလျော်စွာ သဒ္ဓိန္ဒြေ လွန်ကဲသည်ဖြစ်အံ့။ အဝိဟာဘုံ၌ သတိန္ဒြေလွန်ကဲသည် ဖြစ်အံ့။ အတပ္ပါဘုံ၌ ဝီရိယိန္ဒြေ လွန်ကဲသည်ဖြစ်အံ့။ သုဒဿာဘုံ၌ သမာဓိန္ဒြေ လွန်ကဲသည်ဖြစ်အံ့။ သုဒဿီဘုံ၌ ပညိန္ဒြေ လွန်ကဲသည်ဖြစ်အံ့ အကနိဋ္ဌဘုံ၌ ဖြစ်ကုန်၏။

အသညသတ်ဘုံ၌ သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ် တစ်ယောက်သာ ဖြစ်သည်။ ဝေဟပ္ဖိုလ်ဘုံ၌ကား တိဟိတ် ပုထုဇဉ်တစ်ယောက်၊ အရိယာပုဂ္ဂိုလ် ရှစ်ယောက်ဖြစ်၏။ သုဒ္ဓါဝါသ ငါးဘုံ၌ အနာဂါမိဖိုလ်တွာန်၊ အရဟတ္တမဂ်တွာန် အားဖြင့် အရိယာပုဂ္ဂိုလ် သုံးယောက်စီ ဖြစ်သည်။

အထက်ပါ ရူပဝစရ ၁၆ ဘုံတို့ရှိ ခပ်သိမ်းသော ဗြဟ္မာတို့သည် ယောကျ်ားသဏ္ဌာန်သာ ရှိကုန်၏။ မိန်းမနိမိတ်၊ ယောကျ်ားနိမိတ် မရှိကုန်။ မျက်စိနားတို့သည် ရှိကုန်၏။ အဆင်းကိုမြင်ကုန်၏။ အသံကိုကြားကုန်၏။ နှာခေါင်းကားရှိ၏။ ဃာနပသာဒဝတ္ထု၊ ဃာနဝိညာဉ်တို့သည်ကား မရှိကုန်။ ထို့ကြောင့် အနံ့ကို မသိကုန်။ လျှပ်ရှားလူးလဲတတ်သော လျှာလည်းရှိ၏။ ထို့ကြောင့် ရယ်ရွှင်ခြင်းတို့လည်းရှိ၏။ တစ်စုံတစ်ခုသော အရသာကို မသိကုန်။ မခံကုန်။ မသောက်ကုန်။ ဈာန်ဖြင့် မွေ့လျော်ခြင်းသည်သာလျှင် ထိုဗြဟ္မာတို့အား အာဟာရသည်ဖြစ်၏။ လုံးလုံးလျောင်းလျောင်း မြင်စကောင်းသော ကိုယ်ကား ရှိ၏။ ပဌမဈာန် ဗြဟ္မာတို့မှတစ်ပါး ရူပဝစရဘုံမှ ဗြဟ္မာတို့သည် ခန္ဓာကိုယ် အငယ်အကြီး မရှိ။ တူမျှသည်ချည်းဖြစ်၏။ ပဌမဈာန် သုံးဘုံ ဗြဟ္မာတို့ကား ကိုယ်ရောင်ကိုယ်ဝါလည်း ထူးခြား၏။ ခန္ဓာကိုယ် အကြီးအငယ်လည်း ရှိ၏။ ရူပဝစရဘုံမှ ဗြဟ္မာတို့သည် လူများကဲ့သို့ ဆံ၊ အမွေး၊ ခြင်ဆီနှင့် အလုံးစုံ ရထိုက်သမျှ ကောဋ္ဌာသတို့ ရှိ၏။ ရပ်ကလာပ်တို့သည် သိမ်မွေ့နူးညံ့၏။ ဥပမာကား မိုးရွာအပြီး မြေကြီးမှထွက်သော အငွေ့ကို အကုန်စု၍ တံလျှပ်ရေကဲ့သို့ သိမ်မွေ့သောရေနှင့် ဆွတ်ဖျန်းလုံးထွေး၍ ထားအပ်သော အမိုးခဲကြီးကဲ့သို့လည်းကောင်း။ လျှပ်ရောင်များကို အကုန်စု၍ ထိုသိမ်မွေ့သောရေဖြင့် ဆွတ်ဖျန်းလုံးထွေး၍ ထားအပ်သော အရောင်ခဲကြီးကဲ့သို့လည်းကောင်း သိမ်မွေ့နူးညံ့နယ်၏။ ကာယပသာဒဝတ္ထု၊ ကာယဝိညာဉ်တို့သည်မူကား မရှိကုန်။ ထို့ကြောင့် တစ်စုံတစ်ခုသော အတွေ့ကို မသိကုန်။ ဤသို့ မသိလေငြားသော်လည်း ဝတ်သော ပုဆိုး၊ ရုံသောပုဆိုးတို့ကား ရှိကုန်၏။ ဗိမာန် အိပ်ရာနေရာတို့လည်း ရှိကုန်



www.burmeseclassic.com

www.burmeseclassic.com

၏။ ကျင်ကြီးကျင်ငယ်သွားသော မဂ်တို့လည်း မရှိကုန်။ ပြဟ္မာမိန်းမဟူ၍ မရှိ၊ မိန်းမ၏ အသွင်အပြင် သဏ္ဍာန်သည်လည်း မဟုတ်။ ကခြင်း၊ သီခြင်း စသည်တို့လည်း မရှိကုန်။ အချို့သော ပြဟ္မာတို့သည် အရိယပိဟာရဖြင့် နေကုန်၏။ အချို့သော ပြဟ္မာတို့သည် ဒိဗ္ဗပိဟာရဖြင့် နေကုန်၏။ အချို့မှကား ပြဟ္မာပိဟာရဖြင့် နေကုန်ကြ၏။

ရူပပြဟ္မာဘုံများ အထက်၌ အရူပ ပြဟ္မာ့ဘုံ လေးဆင့် ရှိသည်။ ဘုံဟု ဆိုရသော်လည်း စင်စစ်အားဖြင့် တကယ်ဘုံဗိမာန်ရှိတော့သည့် မဟုတ်။ ရုပ်ဟူသမျှကို စက်ဆုပ်ရွံ့မုန်းလှသဖြင့် နာမ်သက်သက်ရအောင် အားထုတ်ခဲ့သည့် အကျိုးကြောင့် ရုပ်မရှိ၊ နာမ်သာရှိသော ပြဟ္မာများနေရာ ဖြစ်သဖြင့် ရူပပြဟ္မာဘုံများ၌ကဲ့သို့ ဘုံဗိမာန် ရှိသည့် မဟုတ်ချေ။ အာကာသာနဉ္စာယတန ဝိပါက်စိတ်စေတသိက်ဖြင့် ပဋိသန္ဓေ စသည်လျက် အဆက်ဆက်ဖြစ်ပွားသော နာမ်ခန္ဓာ အစဉ်၏ ဖြစ်တည်ရာ ဝိညာဏဉ္စာယတနဘုံ၊ အာကိဉ္စညာယတန ဝိပါက်စေသိက်ဖြင့် ပဋိသန္ဓေစတည်လျက် အဆက်ဆက်ဖြစ်ပွားသော နာမ်ခန္ဓာအစဉ်၏ ဖြစ်တည်ရာ အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတန ဝိပါက်စေတသိက်ဖြင့် ပဋိသန္ဓေစတည်လျက် အဆက်ဆက်ဖြစ်ပွားသော နာမ်ခန္ဓာအစဉ်၏ ဖြစ်တည်ရာ နေဝသညာနာသညာယတန ဘုံခေါ် ဘဝဂ်တို့ကို အရူပပြဟ္မာ လေးဘုံဟု ခေါ်သည်။ တစ်ဘုံနှင့် တစ်ဘုံ ယူဇနာ ၅၅ဝဂဝဝဝ ခြားကွာ၍ အထက်အောက် တည်သည်။ ထို့ကြောင့် ဘဝဂ်သည် လူ့ပြည်မှ ယူဇနာ ၇၁ဂ၅၆ဝဝဝ ကွာဝေးသည်။ ယင်းဘုံ လေးဘုံစလုံး၌ပင် သောတာပဏ္ဏ မဂ္ဂဋ္ဌာန်ကြဉ်သော အရိယာ ခုနစ်မျိုးနှင့် တိဟိတ်ပုထုဇဉ်တို့သာ ရှိသည်။

အဆုံးအစမရှိသော ကောင်းကင်ပညတ်ကို "အနန္တော အာကာသော၊ အနန္တော အာကာသော"ဟု အဖန်ဖန် စီးဖြန်းသဖြင့် ရအပ်သော ဥပေက္ခာ၊ ဧကဂ္ဂတာ အင်္ဂါနှစ်ပါးရှိသော အာကာသာနဉ္စာယတနဈာန်သည် အာကာသာနဉ္စာယတနဘုံသို့ ရောက်ကြောင်း အကျင့်ဖြစ်သည်။ ယင်းဘုံမှ ပြဟ္မာတို့၏ သက်တမ်းသည် ကမ္ဘာ ၂ဝဝဝဝ ရှည်သည်။

အာကာသာနဉ္စာယတနကုသိုလ် ဝိညာဉ်ကို "ဝိညာဏံ အနန္တံ၊ ဝိညာဏံ အနန္တံ"ဟု အဖန်ဖန်စီးဖြန်းသဖြင့် ရအပ်သော ဝိညာဏဉ္စာယတနကုသိုလ်ဈာန်စိတ်သည် ဝိညာဏဉ္စာယတနဘုံသို့ ရောက်ကြောင်း အကျင့်ဖြစ်သည်။ ယင်းဘုံမှ ပြဟ္မာတို့၏ သက်တမ်းသည် ကမ္ဘာ ၄ဝဝဝဝ ရှည်သည်။

အာကာသာနဉ္စာယတန ပဌမာရုပ္ပဝိညာဉ်စိတ်၏ စိုးစဉ်းမျှ အကြွင်းမရှိသော နတ္ထိဘာဝပညတ်ကိုပင် "နတ္ထိကိဉ္စိ၊ နတ္ထိကိဉ္စိ"ဟု အဖန်ဖန် စီးဖြန်းသဖြင့် ရအပ်သော အာကိဉ္စညာယတနဈာန်သည် အာကိဉ္စညာယတနဘုံသို့ ရောက်ကြောင်းအကျင့် ဖြစ်သည်။ ယင်းဘုံမှ ပြဟ္မာတို့၏ သက်တမ်းသည် ကမ္ဘာ ၆ဝဝဝဝ ရှည်သည်။

အာကိဉ္စညာယတနဈာန်စိတ်ကို "သန္တမေတံ၊ ပဏီတမေတံ"ဟု အဖန်ဖန် စီးဖြန်းသဖြင့် ရအပ်သော နေဝသညာနာသညာယတနဈာန်သည် နေဝသညာနာသညာယတန ဘုံသို့ ရောက်ကြောင်း အကျင့်ဖြစ်သည်။ ယင်းဘုံမှ ပြဟ္မာတို့၏ သက်တမ်းသည် ကမ္ဘာ ဂဝဝဝဝ ရှည်သည်။

ပြဟ္မာဘုံ ၂ဝ ရှိသည့်အနက် မီးဖျက်သော ကမ္ဘာတွင် ပဌမဈာန်ဘုံအထိ ပျက်သည်။ ရေဖျက်သော ကမ္ဘာတွင် ဒုတိယဈာန်ဘုံတိုင်အောင် ပျက်သည်။ လေဖျက်သော ကမ္ဘာတွင် တတိယဈာန်ဘုံတိုင်အောင် ပျက်သည်။ စတုတ္ထဈာန် ခုနစ်ဘုံနှင့် အရူပ လေးဘုံတို့သည် မီး၊ ရေ၊ လေ၊ မဖျက်ဆီးနိုင်သော ပြဟ္မာ ၁၁ ဘုံ ဖြစ်သည်။ ပဌမဈာန် သုံးဘုံမှကား ကမ္ဘာပျက်တိုင်း မလွတ်သောကြောင့် မဟာကပ်တစ်ခုလုံး ပြည့်အောင် မတည်နိုင်သဖြင့် ပဌမဈာန် ပြဟ္မာတို့၏ အသက်ကို မဟာကပ်ဖြင့် မရေတွက်ဘဲ မဟာကပ်၏ လေးပုံ တစ်ပုံဖြစ်သော အသင်္ချေယျကပ်ဖြင့်သာ ရေတွက်အပ်ကြသည်။ ပြဟ္မာတို့၏ သက်တမ်းသည် ဖြစ်ရာဘုံတို့၏ သက်တမ်းဟု ဆိုသော်လည်း ကမ္ဘာတစ်ဝက်မှ၊ သို့မဟုတ် ပျက်ခါနီးမှရောက်မှု သက်တမ်းမစေ့ဘဲ စုတေကြရ၏။ ကမ္ဘာမပျက်သေးသော်လည်း ကံအရှိန်ကုန်လျှင် သက်တမ်းမစေ့ခင် စုတေကြရမည်သာ ဖြစ်သည်။

(မြန်မာ့စွယ်စုံကျမ်းမှ ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘာ့ငြိမ်းချမ်းရေး မဟာသီဝံကျင့်စဉ်

(မဒိးဝိရုဠ)

(က) သာသနဿစ လောကဿ
ဝုနီဘဝတု သဗ္ဗဒါ
သာသနမ္ပိစ လောကဉ္စ
ဒေဝါရက္ခန္တု သဗ္ဗဒါ။

(ခ) သဗ္ဗေဟာန္တု သုခီသဗ္ဗေ
ပရိဒါရေဟိ အတ္တနော
အနီဃာသုမနာဟောန္တု
သဟာသဗ္ဗေဟိ ဉာတိဘိ။

သာသနဿစ - သာသနာတော်၏လည်းကောင်း။ လောကဿစ - လူအပေါင်း၏လည်းကောင်း၊ သဗ္ဗဒါ - အခါခပ်သိမ်း။ ဝုနိ - စည်ပင်ပြန့်ပွားခြင်းသည်၊ ဘဝတု - ဖြစ်ပါစေသတည်း။ သာသနမ္ပိစ - သာသနာတော်မြတ်ကိုလည်းကောင်း။ လောကဉ္စ - လူအပေါင်းကိုလည်းကောင်း။ ဒေဝါ - နတ်တို့သည်၊ သဗ္ဗဒါ - အခါခပ်သိမ်း၊ ရက္ခန္တု - စောင့်ရှောက်မစစေကုန်သတည်း။

သဗ္ဗေ - ခပ်သိမ်းကုန်သောသတ္တဝါတို့သည်၊ အတ္တနော - မိမိ၏၊ ပရိဝါရေဟိ - အခြွေအရံတို့နှင့် သဒ္ဓိံ - အတူတကွ၊ သုခီ - ချမ်းသာခြင်းရှိကုန်သည်၊ ဟောန္တု - ဖြစ်စေကုန်သတည်း။ သဗ္ဗေဟိ - ခပ်သိမ်းကုန်သော၊ ဉာတိဘိ - အဆွအမျိုးတို့နှင့်၊ သဟ - တကွ၊ အနီဃာ - ဆင်းရဲမရှိကုန်သည်၊ သုမနာ - ဝမ်းမြောက်ကြကုန်သည်၊ ဟောန္တု - မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

## မဟာသီဝံကျင့်စဉ်

မဟာသီဝံသည် ကြီးမြတ်သော အေးငြိမ်းချမ်းသာခြင်းကို ခေါ်ပါသည်။ ဤကျင့်စဉ်သည် မေတ္တာဘာဝနာကျင့်စဉ်ဖြစ်သည်။ မဟာသီဝံကျင့်စဉ်ကို အရိုးကြေကြေ၊ အရေခန်းခန်း မလျှော့တမ်းဇွဲလုံ့လဖြင့် ကြိုးစားအားထုတ်ကြမည်ဆိုလျှင် ကိုယ်စိတ်နှစ်ဖြာ လွန်စွာအေးငြိမ်းချမ်းသာပြီး အောက်ဖော်ပြပါ အကျိုး ၁၁ မျိုးတို့ကိုလည်း မိမိတို့ ယခုမျက်



www.burmeseclassic.com

www.burmeseclassic.com

မှောက်ဘဝမှာပင် လက်တွေ့ခံစားလာကြရမည် ဖြစ်ပါသည်။

ငှင်းတို့မှာ -

၁။ ချမ်းသာစွာ အိပ်ရခြင်း
၂။ ချမ်းသာစွာ နိုးရခြင်း
၃။ အိပ်မက်ကောင်းများ မက်ခြင်း
၄။ လူအများတို့ ချစ်ခင်ကြခြင်း
၅။ နတ်များ ချစ်ခင်ကြခြင်း
၆။ ဘေးအန္တရာယ်များ မရောက်နိုင်အောင် နတ်တို့ကစောင့် ရှောက်ကြခြင်း
၇။ မီးမလောင်နိုင်၊ အဆိပ်ရှိသတ္တဝါများ မကိုက်နိုင်၊ ဓား၊ လှံ၊ သေနတ်စသော လက်နက်များ မသိရှိနိုင်
၈။ စိတ်ကောင်း၊ စိတ်မြတ်များ လျှပ်မြန်စွာတည်တံ့နိုင်ခြင်း
၉။ ကိုယ်သား၊ ကိုယ်ရေနှင့်တကွ မျက်နှာများ ကြည်လင်၍ လှပတင့်တယ်ခြင်း
၁၀။ မတွေဝေဘဲ ကြည်လင်စွာသေရခြင်း
၁၁။ ဥပစာရ အပ္ပနာ သမာဓိတို့ကို အခြေခံပြီး မဂ်ဖိုလ်သို့ ပေါက်ရောက်နိုင်စေခြင်း၊ မဂ်ဖိုလ်ကို မရသေးစေကာမူ သေပြီးနောက် ဗြဟ္မာပြည်သို့ ရောက်ရခြင်း။

ဤကား မဟာသီဝကျင့်စဉ် မေတ္တာအကျိုးများပေတည်း။

မဟာသီဝကျင့်စဉ်ကို ကျင့်ကြံပွားများလိုကြသော သူမြတ်အပေါင်းတို့သည် ကျင့်စဉ်စည်းကမ်းချက်များကို ရှေးဦးစွာသိရှိနားလည်ထားကြရန် လိုအပ်လှပေသည်။ လွယ်လင့်တကူ ပုတ်ယူနိုင်ရန် မဟာသီဝကျင့်စဉ်ကို ဖော်ပြပေအံ့။

### မဟာသိဝ စည်းကမ်းများ

၁။ ကျင့်စဉ်နေရာ
၂။ ကျင့်စဉ်နေ့
၃။ သူမြတ်ကျင့်ဝတ်
၄။ ကျင့်စဉ်အဆင့်နှင့်နေ့ရက်
၅။ ကျင့်စဉ်အချိန်နှင့် ပုတီးပတ်
၆။ ကျင့်စဉ်အစီအစဉ်
၇။ ကျင့်စဉ်အောင်ပွဲဟူ၍ ခုနစ်ချက်ရှိသည်။

ထိုစည်းကမ်း ခုနစ်ချက်တို့တွင် -

### ကျင့်စဉ်နေရာ

ကျင့်စဉ်နေရာသည် အရေးကြီး၏။ နေရာမသန့်ရှင်းပါက အနှောင့်အယှက်များ ဖြစ်ပေါ်တတ်သည်။ ကျင့်စဉ်နေရာကို စနစ်တကျ ပြုပြင်စီရင်ထားရမည်။

၁။ ကျင့်စဉ်နေရာသည် အနည်းဆုံး အလျား၊ အနံ ခုနစ်တောင်စီ ရှိရမည်။
၂။ ရာဇမတ်ထရံများ ကာထားရမည်။
၃။ သံ၊ ဆန် တစ်ခုခုကို အာဇ္ဇာနည်ယသုတ်ဖြင့် ခုနစ်ခေါက် ရွတ်ပါ။
၄။ ဝိ-သိ-ဓေ-က-ဇေါ စသည့် ဘုရားခုနစ်ဆူတို့ကို ပင့်ထားရမည်။ ရုပ်ပွားတော်မထားနိုင်က အာရုံပြု၍ ပင့်ထားပါ။
၅။ အနည်းဆုံး ငါးပါးသီလပဉ်ယူဘဲ နေရာတွင်းသို့ မဝင်စေရ။
၆။ ကြွက်မြီးပါ အုန်းသီးတစ်လုံး၊ ငှက်ပျောသုံးဖီး၊ အညွှန့် ခုနစ်ညွှန့်၊ ဆီမီး ခုနစ်တိုင်၊ နံ့သာ ခုနစ်တိုင်၊ ကွမ်း ခုနစ်ယာ၊ ဆေးလိပ် ခုနစ်လိပ်ပါဝင်သော တရားပွဲတော်တစ်ပွဲ ပူဇော်ထားရမည်။
၇။ ခုနစ်ရက်သားသမီးများကို အာရုံပြု၍ ညောင်ရေ ခုနစ်လုံး၊ ထီးဖြူ ခုနစ်လက်၊ တံခွန် ခုနစ်လုံး၊ အောင်လံ ခုနစ်ခု၊ ရေချမ်း ခုနစ်ခွက်၊ ဆီမီး ခုနစ်တိုင်၊ ဆွမ်းတော် ခုနစ်ပွဲ လှူဒါန်း ပူဇော်ထားရမည်။ ဘုရားခုနစ်ဆူ ရုပ်ပွားတော်များကို ပင့်ထား၍ တတ်နိုင်လျှင် အလယ်ဗဟို ဘုရားကို ခုနစ်လက်မ၊ ခုနစ်ပေ စသည်ဖြင့် ခုနစ်ကြောအောင် ထုလုပ်ပါ။ ပထမ လက်ယာ လက်ဝဲ နှစ်ပါးကို ခြောက်လက်၊ ခြောက်ပေ စသည်ဖြင့် တစ်လက်မ၊ တစ်ပေ လျှော့၍ ထုလုပ်ပါ။ ဒုတိယ လက်ယာ၊ လက်ဝဲနှစ်ပါးကို ငါးလက်မ၊ ငါးပေ စသည်ဖြင့် ဗဟိုနှ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားအောက် နှစ်လက်မ၊ နှစ်ပေ လျှော့၍ လည်းကောင်း ပထမလက်ယာ၊ လက်ဝဲ ဘုရား အောက် တစ်လက်မ၊ တစ်ပေ လျှော့၍လည်း ကောင်း ထုလုပ်ပါ။ တတိယလက်ယာ၊ လက်ဝဲ နှစ်ပါးကို လေးလက်မ၊ လေးပေ စသည်ဖြင့် ဗဟိုရှိဘုရားအောက် သုံးလက်မ၊ သုံးပေ လျှော့၍လည်းကောင်း၊ ဒုတိယ လက်ယာ၊ လက်ဝဲ ဘုရားအောက် တစ်လက်မ၊ တစ်ပေ လျှော့၍လည်းကောင်း ထုလုပ်ပါ။ ပြီးလျှင် ဘုရားရှင်အမည်တော်များကို အစဉ်အတိုင်း ရေးထိုးပြီး ပင့်ထားပါ။

## ဘုရားရှင်၏ အမည်တော်များ

၁။ အလယ်ဗဟိုရှိဘုရားကို ဝိပဿီမြတ်စွာဘုရား

၂။ ပထမလက်ယာဘုရားကို သိခီမြတ်စွာဘုရား

၃။ ပထမလက်ဝဲဘုရားကို ဝေဿဘူမြတ်စွာဘုရား

၄။ ဒုတိယလက်ယာဘုရားကို ကကုသန်မြတ်စွာ ဘုရား

၅။ ဒုတိယလက်ဝဲဘုရားကို ကောဏာဂုံမြတ်စွာ ဘုရား

၆။ တတိယလက်ယာဘုရားကို ကဿပမြတ်စွာ ဘုရား

၇။ တတိယလက်ဝဲဘုရားကို ဂေါတမမြတ်စွာဘုရား ဟူ၍ အသီးသီး အမည်တော်များ ရေးထိုးတပ်ဆင်ထားပါ။

ညောင်ရေ ခုနစ်လုံးတွင် နေ့နံသင့် အညွန့်တို့ကိုရှာ၍ ခုနစ်ညွန့်စီထိုးလျက် ထီးဖြူ၊ တံခွန်၊ အောင်လံတို့ကို တစ်ခုစီ စိုက်ထားပါ။ ဆွမ်းတော်ကို နံနက်အချိန်သာကပ်လှူ၍ တတ်နိုင်ပါက ညနေတွင် အဖျော်ယမကာများလှူဒါန်းပါ။

ညောင်ရေ ခုနစ်လုံးစသည်တို့ကို လှူသည့်အခါ ဘုရား၏ လက်ယာမှ မင်္ဂအစဉ်အတိုင်း -

တနင်္ဂနွေသားသမီးများ ကျန်းမာချမ်းသာကြပါစေဟု စသည်ဖြင့် ဆို၍လှူပါ။

## ကျင့်စဉ်နေ့

ကျင့်စဉ်ကို စတင်၍ ကျင့်ကြံပွားများမည့် နေ့ကောင်း ရက်မြတ်ကို သီးခြားရွေးချယ်သတ်မှတ်ထားသည့် နေ့၌သာ စတင်၍ ကျင့်ရမည်။ တခြားနေ့များ၌ မကျင့်ရ။

ဤမဟာသီဝံကျင့်စဉ်သည် ခုနစ်နေ့သားသမီးများတို့ ကိုသာ အဓိကထား၍ ကျင့်ရသော လမ်းစဉ်ဖြစ်သောကြောင့် ခုနစ်နေ့တို့တွင် တနင်္ဂနွေနေ့သည် နေဦးနေ့များဖြစ်နေသဖြင့် ဤတနင်္ဂနွေ တစ်နေ့တည်းကိုသာ ကျင့်စဉ်နေ့အဖြစ် ရွေးချယ်သတ်မှတ်ထားသည်။ မည်သည့်နေ့သားပဲဖြစ်ဖြစ် ဤ တနင်္ဂနွေနေ့မှသာ စ၍ကျင့်သွားရမည်။ မိမိသဘောအတိုင်း မကျင့်ရပါ။

## သူမြတ်ကျင့်ဝတ်

ကျင့်စဉ်ကို ကျင့်ကြံပွားများမည့် သူမြတ်ပုဂ္ဂိုလ်သည် အောက်ဖော်ပြပါ သူမြတ်ကျင့်ဝတ်သိက္ခာတို့ကို လိုက်နာရ မည်။

၁။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာနေခြင်း

၂။ ကိုယ်ခန္ဓာသန့်ရှင်းနေခြင်း

၃။ ရဟန်းတော်များမှာ နေ့စဉ်ဒေသနာကြား၍ လူ တို့မှာ အာဇီဝဋ္ဌမက သီလမြဲနေခြင်း

၄။ သန့်ပြန့်သော အဝတ်ကိုဝတ်ဆင်ခြင်း

၅။ ငပဋ္ဌာသုတ်နှင့် ဖေဟိမေတ္တဂါထာတို့ဖြင့် ခုနစ် ကြိမ်စီရွတ် ထားသော ရေကိုသောက်ချိုးရမည်

၆။ သစ္စာ ခုနစ်ချက် ခံထားခြင်း

၇။ ကျင့်စဉ်ကျင့်နေစဉ် မည်သည့်အနှောင့်အယှက် မဆို တွေ့သော်လည်း မလှုပ်မရှား တည်ငြိမ်စွာ နေရခြင်း

၈။ မသန့်ရှင်းသော နေရာတို့၌ မနေထိုင်ရ

၉။ ကိုယ်စိတ်နှလုံး အသန့်ရှင်းဆုံးဖြစ်အောင် ထိန်း သိမ်းထားခြင်း

ဤသည်ကား သူမြတ်ကျင့်ဝတ်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ကျင့်စဉ်အဆင့်နှင့် နေ့ရက်

သူမြတ်ပုဂ္ဂိုလ်တို့သည် မလျော့သော ဇွဲလုံ့လဖြင့် ကျင့်ကြံပွားများကြမည့် ကျင့်စဉ်အဆင့်နှင့် နေ့ရက်တို့သည် အား -

၁။ ကျင့်စဉ် ပထမအဆင့် ၇ ရက်
၂။ ကျင့်စဉ် ဒုတိယအဆင့် ၁၄ ရက်
၃။ ကျင့်စဉ် တတိယအဆင့် ၂၁ ရက်
၄။ ကျင့်စဉ် စတုတ္ထအဆင့် ၂၈ ရက်
၅။ ကျင့်စဉ် ပဉ္စမအဆင့် ၃၅ ရက်
၆။ ကျင့်စဉ် ဆဋ္ဌမအဆင့် ၄၂ ရက်
၇။ ကျင့်စဉ် သတ္တမအဆင့် ၄၉ ရက်

မှာ၍ ခုနစ်ဆင့် ရှိပါသည်။ ကျင့်စဉ်ကျင့်မည့်သူမြတ်သည် မိမိကျင့်ကြံမည့်အချိန်နှင့် ပုတီးပတ်တို့ကိုလည်း နားလည်ထားရမည်။ ကျင့်ချင်သလို မကျင့်ရဘဲ သတ်မှတ်ထားသော အချိန်၌သာ ကျင့်ရမည်။ ကျင့်စဉ်အချိန်ကို တစ်နေ့လျှင် သုံးချိန် သတ်မှတ်ထားသည်။

ပထမအချိန်ကို နံနက်မိုးသောက် အာရုံတက်အချိန်ကို ရွေးချယ်ရသည်။ ဒုတိယအချိန်ကို နေ့လယ် မွန်းတည့်မတ်အချိန်ကို ရွေးချယ်ရမည်။ တတိယအချိန်ကို ညနေ နေဝင်စအချိန်ကို ရွေးချယ်ရမည်။ ပုတီးပတ်မှာ တစ်ချိန်လျှင် အနည်းဆုံး ၂၇ ပတ်စိပ်ရမည်။ ၂၇ ပတ်ထက် မလျော့ရ။ ပို၍စိပ်နိုင်၊ ပွားနိုင်လျှင် အာနိသင်အလွန်ရှူးရှမည်။

## ကျင့်စဉ်အစီအစဉ်

သူမြတ်အပေါင်းတို့ ကျင့်စဉ်ကို ကျင့်ကြံပွားများနိုင်ကြရန် ကျင့်စဉ်အစီအစဉ်များကို ဖော်ပြပါမည်။

၁။ ဘုရားနေရာတော်ခင်းရန်
၂။ ဘုရားများပင့်ရန်
၃။ ပစ္စည်းများလှူဒါန်းရန်
၄။ ရှိခိုးဝတ်ပြုရန်
၅။ ဖိတ်ခေါ်တိုက်တွန်းရန်
၆။ ဘုရားခုနစ်ဆူစက်ပရိတ်ရွတ်ရန်
၇။ ကျင့်စဉ်ဝင်ရန်
၈။ ဆင်ခြင်ပွားများရန်

## ဘုရားနေရာတော်ခင်းရန်

အစိန္တေယျ အစိန္တေယျ အပ္ပမေယျ အပ္ပမေယျ သေဋ္ဌဇေဋ္ဌ အတုလပရမံဘဂဝါ သမ္မာ သမ္ဗုဒ္ဓ သုံးလောကထွတ်ထား မြတ်စွာဘုရားတို့၏ စံစားတည်နေတော်မူရာ ပန်းရန့်စုံ အထုံဂန္ဓာတို့ဖြင့် နေရာတော်ခင်းထားပါကြောင်း ညွတ်ပြောင်းရိုကျိုး လက်စုံမိုး၍ ရှိခိုးနားတော် လျှောက်ဝံ့ပါသည် သုံးလောက ဓိပတိငါးမာန်အောင် ဇိနော်မြတ်ဘုန်းမော်တို့ဘုရား၊ ဘုရားဟု ဆို၍ နေရာခင်းပါ။

## ဘုရားခုနစ်ဆူ ပင့်ရန်

(က) ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ကိုးဆယ့်တစ်ကမ္ဘာ၌ ပွင့်တော်မူသော "ဝိပဿီ" အမည်တော်ရှိသော မြတ်စွာဘုရားအားလည်းကောင်း။

(ခ) ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော သုံးဆယ့်တစ်ကမ္ဘာထက်၌ ပွင့်တော်မူသော "သိခီ" အမည်ရှိသော မြတ်စွာဘုရားရှင်အားလည်းကောင်း။

(ဂ) ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ၊ တန်ခိုးတော်အနန္တတို့ ပြည့်စုံတော်မူသော သုံးဆယ့်တစ်ကမ္ဘာထက်၌ ပွင့်တော်မူသော "ဝေဿဘူ" အမည်တော်ရှိသော မြတ်စွာဘုရားရှင်အားလည်းကောင်း။

(ဃ) ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဤဘဒ္ဒကမ္ဘာအတွင်း၌ ပွင့်တော်မူသော "ကကုသန်" အမည်တော်ရှိတော်မူသော မြတ်စွာဘုရားရှင်အားလည်းကောင်း။

(င) ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဤဘဒ္ဒကမ္ဘာအတွင်း၌ ပွင့်တော်မူသော "ကောဏာဂုံ" အမည်တော်ရှိသော မြတ်စွာဘုရားရှင်အားလည်းကောင်း။

(စ) ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဤဘဒ္ဒကမ္ဘာအတွင်း၌ ပွင့်တော်မူသော "ကဿပ" အမည်ရှိတော်မူသော မြတ်စွာဘုရားရှင်အားလည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com

(ဆ) ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဤဘဒ္ဒကမ္ဘာအတွင်း၌ ပွင့်တော်မူသော "ဂေါတမ" အမည်ရှိတော်မူသော မြတ်စွာဘုရားရှင်အားလည်းကောင်း

ဘုရားတပည့်တော်သည် တပည့်တော်နှင့်တကွ ခုနစ်ရက်သားသမီးများကို သွန်သင်ပြသ ဆိုဆုံးမတော်မူ၏။ စောင့်ရှောက်ကယ်မပေးတော်မူပါရန် ရိုသေစွာဖြင့် ပင့်လျှောက်ပံ့ပါသည်။ ရှေ့စက်တော်လှမ်း၍ ကြွမြန်းတော်မူလာကြပါ ဘုရား။

## ပစ္စည်းများ လှူဒါန်းရန်

ဂုဏ်ကိုးပါးသခင် ထိပ်တင်ဘုရား တပည့်တော်သည် ခုနစ်ရက်သားသမီးများတို့ ကျန်းမာချမ်းသာစေရန် ရည်သန်၍ ပြုလုပ်ထားသော ညောင်ရေ ခုနစ်လုံး၊ ရေချမ်း ခုနစ်ခွက်၊ ဆွမ်းတော် ခုနစ်ပွဲ၊ ဆီမီး ခုနစ်တိုင် စသော လှူဖွယ်ဝတ္ထုအစုစုများကို သနားကြည်ဖြူလက်ခံခြင်း ဖြစ်တော်မူပါဘုရား။

## ကျင့်စဉ်ဝင်ရန်

ကျင့်စဉ်ကို ကျင့်မည့်သူတော်စင်သည် ရေတစ်ခွက်ကို ဘုရားရှေ့တွင်ချ၍ လက်အုပ်ချီပြီးလျှင် ဤသို့ကျင့်စဉ်ဝင်ရမည်ကို ဂုဏ်သခင်ကျွန့်ထိပ်တင် ဘုရားတပည့်တော် (ဘယ်နေ့သား)သည် ဤတနင်္ဂနွေနေ့မှစ၍ (ဘယ်နေ့)အထိ ကျင့်စဉ် (ကျင့်စဉ်မည်သည့်အထိ)ကို ဝင်ပါမည်။ နေ့စဉ်နေ့တိုင်း အချိန်သုံးချိန်တွင် တစ်ချိန်လျှင် ပုတီး ၂၇ ပတ်ကျစီ အဆင့်အစီအစဉ်အတိုင်း မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများပါမည်။ ဘုရားတပည့်တော်သည် ကျင့်စဉ်ကာလအတွင်း မည်သည့် နှစ်၊ လ၊ ရက်တို့ပတ်လုံး

၁။ အနန္တောအနန္တ ငါးပါးကို မပြစ်မှားပါ။
၂။ ပါဏာတိပါတကံကို မကျူးလွန်ပါ။
၃။ အဒိန္နာဒါနကံကို မကျူးလွန်ပါ။
၄။ ကာမေသုမိစ္ဆာစာရကံကို မကျူးလွန်ပါ။
၅။ မုသာဝါဒကံကို မကျူးလွန်ပါ။
၆။ လောင်းတမ်းကစားခြင်းနှင့်တကွ သုရာမေရယကံကို မကျူးလွန်ပါ။
၇။ သက်သတ်လွတ်သောဟင်းကို စားသုံးပါမည်။

ဤခုနစ်ချက်ကို အရှင်ဘုရားရှေ့မှောက်တွင် သစ္စာအဖြစ် ခံယူပါ၏။ သစ္စာခုနစ်ချက်ကို မပျက်ကွက်ဘဲ မှန်ကန်သည်ရှိသော် တပည့်တော်၏ကိုယ်စိတ်နှလုံးတို့သည် ကျန်းမာရွှင်လန်းပြီး အလွန်ကြီးမြတ်သော အေးငြိမ်းချမ်းသာခြင်းဖြစ်သော မဟာသီဝံဆုတောင်းကို ယခုမြန်စွာ ရလိုပါ၏။ အရိယာအရှင် သူတော်စင်တို့ သိမြင်သော သစ္စာလေးပါး တရားထူးကိုသိ၍ မဂ်ဉာဏ်ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကိုလည်း လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏။

တပည့်တော်၏ အသက်နှင့်ခန္ဓာကိုယ်ကို မြတ်စွာဘုရားအားလည်းကောင်း၊ တရားတော်မြတ်အားလည်းကောင်း၊ သံဃာတော်အရှင်မြတ်တို့အားလည်းကောင်း၊ လောကီ၊ လောကုတ္တရာ ဝိဇ္ဇာဓိုရ်ကြီးတို့အားလည်းကောင်း၊ အမြဲနိစ္စ စွန့်လွှတ်လှူဒါန်းပါ၏။

သာသနာတော်စောင့်၊ ကမ္ဘာစောင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်အပေါင်းတို့အားလည်း အကျွန်ုပ်၏ အသက်နှင့်ခန္ဓာကိုယ်ကို အမြဲနိစ္စ အပ်နှံထားပါ၏။

အကျွန်ုပ်အား ကျင့်စဉ်နှင့်သစ္စာ တည်နေသမျှ ကာလပတ်လုံး မကောင်းကိုပယ်၊ ကောင်းကိုကယ်၍ ကူညီမစ စောင့်ရှောက်ပေးကြပါ ဟုဆို၍ ချထားသောရေခွက်ကို သောက်လိုက်ပါ။

မှတ်ချက် ။ ။ ခုနစ်ရက်သားသမီးများကို နေ့သားအလိုက် တစ်ဦးချင်း ဖော်ပြထားပါသည်။

**မင်းဝိဇ္ဇာ**

ကျမ်းကိုး

အဓိဋ္ဌာန်ကျင့်စဉ်ကျမ်း။ အဓိဋ္ဌာန်ဆရာတော် ပြုစုသော ကျမ်းမှ ထုတ်နုတ်ပူဇော်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံအဝန်း
# ချမ်းသာစေမည့် နည်းလမ်း

## တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ–ဘီအေ)

ဗုဒ္ဓဘုရားရှင်သည် သတ္တဝါဝေနေယျတို့အား မေတ္တာဖွဲ့ကြိုး ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းဖြင့် ရှိုင်းပင်းစီးပွား ဒီရေလာသို့ မြင့်မားစေလိုသော မဟာကရုဏာဆန္ဒနှင့် လောကကြီးအား ထိန်းသိမ်းစောင့်ရှောက်ကာ လူသားတို့၏ ကြီးပွားစည်ပင်တိုးတက်၍ တစ်ဖက်မှလည်း အေးငြိမ်းရာ သန္တိသုခနှင့် ပြည့်စုံသော နိဗ္ဗာန်မဂ်ဖိုလ်ကို ရောက်ကြစေရန် နည်းလမ်းညွှန်ပြ တရားဓမ္မတို့ကို ထုတ်ဖော်ဟောကြားခဲ့ပါသည်။

လောကလူသားများ ချမ်းသာစေရေးအတွက် လူသားတိုင်းသည် ကာယကံဆိုး၊ ဝစီကံဆိုး၊ မနောကံဆိုးတို့ကို တားဆီးပိတ်ပင် ရှောင်ကြဉ်ရသည်။ ဤသို့ တားဆီးနိုင်ခြင်းသည်ပင် မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊ မကောင်းမှုပြုရမည်ကို ကြောက်ခြင်းဟူသော လောကပါလ တရားကို ထိန်းသိမ်းစောင့်ရှောက်သည့် မည်ပါသည်။

ယင်းလောကပါလတရား နှစ်ပါးကိုပင် သုက္ကဓမ္မဟူ၍လည်းကောင်း၊ ဒေဝဓမ္မ ဟူ၍လည်းကောင်း ခေါ်ပါသည်။ သုက္ကဓမ္မ ဆိုသည်မှာ သန့်ရှင်းကြည်လင် ဖြူစင်သောတရား၊ ဒေဝဓမ္မ ဆိုသည်မှာ နတ်ဗြဟ္မာတို့ နှစ်သက်မြတ်နိုးသော တရား၊ ဖွန်းလင်းတောက်ပ ကြည်လင်စေသောတရားဟူ၍ ဆိုလိုပါသည်။

ဤလောကပါလတရားသည် လောကတစ်ခုလုံးနှင့် လူသားအားလုံးတို့အား စောင့်ရှောက်ထားသည်။ လူနှင့် တိရစ္ဆာန်လောကကို ဆီးတားဘောင်ခတ် ခွဲခြားထားပေးပါသည်။ ဤလောကပါလတရား ဆိတ်သုဉ်းပျောက်ကွယ် ပျက်စီးသွားပါက လောကလူသားတို့သည် အမိနှင့်သား၊ မောင်နှင်နှမ မခွဲခြားတော့ဘဲ တိရစ္ဆာန်နှင့်မခြား ရှိုင်းပျသွားဖွယ်ရှိပါသည်။ ထိုသို့ ဖြစ်သွားပါက လောကရှိ လူသားအားလုံး လောကုတ်၊ လောကီ အကျိုးများ ပျက်စီးဆုတ်ယုတ်သွားနိုင်ပါသည်။

ထို့ပြင် ဤလောကရှိ လူသားတို့ ထိန်းသိမ်းစောင့်ရှောက်ရမည့် တရားတွင် လောကပါလတရားအပြင် မေတ္တာဟူသော တရားနှင့် သစ္စာဟူသော တရားသည် အလွန်အရေးကြီးလှပါသည်။ အရေးကြီးသည် ဆိုရာဝယ် ဟင်းချက်ရာ၌ ဆားမပါလျှင် မပြီးသကဲ့သို့ သစ်ဖောင်ဝါးဖောင်များ ချည်နှောင်ရာဝယ် ကြိုးမပါလျှင် မပြီးသကဲ့သို့ လူ့လောက လူ့အဖွဲ့အစည်းဖွဲ့စည်းရာ၌ လည်းကောင်း၊ ပေါင်းသင်းဆက်ဆံသွားလာလုပ်ကိုင်ရာ၌လည်းကောင်း၊ မေတ္တာတရား၊ သစ္စာတရား မပါလျှင် မပြီးနိုင်ပါ။ ဤတွင် မေတ္တာသဘောမှာ တစ်ဦးပေါ်တစ်ဦးက အကျိုးလိုလားသော (ဝါ) ကောင်းကျိုးချမ်းသာတွေ ဖြစ်နေသည်ကို မြင်လိုသော သဘောပင် ဖြစ်ပါသည်။

လူသတ္တဝါဟူသည် လောကအတွင်း၌ တစ်ဦးချင်း၊ တစ်ယောက်ချင်း ထီးထီးကြီး နေထိုင်ကြသည် မဟုတ်ပါ။ အချင်းချင်း စုပေါင်းဖွဲ့စည်း၍ မြို့ ရွာ အသင်းအပင်းသဘောဖြင့် စုပေါင်းနေထိုင်ကြပါသည်။ ထိုသို့ စုပေါင်းဖွဲ့စည်းနေထိုင်သော သဘောအရင်းခံ ရှိရာ၌ တစ်ဦး၏အကျိုးကို တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

က လိုလားသော မေတ္တာတရား မရှိခဲ့လျှင် ကြိုး၊ ကြိမ် စသည်တို့ဖြင့် ချည်နှောင်မထားသော သစ်ဖောင်၊ ဝါးဖောင် စသည်တို့ကဲ့သို့ မကြာခင် ဖရိုဖရဲ ပြိုကွဲပျက်စီးသွားရမည်သာ ဖြစ်ပါသည်။

အိမ်ထောင်စုတစ်စုတွင် မိဘ၊ သားသမီးဟူ၍ စုပေါင်း နေထိုင်ကြရာ မိတနှစ်ပါးသည် သားသမီးများအပေါ်၌ ကောင်း ကျိုးကို လိုလား၏။ သားသမီးတို့အတွက် အနစ်နာခံ ဆောင် ရွက်ပေး၏။ သားသမီးများ ဆင်းရဲဒုက္ခရောက်မည်ကို စိုးရိမ်၏။ သားသမီးများ ချမ်းသာဖွံ့ဖြိုး စည်းစိမ်တိုးနေသည်ကို မြင်ရ လျှင် ရှင်ပျကြည်နူး၏။ သားသမီးများကလည်း မိဘများ အပေါ်၌ ဤကဲ့သို့ သဘောထား၏။

ဤကဲ့သို့ ကောင်းကျိုးလိုလားသော မေတ္တာတရား ကြောင့် တစ်ဦးပေါ်တစ်ဦးက သစ္စာစောင့်ကြသည်။ အပြော တစ်မျိုး အလုပ်တစ်မျိုး မလုပ်ဘဲ ပြောတိုင်းလုပ်၊ လုပ်တိုင်း ပြော၊ အတွင်းအပြင် မချော်မော်ပြေပြစ်ကြပါသည်။ အတွင်း မီးကို အပြင်မပေါက်ကြား စည်းကမ်းထားကြသည်။ ဤသို့ စည်းစောင့်ကြသည်ကိုပင် သစ္စာစောင့်သည်ဟု ဆိုပါသည်။

လောကဝယ် မေတ္တာရှိမှ သစ္စာစောင့်သည်ဟု ဆိုပါ သည်။ ဥပမာ ဆိုရသော် မေတ္တာသည် ရေနှင့်တူသည်။ သစ္စာသည် ပန်းပွင့်နှင့် တူပါသည်။ သစ္စာတည်းဟူသောပန်း ရှင်လန်းလာအောင် မေတ္တာရေဖြင့် သွန်းလောင်းပက်ဖျန်းပေး ရသည်။ မေတ္တာတရား ခေါင်းပါးနေသူ၌ သစ္စာတရား မရှိ နိုင်ပါ။ သတ္တဝါဟူသမျှတို့ အချင်းချင်း အကျိုးလိုလားသော မေတ္တာရှိနေပါလျှင် သစ္စာဖောက်ခြင်း၊ မဟုတ်မမှန် လုပ်ကြံ ပြောဆိုခြင်းများ မရှိနိုင်တော့ပါ။

လူတစ်မျိုးက အခြားလူတစ်မျိုးကို အနိုင်ယူလိုသော အခါ၌ ခွဲနည်းဥပါယ်ကို အသုံးပြုကြလေသည်။ ခွဲနည်းဥပါယ် ဆိုသည်မှာ အချင်းချင်း မေတ္တာသဘောဖြင့် ချစ်ခင်ပေါင်း စည်းနေသော လူ့အသိုင်းအဝိုင်းကို မေတ္တာပျက်ကာ ကွဲပြား သွားအောင် ကြံဆောင်လုပ်ကိုင်ခြင်းပင် ဖြစ်ပါသည်။ လူ့ အသိုင်းအဝိုင်းသည် မေတ္တာဖြင့် နှောင်ဖွဲ့ထားလျှင် အချင်း ချင်း သစ္စာစောင့်ကြသဖြင့် အတွင်းရေးကို မသိနိုင်၊ အတွင်း ရေးကို မသိနိုင်သည့်အတွက် လိုရာကိစ္စ မပြုလုပ်နိုင်ကြပေ။ သို့အတွက် လူ့အသိုက်အဝန်း ပြိုကွဲသွားအောင် ခွဲနည်း ဥပါယ်ကို အသုံးပြုကြလေသည်။

ဝေသာလီပြည် လိစ္ဆဝီမင်းတို့သည် အချင်းချင်း မေတ္တာထား ဖွဲ့စည်းထားသဖြင့် အင်အားပြည့်ဝပြီး အခြား မည်သည့်မင်း၊ မည်သည့်တိုင်းပြည်ကမှ လာရောက်တိုက် ခိုက်သိမ်းပိုက်၍ မရခဲ့ပေ။ ဝေသာလီကို သိမ်းယူလိုသော အဇာတသတ်မင်းသည် လိစ္ဆဝီအသိုင်းအဝိုင်း ပြိုကွဲသွား အောင် ပြုနိုင်သော ဝဿကာရပုဏ္ဏားကြီးကို ဝေသာလီသို့ စေလွှတ်ကာ အချင်းချင်း အထင်မှား၊ အမြင်မှား မေတ္တာ တရားပျက်အောင် လုပ်ကိုင်စေခဲ့ရာ မကြာမီ လိစ္ဆဝီမင်းတို့ အချင်းချင်း မေတ္တာပျက်ကုန်သည်။ မေတ္တာပျက်သောအခါ အချင်းချင်း စောင့်ထိန်းရမည့် သစ္စာတရားကို မစောင့်ထိန်းကြ တော့ဘဲ အတွင်းရေးကို ထုတ်ဖော်ပြောကြားတော့သည်။

ဤသို့ မေတ္တာမပျက်၊ သစ္စာပျက်၍ ဖရိုဖရဲ ပြိုကွဲနေ သော အချိန်အခါကျမှ အဇာတသတ်မင်းသည် ဝေသာလီ ပြည်ကို အလွယ်တကူ တိုက်ခိုက်သိမ်းယူနိုင်ခဲ့လေသည်။ စည်းလုံးညီညွတ်မှု မေတ္တာသစ္စာ စွမ်းအားကြီးလှသည်ဟု နာမည်ကြီးခဲ့သော လိစ္ဆဝီတို့သည် မရှုမလှ ပြိုကွဲပြီး လူမျိုး လည်းပျောက် တိုင်းပြည်လည်း ပျောက်ခဲ့ရလေတော့သည်။

မည်သည့်နိုင်ငံမဆို နိုင်ငံသားအချင်းချင်း အကျိုးလို လားသော မေတ္တာတရား ရှိနေကြဖို့ အရေးကြီးလှပါသည်။ မေတ္တာရှိလျှင် သစ္စာလည်း အလိုလို ရှိလာပါမည်။ မေတ္တာ ကင်းမဲ့သောနေရာ၊ ကင်းမဲ့သော နိုင်ငံသည် သစ္စာပျက်စီး၍ လူမျိုးရော နိုင်ငံပါ ဆုံးရှုံးတိမ်ကော ပပျောက်နိုင်ပါသည်။

ထို့ကြောင့် အမျိုး၏ ယဉ်ကျေးသိမ်မွေ့သော ဂုဏ် သိက္ခာနှင့် အမျိုး၏ ကြီးပွားချမ်းသာမှု၊ တိုးတက်မှုတို့ကို လိုလားကြသော အမျိုးကောင်းသားတို့သည် မိမိနိုင်ငံ၊ မိမိ လူမျိုး၊ မိမိ၏ဂုဏ်သိက္ခာ မြင့်မားရေးအတွက် လောကပါလ တရားတို့ကို ထိန်းသိမ်းစောင့်ရှောက်ကြပြီး နေရာမရွေး၊ လူ မျိုးမရွေး အရေးကြီးလှသော မေတ္တာတရားကို မပျက်ပြားရ လေအောင်၊ သစ္စာတရားကို ထိန်းသိမ်းနိုင်ရလေအောင် ကြိုး စားထိန်းသိမ်းပြီး အစဉ်မပြတ် ပွားများသတိထားသင့်ပါ ကြောင်း စေတနာကောင်းဖြင့် တင်ပြအပ်ပါသည်။

တက္ကသိုလ်သျှင်သီရိ(မွေ့မာစရိယ-ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဦးဝိမလ(ဘိုးတော်အောင်တေဇ)စစ်ကိုင်း



ဆရာတော်ဦးဝိမလ(ဘိုးတော်အောင်တေဇ)စစ်ကိုင်း

ဝိဇ္ဇာထိုက်ရံတို့၏ ဖိုဝင်ထုံကူးခြင်းနှင့် ဂမ္ဘီရအစုံစုံဆန်းကြယ်ပုံများ

# ဝိဇ္ဇာထိုက်ရံများ တကယ်ရှိသည်

မောင်မောင်သိမ်းဟံ(ဖြူး)

ယခင်လမှအဆက်

## "ဘိုးတော်တင်ဦးတဲ့"

နှစ်ပေါင်းတွေကလည်း ကြာခဲ့ပါပြီ။ လွန်ခဲ့သော နှစ် ၄၀-၅၀ကျော်ကာလကို ခန့်မှန်းသတိရမိပါသည်။ ကျွန်တော် မောင်မောင်သိမ်းဟံ (ဖြူး) သည် အသက် (၂၉-၃၀)လောက် ခန့်မှန်းကာလက ဖြစ်ပါသည်။

၁၉၇၃-၇၄ ခုနှစ်က ကျွန်တော်သည် ဗဟိုနိုင်ငံရေးတက္ကသိုလ် စည်းရုံးရေးမှူးပံ(၉)အမှတ်စဥ်သို့ "သွေးသစ်လောင်းနိုင်ငံရေး"သင်တန်းသို့ ပြန်တက်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရုံးပိတ်ရက် တနင်္ဂနွေနေ့ တစ်ရက်တွင် တစ်ချိန်က "ကျွန်တော်၏ တပ်ရင်းမှူး ဗိုလ်မှူးကြီးမြမောင်" ကို သွားရောက် ကန်တော့ပါသည်။ ၎င်းအချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ "ပညာပေးရေး" ဌာနကြီး၏ ဌာနမှူးအဖြစ် ဗိုလ်မှူးကြီး ဦးမြမောင်က ဆောင်ရွက်နေသည့်အချိန် ဖြစ်ပါသည်။

ကျွန်တော်တို့ "ဆရာ တပည့်" စကားပြောနေစဉ် အောက်ထပ်မှ ဗိုလ်မှူးကြီး၏ သမီးတစ်ဦးက အဧည့်သည်လာသည်ဟု သတင်းပို့ပါသည်။

"အပေါ်ထပ်သို့ လွှတ်ရန်" ဗိုလ်မှူးကြီးမှ ပြန်ကြားပြီးနောက် ဧည့်သည် (၅)ဦး တက်လာခဲ့ ကြပါသည်။

ထိုသို့ တက်လာကြသော "ပုဂ္ဂိုလ်များထဲက တစ်ဦးမှာ" ဗိုလ်မှူးကြီး၏ တပည့်ဟောင်း "ဗိုလ်ကြီးတင်ဦး" ဆိုသူ ဖြစ်ကြောင်း သိရသည်။

ဗိုလ်ကြီးတင်ဦးက "ဗိုလ်မှူးကြီးကို ကျွန်တော်လာ ကန်တော့တာပါ" ဟု ပြောပြောဆိုဆို ကန်တော့စရာပစ္စည်းထုပ်ကို ဗိုလ်မှူးကြီးရှေ့ချပြီး ထိုင်ကန်တော့ပါသည်။ ဗိုလ်မှူးကြီးက ဆုများပေးပြီး "မင်းအကြောင်း ငါကြားတယ်"ဟု အမိန့်ရှိပါသည်။

ဗိုလ်ကြီးက "သူ ဘုရားတည်၍ သာသနာပြုကြောင်း" ကို တင်ပြပြောဆိုနေကြပါသည်။

ထိုအခါ ဗိုလ်မှူးကြီးက "သိမ်းဟဲ" သူက "ဟောတတ်တယ်၊ ပြောတတ်တယ်၊ မင်း သူ့ကို မေးမြန်းသွား"ဟု အမိန့်ရှိပါသည်။

ဗိုလ်ကြီးတင်ဦးက "နောက်ကြုံမှ မေးပါ၊ သူ သွားစရာရှိသေးတယ်ဟုငြင်းပါသည်။ ဗိုလ်မှူးကြီးက ကျွန်တော့်ကို လက်ညှိုးထိုးပြပြီး သူက ကချင်ပြည်နယ်၊ မြစ်ကြီးနားက လာတာ ကြုံတုန်း ဟောပေးလိုက်ပါဟု နိုင်းမှ "ဗိုလ်ကြီးတင်ဦး"က လာဗျာ "ဗိုလ်မှူးကြီး ဘုရားခန်း"မှာ ဟောတာပေါ့ဟု ပြောပြောဆိုဆို ကျွန်တော်နှင့် ဗိုလ်ကြီးတင်ဦး ဘုရားခန်းသို့ သွားကြပါတော့သည်။

ဘုရားဝတ်ပြုပြီးသည့်အခါ ဗိုလ်ကြီးတင်ဦး သည် သူ၏ မှတ်စုစာအုပ်မှ စာရွက်တစ်ရွက်ပေါ် တွင် ရေးခြစ်နေပြီး ၎င်းစာရွက်ကို ကျွန်တော့အား ပေးပါသည်။

သူပေးသော စာရွက်ကို ကြည့်လိုက်ရာ -

တစ် = ကျွန်တော့် မှတ်ပုံတင်နံပါတ် (CF 022215)

နှစ် = ကျွန်တော်၏ မွေးသက္ကရာဇ်(၁၅-၉-၁၉၃၉)

ဖြစ်နေသည်ကို တွေ့ရသည်။ ယခုမှတွေ့ရသည့် ပုဂ္ဂိုလ်က တစ်ခါမျှ "သူနှင့်ကျွန်တော်" မတွေ့ဘူးပါဘဲ ယခုကဲ့သို့ ရေးပြမှုကို စိတ်ဝင်စားသွားပြီး "ဗိုလ်ကြီး ဘယ်လို သိတာလဲ"၊ ကျွန်တော်က မေးသည့်အခါ သူက လက်ကာပြပြီး၊ "ခင်ဗျား၏ မှတ်ပုံတင်၊ မွေးသက္ကရာဇ်" ဟုတ် မဟုတ် ဖြေပါတဲ့။ ကျွန်တော်က ဟုတ်ကြောင်း ပြန်ပြောသည့်အခါ ကျွန်တော်နှင့် ပတ်သက်ပြီး ဟောတော့သည်။

တစ် = ခင်ဗျား အလုပ်က ထွက်ချင်နေတယ်၊ မထွက်နှင့်။

နှစ် = မကြာမီ ရန်ကုန် ပြောင်းရမည်။

သုံး = ရန်ကုန်ရောက်သည့်အခါ ရာထူးတိုးပြီး "နိုင်ငံရပ်ခြားသွားရမည်" ဟု ဟောပါတော့သည်။

ကျွန်တော်က "အဲဒါတွေ ကျွန်တော် မသိချင်ပါ၊ ကျွန်တော် အဖမ်းခံရဖို့ ရှိ-မရှိ" ဒါပဲ သိချင်ကြောင်း ပြန်ပြောပါသည်။

လုံးဝ အဖမ်းခံရဖို့မရှိကြောင်း၊ ကိစ္စတစ်ခုခုကြောင့် ရန်ကုန်ပြောင်းရမှာသာလျှင်ဖြစ်ကြောင်း ပြောတော့သည်။

ခင်ဗျားက "ကမ္ဘာကျော်အောင်" သာသနာပြု မယ်ဟု အဓိဋ္ဌာန်ထားသူဖြစ်တာကြောင့် သူပေးမည့် အောက်ပါ ဂါထာများကို "ပုတီးစိပ်"ဟု ပြောသည်။

၎င်းတို့မှာ - စက္ခုဥဒပါဒိ။

ဉာဏံဥဒပါဒိ။

ပညာဥဒပါဒိ။

ဝိဇ္ဇာဥဒပါဒိ။

အာလောကောဥဒပါဒိ။



www.burmeseclassic.com

www.burmeseclassic.com

ထိုဂါထာများကို ပုတီး (၉)ပါတ် နေ့-ည အမြဲတမ်း တင် စိပ်ဟု မှာကြားသွားပါသည်။ ထိုပုဂ္ဂိုလ်နှင့် ကျွန်တော် နှစ်အတန်ကြာ ကွဲကွာသွားပါသည်။ နောင်အခါ သူသည် ဘိုးတော်တင်ဦးအဖြစ် လူတွေကြားမှာ ကျော်ကြားနေ တော့သည်။

သူ ပြောပြောသည့်အတိုင်း . . .

"ကျွန်တော်သည် ၁၉၇၄-ခုနှစ် ရန်ကုန်မြို့ "မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ"ဌာနချုပ်သို့ ပြောင်းရွှေ့ ရောက်ရှိခဲ့ပါသည်။ ဘိုးတော်တင်ဦးအကြောင်းကို စုံစမ်းရာ သူသည် ၈၈ အရေးအခင်းတွင် မြန်မာပြည်မှာ မရှိတော့ ကြောင်းလောက်သာ သိရှိရတော့သည်။

ဘိုးတော်၏ တပည့်တစ်ယောက်နှင့် ထပ်ကြုံသည့် အခါ ဘိုးတော်တင်ဦးအကြောင်း ဂယနကာ သိရတော့ သည်။

ဘိုးတော်တင်ဦးသည် "ဘိုးတော် မဟာအောင် မင်းခေါင်" ၏ မနောမဟိဒ္ဓိ-မဟာဂန္ဓာရီ အရိယာ ဝိဇ္ဇာထိုက်၏ "သာသနာပြုအဖွဲ့" ဟု စာအုပ်တစ်အုပ် ထုတ်ဝေသွား ကြောင်း။ ၎င်းစာအုပ်ကို ကျွန်တော့်အားပေးခဲ့သည့်အတွက် ဘိုးတော်တင်ဦးနှင့် ပတ်သက်သော တပည့်များ ဘိုးတော် မဟာအောင်မင်းခေါင်နှင့် ပတ်သက်၍ သိရှိ ဗဟုသုတရ စေခဲ့ကြောင်း ထပ်ဆင့်ရေးသားတင်ပြလိုက် ရပါတော့သည်။

မှတ်ချက်

ဘိုးတော်တင်ဦးပေးသော ဂါထာမှာ ဗုဒ္ဓ၏ တရားဦး ဓမ္မစကြာမှ ထုတ်နှုတ်ထားခြင်းဖြစ်ပြီး ၎င်း၏ လမ်းညွှန်မှုကို လိုက်နာခဲ့သော ကျွန်တော့်မှာ ၎င်း ပြောပြခဲ့သည့်များ အားလုံးမှန်ကန်ကြောင်း တဖြည်းဖြည်းသိလာရပြီး ဘေးရန် အပေါင်းမှ လွတ်ကင်းခြင်း၊ ဘဝတွင် တိုးတက်မှုများ အဆင့် ဆင့်ကြုံရခြင်းများကို ထပ်ဆင့်ပေါက်သည် ချုပါ သည်ခင်ဗျား။

ယခု ဆက်လက်ဖော်ပြမည့် ဘိုးတော်အောင် မင်းခေါင်ဆိုင်ရာ စာပိုဒ်များသည် အထက်ပါ ဘိုးတော် တင်ဦး (ဝိဇ္ဇာထိုက်တင်ဦး) ကိုယ်တိုင်ရေးသား ထုတ်ဝေ သွားသော "ဘိုးတော်အောင်မင်းခေါင် အရိယာဝိဇ္ဇာထိုက်" အမည်ရှိ စာအုပ်ငယ်မှ တိုက်ရိုက် ကူးယူဖော်ပြလိုက်ခြင်း ဖြစ်ပါသည်ခင်ဗျား။ (စာရေးသူ)

*** ♦ ***

## ဘိုးတော်မဟာအောင်မင်းခေါင်၏ မနောမဟိဒ္ဓိမဟာဂန္ဓာရီအရိယာဝိဇ္ဇာထိုက်လမ်းစဉ်

မနောမဟိဒ္ဓိ အရိယာဝိဇ္ဇာထိုက် သာသနာပြု အဖွဲ့ ကြီးကို ဘိုးတော် မဟာအောင်မင်းခေါင်သည် နာယကချုပ် အဖြစ်ဖြင့် ဦးဆောင်ကာ ကမ္ဘာတစ်ဝန်းလုံးသို့ သာသနာပြု ခဲ့လေသည်။

ဘိုးတော်မဟာအောင်မင်းခေါင်သည် အင်းဝခေတ် (၁၂)ဆက်မြောက် ဒုတိယမင်းခေါင် အရှင် ဖြစ်သည်။ မဟာသီရိသုဓမ္မဘွဲ့မည်ကို ခံယူ၍ နန်းတက်ခဲ့သည်။

မွေးသက္ကရာဇ် (၇၀၈)၊ နံတော် စနေသား။ သီတင်းကျွတ်လပြည့်နေ့ ဖွားဖြစ်သည်။ အသက် (၅၄)နှစ် မဟာသက္ကရာဇ် (၈၆၂)ခုနှစ်တွင် (၁၀၈)နဝင်း၏ ထက် ဝက်ဖြစ်သော အသက် (၅၄)နှစ်တွင် တြင်းကြေ နဝင်း ကြေ၊ ခေတ်ကိုဆောင်၍ ကာမ စိတ် (၅၄)ပါးကို အင်းစမ အပြင်၊ အရိယာ ဝိဇ္ဇာထိုက် မဟာဂန္ဓာရီဇာတ်ဖြင့် ထွက်ရပ်မြန်းခဲ့သည်။

ထိုခေတ်တွင် ပေါ်ပေါက်ခဲ့သော ပညာကျော် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များသည် (သျှင်မဟာရဋ္ဌသာရ၊ သျှင်မဟာသီလဝံသ၊ အသျှင်အဂ္ဂသမာဓိ၊ ကန်တော် မင်းကျောင်းဆရာတော်၊ သျှင်ထွေးနာယိမ်၊ တောင်ငူရောက် သျှင်ထွေးညို၊ ရဝေရှင်ထွေးညို၊ မိညို၊ မိပြုံ)တို့ ဖြစ်ကြ သည်။

ထိုခေတ်က ပေါ်ပေါက်ခဲ့သော ဘားမဲ့ဆရာတော် သည်လည်း အင်းဝခေတ်တွင် အင်းအတတ်ဖြင့် ထွက်ရပ်



www.burmeseclassic.com

www.burmeseclassic.com

မြန်းခဲ့သည်။ အင်းဆေး၊ ဓာတ်တို့ဖြင့် အစွမ်းထက်ကျော်ကြားခဲ့သော(ဘားထီး၊ဘားတမော့၊ဘားကရာ)စသည့် မဟိဒ္ဓိပုဂ္ဂိုလ်များလည်း ထိုခေတ်ကပေါ်ပေါက်ခဲ့သည်။

ဘိုးတော်အောင်မင်းခေါင် ထွက်ရပ်မြန်းချိန်တွင် လျှင်များ (၇)ရက်တိုင်တိုင် လှုပ်ခဲ့သည်။ ရုပ်ပွားတော်များ အထက်သို့ တက်ကြွခဲ့သည်။ ရောင်ခြည်တော်များ လွှတ်ခဲ့သည်။ တော်လဲခဲ့သည် စသည့် ထူးခြားမှုနိမိတ်များ ထင်ရှားစွာ ဖြစ်ပေါ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ မနောမဟိဒ္ဓိ အရိယာ ဝိဇ္ဇာထိုက်ရဲ့ မဟာဂန္ဓာရီ သာသနာပြုအဖွဲ့ဖြင့် ဦးစီး နာယကအဖြစ် ဦးဆောင်ခဲ့သည်။

ငှင်းဘိုးတော် အောင်မင်းခေါင်သည် ယခု ခေတ် (လွတ်လပ်ရေးခေတ်) ရောက်သောအခါ ဘိုးမင်းခေါင်၊ ဘိုးမင်းခေါင်ဟု ယနေ့ထိ အကျော်တစော ပုဂ္ဂိုလ်ထူးကြီး အဖြစ် လူသိများလာတော့သည်။

ဘိုးတော်အောင်မင်းခေါင်သည် ရုပ်ပြောင်း၍ ဘိုးမင်းခေါင်ဟု ပုပ္ပါးတွင် သာသနာ့ ဓာတ်စခန်းများ ဖွင့်၍ တန်ခိုးပြကာ မဟာဂန္ဓာရီလမ်းစဉ်ဖြင့် သာသနာပြုခဲ့သည်။ သတ္တဝါများအား ကယ်ချွတ်ခဲ့သည်။ မနောမဟိဒ္ဓိ အရိယာ ဝိဇ္ဇာထိုက်ရဲ့ သာသနာပြု အဖွဲ့ကြီး၏ ဦးစီးနာယကချုပ်အဖြစ် ဦးဆောင်ကာ သာသနာပြုခဲ့လေသည်။

၁၃၁၄-ခု၊ တော်သလင်းလပြည့်ကျော် (၂) ရက်တွင် ပုပ္ပါးတောင်မြတ် တောင်ကလပ်မှ နောက်ဆုံးထွက်ရပ်မြန်းခဲ့ပြန်လေသည်။ ထိုအချိန်မှစ၍ ရုပ်မသုံးဘဲ နာမ်ကို သာသုံး၍ သာသနာပြုခဲ့သည်။

မဟိဒ္ဓိဝိဇ္ဇာထိုက်ရဲ့ဆရာတော် ဦးဝါယမနှင့်မာန်အောင်ဆရာတော်ဦးနန္ဒိယတို့မှ ထိုသာသနာပြုအဖွဲ့အား ဦးဆောင်ခဲ့ကြသည်။ ၁၉၇၄ ခုနှစ်၊ ဇွန်လ(၁၈)ရက်နေ့တွင် ဆရာတော် ဦးဝါယမသည် ဦးတင်ဦးကို ခေါ်ယူ၍ ဘိုးတော်မဟာအောင်မင်းခေါင် နာမ်ချဉ်းကာဆရာတော် ဦးမိုးထိနှင့် နာယက ဆရာတော်များ၊ သာသနာပြုအဖွဲ့ဝင် ခေါင်းဆောင်များ၊ အဖွဲ့ဝင်များရှေ့တွင် မနောမဟိဒ္ဓိအရိယာ ဝိဇ္ဇာထိုက်ရဲ့သာသနာပြုအဖွဲ့၏ နာယကချုပ်နှင့် ဥက္ကဋ္ဌတာဝန်ကို လွှဲအပ်ခဲ့သည်။ ထိုအချိန်မှစ၍ ကျွန်ုပ် ဦးတင်ဦး ဦးဆောင်ပြီး နာယကအဖွဲ့ဝင် ဆရာတော်များနှင့်အတူ မနော မဟိဒ္ဓိ အရိယာဝိဇ္ဇာထိုက်ရဲ့ မဟာဂန္ဓာရီလမ်းစဉ်ဖြင့် သာသနာပြုခဲ့ရာ စေတီတော်(၉)ဆူကို အောင်မြင်စွာ တည်ထားနိုင်ခဲ့သည်။

ခရစ်ယာန်ဘာသာဝင် (၅၂၆)ယောက်၊ မူစလင်ဘာသာဝင်(၄၂၀)ယောက်၊ ဘာသာမဲ့ (၁၈၆) ယောက်တို့အား အကြောင်းအကျိုး ခိုင်လုံသော ဗုဒ္ဓ၏ တရားတော်များကို ဟောကြားခြင်း၊ အဘိညာဏ်တန်ခိုးဖြင့် ဘဝဖြစ်စဉ် အတိတ်ပစ္စုပ္ပန် အနာဂတ်တို့ကို တိကျစွာဟောပြောကာ ဘဝကို ကောင်းရာကောင်းကြောင်း ပြုပြင်ပေးနိုင်မှုတို့ကြောင့် ဗုဒ္ဓဘာသာဝင်အဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။

ဝိသမလောဘများ၊ အကုသိုလ် ဒုစရိုက် ကျူးလွန်သူများကိုလည်း ကံများ၊ သီလများ၊ ထိန်းသိမ်းစေကာ မကောင်းမှုများကို ဟားဆီး၍ လူတော်လူကောင်းများ ဖြစ်အောင် ဦးဆောင်နိုင်ခဲ့သည်။

မကြာမီ ဘိုးတော်အောင်မင်းခေါင်၏ ရာဇဝင်နှင့်မနောမဟိဒ္ဓိ အရိယာဝိဇ္ဇာထိုက်ရဲ့မဟာဂန္ဓာရီ လမ်းစဉ် စာအုပ်တွင် အသေးစိတ် ဖော်ပြမည်။

ဘိုးတော်အောင်မင်းခေါင်၏ မနောမဟိဒ္ဓိ အရိယာ ဝိဇ္ဇာထိုက်ရဲ့မဟာဂန္ဓာရီလမ်းစဉ်အား အဓိဋ္ဌာန်ကာလနှင့် ကျင့်ကြံ အားထုတ်ပုံနည်းများကို သာသနာပြုအဖွဲ့ဝင်များနှင့် သာသနာပြုအဖွဲ့ မဝင်ရသေးသော်လည်း ကျင့်ကြံအားထုတ်လိုသူများအတွက် ရည်စူး၍ မနောမဟိဒ္ဓိ အရိယာဝိဇ္ဇာထိုက်ရဲ့ မဟာဂန္ဓာရီလမ်းစဉ်ပုတီးစိပ်နည်းကို ဖော်ပြအပ်ပါသည်။

**(၁) ပုတီးမစိပ်မီနှင့် အိပ်ရာဝင် အိပ်ရာထတွင် ရွတ်ဆိုရန်**

မှတ်ချက် ။ ။ ပုတီးစိပ်လျှင်လည်း ထူးကဲသော ပုဂ္ဂိုလ် ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

**အဂ္ဂေါဟ မသမိ လောကဿ၊**

လောကတွင် ငါအမြတ်ဆုံးဖြစ်သည်။

**စေဋ္ဌောဟ မသမိ လောကဿ၊**

လောကတွင် ငါအကြီးအကျယ်ဆုံးဖြစ်သည်။

**သေဋ္ဌောဟ မသမိ လောကဿ၊**

လောကတွင် ငါအထွတ်အထိပ်ဆုံးဖြစ်သည်။

## (၂) သာမာန်အချိန်တွင် ပုတီးစိပ်ရန်။

အ,ရဟံ - မကောင်းမှုကို စိတ်ကွယ်ရာတွင်မပြုသော မြတ်စွာဘုရား။

အရ,ဟံ - ရန်အပေါင်းကို အောင်မြင်တော်မူသော မြတ်စွာဘုရား။

အရဟံ - လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော် အထူးကို ခံယူတော်မူထိုက်သော မြတ်စွာ ဘုရား။

**မှတ်ချက်**

နေ့စဉ် ဂုဏ်တော် (၁)ပါးကို (၉)ပါတ်စီ (၂၇)ပါတ် သို့မဟုတ် (၃)ပါတ်စီ (၉)ပါတ်စိပ်သင့်ပါသည်။ ထို ဂုဏ်တော်များကို မစိပ်နိုင်လျှင် (အောင်သိဒ္ဓိအရဟံ) ကို နံနက် (၉)ပါတ် စိပ်ပါလေ။ အကျိုးကား အနန္တ။

## (၃) အဓိဋ္ဌာန်ဝင်ချိန်တွင် အဘိညာဏ်(၅)ပါးရစေရန် ပုတီးစိပ်ရန်

(က) "စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။"

ထိုဂုဏ်ငါးပါးကို ပုတီးတစ်လုံးချ၍ နံနက် (၉)ပါတ်။ ညနေ (၉)ပါတ် အချိန်မှန် နေ့စဉ် စရဏအပြင် ဖြည့်၍ စိပ်ရမည်။

(ခ) အကြားအမြင် ရနိုင်ရန်အတွက် အဓိဋ္ဌာန်ဖြင့် စိပ်လျှင် အောက်ပါအဓိဋ္ဌာန်အတိုင်း စိပ်ရမည်။

ပထမအဓိဋ္ဌာန် **၉-ရက်** (သက်သတ်လွတ်စား)

ဒုတိယအဓိဋ္ဌာန် **၁၈-ရက်** (သက်သတ်လွတ်စား)

တတိယအဓိဋ္ဌာန် **၂၇-ရက်** (သက်သတ်လွတ်စား)

စတုတ္ထအဓိဋ္ဌာန် **၅၄-ရက်** (သက်သတ်လွတ်စား)

ပဉ္စမအဓိဋ္ဌာန် **၁၀၈-ရက်** (သက်သတ်လွတ်စား)

**မှတ်ချက်**

ဘဝဆက်၊ ဓာတ်ဆက်၊ ပဋ္ဌာန်းဆက်ရှိပြီး၊ ပါရမီ ရှိလျှင် ထိုအဓိဋ္ဌာန်ဖြင့် အကြားအမြင် ရနိုင်ပါသည်။ ပါရမီ မရှိခဲ့သော ပုဂ္ဂိုလ်ဖြစ်စေကာမူ အထက်ပါ အဓိဋ္ဌာန် ကို (၉)ကြိမ် အောင်မြင်လျှင် မုချ အကြားအမြင် ရနိုင်ပါ သည်။ အဓိဋ္ဌာန်ဝင်ရာတွင် ညွှန်ကြားထားသည့်အတိုင်း တိကျစွာ ကျင့်ကြံ အားထုတ်ပါလေ။

**အထင်မသေးနှင့် အဘိညာဏ် (၅)ပါး ရနိုင်သည်။**

(ဂ) **ဒိဗ္ဗစက္ခု အဘိညာဏ်၊**

**ဒိဗ္ဗသောတ အဘိညာဏ်၊**

**ဣဒ္ဓိဝိဓ အဘိညာဏ်၊**

**ပရစိတ္တဝိဇာနန အဘိညာဏ်၊**

**ပုဗ္ဗေနိဝါသ အဘိညာဏ်။**

သာမန်အချိန်နှင့် အဓိဋ္ဌာန်အချိန်တွင် ပုတီးစိပ်ရန်၊ အဓိဋ္ဌာန်ဝင်လျှင် အောက်ပါစရဏများကို စောင့် ထိန်းရမည်။

(၁) ငါးပါးသီလအပြင် ဝါရိတ္တသီလ (၅)ပါး မထိန်း နိုင်လျှင် ထိန်းနိုင်မည့် ကံ (၂)ပါးကို ထိန်းပါ။ ဝါရိတ္တသီလ ဆိုသည်မှာ မလုပ်အပ် မနေနိုင်သော အကုသိုလ်များကို စွန့်လွှတ်ခြင်းဖြစ်၍ အလွန်မြတ် ပါသည်။ အလွန်ပင် စရဏ အောင်မြင်ရန်အတွက် ခရီးရောက်ပါသည်။

(အရက်၊ ဝက်၊ အမဲ တစ်သက်ရှောင်သင့်ပါသည်)

(၂) မေတ္တာကမ္မဋ္ဌာန်း ပြုလုပ်ရမည်။ (၅၂၈)သွယ် မေတ္တာ ပွားသင့်သည်။

(၃) ပရိတ်မန္တာန် ရွတ်ရမည်။ ပရိတ်ရွတ်ရာတွင် ပရိတ် (၁၁)သုတ်အပြင်၊ ဓာရဏပရိတ်၊ စက္က ပရိတ်၊ ဆဒိသာပါလသုတ်၊ ပရိမိတ္တဇာလသုတ်များ ရွတ်



www.burmeseclassic.com

www.burmeseclassic.com

သင့်ပါသည်။ မန္တာန်များတွင် ပဌာဝီဇယမန္တာန် ပါသင့်သည်။ အခြားပရိတ်မန္တာန်များ ရွတ်နိုင်လေ ကောင်းလေဖြစ်သည်။

**မှတ်ချက်**

အစိတ္တာန်အချိန်တွင် အဋ္ဌင်္ဂသီလ (သို့မဟုတ်) နဝင် သီလ ဆောက်တည်၍၊ ဝစီပိတ် - (စကား မပြောဘဲ) ကျင့်နိုင်လျှင် ပို၍ အကျိုးသက်ရောက်ပါသည်။ အကယ်၍ ထိုသီလများ မဆောက်တည်နိုင်သည့်တိုင်အောင် ဝါရိတ္တ သီလနှင့် မြဟ္မစရိယ သိက္ခာပုဒ်ကို စောင့်ထိန်းရမည်။

ပရိက်ပြုလုပ်ရာတွင် အနန္တော အနန္တငါးပါးကို ရှိခိုး။ သီလခံယူ၊ မေတ္တာပို့၊ ခန္ဓာကိုယ်ကို ဗုဒ္ဓလုပ်၊ ပုတီးပတ်ကို သိက္ခာတင်၍ ပုတီးစိပ်ပါလေ။ ပေါက်ရောက်အောင်မြင် ပါလိမ့်မည်။ အကျိုးကား အနန္တတည်း။

## (၄) အစိတ္တာန်အချိန်တွင် ပုတီးစိပ်ရမည့် ဂုဏ်တော်၏ အစိပ္ပါယ်။

ထို ဓမ္မစက္ကသုတ်တော်တွင် ပါဝင်သော စက္ခု ဥဒပါဒိ အစ အာလောကော ဥဒပါဒိအဆုံး ဂုဏ်တော် များကို ပုတီးစိပ်လျှင် အကြားအမြင်မှချရမည်ဟု ဆိုချင်ပါ သည်။ အဓိပ္ပါယ်ကို သိခြင်းဖြင့် အကြားအမြင်ကို မှချရလိမ့် မည်ဟု မြင်နိုင်ရန် အကြောင်းတရားများရှိပါသည်။ အဓိပ္ပါယ်ကား စက္ခု ဥဒပါဒိ ပရမတ္ထသစ္စာ တည်းဟူသော ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ တို့ကို ဗုဒ္ဓသည် လယ်ပြင်တွင် ဆင်သွားသည်ကို မြင်ရသကဲ့သို့ အထင်အရှားမြင်ခြင်း (ဝါ)အထင်အရှား မြင်နိုင်သော ဒိဗ္ဗ စက္ခုဉာဏ်ကိုရခြင်း ဖြစ်ပါသည်။ (မသဲမကွဲမဟုတ်ပါ။)

ဉာဏံ ဥဒပါဒိ - ထိုပရမတ္ထသစ္စာတည်း ဟူသော သစ္စာလေးပါးကို မြင်နိုင်သော ဉာဏ်အလင်းရောင်ကို အထင်အရှား ရပြီးဟု ကြုံးဝါးတော်မူ ခြင်းဖြစ်ပါသည်။

ပညာ ဥဒပါဒိ - ထိုပရမတ္ထသစ္စာတည်းဟူသော ပညာအလင်းရောင်ကို အထင်အရှား ရပြီးဟု ကြုံးဝါး တော်မူ ခြင်းဖြစ်ပါသည်။

ဝိဇ္ဇာ ဥဒပါဒိ - ထိုပရမတ္ထသစ္စာလေးပါးကို အထင် အရှား သိမြင်ခဲ့ပြီး၊ အဝိဇ္ဇာ အမှောင်တိုက်တွင် ရှိကြ ကုန်သော လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ စသည့် ညစ်နွမ်းသည့်အမျိုက်ပုံများကို မီးတင်ရှို့ကာ (ဝါ) ဆေးကြောသန့်စင်ကာ ဝိဇ္ဇာတည်းဟူသော အလင်းရောင် သို့အထင်အရှားရောက်ပြီဟုကြုံးဝါးတော်မူခြင်းဖြစ်ပါသည်။

အာလောကော ဥဒပါဒိ - လောကတွင် သတ္တဝါ တွေသည် မောဟပိတ်ဖုံးနေကြသဖြင့် ပရမတ္ထသစ္စာ (ဝါ) အကြွင်းမဲ့ အမှန်တရားသို့ မမြင်ကြပြီ။

ဗုဒ္ဓသည် ယထာဘူတကျသော မဇ္ဈိမ ပဋိပဒါနည်း ဖြင့် ထိုမောဟပိတ်ဖုံးခြင်းကို ပယ်ရှားသော၊ လောကကြီး တစ်ခုလုံး၊ စကြဝဠာကြီးတစ်ခုလုံး အမှန်တရားများကို ပကတိရှိရင်းစွဲအတိုင်း (ဝါ) အရှိကို အရှိအတိုင်း၊ အထင် အရှား သိမြင်ပြီးဟု ကြုံးဝါးခဲ့သဖြင့် လောကကြီးတစ်ခုလုံးကို သိမြင်နိုင်သည့် အကျင့်တရားဟု ဆိုရမည်။

ထိုကဲ့သို့ အာရုံပြု ပုတီးစိပ်ခြင်းဖြင့် အကျင့်မှန်လျှင် တစ်နေ့ထက်တစ်နေ့ သမာဓိအား ကောင်းလာမည်။

ထိုကဲ့သို့ ပုတီးစိပ်ခြင်းအတွက် အဘိဉာဏ် ငါးပါး အထိ ရနိုင်ပါသည်။ ယုံကြည်စွာ လေ့ကျင့်ပါက မုချပေါက် ရောက်အောင်မြင်ရမည်။

*** ♦ ***

## ဗျည်း/သရ (၃၃)လုံး အက္ခရာပုတီးစိပ်နည်း

(၅-က)

ဗုဒ္ဓ၏ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို သော်လည်းကောင်း၊ လောကုတ္တရာစာပေ ကျမ်းဂန် အရပ်ရပ်စသည်တို့ကိုလည်းကောင်း၊ ပရိတ်တော်၊ မန္တန် တော်၊ ဂါထာတော်၊ ရှစ်လုံးဘွဲ့ စသည့် လောကုတ္တရာ စာပေများကိုလည်းကောင်း။လောကီစာပေတွင် ဆောင်းပါး၊ ကဗျာ၊ လင်္ကာ၊ လေးချိုး၊ တြိချိုး၊ တေးထပ်၊ သီချင်း၊



www.burmeseclassic.com

www.burmeseclassic.com

ခံချင်း၊ မေတ္တာစာ စသည့် လောကီစာပေများကိုသော်လည်းကောင်း၊ ထိုလောကုတ္တရာ၊ လောကီစာပေများကို ပြုစုရေးသားရာတွင်လည်း (သရအက္ခရာများ) အခြေခံပြု၍ ရေးသားရလေသည်။ ထိုဗျည်း သရ အက္ခရာများ မပါလျှင် စာပေရေး၍ မရပေ။ ထို့ကြောင့် ဗျည်း သရ အက္ခရာ တို့သည် လောကုတ္တရာ၊ လောကီစာပေတို့၏ အုတ်မြစ်ဖြစ် လေသည်။

ထိုဗျည်းသရ အက္ခရာများကို မသိလျှင် မတတ်လျှင်၊ မည်သည့်စာပေကိုမှ ရေး၍ မနိုင်ပေ။ ဖတ်၍ မနိုင်ပေ။ (ဝါ) ဗျည်းသရအက္ခရာ မတတ်လျှင် စာ မတတ်ပေ။

လောကီ ဥပမာကို ဖော်ဆောင်ရလျှင် တိုက်တစ်လုံး (သို့မဟုတ်) ဗိမာန်တော်တစ်ခုကို တည်ဆောက်ရာတွင် အုတ်မြစ်ကို ပထမအဆင့် အနေဖြင့် နိုင်မာစွာ ချရ၏။

အုတ်မြစ်ချပြီးမှ တိုင်ထူခြင်း၊ ထုတ်ရောက်၊ နံရံများတတ်ခြင်း၊ အကာအမိုးတတ်ခြင်း စသည် တို့ကို ဆောင်ရွက်ရလေသည်။ အားလုံးတည် ဆောက်ပြီးမှ ဗိမာန်ကြီး အကောင်အထည်ပေါ်ပေ မည်။ အုတ်မြစ်ကို ပထမဦးစွာ တည်ဆောက်ခြင်း မပြုဘဲ တိုင်ထူပြီး ထုတ်ရောက်၊ ပိုင်းများတတ်ခြင်း၊ အမိုးအကာ တည်ဆောက်ခြင်းတို့ကို ဦးစွာ ဘည်ဆောက်ခြင်းပြု၍ မရနိုင်ပေ။

အုတ်မြစ်မခိုင်လျှင် တိုင်ပြိုကျမည်သာ ဖြစ်လေသည်။ ထို့အတူပင် ဗျည်းသရ အက္ခရာများကို ပိုင်နိုင်စွာ မတတ်ဘဲ၊ မသိဘဲ၊ လောကီ လောကုတ္တရာစာပေများကို တတ်သည် မမည်ပေ။ ကျက်၍ရသော စာပေသည် မိမိ ကိုယ်ပိုင် တတ် မြောက်သည် မမည်ပေ။ ကျက်တာသည် မိမိကျက်၍ ရသော စာကိုသာ အလွတ်ကျက်၍ရနိုင်မည်။ အခြား စာပေတစ်ခုကို မကျက်ဘဲ မရနိုင်ပေ။ မသိနိုင်ပေ။

ပိုင်နိုင်စွာတတ်သူသည် မည်သည့်စာပေ၊ ကျမ်းဂန် ကိုမဆို တတ်နိုင်သည်။ သိနိုင်ပေသည်။ ထို့ကြောင့် ဗျည်းသရတည်းဟူသော အက္ခရာများကို ပထမအုတ်မြစ် အနေဖြင့် ဦးစွာခိုင်မာစွာ ချရပေမည်။

ဗိမာန်တော်တစ်ခုကို တည်ဆောက်ရာတွင် အုတ်မြစ်မခိုင်လျှင် ခိုင်ခံ့မှုမရှိသော အုတ်မြစ် ကြောင့် ပြိုကျပျက်စီးနိုင်ဘိသကဲ့သို့ အခြားပြင်ပ အဖျက်အဆီးများ ဖြစ်ကြသော လေဒဏ်၊ မိုးဒဏ် စသည့် ရာသီဥတု ဒဏ်ကြောင့်လည်း ပြိုကျပျက်စီး နိုင်ပေသည်။

ထို့အတူပင် ဗုဒ္ဓ၏ သာသနာအား နေရောင် လရောင်ကဲ့သို့ ထွန်းလင်းစေရန် ဗုဒ္ဓသာသနာ ကမ္ဘာ လွှမ်းစေရန် ဗုဒ္ဓဗျာဒိတ်တော်အတိုင်း သာသနာ ငါးထောင် အဓွန့်ရှည်စေရန် ဆောင်ရွက်ရာတွင် နိဗ္ဗာန်ကိုဦးတည် ချက်ထား၍ မနောမဟိဒ္ဓိ အရိယာ ဝိဇ္ဇာဆိုင်ရာ သာသနာပြု အဖွဲ့သည် ဘိုးတော်မဟာ အောင်မင်းခေါင်၏ ဩဝါဒ ညွှန်ကြားချက်အတိုင်း မဟာဂန္ဓာရီဝိဇ္ဇာဆိုင်ရာလမ်းစဉ်ဖြင့် ဆောင်ရွက်လျက်ရှိရာ (ဝါ) ထိုသာသနာ့ဗိမာန်တော်ကြီး ကို အဓွန့်ရှည်အောင်၊ ခိုင်ခံ့အောင် တည်ထောင်လျက်ရှိရာ မနောမဟိဒ္ဓိအရိယာဝိဇ္ဇာဆိုင်ရာ သာသနာပြုအဖွဲ့ဝင် အားလုံး တို့သည် မိမိတို့ ဦးတည်ချက်ဖြစ်သော နိဗ္ဗာန်နှင့်လက်ရှိ ဆောင်ရွက်လျက်ရှိသော သာသနာတော်ကြီး အဓွန့်ရှည် ရေးအတွက် ဆောင်ရွက်ရာတွင် အုတ်မြစ်ခိုင်ခံ့အောင် တည်ဆောက်ရမည်။

တစ်ဖက်မှ အခြားအဖျက်အဆီးများဖြစ်သော မာရ်နတ်မင်းနှင့် မာရ်စစ်သည်များ၊ မိစ္ဆာမိုက်များ၊ လမိုင်း များ၏ အမျိုးမျိုးသော ဖျက်ဆီးမှုများ၏ အန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် အခြေခိုင်ရန် လိုအပ်ပေသည်။

ဗုဒ္ဓ၏ သာသနာအား အဓွန့်ရှည်အောင် ဆောင်ရွက်ရာတွင် ဝိပဿနာနိဗ္ဗာန်ရောက်ကြောင်း စခန်းများ တွင်လည်းကောင်း၊ သမထစခန်း များတွင်လည်းကောင်း၊ ပေါက်ရောက်အောင်မြင်မှုကို ထိုမာရ်နတ်မင်းနှင့် မာရ် စစ်သည်များ၊ နတ် မိစ္ဆာများ၊ လမိုင်းများသည် မလိုလား ကြပေ။ ထို့ကြောင့် နည်းလမ်းအမျိုးမျိုးနှင့် ဖျက်ဆီးကြ၏။



www.burmeseclassic.com

www.burmeseclassic.com

အချို့ တန်ခိုးပြ၍ ဖျက်ဆီးကြ၏။ အချို့ သမာဓိ မရှိသော ရတနာသုံးပါးနှင့် ကင်းဝေးသော လူအဖွဲ့ များကို ပူးကပ်၍ ဖျက်ဆီးကြ၏။ အချို့ ကျင့်ကြံ အားထုတ်နေသူများကိုပင် သီလ၊ သမာဓိ၊ ပညာ အားနည်းချက်၊ မေတ္တာအားနည်း ချက်များကို အခွင့်ကောင်းယူ၍ ပူးကပ်ကာ လမ်းမှား ရောက်အောင် ညွှန်ပြပို့ဆောင်ကြလေသည်။

လမ်းမှားရောက်အောင် အခြားသူများကို ဝိဇ္ဇာ ထိုက်ကြီးများအမည်ဖြင့် ပူးကပ်ကာ ညွှန်ကြားခြင်း ဖြင့်လည်း ကောင်း။ ကာယကံရှင်ကို ပူးကပ်၍ လည်းကောင်း။ ယုတ္တိ ယုတ္တာဖြင့် ညွှန်ပြကာ လမ်းမှားများကို ပို့ဆောင်ကြလေသည်။

ထို့ကြောင့် မနောမယိဒ္ဓိ အရိယာဝိဇ္ဇာထိုက်၏ သာသနာပြု အဖွဲ့ဝင် အပေါင်းတို့သည် နိဗ္ဗာန်ကို ဦးတည် ချက်ထား၍ မဟာဂန္ဓာရီတို့၏ မှန်မြတ်သည့် ရည်ရွယ် ချက်ဖြစ်သော ဒါန၊ သီလ၊ ဘာဝနာ၊ ခန္တီ၊ သစ္စာ၊ မေတ္တာ၊ သဒ္ဓါ၊ သီလပညာ ထိုသုံးဖြာတို့ဖြင့် မနောမယိဒ္ဓိအရိယာ ဝိဇ္ဇာထိုက် လမ်းစဉ်အတိုင်း ဖော်ပြခဲ့သည့် အဓိဋ္ဌာန်တင်၍ ကဏ္ဍအလိုက် ပုတီး စိပ်ကြရပေမည်။

ထိုပုတီးစိပ်ခြင်းတို့နှင့်အတူ ဗျည်းသရအက္ခရာ (၃၃)လုံးကိုပါ အတတ်မြောက်နိုင်ခံ့ရန် ပုတီးစိပ်ကြရမည်။

## (၅-၁) ဗျည်းသရ (၃၃)လုံး အက္ခရာများ ပုတီးစိပ်နည်း

| | | | | | |
|---|---|---|---|---|---|
| (က) | (ခ) | (ဂ) | (ဃ) | (င) | (စ) |
| (ဆ) | (ဇ) | (ဈ) | (ည) | (ဋ) | (ဌ) |
| (ဍ) | (ဎ) | (ဏ) | (တ) | (ထ) | (ဒ) |
| (ဓ) | (န) | (ပ) | (ဖ) | (ဗ) | (ဘ) |
| (မ) | (ယ) | (ရ) | (လ) | (ဝ) | (သ) |
| (ဟ) | (ဠ) | (အ)။ | | | |

## "နည်းလမ်း"

ထို ဗျည်းသရ (၃၃)လုံးကို စိတ်ဖြင့် နှုတ်မှ အသံမထွက်ဘဲ အသက်အောင့်၍ စိပ်ရမည်။ ဗျည်း (၃၃)လုံးပြည့်မှ အသက် တစ်ခါရှူပါ။ သုံးကြိမ်စိပ်လျှင် တစ်ပတ်ပြည့်ရန် (၉)လုံး ပိုနေသည်။ (၁၂) ပတ်ပြည့်လျှင် တစ်ပတ်ပျှင် (၉)လုံး ပိုနေသဖြင့် (၁၂)ပတ်ဆိုလျှင် ပုတီး (၁၀၈)လုံးဖြစ်၍ တစ်ပတ် ဖြစ်သည်။ (၁၂)ပတ် ပြည့်လျှင် အားလုံး အပိုအလို မရှိဘဲ ကွက်တိဖြစ်ပြီး၊ အလိုအပိုမရှိလဲခံ့ပေသည်။ ထိုကဲ့သို့ တစ်နေ့လျှင် (၁၂) ပတ် တစ်ကြိမ် ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ။

ပထမအဓိဋ္ဌာန် ၉-ရက် (သက်သတ်လွတ်စား)

ဒုတိယအဓိဋ္ဌာန် ၁၈-ရက် (သက်သတ်လွတ်စား)

တတိယအဓိဋ္ဌာန် ၂၇-ရက် (သက်သတ်လွတ်စား)

စတုတ္ထအဓိဋ္ဌာန် ၅၄-ရက် (သက်သတ်လွတ်စား)

ပဥ္စမအဓိဋ္ဌာန် ၁၀၈-ရက် (သက်သတ်လွတ်စား)

**မှတ်ချက်**

ငါးပါးသီလအမြဲ ကံနှစ်ကံတိန်းရမည်။ ဘဝ ဆက်၊ ဓာတ်ဆက်၊ ပဋ္ဌာန်းဆက်၊ ပါရမီပါလျှင် အဓိဋ္ဌာန် (၁၀၈)ရက် တစ်ကြိမ်ဖြင့် ဗိဇ္ဇကတ်သုံးပုံ ပဋိပတ္တိကို ကျင့်လျှင် ပရိယတ္တိကို အလိုလို သိသည်။

မယိဒ္ဓိပုဂ္ဂိုလ်များ မိန့်မှာခဲ့သည့်အတိုင်း အလိုလို သိလာမည်။ (ဘဝဆက်၊ ဓာတ်ဆက်၊ ပဋ္ဌာန်းဆက်) မရှိသည့်တိုင်အောင် အဓိဋ္ဌာန် (၉)ကြိမ် အောင်မြင်လျှင် ပရိယတ္တိကို သိသင့်သလောက် အလိုလို သိလာပေမည်။ လက်တွေ့ဖြစ်၍ ကျင့်ကြံ အားထုတ်ပါလေ။

ဆက်ပါဦးမည် . . . .

**မောင်မောင်သိမ်းဟံ(ပြူး)၏**

ဝိဇ္ဇာထိုက်ရတို့၏ ဖိုဝင်ထုံကူးခြင်းနှင့်

ဂမ္ဘီရအစုံစုံဆန်းကြယ်ပုံများ



www.burmeseclassic.com

www.burmeseclassic.com

# ပထမံတစ်ဦး၏ ဘဝခရီး(၂)

## သတိုးမင်းအောင်

ယခင်လမှ အဆက်

**ကဝေမတွေ့ရင် ဘာလုပ်ချင်သလဲ**

တပည့်အိမ်သို့ နံနက်စောစောတွင် အဘဆရာ ရောက်သွားသည်။ အိမ်ထဲတွင် ဆရာတစ်ဦးက မိန်းကလေး တစ်ဦးတွင် စွဲကပ်နေသော ပယောဂကို ကုနေသည်။ ဆရာ သည် နှုတ်ခမ်းမွေးကားကား။ ရုပ်ရည်ကလည်း ခန့်ခန့် ညားညား။ အသံဩဇာကလည်း ခပ်ကောင်းကောင်း။

"ဟဲ့…ဘယ်ကဝေမက ဒီကလေးမကို လုပ်ထား တာလဲ၊ ဟဲ့…သတ္တိရှိရင် ငါ့ဆီလာတွေ့၊ ထမီခြုံထဲက နိုး ကြောင်ခိုးဝှက် လုပ်မနေနဲ့ ငါနဲ့တွေ့ရင် ကဝေမတော့ မလွယ် ဘူးမှတ်"

အဘဆရာက အလိုက်သိစွာဖြင့် အိမ်ဦးခန်းတွင် သွားထိုင်ပြီး သတင်းစာဖတ်နေသည်။

"ပဲပြုတ်…"

ပဲပြုတ်သည်မ ခပ်ဝဝ၊ အရပ်ရှည်ရှည်က ပဲပြုတ် ရောင်းရင်း ဆေးကုနေသော အိမ်ရှေ့ရောက်လာသည့်အခါ ဆက်မသွားဘဲ ရပ်၍ ငုံ့စောင်းကာ ဆေးကုနေသည့်အိမ်ထဲ တစ်ချက်လှမ်းကြည့်သည်။

"ဘယ့်နှယ်လဲ ကဝေမရဲ့ ငါ့ကို ကြောက်နေပြီလား။ ငါ့အကြောင်း သိချင်ရင် ငါ့ဆီလာခဲ့"

ထိုစဉ် ပဲပြုတ်သည်မက ဆေးကုနေသည့် အိမ်ထဲ သို့ မည်သူ့မျှ မဖိတ်ခေါ်ဘဲ ဝင်သွားကာ ပဲပြုတ်တောင်း ကလေးကိုချပြီး အဘဆရာ ဦးတင်ဦးဘက် လှည့်ကာ လက်အုပ်ချီ ကန်တော့သည်။ အဘဆရာက ခေါင်းတစ်ချက် ညိတ်ကာ အသိအမှတ်ပြုလိုက်သည်။ ပဲပြုတ်သည်မက ဆေးကုနေသော ဆရာဘက်သို့သွားကာ မတ်တတ်ရပ်လျက် ပေါင်ခြံထဲ ထမီစကလေးတွေကိုသိမ်းကာ ဒူးနှစ်ဖက်ဖြင့် ညှပ်ပြီး ဆေးကုနေသော ဆရာအား…

"ကြိမ်းမောင်းနေလိုက်တာ၊ ကိုင်း…အခု ကဝေမ လာပြီလေ၊ နင် ဘာလုပ်မလဲ ကြည့်ရသေးတာပေါ့"

ပြောပြောဆိုဆိုဖြင့် ကဝေမလက်နှစ်ဖက်ကို ငှက် တောင်ပံခတ်သကဲ့သို့ ခတ်လိုက်ရာ ကဝေမ၏ ခန္ဓာကိုယ် သည် ငှက်ကြီးပမာ လေထဲတွင် ပျံဝဲနေလေတော့သည်။ ဆေးကုနေသော ဆရာနှင့် အိမ်သူအိမ်သားများအားလုံး တုန်လှုပ်ကြောက်ရွံ့နေကြလေတော့သည်။ အဘဆရာက မသိချင်ယောင်ဆောင်နေသည်။ ကဝေမကတော့ အိမ်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

လှည့်ပတ်ပျံဝဲနေသည်။ အတော်ကြာတော့မှ အဘဆရာ ဦးတင်ဦးက မနေသာတော့ဘဲ လှမ်းကာ・・・

"သမီး・・・တော်လောက်ပြီ"

ပျံဝဲနေသော ကဝေမက ပျံဝဲနေရာမှ အဘဦးတင်ဦးရှေ့သို့ ဖူးတွယ်လျက်ကျလာကာ အဘဆရာအား ကန်တော့ပြီး・・・

"စော်ကားလွန်းလို့ပါ အဘရယ်"

"အေး・・・တော်လောက်ပါပြီ သမီးရယ် သွားတော့"

ကဝေမသည် အဘအား ကန်တော့နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့ သည်။

## အဘဦးတင်ဦး(ခ)ပထမံပြည်ဦးအောင်၏ ယခု လူ့ဘဝ ထူးခြားချက်များ

"အောင် ၄ အောင်" နှင့် "ခေါင် ၄ ခေါင်" ဆိုသည်မှာ မည်သည့်ပုဂ္ဂိုလ်များဖြစ်ကြောင်း သိအောင်ဖော်ပြလိုပါသည်။

ပထမံ "အောင် ၄ ပါး" မှာ - (၁) ဖခမည်းတော်စစ်ကိုင်းမင်းသားကြီးဦးအောင်(ခ)ပထမံဘိုးဘိုးအောင်ကြီး။ (၂) ပြည်ဦးအောင်(ခ)ပထမံဘိုးဘိုးအောင်(ခ)အဘဦးတင်ဦး။ (၃) ပျဉ်းမနားဦးအောင်(ခ)အဖေကြီးဦးစောလှ(ခ)အလောင်းမင်းတရားကြီးနှင့် ရသေ့ဦးအောင်(ခ)ကျိုက်မရောဦးအောင်တို့ ဖြစ်ကြပါသည်။

ပထမံ "ခေါင် ၄ ပါး" မှာ - (၁) ဘိုးမင်းခေါင်(ခ)အင်းဝပထမဘုရင်မင်းခေါင်၊ (၂) အင်းဝဒုတိယဘုရင်မင်းခေါင်(ခ)ပုပ္ပားမင်းခေါင်၊ (၃) အောင်မင်းခေါင်(ခ)ဦးပွား(မန္တလေး)နှင့် (၄) ဓမ္မစေတီမင်းခေါင်(ခ)ဟံသာဝတီဘုရင်ဓမ္မစေတီမင်းခေါင်တို့ ဖြစ်ကြပါသည်။

*(အမှာ - ဤအကြောင်းအရာကို နောင်တွင် ရေးသားဖော်ပြပါမည်)*

ကိုင်း ပထမံပြည်ဦးအောင်(ခ)ယခုဘဝ အဘဦးတင်ဦး၏ အကြောင်းကို ရေးသားပါမည်။

အဘဦးတင်ဦးကို ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့(၄)ရပ်ကွက်၊ စနေလမ်း၊ အမှတ်(၁၄၂)နေ ဆန်စက်သူဌေးကြီး ဦးဘလွင်နှင့် ဇနီး ဒေါ်အုန်းမျှင်တို့က မွေးဖွားခဲ့ပါသည်။ မွေးချင်းညီအစ်ကို မောင်နှမများမှာ ဒေါ်အေးကြိုင်၊ ဦးမောင်မောင်ကြီး၊ ဒေါ်သိန်းနု၊ ဦးလှသော်၊ ဒေါ်ခင်ခင်စော၊ ဒေါ်ခင်ခင်မြတို့ ဖြစ်ကြပါသည်။ ဦးတင်ဦးသည် ဒေါ်မေအေးကြည်နှင့် အိမ်ထောင်ပြုကာ ကိုစံအောင်၊ ကိုမြင့်ဆန်း၊ ကိုမြင့်ဦး၊ မမြင့်မြင့်ခင်၊ မစန်းစန်းဝင်း၊ မခင်မမ၊ မစန်းစန်းချို၊ မတင်ရီ၊ မချောစုဝေ၊ မောင်လှအော်နှင့် မောင်အောင်သိန်းတို့ကို မွေးဖွားခဲ့ကြပါသည်။ (မှတ်ချက် - မောင်လှအော်နှင့် မောင်အောင်သိန်းတို့မှာ လူ့ခြောက်ကလေးများ၊ တစ်နည်းအားဖြင့် နတ်ဝိဇ္ဇာကလေးများ ဖြစ်ကြပါသည်)။ အဘဦးတင်ဦးသည် မိဘရိုးရာ "သုခကာရီဆန်စက်လုပ်ငန်း" ကို လုပ်ကိုင်ခဲ့ပါသည်။

အဘ၏ ထူးခြားချက်မှာ - ငယ်စဉ်ဘဝကပင် သိသာပါသည်။ စစ်အတွင်းကာလ၌ ခရမ်းမြို့တွင် နေထိုင်ပြီး ရန်ကုန်မြို့ ပုဇွန်တောင်ဆိပ်ကမ်းတွင် ဧလယာဉ်ပျံပေါ်မှ ဗုံးကြဲချ၍ လူမှည့်၍မည်မျှ သေကြကြောင်း အာရုံပြုပြီး ပြောနိုင်ပါသည်။ ကလေးစကား လူပျိုလှည့်သည့်အခါတွင် သိုက်ထဲမှ သရဲချော်ရွှဲက နောက်ပါးမှ အမြဲလိုက်ပါ စောင့်ရှောက်ပါသည်။

အရွယ်ရောက်လာပြီး ဖခင်နှင့် စိတ်ဆိုးကာ ပုဇွန်တောင်တွင် ဒိုင်ပုဏ္ဏားနေပြီး တပည့်ကြီး ဦးမြင့်နှင့် အတူနေစဉ် ဆရာတစ်ယောက်က အိမ်နီးချင်းမိသားစုအား ကောင်းကင်မှ ဘုရားပင့်ပေးမည်ဟုပြောကာ မင်းကြီးမင်းလေးအား ဘုရားပင့်ခိုင်းရာ အဘဦးတင်ဦးက အာရုံထဲ၌ မင်းကြီးမင်းလေးအား တွေ့သဖြင့် "ဟဲ့ ကုလားညီနောင် ဘာလာရှုပ်တာလဲ" ဟု ပြောင်းမဲ၍ မင်းကြီးမင်းလေးက ပင့်လာသော ဘုရားကို ပစ်ချထွက်ပြေး၍ ဘုရားပင့်သည့် ဆရာက ပွဲဖျက်သည်ဟု ပြောခြင်းခံရဖူးပါသည်။ ဂျပန်ခေတ်တွင် ဖခင်ကြီး ဦးဘလွင်က ဆန်စက်သွပ်မိုးများ ဝယ်နိုင်း၍ ပုဇွန်တောင်မှ သွပ်ပြားများ ဝယ်၍ပြန်ရာ ဂျပန်ကင်ပေတိုင်များက ဖမ်းဆီး သေနတ်ဖြင့် ပစ်သော်လည်း မသေဘဲ လွတ်မြောက်ခဲ့ပါသည်။ (ဤအကြောင်းကို ဘီရမာကာမိ ကာဆေး ဆောင်းပါးတွင် အသေးစိတ် ကြည့်ပါ)။



www.burmeseclassic.com

www.burmeseclassic.com

အဘဆရာသည် ယိုးဒယားဘုရင့်လေတပ်မတော် ဗိုလ်ချုပ်ကြီးတစ်ဦးနှင့်တွေ့ရာ ထိုဗိုလ်ချုပ်ကြီး၏ သေနတ်ပြီးသော ဆင်စွယ်ဘယက်ကြီး၏ သိဒ္ဓိကို ဖျက်ပြခြင်း၊ ပြန်ကောင်းအောင် ချက်ချင်းသိဒ္ဓိတင်ပေးခြင်းကြောင့် ယိုးဒယား ဗိုလ်ချုပ်ကြီးက ဗမာ့ဂမ္ဘီရပညာကို အံ့သြချီးမွမ်းကာ ယိုးဒယား ဂမ္ဘီရပညာထက် အဆင့်မြင့်ပါကြောင်း ဝန်ခံသွားခဲ့ပါသည်။ (သတိုးမင်းအောင် ရေးသည့် ဗမာ့ဂမ္ဘီရပညာနှင့် ယိုးဒယား ဂမ္ဘီရပညာ ယှဉ်ပြိုင်ခန်းတွင် ကြည့်ပါ။ ပထမံတစ်ဦး၏ ဘဝခရီးဆောင်းပါး)။

တစ်နေ့တွင် ဦးထွန်းရွှေ၏အိမ်ဦး အဘ ဘုရားခန်းတွင် အိပ်နေစဉ် စကားပြောသံကြား၍ ကြည့်လိုက်ရာ ရွှေချိုးဖြူက အဘနှင့် စကားလာပြောတာ တွေ့ရပါသည်။ နံနက် မိုးလင်း၍ နံနက်စာ စားနေစဉ် အဘအား မေးမြန်းရာ အဘက . . .

"ဟုတ်တယ်ကွဲ့ ရွှေချိုးဖြူက သူ့သိုက်က ကိစ္စ လာပြောတာ"

ဟု ပြန်ဖြေပါသည်။ အဘဆရာဦးတင်ဦးက ဦးထွန်းရွှေအား ပထမံပညာများ သင်ကြားပေးနေစဉ် ညဘက်၌ ပုဂ္ဂိုလ်တစ်ဦးဦးလာလျှင် နံနက်စာ စားနေစဉ်လာသော ပုဂ္ဂိုလ် မည်သူဖြစ်ကြောင်း အဘက ပြောပြလျှင် ဦးထွန်းရွှေ ရော ဒေါ်တင်တင်သန်းတို့ကပါ ထိုပုဂ္ဂိုလ်ကို ညကတွေ့သဖြင့် သုံးဦးစလုံး တွေ့တာချင်း တူနေကြောင်း သိရပါတော့သည်။

စပေတောင်၊ မှန်ကူတောင် စသော တောထဲရောက်လျှင် အဖေနွဲ့၊ အဖေလှ၊ တောပိုင်တောင်ပိုင်များက အဘထံ လာရောက်ဆက်သွယ်ခြင်း၊ အဘအား "အစ်ကိုကြီးအောင်" ဟု ခေါ်ခြင်းပြုသဖြင့် ဦးထွန်းရွှေက အဘအား . . .

"အဘ . . . အဖေနွဲ့တို့၊ အဖေလှတို့က အဘကို အစ်ကိုကြီးအောင် ခေါ်ကြတယ်၊ အဘနာမည်က ဦးတင်ဦး လေ၊ အဖေနွဲ့တို့က ဘာဖြစ်လို့ အစ်ကိုကြီးအောင်လို့ ခေါ်တာလဲ"

ဟု မေးရာ အဘက "မသိဘူးလေကွာ" ဟုသာ ဖြေပါသည်။

တစ်နေ့တွင် ဦးထွန်းရွှေက အဘဦးတင်ဦးအား ပြောမှားဆိုမှားမိသဖြင့် ညဘက်တွင် ပျဉ်းမနားဦးအောင်(ခ) အဖေကြီးဦးစောလှက ရောက်လာပါသည်။ အဖေကြီး ဦးစောလှသည် ခေါင်းတွင်ပေါင်းထားသော ခေါင်းပေါင်းစကို ချွတ်ထားပါသည်။ လက်ကတော့ ထိုးထားသည့် တဘက်စကိုလည်း ဖြုတ်၍ လက်ထဲတွင်တော့ ကိုင်ထားပါသည်။ ထိုသို့ ပြုလုပ်ထားသဖြင့် ဦးထွန်းရွှေ မနောထဲတွင် ပျဉ်းမနား ဦးအောင်ထက် တန်ခိုးကြီးမားသော ပုဂ္ဂိုလ်တစ်ပါးပါး ရှိနေသည်ဟု သိနေပါသည်။ ထို့ကြောင့် ဦးထွန်းရွှေက ပျဉ်းမနား အဖေကြီး ဦးအောင်အား . . .

"ဖခမည်းတော်ဘုရား၊ သားကိစ္စရှိတော်မူလို့ ကြွလာတော်မူပါသလဲဘုရား"

ဟု မေးလျှောက်ရာ ပျဉ်းမနားဦးအောင်က . . .

"သားတော် မင်းတို့တွေ ပြောမှားဆိုမှား ဖြစ်နေကြတယ်၊ ဟိုမှာကြည့်လိုက်စမ်း။ ဘယ်သူလဲလို့"

ဟု မိန့်ကြားကာ အထက်ဘက်သို့ မေးငေါ့ပြ၍ ကြည့်လိုက်ရာ လေထဲတွင် အဘဦးတင်ဦးကို တွေ့လိုက်ရပါသည်။ သို့သော် သာမန်လူဝတ်ကြောင်နှင့် မဟုတ်ပါ။ ဝိတ်ဖြူစင်ကြယ်နှင့် ဖြစ်ပါသည်။

အဘသည် ပထမံဘိုးဘိုးအောင်ဘဝနှင့် ကြွလာခြင်း ဖြစ်ပါသည်။ ဝတ်လဲတော်အဖြူမှာ ဖြူလွှနေပါသည်။ ဥပမိရုပ်က လွန်စွာချောမွေ့ ခန့်ညားလှပါသည်။ အသားဖြူပါသည်။ မျက်ခုံး မျက်လုံးတော်များမှာ ပြတ်သားပီပြင်လှပါသည်။ မျက်လုံးများမှ အရောင်တလက်လက် ထွက်နေပါသည်။ အမြင့် ၈ ပေခန့်တွင် တင်ပလ္လင်ခွေ ထိုင်နေပါသည်။ အောက်သို့ ငုံ့မကြည့်ဘဲ ရှေ့ဘည့်တည့်ကိုသာ ကြည့်နေပါသည်။ ဦးထွန်းရွှေသည် အဘအား ပထမံဘိုးဘိုးအောင်အဖြစ် ဖူးတွေ့ရ၍ လွန်စွာဝမ်းသာရပါသည်။ လွန်စွာလည်း အံ့သြရပါသည်။ လွန်စွာချစ်ခင်ခြင်း၊ လွန်စွာကြောက်ရွံ့ခြင်း၊ လွန်စွာ ရိုသေခြင်း စသော စိတ်များဖြစ်ပေါ်လာပါသည်။ နှုတ်မှလည်း အဖေကြီး ပျဉ်းမနားဦးအောင်အား . . .

"ဖခမည်းတော်ဘုရား . . . ဒါ . . . ဒါ . . . ကျွန်တော့် အဘပဲ"

"ဟုတ်တယ် သားတော်၊ ဒါ မင်းတို့အဘပဲ၊ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com

တတွေ မင်းတို့ အဘအပေါ်မှာ ပြောမှားဆိုမှားတွေ ဖြစ်နေလို့ အငှာ ပင့်ပြီးလာပြတာပါ။ နောက် ပြောမှားဆိုမှား မဖြစ်ကြစေနဲ့ ကြားလား"

"မှန်လှပါဘုရား။ နောက်နောင် သားတော် ပြောမှားဆိုမှား မဖြစ်တော့ပါဘူးဘုရား"

ထို့နောက် အဘပထမံဘိုးဘိုးအောင်နှင့် ပျဉ်းမနားအဖေကြီး ဦးအောင်တို့သည် ပြန်လည်ကြွမြန်းသွားကြပါတော့သည်။ ဦးထွန်းရွှေသည် မိမိပြောမှားဆိုမှား ဖြစ်မိသည်ကို လွန်စွာစိတ်မကောင်း ဖြစ်မိပါတော့သည်။ အဘပထမံဘိုးဘိုးအောင်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် တန်ခိုးဣဒ္ဓိပါဒ်မှာ လွန်စွာအေးချမ်း၊ တည်ငြိမ်၊ အင်အားကြီးမားလှကြောင်း သိရှိလိုက်ရပါတော့သည်။

× × × × ×

## တပည့် ဦးထွန်းရွှေအကြောင်း

ဤနေရာတွင် တပည့် ဦးထွန်းရွှေအကြောင်းကို ရေးသားဖော်ပြလိုက်ရပါသည်။

"ယာမထော ရွှေကြိမ်လုံးရယ်နဲ့၊ ထွန်တုံးကိုတဲ့ မြေတော်တင်၊ နွားကြန်စုံအင်…၊ ပျိုးခင်းကိုပြင်…ကောင်းကင်က ရွှေပိန်ညှင်းရယ် မိုးခေါ်လို့…ဆင်း…"

ဝန်ကြီးပဒေသရာဇာ ရေးတဲ့ ကဗျာထဲကလိုပဲ ကျွန်ုပ်၏ဖခင် ဦးမြိုင်နဲ့ မိခင် ဒေါ်လုံးတို့ဟာ ဝီရိယဖလာ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြတဲ့ လယ်သမားများ ဖြစ်ကြပါတယ်။ သူတို့ရဲ့ ဇာတိကတော့ ရောဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ အုန်းပင်စုရွာ ဖြစ်ပါတယ်။ ဖခင်ဘက်က အဘိုးအဘွားတွေကတော့ ဦးချမ်းသာနဲ့ ဒေါ်ယု ဖြစ်ကြပါတယ်။ မိခင်ဘက်က အဘိုးအဘွားကတော့ ဦးဘချို့နဲ့ ဒေါ်မယ်တင်တို့ ဖြစ်ကြပါတယ်။ ကျွန်ုပ်ရဲ့ မိဘများဟာ ရွာအနီးမှာ လယ်ကလေးတစ်ကွက်ရှိပြီး နွားတစ်ရှဉ်းနဲ့ သမီးလေးတစ်ယောက် ရှိပါတယ်။



"ငုံ…တုံ…တုံ…"

"တုံ…ကုံ…တုံ…"

"တုံ…တုံ…တုံ…"

"ကိုမြိုင်…တော့…ကိုမြိုင်"

"ဟေ…ဘာလဲကွ"

"ထတော့လေ၊ လယ်ထဲဆင်းဖို့ အချိန်တန်ပြီတော့၊ ရွာဦးကျောင်းက အုန်းမောင်းတောင် ခေါက်နေပြီ၊ တော်ဒီနေ့ ပျိုးတွေနှုတ်ရမယ် မဟုတ်လား"

"အေးပါကွာ၊ ငါလည်း နိုးနေပါပြီ၊ ထတော့မလို့ပဲ"

ပြောပြောဆိုဆိုဖြင့် ကိုမြိုင်သည် အိပ်ရာမှ လူးလဲထကာ လယ်တဲရှေ့ တံစက်မြိတ်အောက်တွင် မိုးရေများပြည့်နေသော ရာဂင်အိုးထဲမှရေဖြင့် မျက်နှာသစ်၊ ပလုတ်ကျင်းပြီး တဲပေါ် ပြန်တက်လာသည်။ တဲ၏ ခေါင်းရင်းဘက် ဘုရားစင်ပေါ်တွင် မလုံးက အငွေ့တထောင်းထောင်း ထနေ



www.burmeseclassic.com

www.burmeseclassic.com

သော ဆွမ်းပွဲကိုပြင်၍ တင်ထားသည်။ ကိုမြိုင်က ဘုရားရှိခိုး ဆွမ်းတော်ကပ်ပြီးနောက် မလုံးက မိမိအတွက် အသင့်ပြင်ပေးထားသော ထမင်းဆီဆမ်း ပူပူနွေးနွေးနှင့် ပဲရေပွကို စားသောက်ရင်း မီးဖိုထဲတွင် အလုပ်ရှုပ်နေသော မလုံးအား လှမ်း၍ . . .

"ဟော့ . . မလုံးရေ လာပါဦးဟ၊ ငါပြောစရာရှိတယ်"

"တော့်မလည်း ဘာပြောစရာရှိပြန်တာတုံး"

"ဒီလိုဟ၊ ငါ ဒီနေ့မနက် အိပ်မက်ထူးထူးဆန်းဆန်း မက်တယ်၊ အိပ်မက်ထဲမှာ ကောင်းကင်က လူဖြူဖြူကြီး နှစ်ဦး ဆင်းလာတယ်၊ တစ်ဦးရဲ့လက်ထဲမှာ ကလေး တစ်ယောက်ကို ပိတ်ဖြူနဲ့ပတ်ပြီး ပွေ့ပိုက်ထားတယ်၊ နောက်ပြီး သူက ငါ့ကို အဲဒီကလေးကို မင်းတို့ ကောင်းကောင်းမွေးကြ၊ ဒီကလေးဟာ ဘိုးဘိုးအောင် ပေးတဲ့သားဖြစ်တယ်၊ မင်းတို့ကို အကျိုးပေးလိမ့်မယ်ဆိုပြီး အဲဒီကလေးကို ငါ့လက်ထဲ ထည့်ခဲ့ပြီး သူတို့က ကောင်းကင်ကို ပျံတက်သွားကြတယ်ဟ၊ ကလေးက ဖြူဖြူဖွေးဖွေး ချစ်စရာလေးဟ"

"တော့်မလည်း လယ်ထဲမှာ ကူဖော်လောင်ဖက် သားတစ်ယောက် လိုချင်တာနဲ့ စိတ်စွဲပြီး မက်တာနဲ့ တူပါရဲ့ တော်"

"ဟာ . . . မဟုတ်ဘူးဟ၊ ငါ စိတ်စွဲလို့မက်တာ မဟုတ်ဘူး။ ထူးဆန်းတာက အဲဒီလူဖြူဖြူကြီးနှစ်ဦး ကောင်းကင်ကိုလည်း ပျံတက်သွားရော ငါ့မျက်လုံးတွေ ပွင့်ပြီး နိုးနေသဟ၊ တကယ်လိုလို အိပ်မက်လိုလိုပဲ၊ အနံ့မောင်း ခေါက်တာ ငါကြားပါတယ်၊ ဒီအကြောင်း စဉ်းစားနေလို့ မထဖြစ်တာ"

"အင်းပေါ့လေ၊ ရှင့်အိပ်မက်မှန်ရင် ကောင်းတာပေါ့၊ သမီးလေး မန္တာကလည်း မောင်လေးတစ်ယောက် လိုချင်တယ်လို့ ပူဆာနေတာ အတော်ပဲပေါ့"

"အေးပေါ့ဟာ၊ ငါကလည်း ညာလက်ရုံးနဲ့ တူတဲ့ သားကလေးတစ်ယောက် လိုချင်နေတာ၊ တကယ်မှန်ရင် ငါ့ဆန္ဒလည်း ပြည့်တာပေါ့"

အိပ်မက်သည့်အချိန်မှာ ကောဇာသက္ကရာဇ် ၁၃၀၇ ခုနှစ်၊ နယုန်လဆောက်တွင် ဖြစ်ပါသည်။ အိပ်မက်မက်ပြီး တစ်လခန့်အကြာတွင် လယ်ထဲမှ ပြန်လာသော ကိုမြိုင်အား မလုံးက . . .

"ကိုမြိုင်ရေ . . . ရှင့်အိပ်မက်တော့ မှန်နေပြီနဲ့တူတယ်"

"ဟော . . . ဟုတ်လား၊ ဝမ်းသာလိုက်တာ မိန်းမရာ၊ ငါတို့တော့ သားလေးတစ်ယောက် ရရချည်သေးရဲ့ သမီးလေးလည်း အဖော်ရတာပေါ့၊ ဒါနဲ့ သမီးလေးရောဟ"

"ရှိပါတယ်၊ ရှင့်သမီးက နောက်ဖေးမှာ ဘဲစာကျွေးနေလေရဲ့"

"ဟဲ့ သမီးလေးရေ လာပါဦး၊ သမီးလေးက မောင်လေးတစ်ယောက် လိုချင်တယ်ဆို၊ မေမေကြီးက သမီးကို မောင်လေးတစ်ယောက် မွေးပေးမယ်တဲ့"

"ဝမ်းသာတယ် . . ဝမ်းသာတယ်၊ မောင်လေး ရတော့မယ်"

ကိုမြိုင်၊ မလုံးနှင့် သုံးနှစ်ခန့်သာ ရှိသေးသည့် သမီးလေးမန္တာ မိသားစု ထိုနေ့က ပျော်ရွှင်မဆုံး ဖြစ်နေကြတော့သည်။

## မိဘများ အပြောင်းအလဲဖြစ်ခြင်း

သားလေး ရတော့မည်ဖြစ်၍ ကိုမြိုင် အမျိုးမျိုး စဉ်းစားသည်။ ဒီအတိုင်း တောမှာဆက်နေရမလား။ မြို့ပေါ်တက်ပြီး ကြီးပွားရာ ကြီးပွားကြောင်း ကြိုးစားမလား။ ထိုကြောင့် တစ်ညနေ ကိုမြိုင်သည် မလုံးနှင့် ဆွေးနွေးသည်။

"မလုံးရေ . . ."

"ဘာတုံးတော့ . . ."

"နင့်ကို ငါ တိုင်ပင်စရာတစ်ခု ရှိတယ်ဟ"

"ဒီလိုဟာ၊ အခု ငါတို့မိသားစုမှာ ငါရယ်၊ နင်ရယ်၊ သမီးလေး မန္တာရယ် ရှိတယ်၊ ဒါပေမဲ့ မကြာမီ ငါတို့သားလေး မွေးလာတော့မှာ၊ အဲဒီတော့ ငါတို့ ဒီအတိုင်း ဆက်နေလို့ မဖြစ်တော့ဘူး။ ဒီအတိုင်း ဆက်နေရင် ငါတို့သမီးလေးနဲ့ သားလေးလည်း ငါတို့လိုပဲ လယ်ထဲမှာ နွားနဲ့ဖက်ရုန်းရတဲ့ ဘဝက လွတ်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"တော်က ဘယ်လိုလုပ်ချင်လို့တုံး"

"ဒီလိုဟ၊ တို့မိသားစု မြို့ကိုတက်မယ်၊ မြို့မှာ ကြုံရာကျပမ်း ဈေးရောင်းစားရင် ထမင်းတော့ မငတ်လောက်ပါဘူး၊ မြို့ရောက်ရင် သားလေး သမီးလေးတွေကိုလည်း ပညာသင်ပေးနိုင်တာပေါ့၊ မြို့ရောက်ရင် တို့ကြိုးစားရမှာပေါ့"

"မြို့ဆိုတာ ဘိုကလေးမြို့ကို ပြောတာလား"

"မဟုတ်ဘူးဟ၊ ရန်ကုန်···ရန်ကုန်ကို ပြောတာ"

"ဖြစ်ပါ့မလားတော်၊ ရန်ကုန်မြို့က အဝေးကြီးပဲ"

"ဖြစ်ပါတယ်ဟ၊ ရန်ကုန် ကံဘဲ့မှာ ဒွေးလေး ဖယ်ကြွက်နဲ့ ဦးလေး ကိုမောင်တင်လည်း ရှိတယ်၊ ကျောက်ကုန်းရွာမမှာတော့ ဦးလေး ဦးထွန်းရှိန်နဲ့ ဒေါ်ဓလေး ကုလားမတို့ ရှိတာပဲ၊ တို့အမျိုးတွေ ရှိမှတော့ တို့ ဒုက္ခမရောက်နိုင်ပါဘူးဟာ"

"စဉ်းစဉ်းစားစား လုပ်ပါတော်"

သို့နှင့် ကိုမြိုင်၊ မလုံးတို့ လင်မယားနှစ်ယောက်သည် နှစ်ဖက်ဆွေမျိုး မိဘများ တားမြစ်နေသည့်ကြားမှ သမီးကလေးလက်ဆွဲကာ ငါးပိတစ်ပုံး၊ ဆန်တစ်အိတ်၊ ငွေ ၂၀၀ ဖြင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့ကြလေတော့သည်။

သားလေး ပဋိသန္ဓေရသည့် အိပ်မက်ထဲတွင် လူဖြူဖြူကြီးတစ်ဦးက အကျိုးပေးပါလိမ့်မည်ဟု ပြောကြားသွားသည့်အတိုင်း သားလေး ပဋိသန္ဓေ ရသည်နှင့် ကိုမြိုင်၊ မလုံးတို့၏ ဘဝသည် စတင်ပြောင်းလဲ တိုးတက်လာခြင်းပင် ဖြစ်ပါတော့သည်။

ကိုမြိုင်နှင့် မလုံးတို့မိသားစု ရန်ကုန်မြို့သို့ ပြောင်းလာသည့်နေ့က ၁၃၀၀ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်နေ့ ဖြစ်ပါသည်။

## သားလေး မွေးဖွားပြီး ဒုတိယအပြောင်းအလဲ ဖြစ်လာခြင်း


ရန်ကုန်မြို့ ကံဘဲ့ ဒွေးလေး ဒေါ်ကြွက်နှင့် ဦးလေး ဦးမောင်တင်တို့၏ ခြံထဲတွင် အဖီလေးထိုးကာ နေကြရသည်။ ကိုမြိုင်က ဆိုင်းဝိုင်းထဲတွင် အကြော်စုံထည့်ကာ လှည့်ရောင်းရသည်။ မိသားစု စားဝတ်နေရေးအတွက်မို့ ပင်ပန်းဆင်းရဲသည် မထင်ပါ။ မလုံးကလည်း ကိုယ်ဝန်အရင့်အမာဖြင့်။ သို့နှင့် ၁၃၀၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ စနေနေ့ နံနက် ၄ နာရီ အချိန်။

"အူဝဲ···အူဝဲ···အူဝဲ···"

"မွေးပပေ့၊ ဟာ ယောက်ျားလေးဟ၊ ယောက်ျားလေး၊ ဟဲ့ မောင်မြိုင် မွေးနေ့ မွေးချိန် မှတ်လိုက်ဟဲ့"

ဝီးနေခန်းအတွင်းမှ ဒွေးလေး ဒေါ်ကြွက်က ဝမ်းသာအားရ အော်သည်။ ကိုမြိုင်ကလည်း ပြက္ခဒိန်ပေါ်တွင် မှတ်သားလိုက်သည်။ ကောဇာသက္ကရာဇ် ၁၃၀၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ စနေနေ့ နံနက် ၄ နာရီတိတိဖွား ခရစ်သက္ကရာဇ် ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ စနေနေ့ မွေးဇာတာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကိုမြိုင်သည် သူကြီး ဦးကျော်လုထံတွင် မွေးစာရင်းတိုင်ပြီးနောက် သားလေးအမည်ကို စနေနှင့် ဗုဒ္ဓဟူးပေါင်း၍ မောင်ထွန်းရွှေဟု အမည်မှည့်ခဲ့လေသည်။



(ရှေ့လဆက်ရန်)

သတိုးမင်းအောင်



www.burmeseclassic.com

www.burmeseclassic.com

# ဆရာသခင်ဖြစ်တော်မူသော သတ္တမမြောက် ကျော်အောင်စံထားရာတော်ဘုရားကြီး (နှင့်) နောက်ဆုံး ရက် ၃၀ အတူနေထိုင်ခြင်း (၃)+(၄)

ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း)



၂၅.၁၂.၂၀၁၇ ခရစ်စမတ်နေ့ နံနက် ၆ နာရီ ထိုးသည်အထိ ဆရာသခင် အိပ်ရာမှ မထသေး။ ဆရာသခင်အား နှိုး၍မဖြစ်။ တစ်ခါက မိန့်ခဲ့ဖူးသည်။

"ဝိဇ္ဇာအလုပ်ကို ဗြိတ္တာတွေ နားမလည်ဘူး။ ကိုယ်လုပ်ချင်တာ ကိုယ်ပြောချင်တာတစ်ခုပဲ သိတယ်"ဟု တပည့်တစ်ဦးမှ ဆရာသခင်အိပ်ပျော်နေစဉ် နှိုးမိသဖြင့် မိန့်ခဲ့ဖူးသည်။ ၆ နာရီ ၄၅ မိနစ်တွင် ဆရာသခင် အိပ်ရာမှနိုးသည်နှင့် -

"ကိုယ်တော်မျိုးချစ်နဲ့ ကိုယ်တော်သုခ ဒီနေ့ ဘယ်နရက်လဲ။ ကျုပ် ရွှေတိဂုံဘုရားကြီးမှာ ဆွမ်းကပ်ခဲ့ပြီးပြီ"ဟု မိန့်တော်မူပါသည်။ ကျွန်ုပ်မှာ ယနေ့ ၂၅ ရက် ခရစ်စမတ်နေ့ဖြစ်ကြောင်း လျှောက်တင်လိုက်သည်နှင့် ဆရာသခင်၏ မျက်နှာတော် ညှိုးသွားသည်ကို တွေ့လိုက်ရပါသည်။

"ဪ...ဒီနေ့ ဒီဇင်ဘာ ၂၅ ရက် ရောက်ပြီကိုး။ ခါတိုင်း ဒီနေ့ရောက်ရင် အောင်သိဒ္ဓိဘုရားကြီး ဆွမ်းကပ်ပြီးတာနဲ့ ရန်ကုန်ကို သွားတဲ့နေ့ပေါ့။ ဒီနှစ်တော့ ရန်ကုန်ကို မသွားနိုင်တော့ဘူးထင်တယ်"ဟု မိန့်တော်မူပါသည်။ ဆရာသခင် မိန့်တော်မူသည်ကို နားထောင်ရင်း ကျွန်ုပ် မျက်ရည်ဝဲမိပါသည်။ မှန်ပါသည်။ ဒီနေ့ ဒီဇင်ဘာ ၂၅ ရက်နေ့ ဆရာသခင်သည် မန္တလေးမှ ရန်ကုန်သို့ နှစ်စဉ်ကြွတော်မူပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား မနက်တစ်ကြိမ် ညတစ်ကြိမ် တစ်လတိတိ တပည့်သာဝကများနှင့် ဆွမ်းကပ်ခြင်း၊ ပဋ္ဌာဝါရပဋ္ဌာန်းရွတ်ဖတ်ခြင်း၊ ကျိုက်ထီးရိုးဆီမီးကိုးထောင်ပူဇော်ခြင်း။ ဗိုလ်တထောင်ဘုရားတွင် ဇန်နဝါရီလ ၁၃ ရက်နေ့တိုင်း ဝိဇ္ဇာတာမွေးနေ့မင်္ဂလာပြု၍ တပည့်သာဝကများ၏ ပူဇော်ခြင်းကို ခံယူတော်မူနေကျ ဖြစ်ပါသည်။ ကျွန်ုပ်မှ -

"အရှင်ဘုရားမှာ တပ်သားရတဲ့ ခီးပိုက်ဖြုတ်ပြီးတာနဲ့ ကိုယ်တော်သုခနဲ့ တပည့်တော် ရန်ကုန်ကို လိုက်ပို့ပေးပါ့မယ်"ဟု လျှောက်ထားလိုက်မှ မျက်နှာတော် ပြုံးရွှင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းအောက်သို့ ဆင်းကာ မျက်နှာသစ်ခြင်း၊ ယာဂုဆွမ်းနှင့် လက်ဖက်ရည် ဘုဉ်းပေးခြင်း၊ နံနက်ဆေး သောက်တော်မူခြင်း ပြုတော်မူပါသည်။ နံနက် ၇ နာရီ ၃၀ တွင် ဆရာသခင်နှင့် အောင်သိဒ္ဓိဘုရားကြီးအား ဆွမ်းကပ်ခြင်း၊ ပဌာဝါရပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ ၃၁ ဘုံသားအားလုံးတို့အား မေတ္တာပို့ အမျှပေးဝေပြီး ကျောင်းတိုက်အတွင်းသို့ ပြန်လည်ကြွတော်မူပါသည်။ ကျောင်းတိုက်အတွင်း ရောက်သည်နှင့်

"မိမယ်၊ တင်လှိုင်တို့ မပြန်နဲ့ဦး။ ဘျုပ် အနားထိုင်ကြ၊ ကိုယ်တော်မျိုးချစ် ဆံပင်တွေဖြူနေပြီ၊ မိမယ်နဲ့ တင်လှိုင်တို့လည်း ဆံပင်တွေဖြူနေပြီ"ဟု မိန့်တော်မူပြီး -

(၁) အသက်တွေ ကြီးလာပြီ ဇရာ၊ ဗျာဓိ၊ မောဟတွေ ကြီးတုန်းပဲလား။

(၂) သွားတွေကျိုးနေပြီ မာန်စွယ်တွေ မကျိုးသေးဘူးလား။

(၃) အရေတွေတွန့်နေပြီ၊ မကောင်းမှုအကုသိုလ် အလုပ်တွေ မတွန့်သေးဘူးလား။

(၄) အသားအရေတွေ လျော့နေပြီ၊ တဏှာသန္တာ တွေ မလျော့သေးဘူးလား။

(၅) ဆံပင်တွေ ဖြူနေပြီ စိတ်ထားတွေ မဖြူသေးဘူးလား။

(၆) မျက်စိတွေ မှုန်နေပြီ၊ နိဗ္ဗာန်သွားမည့်လမ်း မှုန်နေတုန်းပဲလား။

(၇) ဘုရားပစ္စည်းငရဲမီး အပြီးရှောင်ကြဉ်ပါ။

(၈) သံဃာ့ပစ္စည်း အဆိပ်သီး အပြီးရှောင်ကြဉ်ပါ။

(၉) ခွင့်ပြုမရ အခမ္မ လုံးဝမသုံးရ၊

(၁၀) ခိုးယူသုံးလျှင် ဒုက္ခဝင် သေလျှင် ငရဲရွာ၊

(၁၁) ဘုရားပစ္စည်း ငရဲမီး သုံးနည်းအလွန်ခက်၊

(၁၂) သံဃာ့ပစ္စည်း အဆိပ်သီး စားနည်းအလွန်ခက်၊

(၁၃) စားသုံးမိလျှင် တနင်နင် သေလျှင် အလွန်ခက်၊

(၁၄) ငရဲသို့ကျ ဝဋ်ဒုက္ခ လွတ်ရပြန်ဖို့ခက်၊

(၁၅) ငရဲဘဝ လွတ်ပြန်က ပြိတ္တာဘုံသို့ဆက်၊

(၁၆) ပြိတ္တာဘဝ လွတ်ပြန်က လူ့ဘုံရောက်ဖို့ခက်၊

(၁၇) လူ့ဘုံရောက်လာ သာသနာ ကြုံရပြန်ဖို့ခက်၊

(၁၈) သာသနာတွင် ကြုံကြိုက်လျှင်၊ ကျင့်ခြင်းသာလို့ခက်၊

(၁၉) ဘုရားသခင် ဉာဏ်တော်ရှင် ဖူးမြင်ရဖို့ခက်၊

(၂၀) အရိယာ့သံဃာ ပေါ်သောအခါ လှူဒါန်းရဖို့ခက်၊

(၂၁) တစ်နေ့ကွယ် သေမယ်လို့ တစ်ခါကူး မသေဘူးရယ်လို့ မထင်လိုက်ပါနဲ့၊ နေ့ကွယ်တာ အကြိမ်ကြိမ်များရင်ဖြင့် သေနယ်ရွာ တစ်ကြိမ် သွားရလိမ့်မယ် တားမရဘူး၊ ကြာလည်း မမေ့ရှာလည်းမတွေ့ ငါလည်းတစ်နေ့ . . .

"ကဲ . . . ကိုယ်တော်မျိုးချစ်တို့ တစ်နေ့သေရမှာပဲ။ မသေခင် ခင်ဗျားတို့ ဘယ်လိုလှူကြမလဲ"

(၁) ယတြာနဲ့မလှူ။ သဒ္ဓါနဲ့လှူရမည်။

(၂) တဏှာနဲ့မလှူ။ ပညာနဲ့လှူရမည်။

(၃) စိတ်အကြံပေါက်ဖို့မလှူ။ နိဗ္ဗာန်ရောက်ဖို့လှူသည်။

(၄) ရှိလို့မလှူ။ သိလို့လှူသည်။

(၅) ရှိဖို့မလှူ။ သိဖို့လှူသည်။

(၆) ကိုယ့်ဖို့မလှူ။ သူ့ဖို့လှူသည်။

(၇) လှူတာ သတိထား။ မပါကြွားနှင့်။

"ကိုယ်တော်မျိုးချစ်တို့ သေသေချာချာ မှတ်သားထားပြီး သေတဲ့အထိ လိုက်နာစောင့်ထိန်းကြပါ"ဟု မိန့်တော်မူပြီး ဆရာသခင်သည် များလှစွာသော ဆွမ်းဟင်းများထဲမှ ပဲဟင်း၊ ငံပြာရည်ချက်၊ ကန်စွန်းရွက်ကြော်၊ ခရမ်းချဉ်သီးပန်ထွေဖျော် တို့နှင့်သာ နေ့ဆွမ်းကို ဘုဉ်းပေးတော်မူပါသည်။ နေ့ဆွမ်းဘုဉ်း ပေးပြီးသည်နှင့် ဆရာသခင်မှ -

"ကိုယ်တော်မျိုးချစ် ဒီနေ့အမိတ္တာန် ဘယ်နရက် ရောက်ပြီလဲ"ဟု မိန့်တော်မူသဖြင့် ကျွန်ုပ်မှ လေးဆူမြောက် ပူဇော်မည်ဖြစ်ကြောင်း လျှောက်တင်လိုက်သည့်အခါ -

"ဒီနေ့ အောင်မြေမှန်ကင်း ဘုရားမှာ အမိတ္တာန်ဝင်ပါ" ဟု မိန့်တော်မူသဖြင့် ကျွန်ုပ်လည်း အောင်မြေကိုးဌာန အမိတ္တာန်စတုတ္ထရက် အောင်မြေမှန်ကင်းဘုရားတွင် မဟာပရိကံပြု ကန်တော့ချီးကြီးဖြင့် စတင်ပူဇော်ပါသည်။ အောင်မြေ



www.burmeseclassic.com

www.burmeseclassic.com

ကိုးဗွာနအမိတ္တာန် ၂ နာရီ ၃၀ တွင်ပြီးသည်နှင့် ၃ နာရီတိတိ တွင် ကျောင်းရှိ သံဃာတော်များနှင့် ဆရာသခင်၏ ကျောင်းတော်ပေါ်တွင် နေ့စဉ်ပြုနေကျ ဝတ်ပြုပူဇော်ကြပါသည်။

ညနေ ၄ နာရီ ဘုရားဝတ်ပြုပြီးသည်နှင့် ဆရာသခင်အား နဂါးရုံဘုရားကြီးဆီသို့ ပို့ဆောင်ပေးရပါသည်။ နဂါးရုံဘုရားကြီးရှေ့တွင် တည်ဆောက်နေသည့် ပစ္စယနာဂဆင်တော်ကြီးအား ကြည့်ရှုနေသည့် ဆရာသခင်သည် ကျွန်ုပ်အား -

"ကိုယ်တော်မျိုးချစ်ကို ကျုပ်အနားမှာ သင်္ကန်းဝတ်နဲ့လာနေရန် သုံးကြိမ်ပြောခဲ့တာကို ဒီတစ်ကြိမ်မှ ကိုယ်တော်မငြင်းဘဲ ရဟန်းအဖြစ်နဲ့ ဂနေတော့တယ်။ နောက်ပြီးတော့ ပုဂံဘုရား၊ ရွှေစက်တော်ဘုရား၊ အလောင်းတော်ကဿပ ကိုယ်တော်ကြီးတို့ကို ကျုပ်နဲ့ ဖူးမြော်ကပ်သွားဖို့ ခေါ်တုန်းကလည်း ခင်ဗျား နှစ်ခါငြင်းခဲ့တယ်။ ဒါပေမဲ့ ပုဂံဘုရား၊ ရွှေစက်တော်ဘုရား၊ အလောင်းတော်ကဿပ ကိုယ်တော်ကြီးတို့ကို ကျုပ်နဲ့အတူ ခင်ဗျားသွားရဦးမှာပါ"ဟု မိန့်တော်မူသဖြင့် ဆရာသခင်သည် လွန်ခဲ့သော သုံးနှစ်ခန့်က ကျွန်ုပ်အား ကျော်အောင်စံထား ကျောင်းတိုက်တွင် ဝါတွင်းကာလ သင်္ကန်းဝတ်နှင့်နေရန် နှစ်ကြိမ်နှင့် ပုဂံ၊ ရွှေစက်တော်၊ အလောင်းတော်ကဿပဘုရားများ ဖူးမြော်ကပ်ရန် နှစ်ကြိမ်ခေါ်ခဲ့သည်ကို ကျွန်ုပ်မှ ငြင်းဆန်ခဲ့သည်ကို အမှတ်ရ၍ မိန့်တော်မူခြင်းဖြစ်သည်ဟု ထင်လိုက်မိပါသည်။ ဆရာသခင်မှ ဆက်လက်၍ -

"ကိုယ်တော်မျိုးချစ်...အလောင်းတော်ကဿပကို ရောက်ခဲ့လျှင် လှိုဏ်ဂူရှေ့မှ အနည်းဆုံး မဟာပရိက်ပြုကန်တော့ချီးကြီးဖြင့် ပဋ္ဌာန်းသဒ္ဓါဝါရတစ်ခေါက်၊ မွှေးနံ့ဂုဏ်တော်ပုတီး ၁၀၈ ပတ်ရအောင် စိပ်ပြီး ၃၁ ဘုံသားတို့ကို သေသေချာချာ မေတ္တာပို့ အမျှပေးဝေလိုက်ပါ။ ကျုပ်အလောင်းတော်ကဿပဂူကြီးထဲမှ အဓိဋ္ဌာန်ဝင်နေတုန်းက မဟာမြိုင်ဆရာတော်ဘုရားကြီး လာရောက်၍ စောင့်ရှောက်ခဲ့တယ်။ ဗိုလ်ဗွာထွက် လမ်းကျမ်းမြတ်ကို ပေးလို့ ကျုပ်ကူးယူပြီး ကျင့်ကြံပွားများခဲ့တာ ခရီးရောက်ခဲ့တယ်။ မဟာမြိုင်ဆရာတော်ဘုရားကြီးက ကျုပ်ကို သေသေချာချာ မိန့်မှာခဲ့တာကို ပြောပြမယ်။ ခင်ဗျား သေသေချာချာမှတ်သားထားပါ"ဟု



အောက်ပါအတိုင်း မိန့်တော်မူပါသည်။

"ကိုယ်တော်လေး သက်တော် ၆၃ နှစ်ရောက်ရင် သာသနာပြုလုပ်ငန်းတွေ လုပ်ရတာ အောင်မြင်ပြီးမြောက်လိမ့်မယ်။ အဲဒီအချိန်မှာ ထွက်လိုရာထွက်ပြီး မထွက်ချင်သေးရင် နေနိုင်တယ်။ ကိုယ်တော်လေး အထူးဂရုစိုက်ဖို့ကတော့ တပည့်အရင်းတွေ၊ ဒကာ အရင်းတွေပဲ။ တပည့်ရင်း ဒကာရင်းဖြစ်တဲ့ ရတနာသုံးပါးကို ကိုင်းရှိုင်းမှု၊ ကျိုးနွံမှု၊ သက်ဝင်ယုံကြည်မှုနည်းတဲ့ တပည့်ဒါယကာရင်းတွေက သာသနာအတွက် ကိုယ်တော်လေးကို လှူထားတဲ့ ငွေတွေကို သူတို့ကိုယ်ကျိုးအတွက် သုံးကြလိမ့်မယ်။ အဲ့သလို သုံးရင် သူတို့နစ်မွန်းကြလိမ့်မယ်။ အဲဒီလို တပည့်မျိုး၊ ဒကာမျိုးကို စိတ်ပေါင်းကိုယ်ဖွာထား၍ ဆက်ဆံပါ။ ငွေကြေးပစ္စည်း မအပ်နှင်းမိအောင် အထူးသတိထားရမယ်။ အဲလိုလုပ်ခြင်းအားဖြင့် သူတို့ကို မနစ်မွန်း၊ ငရဲမကျအောင် ပြုလုပ်ခြင်းဖြစ်တယ်"ဟု သေသေချာချာ မိန့်တော်မူခဲ့တယ်။

ကျွန်ုပ်မှ -

"အရှင်ဘုရား ဘယ်ကငွေထုတ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်စကားဆက်ပြောချိန် မရခဲ့ပါ။ ဆရာသခင်မှ

"ကိုယ်တော်မျိုးချစ် ကျုပ်ရဲ့ကျင့်စဉ်တွေ မရှင်းတာရှိသေးလား။ ပင်မဂုဏ်တော်ထဲက ကျင့်စဉ်တွေကို ဘာတွေကျင့်ရမယ်ဆိုတာ ခင်ဗျားကို ပြောပြီးသား။ တခြားကိစ္စတွေ ဘာမှမမေးနဲ့တော့။ ကိုယ့်အလုပ် ကိုယ်လုပ်တော့။ အရှုပ်ထဲမှာ ရှင်းအောင်နေပါ"ဟု မိန့်တော်မူပြီး ကျောင်းဝိုင်းအတွင်းသို့ ပြန်ရန် ပြောသဖြင့် ဆရာသခင်အား ဝိုးချဲ့ဖြင့် တွန်း၍ ကျောင်းရှေ့ရှိ မီးလင်းဖိုသို့ ပြန်ကြပါသည်။

ဆရာသခင် မိန့်တော်မူသည့် အရှုပ်ထဲမှ ရှင်းအောင်နေနိုင်းသည်ကို မရှင်း၍ ဆရာသခင်အား ပြန်၍မေးလျှင်လည်း အဆူခံရဦးမည်။ မမေးဘဲနေတာပဲ ကောင်းပါသည်ဟု နေလိုက်ပါတော့သည်။ မီးဖိုရှေ့ ကုလားထိုင်တွင် ဆရာသခင်ထိုင်မိသည်နှင့် ခြေသလုံးများကို ဝတ်ဖြည့်နှိပ်နယ်ပေးနေစဉ်

"ကိုယ်တော်မျိုးချစ် သုဂတောင်းချက် ဂါထာကို တစ်နေ့ ပုတီးတဘယ်နှပတ် စိပ်ဖြစ်သလဲ"ဟု မေးတော်မူသဖြင့် နေ့စဉ် ပုတီးတစ်ပတ် အဓိဋ္ဌာန်ပြု၍ ပူဇော်နေကြောင်း လျှောက်တင်လိုက်ပါသည်။ ဆရာသခင်မှ တစ်နေ့လျှင် အနည်းဆုံး ပုတီး ၁၇ ပတ်ရအောင် စိပ်ရန် မိန့်တော်မူပြီး -

"တဟီး တဟီး ဂါထာကို ခင်ဗျားရသလား"ဟု မိန့်တော်မူသဖြင့် ကျွန်ုပ်မှ -

"တဟီး တဟီး ပါရမိ သဒ္ဓယံ၊ ဂဝံ ဂဝံ သဗ္ဗိ သုခပ္ပမ် မဓံ၊ နာရာ နာရာနံ သုခသမ္ဗဝံ ဘဝံ၊ နမာနမာနံ ဗိန ပုဂံဝံ ဂဝံ"ဂါထာတော်အား ရွတ်ဖတ်၍ ပြလိုက်ပါသည်။ ဆရာသခင်မှ -

"ဟုတ်ပါတယ်။ အဲဒီဂါထာက နမကာမှာ ပါတယ်။ မဟာမြိုင်ဆရာတော်ဘုရားကြီးက တစ်နေ့ ပုတီးကိုးပတ်စိပ်နိုင်းခဲ့တယ်။ အဲဒီဂါထာတော်က အပွင့်ဓာတ်ဖြစ်တယ်။ ဂါထာတော်ကို အဓိဋ္ဌာန်နဲ့ ပူဇော်လိုက်တာနဲ့ အလောင်းတော်ကဿပ လိုဏ်ဂူပေါက်ကြီးပွင့်ပြီး ရဟန္တာကိုယ်တော်မြတ်ကြီးကို ကျုပ်ဖူးမြော်ခွင့်ရခဲ့တယ်။ ကိုယ်တော်မျိုးချစ်ရောက်ခဲ့ရင် တဟီး တဟီး ဂါထာကို ပုတီး ကိုးပတ်စိပ်ပါ။ အဲဒီဂါထာတော်အနက်အဓိပ္ပာယ်ကို ဂါထာမန္တန်ကျမ်းမြတ်မဟာနှင့် ပင်မဂုဏ်တော်ပုတီးစိပ်နည်းကျမ်းမှာ ဖော်ပြထားတယ်။ အဓိပ္ပာယ်ကိုသိအောင် လေ့လာပါ"ဟု မိန့်တော်မူပါသည်။ တဟီး တဟီး ဂါထာနှင့် သုဂတောင်းချက်ဂါထာတို့၏အနက် အဓိပ္ပာယ်ကို ဆက်လက်၍ ဖော်ပြပေးပါမည်။

၂၆-၁၂-၂၀၁၇ ရက်နေ့ နံနက် ၅ နာရီ ၃၀ မိနစ်တွင် ဆရာသခင်အား ဦးဇင်းဦးသုခနှင့်အတူ ကျောင်းပေါ်မှ ကျောင်းအောက်ရှိ မီးဖိုသို့ ဝိုးချဲ့ဖြင့် တင်ဆောင်ပါသည်။ ကျောင်းရှေ့မီးဖိုတွင် ဆရာတော်ကြီးအား မျက်နှာသစ်ပေးပါသည်။ မျက်နှာတော်သစ်ပြီးသည်နှင့် ယာဂုဆွမ်းကပ်ခဲ့ပြီး လက်ဖက်ရည်နှင့် ဒိကြာကွေး အကြော်ဝယ်ရန် သွားပါသည်။ ပြန်ရောက်သည်နှင့် ဆရာသခင် ယာဂုဆွမ်းဘုဉ်းပေးပြီး ကျွန်ုပ်ကပ်လှူသည့် လက်ဖက်ရည်၊ ဒိကြာကွေး၊ အကြော်များ ဘုဉ်းပေးတော်မူပါသည်။ ကျွန်ုပ်သည် ဆရာသခင်ထံသို့ရောက်ရှိတိုင်း အရုဏ်ဆွမ်းအဖြစ် လက်ဖက်ရည်၊ ဒိကြာကွေး၊ အကြော်နဲ့ နေ့စဉ်ကပ်လှူပါသည်။ ဆရာသခင်အား နံနက်ဆေး တိုက်ကျွေးပြီးသည်နှင့် ကျွန်ုပ်နှင့် ဦးဇင်းဦးသုခအား ကျန်ရှိသည့် ယာဂုနှင့် အကြော်များကို ဘုဉ်းပေးစေပါသည်။ နံနက် ၇ နာရီထိုးသည်နှင့် ဓောင်သိဒ္ဓိဘုရားကြီးအား ဆွမ်းကပ်လှူခြင်း၊ ပဋ္ဌာန်းပဉ္စာဝါရ ရွတ်ဖတ်ပူဇော်ခြင်း၊ ၃၁ ဘုံသားတို့အား မေတ္တာပို့အမျှပေးဝေခြင်း အဓိဋ္ဌာန်ကို ဆရာသခင်နှင့် နေ့စဉ်ဝတ်မပျက် ပြုလုပ်ပါသည်။

ဓောင်သိဒ္ဓိဘုရားကြီး ဆွမ်းကပ်ပြီးသည်နှင့် ဆရာသခင်အား ဝိုးချဲ့ဖြင့် ဆင်ဖြူတော်ကြီး တည်ဆောက်နေသည်ကို ခေတ္တကြည့်ရှုပြီး နဂါးရုံဘုရားကြီး အနောက်သို့ သွားရန် မိန့်တော်မူသဖြင့် နဂါးရုံဘုရားကြီး၏ အနောက်ကျောဘက်သို့ ပို့ဆောင်ပေးရပါသည်။

"ကိုယ်တော်မျိုးချစ် နဂါးရုံဘုရားကြီးရဲ့အနောက်မှာ ရပ်တော်မူဘုရားတစ်ဆူ တည်ဖို့ နေရာကြည့်တာ နေရာကပြည့်နေပြီ။ အဲဒါကြောင့် ရပ်တော်မူဘုရားကြီးတည်ဖို့ အစီအစဉ်ကို ဖျက်လိုက်ပြီ။ ပစ္စယနာဂဆင်ကြီးပြီးရင် ကျောင်းတော်မူဘုရားကြီးရဲ့အမိုးကို အကြီးစားပြင်ဆင်ရမယ်"ဟု မိန့်တော်မူပြီး ကျောင်းထဲသို့ ပြန်ခဲ့ကြပါသည်။ ကျောင်းတိုက်အတွင်း ရောက်သည်နှင့် ဆရာသခင်အား ကုလားထိုင်ပေါ်တွင် ထိုင်စေပြီး ဝတ်ဖြည့်ပေးပါသည်။ ခြေသလုံးကြွက်သားများအား နှိပ်နယ်ပေးနေစဉ် ဆရာသခင်မှ -



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်တော်မျိုးချစ် ဒီနေ့ အောင်မြေကိုးဌာနအဓိဋ္ဌာန်ကို မတ်တော်မူ ပဋ္ဌာန်းဘုရားကြီးမှာ အဓိဋ္ဌာန်ပြုပါ။ အဲဒီပဋ္ဌာန်းကိုယ်တော်မြတ်ကြီးနဲ့ ရှင်ဥပ္ပဂုတ္တရဟန္တာကိုယ်တော်မြတ်ကြီးကို ရန်ကုန်က ဦးအုန်းရွှေနှင့်သားများ သဘော်ဆေးဆိုင်မိသားစုက လှူတာ။ အခု တန်ဆောင်းတော်ကြီးကိုလည်း သံတွေနဲ့ အသစ်ပြန်လုပ်တာ သိန်းသုံးထောင်ကျော်ကုန်တယ် ပြောတယ်။ နဂါးရုံဘုရားကြီးရဲ့ အမိုးကိုတော့ ဂရိတ်ဝေါကုမ္ပဏီပိုင်ရှင် ဦးမောင်မောင်ဆွေက တစ်ဦးတည်းလှူတာဖြစ်တယ်။ လျောင်းတော်မူဘုရားကြီးကိုလည်း ဦးအုန်းရွှေသား အောင်အောင်တို့ ဦးမောင်မောင်ဆွေတို့နဲ့ အကြီးစားပြုပြင်ရမယ်"ဟု မိန့်တော်မူပါသည်။

နံနက် ၁၀ နာရီထိုးသည်နှင့် ဆရာသခင်အား နေ့ဆွမ်းကပ်လှူပြီး ဦးဝင်းဝင်းကြည်၊ ဦးဝင်းစန္ဒီမာ၊ ဦးဝင်းသုခ၊ ဦးဝင်းယေဘာသီတာနှင့် ကျွန်ုပ်တို့ငါးပါးသည် ဆရာသခင်၏ ရှေ့တွင် နေ့စဉ်ဆွမ်းဘုဉ်းပေးရပါသည်။ ဆရာသခင်မှ -

"မိန်းမနဲ့ကလေးတွေ လုပ်ကိုင်မကျွေးချင်လို့ ဘုန်းကြီးဝတ်နေကြတယ်။ ဆွမ်းကျတော့ ခံမစားကြဘူး"ဟု မိန့်တော်မူသဖြင့် ဘယ်ကိုယ်တော်များ ပြောသည်မသိဟု စိတ်ထဲမှ မေးကြည့်မိပါသည်။ ကျွန်ုပ်များ ပြောနေသည်လားမသိ။ နေ့ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ဆရာသခင်အား ခုတင်ပေါ်တွင် ကျိန်းစေပြီး ငါးဆူမြောက် မအောင်မြေကိုးဌာနအဓိဋ္ဌာန်အဖြစ် မတ်တော်မူ ပဋ္ဌာန်းဘုရားကြီးတွင် စတင်အဓိဋ္ဌာန်ပူဇော်ပါသည်။ အဓိဋ္ဌာန်ပြီးသည်နှင့် ညနေ ၃ နာရီတွင် ကျောင်းတိုက်ရှိ သံဃာများနှင့်အတူ ဆရာသခင်၏ ကျောင်းပေါ်တွင် ဝတ်တက်ပူဇော်ကြပါသည်။ ပြီးသည်နှင့် ဆရာသခင်အား နဂါးရုံဘုရားကြီးရှေ့သို့ ပို့ဆောင်ပေးရပါသည်။ နဂါးရုံဘုရားကြီးရှေ့ ရောက်သည်နှင့် ဆရာသခင်၏ ခြေသလုံးများကို ဓာတ်လုံးဆီလိမ်း၍ နှိပ်နယ်ဝတ်ဖြည့်ပေးနေစဉ် -

"ကိုယ်တော်မျိုးချစ် ညဘက် ဘယ်မှာကျိန်းသလဲ" မှာ မေးတော်မူသဖြင့် တပည့်တော် ဦးကျော်ဟိန်းလှူတဲ့ သုံးထပ်ဆောင်အလယ်ထပ်မှာ နေကြောင်း လျှောက်တင်လိုက်ပါသည်။

"ဒါဆို ကိုယ်တော်မျိုးချစ် တစ်ယောက်တည်းနေရတာပေါ့။ တစ်ယောက်တည်းနေရခြင်းရဲ့ အကျိုး ၂၈ ပါးရှိတယ်။ ကိုယ်တော် သေသေချာချာ မှတ်သားထားပါ"ဟု အောက်ပါအတိုင်း မိန့်တော်မူပါသည်။

(၁) မိမိကိုယ်ကို စောင့်ရှောက်နေခြင်း။
(၂) အသက်တိုးပွားခြင်း။
(၃) ကိုယ်အား၊ ဉာဏ်အားကောင်းခြင်း။
(၄) အပြစ်ဒေါသ မဖြစ်ခြင်း။
(၅) ကျော်စောမှုကို ပယ်နိုင်ခြင်း။
(၆) အကျော်စောကို စောင်နိုင်ခြင်း။
(၇) မွေ့လျော်ခြင်းကို ပယ်နိုင်ခြင်း။
(၈) ရောင့်ရဲနိုင်ခြင်း။
(၉) ကြောက်လန့်ခြင်းကို ပယ်နိုင်ခြင်း။
(၁၀) ရဲရင့်ခြင်းကိုပယ်၍ သည်းခံနိုင်ခြင်း။
(၁၁) ပျင်းရိခြင်းကို ပယ်နိုင်ခြင်း။
(၁၂) ကောင်းသောလုံ့လကို ဖြစ်စေနိုင်ခြင်း။
(၁၃) ရာဂကို ပယ်နိုင်ခြင်း။
(၁၄) ဒေါသကို ပယ်နိုင်ခြင်း။
(၁၅) မောဟကို ပယ်နိုင်ခြင်း။
(၁၆) မာနကို ပယ်နိုင်ခြင်း။
(၁၇) ဝိတက်ကို ချိုးဖျက်နိုင်ခြင်း။
(၁၈) စိတ်ကို တည်အောင်ထားနိုင်ခြင်း။
(၁၉) စိတ်ကို ပျော့ပျောင်းစေနိုင်ခြင်း။
(၂၀) ရွှင်လန်းကြည်လင်စေနိုင်သော စိတ်ကို ဖြစ်စေနိုင်ခြင်း။
(၂၁) လေးမြတ်သည်ကို ပြုစေနိုင်ခြင်း။
(၂၂) လာဘ်ကို ပယ်နိုင်ခြင်း။
(၂၃) ရှိခိုးထိုက်သည်ကို အထူးအလေးမူခြင်း။
(၂၄) နှစ်သက်ခြင်းကို ရောက်စေနိုင်ခြင်း။
(၂၅) ဝမ်းမြောက်ခြင်းကို ပြုစေနိုင်ခြင်း။
(၂၆) သင်္ခါရသဘောတရားကို မြင်စေနိုင်ခြင်း။
(၂၇) ပဋိသန္ဓေကို ပယ်ခွာနိုင်ခြင်း။
(၂၈) ငြိမ်းအေးခြင်းကို အထူးဖြစ်စေနိုင်ခြင်း။

အဲဒီအကျိုး ၂၈ ပါးကိုရအောင် ကိုယ်တော်မျိုးချစ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တည်း အမြဲနေပါလေ"ဟု မိန့်တော်မူပါသည်။ ညနေ ၆ နာရီထိုးသည်နှင့် ဆရာသခင်အား ကျောင်းတိုက်အတွင်းသို့ ဝိုးချဲဖြင့် ပင့်ဆောင်ခဲ့ပါသည်။

ဆရာသခင် ညနေ ၆း၃၀ နာရီတွင် ကျောင်းကြီးအပေါ်သို့ ပင့်ဆောင်ရပါသည်။ ကျောင်းကြီးပေါ်ရောက်သည်နှင့် ဆရာသခင်၏ ခုတင်ဘေးတွင် မီးလင်းဖိုတစ်ခုဖို၍ ပေးထားပြီး ကုလားထိုင်နှင့် ထိုင်တော်မူစေပါသည်။ ဦးသုခနှင့် ကျွန်ုပ်တို့နှစ်ဦး၏ ဝတ်ဖြည့်ပေးခြင်းကို ခံယူနေစဉ် ဆရာသခင်မှ သုဂတောငါးချက်ဂါထာကို ဆက်၍မိန့်တော်မူပါသည်။ "ကိုယ်တော်မျိုးချစ် သုဂတောငါးချက်ဂါထာနှင့် အနက်အဓိပ္ပာယ်ကို ရွတ်ပြပါဦး"ဟု မိန့်တော်မူသဖြင့် ကျွန်ုပ်မှ အောက်ပါအတိုင်း ရွတ်ဆို၍ပြပါသည်။

### သုဂတောငါးချက် ဂါထာ

သုဂတော သုဂတဌာနံ သုဂတော သုန္ဒရံပိစ
သုဂတော နိဗ္ဗာနံယာတိ သုဂတော တေ
နမောနမာ။

သုဂတော-ကောင်းသောသွားခြင်းရှိသော မြတ်စွာဘုရားသခင်သည်၊ သုဂတဌာနံ-ကောင်းသောအလားရှိသော သူတော်ကောင်းတရား၌ တည်တော်မူပါသည်။ သုဂတော-ကောင်းမကောင်းမှန် ခွန်ခြောက်တန်တွင် နှစ်တန်သော စကားကိုသာ ဆိုတော်မူသော မြတ်စွာဘုရားသခင်သည်၊ သုန္ဒရံပိစ-သူတော်ကောင်းတို့ စက်ဆုတ်ဖွယ်မကင်းသော ကာယိန္ဒြေ၊ မနိန္ဒြေ ရှိတော်မူသဖြင့် ကောင်းလည်းကောင်း မြတ်လည်းမြတ်တော်မူပါပေ၏။ သုဂတော-ကောင်းသော စကားကို ဆိုတော်မူပေထသော၊ မြတ်စွာဘုရားသခင်သည် နိဗ္ဗာနံ- နိဗ္ဗာန်သို့ ယာယီကြွသွားတော်မူပါပေ၏။ သုဂတော-ကောင်းသောကြွသွားခြင်း ရှိတော်မူသော မြတ်စွာဘုရား။ တေ-အရှင်ဘုရားအား၊ နမော-ဦးညွှတ်ရှိခိုးလျက်၊ နမာ-ရှိခိုးပါ၏ အရှင်ဘုရား။

"မှန်ပါတယ် ကိုယ်တော်။ ဂါထာတစ်ပုဒ်ကို အဓိဋ္ဌာန်ပြုကျင့်တော့မယ်ဆိုလျှင် ဂါထာ၏ အနက်အဓိပ္ပာယ်ကို သိထားတော့ ပိုပြီးအကျိုးများပါတယ်။ အဓိဋ္ဌာန်စတင်တော့မည်ဆိုလျှင် မွေးနေ့မှစပြီး အဓိဋ္ဌာန်တင်ပါ။ မဟာပရိက်ပြုကန်တော့ကျိုးကြီးဖြင့် ဘုရားရှင်အား ကန်တော့ပြီး ငါးဖီးဆိုင်ကန်တော့ပွဲ၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပါ။ အဓိဋ္ဌာန်ကာလအတွင်း သက်သတ်လွတ်စားနိုင်လျှင် ပို၍ကောင်းပါသည်။ ခင်ပွန်းကြီး ၁၀ ပါးကို ဝန်ချတောင်းပန်ကန်တော့ကာ မိမိ၏ခန္ဓာကိုယ်ကို ဘုရားရှင်အား လှူဒါန်းထားပြီး တစ်နေ့တာ ဂါထာတစ်ပုဒ်ဆုံး ပုတီးတစ်လုံးချဖြင့် ပုတီး ၂၇ ပတ်စိပ်ပါ။ ပထမအကြိမ် ၄၅ ရက်၊ ဒုတိယအကြိမ် ၈၁ ရက်၊ တတိယအကြိမ် ၁၀၈ ရက် အဓိဋ္ဌာန်ပြုမှုဖော်ပါ။ ရာထူးရာခံနှင့် အဆင့်မြင့်မြင့် နေရမယ်။ ကြံစည်သမျှ အောင်မြင်မယ်။ နိုင်ငံခြားသွား အလုပ်လုပ်ချင်တဲ့သူတွေ၊ ရာထူးတိုးချင်တဲ့သူတွေ၊ လာဘ်လာဘပေါများပြီး ချမ်းသာချင်တဲ့လူတွေအတွက် ဖိုမထိုးတဲ့ ရွှေဖြစ်တဲ့နည်း ဖြစ်ပါတယ်။ လုပ်ဖြစ်အောင်လုပ်ပါလို့ ကျွန်ုပ် တိုက်တွန်းပါတယ်။ ကိုယ်တော်တို့ မီထက်မက ထွက်လမ်းအထိ တက်ချင်တယ်ဆိုရင်တော့ ဗိတ်ဖြူ (သို့မဟုတ်) အညိုရောင်ဝတ်၍ သက်သတ်လွတ် (သို့မဟုတ်) မီးလွတ်စားပြီး -

၁။ ဓမ္မကာယ္ခန္ဓာကို ရည်စူး၍ ပုတီးပတ် ၁၅၆ ပတ်
၂။ မြေဓာတ်ကိုရည်စူး၍ ပုတီးပတ် ၄၄၅ ပတ်
၃။ ရေဓာတ်ကို ရည်စူး၍ ပုတီးပတ် ၈၉၀ ပတ်နှင့် မေတ္တာသုတ် တစ်နေ့ ၆ ခေါက်
၄။ လေဓာတ်ကို ရည်စူး၍ ပုတီးပတ် ၁၇၈၀ ပတ်နှင့် မေတ္တာသုတ် တစ်နေ့ ၉ ခေါက်
၅။ မီးဓာတ်ကို ရည်စူး၍ ပုတီးပတ် ၃၅၆၀ နှင့် မေတ္တာသုတ် တစ်နေ့ ၁၈ ခေါက်

အဓိဋ္ဌာန် အစအဆုံး ငါးဖီးဆိုင် ကန်တော့ပွဲနှင့် အဓိဋ္ဌာန်ပြုပါလျှင် သိဒ္ဓိအဖုံဖုံ ပြီးပြည့်စုံပါတယ် ကိုယ်တော်"ဟု မိန့်တော်မူပြီး ကိုယ်တော်မျိုးချစ် ကျုပ်ကို ခုတင်ပေါ်ပို့ပြီး ကိုယ်တော့်ကျောင်း ကိုယ်တော်ပြန်တော့ မနက်ကို စောစောထပြီး အောင်မြေ ကိုးဌာနအဓိဋ္ဌာန်ဆက်ဝင်ပါဟု မိန့်တော်မူပါသည်။

ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

# ဆင်အကြောင်း

# သိကောင်းဖွယ်ရာများ

ဦးညွှန့်မောင် (ဓမ္မာစရိယ၊ B.A., R.L)

### ဆင်နှင့် ဒုမင်္ဂလာ

ဆင်သည် နမင်္ဂလာဖြစ်သော လူသေအလောင်းကို သူ့ကျောပေါ်သို့ အတင်မခံချေ။ မတင်မခံပုံ ဓိဋ္ဌတွေ့ရှုဖူးသည်မှာ လွန်ခဲ့သောအနှစ် ၄၀ ကျော်လောက်သော ရွှေဘိုခရိုင်၊ ရေဦးတောင်ဘက် ရွာကြီးတစ်ရွာရှိ ရွာကျောင်း၌ ကိုရင်တစ်ပါးပျံလွန်တော်မူရာ ကိုရင်ပျံသို့ ပင့်ဆောင်ထားသော ဘုန်းတော်ကြီးများအနက် ဆင်ပေါက်ကလေးတစ်စီးကို နောက်ပါခေါ်လာသော ဘုန်းတော်ကြီးတစ်ပါးနှင့် တွေ့ရ၏။ ဆင်ကလေးမှာ ဘုန်းတော်ကြီးအနီးမှမခွာ၊ ဘုန်းတော်ကြီးပြောသမျှစကားကို အကုန်နားလည်၏။ သူ့ကို "ကံကောင်း" ဟု အမည်ပေးထား၏။ ဆင်ကလေးကိုရရှိပုံမှာ - ယင်းဘုန်းတော်ကြီးကျောင်းအနီးတွင် ငုက်ပျောခြုံကြီးတစ်ခြုံရှိရာ အခါတစ်ပါး ညအချိန် ဆင်အုပ်ကြီးတစ်အုပ်သည် ကျောင်းအနီး ငှက်ပျောခြုံကြီးကို ဖြတ်ကျော်သွားသည်တွင် ဆင်ပေါက်စကလေးတစ်ကောင် ငှက်ပျောခြုံထဲတွင် ကျန်ရစ်သည်။ ဆင်အုပ်ကြီးကား ချီတက်သွားလေပြီ။ နံနက်လင်းတွင် ငှက်ပျောခြုံတွင်းမှ ခွေးဟောင်သံကြားရ၍ သွားကြည့်သောအခါ ဆင်ကလေးကို တွေ့ရသည်။ ပထမသော် ဆင်မှန်းမသိ၊ ဝက်ကလေးဟု ထင်သည်။ နောက်မှ နှာမောင်းကို မြင်ရသဖြင့် ဆင်မှန်းသိရတော့သည်။ ဆင်ကလေးကို ကျောင်းသို့ယူဆောင်လာပြီး ကျွေးမွေးလာလိုက်တာ ယနေ့သို့တိုင်ပါရော။ ယခု လူ့တစ်ရပ်လောက် အမြင့်ရှိပြီ။ မသေမပျောက်ကျန်ရစ်ပြီး ဘုန်းကြီးကျောင်းမှာ ချမ်းချမ်းသာသာ အသက်ရှင်နေရတဲ့အတွက် သူ့ကို "ကံကောင်း" လို့ အမည်ပေးထားတယ်ဟု ဘုန်းတော်ကြီးအမိန့်ရှိသည်ကို မှတ်ခဲ့ရသည်။ ဆင်ပေါက်ကလေးမှာ လူ့စကားကို အကုန်နားလည်ပုံရ၏။

ကိုရင်ပျံကို မသင်္ဂြိုဟ်ခင် အလောင်းကို ဆင်ကျောပေါ်တင်ပြီး ကျောင်းကို သုံးပတ်လှည့်လိုကြောင်းနှင့် ဆင်ရှင်ဘုန်းတော်ကြီးအား လျှောက်ထားကြရာ ဆင်ရှင်ဘုန်းတော်ကြီးက ဆင်ကံကောင်းကို ပြောသည်တွင် ကံကောင်းက လက်မခံ၊ သဘောမတူကြောင်း ခေါင်းခါပြနေ၏။ မည်သည့်နည်းနှင့်မှ ပြောလို့မရ၊ ခေါင်းခါမြဲခါနေသဖြင့် လက်လျှော့လိုက်ကြရလေသည်။ ဆင်သည် ဒုမင်္ဂလာကို လက်မခံကြောင်း သင်ခန်းစာတစ်ရပ် ရရှိလေသည်။

### ဆင်နှင့် သုမင်္ဂလာ

မော်လမြိုင် - မုတ္တမမှ သထုံမြို့ထိ ဤနယ်အတွင်း၌ တောင်ဝိုင်းကြီးဆင်ဆိုလျှင် လူတိုင်းသိကြ၏။ မောင်းထောင်း၊ ငရုတ်အရပ်ရပ်ကို နိုင်နင်းစွာ လုပ်ကိုင်တတ်၏။ အထူးထင်ရှားသည်မှာ ထိုနယ်အတွင်း၊ ရှင်ပြုမင်္ဂလာပြု၍ ဆင်စီး၍ရှင်လောင်းလှည့်ရန် တောင်ဝိုင်းကြီးကို တောင်းဆိုလျှင် မည်သည့်အခါမျှ ငြင်းဆိုခြင်းမရှိ။ အလှူရှင်ဆန္ဒပြည့်အောင် ရှင်လောင်းကို ကျောပေါ်သို့တင်၍ ရှင်လောင်းလှည့်ပေးလေသည်။ တန်ရာတန်ကြေးလည်း သူ့အားပေးရသည်။ ၎င်းရရှိသောကြေးငွေကို သူ့သခင်မာပယ်ကြီးအား ပေးသည်ဟုသိရ၏။ ထိုနယ်တွင် ရှင်ပြုမင်္ဂလာရှိသမျှ စွမ်းနိုင်သော အလှူဖြစ်ပါက တောင်ဝိုင်းကြီးဆင် ပါရမြဲဖြစ်လေသည်။ ဤကိုထောက်၍ ဆင်သည် သုမင်္ဂလာကိစ္စကို လက်ခံကြောင်း သင်ခန်းစာတစ်ရပ် မှတ်ယူအပ်ပေသည်။ ဆင်သည် ဒုမင်္ဂလာကို စက်ဆုပ်၍ သုမင်္ဂလာကို နှစ်သက်ခြင်းကား သဘာဝတစ်ရပ်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဆင်လောကကျယ်ပြန့်ပုံ

ဆင်သည် တိရစ္ဆာန်ဇာတိဖြစ်သော်လည်း ပါးနပ်လိမ္မာခြင်း၊ ခွန်အားဗလကြီးမားခြင်း၊ အထက်တန်းဘုရင်မင်းမှအောက်ဆုံးလူတန်းစားများအထိ အသုံးဝင်ခဲ့ခြင်းတို့ကြောင့် လောကတွင် အလွန်ထင်ရှား လူသိများသော သတ္တဝါတစ်မျိုးဖြစ်လေသည်။ စစ်တိုက်ရာတွင် စစ်အင်္ဂါတစ်ပါးအဖြစ် ပါဝင်၏။ သစ်ဆွဲရာ၊ ဝန်ရှန်းရာတွင်လည်း သူမပါလျှင်မပြီး။ နောက်ဆုံး အမျိုးသမီးများ အဆောင်အကွယ်အကာအဖြစ်ဖြင့် ဆင်မြီးလက်စွပ်ကို အသုံးပြုကြသည်။

ပိဋကတ်စာပေအရ ဖော်ပြရသော် ဂေါတမရှင်တော်ဘုရား ဘုရားအဖြစ်သို့ ရောက်ခါနီးဆဲဆဲ ပလ္လင်လုပွဲဆင်နွှဲရန် မာရ်နတ်မင်းသည် ဂိရိမေခလာဆင်ကြီးကိုစီး၍ စစ်သည်ဗိုလ်ပါအများနှင့် တိုက်ခိုက်လာသည်။

ဒေဝဒတ်သည် ဘုရားရှင်ကိုလုပ်ကြံလိုသဖြင့် အဇာတသတ်မင်းကို မျဉ်းကပ်ပေါင်းသင်းပြီးလျှင် နာဠာဂိရိ (ဓနပါလ)ဆင်ကြီးကို အရက်ပြင်းစွာတိုက်၍ ဘုရားရှင်ကြွအလာတွင် တိုက်သတ်စေသည်။ ဘုရားကိုအသေသတ်ရန် ဆင်ကိုအသုံးပြုခြင်း ဖြစ်သည်။

ပသေနဒီကောသလမင်းကြီး၏ ပါဝေယျကဆင်ကြီးသည် ရွံ့ညွန်တွင် ကျွံနစ်နေရာ မရုန်းနိုင်၊ မထွက်နိုင်ဖြစ်နေသည်ကို ရှေးကစစ်ပွဲတွင် အသုံးပြုခဲ့သော စစ်ဆင်ကြီးဖြစ်သည့်အတိုင်း တိုက်စည်တိုက်မောင်းသံပေး၍ အားတက်လာအောင် လှုံ့ဆော်လိုက်လျှင် အားသစ်ဝင်ကာ ရုန်းလိုက်သည်တွင် ကုန်းထက်သို့ ရောက်လာဖူးသည်။

ဘုရားအလောင်းမာဃဇာတ်တွင် ဘုရင်က အထင်လွဲ၍ မာဃနှင့်တကွ လူပေါင်း ၃၀ ကျော်ကို ဆင်ဖြင့်နင်းသတ်စေရာ မာဃတို့၏မေတ္တာကြောင့် ဆင်မနင်းဝံ့ဘဲ ရှိရုံမျှမက နောက်ဆုံးတွင် မာဃ၏ အသင်းအပင်းဖြစ်သွားရ၏။ နောက်အဖို့ သူတို့ကွယ်လွန်ကြသောအခါ တာဝတိံသာနတ်ပြည်တွင် ဖြစ်ကြရာ၌ ဆင်ကြီးမှာ ဧရာဝဏ်ဆင်အဖြစ်ဖြင့် အမှုထမ်းရမည့် နတ်သားဖြစ်လာရလေသည်။ ဆင်သည် လူ့ပြည်တွင်မက နတ်ပြည်တိုင်အောင် ထင်ရှားကျော်စောခဲ့သည်။

ဝေဿန္တရာဇာတ်တော်တွင် မိုးခေါင်ရေရှားဖြစ်နေသော ကာလိင်္ဂတိုင်းသားတို့က ဆင်ဖြူတော်ရှိလျှင် မိုးကောင်းသည်ဟု ဆိုရိုးရှိသည့်အတိုင်း မိုးကောင်းစေရန် ဝေဿန္တရာမင်းကြီးထံတွင် ပစ္စယဆင်ဖြူတော်ကို အလှူခံလာကြရာ မိမိအကျိုးထက် သူတစ်ပါးအကျိုးကို ဖြည့်ဖြိုးစေလိုသဖြင့် ဆင်ဖြူတော်ကို လှူလိုက်သည်။ ဆင်ဖြူတော်သည် မိုးကောင်း၍ စပါးဆန်ရေ ကြွယ်ဝစေသည်။

အချုပ်ကိုဆိုရသော် ဂေါတမဘုရားရှင်သည်ပင် ရှေးနစဉ်အခါက ဆင်ဘဝသို့ ရောက်တော်မူခဲ့ရသည်။ နိပါတ်စဉ်အရကြည့်လျှင် ဧကနိပါတ်တွင် ဆင်အဖြစ် နှစ်ကြိမ်၊ ဒုကနိပါတ်တွင် တစ်ကြိမ်၊ တိကနိပါတ်တွင် တစ်ကြိမ်၊ ပဉ္စကနိပါတ်တွင် တစ်ကြိမ်၊ ကေ့ာဒသနိပါတ်တွင် တစ်ကြိမ်၊ တိံသနိပါတ်တွင် တစ်ကြိမ်၊ ပေါင်းခုနစ်ကြိမ် ဖြစ်တော်မူခဲ့ဖူးကြောင်းလာရှိပေသည်။ ထိုနိပါတ်တို့၌ ကြည့်ရှုကြပါကုန်။

ဆင်သည် လူ့လောကတွင် ကျယ်ပြန့်သော သဘာဝရှိသည့်အလျောက် ဆင်နှင့်ပတ်သက်သော စကားပုံများသည်လည်း လူတို့နှုတ်ဖျားတွင် စကားလှိုင်းစီးလျက် ရှိလေသည်။ ယင်းစကားပုံတို့ကား -

၁။ အမြင်မတော် ဆင်တော်နှင့် ခလောက်
၂။ ဆင်အိပ်ရာ ဆိတ်နိုး
၃။ ဆင်သေကို သားရေဖုံးလို့မလုံ
၄။ ထွက်ပြီးဆင်စွယ် ဝင်တယ်လို့မရှိ
၅။ ထိုးမည့်ဆင် နောက်သို့ တစ်လှမ်းဆုတ်
၆။ ဆင်ဝန်ကတော် အကြောင့်ကြမဟုတ်
၇။ ဆင်ကြံ့ ကြံ့သည်
၈။ ဆင့်ဟာကို ခွေးမမျှော်သလို
၉။ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့သလို
၁၀။ ဆင်ဖြူတော်ဝင်မှာ ချည်တစ်ခင်နှင့် ကျိန်းကျေ
၁၁။ ဆင်ဖြူတော်မှီ ကြံ့စုပ်
၁၂။ ဆင်တိုင်း ဆင်တိုင်းမှာ အမြူတေပုလဲမရှိ
၁၃။ ခြေရာဟူသမျှတွင် ဆင်ခြေရာအကြီးဆုံး
၁၄။ ဆင်စမ်းသော အကန်း ၆ ယောက်
၁၅။ ဆင်ကန်းတောတိုး
၁၆။ အတက်လည်းစုံ ဆင်စွယ်စုံသို့



www.burmeseclassic.com

www.burmeseclassic.com

၁၇။ မျက်နှာကိုက ဆင်နင်းသရက်လို
၁၈။ ဆင်ခြေကို ဘာမှတ်၊ ဖိနပ်ဖြစ်သွားမည်
၁၉။ တောနက်လေ ဆင်ချေးထူလေ
၂၀။ တောဆင်ခမည်းပေး
၂၁။ ဆင့်ပါးစပ် နှမ်းပက်သလို
၂၂။ ကြီးကျယ်လိုက်တာ ဆင့်ဖင်
၂၃။ ဆင်လိုက်ရာမှာ ဝါးကြီးဝါးငယ် မရွေးရ
၂၄။ ဆင်မ လှမ်းဟန် ပြုဗွာသဥ္ဇ
၂၅။ ဆင့်နောက်ခွေးပါ
၂၆။ ဆင်ကျီစားရာ ဆိတ်မခံနိုင်
၂၇။ ဆင်ကျင်ငယ်စွန့် ပုရွက်ဆိတ် ပင်လယ်မဝ
၂၈။ ဆင်စွယ်မှန် ဗိုးမစား
၂၉။ ရှမ်းနှင့်ဆင် လယ်ပြင်ကျမှသိမည်
၃၀။ ဆင်ကျုံးသွင်းသလို
၃၁။ ဆင်စီးလို့ မြင်းရံတာမြင်ချင်သည်
၃၂။ ဆင်ပြ ဆန့်တောင်း
၃၃။ ဆင်ချေးတစ်တုံး ဆိတ်ချေးတစ်ရာ
၃၄။ ဆင်သတ်ပြီး ခွေးနာဆေးကု
၃၅။ ဆင်သတ် အရပ်ဝေ
၃၆။ ဆင်သားကို ခြသေ့မစား
၃၇။ ဆင်ပေါ်ကလူနှင့် ဆင်အောက်ကလူလို
၃၈။ ဆင်ခြေဖုံးရပ်ကွက်
၃၉။ ဆင်ပိန် ကျွဲလောက်
၄၀။ ဇာဝီတစ်ရစ် ဆင်တစ်အစ်
၄၁။ ကောက်သင်းကောက်စပါး ဆင်စားလို့ကုန်

## ဆင်နှင့်ပတ်သက်သော မြန်မာ့ယဉ်ကျေးမှုများ

ယဉ်ကျေးမှုဆိုသည်မှာ တာဝန်ဝတ္တရားကျေပွန်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်၏။ ရှေးမြန်မာဘုရင်တို့သည် ဆင်များအပေါ်မှာ လွန်စွာမြတ်နိုးအားကိုးကြသည့်အလျောက် ဆင်နှင့်ပတ်သက်သော တာဝန်များကို ပိုင်းခြားဆောင်ရွက်တော်မူကြသည်။ ရွှေနန်းသုံးအဘိဓာန်အရ အချုပ်မျှကောက်နုတ် ဖော်ပြထားပါသည်။

ဆင်နှင့်ပတ်သက်သော ဝေါဟာရအသုံးအနှုန်းတို့မှာ အရေအတွက် ၃၆ မျှ ရှိလေသည်။

အစဉ်အတိုင်း ဖော်ပြရသော် -

၁။ ဆင်မင်းမြက်ပို့
၂။ ဆင်တိုင်
၃။ ကျုံးမှူး
၄။ ယရည်း
၅။ ဆင်စာချီ
၆။ ဆင်အစီအရင်
၇။ ဆင်မှူး
၈။ ဆင်ကဲ
၉။ ဆင်ဆေးသမား
၁၀။ ဆင်ဆော်
၁၁။ ထူးဆင်
၁၂။ စီးစုံဆင်မတော်
၁၃။ ထူးဆင်မတော်
၁၄။ စီးဆင်တော်
၁၅။ ရွေးဆင်
၁၆။ ဝင်းဆင်
၁၇။ ထမ်းဆင်တော်
၁၈။ ဝန်ရည်ဆင်တော်
၁၉။ မိုန်းသစ်ဆင်တော်
၂၀။ ကျင်းဆင်
၂၁။ ဆင်မျိုးခွဲခြားပုံ
၂၂။ ဆင်အမှုထမ်း
၂၃။ အောက်မားစာရေး
၂၄။ အောက်မားနှင့်ဆိုင်ရာ ဆင်အစီအရင်
၂၅။ အောက်မားနှင့်ဆိုင်သည့် ဆင်မှူး
၂၆။ အောက်မားအမှုထမ်း
၂၇။ ဆင်မင်းဝန်ထောက်
၂၈။ ဆင်မင်းနာခံ
၂၉။ ဆင်မင်း စာရေးကြီး
၃၀။ ဆင်မင်း နောက်ထိုင်
၃၁။ ဆင်ဖော် ပျော်ဘွယ်

www.burmeseclassic.com

www.burmeseclassic.com

၃၂။ ဓနက်ပလာ ဆင်ဝန်စာရေး
၃၃။ ဓနက်ပလာ ဆင်အမှုထမ်း
၃၄။ ဆင်တော်ဦးစီး၊ ကုန်းလယ်၊ နောက်ပဲ့ သုံး ယောက် အမှုထမ်း
၃၅။ ဆင်တော်လက်ရှိ ဦးစီး၊ နောက်ပဲ့အမှုထမ်း
၃၆။ မင်္ဂလာအိမ်တော်ပါဆင်

ဤ ၃၆ ချက်အနက် ထူးခြားရာအချက်ကို ကောက်နုတ်ဖော်ပြပါမည်။

၃။ ကျုံးမှူး ။ ။ တောဆင်ရိုင်းများကို အောက်မားတော်များနှင့် အောက်ငင်ရာ ကြန်အင်လက္ခဏာကောင်းသော တောဆင်ရိုင်းကား အထီးသည် အမကို ဓမ္မတာသဘာဝအတိုင်း တပ်မက်သောကြောင့် အောက်မားတော်ဆင်မ သွားရာသို့ မခွဲနိုင် အမြဲလိုက်ပါနေသောအခါ ၎င်းအောက်မားဆင်အုပ်ကို တစ်တောမှတစ်တောသို့ တရွှေ့ရွှေ့လှုစီးခံသော အောက်မားဆင်သည် ရှေ့ကလမ်းပြလာခဲ့ရာ မြို့တော်ကျုံးအနီးသို့ ရောက်သောအခါ ဗလကောင်းသော ဆင်ပေါက်ကြီးများကို ဆင်ဦးစီး၊ နောက်ထိုင်၊ လုံ့ရှည်ကိုင် အပြည့်အစုံတင်၍ ဆင်ရိုင်းထွက်မသွားနိုင်ရန် ခပ်လှမ်းလှမ်းက ဝိုင်းရံထားစေရသည်။ အကယ်၍ တောဆင်ရိုင်းထွက်ပြေးခဲ့လျှင် ဆင်ပေါက်ကြီးများကို ဆီး၍တိုးစေသည်။ လုံ့ရှည်ကိုင်တို့ကလည်း စွယ်ရောင်ပြဆင်ဘက်က ကူညီကြရသည်။ ဆင်ရိုင်းသည် ဤနည်းဖြင့် ကျုံးအတွင်းသို့ဝင်ရောက်လျှင် ကျုံးရဲသားတို့က ဆင်ရိုင်းကို အမျိုးမျိုးကစားကြရသည်။ အကြိမ်ကြိမ်ကစားသဖြင့် ဆင်ရိုင်းမောပန်းလောက်သည့်အခါ ဆင်တစ်ကောင်သာ သွားနိုင်သော ဓာတ်အင်္ဂဝေတို့ဖြင့် ပြုလုပ်ထားသည့်လမ်းဖြင့် ဆင်မကို ထွက်သွားစေ၏။ ဆင်ရိုင်းလည်း နောက်ကလိုက်၍ လမ်းမြောင်အတွင်းသို့ ရောက်သည့်ကာလ အပေါ်က ဆွဲထားသောသစ်တုံးကြီးများကို ရှေ့နောက်ပိတ်မိအောင် ချလိုက်ရာ ဆင်ရိုင်းမှာ မဆုတ်သာ၊ မဟက်သာ မိနေလေတော့၏။ ဆင်ရိုင်းကိုယဉ်ကျေးအောင် အမျိုးမျိုးဆုံးမ၍ ယဉ်ကျေးလာသောအခါ ၎င်းဆင်ကို ဆင်ဝန်သို့အပ်ရသည်။ ကျုံးမှူးဆိုသည်မှာ ဆင်ကျုံးသို့ရောက်လာသော ဆင်ရိုင်းကို ဆင်ယဉ်ဖြစ်အောင် ပြုလုပ်ရန်တာဝန်နှင့် ယရည်မှူး ကျုံးစောင့်များအပေါ် ကြီးကြပ်ရသူဖြစ်သည်။

၄။ ယရည်း ။ ။ ဆင်ကျုံးသို့ရောက်လာသော ဆင်ရိုင်းကို လှုစီးခံခြင်း၊ အဆုတ်အတက်၊ အနိမ့် အမြောက်မှ စ၍ တတ်ကျွမ်းယဉ်ကျေးလာအောင် သင်ကြားပေးရသော အမှုထမ်းကို "ယရည်း"ဟု ခေါ်သည်။

၅။ ဆင်စာချီ ။ ။ ဆင်ဝန်၏လက်အောက်ခံ ဆင်နှင့်ပတ်သက်သော ကိစ္စမှန်သမျှကို စီမံဆင့်ဆိုစန့်ခွဲရသော အမှုထမ်းကို "ဆင်စာချီ"ဟု ခေါ်သည်။

၆။ ဆင်အစီအရင် ။ ။ ဆင်တော်များ မကျန်းမာကြောင်း၊ မှန်ယိုကြောင်း၊ တောသို့ပြန်ဝင်သွားကြောင်းမှစ၍ တစ်စုံတစ်ရာ အကြောင်းထူးရှိတိုင်း စာဖြင့် ရေးသား၍ ဆင်စာချီထံ အစီရင်ခံရသည်။ ယင်းသို့ အစီ အရင်ခံရသူကို "ဆင်အစီအရင်"ဟု ခေါ်သည်။

၇။ ဆင်မှူး ။ ။ ဆင်ကဲများနှင့် ဆင်ဦးစီး၊ နောက်ထိုင်၊ ကုန်းလယ်စီး၊ လုံ့ကိုင်တို့အပေါ် ဆင့်ဆိုစီမံ ကြီးမှူးရသောသူကို "ဆင်မှူး"ဟု ခေါ်သည်။

၈။ ဆင်ကဲ ။ ။ ဆင်မှူး၏ လက်အောက်ခံ၍ ဆင်ဦးစီးများအပေါ် အကြီးအကဲပြုလုပ်စီမံရသည်။ "ဆင်မှူး ဆင်ကဲ၊ ချွန်းစွဲလုံ့ကိုင်၊ နောက်ထိုင်ကိုယ်သယ်" ဆိုသည့်အတိုင်း ငါးဦးရှိသည်။ ချွန်းစွဲဆိုသည်မှာ ဦးစီးကိုဆိုသည်။ လုံ့ကိုင်ဆိုသည်မှာ ကုန်းလယ်စီးကို ဆိုသည်။ နောက်ထိုင်ဆိုသည်မှာ ပဲ့စီးကိုဆိုသည်။ ကိုယ်သယ်ဆိုသည်မှာ ကုန်းလယ်စီး မကျန်းမမာရှိ၍ ကိုယ်စားလှယ်လုပ်ရသူကို ဆိုသည်။

၉။ ဆင်ဆေးသမား ။ ။ ဆင်တော်များသည် တစ်စုံတစ်ရာ မကျန်းမမာရှိလျှင် ဆေးဝါးတိုက်ကျွေးရသောသူ၊ ၎င်းကို "ဆင်ဆေးသမား"ဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၀။ ဆင်ခေါ် ။ ။ ဘုရင်မင်းမြတ်သည် တစ်နှစ် သုံးကြိမ် သီဟာသနပလ္လင်သို့ ထွက်တော်မူသည်။ ထိုသို့သော အခမ်းအနားရှိသည့်အခါတွင်လည်းကောင်း၊ အဝေးအလံ စစ်ချီရန်ရှိသည့်အခါတွင်လည်းကောင်း၊ မြို့သိမ်း၊ နန်းသိမ်းအခါများတွင်လည်းကောင်း ယင်းသို့သော အခါများတွင် မည်သည့်မြို့က ဆင်ဘယ်နှစ်စီး စသည်ဖြင့် ဆင်ပို့လာရန် ဆင့်စာပေးအပ်နိုးခေါ်ရသည်။ ယင်းသို့ ခေါ်ဩရသူကို "ဆင်ခေါ်"ဟု ခေါ်သည်။

၁၁။ ထူးဆင် ။ ။ ရတနာဆယ့်နှစ်မျိုးအပါအဝင် လက္ခဏာများနှင့် ပြည့်စုံသော မြီးဆံ၊ နားရွက်၊ ဦးကင်း၊ ကျောကုန်း၊ ခြေနှစ်ဖက်များတွင် အဖြူမွေးပေါက်ခြင်းဖြစ်၍ လက္ခဏာချွတ်ယွင်းခြင်းမရှိ သန့်စွမ်းကြော့မော့သည့် မင်းတို စီးထိုက်သော ဆင်ပေါက်ကို "ထူးဆင်တော်"ခေါ်၍ စာရင်းသီးခြားထားရသည်။

၁၂။ စီးစုဆင်မတော် ။ ။ ဆင်မပင်ဖြစ်သော်လည်း မင်းတို့စီးထိုက်သော ကြွန်အင်လက္ခဏာနှင့် ပြည့်စုံလျှင် ယင်းဆင်မများကို "စီးစုဆင်မတော်"ဟုခေါ်၍ စာရင်းသီးခြားထားရသည်။

၁၃။ ထူးဆင်မတော် ။ ။ အထက်ပါ ထူးဆင်ပေါက်များကဲ့သို့ ရတနာဆယ့်နှစ်မျိုးအပါအဝင် လက္ခဏာနှင့်ပြည့်စုံသော ဆင်မတော်များကို "ထူးဆင်မတော်"ဟူ၍ စာရင်းသီးခြားထားရသည်။

၁၄။ စီးတော်ကြီး ။ ။ ထူးဆင်တော်များကဲ့သို့ ကြွန်အင်လက္ခဏာ မပြည့်စုံလှသော်လည်း မင်းစီးထိုက်သော လက္ခဏာပါရှိသော ဆင်ကို "စီးတော်ကြီး"ဟု စာရင်းသီးခြားထားရသည်။

၁၅။ ရွှေဆင် ။ ။ ဆင်တပ်တွင် ပါဝင်ထိုက်သော ခွန်အားဗလနှင့်ပြည့်စုံသော ဆင်ကို "ရွှေဆင်"ဟု စာရင်းသီးခြားထားရသည်။ ၎င်းဆင်တော်များမှာ မန္တလေးနန်းတော် သစ်တပ် အရှေ့မျက်နှာတံခါးကသာ ဝင်ရထွက်ရ၏။ ထို့ကြောင့် ယင်းတံခါးကို "ရွှေတော်ယူတံခါး"ဟု ခေါ်ခြင်းဖြစ်သည်။

၁၆။ ဝင်းဆင် ။ ။ နန်းတော်သစ်တပ် မြောက်မျက်နှာ လက်ဝဲဝင်းတံခါးအဝင်တွင်ရှိသည့် ဆင်တင်းကုပ်၌ တစ်လှည့်လျှင် ၁၅ ရက်ကြာအောင် အိပ်ဖန်တက်နေ ထမ်းရွက်ရသော ဆင်များကို "ဝင်းဆင်"ဟု ခေါ်သည်။

၁၇။ ထမ်းဆင်တော် ။ ။ စစ်မက်ပေါ်၍ ချီတက်ရန်ကိစ္စ၊ အဝေးအလံသို့ ထွက်တော်မူမည့် ကိစ္စရှိလာသည့်အခါ ခဲယမ်းသက်နက်များကိုဖြစ်စေ၊ ဝန်စည်များကိုဖြစ်စေ တင် ဆောင်ရသည့်ဆင်ကို "ထမ်းဆင်"ဟု ခေါ်သည်။

၁၈။ ဝန်ရည်ဆင်တော် ။ ။ အတွင်းဝန်၊ ဝန်ထောက်၊ မြို့ဝန်၊ အဝေးဝန်တို့မှာ မင်းမှုကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိသည့်အခါ ဆင်ဝန်ထံသို့ တောင်းဆိုခဲ့လျှင် ပေးအပ်ရန် အသင့်ရည်ရွယ်ထားသော ဆင်များကို "ဝန်ရည်ဆင်တော်"ဟု ခေါ်သည်။

၁၉။ မိုန်းသစ်ဆင်တော် ။ ။ အများအားဖြင့် အရပ် နှစ်တောင်၊ နှစ်မိုက်၊ သို့မဟုတ် သုံးတောင်မျှမြင့်သည့် နောက်ပေါက်ဆင်ကလေးများနှင့် ညံ့ဖျင်းသည့် ဆင်ကြီးများကို "မိုန်းသစ်ဆင်တော်"ဟု ခေါ်သည်။

၂၀။ ကျင်းဆင် ။ ။ ထီးဖြူသံကျင်းနှင့် စည်ရှမ်းအခမ်းအနား ကျင်းပခွင့်ရသော ပသာဒ်တော် ကတ္တီပါရွှေမှော်ကြဲ၊ ခါသာရွှေမော်ကြဲ၊ ကြေးတာဝန်း၊ ပတ်တာဝန်း တီးမှုတ်ချဆောင်ခွင့်ရသည့် မဟာတော်များမှာ ဂိုးတော်ကောက်ကဓောင်းဖြူမျောက်မြီးဝတ်ဆင်လျက် အစွယ်တစ်ဖက်ကျိုးဆင်ပေါ်ပေါက်ပါက စီး၍လိုက်ရသည်။ ၎င်းနောက် ဆင်မလိုက်ရသည်။ ဤကျင်းဆင်နှစ်စီးကို အချို့က ဆင်ပေါက်



www.burmeseclassic.com

www.burmeseclassic.com

ဆင်မ ခေါ်သည်။

၂၁။ ဆင်မျိုးခွဲခြားပုံ။ ။ ၎င်းမှာ ဟိုင်း၊ စွယ်စုံ စသည့်ခွဲခြားပုံပင်ဖြစ်သည်။

၂၂။ ဆင်အမှုထမ်း ။ ။ ကုန်းဘောင်ဆက်နောက်ဆုံး သီပေါမင်းလက်ထက်တွင် ဆင်တော်လက်ရှိ ဦးစီး၊ နောက်ပဲ့အမှုထမ်း ၅၇၀ ရှိသည်။

၂၃။ အောက်မားစာရေး ။ ။ နှစ်စဉ် ဝါကျွတ်သည့်ကာလ အောက်မားတော်များ တောဝင်ရန်ကိစ္စ၊ ထို့နောက် အောက်မားတော်များ အောက်ငင်ခဲ့၍ တောဆင်ပါလာသည့်အခါ ၎င်းတောဆင်ပေါက်ကို ဆင်ကျုံးမရောက်မီ ကပင် လက္ခဏာကို သေချာစွာဖတ်၍ လက္ခဏာရှိတိုင်း ရေးမှတ်ပြီးလျှင် အောက်မားဝန်ထံ အစီရင်ခံရန်ကိစ္စမှစ၍ မင်းမှုကိစ္စကို စီမံခန့်ခွဲရသည်။ ယင်းအမှုထမ်းကို "နှအောက်မားစာရေး"ဟု ခေါ်သည်။

၂၄။ အောက်မားနှင့်ဆိုင်သည့် ဆင်အစီအရင် ။ ။ အောက်မားတော်များ မကျန်းမမာရှိသည့်အခါဖြစ်စေ၊ သေဆုံးသည့်အခါဖြစ်စေ၊ တောဆင်ရိုင်းနှင့်ကျ၍ ဆင်ငယ်များ တိုးပွားလာသည့်အခါဖြစ်စေ အောက်မားတော်များနှင့် စပ်လျဉ်းသည့် ကိစ္စတစ်စုံတစ်ရာ ပေါ်ပေါက်သည့်အခါတိုင်း စာနှင့်ရေးသား၍ အောက်မားစာရေးထံ အစီရင်ခံရသည့် ယင်းအမှုထမ်းကို ခေါ်သည်။

၂၅။ အောက်မားနှင့်ဆိုင်သည့်ဆင်မှူး ။ ။ အောက်မားဝန်၊ အောက်မားစာရေး၊ ဆင်အစီအရင်တို့ ဆင့်ဆိုရာနာခံ၍ အောက်မားဆင်တော်ဦးစီး၊ နောက်ပဲ့၊ အမှုထမ်းလုံ့ပေါင်း ၂၂၀ တို့အပေါ် ဆင့်ဆိုစီမံ ကြီးမှူးရသည်။

၂၆။ အောက်မားအမှုထမ်း ။ ။ စလင်း ခနစ်သင်း၊ ၁၁၀ ကိုးသင်း၊ မင်္ဂလာ လေးသင်း၊ ရဲပတိုင်း လေးသင်း၊ ပြည် လေးသင်း ဟူ၍ အသီးအသီးရှိသောကြောင့် ယင်းအောက်မားဆင်တော် ဦးစီး၊ နောက်ပဲ့ နှစ်ယောက်ကျ အမှုထမ်းလူ ၂၂၀ ရှိသည်။

၂၇။ ဆင်မင်းဝန်ထောက် ။ ။ "မောရိယပစ္စယနာဂရာဇာ" ကျောက်စီရွှေဘွဲ့ တပ်တော်မူပြီးလျှင် အရံကျေးရွာ ၃၀ ကျော်ရှိသော ပတ္တနက်ရှိမြို့နှင့်တကွ ဗလည်မျိုး၊ အုပ်မျိုးများကို လက်ဖွဲ့တော်မူ၍ ရွှေနန်းတော်အတွင်း မြေနန်းတော်အရှေ့တောင်ယွန်း၌ တန်ဆောင်းပြာသာဒ်နှင့် ဆောက်တော်မူသော ဆင်မင်း၏နာခံစာရေးကြီး၊ နောက်တော်ထိုင် ဆင်မင်းပျော်ဘွယ် အမှုထမ်းတို့ကို မင်းမှုကိစ္စနှင့် ဆင့်ဆိုစီမံခွင့်၊ ဆင်မင်းကိစ္စရှိသမျှကို ဆောင်ရွက်ရန် အခွင့်ပေါ်လာသည့်အခါတိုင်း လစ်လပ်ကြွင်းကျန်မရှိရအောင် ဆင်မင်းဝန်အား အမြဲထောက်ပံ့ကူညီစေရန် ခန့်ထားသူဖြစ်၍ "ဆင်မင်းဝန်ထောက်" ဟု ခေါ်သည်။

၂၈။ ဆင်မင်းနာခံ ။ ။ မြဲတိုက်တော်ကဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ ဆင်မင်းနှင့်စပ်လျဉ်းသမျှ အရပ်ရပ်မိန့်ဆိုချက်ကို လက်ခံပြီးမှ ဆင်မင်းဝန်၊ ဆင်မင်းဝန်ထောက်တို့ရှေ့ တင်ပြရသည်။ ၎င်းကို မည်ကဲ့သို့ ဆောင်ရွက်ရန် အမိန့်ချမှတ်ပေးသည့်အခါ ဆင်မင်းနာခံက ပြီးမြောက်အောင် လိုက်နာဆောင်ရွက်ရသည်။

၂၉။ ဆင်မင်းစာရေးကြီး ။ ။ ဆင်မင်းဝန်၊ ဆင်မင်းဝန်ထောက်၊ ဆင်မင်းနာခံတို့က ဆင့်ဆိုလွှဲအပ်သမျှ ဆင်မင်းနှင့်ဆိုင်ရာကိစ္စကို ဆောင်ရွက်ရသည်။ ဆင်မင်းစာရေးနှင့် မဆိုင်သော ကိစ္စမရှိဖြစ်သည်။

၃၀။ ဆင်မင်းနောက်ထိုင် ။ ။ ဆင်စီးခြင်း၌ ကျွမ်းကျင်သူတို့အား ရွေးကောက်၍ ဆင်မင်းနောက်ထိုင် အဖြစ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

၃၁။ ဆင်တော်ပျော်ဘွယ် ။ ။ အိပ်ဖန်တက်နေထမ်းရွက်ရသည့် ဆင်တော်များအဖို့ ဆောက်ထားသော ရွှေနန်းကျက်သရေဆင်တင်းကုပ်၊ ရွှေးတင်းကုပ်၊ ဝင်းတင်းကုပ်များတွင် အစာပေဟင်း။ မြက်၊ အမှိုက်သုတ်သင်ရန် ကိစ္စရှိသမျှကို နေ့စဉ်ဝင်၍ ဆင်မင်းပျော်ဘွယ် အမှုထမ်းတို့က ရွက်ဆောင်ရသည်။ ဆင်မင်းစိတ်ရွှင်ပျော်ပိုက်အောင် ဆောင်ရွက်ရသော အမှုထမ်းများဖြစ်၏။

၃၂။ ဓနက်ပလာ ဆင်ဝန်စာရေး ။ ။ ဓနက်ပလာဆင်ဝန်ဆင့်ဆိုရာ နာခံရေးမှတ်ထမ်းရွက်ရသည့် ဓနက်ပလာဆင်ဝန်၏စာရေးဖြစ်၏။

၃၃။ ဓနက်ပလာ ဆင်အမှုထမ်း ။ ။ အောက်မားတော်များမှာ ဓိမ့်ဓမ်းဂနိုင် တောမြိုင်ကြီးရာ တောဆင်များရှိသည့်နေရာကို ရှာဖွေသွားရောက် အောက်ငင်ရသည်။ ယင်းသို့အောက်ငင်ရသဖြင့် အောက်မားတော်များ၌ တောဆင်ရိုင်းနှင့်ကျ၍ ရခဲ့သော ဆင်ငယ်အရွယ်ရောက်လျှင် ကျော့ဖမ်းပြီးလျှင် ဆင်ဝန်ထံအပ်ရခြင်း။ ထို့ပြင် တောတွင်းပေါက်ပွားကျက်စားရှိနေသော ဆင်ရိုင်းများအနက် အပြစ်ကင်းရှင်း၍ ကြော့မောဂလာပသော ဆင်ပေါက်များကို ကျော့ဖမ်းပြီး ယဉ်ကျေးအောင် သင်ကြားရသည်။ ယဉ်ကျေးပြီးမှ ဆင်ဝန်သို့ အပ်ရခြင်းကိစ္စများကို ဆောင်ရွက်ရသည့် အမှုထမ်းများဖြစ်သည်။

ဆင်တော်ဦးစီး ကုန်းလယ်၊ နောက်ပဲ့ သုံးယောက်ကျ အမှုထမ်း၊ ထူးဆင်တော်မ၊ စီးနှဆင်မတော်၊ ပွေးဆင်မတော်၊ စီးတော်ကြီး၊ ရွှေဆင်တော်၊ ဝင်းဆင်များမှာ ဦးစီး၊ ကုန်းလယ်၊ နောက်ပဲ့ တစ်စီးလျှင် သုံးယောက်ကျ တွဲဖက်၍ အပြည့်အစုံ ထမ်းရွက်ရသော အမှုထမ်းများဖြစ်သည်။

ဆင်တော်လက်ရှိဦးစီး၊ နောက်ပဲ့အမှုထမ်း။ ထမ်းဆင်တော်၊ ပန်းရည်ဆင်တော်၊ ပိုန်းဆင်တော်များမှာ လက်ရှိဦးစီး၊ နောက်ပဲ့အမှုထမ်း နှစ်ယောက်ကျ ထမ်းရွက်ရသည်။ ယင်းအမှုထမ်းများ ဖြစ်သည်။

၃၄။ မင်္ဂလာအိမ်တော်ပါဆင် ။ ။ မင်္ဂလာအိမ်တော်ပါဆင်တော် ဦးစီး၊ နောက်ပဲ့ ရှစ်ယောက်ထိထားသည်။ နှစ်ယောက်တွဲ လေးလီဖြစ်၏။

## ရွှေလွှန်အမှုထမ်း

တောဆင်ရိုင်းနှင့်ရ၍ အောက်မားတော်မကာမွေးသော ဓနက်ပလာဆင်ငယ်မှစ၍ တောတွင်ကျက်စားပျော်ပါးကာ နေသော တောဆင်ရိုင်းကြီးများကို ကျော့ဖမ်းရန်-

၁။ စာမရီရေ
၂။ သစ်နက်ရေ
၃။ ပြောင်ရေ
၄။ ဆတ်ရေ
၅။ ကျွဲရေ
၆။ နွားရေ
၇။ ငံရေ

ဟူသော သားရေ ခုနစ်မျိုးကိုပေါင်းစု၍ ရွှေလွှန်အမှုထမ်းတို့က ကျစ်လုပ်ရသည်။ ကျစ်ပြီးလျှင် ဓနက်ပလာဆင်ဝန်သို့ အပ်ရသည်။ လွှန်ခုနစ်မည် ကြိုးကျစ်ရန် သားရေများကို ဓနက်ပလာဆင်ဝန်က လုံလောက်အောင် ပေးရသည်။

## ဆင်မင်းမြက်ပို့

ရွှေနန်းတော်အတွင်း မြေနန်းတော် အရှေ့တောင်ယွန်းတွင် နှစ်ထပ်သည့်ပေါ်ခြင်းကုပ်နှင့် ထားရှိသည့် ဆင်ဖြူတော်များအတွက် ကောင်းမွန်လတ်ဆတ်သော မြက်များကို အဝတ်ဖြလုပ်၍ နေ့စဉ်လုံလောက်အောင် ပို့သွင်းထမ်းရွက်ရသော အမှုထမ်းများကို ဆင်မင်းမြက်ပို့ အမှုထမ်းဟုခေါ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

**ဦးညွန့်မောင်(ဓမ္မာစရိယ၊ B.A., R.I.)**



www.burmeseclassic.com

www.burmeseclassic.com

# လူသစ် စိတ်သစ် ကြံတိုင်းဖြစ်
# မနောလိပ်ပြာ စိတ်ကမ္ဘာစာစုများ

**တဝအရသာ**

**သက်လုံ**

ဦးသံဝေ - ဒီထက် ဦးသက်လုံရေ··ခရီးရောက်မသိုက်အဲ ပြောရဦးမယ်။

ဦးသက်လုံ - ဘာများပါလဲဗျ။ ခင်ဗျားမှာ ဆွေးနွေးစရာ ပါလာပြန်ပြီလား။

ဓဝ - ဆွေးနွေးစရာရယ်လို့တော့ မဟုတ်ပါဘူး။ ဒီနေ့တော့ ခင်ဗျားဆွေးနွေးတဲ့ အကြောင်းအရာကိုပဲ ကျွန်တော်က မှတ်သားနာယူမှာပါ။

လုံ - နို့···ခင်ဗျား ခုတင်က ပြောရဦးမယ်ဆိုတာက ဘာလဲဗျ။

ဝေ - ဒါက ဒီလိုလေ···ခင်ဗျားနဲ့ ကျွန်တော်တို့ ဆွေးနွေးကြတာတွေကို ခင်ဗျားက စန္ဒာမဂ္ဂဇင်းထဲမှာ ဆောင်းပါးအဖြစ် ပြန်ပြောရေးနေတာယ်မဟုတ်လား။ အဲဒါကို လူကြီး၊ လူငယ်တော်တော်များများက ဖတ်နေကြတယ်။

လုံ - အဲဒါ ဘာဖြစ်လဲဗျ။ ဖတ်စေချင်လို့ ရေးနေတာပဲကို။

ဝေ - ဟုတ်ပါတယ်လေ။ ကျွန်တော် စကားဆုံးအောင် ပြောပါရစေဦး။ အဲဒီလို ဖတ်ကြတော့ တချို့က ခင်ဗျားရေးတဲ့နည်းတွေကို ကြိုက်တော့ကြိုက်တယ်။ ဒါပေမဲ့ လိုက်မလုပ်နိုင်လို့ မိမိကိုယ်မိမိ အားမလိုအားမရ ဖြစ်ရတယ်လို့ ကျွန်တော့်ကို ပြောတယ်ဗျ။

လုံ - ဟာ···ဒီလိုဘယ်ဟုတ်မလဲ။ စိတ်ကမ္ဘာနဲ့ ပတ်သက်ရင် ရည်ရွယ်ချက်တစ်ခုတည်းအတွက် နည်းလမ်းပေါင်း ထောင်သောင်းမက ရှိတယ်ဗျ။ ဒီတော့ နည်းလမ်းတစ်ခုဟာ ကိုယ်နဲ့ မအပ်စပ်ရင် မလုပ်နဲ့ပေါ့။ အခြားနည်းလမ်းတွေ ပေါ်လာပါလိမ့်ဦးမယ်။ ကိုယ့်အတွက် ကျင့်ကြံလုပ်ကိုင်နိုင်မှုလည်း ရှိရမယ်၊ ကိုယ့်စိတ်က လက်ခံတဲ့နည်းလမ်းလည်း ဖြစ်မယ်၊ အဲဒါမျိုးကျတော့မှ လိုက်ကျင့်ရုံပဲ။ နည်းလမ်းမှန်သမျှတော့ ကောင်းတာချည်းပဲ။ ဥပမာ - ချိုတဲ့အရသာဟာ ကောင်းတယ်ဆိုပါတော့။ ချိုတာကြိုက်တာနဲ့ သကြားချည်း စားနေရမယ် မဟုတ်ဘူး။ ထန်းလျက်နဲ့လည်း ကိုယ့်စိတ်က တွေ့ချင်တွေ့မယ်။ ကြံနဲ့လည်း တွေ့ချင်တွေ့မယ်။ ဆီးဖြူသီးစားပြီး ရေသောက်တာနဲ့လည်း စိတ်အခန့်သင့်ချင်သင့်မယ်။ ဒီလို သဘောပေါ့။ ဒါထက် ခင်ဗျားကို ဘာပြောလိုက်လို့လဲ။

ဝေ - ပြောတာကတော့ လူအမျိုးမျိုးက အချက်အမျိုးမျိုးပေါ့လေ။ ဥပမာသဘောနဲ့ တစ်ခုလောက် ပြောပြပါ့မယ်။ ခင်ဗျားက တစ်ခါပြောဖူးတယ်။ ကိုယ်ဝါသနာပါတဲ့အလုပ်ကို လုပ်သင့်တယ်လို့··မှတ်မိပါသလား။

လုံ - ဟုတ်ကဲ့···မှတ်မိပါတယ်။

ဝေ - အဲဒါ သူက ဝါသနာမပါတဲ့ အလုပ်ကို လုပ်နေရတယ်တဲ့။ အခုမှ အလုပ်ကထွက်ပြီး တခြားပြောင်းဖို့ဆိုတာ မလွယ်ဘူးဖြစ်နေတယ်တဲ့။ ရှင်းရှင်းပြောရရင် သူက စာရင်းအင်းအလုပ် လုပ်နေရတယ်။ ဒါပေမဲ့ ဝါသနာပါတာက စာရေးတဲ့အလုပ်ဆိုပဲ။ အခုလည်း သူဟာ စာပေလုပ်သားအဖွဲ့ ဝင်ပါ။

လုံ - ဩော်···ဒီလိုကိစ္စမျိုးလား။ ကျွန်တော်ပြောတာက အလုပ်ကို ရွေးရလွယ်တဲ့ အချက်တစ်ချက်ပဲလို့ ပြောတာပါ။ တကယ်လို့ ကျွန်တော့်စကားကို ကြားသိရတဲ့ အချိန်မှာ ဝါသနာမပါတဲ့အလုပ်နဲ့ အသက်မွေးမ



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းခဲ့ရတာ နှစ်အတော်ကြာနေပြီဆိုတော့ ဒီနည်းလမ်းကို ကျင့်သုံးလို့တယ်ရတော့မလဲ။ ဒီမှာ ဦးသံဝေ။

ဝေ - ဟုတ်ကဲ့ . . . နားထောင်နေပါတယ်။

လုံ - ကျွန်တော် ဆွေးနွေးနေတဲ့ နည်းလမ်းမှန်သမျှဟာ ဥပဒေမဟုတ်ပါဘူးဗျ။ တင်ပြအကြံပြုချက်တွေပါ။ စပ်ဟပ်ရင် တိုက်ရိုက်သုံးပါ။ ပြင်ဖို့လိုရင် ကိုယ်နဲ့ အပ်စပ်အောင် ပြုပြင်သုံးပါ။ ကိုယ်နဲ့ မတည့်ရင် ဒီနည်းလမ်းကိုပယ်ပြီး သင့်တော်တဲ့ နည်းလမ်းကို စောင့်ပါ။ အဆုံးခရီးတစ်နေရာ ဆီကိုသွားတဲ့လမ်းတွေက ထောင်သောင်းရှိပါတယ်လို့ ပြောပြီးပါကော။

ဝေ - အခုတင်က လူမျိုးကျတော့ ဝါသနာပါတဲ့ အလုပ်ကို ရွေးလုပ်ပါဆိုတာ မေ့ထားလိုက်ရမယ်ပေါ့။

လုံ - လုပ်နေရတဲ့အလုပ်မှာ စိတ်ဝင်စားစရာ အချက်ကလေးတွေ ကြံဖန်ရှာကြည့်ပြီး လုပ်နေကျအလုပ်ကိုပဲ ပျော်စရာဖြစ်လာအောင် လုပ်ကြည့်ဦးပေါ့။ ဒါမှ မရရင် ဒါက ငါအသက်မွေးကျောင်းအတွက် လုပ်နေရတာပဲ။ အားလပ်ချိန်မှာ ငါဝါသနာပါတဲ့ စာရေးခြင်းအလုပ်ကို လုပ်နိုင်တာပဲ။ ဝမ်းသာစရာပေါ့။ ပြီးတော့ ဒီနေရာမှာ ဝါသနာမပါတဲ့ အလုပ်ကို လုပ်ရတာပဲ ကောင်းသလိုဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စာရင်းအင်းအလုပ်ကနေပြီး ဘာမှမစပ်ဟပ်တဲ့ စာရေးတဲ့အလုပ်ကို စိတ်ပြောင်းရာမှာ စိတ်ဟာ မတူတဲ့ နယ်ပယ်ကို ဝင်ရတဲ့အတွက် အပြောင်းအလဲသဘောနဲ့ လန်းဆန်းလာတတ်တယ်ဗျ။ တစ်မျိုးကောင်းပါတယ်။ စိတ်ရှုပ်စရာ မလိုပါဘူး။

ဝေ - ကျွန်တော် သဘောပေါက်ပါပြီ။ စုံထောက်ဦးစံရှားတစ်ခါတစ်ခါ တယောထထိုးသလိုမျိုးပေါ့နော်။

လုံ - ခင်ဗျား ဒါတွေ တော်တာပဲ။ လွယ်လင့်တကူ ဥပမာကို ကြံဖန်ရတတ်တယ်။

ဝေ - ဒါလည်း ပါရမီတစ်မျိုးလို့ ဆိုပါတော့ဗျာ။ ဒါထက်ဒီနေ့ ဘာကို ဆွေးနွေးမလဲ။

လုံ - ရင်ထဲမှာ သိုးသန့်မရှိလေတော့ ပူပူနွေးနွေး ဖတ်မိတဲ့ ဆောင်းပါးပါ အချက်အလက်တွေကို မှတည်ပြီး ဆွေးနွေးကြတာပေါ့။

ဝေ - ဘာအကြောင်းလဲဗျ။

လုံ - ဘဝရဲ့ အရသာကို ခံတတ်ဖို့အကြောင်းကို ဆွေးနွေးချင်တာပါ။

ဝေ - ဘဝမှာ နေပျော်မယ် လူဖြစ်ကျိုးနပ်မယ်ဆိုတဲ့ ကိစ္စမျိုးပေါ့။ ဆွေးနွေးစမ်းပါဗျာ။ လူတော်တော်များများနဲ့ သက်ဆိုင်နေပါတယ်။

လုံ - တော်တော်များများ မဟုတ်ဘူး။ ဘဝရဲ့ အလွှာတိုင်းနဲ့ သက်ဆိုင်နေပါတယ်။ ကျွန်တော်တို့တစ်တွေမှာ ဘယ်လိုစိတ်ထားမျိုးတွေ ဖြစ်တတ်သလဲဆိုရင် အရေးပါ အရာရောက်တဲ့ နေရာတွေမှာ ရောက်ရှိနေတဲ့လူတွေ လူ့အဖွဲ့အစည်းထဲမှာ ထင်ရှားပြီး နေရာမြင့်မြင့် ရောက်နေတဲ့လူတွေအပေါ် မနာလိုတဲ့စိတ်ဖြစ်တတ်ကြတယ်ဗျ။

ဝေ - အင်းပေါ့လေ . . . သူတော့ ကောင်းစားနေတယ် ငါတော့ မဟာန်ပါလားဘာလားနဲ့ အခြောက်တိုက် မနာလိုဝန်တို ဖြစ်နေတတ်တာပေါ့။ ဒါဟာ ကိုယ့်စိတ်ကို ကိုယ်ရောဂါ ပေးတာတစ်မျိုးပေါ့လေ။

လုံ - ရောဂါပေးရုံမကဘူး။ အမြင်ပါ လွဲမှားနေတယ်။ မဟုတ်တဲ့အမြင်ကြီး ကျော်ကြားမှု၊ စည်းစိမ်ကြွယ်ဝမှ ဘဝအရသာကို ပြည့်ပြည့်ဝဝ ခံစားရပြီး ပျော်ရွှင်နေနိုင်တယ်လို့ မြင်နေတာ။ ဒီအမြင်ဟာ မှားတယ်ဗျ။

ဝေ - မှားမယ့်သာမှားရော လူတော်တော်များများက ဒီလိုပဲ တစ်ထစ်ချ စွဲမှတ်ထားတယ်။

လုံ - အမှန်တရားဆိုရင် ဘာသာတိုင်းက ဟောမှာပေါ့။ ဘယ်ဘာသာက ရာထူးဂုဏ်သိန် စည်းစိမ်ကို အပတ်တကုတ် လိုက်လံရှာဖွေနေရမယ်လို့ ဟောသလဲဗျာ။ ကျွန်တော်တော့ မဖတ်ဖူးသေးပါဘူး။ ဒီမှာ ဦးသံဝေရေ . . . အခုတင်က ပြောခဲ့တဲ့ ရာထူးဂုဏ်သိန် စည်းစိမ်ချမ်းသာ ကျော်စောကိတ္တိရှိတဲ့ လူတွေထဲမှာ စိတ်မချမ်းမသာနဲ့ ပျော်ရွှင်မှုကင်းမဲ့နေပြီး ဘဝရဲ့ အရသာကို မခံစားနိုင်တဲ့လူတွေ တစ်ပုံကြီးရှိပါတယ်။ ဒီအချက်ကပဲ စောစောက အမြင်မှားယွင်းနေကြောင်း သက်သေခံနေပါတယ်။

ဝေ - ဘဝမှာ ကျေနပ်မှုမရဘဲ လူဖြစ်ကျိုးမနပ်ဘဲ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

ကြတယ်ဆိုပါတော့။

လုံ - ဟုတ်တယ်။ ဘဝရဲ့အရသာကို ပြည့်ပြည့်ဝဝ ခံစား ခံစားနိုင်ဖို့ဟာ အာဏာ၊ ရာထူး၊ စည်းစိမ်၊ ကျော်စော မှုတွေ မလိုပါဘူးဗျ။ ဥပမာ - တံငါသည် ရေလုပ် သားကြီးပဲ ဆိုပါတော့။ သူ့ဘဝဟာ စည်းစိမ်ချမ်းသာနဲ့ မပြည့်စုံပေမဲ့ ကျေနပ်ကျန်းမာပြီး ပျော်ပျော်ရွှင်ရွှင်ပဲ ဘဝအရသာကို ခံနေနိုင်ပါတယ်။

ဝေ - ဟုတ်တယ်။ ကျွန်တော့်အဖေရဲ့ အသိ လယ်သမား ကြီးတစ်ယောက်လည်း ဒီလိုပဲဗျ။ လယ်လုပ်ငန်းကို ပင်ပင်ပန်းပန်း လုပ်ရတယ်။ သူနဲ့ သူ့မိသားစုအတွက် စားဝတ်နေရေးမှာ ဖြစ်တယ်ဆိုရုံ နေနေရတယ်။ ရုပ်ရှင်ဇာတ်ပွဲတွေ သူဘယ်တော့မှ မကြည့်ဘူး။ အားလပ်ရက် အပျော်ခရီးထွက်တယ်ဆိုတာ ဝေး ရော။ ဒါပေမဲ့ သူ့ဘဝမှာ သူကျေနပ်ပြီး ပျော်ရွှင်နေ တော့ လူဖြစ်ကျိုးနပ်နေတာပေါ့။ ကိုယ်ရောဂါ စိတ် ရောဂါတွေ ကင်းသဗျ။

လုံ - ကိုယ်ရောဂါကင်းတာကတော့ အစားအသောက်မှန် တယ်။ တွေ့ကရာတွေ မစားဘူး။ ပြီးတော့ ငွေကြေး မပြည့်စုံတော့ ရာသီစာပဲ စားဖြစ်တယ်။ လေကောင်း လေသန့်ရတယ်။ လှုပ်ရှားမှုရှိတယ်။ ဒါတွေကြောင့် ဖြစ်မှာပါ။ စိတ်ရောဂါ ကင်းတာက သူသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဘဝပေါ်မှာ သဘောထားအမြင် တွေ အယူအဆအစွဲအမှတ်တွေ မှန်ကန်နေလို့ဗျာ။

ဝေ - ဘယ်လိုမှန်ကန်နေတာလဲ။

လုံ - ဘဝမှာ လူဖြစ်ကျိုးနပ်ပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ ဘဝအရ သာကို ပြည့်ပြည့်ဝဝခံစားချင်ရင် ငါဘာလုပ်ဖို့ လူ ဖြစ်လာတာလဲဆိုတဲ့ သဘောထားပေါ်မှာ တည် တယ်ဗျ။ ငါ့အလိုတွေ ပြည့်ရမယ်။ အခြားလူတွေ ဘယ်လိုဒုက္ခရောက်ရောက် ငါချမ်းသာရမယ်။ လူ တွေဟာ ငါ့ကိုပဲ ဦးစားပေးပြီး ငါ့အကျိုးကို သယ်ပိုး ရမယ်။ ငါ့အကျိုးပြီးစီးဖို့ ငွေနဲ့ ပေါက်ရ ပေါက်ရ လုပ်နိုင်းမယ် စသဖြင့် ဒီလိုသဘောမျိုးတွေ ထားနေ ရင် ထားနေတဲ့လူဟာ လှုပ်ရှားမှု ပြည့်ဝနေပေမယ့် ဘဝအရသာတော့ ပြည့်ပြည့်ဝဝ ဘယ်တော့မှ မခံစား ရဘူးဗျ။ ပူပင်သောကနဲ့ စိတ်တိုခြင်း ဒေါသတွေ အကြားမှာ လူးလိမ့်ခံနေရမှာပဲ။

ဝေ - မှန်ကန်တဲ့ အမြင်ကလေးကို ထောက်ပြပါဦးဗျာ။

လုံ - ငါဟာ လူ့ရယ်လို့ဖြစ်လာတာ ငါတို့လူသား၊ အဖွဲ့ အစည်းကြီးရဲ့ ကောင်းကျိုးကို လုပ်ဆောင်ဖို့ လူဖြစ် လာတာ။ ဒါကြောင့် ငါနဲ့အတူတူ နေထိုင်သူတွေ၊ အလုပ်အတူတူ လုပ်နေကြသူတွေ၊ တစ်နည်းနည်း ဆက်ဆံပေါင်းသင်းနေရသူတွေရဲ့ ပျော်ရွှင်ချမ်းသာမှု ကို လုပ်ဆောင်ပေးဖို့ လူဖြစ်လာတာဆိုတဲ့ သဘော ထားကို ရင်ထဲမှာ လက်ခံပြီး ရှင်သန်အောင် မွေးမြူ ပေးရမယ်ဗျ။

ဝေ - သူတစ်ပါးအပေါ် စိတ်ကောင်းထားမယ်။ ကူညီ စောင့်မမယ် ဆိုတာက လုပ်မယ်ဆိုရင် လုပ်နိုင်မှာ ပါလေ။

လုံ - လုပ်နိုင်ရုံမကဘူး။ လုပ်လည်းလုပ်သင့်တဲ့ကိစ္စဗျ။ သဘာဝနဲ့လည်းညီတယ်။ သစ်စေ့တစ်စေ့ရဲ့ ရည်ရွယ် ချက် ပန်းတိုင်ဟာ ဘာလဲ။ ရှင်သန်ကြီးထွားလာပြီး သစ်ပင်ကြီးဖြစ်ဖို့ မဟုတ်လား။ သစ်ပင်လောကကို ဖြည့်ဆည်းပေးတဲ့ အင်အားတစ်ရပ်ပေါ့။ လူဆိုတာ လည်း ဒီလိုပဲဗျ။ လူ့ရယ်လို့ဖြစ်လာရင် ရုပ်၊ စိတ်၊ သိက္ခာ ကျန်းမာကြံ့ခိုင်ပြီး လူ့သားအဖွဲ့အစည်းကြီးကို အင်အားဖြည့်ဆည်းပေးတာ ဖြစ်ရမှာပေါ့။ ဘာဖြစ်လို့ လူ့အဖွဲ့အစည်းမှာ အဆိပ်အတောက် ဖြစ်ရမှာလဲ။

ဝေ - နက်နက်နဲနဲ စဉ်းစားရင် ခင်ဗျားပြောတာ မှန်ပါတယ်။

လုံ - မှန်ရင် လိုက်လုပ်သင့်တာပေါ့။ ဒီတော့ အခြေခံအနေ နဲ့ ကျင့်ကြံရမှာက ကိုယ်နဲ့နီးစပ်ပြီး ဆက်ဆံထိတွေ့ နေရတဲ့ လူတွေအပေါ် စိတ်ဝင်စားမှုကလေး မွေးရ မယ်။ ဒါဟာလည်း အတတ်ပညာတစ်ခုဆိုတော့ အခြားသောအတတ်ပညာတွေလိုပဲ နေ့စဉ် လေ့ကျင့် ပေးဖို့တော့ လိုတယ်ဗျနော်။

ဝေ - လွယ်ကူတဲ့နည်းဆိုရင် နေ့စဉ်တော့ လုပ်ရမှာပေါ့။ နေ့စဉ် လုပ်ပေးရင်လည်း လွယ်ကူချောမောရတာ ချည်းပါ ပဲလေ။ ကဲ···အသေးစိတ်ကို ဆက်ပြော ပါဦး။



www.burmeseclassic.com

www.burmeseclassic.com

လုံ - ဒီလိုဗျ။ ဥပမာ - ပထမနေ့မှာ ဆိုပါတော့ လူတွေရဲ့ အဝတ်အစားဝတ်ပုံတွေ၊ မျက်နှာအမူအရာတွေ၊ လုပ်တတ်ကိုင်တတ်ပုံ စရိုက်တွေကို ဂရုစိုက် လေ့လာမှတ်သားပေါ့။ နောက်နေ့ကျတော့ သူတို့ပြောတဲ့ အကြောင်းအရာတွေ လေ့လာမှတ်ထားရမယ်။ ဟော…နောက်နေ့ကျတော့ လူတစ်ဦးနဲ့တစ်ဦး ကူညီရိုင်းပင်းမှု ရှိတယ်၊ မရှိဘူး လေ့လာကြည့်ပေါ့။ အရေးအကြီးဆုံးက ကိုယ်နဲ့ ဆက်ဆံနေရသူတွေကို လေ့လာရင် သူတို့ ဘယ်နေရာမှာ သန်တယ်၊ ဘယ်နေရာမှာ ချို့တဲ့ချက် ရှိတယ်ဆိုတာတွေကို အထူးဂရုပြုမှတ်သားရမယ်။

ဧဝ - ဘာလုပ်ဖို့ လေ့လာမှတ်သားမှာလဲ။

လုံ - ဟာ…ဒီတော့မှ ခင်ဗျားက သူတို့ကို ကူညီအားပေးနိုင်မှာပေါ့ဗျ။ သူတို့သန်တဲ့အချက်တွေမှာ ချီးကျူးအားပေးရမယ်။ သူတို့ရဲ့ အားနည်းချက်ကျတော့ နှစ်သိမ့်အားပေးပြီး ကူညီမြှင့်တင်ပေးရမှာပေါ့။

ဧဝ - အဲဒါဆိုရင် ဘဝရဲ့အရသာ ပေါ်လာရောလား။

လုံ - စိတ်ကမ္ဘာနဲ့ ပတ်သက်လာရင် အေးက စဉ်းစားပြီး သိရတာထက် လုပ်ကြည့်မှ သဘောပေါက်တယ်ဆိုတဲ့ ကိစ္စတွေက ပိုပြီးများပါတယ်ဗျ။ လုပ်ကြည့်ပြီးမှ ဟုတ်မဟုတ် ပြောရမှာပဲ။ ဘဝရဲ့အရသာကို ပြည့်ပြည့်ဝဝ ခံစားရပြီး လူဖြစ်ကျိုးနပ်တဲ့ လူတိုင်းဟာ မိမိကိုယ်မိမိ မေ့ထားပြီး သူတစ်ပါးကို ကူညီမစနေတဲ့လူတွေသာ ဖြစ်တယ်လို့ ကမ္ဘာအရပ်ရပ်က စိတ်ကမ္ဘာနှံ့စပ်တဲ့ ပညာရှင်တိုင်းက ဆိုပါတယ်ဗျာ။

မေ - နေ့စဉ် လေ့ကျင့်ရမယ်ဆိုတော့ ကိုယ်နေ့စဉ်လုပ်နေကျ ထိတွေ့ဆက်ဆံနေကျဖြစ်တဲ့ လုပ်ငန်းကလေးတွေမှာ ဆိုပါတော့။

လုံ - ဟုတ်ပါတယ်။ ကဲ…ခင်ဗျား ပိုပြီး ဘဝင်ခိုက်အောင် ဥပမာပေးဦးမယ်ဗျာ။ မီးရထားလက်မှတ်ရောင်းတဲ့ အလုပ်ကို လုပ်တယ်ဆိုပါတော့။ ငါ့ကို လစာပေးထားတာပဲ၊ ငါရောင်းနေရင် ပြီးတာပေါ့ဆိုရင် တာဝန်ကျေတာ မှန်တယ်။ သူတစ်ပါးကို ကူညီတဲ့စိတ် မရောက်ဘူး။ လက်မှတ်တစ်စောင်ကိုရောင်းတိုင်း သူဟာ ခရီးသွားမယ့်လူ၊ ငါအခု လက်မှတ်ရောင်းလိုက်တော့ သူလိုရာပြည့်စုံသွားတယ်။ တစ်ထစ်တော့ သူစိတ်ချမ်းသာသွားရပြီ စသဖြင့် တွေးပြီး ရောင်းရင် သူတစ်ပါးကို ကူညီခြင်း၊ ကူညီလိုက်ရလို့ ကိုယ့်မှာ ပီတိဖြစ်ရခြင်းတွေ ဖြစ်ပေါ်လာတယ်။ ဟော…အကြွေမရှိရင် စိတ်ရှည်ရှည်နဲ့ ကြိုးစားဖြေရှင်းပေးရင် ပိုပြီး ပြည့်စုံလာတယ်။ တစ်ခါ ငါးပြား၊ ဆယ်ပြားလိုလို့ ကိုယ်က စိုက်နိုင်ရင် စိုက်လိုက်။ လုပ်ငန်းဒဆောင်ရွက်ပေးမှုကို ကူညီတဲ့အပြင် ငွေကြေးပါ ကူညီရလို့ ပိုပြီးပြည့်စုံတယ်။ ငါးပြားဆယ်ပြား တစ်ဖက်သားရတဲ့ စိတ်ချမ်းသာမှု ကြီးကြီးမားမားကို တခြား ဘယ်မှာရှာလို့ လွယ်မလဲဗျာ။ လူကို လိုအပ်နေတဲ့အခါမှာ ကူညီတာ တန်ဖိုးအရှိဆုံးဗျ။

ဧဝ - ဟုတ်တာပေါ့ဗျာ။ ကျွန်တော်တို့ မြန်မာစကားမှာ နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းလို့ ဆိုရိုးစကားရှိတယ်။ ဒါကို နက်နက်နဲနဲ စဉ်းစားရင် သိပ်အဓိပ္ပာယ်ရှိတာ။ ပါးစပ်ကလေးနဲ့ စောင်မတာပေမဲ့ ငွေကုန်ကြေးကျမရှိလို့ မဖိုးမတန်ဘူး မထင်နဲ့။ ကျွန်တော် ကြုံဖူးတယ်။ အရောင်းဆိုင်တစ်ခုမှာ ပစ္စည်းဝယ်တော့ ကျွန်တော်က အိတ်နဲ့ထည့်ချင်တယ်။ အရင်က ဒီလိုအိတ်တောင်းဖို့လို့ ဆိုင်တစ်ဆိုင်မှာ ဆောင့်အောင့်အပြောခံရဖူးတော့ နှုတ်တွန့်နေမိတယ်။ ဒါပေမဲ့ ပစ္စည်းကလေးတွေက အမည်များနေတော့ အရဲစွန့်ပြီး တောင်းလိုက်မိတယ်လေ။ ဈေးရောင်းတဲ့ ကလေးမက ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ "မှာ…ဟုတ်သားပဲ။ ဦးလေးပစ္စည်းတွေ စာအိတ်ထဲ ထည့်ယူသွားမှ အဆင်ပြေမှာပေါ့။ ရပါတယ် ဦးလေးရဲ့" ဆိုပြီး စက္ကူအိတ်ထုတ်ပေးတယ်။ ကျွန်တော့်ရင်ထဲမှာ အေးပြီး စိတ်ချမ်းသာလိုက်တာဗျာ။

လုံ - ဟုတ်ပါတယ်ဗျ။ စိတ်ရင်းကောင်းနဲ့ ပေးတဲ့ နှုတ်၏စောင်မမှုကြောင့် ဒီလောက်အကျိုးသက်ရောက်မှုရှိရင် တကယ်လိုလို့ တကယ်ပေးလာတဲ့ လက်၏စောင်မခြင်းဆိုတာ တန်ဖိုး ဘယ်ဖြစ်နိုင်ပါ့မလဲဗျာ။ အရင်းမကြီးပါဘူး။ မလုပ်ကြလို့သာပါ။ ဆွမ်းခံကိုယ်



www.burmeseclassic.com

www.burmeseclassic.com

တော် မိန့်ကြားဖူးတယ်။ သူတူကလေးကို ကလေးဆေးရုံသွားပြတာ ကလေးဆေးရုံက ဆရာဝန်၊ ဆရာမတွေ ဆက်ဆံတာ ကောင်းလွန်းလို့ အားတောင် နာနေရတယ်တဲ့။ လူနာရှင်ထက်တောင် လူနာအပေါ် သံယောဇဉ်နဲ့ မေတ္တာတွေ ပိုပြီးထားလို့ ဦးဖင်းက သတင်းစာထဲတောင် ထည့်ပြီး ဖော်ပြချင်တာ စာမရေးတတ်လို့တဲ့။ ကျွန်တော့်ကို စာရေးနေတယ်ဆိုပြီး ရေးစေချင်တယ်ပေါ့လေ။ စိတ်ရင်းကောင်းနဲ့ ဆောင်မခြင်းဟာ တစ်ဖက်သားရဲ့ စိတ်ချမ်းသာမှုကြည်နူးမှုကို အပြည့်အဝပေးနိုင်တာမို့ ဒီလိုပေးနိုင်တဲ့ ဘဝအရသာဟာ ခံစားလို့ ပကုန်နိုင်အောင်ပဲဗျ။

ဝေ - ဟုတ်ပါတယ်။ ကူညီငဘင်မတယ်ဆိုတာ နေ့စဉ်လုပ်ရင် သေးသေးဖွဲဖွဲပဲ လုပ်နိုင်မှာပါပဲ။ ဒါပေမဲ့ နေရာမှန်၊ အချိန်မှန်တဲ့ သေးသေးဖွဲဖွဲ ကူညီစောင်မမှုဟာ မလိုအပ်ဘဲနဲ့ အတင်းကူညီတဲ့ အကူအညီထက် စိတ်ကျေနပ်မှု၊ ဝမ်းသာသွားမှုကို လေ့လာကြည့်ရင် ကိုယ်ကတောင်မှ မျက်ရည်တွေလည်လာအောင် ပီတိဖြစ်ပါတယ်။ ပီတိဆိုတာ ဘဝရဲ့ အရသာတစ်ခုပါဗျာ။ အဖိုးတန်ပါတယ်။

လုံ - အဖိုးတန်ပြီလားဗျ။ ပီတိဆိုတာ နက်ရှိုင်းတဲ့ စိတ်အရသာတစ်ခုပဲကိုးဗျ။ အေးချမ်းကျေနပ်တဲ့ သဘောတွေ ပါဝင်နေတာပဲ။ ရုပ်ကမ္ဘာရဲ့ ကျန်းမာရေးသန့်စွမ်းမှုကို စိတ်ကမ္ဘာကလည်း အများကြီး ပံ့ပိုးထားရတယ်ဗျ။ ရုပ်ကမ္ဘာပျက်စီးချွတ်ယွင်းနေရင်တောင် ကြံ့နိုင်တဲ့စိတ်ဓာတ်ရှိရင် ခံနိုင်သေးတယ်။ စိတ်ကမ္ဘာ ချွတ်ယွင်းအားနည်းရင်တော့ ရုပ်ကမ္ဘာဟာ ကမောက်ကမဖြစ်ရတော့တာပါပဲဗျာ။

ဝေ - ဒါကြောင့် စိတ်ကမ္ဘာမှာ အေးချမ်းမှုတွေ၊ ပီတိဖြစ်မှုတွေ၊ တင်းတိမ်ရောင့်ရဲမှုတွေ၊ ပျော်ရွှင်မှုတွေ လိုအပ်တာပေါ့။

လုံ - ဟုတ်ပါတယ်။ စိတ်ရဲ့ အရသာမှ ဘဝအရသာစစ်စစ်ပါ။ ခင်ဗျားတို့ ကျွန်တော်တို့တစ်တွေက ပျော်ရွှင်မှုရှာရာမှာ လွဲမှားပြီး ရုပ်ဝတ္ထုတွေမှာ လိုက်ရှာနေတယ်။

ဝေ - အောင်မယ်…ခင်ဗျား အခုဆွေးနွေးသွားတဲ့အတိုင်းဆိုရင် ပျော်ရွှင်မှုကို စိတ်ပိုင်းမှာ လိုက်ရှာတာတောင်မှ လမ်းလွဲချင်သေးတယ်။ ကိုယ့်အလိုပြည့်မှု၊ ကိုယ်အကျိုးရှိမှုတွေချည်း ရှေ့တန်းတင်နေကြသေးတယ်။ ဒါဟာ စိတ်ပျော်ရွှင်မှု ရှာရာမှာ လွဲမှားတဲ့ သဘောပေါ့နော်။

လုံ - သိပ်ဟုတ်တာပေါ့။ ကိုယ်ကျိုးပြည့်တယ်ဆိုမှ ကိုယ့်ဆန္ဒပြည့်တယ်ဆိုမှ ပျော်ရွှင်ရတယ်ဆိုရင် ထာဝရတည်တဲ့ ပျော်ရွှင်မှု၊ စိတ်ချမ်းငြိမ့်မှု မဟုတ်ဘူးဗျ။ ဘာဖြစ်လို့ လဲဆိုတော့ ကိုယ့်အကျိုး ကိုယ့်ဆန္ဒဆိုတာ အဆုံးမရှိတော့ တစ်ခုပြည့်ပြန်ရင် နောက်တစ်ခု ပေါ်နေမှာပဲ။ ဘဝအရသာကို အပြည့်အဝ ခံစားချင်ရင် လူဖြစ်ကျိုးနပ်ချင်ရင် သူတစ်ပါးကို ငါ ဘာကူညီရမလဲ၊ ငါဘယ်လို သူတစ်ပါးကို စိတ်ချမ်းမြေ့သွားအောင် လုပ်နိုင်သလဲဆိုတာတွေ တွေးပါ။ ပြီးတော့ သေးဖွဲချင် သေးဖွဲပါစေ ဆောင်ရွက်ပါ။

ဝေ - ဒီလိုဆောင်ရွက်မှုက တုံ့ပြန်ဖြစ်ပေါ်လာတဲ့ ကိုယ့်စိတ်ရဲ့ ချမ်းသာမှု၊ ကြည်နူးမှုဟာ ဘဝရဲ့ စစ်မှန်သောအရသာဆိုပါတော့။ လူဖြစ်ကျိုးနပ်တယ်၊ လူ့တာဝန်ကျေတယ် ဆိုပါတော့။

လုံ - ဟုတ်ကဲ့။ ဪ…ပြောဖို့ ကျန်နေသေးတယ်ဗျို့။

ဝေ - ဘာများပါလိမ့်ဗျာ။

လုံ - ဒီလိုလေဗျာ။ ကျွန်တော်က လူတွေကို ကူညီစောင့်ရှောက်ပါဆိုတော့ ရုတ်တရက်ကြည့်ရင် ရှင်းသလိုမို့ ခင်ဗျားက လိုက်နာကျင့်ကြံတော့မယ် ဆိုပါတော့။

ဝေ - အင်းလေ။ နို့…ရှင်းလည်းရှင်းနေသားပဲ ဥစ္စာ။

လုံ - ဟုတ်ကဲ့။ အမိပ္ပာယ်ကတော့ ရှင်းပါတယ်။ ဒါပေမဲ့ လက်တွေ့ကျင့်သုံးတဲ့ နေရာကျတော့ အခက်အခဲကလေးတွေ ထွက်ပေါ်လာတတ်တယ်ဗျ။

ဝေ - ဘယ်လိုများပါလိမ့်ဗျာ။ ကျွန်တော်တော့ နားမလည်နိုင်ပါဘူး။ ကိုယ်က သူတစ်ပါးကို ကူညီမှာပဲဟာ။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ဒုက္ခသွားပေးမှာမှ မဟုတ်တာ။ ဘာအခက်အခဲများ ကြုံတွေ့စရာရှိမှာလဲ။ ဟိုလူက ကျွန်တော့်အကူအညီကို မလိုချင်ဘဲ နေမှာမို့လား။

လုံ - မဟုတ်သေးပါဘူးလေ။ ကျွန်တော် ပြောစမ်းပါရစေ။ လူ့ရယ်လို့ ဆိုလိုက်ရင် ကျွန်တော်ဟာ ဒေးကာနယ်ဂျီရဲ့ စကားကို သတိမရဘဲ မနေနိုင်ဘူးဗျ။

ဝေ - ဒေးကာနယ်ဂျီ နာမည်ကြီးပုဂ္ဂိုလ်ပါပဲ။ ဘဝအောင်မြင်ရေးကျမ်းတွေ ပြုစုတဲ့ ပုဂ္ဂိုလ်လေ။ ကျွန်တော်တောင် သူ့စာအုပ်ကို တစ်အုပ်လောက်ပဲ ဖတ်ဖူးပါတယ်။ ဒါပေမဲ့ ကြည်ညိုလောက်တဲ့ ပုဂ္ဂိုလ်ပါပဲဗျာ။ ဒါထက် သူက ဘာပြောလို့တုံး။

လုံ - လူတွေအကြောင်းပေါ့ဗျ။ သူလည်းပဲ လူတွေနဲ့ လူတွေရဲ့စိတ်ကမ္ဘာထဲမှာ ကျင်လည်ကျက်စားနေတဲ့ ပုဂ္ဂိုလ်ပဲကိုး။ ကျွန်တော်တို့ဟာ လူအချင်းချင်း ဆက်ဆံရတော့မယ်ဆိုရင် သူ့စကားကို အလေးအနက် သတိပြုသင့်တယ်ဗျ။

ဝေ - ဟုတ်ပါပြီလေ။ သူ့စကားကိုသာ ပြန်ပြီးဖောက်သည်ချစမ်းပါ။

လုံ - သူက ပြောတယ်။ ကျွန်တော်တို့ဟာ လူတွေနဲ့ ဆက်ဆံရရင် ငါဟာ လူ့သတ္တဝါနဲ့ ဆက်ဆံနေရတာသာဖြစ်တယ်။ ဆင်ခြင်တုံတရားကို အခြေခံပြီး ပြုမူဆောင်ရွက်တတ်တဲ့ သတ္တဝါတစ်မျိုးမျိုးနဲ့ ဆက်ဆံနေရတာမဟုတ်ဘူး။ ငါဆက်ဆံနေရတဲ့ လူဆိုတဲ့ သတ္တဝါဟာ စိတ်ခံစားမှုနဲ့ သတ္တဝါ၊ မနာလိုဝန်တိုတတ်တဲ့သဘောကြောင့် ကြွပ်ဆတ်ဆတ် ဖြစ်နေတဲ့ သတ္တဝါ၊ မာနနဲ့ ဝင့်ဝါမှုတို့က ပင့်တင်ပေးထားလို့ ကြွကြွရွရွဖြစ်နေတဲ့ သတ္တဝါ၊ အဲဒီသတ္တဝါမျိုးနဲ့ ဆက်ဆံနေရတယ်ဆိုတာကို ဘယ်တော့မှ မမေ့သင့်ဘူးတဲ့။

ဝေ - မှန်းစမ်း...သူ့စကားကို ကျွန်တော် စဉ်းစားကြည့်စမ်းမယ်။ ဥပမာ - ကိုယ်က ကူညီစောင်မဖို့ပဲ ချဉ်းကပ်တယ်ဆိုပါတော့။ ကိုယ်ဆက်ဆံနေရတဲ့ သတ္တဝါတွေဟာ လူဖြစ်နေတော့ သူ့ရဲ့ စိတ်ခံစားမှုနဲ့အညီသာ သူ့စိတ်အနေအထားဖြစ်မယ်။ ဥပမာ - စိတ်အခန့်မသင့်ရင် ကူညီဖို့လာတဲ့ ကျွန်တော့်ကိုတောင်မှ ဘုပြောလွှတ်ချင်လွှတ်မယ် မဟုတ်ဘူးလား။

လုံ - ဟုတ်တာပေါ့။ ဒီတော့ ခင်ဗျားက စိတ်ထဲမှာ ခုသွားမယ်။ ငါက အကောင်းကူညီမလို့။ သူက ပုံဂေတနာကို စော်ကားတယ်။ ဘာတယ်ညာတယ်နဲ့ ချဉ်းကပ်သွားတုန်းကတော့ ကူညီမလို့ပဲ။ ပြန်ခွာလာတော့ သူ့ကို သတ်ချင်လောက်အောင် ဒေါသစိတ်ကြီးနဲ့ ပြန်ခွာလာမယ်ပေါ့။

ဝေ - ကျွန်တော် သဘောပေါက်ပါပြီလေ။ အရေးကြီးတာက လူတွေအပေါ်မှာထားရှိတဲ့ ကိုယ့်ရဲ့စိတ်အနေအထား မပျက်ဖို့ အရေးကြီးတယ်။ ဒီတော့ လူဆိုတာ စိတ်ခံစားမှုအလိုက် စိတ်ထားတွေ အမျိုးမျိုး ပြောင်းလဲနေနိုင်တယ်။ ပြီးတော့ သူတို့မှာ မနာလိုမှု၊ ဝါကြွားမှု၊ စီးပွားလိုလားမှုဆိုတဲ့ ပျော့ညံ့ကွက်တွေရှိတယ်ဆိုတာကို ကြိုပြီးဆင်ခြင်ထားပြီး ခွင့်လွှတ်တတ်အောင် စီမံထားပြီးမှ စောစောက ခင်ဗျားပြောတာတွေကို ကျင့်ကြံနေထိုင်သွားရမယ် ဆိုပါတော့။

လုံ - ဟုတ်ကဲ့...ကျွန်တော်တို့ဟာ အဲဒီလို ကျင့်ကြံနေထိုင်ရင် ကျွန်တော်တို့ဘဝဟာ မေတ်ပြားပေါင်းကြီး နေ့စဉ်ဖွင့်နေရသလို ထပ်တလဲလဲနဲ့ ငြီးငွေ့စရာအဖြစ်က ကျွတ်လွတ်ပြီးတော့ နေ့စဉ် အတွေ့အကြုံတွေဟာပဲ နေ့ဂဉ်နဲ့အမျှ ဆန်းသစ်နေပြီး စိတ်အားစိတ်ဓာတ်အားတွေ တက်လာမယ်။ လုပ်ကြည့်ဖို့သင့်တာပေါ့ဗျာ။

ဝေ - ဟာ...လုပ်ကြည့်သင့်ပြီလားဗျာ။ ကဲ...ပြန်လိုက်ဦးမယ်။

*(ဆက်ရန်)*

---

## သက်လုံ

---




www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်မြင့် အေး

# မှော်ဝင်နေသော ယတြာများ

## သဘော်တက်ရန် ခက်ခဲနေပါက...



၁။ ၄ လက်မအရွယ်ရှိ (----------------) နေ့သားကို
လှော်တက်ပုံ ပြုလုပ်ပါ။

၂။ ၎င်းလှော်တက်ကို ရွှေချပါ။

၃။ ရွှေချထားသော လှော်တက်ကိုကြည့်မှန် တစ်ချပ်ပေါ်တွင် ချိတ်ဆွဲပါ။

တနင်္ဂနွေ = အုန်းသား
တနင်္လာ = ကံ့ကော်သား
အင်္ဂါ = ဆီးသား
ဗုဒ္ဓဟူး = ဝါး
ကြာသပတေး = ပေါက်
သောကြာ = သီဟိုဠ်
စနေ = ဒန်း

အထက်ပါ နေ့သားများအလိုက် အသားကို လှော်တက်လုပ်ပြီး ဆောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်ဆော်များဟု

# သိကြစေလိုသည်

■ ဦးအောင်(မဟာပဋ္ဌမံ)

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် လူအို၊ လူနာ၊ လူသေ၊ ရဟန်း စသည့်နိမိတ်ကြီးလေးပါးကို မြင်တွေ့ရပြီး နောက်ပိုင်းတွင် လူ့ဘဝဆိုသည်မှာ စည်းစိမ်ဥစ္စာ ရတနာ အာဏာများ မည်မျှပင် ကြွယ်ဝပြည့်စုံသည်ဖြစ်စေ ဆင်းရဲသူ၊ ချမ်းသာသူ မည်သူမျှ ဤလောကဓံတရား လေးပါးမှ လွတ်မြောက်ခြင်းမရှိနိုင်သည်ကို ဆင်ခြင်သုံးသပ်မိပေသည်။

ထိုမှတစ်ဆင့် အိုခြင်း၊ နာခြင်း၊ သေခြင်း စသည်တို့ရှိပါက မအိုခြင်း၊ မနာခြင်း၊ မသေခြင်းဟူသော အကြောင်းတရားများ (Compore and cantract) အကြောင်းတရားကို ငါရှာဖွေ၍ ထို အို၊ နာ၊ သေခြင်းတို့မှ ကင်းလွတ်နိုင်သည့် နည်းလမ်းဖြင့် သတ္တဝါများကို ငါကယ်တင်၍ ဆုံးမသွန်သင်ပေးတော်မူမည်ဟု ဆုံးဖြတ်ကာ တစ်ယောက်တည်း အဖော်မပါ တောထွက်တော်မူခဲ့ပေသည်။

တောထွက်၍ မအို၊ မနာ၊ မသေခြင်းတို့ရဲ့အကြောင်းကို ရှာဖွေတော်မူရာ၌လည်း ထိုစဉ်အခါက လူအပေါင်းတို့ မှီခိုအားထားရာ ဖြစ်နေခဲ့သည့် (၁) သရဘင်္ဂရသေ့၊ (၂) သုနေတ္တရသေ့၊ (၃) အာဠာရကာလာမရသေ့၊ (၄) ဒေဝလရသေ့၊ (၅) အဋ္ဌရရသေ့၊ (၆) ဥဒကရသေ့ စသည့် ရသေ့ကြီး ခြောက်ပါးနှင့်လည်း တွေ့ဆုံခဲ့ကာ ထိုရသေ့ဆရာကြီးများ ထံတွင် သမထနှင့် ပတ်သက်သော လုပ်ငန်းကျင့်စဉ်များကို ကျင့်ကြံအားထုတ်ကာ သမထစခန်း၏ အောင်မြင်မှု အထွတ်အထိပ်ဖြစ်သော သိဒ္ဓိ ၁၀ ပါးနှင့် အဘိဉာဉ်များကို ရရှိခဲ့သော်လည်း ဤလမ်းစဉ်များမှာ မအို၊ မနာ၊ မသေခြင်း တို့၏ လမ်းဆုံးကျင့်စဉ်မဟုတ်။ မည်သို့ပင် သိဒ္ဓိ ၁၀ ပါး ပြည့်စုံစွာရနေသော်လည်း အို၊ နာ၊ သေခြင်းတို့မှ မလွတ်မြောက်နိုင်သေးဟု သိမြင်ကာ ထိုဆရာကြီးများထံမှ ဖယ်ခွာကာ တစ်ပါးတည်း ကျင့်ကြံအားထုတ်၍ အို၊ နာ၊ သေခြင်းတို့ မှကင်းသော နိဗ္ဗာန်ငြိမ်းပြည်မြတ်သို့ ရောက်ရှိနိုင်သည့် ကျင့်စဉ်လမ်းကို ရှာဖွေခဲ့ရာ နောက်ဆုံးတွင် ဝိပဿနာတည်းဟူသော ဉာဏ်ပညာစခန်းကျင့်စဉ်ကို ရှာဖွေတွေ့ရှိကာ သံသရာဝဋ်ဒုက္ခဆင်းရဲခြင်းတို့မှ ကင်းလွတ်သည့် နိဗ္ဗိန္ဒာတ်ကို ရရှိကာ ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်ရှိခဲ့ပြီး ဂေါတမဗုဒ္ဓဟု အမည်တွင်ခဲ့ရခြင်းဖြစ်ပါသည်။

ဤဖြစ်စဉ်များကိုသုံးသပ်ဆင်ခြင်ကြည့်ပါက ဘုရားအလောင်းတော် သိဒ္ဓတ္ထ ဖြတ်သန်းခဲ့ရသော ခြောက်နှစ်တာကာလတွင် -

(၁) သမထကျင့်စဉ်စခန်းဖြင့် အဘိဉာဉ် ခြောက်ပါး၊ သို့မဟုတ် သိဒ္ဓိ ၁၀ ပါးဟု ခေါ်ဆိုနိုင်သည့် လောကီရေးရာတွင် အမြင့်ဆုံးရရှိနိုင်သော ကျင့်စဉ်ဖြင့် ဗြဟ္မာဘုံ ၂၀ အထိ ရောက်နိုင်သော သမထကျင့်စဉ်လမ်း

(၂) ထိုသမထကျင့်စဉ်လမ်းကို အခြေခံ၍ ဝိပဿနာဟု ခေါ်ဆိုသည့် ဉာဏ်လမ်းကြောင်းကို ပြောင်း၍ ပညာဖြင့် ရှုမှတ်ကာ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂတည်းဟူသော သစ္စာ လေးပါးကို ထိုးထွင်း၍သိမြင်ကာ အို၊ နာ၊ သေခြင်း တို့ ကင်းလွတ်နိုင်သည့် နိဗ္ဗာန်ငြိမ်းပြည်မြတ်သို့ ကြွလှမ်းနိုင်သော နိဗ္ဗိန္ဒ စခန်းကျင့်စဉ်လမ်း

တို့ကို အလောင်းတော် သိဒ္ဓတ္ထမှ ရှာဖွေတွေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com

ကျင့် ကြံအားထုတ်ကာ 'ဂေါတမဗုဒ္ဓ'တည်းဟူသော သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ခြင်းဖြစ်သည်ကို ကျွန်ုပ်တို့ သိရှိရပေသည်။

သို့ဖြစ်၍လည်း၊ ကျွန်ုပ်တို့၏ ဂန္ထိရပညာကျင့်စဉ်လမ်းခေါ် လောကီရ ဝိဇ္ဇာတို့၏ ကျင့်စဉ်လမ်းတွင် ရှင်တော်ဘုရား ဂေါတမဗုဒ္ဓသည် ကျွန်ုပ်တို့၏ ယုံကြည်ရာ အားထားရာ အလေးအမြတ်ပြုရာ ပူဇော်ရာဖြစ်သည့် လောကီ၊ လောကုတ္တရာ နှစ်ဒါနတို့၏ အဓိပတိ၊ ဝိဇ္ဇာခေါင်ချုပ်အဖြစ် ကျွန်ုပ်တို့၏ ရင်ထဲ နှလုံးသားထဲတွင် သိမှတ်ခံယူထားပြီးဖြစ်ကြပါသည်။

ဤတွင် ကျွန်ုပ်တို့အဖို့ စဉ်းစားစရာ၊ အလေးအနက်ပြုစရာ၊ ဆုံးဖြတ်စရာ ကဏ္ဍများရှိလာရပါသည်။ ဗုဒ္ဓ၏လမ်းစဉ်ဖြစ်သော အို၊ နာ၊ သေခြင်းမှ ကင်းလွတ်ရာ နိဗ္ဗာန်သို့ လှမ်းဝင်နိုင်သော ဝိပဿနာကျင့်စဉ်ကို ကျင့်ကြံအားထုတ်မှု ပြုကြသော်လည်း မိမိတို့၏ ကံ၊ ဉာဏ်၊ ဝီရိယ နည်းနေသေး၍ နိဗ္ဗာန်သောင်ကမ်းသို့ လှမ်းရောက်နိုင်ခြင်း မရှိသေးပါက အပါယ်လေးဘုံသို့ လောလောဆယ် မရောက်နိုင်အောင် မည်သို့ ကြားခံမှုပြုနိုင်ကြပါမည်နည်း။ အနည်းဆုံး တစ်ဘဝစာ အပါယ်လေးဘုံသို့ မရောက်နိုင်သော စူဠသောတာပန် အဖြစ်ကိုတော့ ရရှိအောင် ဆောင်ရွက်ထားနိုင်ရပါမည်။

လူ့အခြေခံကျင့်ဝတ်ဖြစ်သော ငါးပါးသီလကို အခြေခံပြု၍ ကံနှစ်ပါးကို တစ်ဘဝလုံး လုံခြုံအောင် ထိန်းသိမ်း၍ဖြစ်စေ၊ ကံသုံးပါးကို ထိန်းသိမ်း၍ဖြစ်စေ၊ ကံငါးပါးစလုံးကို ထိန်းသိမ်း၍ဖြစ်စေ ဘုရားရှင်အား တိုင်တည်၍ သစ္စာဆိုကာ ဤကံများကို မဖောက်မဖျက် ထိန်းသိမ်းခြင်းပြု၍ လောကီရေးရာသမထကျင့်စဉ်ကို အခြေပြုကြပါသည်။ ထပ်မံ၍ နေ့စဉ် အာဇီဝဋ္ဌမကသီလကို ဆောက်တည်နိုင်အောင် ကြိုးစားကာ ဗုဒ္ဓရှင်၏ ဩဝါဒပါတိမောက် ဆုံးမစကားအတိုင်း မကောင်းမှုဟူသမျှကို မပြုလုပ်ခြင်း၊ ကောင်းမှုဟူသမျှကို ပြုလုပ်ခြင်း၊ စိတ်ကို ဖြူစင်အောင် ထားခြင်း စသည်တို့ကို ပြုလုပ်ကာ လောကီသမထ အကျင့်မြတ်ဖြင့် သိဒ္ဓိ ၁၀ ပါးထဲမှ ရနိုင်သမျှ ရရှိအောင် ကြိုးစားအားထုတ်ကြရပါသည်။

ထိုသမယာနိက အကျင့်မြတ်ဘွင် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ စက္ကကဂ္ဂတာ၊ ဥပေက္ခာ အစရှိသော ဈာန်အင်္ဂါအဆင့်ဆင့်ကို ရရှိနိုင်အောင် ကြိုးစားရင်း ရင့်ကျက်လာသော သမထစွမ်းအားဖြင့် မိမိတို့ ထိန်းသိမ်းခဲ့သောကံများ၊ စောင့်ထိန်းခဲ့သော သီလများ၊ ကျင့်ကြံပွားများခဲ့သော ဘာဝနာများကို အားကိုးအားထားပြုကာ သေခါနီး စောမဝင်ခင်ကာလတွင် သမထအကျင့်စခန်းမှ ရရှိထားသော သမာဓိကို အာရုံပြု၍ အခြေခံကာ ပွားများထိန်းသိမ်းထားနိုင်ပါက မကောင်းသော အကုသိုလ်ဇောများ၊ လားရာမကောင်းသည့် အာရုံများ မဝင်ရောက်နိုင်တော့ဘဲ ကောင်းသော သုဂတိဘုံများသို့သာ ရောက်ရှိနိုင်၍ အပါယ်လေးဘုံမှ ကင်းလွတ်နိုင်ပါလိမ့်မည်။ တစ်နည်းအားဖြင့် တစ်ဘဝစာ အပါယ်လွတ်သည့် စူဠသောတာပန် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိနိုင်ပါလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဤကဲ့သို့ ကျွန်ုပ်တို့သည် မိမိကိုယ်တိုင်အတွက် မိမိ ဆောင်ရွက်ရင်း လောကီသိဒ္ဓိ ၁၀ ပါးထဲမှ မြင်မှု၊ ကြားမှု မနောအာရုံကို အခြေခံ၍ သိမှုစသော အလွယ်ကူဆုံးနှင့် ရလွယ်နိုင်ဆုံးသော သိဒ္ဓိများကို ရရှိလာနိုင်ပါသည်။ ထိုအခါ ကျွန်ုပ်တို့အနေဖြင့် မိမိတို့၏ အိမ်ထောင်စုအတွင်း၊ မိမိ၏ ဆွေမျိုးသားချင်းတို့၏ မိသားစုများအတွင်း၊ ထပ်မံ၍ မိမိတို့၏ ခင်မင်ရာ ခင်မင်ကြောင်း၊ မိတ်သင်္ဂဟများ၏ လူမှုရေးကိစ္စများအတွင်း ဖြစ်ပေါ်နေသည့် လောကီဒုက္ခ၊ အပရိကများမှ တဖြည်းဖြည်း ခက်ခဲနက်နဲသော ကိစ္စရပ်များအထိ မိမိတို့ရရှိထားသော စရဏများ၏ သိဒ္ဓိများဖြင့် အသုံးပြုကာ ကူညီပံ့ပိုးပေးမှုများ ပြုလုပ်နိုင်ခဲ့ကြပါသည်။ ထိုမှတစ်ဆင့် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် လောကီကိစ္စများတွင် အခက်အခဲတွေ့နေကြသူများ ရောက်ရှိလာပါကလည်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ ရှေ့ထား၍ မေတ္တာဖြင့် ကူညီပံ့ပိုးပေးမှုများ ပြုလုပ်နိုင်လာကြပါသည်။

ထိုမှတစ်ဆင့် မိမိတို့ စရဏအပေါ်မူတည်၍ အကူအညီကောင်းသူများမှ ၎င်းတို့ကိစ္စများ အောင်မြင်မှု၊ ကျော်လွှားနိုင်မှုများ ရရှိလာပါက တဖြည်းဖြည်း မိမိတို့အပေါ်၌ လောကီကိစ္စများအတွက် အားကိုးသမှုဖြင့် လာကြသော ပရိသတ်များ ရှိလာကာ မိမိတို့၏ အမည်ဂုဏ်သတင်းသည်လည်း ထိုသူများအတွင်း ပြန့်နှံ့ကျော်ကြားလာရပြန်ပါသည်။ ကျွန်ုပ်တို့အနေနှင့်မူ အခက်အခဲ အကူအညီလို၍ လာကြ



www.burmeseclassic.com

www.burmeseclassic.com

သော သူများအပေါ်တွင် မေတ္တာရှေ့ထား၍ ကူညီမှုများ ပေးကြရကာ မလာကြပါနှင့်ဟု ပြောဆိုခြင်းငှာ ဝန်လေးရပါသည်။

ဤတွင် ကျွန်ုပ်တို့သည် တစ်ဖက်တစ်လမ်းမှနေ၍ ထိုသို့ အားကိုးသမှုဖြင့် လာရောက်ကြသော ပုဂ္ဂိုလ်များကို မိမိတို့လုပ်ဆောင်နိုင်းထားသော ကောင်းမှုများ၊ အစီအရင်များ၊ ယတြာများ လုပ်ဆောင်နေစဉ်အတွင်းတွင်လည်း ကောင်း၊ ရှေ့ဆက်၍ ကောင်းကျိုးချမ်းသာများ ရရှိခံစားနိုင်ကြရန်လည်းကောင်း

(၁) ဘုရား၊ တရား၊ သံဃာတည်းဟူသော အမြတ်ဆုံး ရတနာသုံးပါးကို ဦးထိပ်ထား၍ ကိုးကွယ်ဆည်းကပ် အားထားကြရန်လည်းကောင်း

(၂) အနန္တော အနန္တငါးပါး၊ ခင်ပွန်းကြီး ၁၀ ပါး တို့အား အစဉ်ရှိသေလေးစား မမေ့ကြရန်လည်းကောင်း

(၃) အခြေခံ လူ့ကျင့်ဝတ်ဖြစ်သော ငါးပါးသီလကို မြဲမြံစွာ စောင့်ထိန်းကြရန်လည်းကောင်း

(၄) သရဏဂုံ သုံးပါးကို အမြဲမပြတ် ရှိသေစွာ ဆည်းကပ်ကြရန်လည်းကောင်း

(၅) ဘုရားဂုဏ်တော် ကိုးပါး၊ တရားဂုဏ်တော် ခြောက်ပါး၊ သံဃာ့ဂုဏ်တော် ကိုးပါးတို့အား ပူဇော်အားထားကြရန်လည်းကောင်း

(၆) မေတ္တာထားဖို့၊ မေတ္တာပွားဖို့ စသည့် ဗုဒ္ဓအလိုတော်ကျ ဆုံးမစကားများကိုသာပြော၍ မိမိတို့မှလည်း မေတ္တာ၊ စေတနာ၊ မုဒိတာပွား၍ မိမိတို့ သိရှိတတ်ကျွမ်းသော ပညာများဖြင့် ကူညီပံ့ပိုးမှုများကို ပြုလုပ်ပေးကြရပါသည်။ မည်သည့်ဂမ္ဘီရလမ်း၊ ဝိဇ္ဇာလမ်း လိုက်ကြသူများကမှ မကောင်းတာလုပ်ဖို့ မပြောပါ။ မညွှန်ကြားပါ။ အားမပေးကြပါ။

ဤသို့ဖြင့် ကျွန်ုပ်တို့အား ထိုပုဂ္ဂိုလ်များ ဝေနေယျများကပင် တဖြည်းဖြည်း ဘိုးတော်မည်သူမည်ဝါ၊ ဖေါ်တော် မည်သူမည်ဝါဟူ၍ အမည်ကင်ပွန်းတပ်၍ ခေါ်ဆိုလာကြပြီး ဆွမ်းဆန်စိမ်းတွင် ရောနှောနေသော ကြွက်ချေး အယောင်ဆောင်များလည်း ပေါ်ပေါက်လာကာ ဘိုးတော်များ၊ မယ်တော်များ နာမည်ပျက်ကြရပါသည်။

တကယ်တော့ ကျွန်ုပ်တို့သည် ဘိုးတော်များလည်း မဟုတ်ကြပါ။ မယ်တော်များလည်း မဟုတ်ကြသလို တန်ခိုးရှင်များလည်း မဟုတ်ကြပါ။ ထို့ထက် ရှင်းလင်းတိကျစွာ ပြောရပါမူ "နိဗ္ဗာန်ဆော်"များသာ ဖြစ်ပါသည်။ အမျိုးမျိုးသော သောကာ၊ ဒုက္ခတို့ဖြင့် မိမိတို့ထံ ရောက်လာသူများကို မိမိတို့ ကျင့်ကြံအားထုတ် တတ်သိထားသော အသိပညာများဖြင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာထားကာ ကူညီဖြေရှင်းပေးရင်း အထက်ဖော်ပြပါ အချက် ခြောက်ချက်ကို ပင်တိုင်ထား၍ ဗုဒ္ဓသာသနာတော်ကို တစ်ဖက်တစ်လမ်းမှ အရှည်တည်တန့်အောင် နှိုးဆော်စောင့်ရှောက်နေကြသော နိဗ္ဗာန်ဆော်များသာ ဖြစ်ပါသည်။

ပို၍ရှင်းရန် ဆိုရပါမူ 'သာသနာပြုနေသူများ'လည်း မဟုတ်ကြပါ။ သာသနာတော်ကို ရှိသေကိုင်းရှိုင်း အားကိုးအားထားပြုရန် မိမိတို့နှင့် ဆက်နွယ်လာသော ဝေနေယျများကို တိုက်တွန်းနှိုးဆော်မှုပြုရင်း စောင့်ရှောက်နေကြသူများသာ ဖြစ်ပါသည်။

ရှင်တော်ဗုဒ္ဓသည် ၎င်း၏သာသနာကို 'အနတ္တသာသနာတော်'အဖြစ် ထားရှိခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဗုဒ္ဓဘုရားရှင်၏ 'အနတ္တသာသနာတော်'ကို ကျော်လွန်၍ မည်သည့်သာသနာကိုမှ ထပ်မံပြုရန် မစွမ်းဆောင်နိုင်ပါ။

ဤဗုဒ္ဓဘုရားရှင်၏ 'အနတ္တသာသနာတော်'ကို အစွန့်ရှည်စွာ စောင့်ရှောက်သော သတိမမူမိသူများကို သတိပေးသော၊ ဗုဒ္ဓ၏လမ်းစဉ်ကို ၎င်းဗုဒ္ဓ၏ အဆုံးအမများကိုလည်းကောင်း အစဉ်တစိုက် မမေ့မလျော့ရှိအောင် လိုက်နာကြဖို့ ဝေနေယျပုဂ္ဂိုလ်များအား တိုက်တွန်းနှိုးဆော်သတိပေးနေကြသော 'နိဗ္ဗာန်ဆော်'များသာ ဖြစ်ကြပါကြောင်း ကြေညာမောင်းခတ်လိုက်ရပါတော့သည်။

*သာမြေနှစ်ရွက်ဝါ ဓေယျတုသဉ္စမာ်လာ ...*

ဦးအောင်(မဟာပဋ္ဌမံ)




www.burmeseclassic.com

www.burmeseclassic.com

# စေတီတည်ခြင်းမင်္ဂလာ

ကိုမောင်သန့်ဝင်း



၁။ စိန်ဖူး
၂။ ငှက်မြတ်နားနား
၃။ ထီး
၄။ ငှက်ပျောဖူး
၅။ ကြာရင်
၆။ ကြာလန်
၇။ ကြာနု
၈။ ရွှဲ
၉။ ကြာမှောက်
၁၀။ ဖောင်းရစ်
၁၁။ ပန်းဆွဲ
၁၂။ သပိတ်မှောက်
၁၃။ ရင်ဖွဲ့
၁၄။ ခေါင်းလောင်းပုံ
၁၅။ ခေါင်းလောင်းနား
၁၆။ ကျည်းဝန်း
၁၇။ ပစ္စယာ
၁၈။ ဓိနပ်
၁၉။ စေတီရံ

ရွှေတိဂုံဆံတော်ရှင်စေတီတော်မြတ်ကြီးကို သိကြားမင်းနှင့် ဝိသုကြံနတ်သားတို့ စီရင်ပေးသောအတိုင်း မြတ်စွာဘုရားသာသနာတော်မြတ်၏စေတီတော်၊ မုဏ္ဍိုးတော်၊ ဂူကျောင်း၊ လိုဏ်ခေါင်း၊ ဥမင် အစရှိသော ရုပ်တု၊ ဆင်းတု၊ ဓာတ်တော်၊ မွေတော်တို့ ကိန်းဝပ်ရာဖြစ်သောကြောင့် ရုပ်တုတော်၊ စေတီတော် အစရှိသည်တို့ကို တည်ထားပြုစုကိုးကွယ်စီရင်ကုန်သော သူတော်ကောင်းတို့သည် "ဆရာအဆက်ဆက်၊ တပည့်အဆက်ဆက် သာသနာတော်တည်သ၍" အစဉ်မပြတ်မှတ်သားစီမံသောငှာ၊ ဝိသုကြံနတ်သား၏ အစီအရင်ဖြစ်သော နည်းနာနိဿယတို့ကို တပည့်ဖြစ်သော ကပိလမိုင်းဆရာကြီးနှစ်ပါးတို့ အားထားခဲ့သော ဗိသုကာကျမ်းရိုးကား ဤသို့လာရှိပေ၏။

## စေတီတည်ခြင်း

ဘုရာစေတီ တည်မည်ဟူ၍ အရပ်ကိုမှန်းပြီးသော် ထိုအရပ်ဝန်းကျင်၌ စောင့်ကုန်သော ရက္ခစိုး၊ ဘုမ္မစိုး၊ သာသနာစောင့်သော သမ္မာဒေဝနတ်တို့ကို ကာသိုလ်အဖို့အမျှဝေပြီးမှ ပန်းမန်၊ ပေါက်ပေါက်တို့ဖြင့် ပူဇော်၍ စေတီရာကိုအခါနေ့ကောင်းသည်နှင့် အညီအညွတ်ပြုပြီးလျှင် ပန္နက်မချခင် ပန်းပေါက်ပေါက်တို့ဖြင့် ဘုမ္မစိုးနတ်တို့ကို တိုင်ကြားရာ



www.burmeseclassic.com

www.burmeseclassic.com

"ဥုံ နမော ပထဝီဗလသုန္ဒရီ၊
သဗ္ဗညု ဗောဓိမဏ္ဍာလံ။
အသင်္ချေယံ မာရကမ္ပံ၊
ဇေယော ဇေယျတု ဘဝိဿာမိ။
ဘုမ္မိဒေဝီ သွာဟာ"

ဤဂါထာဖြင့် သုံးကြိမ်ရွတ်ရမည်။

ဣမံဒိသံ - ဤအရပ်၌၊ ဒေဝါ - ဘုမ္မစိုးနတ်တို့၏၊ ဝိမာသံ - ဗိမ္မာန်တို့သည်၊ စေဂစ္ဆတိ - အကယ်၍ရှိပါငြားအံ့။ ပရံပရေ - တစ်ပါးပါးသော၊ ဒိသေ - အရပ်သို့၊ တိဋ္ဌတု - ပြောင်း၍တည်ကုန်သတည်း။ ဣတိ- ဤသို့၊ ယာစာမိ - တောင်းပန်ပါ၏။

ဤသို့ဆို၍ တောင်းပန်ပြီးသော် ကြိုးတန်းချ၍ ပန္နက်သံကို (သန္နက်သား) တည့်တည့်၊ တိုရှည်မပြုရာ။ အရင်း အဖျားမမှားရာ၊ အရင်းကမှန်ကန်စွာ စိုက်လေ။

မှတ်ချက် - ဤသည်ကား ဗိသုကာကျမ်းအလို တည်း။ ယခုအခါတွင် ပန္နက်တင်မင်္ဂလာပွဲဟု ခေါ်ဝေါ်ကျင်းမ ကြပြီး ထောင့်လေးထောင့်၌ ဗလိနတ်စာတင်ခြင်း၊ ဘုရားပွဲ၊ တရားပွဲ၊ သံဃာပွဲ၊ သာသနာစောင့်နတ်မင်းများပွဲ စသည်ဖြင့် ဗိမ်တို့တတ်နိုင်သမျှ ငှက်ပျောပွဲ၊ အုန်းပွဲပြင်၍ သံဃာတော်များ ပင့်ဖိတ်ပြီး၊ မြေနတ်ကမ္မဝါပရိတ်တော်များ ရွတ်ဖတ်ကြ၏။

ပန္နက်ရိုက်မည့်နေရာကို ရာဇမတ်ကာ၊ သဲဖြူခင်း၊ ငှက်ပျော၊ ကြံ၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေး၊ ပွားသာသနာ့ အလံစသည်တို့ဖြင့် တန်ဆာဆင်ကုန်၏။ ပန္နက်ရိုက်သောအခါ နေ့နံအလိုက် သူထောင့်နှင့်သူ ရိုက်ကုန်၏။

## စေတီတည်ရာတွင် ဗိနပ်ဇတာ်ထားရှိရမည့် အတိုင်းအတာ

စေတီဗိနပ်တော် နှစ်ဖက်ကိုပေါင်း၍ တောင်ကိုဖွဲ့ ပြီးမှ ၃ မိုက်နှင့် မြှောက်။ ၈ လက်သစ်နှင့် စား။ ရဟန်း ပုဏ္ဏားတို့မှာ ၂ ခု၊ ၄ ခု အကြွင်းထား၊ ဆင်းရဲသားတို့မှာ ၅ ခု အကြွင်းထား။ အသုံး သုံးပါးကိုရှောင်။

အသုံး သုံးပါးဟူသည်ကား အသုံးကိုလည်းမထား ရာ၊ ၃ ခုကြွင်းကိုလည်း မထားရာ။ ပန်းလည်တိုင်ကိုလည်း မထားရာ။ (ဗိနပ်တော်မှာ ၈ ခုစား၊ ပန်းလည်တိုင်ကကို ၇ နှင့် စားသောကြောင့် ခုနစ်မိုက်မထားရာဟူသတည်း။)

## ရွှေအုတ်မြစ်ချခန်း

အထက်ပါအတိုင်း ပန္နက်တင်မင်္ဂလာကျင်းပပြီးလျှင် (သို့) ပန္နက်ရိုက်ပြီးလျှင် သင့်တော်မည့်နေရာ၌ ဌာပနာတိုက် တည်ဆောက်ရမည်။ ဌာပနာတိုက်တည်ဆောက်ရာတွင် ရွှေအုတ်၊ ငွေအုတ်များ ချရသောကြောင့် ယခုခေတ်တွင် ရွှေအုတ်ချမင်္ဂလာဟု ခေါ်ကြသည်။ ဗိသုကာကျမ်းနှင့် သဒ္ဓါရုပကာဝိလာသနီကျမ်းတွင် ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ် ဟူ၍ သုံးမျိုးပြုလုပ်ကြ၏။ ရှေးအခါက ဌာပနာတိုက်ကို သတ္တဂ္ဂဗ္ဘာနတိုက်ဟုလည်း ခေါ်ဝေါ်ကြ၏။

သတ္တဂ္ဂဗ္ဘာနတိုက်။ ။ အလယ်ဌာပနာတိုက်ကို လည်း ဗိနပ်တော်ကဲ့သို့ နှစ်ဖက်ကို ၈ ခုနှင့်စား၍ ၅ ခု အကြွင်းထားရာ၏။ ရဟန်း၊ ပုဏ္ဏား၊ မင်း၊ ကောင်းမှုတို့မှာ ခုနစ်မိုက်တူးရာ၏။ ဆင်းရဲသားတို့မှာ ငါးမိုက်တူးရာ၏။ ခုနစ်မိုက်ဖွဲ့လျှင် အမြင့် ခုနစ်မိုက်ထား။ ငါးမိုက်ဖွဲ့လျှင် အမြင့် ငါးမိုက်ထားရာ၏။ အနားတွင်းတို့မှာ သုံးမိုက်ဖွဲ့ရာ၊ လေးမိုက် သော်လည်းကောင်း၏။ အလယ်တွင်း၌ အမျှသော်လည်း ကောင်း၏။ ဌာပနာတိုက်တူးပြီးသော် ရာဇမတ်ဝန်းကျင်ကာ လေ။ တိရစ္ဆာန်၊ ခွေး၊ ဝက်၊ မိန်းမ၊ ကျိုးကန်းတို့မဝင်စေရာ။ လူတွင် မိန်းမယုတ်၏။ ငှက်တွင် ကျီးကန်းယုတ်၏။ ၎င်းတို့ ဝင်နှံသော် အပါယ်လေးပါးသို့ ကျရာ၏။ အထူးသတိပြုလေ။

ရာဇမတ်ကာပြီးသော် ငှက်ပျောပင်၊ ကြံပင်၊ ထီးတံခွန်၊ ကုက္ကား၊ မုလေးပွားတို့ တန်ဆာဆင်ရာ၏။ အရပ်လေး မျက်နှာတို့၌ ဗလိနတ်စာ၊ ငြိမ်းစာပေးရာ၏။ ရဟန်းသံဃာတို့ ကို ပရိတ်မေတ္တာ၊ ကမ္မဝါစာရွတ်စေရာ၏။ ရွတ်ပြီးသော် ရွှေအုတ်၊ ငွေအုတ်တို့ကို ဌာပနာတိုက်အတွင်းသွင်းရာ၏။ ဗိသုကာကျမ်းတွင် ရွှေအုတ်ကား ဒသဗလအလိုအားဖြင့် ၁၀ ချပ်၊ နဝလောကုတ္တရာ အလိုအားဖြင့် ကိုးချပ်၊ အဋ္ဌင်္ဂမဂ္ဂ အလိုအားဖြင့် ရှစ်ချပ်၊ သတ္တသမ္ဗောဇ္ဈင်္ဂအလိုအားဖြင့် ခုနစ်ချပ်၊ ဉေယျဓမ္မတရားအလိုအားဖြင့် ငါးချပ် ပြထားရာ၏။ သဒ္ဓါရုပ ကာဝိလာသနီကျမ်းတွင် ဗိနပ်တော်လေးထောင့်ကို ရွှေအုတ် လေးချပ်၊ ငွေအုတ် လေးချပ် ချရမည်ဟု ဖော်ပြထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုခေတ်တွင် ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ် သုံးချပ်အစုကို တနင်္ဂနွေထောင့်မှ အစပြု၍လည်းကောင်း။ အလယ်ချက်ပန္နက်မှအစပြု၍လည်းကောင်း၊ လက်ယာရစ် နေ့နံအလိုက် ချကုန်၏။

အလယ်ရွှေအုတ် နှစ်ချပ်ကို သတ္တတွာ သုံးပုဒ်နှင့် ရွတ်ပြီး၊ ရွှေအုတ်ဂါထာနှင့် ပိတ်၍ချလေ။ ကြွင်းသော ရှစ်ချပ်မှာ ဖေအာင်ခြင်းရှစ်ပါးဂါထာနှင့် တစ်ဂါထာ တစ်ချပ်စီ အရှေ့မျက်နှာကစ၍ လက်ယာရစ်လှည့်ကာ အရှေ့မြောက်တွင် အဆုံးသတ်၍ ရွှေအုတ်ချဂါထာနှင့်ပိတ်၍ချလေ။

ပန်းရန်သမားတို့က သတ္တိဇျတ္တိနှင့်ပြည့်စုံပါလျှင် ရတနာရွှေချိုင့်၊ ရတနပရိတ်၊ ဆဒ်သပါလသုတ်၊ စက္ကပရိတ်မွန်း၊ ဗိန္တာမဏိဂါထာ၊ ဧဝံအစိန္တေယျာတို့ကို မာတ်စွမ်းသမျှ ရွတ်ရမည်။ မတတ်နိုင်သော်ကား သဂ္ဂထွာအောင်ခြင်းရှစ်ပါး ဂါထာများ မလွဲသာချေ။

ရွှေအုတ်ချအပိတ်ဂါထာ

သုဝဏ္ဏဘူမိမင်္ဂလ သံတုတော၊
ဝိတရောဂေါ ပဌမော သုကေ္ခာ။
သုဝဏ္ဏမင်္ဂလံ မာဂဓိလဘန္တိ၊
သုဝဏ္ဏဘုမ္မိ မင်္ဂလံ။
နတ္တိမေ သရဏံအညံ၊
ဗုဒ္ဓေါမေသရဏံ ဝရံ။
ဧတေနသစ္စဝဇ္ဇေန၊
သောတ္ထိတေဟောတိ ဇေယျမင်္ဂလံ။

မှတ်ချက် ။ ။ ယခုခေတ်အခါတွင် အုတ်မြစ်ချသောအခါ ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ် သုံးချပ်အစုကို အလယ်ချပ်ပန္နက်နှင့် အရပ်ရှစ်မျက်နှာတို့၌ချကြ၏။ (ဗုဒ္ဓသာသနံစိရံတိဋ္ဌတုဟု ရွတ်ဆို၍ချကြကုန်၏။)

ချပြီးသောရွှေအုတ်တို့ကို မရွှေ့မပြောင်းစေရ။ ငြိမ်သက်စွာ ထားရမည်။ ဆံခြည်တစ်တံ၊ နှမ်းတစ်လုံးမရွှေ့ကောင်း။ ဓာတ်တော်တို့ကိုလည်း ဤသို့ဂါထာများနှင့် ရွတ်၍ချရာ၏။ ချပြီးလျှင် တတ်အားသမျှမင်္ဂလိနိဗ္ဗာန်ချမ်းသာ သုံးပါးကို ဆုတောင်း၍ ဆရာသမား၊ မိဘညာတကာ၊ သိကြားစသော သမ္မာဒေဝနတ်တို့ကိုလည်းကောင်း။ သုံးဆယ့်တစ်ဘုံ၌နေကုန်သော သဗ္ဗေသတ္တာသတ္တဝါအပေါင်းတို့ကိုလည်းကောင်း။ ကုသိုလ်ဝေ၍ နေ့ချင်းဌာပနာတိုက်အတွင်း ပိတ်အောင်တည်ရာ၏။

ရွှေအုတ်မချမီ ဗိသုကာနတ်တကာကို ရည်မှတ်၍လည်းကောင်း။ ပန်းရန်ပွဲ နှစ်ပွဲတင်၍ စီရင်ပြီးမှ ပန်းရန်သမားတို့သည် ရတနာသုံးပါးကို ရှိခိုးပူဇော်၍ ဆရာနတ်တကာနှစ်ပါးတို့မှစ၍ မိခင်၊ ဖခင်၊ လောကဥ္စသွန်သင်ပေးသော ဆရာအပေါင်းကို ရှိခိုး၍တောင်းသောဆုကိုတောင်းပြီး ရွှေအုတ်မြစ်ကို ချရာသည်။

ဌာပနာအခန်း ။ ။ သမ္ဗုတိမြေနှင့်အမျှတည်လုပ်ရာ၏။ လိုက်ခေါင်းကြီးကျယ်မြင့်ချင်လျှင် အစောက်လျှင် ပစ္စယာသုံးဆင့်တွင် လုပ်လေ။ ဌာပနာတိုက်ကို အင်္ဂတေကိုင်ပြီးလျှင် သစ်ဆေးမြေနီလိမ်းပြီးလျှင် ရွှေပန်းတန်ဆာဆင်ရာ၏။ ဆေးစွမ်းတို့ဖြင့် ရေးရာ၏။ မတတ်နိုင်သော် စက္ကူတို့ဖြင့် မွမ်းမံရာ၏။ ဤသို့ဌာပနာတိုက်ပြုလုပ်ပြီးလျှင် နေကောင်းရက်သာရွေး၍ ဌာပနာသွင်းပွဲ (သို့) ဌာပနာပိတ်ပွဲကျင်းပရမည်။

ဌာပနာသည်ကား

၁။ ဘုရားလောင်း ဖွားမြင်တော်မူဟန်။
၂။ မြောက်သို့ ခုနစ်ဖဝါးကြွတော်မူဟန်။
၃။ သိကြားမင်းရေစင်သွန်းဟန်။
၄။ ဗြဟ္မမင်း ထီးဖြူကာတော်မူဟန်။
၅။ ခမည်းတော်သုဒ္ဓေါဒနမင်းပြီး သားတော်ကို ချီ၍ ဒေဝီလရသေ့ကိုမြှဟန်။
၆။ ပုဏ္ဏားရှစ်ယောက်တို့ လက္ခဏာဖတ်စေဟန်။
၇။ လယ်ထွန်မင်္ဂလာပြုသောအခါ သပြေပင်ရင်းတွင် ရွှေပုခက်နှင့်ထား၍ နေလွဲသော်လည်း သပြေပင်မလွဲသည်ဖြစ်၍ မယ်တော်၊ ခမည်းတော်ရှိခိုးဟန်။
၈။ လေးအတတ်ကိုပြ၍ ယသော်ဓရာကို မိဖုရားနှင့် ရမ္မ၊ သုဘ၊ သုရမ္မ နန်းသုံးဆောင်ကို စံစားဟန်။
၉။ နတ်တို့ နိမိတ်လေးပါးပြဟန်။
၁၀။ သားတော်ရာဟုလာ ဖွား၍ရွှေလျှောက်ဟန်။



www.burmeseclassic.com

www.burmeseclassic.com

၁၁။ သားတော်ရာဟုလာ မျက်နှာမြင်သည့်နေ့၌ သံဝေဂတရားရသဖြင့် ခဏ္ဍကမြင်းကိုစီး၍ ကျွန်ဆန်နှင့် သန်းခေါင်ယံကောထွက်ဟန်။
၁၂။ မာန်နတ်တားဟန်။
၁၃။ ဆံတော်ဖြတ်ဟန်။
၁၄။ ယဋိကာရဗြဟ္မာမင်း ကြာသကန်းနှင့်တကွ ပရိက္ခရာကိုကပ်လှူဟန်။
၁၅။ သိကြားမင်းဆံတော်ကို လာ၍ခံဟန်။
၁၆။ ရာဇဂြိုဟ်ပြည်ကို ဆွမ်းခံကြွဟန်။
၁၇။ ဗိမ္ဗိသာရမင်းတောင်းပန်ဟန်။
၁၈။ သုဇာတာသူဌေးသမီး ယနာနို့ဆွမ်းလှူဟန်။
၁၉။ နေရဉ္ဇရာမြစ်နား၌ ဆွမ်းဘုဉ်းပေးဟန်။
၂၀။ ရွှေခွက်ကို အဓိဋ္ဌာန်ဖြင့်မြစ်လယ်၌မျှောဟန်။
၂၁။ ရွှေခွက်ထိကျ၍ ကာလနဂါးနိုးဟန်။
၂၂။ သုဒ္ဓိယဇစင်၏ မြက်ရှစ်ဆုပ်ကိုအလှူခံဟန်။
၂၃။ ထိုမှသည် ဗောဓိပင်သို့ကြွ၍ ရွှေပလ္လင်ထက်၌ နေတော်မူလျှင် မာန်နတ်သားစစ်သည်များကို အောင်တော်မူဟန်။

## သတ္တဋ္ဌာနဋ္ဌာပနာစန်း

၁။ ဗောဓိပင်သတ္တာဟ ။ ။ ဗုဒ္ဓပနာတိုက်အလယ်တွင် ဗောဓိပင်နှင့် ရွှေပလ္လင်ထက်၌ နိဗ္ဗာန်ချမ်းသာမြတ်ကို ခံစားဟန်ချလေ။

ရွတ်ဆိုရန်ဂါထာမှာ -

"ဖလံ နိဗ္ဗာနံစ ဒေသဒ္ဒါ၊
ဒေဝမာနော ရသုတ္တမံ။
ဗောဓိမူလေ ဝသီသတ္တ၊
ဒိဝသာနိ ဝိနာလကော။
တထာဂ တေန မဟာဒနုဘာဝေ။
တံကိဋ္ဌိသတ္တရတာနံ၊
တဏှာနံ ဇေယျာ ဇေယျတု ဇေယျမင်္ဂလံ။"

၂။ အနိမိသသတ္တာဟ ။ ။ (မမှိတ်သောမျက်စိဖြင့်ကြည့်ဟန်) ဗောဓိပင်အရှေ့မြောက်အရပ်၌ ဗောဓိပင်ကို ရှေ့ရှုလျက် အနောက်တောင်သို့ မျက်နှာပြု၍ချလေ။

ရွတ်ဆိုရမည့်ဂါထာမှာ -

"သတ္တာဟံ ဋ္ဌိတကော ဇုဒ္ဒေါ၊
ဉာပေတုံစ ကတညုတံ။
ဗောဓိအနိမိသာ စက္ခုဟိ၊
သမ္မပူဇေသိ ပူဇေယံ။
တထာဂတေန မဟာနုဘာဝေါ။
ယံကိဋ္ဌိ သတ္တ ရတာနံ၊
တဏှာနံ ဇေယျာ ဇေယျတု ဇေယျမင်္ဂလံ။"

၃။ စင်္ကမသတ္တာဟ ။ ။ (စင်္ကြံ) ဗောဓိပင်မြောက်အရပ်၌ အရှေ့ကိုမျက်နှာပြု၍ချလေ။

ရွတ်ဆိုရန်ဂါထာမှာ -

"ဝိမုတ္တိဇံ သုခံနိန္နံ၊ ပရိပုဏ္ဏမဓောရဓော။
စင်္ကမေ စင်္ကမိဇုဒ္ဒေါ၊ သတ္တာဟံ ရတနမယေ။
တထာဂတေန မဟာနုဘာဝေ၊
ယံကိဋ္ဌိ သတ္တ ရတာနံ။
တဏှာနံ ဇေယျာ ဇေယျတု ဇေယျမင်္ဂလံ။"

၄။ ရတနာဃရသတ္တာဟ ။ ။ (ရွှေအိမ်) ဗောဓိပင်အနောက်မြောက်ထောင့်၌ အရှေ့ကိုမျက်နှာပြု၍ချလေ။

ရွတ်ဆိုရန်ဂါထာမှာ -

"နိသိန္နောထဂဝါရမေ၊ မန္ဒိရေ ရတနင္ဂလေ။
သတ္တဟံ သမ္မဟိ သမ္မာ၊ ဓမ္မာ စာတုံ အနုတ္တရံ။
တထာဂတေန မဟာနုဘာဝေါ။
ယံကိဋ္ဌိ သတ္တ ရတာနံ။
တဏှာနံ ဇေယျာ ဇေယျတု ဇေယျမင်္ဂလံ။"

၅။ အဇပါလသတ္တာဟ ။ ။ (ညောင်ပင်) ဗောဓိပင်၏ အရှေ့ရှုးရှုး အရှေ့မျက်နှာပြု၍ချလေ။

ရွတ်ဆိုရန်ဂါထာမှာ -

"သံကောဟိဗိတာ မာရိန္ဒိ၊ မုခမ္ဗုဇဝန် ဘုသံ။
သတ္တာဟံ အဇပါလသာ၊ မူလေ ဇုဒ္ဒေါရဝိဝသိ။
တထာဂတေန မဟာနုဘာဝေါ။



www.burmeseclassic.com

www.burmeseclassic.com

ယံကိဉ္စိ သတ္တရတနံ။
တထာဂတံ ဒေဝယျာ ဒေဝယျတု ဒေဝယျမင်္ဂလံ။"

၆။ မုစလိန္ဒသတ္တဟ ။ ။ ဗောဓိပင်အရှေ့တောင်အရှေ့သို့ မျက်နှာမူ၍ချလေ။

ရွတ်ဆိုရန်ဂါထာမှာ -
"သတ္တာဟံ မုစလိန္ဒဿ၊ ဖဏိနောပဟာဂန္တိရေ။
ဝသိ သတ္တာ မဟာဝီပရာ၊ ဘဒန္တဝှဟ ဝုဒ္ဓိယာ။
တထာဂတေန မဟာနုဘာဝေါ။
ယံကိဉ္စိ သတ္တ ရတနံ။
တထာဂတံ ဒေဝယျာ ဒေဝယျတု ဒေဝယျမင်္ဂလံ။"

၇။ ရာဇာယတနသတ္တဟ ။ ။ (လင်းလွန်းပင်) ဗောဓိပင် တောင်အရပ်၌ အရှေ့သို့မျက်နှာမူ၍ချလေ။

ရွတ်ဆိုရန်ဂါထာမှာ -
"ဘုဉ္ဇမာနော ရသသေဋ္ဌံ၊ စိရကာလံ ဝိမုတ္တိဇံ။
ရာဇာယတန မူလမှိ၊ သတ္တဟံ ဘဂဝါ ဝသိ။
တထာဂတေန မဟာနုဘာဝေါ။
ယံကိဉ္စိ သတ္တ ရတနံ။
တထာဂတံ ဒေဝယျာ ဒေဝယျတု ဒေဝယျမင်္ဂလံ။"

## သတ္တာဌာနချုပ်ပြီး နောက်ဆုံးပိတ်ရှိခိုးဂါထာ

ပဌမံဗောဓိပလ္လင်၊ ဒုတိယ အနိမိဿ။
တတိယံ စင်္ကမံ၊ စတုတ္ထံ ရတနာဃရံ။
ပဉ္စမံ အဇပါလံ၊ ဆဋ္ဌမံ မုစလိန္ဒံ။
သတ္တမံ ရာဇာယတနံ၊ ဇေတသတ္တမဌာနေ။
အဟံဝန္ဒာမိ သဗ္ဗဒါ။

## ဌာပနာသွင်းအပ်သော ရုပ်တုများ

ဗုဒ္ဓမြတ်စွာဘုရားလောင်း သုမေဓာရှင်ရသေ့ ဒီပင်္ကရာ မြတ်စွာဘုရားထံ နိယာတဗျာဒိတ်ခံသည်မှစ၍ ဘုရားလောင်းတော်ဖွားပုံ၊ တောထွက်ပုံ၊ ဘုရားဖြစ်ပုံ၊ ပရိနိဗ္ဗာန်ပြုပုံအထိ အရုပ်သွန်းလုပ် ဌာပနာကြကုန်၏။ ၎င်းနောက် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်မှစ၍ အသိတ်ရှစ်ကျိပ်သော ရဟန္တာများ။ ပရိက္ခရာရှစ်ပါး၊ နှစ်ကျိပ်ရှစ်ဆူဘုရားများအထိ များလှစွာ၏။ သို့ရာတွင် မိမိတို့တတ်နိုင်သမျှ သွန်းလုပ်ဌာပနာရာ၏။

## ဌာပနာမသွင်းအပ်သော ပစ္စည်းများ

ဆံထုံး ဆံကျင်။ ဖာတာ၊ အင်းအိုင်၊ ထိုးကွင်းလက်ဖွဲ့၊ ကျောက်မျိုးမိုးကြိုးစက်အရိုး၊ မိဘဆရာသမားနှင့်စပ်၍ သွေးမြေကောင်းသည့် ဝတ္ထုပစ္စည်းသမျှ ပယ်ထားရမည်။ မပယ်ထားဘဲ ထည့်သွင်းဌာပနာခဲ့သော် ခြစားသော်၊ ဆွေးမြေ့သော်၊ ဘုရား ဒါယကာများ၊ ဒါယိကာမများ (သို့) ရွာဖုံတည် ဘုရားဖြစ်အံ့။ ရွာသူရွာသားများ ကပ်သုံးချပ်ပျက်ဆီးခြင်းသို့ ရောက်တတ်သည်။ ရပ်ရွာသုဉ်းသည်။ နေရပ်သုဉ်းသည်။ မထည့်သင့်သော ကြောင့် နိုင်အောင်ပယ်ထားရမည်။ အထူးသတိပြုလေ။

## ဓာတ်တော်မွေတော် ဌာပနာနည်း

ဓာတ်တော်မွေတော်တို့ကိုလည်း ရွှေကြုတ်၊ ငွေကြုတ်တို့ဖြင့် ဌာပနာရမည်။ ရွှေပန်း၊ ငွေပန်း၊ ရွှေဆီမီးတို့ဖြင့် ပူဇော်ပါလေ။ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်ပါလေ။ သတ္တာဌာန ခုနစ်ဆူတို့ကိုလည်း တစ်ဆူတစ်ဆူတွင် မွေတော်တစ်ဆူစီကို ရင်သီးတိုင်အောင် ရွှေကြုပ်ဖြင့်ဌာပနာလေ။ ဗောဓိမှာမူကား မွေတော်၊ သံဃာတော်ဓာတ်အပြည့်အစုံသွင်း။ သံဃာတော်တို့ ဓာတ်တော်တို့မူကား ရွှေကြုတ်၊ ငွေကြုတ်နှင့် ဝမ်းတော်တွင် ဌာပနာလေ။ သည့်နောက် ဓာတ်တော်ဌာပနာလေ။

## ဓမ္မစေတီ ဌာပနာနည်း

ကျမ်းဦးဂါထာများ၊ ပဋိစ္စသမုပ္ပါဒ်၊ ဓမ္မစကြာ၊ ဂုဏ်တော်သုံးပါး၊ အဘိဓမ္မာ၊ သုတ်၊ ဝိနည်း၊ ကျမ်းဦးများကို ရွှေပြား၊ ငွေပြားတွင်ရေး၍ ဘုရားရုပ်ပွားတော်၏ သံဃာတော်ဓာတ်နှင့် ဘုရားဓာတ်တော်အကြား၊ ဝမ်းတော်တွင်လည်းကောင်း၊ မသွင်းသာခဲ့သော် ပလ္လင်တော်တွင် အပြင်ကပတ်၍သော်လည်းကောင်း ဌာပနာလေ။



www.burmeseclassic.com

www.burmeseclassic.com

### ဘုရားလေးဆူ ဌာပနာနည်း

စေတီတော်၏ သပိတ်မှောက်၌ တောင်အရပ်တွင် ကက္ကုသန်ဘုရားရုပ်ပွားတော်၊ အနောက်အရပ်တွင် ကောဏာဂုံဘုရား၊ မြောက်အရပ်တွင် ကဿပဘုရား၊ အရှေ့အရပ်တွင် ဂေါတမဘုရား ၄ ဆူအား မျက်နှာချင်းဆိုင်၍ ဌာပနာရမည်။

### ဘုရားစံပယ်တော်မူသည်ကား

၁။ အရှေ့အာရုံခံတွင် ကက္ကုသန်မြတ်စွာဘုရား။
၂။ တောင်အာရုံခံတွင် ကောဏာဂုံမြတ်စွာဘုရား။
၃။ အနောက်အာရုံခံတွင် ကဿပမြတ်စွာဘုရား။
၄။ မြောက်ဘက်အာရုံခံတွင် ဂေါတမမြတ်စွာဘုရား

ဟူ၍ အစီအစဉ်အတိုင်းရှိရမည်။ ဘုရားလေးဆူ ဌာပနာရာ၌ မွေတော်၊ ဓာတ်တော် ရသမျှ သွင်း၍ ဂါထာမြင့်ပူဇော်ရွိနိုး၍ ပိတ်ရမည်။

### ရှင်လေးပါးဌာပနာနည်း

ငှက်ပျောဖူးတွင် ရှင်ဥပဂုတ် - တောင်၊ ရှင်မေဓရ - အနောက်၊ ရှင်သာရိပုတ္တ - မြောက်၊ ရှင်သက္ကောသာရ - အရှေ့ မျက်နှာချင်းဆိုင်၍ ဌာပနာရာသည်။ ထို၌လည်း မွေတော်၊ ဓာတ်တော် ရသမျှဌာပနာလေ။၏

### ဌာပနာတိုက်ပြုလုပ်ရာတွင် လိုက်နာသတိပြုရမည့် အချက်များ

အောက်ကလိုဏ်မဖွဲ့လျှင် သမ္မတိမြေက အုတ်သုံးထပ်ပေါ်တွင်ဖွဲ့ရာ၏။ မြင့်စေချင်လျှင် ခွေစာတစ်ထိုင်ထက် နိမ့်ရုံဖွဲ့ပါလေ။ မြင့်လျှင်လိုက်ပျုဖြစ်၏။ ဘုရားဒါယကာတို့ ဘေးမလွတ်ဖြစ်တတ်၏။ သမ္ဗုဒ္ဓေဘုရားရှိခိုး၊ သဋ္ဌာနဘုရား ရှိခိုးတို့ဖြင့် ရှိခိုးပူဇော်၍ ဌာပနာတိုက်ကိုပိတ်ရမည်။

### ဌာပနာသွင်းရာ၌ ပန်းရန်သမားတို့ ပြုလုပ်မှုယ်

ဌာပနာသွင်းခါနီး ဘုရားဒါယကာနှင့် ပန်းရန်သမားတို့သည် ကိုယ်၌အညစ်အကြေး ဖြူစင်စွာပြုလုပ်၍ အဝတ်ဖြူဝတ်ပြီးမှ သရဏဂုံ ငါးပါး၊ ရှစ်ပါး စသည့် ဥပုသ်တို့ကို ဆောက်တည်စေ၍ ပန်းရံသမားတို့က မမှားမယွင်း၊ မတိမ်းမစောင်း၊ မယိမ်းမယိုင်ရလေအောင် သတိဆောင်၍ အင်တေတို့ဖြင့် သေသေချာချာ၊ ကြပ်ကြပ်မတ်မတ် ဌာပနာသွင်းရာ၏။ သွင်းပြီးမှ နှမ်းတစ်လုံး၊ နီးတစ်ဖျက်မျှ မရွေ့စေရာ၊ မလှုပ်မရှားရာ။ အုတ်မြစ်ချသော အထက်ဌာပနာနေရာမှ မှားမိ၊ လစ်ဟင်းမိလျှင် ဘုရားဒါယကာ၊ ပန်းရံသမားတို့ ဘေးဥပါဒ်မှစ၍ သစ္စာပစ္စည်း တိမ်းယိမ်းခြင်းသို့ရောက်ချေ၏။ ဂရုစိုက်မှုပြုပါလေ။

### ဘုရားစေတီတည်ရာတွင် လိုက်နာအပ်သောအချက်များ

(၁) နေ့ချင်းပိတ်အပ်သည့်သုံးပါး ။ ။ ရွှေအုတ်မြစ်ချသောအထဲ၊ အပြင်တွင်းကို နေ့ချင်းမြေနှင့်မျှရုံပိတ်ရမည်။ ဌာပနာသွင်းသော လိုဏ်ခေါင်းတို့ကိုလည်း နေ့ချင်းပိတ်ရမည်။

(၂) လမကူးအပ်သည့်သုံးပါး ။ ။ ရွှေအုတ်မြစ်တွင်းတူးပြီးလျှင် လမကူးခင် ရွှေအုတ်သွင်းရမည်။ ဌာပနာတိုက်ဖွဲ့ပြီးလျှင် လမကုန်ခင် သဗ္ဗာဌာနသွင်းရမည်။ သပိတ်မှောက်ပန်းလည်တိုင်တင်ပြီးလျှင် လမကူးခင် ပန်းလည်တိုင်ဖုံးဖိနှံ တည်ရမည်။

(၃) နှစ်မကူးအပ်သည့်သုံးပါး ။ ။ လိုဏ်ဖွဲ့ပြီးလျှင် နှစ်မကူးခင် လိုဏ်ခေါင်းပေါင်းကူးရမည်။ ပန်းလည်တိုင်တင်ပြီးလျှင် ကိုယ်တော်လုပ်ရမည်။ ထီးတော်တင်ပြီး နှစ်မကူးခင် သာဓုခေါ်ရမည်။

မှတ်ချက် ။ ။ ရက်ကူး၊ လကူး၊ နှစ်ကူး၍ သုံးပါး လုံးကြုံသော် တစ်စုံတစ်ခု အမှုရောက်တတ်၏။ အကျပ်ကျတတ်၏ ဟူလိုသော်။

### ပန်းလည်တိုင် (ဓါ) ပိန္နဲတိုင်စိုက်နည်း

ဤသို့လျှင် ပန္နက်ရိုက်ခြင်း၊ အုတ်မြစ်ချခြင်း၊ ဌာပနာသွင်းခြင်းတို့ ပြုလုပ်ပြီးလျှင် ဘုရားစေတီတော် သပိတ်မှောက်သို့ ရောက်သောအခါ နေကောင်းရက်သာ ရွေးချယ်၍ ပိန္နဲ



www.burmeseclassic.com

www.burmeseclassic.com

တိုင်စိုက်ထူရမည်။ ဗိသုကာကျမ်း၌ ပန်းလည်တိုင်ဟု ပြဆိုထားပြီး၊ သဒ္ဒါရုပကာဝိလာသနီကျမ်း၌ ပန်းလည်တိုင်ဟုပြဆိုထားပြီး၊ သဒ္ဒါရုပကာဝိလာသနီကျမ်း၌ ပိန္နဲတိုင်ဟုပြဆိုထားသည်။ အရပ်အခေါ်အားဖြင့် ပိန္နဲတိုင်ဟု ခေါ်ဆိုကြပါသည်။

ဤပိန္နဲတိုင်စီရင်ရာတွင် ရှေးအခါက ဘုရားဒါယကာ၏ နံ့ဟူသစ်သားများကိုရွေးချယ်၍ စီရင်ကြကုန်၏။ ယခုခေတ်၌ကား၊ ဘုရားထီးတော် ဝယ်ယူသည်နှင့် ပိန္နဲတိုင်အတွက် (သံ)တိုင်ပါပြီး ဖြစ်၏။ လွယ်လွယ်ကူကူ သံတိုင်ကိုလည်း အသုံးပြုကြလေ၏။ ရှေးထုံးနည်းမှာ -

ပိန္နဲတိုင်ပြုလုပ်မည့်သစ်ကို အတောင်ရသမျှ မိုက်ဖွဲ့၍ မိုက်ကို ၇ နင့်စား။ ၁ ခုကြွင်းမူအောင်မြင်ဖွံ့။ ၂ ခုကြွင်းမူ သိဒ္ဓိပြီးဖွံ့။ ၃ ခုကြွင်းမူ ဆင်းရဲဖွံ့။ ၄ ခုကြွင်းမူ လာဘ်ကြီးစွာရဖွံ့။ ၅ ခုကြွင်းမူသေဖွံ့။ ၆ ခုကြွင်းမူ နတ်တို့ပူဇော်ဖွံ့။ ၇ ခုကြွင်းမူ သုန်း၏။ ဘေးသင့်ဖွံ့။ တနင်္ဂနွေ ကြာသပတေးသားတို့သည် ၂ ခုကြွင်းကိုဆောင်၊ တနင်္လာ၊ အင်္ဂါသားတို့မှာ ၄ ခုကြွင်းကိုဆောင်၊ ဗုဒ္ဓဟူး၊ စနေသားတို့မှာ ၆ ခုကြွင်းကိုဆောင်ရာတည်း။

ပိန္နဲတိုင်ကို အဖျားသမ္ဗုဒ္ဓေကွပ်ရာ၏။ အလယ်ဣတိပိသောကွပ်ရာ၏။ အရင်းမှာ သုပ္ပဋိပန္နောဂါထာကွပ်ရာ၏။ ၎င်းအပြင် ရွှေပြား၊ ငွေပြားတွင် စိန္တာမဏိကြီးဂါထာ၊ သစ္စာလေးပါးဂါထာရေး၍ ပိန္နဲတိုင်ထိပ်တွင်ခံရာ၏။ ဂုဏ်တော်များ၊ အောင်ခြင်းရှစ်ပါး၊ သုဝဏ္ဏဘုမ္မိဂါထာ၊ ဥဏှလုံဂါထာတို့ကို ပိန္နဲတိုင်အလယ်တွင် ကွပ်ရာ၏။ ရှင်ဥပဂုတ်ဂါထာ၊ ရှင်သုဝယ်ပရိတ်၊ ဇင်အစိန္တိယာဂါထာ၊ ဆဒ္ဒီသာပါလသုတ်စသည်တို့ကို ပိန္နဲတိုင်အဖျားထီးတိုင်တွင် ကွပ်ရာ၏။

ဤသို့စီရင်ခြင်းအားဖြင့် စေတီတော်အား မုန်တိုင်း၊ လေကြီးဘေး၊ လောင်မီးဘေး၊ မိုးကြိုး၊ နတ်စက်တို့ အရဲအတားဖြစ်စေ၏။ စနစ်တကျပြုလုပ်မှု ဘုန်းကြီးရာ၏။ အန္တရာယ်မျိုး ၉၆ ပါးကင်းရာ၏။ ဥစ္စာပစ္စည်းတိုးပွားရာ၏။

## ပိန္နဲတိုင်တပ်နည်း

နေ့ကောင်းရက်သာရွေး၍ အရှေ့မြောက်ထောင့်အရပ်က စောင်းတန်းလှေကား၊ ရာဇမတ်၊ ငှက်ပျော၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွားတို့နှင့် တန်ဆာဆင်ရမည်။ ပိန္နဲတိုင်မဝင်ခင် ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ်၍ရတနာသုတ်၊ မေတ္တာသုတ်တို့ကို ရွတ်စေ၍ ဘိသိက်မြောက်ပြီးမှ စေတီတော်ကို ရည်မှတ်၍ ရေစက်ချလှူဒါန်းရမည်။ အမှူးဝေ၍ ပိန္နဲတိုင်ထိပ်ဖျားက အစပြု၍ တင်ရမည်။ သပိတ်မှောက်၊ ရင်ဖွဲ့တွင်စိုက်ပါလေ။

## ပိန္နဲတိုင်ဓနာက်ဆုံးချမည့်ဆဲဆဲ ရွတ်ရန်ဂါထာ

"ဗောဓိမဏ္ဍလမာဂမ၊ ဝီရာဝေါ သမ္ဗုဒ္ဓေတာသုခေါ၊
ဗောဓိမဏ္ဍလ လာဘတ္ထိ၊ ဗောဓိမဏ္ဍလ မင်္ဂလံ။"

ဤဂါထာဖြင့် သုံးကြိမ်ရွတ်ပြီးမှ အောင်ခြင်းရှစ်ပါးဂါထာကိုရွတ်၍ သာဓုကောင်းချီးကြွေကြော်၍ ချလေ။

## ပန်းရန်သမားတို့ လိုက်နာရန်အချက်များ

ပိန္နဲတိုင်ကို သပိတ်မှောက်ရင်ဖွဲ့တွင် စိုက်ထူပါ။ ရင်ဖွဲ့ကြူးအောင် အမြင့်အထက်သို့ ဌြမ်းဖျားရောက်မချည်အပ်။ ချည်မိသော် ပျက်စီးတတ်၏။ သပိတ်မှောက်တွင် အရင်းမှ သာထူပါ။ ပိန္နဲတိုင်ကို အသံမြည်အောင်မချရာ။ စိုက်သောအခါတွင်လည်း ထိသုံးပါးလွဲစေ။

ထိသုံးပါး ။ ။ ဌာပနာဗောဓိနှင့် ပိန္နဲတိုင်မံဘုရား ဤသုံးပါးမထိကောင်း။ ထိမိသော် ဘုရား၊ ဒါယကာ၊ ဘုရားဒါယိကာမတို့ သေကြေပျက်စီးခြင်းသို့ ရောက်တတ်၏။ ပန်းရန်သမားတို့သည် ပိန္နဲတိုင်စိုက်ထူသောအခါ ဝိသုကြံနတ်သားအတွက် ပွဲတစ်ပွဲ၊ ကာဝိလမိုင်းဆရာအတွက် ပွဲတစ်ပွဲ၊ ဖျင်တစ်စုံ၊ ငွေနှစ်ကျပ်၊ ငှက်ပျော၊ လက်ဖက်၊ ကြံချောင်း၊ ပန်းငပါက်ငပါက် လှုပစ္စာတည်ရမည်။

ပန်းရန်သမားတို့သည် ပိန္နဲတိုင်မချမီ ရတနာသုံးပါးကို ရှိခိုးပူဇော်၊ ဆရာသမား၊ မိခင်ဖခင်၊ သမ္မာဒေဝနတ်တို့ကို ရှိခိုးပူဇော်၍ ပရိတ်ဂုဏ်တော်၊ မေတ္တာတော်များကို ရွတ်ဆိုရမည်။ ငှက်ပျောဖူးအဆုံးသတ်သော အပေါ်ဆုံးအုတ်ကို ပန်းရန်သမားအကြီးက မသုံးသပ်အပ်။ ကိုယ်နှင့်တူသောတည့်ကို သတ်စေရာ၏။ အဆုံးသတ်ပြီးသော် ရွှေ့ပြောင်းလှုပ်ရှား၍လည်းမပြုအပ်။ နမ်းတစ်လုံး၊ ဆံခြည်တစ်မျှင်မရွှေ့စေရ၊ တစ်ဆယ်ရက်၊ ကိုးရက်ကူးမှ အင်္ဂတေထုံး အချောအငေ့ပြုပေရာ၏။



www.burmeseclassic.com

www.burmeseclassic.com

## ထီးတော်တင်နည်း

ပိန္နဲတိုင်စိုက်ပြီးလျှင် နေ့ကောင်းရက်သာရွေး၍ ထီးတော်တင်လှူပွဲ ကျင်းပရမည်။ ပွဲတော်ကျင်းပနေစဉ်အတွင်း မာရ်နတ်၏ အနှောင့်အယှက်မှ ကင်းဝေးအောင်လည်းကောင်း၊ လေဒဏ်၊ မိုးဒဏ်ကင်းဝေးစေရန်လည်းကောင်း၊ ရှင်ဥပဂုတ်ပွဲတင်ရမည်။ မာရ်နတ်မင်းကိုလည်း မေတ္တာပို့ တောင်းပန်ရမည်။

## ပန်းရထားပြုလုပ်ရမည့်အရပ်

ထီးတော်တင်လှူရန် ပန်းရထားပြုလုပ်မည်ဆိုပါက အရှေ့မြောက်ထောင့်အရပ်တွင် စောင်းတန်းပြုလုပ်ရမည်။ ပြာဓမတ်၊ ငှက်ပျော၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွားတို့နှင့် တန်ဆာဆင်ရမည်။ ထီးတော်မတင်မီ ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ်၍ ပရိတ်မေတ္တာဘိသိက်မင်္ဂလာမြောက်ပြီး ကောင်းချီးကြေညာ၍ လူနတ်ပြဟ္မာသတ္တဝါအပေါင်းအား အမျှဝေ၍တင်ပါလေ။

ယခုခေတ်တွင် ထီးတင်သောအခါ အမျိုးသမီးပရိတ်အဖွဲ့မှ အောင်ခြင်းရှစ်ပါးဂါထာ ရွတ်ဖတ်ကြ၏။ ဆိုင်းအဖွဲ့မှ ဧရာခင်းသံတီးလုံးကို တီးပေးကြကုန်၏။ ထီးတော်တစ်ဆင့် အောင်မြင်စွာတင်ပြီးတိုင်း အောင်စည်အောင်မောင်း တီးခတ်ရာ၏။ ထီးတော်ကိုးဆင့်စလုံးတင်ပြီးလျှင် ပန်းပေါက်ပေါက်၊ ရွှေငွေများဖြင့် ရွှေမိုး၊ ငွေမိုး ပက်ကြဲပေးကြကုန်၏။

## သတိပြုရန် အချက်များ

ထီးတင်သောအခါ ထီးမတင်မီ ရှေ့အဖို့ အောက်ကသာလျှင် စီစဉ်ခင်းကျင်း၍ထားစေ။ အထက်သို့ရောက်လေမှ ကျဉ်းကျပ်သည်ဟူ၍ မပုတ်ခတ်ကောင်း။ နတ်ချည်၊ စွပ်ချည် မပြုကောင်း။ သိပ်မကျယ်ကောင်း။ ထီးအစဉ်လည်း မမှား ကောင်း။ အစီအစဉ်အတိုင်းသာလျှင် မှန်ကန်စွာယူရမည်။ မှား၍မယူသင့်။ ထီးပုံချသောအခါလည်း အသံမပြည်အောင် ထီးပုံကိုင်ပဲ။ ရှေ့နောက်ပြန်၍ မတင်ကောင်း။ အောက်သို့လည်းမကျအောင် အောက်ကသေချာစွာ တိုင်းပြီးမှတင်လေ။

## ပန်းရန်သမားတို့ လိုက်နာရမည့်အချက်များ

ထီးမတင်မီ ဘုရားဒါယကာက ပန်းရန်သမားကို အရင် ခွင့်ပန်ရာ၏။ ခွင့်ပန်သောအခါ ဗိသုကာတို့သည် ဂိုတ်တော်၊ ဂုဏ်တော်နှင့် ဆဒ်ပါလသုတ်တို့ကို တတ်အားသမျှ ရွတ်၍ အသာချရာ၏။ ခွင့်ပန်သောအခါ ပန်းရန်သမားကလည်း သာဓုအနုမောဒနာပြု၍ ခွင့်လွှတ်ရာ၏။ ခက်ခက်ခဲခဲ ပြောဆိုမိသည်ရှိသော် ဘုရားဒါယကာ စေတနာကုဏ္ဍုဖြစ်သော် ပန်းရန်သမားတို့ ငဲသရာအပြစ်မကင်းချေ။ ဘုရားဒါယကာ စေတနာမပျက်အောင်ရာ။ ကဝိလမိုင်းအဆိုတည်း။

## ပွဲတင်နည်းများ

ဘုရားပွဲပြုလုပ်သောအခါ အရှေ့အရပ်တည့်တည့်၌ ရှင်ဥပဂုတ်၊ မာရ်နတ်သား၊ ဝိသုကြံနတ်၊ ကဝိလမိုင်းတို့ကို ရည်၍ တန်ဆောင်းလုပ်ပြီးမှ ပန်းပေါက်ပေါက်၊ ဆီမီး၊ ကြက်လျှာ၊ ငှက်ပျော၊ သစ်သီးတို့ဖြင့် ပူဇော်၍ကုသိုလ်အကျိုးဖလကို အမျှဝေရာ၏။

## ဗိသုကာပွဲတင်နည်း

၁။ ရွှေအုတ်မချမီ ဗိသုကာနတ်ရကာတို့ကို ရည်မှန်း၍တင်နည်း။

၂။ ပန်းလည်တိုင် ဗိသုကာပွဲ။

ရွှေအုတ်မချမီ ဗိသုကာနတ်ရကာပွဲ ။ ။ ပွဲငါးပွဲ တင်ရမည်။ အလယ်ပွဲမှာ ဖျင်တစ်စုံ၊ ငွေစင် ၅ ကျပ်၊ ငှက်ပျောကောင်း။ လက်ဖက်ခြောက်၊ မြေစာ၊ သပြေပန်းစိုက်၍ ဆန်ဖြူတစ်ခွက် ဒေါင်းလန်းနှင့်တည်၍ အလယ်ပွဲခင်းရမည်။ ကဝိလမိုင်းဆရာကို ရည်မှန်း၍တင်ရမည်။ အပြင်လေးပွဲမှာ ဖျင်တဘက်၊ ငွေတစ်ကျပ်၊ ငှက်ပျောဖူးမှစ၍ အလယ်ပွဲကဲ့သို့ ဒေါင်းလန်းနှင့်တည်။ ဖျာငါးချပ်ခင်းရမည်။ ဤသို့စီရင်ပြီးမှ ရတနာသုံးပါး ရှိခိုးပူဇော်။ ဆရာ၊ နတ်ရကာ နှစ်ပါးမှစ၍ ဝိခင်၊ ဖခင်၊ လောကဘွင် သွန်သင်ပေးသော ဆရာအပေါင်းတို့ကို ရှိခိုး၍ ကောင်းသောဆုကိုပန်၍ ရွှေအုတ်မြစ်ချရာ၏။



www.burmeseclassic.com

www.burmeseclassic.com

**ပန်းလည်တိုင် (သို့) ဝိန္ဒဲတိုင်ဗိသုကာပွဲ ။ ။** ဝိသု ကြုံနတ်ကိုရည်မှတ်၍ အထက်ပွဲ၊ ဖျင်တစ်စုံ၊ ငွေနှစ်ကျပ်၊ ငှက်ပျော၊ လက်ဖက်၊ ကြံချောင်း လှပစွာတင်ရမည်။ ကဝိလမိုင်းဆရာကိုရည်မှတ်၍ အောင်ပွဲ၊ ဖျင်တဘက်၊ ငွေတစ်ကျပ်၊ လက်ဖက်၊ ငှက်ပျော၊ ပန်းပေါက်ပေါက်တို့ဖြင့် လှပစွာ တည်ရမည်။

**ရှင်ဥပဂုတ်အစီအရင် ။ ။** ရှင်ဥပဂုတ်ဂါထာကို ဆီ ငါးကျပ်သား၊ ချည် ၁၀ဂ မျှင် မီးစာလုပ်၍ ခွက်တွင်ထည့်ပြီး ခုနစ်ရက်ရှိခိုးရွတ်ဆိုပြီး ရေချမ်းအိုးတစ်လုံးကို လေးမျက်နှာ၊ လေးပေါက်ဖောက်၍ ဆီမီးခွက်ကိုအုပ်ပြီး ဆီမီးညှိရမည်။ တစ်နည်း ဝါးကျောင်းဆောင်ဘက်မိုး၍ ပွဲတင်ပြီး မီးမပြတ်ထွန်းပူဇော်ထားရမည်။ ခပ်သိမ်းသောရန်အပေါင်းကင်း၏။ လေကြီး၊ မိုးကြီးလွတ်၏။

**သာသနာပွဲအစီအရင် ။ ။** နံနက်အရုဏ်တက်ချိန်တွင် သာသနာပွဲ (ခေါ်) အနန္တော အနန္တငါးပါး ကန်တော့ပွဲကို ဘုရားကျောင်းဆောင်ရှေ့တွင် တင်ရမည်။ ကန်တော့ပွဲတွင် ငှက်ပျော ငါးဖီး၊ အုန်းသီး တစ်လုံး၊ ကွမ်းငါးယာ၊ လက်ဖက် တစ်ပွဲတို့ ပါဝင်ရမည်။ အနန္တောအနန္တငါးပါးတို့အား ကန်တော့၍ ရည်စူးပြီး လှူဒါန်းပွဲအပ်ရမည်။ သာသနာစောင့်နတ်များအား အမျှဝေ၊ မေတ္တာပို့၊ အနန္တော အနန္တငါးပါး၏မေတ္တာတော်ကို ခံယူရမည်။

## ဗုဒ္ဓါဘိဇေသက အနေကဇာတင်မင်္ဂလာ

တည်ထားအပ်သော စေတီဘုရားများကို အနေကဇာတိ အစရှိသော ပုဒ္ဓဝစနတို့ဖြင့် ရွတ်ဆိုပူဇော်သည်ကို အနေကဇာတင်သည်ဟု ခေါ်သည်။

စေတီတော်အား ညဦးပိုင်းမှစ၍ ပန်းနံ့သာ၊ အမွှေးအထုံတို့ဖြင့်လည်းကောင်း၊ ဆီမီး၊ လျှပ်စစ်မီးစသည်တို့ဖြင့်လည်းကောင်း လှပကြည်ညိုဖွယ်ရာဖြစ်အောင် စီစဉ်လှူဒါန်းထားရမည်။ ဗုဒ္ဓသုတ္တန်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ရမည်။ အရုဏ်တက်လာသောအခါ ဆွမ်းခဲဖွယ်၊ ပန်း၊ သစ်သီး၊ ဆီမီး၊ ရေချမ်း၊ တံခွန်၊ ကုက္ကား၊ မုလေးပွား စသည်တို့ဖြင့် ပူဇော်ရမည်။

ပင့်သံဃာတော်အလိုက် သပြေ၊ ဒေါနှ၊ မြေဇာမြက်၊ ဆီးခက်၊ အုန်းလက်၊ ညောင်ရွက်တို့ဖြင့် စုစည်းထားသော ပန်းစည်း ရှစ်စည်း (သို့) ကိုးစည်း၊ ဖယောင်းတိုင်၊ တံခွန်ကုက္ကား၊ ကြက်လျှာတိုင်စသည်တို့ကို လှူဒါန်းရမည်။ သံဃာတော်များသည် အထက်ပါပစ္စည်းများကို လက်အုပ်တွင်ထား၍ အနေကဇာတိ ဥဒါန်း နှစ်ဂါထာ၊ ပဋိစ္စသမုပ္ပါဒ်အနုလုံ၊ ပဋိလုံ၊ ယဒါဟဝေဥဒါန်း သုံးဂါထာ၊ ဇယန္တောဗောဓိယာမူလေနှင့် အပရာဇိတပလ္လင်ကော၊ ဘိသိက်သွန်း နှစ်ဂါထာ၊ သုနက္ခတ္တံ စသော ဆုတောင်းပတ္ထနာပြုသော အသီသ သုံးဂါထာ စသည့်ပါဠိများနှင့် ပေါတုပစ္စယော ပဋ္ဌာန်းဂါထာများ၊ ပရိတ်တော်များ၊ အဋ္ဌဇယမင်္ဂလာဂါထာများ၊ ဘုရားဂုဏ်တော်များ ရွတ်ဖတ်ကြကုန်၏။

သံဃာတော်တို့ရွတ်ဆိုပြီး အဆုံးတွင် နဂါး၊ ဂဠုန်၊ နတ်၊ ဗြဟ္မာတို့၏ အသွင်ပြုပြင်ထားကြသော ပုဂ္ဂိုလ်များမှ အောက်ပါဂါထာကို ရွတ်ဆိုရမည်။

**"ဇယောတိဗုဒ္ဓဿ သိရိမတော အလံမာဝဿစ ပါပိမတောပရာဇယော၊ ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ ဇယံတဒါ (နာဂဂမယာ) မဟေသိနော"**

**မှတ်ချက် ။ ။** ကွင်းဖြင့်ပြထားသောနေရာတွင် (သုပဏ္ဏဂဏာစ)ဟုထည့်၊ နတ်က (ဒေဝဂဏာ) ဟုထည့်၊ ဗြဟ္မာတို့က ဆိုင်ရာဂါထာများရွတ်ဆိုပြီး အဆုံးတွင် (အောင်တော်မူ)ဟု တစ်သံတည်း ငလျှင်တော်လဲပုံတင်ဟီးသကဲ့သို့ ရွတ်ဆိုပြီးသည်နှင့် စည်တော်ယွန်း၍လည်းကောင်း၊ မီးရှူးမီးပန်းပစ်ဖောက်၍လည်းကောင်း၊ ပန်းပေါက်ပေါက်တို့ကြဲပက်၍လည်းကောင်း ခင်းကျင်းစီမံအောင်ပွဲပြီး ခံယိုက်ပေးသတည်း။

**ကိုမောင်သန်းဝင်း**

၁။ မြန်မာနိုင်ငံသုတေသနအသင်းမှ ၁၉၆၁ ခုနှစ်ထုတ် ဦးထွန်းမြင့်တည်းဖြတ်သော သတ္တုရုပကဝိလာသနီကျမ်း။
၂။ မြန်မာနိုင်ငံသုတေသနအသင်းမှ ၁၉၆၆ ခုနှစ်ထုတ် ဒေါ်ခင်ခင်စုတည်းဖြတ်သော ဗိသုကာကျမ်း။
၃။ ရွှေဂူအသျှင်ဉာဏာလင်္ကာရ စီရင်သော အနေကဇာတတ္တပကာသနီကျမ်း။
၄။ ဦးနန္ဒ (ဝိဇ္ဇာဂုဏ်ထူး) စီစဉ်သည့် ဘုရားရှိခိုးနှင့် ဝတ်ရွတ်စဉ်ကျမ်း။



www.burmeseclassic.com

www.burmeseclassic.com

# နယူးယောက် /မှ/ ဝါရှင်တန်ဒီစီသို့ (၂)

မောင်ကောင်းမြင့်

နယူးယောက်မှ ဝါရှင်တန်ဒီစီသို့ ဆောင်းပါးအစမှာ ဝါရှင်တန်ရဲ့ ကြည့်စရာ၊ ကြည့်ခဲ့ရာတွေရဲ့ အမည်ကို အစပျိုး ဖော်ပြခဲ့ပါတယ်။ စာကိုရေးနေရင်း ဝါရှင်တန်နဲ့ ပတ်သက်တဲ့ သတင်းကို (၃၊ မေ၊ ၂၀၁၄) VOA သတင်းတစ်ပုဒ်မှာ ကြားလိုက်ရတော့ "ရပ်ရှင်ကောင်းတုန်း ကြော်ငြာဝင်"ပါရ စေဦး။ သတင်းက သည်လိုပါ။

"သမ္မတလင်ဒန်၊ ဘီ၊ ဂျွန်ဆင် (L.B.Johnson) လက်ထက်မှာ အမေရိကန်နိုင်ငံရဲ့ ဆင်းရဲမွဲတေမှုကို တိုက် ဖျက်သွားမည်ဟု ကြေညာပြီး နှစ်ပေါင်း ၅၀ အကြာမှာ အမေရိကန်လူဦးရေ၏ ၁၅ ရာနှုန်းဖြစ်သည့် ၄၆ သန်းသော လူများသည် သာမန်ထက်နိမ့်ကျသော အခြေအနေ၌ နေကြ ဆဲပင်ဖြစ်ကြောင်း၊ အကူအညီလိုအပ်နေသူတို့အား ပေးရန် လုပ်ဆောင်နေသော အစိုးရ၏ အစီအစဉ်များ ထိရောက်မှု တို့နှင့်ပတ်သက်၍ အမေရိကန်လွှတ်တော်၌ ဒီမိုကရက်တို့နှင့် ရီပတ်ဗလီကန်တို့ သဘောထားကွဲနေကြောင်း။ ဝါရှင်တန်ရှိ Bread of for the City အမည်ရှိ အစားအစာ၊ ဆေးဝါးနှင့် လူမှုကူညီရေးအဖွဲ့ဝင်တို့ အမြင်၌ ဝါရှင်တန်၌နေကြသော မိသားစုသုံးစုတွင် တစ်စုမှာ သာမန်ထက်နိမ့်ကျသော အခြေ အနေ၌ နေထိုင်ကြရကြောင်း၊ ဝါရှင်တန်သည် တစ်တိုင်းပြည် လုံး၌ အချမ်းသာဆုံးသောသူများ နေထိုင်ကြသော နေရာဖြစ် သော်လည်း လူဦးရေခြောက်သိန်းခန့်ရှိသည့်အနက် နှစ်သိန်း ခန့်သည် ဆင်းရဲမွဲတေမှု အခြေအနေ၌ နေထိုင်ကြရကြောင်း။ အမေရိကန်အစိုးရ၏ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးလုပ်ငန်း မအောင်မြင်ဟု ရီပတ်ဗလီကန်တို့က ပြောဆိုကြောင်း။ ဆင်းရဲ မွဲတေမှု တိုက်ဖျက်ရေးအစီအစဉ် ၉၂ ခုအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်း ၇၀၀ ခန့် သုံးစွဲနေ သော်လည်း တရားဝင်ထုတ်ပြန်ထားသော ဆင်းရဲမွဲတေမှုနှုန်း သည် ယခုမျိုးဆက်၌ အမြင့်ဆုံးဖြစ်နေကြောင်း၊ လွန်ခဲ့သော နှစ်များက ဆင်းရဲမွဲတေသူများအတွက် အသုံးပြုရန်ထားသော ဒေါ်လာငွေများ၏ ၇၀ ရာခိုင်နှုန်းသည် ဆင်းရဲသူတွေအတွက် အလုပ်လုပ်ပေးနေသူများဆီ (ဆိုလိုသည်မှာ ဆင်းရဲသားလက် ထဲမရောက်ဘဲ အစီအစဉ်၌ ပါဝင်လုပ်ဆောင်နေသူများထံသို့ သာ) ရောက်သည်ကို တွေ့ရကြောင်း"

ငြော် . . . အမေရိကန်ကဲ့သို့ ကမ္ဘာ့ထိပ်တန်းနိုင်ငံ ကြီး။ ဒီမိုကရေစီနိုင်ငံကြီးနှင့် စီမံခန့်ခွဲမှုကောင်းသော ဥပဒေ စည်းကမ်းပြည့်ဝသော နိုင်ငံကြီး၌ပင် ယိုပေါက်၊ ဟာပေါက် တွေနှင့် စာတွေ့ သိဝရီနှင့် လက်တွေ့ ကွာခြားတတ်ကြောင်းကို တွေ့ရသည်ဟုလို။ ဤတွင် ဝါရှင်တန်ဒီစီသတင်းဖတ်၍ တစ်ထောက်ဖြတ်ကြစို့။

ဇာဂျီးနီးယားက ဝါရှင်တန်ကို အဝင်မှာ Potamac မြစ်ကို ဖြတ်ကျော်ထားတဲ့ တံတားဟာ အတော်လှတယ်။ ကြီးတံတား။ ကေဘယ်လ်တံမျိုး မဟုတ်ဘဲ ပေါင်းကူးတံတား Arch bridge မျိုးဖြစ်တာဝို့ တစ်ဖက်တစ်ချက် မြင်ကွင်းပို ကောင်း၊ ပိုရှင်းသလို ပန်းချီကားဆန်တယ်လို့ ထင်တာပဲ။ ဝါရှင် တန်အဝင် တံတားထိပ်က အဆောက်အအုံတွေကို မြင်နေရ တယ်။ White House အိမ်ဖြူတော်ကို အရင်ဆုံးသွားကြ တယ်။ ပထမအကြိမ်တုန်းက ရောက်ခဲ့ဖူးပြီး အတူပါလာတဲ့ လူငယ်မောင်နှံ (ကိုသားကြီးနှင့် မီးမီး)က မရောက်ဖူးသေး တော့ ထပ်ကြည့်ရတာပေါ့။ ကားရပ်တဲ့နေရာက St. Jonn's Episcopal Church အနီးမှာ ဖြစ်နေတယ်။ ကျောင်းတော် က သမ္မတအိမ်တော် အရှေ့ဘက်မှာရှိပြီး H Street လမ်းပေါ် မှာရှိတယ်။ ကျောင်းဂေဟာကို Church of the Presidents



www.burmeseclassic.com

www.burmeseclassic.com

လို့လည်းခေါ်တယ်။ ဘာကြောင့်လဲဆိုတော့ လေးဦးမြောက်သမ္မတ James Madison (၁၈၀၉-၁၈၁၇) လက်ထက်က စပြီး ကျောင်းတော်မှာ ဝတ်ပြုခဲ့တာ သမ္မတအစဉ်အဆက်ပဲ။ သမ္မတတွေထိုင်တဲ့ Pew ခုံဟာ အမှတ်တရဖြစ် နေစေတယ်။ ၁၈၁၆ ခုနှစ်ကတည်းက ဖွင့်လှစ်ခဲ့တဲ့ကျောင်းတော်ကို သမိုင်းဝင် National Regester of Historic အဖြစ် သတ်မှတ်ထားတယ်။

သမ္မတအိမ်တော်ရှေ့ရောက်ပါပြီ။

အထူးခြားဆုံးသော "သမိုင်းဝင်"အဖြစ်အပျက်တစ်ခုကိုတွေ့ရမယ်။ အိမ်တော်လည်း Pennsylvania အိမ်တော် ရှေ့တည့်တည့်မှာ ပလတ်စတစ်တဲအမြုကလေး Peace Camp လို့ခေါ်ကြတဲ့ တဲတစ်လုံးကို တွေ့ရလိမ့်မယ်။ တဲထဲမှာ အသက် ၇၀ ကျော်အဘွားအိုတစ်ဦး ထိုင်နေတယ်။ အဘွားဟာ စာတန်းတစ်ခုကို ကိုင်ထားတယ်။ လွန်ခဲ့တဲ့ ၁၉၈၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်ကတည်းကစပြီး နျူကလီးယားလက်နက်ဆန့်ကျင်ရေး Protest OF Nuclear Arms ဆန္ဒပြခဲ့တာ ယနေ့အထိပါပဲ။ ငယ်စဉ်တုန်းကတော့ လမ်းပေါ်မှာ စာတန်းကိုင်ရပ်ပြီး ဆန္ဒပြခဲ့တယ်။ အခု အသက်ကြီးလာတော့ တဲထဲမှာ စာတန်းကိုင်ပြီး ထိုင်ခုံမှာ ထိုင်လျက်သာပြတယ်။ တဲဘေးတစ်ဖက်တစ်ချက်မှာလည်း Save The Children, Save The World ဆိုတဲ့စာတန်းကိုင်ထားတဲ့ အဘွားအိုရဲ့ဓာတ်ပုံသတင်းတွေ ကပ်ထားတဲ့ ပိုစတာနှစ်ခု ရှိတယ်။

အဘွားအိုဟာ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရဲ့ မြယှက်သင်္ကေတပါပဲ။ အဘွားအို Conchita သို့မဟုတ် Connie လို့လူသိများတယ်။ လွန်ခဲ့တဲ့ ၃၃ နှစ်ကတည်းက ဆန္ဒပြခဲ့တာမို့ ကမ္ဘာပေါ်မှာ သက်တမ်းအရှည်ဆုံး ဆန္ဒပြသူပါ။ စပိန်နိုင်ငံမှာ မွေးဖွားခဲ့ပြီး အသက် ၁၈ နှစ်အရွယ်မှာ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ကို ရောက်ခဲ့တယ်။ ငြိမ်းချမ်းရေး ဆန္ဒပြသူ William Thomas နှင့်တွဲပြီး ၁၉၈၁ ခုနှစ်ကတည်းက ဆန္ဒပြခဲ့တာပါ။ (သောမတ်ဟာ ၂၀၀၉ ခုနှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။)

အဘွားကို မိမိစကားသွားပြောတော့ နားကောင်းစွာ မကြားဘူးလို့ထင်ရပါတယ်။ အသံထွက်တော့လည်း အတော်တိုးနေပါပြီ။ (အလားတူပဲ လန်ဒ[illegible]ပါလီမန်စကွဲယားရှေ့မှာ တဲထိုးဆန္ဒပြခဲ့တဲ့ Brain Haw ဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာ ၂၀၀၁ ကနေ သူကွယ်လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်အထိ ဆန္ဒပြခဲ့တယ်လို့ မှတ်တမ်းဝင်ပါတယ်။)

သမ္မတအိမ်တော်ကို မိုးဖွဲ့ကလေးတွေ ရွာနေတဲ့ကြားက လာရောက်ကြည့်ရှုသူတွေလည်း အများအပြားပါပဲ။ မိမိတို့လည်း သမ္မတအိမ်တော်ရှေ့မှာ အမှတ်တရဓာတ်ပုံတွေ ရိုက်ကြတယ်။

အိမ်တော်ကထွက်ပြီးတော့ အနီးမှာရှိတဲ့ Treasury Dept အဆောက်အအုံဘက်ကို သွားကြတယ်။ သည်အဆောက်အအုံဟာလည်း ဆိုခဲ့တဲ့အတိုင်း ရောမဟန်တိုင်ကြီးတွေ၊ လှေကားတွေနှင့် One Block တစ်လမ်းစာမျှ ကြီးကျယ်တဲ့ အဆောက်အအုံပါပဲ။ ပထမဆုံး ဘဏ္ဍာရေးဝန်ကြီး Alexander Hamilton ရဲ့ ရုပ်တုဟာ ခံ့ခံ့ညားညား ရှိလှပါတယ်။ မှန်ပါတယ်။ ဝါရှင်တန်က ရုပ်တုများစွာကို ကြည့်ပြီးတော့ မြန်မာနိုင်ငံက လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်တုကိုလည်း သည်လိုပဲ ခံ့ညားစေချင်တယ်။ အမှန်ပါ။ စကားအလျဉ်းသင့်လို့ ဆိုရရင် ရုပ်တုတွေထားတဲ့နေရာ (ပန်းခြံ သို့မဟုတ် Landscape ကအရေးကြီးသလို ရုပ်တုထားရာခုံ Pedistal ဟာလည်း ကြွားဝင့်ဖို့နှင့် အရံအဆင်အပြင်များဟာလည်း လိုအပ်လှပါတယ်။ ကြေးရုပ်တုများဟာ ဖြစ်နိုင်ရင် လူအရွယ်အစားထက် တစ်ဆခွဲလောက် ရှိဖို့လိုပါတယ်။ အလားတူပဲ ခုံဟာလည်း ဆတူနီးပါး သို့မဟုတ် နှစ်ဆလောက်မှာ ထားကြတာများပါတယ်။ ဥပမာ လေဘာတီ Statue of Liberty ရုပ်တုဟာ ၁၅၁ ပေမြင့်သလို အောက်ခုံဟာလည်း ပေ ၁၅၀ လောက်ရှိပါတယ်။ ဆိုလိုတာက ရုပ်နှင့် ခုံဟာ လိုက်လျောညီထွေသော အဆင်အပြင် အနေအထား ရှိဖို့လိုတယ်လို့ ဆိုပါရစေ။ ဒါပေမဲ့ ကျောက်တိုင်အမြင့်ကြီးတွေပေါ်က ရုပ်တု (ဥပမာ - နယူးယောက်က ကိုလံဘတ်ရုပ်တု) မျိုးက သီးခြားအဆင်အပြင်ပါ။ (မြန်မာနိုင်ငံက ဦးဝိစာရကျောက်တိုင်လိုမျိုးဟာ ပိုပြီး ကြီးဖို့ လိုပါတယ်။) စက်ဝိုင်းပန်းခြံ အနေအထားကောင်းဖို့လည်း လိုပါတယ်။ ထားပါတော့။

သည်ကမှတစ်ဆင့် လမ်းတစ်ဖက်မှာရှိတဲ့ ဝါရှင်တန် ဒီစီနှင့် သမ္မတအိမ်တော်နှင့်ဆိုင်တဲ့ အထိမ်းအမှတ်လက်ဆောင်ပစ္စည်းဆိုင် Souvenir Shop ကို ဝင်ကြည့်ပါတယ်။ အသုံးအဆောင်ပစ္စည်းတွေ၊ လက်ဆောင်ပေးဖို့၊ အလှအပထားဖို့ ပစ္စည်းများစွာမှာ သမ္မတအိမ်တော်၊ သမ္မတရုပ်ပုံများ၊



www.burmeseclassic.com

www.burmeseclassic.com

ဝါရှင်တန်ဝန်းကျင်က နေရာများစွာကို ရိုက်နှိပ်ထားပါတယ်။ ခဲတံ၊ ဘောလ်ပင်၊ ထီး၊ အင်္ကျီမှအစ ကြွေထည်၊ ဖန်ထည်များဖြစ်ပါတယ်။ ထူးခြားတာကတော့ သမ္မတရုံးခန်းက ပုံစံတူစားပွဲနှင့် စကားပြော စင်မြင့်ကလေးကို ပုံစံတူပြုလုပ်ထားပါတယ်။ ဒီပုံစံတူအခန်းက စားပွဲသို့မဟုတ် စင်မြင့်မှာ အမှတ်တရဓာတ်ပုံ ရိုက်နိုင်ပါတယ်။ ဓာတ်ပုံရိုက်ခွင့်အတွက် အနည်းဆုံး ၁၅ ဒေါ်လာဖိုး နှစ်ခုဝယ်ရင် ဓာတ်ပုံငါးပုံ ရိုက်ခွင့်ပြုပါတယ်။ ဘာပဲဖြစ်ဖြစ် တစ်ခါတစ်ရံ (ဆိုပါစို့ တစ်သက်မှတစ်ကြိမ် ရောက်ခွင့်ရတာမျိုးဖြစ်တဲ့ ခရီးသွား Tourist အဖို့က) အမှတ်တရလည်းဖြစ် ပစ္စည်းလည်းရတာမို့ ဝယ်ကြ၊ ဓာတ်ပုံရိုက်ကြပါတယ်။ တော်ပါသေ့ စိတ်ကူးလို့ ထင်မိပါတယ်။

အမေရိကန်နိုင်ငံသုံးနှင့် ကမ္ဘာသုံး ဒေါ်လာငွေစက္ကူကို ဘယ်လိုပုံနှိပ်ထုတ်ဝေတယ်ဆိုတာကို ပြည်သူအများ (ကမ္ဘာ့ခရီးသွားများပါ) သိအောင် ပုံနှိပ်လုပ်ငန်းကြီးကို ပြသထားတဲ့ Bureau of Engraving and Printing ဌာနကြီးဟာ အမှတ် ၃၀၀၊ ၁၄ လမ်း။ (SW) မှာရှိတယ်။ ဒီဌာနကိုကြည့်ဖို့ ဦးကျော်ဇောညွန့်က ညှော်လက်မှတ်ကြိုယူထားတယ်။ ညှော်သည်တွေကို ၁၅ မိနစ်လျှင်တစ်သုတ်ကျစီ ခေါ်ယူပြီး ရှင်းလင်းပြသတယ်။ ညှော်သည်များက အလှည့်ကျစောင့်နေရုံပဲ။ (လက်မှတ်မှာ အချိန်အတိအကျဖော်ပြထားတာမို့ မိနစ်အနည်းငယ်ကြို ရောက်ရင် လုံလောက်ပါတယ်။ တန်းအရှည်ကြီး ဖြစ်နေမှာစိုးလို့ပါ။ ဘိုးဘိုးကြီးတို့က ၃ နာရီ ၄၅ မိနစ်ပါ။) ဓာတ်ပုံရိုက်ခွင့်ကို အဝင်ကနေ ရှေ့ပိုင်းရှင်းလင်း ဟောပြောဆောင်အထိ (video ဖြင့်ပါ) ရိုက်ခွင့်ပြုပါတယ်။ ရှေ့ခန်းမှ ဓာတ်ပုံများ၊ မှတ်တမ်းများ၊ သမိုင်းဝင်ပစ္စည်းများ ပြထားတာမို့ အများမှတ်တမ်းယူနိုင်ပါတယ်။ အတွင်းခန်းမဆောင် ပုံနှိပ်လုပ်ငန်းအဆင့်ဆင့်ကို အပေါ်မှန်ကာထားတဲ့ စင်္ကြံလမ်းက လျှောက်ကြည့်နိုင်အောင် ကျကျနနစီစဉ်ပေးထားပါတယ်။ ခေတ်မီအော့ဖ်စက်ကြီးများဖြင့် အဆင့်ဆင့်ရိုက်နှိပ်ပုံကို အစအဆုံးစက္ကူဖြူမှ ငွေစက္ကူဖြစ်ပြီးအထိ ထုပ်ပိုးပြီးအထိ ပြသပါတယ်။ ငွေအသင့် ငွေစက္ကူများကို ဘဏ္ဍာရေးဝန်ကြီးဌာနက အတည်ပြုပေးဖို့ ကျန်ပါသေးတယ်။ ပုံနှိပ်ခန်းဟာ သန့်ပြန့်နေပါတယ်။ အလုပ်သမားများ အလုပ်လုပ်နေပုံမှာ စက်ရုပ်တွေလိုပါပဲ။ သန့်ရှင်းသပ်ရပ်နေတယ်။ စင်္ကြံလမ်းတစ်လျှောက်ဟောပြောသူတစ်ဦး လိုက်ပါပြီးပြောပြနေပါတယ်။ ပုံနှိပ်အခန်းတိုင်းမှာ ငွေစက္ကူတန်ဖိုးအလိုက် အလျား လေးပေခန့်ရှိတဲ့ နမူနာငွေစက္ကူကြီးတွေကို ချိတ်ဆွဲပြသထားပါတယ်။

နောက်ဆုံးထုတ်အမေရိကန် ငွေစက္ကူဒေါ်လာ ၁၀၀ တန်ဟာ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၈ ရက်က စတင်ထုတ်ဝေသုံးစွဲပါတယ်။ ရှေးဦးငွေကြေးကတော့ Coin အစားစတင်သုံးစွဲတဲ့ခုနှစ်က ၁၈၆၁ ခုနှစ် ဖြစ်ပါတယ်။ ပြည်တွင်းစစ်ကာလမှာပါ။ ငွေစက္ကူတွေဟာ တစ်ဒေါ်လာမှ နှစ်ဒေါ်လာ၊ ငါးဒေါ်လာ၊ ၁၀ ဒေါ်လာ၊ ၂၀၊ ၅၀ နှင့် ၁၀၀ အထိ လက်ရှိသုံးစွဲလျက်ရှိပါတယ်။ မှတ်တမ်းများဖြင့် ပြတိုက်မှာ ပြသထားသည့် ပုံနှိပ်ထုတ်ဝေခဲ့ဖူးသော ၅၀၀ တန်၊ ၁၀၀၀ တန်၊ ၅၀၀၀ တန်၊ ၁၀၀၀၀ တန်နဲ့ တစ်သိန်းတန်အထိ ဓာတ်ပုံပုံကြီးများဖြင့် တွေ့ရှိခဲ့ပါတယ်။ (မိမိတွေ့နေသော ငွေစက္ကူများတွင် အတွေ့ရအနည်းဆုံးမှာ နှစ်ဒေါ်လာတန် ငွေစက္ကူဖြစ်ကြောင်း တွေ့ရပါသည်။

ပုံနှိပ်ဌာနကိုကြည့်အပြီးမှာ ငွေစက္ကူနှင့် အကြွေပြခန်း၊ မှတ်တမ်းဌာန၊ လက်ဆောင်ဌာနနှင့် အရောင်းခန်းတို့ကို ဆက်လက်ကြည့်ရှုကြရပါတယ်။ အမှတ်တရအဖြစ် ငွေအကြွေပြားကြီးတစ်ပြား (1 cent)ကို ၃ ဒသမ ၅ ဒေါ်လာနှင့်ဝယ်ပြီး လူကြုံနှင့် ရန်ကုန်ကိုပို့လိုက်ပါတယ်။ ငွေစက္ကူများသမိုင်းကို ပြည်သူကိုသိအောင် ပညာပေးပြသထားပါတယ်။


သည်နေရာမှာ အလျဉ်းသင့်လို့ ပြောစရာလေးရှိလာပါတယ်။ နိုင်ငံတော်က ပြုလုပ်ဆောင်ရွက်နေတာကို ပြည်သူတွေကို အကြောင်းကြောင်းကြောင့် ထုတ်ဖော်မပြ၊ မပြာ၊ မကြေညာနိုင်တဲ့ ကဏ္ဍများ (လျှို့ဝှက်၊ ထိပ်တန်းလျှို့ဝှက်များ) ရှိသလို ပြည်သူကသိထားပြီး တာဝန်သိနိုင်တဲ့၊ စောင့်ထိန်းနိုင်တဲ့၊ ဂုဏ်ယူနိုင်တဲ့ (တစ်ခုသော အကန့်အသတ်ဖြင့် တစ်စုံတစ်ရာသော အတိုင်းအတာအထိ) ဖော်ပြနိုင်တဲ့ ကဏ္ဍရှိတယ်ဆိုတာ သိရပါတယ်။ ပြည်သူဟာ တိုင်းပြည်အတွက်ဖြစ်တယ်ဆိုတာကို ခံယူလာအောင် လေ့ကျင့်ပေးဖို့လိုပါတယ်။ ကိုယ်ကျိုးထက် တိုင်းပြည်အကျိုး ဆောင်ရွက်ချင်စိတ်ရှိလာအောင် ပညာပေးပြောနေတာထက် လက်တွေ့လုပ်ပြဖို့ လိုတယ်ဆိုတာ တွေ့ရပါတယ်။

မောင်ကောင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



# အမေ ရေးခဲ့သော စာတစ်စောင်

တက္ကသိုလ်သခ်

ကျွန်တော့်အသက် ကိုးနှစ်အရွယ်တွင် အမေကွယ်လွန်သည်။

ကျွန်တော်, သိတတ်ခါစအရွယ်ဖြစ်၍ အမေဆုံးသည်ကို ကောင်းစွာသိသည်။ အမေက နာတာရှည်ရောဂါသည်ဖြစ်သည်။ ထိုအချိန်က အနောက်တိုင်းဆေးပညာ မထွန်းကားသေးသဖြင့် အမေ့ကို မြန်မာတိုင်းရင်းဆေးဆရာနှင့် ကုသရ၏။ ဆရာနာမည်က ဦးလုဖြစ်၏။ နာမည်နှင့်လိုက်အောင်ပင် "ဆရာလု"က ဉပမိရုပ်ကောင်း၏။

ဆရာလုသည် အမေ့ရောဂါကို ကုသရန် အိမ်သို့ရောက်လာကိုင်း လည်ကတုံးအင်္ကျီ၊ တိုက်ပုံနှင့် မောင့်ကျက်သရေခေါင်းပေါင်းကိုပင် ပေါင်းထားသေးသည်။ ဆရာလု၏ ဆေးသေတ္တာမှာ သားရေဖြင့်မြုလုပ်ထားသဖြင့် သပ်သပ်ရပ်ရပ်ရှိလှ၏။

ဆရာလု အိမ်သို့လာပြီဆိုလျှင် ကျွန်တော်သည် အမေ့အနီးသို့ရောက်လာကာ ဆရာလု၏ လုပ်ပုံကိုင်ပုံကို ကြည့်နေတတ်သည်။ အမေ့အား တိုက်ကျွေးသော ဆေးများမှာ တန်ဖိုးကြီးသည်ဟုသိရ၏။ "ရွှေဆေး"ဟု ဆိုသည်။ ဆရာလု၏ ဆေးသေတ္တာကို ဖွင့်လိုက်လျှင် အတွင်း၌ လက်မ



www.burmeseclassic.com

www.burmeseclassic.com

လုံးပတ်အရွယ် လေးလက်မအရှည်ရှိ ပြောင်ချောပုလင်းလေးများကို အစီအရီတန်းစီ၍ ထည့်ထားသည်ကို တွေ့ရ၏။

ဆရာလှသည် အမေ့အတွက် လိုအပ်သောဆေးများကို ယင်းပုလင်းလေးများမှ စက္ကူအလွတ်အပေါ် လောင်းထည့်ပြီး အသေအချာ ထုပ်ပေးသည်။ ပြီးလျှင် သောက်ရမည့်အချိန်ကို မှာသည်။ အဖေကမှတ်သားပြီး ဆေးထုပ်များကို ယူထားလိုက်သည်။ အမေ့ကို အဖေက ဆေးတိုက်သည့်အခါ ကျွန်တော် အမေ့အနားမှာ ရှိတတ်ပြီး အမေသောက်မည့်ဆေးကို လျှာဖျားဖြင့် တို့ကြည့်၏။ "ချိုအေးမွှေး"သော အရသာ ဖြစ်သဖြင့် အမေဆေးသောက်ရသည်မှာ မပင်မပန်းရှိသည်။ အမေမည်သည့်ရောဂါ ဖြစ်နေသည်ကိုမူ ကျွန်တော် မသိချေ။

ကျွန်တော်သည် အမေ ကျန်းမာစဉ်က အမေနှင့် အတူအိပ်သည်။ အမေ့ရင်ခွင်အတွင်းသို့ ခေါင်းကိုတိုးဝှေ့၍ ကျွန်တော် အိပ်ရသည်ကို ကြည်နူးမိ၏။ အမေက ညနေ ရေချိုးပြီးလျှင် တစ်ကိုယ်လုံး နံ့သာ၊ ကရမက် လိမ်းပြီး အိပ်သဖြင့် အမေ့ထံမှ မွှေးရနံ့သည် ကျွန်တော့်အတွက် အဖိုးတန်ရေမွှေးထက်ပင် တန်ဖိုးရှိလှ၏။

အမေသည် ရေလုပ်ငန်း တည်ထောင်ထားသဖြင့် ငါးဖမ်းလှေများမှ နေ့စဉ်ပို့ပေးသော ငါးသလောက်၊ ငါးယောင်၊ ငါးတန်၊ ငါးမြင်း စသည်တို့ကို နေ့စဉ်လိုလို စားရ၏။ လတ်လတ်ဆတ်ဆတ် စားရသဖြင့် အရသာရှိလှ၏။

ငါးဖမ်းလှေများက ပို့ပေးသော ငါးများမှာ ကျွန်တော်တို့မိသားစု စား၍မကုန်နိုင်သဖြင့် အမေသည် အိမ်နီးချင်းများကို ဝေငှပေး၏။ အမေက အလှူအတန်းရက်ရောသည်။ မကြာခဏ အလှူလုပ်သည်။ ရပ်ကွက်အတွင်းရှိ ကလေးလူကြီးများကို စေတနာသဘောမျိုး ထမင်းကျွေးလေ့ရှိ၏။ သို့ဖြစ်၍လည်း ရပ်ကွက်အတွင်းရှိ လူအများ အမေ့ကို လေးစားချစ်ခင်ကြသည်။

ထို့အပြင် အမေသည် ရပ်ကွက်အတွင်း ဩဇာလည်း ရှိသည်။ အမေပြောလျှင်၊ အမေဆုံးမသွန်သင်လျှင် နားထောင်ကြ၏။ ငွေလိုသူများကို ငွေချေးပေးသည်။ အတိုးအညွန့်မယူ။ အရင်းကို မှန်မှန်ပြန်ဆပ်လျှင် အမေကျေနပ်၏။ ကျွန်တော် မှတ်မိသေး၏။ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့မှ ညီ့သည်တစ်ဦးစ၊ နှစ်ဦးစ ကျွန်တော်တို့အိမ်သို့ ရောက်လာတတ်သည်။ သူတို့နှင့်အတူ ဒေသထွက် သင်ဖြူးဖျာများ ပါလာတတ်သည်။ သင်ဖြူးဖျာများရောင်းသည်ကို တွေ့ရ၏။ ၎င်းဖျာများသည် နွေရာသီတွင် အလွန်အသုံးဝင်သည်။ ပူအိုက်သည့်ရာသီတွင် သင်ဖြူးဖျာခင်း၍ အိပ်ရသည်မှာ ဇိမ်ကျလှပါ၏။ သူတို့သည် အမေ့ထံမှ ငွေချေးလေ့ရှိကြသည်ဟု သိရ၏။

အမေသည် ပထမအိမ်ထောင် ကွယ်လွန်ပြီးနောက် အဖေနှင့် ဒုတိယအိမ်ထောင်ပြုသည်။ ပထမအိမ်ထောင်တွင် သားသမီးငါးဦး ထွန်းကားသည်။ ဒုတိယအိမ်ထောင်တွင် သားနှစ်ဦး ထွန်းကားသည်။ ကျွန်တော့်အထက် အကြီးမှာ ဝမ်းတွင်းမှထွက်ပြီး မကြာမီဆုံးသွားသည်ဟု သိရ၏။ ထို့ကြောင့် ကျွန်တော်မှာ တစ်ဦးတည်းသောသား၊ အငယ်ဆုံးသားဖြစ်၍ အမေသည် ကျွန်တော့်ကို အလွန်ချစ်သည်။ မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင်ပင် ချစ်ရှာသည်။

အမေ့ပထမအိမ်ထောင်မှ အစ်ကို၊ အစ်မများကလည်း ကျွန်တော့်ကို ချစ်ကြသည်။ ညီအငယ်ဆုံး၊ မောင်အငယ်ဆုံးဖြစ်၍ ကျွန်တော့်ကို ဖူးဖူးမှုတ်ထားသည်။

ကျွန်တော်တို့အိမ်မှာ မော်လမြိုင်၊ သံလွင်မြစ်အနီးတွင်ရှိသဖြင့် ရေတက်၊ ရေကျရှိ၏။ ဤသို့ဖြင့် ကျွန်တော်တို့အိမ်နှင့် လူသွားလမ်းကို ဝါးတံတားထိုးထားသည်။

တစ်ခုသော သင်္ကြန်ကာလအတွင်း ကျွန်တော်သည် ကလေးဗိုဗို လမ်းပေါ်၌တွေ့သမျှလူများကို ရေပက်သည်။ ရေပက်ခံရသူတစ်ဦးက ကျွန်တော့်ကိုဖမ်းပြီး မျက်နှာကိုအိုးမဲသုတ်ရန် ကြိုးစားရာ ကျွန်တော်က အိုးမဲအသုတ်မခံလိုသဖြင့် ဝါးတံတားကိုဖြတ်၍ အိမ်သို့ပြေးပြန်၏။ အိမ်သို့အပြေးတွင် ချော်လဲကျပြီး သွပ်နန်းကြိုးအစနှင့် ထိုးမိပြီး ညာဘက်လက်ဖဝါးပေါက်သွားသည်။ စူးနေသော သွပ်နန်းကြိုးကို ကျွန်တော့်အိမ်နီးချင်းတစ်ဦးက နုတ်ပေးရ၏။ သွေးများ ယိုစီးမှု၍ထွက်လာ၏။

ကျွန်တော့်အဖြစ်ကို အမေသိသွားပြီး ရင်တုန်ပန်းတုန်ဖြစ်ကာ မျက်ရည်စုံးစမ်းနှင့် "သားလေးရယ် ဖြစ်မှဖြစ်ရလေ"ဟု ဆိုကာ သူကိုယ်တိုင်ပင် လက်ကိုရေဖြင့် စင်ကြယ်အောင်ဆေးပြီး အိမ်တွင်ဆောင်ထားသည့် တိုင်းရင်းဆေးတစ်



www.burmeseclassic.com

www.burmeseclassic.com

မျိုးကို ထည့်ပေးကာ လက်ကို ပတ်တီးဖြင့် စည်းနှောင်ပေးသည်။ လှုပ်လှုပ်ရှားရှားမဖြစ်အောင် ပဝါစဖြင့် ပခုံးတွင်သိုင်းပေးထားသည်။ နေ့စဉ် ဆေးထည့်၊ ဆေးလိမ်းခြင်းကို အမေကိုယ်တိုင် ယုယစွာလုပ်ပေးသည်။ ထိုအချိန်က မေးခိုင်ကာကွယ်ဆေး ဆိုတာလည်းမရှိသေး။ ဆေးကိုးဖို့လည်း မစဉ်းစားမိ။ မြန်မာ့နည်း၊ မြန်မာ့ဟန် တိုင်းရင်းဆေးဖြင့်သာ ကုသခဲ့ရာ နှစ်ပတ်ခန့်အကြာ ကျွန်တော့်အနာ သက်သာသွားလေသည်။

ကျွန်တော် မှတ်မိသရွေ့ အမေသည် ကျွန်တော့်အား လက်ဖြင့်ဖြစ်စေ၊ တုတ်ဖြင့်ဖြစ်စေ ရိုက်နှက်ခြင်းလုံးဝမပြုလုပ်ပါ။ ကျွန်တော့်ကို ချစ်လွန်းသဖြင့် အလိုလိုက်ခြင်း ဖြစ်ဟန်တူသည်။ သို့သော် အမေသည် ကျွန်တော့်အား ဆုံးမစကား မကြာခဏ ပြောလေ့ရှိ၏။

"သားလေး လိမ်လိမ်မာမာနေရမယ်နော်။ လူကြီးတွေရဲ့စကားကိုလည်း နားထောင်ရမယ်၊ ကလေးအချင်းချင်း ရန်မဖြစ်ရဘူး။ အနာတရဖြစ်အောင်လည်း မလုပ်ရဘူးနော်"

ကျွန်တော်သည် ကလေးပီပီ အမေ့စကားကို အလေးအနက်ထားရမှန်း မသိ။ ခပ်ပေါ့ပေါ့ပင် ထားလိုက်သည်။ ကျွန်တော် ကြီးပြင်းလာသည့်အခါမှသာ အမေ့စကား တန်ဖိုးထားရမှန်းသိလာ၏။ ကျွန်တော့်စိတ်ထဲတွင် အဖေနှင့် အမေကို ယှဉ်လိုက်လျှင် အမေ့ကိုပိုချစ်သည်ဟုထင်သည်။ သူမျာ:မေးလာလျှင် အဖေရော၊ အမေရောပါ အတူတူချစ်သည်ဟု ဖြေတတ်၏။

အမေဆုံးသည့်နေ့က အဖေ၊ ကျွန်တော်နှင့် အစ်မငယ်တို့ အမေ့အနီးတွင် ရှိနေကြသည်။ ကျွန်တော့် အစ်မငယ်သည် အော်၍ငိုသည်။ အမေ ပထမအိမ်ထောင်နှင့် ရသည့် သားသမီးငါးယောက်တွင် အစ်မငယ်က အငယ်ဆုံးသမီးဖြစ်၍ အမေ သူ့အပေါ် အချစ်ပိုသည်။ အနွံတာလည်း ခံသည်။ အမေမရှိလျှင် သူ့အတွက် အားကိုးရာမဲ့သွားလိမ့်မည်ဟု သူထင်မြင်ပုံရသည်။ အစ်မငယ်ငိုသည်ကို ကြည့်ပြီး ကျွန်တော်လည်း ငိုမိသည်။ ကျွန်တော့်စိတ်ထဲတွင် အမေ ဘယ်တော့မှ ပြန်လာလိမ့်မည်မဟုတ်ဟု ထင်မိသည်။ အမေမရှိလျှင် အမေ့ကိုချစ်သော ကျွန်တော့်အဖို့ မည်သူ့အား တွယ်တာရမည်ကို မစဉ်းစားတတ်ပေ။

ထိုအချိန်က အဖေမှာ အစိုးရဝန်ထမ်းဖြစ်သဖြင့် အမြဲတမ်းလိုလို ခရီးထွက်နေရလည်း အိမ်ကပ်သည်ဟူ၍ မရှိ။ ကျွန်တော့်ကို မည်သူကမျှ အမေ့လောက် မချစ်ဟုထင်မိသည်။

အမေဆုံးပြီးနောက် အမေအိပ်ခဲ့သည့် အိပ်ရာကို အဖေကရှင်းလင်းသည့်အခါ အမေ့ခေါင်းအုံးအောက်တွင် စာရွက်ကလေးတစ်ရွက် တွေ့ရသဖြင့် အဖေကယူပြီး ဖတ်ကြည့်ရာ ကျွန်တော့်အား ရည်ညွှန်းရေးသားထားသော စာဖြစ်၍ အဖေက ကျွန်တော့်ကိုပေးသည်။ ကျွန်တော်က စာကိုဖတ်ကြည့်လိုက်၏။

*သားလေး* • • •

*အမေ့ရောဂါ အမေသိတယ်။ အမေ နေရတော့မှာ မဟုတ်ဘူး။ အမေမရှိရင် သားလေး အဖေ့ကို ချစ်ချစ်ခင်ခင်နေ။ အဖေ့စကားကို နားထောင်။ စာကိုလည်း တတ်အောင်နဲ့ ပြီးဆုံးအောင်သင်ပါ သားရယ်။ ပြီးတော့ ကျန်းမာရေးကိုလည်း ဂရုစိုက်။ အမေ သားလေးကို သိပ်ချစ်ပါတယ်ကွယ်။ ငါ့သားလေး အမြဲတမ်း တိုးတက်ကြီးပွား ချမ်းသာပါစေလို့ အမေ ရောက်လေရာဌာနရာကနေ ဆုတောင်းပေးနေမယ်။*

*သားကိုချစ်တဲ့*

*အမေ*

ကျွန်တော် အမေရေးခဲ့သောစာကို ဖတ်ပြီး မျက်လုံးအိမ်မှ မျက်ရည်များ အလိုလိုကျဆင်းလာသည်။ ဝမ်းနည်းကြေကွဲခြင်း။ ယူကျုံးမရခြင်း စသည့်ဝေဒနာများ ရင်အပြည့်ခံစားရပါတော့သည်။ ကျွန်တော့်ရင်မှ ခံစားချက်ကို နှုတ်မှ တိုးတိုးလေး ရေရွတ်လိုက်မိသည်ကတော့ "သားချစ်ရတဲ့အမေ၊ ကောင်းရာသုဂတိ လားပါစေ"ဟူသတည်း • • •။

အမေနေ့ကို ဂုဏ်ပြုလျက် • • •

တက္ကသိုလ်သခ်

၀၉-၄၃၁၉၂၂၆၇



www.burmeseclassic.com

www.burmeseclassic.com

## နှစ် ၂၀ ကျော် အိပ်ပျော်ရာမှ

# ကိုယ့်ရွာပြန်ရောက်လာသူ

မောင်ကျေးရွှေ

ဟန်ဆန်မြစ်ကိုဆန် ရေကြောင်းခရီးဝေးသွားသူတိုင်း ကတ်စကစ်တောင်တန်းကို သတိရကြမှာပါ။ လှပတဲ့တောင်ခြေမှာရှိတဲ့ ရွာထဲမှ မီးခိုးငွေ့ခပ်ပါးပါးကို တွေ့မြင်ရမယ်။ အုတ်ကြွပ်ပုံတူ ပျဉ်ချပ်များမိုးထားတဲ့ အိမ်ခေါင်မိုးများကို သစ်ပင်များကြားမှ ထင်ရှားစွာ တွေ့နေရတယ်။

အဲဒီရွာက အိမ်ကလေးတစ်အိမ်မှာ ရစ်ပန်ဝင်းကဲလ် ခေါ် လူရိုးလူဖြောင့်တစ်ဦး နေလာတာကြာပြီ။ သူဟာကြင်နာတတ်တဲ့ အိမ်နီးချင်းကောင်းဖြစ်ပြီး မယားကြောက်လင်ယောကျ်ားပါ။ သူ့ကို နူးညံ့သိမ်မွေ့ စိတ်ရှည်သူဖြစ်အောင် ဖန်တီးပေးထားတာက ပတ်ဝန်းကျင်အခြေအနေပါ။

စည်းကမ်းကြီး၊ နှုတ်အာကြမ်းပြီး စွာတဲ့မိန်းမကြီးစိုးတဲ့အိမ်က လင်ယောကျ်ားများဟာ တခြားမှာ အမိန့်နာခံလွန်း အရိုအသေပေးလွန်းသူများဖြစ်လေ့ရှိတယ်။ အိမ်နီးချင်း ဇနီးကောင်းများရဲ့အလယ်မှာ ရေပန်းစားနေတာက ရစ်ပန်ဝင်းကဲလ်ပါ။ ရွာထဲက ကလေးများဟာလည်း သူ အနားရောက်ပြီဆို ပျော်မှပျော်။ အော်သူကအော်။

ရစ်ဗန်ဝမ်းကဲရဲ့ မဟာအမှားက အကျိုးအမြတ်ရှိမဲ့ အလုပ်ဟူသမျှ မုန်းတီးခြင်း၊ အခက်အခဲများကို မဖြေရှင်းနိုင်ခြင်းပါ။ ဖွဲ့လုံ့လမရှိ၊ ဖောက်ချ တစိုက်မတ်မတ် မလုပ်တတ်။ ဒါပေမဲ့ အိမ်နီးချင်းရဲ့ အလုပ်ကျတော့ ဘယ်လောက် ခက်ခဲကြမ်းတမ်းပါစေ ဘယ်တော့မှမငြင်း။ အုတ်တံတိုင်းခတ်ပေးရမလား၊ ပြောင်းဖူးအခွံချွတ်ပေးရမလား။ ကိုယ့်အိမ်အလုပ်က လွဲလို့ ဘယ်အလုပ်မဆို လုပ်ပေးသူပါ။

သူချည်းဆိုရင် လောချွန်ကြီး ကိုယ့်ကာဂကိုယ် ရောင့်ရဲတင်းတိမ်နေသူ။ သူ့ဇနီးကတော့ သူ့ထုံထိုင်းမှု၊ နပေါ်နမဲ့နေမှု၊ မိသားစုဘဝ ထိခိုက်နစ်နာမှုများကို အဆက်မပြတ်ကျယ်လောင်စွာ အော်ဟစ်မြည်တွန်တောက်တီးသံများ နားမဆံ့အောင် ကြားရတယ်။ မကြားဝံ့မနာသာ။

ရစ်ဗန်ဝင်းကဲလ်နဲ့ အိမ်ထောင်သက်ရှည်လျားလာတာနဲ့အမျှ အခြေအနေဆိုးသထက်ဆိုးလာတယ်။ အသက်အရွယ်ကြီးလာပါပကောလို့ စာနာထောက်ထားခြင်းမရှိ။ အလွန်စွာတဲ့လျှာကို အပြဲသုံးစွဲနေတော့တာပဲ။

သူ့အိမ်မှ နှင်ချခံရတဲ့အခါ တကိုယမြောက် ဂျော့ဘုရင်ရဲ့ နီရဲတဲ့ရုပ်ပုံချိတ်ထားတဲ့ ထမင်းဆိုင်ရှေ့ခုံတန်းလျားပေါ်မှာ ကျေးရွာဂုဏ်သရေရှိလူကြီးများ၊ တွေးခေါ်ရှင်များ၊ သူတော်စင်များနဲ့ တွေ့ဆုံ၊ ကိုယ့်ကိုယ်ကို ဖြေသိမ့်တယ်။ အဲဒီလူစုလူဝေးရှိရာ သူ့မယား ရုတ်တရက် ရောက်လာပြီး သူ့ကို နှုတ်ကြမ်းလျှာကြမ်းနဲ့ ရန်တွေ့တော့တာပဲ။ တန်ဖိုးမရှိတဲ့သူတွေလို့တောင် ဆဲဒေရးလိုက်သေး။

နောက်ဆုံးတော့ ရစ်ဗန်ဝင်းကဲလ်ဟာ ယာခင်းအလုပ်နဲ့ မယားရဲ့ ဆူပူသံဝေးရာ တောထဲ အမဲလိုက်သေနတ် ဆွဲထွက်တော့ကာ။ သူ့ခွေးလည်းပါသွားတယ်။ ရည်မှန်းချက်မရှိ ခြေဦးတည့်ရာ လျှောက်သွားရင်း ကတ်စကစ်တောင်တန်းရဲ့ အမြင့်မားဆုံးအပိုင်းသို့ မသိစိတ်ဖြင့်လေးဖက်ထောက် တွားသွားတက်မိလျက်သား ဖြစ်သွားတယ်။ သူပြန်ဆင်းတော့မယ်လို့ စိတ်ကူးတဲ့အခါ ခပ်လှမ်းလှမ်းဆီမှ သူ့ကို ခေါ်သံကြားရတယ်။

"ရစ်ဗန်ဝင်းကဲလ် . . . ရစ်ဗန်ဝင်းကဲလ်"

ပတ်ဝန်းကျင်ကို ကြည့်တော့လည်း သူဘာမှမတွေ့ရ။ ကျီးကန်းတစ်ကောင် ပျံဝဲနေတာပဲ မြင်ရရဲ့။ ညနေခင်း



www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်ငြိမ်သက်တဲ့ လေထဲမှာ သူ့ကိုခေါ်သံ ထပ်မံကြားရပြန်တယ်။

"ရစ်ပန်ဝင်းကဲလ် . . . ရစ်ဗန်ဝင်းကဲလ်"

သူ့စိတ်က သူ့ကိုပြန်ဆင်းဖို့ လှည့်ဖြားတာပဲလို့ စဉ်းစားမိတယ်။ ခုဆို သူ့မှာ စိုးရိမ်စိတ်တွေ မသိမသာ ဝင်နေပြီ။ ကျောက်တောင်ပေါ်ကို ထူးဆန်းတဲ့ ပုံရိပ်တစ်ခု ပင်ပန်းကြီးစွာ တရွေ့ရွေ့ တက်လာတာမြင်ရတယ်။ သူ့ကျောပေါ်မှာ တစ်စုံတစ်ခုသယ်လာလို့ ခါးကုန်းနေတယ်။ လူသူမရောက်တဲ့ ဒီနေရာမျိုးမှာ ဒီလူကိုတွေ့ရလို့ အံ့သြသွားတယ်။ ဒါပေမဲ့ မိတ်ဆွေတစ်ယောက် တိုးတာပဲလို့ သဘောထားလိုက်တယ်။ သူ့ကို အမြန်ဆင်းကြိုလိုက်တယ်။ သူက ပုတိုတို။ မျက်နှာက လေးထောင့်။ အိုမင်းရင့်ရော်နေပြီ။ ဆံပင်က စုတ်ဖွားဖွား။ မုတ်ဆိတ်မွေးဖြူဖြူ။ သူ့အဝတ်က ရှေးဟောင်းဒတ်ချ်ဖက်ရှင်။ ဂျာကင်အင်္ကျီကို ဝတ်မထားဘဲ ခါးမှာပတ်ထားတယ်။ မြင်းစီးဘောင်းဘီကို အထပ်ထပ်။ အပြင်ဘက်က ကျယ်ဝန်းပြီး ကြယ်သီးများခြေမျက်စိထိ အတန်းလိုက် တပ်ထားတယ်။ အရက်စည်ပိုင်းကလေးကိုလည်း ပခုံးမှာ တပ်ထားလိုက်သေး။

လူစိမ်းတစ်ယောက်မို့ ရှိုးတိုးရှန့်တန်း ဖြစ်သွားပေမဲ့ ရစ်ဗန်ဝင်းကဲလ်က ပေါ့ပေါ့ပါးပါး အကူအညီပေးလိုက်တယ်။ နှစ်ဦးသား အပြန်အလှန် သက်သောင့်သက်သာဖြစ်သွားတယ်။ ချောင်းစီးနေတဲ့ တောင်ကြားကျဉ်းကျဉ်းအတိုင်း ခဲခဲယဉ်းယဉ်း တက်လာရင်း မော့ကြည့်လိုက်တဲ့အခါ သစ်ပင်ကိုင်းဖျားကြားမှ မိုးပြာရောင်ကောင်းကင်နဲ့ တောက်ပတဲ့ တိမ်တောင်တိမ်လိပ်များကို ရိပ်ခနဲ မြင်ရတယ်။

သူတို့နှစ်ယောက်ဟာ တစ်ချိန်လုံး ဝန်ထုပ်ကို ငြိမ်သက်စွာ သယ်ပိုးလာကြတယ်။ ထူးဆန်းပြီး ဘာရယ်လို့ မသိနားမလည်နိုင်တဲ့ ကြောက်စိတ်များ ဝင်လာတယ်။ ခုံတန်းများဆင့်ကာ ဝိုင်းထားတဲ့ ဇာတ်ခုံစင်မြင့်ပေါ် ဝင်လာတဲ့အခါ အံ့သြစရာ အသစ်များတွေ့ရတယ်။ စင်မြင့်အလယ် ဂုဏ်သရေရှိလူကြီး ကိုးယောက်ဟာ ပုလင်းပုံ တိုင်ကိုးတိုင် ကစားနေကြလေရဲ့။ သူတို့ကြည့်ရတာ ရှေးဆန်ခေတ်နောက်ကျနေကြပုံ။ သူတို့အဝတ်တွေ နှစ်လိုဖွယ်ရှိတာတော့ ထူးဆန်းတယ်။ ဂျို့က လက်ပြတ်အတွင်းခံအင်္ကျီ။ တချို့က ခါးပတ်မှာ ဓားရှည်များချိတ်လို့။ လူများစုက မြင်းစီးဘောင်းဘီကြီးတွေ ဆင်တူဝတ်ထားကြတယ်။ သူတို့မျက်နှာတွေ ထူးခြားတယ်။ တစ်ဦးက ခေါင်းကြီး မျက်နှာကပြပြ။ ဝက်မျက်လုံးလိုလို သေးသေး။ တစ်ဦးက နှာခေါင်းကြီးကြီး။ တစ်ဦးက သူ့ပေါင်မုန့်ဦးထုပ်မှာ ကြက်အမြီးဖြူတပ်ထားတယ်။ သူတို့မုတ်ဆိတ်တွေက အမျိုးမျိုး။ ခေါင်းဆောင်က တုတ်တုတ်ခိုင်ခိုင်။ မိုးလေဒဏ်ကြောင့် မာကျောတဲ့မျက်နှာထားနဲ့ ဇာကွပ်ထားတဲ့ လက်ပြတ်အတွင်းခံအင်္ကျီဝတ်လို့ပါ။ ခါးပတ်က အပြားကြီးကြီး။ ဦးထုပ်မှာလည်း ငှက်တောင်တပ်ထားတယ်။ သူ့ခြေအိတ်ရှည်က အနီ။ လည်ရှည်ဖိနပ်စီးထားပြီး နှင်းဆီပန်းထည့်တယ်။

သူတို့ကစားနေတဲ့ နေရာမှာ မိုးချုန်းသံလို ဘောလုံးသံများ ပွဲတင်သံများမှအပ မကြားရ။ ရစ်ပန်ဝင်းကဲလ်နဲ့ သူ့အဖော် (ဟော်လန်မှ သူတို့ခေါ်လာတဲ့ ရွာသားဒိုမီနီဗန်ရှိတ်) သူတို့နားရောက်လာတော့ ကစားဟာ ရုတ်တရက် ရပ်လိုက်တယ်။ သူတို့က မိမိမျက်နှာ စိုက်ကြည့်ခံရတော့ ရစ်ဗန်ဝင်းကဲလ် အနေကျို့ စိုးရွံ့သွားပြီး ဒူးခေါင်းချင်းရိုက်မိတယ်။

ရစ်ပန်ဝင်းကဲလ်နဲ့ ဒိုမိနီဗန်ရှိတ်တို့ဟာ စည်ပိုင်းထဲက အရက်ကို ချိုင့်ကြီးများထဲပြောင်းထည့် ကစားသမားအဖွဲ့ကို တိုက်ဖို့ ပြင်ရင်း ကြောက်ရွံ့တုန်လှုပ်နေတယ်။ သူတို့ကတော့ အရက်ကို တစ်စက်မကျန် သောက်ပစ်လိုက်ပြီး ဆက်လက်ကစားကြလေရဲ့။

ရစ်ဗန်ဝင်းကဲလ်လည်း အကြောက်ပြေပြီး အရက်ကို အရဲစွန့်မြည်းကြည့်တယ်။ အနံ့အရသာနဲ့ ပြည့်ဝုံတဲ့ အကောင်းဆုံး ဟော်လန်အရက်ပါလား။ ရေဆာနေတာနဲ့ တစ်ကျိုက်ပြီးတစ်ကျိုက် ထပ်သောက်တယ်။ နောက်ဆုံး သူ့အသိတရားတွေ အကြီးအကျယ် ဖိစီးမှုန်ထူသွားတယ်။ ခေါင်းထဲမှာ ရီဝေလာတယ်။ တဖြည်းဖြည်းချင်း ခေါင်းငိုက်စိုက်ကျလာတယ်။ ပြီးတော့ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားတယ်။

သူနိုးလာတဲ့အခါ တောင်ကြားလေးထဲက အဘိုးအိုကို ပထမဆုံးမြင်လိုက်ရတဲ့ တောင်ကုန်းစိမ်းကလေးပေါ်မှာ သူ့ကိုယ်သူ တွေ့လိုက်ရတယ်။ အဲဒီနေ့နံနက် နေရောင်



www.burmeseclassic.com

www.burmeseclassic.com

> **မိန်းမတွေနဲ့ ကလေးတစ်အုပ် သူ့နောက်လိုက်ပြီး သူ့ရဲ့ ရှည်လျားတဲ့ မုတ်ဆိတ်ဖြူ၊ သံချေးတက် အမဲလိုက်သေနတ်၊ ရှေးဆန့် ခေတ်နောက်ကျ ကိုးရိုးကားရား ဝတ်စားဆင်ယင်မှုကို ပိုင်းအုံကြည့်ကြတယ်၊**

ဖြည့်ကလည်း တောက်ပလို့။ ချုံပုတ်တွေကြားက ကမ်းပါး စွန်းမှာ ငှက်ကလေးတွေ ခုန်ဆွခုန်ဆွနဲ့ တစာစာမြည်နေ တယ်။ တောင်တန်းပေါ်က လေပြည်လေညင်းများ တိုက် ခတ်နေတယ်။ ရစ်ဗန်ဝင်းကဲလ်က ဒီလိုစဉ်းစားတယ်။

"သေချာတယ် ငါတစ်ညလုံး ဒီမှာအိပ်ခဲ့တာ မဟုတ်ဘူး"

သူမအိပ်ခင်က အဖြစ်အပျက်များကိုလည်း ပြန်စဉ်း စားတယ်။ ယမကာစည်ပိုင်းနဲ့ ထူးဆန်းတဲ့လူတစ်ယောက် တောင်တန်းအတွင်းက လျှိုမြောင်တောင်ကြားကျဉ်း၊ ကျောက်တောင်များအတွင်းက ဆိတ်ငြိမ်ရာအရပ်၊ စိတ် ပျက်အားငယ်ပုံ ပေါ်နေတဲ့ ပုလင်းပုံ တိုင်ကိုးတိုင် ကစား သမားအဖွဲ့ အရက်ခွက်။

"ဟုတ်ပါပြီ။ ဒီမကောင်းဆိုးဝါးခွက်နဲ့ ငါအရက် သောက်မိတာ။ ငါ့ဇနီးဒိန်းဗန်ဝင်းကဲလ် ငါ့ကို ဘယ်ခွင့်လွှတ် နိုင်မလဲ"

သူ့ပတ်ဝန်းကျင်မှ သေနတ်ရှာတော့ သေနတ် ပြောင်းစလုတ် ကျည်အိမ်များ သံချေးတက်နေပြီ။ တောင် ပေါ်က မသမာသူတို့က သူ့ကို အရက်အလွန်အကျွံတိုက်ပြီး သေနတ်ကိုလည်း ယူသွားလေသလား စဉ်းစားတယ်။ သံသယဝင်တယ်။ သူနဲ့ပါလာတဲ့ခွေးလည်း ပျောက်နေ တယ်။ ရှူး၊ ခါ လိုက်ရင်း မျက်စိလည်လမ်းမှားသွားပြီ ထင်ရဲ့။ ခရာမှုတ်ကြည့်တော့ သူ့အော်သံနဲ့ ခရာသံကို ပဲ့တင်သံသာ ပြန်ကြားရပြီး ခွေးမပေါ်လာ။

ဘာလုပ်ရမလဲ။ နံနက်ခင်းလည်း လွန်မြောက်သွား ပြီ။ ဗိုက်ဆာနေပြီ။ သူ့ခွေးနဲ့ သေနတ်ကို လက်လျှော့လိုက် တယ်။ သူ့ဇနီးကို တွေ့ရမှာ စိုးရိမ်တယ်။ သံချေးတက်သေ နတ်ကိုထမ်း၊ စိုးရိမ်ကြောက်ရွံ့စိတ်တွေ ရင်မှာပိုက်ကာ သူ့ရွာကို ခြေဦးလှည့်လိုက်တယ်။

သူ့ရွာနားရောက် သူတွေအများကြီး သူတွေ့ရ တယ်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ သူမသိ။ အံ့ဩမိတယ်။ လူ တွေ ဝတ်စားဆင်ယင်ပုံကလည်း အရင်နဲ့မတူ။ တစ်မူထူး နေတယ်။ သူတို့အားလုံးက သူ့ကို အထူးအဆန်းအဖြစ် ဝိုင်းကြည့်နေကြတယ်။ အဲဒီတော့မှ သူ့မုတ်ဆိတ်ဖြူ တစ်ပေလောက်ရှည်နေတာ သတိပြုမိတယ်။

သူ့ရွာစွန်ရွာဖျား ဝင်လိုက်တော့ ကလေးတစ်အုပ် သူ့ဆီပြေးလာတယ်။ သူ့မုတ်ဆိတ်ဖြူကို ကြည့်ကြတယ်။ ခွေးတွေကလည်း ဟောင်မှဟောင်။ သူ့ရွာ လုံးဝပြောင်းလဲ သွားပါလား။ ပိုလို့ကျယ်၊ ပိုလို့ လူနေထူထပ်လာတယ်။ အရင်ကမရှိတဲ့အိမ်သစ်တွေ တွေ့ရတယ်။ သူကျက်စား နေကျ အကျွမ်းတဝင်မြင်ကွင်းများ ပျောက်ကွယ်သွားပြီ။ သူ့အိမ်ကိုရှာဖို့ပင် အခက်တွေ့တယ်။ သူ့ဇနီး ဒိမ်းဗန်ဝင်း ကဲလ် ဆူပူကြိမ်းမောင်းမှာစိုးရိမ်စိတ်နဲ့ သူ့အိမ်ဆီသွားတယ်။ အိမ်က ပျက်စီးနေပြီ။ အမိုးပြိုကျ၊ ပြတင်းပေါက်တွေ ကြေမွ နေပြီ။ အိမ်အဝင်တံခါးပေါက်များ ပြုတ်ကျနေပြီ။ ငတ်မွတ် နေတဲ့ ခွေးက ကုပ်နေတယ်။ ခွေးအမည်ခေါ်တော့ သွားဖြဲ ပြ ထွက်သွားတယ်။

သူ့အိမ်ထဲဝင်လိုက်တော့ ဘာမှမရှိ။ စွန့်ပစ်ထားတဲ့ အိမ်ဖြစ်နေပြီ။ ထမင်းဆိုင်ဘက် ခြေဦးလှည့်ပြန်တယ်။ အဲဒီ ဆိုင်မရှိတော့ပါလား။ အဲဒီနေရာ သစ်သားအဆောက်အအုံ ကြီး ဖြစ်နေပြီ။ အပေါက်က ဆိုင်းဘုတ်ဖတ်ကြည့်တော့ "ဂျွန်နသန်ဒူးလစ်ထစ်၏ ပြည်ထောင်စုဟိုတယ်" ဆိုပါလား။

မိန်းမတွေနဲ့ ကလေးတစ်အုပ် သူ့နောက်လိုက်ပြီး သူ့ရဲ့ ရှည်လျားတဲ့ မုတ်ဆိတ်ဖြူ၊ သံချေးတက် အမဲလိုက် သေနတ်၊ ရှေးဆန်ခေတ်နောက်ကျ ကိုးရိုးကားရား ဝတ် စားဆင်ယင်မှုကို ဝိုင်းအုံကြည့်ကြတယ်။

စုဝေးနေတဲ့ နိုင်ငံရေးသမားများက သူ့ကို အာရုံစိုက် ကြည့်ကြတယ်။ တရားဟောဆရာတစ်ဦးက သူ့ကို ဖေးဆွဲ ခေါ်ပြီး ဘယ်ဘက် [illegible]ပေးမလဲလို့မေးတယ်။ ရစ်ဗန်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

ကဲလ်က နှုတ်အနေတယ်။ လူပု ငါးယောက်က သူ့ကို 'ဖက်ဂရယ်လား။ ဒီမိုကရက်လား' မေးတယ်။

"လူကြီးမင်းများခင်ဗျား။ ကျွန်တော် ဆင်းရဲသားပါ။ ဒီရွာဇာတိပါ။ ဘုရင့်သစ္စာခံပါ။ ဘုရားသခင် သူ့ကို ကောင်းချီးပေးပါ"လို့ သူတုံ့ပြန်တယ်။

"သူက တိုရီလား။ သူ သူလျှိုလား။ စစ်ပြေးဒုက္ခသည် လား။ သူ့ကိုမောင်းထုတ်ကြဟေ့"လို့ လူတွေပြောကြတယ်။

"ကျုပ် ဒီကိုရောက်လာတာ ထမင်းဆိုင်ဖွင့်တဲ့ အိမ်နီးချင်းကို လာရှာတာ။ ဘယ်သူ့ကိုမှ ဒုက္ခပေးဖို့ မဟုတ်ဘူး"

"ဒါဆိုပြော သူတို့နာမည်"

"နီကိုလာဗက်ဒါ ဘယ်မှာလဲ"

"သူသေတာ ၁၈ နှစ်ရှိပြီ"

"ဒါဆို ကျောင်းအုပ်ဆရာကြီး ဗန်ဘမ်မဲလ်ကော"

"သူ စစ်ထဲလိုက်သွားတယ်။ စစ်ဗိုလ်ချုပ်ကြီးဖြစ်သွားပြီ။ အခု ကွန်ဂရက်လွှတ်တော်မှာ"

အိမ်နီးချင်းတွေ သတင်းကြားရတော့ သူအသည်းကွဲရပြီ။ အထီးကျန်ခံစားရပြီ။

"ဒီမှာ ရစ်ဗန်ဝင်းကဲလ်ကို သိသူမရှိကြတော့ဘူးလား"

"ဩော် ...ရစ်ဗန်ဝင်းကဲလ်လား သေချာပြီ။ ဟိုသစ်ပင်မှီနေသူ ဖြစ်ရမယ်"

ရစ်ဗန်ဝင်းကဲလ်သည် အပျင်းထူပြီး တောင်ပေါ်တက်ခဲ့တဲ့ သူ့ကိုယ်သူ ပြန်ကြည့်တယ်။ သူလုံးဝ လူချင်းမှားလောက်အောင် ပြောင်းလဲသွားတယ်။ သူ့ကိုယ်သူ ရစ်ဗန်ဝင်းကဲလ်မှ ဟုတ်ပါလေစလို့ သံသယဝင်မိတယ်။ သူမှန်ထူသွားစဉ် သူဘယ်သူလဲ မေးကြတယ်။

မိန်းမငယ်တစ်ယောက်က သူချီထားတဲ့သားက အဘိုးအို ရစ်ဗန်ဝင်းကဲလ်ကိုကြည့်ပြီး ကြောက်နေရှာတယ်။

"ဘာမှမကြောက်နဲ့ ရစ်။ အဘိုးအိုက သားကို ဘာမှမလုပ်ဘူး"

ကလေးအမည်၊ မိခင်၏ လေယူလေသိမ်း၊ သူမအသံတို့က သွေးကစကားပြောဆိုသလို သူ့စိတ်ကို လှုပ်နှိုးလိုက်တယ်။

"မိန်းကလေးရယ် မင်းနာမည် ပြောပါကွယ်"

"ဂျူးဒစ်ဂါးဟင်းနီးယား"

"မင်းအဖေနာမည်"

"ရစ်ဗန်ဝင်းကဲလ် ဆင်းရဲသားပါ။ လွန်ခဲ့တဲ့ နှစ် ၂၀ က သေနတ်ဆွဲထွက်သွားတာ ပြန်မလာတော့ဘူး။ ခွေးပဲ ပြန်လာတယ်။ အဲဒီတုန်းက ကျွန်မက သမီးငယ်လေးပေါ့"

"ဒါဆို မင်းအမေကော"

"အဖေထွက်သွားပြီး မကြာဘူး အမေဆုံးတယ်"

လူရိုးကြီးရစ်ဗန်ဝင်းကဲလ်ဟာ သူ့ကိုယ်သူ မချုပ်တီးနိုင်တော့။ သူ့သမီးနဲ့မြေးကို ဖက်လိုက်တယ်။

"ငါဟာ မင်းအဖေပဲ။ တစ်ချိန်က လူရွယ်ရစ်ဗန်ဝင်းကဲလ်ပေါ့။ ခုတော့ အဘိုးအိုဖြစ်နေပြီ။ ရစ်ဗန်ဝင်းကဲလ်ကို မသိကြတော့ဘူးကိုး"

သူ့ရဲ့ အနှစ် ၂၀ ဇာတ်လမ်းကို တစ်ညတည်းမှာ ပြောဖြစ်ကြတယ်။ အဘိုးအို ပီတာဗန်ဒါဒွန်းက ရစ်ဗန်ဝင်းကဲလ်ကို ပြန်လည်သတိရပြီး သူဖြစ်စဉ်ကို ထောက်ခံပြောတယ်။

"ကတ်စကစ်တောင်တန်းမှာ ထူးဆန်းသတ္တဝါများရဲ့ ကိုယ်ထင်ပြကျက်စားရာ နေရာဖြစ်တယ်။ ဒီမြစ်နဲ့ ဒီရွာကို စတင်တွေ့ရှိသူ ဟင်းဒရစ်ဟာဒ်ဆန်က အဲဒီမှာ လခြမ်းသင်္ဘောသားများဖြင့် အနှစ် ၂၀ မှာ တစ်ခါ ကင်းချထားတယ်။ မြစ်ကိုလည်း သူ့အမည် ဟာဒ်ဆန်လို့ခေါ်စေတယ်။ ပြန်လည် အလည်လာနိုင်ဖို့ မြစ်ကိုစောင့်ရှောက်စေတယ်။ ငါ့အဖေက တစ်ခါက သူတို့ကို ခေတ်ဟောင်းဒတ်ချ် အဝတ်အစားများနဲ့ တောင်ခေါင်းထဲ ပုလင်းပုံ တိုင်ကိုးတိုင် ကစားနေကြတာ မြင်ဖူးတယ်။ ဘောလုံးလှိမ့်သံများလည်း မိုးခြိမ်းသံလို ကြားဖူးတယ်တဲ့ကွ"

ရစ်ဗန်ဝင်းကဲလ်သည် သူ့ခေတ်ပြိုင် သူငယ်ချင်းဟောင်းများစွာကို ပြန်တွေ့ရလို့ ဝမ်းသာရသလို မျိုးဆက်သစ်များနဲ့လည်း မိတ်ဆွေဖွဲ့ဖြစ်ပါတယ်။

**မောင်ကျေးရှူး**

၀၉-၂၁၄၂၆၃၂၈၆

***Ref :- Rip Van Winkle by Wshington Irving From The Modern Children's Library of Knowladge, The World of Books.***



www.burmeseclassic.com

www.burmeseclassic.com

# အနှစ်တစ်ရာတွင် တစ်ကြိမ်သာပေါ်ပေါက်သော လူဝင်စားမှု

■ တိုးထက်

အဆင်မပြေသော ဤလောကတွင် စင်းလုံးချောပြည့်စုံသော လူဝင်စားကိစ္စရပ်ကို ကျွန်ုပ်မမျှော်လင့်ပါ။ သို့ရာတွင် တစ်နေ့သောအချိန်၌ နှစ်တစ်ရာတွင် တစ်ခါမျှလောက်သာ ပေါ်ပေါက်လာသည့် အတော်အတန် အားရကျေနပ်ဖွယ်ရာ ကိစ္စတစ်ရပ်ကို တွေ့ခဲ့ရလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

**ဒေါက်တာစတီဗင်ဆင်**

လူဝင်စားသုတေသီ ဒေါက်တာစတီဗင်ဆင်သည် ကမ္ဘာ့အရပ်ရပ်မှ လူဝင်စားဖြစ်ရပ်များကို ၁၉၆၀ ပြည့်နှစ်မှစတင်၍ နှစ်ပေါင်း ၂၀ တိုင်တိုင် အချိန်ပြည့်လေ့လာခဲ့သည်။

နိုင်ငံပေါင်းများစွာမှ စုဆောင်းရရှိခဲ့သော ကိစ္စရပ်ပေါင်း ၁၈၀၀ ကျော်အနက် မြန်မာနိုင်ငံမှ လူဝင်စားအမှုအခင်းတစ်ခုမှာ ကြုံတောင့်ကြုံခဲ အလွန်ထူးကဲစွာ အချက်အလက်များ ပြည့်စုံပြီး အထူးကျေနပ်ဖွယ်ရာ ဖြစ်သည်ဟု ဆိုပါသည်။ ယင်းကိစ္စကို ဒေါက်တာစတီဗင်ဆင်က (The Case of The Century) "အနှစ်တစ်ရာတွင် တစ်ကြိမ်တစ်ခါသာ ပေါ်ပေါက်သောကိစ္စ"ဟူ၍ ကမ္ပည်းတပ်ခဲ့သည်။

လူဝင်စားလေးအမည်မှာ "မချိုနှင်းထက်" ဖြစ်သည်။ အသက်လေးနှစ်ကျော်သာ ရှိသေးသော သူမကို မိဘသားချင်းများက "ထက်ထက်"ဟူ၍ ချစ်စနိုးခေါ်ကြသည်။ သို့ရာတွင် ဤနာမည်ကို သူမကမကြိုက်။ သူ့ကို "လှဲ့လှဲ့"ဟုခေါ်မှ သဘောကျသည်။ "လှဲ့လှဲ့ မဟုတ်ပါဘူး။ ထက်ထက်ပါ"လို့ သူ့ကိုစကြလျှင် သူ အလွန်စိတ်ဆိုးသည်။

အိမ်သားများအားလုံး အလုပ်သွားနေ၍ နေ့လယ်အခါ အဘွားဖြစ်သူ ဒေါ်မေမာအား သူမ၏ ဘဝဟောင်းအကြောင်းကို ပြတ်တောင်း ပြတ်တောင်း ပြောတတ်သည်။ အဘွားဖြစ်သူက သူ့ကို သမီးဘယ်သူလဲမေးတော့ "လှဲ့လှဲ့ဝေ"ဟု ပြန်ဖြေသည်။ အဘွားဖြစ်သူကို ယခင်က အမေတော်သည်ဟု ပြောသည်။ ဒါဖြင့် အမေ့ရဲ့နာမည်က ဘာလဲမေးတော့ "ဒေါ်မေမာ"၊ အဖေကကော ဘယ်သူလဲမေးပြန်တော့ "ဦးအုန်းခင်"ဟု ပြောသည်။ "သမီး ဘယ်ကိုထွက်သွားတာလဲ"မေးတော့ "ဆရာဝန်တွေက ခွဲလို့ သေသွားတယ်။ ဆရာဝန်တွေနားမှာပဲနေတယ်"ဟု ပြန်ဖြေပါသည်။ အဘွားဖြစ်သူက "သမီးလှဲ့လှဲ့ဝေကို အောက်မေ့လိုက်တာ"လို့ ပြောပြန်တော့ ထက်ထက်က "မာမီအောက်မေ့လို့ပဲ မီးမီး အခုပြန်လာပြီကော"ဟု ဆို၏။ ယခင်ဘဝက လှဲ့လှဲ့ဝေလိုပဲ သူ့ကိုယ်သူ "မီးမီး"ဟု ပြောသည်။ သူ့အခုအဘိုးကိုလည်း ယခင်ကလို "ပါပါ"ဟု ခေါ်သည်။ အဘိုးဖြစ်သူ ဦးအုန်းခင်က ညတစ်ညတွင် နှစ်နှစ်အရွယ်ရှိ ထက်ထက်အား စာသင်ရင်း "သမီးနာမည်ဘာလဲ" မေးတော့ "လှဲ့လှဲ့ဝေ"ဟု ဖြေပါသည်။

**ယခင်ဘဝက လှဲ့လှဲ့ဝေ**

မလှဲ့လှဲ့ဝေသည် ဦးအုန်းခင် - ဒေါ်မေမာတို့၏ သမီးအငယ်ဆုံးဖြစ်သည်။ ပုဇွန်တောင်မြို့နယ်၊ အစိုးရအထက်တန်းကျောင်းတွင် ၁၀ တန်းအထိ ပညာသင်ကြားခဲ့သည်။ မွေးရာပါ နှလုံးရောဂါကြောင့် ရန်ကုန်ဆေးရုံကြီးတွင် နှစ်နှစ်တိုင်တိုင် တက်လိုက်၊ ဆင်းလိုက်နှင့် ဆေးကုသခဲ့သည်။ နောက်ဆုံး လေးငါးခြောက်လ ကြာမြင့်စွာ ဆေးရုံပေါ်တွင်ပင် ဆေးတိုးဆေးကျွေး အားမွေးပြီး ၂၆-၈-၁၉၇၅ ရက်နေ့တွင် ခွဲစိတ်၍ ကုသရသည်။ နှလုံးရောဂါကု ဆရာဝန်ကြီးများအားလုံး ကြိုးစားလုံးပန်းကြသော်လည်း သူ၏ရောဂါသည်



www.burmeseclassic.com

www.burmeseclassic.com

အလွှန်ပင် ဆိုးရွားကျွမ်းလောင်နေပြီဖြစ်၍ ခွဲစိတ်ကုသနေရင်းပင် သေဆုံးသွားရှာသည်။ သေဆုံးချိန်တွင် လဲ့လဲ့ဝေ၏ အသက်မှာ ၂၂ နှစ်သာ ရှိသေးသည်။

## အိပ်မက်ပေးခြင်း

လဲ့လဲ့ဝေ ကွယ်လွန်ပြီး မကြာမီ မိဘများနှင့် အလွန်ရင်းနှီးသော အိမ်နီးချင်းဒေါ်ကြည်စိန်က ဤကဲ့သို့ အိပ်မက်ထဲတွင် လဲ့လဲ့ဝေသည် အိပ်ရာပေါ်နေ သူမ၏ ညီမအရင်းဖြစ်သူ ဒေါ်မြင့်မြင့်၏ရင်ခွင်ပေါ်သို့ တိုးဝှေ့၍ဝင်နေသည်ကို တွေ့ရ၍ "ဟဲ့···လဲ့လဲ့၊ နင်က မကြီးမငယ်နဲ့ ဘာပြုလို့ ဒီလိုဝင်အိပ်နေရတာလဲ" လို့မေးတော့ သူက "အမေမိန်က ဘာသိလို့လဲ။ မီးမီးက မမြင့်နဲ့ အတူနေမလို့။ အမေ (ဒေါ်မေမာ) က ငိုငိုနေလို့ မီးမီး တခြားသွားသွားနေရတယ်" လို့ ပြန်ဖြေသည်။ မှန်ပါသည်။ ဒေါ်မေမာကလည်း သူ့သမီးကလေးကို အစဉ်လိုပင် သတိရပြီး အမြဲလိုလိုပင် ငိုနေတတ်ပါသည်။ သို့ရာတွင် ဒေါ်ကြင်စိန်က သတိပေးဖျောင်းဖျပြီး တရားချသဖြင့် အမေဖြစ်သူလည်း အငိုတိတ်သွားသည်။ ထိုအိပ်မက်ရပြီး ဒေါ်မြင့်မြင့် ကိုယ်ဝန်စတင်ရှိလာသည်။

လူဝင်စားလေး၏ အမေဖြစ်သူ ဒေါ်မြင့်မြင့်သည်လည်း အစွဲအလမ်းမရှိဘဲ ကိုယ်ဝန်ရှိစဉ်က မကြာခဏ အိပ်မက်မက်သည်။ ပထမအိပ်မက်တွင် လဲ့လဲ့ဝေ၏အလောင်းကို သုံးဘီးကားဖြင့် အိမ်သို့သယ်ဆောင်လာသည်ကို တွေ့ရသည်။ အိပ်ရှေ့ခန်းသို့ ရောက်သည့်အခါ လဲ့လဲ့ဝေသည် ပြုံးပြုံးရွှင်ရွှင်ထလာပြီး "မီးမီး မသေသေးဘူး။ ပြန်လာပြီ" လို့ပြောသည်။ နောက်အိပ်မက်တစ်ခုထဲတွင် လဲ့လဲ့ဝေသည် အကြောင်းတစ်ခုခုကြောင့် စိတ်ကောက်ပြီး လမ်းမကြီးကျော်၍ အိမ်ရှေ့အိမ်သို့ သွားနေသည်။ အမေနှင့်အဒေါ်တို့ သွားခေါ်ရာ၌ ပြန်မလိုက်လာဘဲ အတင်းငြင်းဆိုနေတော့သည်။ နောက်ဆုံး ဒေါ်မြင့်မြင့်ကိုယ်တိုင် သွား၍ခေါ်ရသည်။ အစပထမတွင် မလိုက်သေး။ အတန်တန်ငြင်းဆိုနေသေးသည်။ နောက်မှ ဒေါ်မြင့်မြင့်က "ငါ ညည်းကို နှိုတိုက်ထားရတာပါလား" လို့ ပြောသည့်အခါကျမှ "မီးမီးမှားပါပြီ" ဆို၍ ငိုယိုပြီး ပြန်လိုက်လာသည်ကို အိပ်မက်ထဲတွင် တွေ့ရသည်။ (ဤနို့တိုက်ရသည်ဆိုသော ကိစ္စမှာ လဲ့လဲ့ဝေ ဆေးရုံတက်၍ ခွန်အားလွန်စွာ နည်းပါးနေစဉ်အခါက အားရှိစေပြီး အသက်ဆက်နိုင်ရန်ဟူသော အယူအဆရ ဒေါ်မြင့်မြင့်၏နို့ရည်ကို "ဆိတ်နို့" ဟူ၍ လိမ်လည်ပြီး တိုက်ကျွေးခဲ့ခြင်းဖြစ်သည်။) လဲ့လဲ့ဝေ၏ အစ်မအကြီးဆုံး အပျိုကြီးဒေါ်ခင်လေးဝင်းသည်လည်း လဲ့လဲ့ဝေကွယ်လွန်ပြီး သုံးလလောက်အချိန် ညတစ်ညတွင် ဤကဲ့သို့ အိပ်မက်မက်လေသည်။ လဲ့လဲ့ဝေရဲ့အလောင်းကို သုံးဘီးကားနဲ့ ဆေးရုံက အိမ်ကို ပြန်ယူလာတဲ့အခါ မိသားစုအားလုံးတို့က "လဲ့လဲ့မသေဘူး" လို့ ဝိုင်းအော်ကြသည်။ အလောင်းကို အိမ်ရှေ့ခန်းမှာချထားစဉ် လဲ့လဲ့ဝေ၏ အမေက ကလေးတစ်ယောက်ကို ပုခက်လွှဲနေသည်။ ထိုစဉ် လဲ့လဲ့ဝေရဲ့ အလောင်း ပျောက်သွားပြီး ပုခက်ပေါ်တွင် အခြားကလေး တစ်ယောက် ရောက်နေသည်ကို တွေ့ရသည်။

## မိခင်ဖြစ်သူ၏ ထောက်ခံချက်

ထက်ထက်၏ အမေဖြစ်သူ ဒေါ်မြင့်မြင့်က ဤသို့ ထွက်ဆိုပါသည်။

ကျွန်မ ထက်ထက်မမွေးခင်က လူဝင်စားဆိုတာ လုံးဝမယုံကြည်ခဲ့ဘူး။ တွေ့လည်း မတွေ့ဖူးဘူး။ သူ့အတွက် အိပ်မက်ပေးတာတို့၊ သူပြောတဲ့စကားတွေ ကြားရတာတို့၊ သူ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံနဲ့ သဘောထားတွေကိုကြည့်ပြီး ယုံကြည်လာတာပါပဲ။ ထက်ထက်ဟာ သူ့အသက်နဲ့မလိုက်အောင် လူကြီးစကားပြောတတ်တယ်။ အရင်က ကျွန်မကို "အမေ" လို့ မခေါ်ဘူး။ အစ်မလို့ခေါ်တယ်။ သူ့ထက်ကြီးတဲ့ အိမ်နီးချင်း အရင်အတူနေခဲ့တဲ့ လူငယ်များကို "ကိုကို" လို့ ခေါ်နိုင်းလို့မရဘူး။ အရင်ဘဝက ခေါ်သလို စိန်မြင့်၊ မြင့်စိုး လုမိုးလို့ပဲ ရင့်ရင့်သီးသီး အငယ်တွေကို အကြီးက ခေါ်သလိုပဲ ခေါ်တယ်။ ကျွန်မမောင်ကို ဦးလေးလို့မခေါ်ဘူး။ မောင်လေး လို့ ခေါ်တယ်။

တစ်ခါတုန်းကလည်း ထက်ထက် လေးဘက်သွား၊ စကားမပြောတတ်ခင် အဝတ်အစားတွေ ရောထွေးထားတဲ့ အထဲက ဘဝဟောင်းက သူ့ပစ္စည်းတွေကို ဆွဲထုတ်ပြတယ်။ သူ သုံးလသမီးအရွယ်တုန်းကလည်း အမေ့ရင်ခွင်မှာနေတုန်း ကြီးတော် ဒေါ်ခင်လေးဝင်း ခေါင်းဖြီးနေတာကို စိတ်ဝင်တစား စိုက်ကြည့်နေတာ တွေ့ရတယ်။ ဒေါ်ခင်လေးဝင်းက အဖြီးအလိမ်းဝါသနာမပါတော့ လဲ့လဲ့ဝေက သူ့အစ်မကို အစဉ်လိုလို ခေါင်းဖြီး၊ အလှပြင်ပေးလေ့ရှိတယ်။ ထက်ထက်ရဲ့အစ်မ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဝမ်းကွဲ မသီသီဦးက သူ့ကိုပေးထားတဲ့ လဲ့လဲ့ဝေရဲ့ ပုစွန်ဆီရောင် လုံချည်ကို ဝတ်လာတော့ မြင်မြင်ချင်း "မီးမီး လုံချည်"လို့ ပြောတယ်။ အခုထက်ထိ အရင်က သူသုံးနေတဲ့ ဗီရိုထဲကို သူ့ပစ္စည်းတွေပြွတ်သိပ်ပြီး ထည့်သွင်းတယ်။ အခြားသူတွေ သုံးတာကိုလည်း မကြိုက်ဘူး။

ထက်ထက် မွေးတုန်းက သူ့ခေါင်းနောက်က နားရွက်နားမှာ အနီမှတ်ကလေး ထင်ထင်ရှားရှားပါလာတယ်။ ကျွန်မတို့က အမှုမဲ့အမှတ်မဲ့ပါပဲ။ ကျွန်မတို့ အိမ်နီးချင်း ဒေါ်ကောက်ဆိုသူက လဲ့လဲ့ရဲ့အလောင်းပြင်တုန်းက သူ့သူငယ်ချင်းတွေ မှတ်ပေးလိုက်တာလို့ ပြောတော့မှ သိရတယ်။ ကလေးသုံးလ လောက်ရှိတော့ လဲ့လဲ့ရဲ့သူငယ်ချင်း မခင်စိုးရီလာပြီး ကျွန်မကို မီးနေလာမေးတယ်။ သူက ကလေးမှာပါတဲ့ အဲဒီ အနီအမှတ်ကို မြင်မြင်ချင်း ဆေးရုံကြီးမှာ လဲ့လဲ့ရဲ့အလောင်းပြင်တုန်းက သူတို့သူငယ်ချင်းသုံးယောက် တိုင်ပင်ပြီး နှုတ်ခမ်းနီဆိုးဆေးနဲ့ မှတ်လိုက်တာလို့ ပြောပြပါတယ်။

ယခင်ဘဝက လဲ့လဲ့လိုပဲ ယခုဘဝ ထက်ထက်က သူ့လက်စွပ်ကို လက်သူကြွယ်မှာစွပ်ပြီး ဝတ်မယ့်အစား လက်ညှိုးမှာစွပ်ပြီး ဝတ်လေ့ရှိတယ်။ လူကြီးတွေက လက်စွပ်နေရာပြောင်းပေးရင် "မီးမီး အရင်ကလည်း ဒီလိုဝတ်တာပဲလို့ ပြန်ပြောလေ့ရှိတယ်။ နောက် လဲ့လဲ့နဲ့တူတဲ့ အကျင့်တစ်ခုကတော့ အိပ်ခါနီး တံခါးတို့၊ ပြတင်းပေါက်တို့ကို လုံလုံခြုံခြုံ ပိတ်ထား၊ မထား စိုးရိမ်တကြီး လိုက်ကြည့်တတ်တယ်။ ပြီးတော့လည်း အပြင်ထွက်နေတဲ့သူရှိရင် မအိပ်ဘဲ စောင့်နေတတ်တယ်။ မနက်ကျတော့လည်း အစောကြီးထတတ်တယ်။

ထက်ထက်လည်း၊ လဲ့လဲ့လိုပဲ တေးသီချင်း ဝါသနာပါတယ်။ ငယ်ငယ်က သီချင်းဖွင့်ရင် အငိုတိတ်တယ်။

လဲ့လဲ့ဟာ ဆေးရုံမှာ နေမကောင်းတုန်းက ပုတီးစိပ်ပြီး ဘုရားတရားကို အစဉ်အာရုံပြုနေတတ်လို့လား မသိ၊ ယခုဘဝ ထက်ထက်ဟာ ငယ်ငယ်လေးနဲ့ ဘုရားတရားကြည်ညိုတယ်။ ဘုရားစာ၊ တရားစာတွေ လွယ်လွယ်လေးနဲ့ရတယ်။

ထက်ထက်ဟာ သွေးယွက်သံယိုမြင်ရင် ကြောက်တယ်။ ဆေးထိုးရမှာ၊ ဆေးစားရမှာလည်း အလွန်ကြောက်ပါတယ်။ ယခင်ဘဝက လဲ့လဲ့လည်း လေးငါးခြောက်လ ဆေးထိုးခံရ၊ ဆေးစားရတာ တော်တော်စိတ်ပျက်မှာပါပဲ၊

ထက်ထက်ရဲ့ ရင်ဘတ်မှာ မွေးရာပါ အဖြူစင်းအကြောင်းလေး ပါလာတယ်။ သူ့အသားက ဖြူဖြူဖွေးဖွေးဆိုတော့ အဲဒီအဖြူစင်းလေးကို ပထမသတိမထားမိဘူး။ မမြင်မိဘူး။ မိတ်ဆွေတစ်ဦးက ဘဝဟောင်းကဒဏ်ရာများဟာ ဘဝသစ်မှာ ပါလာတတ်တယ်လို့ ပြောတော့မှ ကျွန်မတို့ ကြည့်မိတယ်။

ဒီအမှတ်ဟာ ယခင်ဘဝက လဲ့လဲ့နှလုံးရောဂါကို ကုယရာမှာ ရင်ဘတ်တွင် ခွဲစိတ်ပြီး ပြန်လည်ချုပ်ထားသော ဒဏ်ရာနှင့်တူနေပါတယ်။

ထက်ထက်ဟာ ယခင် လဲ့လဲ့ဘဝက အလွန်ခင်မင်သော သူငယ်ချင်းများကို မှတ်မိတယ်။ ယခင်ဘဝက မိမိအား ခွဲစိတ်ကုသခဲ့သော ဆရာဝန်ကြီးဦးခင်မောင်သော်ကို လည်း မှတ်မိတယ်။ (ဆရာဝန်ကြီး ဦးခင်မောင်သော်နှင့် ဇနီးဖြစ်သူ ဆရာဝန်ကြီးဒေါ်ခင်သန်းညွန့်တို့ နှစ်ဦးစလုံးသည် ဘဝပြောင်းပြီးသနာကို စိတ်ဝင်စားသဖြင့် သူတို့သိသော လူဝင်စားကိစ္စရပ်နှစ်ခုကိုပင် ဒေါက်တာစတီဗင်ဆင်တို့ထံ ဆက်သွယ်ပေးခဲ့ပါသည်။)

## အနှစ်တစ်ရာမှာ တစ်ကြိမ်သာ ပေါ်ပေါက်သောကိစ္စ

အထက်ဖော်ပြပါ လူဝင်စားမလေး "မချိုနှင်းထက်" ကို လူဝင်စားသုတေသီ ဒေါက်တာစတီဗင်ဆင်မှ စနစ်တကျ သုတေသနပြု မှတ်တမ်းတင်ထားခဲ့သည်။ လူဝင်စား ထက်ထက်ကလေးသည် ယခင်ဘဝက လဲ့လဲ့ဝေကဲ့သို့ နှလုံးရောဂါ ပါလာသည်၊ မပါလာသည်ကို သိရှိနိုင်ရန် (E.C.G) အီးစီဂျီ စက်ဖြင့် စမ်းသပ်ရန်အထိ သုတေသီတို့က စဉ်းစားကြသေးသည်။ သို့ရာတွင် အလွန်နုနယ်သေးသော ကလေး၏စိတ်ဓာတ်ကို မတော်တဆ ထိခိုက်သွားမည်စိုး၍ နောင်ကြီးပြင်းလာသောအခါမှ စမ်းသပ်ရန် ဆုံးဖြတ်ကြကြောင်း သိရပါသည်။

ဒေါက်တာစတီဗင်ဆင်က သူ လေ့လာခဲ့သော လူဝင်စားကိစ္စများအနက် မချိုနှင်းထက် ကိစ္စမှာ ကြုံတောင့်ကြုံခဲ အထူးကျေနပ်ဖွယ်ရာ ဖြစ်သဖြင့် ယင်းအမှုကို "အနှစ်တစ်ရာတွင် တစ်ကြိမ်တစ်ခါသာ ပေါ်ပေါက်သောကိစ္စ" ဟူ၍ ကမ္ဘည်းတပ်ခဲ့လေသည်။

စာညွှန်း ။ ဦးဝင်းငြိမ်း၏ ဘဝအိုးမတိမ်အကြိမ်ကြိမ်။

**တိုးထက်**



www.burmeseclassic.com

www.burmeseclassic.com

# လူဝင်စား မိသားစု

■ သမီးဗဂျီအောင်စိုး(ဒေါ်ခမ္မစာရီ)

ရောဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ၊ မော်လမြိုင်ကျွန်းမြို့ (မော်ကျွန်း)ဟုလည်း ခေါ်ပါသည့်မှ မိသားစုနွယ်ဝင်များသည် ယခုဘဝတွင် တစ်အိမ်တည်း၌ အတူတကွ လာရောက်နေထိုင်ကြလျက် ရှိသောကြောင့် အံ့ဩဖွယ်ရာကို ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။

စာရေးသူသည် ပင်စင်ယူပြီးမှ စာရေးသည့်အလုပ်ကို ဝါသနာအလျောက် ရေးသားခဲ့ပါသည်။ ပထမဦးစွာ ရေးသားသောစာများမှာ ဗေဒင်ပညာအကြောင်း၊ သိကောင်းစရာများကို ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ တစ်ဖန် သာသနာ့ဘောင်သို့ သီလရှင်ဘဝဖြင့် ဝင်ရောက်ပြီးသည့် အချိန်မှစ၍ တရားဓမ္မနှင့် စပ်လျဉ်းသော စာများကို ရေးသားခဲ့ပါသည်။ ဘုရားဖူးခရီး မကြာခဏထွက်ခြင်းကြောင့် ဘုရားဖူးဆောင်းပါးများကိုလည်း ယခုထက်တိုင် ရေးသားလျက်ရှိပါသည်။ လူဝင်စားအကြောင်းဆိုလျှင် ဖခင်ကြီး ဗဂျီဦးအောင်စိုးနှင့် မိခင်ကြီး ဒေါ်နှံနုတို့အကြောင်း စာနစ်ပုဒ်သာ ရေးသားဖူးပါသည်။

ဖခင်ကြီး ကွယ်လွန်ခဲ့သည်ကို ဝါဆိုလပြည့်နေ့ ရောက်တိုင်း အမှတ်ရပြီး အသက်အရွယ် နေနိုင်ပါသေးလျက် စောလင့်စွာ ကွယ်လွန်ခဲ့ရ၍ "အကြွေစော၍ နှမျောမိသည်" ဟူသော ခေါင်းစဉ်ဖြင့် စာတစ်ပုဒ်၊ မိခင်ကြီးမှာ သက်တမ်းစေ့ ၈၃ နှစ်မှ ကွယ်လွန်သော်လည်း သေခါနီးတွင် အစွဲအလန်းတစ်ခုကြောင့် လူဝင်စားပြန်ဖြစ်ရ၍ "အမေနှင့် လူဝင်စား" ဟူသော စာတစ်ပုဒ်ကိုလည်းကောင်း စာရေးသူ ရေးသားခဲ့ပါသည်။

စာရေးသူဒကာကြီး၏ အစ်မကြီးဖြစ်သော ဒေါ်ပိုက်တင် ပြောပြချက်များအရ ဤဝင်စားသောလူများ၏အကြောင်းကို သိရှိရခြင်း ဖြစ်ပါသည်။ အစ်မကြီးဖြစ်သူ ဒေါ်ပိုက်တင်သည် မောင်အငယ်ဆုံးနှင့် ရန်ကုန်တွင် မိခင်ကြီး ကွယ်လွန်ပြီးသည့်နောက် လိုက်နေခဲ့ရာ စာရေးသူ သီလရှင်ဝတ်သည့်အချိန်မှ တူမများနှင့် ယခုတိုင် နေထိုင်လျက်ရှိပါသည်။ (ပုံမှာ အစ်မကြီးဒေါ်ပိုက်တင် အသက် ၈၅ နှစ်ပုံ) ဖြစ်ပါသည်။

ထိုမိသားစုများအကြောင်းကို မရေးသားခင် စာရေးသူတို့မိသားစု ဖခင်ကြီးဗဂျီဦးအောင်စိုး၏ ဖခင် ဦးဘချစ်တင် (ဘိုးဘိုးကြီး)၏ ပြောပြချက်အရ စာရေးသူအကြောင်းကိုလည်း ရေးသားရပါဦးမည်။ ဗဂျီဦးအောင်စိုး၏ မိဘများမှာ ဦးဘချစ်တင်၊ ဒေါ်တင့်အုံတို့ဖြစ်ပြီး၊ ဖခင်ကြီးနှင့် အစ်မဒေါ်တင်ရီ မောင်နှမနှစ်ယောက်သာ ရှိပါသည်။ ဤမိသားစုလေးယောက်တို့တွင် မိခင်ဒေါ်တင့်အုံနှင့် အစ်မဒေါ်တင်ရီတို့ သားအမိနှစ်ယောက်သည် ဤမိသားစုတွင် ပြန်ဝင်စားကြပါသည်။ မိခင်ဖြစ်သူ ဒေါ်တင့်အုံမှာ စာရေးသူဖြစ်ပြီး၊ အစ်မဒေါ်တင်ရီမှာ ညီမအငယ်ဆုံး ဒေါ်မြမြစိုး (ယခုသီလရှင်ဆရာ[...] ဒေါ်ပညာဝတီ) ဖြစ်ပါသည်။ စာရေးသူတို့ မိသားစုအား[...] အသားဖြူပြီး မိဘနှစ်ပါးမှာ ဖြူဖြူချောချော ဖြစ်သော်လည်း မွေးလာသော သမီးဦးစာရေးသူသည် အသားညိုပြီး အဘွား[...] ဒေါ်တင့်အုံနှင့်တူကြောင်း သိရှိရပါသည်။ ညီမဒေါ်ပညာဝတီမှာ ကြီးကြီးမေဒေါ်တင်ရီ ဝင်စားကြောင်း၊ ရုပ်တူပြီး စိတ်သဘောထားများပါ တူကြောင်း၊ မိခင်ကြီးပြောပြချက်အရ သိရှိရပါသည်။ စာရေးသူတို့ဘက်မှ ဝင်စားသူနှစ်ဦးစလုံးမှာ ရုပ်ဆင်းသဏ္ဌာန် တူကြသော်လည်း ဒကာကြီးတို့ဘက်မှ ဝင်စားသူများသည် ရုပ်ရည်မတူကြကြောင်း တွေ့ရှိရပါသည်။ စာရေးသူတို့ ညီအစ်မနှစ်ယောက် အကြောင်းမှာ အထူး[...] ပြစရာ အကြောင်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော်[...]များ



www.burmeseclassic.com

www.burmeseclassic.com

က ဘာမှပြောပြခဲ့ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ ယခု စာရေးသူ၏မိခင်ကြီး ဒေါ်နုနုမှာလည်း ထူးထူးဆန်းဆန်း အစွဲအလမ်းကြောင့် ရမည်းသင်းမြို့ သစ္စည်းရွာတွင် လူဝင်စားသွားဖြစ်နေပါသည်။ ယောကျ်ားလေးဖြစ်သည်။ မိမိသေလျှင် ယောကျ်ားဘဝ ရောက်လိုသည်ဟု မကြာခဏပြောသည့်အတိုင်း ယခုဘဝ ပြောင်းသောအခါ လူဝင်စားယောကျ်ားလေး ဖြစ်လာပါသည်။

မိခင်ကြီးသည် သစ္စည်းရွာတွင် နေထိုင်သော ဒေါ်အမာရွှေတို့ မိသားစုကို အလွန်ခင်မင်ပါသည်။ ရိုးသားကြပြီး ချမ်းသာကြွယ်ဝသော မိသားစုဖြစ်သည်။ မိခင်ကြီးသည် အလှူရေစက် လက်နှင့်မကွာ လှူဒါန်းခဲ့ပြီး ဘာသာရေး အလွန်ပီသနာပါကာ တရားဘာဝနာကို အားထုတ်ရင်း ကွယ်လွန်ခဲ့သဖြင့် ဘုန်းမဖြစ်ချင်သော ယောကျ်ားလေးဘဝကို ချမ်းသာကြွယ်ဝသော မိသားစုဝမ်းအတွင်း ဝင်စားခဲ့ပါသည်။



အစ်မကြီး ဒေါ်ပိုက်တင် အသက် ၈၅ နှစ်ပုံ

ဒကာကြီးဦးမောင်မောင်ကြီးတို့ မိသားစုတွင် ဖခင်ကြီး ကွယ်လွန်ခဲ့ပြီးနောက် မိခင်ကြီး ဒေါ်သိန်းညွန့်၊ အစ်မကြီး ဒေါ်ပိုက်တင်၊ အစ်ကိုအလတ် ဦးထွန်းကြည်နှင့် အငယ်ဆုံး ဦးမောင်မောင်ကြီး မိသားစုလေးယောက် ရှိပါသည်။ ဤလေးယောက်တွင် အစ်ကိုအလတ် ဦးထွန်းကြည်မှလွဲ၍ ကျန်လူများသည် မိသားစုတစ်စုထဲတွင် အတူတကွ ရှိနေကြပါသည်။ ထို့အပြင် ၎င်းတို့သားစုအနွယ်ဝင် ဒေါ်သိန်းညွန့်၏ ဦးလေးတော်သူ တစ်ဦးကလည်း စာရေးသူ၏ သမီးအငယ်ဆုံး မချိုလွင်ကြီး အဖြစ်ပြန်ဝင်စားခဲ့ပါသည်။ ဤအထဲတွင် ခွေးတစ်ကောင်လည်း ပါနေသေး၍ အလွန်ထူးဆန်းသော မော်ကျွန်းလူဝင်စားများ ဖြစ်ကြပါသည်။

အစ်မကြီးဒေါ်ပိုက်တင်မှာ ယခင်ဘဝက ယောကျ်ားဘဝဖြစ်ခဲ့ပြီး၊ အမည်မှာ ဦးဘဘေွး ဖြစ်ပါသည်။ စက်ချုပ်အလွန်တော်သော စက်ဆရာတစ်ဦး ဖြစ်ခဲ့ကာ ယခုဘဝတွင် လက်ချုပ်၊ ပန်းကြယ်တံ၊ တိုက်ပုံအင်္ကျီပန်းလိုက် (ယခင်ခေတ်က အလွန်ခေတ်စားသော အပ်ထည်များ)ကို ချုပ်လုပ်ခဲ့ပါသည်။ မော်ကျွန်းတစ်မြို့လုံးတွင် မိခင်ကြီးဒေါ်သိန်းညွန့်နှင့် ဒေါ်ပိုက်တင်တို့ သားအမိကို မသိသူမရှိအောင် နာမည်ကျော်ခဲ့ကြပါသည်။ ဦးလေးဦးဘဘေွးက မိဘများနှင့်အတူ လာနေမည်ဖြစ်ကြောင်း မိန်းမအဖြစ်နှင့် လာနေမည်ဟုဆိုကာ ယခု အစ်မကြီးဒေါ်ပိုက်တင်ဘဝနှင့် လာရောက်နေခြင်း ဖြစ်ပါသည်။ ဒေါ်ပိုက်တင်သည် ယခု အသက် ၈၅ နှစ်ရှိသည့်တိုင်အောင် လူကြီးရောဂါ၊ သွေးတိုး၊ နှလုံး အနည်းငယ်စီရှိသော်လည်း တူမအလတ် သရောင်နမ၏ ဂရုစိုက်မှုကြောင့် ကျန်းကျန်းမာမာနှင့် ဥပုသ်သီတင်း ဆောက်တည်၍ တောင်ဥက္ကလာပနေအိမ်တွင် မောင်နှမငယ်ဆုံး၊ တူမများနှင့် နေထိုင်လျက်ရှိပါသည်။

မိခင်ကြီးဒေါ်သိန်းညွန့်မှာ ဒေါ်ပိုက်တင် ၃၅ နှစ်အရွယ်တွင် ဗိုက်အောင့်ရောဂါဖြင့် ရန်ကုန်ရှိ သားအငယ်ဆုံး နေအိမ်တွင် ကွယ်လွန်ခဲ့ပါသည်။ ယခင်ဘဝက ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့သောကြောင့် ယခုဘဝတွင် အကျိုးပေးကောင်းပါသည်။ နောင်ဘဝတွင်လည်း အကျိုးပေးကောင်းဦးမှာ ဖြစ်ပါသည်။ ယခင်ဘဝက ရုပ်မချောခဲ့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

ယခုဘဝတွင် ရုပ်ချော၍ ဥစ္စာပစ္စည်း ပြည့်စုံကာ ပညာတတ် ဆ မတစ်ဦး ပါသည်။ သားနှင့် သမီးဖြစ်သူ ဦးမောင် ေ ကြီးနှင့် ဒေါ်ပိုက်တင်တို့ နှစ်ဦးအား တစ်ပြိုင်နက် အိပ်မ ပေးပြီး ၎င်းတို့နှင့်အတူ လာနေမည်ဟု ပြောပါသည်။ စာရေးသူ၏ သမီးအလတ် ဒေါက်တာတင်တင်ကြီးအဖြစ် ပြန်လည်ဝင်စားပါသည်။ အလှူအတန်းကို ရက်ရော၍ သနားကြင်နာတတ်ကာ အကုသိုလ်ဟူသမျှကို ရှောင်ရှားတတ်ပါသည်။ ထို့ကြောင့် နောင်ဘဝကူး ကောင်းဦးမှာဖြစ်သည်။

ဦးမောင်မောင်ကြီးသည် မိခင်ဒေါ်သိန်းညွန့်၏ ဦးလေးတော်ခဲ့ပြီး အမည်မှာ ဦးဖိုးယုဟု ခေါ်ပါသည်။ ယခင်ဘဝက ကျန်းမာရေးညံ့သောကြောင့် စိန်တစ်လုံး ခမည်းပေးခဲ့ရပါသည်။ ကွယ်လွန်ပြီး ဦးမောင်မောင်ကြီးအဖြစ် ပြန်ဝင်စားသော်လည်း ကျန်းမာရေး အလွန်ညံ့သောကြောင့် ပုဏ္ဏားများအား ဗေဒင်မေးသောအခါ စိန်တစ်လုံးကို ဆံထိုးလုပ်ပြီး

▶▶▶▶▶▶▶▶▶▶▶

**ရှင်းခွေးသည် ငွေကိုခင်သည်။ ရွှေကိုခင်တတ်သည်။ အိမ်က လူအချင်းချင်း ငွေကိုင်နေကြလျှင် ဘာမှမလုပ်သော်လည်း လူစိမ်းအား ငွေပေးလျှင် မာန်ဖီတတ်ကြောင်း သိရပါသည်။ ၎င်းသည် ရွှေကိုပြလျှင် လိုက်ကြည့်ပြီး သဘောကျနေတတ်သည်ဟု ပြောပြကြပါသည်။**

▶▶▶▶▶▶▶▶

သျှောင်ထုံးတွင် ထိုးပေးခိုင်းပါသည်။ မိဘများက စိန်တစ်လုံးကို ခမည်းပေးသော်လည်း ဆံထိုးတော့ လုပ်မပေးပါ။ အမျိုးများက အမည်ကို မခေါ်ကြဘဲ "စိန်တစ်လုံး"ဟုသာ ခေါ်ကြကြောင်း သိရှိရပါသည်။

စာရေးသူ၏ သမီးအငယ်ဆုံး မချိုလွင်ကြီးမှာလည်း ၎င်းတို့အမျိုးများထဲမှ ပြန်ဝင်စားကြောင်း သိရှိရပါသည်။ အဘွားဖြစ်သူ ဒေါ်သိန်းညွန့်၏ဦးလေး ဦးဖိုးနု ပြန်ဝင်စားခြင်းဖြစ်သည်။ ဦးဖိုးယု၊ ဦးဖိုးနု ညီအစ်ကိုနှစ်ယောက်စလုံးက တူမဖြစ်သူ ဒေါ်သိန်းညွန့်အား ချစ်ခင်သောကြောင့် ပြန်ဝင်စားခြင်းဖြစ်သည်။ ဒေါ်သိန်းညွန့်မှာ အညာဇာတိဖြစ်၍ ကပ်စေးနှဲကြသော အညာသူအညာသားများ ဖြစ်သော်လည်း ယခုဘဝတွင် ကပ်စေးမနှဲပါ။ သို့သော် မချိုလွင်ကြီးမှာ ကပ်စေးနှဲတတ်ပါသည်။ ထို့ကြောင့် မိသားစုများက အညာသားကပ်စေးနှဲဟု ခေါ်တတ်ကြပါသည်။ ယခင်ဘဝလောက်တော့ ကပ်စေးမနှဲပါဟု ဒေါ်ပိုက်တင်က ဆိုပါသည်။

စာရေးသူတွင် သမီးသုံးယောက်ရှိခဲ့ရာ သမီးအကြီးဆုံး ခင်ခင်ကြီးမှာ လူဝင်စားမဟုတ်ပါ။ သို့သော် ထူးဆန်းသည်မှာ ၎င်းခင်ပွန်း၏အဘွား (မိခင်၏အမေ) ဒေါ်တာမွန်းသည် ၎င်း၏သမီးကြီး မစန္ဒီနိုင်စိုးအဖြစ် ပြန်ဝင်စားခြင်းဖြစ်သည်။ ၎င်းသည် တောင်ကြီးမြို့တွင် နေထိုင်ပြီး ရှမ်းအမျိုးသမီးကြီး ဖြစ်သည်။ အဖိတ်နေ့တွင် မနက်ဖြန်ဥပုသ်နေ့၌ ဘုန်းကြီးကျောင်းတွင် ဥပုသ်စောင့်ရန် ခြင်းတောင်းအတွင်း လှူဖွယ်ပစ္စည်းများထည့်ပြီး ပြင်ဆင်ထားပြီးချိန် ညနေဘက်တွင် ဦးနှောက်သွေးကြောပြတ်၍ ကွယ်လွန်သောကြောင့် ယခုဘဝတွင် ချမ်းသာကြွယ်ဝသောသူအဖြစ် ခံစားရပါသည်။ အင်္ဂလိပ်စာဖြင့် ဘွဲ့ရပြီး အင်္ဂလိပ်စာသင်ကြားသော ဆရာမအဖြစ် လုပ်ကိုင်ကာ ပြည့်စုံစွာ နေထိုင်နိုင်ခဲ့ပါသည်။ ကလေးဘဝကတည်းက အလှူအတန်း ဝါသနာပါကာ ကစားလျှင် ခြင်းတောင်းထဲတွင် ပစ္စည်းများထည့်၍ ဘုန်းကြီးကျောင်းသွားမည်ဟု ပြောတတ်ပါသည်။ ယခင်ဘဝက ဒေါ်တာမွန်းမှာ တယ်လီဖုန်း အော်ပရေတာတစ်ယောက် ဖြစ်ခဲ့၍ ယခုဘဝတွင် တယ်လီဖုန်းကို အလွန်ခုံမင်နှစ်သက်လျှက်ရှိပါသည်။ ကလေးဘဝတွင် တယ်လီဖုန်းဆက်တမ်း ကစားလေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤမျှအံ့ဩဖွယ်ကောင်းအောင် "လူဝင်စားမိသားစု" များ ဖြစ်ရုံမက အိမ်တွင်မွေးထားသော "ဂျက်ကီ" မှာလည်း ခွေးဝင်စားဖြစ်သည်။ လူ့ဘဝမှ သူတစ်ပါးပိုက်ဆံကို ပြန်မပေးခဲ့၍ ယခုဘဝတွင် အကြွေးပြန်ပေးဆပ်ရန် ရောက်ရှိလာရခြင်း ဖြစ်သည်။ ဒေါ်သိန်းညွန့်၏ မိတ်ဆွေတစ်ဦးဖြစ်ပြီး ငွေကြေးများကို မကြာခဏချေးယူပြီး ပြန်ဆပ်တတ်ပါသည်။ ယခု နောက်ဆုံးတစ်ခေါက်တွင်မူ ဒေါ်သိန်းညွန့်သည် ရန်ကုန်၌ ကွယ်လွန်သွားပြီး၊ ဒေါ်ပိုက်တင်မှာလည်း သားအမိနှစ်ယောက်တည်း ရှိသောကြောင့် ရန်ကုန် မောင်အငယ်ဆုံး ဦးမောင်မောင်ကြီးအိမ်တွင် နေဖြစ်သွားပါသည်။ ထို့ကြောင့် ထိုမိတ်ဆွေမှာ ဒေါ်သိန်းညွန့်တို့ သားအမိနှင့် အဆက်ပြတ်သွား၍ ချေးထားသောငွေများကို ပြန်မဆပ်နိုင်ခဲ့ပါ။ ဤအကြောင်းများ ကို သိရှိရခြင်းမှာ တစ်နေ့တွင် ဒေါ်ပိုက်တင်သည် ကုလားထိုင်ကွင် ထိုင်၍ ပုတီးစိပ်နေစဉ် ထိုမိတ်ဆွေ၏ ရုပ်ကို ထင်ရှားစွာ မြင်ရပြီး နှစ်ပေါင်းအလွန် ကြာသွားခဲ့သော်လည်း မှတ်မိနေကာ ၎င်းက အောက်ပါအတိုင်း စကားပြောပါသည်။

"အမယ်လေး အပိုက်ရယ်၊ ငါ နင်တို့သားအမိကို ရှာနေတာ ကြာလှပြီ။ အခုမှပဲ မသိန်းညွန့်အိမ်ကို ရှာတွေ့ရတော့တယ်။ ငါလာနေပြီး နင်တို့ကို စောင့်ရှောက်မှာပါ။ မသိန်းညွန့်ကျေးဇူးတွေက ငါ့မှာရှိတယ်"ဟုပြောပြီး လှမ်းပျောက်သွားပါသည်။

ထိုမှုဂ္ဂိုလ်မှာ ယခင်ဘဝက ဈေးသည်တစ်ဦးဖြစ်ပြီး ဈေးအော်ရောင်းကာ လမ်းပေါ်လျှောက်သွားနေရသူ ဖြစ်သည်။ ထိုလူသည် ယခုဘဝ ကြွေးပေးစရာရှိ၍ ဒေါ်ပိုက်တင်နှင့်တွေ့ကာ လာနေမည်ဟု ပြောခြင်းဖြစ်သည်။ ဒေါ်ပိုက်တင်မှာ ရုတ်တရက် အိပ်မက်လိုလို၊ တကယ်လိုလိုနှင့် တွေ့ဆုံကြရခြင်းဖြစ်သည်။ မကြာမီ ခွေးတစ်ကောင်မှာ ကားတိုက်မိ၍ လက်ကျိုးကာ အိမ်မှ ဇကာကြီးဦးမောင်မောင်ကြီးက ဆေးစည်းပေးရင်းနှင့် လက်ကလေး ထော့ကျိုးဖြစ်ကာ အိမ်မှာပြဲ နေပါသည်။ ဈေးသည်လာလျှင် ယခင်မွေးဖူးသော ခွေးများက တစ်ကောင်မှ လိုက်မအူတတ်ပါ။ ယခု "ဂျက်ကီ" ခေါ် ဤခွေးကျမှ လူကြားမကောင်းအောင် အော်အူတတ်ပါသည်။ သမီးအငယ်က အလွန်ချစ်ပြီး အော်သည်ကို မရိုက်ရပါ။ ထို့ကြောင့် ဒေါ်ပိုက်တင်က ဘယ်သူမှမရှိခိုက် "ဟဲ့ . . . ဂျက်ကီ၊ ဒါ နင်တို့တော မဟုတ်ဘူး။ လူကြားမကောင်းအောင် လိုက်အူမနေနဲ့။ နောက်တစ်ခါအူရင် နင့်ကိုရိုက်ထုတ်ပစ်မယ်၊ ပါးစပ်ပိတ်ထား"ဟု ပြောထားသောကြောင့် ယခု ဈေးသည် ဖြတ်သွားပြီး အော်သွားလျှင် လိုက်မအူတော့ပါ။ ၎င်း ၎င်းခွေးသည် ငွေကိုခင်သည်၊ ရွှေကိုခင်တတ်သည်။ အိမ်က လူအချင်းချင်း ငွေကိုင်နေကြလျှင် ဘာမှမလုပ်သော်လည်း လူစိမ်းအား ငွေပေးလျှင် မာန်ဖီတတ်ကြောင်း သိရပါသည်။ ၎င်းသည် ရွှေကိုပြလျှင် လိုက်ကြည့်ပြီး သဘောကျနေတတ်သည်ဟု ပြောပြကြပါသည်၊ ထိုခွေးသည် ဒေါသလည်း အလွန်ကြီးသည်ဟု သိရပါသည်။ ယခင်ဘဝကလည်း ဒေါသကြီးပြီး ငွေမက်ကြောင်း သိရပါသည်။ ယခင်ဘဝက မကုသိုလ်များသာ ပြုလုပ်ခဲ့ပြီး၊ ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း မရှိခဲ့၍ ယခုဘဝတွင် ခွေးဖြစ်ရကာ၊ ယခုဘဝတွင်လည်း ဒေါသကြီးပြီး ရန်လိုနေတတ်၍ နောင်ဘဝအတွက် ရင်လေးစရာပင်ဖြစ်သည်။ အတိတ်ပဋ္ဌာန်းကံများ မကောင်း၍ နောင်လာမည့်ဘဝအတွက် တရားသဘော စာရေးသူမှာ ရင်မောမိပါသည်။

အကုသိုလ်ကံကို အလွန်ကြောက်သော စာရေးသူသည် နောင်ဘဝဆိုသည်ကို မရရှိလျှင် အကောင်းဆုံးဖြစ်သည်။ ယခုဘဝတွင် သောတာပန်ဖြစ်လိုသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ဘဝတစ်ခုထပ်ရခဲ့လျှင် နိဗ္ဗာန်လမ်းကို လျှောက်နိုင်သော လူ့ဘဝသာ ရောက်လိုပါသည်။ ယခုကဲ့သို့ပင် တရားဘာဝနာများ အားထုတ်ပြီး သာသနာ့ပြုနိုင်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ပြောင်ဖြစ်ရကာ တရားထူး၊ တရားမြတ်များကို ရရှိလိုပါသည်။ ယခု မိသားစုတစ်စုထဲတွင် လူဝင်စားများ ပြန်ဖြစ်ကြရခြင်းမှာ ပဋိစ္စသမုပ္ပါဒ်တရားတော် အရ သံသရာလည်နေခြင်းဖြစ်သည်။ ထို့ကြောင့် အားလုံးသောပုဂ္ဂိုလ်၊ သတ္တဝါအပေါင်းတို့သည် သံသရာမှလွတ်အောင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ စက်ဝိုင်းဒေသနာကို နာကြားကြပြီး ကျင့်ကြံအားထုတ်ကြလျှင် သံသရာမှလွတ်မည်ဖြစ်ကြောင်း သိစေရန် ရေးသားဖော်ပြအပ်ပါသည်။

**သမီးဗဂျီအောင်စိုး (ဒေါ်ခမွှေစာရီ)**



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်ကျင့်တရား

မြတ်ဇေအောင်ဇော်



မနုဿတ္တ ဘာဝေါဒုလ္လဘော ဟူသော လူ့ဘဝကို ရခဲပေခြင်းဟု ဘုရားဟောခဲ့သည်။

လိပ်ကန်းကြီးနှင့် ထမ်းပိုးတုံးကြီး သမုဒ္ဒရာအတွင်း မျောနေကြပြီး လိပ်ကန်းကြီး ဦးခေါင်းက ထမ်းပိုးတုံးကြီး အပေါက်ထဲကို ဝင်သွားလျှင်သွားလိမ့်မည်။ လူ့ဘဝကို ရရန် ခဲယဉ်းသည်။

လူ့ပြည်မှ အပ်တစ်စင်းနှင့် ဗြဟ္မာ့ပြည်မှ အပ် တစ်စင်းတို့ အပ်သွားထိပ်ချင်း ထိလျှင်ထိသွားလိမ့်မည်။ လူ့ဘဝသို့ရောက်ရန် ခဲယဉ်းပါသည်ဟု အဆိုရှိကြသည်။

ရခဲလှသော လူ့ဘဝသို့ ရောက်လာသည့်သူများသည် ဘဝတန်ဖိုးကို နားလည်ရမည်ဖြစ်သည်။ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရားဟူသော ရည်ရွယ်ချက်ဆုတောင်းသည် ဘုရားရှိခိုးသူတိုင်း၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့တွင် ပြည့်ဝချက်ရှိသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ကံ ကံ၏အကြောင်းအကျိုးကို အကြွင်းမဲ့ယုံကြည်သူများ ဖြစ်ကြသည်။ ကောင်းသော အကြောင်းကြောင့် ကောင်းကျိုးရရှိပြီး ကောင်းသောအကျိုးရရှိရန် ကောင်းသော အကြောင်းတရားကို ပြုလုပ်ရမည်ဖြစ်သည်။ လူတိုင်းလူတိုင်းသည် ကောင်းသောကိုယ်ကျင့်တရားများကို အားထုတ်ကျင့်ကြံပါက ငြိမ်းချမ်းသော ကမ္ဘာကြီးတစ်ခုကို ဖန်တီးနိုင်ပြီး ငြိမ်းချမ်းသော လူ့ဘဝကို ပိုင်စိုးရမည်ဖြစ်သည်။ နိဗ္ဗာန်မရောက်မီစပ်ကြား ဘဝများတွင်လည်း အပါယ်လေးဘုံမှ လွတ်ကင်းပြီး နိဗ္ဗာန်သို့မျက်မှောက်ပြုရမည်မှာ အမှန်ဖြစ်သည်။ ပစ္စုပ္ပန်လောကတွင်လည်း အကုသိုလ်တရားများမှ ဝေးကွာပြီး ကုသိုလ်တရားများဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပြည့်လျှံကာ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး ချမ်းသာမှု ပြည့်စုံစွာဖြင့် နေကြရမည်ဖြစ်သည်။

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား ဟူသော ကိုယ်ကျင့်တရားကို ကျင့်သုံးမည်ဆိုလျှင်လည်း ပစ္စုပ္ပန်ကာလတွင် သုခအပေါင်းနှင့် ပြည့်စုံစွာ ခံစားရမည်ဖြစ်သည်။

လိုက်နာကျင့်သုံးရမည့် ကိုယ်ကျင့်တရားများကို ဖော်ပြရလျှင်…နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ဟူ၍ အတုမရှိသော တန်ခိုးတော်နှင့် ပြည့်စုံသည့် ဗုဒ္ဓမြတ်စွာဘုရားအား ရှိခိုးပါ၏။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ကို နှလုံးသားထဲဝယ် ဆည်းကပ်ပူဇော်ကိုးကွယ်ပါ၏။ သရဏဂုဏ်သုံးပါးကို အမြဲဆောက်တည်ပါ၏ ဟူသော ကျင့်စဉ်ကို မမေ့မလျော့ဘဲ အစဉ်အမြဲ ဦးထိပ်တင်လျက် ရွတ်ဆိုပါက အမျိုးမျိုးအန္တရာယ်အပေါင်းမှ လွတ်မြောက်ပြီးလျှင် စီးပွားလာဘ်ရွှင်မှာ သေချာသည်။ ဂုဏ်တော်တို့၏တန်ခိုးကြောင့် သူတော်ကောင်းစိတ်များ ပွားများလာကာ မိမိ၏မေတ္တာကြောင့် တစ်ပါးသူတို့မှ မိမိအပေါ် ချစ်ခင်လာပြီး ရန်သူများဘေးမှ လွတ်ကင်းစေသည်။

**ပါဏာတိပါတာ** = သူတစ်ပါးအသက်ကိုသတ်ခြင်း။

**အဒိန္နာဒါနာ** = သူတစ်ပါးဥစ္စာကိုခိုးခြင်း။

**ကာမေသုမိစ္ဆာစာရာ** = သူတစ်ပါးသားမယားနှင့် အုပ်ထိန်းမှုမကင်းသော သူတို့နှင့် အုပ်ထိန်းမှုကင်းသောသူတို့ ၊ ာ: ကာမဂုဏ်အမှု၌ ကျူးလွန်ခြင်း။

**မုသာဝါဒါ** = မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း၊

**သုရာမေရယ** = အရက်သေစာ သောက်စားခြင်းစသော မကောင်းမှုဒုစရိုက် ငါးပါးတို့ကို ပြုကျင့်ခြင်းမှ ရှောင်ရှားခြင်း။ ဤသို့ကျင့်ခြင်းကြောင့် ရာဇဝတ်မှုများ ကင်းဝေးခြင်း။ သေလွန်သောအခါ အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါးဖွင့်ခြင်း။ ကောင်းမြတ်သောဘုံဌာနမှ လက်ကမ်းကြိုဆိုနေမှာ အမှန်ဖြစ်သည်။

**ပိသုဏဝါစာ** = ကုန်းချောစကားပြောဆိုခြင်း၊

**ဖရုသဝါစာ** = ကြမ်းတမ်းယုတ်မာသော စကားပြောဆိုခြင်း။

**သမ္ဖပ္ပလာပဝါစာ** = အကျိုးမရှိသောစကား၊ နောက်ရွှတ်ရွှတ် ပြောဆိုသော စကားများပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းပြုပါက အာခံတွင်းမွှေးကြိုင်ခြင်း၊ လူချစ်လူခင်ပေါ်များခြင်း အကျိုးများ ခံစားရပါသည်။

**ဣဿာ** = ကိုယ့်ထက်သာ၍ မနာလိုသောစိတ်

**မစ္ဆရိယ** = သူတစ်ပါး၏အကျိုးကိုပျက်စီးစေလိုသောစိတ်တို့ မဖြစ်လာစေရန် ကျင့်ကြံခြင်း၊ ဖြစ်ပေါ်လာပါက အချိန်မီတားဆီးခြင်း၊ ထိမ်းသိမ်းခြင်း၊ ဖျက်ဆီးခြင်းကိုပြုရမည်။ ထိုသို့ကျင့်ပါက ကောင်းသောအကျိုးကျေးဇူးများ ရရှိပြီး မိမိအပေါ် ရန်မူသောသူများနှင့် ကင်းဝေးမည်။

**ဝိစိကိစ္ဆာ** = ရတနာသုံးပါးအပေါ် ယုံမှားသံသယရှိသောစိတ်။ ထိုစိတ်ဖြစ်ပေါ်ပါက ရတနာသုံးပါးမှလွဲ၍ အားကိုးယုံကြည်စရာ မရှိဟူသော ယုံကြည်စိတ်ကို မွေးရမည်။ ထိုသို့ မှန်သောစိတ်ကိုမွေး၍ ကျင့်ကြံခြင်းသည် မဂ်လမ်း၊ ဖိုလ်လမ်း၊ နိဗ္ဗာန်လမ်းတို့ပွင့်ကာ ကောင်းသောအတွေး၊ အကြံအစည်များ ရရှိမည်ဖြစ်သည်။

**လောဘ** = ရထိုက်သည်ထက် ပိုလိုချင်သောစိတ်၊ တဏှာ၊ ရာဂ၊ ကာမဂုဏ်တို့ကို လိုချင်သောစိတ်။

**ဒေါသ** = စိတ်ကို မထိန်းနိုင်၊ သူတစ်ပါးအား နှိပ်စက်ပျက်စီးစေလိုသောစိတ်၊

**မောဟ** = အကုသိုလ်တရား အပေါ်တွင် နစ်သက်မိန်းမောနေသောစိတ်။

မာန်မာန = သူတစ်ပါးထက် သာသည်ဟူသော ထောင်လွှားတက်ကြွနေသည့်စိတ်။

**အတ္တ** = မိမိအကျိုးစီးပွားအတွက်သာ ဦးတည်သောစိတ်။ ကိုယ်ချင်းစာတရား ကင်းမဲ့သောစိတ်။ ထိုစိတ်များ မဖြစ်ပေါ်စေရန် ကျင့်ကြံရမည်။ ထိုကိုယ်ကျင့်တရားများနှင့် ပြည့်စုံပါက နတ်လူသာစုခေါ်၍ အပါယ်လေးဘုံသို့မလားဘဲ နိဗ္ဗာန်တံခါးပွင့်ကာ သုခချမ်းသာနှင့် ပြည့်စုံမည်သာဖြစ်သည်။

**သဒ္ဓါ** = ဘုရား၊ တရား၊ သံဃာနှင့် ကံ ကံ၏အကျိုးကို ယုံကြည်စိတ်။

**မေတ္တာ** = သူတစ်ပါးအား ချစ်ခင်သောစိတ်။

**ကရုဏာ** = သနားတတ်သောစိတ်၊ ကိုယ်ချင်းစာစိတ်။



www.burmeseclassic.com

www.burmeseclassic.com

မုဒိတာ = သူတစ်ပါး၏ အောင်မြင်မှုကို နှစ်သက်ပြီး ကောင်းမှုပွားစိတ်။

ထိုကောင်းသောစိတ်များ ဖြစ်ပေါ်လာစေရန် ကျင့်ကြံအားထုတ်ရမည်။ ထိုစိတ်များ ပွားများပါက အပါယ်တံခါး ပိတ်၍ မြပွာ့ခဲ့သို့ လားမည်ဖြစ်သည်။

ဥပေက္ခာ ကိုဆင်ခြင်ရန်မှာ အလွယ်ထင်ရသော်လည်း မိမိအတွက် အကုသိုလ်မဖြစ်စေရန် အထူးသတိထားရမည်။ မေတ္တာကြီးမားသူနှင့် သံယောဇဉ်ကြီးမားသူတို့အတွက် ဥပေက္ခာတရားကို ဆင်ခြင်ရန်မှာ အလွန်ခက်လှသည်။

ဥပမာအနေနှင့် ပြောရလျှင် ဖားကိုမြွေကိုက်သည် ဆိုပါစို့၊ မိမိအမြင်ဖြင့် မေတ္တာနှင့် ဥပေက္ခာကို တစ်ပြိုင်တည်း တွေ့ရတော့သည်။ မောင်းလိုက်လျှင် ဖားအသက်ရှင်သော်လည်း မြွေအစား ငတ်မည်ဖြစ်သောကြောင့် ကိုယ့်အတွက် အကုသိုလ်မကင်းပေ။ ကံ၊ ကံ၏အကျိုးအကြောင်း။ အတုံ့အလှည့် ဖြစ်ကြပေသည် ဟူသောအသိစိတ်ကို ဆင်ခြင်၍ ဥပေက္ခာပြုလိုက်ရမည်ဖြစ်သည်။ သဗ္ဗေသတ္တာ ကံမှသကာ၊ ဝဋ်ကျွေးအတုံ့အလှည့် ဖြစ်ကြပေသည်ဟုသာ ဆင်ခြင်လိုက်ရမည်။

သမ္မာဝါစာ = ကောင်းသောစကားကို ပြောဆိုခြင်း။

သမ္မာကမ္မန္တ = ကောင်းသောပြုလုပ်မှုကို ပြုလုပ်ခြင်း။

သမ္မာသင်္ကပ္ပ = ကောင်းသောကြံစည်မှုကိုပြုခြင်း။

သမ္မာအာဇီ = ကောင်းသော အသက်မွေးမှုပြုခြင်း။

သမ္မာဝါယာမ = ကောင်းသော အားထုတ်ကြိုးစားမှုပြုခြင်း။

သမ္မာသတိ = ကောင်းသောသတိရှိခြင်း။

သမ္မာသမာဓိ = ကောင်းသောတည်ကြည်ငြိမ်သက်မှုရှိခြင်း။

သမ္မာဒိဋ္ဌိ = မှန်ကန်သော အယူကိုယူခြင်းဟူသော မြတ်သော မဂ္ဂင်ရှစ်ပါးတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ရမည်။ ထိုသို့သော ကိုယ်ကျင့်တရားကိုမြဲပါက အပါယ်တံခါး ပိတ်၍ နိဗ္ဗာန်တံခါးပွင့်မည် သေချာပါသည်။

သမထဝိပဿနာ တရားများကို ကျင့်ကြံအားထုတ်ရမည်။ ထိုတရားတို့သည် နိဗ္ဗာန်ရောက်ကြောင်း တရားများဖြစ်သည်။

ခန္ဓာဉာဏ်ရောက် တရားတော်ကို ကျင့်ကြံအားထုတ်သော သူတော်စင်တို့သည် ခန္ဓာမှဖြစ်ပေါ်လာသော ဝေဒနာများကို ဖြစ်၊ တည်၊ ပျက် ဟူသော အမှတ်တရားတို့ဖြင့် ရှုမှတ်ကြသည့်အတွက် ဝေဒနာခံစားမှုများကို ငြိမ်းမြောက်စေသည်။ ဝိဥာဉ်ချုပ်ခါနီး ဝေဒနာကို ခံနိုင်သည်။ ခံစားတတ်သည်။ စွဲလမ်းမှုပျောက်သည်။ နိဗ္ဗာန်သို့ကူးရန် လမ်းမကြီးပေါ်သို့ ရောက်သွားပေတော့သည်။

ခန္တီသည် သည်းခံခြင်းဖြစ်သည်။ ဝေဒနာများအပေါ်တွင် တရားဖြင့် ရှုမှတ်သည်းခံခြင်း။ ဖြစ်ပျက်မမြဲတာသဘောတို့တွင် အသိတရားဖြင့် သည်းခံခြင်း။ လူမှုရေးသဘောတို့တွင် အမှန်တရားဖြင့် တိုင်းတာ၍ သည်းခံခြင်းတို့ကြောင့် ပြဿနာများကို နိုင်နင်းကာ အောင်မြင်ခြင်းသို့ ရောက်ရှိပေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ခန္တီပါရမီကို ဆင်ခြင်၍ ရန်သူအပေါင်းကို အောင်မြင်တော်မူပါသည်။ ဝေနေယျသတ္တဝါအပေါင်းကို အကျွတ်တရားရစေရန် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးခဲ့ပါသည်။ ဗုဒ္ဓ၏အဆုံးအမကို နာခံကာ ခံနိုင်စွမ်းရှိအောင် လေ့ကျင့်ရမည်။

ဖော်ပြပါ ကိုယ်ကျင့်တရားများကို ကျင့်ကြံအားထုတ်ပါက ပစ္စုပ္ပန်ကာလတွင် အောင်မြင်မှုများ ခံစားရပြီး ပာမလ္လ ဘဝသို့ ကူးပြောင်းသွားသော် ဝဋ်ဘဝတိုတို့နှင့် မင်္ဂလာနိဗ္ဗာန်သို့ မျက်မှောက်ပြုပါရမည့်အကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**မြတ်အောင်ဇော်**

၀၉-၇၆၁၆၂၄၉၀၁



www.burmeseclassic.com

www.burmeseclassic.com

# ငယ်ဘဝသို့ သွားကြစို့ လိုက်ခဲ့တော့ သူငယ်ချင်းများ

## —— ရှယ်လီသိန်းမောင် (စိန့်မိုက်ကယ်) ——

စာရေးသူတို့ စိန့်မိုက်ကယ်ကျောင်း(မအူကုန်း)၏ ၁၉ ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီး တစ်ကျော့ပြန် ရောက်လာရန် တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်ပါသည်။

ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်း ငယ်သူငယ်ချင်းများ စုဝေးရာ၊ သို့မဟုတ် ငယ်ဘဝသို့ ပြန်လည်ရောက်ရှိသော တစ်ခုတည်းသောနေရာသည် အာစရိယပူဇော်ပွဲပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆရာသခင်ကျေးဇူးရှင်များအား ကျေးဇူးဆပ်ပွဲပင် ဖြစ်ပါသည်။

ဆရာ၊ ဆရာမကြီးများ အသက်အရွယ်ဒိုပင်းလာသကဲ့သို့ ကျောင်းသား၊ ကျောင်းသူဟောင်း တပည့်များအားလုံးမ[illegible]ည် ဇရာပိုင်းသို့ ဝင်ရောက်ချဉ်းကပ်နေပြီ ဖြစ်ပါ၍ မိမိတို့၏ကျန်းမာရေးကိုလည်း မိမိတို့ ဂရုစိုက်ဆောင်ရွက်[illegible]ည် ဖြစ်ပါသည်။ ကျန်းမာရေးကောင်းမွန်မှ ဘာသာ[illegible]သနာအကျိုး၊ လူမှုရေး၊ စီးပွားရေး အစစအရာရာတို့ကို ဆောင်ရွက်လုပ်ကိုင်နိုင်မည် ဖြစ်ပါ၍ မိမိတို့အားလုံး ကျန်းမာ၍ အသက်ရှည်စေရန် နည်းလမ်းကောင်းများကို ရှာဖွေကျင့်သုံး နေထိုင်ရမည် ဖြစ်ပါသည်။

ကျန်းမာသက်ရှည်စေရန် အဓိကမှာ မိမိတို့ ဗုဒ္ဓဘာသာဝင်များပီပီ သီလလုံခြုံစွာ စောင့်ထိန်းခြင်း၊ သူတစ်ပါးအပေါ်တွင် မေတ္တာစေတနာထားခြင်း၊ တတ်နိုင်သမျှသော ဆေးဝါးများ မကြာမကြာ လှူဒါန်းခြင်း၊ ဘုံဘားဆောက်၊ လမ်းခင်း၊ ရေစင်လှူခြင်း စသောကုသိုလ်များ တတ်စွမ်းနိုင်သမျှ ပြုလုပ်ဆောင်ရွက် သကဲ့သို့ ဗုဒ္ဓ၏အမွေအနှစ်ဖြစ်သော တရားဂုဏ်တော်များ ပွားများခြင်း၊ ပရိတ်၊ မင်္ဂလာ မန္တာန်များ ရွတ်ဖတ်ခြင်း၊ နေ့စဉ် ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ကျန်းမာသက်ရှည်၍ ဘေးဘယာများ ဝေးကွာနိုင်စေမည် ဖြစ်ပါသည်။

ထို့ပြင် နေ့စဉ်စားသုံးလျက်ရှိသော သီးနှံများတွင်လည်း ဆေးဝါးအာနိသင် ဂုဏ်သတ္တိများ တစ်မျိုးချင်းစီ၌ ပါဝင်နေပါသဖြင့် သင့်တင့်မျှတသော အစားအစာများကို စားခြင်းဖြင့်လည်း ကျန်းမာစေနိုင်ပြီး ကျန်းမာရေးအတွက် အထောက်အကူ ပြုစေနိုင်ပါသည်။

ဥပမာ - မြင်းခွာရွက်စားသုံးခြင်းဖြင့် မျက်စိကိုကြည်လင်စေ၍ အသက်ရှည်ခြင်း၊ အရွယ်ကိုနုပျိုစေခြင်း စသော အကျိုးကျေးဇူးများကို ရရှိစေလိုက်သကဲ့သို့ တခြားတခြားသော အသီးအနှံတို့မှ သူ့ဂုဏ်သတ္တိနှင့်သူ အသုံးဝင်လျက်ရှိပါသည်။ သွေးတိုးရောဂါ၊ ဆီးချိုရောဂါရှိသူများကလည်း အချိုလွန်ကဲခြင်း၊ အငန်လွန်ကဲခြင်းများ ရှောင်မှသာလျှင် ရောဂါပျောက်ကင်းစေ၍ ကျန်းမာစေနိုင်ပါသည်။

ထိုကဲ့သို့ပင် အသက်အရွယ်ကြီးပြီဆိုပြီး အိမ်ထဲကပ်နေပါက ချည့်သွားရုံမျှ ရှိပါသည်။ နေ့စဉ်လမ်းလျှောက်ပေးခြင်း (မနီးမဝေး)၊ သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်းများနှင့် မကြာမကြာတွေ့ဆုံ၍ ပျော်ရွှင်ကောင်းသော၊ ရယ်စရာကောင်းသောစကားများ ပြောခြင်းဖြင့် မိမိကိုယ်မိမိ အမြဲလန်းဆန်းနေစေရန် ကြိုးစားဆောင်ရွက်စေလိုပါသည်။

မိမိတို့၏အသက်အရွယ်အရ မိသားစု၌ နေရာတကာပါရမည့်အရွယ် မဟုတ်တော့ပါ၍ စကားနည်းနည်းပြောပြီး



www.burmeseclassic.com

www.burmeseclassic.com

# အမှည့်တဝင်းဝင်း၊ အကင်းတဖြုတ်ဖြုတ် ဆိုသကဲ့သို့ ဆရာ၊ ဆရာမကြီးများလည်း မှည့်ရွှဲနေကြသကဲ့သို့ တပည့်တို့သည်လည်း တဖြုတ်ဖြုတ်နှင့် ကြွေကျကုန်ကြပြီ ဖြစ်ပါသည်။

ဘာသာတရားများများ လုပ်စေလိုပါသည်။ သို့မဟုတ် စာဖတ်ခြင်းဖြင့် မိမိ၏တစ်နေ့တာအား အကျိုးရှိရှိ အသုံးချသွားမည်ဆိုပါက အသက်ရှည်၍ ကျန်းမာမည် ဖြစ်ပါသည်။

အမှည့်တဝင်းဝင်း။ အကင်းတဖြုတ်ဖြုတ် ဆိုသကဲ့သို့ ဆရာ၊ ဆရာမကြီးများလည်း မှည့်ရွှဲနေကြသကဲ့သို့ တပည့်တို့သည်လည်း တဖြုတ်ဖြုတ်နှင့် ကြွေကျကုန်ကြပြီ ဖြစ်ပါသည်။

သို့ပါ၍ မိမိကျန်းမာနေစဉ် ဆရာ၊ ဆရာမကြီးများ နှစ်စဉ်ပူဇော်ကြခြင်းဖြင့် တစ်နှစ်တစ်ခါ ကျေးဇူးဆပ်စေချင်ပါသည်။ ကျေးဇူးတရားဆိုသည်မှာ ဘယ်သောအခါမှ ဆပ်၍မကုန်နိုင်ပါ။ ဆရာ၊ ဆရာမကြီးများကလည်း နှစ်စဉ်နှစ်တိုင်း တပည့်ဟောင်းလေးများအား မျှော်လင့်ခြင်းများစွာဖြင့် မျှော်လင့်နေကြပါသည်။ တန်စိုးလက်ဆောင် အမျှော်ကိုးကို ဘေးချိတ်ထား၍ တပည့်တို့ ကျန်းမာ၊ ချမ်းသာနေသည်ကို မြင်လိုသောစိတ်တစ်ခုတည်းဖြင့် မျှော်လင့်နေခြင်းသာ ဖြစ်ပါသည်။ တပည့်များကို မြင်သောအခါ "သားတို့၊ သမီးတို့ အဆင်ပြေကြရဲ့လား"ဟု မေးရသည်မှာ ၎င်းတို့၏အကျင့်တစ်ခုပင် ဖြစ်နေသည်မှာ ဝမ်းသာကြည်နူးလှပါပေသည်။

ဆရာ၊ ဆရာမကြီးတို့၏ တပည့်တို့အပေါ်ထားရှိသော မေတ္တာတရားဂုဏ်ကျေးဇူးအား ပြော၍ကုန်မည် မထင်ပါ။

မိမိတို့လည်း အသက်ရှည်ကျန်းမာတုန်း ဆရာ၊ ဆရာမကြီးများ၊ ငယ်သူငယ်ချင်းများနှင့် တွေ့ဆုံပြီး ပျော်ရွှင်စေ၍ ကုသိုလ်တရားများ ရရှိစေနိုင်သော အာစရိယပူဇော်ပွဲလေးအား တပည့်တိုင်း တက်ရောက်စေချင်ပါသည်။

စိန့်မိုက်ကယ်ကျောင်း (မအူကုန်း)၏ ၁၉ ကြိမ်မြောက် အာစရိယပူဇော်ပွဲအား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် Central Hotel ၌ နံနက် ၉း၀၀ နာရီအချိန်တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

သို့ပါ၍ စာရေးသူတို့၏ အာစရိယပူဇော်ပွဲလေးအား စည်စည်ကားကား။ သိုက်သိုက်ဝန်းဝန်း၊ အောင်အောင်မြင်မြင် ပြုလုပ်ဆောင်ရွက် ကျင်းပနိုင်ရန်အတွက် သူငယ်ချင်းညီအစ်ကိုမောင်နှမများ အားလုံးကလည်း တက်ညီလက်ညီ ငွေအင်အား၊ လူအင်အား၊ စိတ်တတ်အင်အားဖြင့် ဝိုင်းဝန်းကူညီကြစေလိုပါကြောင်းနှင့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ၁၉ ကြိမ်မြောက် အာစရိယပူဇော်ပွဲလေးအား ပျော်ပျော်ရွှင်ရွှင်၊ ကျန်းကျန်းမာမာနှင့် ဆင်နွှဲကြပါဟု ဖိတ်မန်တကပြုလျက် တူပျော်ပျော်နွှဲကြဖို့၊ သွားကြစို့ . . . လိုက်ခဲ့တော့ . . . သူငယ်ချင်း . . . များ။

ဆက်ဆက်လာကြနော် . . .

ရှယ်လီသိန်းမောင်(စိန့်မိုက်ကယ်)

www.burmeseclassic.com

www.burmeseclassic.com



# အချိန်နှင့်ကြိုးစား မြတ်တရား

အရာခံဗိုလ်သစ်လွင်

အချိန်သည် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိ သည်။ ထို့ကြောင့် အချိန်ကိုလေးစားရမည်။ အချိန်နှင့် အချိန်အခါကိုကြည့်ပြီး လိုက်လျောညီစွာ ပြုလုပ်ဆောင်ရွက်မှသာလျှင် အကျိုးအမြတ်ကို ရရှိနိုင်ကြောင်း ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။

မိမိဘဝကို မိမိချစ်ပါသလား။ ချစ်လျှင် အချိန်ကို အလဟဿဖြုန်းတီးမပစ်ပါနဲ့။ သင်၏အသက်ကို အချိန်ဖြင့်ဖွဲ့စည်းထားခြင်းကြောင့် ဖြစ်သည်။ အချိန်သည် ဘဝ၊ အချိန်သည် အသက်၊ အချိန်သည် အောင်မြင်မှုတစ်ရပ်ဖြစ်သည်။

ပိုက်ဆံကုန်သွားရင် ပြန်ရှာလို့ရတယ်။ အချိန်ကုန်သွားရင် ပြန်ရှာလို့မရတော့ပေ။ ဒါကြောင့် အချိန်ရှိခိုက် လုံ့လစိုက်ပြီး အချိန်ကို မဖြုန်းကြပါနဲ့။ အချိန်ကို အကျိုးရှိရှိ အသုံးချကြပါလို့ စေတနာတရား လက်ကိုင်ထားပြီး ဧ။ သားတင်ပြအပ်ပါသည်။

## အချိန်နှင့်အခါအားလျော်စွာ ပြုလုပ်ရမည့် တရားလေးပါး

(၁) **ကာလေနဓမ္မဿဝနံ** ။ ။ အချိန်အခါအား လျော်စွာ တရားနာရခြင်း – တရားနာရခြင်းဆိုသည်မှာ သူ့အချိန်အခါနှင့် လျော်ညီစွာ နာကြားရမှာဖြစ်သည်။ အချိန်မရွေး တရားနာနေလို့ မဖြစ်ပေ။ လူ့ဘဝမှာ လူဖြစ်လာသည်နှင့်အမျှ စားဝတ်နေရေး စသည့် အရေးသုံးပါးကို အမိကထားပြီး ရှာဖွေစုဆောင်းရတဲ့အချိန်ရှိသည့်အတွက်ကြောင့် တရားနာကြားရတဲ့အချိန်အခါမှာလည်း အခါအားလျော်စွာ နာကြားရမှာ ဖြစ်ပါသည်။

(၂) **ကာလေနဓမ္မသာကစ္ဆာ** ။ ။ အချိန်အခါအား လျော်စွာ တရားဆွေးနွေးခြင်း – တရားသဘောကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဝေဖန်သုံးသပ်ခြင်းကို မင်္ဂလာတရားတော်နှင့်အညီ ဆွေးနွေးခြင်းကို ခေါ်ပါသည်။

(၃) **ကာလေနသမ္မတနာ** ။ ။ အချိန်အခါအား လျော်စွာ တရားသဘောကို ဝေဖန်သုံးသပ်ခြင်း မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များကို မှန်ကန်တဲ့ အတွေးအခေါ်၊ မှန်ကန်တဲ့ အချိန်အခါကိုကြည့်ပြီး တရားတော်များကို သုံးသပ်ကြရမည်ဖြစ်သည်။

(၄) **ကာလေနဝိပဿနာ** ။ ။ အချိန်အခါနှင့် လျော်ညီစွာ ဝိပဿနာတရားတော်များကို အားထုတ်ရမည် ဖြစ်သည်။ ဝိပဿနာဆိုသည်မှာ ဝိဆိုတာက အထူး၊ ပဿနာ ဆိုတာက ရှုမှတ်သားတာကို ခေါ်သည်။ ဝိပဿနာ ဆိုသည်မှာ မိမိခန္ဓာကိုယ်ကို အထူးအာရုံစိုက်ပြီး ကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com

ပွားများခြင်းကို ဝိပဿနာဟု ခေါ်ပါသည်။ အဓိကတော့ မိမိ...ကို တည်ငြိမ်အောင် အာရုံပြုပြီး မိမိခန္ဓာကိုယ်ကို ကြည့်တတ်ဖို့ အရေးကြီးပေသည်။ သမထသမာဓိကို အဓိကထားပြီး ကျင့်ရမည့်တရား ဖြစ်ပါသည်။ ဝိပဿနာ ပညာကို အဓိကထားပြီး ကျင့်ရမည့်တရား ဖြစ်သော ကြောင့် ကာလသုံးပါးတရား...တော်တွင် မြတ်စွာဘုရား ထင် ရှားစွာ ဟောကြားတော်မူခဲ့လေသည်။

လူ့ဘဝမှာ အကြောင်းကောင်းရင် အကျိုးပေး ကောင်းကြောင်း သတိထားဖို့ လိုအပ်သည်။ လူ့ဘဝတွင် မိမိကိုယ်က နေချင်တဲ့ဆန္ဒ အမြဲလိုလိုရှိပေမယ့် ခန္ဓာဘဝက ခန္ဓာရလျှင် သေရမယ့်ဘဝက သေချာသလောက် ဖြစ်နေ တယ်ဆိုတော့ ကုသိုလ်ကံကောင်းလို့ လာခြင်းကောင်း သလို၊ မိမိဘဝ ပြန်ခြင်းကောင်းဖို့လည်း အလွန်အရေးကြီး ကြောင်း တင်ပြအပ်ပါသည်။ မိမိဘဝ နေခြင်းဆိုးနဲ့ နေရရင် သေခြင်းဆိုးနှင့် သေရမှာကို ဘယ်သူမှသတိထားကြမည် မဟုတ်ပေ။ ဝိပဿနာတရားဆိုတာ ဘုန်းကံထူးတဲ့လူသာ လျှင် ကျင့်ကြံအားထုတ်တဲ့ ဝိပဿနာအလုပ်ကို လုပ်နိုင် သလို ဘုန်းကံမရှိတဲ့လူဟာ ဝိပဿနာအလုပ်ကို မလုပ်နိုင် ကြောင်း၊ တရားအားထုတ်တဲ့ တရားစခန်းတွေမှာကြည့်ရင် တရားစခန်းဝင်တဲ့လူနှင့် မဝင်တဲ့လူ ဘယ်လောက်ကွာခြား တယ်ဆိုတာကို ကြည့်ရင် အလွန်ရင်လေးစရာကောင်း ကြောင်း သတိပြုမိပါလိမ့်မည်။ မိမိဘဝကို ရလာသည်နှင့် အမျှ ဘဝတန်ဖိုးရှိအောင် နေထိုင်ဖို့က အရေးကြီးကြောင်း တင်ပြအပ်ပါသည်။ အတ္တာဟိအတ္တနော နာထော မိမိကိုယ် ကို မိမိသာအားကိုးရသည်ဟု မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့ သည်။

**ဝိပဿနာအလုပ်ကို**
**စာတွေ့လက်တွေ့သိအောင်လုပ်ကြပါ**

အသိပိုင်မှ အလုပ်ပိုင်မည်
အလုပ်ပိုင်မှ နိဗ္ဗာန်ရောက်မည်
သုညတရားဆိုတာ ဘာလဲ၊

သုညတရားဆိုတာ ခန္ဓာငါးပါးပျက်မှု၊ ဖြစ်မှုတရား မြင်တာကို သုညတ တရားဟု ခေါ်ပါသည်။ ဖြစ်တာ၊ ပျက်တာ၊ ဝင်သွားတာကို မဂ်သ...ဂ်ဟု ခေါ်ပါသည်။

လူ့ဘဝ လူ့ပြည်တွင်
သုဂတိဘုံသားတွေက ရှားရှားပါးပါး
ဒုဂတိဘုံသားတွေက များများစားစား
ဘုရားသားတွေက ရှားရှားပါးပါး
မာန်နတ်သားတွေက များများစားစား

ခေတ်စနစ်နှင့်လျော်ညီစွာ လူတွေရဲ့လုပ်ဆောင် ချက် စိတ်နေသဘောထားကို ကြည့်ပြီး ရေးသားတင်ပြရ ခြင်းဖြစ်ပါသည်။ ဝိပဿနာတရားအားထုတ်ရာတွင်

သတ္တိကြောင်စရာ မလိုဘူး။

သတ္တိပြောင်စရာ လိုပေသည်။ (သတ္တိကောင်း၊ ဖွဲ့ ကောင်းကောင်းရှိဖို့ လိုပေသည်။ ဝိပဿနာတရား အား ထုတ်တဲ့အခါ ခန္ဓာအရှိကို ဉာဏ်အသိမြင်အောင် ရှုပွားခြင်း ကို ခေါ်သည်။ သတိထားရင် အမှန်မြင်နိုင်သည်။ သတိ မထားရင် အမှားမြင်တတ်သည်။ သတိထား ဝီရိယစိုက်၊ တရားကို ငြိမ်ပြီးအကဲခတ်နေပါ။ အမှားကိုမမြင်ဘဲ အမှန်ကို မြင်ပါလိမ့်မည်။ စိတ်ဓာတ်မကျပါနဲ့။ အားမငယ်ပါနဲ့။ ခန္ဓာ အရှိကို ဉာဏ်အသိတရားဖြင့် မြင်ပါလိမ့်မည်။

**သတိတရား အမြဲထား**

တရားရှုရင် သတိကပ်ရမည်။
သတိမကပ်ရင် တရားလွှတ်သွားမည်။
တဏှာများရင် ဝေဒနာနုပဿနာဝကို ရှုရမည်။
ဒိဋ္ဌိများရင် စိတ္တာနုပဿနာကို ရှုရမည်။
လောဘကြီးရင် ဝေဒနာနုပဿနာကို ရှုရမည်။
လောဘနှင့်သေရင် ပြိတ္တာပြည်သို့ရောက်တတ် သည်။
ဒေါသနှင့်သေရင် ငရဲပြည်သို့ရောက်တတ်သည်။
မောဟနှင့်သေရင် တိရစ္ဆာန်ပြည်သို့ရောက်တတ် သည်။
မာနနှင့်သေရင် အသူရကာယ်ပြည်သို့ ရောက်တတ် သည်။
ကင်္ခါသနှင့်သေရင် ငရဲပြည်သို့ ရောက်တတ်သည်။
မိစ္ဆရိယနှင့်သေရင် ပြိတ္တာပြည်သို့ ရောက်တတ် သည်။



www.burmeseclassic.com

www.burmeseclassic.com

## လမ်းသုံးသွယ်

ကံလမ်းသွားတော့ လူ၊ နတ်၊ အပါယ်
ဈာန်လမ်းသွားတော့ ဗြဟ္မာနှစ်ဆယ်
ဉာဏ်လမ်းသွားတော့ နိဗ္ဗာန်ရတယ်
မြတ်ဘုရားဟောကြားခဲ့ပါတယ်။

**ဝိပဿနာတရား အားထုတ်တော့မယ်ဆိုရင် ယုံကြည်၊ ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့် လွန်စွာအားထုတ် နာမ်နှင့် ရုပ်ကို ပိုင်းခြားထင်ထင် သိမြင်နိုင်သောတရားများ ဖြစ်သည်။**

၁။ ယုံကြည် – ဘုရား၊ တရား၊ သံဃာကို ယုံကြည်ရမည်။

၂။ ကျန်းမာ – ကျန်းမာသန်စွမ်းမှုနှင့်ပြည့်စုံရမည်။

၃။ စိတ်ဖြောင့်စွာဖြင့် – ကောင်းသော သမ္မာဒိဋ္ဌိအယူ ရှိရမည်။

၄။ လွန်စွာအားထုတ် – တရားအားထုတ်နိုင်တဲ့ ဝီရိယရှိရမည်။

၅။ နာမ်နှင့်ရုပ် – အထက်ပါအချက်အလက်နှင့် ပြည့်စုံရင် နာမ်နှင့် ရုပ်ကို ပိုင်းခြားထင်ထင် သိမြင်နိုင်သည်။

စာပဋိစ္စသမုပ္ပါဒ်သည် အခြေခံ၊
ခန္ဓာပဋိစ္စသမုပ္ပါဒ်သည် အဖြေမှန်၊
စိတ်မပါရင် ရိပ်သာတောင်မှ အိမ်ရာဖြစ်သည်၊
စိတ်ပါရင် အိမ်ရာတောင်မှ ရိပ်သာဖြစ်နေသည်။

## ဘာဝနာ

ဘာဝနာဆိုသည်မှာ ပွားများခြင်းသဘောကို ဘာဝနာဟုခေါ်သည်။

ဘာဝေတဗ္ဗာတိဘာဝနာ – နှုတ်ဖြင့်သော်လည်းကောင်း၊ စိတ်ဖြင့်သော်လည်းကောင်း ပွားစေတတ်သောကြောင့် ဘာဝနာဟုခေါ်သည်။

## ဘာဝနာ ခြောက်မျိုး

၁။ ပရိကမ္မဘာဝနာ = အခြေခံပွားများခြင်း

၂။ ဥပစာရဘာဝနာ = အနီးအပါး၌ပွားများခြင်း

၃။ အပ္ပနာဘာဝနာ = အကြံအစည်ဖြင့်ပွားများခြင်း

၄။ မေတ္တာဘာဝနာ = သတ္တဝါတို့အပေါ် မေတ္တာထား၍ ထပ်ကာထပ်ကာ ပွားများခြင်း

၅။ သမထဘာဝနာ = စိတ်တည်ငြိမ်မှုရစေရန် ပွားများခြင်း

၆။ ဝိပဿနာဘာဝနာ = မမြဲခြင်းအစရှိသော အခြင်းအရာကို ဉာဏ်ဖြင့်သိအောင် ထပ်ကာထပ်ကာ ပွားများခြင်း

## သတိကြောင့် သမာဓိဖြစ်သည်

စိတ်ကို ဘယ်မှမရောက်အောင် မိမိ၏နှာသီးဖျားအသားဆိုင်ကလေးကို ဝင်လေထွက်လေ ထိုးထိတိုင်း သတိထား၊ သတိကပ်ပြီး သိနေမှုဟာ အစပထမတော့ စိတ်ကလေး ဟိုရောက် ဒီရောက် ရှိတတ်ပါတယ်။ နောက်သဒ္ဓါဝီရိယနဲ့ ကြိုးစားပြီး အသိမလွတ်ရအောင် သတိပြုဖန်များလာတဲ့အခါ စိတ်ရဲ့တည် (သမာဓိ) ကို ရလာလိမ့်မည်။ ဘာတွေမှ ကြံစည်တွေးတော ဝေဖန်စဉ်းစားခြင်းမပြုဘဲ နှာသီးဖျားမှာသာ စိတ်ကိုထားပြီး နှာသီးဖျား အသားဆိုင်ကလေးကို လေးထိုးထိတိုင်း သတိထားပြီး အသိမလွတ်ရအောင် သမာဓိကို ထူထောင်ပါ။ သမာဓိအား ကောင်းလာပါလိမ့်မည်။

လူကိုမြင်တာက မျက်လုံးအမြင်၊ ခန္ဓာဖြစ်ပျက်တာကို မြင်တာက ဉာဏ်အမြင်၊ ဉာဏ်မြင်မှ နိဗ္ဗာန်ရောက်နိုင်မည်။

## ရုပ်နာမ်နှစ်ပါး ဖြစ်ပုံ

၁။ ခန္ဓာအားဖြင့် ထွက်လေ၊ ဝင်လေသည် ရူပက္ခန္ဓာ ရုပ်ဟု မှတ်ပါ။

၂။ ထိုဝင်လေ၊ ထွက်လေ ခံစားသော ဝေဒနာကို ဝေဒနက္ခန္ဓာ နာမ်ဟုမှတ်ပါ။

၃။ ထိုဝင်လေ၊ ထွက်လေကို မှတ်သားသည်ကို သညာက္ခန္ဓာ နာမ်ဟုမှတ်ပါ။

၄။ ထိုဝင်လေ၊ ထွက်လေကို စေ့ဆော်သည်ကို



www.burmeseclassic.com

www.burmeseclassic.com

သင်္ခါရက္ခန္ဓာ နာမ်ဟုမှတ်ပါ။

၅။ ထိုဝင်လေ၊ ထွက်လေကို သိသောစိတ်ကို ဝိညာဏက္ခန္ဓာ နာမ်ဟုမှတ်ပါ။

မသိလျှင် ရုပ်၊ သိလျှင် နာမ်ဟု မှတ်သားထားပါ။

## ထိမှု၊ သိမှု ဆိုနှစ်ပုဒ် သတိကြပ်ကြပ်ပြု

ထိတော့ သိလိမ့်မည်။ သိတဲ့အပေါ် သတိထားပါ။ မိမိကြိုက်နှစ်သက်သော ဣရိယာပုထ်ဖြင့် ထိုင်ပြီး မျက်စိကို မှိတ်၊ ပါးစပ်ကိုပိတ်၊ ဝင်လေထွက်လေကစပြီး ရှုပါ။ ဝင်လေ၊ ထွက်လေကို ခပ်ပြင်းပြင်း ရှုပေးပါ။ နာရီဝက်ခန့် ရှုပေးပါ။ ညောင်းရင်လည်း မပြင်နှင့်။ ယားရင်လည်း မကုတ်နှင့်။ သည်းခံ၍ ရှုပါ။ ခန္ဓာကိုယ်တစ်ခုလုံး ထုံကျင် ကိုက်ခဲ ဖြစ်ပေါ်လာသည့်အခါ အရှုကိုရပ်ပြီး ဖြစ်ပေါ်လာသော ဝေဒနာကို ဆက်ဆက်မိအောင် သတိဖြင့် စောင့်ရှောက်နေပါ။ ဝိပဿနာအလုပ်သည် အလွန်တရာ ပါရမီ ဖြည့်ရာတွင် အမြတ်ဆုံး။ ကုသိုလ်တကာတွင် ဝိပဿနာ ကုသိုလ်သည် အလွန်တရာ မွန်မြတ်သော ကုသိုလ် ဖြစ်ပါသည်။ ဝိပဿနာရှုရာတွင် ထွက်လေ၊ ဝင်လေကိုသာ အာရုံပြု၍ မှတ်နေလျှင် သမထသာဖြစ်နေသည်ဟု မှတ်ပါ။

ရုပ်နှင့်နာမ်ကို အဟုတ်အမှန် သိသောသူကို စူဠသောတာပန်ဟုခေါ်သည်။ အပါယ်သို့မကျနိုင်တော့ပါ။ အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိ ပြုတ်နေသောကြောင့် အပါယ်သို့ မကျနိုင်ပါ။ ကိလေသာကင်းသော ပုဂ္ဂိုလ်တို့၏အလောင်းမှာ မကောင်းသောအနံ့ မရှိပါ။ ထိုပုဂ္ဂိုလ်ကို ရဟန္တာဟု သတ်မှတ်ကြသည်။

## နာမ်နှင့် ရုပ်

သွားတဲ့ဟာနက နာမ်၊ သွားတာက ရုပ်
သူမဟုတ် ငါမဟုတ် အဲဒါ နာမ်နှင့် ရုပ်
ဝိပဿနာဆိုသည်မှာ
အကျင့်မခက် အသိခက်၏။

**တရားအားထုတ်တော့မည်ဆိုရင် အောက်ပါ အကြောင်းအရာများကို သိအောင်ပြုလုပ်ပြီးမှ တရားအား ထုတ်ပါ။**

၁။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို သိအောင်လုပ်ပါ။

၂။ မသိဘဲနဲ့ တရားကျင့်ကြံအားထုတ်လို့မရပေ။ ပင်ပန်းရုံမျှသာရှိသည်။

၃။ ပဋိစ္စသမုပ္ပါဒ်တရားကိုသိမှ အရှိနှင့် အသိ ကိုက်မည်။

၄။ အရှိနှင့်အသိကိုက်မှ ဒုက္ခသစ္စာကို နားလည် မည်။

၅။ ဒုက္ခသစ္စာဆိုသည်မှာ တခြားမှာလား။ ကိုယ်မှာလား။ မိမိကိုယ်ကို ဉာဏ်နှင့်ယှဉ်အောင် လုပ်ပါ။

၆။ သညာအသိနှင့် နိဗ္ဗာန်မရနိုင်၊ ပညာအသိနဲ့မှ နိဗ္ဗာန်ရောက်မည်။

## သံသရာအတွက် လက်နက်ကောင်းများ

၁။ သီလသည် အမွှေးဆုံးသောလက်နက်ကောင်း
၂။ သစ္စာသည် အမှန်ဆုံးလက်နက်ကောင်း
၃။ ခန္တီသည် အမြတ်ဆုံးလက်နက်ကောင်း
၄။ မေတ္တာသည် အအေးဆုံးလက်နက်ကောင်း
၅။ သမာဓိသည် အဖြောင့်ဆုံးလက်နက်ကောင်း
၆။ ဘာဝနာသည် အမြင့်ဆုံးလက်နက်ကောင်း

ဤလက်နက်ကောင်းများသည် သံသရာနယ်ထဲ၌ ကိလေသာသူပုန်တို့ကိုတိုက်စစ်ဆင်ရန်အတွက် အကောင်းဆုံးသော လက်နက်ကောင်းများ ဖြစ်သည်။

## ရှာဖွေခြင်း နှစ်မျိုး

မသေခင်မှာ ပစ္စည်းရှာ သေသောအခါ ထားရမှာ၊
တရားပါက တစ်ရက်မျှ နေရလွန်ကျိုးများ။

ပါပအဒမှောင်ကို ဓမ္မအရောင်ဖြင့် ပယ်ဖျောက်နိုင်သည်။

**အရာခံဗိုလ်သစ်လွင်**
၀၉–၄၅၀၀၆၄၅၁၂



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်စရာ ဗေဒင်ပညာ

**——ဒေါင်စိုးမင်း(ပညာရေး)**

ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် ရှေးအခါကပင် ဗေဒင်ပညာရပ်အပေါ်၌ ယုံကြည်သက်ဝင်မှု ရှိခဲ့ကြပါသည်။ ဗေဒင်ဟူသည့်ဝေါဟာရကို ကလေးငယ်ဘဝ လူမှန်းသိတတ်စအရွယ်ကပင် ကြားဖူးနားဝရှိခဲ့ကြပါသည်။ ကျွန်ုပ်တို့မိဘများ ငယ်စဉ်ကဆိုလျှင် ဘုန်းတော်ကြီးကျောင်းများ၌ စာပေသင်ကြားခဲ့ရကြောင်းနှင့် ဗေဒင်အခြေခံပညာများကိုပါ ဗဟုသုတအဖြစ် သင်ကြားခဲ့ရကြောင်း မိဘများပြောပြ၍ သိရှိခဲ့ရပါသည်။

ပရိတ်ကြီးနိဒါန်းတွင်လည်း ရာဇဝတာဝါ၊ စောရဝတာဝါ၊ နက္ခတ္တတောဝါဟူ၍ ဖော်ပြပါရှိပါသည်။ ဂျာနယ်ကျော် မမလေး၏ မြန်မာ့ဆေးပညာအကြောင်း သိကောင်းစရာဆောင်းပါးတွင်လည်း ဗေဒင်ပညာနှင့်ပတ်သက်၍ "အောင်ပ၊ ကာလ၊ ဆွေသား၊ နောင်ရှင်း မိတ်ဖက်ခြင်း။ အုန်းညို၊ ခေမာ၊ သုတာ၊ ဝေရီ၊ ရန်စီစီ" အစရှိသော မိတ်သုံးမျိုး၊ ရန်သုံးမျိုးအားခွဲခြားဖော်ပြသည့် စာချောက်တန်းကို မသိသူသည် အနုပုဏ္ဏ ဝဉ်နင်ကူသည်ဟု ရှေးပညာရှိကြီးများ က ပြောဆိုဆုံးမခဲ့ကြကြောင်း ဖတ်ရှုခဲ့ဖူးပါသည်။ ထို့အပြင် ရှေးအခါက ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တို့ တတ်မြောက်ကျွမ်းကျင်အပ် သည့် အဋ္ဌာရသပညာ တစ်ဆယ့်ရှစ်ရပ်တွင် (ဝေဒ) ဗေဒင်ပညာ အပါအဝင် သင်ကြားပေးခဲ့ကြကြောင်း။ ဗုဒ္ဓမြတ်စွာလောင်းလျာသည်ပင် နုစဉ်အခါက ဗေဒင်သုံးပုံကို သင်ကြားပြသ၊ ဟောပြောခြင်းတို့ဖြင့် ပါရမီဖြည့်ကျင့်ခဲ့ကြောင်းနှင့် ဘီစီ ၄ ရာစု မတိုင်မီကာလ ဂေါတမမြတ်စွာဘုရားရှင် မပွင့်ထွန်းမီကတည်းကပင် ဗြဟ္မဏပုဏ္ဏားများသည် ဝေဒပညာဖြင့် ဂေါတမမြတ်စွာဘုရားအလောင်းလျာ သိဒ္ဓတ္ထမင်းသားလေးကို ဘုရားစင်စစ်ကေန်ဖြစ်ရမည်ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့ဖူးကြောင်း ဗုဒ္ဓဝင်တွင် လေ့လာဖတ်ရှုရပါသည်။ ဤကဲ့သို့ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်၌ တွင်တွင်ကျယ်ကျယ်ပြောဆိုလျက်ရှိသော ဗေဒင်ပညာဆိုသည်မှာ မည်ကဲ့သို့သော ပညာဖြစ်သနည်း။ လူသားများအတွက် မည်သို့မည်ပုံ ကောင်းကျိုးပြုနိုင်ပါသနည်း။ မည်သည့်အချိန်အခါမှ စတင်ပေါ်ပေါက်ခဲ့သနည်း။ ဗေဒင်တွက်နည်းပေါင်း မည်မျှရှိသနည်း။ ဗေဒင်မေးမြန်းခြင်းဖြင့် မိစ္ဆာဒိဋ္ဌိဖြစ်နိုင်၊ မဖြစ်နိုင်။ ဗေဒင်ပညာရပ်အပေါ်အားကိုးအားထားပြုရန်သင့်၊ မသင့်။ ဗေဒင်မေးမြန်းရာတွင် သတိပြုသင့်သည့်အချက်များကို စာဖတ်သူများ ဗဟုသုတအလို့ငှာ သိရှိနိုင်ပါရန်နှင့် အထူးသဖြင့် ဗေဒင်ဝါသနာပါသူများအတွက် ရည်ရွယ်၍ ဤဆောင်းပါးကို ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။

ဗေဒင်ဟူသော ဝေါဟာရမှာ ဝိဒဟူသော စကားလုံးမှ ဆင်းသက်လာသည်ဟု သိရှိရပါသည်။ ဝိဒ = သိခြင်း၊ ဝိဒဟူသောပုဒ်တွင် ဝိ မှ ဣ သရကို ဧသရပြု၍ ဝေဒ ဟူ၍လည်းကောင်း၊ ဝ ကို ဗ ပြု၍ ဗေဒဟူ၍လည်းကောင်း။ ဗေဒကို အင်္ဂဟူသည့် အစိတ်အပိုင်းနှင့်ပေါင်းစပ်၍ ဗေဒ+အင်္ဂ = ဗေဒင်္ဂ = ဗေဒင်ဖြစ်လာပြီး အမျိုးမျိုးအဖုံဖုံသော အစိတ်အပိုင်းတို့အား သိခြင်းကို ဗေဒင်ပညာဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ ရှေးအခါက ဣရုဗ္ဗေဒ၊ သာမဗေဒ၊ ယဇုဗေဒ၊ အထဗ္ဗနဗေဒင်ဟူ၍ ဗေဒင်လေးပုံရှိခဲ့ကြောင်း။ ဗေဒင်ပညာ အမျိုးမျိုးရှိသော်လည်း အနှစ်ချုပ်အားဖြင့် (ဂဏိတ) အတွက်အချက်ဗေဒင်နှင့် (ဖလိတ) အဟောဗေဒင်ဟူ၍ နှစ်မျိုးရှိပါသည်။ တစ်နည်းအားဖြင့် (ဂဏိတ) အကြောင်း ဗေဒင်နှင့် (ဖလိတ) အကျိုးဗေဒင်ဟူ၍လည်း ဆိုနိုင်ပါသည်။

ဗေဒင်ပညာဆိုသည်မှာ စကြာဝဠာအတွင်းရှိ ဂြိုဟ်၊ နက္ခတ်၊ တာရာတို့၏ လှုပ်ရှားပြောင်းလဲမှု သဘာဝကိုလေ့လာ၍ ၎င်းတို့ကညွှန်ပြသော အတိတ်နိမိတ်နှင့် အနက်အဓိပ္ပာယ်တို့အပေါ် သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ နေရာဒေသ၊



www.burmeseclassic.com

www.burmeseclassic.com

လူမျိုး၊ ယဉ်ကျေးမှုများကို ပေါင်းစပ်ကာအတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂါတ်တွင်ဖြစ်ပွားမည့် အခြေအနေတို့ကို ရှေ့ဖြစ်ဖတ်ကြားသော ပညာရပ်ဖြစ်ပါသည်။ နက္ခတ်ဗေဒင်ပညာသည် ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်တွန်းတော်မူရာ မဇ္ဈိမဒေသ၊ အိန္ဒိယတိုင်းမှ စတင်၍ ထွန်းကားခဲ့သော ပညာရပ်ဖြစ်ပါသည်။

ပရာသရ၊ ဝရာဟောမိဟိတ၊ ကီသသ အစရှိကုန်သော ဆရာရသေ့ကြီးများ၏ သက္ကတဘာသာဖြင့် ပြုစုရေးသားစီရင်ခဲ့သော ဗေဒင်ကျမ်းတို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားလျက် အိန္ဒိယပြည်တွင်လည်းကောင်း၊ အနောက်နိုင်ငံများဖြစ်သည့် ဥရောပ၊ အင်္ဂလန်၊ အမေရိကန်နိုင်ငံများတွင်လည်းကောင်း နက္ခတ်ဗေဒင်ပညာရပ်များ ထွန်းကားလျက် ရှိပါသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်လည်း ဗေဒင်ပညာရပ်ကို ကျွမ်းကျင်တတ်မြောက်သည့် ရဟန်းပညာရှိများ၊ မြန်မာပညာရှိများနှင့် ပုဏ္ဏားပညာရှိကြီးများ ရှိခဲ့ကြပါသည်။ ယခုအခါ ပါရဂူဘွဲ့ရ ခေတ်ပညာတတ်ဆရာကြီးများနှင့် ခေတ်ပညာတတ် လူငယ်၊ လူရွယ်များသည် နက္ခတ်ဗေဒင်ကျမ်းများကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရေးသားပြုစုကြခြင်း၊ နက္ခတ်ဗေဒင်သင်တန်းကျောင်းများ ဖွင့်လှစ်၍ ခေတ်မီနည်းပညာများဖြင့် သင်တန်းပို့ချခြင်းများ ပြုလုပ်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရပါသည်။

ဗေဒင်တွက်နည်း၊ ဗေဒင်ဟောနည်းပေါင်း များစွာရှိပါသည်။ လက်ရိုးဗေဒင်၊ လက်ဆန်းဗေဒင်၊ အနောက်တိုင်းဗေဒင်၊ ဂဏန်းဗေဒင်၊ ဆန်းဗေဒင်၊ အင်္ဂဝိဇ္ဇာဗေဒင်၊ မဟာဘုတ်ဗေဒင်စသဖြင့် ဗေဒင်နည်းပေါင်းများစွာရှိပြီး မည်သည့်နည်းကမှို၍မှန်သည်ဟူ၍ ပြောရန်ခက်ခဲလှပါသည်။

စာကလေးဗေဒင်ဟောသူ၊ မေးသူများပင်ရှိပါသည်။ စာကလေးဗေဒင်ဆိုသည်မှာ ကြိုတင်ရေးထားသော ဟောကိန်းများကို စာအိတ်များထဲတွင်ထည့်၍ လေ့ကျင့်ပေးထားသော စာကလေးမှနှုတ်သီးနှင့် ဆွဲထုတ်ကာ ဖတ်ကြားပေးသော ဗေဒင်မျိုးဖြစ်ပါသည်။ ဗေဒင်ပညာတွက်နည်း၊ ဟောနည်းအမျိုးမျိုးကို ခုံ၊ ဆောက်၊ တူ၊ လွှ စသည့်လက်နက်ကိရိယာများကဲ့သို့ သူနေရာနှင့်သူ လိုက်ဖက်မှုရှိအောင် တွက်ချက်ဟောပြောကြပါသည်။

အချို့မှာ ဗေဒင်မေးလျှင် ကဲ့ရဲ့စရာအဖြစ်နှင့်လည်းကောင်း၊ ဗေဒင်မေးမြန်းသူအား လူပျော့၊ လူညံ့များအဖြစ်လည်းကောင်း ထင်မြင်ယူဆသူများလည်းရှိပါသည်။ ဗုဒ္ဓဘာသာဝင်အချို့မှာ ဗေဒင်မေးလျှင် မိစ္ဆာဒိဋ္ဌိဖြစ်သည်ဟု ထင်မှတ်သူများလည်း ရှိပါသည်။

ဗေဒင်မေးမြန်းမှုကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်၊ မဖြစ်မှာ ဗေဒင်မေးမြန်းသူများအပေါ် မူတည်ပါသည်။ အချို့သော ပုဂ္ဂိုလ်များမှာ ဗေဒင်မေးမြန်းခြင်းကို ဝါသနာလွန်စွာပါ၍ အလွန်အမင်းယုံကြည်လွန်းကာ ဗေဒင်ဆရာတချို့ ပြောလေ့ရှိသည်။ "စနေဂြိုဟ်ထဲရောက်လို့ ညံ့နေတာ၊ ရာဟုဂြိုဟ်ထဲရောက်လို့ မကောင်းတာ" အစရှိသော ဗေဒင်ဝေါဟာရစကားများအပေါ် အယူအဆလွဲကာ ထိုဂြိုဟ်များကြောင့်သာ ကံဆိုးနေသည်ဟု ထင်မှတ်နေသူများလည်း ရှိပါသည်။ ထိုပုဂ္ဂိုလ်များမှာ မိစ္ဆာဒိဋ္ဌိ ဖြစ်နိုင်လေသည်။ ထိုသို့မဟုတ်ဘဲ မိမိ၏ရှေးကပြုခဲ့ဖူးသော ကုသိုလ်၊ အကုသိုလ် အကျိုးပေးကံအတက်၊ အကျ အတိတ်နိမိတ်ကို ကြိုတင်သိရှိလို၍ ဗေဒင်မေးမြန်းခြင်းမျိုးမှာ မိစ္ဆာဒိဋ္ဌိ မဖြစ်နိုင်ပေ။

တစ်ခါက ကျွန်ုပ်၏မိတ်ဆွေတစ်ဦးသည် ကျွန်ုပ်အား ဗေဒင်ပညာနှင့်ပတ်သက်၍ "သတ္တဝါတို့၏ကောင်းကျိုးဆိုးပြစ်များကို ဂြိုဟ်၊ နက္ခတ်၊ တာရာတို့က ဖန်တီးခြယ်လှယ်နိုင်မှု ရှိပါသလား" ဟူ၍ မေးခဲ့ဖူးသည်။

သတ္တဝါတို့၏ ကောင်းကျိုးဆိုးပြစ်များကို ဂြိုဟ်၊ နက္ခတ်တာရာတို့က ဖန်တီးခြယ်လှယ်နိုင်စွမ်း မရှိကြောင်း ကျွန်ုပ်က ဖြေကြားခဲ့ပါသည်။ ဂြိုဟ်၊ နက္ခတ်၊ တာရာများ သတ္တဝါတို့အပေါ် ဖန်တီးခြယ်လှယ်မှုမရှိဘဲ ဂြိုဟ်၊ နက္ခတ်များ၏ အတိတ်နိမိတ်ကိုကြည့်ပြီး သတ္တဝါတို့၏ကံဇာတာကို ဟောပြောနေခြင်းသည် ကြောင်းကျိုးညီညွတ်မှုမရှိဟု ထင်မြင်ကြောင်း ထိုသူက ဆိုပါသည်။

ကျွန်ုပ်က ထိုပုဂ္ဂိုလ်အား အင်္ဂလန်နိုင်ငံမှာ ယှဉ်ပြိုင်နေသော ဘောလုံးပွဲများကို မြန်မာပြည်တွင် တစ်ချိန်တည်းမှာ ကြည့်ရှုနိုင်ခြင်းသည် ကောင်းကင်ဂြိုဟ်တုကတစ်ဆင့် satellite ဖြင့်ဖမ်းယူကြည့်ရှုနိုင်ခြင်းသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ယှဉ်ပြိုင်နေခြင်းမဟုတ်သော်လည်း အင်္ဂလန်နိုင်ငံ၌ ယှဉ်ပြိုင်နေသော ပုံရိပ်များကို ကောင်းကင်ဂြိုဟ်တုက



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆင့် ဖမ်းယူကြည့်ရှုနိုင်သကဲ့သို့ နက္ခဗေဒင်ပညာသည်လည်း သတ္တဝါတို့၏ ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက်က ပြုလုပ်ခဲ့သော ကံနိမိတ်၊ ကံအရိပ်တွေကို စကြဝဠာထဲရှိ ဂြိုဟ်အစစ်တွေကတစ်ဆင့် နိမိတ်ဖမ်းယူကြည့်ရှုဟောပြောခြင်းသာဖြစ်ကြောင်း၊ ကောင်းကင်ပေါ်ရှိ ဂြိုဟ်၊ နက္ခတ်၊ တာရာတွေက သတ္တဝါများ၏ကံဇာတာကို ဖန်တီးခြယ်လှယ်နေခြင်းမဟုတ်ကြောင်း အင်္ဂလန်ဘောလုံးပွဲဖြင့် ဥပမာပေး၍ ရှင်းပြခဲ့ဖူးပါသည်။ မန်လည်ဆရာတော်ကြီး၏ မဃဒေဝ လင်္ကာသစ်တွင်လည်း "**ယခုအခါ၊ သတ္တဝါကား၊ ဒသာဆိုးကောင်း၊ ကျိုးကြောင်းပြောင်းသည်၊ ရှေးဟောင်းကမ္မ ဇာတာတည်း**"ဟု မိန့်ဆိုခဲ့တော်မူသည်ကို ဖတ်ရှုမှတ်သားဖူးပါသည်။

လောကတွင် မြင်နိုင်သည့်အရာများထက် မမြင်နိုင်သည့်အရာများကပို၍ အရေးပါသည်ဟု ကျွန်ုပ်အနေဖြင့် ဆိုချင်ပါသည်။ ဥပမာ - **ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်**ဟု အဆိုရှိပါသည်။ ထိုအရာများသည် သာမန်မျက်စိဖြင့် မြင်နိုင်ကြပါသည်။ လေကိုတော့ ရှိမှန်းသိနိုင်သော်လည်း မျက်စိဖြင့် မမြင်နိုင်ပေ။ ငါးမိနစ်မျှ လေမရှူရပါက အသက်ပင် ဆုံးရှုံးနိုင်ပါသည်။ ဤသို့ဆိုလျှင် လောကကြီး၌ မြင်နိုင်သောအရာများထက် မမြင်နိုင်သောအရာများကပို၍ အရေးကြီးကြောင်း သိနိုင်လောက်ပါပြီ။ နက္ခတ်ဗေဒင်ပညာရပ်သည် တစ်စုံတစ်ယောက်၏ အားနည်းချက်၊ အားသာချက်၊ အကျိုးပေးမှု၊ အကျိုးမပေးမှု၊ ကံကောင်းမှု၊ ကံဆိုးမှုများကို သာမန်မျက်စေ့၊ သာမန်အတွေးအခေါ်များထက် ရှင်းလင်းစွာကြိုတင်သိမြင်နိုင်သော ပညာရပ်ဖြစ်သည်ဟု ထင်မြင်မိပါသည်။

တိုင်းပြည်တစ်ပြည်တွင်လည်း ဝေဒပညာ၊ ပိဋကတ်စာပေ တတ်မြောက်ကျွမ်းကျင်သော ပညာရှိများကို တိုင်းပြည်၏မျက်စေ့နှင့်တူကြောင်း၊ မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာသစ်၌ "**ဝေဒလ်ပိဋကတ်၊ တတ်မှတ်ကျော်ထိပ်၊ ပရောဟိတ်ကား၊ အတိတ်အနာဂတ်၊ ဆုံးဖြတ်မြင်သိ၊ ပြည့်မျက်စိတည့်**"ဟုရေးဖွဲ့ထားသည်ကို ဖတ်ရှုလေ့လာဖူးပါသည်။

ဗေဒင်မေးမြန်းခြင်းသည် လူပျော့လူညံ့တို့၏ အလုပ်ဟုလည်း မထင်မှတ်သင့်ပေ။ ဗေဒင်ပညာရပ်၏ လူသားတို့အပေါ်အကျိုးပြုပုံမှာ မော်တော်ကားတစ်စင်းတွင် တပ်ဆင်ထားသော ကားမီးခွက်ကဲ့သို့ ဖြစ်ပါသည်။ ကားတစ်စင်းကို မီးခွက်ဖြုတ်၍ မောင်းနှင်မည်ဆိုပါက နေ့အခါ၌ ပုံမှန်အတိုင်း ခရီးတွင်‌ ‌သော်လည်း ညအခါအမှောင်ထဲတွင် မီးခွက်မပါသော ကြော‌ ‌င့် စမ်းတဝါးဝါးမောင်းနှင်ရသဖြင့် ခရီးမတွင်သည့်အပြင် ဘေးရန်လည်းမကင်းနိုင်ပေ။ မီးခွက်ကြောင့် လိုရာခရီးသို့ ရွေ့လျားခြင်းမဟုတ်သော်လည်း မီးခွက်၏အရေးပါပုံကို သိနိုင်လေသည်။

ကံဇာတာမြင့်နေချိန်တွင် ဘာပဲလုပ်လုပ် အဆင်ပြေချောမွေ့နိုင်သော်လည်း ကံဇာတာအညံ့ဘက်ရောက်နေချိန်တွင် ဗေဒင်ပညာဖြင့် ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ပါက ကံအဆိုး၊ ကံအညံ့များ သက်သာစေနိုင်ပါသည်။ ထို့ကြောင့်လည်း "ယတြာကောင်းမင်းလောင်းပ"ဟူ၍ပင် ရှေးလူကြီးသူမတို့ ဆိုရိုးရှိခဲ့ပါသည်။ ဥပမာအားဖြင့် မိုးရာသီကာလတွင် အမိုး၊ အကာ ကြိုတင်ပြင်ဆင်ထားသူများ၊ ထီး၊ မိုးကာဆောင်ထားသူများအဖို့ မိုးရေစိုခြင်းမှ သက်သာနိုင်ပါသည်။ မိုးတွင်းကာလတွင် မိုးမရွာစေရန်ကား တားဆီး၍ မရနိုင်ပါ။ စီးပွားရေးတွင် ဝင်ငွေကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ထွက်ငွေနည်းအောင် စီစစ်၍ သုံးတတ်လျှင်လည်း ဝင်ငွေရသည်နှင့် အတူတူပင်ဖြစ်လေသည်။ မိမိတို့၏ဘဝခရီးကို ဖြတ်ကျော်လျှောက်လှမ်းရာတွင် ဗေဒင်ပညာ၏လမ်းညွှန်မှုအကူအညီဖြင့် လျှောက်လှမ်းမည်ဆိုပါလျှင် ဧည့်လမ်းညွှန်နှင့် ခရီးသွားသူပမာ လိုရာခရီးကို မြန်ဆန်စွာရောက်နိုင်ပြီး ဗဟုသုတလည်း များစွာရနိုင်လေသည်။ သုံးဆယ့်တစ်ဘုံတွင် လူ့ဘုံသည် ကံဘုံသက်သက်မဟုတ်သောကြောင့် ဗေဒင်ပညာမှ ညွှန်ပြလာသည့် ကောင်းကျိုးဆိုးပြစ်များကို ကံနှင့်ကံ၏အကျိုးပေးမှုအပေါ် ယုံကြည်သောစိတ်ကို အခြေခံလျက် အသိဉာဏ်၊ လုံ့လဝီရိယနှင့်ယှဉ်၍ အကျိုးရှိရှိ အသုံးချမည်ဆိုလျှင် ကံ၊ ဉာဏ်၊ ဝီရိယသုံးဖြာနပြည့်စုံကာ ကောင်းကျိုးပေဖြာ၍ တိုးတက်လိမ့်မည်ဟု ယူဆမိပါသည်။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးဖြာနတွင်လည်း ကံ၏အရေးပါပုံကို လောကနီတိတွင် "**အနာနှင့်တူသော ရန်သူမရှိ၊ မိမိနှင့်တူသော ချစ်အပ်သူမရှိ၊ ကံနှင့်တူသော အားမရှိ**"ဟုဖော်ပြထားသည်ကို ဖတ်ရှုမှတ်သားဖူးပါသည်။ မဃဒေဝလင်္ကာသစ်တွင်လည်း "**လူ့ဘောင်ရပ်ဌာန်၊ လူ့သန္တန်၌၊ ကံဉာဏ်ဝီရိယ၊ ဤသုံးပ**



www.burmeseclassic.com

www.burmeseclassic.com

**တွင်၊ ဝီရိယဉာဏ်၊ ကျိုးပေးဟန်ကား၊ သင့်တင့်ရုံမျှ ခံမှုစရိုး၊ ကံအကျိုးမှု၊ ပြည့်ဖြိုးလွန်စွာ၊ မကြံ့သာခဲ့" ဟူ၍** ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးပြည့်စုံမှ လူမွန်၊ လူချွန်ဖြစ်မည်ဟု ဆိုသော်လည်း ဝီရိယနှင့် ဉာဏ်၏အကျိုးပေးမှာ သင့်တင့်ရုံမျှသာဖြစ်ပြီး ကံအကျိုးပေးပါမှ ပြည့်ဖြိုးလွန်မြောက်၍ ချမ်းသာခြင်းနှင့်ပြည့်စုံနိုင်မည်ဟု မန်လည်ဆရာတော်ကြီးက မိန့်ဆိုတော်မူခဲ့ပါသည်။

ဗေဒင်ဝါသနာပါသူများ ဗေဒင်မေးမြန်းရာ၌ သတိပြုသင့်သည့်အချက်အနည်းငယ်ကို ဖော်ပြလိုပါသည်။ အချို့သောပုဂ္ဂိုလ်တို့သည် ဗေဒင်ဆရာ၊ လက္ခဏာဆရာကိုတွေ့သည်နှင့် လက်ဝါးဖြန့်ကာ ငွတ်အတင်းမေးတော့သည်။ ထိုသို့ပြုမူခြင်းသည် ဗေဒင်လက္ခဏာမေးမြန်းသူ ကာယကံရှင်အဖို့ ကောင်းကျိုးထက် ဆိုးကျိုးများနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် တန်ဖိုးအသင့်အတင့်ရှိသော တိဗွီ၊ ကွန်ပျူတာ၊ တယ်လီဖုန်းဟန်းဆက် စသည့် စက်ပစ္စည်းများကို ပြုပြင်ရန် အပ်နှံရာ၌ပင် ပြုပြင်ပေးမည့်သူသည် ဖုန်၊ သဲမရှိသော သန့်ရှင်းသည့် စားပွဲပေါ်၊ ခုံပေါ်တွင်တင်၍ ပြုပြင်သင့်ပါသည်။ ထိုပုဂ္ဂိုလ်သည် ကျွမ်းကျင်သည့်ပညာရှင်ဖြစ်ရန်လည်း လိုအပ်ပြီး ရိုးသားဖြောင့်မတ်သူလည်း ဖြစ်ရပါမည်။ မသန့်ရှင်းသောနေရာတွင် ပြုပြင်ပါက ဖုန်သဲများဝင်၍ စက်ပစ္စည်းမြန်ဆန်စွာပျက်တတ်ပါသည်။ မကျွမ်းကျင်သူနှင့် ပြင်ဆင်မိပါက ပျက်သောနေရာကတခြား၊ ထိုပုဂ္ဂိုလ်စမ်းသပ်၍ ပျက်သွားသည်ကတစ်နေရာဖြစ်ကာ မိမိရဲ့ပစ္စည်းသာ ဆုံးရှုံးရတတ်ပါသည်။ လုပ်ငန်းကျွမ်းကျင်သူဖြစ်သော်လည်း ရိုးသားမှုမရှိသော ပုဂ္ဂိုလ်နှင့်ပြသပြင်ဆင်မိပါက ကောင်းမွန်နေသော မိမိပစ္စည်းအား တစ်ပါးသူ၏ပစ္စည်းအဟောင်းနှင့် လဲလှယ်ထားနိုင်ပါသည်။ ထိုမျှလောက်တန်ဖိုး အသင့်အတင့်ရှိသော ပစ္စည်းကိုပြင်ဆင်ရာမှာပင် ယခုကဲ့သို့ စိစစ်ရန်လိုအပ်ပါက ကံသာလျှင်အမိ၊ ကံသာလျှင်အဖ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဟုဆိုအပ်သော မိမိ၏ကံဇာတာကို တွေ့ရာနေရာတွင် ကြုံရာလူထံသို့ လက်ဝါးဖြန့်ကာ အလွယ်တကူမေးမြန်းသင့်မသင့် စိစစ်ဖို့ လိုမည်ဖြစ်ပါသည်။

ရှေးကဆရာကြီးများ မှာခဲ့သောစကားတစ်ခွန်းရှိပါသည်။ ကျန်းမာရေးအတွက် ဆရာရှာလျှင် ကျန်းမာစဉ်ကတည်းက ကြိုတင်ရှာထားသင့်ကြောင်း။ မျက်ဖြူဆိုက်ခါမှ ဆရာရှာလျှင် ဆရာကောင်းမရနိုင်ကြောင်း မှာခဲ့ပါသည်။ ထို့အတူ ဗေဒင်ပညာရပ်နှင့်ပတ်သက်၍လည်း ဗေဒင်ပညာဝါသနာပါ၍ဖြစ်စေ၊ မိမိကံဇာတာကို ကြိုတင်သိရှိလို၍ဖြစ်စေ၊ ဇာတာကိုစစ်ဆေးလိုပါက ဆရာကောင်း၊ သမားကောင်းထံ ကြိုတင်၍ တစ်နှစ်တစ်ကြိမ် ဇာတာစစ်ဆေးသင့်ပါသည်။

ကံဇာတာကို စစ်ဆေးမေးမြန်းလိုသူသည် ဆရာရှိရာအရပ်သို့ သွား၍ မိမိတို့တတ်စွမ်းသမျှ ပူဇော်ဖွယ်ရာဝတ္ထုပစ္စည်းဖြင့် ဆရာထံသို့ရှိသေစွာ ပူဇော်လျက် ကံဇာတာစစ်ဆေးပေးပါရန် ပန်ကြားရပါသည်။ ဤသို့ပြုမူခြင်းသည် ဗေဒင်ဆရာကို ရိုသေရန်၊ တန်ဖိုးထားရန် ဆိုလိုခြင်းမဟုတ်ပါ။ မိမိကံဇာတာကို မိမိကိုယ်တိုင်ရိုသေမှုရှိရန်နှင့် တန်ဖိုးထားရန် ဆိုလိုခြင်းဖြစ်ပါသည်။ ဥပမာ - ကက်ဆက်ထဲသို့ ပရိတ်တရားခွေထည့်၍ ဖွင့်ကာ ရိုရိုသေသေ နာယူပါက သံဃာတော်များရှေ့တွင် နာယူဘိသကဲ့သို့ ကောင်းကျိုးရရှိစေနိုင်ပါသည်။ ထိုကက်ဆက်ကြီးကိုပင် ပရိတ်တရားခွေဖွင့်ထားစဉ် ဖိနပ်ချွတ်ခုံ၌ထားမိပါက ကုသိုလ်ထက် အကုသိုလ်ပင် ဖြစ်နိုင်လေသည်။ ဤနေရာ၌ ကက်ဆက်ကြီးက ဘာမျှမဖြစ်ပါ။ ထိုကက်ဆက်ကြီးထဲ၌ရှိသော တရားခွေအပေါ် ထားရှိသော စိတ်စေတနာကသာလျှင် သက်ဆိုင်ရာပုဂ္ဂိုလ်အား အကျိုးပေးမည် ဖြစ်ပါသည်။

ဗေဒင်မေးမြန်းရာ၌ ရိုရိုသေသေမေးမြန်းသည်ဖြစ်စေ၊ မရိုမသေမေးမြန်းသည်ဖြစ်စေ ဗေဒင်ဟောပြောသူမှာ ကက်ဆက်ကြီးနှင့်သာ ပမာတူလေသည်။ ဗေဒင်မေးမြန်းသူကသာလျှင် မိမိကံကို မိမိကိုယ်တိုင်လေးစားဖို့လိုအပ်ကြောင်း သတိချပ်သင့်ပေသည်။ ဗေဒင်တွက်ကိန်းမှထွက်ပေါ်လာသော မိမိ၏ရှေးကံဇာတာ အဆိုး၊ အကောင်း၊ အကျိုး၊ အကြောင်းတို့အပေါ် ကံနှင့်ကံ၏ အကြောင်းအကျိုးတရားကို ယုံကြည်သောစိတ်ဖြင့် ပြုပြင်နေထိုင်ပါက လောကဓံကို လွယ်ကူစွာ ရင်ဆိုင်နိုင်မည်ဟု ယူဆမိပါတော့သည်။

**အောင်စိုးမင်း (ပညာရေး)**

၀၉-၄၀၁၆၄၁၂၀၀

www.burmeseclassic.com

www.burmeseclassic.com

# သမီးကို

# တစ်ယောက်တည်း မထားခဲ့ပါနဲ့

■ ဗိုလ်ချုပ်မြေ တင်တင်ဝင်း

BURMESE CLASSIC .com

အမေနကို ကျွန်မပေးထားသည့် ကတိအတိုင်း မကျွတ်မလွတ်သေးသောဘဝမှ ကောင်းသောဘဝသို့ ရောက်သွားပါစေတော့ရယ်လို့ ရွှေတိဂုံမှာ ပေးခဲ့သော ကတိဖြစ်၍ ရွှေတိဂုံဘုရားသို့သွားပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး အစရှိသည်တို့ကို ကွယ်လွန်သူ အမေနအား ရည်မှန်း၍ လှူဒါန်းဆက်ကပ်ပါသည်ဘုရားဟု ရွတ်ဆို၍ "အမေနရေ၊ အမျှ အမျှ အမျှ"ဟု နာမည်ကိုခေါ်ကာ အမျှပေးဝေလိုက်ပါသည်။

ကျွန်မ အမျှပေးဝေလိုက်သည့် အမေနနှင့် ဆွေမျိုးနီးစပ်မတော်သည်ကတစ်ကြောင်း အမေန ကွယ်လွန်သွားခဲ့သည်မှာ သုံးနှစ်ပင်ကျော်ခဲ့ပြီမို့ သေသေသာသူ ကြာလျှင်မေ့ ဆိုသည့်စကားအတိုင်းပင် မေ့မေ့ပျောက်ပျောက်ပင် ဖြစ်နေပါပြီ။

သို့သော် မမေ့နိုင်စရာအကြောင်းက ပေါ်လာသည်။ ကျွန်မနှင့် ကျွန်မ၏မိသားစုအတူ ရွှေတိဂုံဘုရားတွင် မိသားစုတစ်စုလုံး တန်းစီပြီး ဘုရားကြည်ညိုဦးခိုက်နေကြစဉ်မှာ လက်ယာဘက်အစွန်းဆုံးတွင် ဘုရားဝတ်ပြုနေသော ကျွန်မကို ဘယ်အချိန်က အနီးကပ်ရောက်လာမှန်း မသိလိုက်ရဘဲ ရုတ်တရက် သေးနားမှကပ်ပြီးထိုင်ကာ ကျွန်မခါးကို သိုင်းဖက်ပြီး "တင်တင်ဝင်းရယ်၊ အမေနဘဝကို ကယ်ပါဦး။ အခုထိ မကျွတ်မလွတ်သေးပါဘူး။ အမျှအတန်းပေးဝေပါဦး"ဟု မျက်ရည်စက်လက်ဖြင့် သနားစဖွယ် အကူအညီတောင်းခံနေပါသည်။

မမျှော်လင့်ဘဲ ရုတ်တရက် စိတ်ထိခိုက်ဖွယ်ရာအဖြစ်ဆိုးနှင့် ရင်ဆိုင်တိုးလိုက်ရသဖြင့် အံ့ဩပြီး စိတ်အတော်လေးကို ထိခိုက်ပြီး တဟီးဟီးနှင့်ကို ငိုချလိုက်ပြီး ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ အမေနရဲ့။ သမီး မှတ်မှတ်ရရ အမျှပေးဝေပါ့မယ်။ ကြားတဲ့နေရာကနေပြီး သာဓုခေါ်ပါနော်ဟု ပြောကာ အဖြစ်ဆိုးလှချည်လား အမေနရဲ့ဟု တအားကုန်းကျုံး၍ အော်ပြီးငိုပစ်လိုက်မိသည်။

ကျွန်မအနီးတွင် အိပ်နေသော အမျိုးသားကပါ ကျွန်မငိုသံကြောင့် နိုးသွားပြီး "ဘာဖြစ်လို့ငိုတာလဲ။ အိပ်မက်ဆိုးတွေမက်ပြီး ငိုနေတာလား"ဟု ကျွန်မကို လှုပ်ပြီးမေးတော့မှ မျက်ရည်တွေရော နှာရည်တွေပါ ယိုပြီး ငိုနေမှန်း သိလိုက်ရတော့သည်။

သေဆုံးသွားသူက အိပ်မက်ပေးပြီး အမျှဝေခိုင်းတာတစ်ခါမှ မကြားခဲ့ဖူးပါ။ ၁၉၈၅ ခုနှစ်ဆီက မြစ်ဝကျွန်းပေါ်သူ အမေနတို့သားအမိနှင့်အတူ ကျွန်မ ညောင်ဦးသူတို့ အိမ်နီးချင်းအဖြစ် နေခဲ့ရပါသည်။ သူစိမ်းကောင်းတော့ ဆွေမတော် ဆိုသည့်စကား မှန်လှသည်။ ကျွန်မတို့ မိသားစုက မိခင်တစ်ယောက်ပမာ၊ ကျွန်မရဲ့ သားသမီးလေးတွေကို၊ မြေးလေးများပမာ မေတ္တာပေးရှာသည်။ ကျွန်မနှင့် ကျွန်မ၏ သားသမီးလေးတွေကလည်း အမေနကို အဘွားတစ်ယောက်ပမာ ခင်တွယ်နေခဲ့ပြီးမှ သေဆုံးသွားရသည့်အခါ ကျွန်မတို့မိသားစုကို ဆွေမျိုးရင်းပမာ အားကိုးရှာပြီး တမလွန်ဘဝမှ အိပ်မက်ပေးပြီး အမျှဝေခိုင်းခြင်း ဖြစ်မည်



www.burmeseclassic.com

www.burmeseclassic.com

ထင်သည်။

မေတ္တာသဘောသည် အတိမ်းအနက်နှင့် အလျားအနံကို တိုင်းတာ၍ မရပေမဲ့ အသွားအပြန်ရှိပုံကိုတော့ အမေနုနှင့်ကျွန်မတို့ မိသားစုကို အနီးကပ်နေသူတို့က သိနေကြပါသည်။

"အမေနုရေ သမီးဈေးသွားမလို့ အမေနုမြေးလေးတွေ နေပူထဲထွက်ရင် ကြည့်ပြီးအော်ပေးပါဦးနော်။ သူတို့တွေ အမေနုပြောစကားကို နားမထောင်ရင် ရိုက်ပါနော်"ဟု အပ်နှံရသလို တစ်ခါတစ်ရံ "အမေနုရယ်၊ သားလေးကိုယ်ပူနေသလား စမ်းကြည့်ပေးပါဦး"ဟု မေးရပြန်ပါသည်။

တစ်ခါက သားလေးကိုယ်ပူနေသလား စမ်းပေးပါဦးဟု ပြောစဉ် "ကလေးခြောက်ယောက်မွေးပြီးတာတောင် မသိသေးဘူးလား။ ကလေးနဲ့တိုက်တဲ့အခါ ကလေးရဲ့ အာတွေ၊ လျှာတွေ ပူနေတာ နို့တိုက်နေတဲ့မိခင်က သိရမှာပေါ့။ ကလေးရဲ့ အာတွေ၊ လျှာတွေ ပူနေရင် ကလေးဖျားနေတာပေါ့"တဲ့။ မမေ့နိုင်စရာ သင်ပေးခဲ့ဖူးသည်။

ကျွန်မတို့က စားစရာအထူးအဆန်းလေးများရှိလျှင် အမေနုကို ဦးဦးဖျားဖျား ကျွေးရမှ။ အမေနုအကြိုက်ဆုံးက လက်ဖက်ရည်လေးတစ်ခွက်ပင် ဖြစ်သည်။

ကျွန်မက အလိုက်သိစွာ လက်ဖက်ရည်လေးတစ်ခွက်နှင့် စားဦးစားဖျားလေးတွေကျွေးတိုင်း သာဓုတွေခေါ်ပြီးမှ သောက်လေ့ရှိသည်။ အမေနုကို ကျွေးသည့်အခါတိုင်း သူ၏မွေးစားသမီး ချစ်စုမ မရှိခင် မသိအောင်ကျွေးရသည်။ တစ်ခါက ကျွန်မတို့ကျွေးမွေးနေစဉ် ချစ်စုမတစ်ယောက် ဈေးဝယ်မှပြန်လာခိုက် ပက်ပင်းကြုံးတိုးသွားသဖြင့် "အမေနော် ... သူများကျွေးတာကိုစားတာ ချစ်စုမ မကြိုက်ဘူးလို့ ပြောထားသားနဲ့ အမေ့ကို ချစ်စုမက အငတ်ထားလို့လား"

"အိုကွယ် ... သမီးကလည်း ဒီလိုမပြောပါနဲ့" ဟန့်တားရှာသည်။

ကျွန်မက "ညီမလေးရယ်၊ မမတို့မှာ မိဘတွေနဲ့ နီးနီးနားနား မနေရတော့ အမေအရွယ်ဆို ကိုယ့်အမေလို သဘောထားပြီး ကျွေးမိတာပါ။ အမေနုကို မပြောပါနဲ့ကွယ်"

နောက်တစ်နေ့ အမေနုနှင့် ဆုံမိသည့်အခါ "တင်တင်ဝင်းရယ်၊ ချစ်စုမပိုက်တာကို တောင်းပန်ပါတယ်။ မနေ့က အမေနုဖြင့် အားနာလိုက်တာ။ သူငယ်ငယ်လေးကတည်းက သူ့အဖေဖြစ်တဲ့ အမေနုရဲ့ မောင်လေးနဲ့ ယောက်မပါ သေသွားလို့ အမေနု အလိုလိုက်ခဲ့မိတာပါ။ အဲဒါကို အခွင့်ကောင်းယူပြီး ဆိုးချင်တိုင်းဆိုးနေတော့တာပဲ။ အမေနုသေရင် သူတစ်ယောက်တည်း။ တစ်ကောင်ကြွက်။ သူ့ကို ဆေးဖော်ကြောဖက်လုပ်မယ့်သူ ရှိတော့မှာမဟုတ်ပါဘူး။ သေတောင် သူ့ကြောင့် အေးအေးဖြောင့်မှာ မဟုတ်ပါဘူး"

"ကိစ္စမရှိပါဘူး။ ချစ်စုမ ငယ်သေးတာပဲ။ ခွင့်လွှတ်

"တင်တင်ဝင်းရယ်၊ အမေနုဘဝကို ကယ်ပါဦး။ အခုထိ မကျွတ်မလွတ်သေးပါဘူး။ အမျှအတန်း ပေးဝေပါဦး"ဟု မျက်ရည်စက်လက်ဖြင့် သနားစဖွယ် အကူအညီတောင်းခံနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

**တစ်ဦးတည်းသောတူမ ဖတဆိုး၊ မိတဆိုးလေးမို့ ငယ်စဉ်ကတည်းက နို့ဘူးတိုက်ကာ မွေးခဲ့ပြီး သနားချစ် ချစ်ကာ အလိုလိုက်မှု အပေါ်တွေမှာ မသောက်ရလျှင် မနေနိုင်အောင် ကြိုက်လှသော လက်ဖက်ရည်တစ်ခွက်ကိုပင် ကြည်ကြည်ဖြူဖြူ မတိုက်မိခဲ့တာတွေ တွေးမိတိုင်း နောင်တရနေဟန်ရှိသည်။**

ပါတယ်။ ချစ်စုမမှာ ဆိုးတာတွေရှိသလို ကောင်းတာတွေလည်းရှိနေသားပဲ ခွင့်လွှတ်ပြီးသားပါ အမေနုရယ်။ စိတ်မကောင်းမဖြစ်ပါနဲ့"

ကျွန်မတို့ကသာ အမေနုကို ချစ်ကြသည့်မဟုတ်။ ပတ်ဝန်းကျင်ကပါ သနားကြ၊ ချစ်ကြသည်။ အသက်အရွယ်ယောက်လာပြီဖြစ်သော အမေနုတစ်ယောက် ကျန်းမာရေးတွေ ချို့ယွင်းလာပြီး တစ်နေ့တခြား ရောဂါမှာ သက်သာသည့်မရှိဘဲ တိုး၍သာလာသော်လည်း သူ၏ဘဝကူးကောင်းဖို့အရေး မတွေးနိုင်ဘဲ "ချစ်စုမ"၊ "ချစ်စုမ"၊ "ချစ်စုမ"ဟုသာ မနားတမ်း ခေါ်နေတော့၏။

ချစ်စုမတစ်ယောက် အမေနု၏ရောဂါအခြေအနေကို ကြည့်ကာ ကျ၍မရနိုင်တော့မှန်းသိပြီး အသက်ကုန်ခါနီးတွင် "အမေ ...အမေ့သမီးအမိုက်မကို ချစ်တယ်ဆို၊ သနားတယ်ဆို။ တစ်ယောက်တည်း မထားခဲ့ပါနဲ့။ ဘယ်သူနဲ့ နေရမှာလဲ။ သမီးကြောက်တယ်" တဖွဖွပြော " သူ၏ အမေကို သေမင်းလက်ထဲ ပါမသွားအောင် ဆွဲထားတော့ မတတ် ဆွေ့ဆွေ့ခုန်ကာ ခုန်ကာ ငိုနေတော့၏။

တကယ်က ကြီးတော်မုဆိုးမကြီးက တစ်ဦးတည်းသောတူမ ဖတဆိုး၊ မိတဆိုးလေးမို့ ငယ်စဉ်ကတည်းက နို့ဘူးတိုက်ကာ မွေးခဲ့ပြီး သနားချစ် ချစ်ကာ အလိုလိုက်မှု အပေါ်တွေမှာ မသောက်ရလျှင် မနေနိုင်အောင် ကြိုက်လှသော လက်ဖက်ရည်တစ်ခွက်ကိုပင် ကြည်ကြည်ဖြူဖြူ မတိုက်မိခဲ့တာတွေ တွေးမိတိုင်း နောင်တရနေဟန်ရှိသည်။

သေဆုံးခါနီး မရဏာသန္နဇော စောနေချိန်တွင် ဘဝကူးကောင်းအောင် ဘုရားစာတွေရွတ်ပေးခြင်း၊ ဘုရားကျောင်းဆောင်ရှိရာကို ညွှန်ပြပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတွေ ဆက်ကပ်ပေးခြင်းတို့ကို ပြုပေးသင့်သည်တို့ကို ပြုမပေးဘဲ "သမီးကို တစ်ယောက်တည်း မထားခဲ့ပါနဲ့"ဟု ပြောပြီး ငိုသည့်အသံကြောင့် နာမည်နှင့်လိုက်အောင် နုနုလေးနေတတ်တဲ့ အမေနုလို သူတော်ကောင်းမျိုး မရောက်သင့်မရောက်အပ်သော ဘုံဘဝသို့ ရောက်နေ၍သာ ကျွန်မအား "အမေနုဘဝကို ကယ်ပါဦး အခုထိ မကျွတ်မလွတ်သေးပါဘူး။ အမျှအတန်းလေး ပေးဝေပါဦး"ဟု အိပ်မက်ပေးရခြင်း ဖြစ်ပေလိမ့်မည်ဟု ကျွန်မကတစ်ချ ယုံကြည့်မိပါသည်။

လင်နှင့်မယား၊ သားနှင့်အမိ
အသီးသီးကို ကပ်ငြိငဲ့တွေ
စွဲလမ်းသေသော် မသွေမှန်စွာ
တပ်ရာရာ၌ ငြိတွယ်ပြည်တိ
ဖြစ်ဘိမလွဲ ထိုထက်ကဲ၍
ငရဲတိရစ္ဆာန် အတန်တန်ဖြင့်
ဖောက်ပြန်မရှိ ဂတိယုတ်မှာ
မှားကြောင်းသာတည်။

ဟူ၍ မာန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာသစ် အပိုဒ် ၄၀၆ ကို တွေ့ရှိခဲ့ခြင်းကြောင့် အမေနုကို မက်ခဲ့သော အိပ်မက်ကို အလေးအနက်ထားကာ ရွှေတိဂုံဘုရားမှာလည်း ပြုပေးပြီး ကျွန်မ၏ အိမ်မှ ဘုရားမှာလည်း နှစ်ရှည်လများ အမျှပေးဝေပေးခဲ့ပါသည်။

ဗိုလ်ချိုမြေ့ တင်တင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီးဒေါက်တာမင်းသိခ် ပညာအမွေခံ

# ဆရာမကြီးဒေါက်တာစောယုနွယ်၏ တပည့်များ

ဆရာကြီးဒေါက်တာမင်းသိခ်၏ ဂေါ်သ ပန်းဥယျာဉ်ကြီးတွင် ရနံ့သင်းသော ပန်းကလေးများရှိခဲ့ပါ၏။ ဥယျာဉ်မှူးကြီး မရှိသည့်နောက်တွင် ပျိုးပင်အသစ်ကလေးများအား ဆရာမဒေါက်တာစောယုနွယ်နှင့် ဂေါ်သ ဆရာများက ပြုစုပျိုးထောင်ပေးခဲ့ရာ ယခုအခါတွင် ရနံ့သင်းသော ပန်းပွင့်ကလေးများ ထပ်မံပေါ်ထွက်လာပြီဖြစ်၏။ ထိုပန်းကလေးများသည် ယခင် ပန်းကလေးများကဲ့သို့ပင် ပွင့်သောပန်းများမွှေး၍ မွှေးသော ပန်းများ လှပနေကြပြီ၊ ထိုပန်းကလေးများ၏ သင်းပျံ့သော ရနံ့ကို စိတ်ချလက်ချ ခံစားနိုင်စေရန်၊ ၎င်း ပန်းကလေးများ၏ နေရာများကို ဇောင်ပြန်မဂ္ဂဇင်းမှ ဖော်ပြလိုက်ပါသည်။

| | | |
|---|---|---|
| ၁။ | ဆရာလှိုင်ဘွားဦး၊ | ◆ ဆိုင်အမှတ်-၅၊ ကျိုက္ကဆံစေတီတော်၊ အနောက်ဘက်မုခ်(ယက္ခညီနောင်အနီး)<br>ဖုန်း-၀၉-၄၃၀၅၇၄၅၅ |
| ၂။ | ဆရာမြတ်သူကောင်း၊ | ◆ အခန်း(၆)၊တိုက်(၂၈၃)၊ ရပ်ကွက်(၂)၊ ရန်အောင်လမ်း၊ ရန်ကင်းမြို့နယ်။ ဖုန်း-၀၉-၅၁၅၃၄၅၇ |
| ၃။ | ဆရာမမျိုးသီရိ | ◆ အမှတ်-၃၃/က၊ ဒုတိယထပ်၊ နွယ်နီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉ ၄၄၈၀၁၃၄၁၇ |
| ၄။ | ဆရာသာထူးစံ | ◆ သုဓမ္မာ၊သုနန္ဒာလမ်းဆုံအနီး။အမှတ်(၃)လမ်းမကြီး။သုနန္ဒာမှတ်တိုင်၊မ/ဥက္ကလာပ၊ ရန်ကုန်။<br>ဖုန်း-၀၉ ၂၅၀ ၃၆၀၄၇၆ |
| ၅။ | ဆရာမခင်စုစုသော် | ◆ ရေးဘူတာ မီးရထားပင်းရေးမြို့နယ်၊ မွန်ပြည်နယ်။ ဖုန်း-၀၉-၂၆၅၄၆၉၅၂၉၊ ၀၉ ၃၁၃၃၁၂၉၅ |
| ၆။ | ဆရာမနန်းဦးရွှေရည် | ◆ အမှတ်-၄၉၊ ကန်သာယာလမ်း။ရပ်ကွက်ကြီး(၁)၊၁၂-ရပ်ကွက်၊လှိုင်သာယာ။<br>ဖုန်း-၀၉ ၃၁၃၀၃၇၈၇ |
| ၇။ | ဆရာမရွှေယမုံဦး | ◆ မီးရထားကြီးကြပ်ရေးတိုက်(၂)၊အခန်း(၁၂)၊အနောက်ကြို့ကုန်း။ရန်ကုန်-အင်းစိန်လမ်းမကြီး။<br>ဖုန်း-၀၉ ၃၁၀၇၂၆၆၅ |
| ၈။ | ဆရာထက်အောင်ရှိန်၊ | ◆ အမှတ်(၃၇)၊ခြောက်ထပ်ကြီးဘုရား။ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၃၉၃၅ |
| ၉။ | ဆရာမချောဆွေဇင်သင်း | ◆ အိမ်နံပါတ်-၉၇၉၊ ဝေယျာမြိုင်လမ်း။ ၅၇-ရပ်ကွက်၊ တောင်ဒဂုံ။ ဖုန်း-၀၉-၅၀၀၆၂၆၂ |
| ၁၀။ | ဆရာDr.ထွန်းအောင်ရဲလင်း | ◆ ဥပါတသန္တိစေတီတော်၊ တောင်ဘက်မုခ်။ ဖုန်း-၀၉-၄၂၈၃၂၅၆၅၈ |
| ၁၁။ | ဆရာကျော်ဇင်သွေး | ◆(C)ဘလောက်၊ (၁၄)လမ်းထိပ်၊ ယုဇနဥယျာဉ်မြို့တော်။ ဖုန်း-၀၉-၉၇၃၃၂၅၇၆၁ |
| ၁၂။ | ဆရာကျော်စစ်သွေး | ◆ တိုက်-၂၂၊ အခန်း-၂၁၊ တော်ဝင်အိမ်ရာ-၄၁-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း |
| ၁၃။ | ဆရာမသင်းနုစံ | ◆ ခ/၇-လမ်း၊ အမှတ်-၂၁၈၊ မြို့သစ်၊ အင်းစိန်။ ဖုန်း-၀၉-၈၅၇၄၀၇၆၂၃၊၀၉-၇၈၈၀၀၂၉၁၉ |
| ၁၄။ | ဆရာမစောလဲ့နွယ် | ◆အမှတ်-၂၅၊ ဝေယျသုခလမ်း။ စမ်းချောင်းမုန့်လက်ဆောင်းတောင်ရပ်ကွက်၊ ဖုန်း-၀၉-၄၂၁၆၈၆၈ |
| ၁၅။ | ဆရာမအေးခန့်မွှန် | ◆အိမ်အမှတ်-၁၂၊ လုံးချင်း။ ပုဇွန်တောင်၊ မီးရထားအိမ်ယာဝင်း။ ပုဇွန်တောင်ဘူတာအနီး။<br>ဖုန်း- ၀၉ ၃၁၀၄၀၅၆၂၀၉-၇၈၀၀၃၀၉၅၇ |



www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ရွှေးဟောင်းအမွေ

နန္ဒာမိုးကြယ်

✪ ရန်ကုန်မှာကွယ့် "ရွှေတိဂုံ"
ဘုရားတွေ့ အံ့မကုန်၊
မွန်တို့သထုံ "ကျိုက်ထီးရိုး"
စုံလက်ဆယ်ဖြာမိုး။

✪ မန်းချောင်းရေချိုး စိတ်ရွှင်ပျော်
မင်းဘူး "ရွှေစက်တော်"၊
"ရွှေမော်ဓော"ကို ဖူးမြင်ဖို့
သွားမယ် ပဲခူးမြို့။

✪ ပုဂံရောက်လို့ လှည့်လည်ကာ
လေ့လာကြည့်စမ်းပါ၊
အံ့ဩဖွယ်ရာ များမှများ
စေတီ၊ ဂူ၊ ဘုရား။

✪ အလေးထားလို့ သွားဦးမည်
ရွှေမန်းမြို့တော်ဆီ၊
သပ္ပာယ်ကြည်ညို တုမရှိ
"မဟာမြတ်မုနိ"။

✪ အရောက်လာလှည့် တိုင်းခြားဆွေ
ဖိတ်ခေါ်ပါရဲ့လေ၊
ရှေးဟောင်းအမွေ တကယ့်အနှစ်
တို့ပြည်တို့တွေ ချစ်တယ်လေး။ ။



www.burmeseclassic.com

www.burmeseclassic.com

# နာမည်များတဲ့ ကြောင်ကလေး

သျှက်ပြုံး(မြန်မာစာ)

ဟိုးရှေးအခါက အိမ်မွေးတိရစ္ဆာန်တွေကို လွန်စွာမှ ချစ်တတ်ကဲ့ မောင်ထွေးဆိုတဲ့ လူငယ်လေးတစ်ယောက်ရှိတယ်ကွယ့်။ မောင်ထွေးဟာ တိရစ္ဆာန်တစ်ကောင်ကိုမွေးဖို့ အမြဲစိတ်ကူးရှိကယ်။ မောင်ထွေးရဲ့အမေက တိရစ္ဆာန်လေးတွေကို ချစ်ပေမယ့် သူတို့ကစွန့်တဲ့ အညစ်အကြေးတွေကို မထိန်းသိမ်းပေးနိုင်၊ ပြီးတော့ အနံ့တာလည်း မခံနိုင်တဲ့အတွက် မောင်ထွေး ခွေးတို့ ကြောင်တို့မွေးမှာကို သဘောမတူဘူးကွယ့်။ ဒီတော့လည်း မောင်ထွေးမှာ သူ့သူငယ်ချင်းအပေါင်းအသင်းနှင့် အိမ်နီးချင်းတွေမွေးတဲ့ ခွေး၊ ကြောင်၊ ငှက်၊ ယုန် စတာတွေကို ချစ်ခင်နှစ်သက်နေတာပေါ့ကွယ်။

မောင်ထွေးဟာ တိရစ္ဆာန်တွေကို ချစ်တတ်တော့ တစ်နေ့နေ့၊ တစ်ချိန်ချိန် မွေးမြူဖို့စိတ်ပိုင်းဖြတ်ထားသတဲ့။ များမကြာခင် မောင်ထွေးရဲ့ အမေရောဂါတစ်ခုနဲ့ ဆုံးပါးသွားခဲ့တယ်။

မောင်ထွေးလည်း အမေတစ်ခု သားတစ်ခုဆိုသလိုဖြစ်ခဲ့တော့ မောင်ထွေးအမေဆုံးတဲ့အခါ အသီးကျန်ပြီး ဝမ်းနည်းလို့မဆုံးနဲ့ဘူး။ နောက်ဆုံး သူဆန္ဒပြင်းပြခဲ့တဲ့ တိရစ္ဆာန်မွေးမယ်ဆိုတာ ဆုံးဖြတ်ခဲ့တယ်။ မောင်ထွေးလည်း သူ့ရဲ့စိတ်တိုင်းကျ ကြောင်တစ်ကောင်ကိုဝယ်ပြီး မွေးခဲ့တယ်။ သူ့ရဲ့ကြောင်ကို အစားအသောက် ဂရုစိုက်ပြီးကျွေးတော့ လျင်မြန်ဖျတ်လတ် သန်စွမ်းလာတယ်။

ကြောင်ကလည်း သူ့သခင်ရဲ့ရန်သူ ကြွက်တွေကို ဖမ်းပြီး စောင့်ရှောက်ပေးတယ်။ မောင်ထွေးဟာ ကြောင်ကို အလွန်ချစ်ပြီး အတ္တကြီးသူလည်း ဖြစ်လာခဲ့တယ်။ သူ့ကြောင်ဟာ သန်မာတယ်၊ ဖျတ်လတ်တယ်။ "အတော်ဆုံး"၊ "အားအထားရဆုံး"၊ "အသိဉာဏ်လည်းအမြင့်ဆုံး" ဆိုပြီး စိတ်ကြီးဝင်ပြီး ကြွားနေတာပဲတဲ့။ ဒါပေမယ့် မောင်ထွေးက သူ့ကြောင်ကို နာမည်မပေးရသေးတော့ ဘာပေးရင်ကောင်းမလဲဆိုတာ စဉ်းစားရကျပ်နေတာပေါ့။ မောင်ထွေးအကြိုက် သူ့အိမ်နီးချင်းတွေကလည်း ကြောင်လေးကို ချီးမွမ်းခန်းတွေ ထုတ်ပေးကြတယ်။

မောင်ထွေးက သူ့ကြောင်ရဲ့ ဂုဏ်နှင့်လိုက်အောင် နာမည်ပေးရမှာ ခက်နေသတဲ့။ ဒါကြောင့်လည်း အလုပ်ပျက်၊ အကိုင်ပျက်နဲ့ ကြောင်နာမည်ပေးဖို့ အချိန်တွေကုန်နေတာပေါ့။ မောင်ထွေးလည်း ကြောင်တစ်ကောင်နဲ့ အဓိပ္ပာယ်မဲ့တဲ့အလုပ်တွေ လုပ်နေသလိုဖြစ်နေတာပေါ့ကွယ်။

တစ်နေ့မှာ "ငါ့ကြောင်က အတော်ဆုံး၊ အလျင်မြန်ဆုံး။ ဒါကြောင့် 'ကြောင်ဘုရင်'လို့ ခေါ်မယ်ဆိုပြီး အဲဒီအမည်အတိုင်း ခေါ်နေတာပေါ့။ အိမ်နီးချင်းတစ်ဦးက –

"ခင်ဗျားကလည်း ဒီလောက်လှပြီး၊ ဝဖြိုးနေတဲ့ ကြောင်ကို သူ့ထက်မြင့်တဲ့ သတ္တဝါရဲ့နာမည်ကို ပေးဖို့ကောင်းတယ်"လို့အကြံပေးတဲ့အခါ –

"အေး . . . ဟုတ်တယ်နော်။ ကျွန်တော်လည်း ဒီနာမည်ကို သိပ်မကြိုက်ဘူး။ ဘယ်လိုပေးရင်ကောင်းမလဲ အကြံပေးပါဦး"

"အကောင်တွေထဲမှာ အမြင့်ဆုံးက 'ဂဠုန်'လေ။ ကောင်းကင်မှာ ဘုရင်ပေါ့"

အကြံပေးတဲ့အတိုင်း မောင်ထွေးလည်း "ဂဠုန်" ဆိုတဲ့ နာမည်ကို သဘောကျပြီး ခေါ်ဖို့ဆုံးဖြတ်လိုက်တယ်ကွယ့်။ နောက်နေ့ အစ်ကိုဝမ်းကွဲတော်သူ မောင်တင် ရောက်လာသတဲ့။ မောင်တင်က မောင်ထွေးကြောင်ကို "ဂဠုန်"လို့ ခေါ်သံကြားတော့ –

"ညီငယ်လေးရဲ့ကြောင်နာမည်က ဆန်းလှပါလား။ ဘယ်လိုကြောင့် ဒီနာမည်တွင်သွားရတာလဲကွာ"

လို့ စူးစမ်းမေးမြန်းတဲ့အခါ –

"ကျွန်တော့်ကြောင်က အတော်ဆုံးလေ။ ဒါကြောင့် အမြင့်မှာရှိနေတဲ့ 'ဂဠုန်'နှင့်နှိုင်းပြီး ခေါ်တာ"

မောင်ထွေး စကားအဆုံး အစ်ကိုမောင်တင်က–

"ဂဠုန်ဆိုတာ တိရစ္ဆာန်ပါပဲ။ သူ့ထက်မြင့်တဲ့ အရာတစ်ခု ရှိသေးတယ်။ အဲဒါက ဂဠုန်အထက်က တိမ်ပဲလေ။ ဒါကြောင့် ကမ္ဘာမြေကြီးရဲ့အမြင့်ဆုံးနေရာမှာရှိတဲ့ တိမ်က ပိုကောင်းတာပေါ့။ အဲဒါသာ ဒီကြောင်နဲ့ အလိုက်ဆုံးပဲ။ 'တိမ်'လို့ နာမည်ပေးလိုက်ပေါ့"

အဲဒီလို တိုက်တွန်းလိုက်ကော "တိမ်ကလေး"ဆို



www.burmeseclassic.com

www.burmeseclassic.com

ပြီး ခေါ်နေပြန်တယ်ကွယ့်။

မောင်ထွေးလည်း တစ်နေ့မှာ သူ့သူငယ်ချင်းက အလည်လာဖို့ ဖိတ်လို့သွားရသတဲ့။ ညအိပ်သွားရမှာဆိုတော့ သူ့အချစ်တော်ကြောင်ကလေးကို ခေါ်သွားတာပေါ့ကွယ်။ သူ့သူငယ်ချင်းမောင်လှဆီရောက်တော့ သူ့ကြောင်ကိုခြင်းထဲကထုတ်ပြီး ကြောင်လေး အလွန်တော်ကြောင်း။ လျှင်မြန်ဖျတ်လတ်ပြီး ကြွက်ခုတ်တော်ကြောင်း၊ ဉာဏ်ကောင်းကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ပြောတော့တာပဲကွယ့်။ မောင်ထွေး သူငယ်ချင်း မောင်လှကလည်း –

"မင်းကြောင်ရဲ့နာမည်ကို ဘယ်သူပေးတာလဲ။ ဘာအဓိပ္ပာယ်နဲ့ပေးတာလဲ။ ငါတစ်ခါမှ မကြားဖူးလို့"

ဆိုပြီး ပွင့်ပွင့်လင်းလင်းမေးတဲ့အခါ –

"ငါပေးတာက 'ကြောင်ဘုရင်'ပါ။ နောက် အိမ်နီးချင်းတစ်ဦးက သတ္တဝါထဲမှာ အမြင့်ဆုံးဖြစ်တဲ့ဂဠုန်ဆိုလို့ 'ဂဠုန်'လို့ပြောင်းလိုက်သေးတယ်။ ငါ့အစ်ကိုက ဂဠုန်ထက်သာတာ တိမ်ဆိုလို့ 'တိမ်ကလေး' ဖြစ်သွားတာ"

ဟု ရှင်းပြတော့ သူငယ်ချင်းမောင်လှက –

"တိမ်ကလေးလို့ခေါ်တာ ငါတော့သဘောမကျဘူး။ မင်းကြောင်နာမည်ကို ငါစဉ်းစားပေးမယ်။ ဒီလောက်တော်၊ ဉာဏ်ကောင်းနေတဲ့ကြောင်ကို သူ့ထက်သာတဲ့အရာနှင့်မှ လိုက်ဖက်မှာပေါ့ကွ"လို့ ပြောပါသတဲ့။

နောက်တစ်နေ့ရောက်တော့ သူငယ်ချင်းက သူစဉ်းစားထားတဲ့နာမည်ကိုပြောပြသတဲ့။ တိမ်ဆိုတာ မြင့်ပေမယ့် အတားအဆီးတစ်ခုရှိရင် ဖြတ်ကျော်လို့မရကြောင်း၊ အရမ်းမြင့်တဲ့ တံတိုင်းနံရံကို မဖြတ်နိုင်ဘူး။ ဒါကြောင့် ကြောင်ကို "နံရံလေး"လို့ နာမည်ပေးဖို့ပြောသတဲ့။

မောင်ထွေးလည်း "နံရံလေး"ဆိုတဲ့ နာမည်ကို အလွန်သဘောကျပြီး သူ့ကြောင်လေးကို "နံရံလေး"ဆိုပြီး ပြောင်းခေါ်လိုက်ပြန်သတဲ့။ မောင်ထွေးနဲ့ ကြောင်လေး နံရံတို့လည်း နောက်နေ့ အိမ်ကိုပြန်ခဲ့ကြသတဲ့။ အိမ်ကို ရောက်တယ်ဆိုရင် အခိုင်းအစေတွေခေါ်ပြီး ကြောင်နာမည်အသစ်ကို မိတ်ဆက်ပေးတဲ့အခါ တပည့်တစ်ဦးက –

"ဆရာ ... ကျွန်တော် အကြံတစ်ခုပေးချင်တယ်။ ဆရာလုပ်တယ်မထင်ပါနဲ့နော်" လို့ မဝံ့မရဲပြောတော့ –

"ပြောပါ၊ ရပါတယ်။ နားထောင်တာပေါ့"

"နံရံဆိုတာ တိမ်ကိုတားဆီးနိုင်တယ်ဆိုတာ ဟုတ်ပါတယ် ဆရာ။ ဒါပေမဲ့ နံရံဆိုတာ ဆွေးမြည့်နိုင်တယ်။ အဲဒီအခါ ကြွက်တွေရဲ့ ဖျက်ဆီးခြင်းခံရမှာပဲ။ ဒါကြောင့် နံရံထက်သာတဲ့ 'ကြွက်ကလေး'ဆိုရင် မကောင်းဘူးလား။ အဲဒီနာမည်ပဲ ပေးပါလားဆရာ"

"အေး ... ကောင်းသားပဲ၊ ငါ မစဉ်းစားမိဘူး။ ငါ့ကြောင်ကို မင်းပြောတဲ့အတိုင်း 'ကြွက်ကလေး'လို့ပဲ ခေါ်တော့မယ်"

ဒါနဲ့ မောင်ထွေးရဲ့ ကြောင်အမည်က ကြွက်ကလေး ဖြစ်သွားတော့သတဲ့။

တစ်နေ့ နယ်ကနေ မောင်ထွေးဦးလေး တော်စပ်သူ ဦးနီဟာ မောင်ထွေးအိမ် ရောက်လာခဲ့တယ်။ ဦးနီက ခေတ်အမြင်၊ ခေတ်အတွေးရှိသူ၊ ဗဟုသုတစုံသူဖြစ်တယ်ကွယ့်။ မောင်ထွေးတစ်ယောက် အမေမရှိတော့ ဘယ်လိုနေထိုင်စားသောက် နေသလဲဆိုတာ သိချင်တာနဲ့ မောင်ထွေးဆီလာခဲ့တာကွယ့်။

"မင်းဆီမှာ အလုပ်ကိစ္စလေးလည်းလုပ်ရင်း တစ်ပတ်လောက်နေဦးမယ်။ မင်းအမေကလည်း မင်းကို စောင့်ရှောက်ဖို့ မှာခဲ့တယ်လေ"

မောင်ထွေးကို လေ့လာကြည့်တော့ ဉာဏ်ပညာမဲ့ပြီး ဆင်ခြင်စဉ်းစားဉာဏ် အားနည်းသူဖြစ်မှန်း သိသွားခဲ့တယ်။ ဒါနဲ့ ဦးလေးနီက မောင်ထွေးကို ပြောတယ်ကွယ့်။

"မင်း တော်တော်စဉ်းစားဉာဏ်မဲ့တာပဲ။ မင်းကြောင်က ကြွက်ဆိုရင် ကြောင်မပီသတဲ့ ကြောင်ပေါ့ကွ။ မင်းက အချိန်ကုန်ခံပြီး ကြောင်နာမည်ကို ဟိုပြောင်းလိုက်၊ ဒီပြောင်းလိုက် လုပ်နေတာပဲ။ ကြောင်ဟာ ကြောင်ပဲပေါ့။ အကျယ်ချဲ့ပြီး အလုပ်မရှိ အလုပ်ရှာလုပ်နေတာပဲ။ ကြောင်က ကြွက်ကိုဖမ်းနိုင်တယ်ဆိုတဲ့ အရည်အချင်းကို သဘာဝက ပေးထားပြီးသားပါ။ သူ့ရဲ့အားသာချက်ကို လျစ်လျူရှုပြီး အခြားအရာတွေနဲ့ အတုမခိုးလေနဲ့။ အကျိုးမရှိဘူး ဟုတ်တယ်မဟုတ်လား"

ဒါနဲ့ မောင်ထွေးလည်း ဦးလေးဦးနီရဲ့စကားကို ဆင်ခြင်မိတော့သတဲ့။

ဒါကြောင့် ကလေးတို့ရေ၊ မိမိတို့မှာရှိတဲ့ အရည်အချင်း၊ အားသာချက်တွေကို ဝီရိယနှင့်ပေါင်းစပ်ပြီး အားထုတ်သင့်တယ်။ မိမိရဲ့အရည်အချင်းတွေကို ဆန်းစစ်သင့်တယ်။ အခက်အခဲတွေ၊ ပြဿနာတွေကို စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာလို့ မယူဆဘဲ အောင်မြင်မှုပမာဏ ကွာခြားပေမယ့် ကြိုးစားသင့်ကြတယ်မဟုတ်လား။ မိမိအရည်အချင်းကိုလည်း အခြားအရာတွေကို အထင်ကြီးပြီး အတုမခိုးသင့်ကြောင်း သိထားရမယ်နော်။

သျှက်ပြုံး (မြန်မာစာ)



www.burmeseclassic.com

www.burmeseclassic.com

# လက်မှတ်မဲ့ ရထားစီးသော ဆာဒူးကြီး

မြဟန်းသိန်း(လုပ်သားကောလိပ်)

အချိန်ကား ...

၁၉၃၈ ခုနှစ်၊ ဒုတိယကမ္ဘာစစ်မီး တောက်လောင်ခါနီး နယ်ချဲ့တို့အင်အားပြိုင်ကာ ကမ္ဘာကြီး မငြိမ်မသက်ဖြစ်နေချိန်။

နေရာကား ...

ဗြိတိသျှ(အင်္ဂလိပ်)အစိုးရက သိမ်းပိုက်အုပ်ချုပ်ထားသည့် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ရှိ လူတကာစုံသော ဘူတာရုံကြီး၊ ခရီးသွား၊ ခရီးလာများနှင့် များမန်းခပ်မျှ စည်ကားရှုပ်ထွေးနေသည်။ မီးရထားဝန်ထမ်းများကလည်း မိမိကျရာတာဝန်ကို လစ်ဟင်းမှုမရှိရအောင် ကျေနပ်စွာ ထမ်းဆောင်လျက်ရှိနေကြသည်။

ဘုံဘေမြို့သို့ ထွက်ခွာမည့် မီးရထားကြီးတစ်စင်းသည် သတ်မှတ်ထားသော နေရာပလက်ဖောင်းဘေးတွင် ထိုးဆိုက်ရပ်နားထားသည်။ ထွက်ခွာရမည့်အချိန်ကို အသင့်စောင့်ဆိုင်းနေသည်။ မီးရထားကြီး ထွက်ချိန်နီးပြီဖြစ်သဖြင့် ခရီးသွားများသည် မီးရထားပေါ်တက် နေရာယူထားကြပြီးဖြစ်သည်။ ထိုစဉ် ဟိန္ဒူဆာဒူးကြီးတစ်ယောက်သည် လက်တစ်ဖက်က သောက်ရေအိုး ကြေးကရားတစ်လုံးကိုင်လျက်၊ လက်တစ်ဖက်က တောင်ဝေှးတစ်ချောင်းကိုကိုင်လျက် မီးရထားတွဲပေါ်သို့ ကမန်းကတန်းတက်လာ၏။ ထို့နောက် နေရာလပ်တစ်ခုတွင် သွားရောက်ဝင်ထိုင်နေလိုက်သည်။

လက်မှတ်စစ်များသည် မီးရထားတွဲတွင်းရှိ ခရီးသည်များကို လက်မှတ်ပါ၊ မပါ စစ်ဆေးနေကြသည်။ လက်မှတ်စစ်များ ဆာဒူးကြီးရှိရာ ထိုင်ခုံနားရောက်လာကြသည်။ လက်မှတ်စစ်တစ်ယောက်က -

"ကျေးဇူးပြု၍ လက်မှတ်ပြပါ"

ဟု ဆာဒူးကြီးကို ပြောလိုက်သည်။

"ကျွန်ုပ်ဟာ တရားကျင့်ကြံနေတဲ့ သူတော်စင်တစ်ဦးဖြစ်ပါတယ်။ ကျွန်ုပ်မှာ ပေးစရာ ပိုက်ဆံမရှိပါ။ ပိုက်ဆံကိုလည်း မကိုင်ပါ။ ဒါကြောင့် လက်မှတ်ကိုလည်း မဝယ်နိုင်ခဲ့ပါဘူး"

ဟု ဆာဒူးကြီးက ပြန်ပြောသည်။

"လက်မှတ်၊ ဒါမှမဟုတ် ဝရမ်းတစ်ခုခု ပါရပါမယ်။ လက်မှတ်မပါရင် ဘယ်သူ့ကိုမှ မီးရထားစီးခွင့် မပေးနိုင်ပါဘူး။ လက်မှတ်မပါရင် ဥပဒေအရ အရေးယူခြင်း ခံရပါလိမ့်မယ်။ အသက်ညှာဆုံး ပြောရရင်တော့ မီးရထားပေါ်က ပြန်ဆင်းသွားပါ"

"ကျုပ်ပြောပြီးပြီကော မောင်ရင်တို့ရာ။ ကျွန်ုပ်ဟာ စီးပွားရေးသမား မဟုတ်တော့ ပိုက်ဆံဘယ်ကလာ ရှိမှာလဲ။ ဒီတော့ လက်မှတ်မပါဘဲ စီးရတာပေါ့။ ကျုပ်တို့လိုပုဂ္ဂိုလ်တွေကိုတော့ ခွင့်ချက်အနေနဲ့ မီးရထား အခမဲ့စီးနင်းခွင့်ပြုသင့်ပါတယ်"

"ကျွန်တော်တို့ကို ခွင့်ချက်ပေးထားတာ ဘာမှမရှိပါဘူး။ လက်မှတ်မပါရင်တော့ ဥပဒေအတိုင်း အရေးယူသွားရပါမယ်"

"မောင်ရင်တို့ဟာ အိန္ဒိယတိုင်းရင်းသား စစ်စစ်တွေဖြစ်မယ်ဆိုရင် ကျုပ်ပြောတာ သဘောပေါက်နားလည်ပြီး ကျုပ်အပေါ် ခွင့်လွှတ်နိုင်မယ် ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

**"မောင်ရင်တို့အပေါ် ဒုက္ခရောက်မယ်ဆိုရင်လည်း ပြောပါ။ ကျုပ်ဆင်းပေးပါ့မယ်။ ဒါပေမဲ့ သူတော်စင်တစ်ဦးအပေါ် ဒီလောက် ရိုင်းရိုင်းပျပျ မဆက်ဆံသင့်ပါဘူး။ မင်းတို့ ဒုက္ခရောက်ကုန်ကြပါလိမ့်မယ်"**

ဆာဒူးကြီးက လေအေးကလေးဖြင့် ဆက်ပြောနေပြန်သည်။

လက်မှတ်စစ်များသည် ဆာဒူးကြီးနှင့် ဆက်လက်ပြောဆိုမနေတော့ဘဲ ကျန်ခရီးသည်များဆီသို့ ကူးပြောင်းသွားကြသည်။ ထိုစဉ် အင်္ဂလိပ်လက်အောက်မှာ အနေကြာ၍ ကျွန်စိတ်ပေါက်နေသော လက်မှတ်စစ်တစ်ယောက်က ဆာဒူးကြီးဆီ ပြန်သွားကာ –

"အဘိုးကြီး စကားရှည်မနေနဲ့၊ ပါးစပ်ပိတ်ထား"

ဟုပြောကာ ဆာဒူးကြီးအား မီးရထားတွဲပေါ်မှ အတင်းဆွဲချလိုက်ပါတော့သည်။ ဆာဒူးကြီးသည် တည်ငြိမ်စွာနှင့်ပင် –

"မောင်ရင်တို့အပေါ် ဒုက္ခရောက်မယ်ဆိုရင်လည်း ပြောပါ။ ကျုပ်ဆင်းပေးပါ့မယ်။ ဒါပေမဲ့ သူတော်စင်တစ်ဦးအပေါ် ဒီလောက် ရိုင်းရိုင်းပျပျ မဆက်ဆံသင့်ပါဘူး။ မင်းတို့ ဒုက္ခရောက်ကုန်ကြပါလိမ့်မယ်"

ဟုပြောကာ ဘူတာရုံအတွင်းမှ အေးအေးဆေးဆေး ပြန်ထွက်သွားပါတော့သည်။ ဆာဒူးကြီးကို ရထားတွဲပေါ်မှ ဆွဲချခဲ့သော လက်မှတ်စစ်သည် ဆာဒူးကြီးကို ရှုံ့ရှာသော အကြည့်ဖြင့်ကြည့်ရင်း၊ တံတွေးကို ပျစ်ခနဲမြည်အောင် ထွေးကာ "ဒန်ဘလယ်ဒီဖူး" ဟု မြည်တွန်တောက်တီးလိုက်ပါသေးသည်။

ဆာဒူးကြီး ထွက်ခွာသွားပြီး မရှေးမနှောင်းမှာပင် မီးရထားထွက်ရန် အချိန်ကျရောက်လာပြီဖြစ်၍ နောက်ဆုံးတွဲမှ ဂါတ်မိုလ်သည် ဝီစီကို တဝှီဝှီမှုတ်ရင်း အလံစိမ်းကလေးကို ဝှေ့ယမ်းပြလိုက်သည်။ စက်ခေါင်းမိုလ်လည်း ဂါတ်မိုလ် အချက်ပြရသည်နှင့် စက်ရှိန်ဖွင့်ကာ ဥသြသံပေးပြီး တရှူးရှူးတရှဲရှဲနှင့် ဘူတာရုံတွင်းမှ စတင်ထွက်ခွာလိုက်ပါတော့သည်။ မီးရထားကြီးသည် ဂျုံးဂျုံးဂျက်ဂျက်မြည်ကာ ရထားဘီးများ လည်ပတ်နေပြီ။ သို့သော် မီးရထားကြီးက ဘူတာတွင်းမှ တစ်လက်မမျှ မရွေ့သေး။ ရပ်မြဲတိုင်း ရပ်နေသည်။

ရုံပိုင်ကြီးအမှူးပြုသော ဝန်ထမ်းများ ပျာယာခတ်သွားကြရသည်။ အင်ဂျင်နီယာများကလည်း ရထားကြီးတစ်စီးလုံးအား ဇွဲစိုက်စွာ စစ်ဆေးကြည့်ကြသည်။ ပြစ်ချက်တစ်စုံတစ်ရာ ရှာမတွေ့ဖြစ်နေကြသည်။ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေကြရသည်။ စက်ခေါင်းမိုလ်သည် စက်ကိုပြန်ရပ်ပြီး ပြန်နှိုးကြည့်၏။ သို့သော် မီးရထားကြီးသည် လုံးဝမရွေ့ ပါ။ ဖလင်ပေါင်များလည်း အပြည့်ရှိနေသည်။ စက်ကိုလ်လည်း ဖွေးပြန်နေပြီ။ ဤအဖြစ်အပျက်မျိုး မကြုံဖူး၍ မည်သို့ဆက်လုပ်ရမည် မသိတော့ချေ။ စိတ်အပူဆုံးမှာ ရုံပိုင်ကြီးဖြစ်သည်။ အချိန်အတိအကျအတိုင်း မီးရထားကြီးကို လွှတ်မပေးနိုင်လျှင် မိမိတာဝန်ဖြစ်နေ၍ မီးရထားကြီးဘေးမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

ဆာဒူးကြီးနှင့် လက်မှတ်စစ်များအကြောင်း တွေ့ခဲ့ရသူ ခရီးသည်များက စက်ပြင်အင်ဂျင်နီယာများကို ခေါ်ယူကာ ဖြစ်ပျက်ခဲ့သည့် အကျိုးအကြောင်းကို ပြည့်ပြည့်စုံစုံ ပြောပြလိုက်သည်။ ရုံပိုင်ကြီးသည် လက်မှတ်စစ်များကို ခေါ်ယူကာ စစ်မေးကြည့်ရာ အဖြစ်အပျက်မှန်ကို သိသွားသည်။ ဘယ်အရပ်ဆီသို့ ပြန်လည်ထွက်ခွာသွားမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com

သော ဆာဒူးကြီးအား လူစုခွဲ၍ လိုက်လံရှာဖွေရန် စီမံခဲ့ရသည်။

ရှံပိုင်ကြီးပါသော ရှာဖွေရေးအဖွဲ့က ဆာဒူးကြီးကို ချောင်းဘေးရေစပ်တစ်နေရာတွင် ရေကသိုဏ်းရှုနေသည်ကို တွေ့လိုက်ကြရသည်။ ဆာဒူးကြီးထံသွား၍ အကျိုးအကြောင်းပြော တောင်းပန်စကား ဆိုဝံ့သူမရှိ ဖြစ်နေကြပြန်သည်။ နောက်ဆုံး၌ တာဝန်အရှိဆုံး ရှံပိုင်ကြီးသည် ဆာဒူးကြီးနားကပ်သွားကာ –

"အနှောင့်အယှက် လာပေးသလို ဖြစ်ရတာ သည်းခံပါ ဂုရုကြီး။ စောစောက ဘူတာကြီးထဲမှ ပြန်ထွက်သွားတာ ဂုရုကြီးပဲ မဟုတ်လား"

ဟု ယဉ်ကျေးသိမ်မွေ့စွာ မေးမြန်းကြည့်သည်။

ဆာဒူးကြီးက စကားတစ်ခွန်းမျှ ပြန်မပြောဘဲ ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။ ရှံပိုင်ကြီးသည် ဝမ်းသာအားရဖြင့် –

"ဘိုဘေသွားမယ့် မီးရထားကြီး ထွက်မရဖြစ်နေပါတယ်။ ဝန်ထမ်းအားလုံးလည်း ခေါင်းရှုပ်နေကြရပါတယ်။ ခရီးသည်တွေအားလုံးလည်း စိတ်အနှောင့်အယှက် ဖြစ်နေကြပါတယ်။ စောစောက ရိုင်းပျခဲ့တဲ့ လက်မှတ်စစ်ကိုယ်စား ကျွန်ုပ်ကပဲ တောင်းပန်ပါတယ်။ နောက်နောင် ဒီလိုမဖြစ်စေရပါဘူးလို့ အာမခံပါတယ်။ ဂုရုကြီး ကျွန်ုပ်တို့နှင့် ပြန်လိုက်ခဲ့ပြီး လိုရာခရီးကို သွားနိုင်အောင် ကျွန်ုပ်တာဝန်ယူပါတယ်။ အားလုံးအပေါ် မေတ္တာထားပေးမယ်လို့ ယုံကြည်ပ[illegible]ယ် ဂုရုကြီး"

ဟု လေးလေးစားစား ပြောလိုက်ပြန်သည်။

ဂုရုကြီးသည် ရေကသိုဏ်းရှုနေရာမှ မတ်တတ်ရပ်လိုက်သည်။ ထို့နောက် ရှေ့မှလျှောက်သွားသည်။ ဂုရုကြီး၏ နောက်မှ ရှံပိုင်ကြီးနှင့်အဖွဲ့သည် ငြိမ်သက်စွာ လိုက်ပါသွားကြသည်။ ဘူတာရုံအတွင်း ဝင်လာသော ဂုရုကြီးနှင့်အဖွဲ့အား ခရီးသည်များက ဝိုင်းအုံကြည့်နေကြသည်။ ဂုရုကြီးသည် တွဲတစ်တွဲပေါ်တက်လိုက်သည်။ ရှံပိုင်ကြီးက ထိုင်ခုံနေရာ စီစဉ်ပေးလိုက်သည်။ ရှံပိုင်ကြီးက မီးရထားထွက်လို့ရပြီလားဟု ဆာဒူးကြီးအား မေးကြည့်သည်။ ဆာဒူးကြီးက ခေါင်းညိတ်ပြလိုက်သည်။

စောစောက ရိုင်းပျခဲ့တဲ့ လက်မှတ်စစ်ကိုယ်စား ကျွန်ုပ်ကပဲ တောင်းပန်ပါတယ်။ နောက်နောင် ဒီလိုမဖြစ်စေရပါဘူးလို့ အာမခံပါတယ်။ ဂုရုကြီး ကျွန်ုပ်တို့နှင့် ပြန်လိုက်ခဲ့ပြီး လိုရာခရီးကို သွားနိုင်အောင် ကျွန်ုပ် တာဝန်ယူပါတယ်။

ရှံပိုင်ကြီးလည်း ဆာဒူးကြီးအား ရိုသေစွာ နှုတ်ဆက်ပြီးနောက် မီးရထားတွဲပေါ်မှ ပြန်ဆင်းကာ ဂါတ်ပိုလ်နှင့် စက်ဗိုလ်တို့အား မီးရထားကြီး ထွက်ခွာရန်အချက်ပြလိုက်သည်။ မရှေးမနှောင်းမှာပင် မီးရထားကြီးသည် တအူအူအော်မြည်ကာ ဘူတာရုံအတွင်းမှ ထွက်ခွာသွားပါတော့သည်။

ပလက်ဖောင်းပေါ် မတ်တတ်ရပ်လျက် ကျန်ရစ်ခဲ့သော ရှံပိုင်ကြီးနှင့်အဖွဲ့လည်း ယခုမှ သက်ပြင်းချကာ အသက်ဝဝ ရှူနိုင်ကြတော့သည်။ ဖြစ်သမျှ အကြောင်းစုံကို ရှံပိုင်ကြီးက မီးရထားမင်းကြီးထံ တင်ပြအစီရင်ခံလိုက်သည်။ မျှားမကြာမီ၌ အိန္ဒိယနိုင်ငံအတွင်း၌ ဆာဒူးကြီးများကို မီးရထားအခမဲ့စီးနင်းခွင့်ပြုကြောင်း အင်္ဂလန်မြည့်ရှင် ဧကရာဇ်ဘုရင်မင်းမြတ်က အမိန့်ထုတ်ပြန်ပေးလိုက်ပါတော့သည်။

**မြှပ်ဟာန်သီနီး (လုပ်သားကောလိပ်)**

**မှီငြမ်းစာ**

ကျော်မြသန်း၏ 'ဘိုးတော်ကင်း'။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မမေ့နိုင်စရာ ၁၃ ရက်နေ့မှာ

## ( ရောင်ပြန်အခန်းဆက်ရသ )

**မနုဿကျော်ဝင်း** (အမျိုးသားစာပေဆုရ)

ထိုနေ့က ဂျပန်နိုင်ငံ တိုကျိုမြို့ နာရီတာလေဆိပ်သို့ ထွက်ခွာလာစဉ် ကျွန်တော့်စိတ်တွေ လေးနေ၏။ သို့နေ့သည် နိဝင်ဘာလ ၁၃ ရက်နေ့ ဖြစ်ပေရာ ၁၃ ဂဏန်းကို အလွန်ကြောက်သော ကျွန်တော့်အဖို့ မလွှဲသာ၍ ဤရက်တွင် ခရီးသွားရသော်လည်း စိတ်ထဲတွင်တော့ မကြည်မလင်။ တိုကျိုတက္ကသိုလ်တွင် ငါးလသင်တန်းတစ်ပတ်ကြာအောင် တက်ရောက်ခဲ့ရသော အလုပ်ရုံဆွေးနွေးပွဲပြီး အမိမြန်မာနိုင်ငံသို့ ပြန်ရန်အတွက် ဟိုတယ်မှ လေဆိပ်သို့ ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။

"ဘုရား ...ဘုရား။ ခရီးစဉ်အားလုံး အစအဆုံးအောကောင်းပြီး အဆင်ပြေပါစေဗျာ"

စိတ်ထဲမှ ကျိတ်၍ဆုတောင်းလိုက်မိခြင်းဖြစ်၏။ သာမန်နေ့ရက်မျိုးဆိုလျှင် ထိုသို့ဆုတောင်းမိမည်မဟုတ်။ ယနေ့မှာကား ၁၃ ရက်နေ့ ဖြစ်နေသောကြောင့် ထိုသို့ ဆုတောင်းလိုက်မိရခြင်းဖြစ်၏။ နာရီတာလေဆိပ်သို့ ရောက်ရှိပါပြီ၊ ဖော်ဒေါက်ယာဉ်မှ ဝိဝိတ်ဝန်စည်ပလာယံများကို ယူဆောင်ပြီး လေဆိပ်ခန်းမအတွင်းသို့ ဝင်ရောက်လာ၏။ ခက်မိုက်ရာလေကြောင်းလိုင်းသို့ သွားရောက်သတင်းပို့သောအခါ တာဝန်ခံက -

"လူကြီးမင်း စီးနင်းလိုက်ပါမယ့် လေယာဉ်ပျံကို စက်ပိုင်းဆိုင်ရာ စစ်ဆေးမှုပြင်မှုတွေ ပြုလုပ်နေရတာကြောင့် ထွက်ခွာချိန်တစ်နာရီလောက် နောက်ကျမယ်။ ဒါကြောင့် သည်းခံပြီး စောင့်ဆိုင်းပေးဖို့ မေတ္တာရပ်ခံပါတယ်"

ဟိုက်...ဒုက္ခ။ ဒီကနေ တစ်နာရီလောက် နောက်ကျပြီးထွက်ရင် ဘန်ကောက်လေဆိပ်ကို တစ်နာရီနောက်ကျပြီးရောက်မှာပေါ့။ ဒါဆိုရင် ဘန်ကောက်မှာ ပြောင်းစီးရမယ့် ထိုင်းလေယာဉ်ကိုမီဖို့ အတော့်ကို ပြေးပြေးလွှားလွှား လှုပ်ရှားရတော့မှာပဲ။ စိတ်ထဲမှ ပူပန်သောကဖြင့် တွေးလိုက်မိခြင်းဖြစ်၏။

ထိုစဉ်က ဂျပန်လေကြောင်းလိုင်းသည် မြန်မာနိုင်ငံသို့ တိုက်ရိုက်ပျံသန်းခြင်း မရှိခဲ့။ ထိုင်းနိုင်ငံ၊ ဘန်ကောက်လေဆိပ်တွင် ထိုင်းလေကြောင်းလိုင်းလေယာဉ်ကိုပြောင်း၍ စီးနင်းရ၏။ ယခုမိမိသည် တိုကျို နာရီတာလေဆိပ်မှ ဂျပန် လေကြောင်းလိုင်းလေယာဉ်ဖြင့် ဘန်ကောက်သို့ ပျံသန်းလိုက်ပါရမည်။ ဘန်ကောက်လေဆိပ်သို့ ရောက်လျှင် ထိုင်းလေကြောင်းလိုင်း လေယာဉ်ကို ပြောင်းစီး၍ စီးနင်းလိုက်ပါရမည်။ နောက်ကျခြင်းမရှိဘဲ ပုံမှန်အတိုင်း ပျံသန်းမည်ဆိုပါက ဘန်ကောက်လေဆိပ်တွင် တစ်နာရီခန့် အချိန်ရ၏။ လေယာဉ်ပြောင်းစီးရန်အတွက် ဆောင်ရွက်ဖွယ်ရာတို့ကို ဖြေးဖြေးဆေးဆေး အချိန်ယူဆောင်ရွက်နိုင်မည်ဖြစ်၏။ သို့ရာတွင် ယခုကဲ့သို့ တစ်နာရီခန့်နောက်ကျပြီး ထွက်ခွာလျှင် ထိုင်းလေယာဉ်ပေါ်သို့ အချိန်မီ တက်ရောက်နိုင်ရန် အတော်ပင် ကသီလင်တ ဖြစ်ရတော့မည်။ ထို့ကြောင့် ဂျပန်လေကြောင်းလိုင်း လေယာဉ်ပြုပြင်မှု ပြီးမည့်အချိန်ကို စိတ်ပူပန်စွာဖြင့် စောင့်ဆိုင်းနေမိရ၏။

တော်ပါသေး၏။ တစ်နာရီမပြည့်မီတွင် ပြင်ဆင်မှု ပြီးသွားပုံရ၏။ လေယာဉ်ပေါ်သို့တက်ရန် ခရီးသည်များကို ခေါ်လေပြီ။

"အင်း ... စက်ပိုင်းဆိုင်ရာ ချို့ယွင်းလို့ ပြုပြင်ရတယ်ဆိုတော့ လုံးဝကောင်းသွားပြီလား။ ပျံသန်းနေရင်းလမ်းမှာ ဒုက္ခပေးဦးမှာလား။ ဘုရား.. ဘုရား။ ဘန်ကောက်ကို ဘေးမသီ ရန်မခဘဲ ချောချောမောမော ရောက်ရှိနိုင်ပါစေဗျာ"



www.burmeseclassic.com

www.burmeseclassic.com

လေယာဉ်စီးနင်းနေစဉ် စိုးရိမ်စိတ်ဖြင့် ဆုတောင်းလိုက်မိခြင်းဖြစ်၏။ ထိုဆုတောင်းပြည့်ပါ၏။ ဘန်ကောက်လေဆိပ်သို့ ချောမောစွာ သက်ဆင်းနိုင်ခဲ့ပါ၏။ သို့ရာတွင် ထိုင်းလေကြောင်း လေယာဉ်ပေါ်သို့ ပြောင်း၍ စီးနင်းနိုင်ရန် အတော်ပင် ကသောင်းကနင်း လှုပ်ရှားခဲ့ရ၏။

ပိပိသည် အထူးတန်းတွင် စီးနင်းလိုက်ပါခွင့်ရခဲ့လေရာ လေယာဉ်၏ရှေ့ခန်း ရှေ့ဆုံးခုံတွင် ထိုင်ရ၏။ မကြာမီ လေယာဉ်စတင်ထွက်ခွာပျံသန်း၏။ ယခုမှပင် စိတ်အေးရတော့သည်။ မိမိနှင့် ဘေးချင်းယှဉ်၍ ထိုင်နေသူကား နိုင်ငံခြားသား မျက်နှာဖြူတစ်ဦးဖြစ်၏။ ဘာလူမျိုးမှန်းတော့ မသိ။ လေယာဉ်ပျံပေါ်တွင် သက်သောင့်သက်သာ စီးနင်းလိုက်ပါရင်း -

"အင်း… ညနေ ၅ နာရီဆိုရင်တော့ အိမ်ကိုပြန်ရောက်ပြီ။ မိသားစုနဲ့ ပြန်တွေ့ရတော့မယ်"ဟု တွေးရင်း ပီတိဖြစ်နေမိရ၏။ ထိုစဉ် အင်္ဂလိပ်ဘာသာဖြင့် ကြေညာအသိပေးချက်တစ်ရက် ပေါ်ထွက်လာ၏။ လေယာဉ်ရောက်ရှိနေသောနေရာသည် ထိုင်းနိုင်ငံ၊ လော့ဒ်ဘူရီမြို့ပေါ် ကောင်းကင်ယံတွင်ဖြစ်ကြောင်း၊ မြေပုံအညွှန်းက ပြသလျက်ရှိ၏။ ပေါ်ထွက်လာသော ကြေညာချက်မှာ -

"ခရီးသည်များ စီးနင်းလိုက်ပါလာသည့် ဤလေယာဉ်သည် စက်ပိုင်းဆိုင်ရာ ပြဿနာတစ်ရပ် ရုတ်တရက်ပေါ်ပေါက်လာသဖြင့် ဦးတည်လျက်ရှိသော မြန်မာနိုင်ငံသို့ ဆက်လက်ပျံသန်းတော့မည်မဟုတ်ဘဲ ဘန်ကောက်လေဆိပ်ဆီသို့ နောက်ကြောင်းပြန်လှည့်တော့မည်ဖြစ်ကြောင်း၊ ဘန်ကောက်လေဆိပ်တွင် ပြုပြင်မှုများ အချိန်မီ လုပ်ဆောင်ပြီးစီးပါက မြန်မာနိုင်ငံသို့ ပျံသန်းထွက်ခွာပေးမည်ဖြစ်ကြောင်း၊ အကယ်၍ အချိန်မီပြုပြင်နိုင်ခြင်း မရှိပါက ဘန်ကောက်ရှိ ဟိုတယ်ကြီးတစ်ခုတွင် ခရီးသည်များ တစ်ညတာ ခိုနားနိုင်ရန် ထိုင်းလေကြောင်းကုမ္ပဏီက စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း" ဟူ၍ဖြစ်၏။

ယင်းသတင်း ကြေညာချက်သည် သာမန်တွေးလျှင် ထိတ်လန့်စိုးရိမ်စရာမဟုတ်သော်လည်း ကောင်းကင်ယံတွင် ပျံသန်းလျက်ရှိသည့် လေယာဉ်ကြီးတစ်စင်းဖြစ်၍ အလွန်ပင် စိုးရိမ်ဖွယ်ရာဖြစ်၏။ မော်တော်ကားကဲ့သို့ ပျက်လျှင် လမ်းဘေးတွင် ထိုးရပ်ရမည်မဟုတ်။ ရုတ်တရက် ပျက်ကျသွားလျှင် ခရီးသည်များ၏ ကံကြမ္မာမှာ မတွေးရဲစရာပင်ဖြစ်၏။

"စက်ပိုင်းဆိုင်ရာချို့ယွင်းမှု ပြဿနာဆိုတာဘာလဲ။ ဘယ်လောက်အထိ အန္တရာယ်ရှိနိုင်သလဲ။ ဘန်ကောက်ကို နောက်ကြောင်းပြန်လှည့်ပြီးပျံလျှင် ချောချောမောမော ရောက်နိုင်ပါမည်လော။ ပိပိသည် မိမိမြေသို့ အသက်ရှင်လျက် ပြန်ရောက်နိုင်ပါတော့မည်လော"ဟု သို့လော သို့လော တွေးတောပူပင်ကာ စိတ်မချမ်းသာစွာဖြင့် စီးနင်းလိုက်ပါလာခဲ့ရ၏။ လေဆိပ်သို့ လေယာဉ်ဆင်းသက်လေပြီ။ ဘီးနှင့်မြေပြင် စထိချိန်၌ ဒုန်းခနဲအသံကြီးက မြည်ဟီး၍သွား၏။ ထို့နောက် လေယာဉ်သည် သားပိုက်ကောင် လမ်းလျှောက်သကဲ့သို့ ခုန်ဆွခုန်ဆွဖြင့် ရွေ့လျားကာ ကွင်းတစ်နေရာ၌ ထိုးရပ်သွား၏။

"ဘုရား…ဘုရား။ ကံကြီးပေလို့သာပေါ့၊ လေယာဉ်ပေါက်ကွဲတာတို့၊ ဘာတို့မဖြစ်လို့။ ငါအပါအဝင် ခရီးသည်တွေ အသက်မသေကြတာပဲ"

သို့ကာလိုတွေးရင်း သက်ပြင်းချလိုက်မိ၏။

လေကြောင်းလိုင်းမှ တာဝန်ရှိသူ၏ မေတ္တာရပ်ခံချက်တိုင်း ခရီးသည်တွေအားလုံး ဂိတ်ပေါက်နားတွင် ခေတ္တရပ်နားကာ စောင့်ဆိုင်းနေကြရ၏။ လေယာဉ်ပေါ်မှ မိမိတို့၏ ပစ္စည်းများကိုလည်း ချထားပေး၏။ အကယ်၍ လေယာဉ်ပြုပြင်မှု အချိန်မီပြီးစီးလျှင် လူတွေကိုလေယာဉ်ပေါ် ပြန်တက်စေမည်။ ပစ္စည်းများကိုလည်း ပြန်တင်ပေးမည်။ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် ပျံသန်းထွက်ခွာမည်ဖြစ်၏။ အကယ်၍ အချိန်မီပြု ပြင်နိုင်ခြင်းမရှိပါက ဟိုတယ်ကြီးတစ်ခုဆီသို့ မော်တော်ယာဉ်များဖြင့် ခရီးသည်တွေရော၊ ပစ္စည်းတွေကိုပါ သယ်ယူပို့ဆောင်ပေးပြီး တစ်ညတာ အခမဲ့တည်းခိုစေမည်။ ညစာကိုလည်း ကျွေးမွေးမည်ဖြစ်၏။

"ခင်ဗျားက ဘယ်နိုင်ငံသားလဲ၊ ဘာလူမျိုးလဲ၊ နာမည်က ဘယ်လိုခေါ်ပါသလဲ"

အင်္ဂလိပ်ဘာသာစကားဖြင့် မေးမြန်းလာသူကို လှမ်းကြည့်လိုက်တော့ လေယာဉ်ပေါ်တွင် မိမိနှင့်တစ်ခုံတည်း အတူစီးနင်းလိုက်ပါလာသူ နိုင်ငံခြားသားမျက်နှာဖြူဖြစ်ကြောင်း တွေ့ရှိရ၏။

"ကျွန်တော့်နာမည် ဦးကျော်ဝင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံက ဗမာလူမျိုးပါ။ ခင်ဗျားကရော"

"ကျွန်တော်က မော်စကိုကနေ လုပ်ငန်းကိစ္စတစ်ခုနဲ့ ဘန်ကောက်ကို



www.burmeseclassic.com

www.burmeseclassic.com

ရောက်နေတာပါ။ အခုကိစ္စပြီးလို့ မော်စကို မပြန်ခင် တစ်ခါမှမရောက်ဖူးသေးတဲ့ မြန်မာပြည်ကို ခဏ သွားလည်မလို့ပါ။ ကျွန်တော်ဟာ ရုရှားလူမျိုးဖြစ်ပြီး၊ နာမည်က စတာနီဆလာ့ဗ် ဖြစ်ပါတယ်။ ရင်းရင်းနှီးနှီး စတာနီလို့ ကျွန်တော့်ကို ခေါ်နိုင်ပါတယ်"

သူနှင့်ကျွန်တော်သည် အချိန်တိုအတွင်းမှာပင် ရင်းနှီးသွားကြ၏။ ကျွန်တော်က -

"ကျွန်တော်ဟာ ၁၃ ဂဏန်းသိပ်ကြောက်တယ်ခင်ဗျ။ မလွှဲသာလို့ ဒီကနေ့ ၁၃ ရက်နေ့မှာ လေယာဉ်နဲ့ ခရီးထွက်ခဲ့ရတာ စိတ်ထဲမှာ တော်တော်ကို စိုးရိမ်နေမိခဲ့တယ်။ စိတ်လေးနေခဲ့တယ်။ တိုက်ဆိုင်လို့ပဲလားတော့ မသိဘူး။ တိုကျိုကထွက်တဲ့ လေယာဉ်ကလည်း စက်ချို့ယွင်းလို့ တစ်နာရီလောက် နောက်ကျခဲ့ရတယ်။ ထိုင်းလေယာဉ်ကို ပြောင်းစီးရတဲ့အခါမှာလည်း အခုစတာနီနဲ့ ကျွန်တော်တို့ ကြုံတွေ့ရတဲ့ အဖြစ်ဆိုးမျိုးနဲ့ ရင်ဆိုင်ရပြန်တယ်"

"ဟာ . . . မစ္စတာကျော်ဝင်းရယ်၊ အတော့်ကိုထူးဆန်းတယ်နော်။ ကျွန်တော်ဟာ ဘာသာတရားမရှိတဲ့ ကွန်မြူနစ်တစ်ယောက်မို့ အဲဒီလို အယူသီးမှုတွေ၊ စွဲလမ်းယုံကြည်မှုတွေတော့ မရှိခဲ့ဘူး။ ဒါပေမဲ့ အခု ခင်ဗျားပြောတော့မှပဲ ၁၃ ဂဏန်းနဲ့ပတ်သက်ပြီး ကျွန်တော့်အတွက်လည်း စဉ်းစားစရာဖြစ်လာတယ်။ ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တုန်းက ကျွန်တော်ဟာ အခုလိုဖြစ်ရပ်ဆိုးမျိုးနဲ့ ကြုံခဲ့ရဖူးတယ်။ အဲဒီဖြစ်ရပ်ဟာ တော်တော့်ကို ကြောက်စရာကောင်းတယ်ခင်ဗျ"

"ဟာ . . . လုပ်စမ်းပါဦးဗျ၊ စိတ်ဝင်စားစရာကောင်းတယ်။ အဲဒီဖြစ်ရပ်ဆိုးအကြောင်း ခင်ဗျားက ပြန်ပြောပြရင် ကျွန်တော့်အတွက် စာရေးစရာကုန်ကြမ်းတွေရမှာသေချာတယ်။ ကျွန်တော်က မြန်မာပြည်မှာ နာမည်အသင့်အတင့် ရထားတဲ့ စာရေးဆရာတစ်ယောက်ပါ"

"ဟာ . . . မြန်မာနိုင်ငံက စာရေးဆရာတစ်ယောက်နဲ့ သိကျွမ်းခွင့်ရတာ ဝမ်းသာဂုဏ်ယူမိပါတယ်ဗျ။ တကယ်လို့ အခုညနေလေယာဉ် အချိန်မီ ပြုပြင်မှုမပြီးလို့ မြန်မာပြည်ကို ပြန်မသွားတော့ရင် ကျွန်တော်တို့ကို ဟိုတယ်ကြီးတစ်ခုခုဆီ ပို့ပေးမှာပဲ။ အဲ့ ဟိုတယ်ကိုရောက်လို့ နေရာချထားပေးပြီးရင် ခရီးသည်တွေကို ညစာကျွေးမယ်။ ညစာစားပြီးရင် မစ္စတာကျော်ဝင်းရဲ့အခန်းကို ကျွန်တော် လာခဲ့မယ်။ ကျွန်တော်ကြုံခဲ့ရတဲ့ သည်းထိတ်ရင်ဖိုဖြစ်ရပ်ကို အဲဒီတော့မှ အသေးစိတ် ပြောပြပါ့မယ်၊ ဟုတ်ပြီလား"

စတာနီက အထက်ပါအတိုင်း ပြောဆိုပြီး မကြာမီပင် ထိုင်းလေကြောင်းလိုင်းက ကြေညာသည်မှာ -

"မြန်မာနိုင်ငံသို့ ယခုညပိုင်းတွင် ပျံသန်းထွက်ခွာရန် အခြေအနေမပေးတော့ကြောင်း။ ထို့ကြောင့် ခရီးသည်များ အားလုံးကို ဘန်ကောက်မြို့လယ်ရှိ ဖော်ကျွန်းဟိုတယ် (Fortune Hotel)သို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း။ ထိုဟိုတယ်တွင် ညစာကျွေးပြီး တစ်ညတာ အိပ်စက်ရပ်နားကြရမည်ဖြစ်ကြောင်း။ နောက်တစ်နေ့ နံနက် ၈ နာရီတွင် ဘန်ကောက်လေဆိပ်မှ မြန်မာနိုင်ငံသို့ ပျံသန်းထွက်ခွာနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း" ဟူ၍။

သူတို့ ကြေညာသည့်အတိုင်း ကျွန်တော်တို့ခရီးသည်များအားလုံး ဖော်ကျွန်းဟိုတယ်သို့ ရောက်ရှိခဲ့ကြ၏။ ထိုဟိုတယ်တွင်ပင် ညနေစာကို စားသောက်ကြရပြီး တစ်ညတာ အိပ်စက်နားနေရန် ထိုင်းလေကြောင်းလိုင်းမှ အခမဲ့စီစဉ် ဆောင်ရွက်ပေးခဲ့၏။ ည ၈ နာရီခန့်တွင် ရုရှားလူမျိုး စတာနီသည် ကျွန်တော့်အခန်းသို့ ရောက်ရှိလာသည်။ သူ၏ကတိအတိုင်းပင် ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် သူရင်ဆိုင်ကြုံတွေ့ခဲ့ရသော ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ဖြစ်ရပ်ဆိုးကြီးအကြောင်းကို အောက်ဖော်ပြပါအတိုင်း အသေးစိတ်ပြောပြခဲ့လေသည်။

✿ ✿ ✿

## ထိုခရီးစဉ် ထိုလေယာဉ်

၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း တုန်ခိုက်အောင် ချမ်းအေးသော နံနက်ခင်းတစ်ခုတွင်ဖြစ်၏။ "ကူပိုလက်ဗ်တူ-၁၅၄" (Tu-154) လေယာဉ်တစ်စင်းသည် ခရီးသည် ၇၂ ယောက်ကို တင်ဆောင်၍ ရုရှားနိုင်ငံ အနောက်မြောက်ပိုင်း မိုလီအာနီမြို့မှ ငါးနာရီကြာအောင် ပျံသန်းရမည့် မော်စကိုမြို့တော်ဆီသို့ ထွက်ခွာလာ၏။ သူတို့၏ခရီးသွားဖော် အတော်များများတို့ကဲ့သို့ပင် . စတာနီဆလာ့ဗ်နှင့် သူ့ဇနီး အီကာ တဲရီးနားတို့သည်လည်း လေယာဉ်အဖွဲ့သားများကို အမည်နာမနှင့်တကွ သိနေရလောက်အောင် ဤခရီးကို မကြာခဏစီးနင်းလိုက်ပါဖူးခဲ့ကြ၏။ သို့ရာတွင် ထိုသို့သိကျွမ်းနေမှုက [illegible]



www.burmeseclassic.com

www.burmeseclassic.com

နီဆလာ့ဗ် ၃၀ နှစ်အား အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ဖြစ်စေရန် မည်သို့မျှမစွမ်းဆောင်နိုင်ပါ။ ဤလေယာဉ်ပျံကို စီး၍ ဤခရီးကိုသွားရတိုင်း ဆိုးရွားသောဖြစ်စဉ်တစ်ခုခုနှင့် အဆုံးသတ်ရလိမ့်မည်ဟု သူက တွေးထင်ပူပင်ရတတ်စမြဲဖြစ်၏။ သူ့ဇနီး အီကာတဲရီးနား ၃၀ နှစ်ကမူ -

“လေယာဉ်ပျက်ကျဖို့ အကြောင်းကံပါရင် ပျက်ကျမှာပဲ။ မပါရင်တော့ မပျက်ကျဘူးပေါ့ရှင်”ဟု ပြောနေကျစကားအတိုင်း မပျက်မကွက် ပြောဆိုလေ့ရှိ၏။ သူမ၏ထိုစကားတို့က စတာနီဆလာ့ဗ်အတွက် ပူပန်သောက ဖြေဆေးတစ်ခွက်တော့ မဟုတ်ချေ။ သူ့အဖို့ ရွေးစရာလမ်းမရှိ။ ဤခရီးအတွက် ဤလေယာဉ်ကိုပင် စီးရမည်ဖြစ်၏။ စိန်တွင်း တူးဖော်ရေးလုပ်ငန်းများ ဝန်းရံနေသည့် သူတို့ဇနီးမောင်နှံ နေထိုင်ရာ အလွန်ဝေးလံခေါင်သီလှသော ဥဒါချနီမြို့ကလေးဆီမှ မော်စကိုမြို့တော်ဆီသို့ လေကြောင်းခရီးတစ်မျိုးတည်းဖြင့်သာ သွားလာရန် အဆင်ပြေ၏။ ဤခရီးစဉ်အတွက် အစိုးရပိုင် အေအာလ်ရိုဆာပီရာ နိုင်လေကြောင်းလိုင်း တစ်ခုတည်းကသာ တစ်စင်းထဲသော လေယာဉ်ပျံဖြင့် လွန်းပြန်ပြေးဆွဲပေးလျက်ရှိ၏။

လွန်ခဲ့သည့် ခြောက်လခန့်တွင် အီကာတဲရီးနားသည် ဒေသဆိုင်ရာ ရဲတပ်ဖွဲ့တွင် ဆိုးသွမ်းလူငယ်များ ထိန်းသိမ်းရေးဌာနမှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရ၏။ ထိုအလုပ်သစ်အတွက် သူမ ရုံးထိုင်ရမည့်နေရာသည် လက်ရှိနေထိုင်ရာ ဥဒါချနီမြို့တောင်ဘက် ကီလိုမီတာ ၅၀၀ ခန့်အကွာတွင် တည်ရှိ၏။ နေ့ချင်းပြန်သွား၍ မဖြစ်နိုင်ရကား သူမသည် တစ်ဦးတည်းသော ချစ်သမီးလေး ဆိုဖီယာ ငါးနှစ်၊ ခင်ပွန်းသည် စတာနီဆလာ့ဗ်တို့နှင့် ယာယီခွဲခွာပြီး မိမိရုံးထိုင်ရမည့် မီရာနီမြို့တွင် တိုက်ခန်းတစ်ခန်းငှားရမ်းကာ သွားရောက်နေထိုင်ရ၏။ စတာနီဆလာ့ဗ်မှာမူကား စိန်တွင်း၌ကြီးလေးသော စက်ပစ္စည်းကိရိယာကြီးများကို ကိုင်တွယ်မောင်းနှင်နေရသူဖြစ်၍ လုပ်ငန်းရှိရာ ဥဒါချနီမြို့မှ ခွာ၍မရ။ သို့နှင့် အီကာတဲရီးနားခမျာ သူမ၏ချစ်လှစွာသော မိသားစုဝင်များအား တစ်ခါတလေ လပေါင်းများစွာ ကြာအောင် မမြင်မတွေ့ရရှာချေ။ သမီးလေး ဆိုဖီယာအား နွေရာသီကျောင်းပိတ်ရက်အတွင်း ၎င်း၏အဘွားရှိရာ မော်စကိုမြို့တော် ပင်လယ်နက်ဒေသဘက်ဆီသို့ ပို့အပ်ထားခဲ့ကြ၏။ ဥမကွဲသော်လည်း ကြီးလေးသောတာဝန်တွေ ပိနေမှုကြောင့် အသိုက်ပျက်မလို ဖြစ်ကြရရှာသော သူတို့ မောင်နှံသည် အလုပ်ပိတ်ရက်အတွင်း သမီးလေးရှိရာသို့ သွားရောက်တွေ့ဆုံကြမည်၊ ပျော်ပျော်ပါးပါး အနားယူကြမည်ဟူသော ဦးတည်ရည်ရွယ်ချက်ဖြင့် ယခုခရီးထွက်လာခဲ့ကြခြင်း ဖြစ်၏။

ယခု ဤ တူ-၁၅၄ လေယာဉ်ပျံကို မောင်းနှင်လာကြသော လေယာဉ်မှူးများဖြစ်သည့် နိုဗိုဆီလော့ဗ် (၄၂ နှစ်)နှင့် လာမာနော့ဗ် (၄၃ နှစ်)တို့သည် နာရီပေါင်း ၂၀၀၀၀ မောင်းနှင်ခဲ့ကြဖူးသည့် ဝါရင့်ပြီး အတွေ့အကြုံရင့်ကျက်သူတွေ ဖြစ်ကြ၏။ (မော်စကို - ပိုလီအာနီ - မော်စကို) ခရီးစဉ်ကို ၁၀ စုနှစ် တစ်ခုနီးပါး မောင်းနှင်ပျံသန်းခဲ့ကြဖူးပြီဖြစ်၏။ ကျန်အဖွဲ့သားများလည်း ဤနည်းနှင်နှင် အတွေ့အကြုံ ရှိကြသူများဖြစ်၏။ ဤလေယာဉ်မှူးနှစ်ဦးစလုံး အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ် ရှိကြ၏။ နက်မှောင်သော ဆံကေသာပိုင်ရှင် နိုဗိုဆီလော့ဗ်သည် တည်တည်ငြိမ်ငြိမ်နှင့် ဣန္ဒြေကြီးသူဖြစ်၏။ လာမာနော့ဗ်မှာမူကား ခပ်သွက်သွက်ပုံစံမျိုးဖြစ်ပြီး တစ်ခါတစ်ရံ စိတ်လိုက်မာန်ပါ လုပ်တတ်၏။ လူငယ်ဆန်ဆန် နေထိုင်တတ်ပြီး ဟာသကြိုက်သူဖြစ်၏။

ဤလေယာဉ်မှူး နှစ်ဦးစလုံးသည် သူတို့မောင်းနှင်ပျံသန်းရသော တူ-၁၅၄ လေယာဉ်ပျံအကြောင်း ကောင်းကောင်းကြီး သိထားကြသူများ ဖြစ်၏။ မိမိတို့၏လုံခြုံမှုအတွက် ပြည့်ပြည့်စုံစုံ စစ်ဆေးပြီးသည်နှင့် လေယာဉ်ပျံကို ပြေးလမ်းကြောင်းအတိုင်း အရှိန်ယူမောင်းနှင်ကာ ဝေဟင်ယံဆီသို့ တစ်ဟုန်ထိုး ပျံတက်ခဲ့ကြ၏။ ယနေ့ပျံသန်းမှုခရီးစဉ်သည်လည်း ခါတိုင်းကဲ့သို့ပင် ဖြစ်လိမ့်မည်။ ထူးခြားဖြစ်စဉ် ပေါ်ပေါက်စရာ အကြောင်းမမြင်ဟု တွေးထင်ထားခဲ့ကြ၏။

## ကြမ္မာဆိုးဝင်ပြီ

ပျံသန်းလာချိန် သုံးနာရီအကြာ ရုရှားအနောက် မြောက်ဘက်ဒေသအပေါ်မှ ကျော်ဖြတ်နေစဉ် လေယာဉ်သည် ရုတ်တရက် ခပ်ကြမ်းကြမ်းလှုပ်ခါသွားပြီး အလိုအလျောက်မောင်းနှင်သည့် စက်ခလုတ် (Autopilot) က အလုပ်မလုပ်တော့။ ချိန်သားမကိုက် ဖြစ်သွားခဲ့ရ၏။ လေယာဉ်မှူး နိုဗိုဆီလော့ဗ်က ချက်ချင်းဝင်၍ ထိန်းကိုင်လိုက်ရ၏။ သူက ယင်းချွတ်ယွင်းချက်အတွက် စစ်ဆေးရန် အင်ဂျင်နီယာ ကာရီမော့ဗ်ကို တာဝန်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

လေယာဉ်၏ အခြေခံလျှပ်စစ်ဓာတ်အား ပါဝါကျဆင်းနေကြောင်း။ ယင်းနှင့်သက်ဆိုင်သည့် ခိုင်ခွက်တွင် တဖျတ်ဖျတ်လက်နေသော အနီရောင်မီးကလေးက ဖော်ထုတ်အဖြေပေးလိုက်၏။

"လျှပ်စစ်ဓာတ်အား ပါဝါကျတာခင်ဗျာ့"

အင်ဂျင်နီယာက သူ၏စစ်ဆေးတွေ့ရှိချက်ကို အစီရင်ခံလိုက်၏ . . .။ အကယ်၍ အကြောင်းတစ်ခုခုကြောင့် လေယာဉ်၏အခြေခံ လျှပ်စစ်ဓာတ်အား ပါဝါ ကျဆင်းသွားလျှင် အရန်အင်အားအဖြစ်ထားရှိသော ဘက်ထရီအိုး လေးလုံးတို့က အော်တိုစနစ်ဖြင့် ပြောင်းလဲပြီး ချက်ချင်းအလုပ်လုပ်ကြရမည် ဖြစ်၏။ သို့ရာတွင် ထိုဘက်ထရီအိုးများက အလုပ်မလုပ်ကြသဖြင့် အင်ဂျင်နီယာ ကာရီမော့ဗ်အဖို့ ဦးနှောက်ခြောက်လျက်ရှိ၏။ အကြောင်းရင်းအမှန်ကို ရှာဖွေ၍မရ၊ သူ့နှုတ်ခမ်းမွေးတွေ တောင် ကသွားရလောက်အောင် စိတ်လှုပ်ရှားသွားဂိသော်လည်း ချက်ချင်းပင် ဣန္ဒြေဆည်လိုက်နိုင်၏။ လက်ပတ်နာရီကို ကြည့်လိုက်တော့ နံနက် ၆ နာရီ ၅၉ မိနစ်။ ယနေ့ ခရီးစဉ်၏ တာဝန်ခံလေယာဉ်မှူးဖြစ်သူ နိုဗိုဆီလော့ဗ်က ဒေသဆိုင်ရာ လေကြောင်းထိန်းသိမ်းရေး စင်တာသို့ ရေဒီယိုအသံလွှင့်စက်ဖြင့် ဆက်သွယ်ပြီး အရေးပေါ်အခြေအနေကို သတင်းပို့၏။

"လေယာဉ် အရေးပေါ်ဆင်းသက်ဖို့ လိုနေပြီ။ အနီးဆုံး လေယာဉ်ကွင်းရှိမယ့်နေရာကို လမ်းညွှန်ပေးပါ"

"ကျိုးကြောင်းဖြစ်စဉ်ကို တိတိကျကျသတင်းပို့ပါ"

ဒေသဆိုင်ရာ လေကြောင်းထိန်းသိမ်းရေးစင်တာမှ ပြန်၍ပြောလိုက်ခြင်းဖြစ်၏။ သို့ရာတွင် လေယာဉ်ပေါ်ရှိ ရေဒီယိုအသံလွှင့်စက်က လုံးဝ အလုပ်မလုပ်တော့။ သည့်နောက်တွင်တော့ လေယာဉ်အတွက် အရေးကြီးအရေးပါ ကိရိယာများဖြစ်သော လေကြောင်းလမ်းညွှန်အချက်ပြကိရိယာ၊ ထိန်းသိမ်းမှုစနစ်ဆိုင်ရာ ကိရိယာများအားလုံး တစ်ခုပြီးတစ်ခု ရပ်ဆိုင်းသွားခဲ့ကြ၏။

ဤ တူ-၁၅၄ လေယာဉ်ပေါ်တွင် အရန်ထားရှိသော ဘက်ထရီလေးလုံးတို့အတွက် အာမခံသက်တမ်းကာလမှာ ၁၂ နှစ်ဖြစ်၏။ ယခုအသုံးပြုလာခဲ့သည်မှာ ၁၁ နှစ်ကျော်ခဲ့ပြီ။ ယခုခရီးစဉ်၌ ပျံသန်းနေရင်း ဘက်ထရီအိုးတစ်လုံးသည် အပူချိန်လွန်ကဲမှုကြောင့် အက်စစ်များ အပူပွက်ကန်ထွက် ပျက်စီးသွားကာ ရင်းနှင့်ကပ်လျက်ရှိသည့် အခြားဘက်ထရီအိုး တစ်လုံးကိုပါ ထိနိက်ပျက်စီးသွားစေခဲ့သည်။ ဤဘက်ထရီအိုးများနှင့် ဆက်စပ်လျက်ရှိသော လေယာဉ်၏ ပင်မလျှပ်စစ်ဓာတ်အား စနစ်မှာလည်း ဓာတ်အားရတ်တရက် ဆောင့်တက်လိုက်မှုကြောင့် ပျက်ယွင်းသွားခဲ့ရခြင်းဖြစ်၏။ ကျန်ဘက်ထရီ အိုးနှစ်လုံးမှာ ဝန်နှင့်အား မမျှတော့ရကား ယင်းတို့သည်ပင် မိနစ်အနည်းငယ်အတွင်း ပျက်ယွင်းသွားရပေတော့မည်။ အရာရာတိုင်းကို လက်ဖြင့်တွန်းခြင်း။ ရွှေ့ခြင်း၊ လှည့်ခြင်း။ ဆွဲခြင်းပြု၍ လုပ်ရားလည်ပတ်စေရတော့မည်ဖြစ်သည်။

ဘယ်လိုလုပ်ကြမှာလဲ

ရိုးရိုးတန်းရှေ့ခုံခုံတွင် ထိုင်နေ

ကြသူ စတာနီဆလာ့ဗ်တဲ့ သည် "ခါးပတ်ပတ်ထားပါ"ပ။ ၆ အနီရောင် စာတန်းတဖြည်းဖြည်းချ မှေးမှိန်ပျောက်ကွယ်သွားသည်ကို တွေ့မြင်လိုက်ရ၏။

"တစ်ခုခုတော့ ဖြစ်နေပြီ။ လေယာဉ်ပျက်ကျတော့မယ်ထင်တယ်"

စတာနီဆလာ့ဗ်က သူ့ဇနီးကို အထိတ်တလန့်ပြောလိုက်ခြင်း ဖြစ်၏။

"မစိုးရိမ်ပါနဲ့။ အားလုံးအဆင်ပြေသွားမှာပါ" သူ့ဇနီးက တုံ့ပြန်ပြောဆိုလိုက်ခြင်းဖြစ်၏။ လေယာဉ်အစောင့်မှူးဖြစ်သူ အယ်လီနာကလည်း ပုံမှန်မဟုတ်သောအခြေအနေကို ရိပ်စားမိ၏။ သူမသည် လေယာဉ်မှူးများရှိရာ ဦးခန်းသို့သွားရောက်ပြီး "တစ်ခုခုတော့ ဖြစ်နေပြီထင်တယ်"ဟု စပ်စုလိုက်မိ၏။ အင်ဂျင်နီယာ ကာရီမော့ဗ်က -

"ငါတို့ တကယ့်ပြဿနာကြီးတစ်ရပ်နဲ့ ကြုံနေရတယ်။ နောက်မှ ပြည့်ပြည့်စုံစုံပြောပြမယ်"ဟု လိုရင်းတိုရှင်း လောက်သာ ပြောလိုက်၏။ အသက် ၅၀ ရှိနေပြီဖြစ်သော်လည်း အရွယ်တင်ပြီး ရှုချင်စဖွယ်အဆင်းရှိသူ အယ်လီနာသည် မော်စကိုမြို့ပြလေကြောင်းထိန်းသိမ်းရေးတက္ကသိုလ်မှ ဘွဲ့ရခဲ့သူဖြစ်၏။ လေယာဉ်ပျံသန်းရာ၌ လိုက်ပါခဲ့ရသည့် ဝန်ထမ်းသက်ပင် အနှစ် ၃၀ ရှိခဲ့လေပြီ။ လေယာဉ်တွင် ယခုဖြစ်ပေါ်နေသည်မှာ လျှပ်စစ်ဓာတ်အားချို့ယွင်းမှုပြဿနာဖြစ်မည်ဟု သူမကတွေးသမိ၏။


(ဆက်ရန်)

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com



# ဝေဟင်မှာလေယာဉ်စီးလို့ မော်ချီးကိုတဲ့ ပြန်ခဲ့တယ်

## ကောတုမောင်ညိုလင်း

တာဝန်ကို ရှောင်လွှဲတာတော့ မဟုတ်ပါ။ ယခုလို ရုံးပိတ်ရက်မျိုးတွင် တာဝန်မှူးကျသည်ကိုတော့ ကျွန်တော် မနှစ်သက်သည်ကတော့ အမှန်ပင်ဖြစ်ပါသည်။ နဂိုကတည်းက ကျွန်တော်တို့ ဂုန်စည်ပို့ဆောင်ရေးဌာနခွဲရုံးက မြို့ပြင်မှာ ရှိနေရသည့်အပြင် ရန်ကုန်-မန္တလေး လမ်းဟောင်းကြီး၏ အရှေ့ဘက်ကွင်းပြင်ကြီးထဲမှာဆိုတော့ ပို၍ပင် ပျင်းစရာကောင်းနေသေးတော့သည်။ မနက်ခင်းပိုင်းလေးမှာတော့ လူစည်ကားသည်ဟု ဆိုရမည်။ ဌာနခွဲရှိ ယာဉ်များ ဆီထည့်ကာ ထွက်ခွာခြင်း၊ အခြားဌာနခွဲမှယာဉ်များ ညအိပ်ရပ်နားပြီး ဆီဖြည့်ကာ ပြန်လည်ထွက်ခွာခြင်းများကြောင့် ဆူဆူညံညံ ရှိနေတတ်သော်လည်း နေ့လယ်ခင်းပိုင်းမှာတော့ တိတ်ဆိတ်ငြိမ်သက်နေတတ်သည်။ ထို့ကြောင့် ပျင်းစရာကောင်းလှသဖြင့် ကျွန်တော် ရုံးပိတ်ရက်များတွင် တာဝန်မှူး မစောင့်ချင်ခဲ့ခြင်း ဖြစ်သည်။

သို့သော် ကျွန်တော်တို့ရုံးကို ဗိုလ်ဂလောက်စာခေါ် ဦးသာဒွန်းတစ်ယောက် လုံခြုံရေးအဖြစ်နှင့် ရောက်လာသည်



www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းမှာတော့ ရုံးပိတ်ရက် တာဝန်မှူးကျသည်ကို ကျွန်တော် ပျော်သလိုလို ဖြစ်လာခဲ့သည်။ သူက စာတတ် ပေတတ်ကြီးတစ်ယောက် မဟုတ်သော်လည်း အတွေ့အကြုံ ကတော့ များခဲ့သူတစ်ယောက် ဖြစ်သည်။ တော်လှန်ရေး ကာလမတိုင်မီမှာကတည်းက ဂျပန်စစ်တပ်မှာ အလုပ်လုပ် ကိုင်ခဲ့ဖူးသူလည်း ဖြစ်၍ သူ့ဆီက ကြားရသောစကားများက ရယ်ရမောရ၊ ဝမ်းနည်းရ၊ ထိတ်လန့်အံ့သြရနှင့်မို့ ရသကိုးပါး နှင့်ပြည့်စုံသော အကြောင်းအရာများကို တစ်ထိုင်တည်းနှင့် ခံစားရသည်ဟု ထင်မြင်မိသည်။ ထို့ကြောင့် ဦးသာဒွန်းနှင့် တာဝန်တွဲကျသောအခါ ကျွန်တော် မပျင်းတော့ဘဲ ပျော် တတ်လာသည်။

ယခုလည်း ကျွန်တော် ရုံးရောက်သွားပြီး တာဝန်ကျ လုံခြုံရေးစာရင်းကို စစ်လိုက်ရာ ဦးသာဒွန်းတစ်ယောက် ဂိတ်ကြီးမှာ တာဝန်ကျကြောင်း သိလိုက်ရသဖြင့် ပျော်သွားမိ သည်။ ကျွန်တော်တို့ရုံးက ကျယ်ဝန်းသဖြင့် လုံခြုံရေးကို သုံးနေရာထားရသည်။ အလုပ်ရုံမှာ တစ်ဂိတ်၊ မော်တော် ယာဉ်ရုံးမှာ တစ်ဂိတ်နှင့် အဝင်အထွက်ဂိတ်ကြီးမှာ တစ်ဂိတ် ထားရသည်။ တာဝန်မှူးဖြစ်သော ကျွန်တော်ကတော့ ရုံးမှာ ပင်နေကာ ထိုနေ့တွင် ဖြစ်ပျက်ခဲ့သည့် ကိစ္စမှန်သမျှကို ဌာနခွဲမှူးကိုယ်စား ဖြေရှင်းပေးရပါသည်။ ကိုယ်လုပ်ပိုင်ခွင့် မရှိသော ကိစ္စဆိုလျှင် ဌာနခွဲမှူးထံ တင်ပြကာ ဆက်လက် ဆောင်ရွက်ပေးရသော အလုပ်ကို လုပ်ကိုင်ရပြီး ညဘက် ရောက်လျှင်တော့ လုံခြုံရေးကင်းများကို အခါမ[illegible] [illegible]စ်ရ သည်။

ထိုနေ့ညက ကျွန်တော်သည် မော်တော်ယာဉ်လုံခြုံ ရေး ကိုကျော်ရှိန်ကိုခေါ်ကာ ဦးစွာပထမ အလုပ်ရုံဂိတ်ကြီးကို သွားစစ်သည်။ လုံခြုံရေးသုံးယောက်စလုံး အစုံအညီရှိသဖြင့် နီးနီးကြားကြား နေထိုင်စောင့်ကြပ်ကြရန် မှာကြားခဲ့ပြီး ရုံးကို ပြန်ရောက်တော့ ည ၁၁ နာရီ ခွဲနေပြီဖြစ်သည်။ ဂိတ်ကြီး ကို သွားရောက်စစ်ဆေးရန် ကျန်သေးသဖြင့် ကိုကျော်ရှိန်ကို ပင် ခေါ်သွားရန် စိတ်ကူးရလိုက်သဖြင့် သူ့ကိုမေးကြည့်လိုက် မိသည်။

"ကိုကျော်ရှိန်ရေ . . ခင်ဗျားဂျူတီက ဘယ်တော့လဲ။ ဂျူတီမကျသေးရင်လည်း ခဏတစ်ဖြုတ် နားနားနေနေလုပ် နေခဲ့ပေါ့"

"ကျွန်တော့်ဂျူတီက ပြီးသွားပါပြီ ဆရာ။ ညနေ ၆ နာရီက ၁၀ နာရီအထိပါ"

"ဒါဆိုရင် ကျွန်တော်နဲ့ ဆက်လိုက်ခဲ့ဦးပေါ့"

"လိုက်ခဲ့မှာပေါ့ ဆရာ။ ဂိတ်ကြီးမှာက ဗိုလ်လောက် စာ ရှိနေတယ်လေ ဆရာရဲ့"

လုံခြုံရေးအချင်းချင်းကလည်း မနေ့တစ်နေ့ကမှ ရောက်လာသော ဗိုလ်လောက်စာခေါ် ဦးသာဒွန်းအကြောင်းကို ကောင်းကောင်းသိနေသည်။ ထို့ကြောင့် သူပြောမည့် အပြောင် အပျက်စကားများကိုသာမက စိတ်ပါဝင်စားစရာ စကားများ ကိုလည်း နားထောင်ချင်ကြသည်။ သို့နှင့် ကျွန်တော်တို့နှစ် ယောက်လည်း ဂိတ်ကြီးကို ထွက်လာခဲ့ကြသည်။

"ဟော . . . ဘယ်သူလဲ"

"တာဝန်မှူး"

ဦးသာဒွန်းက အသံအောင်အောင်နှင့် သုပ်းအော် လိုက်သလို ကျွန်တော်ကလည်း အသံကျယ်ကျယ်နှင့် ပြန် ဖြေကြားလိုက်သည်။

"သြော် . . . ဆရာတို့ပဲ"

ဂိတ်ကြီးမှာ တာဝန်ကျသူကလည်း သုံးယောက်ပင် ဖြစ်သည်။ သို့သော် ပူအိုက်လွန်းလို့ထင်သည်။ သုံးယောက် စလုံး ဂိတ်ကြီးအတွင်းမှာမနေဘဲ အပြင်ကတ္တရာလမ်းဘေး က ခုံတန်းလျားတွင် ထိုင်နေကြသည်။ ကျွန်တော် ရောက် သွားတော့ ဦးသာဒွန်းက ထိုင်နေရာမှထကာ နေရာပေးလာ သည်။

"ထိုင် . . . ဆရာ၊ အားကြီးပူတာပဲနော်"

"နေအားဗျာ တော်တော်ပူတာပဲဗျ။ ဒါကြောင့် ကင်းစစ် ရင်းနဲ့ စကားစမြည်ပြောရအောင် ထွက်လာခဲ့တာဗျ"


ကျွန်တော်က ဦးသာဒွန်းပေးသည့်နေရာတွင် ဝင်ထိုင် ရင်း စကားခေါ်လိုက်တော့ သူက ပြုံးပြုံးကြီးလုပ်ကာ နေဦး ဆရာရေ့ ဆရာတို့သောက်ဖို့ ကျွန်တော် ရေနွေးတစ်ဘူး ဝင်ယူလိုက်ဦးမယ်ဟုဆိုကာ ဈေးကိုင်လျက် ဂိတ်တဲအတွင်း ဝင်သွားလေသည်။

*****



www.burmeseclassic.com

www.burmeseclassic.com



# ဝေဟင်မှာလေယာဉ်စီးလို့ မော်ချီးကိုတဲ့ ပြန်ခဲ့တာယ်

ကောတုမောင်ညိုလင်း

တာဝန်ကို ရှောင်လွှဲတာတော့ မဟုတ်ပါ။ ယခုလို ရုံးပိတ်ရက်မျိုးတွင် တာဝန်မှူးကျသည်ကိုတော့ ကျွန်တော် မနှစ်သက်သည်ကတော့ အမှန်ပင်ဖြစ်ပါသည်။ နဂိုကတည်း က ကျွန်တော်တို့ ကုန်စည်ပို့ဆောင်ရေးဌာနခွဲရုံးက မြို့ပြင်မှာ ရှိနေရသည့်အပြင် ရန်ကုန်-မန္တလေး လမ်းဟောင်းကြီး၏ အရှေ့ဘက်ကွင်းပြင်ကြီးထဲမှာဆိုတော့ ပို၍ပင် ပျင်းစရာ ကောင်းနေသေးတော့သည်။ မနက်ခင်းပိုင်းလေးမှာတော့ လူ စည်ကားသည်ဟု ဆိုရမည်။ ဌာနခွဲရှိ ယာဉ်များ ဆီထည့် ကာ ထွက်ခွာခြင်း၊ အခြားဌာနခွဲမှယာဉ်များ ညအိပ်ရပ်နားပြီး ဆီဖြည့်ကာ ပြန်လည်ထွက်ခွာခြင်းများကြောင့် ဆူဆူညံညံ ရှိနေတတ်သော်လည်း နေ့လယ်ခင်းပိုင်းမှာတော့ တိတ်ဆိတ် ငြိမ်သက်နေတတ်သည်။ ထို့ကြောင့် ပျင်းစရာကောင်းလှသ ဖြင့် ကျွန်တော် ရုံးပိတ်ရက်များတွင် တာဝန်မှူး မစောင့်ချင် ခဲ့ခြင်း ဖြစ်သည်။

သို့သော် ကျွန်တော်တို့ရုံးကို ဗိုလ်လောက်စာခေါ် ဦးသာဒွန်းတစ်ယောက် လုံခြုံရေးအဖြစ်နှင့် ရောက်လာသည်



www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းမှာတော့ ရုံးပိတ်ရက် တာဝန်မှူးကျသည်ကို ကျွန်တော် ပျော်သလိုလို ဖြစ်လာခဲ့သည်။ သူက စာတတ်ပေတတ်ကြီးတစ်ယောက် မဟုတ်သော်လည်း အတွေ့အကြုံကတော့ များခဲ့သူတစ်ယောက် ဖြစ်သည်။ တော်လှန်ရေးကာလမတိုင်မီမှာကတည်းက ဂျပန်စစ်တပ်မှာ အလုပ်လုပ်ကိုင်ခဲ့ဖူးသူလည်း ဖြစ်၍ သူ့ဆီက ကြားရသောစကားများက ရယ်ရမောရ၊ ဝမ်းနည်းရ၊ ထိတ်လန့်အံ့သြရနှင့်မို့ ရသကိုးပါးနှင့်ပြည့်စုံသော အကြောင်းအရာများကို တစ်ထိုင်တည်းနှင့် ခံစားရသည်မှာ ထင်မြင်မိသည်။ ထို့ကြောင့် ဦးသာဒွန်းနှင့် တာဝန်တွဲကျသောအခါ ကျွန်တော် မပျင်းတော့ဘဲ ပျော်တတ်လာသည်။

ယခုလည်း ကျွန်တော် ရုံးရောက်သွားပြီး တာဝန်ကျလုံခြုံရေးစာရင်းကို စစ်လိုက်ရာ ဦးသာဒွန်းတစ်ယောက် ဂိတ်ကြီးမှာ တာဝန်ကျကြောင်း သိလိုက်ရသဖြင့် ပျော်သွားမိသည်။ ကျွန်တော်တို့ရုံးက ကျယ်ဝန်းသဖြင့် လုံခြုံရေးကို သုံးနေရာထားရသည်။ အလုပ်ရုံမှာ တစ်ဂိတ်၊ မော်တော်ယာဉ်ရုံးမှာ တစ်ဂိတ်နှင့် အဝင်အထွက်ဂိတ်ကြီးမှာ တစ်ဂိတ်ထားရသည်။ တာဝန်မှူးဖြစ်သော ကျွန်တော်ကတော့ ရုံးမှာ ပင်နေကာ ထိုနေ့တွင် ဖြစ်ပျက်ခဲ့သည့် ကိစ္စမှန်သမျှကို ဌာနခွဲမှူးကိုယ်စား ဖြေရှင်းပေးရပါသည်။ ကိုယ်လုပ်ပိုင်ခွင့်မရှိသော ကိစ္စဆိုလျှင် ဌာနခွဲမှူးထံ တင်ပြကာ ဆက်လက်ဆောင်ရွက်ပေးရသော အလုပ်ကို လုပ်ကိုင်ရပြီး ညဘက်ရောက်လျှင်တော့ လုံခြုံရေးကင်းများကို အခါမလ[illegible]စ်ရသည်။

ထိုနေ့ညက ကျွန်တော်သည် မော်တော်ယာဉ်လုံခြုံရေး ကိုကျော်ရှိန်ကိုခေါ်ကာ ဦးမွှာပထမ အလုပ်ရုံဂိတ်ကြီးကို သွားစစ်သည်။ လုံခြုံရေးသုံးယောက်စလုံး အစုံအညီရှိသဖြင့် နှီးနှီးကြားကြား နေထိုင်စောင့်ကြပ်ကြရန် မှာကြားခဲ့ပြီး ရုံးကို ပြန်ရောက်တော့ ည ၁၁ နာရီ ခွဲနေပြီဖြစ်သည်။ ဂိတ်ကြီးကို သွားရောက်စစ်ဆေးရန် ကျန်သေးသဖြင့် ကိုကျော်ရှိန်ကိုပင် ခေါ်သွားရန် စိတ်ကူးရလိုက်သဖြင့် သူ့ကိုမေးကြည့်လိုက်မိသည်။

"ကိုကျော်ရှိန်ရေ···ခင်ဗျားဂျူတီက ဘယ်တော့လဲ။ ဂျူတီမကျသေးရင်လည်း ခဏတစ်ဖြုတ် နားနားနေနေလုပ်နေခဲ့ပေါ့"

"ကျွန်တော့်ဂျူတီက ပြီးသွားပါပြီ ဆရာ။ ညနေ ၆ နာရီက ၁၀ နာရီအထိပါ"

"ဒါဆိုရင် ကျွန်တော်နဲ့ ဆက်လိုက်ခဲ့ဦးပေါ့"

"လိုက်ခဲ့မှာပေါ့ ဆရာ။ ဂိတ်ကြီးမှာက ဗိုလ်လောက်စာ ရှိနေတယ်လေ ဆရာရဲ့"

လုံခြုံရေးအချင်းချင်းကလည်း မနေ့တစ်နေ့ကမှ ရောက်လာသော ဗိုလ်လောက်စာခေါ် ဦးသာဒွန်းအကြောင်းကို ကောင်းကောင်းသိနေသည်။ ထို့ကြောင့် သူ့ပြောမည့် အပြောင်အပျက်စကားများကိုသာမက စိတ်ပါဝင်စားစရာ စကားများကိုလည်း နားထောင်ချင်ကြသည်။ သို့နှင့် ကျွန်တော်တို့နှစ်ယောက်လည်း ဂိတ်ကြီးကို ထွက်လာခဲ့ကြသည်။

"ဟော့···ဘယ်သူလဲ"

"တာဝန်မှူး"

ဦးသာဒွန်းက အသံအောင်အောင်နှင့် လှမ်းအော်လိုက်သလို ကျွန်တော်ကလည်း အသံကျယ်ကျယ်နှင့် ပြန်ဖြေကြားလိုက်သည်။

"ခြေသံ···ဆရာတို့ပဲ"

ဂိတ်ကြီးမှာ တာဝန်ကျသူကလည်း သုံးယောက်ပင်ဖြစ်သည်။ သို့သော် ပူအိုက်လွန်းလို့ထင်သည်။ သုံးယောက်စလုံး ဂိတ်ကြီးအတွင်းမှာမနေဘဲ အပြင်ကတ္တရာလမ်းဘေးက ခုံတန်းလျားတွင် ထိုင်နေကြသည်။ ကျွန်တော် ရောက်သွားတော့ ဦးသာဒွန်းက ထိုင်နေရာမှထကာ နေရာပေးလာသည်။

"ထိုင်···ဆရာ၊ အားကြီးပူတာပဲနော်"

"အေးဗျာ တော်တော်ပူတာပဲဗျ။ ဒါကြောင့် ကင်းစစ်ရင်းနဲ့ စကားစမြည်ပြောရအောင် ထွက်လာခဲ့တာဗျ"

ကျွန်တော်က ဦးသာဒွန်းပေးသည့်နေရာတွင် ဝင်ထိုင်ရင်း စကားခေါ်လိုက်တော့ သူက ပြုံးပြုံးကြီးလုပ်ကာ နေဦးဆရာရေ့ ဆရာတို့သောက်ဖို့ ကျွန်တော် ရေနွေးတစ်ဘူးဝင်ယူလိုက်ဦးမယ်ဟုဆိုကာ ဈေးကိုင်လျက် ဂိတ်တဲအတွင်း ဝင်သွားလေသည်။

*****



www.burmeseclassic.com

www.burmeseclassic.com

ခဏအကြာမှာတော့ ရေနွေးတတ်ဘူးကြီးကို သယ်မလာကြိး ကျွန်တော့်အားလာချကာ သောက်ဦးဆရာဟု ပြောလာပါသည်။ ကျွန်တော်ကတော့ ဦးသာခွန်းတိုက်သော ရေနွေးကြမ်းထက် ပြီးခဲ့သော အပတ်က ရုံးဆင်းသွားသဖြင့် နားမထောင်လိုက်ရသော မော်ချီးအကြောင်းကိုသာ နားထောင်ချင်စိတ် ပေါက်နေမိသည်။ ဗိုလ်လောက်စာခေါ် ဦးသာခွန်းမှာ ဘဝစုံခဲ့သူ ဖြစ်ပါသည်။ အလံနီကွန်မြူနစ်ပါတီဝင် မဖြစ်ခင်က ဂျပန်စစ်ဌာနချုပ်များတွင်လည်း အလုပ်သမားအဖြစ် အလုပ်လုပ်ခဲ့ဖူးသူ ဖြစ်သည်။ ကျွန်တော်တို့ တောင်ငူတွင် ဂျပန်များက လေယာဉ်ကွင်းဖောက်လုပ်တော့လည်း ဦးသာခွန်းက အလုပ်သမားခေါင်းအဖြစ် ပါဝင်အလုပ်လုပ်ခဲ့သူဖြစ်သည်။ ထိုသို့ လေယာဉ်ကွင်းတွင် အလုပ်သမားအဖြစ် အလုပ်ဝင်ရာတွင်မှ သူ၏ ပေပမဓိသော အရပ်အမောင်းကြောင့် ပြဿနာတက်ခဲ့ရသည့် အကြောင်းကလည်း စိတ်ဝင်စားစရာတော့ ကောင်းလှသည်။ (အလျဉ်းသင့်က ရေးသားပါမည်။)

"ဒါနဲ့ ဦးသာခွန်း"

"ဟုတ်ကဲ့···ပြောပါ ဆရာ"

"ဟိုတစ်ပတ်က ခင်ဗျားပြောခဲ့တဲ့ ဇာတ်လမ်းက တောင်ငူလေယာဉ်ကွင်းမှာ အလုပ်လုပ်နေရင်းက မော်ချီးကို ပြောင်းရမယ်ဆိုတဲ့နေရာမှာ ရုံးဆင်းသွားတာနော်"

"ဟာ···ဆရာက အဲဒီလောက်အထိကို မှတ်မိနေတာပဲကိုးဗျ"

"မှတ်မိတာပေါ့ ဦးသာခွန်းရ။ စိတ်ဝင်စားမိတာကိုးဗျ"

ကျွန်တော့်စကားကြောင့် ကျွန်တော်နှင့်အတူ လိုက်ပါလာသူ ကိုကျော်ရှိန်ကပါ ကြားချင်စိတ်ကြောင့် ကျွန်တော့်အနား တိုးကပ်လာသည်။

"ဟုတ်တယ် ဆရာ။ ဆရာပြောသလိုပဲ စိတ်ဝင်စားစရာတော့ တော်တော်ကောင်းပါတယ်။ ဒါပေမဲ့ တော်တော်ခံလိုက်ရတယ် ဆရာရဲ့···ဟဲဟဲဟဲ"

ဦးသာခွန်းက ထိုအကြောင်းကို ပြန်ပြောင်းတွေးမိရင်းက အခုပင် ပြန်ခံစားလိုက်ရသလို ပုံစံမျိုးဖြင့် ပြုံးတမဲ့မဲ့ကြီး ဖြစ်သွားသည်။

"ကျွန်တော်က ဇာတ်လမ်းသိထားလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဦးသာခွန်းပြောခဲ့တဲ့ ဇာတ်လမ်းတွေက အရာရာနဲ့ အကြောင်းကြောင်းတွေချည်းမို့ စိတ်ဝင်တစားရှိလို့ မေးမြန်းနေမိတာပါ"

"ဟုတ်ကဲ့ပါ ဆရာ။ ဆရာစိတ်ဝင်စားတယ်ဆိုတော့ ကျွန်တော်က ဂုဏ်ယူမိပါတယ်။ ဒါကြောင့်လည်း ကျွန်တော့်အဖြစ်အပျက်ကလေးတွေကို စိတ်ဝင်စားတဲ့လူကိုပဲ ပြောပြချင်ခဲ့တာပါ"

"ဟုတ်ပါပြီလေ။ ဒါကြောင့်လည်း ကျွန်တော်က တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို ကင်းလည်းစစ်ရင်း ဦးသာခွန်းရဲ့ ဇာတ်လမ်းကိုလည်း နားထောင်ဖို့ လာခဲ့တာပေါ့ဗျ"

"ဒါဆိုတော့လည်း ပြောပြရမှာပေါ့ဆရာရယ်"

ဦးသာခွန်းက ထိုသို့ပြောပြီး ကျွန်တော့်အနီး လျှောက်လာသည်။ ကျွန်တော်ကလည်း အလိုက်သိစွာနှင့် နေရာပေးလိုက်သည်။ ကျန်သူများကလည်း စိတ်ပါဝင်စားစွာဖြင့် နားစွင့်နေကြလေသည်။ ဦးသာခွန်းက တောင်ငူလေယာဉ်ကွင်းတည်ဆောက်ရေးတွင် အလုပ်သမားခေါင်းတစ်ယောက်အဖြစ်နှင့် ခန့်အပ်ခြင်းခံရသူတစ်ယောက်ဖြစ်သည်။ အလုပ်မှာ ဘယ်လောက်အထိ ကျွမ်းကျင်သည် မကျွမ်းကျင်သည်တော့ မသိ။ သူ၏ အပြောအဆိုနှင့် ဖင်ပေါ့မှုကြောင့် ဂျပန်စစ်ဗိုလ်ကြီးများက အလွန်သဘောကျကြသည်။ ကုန်ကုန်ပြောရလျှင် သူ့အတွက် အကျိုးရှိမည်ဆိုလျှင် ခေါင်းသာသာအလုပ်ကိုလည်း လုပ်ကိုင်ပေးသူဖြစ်လေသည်။ ထို့ကြောင့် တောင်ငူလေယာဉ်ကွင်း ပြီးသောအခါ ဦးသာခွန်းကို မော်ချီးအထိ ခေါ်သွားကာ တောက်တိုမယ်ရ အကုန်နိုင်းခဲ့ကြသည်။

"မော်ချီးနဲ့ တောင်ငူက ၉၆ မိုင် ဝေးတယ်ဆရာရဲ့။ ပြီးတော့ အဲဒီတုန်းက ကားလမ်းကရှိပေမယ့် အခုလို ချောချောမွေ့မွေ့လည်း မဟုတ်သေးဘူးဗျ။ ဟိုမှာက ခံတွင်းအလုပ်သမားတွေကို ကြီးကြပ်ရတာပါ"

"သြော်···ဦးသာခွန်းက မော်ချီးမှာလည်း အလုပ်သမားတွေကို ကြီးကြပ်ရတာပဲလား"

"ဟာ···ကျွန်တော်က ခဲအကြောင်း ဘာနားလည်လို့ ကြီးကြပ်ရမှာလဲ။ အလုပ်သမားခေါင်းရာထူးကိုသာ ပေးထားပြီး အောက်ခြေသိမ်း အကုန်အစုံ လုပ်ရတာပါ"

"အင်း···အင်း"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလိုနဲ့ ခြောက်လလောက်ကြာတော့ ကျွန်တော့် ဆရာ ဗိုလ်ကြီးကို အိမ်ကိုလွမ်းလို့ ခွင့်ပြန်ချင်တဲ့အကြောင်း ပြောပြတော့ အေး···ခွင့်ပေးမယ်။ ဘယ်လောက်ကြာမလဲတဲ့။ ကျွန်တော်ကလည်း တစ်လပေးပါဆိုတော့ ရှောရှောရှူရှူပဲ ပေးလိုက်တယ် ဆရာရေ"

"ဟာ···ဦးသာဒွန်းက ပိုင်လှချည်လားဗျ။ အေးလေ၊ လှူယံ့ကိုး"

ကျွန်တော်က မထိတထိလေး ကလိလိုက်တော့ ဦးသာဒွန်း မဲ့ရွဲ့သွားကာ ပြန်ပြောလာသည်။

"အပေါင်း···ဆရာကသာပိုင်နေ ကျွန်တော့်မှာတော့ ယိုင်ဆင်းသွားတာပဲ ဆရာရေ့"

"ဟင်···ဟုတ်လား။ ဘယ်လိုအကြောင်းကြောင့် လဲဗျ"

"ပြောမယ် ဆရာ၊ ပြောမယ်။ ဆက်သာနားထောင်။ ကျွန်တော့်ခများလေးရဲ့ အဖြစ်ကို"

သို့နှင့် ဦးသာဒွန်းက သူခွင့်တစ်လ ပြန်လာခဲ့သည့် အကြောင်းကို စီကာစဉ်ကာ ဆက်ပြောလာလေသည်။

*****

မောင်သာဒွန်းမှာ တောင်ငူလေယာဉ်ကွင်းမှာလို ပျော်မယ်ထင်ပြီး မော်ချီးလိုက်သွားခဲ့ရာ မပျော်ပိုက်သဖြင့် ဂျပန်မာစတာများထံတွင် ခွင့်ပန်ကာ တောင်ငူသို့ ပြန်လာခဲ့သည်။ ထိုအခါ ဂျပန်မာစတာက မောင်သာဒွန်းလက်မောင်းတွင် ဂျပန်စာ ဘူးသီးငါးပေါင်းကြော်များ ရေးထားသော လက်ပတ်ကို ပတ်ပေးလျက် အပြင်သွားတိုင်း ပတ်သွားရန် ညွှန်ကြားလိုက်သည်။ ထိုလက်ပတ်မှာ ဘာအကြောင်းအရာများကို ရေးထားမှန်း မောင်သာဒွန်းမသိသလို ဘေးလူများကို မေးကြည့်တော့လည်း သိသည့်လူ မရှိခဲ့ပေ။ သို့သော် မကောင်းသည့်စာတော့ ဟုတ်မည်မဟုတ်ဟု ယူဆပြီး မောင်သာဒွန်းကလည်း ဘယ်သွားသွား ထိုလက်ပတ်ကို ပတ်သွားခဲ့သည်။

မိမိရွာက ရွာသူရွာသားများဆိုလျှင် ထိုလက်ပတ်ကို ကြည့်ကာ သဘောကျလို့မဆုံးအောင် ရှိကြသည်။ မောင်သာဒွန်းကလည်း ထိုလက်ပတ်မှာ သူ့ကို အရပ်ဘက်အရာရှိအဖြစ် ရာထူးတိုးပေးထားခြင်း ဖြစ်သည်ဟု ကြွားလုံးထုတ်သည်။ ထို့ကြောင့် ရွာရှိ ကာလသားများက သူ့ကိုအားကျကြသလို ရွာကာလသမီးများကလည်း အထင်တကြီးနှင့် တလေးတစား ဆက်ဆံလာကြသည်ကို မောင်သာဒွန်း တွေ့မြင်လာရ၍ သွေးနားထင်ရောက်ကာ တောရောမြို့ပါ လျှောက်သွားလျက် လေလုံးထွားနေခဲ့သည်။

သို့နှင့် ခွင့်တစ်လမှာ ကုန်ဆုံးသွားခဲ့သည်။ သို့သော် မောင်သာဒွန်းမှာ မပြန်ချင်သေး။ မပြန်ချင်ရသည့်အကြောင်းကလည်း ထိုလက်ပတ်တန်ခိုးကြောင့် အပျိုမလေးတစ်ယောက်နှင့် ဘာလိုလိုလေး ဖြစ်နေမိသောကြောင့်ပင် ဖြစ်လေသည်။ သို့နှင့် အပျိုမလေးရှိရာ တောင်ငူမြို့ပေါ်သို့ လက်ပတ်ကြီး တကားကားနှင့် လမ်းသလားနေမိတော့သည်။ ဖြစ်ချင်တော့ တစ်နေ့မှာ မောင်သာဒွန်းတစ်ယောက် အပျိုမလေးအိမ်ရှေ့က ချောင်းကြည့်ပြုံးပြန်လုပ်ပြီး လာရာတွင် ဂျပန်ကင်ပေတိုင် ဗိုလ်ကြီးနှင့်တိုးကာ ကံဆိုးမိုးမှောင်ကျတော့သည်။ ကင်ပေတိုင် ဗိုလ်ကြီးက စကားပြန်နှင့်မေးသည်၊

"မင်းဘယ်သူလဲ"

"မောင်သာဒွန်းပါ"

မောင်သာဒွန်းကလည်း ခြေစုံရပ်ကာ သတိအနေအထားနှင့် ပြန်ဖြေသည်။

"အခု ဘယ်မှာအလုပ်လုပ်သလဲ"

"မော်ချီးခဲတွင်းမှာ လုပ်ပါတယ်"

"အခုလက်မှာပတ်ထားတဲ့ လက်ပတ်မှာ ရေးထားတဲ့ စာကို သိသလား"

ကင်ပေတိုင်စကားပြန်ကလည်း ဂျပန်ဗိုလ် မေးခိုင်းသမျှကို ခရေစေ့တွင်းကျ အကုန်ပြန်မေးသည်။

"ဂျပန်စာမတတ်လို့ မသိပါဘူး"

"အေး···ဒါဆိုရင် မနက်ဖြန်မနက်ကို ကင်ပေတိုင်ရုံးကို လာခဲ့ပါ။ မင်းကို ဗိုလ်ကြီးက လေယာဉ်နဲ့ မော်ချီးကို ပြန်ပို့ပေးမယ်လို့ ပြောတယ် ကြားလား"

"ဟုတ်ကဲ့ပါ"

"မနက်ဖြန်မနက် ၉ နာရီတိတိကို အရောက်လာခဲ့။ လေယာဉ်က ၉ နာရီခွဲမှာ ထွက်မှာနော်"

"ဟုတ်ကဲ့ပါ။ မနက် ၈ နာရီခွဲလောက်ကို အရောက်လာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

မောင်သာဒွန်းကလည်း လေယာဉ်စီးရမည်ဆိုတော့ ဣန္ဒြေပင် မဆည်နိုင်တော့ဘဲ အငမ်းမရ ပြန်ပြောလိုက်သည်။ ထိုညက မောင်သာဒွန်းတစ်ယောက် ပျော်တော်နှင့် အိပ်မပျော်ခဲ့ပေ။ နောက်တစ်နေ့ အစောကြီးထ၊ ရေမိုးချိုး အဝတ်အစားလဲကာ အိမ်သားတွေကို သူလေယာဉ်နှင့် မော်ချီးပြန်တော့မည်ကို ဂုဏ်ယူဝင့်ကြွားစွာပြောပြီး တောင်ငူမြို့ရှိ ကင်ပေတိုင်ရုံးကို ခြေလှမ်းသွက်သွက်နှင့် ထွက်ခဲ့လေသည်။ ဟိုကိုရောက်တော့ စကားပြန်ကတစ်ဆင့် ကင်ပေမိုလ်ကြီးထံ မှနေ့က မော်ချီးကို လေယာဉ်နဲ့ပြန်ပို့မယ့်လူ ရောက်ပြီဖြစ်ကြောင်း သတင်းပို့ခိုင်းလိုက်သည်။

စကားပြန် သတင်းပို့လိုက်သည်နှင့် ကင်ပေမိုလ်ကြီးက ဘာတွေ အော်ပြောလိုက်သည် မသိ။ ဂျပန်စစ်သားသုံးယောက်က မောင်သာဒွန်းထံ အပြေးအလွှား ရောက်လာပြီး ဖမ်းချုပ်လိုက်ကြသည်။ ထို့နောက် ခါးကို ကြိုးနှင့်ချည်ကာ ရုံးခန်းအတွင်းက ထုတ်တန်းမှာ တွဲလောင်းဆွဲထားလိုက်ကြသည်။ ထို့နောက် ကင်ပေမိုလ်ကြီးပြောသည့်အတိုင်း လက်ကို ဘေးသို့ ကားနိုင်းသည်။ ခြေထောက်ကို ဆန့်ဆန့်ထားနိုင်းသည်။ ပြီးသည်နှင့် မောင်သာဒွန်းကို ပါးစပ်က တဝီဝီအော်နိုင်းကာ ဒအားကုန်လွှဲပေးတော့သည်။ ထိုအချိန်တွင် ကင်ပေတိုင်မိုလ်ကြီးက ထိုင်ရာမှထလာကာ ရှေ့မှာရပ်လျက် ပါးစပ်က တဝီဝီအော်ကာ ရှေ့တိုးနောက်ငင်ဖြစ်နေသော မောင်သာဒွန်း၏ပါးကို တဖြန်းဖြန်း ခေါ်ပလော်တီးပါတော့သည်။

မောင်သာဒွန်းမှာ နားမလည်နိုင်စွာနှင့် လူးလိမ့်ခံနေရသည်။ ပါးစပ်က တဝီဝီအသံရပ်သွားလျှင် အဆော်အပုတ်ခံရ၊ ရှေ့တိုးနောက်ငင်နှင့် ကင်ပေမိုလ်ကြီးရှေ့ ရောက်သွားလျှင်လည်း ဖြောင်းခနဲ အဆော်ခံရနှင့် မျက်စိထဲ မီးဝင်းဝင်းတောက်ခဲ့ရသည်။ ထို့နောက်မှာတော့ မနက်ဖြန်မနက်ကိုမှ မော်ချီးကို ပြန်မသွားလျှင် သွားတစ်ချောင်းမှမကျန်အောင် ချိုးပစ်မည်ဟုဆိုကာ ကြိမ်းမောင်းပြီး ပြန်လွှတ်လိုက်လေသည်။

*****

"ဦးသာဒွန်းအဖြစ်ကလည်း မနစ်ကနဲ့မတူဆိုသလို ကြီးပါလားဗျ"

"အဲဒါပြောတာပေ့ါ ဆရာရယ်။ ကျွန်တော်ကိုယ်က အ,ကြီးကျတာပါ။ မော်ချီးကို လေယာဉ်နဲ့ ပြန်ပို့မယ်ဆိုကတည်းက သိဖို့ကောင်းတာပေ့ါ"

ဦးသာဒွန်းက အခုပင် ပါးအရိုက်ခံရသလို မဲ့ကာရှုံ့ကာ ပြန်ပြောလာသည်။

"ဘာကြောင့်လဲဗျ ဦးသာဒွန်းရ"

"ဟာ…ဆရာကလည်း မော်ချီးမှာက လေယာဉ်ကွင်းမှ မရှိတာကို"

"ဟင်…ဟုတ်လား"

"ဟုတ်တယ် ဆရာရဲ့။ အဲဒါကို ကျွန်တော်က ဘာဝင်လေဟာပ်ပြီး သွေးနားထင်ရောက်သွားတာလေ ဆရာရဲ့"

"ဒါနဲ့ နေစမ်းပါဦး ဦးသာဒွန်းရဲ့။ ကင်ပေမိုလ်ကြီးက ခင်ဗျားရဲ့ လက်ပတ်ကိုကြည့်ပြီး ဘာလို့ မော်ချီးကို လေယာဉ်နဲ့ ပြန်ပို့ပေးမယ် ပြောရတာလဲဗျ"

ကျွန်တော်က ဦးသာဒွန်းစကားအဆုံးမှာ သိချင်တာလေးကို ဝင်မေးလိုက်ခြင်း ဖြစ်သည်။

"အဟီး…အဲဒါ မိန်းပွိုင့်ပဲလေ ဆရာရဲ့"

"ဘယ်လိုမိန်းပွိုင့်လည်း ဆိုစမ်းပါဦး ဦးသာဒွန်းရ"

"အဲဒီလက်ပတ်က စာက ခွင့်ပေးထားတဲ့စာ ဆရာရဲ့။ ဘယ်နေ့ကနေ ဘယ်နေ့အထိ ခွင့်ပေးထားသည်လို့ ရေးထားတာတဲ့ဗျ"

"ဟင်ဟုတ်လား"

ထိုအခါ ဦးသာဒွန်း ပြန်ရှင်းပြလေသော စကားကြောင့် ကျွန်တော်တို့တစ်ဖွဲ့သားလုံး တဟားဟားနှင့် ပွဲကျသွားလေတော့သည်။


"ဟုတ်တယ် ဆရာ။ ဒါကို ကျွန်တော်က ခွင့်စာမှန်းမသိတော့ လက်ပတ်ကြီးတကားကားနဲ့ ရှုံးများနေလိုက်တာ ကင်ပေမိုလ်ကြီးနဲ့တွေ့ပြီး ခွင့်ကုန်ဆုံးနေမှန်းသိလို့ ကျွန်တော့်ကို လေယာဉ်နဲ့ မော်ချီးပြန်ပို့ပေးမယ်ဆိုပြီး ထုတ်တန်းဆွဲလို့ ပါးချည့်လိမ့်ရိုက်ခဲ့တာပေ့ါ ဆရာရဲ့"

ကေတုမောင်ညိုလင်း



www.burmeseclassic.com

www.burmeseclassic.com



# ဈေးသည်ခေါ်သော အိမ်အိုကြီး ...

## တင့်လွင် (ဘုရားနီ)

ခေတ်အချိန်ကာလက အင်္ဂလိပ်များ မြန်မာနိုင်ငံကို အုပ်စိုးနေသော ကာလဖြစ်နေသည်။ ကိုယ့်အိမ်၊ ကိုယ့်ယာကို စွန့်ပြီး စိတ်ချရသော အရပ်ဒေသများဆီသို့ နေထိုင်ကြရသောအဖြစ်များက မြို့ရွာတိုင်းဖြစ်၍နေ၏။ ကိုယ့်ရပ်၊ ကိုယ့်ရွာကို စွန့်ပစ်ရင်း ရောက်ရှိလာကြသူများက နေရာတစ်ခုတွင် လူစိမ်းများရှိသလို၊ ဆွေမျိုးများနှင့် အနီးအနားနေထိုင်ကြသူများ ရှိနေကြသည်။

"ဟဲ့...အုံးဆိုင်"

"ဘာလဲတော့"

"နင် မိုးမလင်းခင် ဈေးရောင်းတာလည်း အခြေအနေ ကြည့်ရောင်း"

"သိပါတယ်တော်"

"ဟိုလူကြောက်ရ၊ ဒီလူကြောက်ရနဲ့"

"ကျွန်မလည်း အကင်းပါးပါတယ်တော်"

မအုံးဆိုင်စကားကြောင့် ကိုချိုဘာမှ ပြန်မပြောတော့ပေ။

"ကိုယ့်ရပ်၊ ကိုယ့်ရွာမဟုတ်တော့ ကျွန်မလည်း ဈေးရောင်းတဲ့နေရာတိုင်း သတိအမြဲထားပါတယ်"

"အေး...အေး"

ကောက်ညှင်းပေါင်းဝတောင်း ခေါင်းပေါ်တင် ထွက်ခွာသွားသော မိန်းမဖြစ်သူကို ခေတ်၊ အချိန်အခါမကောင်းသဖြင့် ကိုချိုစိတ်ထဲ စိုးရိမ်မှုတော့ အနည်းငယ်ရှိနေ၏။

ခြံထဲမှ မိန်းမဖြစ်သူကို လှမ်းကြည့်မိသည်။ အိမ်တွေရှိပေမယ့်လည်း လူနေမှုက နည်းပါးနေကြသည်။ အရေးအကြောင်းဆိုလျှင် ချက်ချင်းကူညီပေးမည့်သူက မရှိကြ။ စီးပွားရေး မပြေလည်သဖြင့် မိန်းမဖြစ်သူပါ ဈေးတောင်းခေါင်းပေါ်ရွက်ပြီး ဝမ်းရေးအတွက် ရောင်းချနေရခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအပိုင်းက ကောက်ညှင်းပေါင်း"

လေးခွန်းအေဘ်လို့ တစ်ယောက် ခေါ်ဝယ်မည့်သူ ခပ်ရှားရှားဖြစ်သည်။

"လာပါဦး၊ ကောက်ညှင်းပေါင်းသည့်"

မိန်းမတစ်ဦး၏ခေါ်သံကြောင့် အုံးဆိုင် ခြံထဲသို့ဝင် ရောက်သွား၏။

"တစ်ကျပ်ဖိုးလောက်ပေးပါ"

"ဟုတ်ကဲ့ပါရှင်"

အဆင်သင့် ငှက်ပျောရွက်ပေါ်သို့ ထည့်ပေးလိုက်သည်။

"ညီမက ဘယ်က လာရောင်းတာလဲ"

"ကျည်ရကပါ"

"တော်တော်ဝေးတာပဲ"

"အဲဒီလောက် လိုက်ရောင်းမှပဲ ကုန်တာအစ်မရဲ့"

"ဟုတ်တာပဲ၊ လူတော့ပြတ်တယ် နော်။ သတိထားပြီး သွားလာ ညီမရေ"

"အခုလိုပြောတာကို ကျေးဇူးတင်ပါတယ် အစ်မရယ်"

"အေး…အေး"

ကျေးဇူးတင်စကား ပြန်ပြောရင်း ဈေးတောင်းခေါင်းပေါ် ပြန်တင်ကာ နောက်တစ်နေရာဆီသို့ ထွက်ခွာလာလေသည်။

"အဲဒီအပိုင်းက ကောက်ညှင်းပေါင်း"

အခုမှစရောင်းသော နေရာတွေမို့ ပတ်ဝန်းကျင်အရိပ်အခြည်ကို သတိထားနေရသည်။

"လာဦးဟော့"

မသဲမကွဲခေါ်သံကြောင့် ခြံကျယ်ကြီးကိုကြည့်လိုက်၏။ စိတ်ချရအောင် ဒုတိယအကြိမ် လှမ်းအော်လိုက်ပြန်သည်။

"ဒီခြံထဲက ခေါ်တာလား"

"ဟုတ်တယ်ဟော့"

အိမ်ထဲကခေါ်သံကို ထင်ထင်ရှားရှား ကြားသိလိုက်သည်မို့ ကျယ်ဝန်းသောခြံထဲသို့ ဝင်ရောက်လာခဲ့၏။ လူသွားလမ်းတစ်လျှောက် မြက်ပင်တို့ကို သတိထား လျှောက်လှမ်းနေရသည်။ သစ်ပင်ကြီးများက အိမ်ကိုအုပ်မိုးထားလေ၏။

ဈေးတောင်းခေါင်းပေါ်ရွက်ရင်း အိမ်ကြီးကို သတိထားကြည့်မိသည်။

"ဟင်…အိမ်ကြီးကလည်း ယိုင်နဲ့နေပါလား"

ယိုင်နဲ့နေသော အိမ်အိုကြီးကို ကြည့်ပြီး မျက်နှာမဲ့ကာ ပြောလိုက်လေ၏။

"ဘယ်လိုလူတွေများ ဒီအိမ်အိုကြီးမှာ နေထိုင်ကြလဲ မသိဘူး"

စိတ်ထဲမှပြောရင်း ဈေးတောင်းကို အိမ်ရှေ့ ကြမ်းပြင်ပေါ် ချလိုက်သည်။

"အိမ်ရှင်တို့…အိမ်ရှင်တို့"

မှောင်နေသော အိမ်ကြီးအတွင်းသို့ အော်ခေါ်နေသော်လည်း ယိုင်နဲ့နေသောအိမ်အိုကြီးထဲမှ ပြန်လည်ထူးသံ၊ ပြောသံက ထွက်မလာပေ။

"ဘယ်လိုဖြစ်တာလဲ၊ ဒီခြံထဲက ခေါ်ပြီး လူလည်းမရှိဘူး"

အိမ်၏အနီးအနား ပတ်ဝန်းကျင်ကို မျက်လုံးကစားကြည့်လိုက်၏။ လူ အရိပ်အယောင် လုံးဝမမြင်ရခြင်း ဖြစ်နေသည်။

"ကဲပါလေ၊ နောက်လာမှ မထူးတော့ပါဘူး။ ကောက်ညှင်းပေါင်း ထားခဲ့တော့မယ်"

ငှက်ပျောရွက်ပေါ်ကို ကောက်ညှင်းပေါင်းများပုံကာ အိမ်ရှေ့ကြမ်းပြင်ပေါ်တွင် တင်ထားပြီး ခြံထဲမှ ထွက်ခွာသွားတော့သည်။

* ● *

မနေ့က ဈေးရောင်းကောင်းသော သုဒ္ဓေးကုန်းရပ်ကွက်ထဲသို့ မအုံးဆိုင် ပြန်လည်ရောက်ရှိလာပြန်သည်။ ဒီရပ်ကွက်က လူနေတာ နည်းပေမယ့် ကောက်ညှင်းပေါင်းကြိုက်သူ များကြ၏။ တစ်ပြည်ကျော်ကျော်၊ နှစ်ပြည်နီးပါးလောက် ကုန်သောနေရာဖြစ်သည်။

"ကောက်ညှင်းပေါင်း"

"လာဦးဟော့"

လှမ်းခေါ်လိုက်သော နေရာကို မျက်လုံးကစားကာ ကြည့်လိုက်၏။

"မနေ့က အိမ်ကြီးပါလား"

ဒီအိမ်ကြီးကို အုံးဆိုင် မှတ်မိနေသည်။

"လူရှိတာတော့ ကျိန်းသေနေပါပြီ။ မနေ့က ငါဝင်လာတဲ့အချိန် နောက်ဖေးဘက်များ ရောက်နေလို့ထင်တယ်"

စိတ်ထဲမှ ပြောလိုက်လေ၏။

"ကျွန်မ လာပြီနော်"

"အေး…အေး လာခဲ့ပါ"

အိမ်ထဲမှမိန်းမကြီးတစ်ဦး ရှိနေသည်မို့ ကျေနပ်သွားမိသည်။ ယိုင်နဲ့နေသော အိမ်အိုကြီးဆီသို့ ဝင်ရောက်လာခဲ့၏။

"ရောက်ပြီ အစ်မရေ၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com

လောက်ဖိုးလဲ"

ဝယ်မည့်တန်ဖိုးငွေကို မအုံးဆိုင် အိမ်ရှင်ကို လှမ်းမေးလိုက်သည်။ သူမ မေးသည့်စကားကို ပြန်မဖြေသဖြင့် မှောင်နေသော အိမ်ကြီးထဲသို့ ကြည့်လိုက်၏။ လူကို မမြင်တွေ့ရတော့ပေ။

"ဒီအိမ်ရှင်ကလည်း ငါလာတိုင်း ဘယ်ရောက်နေတာလဲ မသိဘူး။ ရောင်းချဖို့က ကျန်သေးတယ်။ ဒီမှာအချိန်ကုန်လို့ မပြီးသေးဘူး"

"အစ်မရေ . . . အစ်မရေ"

အမှောင်ထဲမှ နောက်ဖေးဘက်ကိုခေါ်ရင်း လှမ်းကြည့်နေမိသည်။ ဘယ်နေရာကမှ ထွက်လာခြင်းကို မမြင်တွေ့ရပေ။

"မတွေ့လည်း မနေကလိုပဲ ထားခဲ့မှာပဲ။ နောက်နေ့တွေမှပေါင်းပြီး တောင်းလိုက်တော့မယ်"

ထားနေကျ ကြမ်းပြင်ပေါ်တွင် ဝက်ပျော့ရွက်ဖြင့် တင်ထားခဲ့လေသည်။ မထင်မှတ်သော ဆေးပြင်းလိပ်တိုတစ်ခုကို တွေ့မြင်လိုက်ရလေ၏။ အသက်ကြီးပြီး နားလေးတဲ့သူ ဖြစ်နေလားဆိုပြီး စိတ်ထဲမှာထင်နေမိသည်။ အုံးဆိုင်စိတ်ထဲ အလိုမကျတော့ ဖြစ်နေမိ၏။ အနီးပတ်ဝန်းကျင် ပြောခဲ့ရမှာကလည်း ခြံဝဲခါးတိုင်း ပိတ်ထားကြသောကြောင့် မှာခဲ့လို့မရ။ ကိုယ်သာသည်းခံပြီး ရောင်းဖို့သာ ရှိလေတော့သည်။

* ● *

အုံးဆိုင်ပြောသမျှကို ကိုချို နားထောင်နေမိသည်။

"ဘယ်လိုသူများလဲ ပသိပါဘူး တော်"

"အေးလေဟာ၊ တစ်ယောက်တည်းနေတာ ထင်ပါတယ်"

"ငါ့အထင်တော့ အသက်ကြီးတဲ့ အမျိုးသမီးကြီးပဲ ဖြစ်မှာပါဟာ"

"ကျွန်မလည်း ဘာပြောရမှန်းမသိဘူး။ ရောက်တိုင်း မတွေ့နေတော့ ဒီတစ်ခါ ဝင်ရောင်းချင်တဲ့စိတ်တောင်မရှိတော့ဘူး"

လင်မယားနှစ်ယောက် ပြောဆိုသံများ တိတ်ဆိတ်သွားကြသည်။

"သတိကော့ ထားရောင်းပေါ့ဟာ"

"အဲဒီအတွက်တော့ မပူပါနဲ့တော်"

"ဪ . . . ကျပ်မေ့နေလို့ ပြောစရာတစ်ခုလည်း ကျန်နေခဲ့သေးတယ်"

"ဘာကိုလဲ"

"ကျွန်မ ကောက်ညှင်းပေါင်းထားတဲ့နေရာမှာ ဆေးပြင်းလိပ်တိုလည်း တွေ့ရတယ်"

ကိုချို အခုမှ စိတ်ထဲမှာ အနည်းငယ် သက်သာသွားလေသည်။

"အဲဒါဆိုရင်တော့ လူရှိနေတာ အမှန်ပဲ"

"ကိုယ်ကတော့ သတိပြီရိယတော့ ထားနော်။ ဖြစ်နိုင်ရင် အဲဒီခြံထဲ ဝင်မရောင်းတာ အကောင်းဆုံး"

ယောက်ျားစကားကြောင့် စိတ်မကောင်းတော့ ဖြစ်သွား၏။

"မဟုတ်တာ ကိုချိုရယ်၊ ကောက်ညှင်းပေါင်းကြိုက်လို့ ခေါ်ဝယ်တဲ့လူကို သွားမရောင်းနဲ့လို့ပြောတဲ့ ရှင့်စကားက သဘာဝမကျပါဘူး။ ကျွန်မက အဲဒါမျိုး လက်မခံဘူး"

"ငါက တစ်မျိုးအကြောင်းနဲ့ ပြောတာပါ။ နင့်အတွက် စိတ်ပူလို့"

"ကျွန်မက ကလေးလည်းမဟုတ်ပါဘူးတော်"

"ကဲ . . . ကဲ၊ အဲဒါဆိုလည်း နင့်သဘောအတိုင်း"

ကြောက်လန့်ခြင်း နည်းပါးသော မိန်းမစိတ်ကိုသိထားသော ကိုချို လက်လျှော့လိုက်လေသည်။

အမှန်တကယ်မှာ မအုံးဆိုင် အိမ်အိုကြီးကို စိတ်ဝင်စားနေခြင်း ဖြစ်၏။ အသံပေးပြီး လူမတွေ့ရခြင်းက ဘယ်လို အဓိပ္ပာယ်မျိုး ဖြစ်သည်ကို သူကိုယ်တိုင် သိချင်နေသည်။ ခပ်ဝေးဝေးနေသူများကို မေးကြည့်ချင်သော်လည်း ရောင်းဝယ်ခေါ်ပြောလောက်ပဲရှိ၏။ ပပ်ကြားကြား ပြောဖူးသူ မရှိသဖြင့် အခက်အခဲဖြစ်နေသည်။ အိမ်အိုကြီးထဲရှိ အသံရှင် မိန်းမကြီး၏ ရုပ်အသွင်ကို သူမ တွေ့မြင်ချင်သည်မှာ တားမရ၊ ဆီးမရသော စိတ်ဆန္ဒဖြစ်ပေါ်၍ နေလေတော့သည်။

* ● *

တစ်လပ်းလုံး . . . အိမ်အိုကြီး အကြောင်းကို စဉ်းစားလာမိသည်။ သူမ ဒီလမ်းထဲကို သုံးရက်မြောက်နေ့သို့ ရောက်ရှိလာခဲ့သည်။

"ကောက်ညှင်းပေါင်း"

အသံကို အိမ်အိုကြီးနားမရောက်ခင်ထဲက ခပ်ကျယ်ကျယ် အော်ဟစ်လိုက်၏။

"ကောက်ညှင်းပေါင်း"

ခြံထဲကို မသိမသာကြည့်ရင်း အော်နေလိုက်သည်။

"လာပါဦး"



www.burmeseclassic.com

www.burmeseclassic.com

ကြားချင်၊ တွေ့ချင်နေသော ခေါ် သံကြောင့် စိတ်ထဲက ကျေနပ်သွားမိ၏။

"ဝင်လာခဲ့မယ်နော်"

"ဝင်လာခဲ့ပါတော်၊ စားချင်လို့ စောင့်နေတာကြာပြီ"

အသံရှင်ပြောလိုက်သော စကားကြောင့် ဝမ်းသာသွားမိသည်၊ ခြေလှမ်းကို ခပ်သွက်သွက် လျှောက်လှမ်းရင်း ယိုင်နဲ့နေသောအိမ်အိုကြီးဆီသို့ ရောက်ရှိလာသည်။

"အဲတော်··ကြုံရပြန်ပြီ ဒီမိန်းမကြီးကလည်း ငါဝင်လာတာ သိရဲ့သားနဲ့ အိမ်ရှေ့မှာလည်း မနေဘူး။ ဘယ်လို မိန်းမကြီးလဲ မသိဘူး"

ကောက်ညှင်းပေါင်းတောင်းကို ပျဉ်ခင်းပေါ်ချလိုက်ပြီး မှောင်နေသော အိမ်ထဲသို့ လှမ်းကြည့်လိုက်၏။

"အစ်မရေ ကျွန်မရောက်နေပြီ"

ပြန်ပြောသံကို မကြားရ။

ဈေးသည့်အိမ်ရှေ့မှာ ရောက်နေပြီ၊ အိမ်အိုကြီးထဲမှ ဘာအရိပ်အယောင်၊ အသံမှထွက်မလာ။ စိတ်ထဲမှာ မယုံသင်္ကာဖြစ်၍သွားသည်။

"အစ်မရေ···အစ်မရေ"

ကျိန်းသေနေပြီ။ သူမ ခေါ်နေပေမယ့် အိမ်ထဲမှာ လူမနေခြင်းကတော့ သေချာသွားပြီ။ မအုံးဆိုင် ဈေးတောင်းသေနားကို မျက်လုံးအကြည့်များရောက်ရှိသွား၏။ အနီရောင်ကတ္တီပါစဖြင့် ထုပ်ထားသော ထန်းသီးလုံးအရွယ်ရှိ အထုပ်တစ်ထုပ်ကို တွေ့လိုက်လေသည်။

"ဘာအထုပ်လဲ မသိဘူး"

အနီးပတ်ဝန်းကျင်သို့ အရိပ်အခြေကြည့်လိုက်ပြီး လက်ဖြင့်အထုပ်ကို စမ်းကြည့်လိုက်မိ၏။

"ဘုရား ဘုရား။ ရွှေတွေများလား မသိဘူး"

မအုံးဆိုင် စိတ်တွေလှုပ်ရှားနေသည်။ အထုပ်ကို ယူသင့်၊ မယူသင့် ချီတုံချတုံ ဖြစ်နေ၏။

မိဘမွေးကတည်းက ဒီအသက်အရွယ်အထိ သူများပိုင်ပစ္စည်းကို အပ်တိုတစ်ချောင်းမယူဖူးခဲ့သူ ဖြစ်သည်။ ဆင်းရဲပေမယ့် ငါးပါးသီလကို စောင့်ထိန်းနိုင်သူ ဖြစ်၏။

အခု သူမရှေ့တွင် မြင်တွေ့နေရသော ပစ္စည်းကိုယူမိလျှင် သီလတစ်ခု ကျိုးပေါက်သွားမည်ကို တွေးတောကြောက်ရွံ့နေခြင်း ဖြစ်သည်။

"သူများပစ္စည်း မယူတာ ကောင်းပါတယ်လေ"

သူမမျက်လုံး ကတ္တီပါအထုပ်နားဆီမှ ဖယ်ခွာလိုက်၏။

"ဒါပေမဲ့ ငါ စေတနာသန့်သန့်နဲ့ စားစေချင်တဲ့ ကုသိုလ်တစ်ခုတော့ ဒီနေ့ သုံးရက်ရောက်တဲ့အထိ လုပ်ခဲ့ပေးမယ်"

ငှက်ပျောရွက်ပေါ်သို့ ကောက်ညှင်းပေါင်းများကို မနေ့ကထက်ပိုများအောင် ထည့်လိုက်ပြီး ကြမ်းပြင်ပေါ်မှာ သပ်သပ်ရပ်ရပ်တင်ထားလိုက်ပြီး ခေါင်းပေါ်သို့ ဈေးတောင်းကိုလည်း တင်လိုက်သည်။

"ဟဲ့··ကောက်ညှင်းပေါင်းရောင်းတဲ့ ကလေးမ"

အပြင်သို့ထွက်ခွာရန် ခြေလှမ်းပြင်လိုက်စဉ် ပျော့လင့်ဘဲ နောက်ဖေးဘက်ဆီမှ အသံကြောင့် အားရှိသွားမိ၏။

"ကျွန်မဈေးလာရောင်းတာ မတွေ့လို့ ကြမ်းပြင်ပေါ်မှာ ထားခဲ့ပြီ"

"အေးပါဟယ်၊ ငါသိပါတယ်"

"အဲဒါဆိုလည်း အပြင်ဘက်ထွက်လာပါဦးလား"

"မလာတော့ဘူး၊ နင့်ကိုယုံလို့ နင့်ဘေးနားကအထုပ်ကို ယူသွားတော့။ အဲဒါက ငါပေးတဲ့ပစ္စည်းမို့ နင်ယူသွားလို့ရပြီ။ စားလည်းစား၊ လှူလည်းလှူပေါ့။ အချိန်မရဘူး။ သွားတော့နော်"

ဘာစကားမှ ဆက်မပြောတော့သည့်အတွက် အနီးရှိ ကတ္တီပါပိတ်စဖြင့် ထုတ်ထားသော အထုပ်ကို ကောက်ယူလိုက်ကာ ကောက်ညှင်းပေါင်းတောင်းထဲ ထည့်လိုက်ပြီး ခြံထဲမှ မအုံးဆိုင် ထွက်ခွာလာခဲ့လေတော့သည်။ မအုံးဆိုင် ကြုံတွေ့ခဲ့ရသော သူ့အဖြစ်များက ဆန်းကြယ်နေ၏။ အိမ်အိုကြီးမှ သူမဘဝအတွက် ရုတ်တရက် မထင်မှတ်သော ပြောင်းလဲမှုတစ်ခုကို တွေ့ကြုံပိုင်ဆိုင်ခဲ့ရလေသည်။ လူတိုင်း မယုံကြည်နိုင်စရာလည်း ဖြစ်နေ၏။ ကိုချို နှင့် မအုံးဆိုင်တို့ ပြောင်းလဲသွားသော ဘဝအတွက် အိမ်အိုကြီးထဲမှ အသံရှင် မိန်းမကြီးကို နေ့စဉ်နှင့်အမျှ လှူဒါန်း၊ မေတ္တာပို့ ပြုလုပ်နေသည်ကို တစ်နေ့ရာမှ မြင်တွေ့ကြားမိမှာက အမှန်ဖြစ်၍ နေလေတော့သည်။

တင့်လွင် (ဘုရားနီ)



www.burmeseclassic.com

www.burmeseclassic.com



# ကျိုးပင်ငုတ်တို

မှ

# တစ္ဆေအို

သပိတ်ကျင်း
ကျော်ကျော်ထွန်း

မှရှိန်ပြင်းပြ တပေါင်းလ၏ နေ့တစ်နေ့ (၂၀၁၈)တွင် ကျွန်တော်နေထိုင်ရာ ဒဂုံမြို့သစ်မြောက်ပိုင်း နေအိမ်သို့ ဧည့်သည်တစ်ယောက် ရောက်လာပါသည်။ ကျွန်တော်လည်း ဧည့်သည်ကို နေရာထိုင်ခင်းပေးပြီး စိတ်ထဲတွင် မြင်ဖူးသလိုလိုရှိသည်ဟု တွေးရင်း အားနာစွာနှင့်ပင် –

"စိတ်တော့မရှိပါနဲ့။ သိသလိုလိုဖြစ်နေလို့ နာမည်လေးပြောပါဦး"

ဟု အားနာစွာ ဆိုလိုက်ရပါသည်။ ဧည့်သည်အမျိုးသားလည်း ရယ်မောရင်း –

"ဟောဗျာ။ စာရေးဆရာနဲ့ ကျွန်တော် သပိတ်ကျင်း ငါးပိုင်စခန်းမှာ အတူနေခဲ့ဖူးတဲ့ တင်ဝင်းချိုလေ"

ဟု ဆိုတော့မှ မှတ်မိသွားပြီး –

"အားနာလိုက်တာ ကိုတင်ဝင်းချိုရယ်။ ကွဲကွာသွားကြတာလည်း နှစ်ပေါင်း နှစ်ဆယ်ကျော်ပြီဆိုတော့ ရုတ်တရက် မမှတ်မိဘူး။ အသက်ကလည်း ၈၃ နှစ်ထဲရောက်လို့ မှတ်ဉာဏ်တွေလည်း ထိုင်းကုန်ပြီ"

ဟု နှစ်သိမ့်စကားဆိုရင်း ဝမ်းသာအားရ ဖြစ်မိ၏။

ကျွန်တော် (ဘ.ဓ.ရ) ဝန်ထမ်းဘဝက ၁၉၈၂–



www.burmeseclassic.com

www.burmeseclassic.com

၈၈ ခုနှစ်များတွင် သပိတ်ကျောင်းရတနာမြေ၌ အတူတကွ တာဝန်ထမ်းဆောင်ခဲ့သူ ဘူမိဗေဒအရာရှိ ကိုတင်ဝင်းချို ဖြစ်ပါသည်။ မော်လိုက်ဇာတိဖြစ်၍ ငါးမိုင်စခန်းတွင် တာဝန်ထမ်းဆောင်ရင်း သပိတ်ကျောင်းသူ အပျိုချော ကျောင်းဆရာမနှင့် ဖူးစာဆုံကာ သပိတ်ကျောင်းသားအဖြစ် ခံယူလိုက်သူ ဖြစ်ပါသည်။

စကားလက်ဆုံ ပြောမကုန်နိုင်အောင်ရှိရာမှ ကိုတင်ဝင်းချိုသည် တစ်စုံတစ်ယောက်ကို သတိရဟန်ဖြင့် –

"ဆရာရေးတဲ့စာတွေ ကျွန်တော် လက်လှမ်းမီသလောက် ဖတ် တယ်။ သပိတ်ကျောင်းအကြောင်းတွေလည်း လေးငါးပုဒ် ဖတ်ဖူးတယ်။

အဲ ... အဲ ... ဒါပေမဲ့ ဆရာ့ဇာတိမြို့ လက်ပံတန်းအကြောင်းတော့ တစ်ခါမှ ပါတာမတွေ့ရသေးဘူး။

ဒါကြောင့် စာဖတ်ပရိသတ်တွေက ဆရာ့ကို လက်ပံတန်းမြို့သားဆိုတာ မသိကြဘဲ သပိတ်ကျောင်းသားလို့ ထင်နေကြတာ"

ဟု ဆိုပါသည်။

ဟုတ်ပါသည်။ ကိုတင်ဝင်းချိုပြောသလိုပင် စာဖတ်ပရိသတ်တို့က (သပိတ်ကျောင်းကျော်ကျော်ထွန်း)ဟု ဆိုသဖြင့် ကျွန်တော့်ကို သပိတ်ကျောင်းသားဟု ထင်နေကြ၏။ ကျွန်တော်ကလည်း ကျေနပ်၏။ ခေတ်ဦးအင်တာနက်သမားဖြစ်၍ အင်တာနက်ညီမလေးများနှင့် ဆက်သွယ်ခဲ့သော သပိတ်ကျောင်း ကျော်ကျော်ထွန်းအမည်ကိုပင် စာရေးသောအခါ သုံးခဲ့ခြင်းဖြစ်၏။ ထိုစဉ်က ညီမလေးများ ဤစာကို ဖတ်မိသော် "မ(---)သေးဖူးလား"ဟု မေတ္တာပို့ကြမည် ထင်၏။

ကျွန်တော်သည် လက်ပံတန်းသားစစ်စစ် ဖြစ်ပါသည်။ လက်ပံတန်းမြို့နှင့် တစ်မိုင်ခန့်သာဝေးသော ကွမ်းခြံရွာကြီးတွင် အဖေ၊ အမေတို့မှ မွေးဖွားခဲ့သော ကွမ်းခြံရွာသား ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်နှင့် ပြည်တွင်းသောင်းကျန်းမှု ကာလများအတွင်း လူဖြစ်လာရသောကြောင့် စစ်၏ မကောင်းကျိုးများ ကြုံတွေ့ခံစားခဲ့ရသဖြင့် ထိုမကောင်းကျိုးများမှ ကင်းလွတ်စေရန် အမေ နှုတ်တိုက်အာဂုံဆောင်သင်ပေးသော သမ္ဗုဒ္ဓေဂါထာတော်ကို ရအောင်မှတ်သားကာ နေ့စဉ်ရွတ်ဆိုခဲ့ရသော အလေ့အကျင့်ကြောင့် ယနေ့တိုင် သမ္ဗုဒ္ဓေသမား ဖြစ်ခဲ့ရ၏။

သမ္ဗုဒ္ဓေဂါထာတော်၏ တန်ခိုးကြောင့် အန္တရာယ်ဆိုးများ၏ ရန်မှလည်း ကင်းလွတ်သည့်ကို ကြုံဖူး၏။ တစ္ဆေ သရဲ စသော လောကသားများကိုလည်း ကြောက်ရွံ့ခြင်း မရှိတော့ပေ။ တစ္ဆေသရဲနှင့် မတွေ့ခြင်းမဟုတ်။ တွေ့ကြုံသော်လည်း ကြောက်လန့်ခြင်း မရှိတော့ခြင်းဖြစ်၏။ နောက်ပိုင်းတွင် ဗုဒ္ဓစာပေများ ဖတ်ရှုလေ့လာမိသောအခါ တစ္ဆေသရဲတို့သည် အပါယ်ဘုံသားများဖြစ်၍ သနားစရာသတ္တဝါများအဖြစ် မြင်လာ၏။

ကျွန်တော့်ဇာတိရွာ ကွမ်းခြံနှင့် လက်ပံတန်းမြို့သည် တစ်မိုင်ခန့်ဝေးပါသည်။ ကွမ်းခြံရွာထိပ်သည် ရန်ကုန်–ပြည် အဝေးပြေးကားလမ်းမကြီးကို ထိပ်တိုက်အနေအထားရှိ၍ ထိုအဝေးပြေးလမ်းမကြီးမှ လက်ပံတန်းမြို့သို့ ဆက်သွယ်ထားသောလမ်းသည် ရွာ၏တောင်ဘက်ဘေးမှ ဖောက်လုပ်ထားသည်။

လက်ပံတန်းမြို့အဝင်တွင် မောဓိကုန်းရွာနှင့် လက်ပံပင်စုရွာရှိ၍ လက်ပံပင်စုနှင့် ကွမ်းခြံရွာကြားတွင် လယ်ကွင်းများရှိသည်။ လက်ပံပင်စုနှင့် ကွမ်းခြံရွာကြား အလယ်လောက်တွင် လမ်းဘေးမြောက်ဖက်၌ ကျိုးပင်တစ်ပင်ရှိပါသည်။ ထိုကျိုးပင်သည် သရဲတစ္ဆေရှိသော ကျိုးပင်ဟု နာမည်ကြီးသော အပင်တည်း။

---

တောတောင်တို့၌လည်းကောင်း၊
ပင်လယ်ပြင်ရှိ
ကျွန်းစုတို့၌လည်းကောင်း
ထူးခြားဆန်းကြယ်သည့် ဂမ္ဘီရဖြစ်ရပ်၊
တစ္ဆေ သရဲတို့နှင့်လည်း ကြုံဆုံခဲ့ရ၏။
မြေကိုက်ခံရ၍ သေပြီထင်ကာ
စောင့်ကြည့် သုံးရက်ထားပြီးမှ မြေမြှုပ်
မည့်နေ့တွင် အသက်ပြန်ရှင်ခဲ့ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com

ကျီးပင်သည် မြင်ကွင်းမှ ပျောက်နေသဖြင့် တစ္ဆေများကွယ်ထာသလားဟု တွေးလိုက်မိသေး၏။ ယခင်က ဒီလမ်းကို သွားနေကျမို့ မှားနိုင်စရာ မရှိချေ။ ကျီးပင်ရှိရာရောက်လာ၏။ အမှန်ပင် ကျီးပင်မရှိတော့ပါ။

---

ကွမ်းခြံရွာ အပါအဝင် အရှေ့ဘက်တစ်လွှားရှိ ကျေးရွာများမှ မြို့သို့သွားလျှင် တစ္ဆေခြောက်သည့်ဆိုသော ကျီးပင်နားမှပင် သွားကြရ၏။ လက်ပံတန်း အထကတွင် ကျောင်းတက်သော ကျွန်တော်တို့ ကျောင်းသားကျောင်းသူများလည်း ထိုလမ်းမှပင် နေ့စဉ်သွားရပါသည်။ သို့သော် တစ္ဆေကို တစ်ခါမျှ မတွေ့ဖူးခဲ့ပါ။ ကွမ်းခြံရွာတောင်ပိုင်းတွင် နေသည့် ကျွန်တော်၏ အစ်မတစ်ဝမ်းကွဲ မပိုးဥသည် နေ့လယ် ၁ နာရီခန့်အချိန် လက်ပံတန်းမှ ဈေးရောင်းပြီး ပြန်ခဲ့ရာ ထိုကျီးပင်မှ တစ္ဆေနှင့်တွေ့၍ လန့်ဖျားဖျားသဖြင့် သေခဲ့ဖူး၏။

အရှေ့ဘက် ကိုင်းတောစုရွာမှ လှည်းတစ်စီးလည်း ထိုကျီးပင်နားမှ နံနက် ၅ နာရီခန့်တွင် ဖြတ်သန်းမောင်းနှင်သွားစဉ် ကျီးပင်မှ တစ္ဆေခြောက်၍ နွားများလန့်ပြေးသဖြင့် လမ်းဘေးမြောင်းထဲ လှည်းကျဖူး၏။ အခြားသော အခြောက်ခံ အလှန့်ခံရသူတို့သတင်းလည်း ကြားနေရသော ကျီးပင်ဖြစ်၏။

ထိုမျှသတင်းကြီးနေသော တစ္ဆေခြောက်သည့် ကျီးပင်ကို ကျွန်တော် ဖိုးကျော်က အပေါင်းအသင်းလုပ်၏။ အထက မှ ညနေ ၄ နာရီ ကျောင်းဆင်း၍ ပြန်လာလျှင် ဗောဓိကုန်းရွာအထွက်နားရှိ စိုးတင့်တို့ဆိုင်မှ ကြံသကာခဲလေးဖြစ်စေ၊ မြေပဲယိုဖြစ်စေ နှစ်ခုဝယ်ယူခဲ့ပြီး ကျီးပင်ရောက်သော် အပင်ပေါ်သို့ မော်ကြည့်ရင်း –

"သူငယ်ချင်းရေ ... မင်းကျီးပင်ခွဆုံပေါ်တက်ပြီး ငါ ခဏနားမယ်ကွာ"ဆိုကာ ခွဆုံပေါ်တက်ခဲ့ပြီး ထိုင်၏။ ဝယ်ခဲ့သော ကြံသကာနှစ်ခဲမှ တစ်ခဲကို အထက်အကိုင်းခွမှာ တင်ထားရင်း "ဒီကြံသကာခဲက မင်းစား။ ဒါက ငါစားမယ်"ဆိုရင်း လက်ထဲမှ ကြံသကာကိုစားရင်း အမောပြေ နား၏။ ခေတ္တထိုင်ပြီးမှ အပင်ပေါ်ကဆင်းကာ အိမ်သို့ပြန်၏။ ကြာသော် မိဘများသိသွားသဖြင့် ကျီးပင်ပေါ် မတက်ရဟု တားမြစ်ကြ၏။ တစ္ဆေကို တစ်ခါမျှ မတွေ့သလို ကြောက်စိတ်လည်း လုံးဝမရှိချေ။

လက်ပံတန်းမြို့ အထက ကျောင်းတော်ကြီးမှ ၁၉၅၈ ခုနှစ်တွင် ခွဲခွာခဲ့ပြီးနောက် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနကြီးတွင် ဆာဗေယာဘာဝ ဖြင့် နှစ်ပေါင်း ၃၇ နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ရင်း မြန်မာနိုင်ငံတစ်နံတစ်လျားရှိ တောတောင်များသာမက ဘင်္ဂလီပင်မယ်မြင်ရှိ မြို့တ်ကျွန်းစုများပါမကျန် သယံဇာတ လေ့လာရှာဖွေရသော ဘူမိဗေဒပညာရှင်များနှင့်အတူ ကျင်လည်ခဲ့ရ၏။

တောတောင်တို့၌လည်းကောင်း၊ ပင်လယ်ပြင်ရှိ ကျွန်းစုတို့၌လည်းကောင်း ထူးခြားဆန်းကြယ်သည့် ဂမ္ဘီရ ဖြစ်ရပ်၊ တစ္ဆေ သရဲတို့နှင့်လည်း ကြုံဆုံခဲ့ရ၏။ မြွေကိုက်ခံရ၍ သေပြီထင်ကာ စောင့်ကြည့် သုံးရက်ထားပြီးမှ မြေမြှုပ်မည့်နေ့တွင် အသက်ပြန်ရှင်ခဲ့ဖူး၏။ မြွေကိုက်ခြင်း နှစ်ခါခံရဖူး၏။ ဆင်းဆင်းရဲရဲ တစ္ဆေမလေးနှင့်လည်း ဆုံဖူး၏။ တစ္ဆေထီး Male Spectre နှင့်လည်း နပန်းလုံးဖူး၏။ နေ့ကြောင်တောင် အဆောင်ထဲဝင်လာသော တစ္ဆေမ Female Spectre ကို အထင်အရှား မြင်ဖူး၏။ တောထဲ တောင်ထဲ နေရပါများသဖြင့် ငှက်ဖျားပိုး ဦးနှောက်ထဲ ရောက်သောကြောင့် ရန်ကုန်ဆေးရုံကြီး အပို့မြန်သဖြင့် သေတွင်းမှ လွတ်ခဲ့ပြန်၏။

ဤသို့ ဘဝအတွေ့အကြုံ အဖုံဖုံဖြင့် နှစ်ပေါင်း ၃၇ နှစ် ကုန်ဆုံးခဲ့ချိန်တွင် အသက်လည်း ၆၀ ပြည့်ပြီ ဖြစ်၍ ပင်စင်စားဘဝရောက်ခဲ့ရပါသည်။ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် စာရေးဆရာအသင်းတွင် ဘဏ္ဍာရေးမှူး လုပ်နေသော ကျွန်တော် ဖိုးကျော်သည် ၂၀၁၇–၁၈ ခု နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနေ့တွင် စာပေပညာရှင် သက်ကြီးပူဇော်ပွဲလည်း ပါသဖြင့် ကန်တော့ခံ ပုဂ္ဂိုလ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

အကျိုးဝင်နေပြန်သောကြောင့် စာရေးဆရာ၊ ဆရာမတို့၏ ပူဇော်ကန်တော့သော ငွေကျပ်နှစ်ထောင် ရခဲ့၏။

ဤကန်တော့ငွေ ၇၀၀၀ သည် စာရေးဆရာ၊ ဆရာမကို၏ ဖြူစင်သန့်ရှင်းသော ချွေးနဲ့စာ ငွေထဲမှ စေတနာ သဒ္ဓါတရားရှိလှ၍ လှူဒါန်းကြသော ငွေဖြစ်သည် ကြောင့် ငါးမစားသုံးရက်ချေ။ ငါ့အတွက်လည်း အကျိုးရှိ၊ ဆရာ၊ ဆရာမတို့အတွက်လည်း ပိုမိုအကျိုးရစေရန် ငါ့ ထက်လည်း အသက်ကြီး၊ ကျေးဇူးလည်းရှိပေသော အစ်မ ကြီး ဒေါ်ကုလားမ (ခေါ်) ဒေါ်ခင်တင့်အား ပြန်လည် ကန်တော့မည်ဟု ဆုံးဖြတ်ကာ မနုစာရီမဂ္ဂဇင်းမှ စာမူခ ချီးမြှင့်ငွေ ၃၀၀၀ ကျပ် ပေါင်းထည့်၍ ဤငွေတစ်သောင်း ဖြင့် ကန်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

အစ်မကြီးဒေါ်ခင်တင့်သည် လက်ပံတန်းမြို့ ကွမ်း ခြံရွာတွင် နေသည်ဖြစ်၍ နောက်တစ်နေ့တွင် လက်ပံတန်း သို့ ထွက်မည့် ဇော်မင်းဦးကားဖြင့် လိုက်ပါခဲ့၏။ ဇော်မင်းဦး ကားသည် သခင်မြပန်းခြံဂိတ်မှ နေ့လယ်တစ်နာရီတွင် ထွက်ခွာခဲ့သော်လည်း သာယာဝတီမြို့မြောက်ဘက် ဂုံမင်း မြောင်ရွာနားတွင် စက်ချို့ယွင်းနေသဖြင့် ပြင်ရဆင်ရသည့် ကြောင့် လက်ပံတန်းမြို့ ကားဂိတ်ရောက်ချိန်တွင် နေဝင်ပြီ ဖြစ်၏။

ကွမ်းခြံသွားရန် ဆိုက်ကားကလည်း မှောင်တော့ မည်ဖြစ်၍ မလိုက်ကြတော့ချေ။ ထို့ကြောင့် မိမိကိုယ်ကို "ဟေ့ ... ငါက တောတောင်အထပ်ထပ် တစ်နေ့ မိုင် ၂၀ လောက် လျှောက်နေတဲ့လူကွ။ ကွမ်းခြံခရီးတော့ ရယ် တာပေါ့"ဟု အားပေးရင်း ကားဂိတ်မှ ထွက်ခဲ့၏။

လက်ပံတန်းမှ ခွဲခွာခဲ့သည်မှာ ကြာပြီဖြစ်၍ အရာ ရာ တိုးတက်ပြောင်းလဲနေသော တိုက်တာအိမ်ယာတို့ကို ကြည့်ရင်း လျှောက်ခဲ့၏။ ကွမ်းခြံ လက်ပံတန်း ယခင်က ဂဝံကျောက်ခင်းလမ်းသည် ယခု ကတ္တရာလမ်း ဖြစ်နေပြီ ကော။ ဗောဓိကုန်းနှင့် လက်ပံပင်စုကြားမှ သချိုင်းလည်း မရှိတော့ချေ။

လက်ပံပင်စုရွာနားရောက်သော် ရှေ့နားမှ တစ္ဆေ ခြောက်သည်ဆိုသော ကျီးပင်ရောက်တော့မှာပါလားဟု နည်းနည်းတော့ ရင်ခုန်မိသဖြင့် "ဖိုးကျော်ဆိုတဲ့အကောင် တစ္ဆေနဲ့ နပန်းသုံးခဲ့ဖူးတဲ့လူကွ"ဟု မာန်သွင်းရင်း လျှောက် ခဲ့၏။ နေရောင်ကွယ်စအချိန်ဖြစ်ပြီး မှောင်ရီတန်းနေသဖြင့်

ညီအစ်ကို မသိတသိအချိန်ဆိုသော်ရ၏။ လမ်းသွားလမ်း လာသူလည်း တစ်ယောက်မျှ မတွေ့ချေ။

ရေတွင်းပျက်နားရောက်သော် ကျီးပင်ရှိရာသို့ လှမ်း ကြည့်မိ၏။ ကျီးပင်သည် မြင်ကွင်းမှ ပျောက်နေသဖြင့် တစ္ဆေများ ကွယ်ထားသလားဟု တွေးလိုက်မိသေး၏။ ယခင်က ဒီလမ်းကို သွားနေကျမို့ မှားနိုင်စရာမရှိချေ။ ကျီးပင်ရှိရာရောက်လာ၏။ အမှန်ပင် ကျီးပင်မရှိတော့ပါ။ ခေတ္တရပ်ရင်း မှောင်ရီပိုးတဝါး အလင်းရောင်ဖြင့် ကျီးပင်ရှိဖူး သော နေရာကို ကြည့်မိ၏။ တွေ့ပါပြီ။ ရှိဖူးသောနေရာတွင် မြေပေါ်၌ တစ်ပေကျော် ကျီးပင်ငုတ်တိုကို မြင်ရပါသည်။

ဤနေရာတွင် ကြားဖြတ်၍ တင်ပြစရာတစ်ခု ရှိပါ သည်။ ကျွန်တော်ဖိုးကျော်သည် သမထအလုပ်ကို အာနာ ပါနနည်းဖြင့် အားထုတ်ခဲ့သူ ဖြစ်ပါသည်။ အာနာပါနနည်း တွင် ပဋိဘာဂနိမိတ်(ဥပစာရရျာန်)၌ သုံးနာရီတိတိ စံချိန် တင် ရှုမှတ်ခဲ့သူ ဖြစ်ပါသည်။ သမထစွမ်းအားကြောင့် သည်းထန်စွာရွာနေသောမိုးကို ခေတ္တရပ်စဲသွားအောင် စွမ်း ဆောင်ခဲ့ဖူး၏။

ယခုလည်း ကျီးပင်ငုတ်တိုကို သမထစွမ်းအား အသုံးပြု၍ ရှုးစိုက်ကြည့်မိရာ (မျက်စိမှိတ်၍ စိတ်အာရုံဖြင့် ကြည့်ခြင်း) ကျီးပင်ငုတ်တိုပေါ်တွင် အဘိုးအိုတစ်ဦး ငိုလျက် ထိုင်နေသည်ကို မြင်ရသဖြင့် –

"အဘိုး ဘာကြောင့်ငိုနေတာလဲ"ဟု မေးရာ –

"ဆရာရယ် .. ကျုပ်နေတဲ့ကျီးပင်ကို လူညီးသမား တွေ ခုတ်လှဲသွားတယ်။ ဒီငုတ်တိုလည်း မထားဘူး။ မကြာ ခင် မီးရှို့ပစ်မယ်တဲ့။ အဲဒါကြောင့် နေစရာမရှိတော့လို့ ဒုက္ခရောက်နေတာပါ"ဟု ပြောသဖြင့် –

"အဘိုး ... ကျွန်တော်သည် နေ့စဉ် ငါးပါးသီလ စောင့်ထိန်း၍ ဒါနကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကို မပျက် မကွက် ပြုပါသည်။

ကျွန်တော်ပြုရသော ကုသိုလ်အဖို့ကို အဘိုးအား အမျှပေးပါသည်။ အဘိုး ချမ်းသာပါစေသတည်း"ဟု အမျှ ပေးဝေလိုက်ပါသည်။ ထိုစဉ်မှာပင် အဘိုးအိုသည် ရွှင်ပျ သော မျက်နှာဖြင့် ကျွန်တော့်ကိုကြည့်ရင်း မှုန်ဝါးကွယ် ပျောက်သွားကြောင် ...။

သပိတ်ကျင်း ကျော်ကျော်ထွန်း




www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာစောယုနွယ်
Ph.D(Tantra)(Kol-India)Astrologer

# လက်ဝါးပြင်ပေါ်မှ ဘဝအဓိပ္ပာယ်များ



## အချစ်ရေးမှာ စံပြုထိုက်သူ၏ လက္ခဏာ

နလုံးလမ်းကြောင်းပေါ်မှာ ကြိုးဂံပုံလေးဖြစ်နေရင်တော့…

အချစ်ရေးမှာ သစ္စာမြဲတတ်ပါတယ်။ ချစ်သူက သစ္စာဖောက်တဲ့ တိုင်အောင် ချစ်သူအပေါ် သစ္စာမပျက်တတ်သူတွေရဲ့ လက်ဝါးပြင်ပေါ်မှာ အဲ့ဒီလို နလုံးလမ်းကြောင်းမျိုး ပါတတ်ပါတယ်။

အချစ်ရေးမှာ စံပြုထိုက်တဲ့သူတွေရဲ့ နလုံးလမ်းကြောင်းမျိုးလို့ ဆိုနိုင်ပါတယ်။

“မကာရရာသီ” “၁”ဂဏန်းသမားတွေရဲ့ လက်ဝါးပြင်ပေါ်က နလုံးလမ်းကြောင်းမှာ ကြိုးဂံပုံ အမှတ်အသားပါတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ချစ်သူကို ဘယ်လိုပြောရမယ် ...

## မနောမြေ-ရွှေကူသိန်းအောင်

[illegible]
တွေ သွားဖော်မှာလားဟင်”

“အင်း··သွားတော့သွားချင်တာပ ချစ်သူရယ်၊ ဒါပေမဲ့ မင်းဗိုက်က နာနာနေတယ်ဆိုတော့ ငါ စိတ်မဖြောင့်ပါဘူး။ ပုံးတွေထောင်ထားတာလည်း သုံးရက်ကောင်ကြာပြီဆိုတော့ ဖော်တော့ ဖော်သင့်ပြီ။ တော်ကြာ ပုံးတွေထဲက ငါးယူသွားတာအရေးမကြီးဘူး။ ငါးရှဉ့်ပုံးတွေ မ,သွားမှာ စိုးရိမ်ရတယ်”

မောင်ဘသာ မီးနေထင်းများကို ယက်ခြမ်းခွဲနေရာမှ လှမ်းပြောလိုက်ခြင်းဖြစ်သည်။ ဇနီးဖြစ်သူ မချစ်သူမှာလည်း အိမ် ရှေ့သရက်ပင်အောက် ကွပ်ပျစ်ပေါ်တွင် လဲလျောင်းနေရာမှ အသာအာလဟာ ထထိုင်လိုက်ပြီး သူမ၏ဗိုက်ကို ပွတ်သပ်ကာ -

“အင်း···မနေ့ကတော့ အစားမှားလို့များလား မသိဘူး။ တစ်နေကုန် ရစ်ရစ်ပြီးနာနေတာ။ ဒီနေ့တော့ မနာပြန်ဘူး။ ဒါပေမဲ့ မနက်ကတည်းက လှုပ်ရွလှုပ်ရွနဲ့။ ကျွန်မအမေလည်း ကျွန်မကို ခုနစ်လနဲ့မွေးခဲ့တာ။ ဒီကလေးလည်း ခုနစ်လထဲမှာ။ ဒါကြောင့်မို့ ကိုဘသာကို အဝေးမသွားစေချင်တာပါ။ ဒီကလေးကိုတော့ အဖိတ်အစဉ် မရှိစေချင်ဘူး ကိုဘသာရယ်”

“အေး···[illegible]
ငါ့မှာ သွားရမကောင်း၊ သွားရကောင်း ချီတုံချတုံဖြစ်နေရတာ။ အရင်အကြိုးကောင် မွေးခါနီးတုန်းကလည်း ဆေးရုံမှာသွားမွေးရအောင်ဆိုတာ ငါပြောသားပဲ။ မင်းက ခေါင်းမာနေတော့ ရေမွှာပေါက်တာကြာပြီး အဖတ်မတင်ရတာ။ မင်းတောင် ကံကောင်းလို့ ငါနဲ့ပြန်ပေါင်းရတာ မဟုတ်လား ချစ်သူ”

ချစ်သူမှာ ကိုဘသာစကားကို ပြုံးလျက်နားထောင်ရင်း -

“ဩော်···ကိုဘသာရယ်၊ ချစ်သူလည်း ခေတ်အမျိုးသမီးတစ်ယောက်ပါ။ ကိုယ်ဝန်ရှိလာရင် ပြည့်သူ့ဆေးရုံသားဖွားဌာနမှာ ဆိုင်းအပ်ရမယ်၊ ကလေးရဲ့ကျန်းမာရေးအခြေအနေကို သိဖို့ သူတို့ချိန်းတဲ့ရက်ကို မှန်မှန်ပြရမယ်၊ လိုအပ်ရင် ဆေးကိုးဆေးသောက်ရမယ် ဆိုတာတွေ ချစ်သူနားလည်ပါတယ်ရှင်။ ဒါပေမဲ့···”

“ဒါပေမဲ့ ဘာဖြစ်သလဲ၊ ဆက်ပြောလေ။ အစ်ကို အသိဆုံးပါ ချစ်သူရယ်။ မင်း ရွှေကူမြို့ထဲကို မသွားချင်လို့ မဟုတ်လား။ မသွားချင်ရတဲ့ အကြောင်းအရင်းကိုလည်း တို့နှစ်ယောက်အသိဆုံးပါ။ ချစ်သူကို အစ်ကို အပြစ်မယူပါဘူး။ ကဲပါ၊ ပြီးခဲ့တာတွေ တွေးတွေးပြီး

[illegible]
ကိုယ်လေးလက်ဝန်ကြီးနဲ့”

“ချစ်သူကို ကိုယ်တစ်ခုပြောထားမယ်။ မချစ်သူ မိဘများကို စိတ်မနာနဲ့။ ဘယ်မိဘမဆို ကိုယ့်သားသမီးကို ဆင်စီးပြီး မြင်းရံတာပဲ မြင်ချင်ကြတာ။ ဆင်မစီးရဘဲ မြင်းကန်တာ ဘယ်မြင်ချင်ကြပါမလဲ ချစ်သူ။ ကိုယ့်လိုလူကို ယူရဲတဲ့ သမီးကို ဘယ်ဒေါသမထွက်ဘဲ နေပါ့မလဲ။ ဘာပဲဖြစ်ဖြစ် ဘကြီးဘုန်းကြီးဆုံးမဖူးတယ်။ ကိုယ့်အဖေဟာ အရက်သမား၊ ဘိန်းစားဖြစ်လို့နေနေ အဖေဟာ အဖေလို့မှတ်ပါတဲ့။ နောက် ကိုယ့်အမေဟာ မုဆိုးတစ်ပိုင်း၊ မိန်းမရိုင်းကြီးပဲဖြစ်ဖြစ် နောက်ဆုံး ပြည့်တန်ဆာဖြစ်နေတောင် အမေဟာ အမေပါပဲ။ မပြစ်မှားနဲ့၊ မစော်ကားနဲ့၊ ပစ်ပယ်မထားပါနဲ့တဲ့”

မှန်ပါသည်။

မချစ်သူ မြို့ထဲမသွားချင်ရသည့် အကြောင်းအရင်းမှာ -

မောင်ဘသာ၏ ဘဝအခြေအနေနှင့် မချစ်သူ၏ အဆင့်အတန်းမှာ မိုးနှင့်မြေ ခြားနားရလို ကွာခြားလှပါသည်။ မောင်ဘသာမှာ မိမဲ့ဖမဲ့ တစ်ကောင်ကြွက် တစ်မျက်နှာ။ သူ၏မိဘများ မရှိသည့်နောက်ပိုင်း ဘကြီးဘုန်းကြီး မြို့မ



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် ဦးခေမာက ခေါ်ယူကျွေးမွေး ထားခဲ့ရသည်။ မြို့မဆရာတော်ဘုရားကြီးက ဘုန်းကြီးကျောင်းမှနေ၍ အတန်းကျောင်းတက်စေခဲ့သည်။ မောင်ဘသာ ၁၀ တန်းရောက်သောအခါ ဆရာတော်၏ ရဟန်းဒကာများဖြစ်ကြသော ဦးဘဝင်း၊ ဒေါ်လှသင်းတို့၏ တစ်ဦးတည်းသောသမီးကလေး မချစ်သူနှင့် မောင်ဘသာတို့ သိကျွမ်းခင်မင်လာကြသည်။ များမကြာမီ ခင်မင်မှုမြေပေါ်ရှိ ရင်းနှီးမှုတောင်ကုန်းထက်မှ မောင်ဘသာ ပစ်လွှတ်လိုက်သော အချစ်မြားကလေးသည် ဂုဏ်ပကာသနတည်းဟူသော အုတ်တံတိုင်းကို ထိုးဖောက်၍ မချစ်သူ၏ နှလုံးသားကို စူးနစ်၍သွားလေတော့သည်။ ၁၀ တန်းအောင်စာရင်း ထွက်လာသောအခါ မချစ်သူမှာ (က)အဆင့်မှအောင်မြင်၍ တက္ကသိုလ်ဆက်တက်သည်။ မောင်ဘသာမှာ (ခ)အဆင့်မှအောင်မြင်သဖြင့် ကျောင်းပြန်မတက်တော့ပေ။ ဆရာတော်ကြီးဦးခေမာက မောင်ဘသာ ကျောင်းပြန်တက်၍ ဆက်ဖြေရန်ပြောသည်။ မောင်ဘသာ ကျောင်းပြန်မတက်၊ နောက်ဆုံး ဆရာတော်ကြီး၏မျက်နှာဖြင့် ရဟန်းဒကာ ဦးဘဝင်း၏ သစ်ကုန်သည်လုပ်ငန်းတွင် စာရေးလေးအဆင့်ဖြင့် ဝင်ရောက်လုပ်ကိုင်ခွင့် ရလေသည်။

မချစ်သူမှာ တက္ကသိုလ်ကျောင်းသူကြီးဖြစ်သော်လည်း ငယ်ကကျွမ်းသည့် မောင်ဘသာအပေါ် စိတ်ထားမပြောင်။ မောင်ဘသာ စိတ်အားငယ်၍ ရှောင်ဖယ် ရှောင်ဖယ်လုပ်နေသည်ကို မချစ်သူ လျစ်လျူရှု၍ မနေရ။ မချစ်သူမှာ တစ်ဦးတည်းသော သူဌေးသမီး တက္ကသိုလ်ကျောင်းသူ ရွှေလင်ပန်းနှင့် အချင်းခေသ၍ "မင်း"မွေးသည့်အလား ငွေမရှား၊ ရွှေမရှား၊ ရုပ်ရည်အားဖြင့်လည်း ပြောစရာမရှိ။ အစစအရာရာ ပြီးပြည့်စုံသူ မချစ်သူကို ချူလိုလက်ကမ်းလိုသူ၏ မေတ္တာပန်းကို လှမ်းလိုကြသူများမှာ ဗုနင့်ဒေး။ သို့သော် မချစ်သူ၏ခံယူချက်မှာ ပညာဂုဏ်၊ မနဂုဏ်၊ ရာထူးဂုဏ်တို့ထက် ချစ်ခြင်းမေတ္တာ၊ ကတိသစ္စာနှင့် ရိုးသားကြိုးစားမှု ဂုဏ်ကိုသာ တန်ဖိုးထားလေးစားတတ်ခြင်းဖြစ်ပေမည်။ သို့ဖြစ်၍လည်း ကြင်ဖက်မှုးစာ မောင်ဘသာကို ရွေးချယ်လိုက်ခြင်းဖြစ်ပေသည်။

မချစ်သူ ကျောင်းပြီးဘွဲ့ရ၍ တစ်နှစ်အကြာ မပဋ္ဌာ၊ ကိုဒါဘ ထုံးနှလုံးမှု ပြီး မောင်ဘသာနှီးရာနောက် ကောက်ကောက်ပါအောင် လိုက်ရာလေတော့သည်။ သျှောင်နောက် ဆံထုံးပါမြဲထုံးသို့ မောင်ခေါ်ရာ ရွှေချောင်းသာရွာနှင့် နှစ်မိုင်မျှဝေးသော (လပဘကြီးအင်းစောင်းရှိ မောင်ဘသာ၏မိဘများ အမွေပေးထားသည့်) ဥယျာဉ်ကုန်းခြံကလေးသို့ လိုက်ပါလာခဲ့ရသည်။ မချစ်သူ၏ မိဘများထံမှ ဘာတစ်ခုမျှ ထောက်ပံ့ကူညီမှုမရ။ မချစ်သူရရှိလိုက်သည်မှာ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ဟူသော သတင်းစာဖြတ်ပိုင်းလေးတစ်ခု။ အဝတ်တစ်ထည်၊ ကိုယ်တစ်ခုကိုအရင်းပြု၍ ဂုဏ်နေကို ဥပေက္ခာပြုနိုင်သော (ဝါ) အချစ်သည်သာ ပဓာန၊ သစ္စာမေတ္တာသည်သာ ထာဝရဟု ယုံကြည်လက်ခံထားသော မချစ်သူကို မောင်ဘသာ သနားလည်းသနား၊ ချစ်အားလည်း ပိုခဲ့ရာလေသည်။ မချစ်သူမှာလည်း မောင်ဘသာ၏ ကြင်နာမှုလောင်းရိပ်အောက်တွင် နိဝင်နားစက်ရသည်ကို ပြီးပြည့်စုံသော အချစ်ကမ္ဘာကြီးအောက် ရောက်နေသည်ဟု ထင်မြင်ယူဆထားလေသည်။

"ကိုဘသာ သွားချင်လည်း သွားလိုက်လေ၊ ကျွန်မ ဒီနေ့နေရတာ သက်သာသလိုရှိပါတယ်။ ဒီကလေးကိုတော့ ဒီမှာမမွေးတော့ဘူး။ သားဖွားဆရာမ မမိုးမိုးကိုလည်း အားလုံးအပ်ထားပြီးဆိုတော့ ရွှေကျူဆေးရုံကြီးမှာ သွားမွေးမယ်။ ရွှေကျူမြို့တဲ့ မရောက်တာလည်း သုံးနှစ်တောင်ရှိပြီ။ ကျွန်မ ဆက်ပြီး စိတ်အားငယ်နေမယ်၊ ပတ်ဝန်းကျင်ကို ဂရုစိုက်နေမယ်ဆိုရင် ပထမသားကြီးလို ဖြစ်မှာစိုးရတယ်"

မချစ်သူသည် မီမီဘေးတွင်ထိုင်နေသော မောင်ဘသာ၏ မျက်နှာပေါ်မှ ချွေးများကို လက်နှစ်ဖက်ဖြင့် သုတ်ပေးရင်း . . .

"မိဘအသိုင်းအဝိုင်း၊ ဆွေမျိုးတွေနဲ့ လူ့ပတ်ဝန်းကျင်ကို ဒီလိုသာ ဂရုစိုက်နေရင် ကျွန်မ ကိုဘသာကို ချစ်ပါတယ်ဆိုတဲ့စကားနဲ့ ကျွန်မရဲ့မေတ္တာခံယူချက်ကို ဘာနဲ့တိုင်းတာလို့ ရတော့မှာလဲ။ ဟုတ်ဖူးလား အစ်ကိုဘသာ . . . ဟင်းဟင်း"

အချစ်၏အဝတ်မ်အနက်ကို အလေးအနက်ထား၍ ပြုံးပြုံးကြီးမေးလာသော မချစ်သူ၏ ဗိုက်ပူပူကြီးပေါ်သို့ မောင်ဘသာ ခေါင်းတစ်ဖက်စောင်းတင်ပြီး နားထောင်ဟန်ပြုလိုက်ကာ –



www.burmeseclassic.com

www.burmeseclassic.com

"ပေါ့···နွားထောင်စမ်း ချစ်သူ၊ အထဲက ကလေးက ပြောနေတယ်။ ဘာတဲ့၊ ဩော် · · · ဒါမှတို့မေမေကွ တဲ့။ နောက်···ဘာ···ဘာပြောတယ်။ ဩော်···အဖေကလည်း အမေ့ဗိုက်ကို ခဏခဏ ပွတ်ပါဦးတဲ့။ အဲ · · · အဲဒါမှ အမေ့ဗိုက်ကြောတွေပြေ အရည်ပါးပြီး သားထွက်ရတာ သက်သာမှာတဲ့။ အင်း···အင်း···ကောင်းပါပြီဗျာ၊ မင်းခိုင်းတဲ့အတိုင်း အဖေ အခု ပွတ်လိုက်ပါ့မယ်"

ပြောပြောဆိုဆို ချစ်သူ၏ဗိုက်ပေါ် မောင်ဘသော လက်တင်၍ ပွတ်ရန်ဟန်ပြင်လိုက်ရာ -

"အို···ကိုဘသောကလည်း၊ ရှက်စရာ၊ လာမပွတ်နဲ့။ သွားမယ်ဆိုလည်း သွားတော့။ မြန်မြန်ပြန်ခဲ့နော်။ ရှင်ပြောလိုက်လို့များသား မှင်သက်သွား။ အထဲက လှုပ်ရှုလှုပ်ရှု ဖြစ်လာပြန်ပြီ။ ကျွတ် ကျွတ်···ကျွတ်"

"နာလာပြန်ပြီလား။ မလွှဲသာလို့သာ သွားရမှာ၊ နောက်ဆုံးတင်းလိုက်တာ ချစ်သူရယ်"

■ ■ ■

မောင်ဘသော၏ သမ္မန်မှာ လွှင့်ခဲ့သော နှစ်ရက်က သစ်ငုတ်နှင့်တိုက်မိ ပြန်မဖာရသေး။ လမာကြီးအင်းစောင်းကမ်းပါးဘောင်အတိုင်း တစ်နာရီကျော် ကျော်လျှောက်ရပေဦးတော့မည်။ အကယ်၍ လေပြင့်အင်းအလယ်ကောင် ဖြတ်လှော်လျှင် မိနစ် ၃၀ မျှ ဂ ကြာပေမည်။ မောင်ဘသော၏ ခြေလှမ်းများမှာ မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သော ကျောင်းသားအားကစားပြိုင်ပွဲ၌ မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆုရခဲ့သော မောင်မိုင်ညီညီ မိုးထက်ပင် နှစ်ဆပိုမြန်နေသည်ဟု ထင်ရသည်။

ငါးရှဉ့်ပုံးဟူသည်မှာ "ငါးရှဉ့်ငါး" တစ်မျိုးတည်းကိုသာ ထောင်ဖမ်းသော မြှုံးပိတ်တစ်မျိုးဖြစ်သည်။ အခြားငါး သတ္တဝါများကို ထောင်ဖမ်းသော မြှုံးစိပ်၊ မြှုံးကဲ့များနှင့် မတူ။ ပုံသဏ္ဌာန်မှာ (အောက်ပိုင်းကြီး၍ အဖျားရှူးသွားသော) ဘူးသီးအရှည်နှင့် ခပ်တူသည်။ အောက်ခြေမှာ အဝိုင်းလည်းမကျ လေးထောင့်ဟုလည်း ပြောမရသောပုံ ဖြစ်သည်။ အဖျားဝမှာ နို့ဆီခွက်သာသာ ရှိသည်။ သုံးပေခွဲခန့်ရှည်ပြီး နီးမြားနှင့်အပိတ် ရက်လုပ်ထားသည်။ ရွှံ့နှင့် နွားချေး ရောစပ်သုတ်လိမ်းကာ အခြောက်ခံပြီးမှ အသုံးပြုရသည်။ အောက်ခြေ တစ်မျက်နှာတွင် အနံ သုံးလက်မ၊ အလျား လေးလက်မခန့်ရှိ မြှုံးအသည်း တပ်ထားသော အပေါက်တစ်ပေါက်သာ ရှိသည်။ ထိုမြှုံးအတွင်း မြေများအုံဖွဲ့ထားသည့် (မြေဖုံးအုံ) အဝိုင်းအစအနများကို ထည့်ပြီး မတ်တတ်ထောင်၍ ရေတွင် နှစ်ထားရသည်။ ···ပိုင်းအဝကိုမူ သုံး···ကက်မခန့်ဖော်ထားပြီး ငါးရှဉ့်များမထွက်နိုင်ရန် တစ်ခုခုနှင့် ဆို့ထားရသည်။

ငါးရှဉ့်ဆိုသော မစ္ဆငါးသတ္တဝါမှာ ··· ··· ···ရှေအား ရေရှင်၊ မြစ်ရိုးတွင်မနေ။ ··ရေပို၊ အင်းခန်း၊ ချောင်းရိုးကော၊ အိုင်များတွင် နေထိုင်ကျက်စားသည်။ အခြားငါးများထက် ထူးခြားသည်မှာ အင်းအိုင်များ ရေခန်းခြောက်သွားလျှင် မြေပြင်ကြားအက်အတွင်း တူးဝင်ခိုအောင်း၍ နေတော့သည်။ အစိုဓာတ်ရှိလျှင် နှစ်တစ်ပတ်အခါလည်းအထိ အသက်ရှင်လျက်ရှိတတ်သည်။ ထိုငါးရှဉ့်များမှာ မရှားပါးသော်လည်း အချိန်အခါ၊ နေရာဒေသကို ရွေးချယ်စောင့်ဆိုင်း၍ ရှာဖွေရသဖြင့် ဈေးကောင်းရတတ်သည်။ တရုတ်ပြည်သို့ပို့ရသော (Expost) ငါးအမျိုးအစားတွင် ပါဝင်သည်။ မောင်ဘသော့မှာ မိဘများအမွေပေးထားသော ဥယျာဉ်ကုန်းကလေးတွင် နှစ်ရှည်သီးပင်များ။ ရာသီအလိုက် ဓာသီးအနှံ၊ အရွက်များကို စိုက်ပျိုး၍ သခုကဲ့သို့ မြွေဦးရာသီ၊ မြွေရာသီများတွင် ကြားပေါက်ဝင်ငွေရှာသည့်အနေဖြင့် ငါးရှဉ့်ထောင်ကာ ရွေကူအဝယ်ဒိုင်သို့ သွင်းနေကျဖြစ်သည်။ မောင်ဘသော မိဘိလုပ်ကွက်နှင့် နီးလာပြီဖြစ်၍ လွယ်အိတ်အတွင်း ဗလောစာအုပ်နှင့် ဘောပင်ပါ၊ မပါ စမ်းလိုက်ရသေးသည်။ အကြောင်းမှာ ငါးရှဉ့်ပုံး(မြှုံး) ၂၀ မျှရှိသဖြင့် ဘယ်နေရာ၊ ဘယ်ချုံပုတ်၊ ဘယ်အင်းစောင်းနှင့် ဘယ်အင်းကွက်၊ ဘယ်နှစ်လုံးဟု မှတ်သားထားသည်ကို ပြန်ဖတ်ကြည့်ပြီးမှ ရှာဖွေဖော်ယူရခြင်း ဖြစ်သည်။ စိတ်မှတ်နည်း၍ မေ့လျော့တတ်သော အကြောင်းကြောင့်လည်း၊ ဗလောစာအုပ်နှင့် ဘောပင်ကို အမြဲယူဆောင်လာရခြင်းဖြစ်သည်။

ယနေ့ မောင်ဘသော ကံကောင်းသည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ထောင်ထားသော ပုံး ၂၀ မှာ ပျောက်ပျက်ခြင်းမရှိသည့်အပြင် ပုံးတိုင်းတွင် ငါးရှဉ့်များဝင်ရောက်နေမှ



www.burmeseclassic.com

www.burmeseclassic.com

မနည်းသည်ကိုလည်း သတိထားမိသည်။ ငါးရှဉ့်ပုံး ၂၀ ကို ထမ်းပိုးဖြင့် မျှထမ်းလာသော မောင်ဘာသာ၏ တဲအပြန်လမ်းသည် ရှင်လန်းသာယာလျက်ရှိပေသည်။ မောင်ဘာသာ ထမ်းလာသော အလေးချိန်မှာ မသေးလှ။ သုံးရက်မျှစိမ်ထားသော ပုံးများဖြစ်၍ ပုံးကိုဖာထေးထားသော နွားချေးနှင့် ရွှံ့စေးမှာလည်း ရေဝ၍ မူလအလေးချိန်ထက် နှစ်ဆမျှရှိ နေပြီ။ ပုံးအတွင်းဝင်ရောက်မိထားသော ငါးများ၏အလေးချိန်နှင့် ပုံး၏အလေးချိန် စုစုပေါင်းမှာ အချိန် ၂၀ ကျော်မည်ဖြစ်၍ မောင်ဘာသာ အတော်ရုန်းရမည့်ကို သွေးခါးကုန်နေသည်ကို ကြည့်၍ သိနိုင်ပေသည်။ လုပ်ကွက်မှ ထွက်၍ တဲပြန်လမ်းဝရောက်အောင်ပင် အတော်ရုန်းခဲ့ရသည်။ လမ်းဝတွင် အထမ်းကို ခေတ္တချ၍ အင်းကမ်းစပ်သို့ ရေသောက်ရန် ဆင်းလိုက်သောအခါ -

အင်းကမ်းစပ်တွင် လှော်တက်ကို ပြောင်းပြန်ထိုးစိုက်ပြီး ကြိုးချည်ဆိုက်ကပ်ထားသော "ပိန်းကော"တစ်စင်းကို မြင်တွေ့လိုက်ရသည်။ မောင်ဘာသာ လက်ခုပ်ဖြင့် ရေခပ်သောက်လိုက်ပြီး ပိန်းကောကို အသေအချာကြည့်လိုက်ရာမှ စိတ်ကူးတစ်ခုဝင်လာသည်။ လှေဦးအနားတွင်ထိုင်၍ မောင်ဘာသာ စဉ်းစားလိုက်သည်မှာ -

"ဒီလှေပိန်းကောက တို့ရွှေချောင်းသာရွာကလှေတော့ မဟုတ်ဘူး။ ငါ့တဲနဲ့ ၃-၄ မိုင်ဝေးတဲ့ ကျောက်တစ်လုံး၊ ဆင်တပ်နဲ့ ရေလဲရွာက လှေဖြစ်ရမယ်။ ငါးလာခုတ်တဲ့လှေ ဆိုရင်တော့ အပြန်ဘာမှမပါဘူး။ ငါ့ကို လှေကြုံစီးခွင့်ပေးရင် သိပ်ကောင်းမှာ။ စောင့်နေရမလား။ နေတောင်အတော်စောင်းလာပြီ။ စောင့်နိုင်သမျှစောင့်ပြီး ကျွန်တော်တို့ လှေမနိုင်ပါဘူးဆိုရင် သောက်ကျိုးနဲ့၊ ဘယ်လိုလုပ်ရင် ကောင်းမလဲကွာ။ လှေပိုင်ရှင်တွေက တို့ရွာသားတွေ မဟုတ်တာတော့ သေချာနေပြီ။ ငါ ဒီငါးရှဉ့်ပုံးတွေကိုသာ ထမ်းပြန်ရရင် လမ်းမှာ ခဏခဏနားရတာနဲ့ သန်းခေါင်မှ ရောက်မယ်။ ဒီလှေကို ငါစီးသွားရင် မိနစ် ၂၀-၃၀ ပဲကြာမယ်။ အင်းစောင်းအတိုင်းသာပြန်ရရင် လှလွတ်ကြီးတောင် တစ်နာရီခွဲလောက် ကြာတာ။ ကိုင်းကွာ၊ ဘာပဲဖြစ်ဖြစ် ငါ့မိန်းမမျက်နှာမြင်ရရင်တော်ပြီ။ ကမ္ဘာမီးလောင်ရင် သားကောင်တောင်ချနင်းကြသေးတာ။ ဟား၊ အကြံရပြီ၊ ဟုတ်ပြီ။ ငါဒီလှေပိန်းကောကို စီးသွားမယ်။ စာလေးတစ်စောင်ရေးထားခဲ့မယ်"

ခင်ဗျားတို့လှေ ကျုပ်စီးသွားတယ်။ ကျောက်တစ်လုံး ရွာသွားတဲ့လမ်း ကမ်းစပ်မှာ ချည်ထားခဲ့တယ်။

ဒါ့အပြင် ငါနိုးစီးပေမယ့် ပျောက်ဖျက်ရာ မရောက်တော့ဘူး။ ငါလို့လည်း ဘယ်သူမှ ထင်ပြေးမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါလုပ်တာ ဘယ်သူမှမြင်တာမှ မဟုတ်တာ။ ဒီလာခါနီး ချစ်သူမျက်နှာက သိပ်ရှင်တာမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ပထမကလေးလိုတော့ အဖြစ်မခံနိုင်ဘူး။ စာရေးပြီးချထားခဲ့တော့မယ်ဟု မောင်ဘာသာ ဆုံးဖြတ်ချက်ချလိုက်ပြီး အိတ်ထဲမှ ဗလာစာအုပ်နှင့်ဘောပင်ကို ထုတ်ယူ၍ ကမ်းဘေးဝဲယာကို လှမ်းကြည့်လိုက်သည်။ ကမ်းနဖူးတစ်နေရာတွင် ပင်လုံးကျွတ်နီးပါးဝေဆာနေသော နီတျာတျာပေါက်ပွင့်များကို မြင်တွေ့လိုက်ရသည်။ ၆၆ ကိုရင်ဘဝကဆင်မြန်းခဲ့ရသော သင်္ကန်းအရောင်ကိုလည်း မျက်စိထဲပြေးမြင်လိုက်သည်။ ဘကြီးဘုန်းကြီး ဦးခေမာဆိုဆုံးမခဲ့သည့် ဩဝါဒစကားကိုလည်း နားတွင် ကြားယောင်လာမိသည်မှာ -

"ကိုရင်လေးဘာသာ၊ မင်းရုပ်ရည်က သာသနာ့ဘောင်မှာ ပျော်မယ့်ရုပ်မဟုတ်ပါဘူး။ အေးအေး...ယာရာဝါသလူ့ကိစ္စဆိုတာလည်း တို့ဆရာ မုဒ္ဒဂေါတမတောင် ရှောင်ကွင်းနိုင်ခဲ့တာမှ မဟုတ်တာ။ ဟောဓိပုဂ္ဂိုလ်၊ ညောင်ထိုထို၊ လူပျိုဘုရားမရှိဖြား ဆိုသကို။ အဲဒီတော့ တစ်နေ့ မင်းအိမ်ထောင်ကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ ဘကြီးဘုန်းမင်းကိုမှာချင်တာလေး။ ခုံးမချင်တာလေးတွေက ကိုယ့်ဇနီးမယား၊ သမီးသားတွေကို လုပ်ကိုင်ကျွေးမွေးရာမှာ စိတ်ကို ဖြူစင်အောင်ထား။ အကုသိုလ်မများစေနဲ့။

လောကီစီးပွား၊ တစ်လမ်းသွားကာ၊ မယားစားဖို့၊ သားစားဖို့...ဟု၊ ကိုယ့်ဖို့နောင်ဘေး၊ မတွေးမဆ၊ မိုက်မှုဖြင့်၊ လောကအလို၊ လိုက်မပိုနှင့်၊ ဤကိုယ်ပျက်ပြား ဘဝလားသော်၊ မယားမပါ၊ သားမပါဘူးလို့ ဆိုထားတယ်။

မကောင်းတဲ့ဒုစရိုက်၊ အကုသိုလ်အလုပ်တွေနဲ့ သားမယားကိုရှာကျွေးရင် ဟော...တစ်နေ့ လောကီအပြစ်ဒဏ် ခံရတာပဲဖြစ်ဖြစ်၊ သေလွန်ပြီးနောင်ဘဝ ငရဲပဲရောက်ရောက် ဘယ်



www.burmeseclassic.com

www.burmeseclassic.com

သားသမီး ဘယ်နေ့မှ လာမကယ်ဘူး လို့ ဆိုလိုတာ မောင်ဘသာ၊ နောက် မကောင်းမှုဟူသမျှကို ကြံစည်တွေး တော ပြောဆိုလုပ်ကိုင်ကြတတ်ကြတဲ့ သူတွေဟာ လူမမြင်အောင်၊ လူမသိ အောင် လျှို့ဝှက်စွာလုပ်ကိုင်တတ်ကြ တာ ဓမ္မတာပဲ။

သူတို့စိတ်ထဲမှာလည်း ငါတွေး တောကြံစည် ပြောဆိုလိုက်တာမှန်သမျှ ဘယ်သူမှမသိပါဘူးရယ်လို့ စွဲမြဲမှတ်ယူ ထားတတ်ကြတယ်။ တကယ်တော့ ဘယ်သူမှမသိပါဘူး ဆိုပေမယ့် ကိုယ် လုပ်တဲ့ အလုပ် ကိုယ်သိနေတာကို သတိမထားမိကြဘူး မဟုတ်လား။ အဲဒီလို လူမျိုးကို ပိုးဖလံလို လူစား လို့ခေါ်တယ်။ ဘာကြောင့်လဲဆိုတော့ ပိုးဖလံဟာ မီးရောင်မီးတောက်ကို ရွှေ ရောင်ထင်ပြီး အသေခံတိုးတတ်ကြလို့ ပါပဲ။ "ပိုးဖလံမျိုး မီးကိုတိုး၊ ကိုယ် ကျိုးနည်းတတ်၏"တဲ့ မောင်ဘသာရေ။ လူ့လောကမှာ နေရတဲ့အခိုက်အတန့် ကလေးမှာ သူတော်ကောင်းလို့ ချီးမွမ်း မခံရချင်နေ လူယုတ်မာလို့ အပြောမခံ ရအောင် ကြိုးစားပါ မောင်ဘသာရယ်။

မောင်ဘသာ အတွေ့ဆုံးသည်နှင့် မျက်နှာတစ်ပြင်လုံး ထူပူသွားတော့ သည်။ မိမိဇနီးမယားနှင့် လူ့လောကထဲ မရောက်သေးသော သားဖော၊ သမီးဖော ဖြင့် သူတစ်ပါးပစ္စည်း သူများမသိခင် ခိုးဝှက်ရန်ကြံစည်မိသည်ကို တွေး၍ ရှက်နေမိတော့သည်။ သူတစ်ပါးကို မငဲ့ ညှာ ကိုယ့်လောဘပြည့်ဝရန်သာ ကြံ စည်မိသော မိမိစိတ်ဓာတ်ကိုလည်း ပြစ် တင်ရှုံ့ချလိုက်မိသည်။ တွေးရင်း တွေး ရင်း နောင်တကြီးစွာရ၍ လက်ထဲတွင် ကိုင်ထားသော ဗလာစာအုပ်နှင့် ဘော ပင်ကို အိတ်ထဲပြန်သွင်းပြီး တဲပြန်ရန် ဟန်ပြင်နေစဉ် အနောက်ဘက်မှ ခြေ သံနှင့် ချောင်းဟန့်သံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"ဟင်···ဆင်တပ်ရွာက ကိုပိန်နဲ့ မိစိန်တို့ပါလား"

ဟုပင် အသံထွက်၍ အံ့အားသင့် သွားသည်။ မစိန်မှာ ဗိုက်ကြီးတစ်ခွဲ သားနှင့် တောင်းကြီးတစ်တောင်းကို ရွက်လျက် မျက်နှာမှာလည်း ရှုံ့မဲ့နေ သည်။ လက်တစ်ဖက်က သူ့ဗိုက်ကြီး ကို ပွတ်သပ်လျက် ပါးစပ်မှလည်း တကျွတ်ကျွတ်နှင့် စုတ်သပ်လျက်လာ နေရာသည်။ ကိုပိန်မှာလည်း ပိတ်ခြင်း နှစ်လုံးကို၊ ဝါးလုံးထမ်းပိုးနှင့် လျှိုထမ်း ၍ လမ်းလာနေသည်။ မောင်ဘသာ အနီးရောက်လာသောအခါ လင်မယား နှစ်ယောက်စလုံး မာယာမပါ အပြုံး မျက်နှာများဖြင့် ကိုပိန်ကစ၍ -

"ဟေး···ကိုဘသာပါလား၊ ကမ်း ပါးထိပ်မှာ ငါးရှဉ့်ပုံးတွေမြင်ကတည်းက ရွှေချောင်းသားက ကိုဘသာဖြစ်ရမယ် လို့ ထင်ပြီးသား။ မပြောချင်ဘူး ကိုဘ သာရေ၊ မိန်းမကို မလိုက်ခဲ့နဲ့ပြောတာ မရဘူး။ အခုမြန်ခါနီးမှ ဗိုက်ကတအား နာလာပြီတဲ့၊ ကျုပ်ကလည်း လေလော့ က ကျွမ်းပါဘိသနဲ့"

ပြောလည်းပြော မျက်နှာမှချွေး များကို ပုဆိုးအထက်နားဖြင့် သုတ် လိုက်ပြီး ဒီလိုဆို တဲတောင်ရောက်ပါ့ မလား။ ရေလယ်ကောင် မွေးနေရင် တော့ သောက်ကျိုးနည်းဟူသော ကိုပိန် ညည်းညူသံကို ကြားလိုက်ရသော မောင်ဘသာသည် ဘဘုန်းကြီး၏ ဩ ဝါဒဆုံးမစကားကို ကြားလိုက်ရပြီး အချိန်မီ နောင်တရလိုက်သည်ကိုပင် ဝမ်းသာရတော့သည်ကား။

"မိစိန် တောင့်ထားဦးနော်။ ငါ ပိန်းကော ရေပက်ထုတ်လိုက်ဦးမယ်"

ကိုပိန်ပြောမှ မိစိန်မှာ နေ့စေ့ လစေ့ဖြစ်ဟန်တူပြီး မျက်နှာမြင်ရန် တာ စူနေမှန်း သိလိုက်ရပေပြီ။ မိစိန်ကို ကြည့်၍ မိမိဇနီးဖြစ်သူ မချစ်သူမျက်နှာ ကိုလည်း ဖျတ်ခနဲပြေးမြင် မိလိုက်လေ သည်။ သူတို့လင်မယားအဖြစ်ကိုကြည့် ၍ မောင်ဘသာမျက်လုံးပြူးသွားပြီး -

"ဘုရား ဘုရား၊ တကယ်လို့များ သူတို့ပိန်းကော ငါခိုးစီးသွားရင် သူတို့ ဘယ်လို ဖြစ်နေကြရမလဲ။ ဘယ် လောက် သောက၊ ဒုက္ခတွေနဲ့ ကြုံကြ ရမလဲ။ တော်ပါသေးရဲ့"

ဟူ၍ စိတ်ထဲမှ ပြောနေမိသည်။ ကိုပိန်လှေဝမ်းထဲမှ ရေများယက်ပြီး ကမ်း ပါးစောင်းတွင်ခွေခွေလေးလဲ၍ တကျွတ် ကျွတ် ညည်းညူနေသော မိန်းမအနား သွား၍ တွဲထူလာပြီး -

"ဒါကြောင့်မို့ ငါပြောတယ် ··။ မလိုက်ခဲ့ပါနဲ့ဆိုတာ မရဘူး။ လာ လှေ ပေါ်မှာ အသာလေးခွေနေ"

ပြောပြောဆိုဆို ကျွန်တော့်ဘက် လှည့်၍ -

"ကိုဘသာ ခင်ဗျားလှေကြုံရှာ နေတာ မဟုတ်လား။ ခဏနေဦးနော်၊ ကျွန်တော့်ပစ္စည်းတွေ တင်ကြည့်လိုက် ဦးမယ်။ နိုင်ရင် တင်ခေါ်သွားပါ့မယ်"

သူ့ပစ္စည်းများအားလုံး တင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

သော့အခါ ပိန်းကောကို ကမ်းမှခွာ၍ ခိုန်ဆလိုက်ပြီး -

"ကဲ . . . ကိုဘသာရေ၊ နေ့ခင်းထဲ လှေတစ်ယောက်လောက်ပဲ နိုင်တော့မှာ၊ ဘယ်နှယ့်လုပ်ရမလဲ"

ဟူသော ကိုပိန်၏စကားကြောင့် "လှေကြုံလိုက်ပါရစေ"ဟု မိမိမပြောမီကပင် လှေနိုင်လျှင် တင်ဆောင်ပေးသွားချင်ရှာသော ကိုပိန်၏စေတနာကို မောင်ဘသာ မချီးကျူးဘဲ မနေနိုင်တော့ပေ။ ကိုပိန် ခေါင်းတကုတ်ကုတ်နှင့် ပြောပြီး ကျွန်တော့်အား အားနာသည့် မျက်လုံးဖြင့် စိုက်ကြည့်နေသည်။ သူ၏ အကြည့်မှာ လူလူချင်းစာနာထောက်ထားပုံ ပေါ်နေသဖြင့် မောင်ဘသာ လိပ်ပြာမသန့် ဖြစ်ရပြန်သည်။

"အေးဗျာ၊ ကျွန်တော့်မိန်းမလည်း မီးသာခါနီး ဗိုက်နာနေတာ။ ဒီအင်းစောင်း ပတ်လမ်းအတိုင်းသာ ကျုပ်ပြန်ရရင်"

မောင်ဘသာစကားမဆုံးမီ -

"ကဲ . . . ဒီလိုလုပ်ကြစို့၊ ခင်ဗျားက ကျုပ်ထက်လှေလှော် သန်တယ်။ တစ်ချက်ခတ် နှစ်ချက်ငြိတ် ကျုပ်လှေကို ခင်ဗျားစီးသွား။ ခင်ဗျားတဲကိုအရင်ဝင်။ ခင်ဗျားမိန်းမ အခြေအနေလည်း မိစိန်လိုဖြစ်နေရင် ကျုပ်ပစ္စည်းတွေ ကမ်းနားမှာချထားလိုက်။ ခင်ဗျားမိန်းမ အခြေအနေကောင်းနေသေးရင်လည်း ကျုပ်မိန်းမကို ရွာအရောက်တော့ ပို့ပေးပါဗျာ။ အားလည်းနာပါတယ်။ ခင်ဗျား ငါးရှဉ့်ပုံးတွေ ကျုပ် နားနားပြီး တဲအရောက်ထမ်းခဲ့မယ်"

"အားနာရမှာက ကျွန်တော်ပါ ကိုပိန်ရာ။ ခင်ဗျားကျေးဇူး တစ်သက်မမေ့ပါဘူး"

"မလိုပါဘူး ကိုဘသာရယ်။ လူသားအချင်းချင်း ရိုင်းပင်းကူညီရမှာပါ။ အရေးကြီးတာက လူသားနှစ်ယောက် အပြင်ရောက်ဖို့အတွက် အသက်နဲ့ရင်းပြီး မွေးဖွားပေးကြရမယ့် မိခင်တွေရဲ့ အသက်က ပိုအရေးကြီးပါတယ်။ ကဲ ကဲ . . သွားတော့၊ အချိန်က သိပ်အရေးကြီးတယ်။ သွားတော့"

ဟုပြောလိုက်သော ကိုပိန်၏ လူသားချင်းစာနာထောက်ထားတတ်သည့် သဘောထားကို သိလိုက်ရသည်နှင့် မိမိ၏အတ္တဆန်သော လူမနေ့ကို မြစ်တင်ရှုံ့ချ၍ မဆုံးနိုင်တော့ပေ။

■ ■ ■

"အူဝဲ . . . အူဝဲ"

ရွှေကူပြည်သူ့ဆေးရုံကြီး မီးဖနေ့သည်ဆောင် ခုတင်နံပါတ် ၁၀ မှ လူသားတစ်ယောက် ဖွားမြောက်အောင်မြင်ပြီး ဟစ်ကြွေးလိုက်သောအသံ။

"အူဝဲ . . . အူဝဲ"

ခုတင်နံပါတ် ၁၂ မှ လူသားတစ်ဦး၏ လူ့လောကအတွင်း ဝင်ရောက်နိုင်ပြီဖြစ်ကြောင်း ကြေညာသည့်အသံ၊ မီးဖနေ့သည်အဆောင်ခန်းမကြီးထဲမှ ခုတင်တစ်လုံးသာခြားသော ချစ်သူနှင့် မိစိန်တို့၏ ကလေးငိုသံများ။

■ ■ ■

ခန်းမအပြင်ဘက် ဝရန်တာတွင် နှစ်ယောက်သား ခေါင်းချင်းဆိုင်ထိုင် အပြိုင်ပြောနေကြသော . . . ကိုပိန်နှင့် မောင်ဘသာ။

"ကျေးဇူးတင်လိုက်တာ ကိုဘသာရယ်။ ခင်ဗျားက ကျုပ်ထက် ရေလမ်းကြောင်းကော၊ လှေလှော်သန်တာကောဆိုတော့ ကျုပ်မိန်းမ အချိန်မီ ဆေးရုံအရောက် ရောက်လာနိုင်တာ။ ကျုပ်လိုသာ လှေလှော်ဖျင်းပုံမျိုးနဲ့ဆိုရင် မိစိန် လှေပေါ်မှာ ဗိမ်နဲ့မွေးရလောက်တယ်။ ဟဲ . . ဟဲ၊ ဒါနဲ့နေပါဦးဗျ၊ ခင်ဗျားမိန်းမကော တစ်ခါတည်း တင်ခေါ်လာခဲ့တာလား၊ ကိုဘသာ"

"ဘယ်ကလာ နှစ်ယောက်စလုံးတင်ခေါ်ချိန်ရပါ့မလဲ ကိုပိန်ရယ်၊ မိစိန်ရဲ့အခြေအနေက ကျုပ်မိန်းမချစ်သူကို ဝင်ကြည့်ဖို့ အချိန်ကို မရတော့တာ။ ချစ်သူ့ထက်စာရင် မိစိန်က မွေးခါနီး ဖြစ်နေပြီလေ။ ကျုပ်တဲက ကမ်းနဲ့တစ်ခေါ်လောက်ဝေးတော့ ကျုပ်မိန်းမနဲ့ခွဲနေရင် မေးလားမြန်းလားနဲ့ အချိန်ကြာနေတော့မှာမို့ ကျုပ်တဲမသွားတော့ဘူး။ ပထမဦးစားပေးအနေနဲ့ ခင်ဗျားမိန်းမကို ဆေးရုံအရောက် လှေတစ်တန်၊ ကုန်းတစ်တန်ပေါ့ဗျာ။ မိစိန်ကို ဆေးရုံပို့ပြီးမှ ကျုပ်တဲကိုပြန်လာတာဗျ။ တဲရောက်တော့ ကျုပ်ထင်တဲ့အတိုင်းပါပဲ။ မချစ်သူ ဗိုက်နာလို့ လိမ့်နေပြီ။ ကျုပ်ခြေမကိုင်မိ၊ လက်မကိုင်မိ ဘာလုပ်ရကောင်းမှန်း မသိတော့ဘူး။ ကျုပ်မျက်စိထဲ၊ ကျုပ်အတွေးထဲမှာ ပထမသားဦးအဖြစ်ကို ပြေးမြင်မိလိုက်တယ်။ နောက်ဆုံးတော့ ရွှေချောင်းသာမှာ ဆိုင်ကယ်ငှားပြီး ရွှေကူဆေးရုံကို ဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com

လေးမောင်းခဲ့ရတာ ကိုပိန်ရေ"

ကိုပိန်မှာ ပါးစပ်အဟောင်းသားနှင့် မောင်ဘသာ၏လုပ်ရပ်ကို စိတ်ထဲမှ ချီးကျူး၍မနေတော့ဘဲ ဖွင့်ဟ၍ -

"ကိုဘသာ…ခင်ဗျား သိပ်စိတ်ရင်းကောင်းတယ်ဗျာ။ ကိုယ့်မိန်းမကို ပစ်ထားပြီး မိစိန်ကို ဦးစားပေးကူညီနိုင်တာ ကျုပ်အံ့ဩလို့မဆုံးဘူး။ ခင်ဗျားလို ကိုယ်ကျိုးမဖက် သူတစ်ပါးအတွက် အနစ်နာခံနိုင်တဲ့ ခင်ဗျားရဲ့လူမှုရေးစိတ်ဓာတ်ကို ကျုပ်လေးစားသွားပြီ ကိုဘသာရေ"

မောင်ဘသာမှာ ကိုပိန်ပြောလိုက်သော "ကိုယ်ကျိုးမဖက်" ဟူသော စကားနှင့် "သူတစ်ပါးအတွက် အနစ်နာခံနိုင်တဲ့ လူမှုရေးစိတ်ဓာတ်" ဟူသော စကားနှစ်ရပ်ကြောင့် မိမိတွေးတောကြံစည်မိခဲ့သော (ဝါ) အတ္တဝါဒီ လူမပီသခဲ့သော လုပ်ရပ်များကို တွေးတော၍ ဝမ်းနည်းမိလာပြီး -

"ဒီစကားတွေက ကျုပ် ကိုပိန်ကို ပြောရမယ့်စကားတွေပါဗျာ" ဟု မောင်ဘသာစိတ်ထဲမှ ပြောနေမိပါသည်။

"ဒါနဲ့ နေပါဦး ကိုငိ။ ကျုပ်ခင်ဗျားမိန်းမ မိစိန်ကိုလည်း ဆေးရုံပို့၊ ကျုပ်မိန်းမကိုလည်း ပြန်လာကြို၊ အဲဒါလောက်အချိန်ကြာနေတာတောင် အခုမှ ခင်ဗျားက ဆေးရုံရောက်လာတယ်ဆိုတော့ လမ်းမှာ ဘာဖြစ်နေလို့လဲ။ ကိုင်း…အခုမှသတိရတယ်။ ကျုပ်ငါးရှဉ့်ပုံးတွေ ကျုပ်တဲမှာ ထားခဲ့ပေးသလား။ ဘယ်လိုမှ မအောက်မေ့နဲ့နော်။ အခုမှသတိရလို့ မေးမိတာ"

"ဟား…ဟား…ဟား။ ဒုတိယသားလေး ကောင်းမွန်စွာ မွေးတာနဲ့ ကိုယ့်စီးပွားရေး ငါးရှဉ့်ပုံးတွေတောင် မေ့ရတယ်လို့ ကိုဘသာရယ်။ ခင်ဗျားလည်း တကယ်မောတာပဲ။ မောခြင်းအစုတွ ကျုပ်က ရက်မောကြီး ကိုဘသာရေ၊ ရက်မောကြီး မောခဲ့ရတာဗျ။ ဟား…ဟား…ဟား"

"ဗျာ…ဘယ်လို၊ ဘယ်လို။ ရက်မောကြီးဟုတ်လား ကိုပိန်"

"ဟုတ်တယ်…ကိုဘသာရေ၊ ခင်ဗျားငါးရှဉ့်ပုံးတွေ ကျုပ်ကုန်းထမ်းလာတာ လမ်းတစ်ဝက်ရောက်တော့ ခင်ဗျား ပုံးနှစ်လုံး ဆိုင်းကြိုးပြတ်ကျပါလေရော။ ပုံးဝအဆို့လည်း ပွင့်သွားတော့ ထွက်လာတဲ့ ငါးရှဉ့်တွေ ၁၀ ကောင်တောင်မကဘူး။ ကျုပ်လက်နဲ့ လိုက်ဖမ်းတာ ချော်ချော်ပြီးထွက်နေတယ်။ ဘယ်လိုဖမ်းရ ကိုင်ရမှန်းမှ မသိတာကိုး။ နောက်ဆုံးတော့ ကျုပ်ပုဆိုးချွတ်ပြီး အုပ်ဖမ်းရတော့တာပဲ။ အားလုံးဖမ်းမိဖို့ နှစ်ကောင်အလိုမှာ ကျုပ်တို့ရွာက မှီရှာပြန်လာကြတဲ့ မုဆိုးမ စိန်တုတ်နဲ့ အပျိုကြီးမိပုတို့က တောထဲကအထွက် ဘွားခနဲ ကျုပ်ကိုလည်းမြင်ရော -

"ဟိုက်…ဟင်နဲ့ ပါးစပ်ကြီးတွေဟပြီး ကျုပ်ကိုစိုက် ကြည့်နေလိုက်တာဗျာ။ စိန်တုတ်ဆို လက်ထဲက မားမတောင် လွတ်ကျတယ်။ ကျုပ်ကလည်း ဒီကောင်မတွေ ဒါလောက်ကြီး ဖြစ်နေရတာ ငါ့ကို တခြားရွာသားအောက်မေ့လို့ နေမှာဆိုပြီး သူတို့အနားတိုးသွားမှပိုဆိုးဗျာ။ မိပုက စိန်တုတ်ကို ပြေးဖက်လိုက်ပြီး၊ ဟော့…ဟော့…ဟော့၊ သူလာနေပြီ။ အမယ်လေး အစ်မတုတ် လုပ်ပါဦးတဲ့။ ကျုပ်လည်း စိတ်ပေါက်ပေါက်နဲ့ ဟ…ငါ ငပိန်ပါကွလို့ အော်ပြောလိုက်တော့ စိန်တုတ်က ဟဲ့…ငပိန်၊ နင့်ခြေထောက်အောက်မှာ ငါးရှဉ့်တစ်ကောင်လို့ ခါးကြီးထောက်ပြီး လက်ညှိုးထိုးပြလိုက်မှ ကျုပ်အောက်ကို ငုံ့ကြည့်မိလိုက်တော့ ကျုပ်…ကျုပ်မှာ အောက်ခံဘောင်းဘီ ဝတ်မထားမိဘူးဗျို့။ ရှက်လိုက်တာဗျာ"

"ဟား…ဟား…ဟား"

"ဟား…ဟား…ဟား"

ကိုပိန်နှင့် မောင်ဘသာတို့ တဟားဟားရယ်သံများကြောင့် ဆရာမတစ်ယောက်က လှမ်းကြည့်လိုက်ရာ… မောင်ဘသာက -

"ဟား…ဟား။ ကိုပိန် ငါးရှဉ့်ဖမ်းတာ ဆရာမလည်း မြင်သွားပြီထင်တယ် ဟင်း…ဟင်း"

နှစ်ယောက်သား ရယ်မောပြီးသည်နှင့် မောင်ဘသာက -

"ဒေါ့ဗျာ။ ကျုပ်မောတာ ငိုရိ။ ခင်ဗျားက ရက်လည်းရက်၊ မောလည်းမောရှာတာကိုး…ဟား…ဟား"

"အား…အခုမှသတိရတယ် ကိုဘသာ၊ စိတ်မရှိနဲ့နော်။ ကျွန်တော့် မျှစ်စိမ်းတောင်းနှစ်တောင်းနဲ့ မှိုတောင်းတစ်လုံးကို ဘယ်မှာ…"

ကိုပိန်စကားမဆုံးမီ မောင်ဘသာက ကြားဖြတ်၍ ပြုံးစိစိဖြင့်…

"ကျုပ်ကိုတော့ ဒုတိယသားလေး



www.burmeseclassic.com

www.burmeseclassic.com

မွေးလို့ ငါးရှဉ့်ပုံးတွေ မေ့နေတယ်လို့ အပြစ်ပြောတယ်။ ခင်ဗျားကတော့ တတိယသမီးလေးရလို့ အခုမှ မေးရကောင်းမှန်း သတိရတာမဟုတ်လား။ ဒီမှာ ကျုပ်ခင်ဗျားမိန်းမကို ဆေးရုံတင်ပြီး ရွှေကူဆိပ်ကမ်းက ကုန်စိမ်းသည် ဒေါ်လှရင်ကို ဝိန်းကောကလွှဲပြီး အကုန်သွင်းလိုက်တာ ၇၅၀၀/ ရတယ်။ ကဲ ရော့ဒီမှာ ငွေ"

ကိုပိန် မောင်ဘသာလက်ထဲမှ ငွေကိုလှမ်းယူလိုက်ပြီး -

"ကိုင်း...ကျုပ်လည်း မေ့နေလိုက်တာ၊ ကျုပ်ရွာရောက်တော့ မိစိန်ကို မတွေ့ရဘူးလေ။ ခင်ဗျား ဆေးရုံကို တောက်လျှောက်သွားပြီဆိုတာ သိလိုက်ရပြီး ကျုပ် ခင်ဗျားငါးရှဉ့်ပုံးထဲက ငါးရှဉ့်တွေ သာလာအိတ်ထဲသွန်ချပြီး ဆိုင်ကယ်နဲ့တင် အဝယ်ဒိုင်မှာသွင်းပြီး တောက်လျှောက်ဆေးရုံကို လာခဲ့တာ။ ရောက်ရောက်ချင်းမပေးမိပြန်ဘူး။ ဘယ်လောက်တောင် သောကများတယ်ဆိုတာ၊ ကဲ...ရော့၊ ဒီမှာ ဘောက်ချာနဲ့ငွေ။ အားလုံး ခြောက်သောင်းနဲ့ငါးရာ ရတယ်။ ငါးရှဉ့်နှစ်ကောင်ကတော့ စိန်တုတ်နဲ့မိပုကြောင့် ဘယ်ရောက်သွားမှန်း မသိဘူး ကိုဘသာရေ...ဟား ဟား...ဟား"

■ ■ ■

ခုနစ်ရက်ခေ့၍ မောင်ဘသာ မိသားစုနှင့် ကိုပိန်တို့မိသားစု ဆေးရုံကြီးမှဆင်းကြတော့မည့်နေ့။

"ကဲ...ကိုပိန် ခင်ဗျားရဲ့ကျေးဇူးတရားကို ငွေနဲ့ဆုံးဖြတ်တယ်လို့တော့ မအောက်မေ့ပါနဲ့ဗျာ။ ခင်ဗျားစိမ်ပေးလို့ ကျုပ်လှေကြုံစီးခွင့်ရပြီး ပထမ ကျုပ်သားဦးလေးမွေးတုန်းက အဖြစ်မျိုး မကြုံရတာပါ။ တကယ်လို့များ ကိုပိန်က ကျုပ်လှေမနိုင်တော့ပါဘူးဆိုရင် ကျုပ် အထမ်းထမ်းပြီး ပြန်ရတော့မှာ။ ဒီကြားထဲ ခင်ဗျားကြုံရသလို ဆိုင်းကြိုးတာ ပြတ်လို့ကတော့ ကျုပ် နားနားပြီး လာရတဲ့အချိန်ရယ်၊ ငါးရှဉ့်တွေ လိုက်ဖမ်းရတဲ့အချိန်ရယ် ပေါင်းလိုက်ရင် ကျုပ် ချစ်ရတဲ့သူ၊ ကျုပ်ရဲ့ရင်သည်းအူ မချစ်သူကို အကောင်းမတွေ့ရတော့ဘဲ အလောင်းသာတွေ့ရတော့မှာ ကိုပိန်။ ဒီကျေးဇူးကို ဒီငွေလေး သုံးသောင်းနဲ့ဆပ်တယ်လို့ မယူဆပါနဲ့။ ကိုပိန် လက်ခံပေးပါလား ဗျာ"

ကိုပိန်သည် မောင်ဘသာကို ရှုန်းရှုန်းစားစား လှမ်းကြည့်လိုက်ပြီး -

"ဪ...ကိုဘသာရယ်၊ ခင်ဗျား တွေးသလိုမျိုး ကျုပ်လည်း၊ တွေးရမယ်ဆိုရင်၊ ပြောရမယ်ဆိုရင် ခင်ဗျားမိန်းမကိုပစ်ထားပြီး ကျုပ်မိန်းမကို ပထမဦးစားပေးအနေနဲ့ ဆေးရုံပို့ပေးလို့ မိန်းမနဲ့ သမီးကို ခုလိုကျန်းကျန်းမာမာ တွေ့ရတာပါ။ ကျုပ်လို ရေနဲ့လှေ မကျွမ်းပုံနဲ့ဆို ကျုပ်ကွေးတောင် မတွေးရဲတော့ပါဘူး။ ခင်ဗျားရဲ့ ရိုးသားဖြူစင်တဲ့ နှလုံးသားနဲ့ တစ်ကိုယ်ကောင်းမဆန်တတ်တဲ့ ခင်ဗျားလိုလူစား ကမ္ဘာရှားပါပဲ။ ကျုပ် ခင်ဗျားငွေကို လက်မခံပါရစေနဲ့ ကိုဘသာ။ သည်းခံပါဗျာ၊ သည်းခံပါ"

မောင်ဘသာ ကိုပိန်ပြောလိုက်သော "တစ်ကိုယ်ကောင်းမဆန်တတ်သော စိတ်ထား"ဟူသော အသုံးအနှုန်းကြောင့် ကြက်သီးဖျန်းခနဲ ထသွားမိပါသည်။ အကယ်၍များ မိမိ၏မူလစိတ်ထား ကြံစည်ခဲ့ပုံများကို ကိုပိန်သိသွားလျှင် မည်သို့စကား ကြားရလေမည်မသိ။ မောင်ဘသာ၏ဇနီးဖြစ်သူ မချစ်သူ သိသွားလျှင်ကော...ဘယ်ကဲ့သို့ သဘောထားလေမည်နည်း။ မိစိန်နှင့် ချစ်သူတို့၏ ဗိုက်နှစ်ဗိုက်ဇာတ်လမ်းကို မှတ်တမ်းတင်ရလျှင် မောင်ဘသာ၏ စိတ်ထားစေတနာ အနစ်နာကို အများတကာက ချီးမွမ်းတော့မှာ သြဘာပေးကြမည်မှာ သေချာသည်။ သို့သော် သူ၏ အတွေးကြီးများ အကြံအစည်များကို မည်သူမျှ မသိသော်ငြား သူကိုယ်တိုင် သိထားသဖြင့် ချီးမွမ်းမှုမှန်သမျှ သူယူချမည်မှာ မလွဲပေ။

တစ်ကြိမ်တစ်ခါ မလိမ္မာမိခဲ့သော ပြစ်မှုတစ်ခုသည် အကြိမ်တစ်ရာမက နှိပ်စက်တတ်သည်ကိုလည်း မောင်ဘသာ သိရှိနားလည်သွားလေပြီ။ အကယ်၍များ မချစ်သူ ဆေးရုံမှဆင်းလာပြီး တစ်နေ့နေ့၊ တစ်ချိန်ချိန် ဖြစ်ကြောင်းကုန်စင် ဗိုက်ရာဇဝင်ကို မေးလာလျှင် မောင်ဘသာအနေဖြင့် "ချစ်သူကို ဘယ်လိုပြောရမယ်" ဆိုသည်ကို ကြိုတင်ကြံဆ တွေးတော၍ရနိုင်ပါအံ့နည်း။

**မနောမြေ-ရွှေကူသိန်းအောင်**

09-771528635



www.burmeseclassic.com

www.burmeseclassic.com



# လပြည့်ညမှာ ပွင့်သောပန်း

ထွန်းတောက်

ရဲဘော်ကောင်းစံ၏ နောက်ဆုံးခရီး။ မတကဘတ် = သေသူတို့အား ရည်မှန်းပြီး လှူဒါန်းသည့်ပွဲ။

ဆွေမျိုးရင်းချာများ၊ ရပ်ဆွေရပ်မျိုးများ၊ ရဲဘော်ကောင်းစံ၏ ကျောင်းနေဘက် ငယ်သူငယ်ချင်းများ အားလုံး လာရောက်ကြသည်။ ဝမ်းနည်းပက်လက် စကားဆိုကြသည်။ ဝတ္ထုငွေကြေးများ ပံ့ပိုးကူညီ လှူဒါန်းကြသည်။

ဘာကြောင့်မှန်းတော့ မသိ။ သူငယ်ချင်းများအထဲမှ မိလေးငယ် တစ်ယောက် ပေါ်မလာပေ။ ထို့ကြောင့် သူငယ်ချင်းများ၊ မိဘဆွေမျိုးများ မိလေးငယ်အလာကို စောင့်မျှော်ကြည့်နေကြသည်။

တစ်အောင့်ကြာလျှင် ဆရာတော်များကြွလာကြတော့မည်။ သီလပေး၊ တရားဟော၊ ရေစက်ချကာ ရဲဘော်ကောင်းစံ၏ နောက်ဆုံးခရီး ရက်လည်ဆွမ်းသွတ် အလှူတော်ကို အပြီးသတ်ကြပေတော့မည်။

မိလေးငယ်မှာ ရဲဘော်ကောင်းစံ၏ ကျောင်းနေဘက် သူငယ်ချင်း။ ထို့နောက် ငယ်ချစ်စုံတွဲ။ ထို့နောက် မကြာမီ လက်ထပ်ကြတော့မည့် နှလုံးသားချင်းအနီးစပ်ဆုံး ချစ်သူဖြစ်သည်။

သည်အဖြစ်ကို သူငယ်ချင်းအားလုံးတို့ သိကြသည်။ နှစ်ဖက်မိဘတွေလည်း သဘောတူထားကြသည်။

ယခု ရဲဘော်ကောင်းစံ ဆုံးရှာပြီ။ နိုင်ငံတော်အတွက် အသက်ကို ပေးလှူသွားလေပြီ။

ယခု ရဲဘော်ကောင်းစံ၏ ရက်လည်ဆွမ်းသွတ်ပွဲသို့ မိလေးငယ် ရောက်၍မလာ။ ထို့ကြောင့် သူငယ်



www.burmeseclassic.com

www.burmeseclassic.com

ချင်းများက မကျေမနပ်ဖြစ်ကြသည်။ မိလေးငယ်၏အစ်ကို သုံးယောက်တို့လည်း မိလေးငယ်အား ဒေါသထွက်နေကြသည်။

မနက် ၁၀ နာရီ ထိုးလေပြီ။ ဆရာတော်များ သင်္ကန်းရုံကာ ယပ်ကိုကွယ်ပြီး တန်းစီကြွလာနေကြပြီ။ ထို့ကြောင့် မိလေးငယ်ကို သွားခေါ်ရန် အချိန်မရတော့။ သီလယူတရားနာ၊ ရေစက်ချကာ ရဲဘော်ကောင်းစံ၏ ရက်လည်ဆွမ်းသွတ်ပွဲကို အဆုံးသတ်လိုက်ကြလေသည်။

* * *

ကရင်ပြည်နယ် တောင်တန်းများကို မြစ်ဖျားခံသည့် သောက်ရေခပ်ချောင်းကြီးသည် ဒိုးသောင်ရွာကြီးကို အလယ်မှခွဲကာ စီးဆင်းသည်။ ထို့ကြောင့် အမည်တစ်ခုတည်းဖြင့် တောင်ဘက် ဒိုးသောင်ရွာ၊ မြောက်ဘက် ဒိုးသောင်ရွာဟု နှစ်ရွာဖြစ်သွားသည်။

တောင်ဘက် ဒိုးသောင်ရွာသည် ထန်းတပင်မြို့နယ်ပိုင်ဖြစ်ပြီး မြောက်ဘက်ဒိုးသောင်ရွာသည် တောင်ငူမြို့နယ်ပိုင် ဖြစ်သည်။ ထိုနှစ်ရွာမှာပင် အစိုးရစာသင်ကျောင်းမရှိ၍ မြောက်ဘက်ဒိုးသောင်ရွာကျောင်း ဆရာတော် ဦးဝေပုလ္လ၏ ဘာသာရေးစာသင်ကျောင်းတော်ကြီးမှာပင် နှစ်ရွာပေါင်းပြီး ကလေးများ ပညာသင်ယူကြရသည်။

ကောင်းစံ ကျောင်းတက်ပြီးနောက် သူငယ်ချင်းများ တစ်ယောက်ပြီးတစ်ယောက် ရလာခဲ့သည်။ ထိုထိုသူငယ်ချင်းများထဲတွင် တောင်ဘက်ဒိုးသောင်ရွာသား ကိုပုတုတို့ ညီအစ်ကိုသုံးယောက်တို့လည်း အပါအဝင်ဖြစ်သည်။

ကိုပုတုပ်ညီအစ်ကိုက ကောင်းစံထက် အသက်ကြီးကြသည်။ အငယ်ဆုံးဖြစ်သော ကိုပုတုသည်ပင် ကောင်းစံထက် တစ်နှစ်ကျော်ကြီးသည်။ သို့သော်လည်း ကျောင်းနေဘက်များဖြစ်ကြသည့်အလျောက် ရွယ်တူများကဲ့သို့ပင် ချစ်ခင်ကြသည်။

ကောင်းစံ ပထမတန်းနှစ်တွင် သူတို့၏ ညီမလေးဖြစ်သော မိလေးငယ်လေးလည်း သူ့အစ်ကိုများနှင့် အတူ ကျောင်းတက်ရန် ပါလာသည်။ (ကောင်းစံက ကုန်ခဲ့သည့်နှစ်ကပင် ပထမတန်းကို ရောက်သော်လည်း စာမေးပွဲကျ၍ ယခုနှစ်တွင် ပထမတန်းကို ဒုတိယအကြိမ် သင်ယူရခြင်းဖြစ်သည်။) မိလေးငယ်က အတော်လေးထွားသည်။ အသက်အတော်လေး ကျော်ဟန်ရှိသည်။

တောသူတောင်သား ကလေးများကို အသက်ငါးနှစ်တွင် ကျောင်းအပ်ရမည်ဟု တိတိကျကျ **သတ်မှတ်**၍မရပေ။ ချောင်းကူး၊ မြစ်ဖြတ်၊ **တော**ကြိုတောင်ကြား၊ လယ်**ကန်သင်း**စသည်များကို ဖြတ်လျှောက်ပြီး သွားရလေ့ရှိသောကြောင့် ပြေးတတ် လွှားတတ်၊ သွားလာတတ်၊ ရေကူးတ**တ်မှ** ကျောင်းအပ်လေ့ရှိကြသည်။

ယခု ဒိုးသောင်နှစ်ရွာ အကြားကို ဖြတ်စီးနေသည့် သောက်ရေခပ်ချောင်းကြီးသည်ပင် ပေသုံးရာကျော်ကျယ်သည်။ နွေရာသီမှာ ဝါးတံတားလေး ထိုးလုပ်ထားပြီး မိုးရာသီမှာ ကူးတို့ဖြင့်သာ ဖြတ်သွားဖြတ်လာလုပ်ကြရသည်။

ဟုတ်သည်။ နောက်မှ ကိုပုတုက ပြောပြသည်။ မိလေးငယ်၏ အသက် ရှစ်နှစ်ရှိပြီ။ ရေလည်း ကျွမ်းကျွမ်းကျင်ကျင် ကူးတတ်သည်ဟု ဆိုသည်။

ကောင်းစံသည်ပင် ကိုယ့်ရွာမှာ စာသင်ကျောင်းရှိ သည့်တိုင်အောင် အသက်ခြောက်နှစ်မှ မိဘများက ကျောင်းအပ်ကြသည်။ ကောင်းစံလည်း သူငယ်ချင်းများနှင့် ရေချိုးရင်း သင်ယူလေ့ကျင့်ထား၍ ရေကူးကျွမ်းသည်။

မိလေးငယ်တို့ မိဘများက ငွေကြေးပြည့်စုံကြဟန်ရှိသည်။ ညီအစ်ကို မောင်နှမ လေးယောက်လုံးပင် သန့်သန့်ပြန့်ပြန့် ဝတ်ဆင်နိုင်ပြီး မုန့်ဖိုးပိုက်ဆံကိုလည်း ဖောဖောသီသီ သုံးစွဲနိုင်ကြသည်ကို တွေ့ရသည်။

နောက်တော့ ကိုပုတုက ပြောပြသည်။ သူတို့မိဘများက တောသူဌေး။ နှစ်ထပ်သွပ်မိုးအိမ်ကြီးနှင့်ဖြစ်ပြီး သူတို့အဖေ ဦးဖိုးထိန်မှာလည်း တောင်ဘက်ကမ်း ဒိုးသောင်ရွာ၏ သူကြီးဟုဆိုသည်။

ကောင်းစံတို့မိဘများက ဆင်းရဲသည်။ ကြုံရာကျပန်း လုပ်ကိုင်ပြီး စားသောက်ကြရသည်။ ထို့ကြောင့် ကျောင်းဝတ်စုံမှစ၍ ညှိုးနွမ်းပြီး မုန့်ဖိုးဆိုလည်း ဆယ်ပြားသာ ရသည်။

ထို့ကြောင့်လားမသိ။ ကောင်းစံမှာ ကိုပုတုတို့ညီအစ် ကိုသုံးယောက်လုံးနှင့် ချစ်ခင်ရင်းနှီးကြသည့်တိုင်အောင် သူတို့၏ညီမလေးဖြစ်သော မိလေးငယ်သည် သိပ်ပြီး ကောင်းစံကို ဆေးဖော်ကြောဖက် မလုပ်ပေ။ ခေါ်ထူး မေးပြော ခပ်အေးအေး ခပ်စွာ



www.burmeseclassic.com

www.burmeseclassic.com

စွာ သဘောမျှသာရှိသည်။

မိလေးငယ်က ယခုအရွယ်ကပင် ဂုဏ်မက်ပြီး အလှလည်း မက်သည်။ အတန်းထဲတွင် တစ်ဦးတစ်ယောက်ကိုမျှ ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံခြင်း မရှိပေ။ လွယ်အိတ်ထဲမှာ ခေါင်းဘီး၊ သနပ်ခါးဘူးနှင့် ထောက်မှန်လေးလည်းပါလာ၍ မကြာခဏပင် ထောက်မှန်ကိုထုတ်ကြည့်ပြီး တို့ပတ်ရိုက်နေသည်ကို တွေ့ရသည်။

သူ့အစ်ကိုများက မိလေးငယ်ကို ကြိုတင်ပြီး စာသင်ပေးထားကြဟန်ရှိသည်။ မူလတန်းဖတ်စာအုပ်ကို အာဂုံရနေသည်။ ထို့ကြောင့် မိလေးငယ်သည် အခြေခံမူလတန်းတွင် တစ်နှစ်မနေရတော့ဘဲ မူလတန်းကြီးကို တန်းတက်ရသည်။

မိလေးငယ်က ဉာဏ်ကောင်းသည်။ တစ်နှစ်တစ်တန်းအောင်သည်။ ကောင်းစံက ဉာဏ်မကောင်း။ သည်အထဲ ပထမတန်းမှာ တစ်နှစ်ကျခဲ့သေးသည်။

သူ့အစ်ကိုများက လေးတန်းအောင်ပြီးနောက် တစ်ယောက်ပြီးတစ်ယောက် မြို့ကျောင်းသို့ ရောက်သွားကြသည်။ ထို့ကြောင့် ကောင်းစံကသူ့အစ်ကိုများနှင့် ခင်သလို မိလေးငယ်ကိုလည်း ခင်ခင်မင်မင် နေချင်သည်။

သို့သော်လည်း မိလေးငယ်က ကောင်းစံကို ခင်မင်ချင်ဟန်မရှိ။ သာမန်ထက်မပို။ ရံခါ သူ့အစ်ကိုများရောက်လာကြပြီး ကျောင်းအဆင်း၌ ကောင်းစံတို့အိမ်ကို ဝင်ကြသော်လည်း မိလေးငယ်က မဝင်ပေ။ သူ့တစ်ယောက်တည်းသာ ရွာလမ်းမအတိုင်း ဆက်လျှောက်သွားလေသည်။

ကောင်းစံနှင့် မိလေးငယ်တို့မှာ အသက်ချင်း ရွယ်တူဖြစ်ကြသည်။ ကောင်းစံက ဆိုခဲ့သည့်အတိုင်း အသက်ခြောက်နှစ်တွင် ကျောင်းတက်ခဲ့ရသော်လည်း ပထမတန်းမှာ တစ်နှစ်ကျခဲ့သည်။ ယခု လေးတန်းကိုလည်း ကုန်ခဲ့သည့်နှစ်က ကျပြန်သဖြင့် သည်နှစ် ဒုတိယအကြိမ် သင်ယူရာတွင် တစ်နှစ်တစ်တန်း အောင်လာသော မိလေးငယ်နှင့် အတန်းတူ ဖြစ်သွားကြသည်။

လေးတန်း ကျောင်းသူကျောင်းသားများ ဖြစ်ကြသော်လည်း မိလေးငယ်က အသက်ရှစ်နှစ်မှာသာ ကျောင်းတက်လာသူဖြစ်သလို ကောင်းစံမှာလည်း စာမေးပွဲနှစ်ကြိမ် ကျခဲ့ဖူး၍ ယခုအခါ အသက်ဆယ့်နှစ်နှစ် ဖွံ့ဖြိုးစအရွယ်သို့ပင် ရောက်နေကြလေပြီ။ ကောင်းစံက မိလေးငယ်ထက် လေးလမျှသာ ကြီးသည်။

နှံသောင်မြောက်ဘက်ရွာကျောင်းတွင် ကျောင်းသူကျောင်းသား အတော်ကြီးများလာသည်။ လက်ရှိကျောင်းဆောင်၌ ကျောင်းသူကျောင်းသားမဆံ့ ဖြစ်လေသည်။ ထို့ကြောင့် တောင်ငူမြို့ပေါ်က ဆင်သူဌေး၊ သစ်ပါးကုန်သည်ကြီး ဦးချစ်+ဒေါ်အေး (မဒါမယ်အေး)တို့ မိသားစုတို့က ပျဉ်စီပျဉ်ထောင် (သစ်သားကျောင်းဆောင်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းကြသည်။)

လေးတန်းစာမေးပွဲ ဖြေဆိုပြီးနောက်နေ့မှာပင် ကျောင်းလွှတ်ပွဲ (ကျောင်းရေစက်ချပွဲ)ကို ပြုလုပ်ကျင်းပကြသည်။ ကျောင်းလွှတ်ပွဲတွင် ကျောင်းဒကာမိသားစုတို့က ကျောင်းရှိ သံဃာတော်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသူကျောင်းသားများအား မနက်စာအဖြစ် ကြက်သားဆန်ပြုတ် လှူဒါန်းကြသည်။

ကျောင်းလွှတ်ပွဲ၌ ကောင်းစံနှင့် မိလေးငယ်တို့၏အကြောင်းက မေ့ရက်စရာမရှိ ဖြစ်သွားလေသည်။

ကျောင်းဒကာ မိသားစုတို့က သံဃာတော်များ၊ ရပ်မိရပ်ဖများနှင့် ကျောင်းဆရာ၊ ဆရာမများကိုသာ ပွဲခင်း၍ သပ်သပ်ရပ်ရပ် လှူဒါန်းဧည့်ခံနိုင်ကြသည်။ ကျောင်းသူ၊ ကျောင်းသားများကိုမူ ကိုယ့်ခွက်နှင့်ကို ဆန်ပြုတ်လာယူကြရန်ကိုသာ ဆော်ဩပြီး ဖိတ်ကြားရသည်။

မိလေးငယ်မှာ သံဇလုံနှင့်သာ အငွေ့တထောင်းထောင်းထနေသည့် ဆန်ပြုတ်ကို သွားယူမိသည်။ ထို့ကြောင့် အပူလောင်၍ မြေပြင်မှာ ချထားလိုက်၊ တစ်ထောက်သယ်ယူနှင့် ဖြစ်နေရရှာသည်။ ကောင်းစံက စိုက်ကြည့်နေရင်း သူ့ခွက်ကို မိလေးငယ်အား လှမ်းပေးကာ –

"ရော့ ... ဒါကို အောက်ကခံပြီးကိုင်"ဟု ပြောလိုက်သည်။ ကောင်းစံပြောသလို လုပ်လိုက်မှ မိလေးငယ် အပူသက်သာ၍ ဆန်ပြုတ်ခွက်ကို ကောင်းစွာ သယ်ယူနိုင်လေသည်။ ထို့နောက် မိလေးငယ်က ကောင်းစံအား တစ်ချက်စိုက်ကြည့်ပြီး ပြောသည်။

"နင့်ခွက်ကို ငါ့ပေးလိုက်တော့ နင် ဘာနဲ့ဆန်ပြုတ်သွားယူမှာလဲ"

"ရပါတယ်၊ ငါဗိုက်မဆာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

မိလေးငယ်သည် ကောင်းစံအား တစ်အောင့်မျှ ငေးစိုက်ကြည့်နေပြီးမှ သူတို့မိန်းကလေးများ စုဖွဲ့စားသောက်ကြရန် စီစဉ်ပေးထားသည့် ဇရပ်ကြီးပေါ်သို့ ဆန်ပြုတ်ခွက်ကို သယ်ယူလေသည်။

မိလေးငယ် ဇရပ်ကြီးပေါ်သို့ မတက်မီ နောက်ပြန် ကြည့်သည်။ ကောင်းစံသည် ထိုနေရာတွင် ရပ်လျက်ရှိနေပြီး မိလေးငယ်အား စိုက်ကြည့်နေသည်။ ဇရပ်ကြီးပေါ်သို့ ရောက်ပြီးနောက် လှည့်ကြည့်ရာတွင်လည်း ကောင်းစံသည် ထိုနေရာတွင် ရှိနေဆဲဖြစ်သည်။

***

နောက်လေးနှစ်ကျော် အချိန်တွင်ဖြစ်သည်။

ကောင်းစံက ကျောင်းဆက်မတက်ဖြစ်တော့ပေ။ အရွယ်လည်း ရောက်လာပြီဖြစ်၍ မိဘများနှင့်အတူ ကြိုရာကျပန်းအလုပ်များကိုသာ လိုက်လုပ်နေရလေသည်။

မိလေးငယ်က ထိုနှစ်တွင် လေးတန်းအောင်၍ တောင်ငူမြို့ပေါ်သို့ ပြောင်းသွားပြီး ကျောင်းဆက်တက်သည်။ ကောင်းစံနှင့် မိလေးငယ်တို့ တစ်ယောက်နှင့်တစ်ယောက် မဆုံဖြစ်ကြတော့သော်လည်း မိလေးငယ်၏ ကောင်းသတင်းများကို တစ်မျိုးပြီး တစ်မျိုး ကောင်းစံကြားနေရသည်။

မိလေးငယ် တစ်တန်းပြီးတစ်တန်း စာမေးပွဲများ အောင်မြင်နေပြီ။ အလှတွေကြွယ်လျက် အပျိုကြီးဖားဖား ဖြစ်နေပြီ။ ကွမ်းတောင်ကိုင်မလေး ဖြစ်နေပြီ စသည်ဖြင့်။

သီတင်းကျွတ်လ ကျောင်းပိတ်ရက်တွင် မိလေးငယ် ရွာသို့ ပြန်လာသည်။ ထိုအချိန်၌ သောက်ရေခပ်ချောင်းကြီး၏ တောင်ကျရေ နည်းလာနေ၍ နွေရာသီ၌ သွားရေးလာရေး လွယ်ကူစေရန်အတွက် နှစ်ရွာပေါင်းပြီး ဝါးတံတားလေးထိုး လုပ်နေကြသည်။

ကောင်းစံတို့ ကာလသားများက ရေခါးလောက်ရှိသော ချောင်းလယ်သို့ တိုင်အောင်သွားပြီး သစ်သားတိုင်များကို တင်းပုတ်ကြီးဖြင့် ထုရိုက်ကာ စိုက်ထူနေကြသည်။ ထို့နောက် ရက်မပြေးကြသည်။ ဆင့်တုံးများကို စီခင်းကြသည်။ လူကြီးများက ဝါးများကို ခွဲစိတ်ကာ ဆင့်တုံးများ၏ အပေါ်က ရက်ခင်းကြသည်။

မိလေးငယ်တို့ အပျိုလေးများက ကောက်ညှင်းပေါင်းနှင့် နှမ်းတောင်းများ၊ ဘူးသီးကြော်များကို ဗျပ်မှာထည့်သယ်ကာ ဝါးတံတားဆောက်လုပ်နေကြသော လူများကို ကျွေးမွေးရန် ချောင်းကမ်းနဖူး သဲပြင်ကြီးသို့ ရောက်လာကြသည်။

ထိုအချိန်၌ ကောင်းစံတို့ ကာလသားတစ်စုက နားခွင့်မရကြသေးပေ။ ရေလယ်၌ တင်းပုတ်ကြီးဖြင့် ထုပြီး တံတားတိုင်စိုက်သူ၊ ရက်မပြေးသူ၊ ဆင့်စီသူ၊ ကြမ်းခင်းရက်လုပ်သူမှာ သူ့တာဝန်နှင့်သူ လုပ်ကိုင်နေကြရဆဲဖြစ်သည်။

မိလေးငယ်သည် တံတားထိုးလုပ်နေကြသည့် လူများကိုကြည့်ရင်း ကောင်းစံကို မြင်သည်။ ကောင်းစံသည် ယခင် လေးတန်းကျောင်းသားတုန်းက ကောင်းစံမဟုတ်တော့ပေ။ လူပျိုဖားဖားကြီးဖြစ်နေပြီ။ အရပ်ကြီးက ငါးပေ ခုနစ်လက်မခန့် ရှိနေပြီ။ ထိုအရပ်ကြီးနှင့်လိုက်ဖက်သော ကိုယ်လုံးမလလည်း ပြည့်ဖုံနေပြီ။ သစ်ခုတ်၊ ဝါးခုတ်၊ လှေထိုး၊ လှေတိုက် စသော အလုပ်ကြမ်းများကိုချည်း လုပ်ကိုင်နေရ၍ အလွန်အမင်း သန်စွမ်းကာ လက်မောင်းနှင့် ရင်အုပ်ကြီးများ အမြောင်းမြောင်းထနေပြီ။

မိလေးငယ်သည် ကောင်းစံကို စိုက်ကြည့်နေရင်း လွန်ခဲ့သော လေးနှစ်ကျော် ကျောင်းလွှတ်ပွဲနေ့ကအကြောင်းကို သတိရသည်။ ထို့နောက် ကောင်းစံသည် ဘူ့ခွက်ကို မိလေးငယ်အား ထိုးပေးလိုက်ပြီး ကျေနပ်နေသောအမူအရာဖြင့် စိုက်ကြည့်နေသည့်ရုပ်သွင်။

ထိုအခိုက်မှာပင် တံတားထိုးလုပ်နေကြသည်ကို ခဏရပ်နားလိုက်သည်။ ထို့ကြောင့် လူကြီးလူငယ်အားလုံး ကမ်းသို့တက်လာကြ၍ မိလေးငယ် အဖွဲ့ပြတ်သွားသည်။ ထို့နောက် မိလေးငယ်တို့အုပ်စုက တံတားထိုးလုပ်နေကြသူများကို ကောက်ညှင်းပေါင်းနှင့် ကျွေးမွေးဧည့်ခံရန် ပြင်ဆင်ကြရသည်။

ကောက်ညှင်းပေါင်းများကို ပန်းကန်နှင့်ထည့်ပြီး နှမ်းထောင်းနှင့် ဘူးသီးကြော်များကို အလယ်တွင်စုပုံကာ တစ်ယောက်တစ်ပန်းကန် ကမ်းပေး ရသည်။ ထို့နောက် ရေနွေးကိုလည်း တစ်ယောက်တစ်ခွက် လိုက်ထည့်ပေးကြရသည်။

ကောင်းစံသည် မိလေးငယ်ကို မြင်ဟန်မတူ။ အမှတ်တမဲ့ပင် ဖြစ်နေသလား မသိ။ တစ်ချက်ကလေးမျှပင် မိလေးငယ်ဘက်ကို လှည့်မကြည့်ပေ။

မိလေးငယ်က ကောင်းစံ သူ့



www.burmeseclassic.com

www.burmeseclassic.com

အား မြင်စေချင်သည်။ လာနှုတ်ဆက်ပြီး စကားပြောဆိုစေချင်သည်။ ထို့ကြောင့် မိလေးငယ်ကပင် လူရှင်းရိုက်ကောင်းစံ၏အနားသို့ ကပ်သွားပြီး နှုတ်ဆက်လိုက်သည်။

"ကောင်းစံ"

ကောင်းစံ ဆတ်ခနဲ လှည့်ကြည့်သည်။ တအံ့တဩလည်း ဖြစ်သွားဟန်ရှိသည်။ ထို့နောက် မိလေးငယ်အား စိုက်ကြည့်နေသည်။

ကောင်းစံ၏အကြည့်က စူးရှသလို ဖြစ်နေ၍ မိလေး ငယ်သည်ပင် ရင်မဆိုင်ရဲသလိုဖြစ်ကာ ပါးစပ်မှာ တွေ့ရာတစ်ခုကို ကောက်ပြောလိုက်သည်။

"မိငယ် ... မလှလာဘူးလား ကောင်းစံ"

"ဪ ... လှတယ်၊ မိလေးငယ် အရမ်းလှပါတယ်"

မိလေးငယ်က တစ်ဖက်သို့လှည့်ကာ အသံတိုးတိုးဖြင့် ရယ်သည်။ ထို့နောက် စကားပြောရန် ကြိုးစားသော်လည်း ဘာပြောရမှန်းမသိ ဖြစ်နေသည်။

"ကျောင်းပိတ်လို့ ရွာပြန်လာတာလား"ဟု ကောင်းစံက အေးစက်သော အမူအရာဖြင့်မေးသည်။ မိလေးငယ်က ခေါင်းညိတ်သည်။ စကားပြောချိန် ထိုထက်မရပေ။ ယခုပင်လျှင် ကွမ်းတောင်ကိုင်မိန်းကလေးများက မိလေးငယ်ကို ကွက်ကြည့်ကွက်ကြည့် ကြည့်နေကြပြီ။ ထို့ကြောင့် မိလေးငယ်က ပြောလိုက်သည်။

"မိငယ် ... ကောင်းစံနဲ့ တွေ့ချင်ပါသေးတယ်။ ညနေလောက် တစ်နေရာမှာ တွေ့လို့ရမလား ကောင်းစံ"

"အင်း ... ရလောက်ပါတယ်။ ဒါပေမဲ့ ဒီနေ့တစ်ရက်လုံး တံတားဆောက်လုပ်နေရမှာဆိုတော့ ညနေ ၅ နာရီလောက်မှ အားမယ်ထင်တယ်"

မိလေးငယ်သည် လူငယ်သဘာဝမဆန်သော ကောင်းစံ၏ အပြောကို သဘောမကျဖြစ်ကာ မကျေနပ်သလို ဖြစ်သွားမိသည်။ ထို့နောက် တိုတိုဖြင့်ပင် လိုရင်းကို ပြောလိုက်သည်။

"ဒါဆိုလည်း ညနေ တို့ရွာနှစ်ရွာအကြားက သောင်ခြေမှာ တွေ့လိုပါတယ် ကောင်းစံ"

ကောင်းစံက ခေါင်းညိတ်သည်။

လုပ်ငန်းခွင်မှာကြောင့် ထိုမျှသာ ပြောဖြစ်ကြသည်။ ထို့နောက် လမ်းခွဲလိုက်ကြသည်။

***

မိုးချုပ်တော့မည်။ ငှက်ကလေးများ အနောက်တောင် တောအုပ်ဆီသို့ ပျံသွားနေကြပြီ။ ခပ်လှမ်းလှမ်းတစ်နေရာ၌ ယောက်ျားကြီးနှစ်ယောက်တို့ ကွန်ပစ်နေကြသည်။ ပါးတံတားလေးတွင်လည်း လူများ ဖြတ်သွားဖြတ်လာ ရှိနေကြသည်။ လေအဝေ့တွင် ကိုင်းပင်တန်းများ ယိမ်းနွဲ့သွားကြသည်။

မိလေးငယ်က သဲထဲ တစ်ဝက်တစ်ပြက် နစ်မြုပ်နေသော ကျောက်တုံးတွင် ထိုင်သည်။ မိုးနံ့မကင်းသေးသော အချိန်ရာသီကြောင့် အအေးဓာတ်လွှမ်းစပြုလာသည်။ မိလေးငယ်က သူ့အနွေးထည်ကို ဆွဲ၍စေ့လိုက်သည်။

ကောင်းစံမှာ ယခုအချိန်ထိ တောင့်တောင့်ကြီး ရပ်နေသဲဖြစ်သည်။

မိလေးငယ်က သူ့အား လိုက်လျောဖော်ရွေစွာ ပြောဆိုခြင်း၊ သည်နေရာသို့ ခေါ်တွေ့ခြင်း စသည်ကို လူပျိုဖားဖားဖြစ်နေသော ကောင်းစံသိသည်။

သို့သော်လည်း ဘဝချင်းမတူ။ ဂုဏ်အဆင့်ချင်းမမျှ။ အကွာကြီးကွာ ဟနေသော သူနှင့် မိလေးငယ်တို့၏ လက်ရှိအခြေအနေကို ကောင်းစံ နားလည်သည်။ ထို့ကြောင့်လည်း ကောင်းစံ ကျောက်ရုပ်ကဲ့သို့ ဖြစ်နေမိသည်။

"ထိုင်ပါ ကောင်းစံ"

မိလေးငယ်က ကောင်းစံ၏လက်ကိုဆွဲ၍ သူနှင့်ကပ်လျက် ကျောက်တုံးမှာ ထိုင်ခိုင်းလိုက်သည်။ မိလေးငယ်လည်း ကောင်းစံ ရှိန်တိန်တိန်ဖြစ်နေသည်ကို နားလည်သည်။ အထက်တွင်ဆိုခဲ့သည့်အတိုင်း ဘဝ၏ခြားနားသော ဂုဏ်အဆင့်တို့ကြောင့်ဟု မိလေးငယ်သိသည်။ ထို့ကြောင့်ပင် မိန်းကလေးဖြစ်သည့် မိလေးငယ်က စ၍ ပြောလိုက်သည်။

"တို့လေးတန်းဖြေပြီး နောက်နေ့က အကြောင်းလေး တစ်ခုကို ကောင်းစံ မှတ်မိလား"

ကောင်းစံ စဉ်းစားနေသည်။ ထို့ကြောင့် မိလေးငယ်ကပင် ပြောပြလိုက်သည်။

"အဲဒီနေ့က ဆန်ပြုတ်ခွက်ပုလို မိငယ် မကိုင်နိုင်၊ မသယ်နိုင် ဖြစ်နေတာကို ရကိုင်ဖို့အတွက် ကောင်းစံ ခွက်ပေးလိုက်တာလေ"

"ဪ ... အင်း၊ မှတ်မိပါတယ်"

"အဲဒီနေ့က မိငယ်ကို ခွက်ပေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရလို့ ကောင်းစံ ဆန်ပြုတ် မသောက်လိုက်ရဘူးမဟုတ်လား''

ကောင်းစံက ခေါင်းညိတ်သည်။

မိလေးငယ်က ကောင်းစံ၏ လက်ကို ဖွဖွလေးဆုပ်ကိုင်သည်။ ထို့နောက် ပြောသည်။

''အဲဒီနေ့က အဖြစ်ကို မိငယ် မမေ့ဘူး ကောင်းစံ။ အကြိမ်ကြိမ်လည်း ခံစားခဲ့ရတယ်။ တစ်နေ့ ဒီအကြောင်း ကောင်းစံကို ပြန်ပြောပြမယ်ဆိုပြီးလည်း သိမ်းထားခဲ့တယ်။ ဒါပေမဲ့ ကံမကောင်း အကြောင်းမသင့်လို့ အခုမှ ပြောပြဖြစ်တာပါ။ မိငယ်ဟာ တစ်ကြိမ်တစ်ခါမှ ကောင်းစံအပေါ်မှာ အမှတ်ထင်ထင်မရှိခဲ့တာတောင် ကောင်းစံက အငတ်ခံပြီး မိငယ်ကို ကူညီခဲ့တာတွေ ပြန်ပြောင်းဖွေးမိတိုင်း မိငယ် ခံစားခဲ့ရတယ် ကောင်းစံ''

ကောင်းစံ ငေးကြည့်နေသည်။

အတိတ်အကြောင်းဟူသည် ကြာလာသောအခါ ဟောင်းနွမ်းသွားတတ်သည်။ ထို့နောက် မေ့ပျောက်သွားတတ်သည်ဟု ဆိုရိုးရှိသော်လည်း ထိုအကြောင်းသည် မိလေးငယ်အဖို့ အချိန်နှင့်အမျှ သတိရစရာများ ဖြစ်လာခဲ့သည်။ အကျစ်အခဲ အမြစ်သဖွယ်လည်း စွဲ၍တည်လာခဲ့သည်။

ထို့ကြောင့် ခံစားချက် ဝေဒနာအစုကို ကောင်းစံ၏ရှေ့တွင် လင်းလင်းကြီး ဖွင့်ဟနေရချိန်ကြောင့် မိလေးငယ် မျက်ရည်စို့ကာ ရှိုက်နေမိသည်။ အသည်းနုသော မိန်းကလေးတို့၏ သဘောကို မြင်သာစေခဲ့သည်။ ထို့နောက် မျက်ရည်ကို သုတ်လိုက်ပြီး ရင်ဆံမှာရှိနေသည်ကို ပွင့်လင်းစွာဖြင့်ပင် ကောင်းစံအား မေးလိုက်လေသည်။

''မိငယ် ပညာဘဏ္ဍာတွေ ပြည့်စုံတဲ့တစ်နေ့မှာ လက်ထပ်ကြမယ်လို့ ပြောရင် ကောင်းစံ ဘယ်လိုခံစားရမှာလဲ''

ကောင်းစံက တစ်ချက်မျှ တွေနေလိုက်ပြီး ခေါင်းညိတ်သည်။ မိလေးငယ်က ကောင်းစံ၏ လက်ကလေးများကို ဆွဲပြီး ဖွဖွဆုပ်သည်။

ထိုအချိန်၌ မိုးချုပ်စပြုနေလေပြီ။

***

နောက်သုံးနှစ် ကြာသောအခါ–

စစ်ဝတ်စုံကို စမတ်ကျကျ ဝတ်ဆင်ထားသော ကောင်းစံလေးတစ်ယောက် မိလေးငယ်တို့အိမ်ရှေ့တွင် လာရပ်သည်။

''ဟယ် ... ကောင်းစံ၊ နင် ကောင်းစံဟုတ်ပါတယ်နော်''

မိလေးငယ်က တအံ့တသြပြောလိုက်၍ ကောင်းစံက ခေါင်းညိတ်သည်။ ထို့နောက် တစ်အောင့်ကြာအောင် ငေးနေလိုက်ကြပြီး မိလေးငယ်က –

''ကောင်းစံရယ် ... တကယ် အံ့သြစရာကြီးပါလား''ဟု ဆိုကာ ဆင်းကြိုလိုက်သည်။ ထို့နောက် အိမ်ဘေးက သစ်ရိပ်တွင် အတူထိုင်လိုက်ကြသည်။

''ကောင်းစံ ဆံပင်ညှပ်မယ်ဆိုပြီး တောင်ငူသွားတာ ပြန်ရောက်မလာဘူးလို့ပဲ ကြားလိုက်ရတယ်လေ။ ကြည့်စမ်း၊ အခုတော့ စစ်သားကြီးတောင် ဖြစ်လာပြီပဲ။ သုံးနှစ်ကြီးများတောင် ဘယ်သူ့ကိုမှ အသိမပေး၊ အကြောင်းလည်းမကြားဘဲ ဘယ်ကဘယ်လို စစ်သားကြီးဖြစ်သွားရတာလဲ ကောင်းစံရယ်။ တကယ် အံ့သြစရာကြီးပါလား''

''နောက်တော့ ကို စစ်သားဖြစ်သွားတဲ့အကြောင်းကို မိငယ်သိအောင် ပြောပြမယ်''ဟုဆိုကာ ကောင်းစံက သတင်းစာစက္ကူဖြင့် ထုပ်ထားသော အထုပ်ကလေးတစ်ထုပ်ကို မိလေးငယ်အား ထိုးပေးလိုက်သည်။

''ဘာတွေလဲ ကောင်းစံ''

''ဖြေကြည့်လေ၊ မိလေးငယ် အတွက် လက်ဆောင်ပေါ့''

မိလေးငယ်က ဆတ်ခနဲ ခေါင်းညိတ်ပြီး အထုပ်ကလေးကို ဖြေကြည့်လိုက်သည်။ မိန်းကလေးဝတ်စုံတစ်စုံနှင့် လွယ်အိတ်ကလေး တစ်လုံး။ ဖောင်တိန်လေးက တစ်ချောင်း။ ဖောင်တိန်လေးမှာ တရုတ်(ယု)ဖောင်တိန် ဖြစ်သည်။

''ဟယ် ... လှလိုက်တာ'' ဟုဆိုကာ မိလေးငယ်က တစ်ခုပြီးတစ်ခု စစ်ကြည့်နေသည်။

''အဲဒါ ဘာလူမျိုးတွေရဲ့ဝတ်စုံလဲ သိလား မိငယ်''

''အဲဒါ စဉ်းစားနေတာ''

''ကချင်''

''အေး ... ဟုတ်တယ်။ မြင်ဖူးပါတယ်လို့''

''ဘယ်မှာမြင်ဖူးလို့လဲ မိငယ်''

''ပြည်ထောင်စုပွဲတော်တွေမှာလေ''

ကောင်းစံက သဘောကျစွာ ရယ်သည်။

''တကယ်လှတာ။ အစက သူများတွေဝတ်တာပဲ မြင်ဖူးခဲ့တာ အခု



www.burmeseclassic.com

www.burmeseclassic.com

တော့ မိငယ်ကိုယ်တိုင် ဝတ်ခွင့်ရပြီပေါ့ နော်''

ကောင်းစံက ခေါင်းညိတ်သည်။ မိလေးငယ်က ယခုအချိန်အထိ ကချင်ဝတ်စုံလေးကို တစ်ခုချင်း စိုက်ကြည့်နေဆဲ ဖြစ်သည်။

''မိငယ် ...တို့တစ်နေရာကို သွားပြီး စကားပြောကြရင် မကောင်းဘူးလား''

မိလေးငယ် ပတ်ဝန်းကျင်များကို တစ်ချက်ကြည့်သည်။ ထို့နောက် .. အသက်ကို တစ်ချက်ရှူရှိုက်လိုက်ပြီး ကောင်းစံအား ကြည့်ကာ -

''ဘယ်ကိုသွားမှာလဲ ကောင်းစံ''

''မြတ်စေတီနောင် ဘုရားဘက်ကို သွားရအောင်။ အဲဒီမှာ ဘုရားဖူးရင်း စကားတွေအများကြီး ပြောကြမယ်လေ''

မိလေးငယ်က ခေါင်းညိတ်သည်။

***

ဦးစွာ ဘုရားဈေးဆိုင်တန်းက ပန်းဝယ်ကြသည်။ ထို့နောက် မယ်တော်စေတီ၊ နောင်တော်စေတီ၊ ညီတော်စေတီ စေတီတော်ကြီးများမှာ ပန်းကပ်လှူကြသည်။

ထို့နောက် ဘုရားဖူးပြီး ရင်ပြင်တော်၏ ထောင့်တစ်နေရာမှာ ထိုင်နားလိုက်ကြသည်။ ဘုရားကြီးနှင့် ပတ်ဝန်းကျင်ကို တစ်အောင့်ကြာအောင် ငေးကြည့်နေကြပြီး မိလေးငယ်က -

''ကောင်းစံ ဘယ်ကဘယ်လို စစ်တပ်ထဲသို့ ရောက်သွားတယ်ဆိုတာ ပြောပြမယ်ဆို''ဟု စကားစသည်။

''အဲဒါ မိငယ်သိချင်သလား''

မိလေးငယ်က ခေါင်းညိတ်သည်။

''အစကတော့ ကိုလည်း ရည်ရွယ်ချက်မရှိပါဘူး။ ဒါပေမဲ့ ကိုက မိငယ်ကို ချစ်မိနေပြီလေ။ ဒီတော့ နှစ်ကိုယ်တူ သဘောမှုပြီး ဘဝထူထောင်ရေးအတွက် ကိုယ်ပိုင်အလုပ်တစ်ခုတော့ရှိသင့်တယ်လို့တွေးရင်း တောင်ငူကို ဆံပင်ညှပ်ဖို့အသွားမှာ ဆေးရုံကြီးရှေ့ကိုရောက်တော့ တပ်မတော်က သင့်အား အလိုရှိသည်ဆိုတဲ့ ဆိုင်းဘုတ်ကိုဖတ်မိတာမှာ ဆုံးဖြတ်လိုက်တာပါ''

မိလေးငယ်က သဘောကျပြီး ရယ်သည်။

''ဟုတ်တယ်လေ။ စစ်ထဲဝင်လိုက်ရင် ကိုယ့်မှာ မိငယ်ကို လုပ်ကျွေးနိုင်တဲ့ ကိုယ်ပိုင်အလုပ်တစ်ခု ရသွားပြီ။ ပြီးတော့ တစ်ဖက်တစ်လမ်းက တိုင်းပြည်ကာကွယ်ရေးကို ထမ်းရွက်နေတာလည်း ဖြစ်တဲ့အတွက် မြင့်မြတ်သလို ဂုဏ်လည်း ရှိတယ်လေ''

''စစ်ထဲဝင်သွားတယ် ဆိုရင်လည်း စာရေးပို့လို့ပဲဖြစ်ဖြစ် အသိမပေးဘဲ သုံးနှစ်ကြီးများတောင် ခြေရာဖျောက် နေနိုင်တာကိုတော့ အံ့ပါရဲ့''

''အိမ်က မိဘတွေရော မိငယ်ပါ အံ့ဩနေကြပါစေဆိုပြီး တစ်ယောက်မှ အသိမပေးဘဲ နေတာလေ။ သင်တန်းဆင်းတာနဲ့ ဦးစွာ ရောက်မြို့တစ်ရင်းမှာ တာဝန်ကျတယ်။ ရှေ့တန်းအနေနဲ့တော့ ကချင်ပြည်နယ်ဘက်ကိုပဲ ထွက်ရတာများပါတယ်။ ဒါကြောင့် မိငယ်အတွက် ကချင်ဝတ်စုံလေး ဝယ်လာတာပေါ့''

မိလေးငယ်က ငြိမ်နားထောင်နေပြီး ''မိငယ်လည်း စဉ်းစားဖူးတာတော့ ရှိပါတယ်။ ကောင်းစံနဲ့ မိငယ်တို့သာ တကယ်ယူကြမယ့် အခြေအနေရောက်လာရင် အနည်းဆုံး ကောင်းစံကို ကားမောင်းသင်တန်းသော်လည်း တက်ခိုင်းမလို့ပါပဲ''

''ကားသမားလည်း အိမ်ထောင်မှုမှာ အရေးပါတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ စစ်သားလောက် မမွန်မြတ်ဘူး။ ပြီးတော့ စစ်သားက တက်လမ်းရှိတယ်။ လုပ်သက်နဲ့ တိုက်ပွဲ ထူးချွန်ခဲ့ရင် စတာတွေက ဂုဏ်ရှိသလို အရစ်၊ အပွင့်တွေလည်း ရလာဦးမယ်ဆိုတော့ ...''

''မိငယ် ဗိုလ်ကတော် ဖြစ်ရဦးမယ်ပေါ့ အဲလိုလား''

မိငယ်လေးက ဖြတ်ပြောလိုက်၍ နှစ်ယောက်သား ဟိုးဟိုးလေး ရယ်လိုက်ကြသည်။ ကောင်းစံလည်း ယခင်ကောင်းစံမဟုတ်တော့။ စစ်သားလေးကောင်းစံ ဖြစ်နေပြီ။ နယ်အတော်များများကို နင်းခဲ့ပြီ။ ထက်/အောက် လူကြီးလူကောင်း အတော်များများနှင့်လည်း ပေါင်းသင်းဆက်ဆံ ပြောဆိုနေဖူးပြီ။ ထို့ကြောင့် ပြောရဲဆိုရဲ ပြောတတ်ဆိုတတ် ရှိလာနေပြီ။

ယခင်အခါက မိလေးငယ်နှင့် ကောင်းစံတို့မှာ ဘဝချင်း အဆက်အစပ် ကွာဟလျက်ရှိခဲ့သည်။ ထို့ကြောင့်လည်း မည်သည့်စကားကိုဖြစ်စေ မိလေးငယ်နှင့် ယှဉ်၍မပြောရဲသည်အထိ နှုတ်ဆွံ့နေခဲ့ဖူးသည်။ ယခုတော့ အရွယ်ကလေး ရှိလာခဲ့သလို ဂုဏ်ဖဆင့်ချင်းလည်း တူသလို ရှိလာနေ၍ နှုတ်သွက်လျှာသွက် ရှိ



www.burmeseclassic.com

www.burmeseclassic.com

နေလေပြီ။

"မိငယ် ‥ ကိုယ်တို့နှစ်ယောက် နောင် ဒါမျိုးကြုံဆုံဖို့ဆိုတာ မလွယ်ဘူး။ ကိုယ်က တစ်ခါလာမှ ခွင့် ၁၀ ရက်ပဲ ရတာဆိုတော့ အခုတွေ့ဆုံခွင့်လေး ရနေတုန်း ဘဝရှေ့ရေးအတွက် ပြတ်သားတဲ့စကားလေးတွေကို ပြောချင်တယ်ကွာ"

"ပြောလေ ကောင်းစံ"

"ဒီတော့ ကိုယ်တို့တွေ ဘယ်တော့လောက် လက်ထပ်ကြမလဲ"

မိလေးငယ် နှုတ်ဆိတ်နေသည်။ တစ်နေရာကို ငေးနေသည်။ ထို့နောက်မှ "ကောင်းစံရဲ့သဘောပါ" ဟု မယုတ်မလွန် ပြောလိုက်သည်။

"ကိုယ်ကတော့ နောက်နှစ်ခွင့်ပြန်ချိန်မှာ မိငယ်နဲ့ လက်ထပ်ချင်တယ်ကွာ"

မိလေးငယ်က ခေါင်းညိတ်သည်။

လူငယ်များ ဖြစ်သည့်အလျောက် ဆုံးဖြတ်ချက်မြန်ပြီး စိတ်ကူးယဉ်လည်း ဆန်ကြသည်။ ချက်ချင်းပင် မယ်တော်ကြီး ဒေါ်ဝဏ္ဏသိဂီ၏ ရုပ်တုတော်ရှေ့မှာပင် သစ္စာစကားကို ပြောကြားကြလေသည်။

"သည်နေ့ သည်အချိန်မှစပြီး ကောင်းစံနှင့် မိလေးငယ်တို့သည် သံသရာဆုံးတိုင် မွေ့လက်တွဲ၍ မခွဲဘဲ ချစ်ကြမည်" စသည်ဖြင့်။

ဤမယ်တော်ကြီးသည် ဘုရင့်မယ်တော်(မိဖုရားကြီး)အဖြစ်မှ ဆင်းသက်လာခဲ့သည်။ သက်တော်ထင်ရှားရှိစဉ်ကပင် သီလ၊ သမာဓိရှိပြီး တရားဘာဝနာ၌ ထုံသည်။ နတ်ရွာစံပြီးနောက် ယခုတိုင်အောင်လည်း ဤနေရာပတ်ဝန်းကျင်၌ ဘုရားစောင့် နတ်စိမ်းမကြီးအဖြစ်ဖြင့် တည်ရှိနေသည်ကို ဤပတ်ဝန်းကျင်တွင် နေထိုင်ကြသော လူအားလုံးတို့ပင် သိဖူးမြင်ဖူးကြသည်။

ထို့ကြောင့် ဤမယ်တော်ကြီး၏ အထံ၌ သစ္စာဆိုလျှင် တည်မြဲပြီး စူးရှခြင်းလည်းရှိသည်။ သစ္စာဖောက်သူများ အေးရောက်ကြသည်။ သစ္စာတည်မြဲကြသူများလည်း (အကြောင်းတစ်ခုခုကြောင့်) တစ်ယောက်သေဆုံးလျှင် ကျန်တစ်ယောက်ပါ လိုက်သေတတ်သည်ဟု ဆိုကြသည်။

(တစ်ယောက်သေဆုံး၍ ကျန်တစ်ယောက်ပါသေဆုံးရခြင်းမှာ သစ္စာမြဲ၍ နောက်ဘဝတစ်ခုတွင် ပြန်ဆုံကြရန် အကြောင်းခံသောကြောင့်ဟု ယူဆရသည်။) ထို့ကြောင့် တော်ရုံစုံတွဲများ ဤမယ်တော်ကြီး ဒေါ်ဝဏ္ဏသိဂီ၏ ရှေ့တော်၌ သစ္စာမဆိုရဲကြပေ။

"မိငယ် ကိုယ်ယူလာတဲ့ ကချင်ဝတ်စုံလေးကို မကြိုက်ဘူးလား"

မိလေးငယ်က ခေါင်းညိတ်လိုက်ပြီး "အင်း ‥‥ ကြိုက်တယ်" ဟု ဆိုသည်။

"ကြိုက်ရင် နောက်နှစ် ကိုယ်ပြန်လာတဲ့အခါ အဲဒီဝတ်စုံလေးကို ဝတ်ဆင်ပြီး ကြိုရမယ်နော်"

မိလေးငယ်က ခေါင်းညိတ်သည်။

ထို့နောက် ဘုရားရင်ပြင်တော်များကို လက်အုပ်က လေးများချီကာ တစ်အောင့်ကြာအောင် လျှောက်လည်နေကြသည်။ ပြီးမှ အရှေ့ဘက် ပြုးချောင်းဆီသို့ အပြေးကလေး ဆင်းသွားကြသည်။ ကြည်နူးခြင်းများဖြင့် ပြည့်နေကြသည်။

ကလေးများသဖွယ် ရေထဲလက်နှိုက်ပြီး ပလုံစီအောင် မွှေနှောက်ကာ ဆော့ကစားကြသည်။ ရေလယ်သို့ရောက်အောင် တံတွေးထွေး ပြိုင်ကြသည်။ မိလေးငယ်က သူ့လက်လေး နှစ်ဖက်ကိုဖြန့်ကာပြီး ရေမှုာလေးများဖြင့် ကောင်းစံအား လှမ်းပက်ကာ သူ့ဘာသာဘာသူ သဘောကျပြီး တခစ်ခစ် ရယ်သည်။

ကောင်းစံက ပြန်ပက်မည်ပြုရာ သူ့ကိုယ်လေး ကျုံ့ကုပ်ပြီး မျက်နှာလေးဖွက်ကာ တိုးတိုးလေး အော်သည်။ ထို့ကြောင့် ကောင်းစံက မပက်ဘဲ နေသည်။

အနောက်ဘက် တောင်ဆီ၌ နေသစ်ဖျားတင်မှ ပြန်လာကြသည်။ ကောင်းစံက ချောင်းဖြတ် ဝါးတံတားလေးထိ မိလေးငယ်အား လိုက်ပို့ပေးသည်။

***

"ကြီးရွှေ ‥‥ ကြီးရွှေ"

ကိုပုတု လမ်းမကပင် လှမ်းခေါ်သည်။ ထို့ကြောင့် ဒေါ်ရွှေတုတ် (ကောင်းစံ၏မိခင်) ဆန်၊ စပါးလုံးရွေးရင်း မျက်မှန်ကို နဖူးသို့တင်လိုက်ကာ ကြည့်သည်။

"ဟာင် ‥‥ ပုတုပါလား"

"ဟုတ်တယ် ကြီးရွှေ။ ညီမလေး အကောင်းပကတိကနေ ဘယ်လိုဖြစ်လာမှန်းမသိဘူး ကယောင်ကတမ်းတွေ ပြောနေပါတယ်။ ဒါကြောင့် အဖေနဲ့ အမေက ဦးဒိုး (ကောင်းစံ၏ဖခင် ဦးပန်ဒိုး)နဲ့ ကြီးရွှေတို့ကို ခေါ်ပေးပါဆိုလို့ ကျွန်တော် ပြေးလာခဲ့တာပါ"

"ဩော် ‥‥ မိလေးငယ် ဘယ်လိုဖြစ်လို့များ ကယောင်ကတမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com

ပြောနေလို့လဲ ပေပုတရယ်။ ဒီလိုဆိုရင် ဆရာ ခေါ်မပြုကြဘူးလား''

''နောက်တော့ ခေါ်သင့်ခေါ်ရမှာပေါ့ ကြီးရွှေရယ်။ အခု ညီမလေးက ကယောင်ကတမ်းတွေ ပြောပြီး ကောင်းစံရဲ့နာမည်ကိုလည်း ခဏခဏခေါ်နေပြောနေလို့ အဖေနဲ့ အမေတို့က ဦးဒိုးနဲ့ ကြီးရွှေကို အတင်းခေါ်ခိုင်းလိုက်လို့ ကျွန်တော် ပြေးလာခဲ့တာပါ။ ဦးဒိုးနဲ့ ကြီးရွှေတို့ ချက်ချင်းလိုက်ခဲ့စေချင်ပါတယ်''

ဦးပန်းဒိုးနှင့် ဒေါ်ရွှေတုတ်တို့လည်း ချက်ချင်းပင် ကိုပုတုနှင့်အတူ ထွက်လိုက်လာကြလေသည်။ မိငယ်လေး အမောဖောက်နေသည်။ ကောင်းစံကိုလည်း ခေါ်နေပြောနေ သည်ဟု ဆို၍ ကျန်းမာရေးအခြေအနေ ဆိုးရွားနေကြောင်း သိလိုက်ကြသဖြင့် မိငယ်လေး တစ်စုံတစ်ခု မဖြစ်ပါစေနှင့် ဟူ၍သာ ဒေါ်ရွှေတုတ်တို့ လင်မယားမှာ (အသံတိတ်) ဆုတောင်းလာကြလေသည်။

(ဆိုခဲ့သည့်အတိုင်း သူတို့မောင်နှမ လေးယောက်တွင် ကျောင်းနေစဉ်အရွယ်ကပင် ကောင်းစံနှင့်ပတ်သက်ပြီး အစ်ကိုသုံးယောက်တို့က ဒေါ်ရွှေတုတ်တို့မိသားစုနှင့် ရင်းနှီးဖော်ရွေစွာ ရှိနေကြသော်လည်း မိငယ်လေ ခပ်တန်းတန်းသာ နေလာခဲ့သည်။ ထို့နောက် မိလေးငယ်နှင့် ကောင်းစံတို့ ချစ်ကြိုက်ကြပြီးနောက် သူ့အစ်ကိုများနည်းတူ မိလေးငယ်လည်း ဒေါ်ရွှေတုတ်တို့မိသားစုနှင့် ရင်းရင်းနှီးနှီး နေလာခဲ့သည်။ ဒေါ်ရွှေတုတ်တို့အိမ်ကိုလည်း မကြာခဏပင် အဝင်အထွက်ရှိလာခဲ့သည်။

ကုန်ခဲ့သည့်နှစ်က ကောင်းစံနှင့် မိလေးငယ်တို့ နှစ်ယောက်သဘောတူ တစ်နှစ်အတွင်း လက်ထပ်ကြတော့မည်ဟု ဆုံးဖြတ်ချက်စကားကို အတည်ပြုပြောဆိုလိုက်ကြပြီးနောက်တွင် ပိုမိုရင်းနှီးစွာ ဆက်ဆံလာသည်။ သူတို့၏ လူငယ်ကိစ္စ (အချစ်ရေး/အိမ်ထောင်ရေး) ကိစ္စများနှင့် ပတ်သက် ပြီးလည်း မိလေးငယ်ကပင် ဦးပန်းဒိုးနှင့် ဒေါ်ရွှေတုတ်တို့အား ပွင့်လင်းစွာဖြင့် ဖွင့်ဟပြောပြသည်။

ထို့ကြောင့် ဦးပန်းဒိုးနှင့် ဒေါ်ရွှေတုတ်တို့မှာ သာ၍ပင် မိလေးငယ်အား အချစ်ပိုကာ တစ်ဦးနှင့်တစ်ဦး မိရင်းဖရင်း၊ သားရင်း သမီးရင်းသဖွယ် ချစ်ခင်ရင်းနှီးစွာဖြင့် နေလာခဲ့ကြသည်။ ကောင်းစံ ရေ့တန်းမှာ ကျဆုံးကွယ်လွန်သွားသည့်တိုင်အောင်လည်း သံယောဇဉ်မပြတ်ခဲ့ကြပေ။ ထို့ကြောင့် ယခု မိလေးငယ် ကျန်းမာရေး ဆိုးရွားနေသည်ဟု သိလိုက်ရသောအခါ ဒေါ်ရွှေတုတ်တို့ လင်မယားမှာ စိုးရိမ်စိတ်များပိုပြီး အပြေးတစ်ပိုင်းဖြင့်ပင် လိုက်လာကြလေသည်။)

***

မိလေးငယ်သည် ညဉ့်ခန်းတွင် ဘစောင်းကွေးကွေးလေး အိပ်ပျော်နေသည်။ ဦးပန်းဒိုးနှင့် ဒေါ်ရွှေတုတ်တို့ မမြင်ဖူးသော သစ်လွင်တောက်ပသည့် ဝတ်စုံလေးကို ဝတ်ဆင်ထားပြီး လွယ်အိတ်ကလေးကိုလွယ်ကာ မောင်းတိန်လေးတစ် ချောင်းကိုလည်း ရင်ဘတ်မှာ ချိတ်ထားသေးသည်။ အသက်ကို ပြင်းပြင်းရှူရှိုက်နေသည်။

''ဒါက ကချင်ရိုးရာဝတ်စုံတဲ့။ ကုန်ခဲ့တဲ့နှစ်က ကောင်းစံ လက်ဆောင်ပေးခဲ့တာ။ အဲဒီဝတ်စုံလေး လဲပေးပါဆိုလို့ ခုတင်ကပဲ သူ့အမေက လဲဝတ်ပေးလိုက်တာ''ဟု မိလေးငယ်၏ဖခင် (တောင်ဘက် ဒိုးသောင်ရွာသူကြီး) ဦးဖိုးထိန်က ပြောပြသည်။ မိခင်ဖြစ်သူ ဒေါ်ဖယ်ကွန့်မှာ သမီးသောကကြောင့် ဘာမျှမပြောနိုင်ဘဲ ရှိုက်၍သာနေသည်။

ဦးပန်းဒိုးနှင့် ဒေါ်ရွှေတုတ်တို့မှာ ရိုးအပြီး ဗဟုသုတနည်းသော တောသူတောင်သားများ ဖြစ်ကြသည့်အလျောက် ကချင်ဝတ်စုံကို ယခုမှ မြင်ဖူးကြသည်။ ပင်ကိုရုပ်ရည်ချောပြီး အသားအရေများ ဖြူဖွေးပြောင်ဝင်းနေသည့် မိလေးငယ်နှင့် တောက်စိုနေသည့် ကချင်ဝတ်စုံသည် သာ၍ပင် လိုက်ဖက်လျက်ရှိနေသည်။

တစ်အောင့်အကြာတွင် မိလေးငယ် မျက်စိဖွင့်ကြည့်လာသည်။ မျက်လုံးကလေးကိုလည်း၍ကြည့်ရင်း ဦးပန်းဒိုးနှင့် ဒေါ်ရွှေတုတ်တို့ကို မြင်သွားသည်။

''ဟင် . . . ဦးကြီးဒိုးနဲ့ ကြီးရွှေတို့ ရောက်နေကြသလား''

ဟု မိလေးငယ်က မေးသည်။

''ဟုတ်တယ် သမီး။ ဦးကြီးဒိုးနဲ့ ကြီးရွှေတို့ သမီးလေးနေထိုင်မကောင်းဘူးဆိုလို့ လာကြတာကွယ့်''

ဟု ဒေါ်ရွှေတုတ်က ပြောသည်။

''ဪ . . . ဟုတ်၊ ကောင်းစံကော ကောင်းစံမပါဘူးလား''

''ကောင်းစံဆုံးသွားပြီလေ သမီးလေးရဲ့။ သူ့တပ်ရင်းက သတင်းလာပို့လို့ မနေ့ကပဲ သူ့အတွက် ရည်မှန်းပြီး ကုသိုလ်ကောင်းမှုတွေ လုပ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

ကြတယ်။ သမီးလေးတို့ တစ်အိမ်လုံး တောင် ဖိတ်လို့ ပေတို့ညီအစ်ကိုတွေ ရော အမေနဲ့ အဖေတို့ပါ လာကြသေး တာပဲ''

''ရှင် ...အဲဒါတွေ တစ်ခုမှ မဟုတ်ဘူး ကြီးရွှေ။ ကောင်းစံ မသေ ပါဘူး။ ကြီးရွှေတို့က ကောင်းစံ စစ်ပွဲ ကျလို့ သေဆုံးသွားတယ်ဆိုပြီး ကု သိုလ်ကောင်းမှုတွေပြုလုပ်လို့ သမီးတို့ တစ်အိမ်လုံးကို ဖိတ်တဲ့အတွက် သမီး လည်း စိတ်မကောင်းစွာနဲ့ လာခဲ့တာ ပဲ။ ဒါပေမဲ့ တောင်ဘက်ကူးတို့ဆိပ်က ကုက္ကိုပင်ကြီးအောက်မှာ ကောင်းစံနဲ့ တွေ့ပါတယ်။ ဒါကြောင့် သမီး ကြီးရွှေ တို့အိမ်ကို မလာတော့တာပါ။ သူနဲ့ပဲ ဝါးတံတားအောက်ဘက် သောင်ဝန်း ဆီက သဲနုနုလေးတွေမှာ လျှောက် သွားနေကြတယ်။ ကောင်းစံက ပြော ပါတယ်။ သူ တပ်ရင်းကို မပြန်တော့ ဘူး။ သမီးနဲ့ လက်ထပ်ပြီးပဲ နေတော့ မယ်တဲ့။ ဒါကြောင့် ကောင်းစံ မသေ ပါဘူးလို့''

''ဟင် ... သမီးလေး ဘာတွေ ပြောနေတာလဲ ဒုက္ခပါပဲ''

ဟု မိခင်ဖြစ်သူ ဒေါ်ဇယ်ကွန့်က အော်လိုက်ပြီး မိလေးငယ်ကို ဖက် ထားလိုက်သည်။ အခြားလူများလည်း မျက်လုံးပြူးနေကြသည်။

ဒေါ်ဇယ်ကွန့်က မိလေးငယ်၏ ယော်ထိပ်ကို လက်နှင့်အုပ်ကာ တဖူး ဖူးမှုတ်သည်။ နမောတဿ၊ သရဏ ဂုံ၊ ဣတိပိသော စသည့် ဂုဏ်တော် ဂါထာတော်များကိုလည်း ရွတ်သည်။

''ဟင် ...မေမေ ဘာဖြစ်နေ တာလဲ။ သမီးပြောတာကို မယုံဘူး လား။ တကယ် ကောင်းစံမသေဘူး။ ခုညနေတောင် ၄ နာရီလောက်ဆို နေအေးသွားရင် မြူးချောင်းဘက် လျှောက်လည်ကြမယ်။ သူတောင် ဘက်ကမ်း ကုက္ကိုပင်ကြီးအောက်က စောင့်နေမယ်။ သမီးကို လာခဲ့ပါလို့ တောင် ပြောသေးတယ်''

ဟု ဆိုကာ မိလေးငယ်သည် ခေါင်းရင်းက တိုင်ကပ်နာရီကြီးကို လှမ်းကြည့်သည်။ ညနေ ၄ နာရီ ထိုး ရန် ငါးမိနစ်အလို။

ထို့ကြောင့် ...ဦးဖိုးထိန်နှင့် ဒေါ်ဇယ်ကွန့်တို့မှာ သူတို့ သမီးလေး စိတ်သည် ပုံမှန်မဟုတ်တော့ဘူးဟု သိလိုက်ကြသည်။ စိုးရိမ်စိတ်လည်း အမြင့်ဆုံးသို့ ရောက်သွားကြလေ သည်။ ထို့ကြောင့် ဒေါ်ဇယ်ကွန့်မှာ အသံကျယ်ကျယ်ဖြင့် ဂုဏ်တော်၊ ဂါထာတော်များကို အဆက်မပြတ် ရွတ်လေသည်။

''ဟင် ...အမေ၊ ဘာတွေ အော်နေတာလဲ။ အမလေး ပူလိုက် တာ ...ပူတယ်၊ ပူတယ် ...အမေ တော်ပါတော့''

မိလေးငယ် တအားရုန်းကန်ပြီး အော်ပြောသည်။ ထို့ကြောင့် ဒေါ်ဇယ် ကွန့်မှာ သာ၍ပင် ဂုဏ်တော်၊ ဂါထာ တော်များကို မပြတ်ရွတ်သည်။ ဦးဖိုး ထိန်လည်း ပရိတ်ကြီး ၁၁ သုတ်ကို အသံကျယ်ကျယ်ဖြင့် အော်၍ ရွတ် ပေးလေသည်။

ထို့ကြောင့် ပရိတ်ကြီးသံ၊ ဂုဏ် တော် ဂါထာတော်များ၏အသံကို နား မခံနိုင်၍ပင်လားမသိ မိလေးငယ်သည် ရုန်းရင်း၊ ကန်ရင်း၊ အော်ရင်းဖြင့် တဖြည်းဖြည်း ငြိမ်ကျသွားလေသည်။

တစ်အိမ်လုံးလည်း အော်သံ၊ ငို သံများဖြင့် ဆူညံသွားလေသည်။

ထိုအချိန်၌ ညနေ ၄ နာရီတိတိ ဖြစ်သည်။

***

မိလေးငယ်ကို ရက်လည်ပြီး နောက် သတင်းတစ်ရ သိုးသိုးသန့် သန့် ထွက်လာသည်။ ညအချိန်များ တွင် မိလေးငယ်နှင့် ကောင်းစံတို့ကို ဝါးတံတားလေးတွင် တွေ့ကြသည်ဟူ ၍ ဖြစ်သည်။

ထို့နောက် ထိုသတင်း ကျယ် ပြန့်လာသည်။ လူပြော သူပြော များ လာသည်။ ဝါးတံတားလေး၏အောက် ဘက် သဲသောင်တစ်လျှောက်နှင့် မအူ ပင်တန်းများတွင်လည်း တွေ့ရသည် ဟု ဆိုကြသည်။

ထိုသတင်းသည် ထိုမျှဖြင့် ပြီး ဆုံး၍မသွားပေ။ ဆိုခဲ့သည့်အကြောင်း အရာများမှာ နွေရာသီတွင်ဖြစ်သည်။ ထို့နောက် မိုးရာသီသို့ ရောက်လာခဲ့ သည်။

မိုးရာသီ၌ သောက်ရေခပ်ချောင်း ကြီးကွင် တောင်ကျရေများ ပြည့်လျှံ နေသည်။ ထိုအချိန်တွင်လည်း ... မြောက်ဘက်ကမ်း ကုက္ကိုပင်ကြီး အောက်၌ မိလေးငယ်ကို တွေ့ရသည် ဟုလည်း ဆိုကြပြန်သည်။

ကွယ်လွန်သွားကြစဉ်က ဝတ် ဆင်ထားသည့်အတိုင်း မိလေးငယ်မှာ ကချင်ဝတ်စုံနှင့်ဖြစ်၍ တစ်မူထူးပြီး ပို၍ ပင် လှပနေသည်ဟု တွေ့ဖူးသူတိုင်း က ပြောကြသည်။

သူတို့နှစ်ဦးကို နတ်စိမ်းတစ်မျိုး နှယ်စုတွင် ပါဝင်သည်ဟု ဆိုရမည် ထင်သည်။ တစ္ဆေ၊ သရဲအားလုံးကို



www.burmeseclassic.com

www.burmeseclassic.com

စုပေါင်းကာ ပြိတ္တာဟု ဆိုကြသည်။ ထိုပြိတ္တာပေါင်းလည်း ခြောက်ဆယ် ကျော်ရှိသည်။

အနိမ့်ဆုံးပြိတ္တာများမှာ နေရာမဲ့ စားရမဲ့ အနေဆိုး ဘဝဆိုးများမှာသာ ကျင်လည်ကြရသည်။ မကျွတ်မလွတ် မချင်း ဒုက္ခမျိုးစုံကို ခံစားပြီး နေကြရ သည်။

အဆင့်မြင့်သော နတ်ပြိတ္တာများ မှာ နေစရာ၊ စားစရာရှိပြီး ဘုံပြာသာဒ် နီးပါး ကောင်းမွန်သည့် အဆောက် အအုံများမှာနေထိုင်ကြရသည်။ တချို့ မှာ စတုမဟာရာဇ် နတ်သဘင် အစည်းအဝေးကို သွားရသည်အထိ ပင် အဆင့်မြင့်ကြသည်။

ယခု ကောင်းစံနှင့် မိလေးငယ် တို့မှာလည်း အဆင့်မြင့်သော နတ်စိမ်း ဘဝတွင် ရှိနေကြသည်ဟု ဆိုနိုင်သည်။ သူတို့သည် လူများအား ခြောက်လှန့် ခြင်း၊ ဖမ်းစားခြင်း၊ ဖေါ်စာပစ်ရခြင်း ဟူ၍လည်း တစ်ကြိမ်တစ်ခါမျှ မရှိဖူး ပေ။ သူတို့နှင့် တွေ့ဖူးကြသူအား လုံးတို့က ကောင်းစံနှင့် မိလေးငယ်တို့ သည် –

ဝါးတံတားလေး၌ ခြေထောက် နှစ်ဖက်ကို တွဲလောင်းချ၍ တစ်ဦးနှင့် တစ်ဦး၊ ကြည်နူးစွာဖြင့် ပြောဆိုရယ် မောနေကြသည်။

ဝါးတံတားလေး၏ အောက် ဘက် သဲသောင်တန်းလေးတွင် သဲနုနု လေးများကို နင်းလျှောက်ရင်း တစ်ဦး နှင့်တစ်ဦး ကလေးငယ်များသဖွယ် ပြေးတမ်းလိုက်တမ်း ဆော့ကစားနေ ကြသည်။

မအူပင်တန်းလေးတွင် ထိုင် ၍/ရပ်၍ အဝေးဆီသို့ ငေးမျှော်ကြည့် နေကြသည်။

မိုးရာသီ၌ သောက်ရေခပ်ချောင်း ကြီး ရေလျှံနေချိန်တွင် မိလေးငယ် သည် တောင်ဘက်ကမ်း ဒိုးသောင်ရွာ ဆိပ်၏ မအူပင်ကြီးအောက်၌လည်း ကောင်း၊ ကောင်းစံသည် မြောက် ဘက်ကမ်း ဒိုးသောင်ရွာဆိပ်၏ ကုက္ကို ပင်ကြီးအောက်၌လည်းကောင်း တစ် ယောက်ကိုတစ်ယောက် မျှော်ကြည့် နေကြသည် စသည်ဖြင့် ပြောဆိုကြ သည်။ အများအားဖြင့် လပြည့်ညများ မှာသာ သူတို့ကို တွေ့ကြရကြောင်း လည်း တွေ့ဖူးသူတိုင်းက ဆိုကြသည်။

စာကြွင်း ။ ။ ဤအကြောင်း ကား ကြာခဲ့ပြီး ရာစုနှစ် တစ်ဝက် ကျော်ခဲ့ပြီ။

ဤစာရေးသူ၏ဇာတိမှာ ကျက် သောင်းချောင်းရွာ ဖြစ်သည်။ ကျက် သောင်းချောင်းရွာနှင့် ဒိုးသောင်ရွာ အကြားတွင် ခရီးသုံးမိုင်ကျော်မျှသာရှိ သည်။ ဤစာရေးသူ ကျောင်းနေချိန် တွင် ဒိုးရွာသို့ပြောင်းပြီး ကျောင်းတက် ခဲ့ရသည်။

ထိုအချိန်၌ ကောင်းစံနှင့် မိလေး ငယ်တို့၏အကြောင်း (တင်ပြခဲ့သည့် အကြောင်းအရာများ သည်လည်း လူ တိုင်း၏နှုတ်ဖျား၌ ပုံပြင်သို့ တွင် ကျန်ရှိနေသည်။

ကောင်းစံနဲ့ မိလေးငယ်တို့သည် သမီးရည်းစားဘဝ၌ မယ်တော်ကြီး ဒေါ်ဝဏ္ဏသီရိ၏ထံတော်ပါးတွင် သစ္စာ ဆိုပြီး ဆုတောင်းခဲ့ကြဖူးသည်။

"မည်သည့်ဘဝကို ရောက်သည် ဖြစ်စေ ဘဝဆက်တိုင်း မခွဲဘဲ ရွှေ လက်တွဲ၍ ပေါင်းရစေကြောင်း .."

စသည်ဖြင့်။

ထို့ကြောင့် ဆုတောင်းပြည့်သည်။ ကောင်းစံ ရှေ့တန်းမှာ ကျဆုံးပြီး နောက် ရက်ပိုင်းအတွင်း မိလေးငယ်ပါ ထပ်ဆုံးသွား၍ နတ်စိမ်းဘဝမှာ အတူ ဖြစ်နေကြသည်ဟု ပြောဆိုနေကြ သည်ကို ယနေ့တိုင်အောင်ပင် မှတ်မိ နေသည်။

ဤစာရေးသူ ဒိုးသောင်ရွာ ကျောင်းမှ လေးတန်းအောင်ပြီးနောက် တောင်ငူမြို့ပေါ်သို့ပြောင်းပြီး ကျောင်း တက်ခဲ့ရသည်။

တပ်မတော်ထဲသို့ ဝင်ရောက် ပြီးနောက် နှစ်ပေါင်း ၅၀ ကျော် အတွင်းတွင် ဇာတိရွာသို့ သုံးခေါက်မျှ သာ ပြန်ရောက်ဖြစ်တော့သည်။

ထို့ကြောင့် ကောင်းစံနှင့် မိလေး ငယ် (ဦးကောင်းစံနှင့် ဒေါ်မိလေးငယ်) တို့သည် ယခင်အတိုင်းပင် ယနေ့တိုင် အောင် ရှိနေကြသေးသလား၊ ကျွတ် လွတ်သွား၍ပင် မရှိကြတော့ဘူးလား စသည်ဖြင့် ကြောင်းစုံခြင်းရာ အဖြာ ဖြာများကို တစ်ခုမျှ မသိတော့ပေ။

အကယ်၍ ဦးကောင်းစံနှင့် ဒေါ်မိလေးငယ်တို့သည်သာ ထိုထို နေရာဒေသ၌ဖြစ်စေ၊ အခြားနေရာ ဒေသ တစ်ခုခု၌ဖြစ်စေ ယခင်ကကဲ့သို့ နတ်စိမ်းအဖြစ်ဖြင့်သာ တည်ရှိနေကြ မှု တတ်စွမ်းသမျှ ကျွန်ုပ် ရေးဖွဲ့သီကုံး လိုက်သည့် ဤစာစုကို ၎င်းတို့သည် ဖြစ်ရာဘုံ တည်ရာဘဝ သိနိုင်၊ ကြား နိုင် နားလည်နိုင်ကြပါစေဟူ၍ ...။

စာဖတ်သူများအား အစဉ်ထာ ဝရ လေးစားလျက် ...

**ထွန်းတောက်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသား ပုံရိပ်ရှင်

( ရွှေရောင်ပြန် အခန်းဆက်ရသ )

မြန်နီးရှင်

"ဒင်း . . . ဒေါင်"

အခန်းတံခါး ဘဲလ်မြည်သံကြောင့် 'မဟာနွယ်ဖင်'၏ မာမီက သူမတရားထိုင်ချိန်ပြည့်ပြီဖြစ်ကြောင်း သတိပေးလိုက်ခြင်း ဖြစ်ပါသည်။

နေ့စဉ်နေ့တိုင်း ကိုယ်ကာယလေ့ကျင့်ခန်းများအပြီး ယခုကဲ့သို့ ယောဂလေ့ကျင့်ခြင်းဖြင့် သူမ၏ စိတ်သမာဓိကို လေ့ကျင့်ခြင်းဖြင့် သူမ၏ စိတ်ကို တည်ငြိမ်အောင် ကြိုးစားထိန်းချုပ်ကာ 'မဟာနွယ်ဖင်'၏ ကျန်းမာရေးအတွက် နေ့စဉ်ပုံမှန် ဆောင်ရွက်ချက်ဖြစ်သည်။ နံနက်ခင်းစာ ကော်ဖီသောက်သုံးရန်အဆင်သင့်ဖြစ်ကြောင်း သူမ၏မာမီက အခန်းအပြင်မှ ထပ်မံလူခေါ်ဘဲလ်ကိုနှိပ်၍ ခေါ်နေပြန်လေပြီ။

"ဒင်း . . . ဒေါင်"

သည့်တစ်ခါမှာတော့ ရှုရှိုက်နေသော တင်ပျဉ်ခွေအနေအထား ခန္ဓာကိုယ်အား အသာအယာအကြောအား လျှော့ကာ မျက်လုံးကို အသာအယာဖွင့်လိုက်ပြီး ဒူးနှစ်ဖက်ပေါ် ဖြန့်တင်ထားသော လက်ဝါးနှစ်ဖက်ကို လက်သီးဖွဖွဆုပ်လိုက်ပြီး ခန္ဓာကိုယ်အား တင်ပျဉ်ခွေအနေအထားမှ ယိုင်လဲမသွားအောင် ထိန်းမတ်ရင်း မတ်တတ်ရပ်အသွင် ပြောင်းရပ်လိုက်လေတော့သည်။ ထိုသို့ လုပ်ဆောင်ရင်းမှပင် –

"ရက်(စ်) မာမီ"

ဟု ပြန်ထူးရင်း အသံပေးလိုက်ရသည်။ နို့မို့ ဒုတိယအကြိမ် တံခါးဘဲလ်မြည်သံနှင့်အတူ မာမီကိုယ်တိုင် တံခါးဖွင့်၍ အခန်းတွင်းသို့ ဝင်လာပေတော့မည်။

ချွေးစို့နေသော အင်္ကျီလဲရန် အဝတ်လဲခန်းသို့ အမြန်ဝင်ကာ ခန္ဓာကိုယ်အနှံ့ (Snow Tower) အကြီးစားဖြင့် သုတ်သင်သန့်ရှင်းစေကာ အဝတ်စားလဲပြီး ထမင်းစားခန်းသို့ ဆင်းလာခဲ့တော့သည်။

"ဟိုင်း . . . ဒေဘီဒေါလ်"

"ဟိုင်း . . . မာမီ"

"မောနင်း ဘေဘီဒေါလ်"

"မောနင်း ဒက်ဒီ"

နှုတ်ဆက်သံများနှင့်အတူ မဟာနွယ်ဖင်တို့ မိသားစု၏ နံနက်ခင်း ကော်ဖီသောက်ခြင်းအလုပ်ကို စတင်ကြပြီ ဖြစ်လေသည်။

သူမ အလွန်ကြိုက်သော နို့မလိုင်နှင့် ပေါင်မုန့်ကို မာမီက အဆင်သင့်စီစဉ်ထားလေသည်။ ကော်ဖီနှင့်မုန့်ကို စားနေရင်းမှ –

"ဘေဘီဒေါလ် ကျောင်းကိစ္စတွေလည်း ပြီးပြီ။ အနာဂတ်အတွက် ဘာတွေစီစဉ်ထားသလဲ"

သူမဒက်ဒီ၏ စကားလုံးများကြောင့် သူမ အလှူအဆန်းသဖွယ် မျက်ဝန်းလေးပြူးကြောင်ကြောင်ဖြင့် ပြန်ကြည့်ရင်း –

"ဒီနေ့ အလုပ်ထွက်ရှာမလို့ ဒက်ဒီ"

မဟာနွယ်ဖင်၏စကားကို သူမ၏ဒက်ဒီမှ ကျေနပ်စွာပြုံးရင်း –

"မင်းအတွက် အလုပ်တစ်ခုပေးမလို့ ဒက်ဒီတို့ကုမ္ပဏီက စဉ်းစားထားတယ်"

ဒက်ဒီ့စကားကြောင့် မဟာနွယ်ဖင်တစ်ယောက် ကလေးငယ် မုန့်ရသကဲ့သို့ ဝမ်းသာသွားရှာသည်။

"အလို . . . ဘုရားရေ"ဟု ဝမ်းမြောက်စွာ ရေရွတ်ရင်း သူမမာမီ၏ လက်မောင်းတုတ်တုတ်ကြီးကို လှမ်း၍ သူမလက်မောင်းနှစ်ဖက်နှင့် ဆုပ်ကိုင်လိုက်မိသည်အထိပင်။

သူမ သင်ကြားထားသည်က အရှေ့တိုင်းဘာသာရပ်ဖြင့် ဘွဲ့ယူထား



www.burmeseclassic.com

www.burmeseclassic.com

သူဖြစ်၍ သူမဒက်ဒီတို့ ဖက်စပ်တည်ထောင်ထားသော စားသောက်ကုန်လုပ်ငန်းကုမ္ပဏီနှင့် လုံးဝ အဆက်အစပ်မရှိသည့်အတွက် အံ့လည်း အံ့ဩနေမိလေသဖြင့် –

သူမ၏ဒက်ဒီက စကားကို တစ်လုံးချင်း အေးဆေးစွာ ပြန်ရှင်းပြလေသည်။

"ဒက်ဒီတို့ ကုမ္ပဏီက မြန်မာပြည်နဲ့ ဖက်စပ်လုပ်ဖို့ ဒေဘဒီဒေါ်လ်ကို ကုမ္ပဏီရဲ့ ကိုယ်စားလှယ်အဖြစ် စေလွှတ်နိုင်ဖို့အကြံပြုထားတာ သဘောတူညီမှုရပြီလေ။ ဒက်ဒီတို့ ကုမ္ပဏီအတွက် မြန်မာပြည်ရဲ့ အကြီးစားထုတ် ကုန်လုပ်ငန်းကြီးတစ်ခုနဲ့ စက်ရုံ ဌာနရမ်းလုပ်ကိုင်နိုင်ရေးအတွက် စာချုပ်ချုပ်ဖို့ အကြမ်းအားဖြင့် သဘောတူချက်ရပြီ။ အခု ဒေဘဒီဒေါ်လ်က အရှေ့တိုင်းဘာသာနဲ့ ကျောင်းပြီးထားတော့ မြန်မာပြည်သွားနိုင်ဖို့ အဆင်ပြေနိုင်တယ်လေ"

"ရုံးလုပ်ငန်းစဉ် ဘာမှမသိဘဲနဲ့ ရပါ့မလား ဒက်ဒီ"

"Management ပိုင်းဆိုင်ရာ ကုမ္ပဏီမှာ နှစ်လလောက် လုပ်အားပေးလက်တွေ့ကွင်းဆင်း အလုပ်သင်အဖြစ် ဒီနေ့ကစပြီး ဒက်ဒီနဲ့အတူ ရုံးတက်၊ ရုံးဆင်း လုပ်ရပါမယ်"

"အို ... ရက်စ်ဒက်ဒီ၊ Thank you ဒက်ဒီ"

အကြိမ်အကြိမ် ဦးညွှတ်လျက် သူမ ပျော်ရွှင်စွာ လက်ခံလိုက်မိတော့လေသည်။

"ကဲ ... အလုပ်ဝင်နိုင်ဖို့ မာမီ့သမီးကို ရုံးပိုင်းဆိုင်ရာ အထောက်အကူပစ္စည်းတွေ ကူညီပြီး ပံ့ပိုးပေးလိုက်ပါ"

ဒက်ဒီက ပြောဆိုပြီး ထွက်သွားလေသောအခါ –

သူမနှင့် သူမ၏မာမီတို့ တစ်ဦးကိုတစ်ဦး ဖက်ကာ ဝမ်းသာပျော်ရွှင်မှုတို့ နှိုင်းဆစရာမရှိအောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေတော့သည်။

✫ ✫ ✫

'မြန်မာပြည်'တဲ့ ...။

သူမ မြန်မာပြည်သို့ အလွန်အမင်း လာချင်သူဖြစ်၍ အရှေ့တိုင်းဘာသာရပ်ကို အထူးပြုယူခဲ့ရပါသည်။ သူမ မျှော်လင့်တပ်မက်ခဲ့ရသော မြန်မာပြည်သို့ စိတ်ရောကိုယ်ပါ ရောက်ဖူးချင်သည်။ စိတ်အာရုံမှာကလည်း ဖမ်းစားနေသည်။

သူမ၏ဒက်ဒီနှင့် မာမီတို့ လက်ထပ်ပြီးကတည်းက အမေရိကားသို့ ထွက်လာကြသည်မှာ အနှစ်သုံးဆယ်ပင် ကာလတိုင်ခဲ့ပေပြီ။

ဒက်ဒီ၏ အလုပ်အကိုင် ကြိုးစားမှုကြောင့် စားသောက်ကုန်ထုတ်လုပ်မှု ကုမ္ပဏီတစ်ခု တည်ထောင်လာနိုင်ရင်း ဈေးကွက်စီးပွားရေး ဖွင့်ခဲ့သည်မှာ အရှေ့အာရှ တစ်ခွင်တွင် မြန်မာပြည်တွင်သာ ဖွင့်လှစ်ရန် ကျန်ရှိပေတော့သည်။

ဒက်ဒီနှင့် မာမီတို့ နိုင်ငံရပ်ခြားသို့ ထွက်လာခြင်းအကြောင်းပေါ် မူတည်၍ မြန်မာပြည်ရှိ နှစ်ဖက်မိဘများ ဆွေမျိုးများက ဆွေပြတ်မျိုးပြတ် ဖြစ်ပေါ်ခဲ့သည်မှာ သူမ တစ်သက်ကာလပင် မကာတော့ပေ။

ယခုတော့ မိဘရိပ်မှာ ခိုလှုံ ပညာသင်ရင်းမှ ဒက်ဒီ့ကုမ္ပဏီမှာ အလုပ်ရရှိပုံကလည်း ထူးခြားဆန်းကြယ်လှစွာ မြန်မာပြည်မှာ အခြေစိုက်၍ လုပ်ကိုင်ရပေတော့မည်။

ထိုအပျော်တို့ စီးဝင်မှုမှာ သူမ၏ အိပ်ခန်းအတွင်းသို့ ပြန်ရောက်လာသော်လည်း ဟိုတက်သည်ဘက် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်းကပင် အပျော်တို့ မဆုံးနိုင်တော့ချေ။

"ဒေဘဒီဒေါ်လ် ... အချိန်မီပြင်ထားနော်"

"ရက်စ် မာမီ"

✫ ✫ ✫

တစ်နေ့ကုန် လုပ်ငန်းပိုင်းဆိုင်ရာ စီမံခန့်ခွဲခြင်း၊ စာရင်းဇယားဆိုင်ရာများ ကျွမ်းခွဲ၍ မှတ်သားလေ့လာရပေသည်။

မြန်မာပြည်ဆိုသည့်အားမှာ သူမအတွက် အားတစ်ခုဆိုတာ မနေ့ခါတ်မှာ လှုပ်ကိုင်ဆွဲငင်နေသဖြင့် အလုပ်အတွက် ပင်ပန်းခြင်းမရှိပါပေ။

ညနေပိုင်း အလုပ်သင်းချိန်ပြီးသော်လည်း ဒက်ဒီရော မာမီပါ ကုမ္ပဏီမှာ ကျန်ရှိနေခဲ့လေရာ မဟာနွယ်ဇင်တစ်ယောက် အိမ်မှာတစ်ဦးတည်း လွတ်လပ်စွာ စိတ်မနောဇာတ်ကွင်းကို ဖွင့်လှစ်နိုင်သည် မဟုတ်ပါလား။

သူမ၏ အိပ်ရာအနီးမှာ အမြဲလိုချိတ်ဆွဲထားသော တဇယာသေတ္တာကို မ,ယူကာ တဲယောကိုထုတ်ကာ ထိုးချင်စိတ်ဆန္ဒက နိုးကြားနေလေသည်မို့ ...

– တယောလေးကို မ,ထုတ်ယူကာ တယောပြားလေးကို ပခုံးထက်သို့ ညင်သာစွာတင်ရင်း ဘိုးတံလေးနှင့် အသံစဉ်ညှိကာ သူမ၏မာမီကိုယ်



www.burmeseclassic.com

www.burmeseclassic.com

တိုင် သေချာကျနစွာ သင်ပေးထားသော မြန်မာသံစဉ်တစ်ပုဒ်ဖြစ်သော စိမ်းရောင်စို သီချင်းလေးကို စွဲစွဲနစ်နစ် ထိုးနေမိလေတော့သည်။

"တို့မန္တလေးမြို့ကြီးရဲ့ ပတ်လည်ဗဟို ... မိုင်းပြာပြာ မှုန်ဝေဝေ ရေဇလာနဒီ မြစ်ညို ..."

ထိုသီချင်းလေးသည် မာမီသင်ပေးသော သံစဉ်များထဲတွင် သူမ အစွဲမက်ဆုံးသော သီချင်းသံစဉ်လေးဖြစ်ပါသည်။ သီချင်းလေးကို ဆွဲဆွဲငင်ငင် တီးခတ်ရင်း သူမ ယောဂကျင့်စဉ် ထိုင်စဉ်တိုင်း အာရုံပုံရိပ်များ စိတ်မနေမှာ စီးဝင်လာမြဲသော ပုံရိပ်များကို သူမ၏ပုံတူပန်းချီကားအဖြစ် ဖန်တီးထားသော ဆီဆေးပန်းချီကားများပေါ်မှ ဖုံးအုပ်ထားသော ကတ္တီပါလိုက်ကာစလေးများကို မ,တင်လိုက်ပြီး ထပ်မံ ဈာန်ဝင်စားကာ စိမ်းရောင်စို သီချင်းလေးကို အကြိမ်ကြိမ် ကျော့ကာ မရပ်မနား တယောသံ၌ နစ်မျောနေမိတော့သည်။

အားရပါးရ ထိုးပြီးသောအခါကျမှ စိတ်လျှော့ချကာ တယောပြားလေးကို ထွေးပိုက်ထားလိုက်ပြီးနောက် တစ်ခုသော ပန်းချီကားအနီးသို့ကပ်ခါ သက်ရှိသဖွယ် တိုးတိတ်စွာ စကားပြောမိလေပြန်သည်။

"ရှင်ရှိနေတဲ့ တိုင်းပြည်ကို ကျွန်မ လာရတော့မယ်။ ကျွန်မ ရှင့်ကို တွေ့အောင်ရှာရတော့မယ်သိရဲ့လား"

ငယ်စဉ်ကတည်းက အမေရိကားမှာ ကြီးပြင်းရသူမို့ မြန်မာစကားကို အသံဝဲဝဲလေးဖြင့် ပီသအောင် ကြိုးစားထိန်း ပြောလိုက်ရင်း သူမ၏ ခန္ဓာကိုယ်လေးကို ပန်းချီကားချပ်ရှေ့မှာ ပီတိပြုံးလေးများကပ်ငြိရင်း ကိုယ်တစ်ပတ်လှည့် ကြည်နူးရိပ်ဖြာဝေစဉ်

"ဟင် ... မာမီ"

ဘယ်အချိန်ကတည်းက အိမ်ပြန်ရောက်နေမှန်းမသိသော မာမီက တိတ်ဆိတ်စွာပြုံးလျက် ရပ်ကြည့်နေတာ မြင်လိုက်ရသဖြင့် သူမ အံ့အားသင့်သွားရကာ ...

"ဟာ ... မာမီကလည်း"

ရှက်စနိုးဖြစ်သွားရှာသော သူမပုံစံကြောင့် မာမီက ပြုံးရယ်ကာ –

"ထင်တယ် ထင်တဲ့အတိုင်းပဲ။ ဘောဘီဒေါ်လ်တစ်ယောက် စိတ်လှုပ်ရှားပြီး တစ်ခုခုဖြစ်နေပါဦးမယ်လို့ ဒက်ဒီက ပူပန်ပြီး အိမ်ပြန်လွှတ်လိုက်တာ ဟုတ်နေတော့တာပဲ"

"အို ... မာမီတို့ထင်သလိုလည်း မဟုတ်လောက်ပါဘူးလေ"

သူမက ရှက်သွေးဖြာကာ ငြင်းချက်ထုတ်လေသော်လည်း သူမ၏ မြန်မာပြည်သို့ သွားချင်စိတ် ပြင်းပြနေတာ ဒက်ဒီရော မာမီပါ အသိဆုံး မဟုတ်ပါလား။

ကျောင်းနေစဉ်ကတည်းက ပန်းချီပညာကို အပိုဘာသာအဖြစ် သင်ယူထားခြင်းက သူမ၏စိတ်အာရုံမနေသို့ တိုက်ခတ်လာသော အဆင်းသဏ္ဌာန်တို့ကို အမြဲလို ပုံကြမ်းရေးဆွဲဖြစ်ထားမိပြီ။

အားလပ်သော အချိန်ပိုင်းများမှာ ယောဂကျင့်စဉ် စူးစိုက်ဝင်စား၍ အာရုံနိမိတ်ပုံတူများကို ကင်းဗတ်သားဖြူဖြူ ပိတ်ကားချပ်ထက်မှာ ရေးဆွဲအသက်ဝင်စားလေတော့၏။

ခုတော့ မာမီကိုယ်တိုင်ပင် ထိုပန်းချီကားချပ်များအား တအံ့တသြ ကြည့်ပြီးနောက် –

"ဘောဘီဒေါ်လ် ဒီလူပုံတွေက မြန်မာလူမျိုးအဝတ်အစားနဲ့ ပုံတွေပါလား"

"ဟုတ်တယ် ... မာမီ။ သမီး ယောဂကျင့်စဉ်ထိုင်တိုင်း အာရုံမှာ ရိုက်ခတ်လာတဲ့ ပုံရိပ်လှိုင်းတွေပဲ ရေးထားတာ"

ပန်းချီကားများကို စူးစိုက်ကြည့်ရင်း မာမီ့မျက်ဝန်းများသည် ပိုမိုစူးရှလင်းလက်လာလေသည်။ ထို့နောက်

"အို ... ဘောဘီဒေါ်လ်"

ပုံတူပန်းချီကားချပ်တစ်ခုရှေ့ ဝင်ရပ်ရင်း သူမကို အော်ခေါ်ကာ စကားပင်မဆက်နိုင်သေး။ မျက်ရည်များ ဝဲကာ ဆို့နင့်နေရှာပြီ။ နောက် အတန်ကြာလေမှ –

"ဒါ ... ဒါ ... မာမီ့ရဲ့ ဒက်ဒီပုံ။ သမီးရဲ့ ဘိုးဘိုးပုံလေ။ ဒီပုံ ဘယ်ကရတာလဲ"

အံ့သြတကြီး မေးလည်းမေးချင်စရာပင်။ ခွေပြတ်မျိုးပြတ် ဘဝတွေပြတ်ကာ မဟာနွယ်ဖင်ဘဝတစ်လျှောက် အဘိုး၊ အဘွား ဆွေမျိုးများ၏ ဓာတ်ပုံဆိုတာ တစ်ပုံတလေမှ မြင်တွေ့ဖူးခြင်းမရှိအောင် အစအန ခြေရာဖျောက်ထားမှုအပေါ် သမီးဖြစ်သူ၏ စိတ်အာရုံမှာ ခြေရာကောက်မိနေပါရောလား။

ဆွေပြတ် မျိုးပြတ် ဘာသာခြားဘဝ ခံယူပစ်ထားခဲ့တာ သမီးတစ်သက်ပင် ရှိချေပြီ။ သို့သော် မျိုးရိုးဗီဇ တိုးဘွားအမွေဆိုတာ ကွယ်ဖျောက်မရမှန်း၊ ဒေါ်နွယ်ဇင်တစ်ယောက် ကောင်းကောင်းကြီး သဘောပေါက်နေမိသည်။ မာမီ့မျက်နှာပြင်အား အကဲ



www.burmeseclassic.com

www.burmeseclassic.com

ခတ်ရင်း မဟာနွယ်ဖင်တစ်ယောက် နောက်ထပ် ပန်းချီကားတစ်ချပ်ကို ဖွင့်လှစ်ကာ -

"ဒီမှာကြည့်ပါဦး မာမီ"

သူမ ထိုသို့ ပြသလိုက်စဉ်မှာတော့ အံ့သြခြင်း၊ တုန်လှုပ်ခြင်းများ ရောယှက်ကာ မှုန်မှိုင်းသွားသော မာမို့မျက်ဝန်းများ။ ဆန္ဒာကိုယ်အား မယိုင်လဲအောင် မနည်းထိန်းမတ်ထားရသော မာမို့ပုံစံသည် ရုတ်ခြည်းပင် အားအင်ကုန်ခန်း ချည့်နဲ့သွားနယ်ပင်။ ပြီးမှ တုန်ယင်သောလေသံဖြင့် -

"အံ့သြစရာတွေချည်း လုပ်ပြနေပါလား ဘောဘီဒေါ်လ်ရယ်"

"ဘာဖြစ်လို့လဲ မာမီဟင် .."

သိချင်ဇောဖြင့် မာမို့ကိုယ်ကို ကိုင်လှုပ်မေးမိသည် အထိပင်။

"အဲ ... အဲဒါ ပုံတုန်းက မာမို့ရဲ့ချစ်သူပုံ ဖြစ်နေလို့ပဲ"

"အိုး ... မိုင်ဂေါ့ ... ဘုရားသခင်။ အထူးအဆန်းမှ တကယ့်အထူးအဆန်းချည်းပါပဲလားနော်"

"ဒီပုံကြီးကို ဖျက်ဆီးပစ်လိုက်ပါ ဘောဘီဒေါ်လ်ရယ်။ သမီးဒက်ဒီသိရင် အရမ်းစိတ်ဆိုးလိမ့်မယ်"

မာမို့စကားကြောင့် သူမ ရေးဆွဲထားသော ပန်းချီကားအပေါ် မြတ်နိုးစိတ်ကြောင့် နာခံရန် အလွန်ဝန်လေးနေပါတော့သည်။

အနုပညာစိတ်နှလုံး ဝင်စားသူ၏ ခံစားမှုအပေါ် မာမီ နားမလည်နိုင်၍ ပြောခြင်းဆိုသော်လည်း ပန်းချီကား၏ ဆေးစက်ကျရာတို့သည် စိတ်၏ အနက်ရှိုင်းဆုံး အာရုံလှိုင်းတွင် လာရောက်ရိုက်ခတ်လာသော ပုံရိပ်ဖြစ်သဖြင့် ပန်းချီဆရာတစ်ဦးအတွက် ပန်းချီကား ခြယ်မှုန်းထားသည့် ဆေးတစ်စက်က သူမ၏အသက်တစ်မျှ မြတ်နိုးကြောင်း၊ မာမီကိုယ်ချင်းစာ၍ နားလည်စေချင်ပါတော့သည်။

သို့ဖြစ်၍ ဖြည်းညင်းစွာ ခေါင်းခါယမ်းပြကာ -

"ဒက်ဒီမသိအောင် သိမ်းထားပါရစေ မာမီရယ် ... နော်"

တောင်းခံတိုးလျှိုးခြင်း မျက်ဝန်းအစုံဖြင့် ခွင့်တောင်းမိလေသည်။

☆ ☆ ☆

နောက်နှစ်လအကြာ -

"ဘောဘီဒေါ်လ် စက်ရုံပိုင်းဆိုင်ရာအတွက် သုံးလ လက်တွေ့ဆင်းဖို့ ပြင်ဆင်ထားနော်။ ဒီကိစ္စတွေပြီးလို့ အရည်အချင်းစစ်ပြီးလို့ အိုကေရင် .. ဘောဘီဒေါ်လ် မြန်မာပြည်သွားရဖို့ သေချာပြီ"

"စိတ်ချပါဒက်ဒီ။ ဒက်ဒီမျက်နှာမပျက်ရအောင် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ပါ့မယ်"

"ပေါ့ပေါ့ဆဆတော့ နေလို့မရဘူးနော်။ ကုမ္ပဏီတစ်ခုလုံးရဲ့ ကိုယ်စားပြုသွားရမှာမို့ အလွန်အရေးပါအရာရောက်တဲ့နေရာဖြစ်လို့ အဆပေါင်းများစွာ ကြိုးစားလေ့လာ သင်ယူစေချင်တယ်"

"အကြိမ်ကြိမ် ရဲ့ဝံ့စွာ ကတိပေးပါတယ် ဒက်ဒီရယ်။ အောင်မြင်အောင် ကြိုးစားထမ်းဆောင်ပါ့မယ်လို့"

"အေး ... ဒါမှ ဒက်ဒီ့သမီးကွ။ မြန်မာပြည်နဲ့ပတ်သက်တာ သိသင့်သိထိုက်တာ မာမို့ကို မေးမြန်းပေတော့ ဟုတ်ပြီလား"

"ရက်စ် ဒက်ဒီ"

ဒက်ဒို့ဆီမှ မီးစိမ်းပြပြီမို့ မရပ်မနား သိချင်သမျှ မာမီနားပူအောင် မေးရလေတော့သည်။

"မာမီ ... မာမို့ရဲ့ဒက်ဒီက ရှိသေးလားဟင်"

"အင်း ... ဘောဘီဒေါ်လ် တစ်သက်ရှိပြီ အဆက်အသွယ်တွေက ပြတ်တောက်နေတာ"

"ဒါဆို မာမီနေခဲ့တဲ့ လိပ်စာတော့ သိမှာပေါ့"

"အင်း ... အမှတ် (---)၊ -----လမ်း"

"နေဦး မာမီ"

မဟာနွယ်ဖင်တစ်ယောက် စာအုပ်နှင့် မှတ်တမ်းပြုကာ မာမို့ဆွေမျိုး၊ ဒက်ဒို့ဆွေမျိုး မှတ်ယူကာ ရေးလေသည်။

"တွေ့အောင်ရှာပြီး သွားတွေ့လိုက်ပါကွယ်။ နှလောက်ဆို စိတ်ဆိုးပြေလောက်ပြီ ထင်ပါတယ်"

"ဘာကြောင့် ဆွေခန်းမျိုးခန်း ဖြတ်ရတာလဲဟင် မာမီ"

"မြန်မာပြည် ရောက်တဲ့အခါကျ သမီးလေး သိလာမှာပါကွယ်။ သွားနိုင်ဖို့သာ ကြိုးစားပါ"

အလုပ်အတွက် မရပ်မနား ကြိုးစားသကဲ့သို့ နံနက်စောစောနှင့် ညစဉ် ယောဂကျင့်စဉ်ကိုလည်း ခန္ဓာအိမ်နွမ်းနယ်မှု လျော့ပါးစေရန် ပိုမိုကိုင်ဖြစ်လာပေရာ မဟာနွယ်ဖင်၏ သမာဓိအား မှတ်ဉာဏ်အားတို့ ပိုမိုကြည်လင်ကာ စိတ်အာရုံနက်ရှိုင်းစွာ တည်ကြည်နိုင်အောင် လေ့ကျင့်မှုအရှိန် မြင့်မားလာလေသည်။

ထိုသို့ ကျင့်၍ထိုင်လိုက်တိုင်း



www.burmeseclassic.com

www.burmeseclassic.com

အမြင်အာရုံမှာ ပူးကပ်သလိုခံစားရင်း ထိုပုံရိပ်ကို အမိအရ ရှာနိဝင်စားကာ အပိုင်အနိုင် ဆွဲယူမိလေသည်။

ထိုပုံရိပ်ရှင်ကပင် စားစားသွား သွား အတွေးစိတ်များစွာမှာ အရိပ်ကဲ့သို့ လိုက်ပါနေသဖြင့် မဟာနွယ်ဖင်၏ ရင်ထဲမှာ နင့်နင့်နဲနဲ ခံစားတိုးဝင်နေသည်မှာ အမှန်ပင်။

သူမ ရေးဆွဲခဲ့သော ပြုံးတစ်ခါရယ်တစ်လှည့် အမျိုးမျိုး ညို့ယူဖမ်းစားလာသော ပန်းချီကားထဲမှ ပုံရိပ်ရှင်အား ကတ္တီပါစနီနီလေးဖြင့် ဖုံးအုပ်ထားသော်လည်း စိတ်အာရုံမှန်းကျပ်စဉ် တယောထိုးရင်း စိတ်အပမ်းဖြေကာ –

ထိုပန်းချီကားရှေ့မှာ စကားများစွာဆိုမိစဉ် မာမီ မြင်တွေ့သွားကာ–

"အင်း ... ဒီလူငယ်ရဲ့ပုံစံမျိုး မာမီတို့ဆွေမျိုးထဲမှာ မရှိပါဘူး။ ဘယ်သူ့ပုံများလဲကွယ်"

"ဘယ်သူ့ပုံလဲလို့ ပြောရမှာ အလွန်ခက်ခဲတယ် မာမီ"

"ဘယ်လို ခရီးသွားရင်းတွေ့လာတာလဲ"

"ဟင်း ... ဟင်း၊ သူ့ကိုတွေ့ရှိပုံက ဆန်းပြားနေတယ်"

"ဘယ်လို"

"ကျင့်စဉ်ထိုင်လို့ အာရုံကောင်းလာရင် သူ့မျက်နှာက အမြဲလိုရောက ရောက်လာတာလို့ပဲ မှတ်ထားပြီး ပုံတူရေးဆွဲထားတာ မာမီ။ ဒါပေမဲ့ ဒီပုံတူပိုင်ရှင်ဟာ သမီးအတွက် ထူးခြားစေမယ့် လူသားတစ်ဦးဖြစ်နေမှာ သေချာနေတယ် မာမီ"

"ဘေဘီ့ရဲ့ ဖူးစာရှင်များလားကွယ်"

"မပြောတတ်ဘူး မာမီရယ်။ မြန်မာပြည်သွားရင် တွေ့ဆုံရမယ့် အာရုံပုံရိပ်တွေပဲ ထင်ပါတယ်"

မာမီက ခေါင်းတဆတ်ဆတ်ညိတ်ရင်း –

"အင်း ... ဘေဘီဒေါလ်လေး ကံကောင်းပါစေကွယ်"

သူမအား နွေးထွေးစွာ ထွေးဖက်ထားရင်း ဆုတောင်းပေးခြင်းကို ကျေနပ်စွာ ခံယူလိုက်တော့သည်။

☆ ☆ ☆

တစ်စစနှင့် မြန်မာပြည်သို့သွားရန် အချိန်တို့ နီးကပ်လာပါတော့သည်။ လုပ်ငန်းစဉ်အတွက် အစစအရာရာ ပြင်ဆင်ပြီးလေသောအခါ ဒက်ဒီရော မာမီပါ ဧည့်ခန်းမှာထိုင်ရင်း

ယွန်းသေတ္တာအနီထဲမှ အရာဝတ္ထုတစ်ခု ထုတ်ယူကာ –

"ဒါ ... သမီးရဲ့ ဖွားဇာတာလို့ခေါ်တယ်။ ဒီမှာဆို မွေးစာရင်း Register ပေါ့။ မြန်မာလို ဖွားဇာတာကတော့ သမီးရဲ့ မွေးနေ့ မွေးရက်အမှန်ကို မှတ်သားထားတဲ့အပြင် သမီးရဲ့ကံကြမ္မာကိုလည်း ရှေးသီစက်ဝန်းတွေနဲ့ ဟောချက်ပြုထားတာပေါ့ကွယ်"

ကမ်းပေးလာသော အရာကိုယူ ၍ –

"ထန်းဖူးမှာ ကညစ်တံနဲ့ရေးရတာ မြန်မာတို့ရဲ့ ရှေးထုံးရိုးရာ ဗေဒင်ပညာပဲ သမီးရဲ့"

"အို ... တကယ်ပဲ မဟာနွယ်ဖင်ဟာ မြန်မာဆန်တဲ့အမည်ပါလား"

"မြန်မာပြည်ကို ပို့ဆောင်ပေးတဲ့ ဒက်ဒီနဲ့မာမီကို ကျေးဇူးအထူးတင်မိပါတယ်"

"သိပ်လည်း ကျေးဇူးတင်မနေနဲ့ဦး။ မြန်မာပြည်မှာ နေကြည့်ပါဦးနော်"

"ဟာ ... မာမီကလည်း ရေမြေခြားပေမဲ့ သွေးက စကားအမြဲပြောပါတယ်နော်။ ခုတောင် မာမီသင်ပေးလို့ မြန်မာဆန်ဆန် နေတတ်၊ ပြောတတ်၊ ဆိုတတ်တာကိုကြည့်ပြီး သိနိုင်ပါတယ်နော်"

"ဟုတ်ပါပြီ။ ဘေဘီဒေါလ်က ဉာဏ်လည်းကောင်း၊ အစစ လုပ်ရည်ကိုင်ရည်ရှိတယ်လို့ ယုံကြည်စိတ်ချပြီး မြန်မာပြည်ကို တစ်ဦးတည်း အရင်ပို့လွှတ်လိုက်တာနော်"

"ယုံကြည်ပါ ဒက်ဒီရယ်။ စိတ်ချလက်ချ ယုံကြည်ပေးစေချင်ပါတယ်"

"ဟုတ်ပါပြီ။ ပစ္စည်းတွေယူဆောင်ဖို့ အဆင်သင့်လုပ်ထားပါနော်"

"ရက်စ်"

အမိန့်နာခံသော တပည့်လက်သားတစ်ဦးပမာ ပြောကာ အရိုအသေပေးသဖြင့် ဒက်ဒီရော မာမီပါ သဘောကျစွာ ရယ်မောနေလေတော့သည်။

☆ ☆ ☆

မြန်မာပြည်၏ လေကြောင်းနယ်နိမိတ်ကို ဝင်ရောက်ပြီဖြစ်ကြောင်း စကားပြောစက်မှ ထွက်ပေါ်လာစဉ် လေယာဉ်မှန်ပြတင်းဝမှ သူမ စိတ်ညွတ်ကာ ငုံ့ကြည့်မိစဉ် လေယာဉ်ဖြတ်သန်းရာ လက်ဝဲဘက်တွင် 'ရွှေတိဂုံ'စေတီတော်မြတ် ဖြစ်ကြောင်း ကြေညာစဉ် သူမ၏စိတ် ခပ်နက်နက်မှ လှိုက်၍ လှိုက်၍ တက်လာသော ဝမ်းသာဝမ်းနည်းစိတ် လှိုင်းခတ်မှုက သီသာထင်ရှားလှသလို ကတုန်ကရီ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်ခံစားရသော ဝေဒနာအသွင်က ဆန်းကြယ်လှပေသည်။

သို့သော် မာပီသင်ကြားပေးလိုက်သော လက်ဝါးနှစ်ဖက်ကို ကြွင်ပူးလိုပူးကာပ်၍ နဖူးထက်ဦးတင် 'ရွှေတိဂုံ'စေတီတော်မြတ်အား ဦးချပြီးလေမှ ဝေဒနာလှိုင်းတို့ ငြိမ်သက်သွားရလေတော့သည်။

မဟာနွယ်ဖင်တစ်ယောက် စိတ်လှုပ်ရှားမှုကြောင့် လက်ဖျား၊ ခြေဖျားအေးစက်မှုကို သတိပြုခံစားရလေသည်။

"အို ... အားလုံးရဲ့ ကိုယ်စားအဖြစ် လာရတာ ဘာမှအားငယ်စရာမရှိနိုင်ပါဘူး။ ပြီးတော့ ငါကိုယ်တိုင်အလွန်တောင့်တမက်မောစွာနဲ့ ရောက်ချင်နေတဲ့ မြန်မာ့မြေကို ခြေချခွင့်ရရှိတော့မှာလေ"

ဟု မိမိကိုယ်ကို အားပေးရင်း နွေးထွေးစိတ်တို့ ရင်ကို လိုက်ခနဲ နိုဝင်လှုပ်ရှားစေတော့သည်။

ငြိမ့်ခနဲ ထိုးဆိုက်လာသော လေယာဉ်ခရီးစဉ် အဆုံးဝယ် လေယာဉ်ပေါ်မှ ဆင်းသက်လာစဉ် လေဆိပ်ခန်းမအတွင်း သွားလာလှုပ်ရှားနေသော မြန်မာလူမျိုးတို့အသွင်ပြင်ကားနှစ်ပေါင်းများစွာ ကွဲကာနေသူတို့ကို ပြန်တွေ့မြင်ရသလို ခံစားမိပြန်သည်။

သူမအား လာရောက်ကြိုဆိုသူအား 'ဘုတ်'တိုင်လေးများပေါ်မှာ အမည်အား လိုက်ဖတ်ကြည့်ရင်း 'မစ္စမဟာနွယ်ဖင်'စာလုံးရေးထားခြင်းကို လှမ်းမြင်လိုက်၍ ထိုသူထံ ဦးတည်သွားကာ သူမ၏ Passport အားပြသလိုက်သည်။ သူမအား လူမျိုးခြားအဖြစ်သာထင်၍ အင်္ဂလိပ်စကားအသုံးအနှုန်းများဖြင့်သာ ပြောဆိုလေသည်။ (ဒူးဆစ်အင်းယား) ဟိုတယ်သို့ ပို့ဆောင်ပေးလေသည်။

"မစ္စဖင် ... ဒီမှာ အနားယူပါခင်ဗျာ။ မနက်ဖန်မနက် ရောက်မှ ရန်ကုန်မြို့ကို လှည့်လာပါခင်ဗျာ။ နောက်တစ်နေ့မနက် လေယာဉ်နဲ့ မန္တလေးကို သွားရပါမယ်ခင်ဗျာ"

စိစဉ်ပြောလာသမျှအား ခေါင်းညိတ်အသိအမှတ်ပြုရင်း ကြိုဆိုပေးသူပြန်ထွက်သွားမှ အခန်းတွင်းရှိ သူမဆက်တီပေါ် စိတ်လွတ်လပ်စွာ ထိုင်ချရင်း မျက်စိမှိတ်ကာ နားနေလိုက်တော့သည်။

☆ ☆.☆

မြန်မာပြည် နံနက်ခင်း၏ လေနုအေးကို အားရပါးရ ရှူရှိုက်ရင်း ကျင့်စဉ်လေ့ကျင့်မှုကို ဆက်လက်ကျင့်နေမိပြန်သည်။

သူမ နောက်ဆုံးရေးဆွဲထားသော ပန်းချီကားထဲမှ ပုံရိပ်ကိုင်ရှင်သည့် အတောင်းဝင်ကာ ပြုံး၍များပင် ပြုံးပြနေချေသည်။ ရင်းနှီးကျွမ်းဝင်သော နှစ်လိုဖွယ်အပြုံးပင်။

အာရုံဝယ် လှုပ်ခတ်စိတ်ကြောင့် ကျင့်စဉ်စခန်းဝ၌ အသာရပ်ကာ အကြောပြေလျှော့ လေ့ကျင့်ခန်းပြုပြီးနောက် အခန်းတွင်း ဆက်တီခုံ၌ပင် အသာထိုင်ကာ အနားယူရင်း မျက်လုံးအသာမှိတ်လိုက်ပြီး ခန္ဓာကိုယ်ဖြေလျှော့လိုက်ရာ မည်သို့မည်ပုံ အိပ်ပျော်သွားသည် မသိ။ နိုးတစ်ဝက် အိပ်မက်ပင် မက်နေမိပါတော့သည်။ ညို့ညို့မှိုင်းမှိုင်း တောင်ပေါ်ဝယ် ဘုရားတစ်ဆူ ရှိလေသည်။ ဘုရားတောင်ကုန်းပေါ်သို့ လက်တွဲ၍တက်လာသော နုနယ်ပျိုမြစ်သော ချစ်သူစုံတွဲလက်ထဲမှာ တယောပြားလေးကိုင်ရင်း ဘုရားဖူးရန် တက်လာကြသည်။

သို့သော် မမြင်ရသော မပီပြင်သော ပိုင်းခြားမှုဖြင့် ငိုကာယိုကာ တယောပြားလေးကိုင်ကာ ငိုကျန်ခဲ့သော မိန်းကလေးမှာ သူ့ချစ်သူအား အော်ကာခေါ်ရင်း လိုက်ရှာဖွေလေတော့သည်။

ရုတ်ခြည်း ပြတ်တောင်းသွားသော အိပ်မက်ကြောင့် မဟာနွယ်ဖင်တစ်ယောက် ရင်ထဲမှာ ဟာသလိုလိုကျန်ရစ်ခဲ့ရလေတော့သည်။

"တန် ... တန်"

အခန်းတွင်း ဖုန်းမြည်သံကြောင့် ဖုန်းကိုကိုင်၍ နားထောင်စဉ် –

"မစ္စမဟာနွယ် .. မအောက်မှာ ဧည့်သည်စောင့်နေပါတယ်"

"အို ... ကော၊ အိုင်ဆီး"

ဖုန်းပြန်ချရင်း မိမိကိုယ်ကိုအပြစ်တင်မိတော့သည်။ အိပ်မက်များပင်မက်ကာ အိပ်ပျော်သွားရသည်အထိပင်။

ခပ်မြန်မြန် ပြင်ဆင်ပြီး အောက်သို့ဆင်းလာစဉ်ဝယ် –

သူမအလာကို ကြိုလင့်စောင့်ကြိုနေသူသည် မနေ့က လာကြိုသူမဟုတ်ဘဲ –

"ဟင် ..."

အာမေဋိတ်သံများပင် ထွက်လောက်အောင်ပင် အံ့သြတုန်လှုပ်သွားရလေတော့သည်။

ခြေလှမ်းများပင် ဆက်မလှမ်းဖြစ်အောင် တုံ့ဆိုင်းသွားရလေပြီ။ ရုတ်ခြည်းဖြစ်ပျက်သွားသော စိတ်လှုပ်

www.burmeseclassic.com

www.burmeseclassic.com

ရှားမှုကို အမြန်ဆုံး ရပ်တန့်အောင် အာရုံကို စုစည်းလိုက်စဉ် မိုက်ခနဲဖြစ်သွားသော ဝေဒနာကြောင့် အနီးသို့ အပြေးအလွှား ဖေးကူကာ -

"မစ္စမဟာနွယ် ခရီးပန်းလာတယ်ထင်တယ်"

"ကိစ္စမရှိပါဘူး ရပါတယ်"

"ဩော် ... ကျွန်တော်က မန္တလေးစက်ရုံအတွက် တာဝန်ယူထားရတဲ့ မန်နေဂျာ နေနိုင်အောင်ပါ"

"တွေ့ရတာ ဝမ်းသာပါတယ်"

"နေမကောင်းရင် နားချင်နားပါ ခင်ဗျာ"

"ရပါတယ် အကြောင်းကိစ္စများ ရှိပါသလား"

"ဟုတ်ကဲ့ခင်ဗျာ။ ကျွန်တော့်ကို မစ္စမဟာနွယ် သွားချင်တာများရှိရင် ပို့ပေးဖို့ပါ"

ပြောလာသော စကားများကို နားထောင်ရင်း အာရုံတို့သည် ကိုနေနိုင်အောင်၏ မျက်နှာပြင်ဝယ် ဖတ်ရှုနေမိပြန်သည်။

မိမိအာရုံထဲသို့ ကြိုတင်ဝင်လာစဉ်က အသိစိတ်ထက် ပကတိ မျက်မြင်ဒိဋ္ဌ မြင်တွေ့ရလေသောအခါ အကန့်ပင် တုန်လှုပ်ရလေတော့သည်။

"ရွှေတိဂုံစေတီတော်ကို ဖူးချင်ပါတယ်"

"ဟုတ်ကဲ့၊ လိုက်ပို့ဖို့ အဆင်သင့်ပါပဲခင်ဗျာ"

နှစ်ဦးသား ဟိုတယ်အပြင်သို့ လျှောက်လှမ်းလာကြရင်း ကားတစ်စီး အဆင်သင့် ထိုးဆိုက်လာရာ -

"ဒီမော်တော်ကားနဲ့ သွားမှာပါ ခင်ဗျာ"

ကားတံခါးဖွင့်ကာ ဝင်ထိုင်စေသည်။ နေနိုင်အောင်တစ်ယောက် ကားရှေ့ခန်းမှာ ထိုင်လိုက်ပြီး ဒရိုင်ဘာအား -

"ရွှေတိဂုံသွားမယ်"

မြန်မာပြည် ရှုခင်းရှုကွက်များသည် လွမ်းစရာလိုလို ဘာလိုလိုနှင့် စိမ်းသက်မနေတာ သေချာစွာ စိတ်မှာခံစားနေရလေသည်။

အင်း ... ပန်းချီကားထဲက နောက်ဆုံးပုံရိပ်ပိုင်ရှင်ဆိုသူနှင့် အတူတူ မြန်မာပြည်ထဲမှာ တွေ့ဆုံနေရပြီဆိုလျှင် အံ့ဩနေရှာမှာပဲ။

"မစ္စမဟာနွယ်ခင်ဗျာ"

"အင် ..."

အတွေးလွန်သွားစဉ် ထိုသို့ခေါ်လိုက်သဖြင့် -

"မစ္စမဟာနွယ်အတွက် G.S.M ဖုန်းပါခင်ဗျ။ Oversea လည်း သုံးနိုင်ပါတယ်ခင်ဗျ"

ကမ်းပေးလာသော ဖုန်းအား လှမ်းယူရင်း -

"ကျေးဇူးပါပဲရှင်"

"ခင်ဗျာ"

မြန်မာမှု မလုံ့လွှန်းစကားကြောင့် အံ့အားသင့်ရကာ ပြန်ခံပေးလိုက်သလို ဖြစ်သွားရသည်။

"နည်းနည်းပါးပါး လေ့ကျင့်ထားတာပါ"

"ကောင်းပါတယ်ခင်ဗျာ၊ ရောက်ပါပြီခင်ဗျာ"

မခွန်ငွေသွင်းကာ ဓာတ်လှေကားဖြင့် ခေါ်ဆောင်လာပြီးလျှင် -

"မစ္စမဟာနွယ် ဘာနေ့မွေးတာပါလိမ့်"

"ဆင် ... ဆင် ... ရုပ်"

"ဟာင်း ... ဟာင်း၊ ဗုဒ္ဓဟူးလို့ခေါ်ပါတယ်"

"အဲဒီ့မှာ ရှိချင်ပါတယ်"

"မစ္စမဟာနွယ်က ဗုဒ္ဓဘာသာပါလားခင်ဗျာ"

"နောင်ခါမှ ပြောပြပါရစေနော်"

အတူလျှောက်လာကြရင်းမှ -

ရွှေရောင်ဝင်းအိနေသော စေတီတော်ကြီးနှင့် စေတီငယ်များအား ကြည့်ရင်း ဗုဒ္ဓဟူးထောင့်ရှိရာ တောင်ဘက် မုခ်ဝအရောက်ဝယ် -

"ခဏလေးစောင့်ပါနော်"

ခွင့်ပန်ရင်း အတန်ငယ်လျှောက်သွားလေသည်။ ရပ်စောင့်ရင်း ဟိုသည် ငေးနေစဉ် အမြန်အပြေးလေး ရောက်လာသော နေနိုင်အောင်လက်ထဲတွင် နှင်းဆီဖြူပန်းစည်း ကိုင်ကာ ရောက်လာပြီး -

"ဘုရားမှာ ဒီပန်းလေးတွေ လှူကြရအောင်နော်"

"ဩော် ..."

"ဘုရားကို စိတ်ထဲမှာ ဆန္ဒရှိသလိုပြောပြီး ကပ်လှူပေးရင် ရပါပြီ"

နေနိုင်အောင်ညွှန်ပြသော နေရာဝယ် ဒူးလေးထောက်ကာ ဆုတောင်းရင်း ရှိခိုးနေပုံကြည့်ကာ -

"ဩော် ... မြန်မာပြည်ရင်ငွေ့နှင့် စိမ်းသက်နေရှာတဲ့ မိန်းကလေးပါလား"

တွေးကာ သနားနေသလိုပင်။

အပြန်လမ်းဝယ် -

"မစ္စမဟာနွယ်"

"ပြောပါ"

"ကျွန်တော် မဟာနွယ်ကိုကြည့်ပြီး စိတ်ထဲမှာ ဟိုတုန်းက တွေ့သိဖူးသလို ခံစားနေရတယ်"

"အင်း ... ကျွန်မစိတ်ထဲနဲ့



www.burmeseclassic.com

www.burmeseclassic.com

တိုက်ဆိုင်နေသလိုပဲ''

''နောက်ပြီး ... စက်ရုံဖက်စပ်အတွက် အတူတွဲပြီးလာမှာ အမျိုးသားလို့ ထင်ထားတာ''

''ကျွန်မလည်း မစ္စတာကို အခုလို ရုတ်ခြည်းတွေ့ဖူးလိမ့်မယ်လို့ မထင်မှတ်ထားပါဘူး''

''ဗျာ ... ဘယ်လို''

နေနိုင်အောင်တစ်ယောက် မဟာနွယ်ဇင်၏ စကားအဓိပ္ပာယ်ကို မဖော်ဆောင်နိုင်တာ အမှန်ပင်။

ရင်ထဲမှာ မရှင်းလင်းသော်လည်း မေးရမှာ အားတုံ့အားနာ ဖြစ်နေ၍ ဆက်၍မမေးတော့ဘဲ အသာပင်ဆိတ်ဆိတ်နေလိုက်တော့လေသည်။

☆ ☆ ☆

မဟာနွယ်ဇင်အား လိုက်ပါပို့ဆောင်ပြီး အိမ်သို့ပြန်ရောက်စဉ် မည်သူနှင့်မှ စကားမဆိုနိုင်ဘဲ အပြန်ပြန်အလှန်လှန် ရင်တွင်းစကားများစွာ ပြောမိနေပြန်သည်။ သူ့အားတွေ့စဉ် တုန့်တုန့်လှုပ်လှုပ်ကလေး ဖြစ်သွားပြီး ရုတ်ခြည်းပြောင်းလဲသွားသော သူမအမူအရာသည် ထူးဆန်းလို့နေသည်။

ပြီး –

သူ့ရင်ထဲမှာ ရင်းနှီးကျွမ်းဝိုင်ရှိခဲ့ဖူးသလိုမျိုး ရင်တွင်းမှာ နူးညံ့ညင်သာသော ခံစားမှုတစ်စုံတစ်ရာ ဖြတ်သန်းစီးဆင်းသွားတာ သိရှိမိလိုက်သည်။

ဝတ်စားဆင်ယင်မှုကြောင့်သာ လူမျိုးပုံစံ ကွဲပြားနေရသည်။ အမှန်စင်စစ် သူမမျက်နှာကျနှင့် မျက်ဝန်းများက အရှေ့တိုင်းသူတစ်ဦး၏ အလှများနှင့် ယှက်နွယ်နေလေသည်။ သူမ၏ မျက်ဝန်းနက်နက်လေးမှာ နွေးထွေးစိုစွတ်သော အံ့သြခြင်းအရိပ်၊ ကြည်နူးပျော်ရွှင်မှုအရိပ်လား ဝေခွဲမရပေ။ မျက်နှာပြင်ပေါ်မှ အရိပ်များ ဆင့်ကဲပြောင်းလဲသွားပုံကိုလည်း သတိထားမိလေသည်။

သူသတိထားမိသလို သူမလည်း သိနေမည်ဆိုတာ မျက်ဝန်းအကြည့်နဲ့တင် သိရှိနေကြလေသည်။ မနက်ဖြန် မန္တလေးလေဆိပ်သို့ ရန်ကုန်မှ ခရီးအတူသွားရပေဦးမည်။ မန္တလေးတွင် နေထိုင်ရန် အိမ်အတွက် နေနိုင်အောင်တစ်လအတွင်း ပြင်ဆင်ပေးခဲ့စဉ် ..။

စိတ်ကူးထဲရှိသလို ယောကျ်ားမိန်းမ မသိသော်လည်း ရေချိုးခန်းဝယ် အလှကြည့်မှန်ကို အမျိုးသမီးသုံး တပ်ဆင်ပေးမိတာမျိုး မသိစိတ်၏ ဆန်းကြယ်မှုကိုတော့ အံ့သြမှုများ တွေး၍ မကုန်နိုင်တော့ပေ။

နောက်တစ်နေ့မနက်မှာ မန္တလေးသို့ Air Pagan အတွက် ခရီးဆောင်ပစ္စည်းများ ပိုင်းကူသယ်ပေးစဉ် ပန်းချီကားချပ်ပေါင်းများစွာကို သယ်ဆောင်ပေးရလေသည်။ နူးညံ့သိမ်မွေ့သော အနေထိုင်ရှိသူဖြစ်မည်ဟု ခန့်မှန်းမိလေသည်။ လေယာဉ်ပေါ်မှာ အတူထိုင်ရင်း ကော်ဖီအတူသောက်စဉ် သူမ ကြိုတင်ပြင်ဆင်လာသော လုပ်ငန်းစဉ်အချက်အလက် စာရွက်ကို ပြသလေသည်။ အချက်အလက်များကို ဖတ်ရှုရင်း သူမ၏ စေ့စပ်သေချာမှုကို ကြိုတင်ရိပ်စားမိလိုက်ပါသည်။ ပြီးလျှင် ကတ္တီပါရှုံ့အိတ် အနီလေးထဲမှ အရာဝတ္ထုလေးကို ဆွဲယူထုတ်ကာ –

''အံ့သြစရာတစ်ခု ကျွန်မ ပြချင်ပါတယ်''

မြန်မာစကားကို လေသံဝဲဝဲဖြင့် ကြိုးစားပြောပုံကို သဘောကျစွာ ပြုံးမိရင် ပေးလာသောအရာကို ကြည့်မိစဉ် –

''ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်''

''ဒါ ... ဓာတာချုပ်ပဲ''

''ဟုတ်တယ်။ ဆုံးအောင်ဖတ်ပါဦး''

အတန်ကြာ ဖတ်ရှုလိုက်ပြီးသည်နှင့် –

''မဟာနွယ်ဇင်ရဲ့ ဓာတာချုပ်ပဲ။ ဒါဆို မဟာနွယ်ဇင်က ဗမာလား''

မျက်ဝန်းနက်လေးများက ဝမ်းသာရွှင်လန်းစွာကြည့်ပြီး ခေါင်းညိတ်ပြပြီးနောက် –

''ကျွန်မကို ဗမာမိဘနှစ်ပါးက မွေးဖွားပေးပြီး အမေရိကမှာပဲ နေခဲ့ရပြီး ဗမာမဆန်ဖြစ်ခဲ့ရင် ခွင့်လွှတ်ပါကိုနေ''

''သည်လိုသိရတော့ ပိုဝမ်းသာရပါတယ်''

''ဒါပေမဲ့ လုပ်ငန်းခွင်မှာ ကျွန်မတို့ ကုမ္ပဏီစည်းမျဉ်းအတိုင်း မြန်မာလို မပြောကြေးနော်''

''ကောင်းပါပြီ ခင်ဗျာ''

အချိန်တိုအတွင်းမှာ ခင်မင်မှုက ပို၍လျင်မြန်နေသည်။

*(ဆက်ရန်)*

မြနန်းရှင်



www.burmeseclassic.com

www.burmeseclassic.com



# မလွမ်းလို့ မဖြစ်ဘူး

မင်းသိခ်

ကျွန်မနဲ့ ကိုလှဖေအကြောင်းကို အစတော်ကလေး ပြောပြီးပါပြီ။ ကျွန်မ နာမည်က မမြမေပါ။ ဒါပေမဲ့ အားလုံးက 'မေ' လို့ပဲ ခေါ်ကြပါတယ်။ အဲဒါကလည်း ပြောပြီးသားပါ။ ကျွန်မက ကိုလှဖေနဲ့ ဆုံမိတိုင်း အမြန်ဆုံး လက်ထပ်ဖို့ တိုက်တွန်းပါတယ်။ ကိုလှဖေကတော့ နေ့ရွှေ့ ညရွှေ့ ရွှေ့တာပေါ့ရှင်။

ဒါပေမဲ့ ကျွန်မက ပူဆာမကပူဆာလွန်းတဲ့အခါမှာတော့ မိဘတွေကို ပြောရဦးမယ်လို့ သူကပြောတယ်။ အဲဒီတော့လည်း ကျွန်မက အမြန်ဆုံး သွားပြောဖို့ တိုက်တွန်းရပြန်တယ်။ နောက်ဆုံးမှာတော့ ကိုလှဖေဟာ မိဘတွေကို သွားပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူက မန္တလေးကို ရထားနဲ့ သွားမှာလေ။

ကိုလှဖေ ဘူတာဆင်းတဲ့အခါမှာ ကျွန်မ လိုက်ပို့ပါသေးတယ်။ ကိုလှဖေ ထိုင်ခုံက ပလက်ဖောင်းဘက် ပြတင်းပေါက်နားမှာရှင့်။ ကျွန်မက ရထားမထွက်မချင်း သူ့ကို တတွတ်တွတ်မှာနေရတယ်ရှင့်။ မှာတဲ့အကြောင်းကလည်း တခြားဟာ မဟုတ်ပါဘူး၊ မြန်မြန်ပြန်လာဖို့ပါပဲ။

ကိုလှဖေဟာ အစပထမတော့ ကျွန်မပြောသမျှတွေကို သူက နှုတ်နဲ့ ပြန်ဖြေပါတယ်။ နောက်တော့လည်း သူ မဖြေနိုင်တော့ဘူး ထင်ပါရဲ့။ ကျွန်မ ဘာပဲပြောပြော ခေါင်းပဲညိတ်နေတော့တာပဲ။ အဲဒီတော့လည်း ကျွန်မက စိတ်တိုလာတယ်။ သူက လူပဲ။ ပုတ်သင်ညိုမှ မဟုတ်တာ။ အဲဒီတော့ ခေါင်းညိတ်ပြနေတာကို ကျွန်မ မကျေနပ်နိုင်ပေါင်။

"ဘယ်ကိုလဲ ကိုလှဖေရယ်၊ အသံတောင် မထွက်တော့ပါလား၊ ခေါင်းပဲ ညိတ်နေတော့တာပဲလား"

လို့ ပြောလိုက်တော့ သူက ပြုံးတယ်။ သူ့အပြုံးရဲ့ နောက်ကွယ်မှာ အဓိပ္ပာယ်တွေ အများကြီးပါနေတယ်။ ရတောင် မရသေးဘူး၊ ဒီလောက် စကားများတဲ့ မိန်းမ၊ ရများရရင်တော့ ငါတော့ နားအူပြီး သေမှာပဲလို့ ပြောတာလည်း ဖြစ်နိုင်တယ်ရှင့်။ ဒါမှ မဟုတ်ရင်လည်း 'ချစ်မေရယ်… အခုထိ ကိုယ့်ကို မယုံသေးဘူးလား' လို့ ပြောတာလည်း ဖြစ်နိုင်တယ်။

ပြောရဦးမယ်နော်။ ကိုလှဖေ



www.burmeseclassic.com

www.burmeseclassic.com

ဟာ ကျွန်မကို ခေါ်တဲ့အခါ 'မေ' လို့ ခေါ်လေ့ရှိပါတယ်။ အဓိပ္ပာယ်ကတော့ ဘာခြား 'မေ' မဟုတ်ဘူး။ 'ကိုလှဖေချစ်တဲ့ မေ' လို့ ဆိုလိုဟန်ရှိပါတယ်။ ကျွန်မလေ ကိုလှဖေက ချစ်မေလို့ ခေါ်လိုက်တဲ့အခါတိုင်းမှာ အမြဲတမ်းလိုလို ရင်ထဲမှာ လှုပ်ခတ်သွားပါတယ်။ လှုပ်ခတ်တာကလည်း နည်းနည်းမဟုတ်ဘူးနော်။ အများနားလည်တဲ့ စကားနဲ့ပြောရရင် ကျွန်မရင်ထဲမှာ ဆူနာမီလှိုင်းကြီး လှုပ်သွားတယ်လို့ ဆိုကြပါစို့ရဲ့။

ကိုလှဖေက ပြတင်းပေါက်ပေါင်ပေါ်မှာ သူ့လက်ကလေး တင်ထားတယ်။ ကျွန်မက သူ့လက်ချောင်းလေးတွေကို အုပ်ပြီးကိုင်ထားတယ်။ သူ့လက်မှာက ရွှေလက်စွပ်ကလေး တစ်ကွင်း ဝတ်ထားတယ်။ အဲဒီလက်စွပ်ကလေးကလည်း ရှေးဟောင်းအိန္ဒိယလူမျိုးတွေရဲ့ အသက်လို့ ယုံကြည်တဲ့ ကြက်ခြေခတ်ပေါ်မှာ အဝိုင်းကလေးပါတဲ့ တံဆိပ်ကလေးတစ်မျိုးပါပဲ။

ကျွန်မက ဆက်ပြီးတတွတ်တွတ်ပြောနေတယ်။ သူက ပြုံးရုံပဲ ပြုံးပြတယ်။ အစပထမမှာတော့ သူ့ရဲ့အပြုံးနောက်မှာ အဘိဓမ္မာတွေ ပါတယ်လို့ ကျွန်မ ထင်ခဲ့တာ။ ဒါပေမဲ့ နောက်တော့ ကျွန်မ သဘောပေါက်သွားတယ်။ သူ့ရဲ့အပြုံးနောက်မှာ ဘာမှမပါပါဘူး။ သူဟာ ဘာမှလုပ်ပြစရာမရှိလို့ ပြုံးပြနေတာပါ။ ကျွန်မလေ အူယားလိုက်တာ မပြောနဲ့တော့။ အဲဒီလိုနဲ့ပဲ 'အမှတ်တစ် ပလက်ဖောင်းက မန္တလေးအဆန်ရထားကြီး ထွက်ခွာပါတော့မယ်' ဆိုတဲ့အကြောင်း ကြေညာတော့တာပါပဲ။

အဲဒီလို ကြေညာပြီးတာနဲ့ သူတို့ရထားကြီးဟာ တဖြည်းဖြည်းချင်း စပြီးထွက်ပါတော့တယ်။ ဒါပေမဲ့ ကျွန်မဟာ သူ့လက်ချောင်းတွေကို အုပ်ကိုင်ထားရာကနေ မခွာချင်ဘူး။ အဲဒီတော့ ရထားနောက်ကို ဆွဲတိုက်ကြီး လိုက်နေမိသေးတယ်။ ကုန်စိမ်းသည်တစ်ယောက် ချထားတဲ့ ကန်စွန်းရွက်စည်းကို မမြင်လို့ ဝင်တိုက်ပြီး လဲမလိုတောင် ဖြစ်သွားသေးတယ်။ ဒါပေမဲ့ ကျွန်မလက်ကို သူ့လက်ပေါ်က မခွာခဲ့ဘူး။ ရထားက အရှိန်နည်းနည်း ပိုပြီးမြန်လာပြီ။ သူက လက်ကို ပြတင်းပေါက် အပြင်ဘက်ကို ဆန့်ထားပေးတယ်။ ကျွန်မကလည်း လက်ချင်းထိထားမြဲပဲ။

နောက်တော့လည်း တဖြည်းဖြည်းချင်း လက်ချင်းထိရာကနေ ပွတ်ပြီး ပြုတ်သွားပါတော့တယ်။ ကျွန်မရင်ထဲမှာ ဟာကနဲဖြစ်ပြီး ကျန်ရစ်ခဲ့တယ်။

မလှမ်းမကမ်းက ကောင်လေးသုံးယောက်က 'ရိုမီယို အင် ဂျူးလီးယက်' လို့ လှမ်းပြီးအော်လိုက်ကြပါတယ်။ သူတို့ ဘာအော်တာလဲဆိုတာ ကျွန်မ သဘောပေါက်ပါတယ်။ အဲဒီဇာတ်ကားထဲက မင်းသမီးနဲ့ မင်းသားဟာ ခွဲခါနီးမှာ အဲဒီလိုပဲ လက်ကလေးချင်း ထိထားရာကနေ ပြုတ်လိုက်ကြတာကိုး။

ရထားကြီးဟာ တဖြည်းဖြည်းဝေးသွားပါပြီ။ စတော့ပ်ဂိတ်ကုန်းနားရောက်တော့ ရထားကြီးဟာ ကွေ့ပြီးသွားရပါတယ်။ အဲဒီမှာ ကျွန်မမြင်ကွင်းထဲကနေ ရထားကြီးဟာ အပြီးအပိုင် ပျောက်သွားပါလေရော။ အဲဒီအခါမှာ ကျွန်မရင်ထဲမှာ နှလုံးတွေရော၊ အသည်းတွေရော၊ နောက် ကျွန်မ မခေါ်တတ်တဲ့ ဘာတွေရှိသေးလဲတော့ မသိဘူး။ အဲဒါတွေပါ ပြုတ်ပြီးထွက်သွားတယ်လို့ ခံစားလိုက်ရပါတယ်။ အဲဒါတွေ ထားလိုက်ပါတော့ရှင်။

□

အဲဒီအချိန်ကစပြီး ကိုလှဖေ'က ကျွန်မနဲ့ အဆက်အသွယ်ပြတ်သွားပါတော့တယ်။ သူကလည်း ကျွန်မဆီကို တယ်လီဖုန်းမဆက်ဘူး။ ကျွန်မကရုံးကနေ ဆက်ရတာ။ အိမ်မှာက ဖုန်းရှိတာ မဟုတ်ဘူး။ ကိုလှဖေတို့အိမ်မှာက ဖုန်းရှိတယ်ရှင့်။ ကျွန်မ ဖုန်းဆက်ရင် သူက ဘယ်တော့မှ မကိုင်ဘူး။ တခြားလူတွေပဲ လာပြီးကိုင်တယ်။ သူတို့ကလည်း ကိုလှဖေ မရှိဘူးလို့ပဲ ပြောကြတယ်။ ကျွန်မရင်ထဲမှာတော့ ပူလောင်နေပြီပေါ့ရှင်။ တစ်နေ့မှာတော့ သူ့အမေကြီး လာပြီးကိုင်တယ်။

"လှဖေ ရှိတယ်ဟော့၊ ညည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

မပတ်သက်ချင်လို့ မဆက်တာ၊ တို့က လည်း သဘောမတူဘူး"

ဘာဘာညာညာဆိုပြီး ရှိုင်းရှိုင်း စိုင်းစိုင်းတွေပြောပြီး ဖုန်းကို ဝှပ်ကနဲ ချသွားတယ်။

ကျွန်မလေ အောက်နှုတ်ခမ်းကို သွားနဲ့ကိုက်ပြီး စိတ်ကို တင်းထားပါ သေးတယ်။ ဒါပေမဲ့ နှုတ်ခမ်းကိုသာ ကျွန်မက ကိုက်နိုင်တာ။ မျက်ခမ်းကို တော့ ကိုက်စရာမရှိဘူး မဟုတ်လား။ အဲဒီတော့ မျက်ရည်တွေ လိမ့်ကျပြီး ထွက်လာတာပေါ့။

ကျွန်မဟာ အဲဒီအချိန်ကစပြီး မစားနိုင် မသောက်နိုင်နဲ့ တပိန်ပိန် တလှိမ်လှိမ် ဖြစ်တော့တာပါပဲ။ ကျွန်မ ရဲ့ အမေကလည်း အဲဒါကို မရိပ်မိရှာ ဘူး။ ကျွန်မ ပိန်လာတာကို မီးယပ် ရောဂါလို့ထင်ပြီး ဆရာတစ်ယောက် ဆီက မီးယပ်ဆေးတွေတောင်းပြီး တိုက် တော့တာပဲ။ အဲဒီဆေးကြောင့်လား မပြောတတ်ပါဘူး။ ကျွန်မခေါင်းက ဆံပင်တွေ အတော့်ကို ကျွတ်သွားပါ တယ်။

□

ဖြစ်တာက ဒီလိုရှင့်။ ကိုလှဖေ က အိမ်လည်းရောက်ရော ကျွန်မနဲ့ ဖြစ်နေတဲ့အကြောင်း၊ လက်ထပ်ဖို့ လာပြီးခွင့်တောင်းကြောင်း ပြောလည်း ပြောရော သူ့အမေကြီးက ပေါက်ကွဲ တော့တာပဲ။ ကျွန်မနဲ့ အတင်းအဆက် ဖြတ်ခိုင်းတယ်။ သူ့စကားကို နား မထောင်ရင် သတ်သေပစ်လိုက်မယ် လို့ ကိုလှဖေကို ကြိမ်းတာပေါ့။ ကိုလှ ဖေကလည်း သူ့အမေ သေမှာ ကြောက် တော့တာပေါ့ရှင်။ အဲဒီလိုကြောက်တာ အပြင် ကိုလှဖေက ဗဟုသုတလေး နည်းနည်းပါးပါးရှိတော့ မာတာပိတု ဂုဏော အနန္တော ဆိုတာကို သူသိ တယ်လေ။ အဲဒီတော့ ငရဲအိုးထဲကျမှာ ကို သူပိုပြီးကြောက်တယ်။ ကိုလှဖေ က အလွန့်ကို အပူကြောက်တဲ့လူ။ အဲယားကွန်းအခန်းထဲမှာ အလုပ်လုပ်ရ တာတောင် အိုက်လို့ဆိုပြီး ယပ်ခတ်တဲ့ လူစားမျိုးရှင့်။

တိုတိုပဲ ပြောပါတော့မယ်ရှင်။ ကျွန်မလည်း မတတ်သာတဲ့အဆုံးမှာ နှုတ်ခမ်းမွှေးနဲ့ ဗေဒင်ဆရာကြီးဆီ သွားရတော့တာပေါ့။ ကျွန်မက မရှက် ပါဘူး။ ကိုလှဖေကို တကယ်ချစ်တာ ပဲဥစ္စာ။ အဲဒီတော့ ဗေဒင်ဆရာကြီးကို အကုန်လုံး ဖွင့်ပြောလိုက်တယ်။ ဗေဒင် ဆရာကြီးက 'ရပါတယ်' လို့ ပြော တယ်။ ပြီးတော့ သူက ဘာလုပ်ခိုင်း သလဲဆိုတော့(..........)

အဲဒီလိုလည်း လုပ်ပြီးရော သိပ် ပြီးမကြာပါဘူးရှင်။ ကိုလှဖေကြီး ပြန် ရောက်လာတယ်။ ကျွန်မဖြင့် ဝမ်းသာ လိုက်တာ မပြောနဲ့တော့။ ကျွန်မ မရှက် ပါဘူး။ လူတွေရဲ့ရှေ့မှာပဲ သူ့ကို တအားဖက်ပြီး ငိုချလိုက်တယ်။ သူက လည်း ပြောပါတယ်။ ငရဲအိုးကျချင် ရင် ကျဆိုပြီး ထွက်လာခဲ့တာပဲတဲ့။

နှုတ်ခမ်းမွှေးဗေဒင်ဆရာကြီး ပြောလိုက်တဲ့ စကားက ရှိသေးတယ်။ အဲဒါ သူ့ရဲ့နည်း မဟုတ်ပါဘူးတဲ့။ မြန်မာနည်းလည်း မဟုတ်ပါဘူးတဲ့။ လန်ဒန်မြို့မှာ အခုနာမည်ကြီးနေတဲ့ ဆာရာလင်တန်မော်ဒီဆင် ဆိုတဲ့ ဆရာမရဲ့ နည်းတဲ့။ အဲဒီဆရာမက သူ့ရဲ့နည်းတွေကို စာအုပ်ထုတ်တယ် တဲ့။ ကျွန်မ အခုပြောနေတာတွေဟာ အဲဒီဆရာကြီး လုပ်တဲ့နည်းဟာ ကောင်းတယ်၊ မှန်တယ်လေလို့ ထောက်ခံနေတာ မဟုတ်ပါဘူးရှင်။ ကိုလှဖေ ကျွန်မဆီကို ပြန်လာလို့ ဝမ်း သာတဲ့အကြောင်း ပြောချင်တာပါ။

ကိုလှဖေ ပြန်လာတာဟာ အဲဒီ ဆရာကြီးနည်းကြောင့် ဟုတ်ချင်မှ လည်း ဟုတ်မှာပါ။ သူကလည်း ကျွန်မကို ချစ်တာပဲရှင်။ အဲဒီလို မလုပ်လည်း ပြန်လာချင် ပြန်လာမှာ ပေါ့ရှင်။ ကျွန်မတို့နှစ်ယောက်က 'ရိုမီယိုနဲ့ ဂျူးလီယက်' ဇာတ်ကားထဲ က မင်းသမီးနဲ့ မင်းသားလို ဖြစ်နေကြ တာ မဟုတ်လား။ သူလည်း ပြန်လာ ရော ကျွန်မလည်း ထမင်းပြန်ပြီးစား နိုင်လာတယ်။ အသားအရေတွေလည်း နဂိုအတိုင်း ပြန်ဖြစ်သွားကြတယ်။ မီးယပ်ဆေးတွေလည်း မသောက်ရ တော့ဘူးပေါ့ရှင်။ ဟီး...ဟိ...။ ရယ်ဖို့ကောင်းလိုက်တာ။

*သဇ္ဈေသဋ္ဌာ ကမ္ဘာ့သကာ*

*ဖတ်စရာဂျာနယ်၊ အမှတ်(၁၁)၊*
*(၁၅-၃-၂၀၀၅)*



www.burmeseclassic.com

www.burmeseclassic.com



# မိခိုင်တို့အိမ်

ဗဟိုဇော

ကျော်စိုးအောင် ရင်ထဲ၌ သိမ့်ခနဲ လှုပ်သွားသည်။

မြင်မြင်ချင်း အချစ်ဆိုတာ ဒါမျိုး ပဲလား မသိ။

လှလိုက်တဲ့ မိန်းကလေးနယ်။

ညီညာပြန့်ပြူးသော နဖူး၊ ဖြောင့်စင်းသောနှာတံ၊ မထူမပါး နှုတ်ခမ်းလွှာ၊ အရည်လဲ့၍ လှပသော မျက်လုံးများ မိမိမျက်စိထဲ၌ အားလုံးလှနေသည်။

ထိုအလှအားလုံးသည် သွယ်လျသော မျက်နှာနှင့် နက်မှောင်၍ ရှည်လျားသော ဆံကေသာတို့ ပေါင်းစပ်လိုက်လျှင်မူ ဆယ်ကျော်သက်ရွယ် ရှုမငြီးသည့် ယမင်းရုပ်ကလေးနှင့် တူလှပါတကား။

ပြစ်မျိုးမဲ့မထင်ဆိုတာ ဒီလိုအလှမျိုးလား။

"မိခိုင် ဒီခုံမှာ ထိုင်မယ်နော် အစ်ကို"

"ဗျာ···ဪ···ထိုင် တိုင်ပါ"

ရထားတွဲတွင်းသို့ ဝင်လာကတည်းက သူမအလှကို ငေးမောနေမိသော ကျော်စိုးအောင်က ထစ်ငေါ့စွာ ဖြေလိုက်သည်။

ရွှေညောင်-ရန်ကုန် ရှမ်းရထား၏ အထက်တန်းတွဲ၏ ပြတင်းပေါက်ဘေးရှိ ထိုင်ခုံတွင် ကျော်စိုးအောင် ရှိနေခြင်း ဖြစ်၏။ ရွှေညောင်မှ နံနက် ၈း၃၀ နာရီ ရထားထွက်ခွာလာစဉ် ကျော်စိုးအောင်၏ ညာဘက်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံနေရာများတွင် လိုက်ပါလာခဲ့သော ခရီးသည်များ သာစည်ဘူတာတွင် ဆင်းသွားခဲ့ကြသည်။ သာစည်သို့ ညနေ၌



www.burmeseclassic.com

www.burmeseclassic.com

နာရီကျော်ကျော် ရောက်ရှိသည်။ ည ၇ နာရီခွဲသည်အထိ ခရီးသည်များ မရှိခဲ့ဘဲ ယခု ရထားထွက်ခါနီး ဥသြဆွဲသံကြားမှ ဤယမင်းရုပ်နှင့်တူသော မိန်းကလေး ရောက်လာခြင်းဖြစ်သည်။

"ဟဲ့ . . . မိနိုင်၊ ဟိုဘက်ပြတင်းပေါက်နားက ခုံမှာ သွားထိုင်စမ်း"

ရုတ်တရက် ပေါ်လာသော အသံမာမာကြောင့် မိန်းကလေးသည် ကျော်စိုးအောင်နှင့် ဘေးချင်းကပ်ထိုင်ခုံမှ ထရပ်လိုက်သည်။ ကျော်စိုးအောင်က အသံလာရာ နောက်ဘက်ဆီသို့ လှည့်ကြည့်လိုက်သည်။ ရှေ့ကိုင်းမျက်မှန် တဝင်းဝင်း မျက်နှာကြောခပ်တင်းတင်းနှင့် အသက် ၄၅ နှစ်ခန့်ရှိသည့် အမျိုးသမီးကြီးတစ်ဦး လျှောက်လာသည်ကို တွေ့ရသည်။ သူမ၏နောက်မှ အသားညိုညိုနှင့် အသက် ၃၀ ဝန်းကျင်ခန့်ရှိ အမျိုးသမီးတစ်ဦးကို ပလတ်စတစ်လက်ဆွဲခြင်းနှစ်လုံးဆွဲ၍ ပါလာသည်ကို တွေ့ရသည်။

မိနိုင်က နှုတ်ခမ်းကို မဲ့ရွဲ့ပြကာ ကျော်စိုးအောင်နှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဆောင့်အောင့်၍ ဝင်ထိုင်လိုက်သည်။

ကျော်စိုးအောင်က မိမိ၏ မျက်နှာချင်းဆိုင်သို့ရောက်နေသော မိန်းကလေးအား အနီးကပ် သတိပြုမိသည်။ အထူးသဖြင့် သူမအသားအရောင်ကို ဖြစ်သည်။

သူမ၏အသားရောင်သည် ရထား၏ မီးရောင်အောက်၌ပင် ဖွေးဖွေးဖြားဖြား ဖြူဆွတ်လျက်ရှိသည်။ ဖြူသမှ နို့နှစ်ရောင်ကဲ့သို့ ဖြူဆွတ်၍ နုညက်လှသည်ဟု ဆိုရမည်။ နှုတ်ခမ်းနီသာ ဆိုးမထားပါက မျက်နှာပြင်တစ်ခုလုံးပင် ဖြူဖွေးနေမည်လား မသိ။

ထိုစဉ် ဥသြဆွဲသံ ကြားရသည်။ ရထားထွက်တော့မည်ထင်သည်။ ခဏအကြာတွင် ဥသြသံရှည်ကြီးနှင့်အတူ ရထားဘီးများ စတင်လိမ့်သံ ကြားရသည်။

"ဩော် . . . ဒီက မောင်ရင့်ကို ပြောရဦးမယ်။ မိန်းကလေးက လေတိုက်တာသိပ်မခံနိုင်ဘူးကွဲ့။ အဲဒါ ပြတင်းပေါက်တံခါး ပိတ်ထားပေးပါလား"

ရထားစထွက်သည်နှင့် အမျိုးသမီးကြီးက ကျော်စိုးအောင်အား ပြောလိုက်ခြင်း ဖြစ်သည်။

ကျော်စိုးအောင် စိတ်ညစ်သွားသည်။ သူကား အအေးကြိုက်တတ်သူဖြစ်သည်။ သာစည်ရောက်၍ ပူအိုက်ရသည့်အထဲ တံခါးပါ ပိတ်ထားရလျှင် ချွေးအောင်းသလို ဖြစ်ရောမည်။ ကျော်စိုးအောင်က မိန်းကလေးကို ကြည့်လိုက်သည်။ မိန်းကလေးက မသိမသာ ခေါင်းခါပြသလို ထင်မိသည်။ ကျော်စိုးအောင်က အမျိုးသမီးကြီးအား အန်တီဟု ခေါ်ရန် စိတ်ထဲမှ တွေးမိသည်။ သို့သော်-

"ကျွန်တော်က နည်းနည်းအိုက်တတ်လို့ပါ အစ်မကြီး။ ဒီလိုလုပ်ပါ။ အားလုံးအဆင်ပြေအောင် တံခါးကို တစ်ဝက်ပိတ်ပေးပါ့မယ်"

အမျိုးသမီးကြီးက မျက်မှန်ကိုင်းကို ဟန်ပါပါ ပင့်တင်ရင်း ပြောသည်။

"လောလောဆယ်တော့ တစ်ဝက်တင်ချင်တင်ထားပေါ့။ ညဉ့်နက်လာရင်တော့ အပြည့်ပိတ်ပေးရလိမ့်မယ်နော်"

အမျိုးသမီးကြီး၏ အသံမှာ စောစောက မိန်းကလေးကို လှမ်းပြောသလောက် မမာသော်လည်း ဩဇာပေးသလိုလို၊ အမိန့်ပေးသလိုလို သံစဉ်မျိုး ပါနေသယောင် ကျော်စိုးအောင် ခံစားရသည်။ ကျော်စိုးအောင်က ဘာမှ ထပ်မပြောတော့ဘဲ ပြတင်းပေါက်ကို ချက်ဖြုတ်၍ တစ်ဝက်အထိ ချပေးလိုက်သည်။

ကျော်စိုးအောင်က စီးကရက်တစ်လိပ် ထုတ်၍ မီးညှိဖွာရှိုက်ရင်း ရှေ့မှာည့်တည့်ရှိ မိနိုင်ဆိုသူ မိန်းကလေးအား အမှတ်မထင် လှမ်းကြည့်လိုက်သည်။ မိမိအား မမိုတ်မသုန် စူးစိုက်ကြည့်နေသော မိနိုင်၏ မျက်လုံးရွှဲကြီးများကို မြင်လိုက်ရ၏။

ကျော်စိုးအောင်၏ ရင်ထဲ အေးခနဲဖြစ်သွားကာ ရင်ခုန်သံတို့ စည်းချက်မမှန်လောက်အောင် တဖိန်းဖိန်းမြည်ကုန်၏။ ကျော်စိုးအောင် ကိုယ့်ကိုယ်ကို အတော် အံ့သြသွားသည်။

စတီရီယိုလောကတွင် မိမိနာမည်ရစကာတည်းက မိန်းကလေးများ ဝိုင်းဝိုင်းလည်နေခဲ့သည်။ စတိတ်ရှိုးရှိသည့်နေရာများတွင် ပို၍ပင် ဆိုးသေးသည်။ သီချင်းတစ်ပုဒ်ဆိုပြီး၍ စင်ပေါ်က ဆင်းလိုက်သည်နှင့် အော်တိုရေးခိုင်းသူနိုင်း၊ မိတ်လာဖွဲ့သူဖွဲ့နှင့် ရှောင်မရတိမ်းမရဘဲ မိန်းကလေးတရုံးရုံးနှင့် ဖြစ်နေတတ်သည်။ ထိုအထဲတွင် အိမ်အထိ ကား



www.burmeseclassic.com

www.burmeseclassic.com

နှင့် လိုက်လာ၍ ညဥ့်နက်သန်းခေါင်ထိုင်စကားပြောတတ်သည့် သာလိကာမလေးများကလည်း မရှား။

အချို့ဆိုလျှင် စတီတ်ရှိုးရှိသည့်နေရာသို့ ရောက်လာတတ်၍ မိမိအား ဟိုသီချင်း မဆိုနှင့်၊ ဒီသီချင်းမဆိုနှင့်။ အကြံပေးသလိုလို၊ အနှောင့်အယှက်ပေးသလိုလို စိတ်ကသိကအောက်လိုက်လုပ်တတ်သည့် ကဝေမလေးများလည်း ရှိသေးသည်။

သို့သော်လည်း ရေသာများ၍ ငါးကားမပေါ်ခဲ့။

ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားမိခဲ့။ မိမိရင်ကို လှုပ်ရှားစေသော မိန်းကလေးတစ်ယောက်မျှ မတွေ့ခဲ့ဖူးသည်တော့ အမှန်ပင် ဖြစ်သည်။

အခုမှ မမျှော်လင့်ဘဲ တွေ့ရသော မိနိုင်ဆိုသည့် မိန်းကလေးနှင့်ကျကာမှ မိမိရင်တို့ ဘာကြောင့် လှုပ်ရှားနေရပါသနည်း။

"ရော့…မိနိုင်၊ ဒါလေးသောက်လိုက်"

ကျော်စိုးအောင်နှင့် သားချင်းကပ်ခုံမှ အမျိုးသမီးက ဆေးပြားသုံးပြားမိနိုင်အား လှမ်းပေးသည်ကို တွေ့ရပါသည်။

"ဟင့်အင်း…အဲဒီဆေးတွေမိနိုင်မသောက်ချင်ဘူး ဆရာမ"

ထိုစဉ် အမျိုးသမီးကြီးက -

"မရည်နဲ့ မိနိုင်၊ သောက်လိုက်စမ်း"

"မာမီကြီးဆေးတွေက ချိုးလည်းမချိုဘူး"

> အလို…
> သည်မိန်းကလေးနှယ်…
> မိုးလင်းမှ ပြန်အိပ်နေပါရော့လား။
> တော်တော်အအိပ်မက်ပုံရသည်။ မာမီကြီးနှင့် မပြုံးတို့က မိနိုင်ကို နှိုးမည့်ဟန်အရိပ်အယောင်ပင်မပြ။ အိပ်နေတာပဲကောင်းသည်ဟုများ တွေးနေကြသလား မဆိုနိုင်။

"အလိုတော်…ဆေးပဲ ခါးမှာပေါ့။ ဘယ်ဆေးကကော ချိုလို့တုံး။ ပေးလိုက် မပြုံး၊ ရေနွေးနဲ့သောက်ပစေ"

"ဟုတ်ကဲ့ မမ"

မိနိုင်က နှုတ်ခမ်းစူ၍ ဆေးပြားများကို လှမ်းယူသည်။ မပြုံးဆိုသူ အမျိုးသမီးက သွဲ့ခြင်းထဲမှ ဓာတ်ဘူးထုတ်ကာ မိနိုင်အား ရေနွေးတစ်ခွက် ငှဲ့၍ ပေးသည်။ မိနိုင်က…

"ရေနွေးနဲ့ မသောက်ချင်ဘူး။ ကော်ဖီနဲ့ပဲ သောက်ချင်တယ်"

မပြုံးဆိုသူက -

"မိနိုင်ရယ်…ဆေးက ကော်ဖီနဲ့သောက်ရင် ပိုခါးနေမှာပေါ့။ ရော့…ရေနွေးနဲ့ပဲသောက်"

မိနိုင်က မာမီကြီးဘက်သို့ မသိမသာ စောင်းငဲ့ကြည့်လိုက်ရာ ရှော့ကိုင်းမျက်မှန်အောက်မှ မျက်စောင်းထိုးထားသော မျက်လုံးကြီးများကို မြင်လိုက်ရသည်။ မိနိုင်က လျှာတစ်လစ်ထုတ်ကာ ရေနွေးခွက်ကို လှမ်းယူလိုက်လေသည်။

ကျော်စိုးအောင်သည် မိနိုင်အား ပြုံး၍ကြည့်နေမိသည်။

ဘယ်လိုကြောင့်မှန်းတော့ မသိ။ ကလေးဆန်မှုနှင့် သို့သော်လည်း မိနိုင်၏ အမူအရာ လှုပ်ရှားဟန်များကို သဘောကျနေမိသည်။ ဒီလို မျက်နှာချင်းဆိုင် တဝကြီး ထိုင်ကြည့်နေခွင့်ရသည်ကိုပင် ဝမ်းသာဂုဏ်ယူနေမိသည်။

အချစ်ဆိုသည်မှာ ဒါကို ခေါ်မည်လား။

မိနိုင်က အမျိုးသမီးကြီးကို မာမီကြီးဟု ခေါ်သည်။ မိမိဘေးက မျှီး



www.burmeseclassic.com

www.burmeseclassic.com

ဆိုသူကိုတော့ ဆရာမတဲ့။ မပြုံးက မာမီကြီးကို မမဟု ခေါ်ပြန်သည်။

သူတို့ သုံးဦး မည်သို့တော်စပ်ကြပါသနည်း။ မျက်နှာတွေကလည်း တစ်ယောက်နှင့်တစ်ယောက် သိပ်မတူချင်ကြ။ မိနိုင်မျက်နှာက သွယ်လျ၍ ရှမ်းသွေးပါသောရုပ်မျိုး။ မာမီကြီးမျက်နှာက ခပ်သွယ်သွယ်ဖြစ်သော်လည်း အညာဆန်သည်။ မပြုံးကား မျက်နှာဝိုင်းဝိုင်းနှင့် မြစ်ဝကျွန်းပေါ်သူနှင့် တူသည်။

နောက်တစ်ခုက သူတို့ ဘယ်က လာကြသလဲ။ ပြီးတော့ ဘယ်ကို သွားကြမှာလဲ။

"ဒီက အစ်ကိုက ဘယ်သွားမလို့လဲဟင်၊ ရန်ကုန်ပဲလား"

"ဟုတ်တယ်‥ ရန်ကုန်ပါပဲ"

"ဟုတ်လား။ ရန်ကုန်ဘယ်နားမှာနေတာလဲ"

"ကိုက အင်းစိန်မှာ နေတာပါ"

"ဟာ‥‥အင်းစိန်ဆိုရင် မိနိုင်တို့နဲ့ နီးတာပေါ့။ မိနိုင်က ၉ မိုင်မှာနေတာလေ။ ဒါနဲ့ အစ်ကိုက ဘယ်ကပြန်လာတာလဲ"

"တောင်ကြီးကပါ"

"အလည်သက်သက်ပဲလား"

"မဟုတ်ဘူး၊ အလုပ်ကိစ္စလေးရှိလို့ပါ"

"ဟုတ်လား။ ဟို‥‥ကိုက ဘာအလုပ်လုပ်လဲဟင်"

ကျော်စိုးအောင်က မာမီကြီးကို မသိမသာ လှမ်းကြည့်သည်။ တရားစာအုပ်တစ်အုပ် ထုတ်၍ဖတ်နေသည်ကို တွေ့ရသည်။ မျက်လုံးများက စာအုပ်ပေါ်တွင် ရှိနေသော်လည်း နားများကမူ မိမိတို့ဘက်သို့ စွင့်ထားလိမ့်မည်ထင်သည်။

"အစ်ကိုက သီချင်းလေးဘာလေး နည်းနည်းပါးပါး ဆိုတတ်တယ်။ အဲဒါ တောင်ကြီးတက်ပြီး စီးရီးတစ်ခွေထုတ်ဖို့ လာညှိတာပါ"

"ဟာ‥‥လက်စသတ်တော့ အစ်ကိုက စတီရီယိုအဆိုတော်ကိုး။ အစ်ကို့မျက်နှာက ဇော်ဝင်းထွဋ်နဲ့ တူသလိုလို ရထားပေါ်တက်စကတည်းက မိနိုင်က ထင်နေတာ။ အစ်ကို့နာမည်က ဘယ်သူလဲဟင်"

"ကျော်စိုးအောင်ပါ"

"ကျော်စိုးအောင် ဟုတ်လား။ ဪ‥‥သိပြီ၊ သိပြီ။ ဘာတဲ့ ဟို အာကာကို လွှာပုံပြုလို့ စီးရီးဆိုတာ အစ်ကို မဟုတ်လား"

ကျော်စိုးအောင်က အနည်းငယ် ပြုံးလိုက်သည်။

"အဲဒါက ဘိုဘို ဆိုတာလေ။ ကိုယ့်စီးရီးနာမည်က ချစ်တတ်မနိုင်တဲ့ လိပ်ပြာငယ်တဲ့"

"အား‥‥ဆောရီးနော် အစ်ကို။ မိနိုင်က ရုပ်တရက်ဆိုတော့ ရောထွေးသွားလို့ပါ။ အင်းလေ သီချင်းတွေ နားမထောင်ရတာလည်း ကြာပြီဆိုတော့"

မိနိုင်က ပြောရင်းဆိုရင်း အသံထွက်၍ ရှည်လျားစွာ သမ်းဝေလိုက်သည်။ မိန်းကလေး အိပ်ချင်ပြီနှင့်တူသည်။ ကျော်စိုးအောင်က နာရီကို မြှောက်ကြည့်လိုက်သည်။ ည ၁၀း၄၅ နာရီ ရှိပြီ။ သူ၏ဘေးမှ မပြုံးကား တခေါခေါနှင့် အိပ်မောကျနေလေပြီ။

ညဉ့်နက်လှပြီ ဖြစ်၍ ပြတင်းပေါက်မှ တိုးဝင်လာသော လေများလည်း အနည်းငယ် အေးစိမ့်လာသည်။ ကျော်စိုးအောင်က တစ်ဝက်ဖွင့်ထားသော ပြတင်းတံခါးကို ချက်ဖြုတ်၍ အပြည့်ပိတ်ပေးလိုက်သည်။ မာမီကြီးက မျက်လုံးဝင့်၍ တစ်ချက်လှမ်းကြည့်ကာ စာအုပ်ကို ဆက်ဖတ်နေသည်။

ကျော်စိုးအောင်သည် စီးကရက်တစ်လိပ် မီးညှိကာ အိမ်သာဘက်သို့ ထွက်လာသည်။ အထက်တန်းတွဲ တစ်တွဲလုံးနီးပါး အိပ်ပျော်နေပြီ။ စည်းချက်မှန်မှန်ကြားနေရသော ရထားသံမှတစ်ပါး တစ်တွဲလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

ကျော်စိုးအောင်နေရာသို့ ပြန်ရောက်သို့ချိန်တွင် မိနိုင်ကို အိပ်ပျော်လျက်သား တွေ့ရသည်။ ဝီဘီကလေးငယ်တစ်ဦးနှယ် အပူအပင်ကင်းစွာ အိပ်ပျော်နေပုံရသည်။ ဪ‥‥အိပ်နေတော့လည်း တစ်မျိုးချစ်စရာကောင်းလှပါဘိ။

အင်း‥‥၉ မိုင်မှာ နေသည်ဆိုပါလား။ ၉ မိုင် ဘယ်ရပ်ကွက်များပါလိမ့်။ မိမိက အင်းစိန်ဆိုတော့ သိပ်တော့ မဝေး။ ကားနှင့်သွားလျှင် ခဏလေး။

ခက်သည်က မာမီကြီးဆိုသူ ဖြင့်သည်။

မျက်နှာကြောက တင်းသည်။ အသံက မာသည်။ မိနိုင်အပေါ်တွင်လည်း ကြဲတာညောင်းပုံရသည်။ မိနိုင်နှင့် ခင်မင်ရင်းနှီးခွင့်ရရန်မှာ မာမီကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com

အဆင်ပြေမှုဖြစ်မည်။

တွေးရင်း တွေးရင်း မေးခနဲ ဖြစ်သွားသည်။

မည်မျှကြာသွားသည် မသိ။ တစ်ရေးနိုးတော့ နံနက် ၂း၁၅ နာရီရှိနေပြီ။ မိနိုင်က နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲ။ မာမီကြီးကိုလည်း အိပ်ပျော်လျက်သား တွေ့ရသည်။ မပြုံးက ဘယ်အချိန်က နိုးနေသည်မပြောတတ်။ စောစောက မာမီကြီးဖတ်နေသော တရားစာအုပ်ကို ပါးစပ်တလှုပ်လှုပ်ဖြင့် ဖတ်နေသည်။

ဘာလို့ မအိပ်တဲ့ သန်းခေါင်ကျော်မှ တရားစာ ထရွတ်နေရသနည်း။

ကျော်စိုးအောင် မေး ့နဲ ဖြစ်သွားပြန်သည်။ နံနက် ၄း၁၅ နာရီတွင် တစ်ရေးပြန်နိုးသည်။ မိနိုင်ကား စောစောက အတိုင်း ပုံမပျက် အိပ်ပျော်နေဆဲ။ မာမီကြီးကို မျက်လုံးများ မှေးလျက် ပုတီးစိပ်နေသည်ကို တွေ့ရ၏။ မပြုံးကား တခေါခေါဖြင့် ဟောက်၍ပင် အိပ်ပျော်နေပြန်သည်။

ကျော်စိုးအောင်သည် အိပ်မပျော်နိုင်တော့ဘဲ တောင်ငူဘူတာအရောက်တွင် ရေတစ်အိုးငယ်၍ မျက်နှာသစ်လိုက်သည်။ လက်ဖက်ရည်တစ်ခွက်နှင့် ပေါင်မုန့်ထောပတ်သုတ် နှစ်ချပ်မှာ၍ ဗိုက်ဖြည့်လိုက်သည်။ ရထားတွဲပေါ်တွင် တချို့က နိုးလာကြပြီ ဖြစ်သည်။

သို့သော် မိနိုင်က အိပ်ကောင်းတုန်း။ မပြုံးက ဟောက်ကောင်းတုန်း။ မာမီကြီးက ပုတီးစိပ်မပျက်ပေ။

ပေယျာဝတီရောက်မှ မိနိုင်နှင့်မပြုံးတို့ နိုး၍ မျက်နှာသစ်ကြသည်။ မာမီကြီးက တစ်လှည့်၊ မိနိုင်နှင့်မပြုံးက တစ်လှည့် အိပ်ယာသွားကြသည်ကို တွေ့ရသည်။ ပြီးမှ အသင့်ပါလာသော ကော်ဖီနှင့် မုန့်ခြောက်များ စားကြသည်။

ကျော်စိုးအောင်က နေရာမှထ ကာ ပြတင်းပေါက်တံခါးကို ချက်စာင်၍ ပြန်ဖွင့်လိုက်သည်။ နံနက်ခင်း၏ လေနအေးသည် စိမ့်ခနဲ တိုးဝင်လာသည်။

"အစ်ကို ကော်ဖီသောက်ဦးလေ"

"အစ်ကို သောက်ပြီးပြီ မိနိုင်"

မိနိုင်က လောကွတ်လုပ်ဖော်ရသော်လည်း မာမီကြီးနှင့် မပြုံးကား မလှုပ်။ ခပ်မဆိတ်နေကြသည်။

"အစ်ကို ရန်ကုန်ဘူတာရောက်ရင် အင်းစိန်ကို ဘာနဲ့သွားမှာလဲ"

"ကိုယ့်အိမ်က ကားလာကြိုလိမ့်မယ်"

"ဪ . . . အစ်ကိုက ကြိုတင် ဖုန်းဆက်ထားတယ် ထင်တယ်။ မိနိုင်တို့က ကပျာကယာထွက်လာရတာဆိုတော့ ဖုန်းမဆက်ခဲ့ရဘူး။ ရန်ကုန်ဘူတာကြီးရောက်မှပဲ ဆက်ရမှာ။ အိမ်ကကား အပြင်သွားနေတာနဲ့ ကြုံနေရင်တော့ ဒုက္ခပဲ"

"အဲဒီတော့လည်း ကိုယ့်ကားနဲ့ လိုက်ခဲ့ပေါ့"

"အားနာစရာကြီး အစ်ကိုရယ်"

"ရပါတယ် မိနိုင်ရဲ့။ အားနာစရာ မလိုပါဘူး။ ဘာလဲ အစ်ကိုလိုက်ပို့ရင် မိနိုင်တို့အိမ် သိသွားမှာစိုးလို့လား"

"ဒါကြောင့် မဟုတ်ပါဘူး အစ်ကိုရဲ့။ တကယ် အားနာလို့ ပြောတာပါ။ ဘာလဲ လိပ်စာသိချင်လို့လား။ သိချင်ရင် မှတ်ထား။ ၉ မိုင်၊ ပုသိမ်လမ်း အိမ်နံပါတ် ၉ တဲ့။ အစ်ကို အချိန်မရွေး လာလည်လို့ရတယ်"

"ပုသိမ်လမ်း။ အိမ်နံပါတ် ၉"

ကျော်စိုးအောင်က အသံထွက်၍ ရေရွတ်လိုက်မိသည်။ ၉ မိုင်တွင် ပုသိမ်လမ်းဟူ၍ မိမိမကြားဖူး။ ပုသိမ်လမ်းကို စမ်းချောင်းထဲမှာသာ ကြားဖူးသည်။

"၉ မိုင်မှာ ပုသိမ်လမ်းဆိုတာ ဘယ်နားမှာလဲ မိနိုင်"

"ဒါမယ်လေး . . . အစ်ကိုရယ်။ စဝ်ဇိုင်ယိုအဆိုတော်ကြီးလုပ်ပြီး ဒါလေးတောင် မသိဘူးလား။ မှတ်ထား နဂါးနီ စားတော်ဆက်လွန်ရင် ဝိဇ္ဇာညီနောင်လမ်းဆိုတာ ရှိတယ်။ အဲဒီလမ်းထဲ ဝင်သွားရင် အလယ်လောက်မှာ ကန့်လန့်ဖြတ်လမ်းတစ်လမ်းတွေ့လိမ့်မယ်။ အဲဒါ ပုသိမ်လမ်းပေါ့ အစ်ကိုရယ်"

ကျော်စိုးအောင် ဘာမှမပြောနိုင်တော့။ မိမိ၏ နယ်မြေမကျွမ်းကျင်မှုကိုသာ အားမလိုအားမရ ဖြစ်သည်။

"ဪ . . . ဪ . . . ဒါဆို မှတ်မိပါပြီ။ အစ်ကိုက မြို့ထဲနဲ့ အင်းစိန်နဲ့ပဲ သံသရာလည်နေတော့ အဲဒီဘက်တွေ ရောက်ခဲတယ်လေ . . . ဟဲဟဲဟဲ"

ကျော်စိုးအောင်က အရှက်ပြေ ရယ်သွမ်းသွေး၍ ပြောလိုက်ရင်းမှ မာမီကြီးကို မလုံမလဲဖြင့် လှမ်းကြည့်မိသည်။ အစဉ်သဖြင့် မျက်နှာကြောတင်းနေတတ်သော မာမီကြီး၏ နှုတ်ခမ်းထောင့်စွန်းတစ်ဖက်တွင် အပြုံးရိပ်တစ်ခု ဖြတ်သန်းသွားသယောင် တွေ့လိုက်ရသည်။ ကျော်စိုးအောင်က သူ၏ မျက်



www.burmeseclassic.com

www.burmeseclassic.com

လုံးအကြည့်ကို ဣန္ဒြေမပျက် ရထား အပြင်ဘက်ဆီသို့ ရွှေ့ထားလိုက်ရ၏။

လယ်ကွင်းများသည် ရထား၏ နောက်ဘက်တွင် တရွေ့ရွေ့ ကျန်နေခဲ့ကြသော်လည်း ဟို‥ခပ်ဝေးဝေးဆီမှ တောင်တန်းကြီးများကမူ ရထား၏အရှိန် အဟုန်နှင့် တစ်ပြေးတည်း လိုက်ပါလာကြသည်ဟု ထင်မှတ်ရသည်။ ခရီးသွား စီးရီးတစ်ခွေတော့ လုပ်ဦးမှဟုပင် အတွေးရောက်လာမိသေးသည်။

အတန်ကြာမှ မိနိုင်ကို မသိမသာ စောင်းငဲ့ကြည့်လိုက်သည်။

အလို…

သည်မိန်းကလေးနယ် မိုးလင်းမှ ပြန်အိပ်နေပါရောလား။ တော်တော် အအိပ်မက်ပုံရသည်။ မာမီကြီးနှင့် မပြုံး တို့က မိနိုင်ကို နှိုးမည့်ဟန် အရိပ်အယောင်ပင်မပြ။ အိပ်နေတာပဲကောင်း သည်ဟုများ တွေးနေကြသလားမဆိုနိုင်။

ပဲခူးဘူတာအလွန်တွင် မိနိုင်နိုး လာသည်။ ရန်ကုန်ဘူတာဝင်ခါနီးပြီ ဖြစ်၍ မိနိုင်နှင့် မပြုံးတို့ မိန်းမတို့ သဘာဝအတိုင်း ဖြီးလိမ်းပြင်ဆင်ကြ သည်ကို တွေ့ရသည်။

နေ့လယ် ၁၂ နာရီ။

ရထားသည် ပုစွန်တောင်ဘူတာ ကို ကျော်ကာ ရန်ကုန်ဘူတာကြီးသို့ ဉဩသံပေး၍ ဝင်လေပြီ။ နံပါတ် ၄ စင်္ကြံတွင် ရထားဆိုက်သည်နှင့် လူငယ် တစ်ယောက် ပြတင်းပေါက်နား ရောက်လာသည်။

"ကားပါတယ် အစ်ကို။ အစ်ကို ပစ္စည်းတွေပေး"

ကျော်စိုးအောင်က သူ၏ပစ္စည်း များကို ပြတင်းပေါက်မှ လှမ်းပေးရင်း မာမီကြီးကို ပြောလိုက်သည်။

"အစ်မကြီးတို့ ဘာနဲ့သွားကြမှာ လဲ။ ကျွန်တော့်ကားနဲ့ လိုက်ရင် ရပါ တယ်"

မာမီကြီးက ရွှေကိုင်းမျက်မှန်ကို အသာပင့်တင်လိုက်သည်။

"ကိစ္စမရှိပါဘူး။ ဖုန်းဆက်လိုက် ရင် ကားရောက်လာမှာပါ"

မာမီကြီးက ပြောပြောဆိုဆို ရထားပေါ်မှ ဆင်းကာ မိနိုင်နှင့်အတူ နံပါတ် ၄ စင်္ကြံအရှေ့ဘက်အခြမ်းသို့ လျှောက်သွားသည်။ မပြုံးက ခြင်း များဆွဲ၍ နောက်ကလိုက်သည်။ ကျော် စိုးအောင်က သူတို့နှင့် မလှမ်းမကမ်းမှ လိုက်ပါသွားသည်။

အထက်တန်း ဝင်ပေါက်ဘက်သို့ ရောက်သောအခါ ၎င်းတို့ သုံးယောက် စလုံး ရုံပိုင်ကြီးရုံးခန်းတွင်းသို့ ဝင်ရောက် သွားသည်ကို လှမ်းမြင်ရသည်။

"မောင်အေး…မင်း ကားပေါ်သွား နှင့်။ ငါ ခဏနေရင် လိုက်ခဲ့မယ်"

ကျော်စိုးအောင်က အတူပါလာ သော လူငယ်ကို ပြောလိုက်သည်။

"ဟုတ်ကဲ့ အစ်ကို"

လူငယ်က အထုပ်များကိုဆွဲ၍ ရှေ့မှ ထွက်သွားသည်။ ကျော်စိုးအောင် က ရုံပိုင်ကြီးရုံးခန်းအနီးရှိ ခုံတန်းလျား တွင် ဝင်ထိုင်ပြီး စီးကရက်တစ်လိပ် ထုတ်၍ မီးညှိဖွာရှိုက်၍ စောင့်နေလိုက် သည်။ စီးကရက်တစ်လိပ်ကုန်၍ နောက် တစ်လိပ် ကူးသည်အထိ မိနိုင်တို့ ပြန် ထွက်မလာကြ။ နောက်တစ်လိပ် ကုန်ခါ နီးမှ မာမီကြီး ထွက်လာသည်ကို တွေ့ရ သည်။ မာမီကြီး၏မျက်နှာ မရွှင်ပှုထင် သည်။ မိနိုင်နှင့် မပြုံးတို့လည်း နောက် မှ ကပ်ပါလာကြသည်။

"အစ်မကြီး ဖုန်းဆက်လို့ရလား"

"ခေါ်လို့ကိုမရဘူး။ ဖုန်းလိုင်းတွေ က ဘယ်လိုများဖြစ်နေလဲ မသိပါဘူး ကွယ်"

"ဒါဆိုရင် ကျွန်တော့်ကားနဲ့ပဲ လိုက်ခဲ့ကြပါ။ လမ်းလည်းကြုံနေတာပဲ။ အားနာစရာ မလိုပါဘူး"

"နေပါစေကွယ်။ မမတို့ လေးဘီး တစ်စီး ငှားပြီး သွားမှာပါ"

"အာ…အစ်မကြီးကလည်းဗျာ၊ ကျွန်တော်က အစ်မကြီးတို့ကို ခင်မင်မှု သက်သက်နဲ့ ပို့ပေးမှာပါ။ ကျွန်တော့် စေတနာကိုတော့ လက်ခံသင့်ပါတယ် ဗျာ"

မာမီကြီးက မပြုံးကို တစ်လှည့်၊ မိနိုင်ကိုတစ်လှည့် ကြည့်ရင်း အောက် နှုတ်ခမ်းကို အပေါ်သွားများဖြင့် ဖိကိုက် ရင်း စဉ်းစားဟန်ပြုသည်။ ပြီးမှ ကျော် စိုးအောင်ကို မေးလိုက်သည်။

"မောင်ရင့်ကားမှာ ဘယ်သူတွေ ပါလဲ"

"ဘယ်သူမှမပါဘူး။ ကျွန်တော် တစ်ယောက်တည်းပါ။ ခုနလာကြိုတဲ့ ကောင်လေးက ပန်းဆိုးတန်းရုံးနားကို သူ့ဟာသူ လမ်းလျှောက်ပြန်မှာပါ။ လာ ကြပါ။ ကျွန်တော် လိုက်ပို့ပါရစေ"

မာမီကြီးက ခေါင်းတစ်ချက်ညိတ် ပြသည်။ ကျော်စိုးအောင် ဝမ်းသာသွား



www.burmeseclassic.com

www.burmeseclassic.com

သည်။

ကျော်စိုးအောင်၏ ကားမှာ တိုရိုတာစပရင်တာ အက်စ်အီး အမျိုးအစား အဖြူရောင်ဖြစ်သည်။ မောင်အေးဆိုသူ လူငယ်မှာ ကားဆီရောက်သည်နှင့် လွှတ်လိုက်သည်ကို တွေ့ရသည်။ မာမီကြီးတို့ သုံးယောက် ကားနောက်ခန်းထဲတွင် နေရာယူကြသည်။ မိနိုင်က အလယ်မှဖြစ်သည်။ ဘူတာကြီးမှ ကားစထွက်ကတည်းက ကျော်စိုးအောင်သည် နောက်ကြည့်မှန်မှတစ်ဆင့် မိနိုင်၏ မျက်နှာကိုသာ မကြာခဏ ကြည့်လာခဲ့သည်။

၄ မိုင် နဂါးနီစားတော်ဆက် အလွန် ရောက်သည်နှင့် ကားရှိန်ကို လျှော့ကာ ဝိဇ္ဇာညီနောင်လမ်းကို ရှာနေမိသည်။ ထိုအခိုက် နောက်ဘက်မှ မာမီကြီးအသံ ပေါ်လာသည်။

"မောင်ရင် ကားကို အင်းစိန်အထိ ဆက်မောင်းပါ"

"ဗျာ...ဟို ဝိဇ္ဇာညီနောင်လမ်းထဲက..."

"နေပါစေတော့ကွယ် မပြောသလို အင်းစိန်ကိုသာ မောင်းပါ"

"အင်းစိန် ဘယ်နားကိုလဲ အစ်မကြီး"

"အင်းစိန်ဈေးကြီးအနားကို မောင်းပါ"

ကျော်စိုးအောင်က ကားကို စော်ဘွားကြီးကုန်းဘက်မှတစ်ဆင့် အ...ံမငါးဆင့် ဘုရားဘက်မှဖြတ်ကာ လမ်းသစ်လမ်းအတိုင်း မောင်းလာခဲ့သည်။ အင်းစိန်မီးရထားကုန်းကျော် တံတားပေါ်မှ ဆင်းလာသည်နှင့် အင်းစိန်ဈေးကြီးရှေ့သို့ ရောက်တော့သည်။

"ဈေးကြီး ဘယ်အနားမှာလဲ အစ်မကြီး"

ကျော်စိုးအောင်က ကားမောင်းရင်း လှည့်မကြည့်ဘဲ မေးလိုက်သည်။

"ဟိုရှေ့က အင်းစိန်မီးသတ်စခန်းကျော်ရင် ညာဘက်မှာ တွေ့တဲ့လမ်းထဲ ချိုးလိုက်"

"ဟုတ်ကဲ့ အစ်မကြီး"

ကျော်စိုးအောင်က မာမီကြီးပြောသည့်အတိုင်း အင်းစိန်မီးသတ်စခန်းလွန်သည်နှင့် ပထမဆုံးတွေ့သော ညာဘက်ရှိ ဂတ္တရာလမ်းထဲသို့ ချိုးကွေ့လိုက်ရာ သံပန်းတံခါးနှစ်ချပ်က ရှေ့မှ ဆီးကာထားသဖြင့် ကားကို ရပ်လိုက်ရသည်။ သံပန်းတံခါးများပေါ်ရှိ ဆိုင်းဘုတ်ကြီးကို မြင်လိုက်ရသောအခါ ကျော်စိုးအောင်၏မျက်လုံးများ ပြူးကျယ်သွားကြလေသည်။

"ဗဟိုအကျဉ်းထောင် အင်းစိန်" ဟူသော စာတန်းကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

ထိုစဉ် ယူနီဖောင်းနှင့် ဝန်ထမ်းတစ်ဦး ကားအနီးကပ်လာကာ ကားအတွင်းသို့ ငုံ့ကြည့်လိုက်ပြီး ချက်ချင်းပင် ခါးကိုပြန်မတ်ကာ အလေးပြုလိုက်သည်ကို တွေ့ရ၏။

ကျော်စိုးအောင်က အံ့ဩသွားကာ ကားနောက်ခန်းသို့ ကမန်းကတန်း လှည့်ကြည့်လိုက်ရာ ၎င်း၏မျက်လုံးများ ဒုတိယအကြိမ် ပြူးကျယ်သွားရပြန်သည်လေသည်။

ဘယ်အချိန်က အပေါ်အင်္ကျီ အဖြူများ လဲလှယ်ဝတ်ဆင်ထားသည် မသိ။ မာမီကြီး၏ အင်္ကျီပခုံးထောင့်စွန်းများပေါ်တွင် တစ်ဖက်လျှင် ငွေကြယ်ပွင့် သုံးပွင့်စီ တပ်ထားသည်ကို တွေ့ရသည်။ မပြုး၏ လက်မောင်းရင်းများပေါ်တွင် ငွေကြယ်ပွင့်ကြီး တစ်ပွင့်စီ တပ်ဆင်ထားသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

ထိုစဉ် ရှေ့မှ ဆီးကာထားသော သံပန်းနှစ်ချပ် ပွင့်သွားသဖြင့် လမ်းအတိုင်း မောင်းဝင်လိုက်သည်။

"ဘယ်အထိ မောင်းရမလဲ အစ်မကြီး"

"ထောင်ဗူးဝ ရှေ့နားအထိသာ မောင်း"

ဂတ္တရာလမ်းမကြီးအတိုင်း မောင်းဝင်သွား၍ ခဏအကြာတွင် ဗဟိုအကျဉ်းထောင် ထောင်ဗူးဝကို မြင်ရသည်။ ကျော်စိုးအောင်က ကားရပ်ရန်နေရာတွင် အသာထိုးရပ်ပေးလိုက်သည်။ ပြီးမှ ကားနောက်ခန်းသို့လှည့်၍ -

"ကျွန်တော်တော့ ဘာမှ နားမလည်တော့ဘူး။ အစ်မကြီးတို့ဂျောဘယ်ဌာနကလဲ။ ရဲလား၊ ထောင်လား"

"မမက အကျဉ်းဦးစီးဌာန နယ်အလုပ်စခန်းတစ်ခုက စခန်းတာဝန်ခံတစ်ယောက်ပါ။ မပြုးကတော့ မမစခန်းက လက်ထောက် ထောင်မှူးတစ်ယောက်ပဲ။ မိနိုင်ကတော့..."

မာမီကြီးသည် စကားကို ဆက်မပြောဘဲ ဖြတ်ထားလိုက်ကာ ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com

မှဆင်းသည်။ သူတို့ သုံးယောက်လုံး ဆင်းပြီးသောအခါမှ မာမီကြီးက . . .

"ကဲ . . . မိနိုင်ကို မမပဲ ခေါ်သွားနှင့်မယ်။ မပြုံးက မောင်ကျော်စိုးအောင် သိချင်တာ ရှင်းပြပြီးမှ လိုက်ခဲ့။ ကဲ . . အခုလိုကူညီဟာ အများကြီးကျေးဇူးတင်ပါတယ်ကွယ်။ မိနိုင် . . . နှင့်အစ်ကိုကို နှုတ်ဆက်လိုက်ဦးလေ"

မိနိုင်က ကျော်စိုးအောင်အား မျက်လုံးရွှဲကြီးများနှင့် ကြည့်သည်။

"မိနိုင်လေး အစ်ကိုနဲ့ မိတ်ဆွေဖြစ်ရတာ ဝမ်းလည်းသာတယ်။ ဝမ်းလည်းနည်းတယ် သိလား။ အမှန်က မိနိုင် ၉ မိုင်အိမ်ကို ပြန်ချင်တာ အစ်ကိုရဲ့။ ဒါပေမဲ့ မာမီကြီးက ခွင့်မပြုဘူးတဲ့။ ဒီအင်းစိန်အိမ်ကြီးမှာ ခဏနားရဦးမယ်တဲ့။ နောက်မှ ၉ မိုင်အိမ်ကို ပြန်ပို့ပေးမယ်လို့ ပြောတယ်။ ဒီတော့ အစ်ကိုရယ် . . . နောက်မှ တွေ့ကြသေးတာပေါ့။ ဟုတ်လား။ မှတ်မိတယ်နော်။ ပုသိမ်လမ်း၊ အိမ်နံပါတ် ၉ တဲ့။ ကဲ . . . မိနိုင်သွားမယ်အစ်ကို တာ့တာ"

မာမီကြီးက မိနိုင်ကို လက်မောင်းရင်းမှကိုင်၍ အကျဉ်းထောင်ဗူးဝခီသို့ ခေါ်သွားသည်။ မိနိုင်က နောက်ပြန်လက်ပြနှုတ်ဆက်ရင်း ပါသွားသည်။

မပြုံးက ကျော်စိုးအောင်ကို မော့ကြည့်ရင်း ပြောသည်။

"သူနာမည်က နိုင်မာလေးလို့ ခေါ်တယ်။ အမှုကတော့ ရိုးရိုးရောင်းမှားဝယ်မှား ဆိုပါတော့။ အဲဒါ ထောင်ကစ်နှစ်ကျပြီး မမတို့အလုပ်စခန်းကို ရောက်လာတယ်။ လွန်ခဲ့တဲ့ တစ်လလောက်က ပေါ့။ အခု မောင်ရင်မြင်ရတဲ့အတိုင်းပဲ သူ့အသားအရေတွေဟာ တဖြည်းဖြည်းဖြူသထက်ဖြူလာလို့ မြို့နယ်ဆရာဝန်နဲ့ ပြကြည့်တော့ ဟို . . မိနိုင်မှာ အိတ်ချ်အိုင်ဗီ တွေ့တယ်လို့ သံသယရှိနေတယ် ပြောတယ်"

"ဗျာ . . . အိတ်ချ်အိုင်ဗီပိုး ဟုတ်လား"

"ဟုတ်တယ်။ ဒါပေမဲ့ သံသယအဆင့်ပဲ ရှိသေးတယ်။ ပိုပြီးသေချာအောင် ရန်ကုန်မှာ အစစ်ဆေးခံဖို့ရယ်၊ နောက်ပြီး ဟို . . . မိနိုင်က စိတ်နည်းနည်း မနှံ့ချင်ဘူးကွဲ့"

"ဪ . . . ဒါကြောင့် သူပြောတာတွေ တစ်မျိုးပါလားလို့ ကျွန်တော် ထင်မိသေးတယ်"

"ဟုတ်တယ် . . . မောင်ကျော်စိုးအောင်။ စခန်းရောက်စတုန်းကတော့ အကောင်းပါ။ ဒီအိတ်ချ်အိုင်ဗီပိုး သံသယရှိပြီးနောက်မှ သူ့စိတ်ပါ မမှန်ချင်သလို ဖြစ်လာတာ။ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ သက်ဆိုင်ရာ ပါရဂူကြီးတွေနဲ့ စစ်ဆေးမှ သိနိုင်မယ်လေ။ ဒါကြောင့် မမတို့ မိနိုင်ကို ဒီကိုလာပို့ပေးရတာပါ"

"ဒါကြောင့် မိနိုင်ကို ဘယ်လိုဆက်လုပ်ကြမှာလဲ"

"ဒါတော့ မမလည်း ဘယ်ပြောတတ်မလဲ။ သူ့ရောဂါ အခြေအနေအရပေါ့လေ။ မမစိတ်ထင် ပြောရရင် ရန်ကုန်ဆေးရုံကြီး တင်ချင်တင်မယ်။ ဒါမှမဟုတ်ရင် စိတ်ရောဂါ ဗ . ဘူးကုဆေးရုံကြီး ပို့ချင်ပို့မယ်ပေါ့လေ"

"မမ . . . ကျွန်တော် မိနိုင်ကို ထောင်ဝင်စာတွေဘာတွေ လာတွေ့ရင် ရမလား"

မပြုံးက ကျော်စိုးအောင်အား ကြင်နာစွာ ပြုံးပြလိုက်သည်။

"ဪ . . . မောင်ကျော်စိုးအောင်ရယ် . . . ဘာလို့တွေ့နေတော့မှာတုံး။ နောက် တစ်ရက်၊ နှစ်ရက်ဆိုရင် မောင်ရင့်ကိုမပြောနဲ့။ မမတို့ကိုတောင် မှတ်မိမှာ မဟုတ်တော့ဘူး။ သူ့ရောဂါက တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာနေတာကွဲ့။ ကဲ . . . အခုလို လိုက်ပို့တာ ကျေးဇူးတင်ပါတယ်။ မမလည်း တာဝန်တွေရှိသေးလို့ သွားလိုက်ဦးမယ်"

ကျော်စိုးအောင်က ခေါင်းညိတ်ပြရင်း ရှည်လျားသော သက်ပြင်းမောတစ်လုံးကို ဟူးခနဲနေအောင် မှုတ်ထုတ်လိုက်ကာ မိနိုင် ဝင်ရောက်ပျောက်ကွယ်သွားသော ထောင်ဗူးဝခီသို့သာ ငေးမောကြည့်နေမိတော့သည်။

ဪ . . . ချစ်ရတဲ့ မိနိုင်ရယ်၊ ၉ မိုင်၊ ပုသိမ်လမ်းက မိနိုင်တို့အိမ်ကို သိရအောင်လို့ အစ်ကို တကူးတက လိုက်ပို့ခဲ့တာပါကွယ်။ အခုတော့ မိနိုင်တို့အိမ်ဟာ . . . မိနိုင်တို့အိမ်ဟာ . . . ။

---

**ဖယ်ရီဇော**

---



www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်တာဩဘောင်းထိုက် နှင့် စိန်ဘာဘာသတ်မှု

## ရွှေဥဒေါင်း

### အခန်း(၁)
### လောဘရမ္မက်

အမြင်အားဖြင့် စိတ်ကောင်း နှလုံးကောင်းရှိ၍ ပြုံးရွှင်သောမျက်နှာ ထားဖြင့် သူငယ်တော်ရုပ်(ဘိုးဝရုပ်) ကြီးသဖွယ် ဖောင်းဖောင်းပွပွ ဝဝတုတ် တုတ်ရှိသော ဦးပေါ်လာကို မည်သူ တစ်စုံတစ်ယောက်က ပြစ်မှုကျူးလွန် လေ့ရှိသော ရာဇဝတ်ကောင် လူဆိုး ကြီးတစ်ယောက်ဟူ၍ မှတ်ထင်နိုင် ဖွယ် ရှိချေမည်နည်း။

ဝါတွင်း၊ ဝါပ မပြတ်ဥပုသ်သီလ ကျင့်သုံး ဆောက်တည်လေ့ရှိသော မယား မစိတ်ကောင်းကလည်း လင် ယောကျ်ား ဦးပေါ်လာကို ကြည်ညို လေးမြတ်ချစ်ခင်အပ်သည့်ပြင် ပစ္စည်း ဥစ္စာကလည်း အသင့်အတင့် တောင့် တင်းမှိုင်လုံပေရကား ဘိုးသူတော်ဦးနွဲ့ ရေးသည့်အတိုင်း "အပြစ်ရှိသမျှ ပျောက်လို့ကွယ်၊ အမျိုးအနွယ်တောင့် မြင့်မြတ်၊ အရုပ်ရုပ်အမော်မော်၊ လူ ပေါ်မှာ လူဆင့်၍၊ ဒင်္ဂါးမြင့်ရင်ဖြင့် ကျော်ရော့" ဆိုသည့် စကားနှင့် ညီပါပေ၏။

သို့သော် ယခုအခြေသို့ ရောက် အောင် ဦးပေါ်လာ စုဆောင်းရမိသည့် ဓနကြေးငွေများမှာကား ဓမ္မိယလဒ္ဓ စင်ကြယ်ပါ၏လော။

ဦးပေါ်လာသည် ကျွန်ုပ်တို့ကြား ဖူးသော ပုံပြင်ဝတ္ထုထဲက သိုက်တူး ဆရာကဲ့သို့ မမြင်နိုင်၊ မသိနိုင်သော ကျောင်းကြို့ဘုရားကြား၊ ဂူတွင်းမြေ အောက်မှ ရတနာကို ရှာဖွေသူ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်။ ချက်ချင်းလက်ငင်း မျက်မြင် ဒိဋ္ဌအလုပ်ကိုသာ ရှေ့နောက်ချိန်ဆ၍ မိမိနိုင်နင်းလောက်ရုံမျှ လုပ်ကိုင်လေ့ရှိ၏။ သို့ကြောင့် စိန်ပွဲစားဦးပေါ်လာ ကျော်ကုန်သည် ဦးပေါ်လာဟု ပန်းထိမ်ဆရာမှစ၍ စိန်ဘာဘူတိုင် ကျော်ကြား၏။ သို့သော် ဦးပေါ်လာသည် အလုပ်အကိုင် ကျစ်လျစ်သူတစ်ယောက်ဖြစ်၍ အဖော်မဆောင်၊ လက်အောက်ငယ်သား မထား။ တစ်ကိုယ်ချင်း တစ်ယောက်တည်း သိုသိပ်စွာ လုပ်ကိုင်လေ့ရှိ၏။ အဘယ်ကြောင့်ဆိုသော် လောဘကြီး၍ အများနှင့်ဆက်ဆံသော် အခန့်မသင့်သည့်အခါ၌ 'အသားထဲက လောက်ထွက်'ဆိုသကဲ့သို့ မလိုလျှင်လည်း 'တို့'တတ်၏။ အရေးပေါ်ပေါက်သည့်အခါ ကိုယ်ကောင်းကြံ၍ အစိုးရသက်သေဘက်သို့လည်း ပြောင်းလဲတတ်၏။

ဦးပေါ်လာသည် ငယ်စဉ်က ရန်ကုန်မြို့၊ စမ်းချောင်းရပ်တွင် ကျောက်သွေးလုပ်ငန်းကို ကိုယ်တိုင်ကိုယ်ကျ ပင်ရောက်လုပ်ဆောင် တတ်မြောက်ခဲ့ဖူး၏။ ယခုလည်း ၎င်းလုပ်ငန်းနှင့် ဆက်ဆံလျက်ပင်။ သို့သော် ဥဿဖယားနှင့် အနောက်နိုင်ငံဖြစ် ဓာတုဗေဒစိန်များကို ကိုင်တွယ်ခြင်းမပြုဘဲ ရတနာကျောက်အစစ်များကို မူလပုံမှ မပြောင်းလွဲစေရန် သွေးခြင်းနှင့် ဆက်ဆံခြင်းမျှ ဖြစ်လေသည်။

ဦးပေါ်လာသည် ယခုအခါ လယ်မြေကေ အနည်းငယ်ကြွယ်ဝ၍ မြေပိုင်ရှင်တစ်ဦးအဖြစ်ဖြင့် သုံးဆယ်မြို့တွင် နေထိုင်လျက်ရှိ၏။ ယခုဖြစ်ပျက်သည့် ညနေတွင် ရတနာလုပ်ငန်းနှင့်ပင် ရန်ကုန်မြို့သို့ ညရထားနှင့် သွားရန် စီမံပြင်ဆင်ထား၏။ မယားဖြစ်သူ ဒေါ်စိတ်ကောင်းကလည်း ထိုနေ့ည အထက်စစ်ကိုင်းတောင်ရိုးမှ ကြွလာတော်မူသော ဓမ္မကထိကဆရာတော်တစ်ပါး၏ ဒေသနာတော် ကြားနာရန် သွားသည်နှင့် ဦးပေါ်လာမှာ ညဦး လမှုန်ရီမှုန်မွှားအရောင်တွင် ခြံဝမြောင်းကူးတံတားလက်ရန်းကိုမှီ၍ ဆေးလိပ်သောက်ခါ စဉ်းစားစိတ်ကူးနေစဉ် မလှမ်းမကမ်းမှောင်ထဲမှ ထီးကိုထောက်၍ လမ်းလျှောက်လာသော ခြေသံကို နားစိုက်၍ ထောင်မိလေ၏။

ဆောင်းဦးပေါက်အခါ ဖြစ်၍ အနည်းငယ် မြူဆိုင်းသဖြင့် ဆယ်ကိုက်လောက်အကွာကျမှ လူရိပ်ကို ကွဲပြားနိုင်လေသည်။ သုံးဆယ်မြို့နှင့် မီးရထားဘူတာမှ (မကြာမီက အလယ်ကုန်းဘူတာ မဖွင့်မီ) အတော်ကွာလှမ်းသည့်ပြင် လူနေအိမ်ခြေလည်း အလွန်နည်းပါး၍ ငါးအိမ်နှင့် တစ်အိမ် အတော်ကွာခြား၏။ ယခုအချိန်မှာလည်း ၁၀ နာရီကျော် ၁၁ နာရီနီးနီးရှိ၍ အိမ်များလည်း မီးငြိမ်းကုန်ကြလေပြီ။ ထို့ကြောင့် ထိုခြေသံမှာ မိမိအိမ်သို့လာသူ ဧည့်သည်မဟုတ်ခဲ့သော် ဘူတာရုံကိုဆင်းမည့် ခရီးသည်ဖြစ်ဟန်တူသည်ဟု ဦးပေါ်လာသည် ဂရုစိုက်၍ကြည့်လေ၏။ ခြံတံခါးဝနှင့် တည့်တည့်ရောက်သောအခါ လျှောက်လာသူမှာ စုတ်ချာချာ အူလယား မြေဟူးကုလားကြီးဖြစ်ကြောင်း သိရလေ၏။

ထိုစဉ်တွင် ‥ ထိုကုလားကြီးက လှမ်း၍ ''ဆပ် ‥‥ ဘူတာရုံ ဘယ်လောက်ဝေးသလဲ''ဟု ဟိန္ဒူစကားဖြင့် မေးလေ၏။

ဦးပေါ်လာ ''မဝေးလှဘူး။ နှစ်ဖာလုံလောက် ကျန်တော့သည်။ ဘယ်လိုက်မှာလဲ''

ကုလားကြီး ''လမ်းမှာတွေ့တဲ့သူတိုင်း မေးလျှင် မဝေးဘူး။ ရှေ့နားမှာဆိုပဲ ပြောတာပဲ။ နဂိုက မျက်စိကမွဲ၊ နှင်းထဲမှာ သာမျက်စိလည်သေးတယ်။ ရန်ကုန်လိုက်မှာပဲ''

ဦးပေါ်လာ ''ကျွန်ုပ်လည်း ရန်ကုန်ကိုသွားဖို့ပဲ။ ဒါဖြင့် သည်မှာပဲနားဦး။ မီးရထားအချိန် အများကြီးလိုသေးတယ်။ အတူသွားတာပေါ့''

ကုလားကြီး ''ဆပ်ကို ဒုက္ခအပိုပေးသလို ဖြစ်နေတော့မယ်။ ကျွန်တော် ဖြည်းဖြည်းလျှောက် ‥''

ဦးပေါ်လာ ''ဘာမျှဒုက္ခမရှိပါဘူး။ ခရီးသည်ချင်း ကိုယ်ချင်းစာပါတယ်။ လာပါ၊ အိမ်ထဲမှာ ခဏဝင်နားပါဦး။ ဘူတာမှာလည်း စောင့်ရမယ့်အတူတူ''

ထိုသို့ပြောလျက် အိမ်ရှင်ကရှေ့၊ ဧည့်သည်ကနောက် အိမ်တွင်းသို့ ဝင်ကြ၍ လသာမှန်အိမ်ကို မီးမြှင့်လိုက်လေ၏။ မီးလင်းလာသောအခါ လိုက်လျောဖော်ရွေသော ဦးပေါ်လာ၏ မျက်နှာကိုလည်းကောင်း၊ တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြည့်နေကြသည်တွင် ဦးပေါ်လာသည် ဟာဂျီလားဘာဘူကြီး ဖြစ်နေသည်ကို သိရလေ၏။ သို့သော် မသိ



www.burmeseclassic.com

www.burmeseclassic.com

ဟန်ဆောင်၍ မျက်နှာပိုးသတ်ထားလိုက်၏။

ဦးပေါ်လာ "ထိုင်ပါ"ဟု အနီးရှိ ကုလားထိုင်ကို လ...ညွှန်ပြ၍ "ရေများသောက်ပါဦး"ဟု ရေတည်ရန် အတွင်းခန်းသို့ ဝင်သွားလေ၏။

ဟာရီလား ဘာဘူကြီးသည် ရှေးအခါက ရန်ကုန်မြို့၊ မဂိုလမ်းတွင် ဆိုင်ကြီးကန္နားကြီးနှင့် စိန်ဘာဘူကြီးတစ်ယောက် ဖြစ်လေရာ လူလိမ်ခံရ၍ ဆုံးရှုံးခဲ့ပြီးနောက် ဆိုင်ကို ရုပ်သိမ်း၍ အချောင်ထုတ်သူတို့ထံမှ အချောင်ဝယ်၊ အချောင်ရောင်းအရောင်းနှင့် စီးပွားရှာလျက်ရှိသူတစ်ယောက် ဖြစ်၏။

သဘာဝတွင်နယ်သည် ခိုးမှု၊ တိုက်မှု၊ လိမ်လည်မှု အလွန်များသောနယ်ဖြစ်ရာ ဟာရီလားဘူတာ ယခုလာခြင်းအကြောင်းမှာလည်း အချောင်ထုတ်လိုသူတို့ထံမှ သတင်းရ၍ လာရောက်ဝယ်ယူပြီးနောက် စိန်များကို ထိုနေ့ပင် ရောင်းသူတို့ရှေ့၌ 'ပါဆယ်ထုပ်'လုပ်၍ စာတိုက်မှ ရန်ကုန်သို့ ပို့လိုက်လေ၏။ ရောင်းသူတို့အား "အခု ဘာဘူစိတ်အေးသွားပြီ။ ကျွန်တော့်လက်ထဲမှာ ရှိတယ်ဆိုနော် စိတ်မချရဘူး။ ညအိပ်ပျော်မှာ မဟုတ်ဘူး။ အခုနော် ညကောင်းကောင်းအိပ်မယ်။ မနက်စောစောရထား ရန်ကုန်ပြန်မယ်"ဟုပြော၍ ထွက်လာခဲ့ပြီးနောက် ရုပ်ဖျက်၍ မြင်းရထားဖြင့် နေဝင်ရီတရောတွင် သုံးဆယ်မြို့သို့ ထွက်ခွာခဲ့လေ၏။

ဟာရီလားသည် ဦးပေါ်လာကို မသိသော်လည်း ဦးပေါ်လာကမူ ဟာရီလားကို မဂိုလမ်းကွင် မကြာခဏ မြင်ခဲ့ဖူးသည့်အပြင် ယခု မြေတူးကုလား သူဆင်းရဲယောင် ဆောင်ထားသော်လည်း ၎င်းအရပ် ၎င်းနယ်ကို အကြောင်းမဲ့ အချိန်ကုန်၊ ငွေကုန်ခံပြီး လာမည်မဟုတ်ကြောင်း ကောင်းစွာ ရိပ်မိလေ၏။ ထို့ပြင်မကာ ၎င်း၏ ကိုယ်တွင်းတွင် မည်မျှ အဘိုးထိုက်အဘိုးတန် ရတနာများ ပါမည်ကိုလည်း တွေးတောမိလေ၏။

ဦးပေါ်လာ ထင်မြင်ချက်လည်း မမှားပေ။ အကြောင်းကိုဆိုသော် ဟာရီလား ဘာဘူသည် နေ့လယ်က စာတိုက်ကပို့သည့်မှာ လှည့်ဖြား၍ ပို့ခြင်းမျှသာဖြစ်လေရာ စင်စစ်သော်ကား စိန်များကို မိမိကိုယ်တွင်း၌သာ သိုဝှက်ထား၏။

ဦးပေါ်လာသည် အိမ်တွင်းခန်းမှ ရေနှင့်တကွ အုန်းသီး၊ ငှက်ပျောသီးများပါ ယူလာ၍ တည်ခင်းလေ၏။

ဦးပေါ်လာ "ကျွန်တော်တို့ မြန်မာအိမ်ကို လာတဲ့အခါ ခင်ဗျားတို့ကို အသီးအနှံပဲ ဧည့်ခံကျွေးမွေးရတယ်။ စားပါဦး အားမနာပါနဲ့"

ဦးပေါ်လာသည် ဟာရီလားဘာဘူ ဖြစ်နေကြောင်းကို သိသည်မှစ၍ သူ၏အလုပ်နှင့်ပတ်သက်သောအကြောင်းများကို အမှတ်မဲ့မေးမိမည်ကို အထူးဆင်ခြင်၏။ အဘယ်ကြောင့်ဆိုသော် မိမိအိမ်တွင်းသို့ ပစ္စည်းနှင့်တကွအသင့်ရောက်လာပါလျက်နှင့် မရလိုက်ဘဲ ပြန်ထွက်မည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။ ဦးပေါ်လာ စဉ်းစားသည်ကား "သူ့ကိုယ်ထဲမှာ အနည်းဆုံး ငါးထောင်၊ တစ်သောင်းဖိုး ပါမှာပဲ။ ထုခွဲလိုက်ပြီး ၎င်းရငွေနဲ့ လယ်ဝယ်လျှင် တစ်နှစ်ကို လယ်ခ တစ်ထောင်ကျော်ရမယ်။ ချေးငှားထားလျှင် အတိုးတစ်ထောင်...ကိုရမယ်။ လက်ရှိငွေနှင့် ပေါင်းသော် တစ်သက်မှာ ပူစရာမရှိတော့။ အေးအေးနေနိုင်ပြီ။ နောက်နောင် မြစ်မှုကျူးလွန်ရန်လည်း မလိုတော့"စသည်ဖြင့် တွက်ရေးချနေရာမှ

ဦးပေါ်လာ "စားပါ၊ ကျွန်တော့်ခြံထဲကထွက်တဲ့ အသီးအနှံပဲ။ ချိုပါတယ်"ဟု စကားကို လေသံမှန်အောင် အတော်ပင် ကြိုးစား၍ ပြောရလေသည်။

ဟာရီလားသည် တိုက်တွန်းသည့်လည်းတစ်ကြောင်း၊ ဆာမွတ်သည့်လည်းတစ်ကြောင်းကြောင့် တည့်ခင်းသော အသီးအနှံတို့ကို စားလေ၏။ ဦးပေါ်လာသည် ရှေးနည်းအတိုင်း ဟာရီလားနှင့် မျက်နှာချင်းဆိုင်ထိုင်၍ လောဘဇော တစ်ပက်လျက် "ငါးထောင်၊ တစ်သောင်း" စသည်ဖြင့် ပစ္စည်းကိုသာ ခန့်မှန်း၍ စိတ်တွက်တွက်နေလေ၏။ ထို့နောက် စိတ်ကို ဖျောက်စေရန် စကားစရှာ၍

ဦးပေါ်လာ "ခင်ဗျားတို့ မြေတူးကုလားတွေဟာ အသီးအနှံ သာပြီးစိုက်တတ်မှာပေါ့။ ဝါသနာမပါဘူးလား"

ဟာရီလား "ကျွန်တော်တို့ မဂိုလမ်းမှာ ဘယ်မှာ စိုက်စရာနေရာရှိမလဲ"ဟု ပြောရာတွင် သတိရပြန်သဖြင့် "ကျွန်တော် မဂိုလမ်း ဂုံနီအိတ်...

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်မှာ အလုပ်လုပ်သည်''ဟု ရုတ်တရက်ပြင်၍ ပြန်ပြောလေ၏။

**ဦးပေါ်လာ** ''ဟုတ်တယ် ... ရန်ကုန်မှာတော့ ဥယျာဉ်ဝါသနာပါလို့ စိုက်စရာမခွင့်မရဘူး''

ယင်းသို့ပြောပြီးနောက် ယခင်ကကဲ့သို့ပင် လောဘ ...ိုက်ပြန်လေ၏။ သို့သော် ပစ္စည်းကို အနုနှင့်ရရန် လမ်းမမြင်။ အကြမ်းအတမ်း ဖြစ်မှုကျူးလွန်ရမည်ကား မပေါ်ပေါက်အောင် အလွန်ဖဲယဉ်း၏။ ရှေးအခါက ပဲခူးနယ်တွင် ရာဇဝတ်အမှုထမ်းကို သတ်ခဲ့ရဖူးလေသည်။ သို့သော် ထိုစဉ်က သူ့အသက်ယက် ကိုယ့်အသက် အလွတ်ရုံးရခြင်း ဖြစ်ခဲ့လေသည်။ ထို့နောက် ကြို့ကုန်းက မိန်းမကြီးတစ်ယောက်တုန်းကလည်း သူ့ကိုယ်က အရမ်းဆော်တာကိုး။ အဆုံးစီရင်ခဲ့ရတာပေါ့ဟု မိမိကျူးလွန်ခဲ့သော ဖြစ်မှုများကို မိမိအပြစ်သက်သက်မဟုတ်လေဟန် တွေးတောဖြန်ဖြေနေလေ၏။ ၎င်းနောက် လောဘဇောကို ဖြိုဖျက်ချုပ်တီးစေခြင်းငှာ ထိုင်ချေ၊ ထချေ ဂနာမငြိမ် ဖြစ်နေပြန်ရာ ကုလားကြီးက ''သွားဖို့အချိန်တော်ပြီလား ဘယ်နနာရီရှိပြီလဲ''ဟု မေးသောအခါ ''အချိန်တော့ လိုပါသေးတယ်။ အခုသွားလျှင် ဘူတာရုံမှာ နှစ်နာရီကျော် သုံးနာရီနီးနီး စောင့်နေရမယ်''

''အို ... ဒါဖြင့်လည်း အေးအေးပေါ့''ဟု ကုလားကြီးက ပြန်ပြောလေ၏။

ဆောင်းဦးပေါက်စ အေးမြသော ဥတုရာသီဖြစ်ငြားသော်လည်း ဦးပေါ်လာမှာ လောဘဇောနှင့် အကြံညာဏ်ထုတ်ရသဖြင့် ခေါင်းရှုပ်၍ ချွေးလုံးကြီးများ ပြန်လာသဖြင့် တံခါးဝသို့ ထွက်ရပ်၍ လေခံရလေ၏။

သို့သော်ငြားလည်း အလွန်အဖိုးထိုက်သော စိန်ပစ္စည်းများကို မိမိလက်တွင်းမှ လွတ်ထွက်သွားမည်ကို ပူပန်စိုးရိမ်သည်က သာလွန်မောက်မို့လာပြန်၍ တွေးပြန်သည်မှာ မယားလုပ်သူလည်း နံနက်အရုဏ်ကပ်ပြီးမှ ပြန်မည်။ အိမ်မှာလည်း အခြားလူသူတစ်ယောက်မျှမရှိ။ အိမ်နားနီးချင်းမှာလည်း ကွာဝေးလှသည်။ လမ်းနှင့်လည်းဝေး၊ လဝင်၍ မှောင်မိုက်သည်နှင့် လျှောက်သူသွားသူလည်း မရှိ။ သို့သော် စဉ်းစားရန်တစ်ချက်မှာ အလောင်းကို ဘယ်နည်းနဲ့ ပျောက်ဖျက်မလဲ။ ထိုအခါ ကုလားကြီးက ''အပေါက်ဝမှာရပ်နေတာ မအေးဘူးလား''ဟု မေးလိုက်သည်နှင့် မိမိကုလားထိုင်တွင် ဝင်ထိုင်ပြန်လေ၏။

ဤသို့ ချီတုံချတုံ စိတ်မပိုင်းဖြတ်နိုင် ဖြစ်လှသည်နှင့် လောဘတိုက်တွန်းခြင်းမှ ငြိမ်းစေရန် အိမ်တွင်းမှ မြန်မြန်ထွက်ရလျှင် ကောင်း၏ဟု စိတ်အကြံဖြင့် ''ဟုတ်တယ်၊ အေးလာပြီ။ အင်္ကျီထပ်ဝတ်လိုက်ဦးမယ်။ ပြီးတော့ ဖြည်းဖြည်းလျှောက်သွားကြမယ်''ဟု ပြော၍ အိပ်ခန်းတွင်းသို့ ဝင်သွားလေ၏။

အခန်းတွင်းမှ လှမ်း၍ကြည့်လိုက်သောအခါ လသာ မှန်အိမ်အောက်တွင် သူ့ဘက်ကို နောက်ခိုင်း၍ ထိုင်နေသော ဟာရီလား၏ ကိုယ်နှင့်ခေါင်းကို မြင်ရပြန်သော် ...နိုင်သော အကြံဖြစ်ပြန်သည်နှင့် အသ... မကြားအောင် ခြေဖျားထောက်၍ ချဉ်းကပ်လေ၏ ..'' နောက်တည့်တည့်သို့ ရောက်သောအခါ မိမိဦးခေါင်းကို သွေးတိုးသောအသံသည် နားအုံကို တတောက်တောက် ခေါက်သကဲ့သို့ တဒိန်းဒိန်း မခံမရပ်နိုင်အောင် မြည်လွန်းသဖြင့် တစ်ယောက်၏အသက်ကို သွေးအေးနှင့် လက်ရုံးအားကိုးသတ်ရမည်ကို တွေးတောလျက် ကြောက်ရွံ့တုန်လှုပ်၍ နောက်ပြန်ဆုတ်ခဲ့လေ၏။

အခန်းတွင်းသို့ ပြန်ရောက်သောအခါ သက်မကြီးချပြီးလျှင် ''အောင်မယ်လေး ,, လက်မတင်ကလေး လိုတော့တယ်''ဟု အောက်မေ့၍ ''ငါ့လက်မှာ ဘာမျှမပါပေလို့ တူလို၊ အုတ်ခဲလို များပါလျှင်''ဟု တွေးတော၍ အခန်းကို လှည့်ကြည့်လိုက်ရာ မြေဖိုင်တူးသော သံကလော်ကို မျက်စိစိုက်မိလေ၏။ ''သည့်သံကလော်များ နတင်က ငါ့လက်မှာ ပါသွားလျှင်''ဟု စဉ်းစားရင်း ကောက်ကိုင်ပြီး လက်ဖြင့် ဆကြည့်သည့်တွင် မကောင်းနတ်တိုက်တွန်းသကဲ့သို့ နောက်ပြန်မကြည့်ဘဲ ကုလားကြီးရှိရာသို့ သွားလေ၏။

ကုလားကြီးသည် ငှက်ပျောသီး၊ အုန်းသီးများကို စားပြီးနောက် မိမိအိတ်တွင်းမှ ကွမ်းသီးခြမ်းကလေးများကို စားလျက် ဘီဒီဆေးလိပ်ကလေးကို ညှို့၍ သောက်နေလေ၏။

ဦးပေါ်လာသည် တွေဝေဆိုင်းတွခြင်းမရှိဘဲ သံကလော်ကြီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com

တအားကုန်လွှဲချလိုက်ရာ ကုလားကြီးက ခေါင်းကိုငုံ့၍ အနီးရှိ ထွေးခံထဲသို့ တံတွေးထွေးသည်နှင့် ချိုစောင်းကို ရှပ်၍ ရိုက်မိလေ၏။

ကုလားကြီးသည် ကြောက်အားလန့်အားနှင့် ငယ်သံပါအောင် အော်ထပြီးလျှင် နောက်ရိုက်မည့်အချက်ကို ငုံ့ရှောင်လိုက်သည်နှင့် ဦးပေါ်လာ လက်မှ သံကလော်သည် စားပွဲကို ရိုက်မိလေ၏။ ထို့နောက် လူနှစ်ယောက်တို့သည် ထွေးလုံးသတ်ပုတ်နေကြလေ၏။

ကုလားကြီးမှာ အသက်ကလည်းကြီး၊ အားခွန်ဗလလည်း မပြည့်စုံရကား အားအင်ပြည့်တင်း၍ အလုံးအရပ်ကောင်းသော ဦးပေါ်လာကို ခုခံရန် မတတ်နိုင်ဘဲ အော်ရုံသာ အော်နိုင်လေသည်။ ထိုသို့ ဟစ်အော်သည်တွင် လည်ကို ညှစ်၍ စားပွဲခင်းနှင့် ပါးစပ်ကို ဆို့ပိတ်ထားလေ၏။ ကုလားကြီးမှာ ဆန့်ငင်ဆန့်ငင်ဖြစ်ရာမှ ငြိမ်သွားသောအခါမှ လွှတ်ချလိုက်လေ၏။

လူဆိုးဓားပြတို့လက်မှ မတရားသော ပစ္စည်းကိုထုတ်၍ သက်စွန့်ကြိုးပမ်း ပစ္စည်းရှာဖွေသော ဘာဘူဟာရီလားမှာ ဦးပေါ်လေး၏လက်တွင်း၌ သေခြင်းဆိုး သေရရှာလေပြီ။ သို့သော် သူ၏အသက်ကို သတ်လိုက်သော ဦးပေါ်လာမှာ ကျေးဇူးရှိမရှိ စောင့်ကြည့်ရန် လိုတော့၏။

ဤအဖြစ်အပျက်မှာ စာနှင့်အရည်ကြီးရေးရသော်လည်း အစအဆုံး အားထုတ်လုပ်ကြရသည်မှာ မိနစ်အနည်းငယ်မျှသာ ကြာလေ၏။

ဦးပေါ်လာသည် ခါးထောက်၍ သေသူ၏အလောင်းကို ကြည့်နေရာမှ ငုံ့၍ ဟာရီလား၏ ပါးစပ်တွင်းမှ စားပွဲခင်းကို ဆွဲ၍ထုတ်ပြီးနောက် ကိုယ်တွင်း၌ သိုဝှက်ထားသော ပစ္စည်းကို ရှာဖွေလေ၏။ သူတွေးထင်သည့်အတိုင်း စိန်ထုပ်ကို တွေ့လေ၏။

သို့သော် ဤမျှနှင့် မပြီးသေး။ ဦးပေါ်လာမှာ သေချာကျစ်လျစ်သူတစ်ယောက် ဖြစ်ရကား မိမိလုပ်ငန်းလက်စလက်နကို သေသပ်အောင်ပြုရန် အရေးရှိသည့်အလျောက် လူသေ၏ခေါင်းမှ ပိုးထွက်၍ စားပွဲခင်းနှင့် ကြမ်းပေါ်တွင်ကျနေသော သွေးစက်များကို ရေစိုအဝတ်နှင့် သုတ်သင်ပြီးလျှင် သေသူ၏ ခေါင်းအောက်တွင်လည်း နောက်ကျမည့် သွေးအတွက် သတင်းစာစက္ကူများကို ခံထားလေ၏။ ၎င်းနောက် စားပွဲခင်းကို နေရာတကျပြန်ခင်း၊ လဲမှောက်သော ကုလားထိုင်များကို ပြန်ထောင်ခြင်း စသည်တို့ကို မူလအတိုင်း အနေကျအောင် ပြန်လည်ပြုပြင်ပြီးနောက် ဟာရီလား၏ မျက်မှန်ကိုင်းကို ကြမ်းပေါ်မှကောက်ယူ၍ စားပွဲပေါ်တွင် တင်ထားလိုက်၏။

မျက်မှန်မှန်သားမှာမူ အစိတ်စိတ်ကွဲ၍ စားပွဲပေါ်မှ လဲကျသော ဖန်ခွက်ကွဲများနှင့် ရောနေသဖြင့် ၎င်းတို့ကို ကြက်မွေးတံမြက်စည်းနှင့် စု၍ စက္ကူတွင်ထည့်လေ၏။ ၎င်းနောက် မျက်မှန်ကွဲများကို တတ်နိုင်သမျှ ရွေးနုတ်၍ မျက်မှန်ကိုင်းနှင့်အတူ စက္ကူတစ်ချပ်နှင့် သပ်သပ်ထုပ်လေရာ မျက်မှန်စများ နည်းလွန်းသဖြင့် အချို့မှန်ကွဲစအဖြူနှင့် အကြေများကိုပါ ထည့်ရလေ၏။ ၎င်းနောက် ဖန်ကွဲများကို နောက်ဖေးအမှိုက်ပုံးပေါ်သို့ ပစ်လိုက်၏။

အိမ်တွင်းကိစ္စ အပြီးသတ်ပြီဖြစ်၍ သေသူ၏ အလောင်းနှင့် အထုပ်နှင့် ထီးများကိုသာ စီရင်ရန် ကျန်တော့၏။ ညှစ်ထပ်ထပ် ပိတ်ပိုင်းနှင့် ထုပ်ထားသော အထုပ်တွင်းတွင် ဗိုတီ (ကုလားများဝတ်သောပိတ်ပုဆိုး) တစ်ထည်နှင့် မျက်နှာသုတ်ပဝါငယ်ကလေးတစ်ခု ပါရှိ၏။ ထိုအလုပ်နှင့် ထီးကို ရှိန်ချည်ကြိုးနှင့်တွဲ၍ ချည်လိုက်၏။ ရှိန်ချည်ကြိုးမှာ ဒေါ်စိတ်ကောင်းသင်ဖြူးကွပ်သော ရှိန်ပန်းထည်မှ ပိုသော အစများကို လိုး၍ သိမ်းဆည်းထားရာမှ ရရှိခြင်းဖြစ်၏။

၎င်းနောက် အထုပ်နှင့်ထီးကို ပန်းပေါ်တွင် သိုင်းလျက် လူသေ၏ အလောင်းကို ကျောပိုး၍ ထမ်းပြီးလျှင် အိမ်တွင်းမှ ထွက်ခဲ့လေ၏။ သန်းခေါင်အချိန် နီးနီးရှိပြီဖြစ်၍ လမ်းပေါ်တွင်လည်း လူသွားလူလာမရှိ။ မှောင်လည်းမှောင်သည်နှင့် ပေတစ်ရာလမ်းမကြီးကို ဖြတ်ကျော်ပြီးနောက် မီးရထားသံလမ်းသို့ရောက်အောင် ပေ ၂၅၀–၃၀၀ ခန့်ကျယ်သော မြက်တောကို ဖြတ်သွားရ၏။ အလောင်းကောင်ကို မီးရထားသံကြိုးပေါ်မှ ကျော်ချပြီးနောက် အလိုက်သင့် ဆွဲငင်၍ သံလမ်းပေါ်တွင် လည်ပင်းကို တင်၍ မှောက်ထားလိုက်၏။ အထုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ထီးကိုလည်း တွဲချည်ထားသော ကြိုးကိုဖြတ်၍ အနီးတွင် ပစ်ချထား၏။ မျက်မှန်ထုပ်ကိုလည်း အိတ်တွင်းမှ ထုတ်၍ လူသေ၏ဦးခေါင်းနားတွင် ဖြန့်ကြဲထားလေ၏။ မျက်မှန်ထုပ်သော စက္ကူနှင့် အထုပ်နှင့်ထီးကို ချည်သော ကြိုးကိုလည်း မကျန်ရစ်စေရန် ယူခဲ့၏။ လိုလေသေးမရှိအောင် စေ့စပ်သေချာစွာ စဉ်းစားနေစဉ် အစုန်ကုန်ရထားသံကိုကြားသဖြင့် မီးရထားလမ်းမှ ခွာဆုတ်၍ ဆင်းခဲ့လေ၏။

•••

## အခန်း (၂)

## မီးရထားတိုက်၍ သေသလော

ဦးပေါ်လာ ခြံတွင်းသို့ ပြန်ရောက်သည်နှင့် မီးရထား ဉသြဲထွက်သံနှင့် မီးရထားရပ်ရန် ဘရိတ်ဖမ်းသံတို့ကို တစ်ပြိုင်နက် ဆူညံစွာ ကြားရလေ၏။ ထိုအခါ မီးရထားစစ်မိုလ်သည် လဲနေသောလူကို နင်းမိမည်စိုးသဖြင့် ကြိုးစား၍ ရပ်လေ၏။ ဦးပေါ်လာကလည်း မနင်းမိမည်ကို စိုး၍ အထူးဆုတောင်းလေ၏။ သို့သော် ဦးပေါ်လာမှာ မီးရထားရပ်လိုက်သည်ကို မနှစ်မြို့ကဲ အိမ်တွင်းသို့ ခပ်သုတ်သုတ် ပြေးဝင်လာခဲ့လေ၏။

အိမ်တွင်းသို့ ရောက်သောအခါမှ သံကလော်ကို မျက်စိစိုက်မိသဖြင့် ကောက်ယူ၍ မီးခွက်အောက်တွင် ကြည့်သောအခါ သွေးစသွေးနမရှိဘဲ ဆံပင် တစ်ချောင်း၊ နှစ်ချောင်းကိုသာ သံချောင်းမှာ ကပ်နေသည်ကို တွေ့သဖြင့် စားပွဲခင်းနှင့် သုတ်ပြီးနောက် နောက်ဖေးပေါက်မှ လွှင့်ပစ်လိုက်လေ၏။

ဦးပေါ်လာတို့ လိုက်ရမည့် စာပို့မီးရထားမှာ ယခု သန်းခေါင်ကုန်ရထားသွားပြီးနောက် နာရီပြန်နှစ်ချက်မှ သုံးဆယ်ဘူတာသို့ ဆိုက်မည်ဖြစ်သော်လည်း ဦးပေါ်လာမှာ အိမ်ထဲတွင် မနေဝံ့လောက်အောင် သွေးချောက်ချားသည်နှင့် ဘူတာသို့သွားရန် ပြင်ဆင်လေ၏။

မိမိလွယ်အိတ်နှင့်ထီးကို ယူပြီးနောက် မီးအိမ်ကို ငြိမ်းမည်အပြုတွင် စားပွဲအောက်တွင် ခံထားသည့် သွေးစွန်းသော သတင်းစာစက္ကူတို့ကို မြင်လေလျှင် ဦးပေါ်လာမှာ နဖူးမှချွေးလုံးကြီးများ ယိုစီးကျလာလေ၏။ ''အို လက်မတင်ကလေး လိုတော့တယ်။ မီးငြိမ်းပြီး ထွက်သွားမိလျှင် အသေအချာ တန်းနေတာပဲ''ဟု တွေးတော၍ စက်တိုင်မှ ကြိုးတွဲလဲကို မြင်ယောင်ပြီးလျှင် လည်ပင်းယား၍ လက်နှင့်ပွတ်သပ်မိလေ၏။

သို့သော် ဦးပေါ်လာမှာ အများနှင့်စာသော် အတော် စိတ်နိုင်သူတစ်ယောက်ဖြစ်သည့်အားလျော်စွာ ပေါင်းထုပ်ကိုယူပြီးလျှင် နောက်ဖေးမီးဖိုသို့ သွားလေ၏။ ကောက်ရိုးနှင့် သတင်းစာစက္ကူများကိုစု၍ ထင်းများထပ်တင်ပြီးလျှင် မီးတောက်လာသည်နှင့် တစ်ပြိုင်နက် ပေါင်းထုပ်ကြီးကို အပေါ်မှာ အုပ်လိုက်လေ၏။ ထိုအခါ မီးခိုးလုံးကြီးတက်၍ ညှော်နံ့အမျိုးမျိုး ထွက်ပေါ်လာလေ၏။ အကြောင်းသော်ကား ပေါင်းထုပ်အတွင်းတွင် ခံပေါင်းသော ဦးထုပ်ကလေးမှာ ဆီဝနေသည့်ပြင် ပေါင်းထုပ်မှာလည်း ပိုးဖြစ်၍ ကြက်မွေးမီးမြိုက်သောအနံ့မျိုး ညှော်လေသည်။

ဤအရာဝတ္ထုများ ပြာကျအောင် စောင့်ကြည့်သည့်အခိုက် အမျိုးမျိုး စိတ်ချောက်ချားတုန်လှုပ်လျက် အချိန်ကုန်ခဲ့၏။ ပြာကျသည်နှင့် တစ်ပြိုင်နက် ထင်းစများနှင့် မွှေနှောက်၍ ငြိမ်းပြီးလျှင် သက်မကြီးချ၍ တစ်ဖန် မိမိလွယ်အိတ်နှင့် ထီးကိုယူ၍ အိမ်ကို သော့ခလောက်ခတ်ပြီးလျှင် ဘူတာဘက်သို့ ထွက်ခွာခဲ့လေ၏။

မြူအနည်းငယ်တိုး၍ ဆိုင်းလာသဖြင့် ပြည်လမ်းဘက်မှ မီးရထားကို မှန်း၍ကြည့်နိုင်မှ ရေးရေးမျှ မြင်နိုင်လေသည်။

ဘူတာရုံသို့ ရောက်သောအခါ လက်မှတ်ယူ၍ ပလက်ဖောင်းဘက်သို့ ထွက်သွားလေရာ ခရီးသည်နည်းသော သုံးဆယ်ဘူတာရုံမှာ ခါတိုင်းနှင့်မတူ။ ဟိုတစ်စု သည့်တစ်စု အုန်းအုန်းကျွက်ကျွက် အမျိုးမျိုးအဖုံဖုံ ထင်မြင်ချက်စကား ပြောကြလျက် သုံးဆယ်တံတားဘက် ခပ်လှမ်းလှမ်းတွင် ရပ်နေသော ကုန်ရထားကို မျှော်မှန်းကြည့်နေသည်ကို တွေ့ရလေ၏။ သို့သော် ဦးပေါ်လာမှာမူ ရေငုံဘိသကဲ့သို့ မည်သူကိုမျှ မစုံစမ်းပုံဘဲ ဆိတ်ဆိတ်နေလေ၏။

မကြာမီ ရန်ကုန်ဘက်မှ အဆန်ပြည်စာပို့ရထား ဆိုက်ရောက်လာလေ၏။ ဘူတာတွင် မငြိမ်မသက်သည်ကို



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယတွဲ ပြတင်းပေါက်မှ ကြည့်နေသော လူတစ်ယောက်က ပလက်ဖောင်းပေါ်ရှိ လူတစ်စုကို လှမ်းမေးပြီး ထိုတွဲမှ မင်းမှုထမ်းဟန် မြန်မာတစ်ယောက် ကုန်သည်ရှေ့နေရှေ့ရပ် မခွဲခြားနိုင်ဘဲ မြန်မာလူရွယ်တစ်ယောက်နှင့် ဘောင်းဘီဝတ် ကုလားတစ်ယောက်ဆင်းလာ၍ လူများနှင့် စကားပြောနေကြ၏။

ထိုစဉ်တွင် ရပ်ထားသော ကုန်ရထားဘက်မှ လက်ဆွဲမီးအိမ်ယမ်းလျက် တရွေ့ရွေ့နီးလာသော လူတစ်ယောက်ကို မြင်ကြရ၏။ မီးအိမ်ကိုဆွဲသူမှာ ညရုံပိုင်ဖြစ်ရာ ၎င်းနောက်မှ ကူလီ နှစ်ယောက်သည် ထမ်းစင်ကို ထမ်းလျက် ထိနိုက်နာကျင်သူ လူနာကို ယူလာကြလေ၏။ နောက်ဆုံးမှ 'ပေါ်ထယ်' ကုလားသည် လက်တွင် အထုပ်တစ်ခုနှင့် ကြိုးတစ်လက်ကို ဆွဲကိုင်လျက်။ "ဟာရေး ... ဘာဘာ၊ ဟာရေး ... ဘာဘာ"စသည်ဖြင့် ညည်းတွားလိုက်ပါလာလေ၏။

ထိုအခါ ဘောင်းဘီဝတ်ကုလားက "မေား ... ဘာဖြစ်တာလဲ"ဟု မေးလေလျှင် ပေါ်တယ်သည် မြင်မိမှတ်မိသမျှ အားလုံးကို ကုန်စင်အောင် ပြောကြားလေ၏။

ပေါ်တယ်ကုလား ပြန်ပြောသည့် အကျဉ်းချုပ်မှာ ကုန်ရထားစက်ခေါင်းမောင်းသူ စက်ဗိုလ်သည် မီးရထားလမ်းကွေ့ကိုလွန်၍ သုံးဆယ်ချောင်းကူးတံတားကြီးကို ကျော်မိမှ လက်ဝဲဘက်သံလမ်းပေါ်တွင် လူတစ်ယောက် မှောက်လျက်လဲနေသည်ကို တွေ့သဖြင့် ဥသြအကြိမ်ကြိမ်တွတ်ဘရိတ်ကို ဖမ်းသော်လည်း နီးကပ်နေသဖြင့် အရှိန်မသတ်နိုင်ဘဲ လူကို လေးငါးတွဲလောက် နင်းပြီးမှ ရပ်နိုင်ကြောင်း၊ အနင်းခံရသူ မှာရဝါရီ ကုလားကြီးမှာ ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားကြောင်း၊ ယခု သူ၏ လက်တွင်ယူဆောင်လာသော အဝတ်ထုပ်နှင့်ထီးမှာ အနီးတွင် တွေ့ရှိကြောင်းကို အကျယ်တဝင့် လေးနက်စွာ စိတ်ရောမာန်ပါ ပြောပြသည်ကို အများပိုင်း၍ နားထောင်ကြလေ၏။

◆◆◆

## အခန်း-၃
## စုံထောက်ဦးသောင်းထိုက် ရောက်လာပုံ

ယခင်က ဒုတိယတွဲပေါ်မှ ဆင်းလာသူသုံးယောက်အနက် မြန်မာနှစ်ယောက်မှာ ဦးသာထွန်းနှင့် ဦးသောင်းထိုက် ဖြစ်လေသည်။ ဦးသာထွန်းမှာ ဆေးဘက်ဆိုင်ရာဌာန အစိုးရအမှုထမ်းမှထွက်၍ ရန်ကုန်မြို့တွင် ဆေးဆိုင်အကြီးအကျယ်နှင့် သူနာပြုဌာနတစ်ခု ဖွင့်လှစ်၍ ကုသနေသော ဆရာဝန်ကြီးတစ်ယောက် ဖြစ်ပေလသည်။ ဦးသောင်းထိုက်ကား ဓာတုဗေဒ၊ ရုက္ခဗေဒ စသော လောကဓာတ်ပညာကို အလွန်လိုက်စားသော B.A.B.L (ဘီ-အေ-ဘီ-အယ်) ဝတ်လုံတော်ရ ရှေ့နေတစ်ယောက် ဖြစ်၏။ သို့သော် အနောက်နိုင်ငံ အကြောင်းအရာစာအုပ်များကို ဖတ်ရှုခြင်းအားဖြင့် ဗဟုသုတ များပြားလာသည်နှင့် ကျိုးကြောင်းဆင်ခြင်မှုဖြစ်သော စုံထောက်ပညာကို ဝါသနာထုံမိ၍ အပျော်တမ်းလိုက်စားရာမှ အတည်လုပ်ငန်းကြီးတစ်ခုအဖြစ် (Private Investigation Bureau.) P.I.B 'ပီ-အိုင်-ဘီ'အမည်ဖြင့် ဖွင့်လှစ်လာခဲ့လေ၏။ သို့ဖြစ်၍ စုံထောက်ကြီး ဦးသောင်းထိုက်ဟူ၍ အစိုးရကပါ အသိအမှတ်ပြုသည်သာမက နိုင်ငံခြားသို့ပင် ကျော်ကြားလေသည် ..။ မကြာမီကလည်း ဦးသောင်းထိုက်၏ ဂုဏ်အရည်အချင်းကို ထောက်၍ ယူနီဘာစတီသိပ္ပံအဖွဲ့မှ 'D.O'(Doctor of Observation) Dr. 'ဒေါက်တာ' ဟူသော ဘွဲ့ထူးကို ချီးမြှင့်ခြင်းခံရလေသည်။ ဤသည်မှာ ဒေါက်တာသောင်းထိုက်ဟာ သမုတ်ကြပြန်၏။

ဒေါက်တာသောင်းထိုက်နှင့် ဆရာဝန်ဦးသာထွန်းတို့မှာ ကျောင်းနေဘက် သူငယ်ချင်းဖြစ်ခဲ့သည့်ပြင် အပေါင်းလည်းနာသဖြင့် အမြဲလိုပင် တိုင်ပင်ဖော်တိုင်ပင်ဘက် တွဲမိကြလေသည်။

ယခု မီးရထားနှင့်အတူ လာခြင်းကိစ္စမှာ အသက်ပေါင်ကုမ္ပဏီတစ်ဦးမှ သေသူ၏ ငွေထုတ်ပေးရန်အတွက် ရှုပ်ထွေးသည်ကို အသက်ပေါင်စဉ်က ဆရာဝန်ဦးသာထွန်းက ကျန်းမာခြင်းစစ်ဆေးရသူဖြစ်၍ ဤအရေးကိစ္စနှင့် ပြည်မြို့ကို သွားရခြင်းဖြစ်ရာ ဒေါက်တာသောင်းထိုက်ကို အကြံဉာဏ်နှင့် သတိပေးရန် ခေါ်လာခြင်းဖြစ်လေသည်။

ဘောင်းဘီဝတ်ကုလားမှာ ဘုံဘိုင်နယ်သား ဆရာဝန်တစ်ယောက်



www.burmeseclassic.com

ဖြစ်၍ အစိုးရ ဆေးဘက်ဌာနတွင် လုပ်ကိုင်စဉ်က ဆရာဝန်ဦးသာထွန်းနှင့် သိကျွမ်းဖူးလေသည်။ ထိုကုလား ဆရာဝန် 'ဘိုပလ်'သည် အင်းစိန်ထောင်ဆရာဝန်အဖြစ်မှ ပုသိမ်ကို ပြောင်းရ၍ လိုက်ပါလာခြင်းဖြစ်လေရာ ဦးသာထွန်းတို့နှင့် ဒုတိယတွဲထဲတွင် ဆုံမိကြလေသည်။

ဆေးဘာသာရှု ဘိုပလ်သည် ဒေါက်တာသောင်းထိုက်၏ စွမ်းရည်သတ္တိကို မကြာခဏ ကြားဖူးသော်လည်း ယခု ဆရာဝန်ဦးသာထွန်းက မိတ်ဆက်ပေးမှ တွေ့ဖူးလေသည်။ တွေ့သည့်မှစ၍လည်း ကြည်ညိုလေးမြတ်စွာ အရေးပေးလေသည်။

ယခင်က ပေါ်တယ်ကုလားပြောကြားသည်ကို နားထောင်နေကြရာမှ ဘိုပလ်သည် ပေါ်တယ်လက်တွင် ကိုင်ထားသောထီးကို "ပြစမ်းပါ"ဟု အရေးတကြီး ဆွဲယူကြည့်လေ၏။ ဤသို့ ဆွဲယူ၍ကြည့်ခြင်းမှာ မြင်ဖူးသော ထီးနှင့် သဏ္ဌာန်တူသဖြင့် ကြည့်ခြင်းဖြစ်လေသည်။ ထီးမှာ အိန္ဒိယတိုင်းသားများပြုလေ့ရှိသည့်အတိုင်း အပေါ်တွင် ပိတ်ဖြူတင်၍ အုပ်ထားသည့်ပြင် သံမှိုးလက်ကိုင်ကောက်တွင် အချို့နေရာ၌ ပွန်းတီး၍ ဒန်ရေများ ကွာနေပုံမှာလည်း ချွတ်စွပ်မလွဲ တူလှပေ၏။ ထီးကိုဖြန့်၍ ကြည့်သောအခါ အရွက်ကွင်း၌ အဖြူကြိုးနှင့် (H.L) 'အိတ်ချ်-အယ်လ်'ဟူသော အမှတ်အသား ပါရှိရကား "ဟာလို ... သည်ထီး ဟာရီလားလ်ရဲ့ ထီးပါလား"ဟု တလန့် ကျယ်လောင်စွာ အော်လိုက်လေ၏။

ဘိုပလ်သည် ဟာရီလားကို ဘုံဘိုင်သားချင်းဖြစ်၍ သိရှိမှုမက တစ်ခါက ဟာရီလား မကျန်းမာ၍ ဆေးဝါးကုသသည့်အခါ ထီးကို သံရိုးနှင့် လုပ်ထားသည့်အတွက် လျှပ်စစ်ကြိုးများနှင့် ထိမိသော် ဘေးအန္တရာယ်ဖြစ်တတ်ကြောင်းကို သတိလည်းပေးဖူးကြောင်း ပြောပြသေး၏။ ရှုပ်ပိုင်ကြီးသည် ထိုစကားကိုကြား၍ "အို ... ဒါဖြင့် တစ်ဆိတ်လာကြည့်စမ်းပါ"ဟု လူကောင်သွင်းသွားသော အခန်းတွင်းကိုခေါ်သဖြင့် သုံးယောက်လုံး လိုက်သွားကြလေရာ ဘိုပလ် ထင်သည့်အတိုင်း ဟာရီလား ကိုယ်တခြား ခေါင်းတခြား ဖြစ်နေသည်ကို ဝမ်းနည်းစွာ တွေ့မြင်ရလေ၏။

ဘိုပလ်သည် ငုံ့ကြည့်ရာမှ ဒူးထောက်ပြီးလျှင် ရင်ပတ်တွင် လက်ကိုယှက်၍ ခေါင်းအောက်စိုက်လျက် ပါးစပ်လှုပ်ခါ ဝမ်းနည်းစွာ ဆုတောင်းပြီးနောက် မျက်နှာလွှဲ၍ အပြင်ဘက်သို့ ထွက်သွားလေ၏။

အပြင်သို့ရောက်သောအခါ ဟာရီလား၏ အကြောင်းအရာဇာစ်မြစ်ကို ပြောပြီးနောက် ဟာရီလား ဤအရပ်တွင် သေခြင်းဆိုး သေရခြင်းမှာ မတော်တဆ မီးရထားနင်းမိသောကြောင့်ဟူ၍ သူမယုံကြည်နိုင်ကြောင်း။ ထို့ကြောင့် ဤကိစ္စကို ဒေါက်တာသောင်းထိုက်အား စုံထောက်ရန် လွှဲအပ်လိုကြောင်းနှင့် ပြောဆိုလေသည်။

ဘိုပလ် "ဟာရီလား သည် အရပ်ကို တော်ရုံအရေးကိစ္စနှင့်ရောက်လာမည်မဟုတ်။ သူ၏အရေးကိစ္စမှာလည်း စိန်ကျောက်ရတနာ အလုပ်သာရှိသည်။ ညအချိန်မှာ မီးရထားလမ်းပေါ် ရောက်နေခြင်းက စဉ်းစားရန်တစ်ချက်၊ သူ့ကိုယ်သူ သတ်သေခြင်းဟုတ်မဟုတ် စဉ်းစားရန်တစ်ချက် ဒီအချက်များကို စုံထောက်ပေးဘို့ တောင်းပန်ပါသည်။ ကုန်ကျမည့် စရိတ်ကို ကျွန်တော်၏တာဝန်ထားပါ။ သူ့မှာလည်း တော်ရုံလူစား မဟုတ်သည့်ပြင် ပစ္စည်းဥစ္စာလည်း သူပိုင် အတော်ပင် ချမ်းသာသူဖြစ်ပါသည်။ သူ၏သားများပေါ်တွင်လည်း ကျွန်တော် ဩဇာရှိပါသည်။ ဒေါက်တာသောင်းထိုက်ကို အားကိုးပါရစေ"ဟု ပြောသည့်အခိုက်တွင် ရပ်တန့်ထားသော ကုန်ရထားလည်း ဘူတာသို့ ဝင်လာလေ၏။ များမကြာမီ စီးလာသော အဆန်စာပို့မီးရထားထွက်ရန် သံချောင်းခေါက်လေရာ ဆရာဝန် ဦးသာထွန်းက ပြည်မြို့တွင် မိမိအလုပ်မှာ တစ်ညတာအတွက် ဆိုင်းငံ့ရန် အရေးမကြီးကြောင်း၊ ပြောသဖြင့် ဒေါက်တာသောင်းထိုက်သည် တာဝန်ခံယူ၍ သုံးဆယ်ဘူတာတွင် ဆင်းနေရစ်ရန် ၎င်းတို့ ဝန်စည်စလယ်များကို ချယူလေ၏။ မီးရထားထွက်သောအခါ ဘိုပလ်သည် နှုတ်ဆက်၍ မီးရထားတွင် ဆက်လက်လိုက်ပါသွားလေ၏။

၎င်းနောက် ဒေါက်တာသောင်းထိုက်သည် ရှုပ်ပိုင်အား အစိုးရဆရာဝန် ဘိုပလ်က ဤအမှုအခြေအမြစ်ကို သိရှိလိုသဖြင့် မိမိအား စုံစမ်းထောက်လှမ်းရန် လွှဲအပ်ကြောင်း ပြောပြလေသည်။

www.burmeseclassic.com

ထိုက် "ဆေးရုံဆရာဝန်နှင့် ပုလိပ်ဘက်ဆိုင်ရာကို အကြောင်းကြားပြီးပါပလား။ သူတို့မလာခင် ကျွန်တော်တို့စိတ်အတိုင်း တစ်စုံတစ်ရာ လုပ်ကိုင်ရန် အခွင့်မရှိပါ"

ရှုံပိုင် "ဟုတ်ကဲ့၊ သာယာဝတီ ဆေးရုံကြီးကို သတင်းပေးလိုက်ပါပြီ။ သုံးမိုင်ကျော်ပဲ ကွာပါသည့်။ မကြာမီ အတွင်း ဆရာဝန်လာပါလိမ့်မည်။ ဆရာဝန်က ဆိုင်ရာပုလိပ်များကိုပါ အကြောင်းကြား၍ ခေါ်ပါလိမ့်မည်။ အခုကြားတဲ့ ဖော်တော်ကားဟွန်းသံဟာ သူတို့ထင်ပါသည်။ ကျွန်တော် ကြည့်လိုက်ပါဦးမည်"ဟု ပြော၍ ဘူတာပြင်ဘက်သို့ ထွက်သွားလေ၏။ ဒေါက်တာသောင်းထိုက်သည် ဆရာဝန် သာထွန်းဘက်သို့လှည့်၍ "အိုင် ဆေးညီမောင်၊ သည်အမှုမျိုးဟာ ဖြစ်နိုင်ဖို့ သုံးလမ်းရှိတယ်။ (၁) မတော်တဆရယ်၊ (၂) ကိုယ့်ကိုယ်ကို သတ်သေတာရယ်၊ (၃) အသတ်ခံရတာရယ်။ ဦးစွာ (၁) အချက် မတော်တဆ ဖြစ်ပျက်ရန် အကြောင်းလမ်းကား ရထားလမ်းကိုကျော်ဖြတ်သော လှည်းရထားလမ်း ဖြစ်စေ၊ သို့မဟုတ် လူများ ခြေလျင်ဖြတ်ကူးသော တစ်ယောက်သွားရုံ သစ်သားချောင်း နှစ်ခုကို ရဟန်သဖွယ် ပြုလုပ်ထားသော အပေါက်ဖြစ်စေ သို့မဟုတ် အိမ်ဝင်းခြံနှင့်ကပ်လျက် အသွားအလာ လွယ်ကူစေခြင်းငှာ သံကြိုးတန်းကို ကျော်တက်ရန် လှေကားထစ်ကလေးများ ပြုလုပ်ထားသည့်နေရာ အဲဒီဟာမျိုးတွေနဲ့ နီးမှသာ မတော်တဆလို့ စဉ်းစားဖို့ရှိတယ်။ (၂) အချက် ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတာ ဘိုပလ် ပြောသွားသည့်အတိုင်း ဖြစ်နိုင်ဖို့ လွန်စွာ ခဲယဉ်းတယ်။ (၃) အချက် လူသတ်ခြင်းမှုကား ဖြစ်နိုင်ရန် လမ်းများသော်လည်း အကြောင်းစုံလင်စွာ သိပြီးမှ စဉ်းစားလို့ ဖြစ်နိုင်မယ်"

ထွန်း "ကြည့်စမ်း။ ဟိုပေါ်တယ် ဟာ၊ လူတကာကို ပြောချင်လွန်းလို့ ရှုယိုးနေတယ်"

ထိုက် "လာ . . . အလကားနေရင်း သူ့ထပ်မေးစမ်းရအောင်"

ထို့နောက် ပေါ်တယ်ဟူ၍ မခေါ်ဘဲ ဟိန္ဒူလူမျိုးတို့ နှစ်သက်လှသော 'ပနိဒစ်'(ပါဠိစကား ပဏ္ဍိတမှလာသော ပညာရှိပုဂ္ဂိုလ်)ဟု ခေါ်သည်နှင့် တစ်ပြိုင်နက် များစွာ နှလုံးခွေ့ပြီးလျှင် 'ဟာဇူရ်'ဟု လက်နှစ်ဖက်ဖြင့် အရိုအသေပြု၍ ပြန်ထူးလေ၏။

ထိုက် "မောင်မင်းကြည့်ရတာ လူပါးတစ်ယောက်နဲ့တူတယ်။ မောင်မင်းတော့ ပြောတတ်မှာပဲ။ စက်ခေါင်းပေါ်က ဒရိုင်ဘာက သံလမ်းပေါ်မှာ လဲနေတဲ့လူကို မြင်သလား"

ပေါ်တယ် "လဲနေတယ်မဟုတ်ဘူးဆပ်၊ သံလမ်းပေါ်မှာ ခေါင်းစင်းပြီး တမင်လာအသေခံတာပဲ"

ထိုက် "အချား ပြောစမ်းပါဦး"

ပေါ်တယ် "တံတားမရောက်ခင် ကပ်လျက်အကွေ့ရှိတယ်။ တံတားကိုရောက်လျှင် ဒရိုင်ဘာများ အထူးဂရုစိုက်ကြည့်ရတယ်။ တံတားကို လွန်တော့လည်း အလံကို ကြည့်ရတယ်။ ကနေ့ည နှင်းတွေဝေတော့ အထူးဂရုစိုက်တယ်။ အဲဒါကြောင့် လမ်းပေါ်မှာ လူတစ်ယောက် လည်ပင်းတင်ပြီး မှောက်စင်းခံနေတာကို သေသေချာချာ မြင်တယ်။ သို့သော် ကုန်ရထားလည်းဖြစ်တော့ အရှိန်မသတ်နိုင်လို့ နင်းမိတယ်"

ထိုက် "ဩော် . . . မှောက်ကိုခံနေသတဲ့လား"

ပေါ်တယ် "အို . . . မှောက်ကိုခံတာမှ အောက်တစ်ပိုင်းက သံလမ်းအောက်မှာလို့ ပြောနေတာ"

ထိုက် "နို့နေပါဦး။ သည်အနားမှာ သံလမ်းကိုကျော်တဲ့ ဖြတ်လမ်းရှိသလား"

ပေါ်တယ် "အို သေချင်တဲ့လူက ဖြတ်လမ်းဘယ်ဂရုစိုက်နေမှာလဲ။ သူတို့သွားချင်ရာ ဖြတ်လမ်းပေါ့"

ထိုက် "အင်း . . . တော်တယ်။ မောင်မင်း အတော်ပါးရည်နပ်ရည်ရှိတဲ့ လူတစ်ယောက်ပဲ။ ရော့ . . . မင်းပြောရတာ အတော်မောရော့မယ်။ လက်ဖက်ရည်သွားသောက်ချေ"ဟု ငွေဒင်္ဂါးတစ်ပြားပေး၍ ဆရာဝန်နှင့် ပုလိပ်များ ရောက်လာသောနေရာသို့ လျှောက်လာကြလေ၏။

ပေါ်တယ်ကုလားသည် ငွေသားဒင်္ဂါးကို ကြည့်လျက် "ဘုရားဖြစ်မည့်သူ"ဟု ဒါနရှင်ကို ဆုတောင်း၍ ဒင်္ဂါးကို နဖူးပေါ်တွင် အကြိမ်ကြိမ် ဆလံတင်လေ၏။

(ဆက်ရန်)

ရွှေဥဒေါင်း



www.burmeseclassic.com

www.burmeseclassic.com

# ဗောဓိညောင်မှာ သင့်ကံဇာတာ

■ မောင်စံထား(ဓနုဖြူ)

ဤတင်ပြမည့် အကြောင်းအရာကလေးကို "ဗောဓိရွှေညောင်ကိန်း"ဟု ဗေဒင်ပညာရှင်တို့က ဆိုထားပါသည်။ အဆိုပါ ဗောဓိရွှေညောင်ကိန်းကို တွက်ချက်၍ မိမိတို့၏ ကံဇာတာအဆိုးအကောင်းကို သိရှိနိုင်ပါသည်။ ဦးစွာ အောက်ဖော်ပြပါ ဇယားလေးကို မှတ်သားထားဖို့ လိုပါသည်။

| | | |
|---|---|---|
| ၆ | ၁ | ၂ |
| ၈ | | ၃ |
| ၅ | ၀ | ၄ |

| | | |
|---|---|---|
| သို့ | အောင် | ကျော် |
| ရပ် | | စံ |
| မြိုင် | တော | လှ |

သည်ဇယားလေးကို သိလျှင် တွက်ချက်၍ရပါပြီ။

ဦးစွာ မိမိ၏ ရောက်ရှိအသက်ကိုတည်ပြီး (၈) နှင့် စားရပါမည်။ အကြွင်းရလာပါက "စံ"မှ လက်ဝဲရစ်ပြီး ရောက်ရာကိုမှတ်၍ ဟောချက်တို့ကို သိနိုင်ပါသည်။

ပမာအားဖြင့် အသက် ၄၅ နှစ်ရှိသူ ဆိုပါစို့။ ၄၅ ကို (၈) နှင့်စားသော် အကြွင်းအားဖြင့် ၅ ရ၏။ သို့ဖြစ်၍ "စံ"မှ စတင်ရေတွက်သော် "ရပ်"နေရာသို့ ရောက်လေသည်။ ဤတွင် "ရပ်"အဟောကို ဖတ်ရှုခြင်းဖြင့် မိမိတို့၏ ကံဇာတာကို သိရှိနိုင်ပါသည်။

(အောင်) (တော) အရပ်တို့၌ ကျရောက်လျှင်...

ကံကောင်းပါမည်။ စီးပွားဖြစ်မည်။ ရာထူးတက်မည်။ အိမ်ထောင်ပြုရမည်။ ရည်ရွယ်ချက်များ ပြည့်ပအောင်မြင်ပါလိမ့်မည်။

(စံ) (ရပ်) အရပ်တို့၌ ကျရောက်လျှင်...

ထိခိုက်ဒဏ်ရာရမည်၊ အလုပ်အကိုင်တွေ လွဲချော်နေမည်၊ စိတ်သောကရောက်ရမည်၊ အမှုအခင်းကြုံမည်၊ ရန်သူတွေ ဝိုင်းဝိုင်းလည်နေတတ်ပါမည်။

(လှ) (သို့) အရပ်တို့၌ ကျရောက်လျှင်...


လက်အောက်ငယ်သားတို့၏ အကျိုး၊ သားသမီးတို့၏ အကျိုးကို ခံစားရမည်၊ စီးပွားဖြစ်မည်၊ ထီပေါက်မည်၊ ငွေရမည်၊ အခွင့်အရေးများ ရရှိပါလိမ့်မည်။

•••



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကျောက်ဆောင်ပေါ်က အထီးကျန်သရဲမလေး

## ( ဇာတ်သိမ်း )

■ မင်းဟိန်းထိုက်

မောင်အေးချမ်း နန်းမြင့်သူ၏ အလောင်းကို ကျောက်ဆောင်ကြီး၏ ထိပ်ဘက်က ရေစီးကြောင်းဆီသို့ သယ်မယူသွား၏။ ထို့နောက် ရေချိုးပေး၏။ ထို့နောက် အဝတ်ခြောက်ကို ပြန်ဝတ်ပေးကာ ကျောက်ဆောင်ကြီး၏အလယ်သို့ ပြန်သယ်ယူလာပြီး အလောင်းပြင်လိုက်သည်။

ထို့နောက် ပက်လက်ကလေး ဖြစ်နေရှာသော နန်းမြင့်သူ၏အလောင်းကို တစိမ့်စိမ့်ကြည့်၏။ ပြီးမှ ဆက်လက်ဆောင်ရွက်ရန် ကျန်နေသေးသည့် ကိစ္စများအတွက် သစ်/ကျားတို့ မဖျက်ဆီးစေရန် သစ်စိမ်းခက်တစ်ခက်ကို နန်းမြင့်သူ၏ အလောင်းပေါ် ချိုးတင်ထားခဲ့ပြီး ဖြစ်ကြောင်းကုန်စင်ကို ဝိခင်ဖြစ်သူ ဒေါ်ခင်မြသူအား အသိပေးပြောကြားရန် အလောင်းနားမှခွာမည်ပြုစဉ် မောင်အေးချမ်း သွားမည့်ဘက် ကျောက်ဆောင်ကြီး၏ ထိပ်ဘက်အစွန်း၌ မတ်တတ်ကလေးရပ်နေသော နန်းမြင့်သူကို ဧ်ဝါးဝါးမျှ တွေ့လိုက်ရလေသည်။

"ဟင် . . . နန်းမြင့် . . . နန်းမြင့် ဟုတ်ပါတယ်နော်"

မောင်အေးချမ်း လှမ်းမေးပြီး ငေးစိုက်ကြည့်နေချိန်မှာပင် နန်းမြင့်သူ၏ ရုပ်သွင်သည် အနည်းငယ် ပီပြင်ပြီး ထင်ရှားလာလေ၏။

"ဖြစ်ရလေ နန်းမြင့်ရယ်။ အခုတော့ နန်းမြင့် အသက်ပျောက်ပြီး အစိမ်းမလေး ဖြစ်သွားရပြီလား"

နန်းမြင့်သူ ခေါင်းညိတ်၏။

မောင်အေးချမ်း သက်ပြင်းတစ်ချက်ကို ရှူရှိုက်လိုက်ရပြန်သည်။ ထို့နောက် နန်းမြင့်သူဘဝလဲ အစိမ်းသရဲမလေးအား စိုက်ကြည့်နေမိသည်။ ဆံနွယ်ပင်လေးများ လေတွင် ဝဲ၍လွင့်နေသည်။ ဆုတ် ၈ ရက် လရောင်မရှိသေးသော်လည်း ကြယ်ရောင်ကြောင့် ပြတ်ပြတ်ထင်ထင်ပင် မြင်နေရသည်။

မောင်အေးချမ်းကား အစိမ်းသရဲများကို မကြောက်တတ်ပေ။ အလွန်အမင်း သရဲအခြောက်ကြမ်းသော အနီးအနားမှလည်း ဖြတ်လျှောက်သွားဖူးသည်။ ခြောက်လှန့်နှောင့်ယှက်ခြင်းကိုလည်း အကြိမ်ကြိမ် ခံရဖူးသည်။ သို့သော်လည်း . . . မည်သည့်အခါမျှ မောင်အေးချမ်း ကြောက်လန့်ခြင်း၊ ထွက်ပြေးခြင်း မရှိခဲ့ဖူးပေ။

ထိုကြောင့် ယခု နန်းမြင့်သူ အစိမ်းသရဲမလေး ဖြစ်နေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ရသော်လည်း အနည်းငယ်မျှ ကြောက်လန့်တုန်လှုပ်ခြင်း မရှိပေ။ သနားခြင်းနှင့် ယူကျုံးမရခြင်းသည်သာ ဖြစ်မိ၏။

မောင်အေးချမ်း စိုက်ကြည့်နေစဉ်မှာပင် နန်းမြင့်သူ၏ အနီးအနားမှာ မှထင်မရှား မှုန်ဝါးဝါး လမ်းပေါက်လေးတစ်ခု ဖြစ်ပေါ်လာလေ၏။ ထို့ကြောင့် မောင်အေးချမ်းမှာ အတူးအဆန်းဖြစ်သွားပြီး နားမလည်စွာဖြင့် အံ့ဩသွားမိသည်။ ဤသည်မှာ နန်းမြင့်သူက သည်လမ်းကလေးအတိုင်းပင် သူမိခင်ထံသို့ မောင်အေးချမ်းအား လျှောက်သွားစေရန် ဖန်တီးပေးခြင်း ဖြစ်မည်ဟု ထင်၏။

ဟုတ်သည်။ နန်းမြင့်သူသည် ထိုလမ်းကလေးကိုပင် လက်ဟန်၊ ခြေဟန်ဖြင့် မောင်အေးချမ်းအား ညွှန်ပြနေလေသည်။

"နန်းမြင့် . . . ကိုနဲ့ထိတွေ့ပြီး စကားပြောလို့ ရနိုင်ပါသလား"

နန်းမြင့်သူသည် လက်ကလေး နှစ်ဖက်ကို ဖြန့်ကာပြီး ခေါင်းခါပြ၏။ ထို့နောက် ရှိုက်သံသဲ့သဲ့ကိုလည်း ကြား



www.burmeseclassic.com

www.burmeseclassic.com

နေရသည်။ ထို့နောက် လမ်းကလေးကိုပင် ဆက်လက်ပြီး လက်ညှိုးညွှန်နေလေသည်။

"ဘဝချင်းမတူကြတော့လို့ ထိတွေ့ခွင့်၊ စကားပြောခွင့်တောင် မရနိုင်တော့ဘူးလား နန်းမြင့်"

နန်းမြင့်သူ ရှိုက်၏။ ထို့နောက် ခေါင်းညိတ်၏။ ထို့နောက် တစ်အောင့်လေး ရှိုက်နေပြီး လမ်းကလေးဘက်ကိုသာ ညွှန်ပြပေးနေလေသည်။

"ကိုယ်နားလည်ပါပြီ နန်းမြင့်ရယ်။ ခဏအတွင်း ခြားနားခြင်းတည်းဟူသော ဘဝမတူကြခြင်းကြောင့် ကိုယ်တိုင် တွေ့ခွင့်၊ မြင်ခွင့် ရနေကြပေမယ့် စကားလေးမှ ပြောခွင့်မရတော့တာကို ဝမ်းနည်းလိုက်တာ နန်းမြင့်ရယ်။ ကိုယ့်အတွက် ဘဝတစ်လျှောက် ပေ့ဖျောက်လို့ မရနိုင်လောက်တဲ့ ဝေဒနာ အစိုင်အခဲကြီးကို တစ်ပွေ့တစ်ပိုက်ကြီး သယ်မပြီး သွားရတော့မယ့် အဖြစ်ကြီးပါလား။ ကိုယ် ဘယ်လိုလုပ်ပြီး ဖြေလို့ရနိုင်တော့မှာလဲကွယ်"

ပြောရင်းက မောင်အေးချမ်း မျက်ရည်တောက်တောက်ကျ၏။ ယောကျ်ားရင့်မကြီး ဖြစ်ပါလျက်နှင့် ရှိုက်လည်းရှိုက်ပိ၏။ အားကိုးရာမဲ့နေရှာသော မိန်းကလေးတစ်ယောက်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စွမ်းအားကိုထုတ်ပြီး ဘဝ၏သံသရာလမ်းအတွက် ရည်မှန်းချက်နှင့်ဆုံးဖြတ်ထားသော ဦးတည်ချက်ကြီးတစ်ခုကိုပင် ၎င်းအတွက် ကရုဏာစွက်လျက် ရဲရဲကြီးပယ်ဖျက်ကာ ကယ်ထုတ်မယ့်အချိန်လေးမှာပင် သူလေးသည် မြင်မကောင်းစွာ ဖဲ့ခွာသွားလေ၏။

မောင်အေးချမ်းကသာ ကရုဏာမပါ သမ္မာအားဖြင့် "သူ့ဘဝနှင့်သူရှိစေတော့"ဟု သူလေးအား ကိုယ်နှင့်မဆိုင်သလို ထားနိုင်လျှင်ပင် ဤအဖြစ်ဆိုးကြီးမျိုးသို့ ကျရောက်နိုင်ဖွယ် ရှိချင်မှရှိပေမည်။ သူ့ဘဝနှင့်သူ ဆိုသည့်အတိုင်း ကံတရားကို ဦးမှူပြုလျက် ဆိုး/ကောင်း နှစ်တန် ဖန်လာနိုင်ဖွယ် ရှိပေသေးသည်။ ယခုတော့ လိုလားတောင့်တခဲ့ကြသည့် ရောင်နီဦးကို ဆွတ်ခူးခါနီးမှ -

မောင်အေးချမ်း ဆက်မတွေးနိုင်တော့။ ဆို့နှင့်၍သွား၏။ မျက်ရည်ကိုသုတ်၏။ ထို့နောက် ရှိုက်၏။ နန်းမြင့်သူကိုကြည့်မိပြန်ရာတွင်လည်း ကျောက်သေတင်ကြီး တစ်ဖက်အစွန်းတွင် မတ်တတ်ငြိမ်သက်ပြီး ရှိုက်နေသည်ကို တွေ့နေရ၏။

ထို့နောက် မောင်အေးချမ်း လမ်းပေါက်ကလေးဘက်သို့ လျှောက်လေရာ နန်းမြင့်သူက လမ်းပြရှာ၏။ သူ မောင်အေးချမ်းဘက်ကို မျက်နှာမူကာ နောက်ပြန်သွားပြီး မောင်အေးချမ်းအား လေးနေးစွာဖြင့် လက်ယပ်ခေါ်၏။ သည်အတိုင်းပင် နန်းမြင့်သူသည် မောင်အေးချမ်းအား တောင်ကုန်းထိပ်သို့ရောက်အောင် လိုက်ပို့ပေး၏။ ထို့နောက် လမ်းအောသို့ ဆုတ်ရပ်နေလေသည်။ နန်းမြင့်သူ ဆက်မလိုက်သည်ကို နားလည်မိ၍ မောင်အေးချမ်းက မေးလိုက်၏။

"နန်းမြင့်အတွက် ဒီနေရာလေးမှာ နယ်နိမိတ်ကုန်ပြီဖြစ်လို့ ရှေ့ကို ဆက်မလိုက်နိုင်တော့ဘူးလား"

နန်းမြင့်သူက ခေါင်းညိတ်၏။ ထို့နောက် ရှိုက်၏။

"အခုလောက် လမ်းကလေး ဖန်တီးပေးပြီး လိုက်ပို့တာကို ကျေးဇူးတင်ပါတယ် နန်းမြင့်ရယ်။ နန်းမြင့်ရဲ့အမေကို အကျိုးအကြောင်း ပြောပြခေါ်ပြီး အခုပဲ ကို ပြန်လာခဲ့ပါ့မယ် ကလေးရယ်"

နန်းမြင့်သူ တရှိုက်ရှိုက်ဖြင့်မင်ကျန်နေခဲ့၏။ မောင်အေးချမ်း အမှောင်လမ်းမှ ရှေ့ခရီးကို ဆက်လျှောက်လာခဲ့သည်။

အခင်းဖြစ်ပွားသည့်နေရာမှ စခန်းသို့ရောက်သည်အထိ တစ်နာရီနီးပါးခန့် လျှောက်ရသည်။ ဦးစွာ မောင်အေးချမ်း နန်းမြင့်သူတို့ တဲအိမ်ကြီးကိုသွားသည်။ သို့သော် အဘယ်ကြောင့်ရယ်မသိ။ တဲအိမ်ကြီးထဲတွင် တစ်ယောက်မျှ မရှိကြဘဲ ခြံတံခါးကို သော့ပိတ်ထားပြီး မှောင်မိုက်နေသည်ကိုသာ တွေ့ရလေသည်။

ထိုကြောင့် မောင်အေးချမ်း စဉ်းစားသည်။ တဲအိမ်ကြီးထဲ၌ ဒေါ်ခင်မြသူ ရှိနေသင့်သည်။ ယခုမူ မှောင်မိုက်ပြီး တိတ်ဆိတ်နေ၍ ဒေါ်ခင်မြသူလည်း မရှိဟုထင်သည်။ တစ်ယောက်ယောက် ရှိနေလျှင် မီးလင်းနေပေမည်။ သူတို့အိမ်၌ ညတိုင်းပင် အောက်လင်းဓာတ်မီးကြီးကို ညလုံးပေါက် ထွန်းထားလေ့ရှိသည်။ ယခု အာသံမျှ မကြားရဘဲ တဲအိမ်ကြီးတစ်ခုလုံး မှောင်မိုက်နေသည်။

ဦးကျင်အောင်ကပင် နန်းမြင့်သူ မောင်အေးချမ်းနှင့် တွဲနေကြသည်ကို သိသွား၍ မစိတ်မွန်ကာ ဒေါသကဲပြီး မိခင်ဖြစ်သော ဒေါ်ခင်မြသူကိုပင် ရန်ငြိုးဖွဲ့ကာ တမင်သက်သက် သတ်ပစ်လိုက်လေပြီလား…။ ဦးကျင်အောင်သည် ဒေါ်ခင်မြသူကို သတ်ဖြတ်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com

မောင်အေးချမ်းနှင့် နန်းမြင့်သူတို့အထံသို့ စူးစမ်းရှာဖွေရင်းက ရောက်လာလေသလား။ တွေးတောဖွယ် ဖြစ်ရ၏။

သို့သော် မိခင်ဖြစ်သူနှင့် တိုက်ရိုက်ပတ်သက်သည်ဟု မဆိုသာ...။ (ဒေါ်ခင်မြသူက သမီးဖြစ်သူနှင့် မောင်အေးချမ်းကို ချစ်ကြိုက်သွားအောင် တိုက်တွန်း ဖန်တီးပေးလိုက်သည်ကိုလည်း ဦးကျင်အောင် သိနိုင်မည်မဟုတ်)သောကြောင့် ထိုသို့လည်း ဖြစ်နိုင်ချေနည်းသည်။ မည်မျှအထိပင် မ, စိတ်မွန်ပြီး ဒေါသထွက်စေကာမူ နိုင်လုံသော တစ်စုံတစ်ခု အထောက်အထားကိုမျှ မတွေ့ရ၊ မပြနိုင်သေးမီ ထိုမှအထိ ရက်စက်လိမ့်မည်ဟု မထင်ပေ။

တဲအိမ်ကြီး၏ မှောင်မိုက်နေခြင်းကိုနားမလည်နိုင်သေးသဖြင့် မောင်အေးချမ်းသည် အသံပြုခြင်း၊ လှမ်းခေါ်ခြင်း မပြုခဲ့ဘဲ ဓာတ်မီးယူရန်သာ ကိုယ့်တဲရုံကြီးဘက်ကို လျှောက်လာခဲ့သည်။ သို့မှ မောင်အေးချမ်းတို့ တဲရုံကြီးရှေ့တွင် မတ်တတ်ရပ်နေသော ဒေါ်ခင်မြသူကို တွေ့ရလေသည်။

မောင်အေးချမ်း ဘာပြောရမှန်း မသိဖြစ်ကာ ငေးနေမိ၏။ ဒေါ်ခင်မြသူ မောင်အေးချမ်း၏ ခြေသံကို ကြားသွား၍ ထင်သည်၊ လှမ်းမေး၏။

"မောင်အေးချမ်းများလား"

"ဟုတ်ကဲ့၊ ကျွန်တော် မောင်အေးချမ်းပါ"

"ဪ...ဪ"

ဒေါ်ခင်မြသူ မောင်အေးချမ်းကို စိုက်ကြည့်နေ၏။ ဘာပြောရမှန်းမသိဖြစ်နေဟန်ရှိသည်။ ထို့နောက် တစ်အောင့်လေး စဉ်းစားနေပြီးမှ မေးသည်။

"နန်းမြင့်သူကော နန်းမြင့်သူ။ မောင်အေးချမ်းနဲ့ တောထဲလျှောက်လည်မယ်ဆိုပြီး ထွက်သွားတယ်လေ"

မောင်အေးချမ်း အပြောရခက်၏။ သူ့သမီးလေး၏ အဖြစ်ဆိုးကို မသိရှာသော မိခင်ဖြစ်သူသည် မောင်အေးချမ်းအား မေးနေလေပြီ။ ထို့ကြောင့် မောင်အေးချမ်းမှာ ရင်တစ်ခုလုံး လှိုက်ဆူလျက် ခံစားရလေ၏။ ပြောမထွက်လောက်အောင်လည်း ခံစားရလေသည်။ ထို့ကြောင့် စကားရှာရင်း ဦးကျင်အောင်၏အကြောင်းကသာ စလိုက်သည်။

"ဦးကျင်အောင်က ဘာများ ဒေါ်ခင်မြသူကို ပြောထားခဲ့ပါသလဲ"

"ဦးကျင်အောင်ကတော့... မောင်အေးချမ်းသိထားတဲ့အတိုင်းပါပဲလေ။ နန်းမြင့်သူလေးကို ကြံစည်နေတယ်။ ဒါကြောင့် နန်းမြင့်သူ မောင်အေးချမ်းနဲ့ တွဲသွားနေကြတာ သိသွားလို့ ရှူးရှူးရဲရဲနဲ့ လိုက်ရှာမယ်ဆိုပြီး အိမ်က ထွက်သွားတာ ပြန်မရောက်ဘူးလေ"

"ဟုတ်ကဲ့၊ ဦးကျင်အောင် ကျွန်တော်တို့ဆီကိုရောက်လာလို့ ကျွန်တော်ကိုယ်တိုင် ဦးကျင်အောင်ကို သတ်လိုက်ပါပြီ"

"ဪ...ဪ"

ဒေါ်ခင်မြသူသည် အာမေဋိတ်ဖြစ်သွား၏။ ထို့နောက် စကားဆက်မဆိုဘဲ တစ်အောင့်ကြာမျှ ငေးနေလေသည်။ တစ်စုံတစ်ခုကို တွေးတောနေဟန်ရှိသည်။

သူသည် ဦးကျင်အောင်၏ အဓမ္မသိမ်းပိုက်ခြင်းကိုခံရပြီး မချစ်မနှစ်သက်ဘဲ ဦးကျင်အောင်၏ ပေါင်းသင်းဆက်ဆံခြင်းကို ခံနေရသည်။

ထို့နောက် သူ့သမီးလေးအား အဓမ္မသိမ်းပိုက်ရန် ကြံစည်ခြင်းနှင့် ပတ်သက်ပြီးလည်း အမုန်းစွက်၍ ဒေါသပင်ထွက်ကာ နာကြည်းနေမိသည်။

သို့သော်လည်း မည်သို့ပင် ရှိစေကာမူ ဦးကျင်အောင်သည် သူနှင့် ကျူးလွန်ထားဖူးသည်၊ ထမင်းရှင်ဖြစ်သည် စသည်ဖြင့် မိန်းမသားဖြစ်သည့် ဒေါ်ခင်မြသူသည် ယခု ဦးကျင်အောင်၏ သတင်းဆိုးကို ကြားလိုက်ရသောအခါ တစ်စုံတစ်ခုသော ဝေဒနာကို ခံစားရလိမ့်မည်ဟု ထင်သည်။ သက်မတစ်ချက် ချသံကို ကြားလိုက်ရသည်။

"ဒီလိုဆိုရင် နန်းမြင့်သူကော"

မောင်အေးချမ်း ဤစကားကို မပြောချင်ဆုံးသာဖြစ်၏။ ဤစကားကို ပြောရတော့မည်ဟူသော အသိကြောင့်လည်း ရင်ထဲမှာပင် လှိုက်၍နေ၏။

"နန်းမြင့်သူ တဲအိမ်ကြီးမှာများ ကျန်နေခဲ့သလား"

မောင်အေးချမ်း သက်ပြင်းကိုချ၏။ မျက်ရည်လည်း တောက်တောက်ကျသွားရပြန်သည်။

"နန်းမြင့်သူ မောင်အေးချမ်းနဲ့ သွားနေကြတာပဲ မဟုတ်လား"

မောင်အေးချမ်း၏ ရင်ထဲတွင် ပြော၍မထွက်နိုင်လောက်အောင် လည်ချောင်းထဲ၌ အလုံးကြီးတစ်လုံး တစ်ဆို့နေ၏။ ထို့ကြောင့် မောင်အေးချမ်း ပြောမထွက် ဖြစ်နေသည်ကို ဒေါ်ခင်မြသူ ရိပ်မိသွားလေသည်။

"ဒီလောက်ဆိုရင် နန်းမြင့်သူလည်း မရှိလောက်တော့ဘူး ထင်ပါရဲ့"

ဟု ဝမ်းနည်းသံကြီးဖြင့်ဆိုကာ ဒေါ်ခင်မြသူ ငိုင်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် မောင်အေးချမ်းသည် သမီး ဖြစ်သူ၏အကြောင်းကို မိခင်တစ်ယောက်အား မပြောဘဲထားရန် မသင့်တော့။ မိခင်တစ်ယောက်၏ နှလုံးသားကို အချိန်ဆွဲပြီး နှိပ်စက်နေရင်လည်း မအပ်တော့ပေ။

"ဟုတ်တယ် ဒေါ်ခင်မြသူ၊ တရားနဲ့သာ ဖြေပါတော့"

"ဟင်. . ."

ဒေါ်ခင်မြသူ၏လက်မှ တောင်ဝှေးလေး ပြုတ်ကျသွားလေ၏။ ထို့နောက် ခွေလဲကျသွားလေသည်။

မောင်အေးချမ်း ပြေးလိုက်သွားပြီး ဖေးကာလွှေး၏။ ထို့နောက် ပါးတန်းလျားလေးမှာတင်ပြီး လှုပ်ခေါ်နေလေသည်။

"ဒေါ်ခင်မြသူ. . .ဒေါ်ခင်မြသူ"

ဒေါ်ခင်မြသူကား အသက်မရှူတော့ပေ။ သတိမေ့နေသူ၊ သန္ဓေသား ရေနစ်သူ၊ သေသူ စသောသူများ အသက်ရှူရပ်နေတတ်သည့်အကြောင်းကို ကြားဖူး၏။ ထို့ကြောင့် ယခု ဒေါ်ခင်မြသူလည်း သမီးဇောကြောင့် သတိမေ့နေခြင်းသာ ဖြစ်နိုင်လေသည်။

"ဒေါ်ခင်မြသူ. .ဒေါ်ခင်မြသူ"

မောင်အေးချမ်း ဒေါ်ခင်မြသူကို ကိုင်လှုပ်ပြီး ခေါ်နေ၏။ ဒေါ်ခင်မြသူကား သတိရမလာသေးပေ။ မောင်အေးချမ်းက ရင်ဘတ်ကိုဖိ၏။ နှာခေါင်းမှာလည်း လေမှုတ်သွင်း၏။ မောင်အေးချမ်း တတ်သမျှ မှတ်သမျှ လုပ်ပေးနေ၏။

"ဟင်း. . ."

ဒေါ်ခင်မြသူ သတိရလာ၏။

"ဒေါ်ခင်မြသူ သတိရလာပြီလား။ တရားနဲ့ဖြေပါ။ ကျွန်တော် ရှိပါတယ်။ ဘာမဆို ဒေါ်ခင်မြသူအတွက် ကျွန်တော်ကူညီမှာပါ။ တရားနဲ့သာ ဖြေပါတော့"

"သားလေး. . .ငါ့သမီးလေး ဘယ်လိုဖြစ်လို့ ကွယ်လွန်သွားရတာလဲ. . . အမေ့ကို ပြောပြပါကွယ်"

"ဦးကျင်အောင်ရဲ့ လက်ချက်ပါ ဒေါ်ခင်မြသူ။ ကျွန်တော်နဲ့ နန်းမြင့်သူ ကျောက်ဆောင်ကြီးပေါ်မှာ ထိုင်နေကြတာကို ဦးကျင်အောင် တွေ့သွားပါတယ်။ ဒါကြောင့် ကျွန်တော်နဲ့ နန်းမြင့်သူ နှစ်ယောက်လုံးကို ရန်ပြုဖွဲ့ပြီး ဓားနဲ့လှမ်းပေါက်လိုက်တာပါ။ ကျွန်တော်ဝင်ကာပေးမယ့် မရလိုက်ဘူး။ နန်းမြင့်သူ ကံဆိုးရှာတယ်"

ဒေါ်ခင်မြသူ အသက်ပြင်းပြင်း ရှိုက်ရင်းက မေ့မျောသွားပြန်လေသည်။ သားအမိနှစ်ယောက်တည်း ဘဝကို ကျပ်တည်းစွာဖြင့် ဟည်ဆောက်နေကြရာမှ ဒုက္ခိတဖြစ်နေရရှာသော ဒေါ်ခင်မြသူအတွက် အားကိုးရာအမှန်ဟု အတန်တန် ယုံနေလာခဲ့ရာမှ ယခုအခါ ထိုသမီးလေးသည် သူ့ဘဝထဲမှ အပြီးတိုင် ထွက်ခွာသွားလေပြီဟု သိလိုက်ရသောကြောင့် ဒေါ်ခင်မြသူအဖို့ အဘယ်မှာလျှင် ဖြေနိုင်ဖွယ်ရာ ရှိချေမည်နည်း။

မောင်အေးချမ်း တစ်အောင့်ကြာအောင် ပြုစုပေးလေရာ ဒေါ်ခင်မြသူ သတိရ၍လာပြန်သည်။ အသက်ကို ပြင်းပြင်းရှူရှိုက်ရင်း ပြောသည်။

"လူယုတ်မာကြီးက ငါ့သမီးလေးကို သတ်လိုက်ပြီတဲ့လား။ အခုတော့ ငါ့သမီးလေး သေလေပြီတဲ့လား။ ရက်စက်လိုက်ပါဘိ ရှင်တို့ရယ်။ ဒီဒုက္ခိတမကြီးကို အဘယ်သူသည် ပြုစုစောင့်ရှောက်မှာတုန်း။ သေချင်းသေရင် ဒီဒုက္ခိတမကြီး သေလိုက်ပါတော့လား။ ငါ့သမီးက လုကလုပါဘိသနဲ့။ အခုတော့ သတ်လိုက်ကြပြီတဲ့လား"

"တရားနဲ့သာ ဖြေပါတော့ ဒေါ်ခင်မြသူ။ ဖြစ်ချိန်တန်ရင်ဖြစ်၊ ပျက်ချိန်တန်ရင် ပျက်ဆိုတဲ့ တရားသဘောကိုသာ အာရုံပြုပြီး ဖြေပါတော့ဗျာ"

"ဘာတရားနဲ့ ဖြေမှာလဲ အေးချမ်းလေးရယ်။ ငါ့မှာ ဘာတရားတွေရှိလို့ ဖြေရမှာတုံး။ သမီးလေးသည်ပင် ငါ့ဘဝ၊ သမီးလေးသည်ပင် ငါ့လောက။ အခုတော့ ငါ့ဘဝ၊ ငါ့လောကတစ်ခုလုံး အမှောင်ကြီးဖုံးပြီး ပျက်သုဉ်းသွားရပြီလေ။ သမီးလေးက မောင်အေးချမ်းနဲ့ ချစ်နေကြတယ်။ ယူကြတော့မယ်လို့ ပြောပြတုန်းက ငါ အရမ်းပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါတယ်။ အခုလို ကံဆိုးမိုးမှောင်ကျရောက်နေတဲ့ အခါဆိုးကြီးမှာ ရှယ်တူကောင်လေးတစ်ယောက်နဲ့ ညားမယ့်ဟာကို ငါအမေတစ်ယောက်အနေနဲ့ ဝမ်းမြောက်ဝမ်းသာမဖြစ်ဘဲ နေပါ့မလား။ ငါ့သမီးလေးဟာ အရွယ်ရောက်စသာရှိသေးပေမယ့် လိမ္မာရေးခြားရှိပြီး ရပ်လည်းလှပါတယ်။ မြို့ပြည်ရွာမှာသာ ပညာ၊ ဥစ္စာတွေနဲ့ ပြည့်စုံသူလေး ဖြစ်ခဲ့မယ်ဆိုရင် တကယ့်မင်းတန်စိုးတန်လေးပါ။ အဲဒီအနေအလှ အလိမ္မာလေးကိုမှ . . .ကိုယ့်အမေကို မတရားသိမ်းပိုက်ပြီး ကျင့်ကြံနေတဲ့ အဘိုးအရွယ် လူယုတ်မာကြီးရဲ့ လက်ထဲသို့ ထိုးအပ်လိုက်ရမယ့် အဖြစ်က လွတ်မြောက်ပြီး ရွယ်တူကောင်လေး တစ်ယောက်နဲ့ ယူသွားမယ်ဆိုရင် ငါ အမေ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ တာပေါ့ကွယ်။ ဒါပေမဲ့ အခုတော့ ရာဂ



www.burmeseclassic.com

www.burmeseclassic.com

မောင်အေးချမ်းနှင့် နန်းမြင့်သူတို့အထံ သို့ စူးစမ်းရှာဖွေရင်းက ရောက်လာလေ သလား။ တွေးတောဖွယ် ဖြစ်ရ၏။

သို့သော် မိခင်ဖြစ်သူနှင့် တိုက် ရိုက်ပတ်သက်သည်ဟု မဆိုသာ…။ (ဒေါ်ခင်မြသူက သမီးဖြစ်သူနှင့် မောင် အေးချမ်းကို ချစ်ကြိုက်သွားအောင် တိုက်တွန်း ဖန်တီးပေးလိုက်သည်ကို လည်း ဦးကျင်အောင် သိနိုင်မည် မဟုတ်)သောကြောင့် ထိုသို့လည်း ဖြစ် နိုင်ချေနည်းသည်။ မည်မျှအထိပင် မ, စိတ်မွန်ပြီး ဒေါသထွက်စေကာမူ နိုင်လုံ သော တစ်စုံတစ်ခု အထောက်အထား ကိုမျှ မတွေ့ရ မပြနိုင်သေးမီ ထိုမှအထိ ရက်စက်လိမ့်မည်ဟု မထင်ပေ။

တဲအိမ်ကြီး၏ မှောင်မိုက်နေခြင်း ကိုနားမလည်နိုင်သေးသဖြင့် မောင်အေး ချမ်းသည် အသံပြုခြင်း၊ လှမ်းခေါ်ခြင်း မပြုခဲ့ဘဲ တတ်မီးယူရန်သာ ကိုယ့်တဲရုံ ကြီးဘက်ကို လျှောက်လာခဲ့သည်။ သို့မှ မောင်အေးချမ်းတို့ တဲရုံကြီးရှေ့တွင် မတ်တတ်ရပ်နေသော ဒေါ်ခင်မြသူကို တွေ့ရလေသည်။

မောင်အေးချမ်း ဘာပြောရမှန်း မသိဖြစ်ကာ ငေးနေမိ၏။ ဒေါ်ခင်မြသူ မောင်အေးချမ်း၏ ခြေသံကို ကြားသွား ၍ ထင်သည်။ လှမ်းမေး၏။

"မောင်အေးချမ်းပျားလား"

"ဟုတ်ကဲ့၊ ကျွန်တော် မောင်အေး ချမ်းပါ"

"ဪ…ဪ"

ဒေါ်ခင်မြသူ မောင်အေးချမ်းကို စိုက်ကြည့်နေ၏။ ဘာပြောရမှန်းမသိ ဖြစ်နေဟန်ရှိသည်။ ထို့နောက် တစ် အောင့်လေး စဉ်းစားနေပြီးမှ မေးသည်။

"နန်းမြင့်သူကော နန်းမြင့်သူ။ မောင်အေးချမ်းနဲ့ တောထဲလျှောက် လည်မယ်ဆိုပြီး ထွက်သွားတယ်လေ"

မောင်အေးချမ်း အပြောရခက်၏။ သူ့သမီးလေး၏ အဖြစ်ဆိုးကို မသိရှာ သော မိခင်ဖြစ်သူသည် မောင်အေး ချမ်းအား မေးနေလေပြီ။ ထို့ကြောင့် မောင်အေးချမ်းမှာ ရင်တစ်ခုလုံး လှိုက် ဆူလျက် ခံစားရလေ၏။ ပြောမထွက် လောက်အောင်လည်း ခံစားရလေသည်။ ထို့ကြောင့် စကားရှာရင်း ဦးကျင်အောင် ၏အကြောင်းကသာ စလိုက်သည်။

"ဦးကျင်အောင်က ဘာများ ဒေါ်ခင်မြသူကို ပြောထားခဲ့ပါသလဲ"

"ဦးကျင်အောင်ကတော့ … မောင်အေးချမ်းသိထားတဲ့အတိုင်းပါပဲ လေ။ နန်းမြင့်သူလေးကို ကြံစည်နေ တယ်။ ဒါကြောင့် နန်းမြင့်သူ မောင်အေး ချမ်းနဲ့ တွဲသွားနေကြတာ သိသွားလို့ ရှူးရှူးရှဲရှဲနဲ့ လိုက်ရှာမယ်ဆိုပြီး အိမ်က ထွက်သွားတာ ပြန်မရောက်ဘူးလေ"

"ဟုတ်ကဲ့၊ ဦးကျင်အောင် ကျွန် တော်တို့ဆီကိုရောက်လာလို့ ကျွန်တော် ကိုယ်တိုင် ဦးကျင်အောင်ကို သတ် လိုက်ပါပြီ"

"ဩ…ဩ"

ဒေါ်ခင်မြသူသည် အာမေဋိတ် ဖြစ်သွား၏။ ထို့နောက် စကားဆက်မဆို ဘဲ တစ်အောင့်ကြာမျှ ငေးနေလေ သည်။ တစ်စုံတစ်ခုကို တွေးတောနေ ဟန်ရှိသည်။

သူသည် ဦးကျင်အောင်၏ အဝမ္ပ သိမ်းပိုက်ခြင်းကိုခံရပြီး မချစ်မနှစ်သက် ဘဲ ဦးကျင်အောင်၏ ပေါင်းသင်းဆက် ဆံခြင်းကို ခံနေရသည်။

ထို့နောက် သူ့သမီးလေးအား အဓမ္မသိမ်းပိုက်ရန် ကြံစည်ခြင်းနှင့် ပတ် သက်ပြီးလည်း အမုန်းစွက်၍ ဒေါသ ပင်ထွက်ကာ နာကြည်းနေမိသည်။

သို့သော်လည်း မည်သို့ပင် ရှိစေ ကာမူ ဦးကျင်အောင်သည် သူနှင့် ကျူး လွန်ထားဖူးသည်၊ ထမင်းရှင်ဖြစ်သည် စသည်ဖြင့် မိန်းမသားဖြစ်သည့် ဒေါ်ခင် မြသူသည် ယခု ဦးကျင်အောင်၏ သတင်းဆိုးကို ကြားလိုက်ရသောအခါ တစ်စုံတစ်ခုသော ဝေဒနာကို ခံစားရ လိမ့်မည်ဟု ထင်သည်။ သက်မတစ် ချက် ချသံကို ကြားလိုက်ရသည်။

"ဒီလိုဆိုရင် နန်းမြင့်သူကော"

မောင်အေးချမ်း ဤစကားကို မပြောချင်ဆုံးသာဖြစ်၏။ ဤစကားကို ပြောရတော့မည်ဟူသော အသိကြောင့် လည်း ရင်ထဲမှာပင် လှိုက်၍နေ၏။

"နန်းမြင့်သူ တဲအိမ်ကြီးမှာများ ကျန်နေခဲ့သလား"

မောင်အေးချမ်း သက်မကိုချ၏။ မျက်ရည်လည်း တောက်တောက်ကျ သွားရပြန်သည်။

"နန်းမြင့်သူ မောင်အေးချမ်းနဲ့ သွားနေကြတာပဲ မဟုတ်လား"

မောင်အေးချမ်း၏ ရင်ထဲတွင် ပြော၍မထွက်နိုင်လောက်အောင် လည် ချောင်းထဲ၌ အလုံးကြီးတစ်လုံး တစ်ဆို့ နေ၏။ ထို့ကြောင့် မောင်အေးချမ်း ပြော မထွက် ဖြစ်နေသည်ကို ဒေါ်ခင်မြသူ ရိပ်မိသွားလေသည်။

"ဒီလောက်ဆိုရင် နန်းမြင့်သူ လည်း မရှိလောက်တော့ဘူး ထင်ပါရဲ့" ဟု ဝမ်းနည်းသံကြီးဖြင့်ဆိုကာ ဒေါ်ခင်မြ သူ ငိုင်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် မောင်အေးချမ်းသည် သမီးဖြစ်သူ၏အကြောင်းကို မိခင်တစ်ယောက်အား မပြောဘဲထားရန် မသင့်တော့။ မိခင်တစ်ယောက်၏ နှလုံးသားကို အချိန်ဆွဲပြီး နှိပ်စက်နေရင်လည်း မအပ်တော့ပေ။

"ဟုတ်တယ် ဒေါ်ခင်မြသူ၊ တရားနဲ့သာ ဖြေပါတော့"

"ဟင်. . ."

ဒေါ်ခင်မြသူ၏လက်မှ တောင်ဝှေးလေး ပြုတ်ကျသွားလေ၏။ ထို့နောက် ခွေလဲကျသွားလေသည်။

မောင်အေးချမ်း ပြေးလိုက်သွားပြီး ကောက်ပွေ့၏။ ထို့နောက် ဝါးတန်းလျားလေးမှာတင်ပြီး လှုပ်ခေါ်နေလေသည်။

"ဒေါ်ခင်မြသူ. . .ဒေါ်ခင်မြသူ"

ဒေါ်ခင်မြသူကား အသက်မရှူတော့ပေ။ သတိမေ့နေသူ၊ သန္ဓေသား ငရုန်စ်သူ၊ သေသူ စသောသူများ အသက်ရှူရပ်နေတတ်သည့်အကြောင်းကို ကြားဖူး၏။ ထို့ကြောင့် ယခု ဒေါ်ခင်မြသူလည်း သမီးဇောကြောင့် သတိမေ့နေခြင်းသာ ဖြစ်နိုင်လေသည်။

"ဒေါ်ခင်မြသူ. .ဒေါ်ခင်မြသူ"

မောင်အေးချမ်း ဒေါ်ခင်မြသူကို ကိုင်လှုပ်ပြီး ခေါ်နေ၏။ ဒေါ်ခင်မြသူကား သတိရမလာသေးပေ။ မောင်အေးချမ်းက ရင်ဘတ်ကိုဖိ၏။ နှာခေါင်းမှာလည်း လေမှုတ်သွင်း၏။ မောင်အေးချမ်း ဖိတ်သမျှ မှုတ်သမျှ လုပ်ပေးနေ၏။

"ဟင်း. . ."

ဒေါ်ခင်မြသူ သတိရလာ၏။

"ဒေါ်ခင်မြသူ သတိရလာပြီလား။ တရားနဲ့ဖြေပါ။ ကျွန်တော် ရှိပါတယ်။ ဘာမဆို ဒေါ်ခင်မြသူအတွက် ကျွန်တော်ကူညီမှာပါ။ တရားနဲ့သာ ဖြေပါတော့"

"သားလေး. . .ငါ့သမီးလေး ဘယ်လိုဖြစ်လို့ ကွယ်လွန်သွားရတာလဲ. . . အမေ့ကို ပြောပြပါကွယ်"

"ဦးကျင်အောင်ရဲ့ လက်ချက်ပါ ဒေါ်ခင်မြသူ။ ကျွန်တော်နဲ့ နန်းမြင့်သူ ကျောက်ခေါင်ကြီးပေါ်မှာ ထိုင်နေကြတာကို ဦးကျင်အောင် တွေ့သွားပါတယ်။ ဒါကြောင့် ကျွန်တော်နဲ့ နန်းမြင့်သူ နှစ်ယောက်လုံးကို ရန်ငြိုးဖွဲ့ပြီး ဓားနဲ့လှမ်းပေါက်လိုက်တာပါ။ ကျွန်တော်ဝင်ကာပေမယ့် မရလိုက်ဘူး။ နန်းမြင့်သူ ကံဆိုးရှာတယ်"

ဒေါ်ခင်မြသူ အသက်ပြင်းပြင်း ရှိုက်ရင်းက မေ့မျောသွားပြန်လေသည်။ သားအမိနှစ်ယောက်တည်း ဘဝကို ကျပ်တည်းစွာဖြင့် တည်ဆောက်နေကြရာမှ ခုက္ခိတဖြစ်နေရရှာသော ဒေါ်ခင်မြသူအတွက် အားကိုးရာအမှန်ဟု အတန်တန် ယုံနေလာခဲ့ရာမှ ယခုအခါ ထိုသမီးငလေးသည့် သူ့ဘဝထဲမှ အပြီးတိုင် ထွက်ခွာသွားလေပြီဟု သိလိုက်ရသောကြောင့် ဒေါ်ခင်မြသူအဖို့ အဘယ်မှာလျှင် ဖြေနိုင်ဖွယ်ရာ ရှိချေမည်နည်း။

မောင်အေးချမ်း တစ်အောင့်ကြာအောင် ပြုစုပေးလေရာ ဒေါ်ခင်မြသူ သတိရ၍လာပြန်သည်။ အသက်ကို ပြင်းပြင်းရှူရှိုက်ရင်း ပြောသည်။

"လူယုတ်မာကြီးက ငါ့သမီးလေးကို သတ်လိုက်ပြီတဲ့လား။ အခုတော့ ငါ့သမီးလေး သေလေပြီတဲ့လား။ ရက်စက်လိုက်ပါဘိ ရှင်တို့ရယ်။ ဒီဒုက္ခိတမကြီးကို အဘယ်သူသည် ပြုစုစောင့်ရှောက်မှာတုန်း။ သေချင်းသေရင် ဒီဒုက္ခိတမကြီး သေလိုက်ပါတော့လား။ ငါ့သမီးက လုကလုပါဘိသနဲ့။ အခုတော့ သတ်လိုက်ကြပြီတဲ့လား"

"တရားနဲ့သာ ဖြေပါတော့ ဒေါ်ခင်မြသူ။ ဖြစ်ချိန်တန်ရင်ဖြစ်၊ ပျက်ချိန်တန်ရင် ပျက်ဆိုတဲ့ တရားသဘောကိုသာ အာရုံပြုပြီး ဖြေပါတော့ဗျာ"

"ဘာတရားနဲ့ ဖြေမှာလဲ အေးချမ်းလေးရယ်။ ငါ့မှာ ဘာတရားတွေရှိလို့ ဖြေရမှာတုံး။ သမီးလေးသည်ပင် ငါ့ဘဝ၊ သမီးလေးသည်ပင် ငါ့လောက။ အခုတော့ ငါ့ဘဝ၊ ငါ့လောကတစ်ခုလုံး အမှောင်ကြီးဖုံးပြီး ပျက်သုဉ်းသွားရပြီလေ။ သမီးငလေးက မောင်အေးချမ်းနဲ့ ချစ်နေကြတယ်။ ယူကြတော့မယ်လို့ ပြောပြတုန်းက ငါ အရမ်းပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါတယ်။ အခုလို ကံဆိုးမိုးမှောင်ကျရောက်နေတဲ့ အခါဆိုးကြီးမှာ ရွှယ်တူကောင်လေးတစ်ယောက်နဲ့ ညားမယ့်ဟာကို ငါအမေတစ်ယောက်အနေနဲ့ ဝမ်းမြောက်ဝမ်းသာမဖြစ်ဘဲ နေပါ့မလား။ ငါ့သမီးလေးဟာ အရွယ်ရောက်စသာရှိသေးပေမယ့် လိမ္မာရေးခြားရှိပြီး ရုပ်လည်းလှပါတယ်။ မြို့ပြည်ရွာမှာသာ ပညာ၊ ဥစ္စာတွေနဲ့ ပြည့်စုံသူလေး ဖြစ်ခဲ့မယ်ဆိုရင် တကယ့်မင်းတန်စိုးတန်လေးပါ။ ခဲ့မီအနေအလှအလီမွာလေးကိုမှ . . .ကိုယ့်အမေကို မတရားသိမ်းပိုက်ပြီး ကျင့်ကြံနေတဲ့ အဘိုးအရွယ် လူယုတ်မာကြီးရဲ့ လက်ထဲသို့ ထိုးအပ်လိုက်ရမယ့် အဖြစ်က လွတ်မြောက်ပြီး ရွယ်တူကောင်လေးတစ်ယောက်နဲ့ ယူသွားမယ်ဆိုရင် ငါအမေ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာတာပေါ့ကွယ်။ ဒါပေမဲ့ အခုတော့ ရာဂ



www.burmeseclassic.com

www.burmeseclassic.com

ဘီလူးဝင်စီးနေတဲ့ လူယုတ်မာကြီးက သတ်လိုက်ပြီတဲ့လား"

ဟု ပြောကာ ဒေါ်ခင်မြသူ ငိုပြန်လေသည်။

"ကျွန်တော်လည်း အတတ်နိုင်ဆုံးတော့ ကြိုးစားပါတယ် ဒေါ်ခင်မြသူ။ ဒါပေမဲ့ ကျွန်တော့်လက်ထဲမှာက ဘာလက်နက်မှ အသင့်ရှိမနေဘူးလေ။ ဦးကျင်အောင်က ပေါက်စားကြီးကိုကိုင်ပြီး ကျွန်တော်တို့အနား ချုံအကွယ်ကသာ ထွက်ပေါ်လာပြီး ကျွန်တော်တို့နှစ်ယောက်လုံးကိုလည်း ပစ်မှတ်ထားလာတာဆိုတော့ အရမ်းပဲ အရှောင်ရခက်သွားပါတယ်။ ဒါကြောင့်လည်း နန်းမြင့်သူလေး ကံဆိုးသွားရတာပါ။ ကျွန်တော့် တစ်ယောက်တည်းကိုသာ ဦးတည်ပြီး တိုက်ခိုက်တာမျိုးဆိုရင် ကျွန်တော် မကြောက်ပါဘူး။ သူ့ ကိုယ်ခံပညာ

ဆုံးရှုံးသွားရတဲ့အဖြစ်ကို ဖြေလို့ရနိုင်ရိုးလား ကလေးရယ်။ မင်းလေးက ငါ့သမီးလေးအတွက် လက်စားချေပေးနိုင်တာကို ကျေးဇူးတင်ပေမယ့် ငါဘယ်လိုတရားတွေနဲ့ ဖြေလို့ရတော့မှာတုံး"

မောင်အေးချမ်းမှာ သားအမိတို့၏ အဖြစ်ကိုကြည့်ပြီး အလွန်အမင်း ခံစားရလေ၏။ ဒေါ်ခင်မြသူသည် မောင်အေးချမ်းအား ဖက်၍ငို၏။ နမ်းလည်းနမ်း၏။ သမီးလေး၏ ချစ်သူအဖြစ် အထိမ်းအမှတ် ကရုဏာသက်ပြီး မေတ္တာသက်ဝင်ခြင်းသဘောပင် ဖြစ်ကောင်း၏။

ထို့ကြောင့် မောင်အေးချမ်းလည်း ထိန်းခြင်းငှာ မတတ်နိုင်တော့ဘဲ မျက်ရည်ကျကာ ရှိုက်နေမိသည်။ သို့သော် လွန်လေပြီ။ ပြုပြင်၍လည်း မရနိုင်တော့ပေ။ ဖြစ်လာသမျှ အကြောင်းအားလုံးကို အပြောင်း၊ အပြန်၊ အခိုင်၊

လည်း လွတ်တတ်၏။ သီလကိုလည်း မေ့တတ်၏။ လောင်ကျွမ်းခြင်းမှတစ်ပါး အခြားမရှိနိုင်တော့ပေ။

မောင်အေးချမ်း၏ တဲရုံကြီးသည် တောင်မြင့်တစ် နေရာတွင်ဖြစ်၏။ စခန်းတဲရုံကြီးမှ တစ်ဖာလုံကျော်ခန့်တွင် ရေစမ်းရှိသည်။ ရေစမ်းမှ ကားလမ်းဘက်ကိုထွက်သော ဖြတ်လမ်းကလေး ရှိသည်။ ထိုဖြတ်လမ်းကလေးမှာ ဖဲပြီးပင် နန်းမြင့်သူရှိရာကို သွားရမည်ဖြစ်သည်။

ဖြတ်လမ်းလေးကို ရောက်လျှင် သစ်တောလွှမ်းသော မထင်မရှားတောလမ်းအတိုင်း လျှောက်သွားကြရသည်။ လူသွားနေကျလမ်းမဟုတ်သောကြောင့် ပုတ်ပေါင်းလည်း ရှုပ်ထွေးသည်။ မြေသားစိုင်များသည် အနိမ့်အမြင့်မညီဘဲ ကျောက်ခဲကျောက်ချွန်များလည်း ပေါသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com

လင်းကြီး ဖော်ပြနေဘိသို့ရှိသည်။

နန်းမြင့်သူ ရပ်ကျန်ခဲ့သော နေရာသို့ရောက်လျှင် ထပ်မံ၍ တွေ့ရပြန်သည်။ နန်းမြင့်သူသည် အယူတိမ်းပြီး အစိမ်းသရဲဘဝသို့ ရောက်သွားသော်လည်း မိခင်ဖြစ်သူနှင့် မောင်အေးချမ်းတို့ လျှောက်လာနေကြသည်ကို မြင်သောအခါ လက်အုပ်ချီပြီး ရှိုက်နေလေ၏။ ထို့ကြောင့် အယူတိမ်းလေပြီးသော နန်းမြင့်သူလေးအား သရဲမိစ္ဆာဟု ပြောရန်ပင် ခက်သည်။

မောင်အေးချမ်းသည် နန်းမြင့်သူ အယူတိမ်းပြီး အစိမ်းသရဲဘဝသို့ရောက်သွားသည့်အကြောင်းကို မိခင်ဖြစ်သူအား ပြောမပြပေ။ မိခင်၏ရင်ကို ပို၍ လောင်ရန်သာ မြင်သောကြောင့် ဆိတ်ဆိတ်သာနေ၏။

ကျောက်သေတင်ကြီးပေါ်သို့ ရောက်လာကြပြီးနောက် -

"ဒေါ်ခင်မြသူ ··· ဒါ နန်းမြင့်သူ အလောင်းပါပဲ"

ဟု ပြလိုက်ရာ ဒေါ်ခင်မြသူသည် သူ့သမီးလေး၏အလောင်းကို ခြေဖျားမှစပြီး ခေါင်းသို့တိုင်အောင် ကိုင်ပွတ်၍ စမ်းကြည့်လေ၏။ ထို့နောက် -

"သမီးလေး ဖြစ်ရလေ သမီးလေးရယ်"

ဟု ပြောကာ သူ့ရင်ဘတ်ကို လက်ဖြင့်ထု၍ ငိုလေသည်။

မောင်အေးချမ်းလည်း ဘာမျှ မတတ်နိုင်တော့။ တရားချရန်လည်း မတတ်ကောင်းတော့။ သားအမိတို့၏ အဖြစ်ကိုကြည့်ကာ စိတ်မကောင်းကြီးစွာဖြင့် ဆို့နင့်၍နေမိသည်။

"ငါ့ နေ့စဉ် မေတ္တာပို့နေတဲ့ အိုတောစောင့်နတ် တောင်စောင့်နတ် အပေါင်းတို့။ သင်တို့ ငါ့ကို မကယ်နိုင်ကြဘူးလား။ ငါ့အသက်နဲ့ သမီးလေးအသက်ကိုသော်လည်း လဲပေးကြပါတော့လား"

ဒေါ်ခင်မြသူ၏ အော်ငိုသံသည် တောသို့တိုင် ပြန့်၍နေ၏။ ပစ္စုပ္ပန်အခါ၌ မိခင်တစ်ယောက်၏ ရင်ကို နားလည်မိသောကြောင့် မောင်အေးချမ်းလည်း တရားဝပ္ပလောပြခြင်းကို မပြုရက်တော့ဘဲ သက်မကိုသာ အကြိမ်ကြိမ် ချနေမိသည်။

ဒေါ်ခင်မြသူသည် သူ့သမီး၏ အလောင်းကို ပွေ့လည်း ပွေ့၏။ ဖက်လည်းဖက်၏။ နမ်းရှုံ့ပြီးလည်း ငို၏။ ထို့နောက် ဆံပင်များကို ဖြေချပြီး သူ့ရင်ဘတ်ကိုလည်း လက်ဖြင့်ထု၏။ သမီးဖြစ်သူ၏ဖြစ်အင်ကို ယူကျုံးမရ မခံစားနိုင်သည့်အဆုံး စိတ်လွတ်နေသူတစ်ယောက်နှင့်မခြား ဖြစ်နေရလေ၏။

မောင်အေးချမ်းသည် သက်မကို အကြိမ်ကြိမ်ချ၏။ ခဏတာဟုဆိုရမည့် ရက်ပိုင်းမျှ ချစ်ခဲ့ဖူးသော နန်းမြင့်သူလေး၏အပေါ်တွင် ကရုဏာပိုရသောကြောင့် မောင်အေးချမ်းလည်း ထိထိမိမိကြီးပင် ခံစားရ၏။ ရင်တစ်ခုလုံးလည်း ကြေပြုန်း၏။ ထို့နောက် လောင်၏။

ဒေါ်ခင်မြသူ၏ သောကကိုလည်း မကြည့်ရက်သည်အထိ ဖြစ်လာမိ၏။ ခံစားရသမျှ ရင်ကိုသာ ပုတ်သတ်၍ ငိုကြွေးနေသောကြောင့် ကြာသောအခါ မိခင်ဖြစ်သူ၏ အန္တရာယ်ကိုပင် စိုးရိမ်လာရ၏။ ထို့ကြောင့် ဒေါ်ခင်မြသူအား ဖြောင့်ဖြ၍ ပြောလိုက်၏။

"ဒေါ်ခင်မြသူ ကျွန်တော်တို့ နန်းမြင့်သူရဲ့ အလောင်းကို သင်္ဂြိုဟ်ထားခဲ့ပြီး ပြန်ရအောင်နော်"

"သားလေး မောင်အေးချမ်း ငါ့ကို ပြန်မခေါ်နဲ့တော့။ ဒီနေရာမှာပင် ငါ့သမီးလေးအလောင်းကို ပွေ့ဖက်နမ်းရှုံ့ပြီး ကိုယ့်ကိုယ်ကို ပုတ်သတ်ရင်းက ငါ့ကိုငါ အဆုံးစီရင်တော့မယ်။ သားလေးတစ်ယောက်တည်းသာ စခန်းကိုပြန်ပါတော့"

မောင်အေးချမ်း နှုတ်ဆိတ်နေ၏။ ယခုအခါသည် တရားချ၍ မရနိုင်သော ဒေါ်ခင်မြသူအား နားလည်၏။ ထို့ကြောင့် ထပ်မံ၍ တတ်သမျှ မှတ်သမျှကို ပြောဆိုပြီး ဖြောင့်ဖြ၏။

"ဒီလိုလည်း ဘယ်ဖြစ်ပါ့မလဲဗျာ။ ကျွန်တော့်အနေနဲ့လည်း ဒေါ်ခင်မြသူကို အဲလိုအဖြစ်မျိုး အရောက်မခံနိုင်ပါဘူး။ နန်းမြင့်သူအတွက် ဒေါ်ခင်မြသူ ခံစားရသလို ကျွန်တော်လည်း ခံစားရတာပါပဲ။ ဝေဒနာချင်း မတူပေမဲ့ ခံစားရတာချင်းတော့ မျှပါလိမ့်မယ်။ ဒါပေမဲ့ သေသောသူ ပြန်ရှင်ရိုးမရှိဘူးလေ။ ဒါကြောင့် သေသူတို့ကို ချီးမြှောက်ရိုး ဓမ္မတာအတိုင်း နန်းမြင့်သူလေးရဲ့အလောင်းကို သင်္ဂြိုဟ်လိုက်ကြပါစို့နော်။ ပြီးတော့မှ သူကောင်းရာမွန်ရာဘုံဘဝကို ရောက်သွားရအောင် ကျွန်တော်တို့ ပြုလုပ်ခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှုတွေကို အမျှဝေပေးကြမယ်လေ။ ဒါမှ နန်းမြင့်သူလေးကို ချစ်ရာရောက်တော့မှာပေါ့။ ငိုရှိုက်တာ၊ ပူဆွေးသောကဖြစ်တာတွေဟာ ကုသိုလ်မဟုတ်ဘူး။ အကုသိုလ်ချည်းတဲ့။ ဒါကြောင့် သေသူကို ချစ်ရင် ကုသိုလ်တွေပဲ ဆက်ပေးသင့်ပါသတဲ့။ ဘုရား အစရှိတဲ့ သူတော်ကောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com

ဟောတော်မူကြတယ်လေ"

ဒေါ်ခင်မြသူသည် မောင်အေးချမ်းအား ကျစ်ကျစ်ဖက်၏။ ထို့နောက် နမ်း၏။ ထို့နောက် နားနားကပ်ပြီး ပြော၏။

"စကားတတ်လိုက်တဲ့ . . . သားကလေး။ ငါ့အမေကို တရားဟောတဲ့ သားကလေး"

ဟုဆိုပြီး ဆက်ကာနမ်း၏။ ထို့နောက် ငိုသည်။

ထိုအချိန်၌ ဆုတ် ၈ ရက် လသည်လည်း ပေါ်ထွန်းလျက်ရှိနေလေပြီ။ သစ်ခွိုင်မှ အလုံးစုံလွတ်၍ တောတန်းတောင်စွယ်များသို့တိုင် ထွန်းပလျက်ရှိသည်။

မောင်အေးချမ်းသည် ကျောက်ဆောင်ကြီး၏ အောက်တစ်ဖက်တစ်ချက်တွင် စီး၍နေသော ရေထွက်စမ်းချောင်းကလေး၏ ကမ်းနဖူးတစ်လျှောက်၌ ရရာတောပန်းလေးများကို လိုက်ခူးသည်။ ထို့နောက် နန်းမြင့်သူ၏အလောင်းပေါ်တွင် ကြဲဖြန့်၏။ ပန်းစည်း၊ ပန်းခွေလေးများ ပြုလုပ်ပြီးလည်း ချပေးသည်။ ထို့နောက် သစ်စိမ်းခက်များကို ချိုး၍ဖုံး၏။

နန်းမြင့်သူ၏ အလောင်းကို သစ်စိမ်းခက်များ၊ ပန်းစည်း၊ ပန်းခွေ၊ ပန်းပွင့်လေးများဖြင့် ပုံ၍ သဂြိုဟ်လိုက်ကြပြီး နောက်ဆုံးအနေဖြင့် ဝမ်းနည်းစကားများ ပြောကြားကာ အလောင်းနားမှ ခွာလာကြသည်။

နန်းမြင့်သူ၏ ဝိညာဉ်သည် ဆံနွယ်ပင်လေးများ လေမှာဝဲလွင့်လျက် ခရီးတစ်ဝက်ခန့် လိုက်ပါလာသေး၏။ ယခင် နေရာလေးကိုရောက်မှ ရှေ့ကို ဆက်မလိုက်တော့ဘဲ တရှိုက်ရှိုက်ဖြင့် ရပ်ကျန်ခဲ့လေသည်။

သွားချင်တိုင်းလည်း သွား၍မရ၊ စားချင်တိုင်းလည်း စား၍မရ။ သူတို့၏ ဝိညာဉ်လောကသည် ထိုသို့ပင် ရှိလေသည်။ ဝမ်းနည်းကြေကွဲဖွယ် ကောင်းလေစွ။

မောင်အေးချမ်း၏ ကိစ္စသည်ကား ထိုမျှဖြင့် မပြီးသေးပေ။ ဒေါ်ခင်မြသူ အတွက် အစအဆုံး ဆောင်ရွက်ရပေဦးမည်။

ထို့ကြောင့် မောင်အေးချမ်းသည် စခန်းတဲရုံကြီးကို ပြန်ရောက်သည်နှင့် ဒေါ်ခင်မြသူ၏ အကူအညီကို ရယူကာ ဦးကျင်အောင်၏ သေတ္တာကြီးကို ရိုက်ဖွင့်ကြည့်သည်။ ၇၅ ကျပ်တန်ကို အကြီးဆုံးထားပြီး ငွေနှစ်သိန်းခွဲကျော်ကို တွေ့ကြရသည်။ ရွှေတစ်ကျပ်ကို ၁၆ဝဝ နှုန်းမျှသာရှိ၍ ဤငွေသည် ပမာဏအားဖြင့် မနည်းပေ။

ထို့နောက် မြေတိုက်ခန်းသေးကို ရိုက်ဖွင့်ပြီး ဝင်ကြည့်ကြရာ ဘိန်း/ဆေးခြောက် မြောက်မြားစွာ သိုလှောင်ထားသည်ကို တွေ့ကြရသည်။ ဆေးခြောက်ထုပ်များ၏အောက်၌ မီးခံသေတ္တာကြီး တစ်လုံးကိုလည်း တွေ့၍ ရိုက်ဖွင့်ကြည့်ကြသည်။

သူ၏ လျှို့ဝှက် စာရွက်စာတမ်းအထောက်များများနှင့် ယောက်ျားဝတ် ဆွဲကြိုး၊ လက်ပတ်၊ လက်စွပ် သုံးစုံ အပါအဝင် အလေးချိန် ၂၅ ကျပ်သားခန့် ရှိမည်ဟုထင်ရသော ရွှေချောင်း ၂၇ ချောင်းကို တွေ့ရပြန်သည်။

ယခုအခါ ဦးကျင်အောင်လည်း မရှိတော့၍ ဤရွှေငွေအားလုံးကို ဒေါ်ခင်မြသူတစ်ဦးတည်းသာ ပိုင်ဆိုင်၏။ ထို့ကြောင့် ဤမျှများပြားသော ရွှေငွေများကို ပိုင်ဆိုင်သွားပြီဖြစ်၍ ဒေါ်ခင်မြသူအတွက် လုံလောက်ပြီဟု တွေးကာ မောင်အေးချမ်း ဝမ်းမြောက်ဝမ်းသာ ဖြစ်မိ၏။

မောင်အေးချမ်းသည် ရွှေချောင်းအားလုံးကို သိမ်းထုပ်ယူပြီး မြေတိုက်ခန်းထဲမှ ပြန်တက်ခဲ့သည်။

ထို့နောက် ဒေါ်ခင်မြသူ၏ အဝတ်အထည်များနှင့် ရွှေငွေအားလုံးကို ရောထုပ်ပြီး ဒေါ်ခင်မြသူ၏ သေတ္တာမှာ ထည့်ကာ ဒေါ်ခင်မြသူအား အမြင်သို့ ခေါ်လာခဲ့သည်။

အရာရာကို လက်စဖျောက်လိုသည့်သဘောဖြင့် သည်အတိုင်းထား၍ မဖြစ်တော့။ ဦးကျင်အောင်၏ တဲရုံကြီးကို မီးတင်ရှို့လိုက်လေသည်။ ဦးကျင်အောင်မှာ လုံးဝ လမ်းလုပ်ငန်းများနှင့် ပတ်သက်ခြင်းမရှိ၍ ယခုကဲ့သို့ လုပ်လိုက်ခြင်းဖြင့်လည်း သူနှင့် မိသားစုကို ပါ မတွေ့ရတော့လျှင် တစ်ဦးတစ်ယောက်ကမျှ မေးမြန်းစစ်ဆေးရန် အကြောင်းမရှိနိုင်တော့ပေ။

ထို့နောက် ညတွင်းချင်းပင် စခန်းမှ ထွန်စက်ဖြင့် မောင်းထွက်ပြီး ဒေါ်ခင်မြသူအား မင်းဘူးသို့၊ ထိုမှ မကွေးသို့ ရောက်အောင် မောင်အေးချမ်းကိုယ်တိုင် လိုက်ပို့ပေးလိုက်လေသည်။

*(စာဖတ်သူများသို့ . . .*


*မင်းဘူးအမ်းလမ်း ရခိုင်ရိုးမကြီး၏ တစ်နေရာ တစ်ခုသောကျောက်ဆောင်ကြီးပေါ်၌ ဖွံ့ဖြိုးစအရွယ် မိန်းကလေးတစ်ယောက်ကို တွေ့မြင်ဖူးကြပါလျှင် ဤစာရေးသူအား ဆက်သွယ်ပြောကြားကြပါဟူ၍။)*

**မင်းဟိန်းထိဝ်**



www.burmeseclassic.com

www.burmeseclassic.com



# သမီးနဒွိ (၆)

## မြဝတီ

*ယခင်လမှ အဆက်*

ကိုထင်ကျော်သည် မေရီ၏ နှဖူး ဝင်းဝင်းလက်လက်ဝယ် တစ်ပင်စီ ဝဲကျနေလေသော ဆံယဉ်ကလေးများ အား ယုယုယယ သပ်ပေးလိုက်သည်။ မို့သော ဖြူသော ပါးကလေးအား သပ်ပေးရင်းက…

"မေ အိပ်နော်၊ နားထောင်စမ်း၊ ခပ်ဝေးဝေးက ဂျီကလေးတွေရဲ့ အော်သံ ဘယ်လောက်သာယာသလဲ"

ကိုထင်ကျော်သည် မေရီ၏ နှဖူး ပြင်ကလေးအား ယုယုယယနမ်း၍ ပြောလိုက်လေသည်။ မေရီ၏ လက် မောင်းသွယ်သွယ်ကလေး နှစ်ချောင်း က ကိုထင်ကျော်၏ လည်ပင်းကို ယီး လေးခို၍ ကညင်ဆီမီးရောင်လှဲ့လှဲ့ဝယ် ပြုံးလျက် ရှိနေချေသည်။ ဤအခိုက် မှာပင် ဝါးပြွေသံနှင့်အတူ မယ်ဒလင် တီးသံများ ပေါ်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

"ချင်ကိုချဲ့..ဝါးခီးခီး..ချင်ကိုချဲ့..ဝါးခီး...ခီး..."

လုံမပျိုတို့၏ သီချင်းသံမှာ မြိုင်လှသည်။

"လီဆူးအမျိုးသမီးတွေ ကနေကြတယ်"

"ဟုတ်တယ်၊ ကြည့်စမ်းပါဦး၊ မီးပုံကြီးနားမှာ သူတို့ သိပ်ကြည့်ကောင်းတာပဲ"

ထိုနေ့ညတွင် လရောင်ကလေးမှာ သိသိသာသာကြီးပင် သာယာလျှက်ရှိနေချေသည်။ လီဆူးအမျိုးသားများ မယ်ဒလင်တီး၍ အမျိုးသမီးများက ဝါးခြွေကလေးများကို မှုတ်နေကြခြင်းဖြစ်သည်။ သူတို့သည် အတန်းလိုက် တန်းစီရာမှ ဝိုင်းဖွဲ့ကာ ကိုယ်ကိုယိမ်းနွဲ့ကရင်းပင် ကခုန်ကြသည်။ မေရီသည် တဖြည်းဖြည်းပင် မေးမိုက်အိပ်ပျော်သွားခဲ့ချေသည်။

ကခုန်နေကြသူများနှင့်အတူ အာကီဝါးနှင့် ကချင်ရဝမ်အမျိုးသားများ၊ ပါမောက္ခကြီး ဦးထွန်းမြတ်ကျော်တို့သည် ကခုန်နေကြသော လူအုပ်အတွင်း ရောက်ရှိနေသည်ကို တွေ့ရ၏။

ဒင်းကောရွက်များဖြင့် မိုးထားသည့် တဲအိမ်မြင့် ခေါင်မိုးများတွင် ငွေလရောင် ဆွတ်လိမ်းကာ တလက်လက် ဝင်းပတောက်ထွန်းလျက် ရှိနေချေသည်။

ကိုထင်ကျော်သည် မေရီ၏ အနားမှထရင်း ခြင်ထောင်ကို ဆွဲချပြပြင်ပေးပြီး မေရီ၏ အသက်မှန်မှန်ရှူပျက် အိပ်ပျော်သွားလေသော အဖြစ်ကို ခဏတာမျှကြည့်ရင်း သက်ပြင်းကို မှုတ်ထုတ်လျက် လက်ဆွဲမီးအိမ်ကို မှိန်လိုက်ပြီး အခန်းတွင်းမှ ပြန်ထွက်လာ၏။ ယင်းအခိုက်မှာပင် ကိုထင်ကျော်မှာ အခန်းတွင်းသို့ ကြွေရည်သုတ်ပန်းကန်လုံးကြီးကို ကိုင်၍ ဝင်လာသော အာကီဝါး၏သမီး လဖီးဖောက်ဆိုသူ အမျိုးသမီးချောကလေးအား တွေ့လိုက်ရ၏။

"ဘာတွေလဲ လဖီးဖောက်"

"လက်ဖက်ရည်ကြမ်း လာပို့တာပါ အစ်ကိုကြီး"

"ကျေးဇူးတင်ပါတယ် လဖီးဖောက်၊ သူ အခု အိပ်ပျော်နေပြီ"

"ဒါဖြင့် လက်ဖက်ရည်ကြမ်းကို သူ့အိပ်ရာဘေးမှာ ထားလိုက်မယ် မဟုတ်လား"

ကိုထင်ကျော်က ခေါင်းညိတ်လိုက်သည်။ လဖီးဖောက်သည် ပြုံး၍ အခန်းတွင်းသို့ ဝင်သွားရာ ကိုထင်ကျော်က နောက်မှ လိုက်ပါသွားသည်။ ပြီးတော့ တံခါးဝတွင် မတ်တတ်ရပ်၍ စောင့်နေသည်။ လဖီးဖောက်က လက်ဖက်ရည်ကြမ်းပန်းကန်ကို ထင်းရှူးစားပွဲကလေးပေါ်တင်၍ အပေါ်မှ ဒန်ခွက်ဖြင့် မှောက်လိုက်ကာ ပြန်ထွက်လာသည်။

"ခင်ဗျားကိုတော့ အများကြီး ကျေးဇူးတင်ရမှာပဲ၊ ပြီးတော့ ဗမာစကားရော၊ အင်္ဂလိပ်စကားရော ခင်ဗျားက တတ်တော့ ဆက်ဆံရတာ သိပ်လွယ်ကူတာပဲ"

"ကျွန်မက သာသနာပြုကျောင်းထွက်ပါ၊ မြစ်ကြီးနား အာဒီအမ်ကျောင်းမှာ ခုနစ်တန်းအထိ နေဖူးတယ်၊ ကဲလေ..ကျွန်မနဲ့ အေးအေးဆေးဆေး စကားပြောရအောင်လား"

ဤသို့ပြောရင်းက လဖီးဖောက်သည် တဲကြီးပေါ်မှဆင်း၍ မြေပြင်တွင် ကနေသူများနှင့် မနီးမဝေးရှိ ထင်းရှူးပင်ကြီးအောက်သွား၍ ထိုင်လိုက်သည်။ ထိုင်သောနေရာတွင် သစ်သားတုံးရှည်ကြီးတစ်ခုက ရှိနေသည်။ လရောင်ခြည်များသည် ထင်းရှူးပင်အရွက်များကြား ယိုစီးကာ မြေပေါ်ဝယ် လက်နေသည်မှာ ငွေမှုန်ဖြူးထားသကဲ့သို့ ထင်ရသည်။

"ဒါထက် အခု လီဆူးတွေ ကနေတဲ့အထဲမှာ ပွဲကို ဘယ်လိုခေါ်သလဲ လဖီးဖောက်၊ ကျွန်တော့်ကို စပ်စုတယ်လို့တော့ မထင်နဲ့နော်၊ သူတို့ဝတ်တဲ့ သင်တိုင်က အနက်၊ အင်္ကျီက အဖြူဆိုတော့ ရဝမ်အမျိုးသမီးတွေနဲ့တော့ တခြားစီလို ဖြစ်နေတာပဲ မဟုတ်လား"

လဖီးဖောက်၏ မျက်နှာတစ်ခြမ်းဝယ် ငွေလရောင်က ဟပ်နေသည့်အတွက် ဝိုင်းစက်သော မျက်နှာဝယ် မို့မို့ဖောင်းကြွက်နေသည့် ဖြူနုသောပါးအိုမှာ ချစ်စရာကောင်းလှသည်။ နဖူးပြင်မှ



www.burmeseclassic.com

www.burmeseclassic.com

ဝဲနေသော ဆံပင်များကလည်း လေတိုးဝှေ့သောအခါတိုင်း တစ်ချောင်းစီ လှုပ်ရှားနေချေသည်။

လဗီးဖောက်က ပြုံးလိုက်သောအခါ ညီညာသော ပုလဲနှစ်ကလေးများသည် အစီအရီ ပေါ်လာသည့်။ သူမ၏ တုတ်ခိုင်ဖွံ့ဖြိုးသော ကိုယ်ခန္ဓာမှာ သဘာဝအလျောက် ကြွံနိုင်သော တောင်တန်းသူကလေးပီပီ ကြည့်ကောင်းသည်။ သူမ၏ ဝတ်စားထားသော အဆင်မှာ ရဝမ်အမျိုးသမီးကလေးတစ်ဦးပီပီ စိန်ကတ္တီပါအနက်နှင့် အနီအနက်လိုင်းကလေးများပါသော ထမီအဖြူကြော့ကြော့မော့မော့လေး ဝတ်ထားချေသည်။ လီဆူးပျိုဖြူတွေက ရှုပ်ရှုပ်ပွေပွေ ဝတ်ဆင်ထားသလောက် သူမက ရှင်းရှင်းကလေး ဝတ်ထားချေသည်။

လဗီးဖောက်က သူ့ကို မေးသဖြင့် ပြုံးလိုက်သည်။

"ဝါးပြွေကို ထူလိထူလို့ ခေါ်တယ်၊ အပေါက်သုံးပေါက်ပါတယ်၊ မောင်းလို့ခေါ်တယ်၊ အင်္ဂလိပ်အသံထွက်ကတော့ 'MOW'လို့ ခေါ်တယ်"

"သူတို့သီချင်းကရော"

"ဩော်…ဒါက ကြိုဆိုပါ၏ မိုးကျရေ့သည်တော်ရယ်တဲ့၊ ချင်ကို ချဲ့…ဝါးခီး…ခီး…ရဲ့ အဓိပ္ပာယ်လေ"

"မယ်ဒလင်တွေက သူတို့လက်ဖြစ်တွေလား"

"ဟုတ်တယ်၊ သူတို့လက်ဖြစ်တွေပါ၊ မြင်းမြီးနဲ့ လုပ်တာပဲ၊ ဗမာကတော့ မယ်ဒလင် ခေါ်တာပေါ့၊ လီဆူးအခေါ်ကတော့ ကြည်ဖွဲ့လို့ခေါ်တယ်၊ သူတို့လည်ပင်းမှာ ဆွဲထားတဲ့ ပုတီးတွေဟာ 'လဲအုံ' လို့ ခေါ်တယ်၊ လီဆူးယောကျ်ားတွေ ကတော့လည်း ဂျူးဟူးခေါ်တဲ့ ကြွေစေ့စီထားတဲ့ သားရေခါးပတ် ဝတ်ထားတာပေါ့"

"ဟော…အနုမြည်တဲ့ ဂီုကို ဘယ်လိုခေါ်သလဲ"

"ကျဒိလို့ ခေါ်တာပဲ၊ ဒါက တော့ ကချင်ဘာသာနဲ့ အများခေါ်သုံးကြတာနော်၊ မြင်းကိုတော့ ဘွမ္မရာတဲ့"

"ကဲ…ဆပ်ကောင်ဆိုရင်"

"ရှန်နာလို့ခေါ်တယ်၊ ကြည့်စမ်း ဖြတ်ပြေးသွားတဲ့ လဒေါင်တွေလား၊ ဗမာတွေက ကြောင်လို့ ခေါ်တာပေါ့၊ ဒါထက် ရှင့်ကို ကျွန်မ တစ်ခုပြောချင်တယ်"

"အင်း…ပြောစမ်းပါဦး"

"ဟို…ကိုသန်းလိုက် ဆိုတဲ့လူက တော်တော်အားကုန်နေတာပဲ၊ သူ လိုက်လို့ဖြစ်ပါ့မလား"

ထိုအချိန်တွင် လီဆူးပျိုဖြူများ၏ ခေါင်းတွင် ဆင်ထားသော ကြွေစေ့များနှင့် ခြူကလေးများအသံမှာ သာယာစွာ ပေါ်လာလေသည်။

"ဒါတော့ သူသဘောပဲ၊ သူက တော့ အင်မတန် စိတ်အားထက်နေတဲ့ လူတစ်ယောက်ပါ"

ဤသို့ ပြောလိုက်သဖြင့် လဗီးဖောက်၏ မျက်နှာကလေးမှာ လရောင်ခြည်တွင် ဝမ်းနည်းသည့် အရိပ်အယောင်ကလေးများ လက်သွားသည်ကို တွေ့လိုက်ရလေ၏။

"ရှင်တို့ ဒီပုန်းနမ်ဒင်ရောက်အောင်ဟာ ဘွန်ကြီးကို တော်တော် ဖြတ်လာရမှာပဲ၊ သိပ်ကြမ်းတဲ့ခရီးပါ"

"သိပ်ကြမ်းပါသကော လဗီးဖောက်ရယ်၊ ခမ္ဘတီးတောင်တက်ကချည်း ပေ ၂၅၀၀ ကျော်၊ ရှိုင်ငွန်ဘွန်ကြီးကိုက ပေပေါင်း ၆၀၀၀ ကျော် ၈၀၀၀ လောက် ရှိနေတာပဲ၊ လူတွေလည်း ပစ်လဲကုန်တာပဲပေါ့"

"ရှင်တို့ ရှေ့ခရီးဆို ပိုဆိုးမှာပဲ၊ အနည်းဆုံး ပေ ၁၀၀၀၀ ကျော် တက်ရမယ့် တောင်တွေချည်းပဲ၊ ပြီးတော့ ရေခဲပြင်ခရီးတွေ…"

"အဆင်သင့်ရင်တော့ နမ့်တမိုင်မြစ်ကို လှေနဲ့ သွားချင်တာပဲ"

"အမယ်လေး၊ ရေစီးသန်သန် ရေတံခွန်တွေနဲ့ရှင် ကြောက်စရာကောင်းလှပါတယ်၊ ဒါပေမဲ့ ရှင်တို့ တစွန်းဒမ်းရောက်ရင် ရှေ့ကို ဆက်သွားဖို့ရာ မလွယ်တော့ဘူး၊ ဒီပုတာအိုနယ်ခြားရွာတွေမှာ တစွန်းဒမ်းနဲ့ ဂူးဘားဆိုတဲ့ ရွာကလေးနှစ်ရွာဟာ နယ်စွန်နယ်ဖျား ခေါ်နိုင်တယ်"

"ကြိုးစားမယ်ဗျာ"

"နေပါဦး၊ ရှင်တို့က ခါကာဘိုရာဇီအထိပဲလား"

"ဟုတ်တာပေါ့၊ အဲဒီတစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com

မှာ ပေါက်တဲ့ သစ်ပင်မျိုးစုံနဲ့ လူမျိုးအချို့ကို လေ့လာမှာပဲ၊ တတ်နိုင်ရင်လည်း ဒီထက်ထူးဆန်းတဲ့ အရာဝတ္ထုတွေ ရှာဖွေတန် ရှာဖွေရမှာပေါ့''

''ရှင်တို့ပြောတာ ဟုတ်ရဲ့လားရှင်၊ ကျွန်မ သတိပေးပါရစေ၊ အဲဒီဘက်မှာ ကျွန်မတို့လို လူတွေပဲ ရှိပါတယ်၊ ဒါပေမဲ့ အဆက်အဆံနည်းတယ်၊ ဒီတောင်နဲ့ ပတ်သက်လာရင် အန္တရာယ်ပြုချင်တယ်''

''ဘာပြုလို့လဲ လဗီးဖောက်''

ဤတွင် လဗီးဖောက်သည် အတန်ငယ် စဉ်းစားနေရင်းက လရောင်ခြည်အောက်ဝယ် မှိုင်းမြမြ မြင်နေရသော ဂူမ်းလိပ်ကြီးများ ဖုံးအုပ်ထားသကဲ့သို့ မရေခဲဖုံးထားသော တောင်ထွတ်ကြီးများဆီသို့ ငေးမောကြည့်ရာက သက်ပြင်းကလေး မှူင်းမှူင်းချလိုက်သည်။

''ကျွန်မအဖေ ပြောဖူးတယ်၊ အဲဒီဘက်မှာ အရပ်မြင့်တဲ့ လူဖြူကြီးတွေ ရှိသတဲ့၊ သူတို့က ဖမ်းပြီး လူတွေရဲ့ခေါင်းကိုဖြတ်ပြီး ယဇ်နတ်ပူဇော်လေ့ ရှိတယ်တဲ့၊ ပြီးတော့ အဲဒီလူခေါင်းနေရာမှာလည်း ခွေးခေါင်းတွေ မြင်းခေါင်းတွေကို ပြောင်းတပ်ပြီးတော့ သူတို့လုပ်ငန်းတွေမှာ ခိုင်းစေတယ်လို့လည်း ပြောတယ်''

''ဟုတ်လား၊ လဗီးအဖေက အဲဒီနေရာ ရောက်ဖူးလို့လား၊ ပြောစမ်းပါဦး''

''အဖေ မရောက်ဖူးပါဘူး၊ ဒါပေမဲ့ အဲဒီနယ်ဘက်က ထွက်ပြေးလာတဲ့လူက ပြောတာတဲ့၊ ဒီလူလည်း ကြာကြာမနေရပါဘူး၊ သေသွားတယ်လို့ပြောတယ်၊ ဒါတင်မကဘူး၊ ဒီလူမျိုးတွေထဲသွားဖို့ ခက်တယ်တဲ့၊ တော်ရုံနဲ့ သွားဖို့လည်း မလွယ်ဘူး၊ သူတို့ဆီက လူတစ်ယောက် အပြင်ထွက်တာလည်း မရှိဘူး၊ ထွက်ရင်လည်း သေကြတာပဲလို့ အဖေက ပြောတယ်''

''အင်း…သူတို့က သူတို့နယ်ကို မသိစေချင်လို့နဲ့ တူပါတယ် လဗီးဖောက်ရယ်၊ ကျွန်တော်တို့လည်း အဲဒီနယ်ကို ရောက်ချင်မှ ရောက်မှာပါ၊ ကျွန်တော်တို့မှာလည်း လက်နက်အပြည့်အစုံတွေက ရှိနေတာပဲဟာ''

ဤတွင် လဗီးဖောက်၏ မျက်နှာသည် ရုတ်တရက် ပြောင်းလဲသွားဟန်ကို တွေ့ရသဖြင့် ကိုထင်ကျော်ပင်လျှင် အံ့အားသင့်မိ၏။

''ကြည့်စမ်း၊ အစ်ကိုကြီး''

လဗီးဖောက်သည် လရောင်အောက်တွင် လင်းနေသော တောင်ထွတ်ကြီးတစ်ခုဆီသို့ လက်ညှိုးထိုးပြလိုက်လေသည်။ လဗီးဖောက် လက်ညှိုးညွှန်ပြသော တောင်ထွတ်ကြီးမှာ ရေခဲဖုံးလွှမ်းထားသော တောင်ကြီးများထဲမှ ထူးထူးခြားခြား ပို၍ခေါင်းတစ်လုံးထွက်နေသော တောင်ကြီးလည်းဖြစ်၏။ အေးမြသော ဆိတ်ငြိမ်သော ဤတောင်ထွတ် တောင်တန်းကြီးများထဲမှ အလင်းရောင် ထူးခြားစွာ ပေါ်နေသော တောင်ကြီးကို လဗီးဖောက်က ပြောလိုက်သောအခါမှာပင် သူ့ဖခင် ပါမောက္ခကြီး ပြောလိုက်သော စကားများကို ပြေး၍အမှတ်ရလိုက်မိသည်။

''ကချင်ပြည်ထဲက ခါကာဘိုရာဇီတောင်ကြီးနားမှာ တောင်တစ်လုံးရှိတယ်၊ ဒီတောင်ဟာ အမြဲမပြတ် အရောင်တွေ လင်းနေတာဟာ ဟောဒီရရှိတဲ့ သလင်းတွေကြောင့်လည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ်လည်း မိန်တုံးမိန်ခဲတွေကြောင့်လည်း ဖြစ်နိုင်တာပေါ့''

''ဒီတောင်က အရောင်တွေဟာ ဒီလိုပဲ အလင်းရောင်ကြီး ထိုးထွက်နေသလား''

''အို…အဲဒါ အလင်းရောင် ထိုးထွက်တာလို့ မခေါ်ဘူး၊ လင်းနေတာပဲရှိတယ်၊ ဒီထက်ထိုးထွက်လာတဲ့ အလင်းရောင်ကြီးဟာ မီးညွှန့်ကြီးတွေ အတိုင်း မြင်ရတယ်''

ထိုသို့ ပြောလိုက်သဖြင့် ကိုထင်ကျော်မှာ သူဖတ်ဖူးသော ဝတ္ထုတစ်ပုဒ်ကို ဖြုန်းကနဲ အမှတ်ရလိုက်မိ၏။ ထိုဝတ္ထုမှာ ဆရာကြီး ရွှေဥဒေါင်း ရေးသော 'ရူပနန္ဒီ' ဝတ္ထုဖြစ်ကာ ရူပနန္ဒီနေသော တောင်ကြီးမှနေပြီးလျှင် သူ၏ချစ်သူ မောင်စောနိုင် ဆိုသူအား မီးရောင်ကဲ့သို့ လင်းပသော ဆပ်(ချ)လိုက်မီးမောင်းကြီးများပမာ အလင်းရောင်



www.burmeseclassic.com

www.burmeseclassic.com

ကြီးတစ်ခုသည် ထိုးထွက်ပေါ်လာသည်ကို တွေ့ရကာ ထိုမီးရောင်အလင်းတန်းကြီးကပင် မောင်စောနိုင်တို့အား သူ့ယံမှောက်သို့ ရောက်ရှိနိုင်ရေးအတွက် အလင်းရောင်ပေးပြီး လမ်းပြခေါ်ဆိုသကဲ့သို့ ဖတ်ရှုရလေရာ ယခုလည်း သူတို့သွားမည့် တောင်ထိပ်များ သခင်မ မီးနတ်ဘုရင်မ စံရာ တောင်များဆီမှ သူတို့အား လာနိုင်ရေးအတွက် လမ်းပြခေါ်ဆိုနေလေသလောဟု၍ ကိုထင်ကျော်မှာ တွေးလိုက်မိတော့၏။ ဤသို့ တွေးတောလိုက်မိသောအချိန်နှင့် တစ်ပြိုင်တည်းမှာပင် သူ၏ တစ်ကိုယ်လုံးမှာလည်း ထူးကဲလှသော ကြည်နူးခြင်းတစ်မျိုးသည် တုန်တုန်လှုပ်လှုပ်ကြီးပင် ခံစားလိုက်ရတော့သည်။ အမှန်တော့ ကြည်နူးမှုဆိုသည်မှာ ဖရဏာပီတိ ပွမ်းဆိမ်ထိသကဲ့သို့ တအိအိ လှုပ်ရှားသွားရခြင်းမျိုးပင်တည်း။

ထို့နောက်တွင် ကိုထင်ကျော်သည် ထိုအလင်းရောင်ကြီးကို မြင်လိုက်ရခြင်းဖြင့် အလင်းရောင်မှာ သက်တန့်ရောင်ပမာ အဝါရောင်ကလေးများလည်း ပါသည်ဟု ထင်လိုက်မိပြီးလျှင် ဗုဒ္ဓဘုရားရှင်အား ထူးခြားစွာ အမှတ်ရလာမိချေ၏။ မှန်ပေသည်။ မြတ်စွာဘုရားရှင်သည် ကျွတ်ထိုက်သော သတ္တဝါများအား ကိုယ်တော်တိုင် မကြွလှမ်းမီစပ်ကြားကာလဝယ် ရောင်ခြည်တော်များ လွှတ်တတ်ပုံကို ဗုဒ္ဓဝင်စာပေများတွင် ဖတ်ရှုရသဖြင့်လည်း သူ၏စိတ်တွင်းတွင် ကြည်နူးခြင်းတစ်မျိုးကို ထူးထူးကဲကဲလေး ခံစားရလေ၏။

ကိုထင်ကျော်သည် ထိုအလင်းရောင်များ တောင်ထိပ်များဆီသို့ လင်းနေသည်ကို အနီးအဝေးဖြင့် စိတ်ထဲတွင် တွက်ချက်ကြည့်နေလိုက်မိ၏။ ထိုအလင်းရောင်များသည် ရုတ်တရက် သတိမမူဘဲကြည့်မိလျှင် အနီးကပ်ဆုံးသော တောင်ထိပ်တစ်ထိပ်မှ ထွက်ပေါ်နေသော အလင်းရောင်များဟု ထင်စရာဖြစ်နေသော်လည်း တကယ်တော့ အနီးကပ်ဆုံးသော တောင်များမှ မဟုတ်ဘဲ ဝေးကွာလှသော တောင်တစ်တောင်ထိပ်များ သို့မဟုတ် နေရာတစ်နေရာဖြစ်နိုင်သော ကွင်းပြင်ရေခဲပြင် ကြီးမားသော ခိုင်ကြီးများမှလည်း ထွက်ပေါ်လာနိုင်ကြောင်းကိုလည်း သတိပြုလိုက်မိလေ၏။ အကယ်၍ ဓာတ်သတ္တုများကြောင့် ပေါ်ထွက်လာသော အရောင်များ ရှမ်းပြည်မြောက်ပိုင်း မိုးကုတ်နယ်ဘက် တောင်များမှာလည်း တွေ့ရတတ်လေရာ ထိုနေရာမှ ထွက်ပေါ်နေသော အလင်းရောင်များသည် ရေပြင်မှ ဓာတ်ရောင်ခြည်များလေလော။ သို့တည်းမဟုတ်လည်း နေရောင်ခြည်ကို စုပ်ယူထားသော ဓာတ်မြေသားများက ညအခါတွင် ကန်၍ပစ်လိုက်သောကြောင့် အနီးပတ်ဝန်းကျင်တောင်များထိပ်ကိုပင် ဖုံးလွှမ်းကျော်ထွက်၍လာလေသလောဟူသော တွေးစရာများသည် တစ်ခုပြီးတစ်ခု ပေါ်ထွက်လာရချေတော့သည်။

ဤအချိန်ဝယ် တီးမှုတ်ကခုန်နေကြသောသူများတွင် ကချင်ဂျင်းဖောများက ငှက်ပျံအကဟူ၍ခေါ်သော ဓားများကိုဝင်၍ ကနေသောအချိန်ပင် ဖြစ်ရာ ရုတ်တရက်အားဖြင့် ထူးဆန်းသော အော်သံများက ပေါ်ထွက်လာပြီးနောက်တွင်မူကား ရုတ်တရက် ကပွဲကို ရပ်ပစ်လိုက်ပြီးနောက် အံ့အားသင့်စရာကောင်းလှအောင် ကပွဲကို ရပ်ပစ်လိုက်ပြီး အားလုံးသော လူများသည် အလင်းရောင် ထွက်ပေါ်လာခဲ့သော တောင်ဆီသို့ ဒူးထောက်ကာ ဆုတောင်းနေကြသည်ကို တွေ့ရလေ၏။

ဒုံ ဒုံ…ဒုံ…ဒုံဒုံဒုံ…ဟူသော သစ်သားစည်ကြီးကို တီးခတ်လိုက်သော အသံတစ်သံသည် ရုတ်တရက် ပေါ်ထွက်လာ၏။ ထို့သို့ သစ်သားစည်ကြီး၏အသံ ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်တည်းမှာပင် ဝေါကနဲ အော်သံများသည် တစ်ပြိုင်တည်း ပေါ်၍လာတော့၏။

ပါမောက္ခ ဦးထွန်းမြတ်ကျော်နှင့် အောင်သက်မြိုင်တို့သည် ဒူးထောက်ကာ ဆုတောင်းနေကြသော လီဆူးအမျိုးသားများနှင့် ရဝမ်အမျိုးသားများကြားမှ ဒူးထောက်ကာ အလိုက်သင့်ရှိနေသည်ကို တွေ့ရ၏။ ကိုထင်ကျော်



www.burmeseclassic.com

www.burmeseclassic.com

သည် လဗီးဖောက်၏ မျက်နှာကို တစ်ချက်မျှ စိုက်ကြည့်လိုက်ပြီးလျှင်-

"အဲဒါ ဘာလုပ်တာလဲ လဗီးဖောက်၊ မီးနတ်သမီးကို ဆုတောင်းတာလား"

ဟု မေးလိုက်၏။

"မဟုတ်ပါဘူး၊ ဒီလိုမီးနတ်သမီးရယ်လို့ မဆိုလိုပါဘူး၊ ဒီလိုတောင်က မီးလျှံတွေ မြင်ရတာဟာ နတ်တွေက သတိပေးတာလို့ ယူဆကြတယ်၊ ဒီလိုအခါများမှာ မှော်ဆရာကြီးတွေက ဘယ်လိုများ ဟောကြမယ် မသိဘူး၊ သိပ်ပြီးတော့ ထူးခြားတာ အမှန်ပါပဲ"

ဤသို့ လဗီးဖောက်က ပြောလိုက်သောအချိန်တွင် အသက် ၇၀ ခန့် ထင်ရသော အဘိုးကြီးသည် လက်ကိုမြှောက်၍ အသံကုန်အော်လျက် တစ်ခုခုကို တိုင်တန်းလျက် ရှိနေသည်ကို တွေ့ရ၏။ ဟုတ်ပေသည်။ ထိုအချိန်ကလေးမှာပင် အခြားသောတောင်များဆီမှနေ၍ သစ်သားစည်များ တီးခတ်သံကို ကြားရ၏။ သစ်သားစည်များ၏ ဟီးသံသည် တောင်နံရံများဆီသို့ လွင့်သွားပြီး တောင်များနှင့် ထိတွေ့ကာ ပဲ့တင်လိုက်၍ပြန်လာ၏။ ထို့ကြောင့်ပင် တောတောင်တစ်ခုလုံးမှာ ဟိန်း၍ဟိန်း၍သွားချေ၏။

ယင်းအခိုက်မှာပင်လျှင် ပါမောက္ခကြီးသည် အောင်သက်မြိုင်နှင့်အတူ ထလာသည်ကို တွေ့ရလေ၏။ အောင်သက်မြိုင်သည် လဗီးဖောက်နှင့်အတူ မတ်တတ်ရပ်နေသော ကိုထင်ကျော်ကို မတွေ့ရသေးဘဲ လရောင်အောက်ဝယ် ပါမောက္ခကြီးနှင့်အတူ မတ်တတ်ရပ်လျက် စကားပြောနေကြပြန်သေး၏။ ယင်းအခိုက်မှာပင် 'ဟီးဟီး..ဟီးဟီး' ဟူသော အော်သံကြီးနှင့်အတူ မီးရောင်အလုံးကြီးတစ်လုံးသည် ရုတ်တရက် တောင်ကြီးများထိပ်ဆီမှ တက်လာကာ ခပ်မြင့်မြင့်သို့ ရောက်သောအခါ တွင်မူကား ရွာဘက်ဆီသို့ အဲပြေးအလွှား လာနေသည်ကို တွေ့ရ၏။ ယင်းနောက်တွင်မူကား အသံမှာ ရုတ်တရက် ပိုမိုကျယ်လောင်လာသည်မှုလည်း ထင်ရလေ၏။

ဤအချိန်ကလေးမှာပင် ကိုထင်ကျော်မှာ မမျှော်လင့်သောအဖြစ်ကို တွေ့လိုက်ရလေ၏။ ဟုတ်ပေသည်။ ရုတ်တရက်အားဖြင့် တွေ့လိုက်ရသောအဖြစ်မှာ လဗီးဖောက်သည် သူ၏ရင်ခွင်တွင်း ဖြုန်းကနဲ ဝင်ရောက်လာခြင်းပင်ဖြစ်ရာ ရင်ခွင်တွင်းသို့ ရောက်လာသော လဗီးဖောက်၏ ကိုယ်လုံးကလေးကို ကိုထင်ကျော်သည် ဖက်ထားလိုက်မိသည်။ ဤသို့ပင် ပါမောက္ခကြီး၏ကိုယ်ကို အောင်သက်မြိုင်မှာ ထိတ်လန့်စွာ ဖက်ထားလိုက်မိသည်ကို တွေ့ရသည်။

မီးရောင်အလုံးကြီးသည် ရွာဆီသို့ မရောက်တော့ဘဲ ဖြုန်းကနဲ အရှေ့ဘက်ဆီသို့ကွေ့ပြီး လေဟာပြင်အမြင့်ဆီသို့ ထိုးတက်သွားကာ ပျောက်ကွယ်သွားချေတော့၏။

ဘာသာဘာဝအလျောက် ဆုတောင်းနေသော လူများသည် ထိုအခါမှ အသံလျော့သွားကြ၏။ မတ်တတ်ရပ်နေသော မှော်ဆရာကြီးကိုယ်တိုင် အသံပင်ဝင်လာ၏။ ဤသို့ အသံဝင်လာရာမှ ရပ်လိုက်သောအခါတွင် တော်တော်ကလေး ပင်ပန်းသွားပုံကလည်း ရလေသည်။

"ဝမ်းနည်းပါတယ် လဗီးဖောက်ရယ်"

"အို...ကျွန်မက တောင်းပန်ရမှာပါ"

လဗီးဖောက်သည် ကိုထင်ကျော်၏ကိုယ်မှခွာ၍ တောင်းပန်လိုက်သည်။ ယင်းနောက်တွင် နှစ်ဦးသား ပါမောက္ခကြီးနှင့် အောင်သက်မြိုင်တို့ဆီသို့ လျှောက်သွားသည်။ အောင်သက်မြိုင်က...

"ကိုထင်ကျော် တွေ့လိုက်ရလား၊ အတော်ထူးဆန်းတာပဲ၊ ဒီနေရာမှာ ဂြိုဟ်တုစခန်းတွေများ လျှို့ဝှက်ဆောက်ထားကြသလား မသိပါဘူးရှင်"

ဟု ပြောလိုက်၏။

"ဒီလိုပြောရင် သူတို့က ကြိုက်မှာမဟုတ်ဘူး အောင်သက်မြိုင်၊ သူတို့က ဒါကို တောင်ပိုင်နတ်တွေက ပြုလုပ်တယ်လို့ ထင်နေရတာ၊ ဘယ်လိုမှ ဝေဖန်လို့တော့ မရသေးဘူးကွဲ့"



www.burmeseclassic.com

www.burmeseclassic.com

ပါမောက္ခကြီးက ပြောလိုက်လေသည်။

ယင်းနောက်တွင် ဆူညံသံများကြောင့် ကြည့်လိုက်ရာ မော်ဆရာကြီးသည် သူတို့ဘက်သို့ လက်ညှိုးထိုးကာ ပြောဆိုလျက်ရှိနေသည်ကို တွေ့ရလေ၏။

"ညီ့သည်တော်များ…မိုးကျညီ့သည်တော်များ…သင်တို့အတွက် ကျွန်ုပ်တို့သည် အများကြီး ဝမ်းနည်း၏၊ သင်တို့တွင် ကြီးမားသော အန္တရာယ်မျိုးစုံက ကြိုဆိုပေအံ့၊ သင်တို့အား နတ်မင်း၏ကိုယ်စား ငါ တောင်းပန်၏၊ နတ်မင်း၏ ဝိညာဉ်ပျော်ရာဖြစ်သော ငါသည် သင်တို့အား ဤခရီးတွင် ခရီးဦးကြိုဆိုလိမ့်မည်တော့ မဟုတ်တော့ပါ၊ မိုးကျဧည့်သည်တော်များ…"

လပ်ီးဖောက်သည် မော်ဆရာကြီးပြောသော စကားများကို တစ်ဆင့်ပြန်လည်ပြောပြစဉ် သူမ၏ လည်ချောင်းမှထွက်သောအသံများမှ တုန်ရီနေသည်ဟု ကိုထင်ကျော်က ထင်ရလေသည်။

"ဒီမှာ လပ်ီးဖောက်၊ ကျွန်တော်တို့ဟာ မိုးကျဧည့်သည်တော်တွေ ဖြစ်တဲ့အတိုင်းပဲ ဘယ်သူ့ကိုမှ ကြောက်စရာမရှိပါဘူးလို့ ပြောလိုက်စမ်းပါ၊ ကျွန်တော်တို့ဟာ မိုးသိကြားက လွှတ်ပြည့်ကို စေတမန်အဖြစ်နဲ့ ရောက်လာတဲ့ အလူးဧည့်သည်တွေ ဖြစ်တဲ့အကြောင်းကို ပြောလိုက်စမ်းပါ လပ်ီးဖောက်ရယ်"

ဤသို့ ကိုထင်ကျော်က ပြောလိုက်သောအခါတွင်ကား လပ်ီးဖောက်မှာ ပြုံးပြုံးကလေး ဖြစ်နေတော့သည်။

"အဲဒီလိုပြောလိုက်ရင် မော်ဆရာကြီးက သာပြီးသဘောမကျဖြစ်ဦးမယ်၊ သူတို့စိတ်ထဲက ဒီနယ်ထဲကို ဘယ်လူစိမ်းမှ လာတာကြိုက်တာမဟုတ်ဘူး၊ ဒါက သူတို့အယူပါ၊ နတ်ကိုးကွယ်တဲ့လူတွေဟာ တော်တော်အယူသီးတယ်၊ ဒီတော့ ရှေ့ကို သတိထားသွားရင် သိပ်ကောင်းမှာပဲ"

ဤသို့ လပ်ီးဖောက်က ပြောလိုက်သဖြင့် ကိုထင်ကျော်ရော ပါမောက္ခကြီးတို့ပါ သဘောပေါက်သွားလျက် အိပ်ကြတော့ရန် အာကီဝါး၏ တဲအိမ်ကြီးဆီသို့ ပြန်လာကြလေ၏။ အာကီဝါး၏ အိမ်ကြီးမှာ လရောင်အောက်ဝယ် ထင်ထင်ရှားရှား မြင်နေရသဖြင့် တဲကြီးအဝင်ဝတွင် ချိတ်ဆွဲထားသော ကျွဲခေါင်းကြီးများနှင့် ဆတ်ခေါင်းကြီးများက သူတို့အား ခြောက်၍ပြနေဘိသည့်အလား တုန်လှုပ်စရာ မြင်နေရလေသည်။

ရှေ့ဆုံးမှ ဝင်လာသောသူမှာကား ကိုထင်ကျော် ဖြစ်သည်။ ကိုထင်ကျော်မှာ လပ်ီးဖောက်နှင့် စကားပြောနေခြင်းကြောင့် အတော်ကလေးကြာသွားလေရာ ရုတ်တရက် မိမိ၏ အိပ်ခန်းအဝမှ လူတစ်ယောက်သည် လှစ်ကနဲ ထွက်ပြေးသွားသည်ကို တွေ့လိုက်ရသောကြောင့် ရုတ်တရက် အံ့အားကြီးသင့်နေမိ၏။ အိပ်ခန်းဝသို့ရောက်ရန်မှာ ပေ ၅၀ ခန့် လျှောက်ရဦးမည်ဖြစ်၏။ အမှန်ကတော့ သစ်တုံးများခင်း၍ ဆောက်ထားသောအိမ်မှာ အိမ်ရှည်ကြီးဖြစ်ပြီး အလယ်တွင် လူလျှောက်နိုင်သောလမ်း ပြုလုပ်ထားကာ မျက်နှာချင်းဆိုင် အိပ်ခန်းများကို ဖွဲ့ထားခြင်းဖြစ်၏။ တစ်ခန်းခန်းကို တက်သွားလျှင် ဖြုန်းကနဲ သိနိုင်မည်မဟုတ်ပါပေ။ တဲတန်းလျားကြီးမှာ ပေ ၁၀၀ ခန့် ရှည်လျားပြီး အခန်းတော်တော်များများ ရှိနေခြင်းဖြစ်၏။ လူကြီးဖြစ်သော မိသားစုအခန်းမှာ ထိပ်ဆုံးကနေ၍ အခြားသော နီးစပ်ရာ ဆွေမျိုးသားချင်းများ၊ အခြားအခန်းများတွင် အသီးသီး နေထိုင်ကြခြင်းဖြစ်၏။

မိမိတို့ ရောက်ရှိနေသောအခါတွင်မူကား အာကီဝါးသည် အထူးသီးသန့် ဧည့်သည်တော်ဆော င်များကို ပေးထားသည့်ပြင် တတ်နိုင်သလောက် စားသောက်စရာများကို ကူညီခဲ့သည်။ အနှောင့်အယှက်လည်း မဖြစ်ပေါ်ခဲ့ပေ။

ကိုထင်ကျော်သည် ပြေးသွားကာ မေရီ၏ အိပ်ခန်းသို့ ကြည့်လိုက်ရာ အသက်မှန်မှန်ရှူလျက် အိပ်ပျော်နေသော မေရီကို တွေ့ရပြီးလျှင် ဖြုန်းကနဲထွက်၍ သတင်းထောက် ကိုသန်းထိုက်၏ အခန်းကို သွား၍ကြည့်သော



www.burmeseclassic.com

www.burmeseclassic.com

အခါတွင်ကား သတင်းထောက် သန်းထိုက်လည်း သူ၏အိပ်ရာပေါ်ဝယ် ခြင်ထောင်ချပြီး အိပ်လျက်ရှိနေသည်ကို တွေ့ရသောကြောင့်လည်း အစဉ်းစားရ အတော်ကြပ်သွားခဲ့လေ၏။

"အင်း…ငါ့မျက်စိတွေ မှားများနေသလား"

ကိုထင်ကျော်က ရပ်၍တွေးနေစဉ်မှာပင် တစ်စုံတစ်ရာကို သတိရပြီးလျှင်…

"ဪ…လဗီးဖောက်ရေ"

ဟု ခေါ်လိုက်သဖြင့် လဗီးဖောက်သည် ပြေးလွှားရောက်လာပြီး 'ဘာလဲ' ဟု မေးလိုက်သည်။

"နောက်ထပ် ဒီတဲကြီးမှာ ဧည့်သည်တွေ ရောက်လာသေးသလားဟင်"

"ရောက်တယ် ရောက်တယ်၊ ခပ်စောစောကလေးကရောက်ပြီး သူတို့ကို သပ်သပ်အခန်းတစ်ခန်း ပေးလိုက်တယ်"

"နေပါဦး၊ သူတို့က ဘယ်သူတွေတဲ့လဲ"

"တရုတ်ခရီးသည်တွေ ရဝမ်တောင်ကြားက ဖြတ်ပြီးတော့ ဝင်လာကြတဲ့ နယ်လှည့်ခရီးသည်တွေတဲ့၊ တရုတ်လည်း ပါတယ်၊ တခြားလူတစ်မျိုးတွေလည်း ပါလာကြတယ်၊ တချို့ကတော့ ကုလားနဲ့ ခပ်ဆင်ဆင်ပဲ၊ မွန်ဒင်းရွာကတစ်ဆင့် ဒီကိုရောက်လာကြတာပဲ"

"အဲ့အားသင့်စရာပါပဲလား၊ ကျွန်တော်တို့ မသိလိုက်ဘူး"

"ဘယ်သိမလဲ၊ ပါမောက္ခကြီးတော့ သိပါတယ်၊ အစ်ကိုက အိပ်ခန်းထဲမှာ ရောက်နေတာကိုး၊ သူတို့လည်း ပန်းပြီး အိပ်နေကြပြီ"

"အစ်ကိုတို့နဲ့ ဆုံမှ ဆုံတတ်ပလေကွယ်"

ပါမောက္ခကြီးသည် သူ၏အခန်းထဲမှ ထွက်လာပြန်သည်ကို လင်းနေသော ကညင်မီးတိုင်များဖြင့် တွေ့ရ၏။

"ခပ်စောစောက ဧည့်သည်တွေ ထပ်ရောက်နေတယ်ဆိုပါလား ဖေဖေ"

"ဟုတ်တယ်၊ သူတို့အထဲမှာ လူမျိုးရေးရာကို လေ့လာတဲ့ မစ္စတာ ဘီဆင်း' ဆိုတဲ့ ကပြားတစ်ဦးက ခေါင်းဆောင်တယ်၊ သူတို့အထဲမှာပါတဲ့ တရုတ်နဲ့ လူမျိုးတွေကတော့ လမ်းပြရေး ဝါသနာတူရောပဲ"

ဦးထွန်းမြတ်ကျော်သည် ဆေးတံကို မီးညှိသောက်လိုက်လေသည်။

"တရုတ်ပြည်ထဲကလား ဖေဖေ"

"မဟုတ်ပါဘူး၊ ယောင်ကောင်ကနေပြီး တရုတ်ပြည်မြောက်ပိုင်းကို ဖြတ်လာကြတာ၊ ပြီးတော့မှ ဗမာပြည်ထဲကို ဝင်လာကြတယ်၊ ဝင်လာဖို့လည်း သူတို့မှာ ပြည်ဝင်ဗီဇာလက်မှတ်တွေ ပါလာကြတယ်ကွဲ့"

ကိုထင်ကျော်သည် အတန်ကြာစဉ်းစားနေလိုက်ပြီးနောက်ဝယ် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်လေသည်။

"ဒီလိုနိုင်ငံခြားက လူတွေဟာ အုပ်ချုပ်ရေး နယ်နိမိတ် လွတ်ကင်းတဲ့ ဘက်က ဝင်လာတာဟာ တော်တော်အတွေးရကြပ်တာပဲ၊ ဗီဇာလက်မှတ်အတုတွေ လုပ်ပြီးလည်း ဗမာပြည်ကို တိတ်တဆိတ် ဝင်နေကြတဲ့ နိုင်ငံခြားသားတွေကို နောက်မှ တွေ့ရတာရှိသေးတယ်၊ နယ်ခြားကင်းဌာနတွေ မရှိသေးတော့ အဝင်အထွက် လွယ်ကူနေကြတာပဲပေါ့ ဖေဖေ"

"နောက်တော့ တဖြည်းဖြည်း သူတို့ပြဿနာ ရှင်းလာလိမ့်မပေါ့ကွာ၊ ဒါပေမဲ့ ဖေဖေတို့မှာ ဒီအချိန်က စပြီးတော့ အန္တရာယ်တွေကိုတော့ ရင်ဆိုင်ဖို့ လိုလိမ့်မယ်ထင်ရတယ်၊ သတိတော့ ထားပေါ့ကွယ် ဟုတ်လား"

ဤသို့ ဦးထွန်းမြတ်ကျော်က ပြောရင်း သူ၏ အိပ်ခန်းဆီသို့ ပြန်၍ သွားရာ အောင်သက်မြိုင်လည်း သူမ၏ သီးသန့်အိပ်ခန်းဆီသို့ ပြန်သွားလေတော့၏။ ကိုထင်ကျော်လည်း လဗီးဖောက်အား နှုတ်ဆက်၍ အိပ်ခန်းထဲသို့ မဝင်မီ လဗီးဖောက်သည် အိုးကြီးတစ်အိုးထဲ ကညင်ရည်များကို ဝါးတိုင်ကြီးထိပ်တွင် မြေအိုးဖြင့်ထည့်၍ ထွန်းထားသော မီးခွက်တွင်းသို့ ကညင်ဆီမှ သစ်သားခွက်ဖြင့် လောင်းထည့်ပေးနေလေသည်။

*(ရှေ့လ ဆက်ရန်)*

မြဝတီ



www.burmeseclassic.com

www.burmeseclassic.com



# ထူးထက်ရှိခိုး အသက်ရှည် ဘုန်းတိုး

— မော်တင်သိန်းဇော်ဇ —

ထက်သန်ထူးကဲ ကြီးမြတ်ခိုင်ကျည်လှသော အတိသက္ကစွသဖွဲ ဂါရဝတရားတို့နှင့် ဗုဒ္ဓနုဿတိတော်မြတ်အဖြစ် နေအိမ်နှင့်ပြင်ပတို့၌ ဝတ်ပြုရှိခိုးကန်တော့သရဖျှာယ်ရွတ်ပွားခြင်း၊ ကပ်လှူပူဇော်ခြင်း၊ ဆုတောင်းအဓိဋ္ဌာန်များတို့ပြုခြင်းများကို ပြုလုပ်ဆောင်ရွက် အားထုတ်ကျင့်ကြံသူတို့အများပင် ရှိကြပါသည်။ ထက်သန်ထူးကဲ ကြီးမြတ်ခိုင်ကျည်လှသော အူတိသက္ကစွသဖွဲ၊ ဂါရဝတရားကြီးစွာတို့နှင့် ဗုဒ္ဓနုဿတိတော်မြတ်ကို ပြုလုပ်ဆောင်ရွက် အားထုတ်ကျင့်ကြံကြသော ထိုပုဂ္ဂိုလ်မွန်တို့အနေနှင့် သာမာန်အများသူငါတို့ထက် အသက်ရှည်ခြင်း၊ အနာရောဂါဝေဒနာ ဥပဒ်ဘေးဆိုးနှင့် အကာလ မရဏဥပစ္ဆေဒ ကံဆိုးကြမ္မာဆိုးတို့မှကင်းလွတ်ခြင်း၊ ဘုန်းကံသြဇာတိက္ကမဂုဏ်ရှိန်များ ပွင့်လန်းတိုးပွားလျက် အောင်မြင်ကြီးပွား ကောင်းစားခြင်း၊ အကုသိုလ် အနိဋ္ဌာရုံ ဒုစရိုက် ဒုက္ခဆိုး သောကဆိုးတို့မှ ကင်းကွာခြင်း၊ လောကဓံတရားများကို ခုသာခံသာရှိခြင်း၊ ဘဝပေးတို့အလိုက် ထူးခြားတိုးတက်ပြောင်းလဲခြင်း စသည့်ကောင်းကျိုးချမ်းသာ အကြောင်းအကျိုးတရား ရလာဒ်ထူးတို့ကို အများအားဖြင့် ခံစား စံစား၍ ရရှိရတတ်ကြပါသည်။ ကြုံကြိုက်၍ လေ့လာတွေ့ရှိရသော ထိုထူးကဲကြီးမြတ်သော ဗုဒ္ဓနု ဿတိမွန်များကို ကျင့်ကြံဆောင်ရွက် အားထုတ်ကြအပ်သော ပုဂ္ဂိုလ်မွန်အချို့ကို အကျဉ်းမျှ တင်ပြပါမည်။ ကိုယ်တွေ့နှင့် အတ္တနောမတိတို့အရ ဂါရဝမွန်နှင့် လေးမြတ်



www.burmeseclassic.com

www.burmeseclassic.com

စွာ တင်ပြအပ်ပါသည်။

ကြည်ညိုညွှတ်ကျိုးအပ်သော ထိုပုဂ္ဂိုလ်မွန်တို့အနက် ပထမအနေနှင့် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သူသည် သူ၏ တစ်သက်တာ၌ တစ်နှစ်ပြီးတစ်နှစ် ဆိုသလို နိစ္စဓူဝ ပင်တိုင်အမြဲထုံနှင့် အလေ့အကျင့် နုသဿတိဘာဝနာစရဏမွန်တစ်ရပ်အဖြစ် နေ့စဉ် နံနက်အရုဏ်ဦးချိန်ခါတိုင်း၌ သူ၏နေအိမ်ရှိ ဘုရားရုပ်ပွားတော်မြတ်တို့အား နှစ်စဉ် ပြက္ခဒိန်သွားအရ သူ၏ ရောက်ရှိရာ ရောက်ဆဲအသက်တာ၏ အရေအတွက်သင်္ချာအကြိမ်ရေအတိုင်း သောက်တော်ရေခွက်ငယ်ကလေးတို့နှင့် သောက်တော်ရေအဖြစ် ပူဇော်ကပ်လှူ၍ အပင်ပန်းခံကာ ရှိခိုးကန်တော့ ဝတ်ပြုလေ့ရှိတတ်ပါသည်။ နေ့မိုးဆောင်းမဟူ နေ့စဉ်မပျက်စတမ်းမျှ ပူဇော်ကပ်လှူခဲ့ပါသည်။ တစ်နေ့ နံနက်၌ ထိုပုဂ္ဂိုလ်၏ နေအိမ်သို့ ကြုံကြိုက်ရောက်ရှိခဲ့ရကာ တင်ပြပါအတိုင်း အသက်တာနှင့်အမျှ သောက်တော်ရေကပ်လှူပူဇော်၍ ဝတ်ပြုရှိခိုးကန်တော့နေသော ထိုပုဂ္ဂိုလ်ကြီးနှင့် သောက်တော်ရေကပ် မွန်မြတ်သော မြင်ကွင်းမှန်ကို ရိုကျိုးလေးမြတ် ကြည်ညိုလှစွာနှင့် မြင်တွေ့လေ့လာခွင့်ရခဲ့စဉ် ထိုနှစ်ကာလရက်တာနေ့ရက်တို့၌ ထိုပုဂ္ဂိုလ်ကြီးမှာ အသက် ၇၀ ကျော်နှင့် ၈၀ တွင်းရှိပုံရကာ သူ၏ ထိုအသက်တာ အသက်၏အရေအတွက် အကြိမ်ရေအတိုင်းပင် သောက်တော်ရေ အစီအရီ ခွက်ငယ်ကလေးတို့နှင့် ထွတ်မြတ်စွာ ခွက်ပေါင်း ၇၀ ကျော်မျှ ကပ်နေပုံကိုလည်း လေ့လာသတိချပ် မှတ်သားရလျက် တွေ့မြင်ခဲ့ရပါသည်။ ထိုပုဂ္ဂိုလ်ကြီးမှာ အသက်အရွယ် ကြီးရင့်ပြီဖြစ်သော်လည်း အထူးပင် ကျန်းမာဖျတ်လတ် သန်စွမ်းနုပျိုလျက် တရားဘာဝနာတို့နှင့် ကောင်းမှုကုသိုလ်ကြီးများကို ဆောင်ရွက်အားထုတ် ဆောင်ရွက်ဆဲပင် ယနေ့ထိရှိ၍နေသည်ကိုလည်း ရိုကျိုးလေးစားစွာနှင့် တွေ့မြင်ခဲ့ရပါသည်။

ထို့အတူ ဒုတိယအနေနှင့် ပုဂ္ဂိုလ်ကြီးဖြစ်သူတစ်ဦးသည် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော်လည်း အထက်တင်ပြပါ ပုဂ္ဂိုလ်ကြီးကဲ့သို့ ဆင်တူပင်ဆိုသည်။ တစ်သက်တာ၌ တစ်နှစ်တစ်ခါမျှ အထူးသဖြင့် ဖြေလ၌ နေအိမ်မှအခြား ပြင်ပရပ်ဝေးရှိ ဘုရားစေတီဂူပုထိုးတော်မြတ်များဆီသို့ အချိန်၊ ငွေကြေးနှင့် လုပ်အားစိုက်ထုတ်ကာ ကြီးမားထက်သန်လှသော အတိသက္ကစွ၊ သဒ္ဓါဂါရဝတရား၊ စိတ်အာရုံ ဖွဲ့လုံ့လမွန်တို့နှင့် အဖော်မပါ တစ်ဦးတည်း အပင်ပန်းခံကာ တစ်ကူးတစ်ကန့်မျှ သွားရောက်လျက် ထိုနှစ်ကာလများရှိ သူ၏ရောက်ဆဲဖြစ်သော အသက်တာပိုင်း၏ အရေအတွက်တို့နှင့် အတိအညီအမျှ ဗုဒ္ဓရုပ်ပွားတော်မြတ် အဆူဆူတို့ကို အဓိဋ္ဌာန်နှင့် ရည်စူးလျက် ပင့်လျက် ဆွမ်းတော်၊ ပန်းတော်၊ ခဲဘွယ်ဘောဇဉ်တို့အား နှစ်စဉ်မျှ ကပ်လှူပူဇော်လေ့ရှိတတ်ခြင်း ရှိသည်ကိုလည်း ရိုကျိုးလေးစားစွာနှင့် နာကြားသိရှိ လေ့လာခဲ့ဖူးပါသည်။ ထိုပုဂ္ဂိုလ်ကြီး ဖြစ်သူမှာလည်း အသက် အရွယ်အားဖြင့် ၇၀ နှင့် ၈၀ ကျော်ခန့်မျှ ရှိပုံရသော်လည်း အထူးပင် ကျန်းမာဖျတ်လတ် သန်စွမ်းနုပျိုလျက် တရားဘာဝနာတို့နှင့် ကောင်းမှုကုသိုလ်ကြီးများကို ဆောင်ရွက်အားထုတ် ဆောင်ရွက်ဆဲပင်ရှိနေသလို နှစ်စဉ် ဖြေလ၌ မပျက်ဘဲ ထိုတင်ပြပါ သူ၏ကြီးမြတ်သော အဓိဋ္ဌာန်ပုဒ္ဓနုဿတိတော် ရပ်ဝေးသွား ဘာဝနာစရဏမွန်ကိုလည်း ဆောင်ရွက်ကျင့်ကြံဆဲ ဆက်လက်၍ မပျက်တမ်းအားထုတ်ဆဲဖြစ်သည်တို့ကိုလည်း တွေ့မြင်သိရှိခွင့်ရခဲ့ပါသည်။ ရိုကျိုးလေးစားစွာနှင့် တွေ့မြင်ကြည်ညိုခဲ့ရပါသည်။

တတိယအနေနှင့် နောက်ပုဂ္ဂိုလ်တစ်ဦး ဖြစ်သူကတော့ သူ၏နေအိမ်နှင့် ပြင်ပတို့၌မဟူ ဆိုသလို ဗုဒ္ဓနုဿတိတော်မြတ်အဖြစ် ရှိခိုးကန်တော့ ဝန်ပြုသည့်အခါတိုင်း၌ အထက်တင်ပြပါ ရိုကျိုးကြည်ညို လေးမြတ်အပ်ပါသော ပုဂ္ဂိုလ်ကြီးများကဲ့သို့ပင် ဆင်တူသလိုပင်ရှိရာ ရောက်ရှိရာတို့၌ သူ၏ ရောက်ရှိဆဲအသက်တာ အသက်၏အရေအတွက် အကြိမ်အရေအတိုင်းမျှ အိမ်ကြမ်းပြင်နှင့် ဘုရားစေတီပုရဂုဏ်၏ ရင်ပြင်တော်မြတ်တို့၌ ဝပ်တွားခယ၍ ဦးခေါင်း၊ နဖူးပြင်၊ ဆံစတို့နှင့် ထိစပ်၍ အတိသက္ကစွ သဒ္ဓါဂါရဝ ကြည်ညိုမှုကြီးစွာတို့နှင့် ညွှတ်ကျိုးဝပ်တွားစွာ ကန်တော့ရှိခိုးဝတ်ပြုလေ့ရှိတတ်သည်ဟု လေ့လာသိရှိရပါသည်။ တစ်နေ့နံနက်ပိုင်းအချိန်တစ်ချိန်၌ တင်ပြပါအတိုင်း စေတီတော်မြတ်ကြီး တစ်ဆူတော်အား သူ၏ ရောက်ရှိဆဲ အသက်တာအရေအတွက်အတိုင်း အကြိမ် ၇၀ ကျော်မျှ ရှိခိုးကန်တော့ဝတ်ပြုနေသည်ကို အမှတ်မထင်မျှ ကြုံကြိုက်စွာ တွေ့မြင်ရခဲ့စဉ် စိတ်ဝင်စားမိကာ သူ့အား ချဉ်းကပ်လျက် စူးစမ်းမေးမြန်း လေ့လာမိခဲ့ရာမှ ထက်သန်နက်နဲလှသော ဗုဒ္ဓနုဿတိသူ၏ ရှိခိုးဝတ်ပြုမှုတစ်ရပ်ကို လေ့လာသိရှိခဲ့ရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စတုတ္ထအနေနှင့် ဆရာသခင်မြတ်ပညာရှင် ကျမ်းပြုဆရာတစ်ဦး၏ ကျမ်းစာဖေလာ ကြီးမြတ်သော သြဝါဒစရိယမွန်လာအား နာယူမှတ်သားချက်အရ အလွန်အထူးမျှကြည် ညိုဖွယ်၊ နာယူကျင့်သုံးကိုးစားဖွယ် အတုယူဖွယ်ကောင်းလှပါသော ရွှေဘုန်းတော်သခင် မြတ်စွာဘုရားရှင်တို့နှင့် ကြွင်းကျန်ရစ်အပ်သော ဓာတ်တော် မွေတော်ဌာပနာတော် အသရီမြတ်တော်တို့ ကိန်းဝပ်ရာ စေတီပုထိုးဘုရားရုပ်ပွားတော်မြတ်တို့အား တစ်စေတီတော်မျှမကျန်နှင့် တစ်ဆူတော်မှ မကျန်တို့အား ဦးခိုက်ရှိခိုး ကန်တော့ပါ၏ဟူသော ဗုဒ္ဓနုဿတိ ဘုရားရှိခိုးကန်တော့စာချိုး စာသားမှန်များ နာယူပန်ဆင် ကိုးကွယ်ပြီး ဘုရားရှိခိုး ဝတ်ပြုသောပုဂ္ဂိုလ်တစ်ဦးဖြစ်သူကို တစ်နေ့တာ ကြုံကြိုက်ရခဲ့၍ ချဉ်းကပ်ပြီး စူးစမ်းလေ့လာခဲ့မိပါသည်။

ထိုနေ့က ထိုပုဂ္ဂိုလ်ဖြစ်သူ၏ ဗုဒ္ဓနုဿတိ ရှိခိုးကန်တော့ သာယာလှသော စာချိုးစာသား လင်္ကာမွန်အား စာရေးသူက မမှတ်မထင်မျှ ရုတ်တရက် လျှပ်တစ်ပြက်မျှကြားလိုက်ရစဉ်၌ အလွန်တရာမျှပင် နှလုံးစိတ်ဝမ်းမှ ရိုကျိုးကြည်ညို နှစ်ခြိုက်ဝင်စား နှစ်ခြိုက်မိလွန်း၍ တက်ကြွနိုးကြားမှုတို့နှင့် သူ၏ ရှိခိုးကန်တော့ ရွတ်ပွားသံဖြစ်သော အဆိုပါ တစ်စေတီမျှမကျန် တစ်ဆူတော်မျှမကျန် ကန်တော့စာချိုး စာသားလင်္ကာမွန်အား အထူးတလည်မျှကြည်ညိုရိုကျိုး နှစ်ခြိုက်မိပါကြောင်းကို ထိုပုဂ္ဂိုလ်အားပြောကြားအသိပေး ရင်ဖွင့်မိရာတွင် ထိုပုဂ္ဂိုလ်က "ဟုတ်လှပါတယ်။ အဲဒီကန် တော့ရှိခိုးရာ စာချိုးစာသားကို ကျွန်တော်လည်း စာမဂ္ဂဇင်းတစ်အုပ်ထဲက ကူးထားတာ။ ရထားတာ။ ရေးတဲ့ မူရင်းပညာရှင် စာရေးဆရာကြီးရဲ့ ဂုဏ်ကျေးဇူးက ကြီးမားလှပါတယ်။ အမှန်အတိုင်း ဝန်ခံရရင်ကျွန်တော် အရင်နောက်ပိုင်းတုန်းက ဘုရားရှိခိုး ကန်တော့ဝတ်ပြုရင် သာမန်ပါပဲ။ အဲဒီ တိကျပြည့်စုံ နက်နဲသေချာကြီးမြတ်တဲ့ ရှိခိုးကန်တော့စာချိုး စာသားကို ရပြီးတဲ့နောက်မှာတော့ ဘုရားရှိခိုး ဝတ်ပြုကန်တော့ရင် အဲဒီကန်တော့စာချိုးစာသားမွန်ကို စံထားအတုယူ ကိုးကွယ်လို့ ကန်တော့ပါတယ်။ ရွတ်ပွားပါတယ်။ ဗုဒ္ဓနုဿတိရဲ့ တန်ခိုးဘုန်းတော်နဲ့ ကျေးဇူးတော်တို့က အထူးပဲ ကြီးမားလှပါတယ်။ နောက်ပိုင်းမှာ အကျိုးပေးကောင်းတွေ ထူးခြားလာ၊ ခံစားလာခဲ့ရပါတယ်။ တိုးတက်သိသာ မွင့်လာခဲ့ပါတယ်"ဟု စာရေးသူအား အားတက်သရော၊ ဖက်လဲတကင်း၊ ဝမ်းပန်းတသာနှင့် ပြောပြအသိပေးပါသည်။

အထက်တင်ပြအပ်သော ရောက်ဆဲအသက်အရေအတွက်နှင့် သောက်တော်ရေကပ်လှူသော ကြည်ညိုညွတ်ကျိုးအပ်သည့် ပုဂ္ဂိုလ်ကြီး၊ နှစ်စဉ် ဟစ်နှစ်တစ်ခါ ပုံမှန်မပျက်မကွက်မျှ ဘုရားစေတီပုထိုးတော်များသို့ သွားရောက်ဖူးမျှော်ပြီး ရောက်ဆဲအသက်အရေအတွက်နှင့် အမိဋ္ဌာန်ပြုပြီး ရုပ်ပွားတော်မြတ်အဆူဆူတို့အား ဘက်စုံမျှ ကပ်လှူပူဇော်သော ကြည်ညိုညွတ်ကျိုးအပ်သည့် ပုဂ္ဂိုလ်ကြီး၊ နေအိမ်နှင့် ပြင်ပတိုင်း၌မဟူပင် ရောက်ဆဲအသက်အရေအတွက်နှင့် အကြိမ်ရေပေါင်းဖြင့် ဝပ်တွားခယရိုကျိုးစွာရှိခိုးကန်တော့ ဝတ်ပြုသော ကြည်ညိုညွတ်ကျိုးအပ်သည့်ပုဂ္ဂိုလ်ကြီး ကြီးမြတ်သော သြဝါဒစရိယမြတ်အား နာယူပန်ဆင်၍ –

တစ်စေတီတော်မျှမကျန်၊ တစ်ဆူမျှမကျန်ဟူသည့် ပြည့်စုံရာ ကြီးမြတ်လှသော ရှိခိုးကန်တော့ပန်ဆင်ရာ စာချိုးစာသား လင်္ကာမွန်နှင့် ဝတ်ပြုရှိခိုးကန်တော့ သရဇ္ဈာယ်ရွတ်ပွားသော ကြည်ညိုညွတ်ကျိုးအပ်သည့် ပုဂ္ဂိုလ်ကြီးတို့မှာ တင်ပြပါ ဗုဒ္ဓနုဿတိထူးတို့၏ ကြီးမြတ်အပ်သော တန်ခိုးရှိန်ဖော် အာနုဘော်နှင့် ဂုဏ်ရည် ဝိသေသမွန်အနှစ်သာရတို့ကြောင့် ကျန်းမာချမ်းသာ အနာရောဂါဝေဒနာ ဥပဒ်ဆိုးများ ကင်းစင်အသက်ရှင်လျက် သာသနာပြုဆဲ၊ တရားအားထုတ်ဆဲ ကုသိုလ်ကောင်းမှုတို့နှင့် အများအကျိုး ပရဟိတမွန်တို့ကို ကျင့်ကြံဆောင်ရွက်ဆဲ ကြီးပွားအောင်မြင်၍ အိဋ္ဌာတာ ဘက်စုံများ ကောင်းမွန်ဆဲပင်ရှိနေကြပါသည်။ ရိုကျိုးလေးမြတ်စွာ တင်ပြအပ်ပါ ဗုဒ္ဓနုဿတိများရှင် ထိုပုဂ္ဂိုလ်ကြီးတို့နှင့် တင်ပြပါ ဝတ်ပြုရှိခိုးကန်တော့သည့် ဗုဒ္ဓနုဿတိ စာချိုးစာသား လင်္ကာမွန်ကိုရေးသားအပ်သော ပညာရှင်ဆရာကြီးတို့အား ရိုကျိုးခယလေးမြတ်စွာ ဦးခိုက်ကန်တော့ ဂါရဝပြုလျက် ...။

မော်တင်သိန်းဇော်ဇ



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ခြံမြေနှင့် မြေအိုး

## ဂမ္ဘီရဆရာလှမျိုး(B.Sc)

တစ်နေ့တွင် ကျွန်ုပ်စာရေးသူ ဗေဒင်ဟောပြောရာ နေအိမ်ဟောခန်းသို့ ကြည့်မြင်တိုင်ဘက်မှ အမျိုးသမီး ရောက်ရှိလာပါသည်။ သူမသည် ဗေဒင်ဆရာတစ်ဦးထံ မလာရောက်မီ ဖုန်းဖြင့် လေးငါးခါ ကြိုက်ဆက် သိချင်တာတွေ မေးလေ့ရှိပါသည်။ ဆရာ့ဆီလာခဲ့မယ်။ ဗေဒင်လာတွက်မယ်ဟု သုံးခါလောက် ချိန်းပြီးမှ ရောက်လာပါသည်။

ယနေ့ခေတ်ကာလတွင် ဖေ့စ်ဘုတ်စာမျက်နှာပေါ်တွင် လောကီဂမ္ဘီရပညာအမျိုးမျိုး ရေးသားတင်ပြနေသည်ကို တွေ့မြင်နေရပါသည်။ အချို့လည်း တကယ်တတ်သိသော ပညာရှင်များ ဖြစ်ကြသည်။ အချို့လည်း စာအုပ်တွေ ဖတ်ပြီး လိုင်းပေါ်မှာ ဆရာကြီးတက်လုပ်နေကြသည်။ ဗေဒင်ဝါသနာ မေးမြန်းလိုပါက ဆရာ၊ ဆရာမတစ်ဦးထံ ကိုယ်တိုင်လာရောက် ဆွေးနွေးတာ ပိုကောင်းပါသည်။ မလာရောက်ခင် ထိုဆရာ၊ ဆရာမကြောင်း လေ့လာစုံစမ်းပြီးမှ လာရောက်တာ သူတို့ဘက်မှ ပြုလုပ်သင့်သော အခွင့်အရေး ဖြစ်ပါသည်။ ယနေ့ခေတ် အခြေအနေ ပြန်ကြည့်သောအခါ ဗေဒင်လက္ခဏာအကြောင်းမြေ ခေါင်းစဉ်တပ်ထားပြီး ခာတ်လိုလို၊ နတ်လိုလို၊ အကြားအမြင် ဟောနေသူတွေလည်း ရှိကြပါသည်။ မြှောက်ပင့်၊ ခြောက်လှန့် ဟောနေကြတာလည်း တွေ့ရပါသည်။

သူမမှ စာရေးသူအား "ဆရာ . . . ကျွန်မ အိမ်အမြန်ရောင်းချင်တယ်။ ဓာတ်ရိုက်ဓာတ်ဆင် လုပ်ပေးပါ"ဟု ပွင့်လင်းစွာ ပြောလာပါသည်။ ယခုအခါ ဗေဒင်မေးသူအများစုမှာ မိမိတို့ အနာဂါတ်ထက် အိမ်ခြံမြေကား ရောင်းလိုသူများ ငှားလိုသူများ၊ ဈေးအရောင်းအဝယ်ကောင်းလိုသူ၊ အကြွေးပြန်ရလိုသူ၊ အလုပ်အကိုင် အဆင်ပြေ အောင်မြင်တိုးတက်လိုသူတွေ များပါသည်။ နောင် ၁၀ နှစ်မှာ သူဌေးဖြစ်မှာ၊ ဆင်းရဲမှာ၊ ချမ်းသာမှာတွေ စိတ်မဝင်စားကြပေ။

ကျွန်ုပ်လည်း သူမမွေးသက္ကရာဇ်ကိုမေးပြီး ဗေဒင်တွက်လိုက်သည်။ အင်္ဂါ၊ ဗုဒ္ဓဟူးသက်ရောက် ဖြစ်နေ၍ အိမ်ထွက်ကိန်းတော့ရှိသည်။ လိုချင်သောဈေး ရချင်မှရမယ်။ ကာလပေါက်ဈေးထက် လျှော့ရောင်းရမယ့်အနေအထားဖြစ်နေကြောင်း ဟောဆိုလိုက်ပါသည်။ အိမ်မှာ သူ၏အမျိုးသား ရှိသော်လည်း သူမ၏အမည်ပေါက်ဟုဆို၍ အိမ်ထောင်ဦးစီး နေ့နံကိုသာယူ၍ တွက်ချက်ပေးလိုက်ပါသည်။ အိမ်ထောင်ဦးစီးဖြစ်စေ၊ အိမ်ရှိ တန်ဂံနွေသား အကြီးအကဲတစ်ဦးဦး မထိခိုက်စေရန် ဦးစွာပထမ နဝင်းယတြာချေထားပေးပါသည်။ သူမလည်း နဝင်းပွဲလှူ နဝင်းယတြာ ချေချင်သည်ဟုဆို၍ တစ်ခါတည်း စီစဉ်ပေးလိုက်သည်။ ထို့နောက် အိမ်ကို မိတ်ဓာတ် ပိတောက်၊ ပိန္နဲရွက် တစ်မျိုးမျိုး ၂၉ ညွှန့်၊ ၂၉ ရွက်နှင့် ရိုက်နိုင်းလိုက်ပါသည်။

တစ်ပတ်ကြာသောအခါ အိမ်ဝယ်သူ လာမေးသည်ဟု ဆိုသော်လည်း အရောင်းအဝယ်မဖြစ်သေး။ မတည့်သေးကြောင်း ဖုန်းဆက်လာပါသည်။ ကျွန်ုပ်လည်း နဝင်းယတြာ သုံးကြိမ်ပြည့်အောင် ချေပေးလိုက်သည်။

သူမမှ "အိမ်က ကျွန်မမိဘပိုင်အိမ်ပါ ဆရာ။ စီးပွားရေးအဆင်မပြေလို့ ရောင်းရတာ။ စိတ်ကတော့ မရောင်းချင်ပါဘူး"ဟု ပြောဆိုလာပါသည်။ ကျွန်ုပ် ဗေဒင်ဆရာလည်း သဘောပေါက်သွားပါသည်။

ထို့နောက် အောက်ပါအိုးနှင့် တွဲလုပ်ရသော ယတြာကို ချေခိုင်းလိုက်ပါသည်။ သူမလည်း စာရေးသူပြောသည်ကို သေချာလိုက်မှတ်ပါသည်။

"ရောင်းမယ်ဆိုတဲ့တိုက်၊ အိမ်ခြံမြေရဲ့ အိမ်နံပါတ်လမ်း၊ ရပ်ကွက်ကို စာရွက်အလွတ်တစ်ခုမှာ ရေးပါ။ ရေးပြီးတဲ့စာရွက်ကို ညကျရင် အိမ်ရှင် မနိုင် အိပ်တဲ့အောက်မှာ တစ်ညထားအိပ်ပါ"

"ခေါင်းအုံးအောက် ထားအိပ်လို့ရလားဆရာ"

"ရပါတယ် အဆင်ပြေသလိုထားပါ။ ဒါကတော့ ပထမ ပြုလုပ်ရမယ့် အလုပ်။ ဒုတိယကတော့ တာ



www.burmeseclassic.com

www.burmeseclassic.com

အသစ်တစ်လုံးဝယ်။ (သကြန်ပန်းထိုးသောတာအိုး) ညအိပ်ထားတဲ့ ရောင်းချမယ်ဆိုတဲ့ စာရွက်လိပ်စာကို ထိုအိုးထဲကို ထည့်ပါ။ ဘုရားစင်ရှေ့မှာ ငါးပါးသီလခံယူပြီး အိုးကိုကိုင် ဒီတိုက်အိမ် နဲ့မြေကို (ဒီအိမ်ခြံမြေ)ကို ကျွန်မ ရောင်းချင်ပါတယ်။ ဒီအိမ်အပေါ်မှာ ဘာမှ စွဲလမ်းမှုမထားပါ။ ဒါ့ကြောင့် ဒီအိမ်ရဲ့ နောက်ထပ် ပိုင်ဆိုင်သင့်တော်သော တိုက်အိမ်ပိုင်ရှင်အသစ်ကို အမြန်ရှာပေးပါ။ ကိုယ့်သခင်ကိုရှာပါဟု ဆယ်ကြိမ် ပြောဆိုလိုက်ပါ''

''အေးဆေးစွာ ပြောဆိုပြီး ထိုအိုးကို မြစ်ချောင်း၊ ရေစီးတဲ့ရေထဲမှာ အိုးကို ရေထဲမျှောလိုက်။ နံနက် ၉ နာရီ မကျော်စေနဲ့''

''ဘယ်နေ့မဆို လုပ်လို့ရလားဆရာ''

''ရပါတယ်''

''တတိယလုပ်ရမယ့်အလုပ်က ကြည့်မြင်တိုင်နတ်မင်းကြီးအတွက် ဖယောင်းတိုင် ၅ တိုင်၊ အမွှေးတိုင်ငါးတိုင် လှူဒါန်းပြီး သခင်အသစ်ကို ရှာပေးပါ။ တပည့်တော်မ ဒါနပြုပါတယ်လို့ပြော။ ၁၀ ရက်အတွင်း အောင်မြင်လိမ့်မယ်။ အောင်မြင်ရင် တပည့်တော်မှ ရွှေတိဂုံစေတီတော်ကြီး အတွက် မီးဆိုင်းမီးမောင်း လုံးတော်ပြည့်မီးတော် တစ်လ တိတိလှူမယ်။ သစ္စာပြုဆုတောင်းမှုပြုလိုက်၊ ဟုတ်ပြီလား''

''ဟုတ်။ မှတ်ထားပါတယ် ဆရာ။ သေချာလုပ်လိုက်ပါ့မယ်''

ဤနည်းဖြင့် မခိုင်ဆိုသူ အိမ်ရောင်းချင်သောကိစ္စ အဆင်ပြေသွားပါသည်။ ဤနည်းသည် ဆရာနတ်မျက်စိ စာအုပ်ထဲမှ မှတ်ထားသော နည်းဖြစ်ပါသည်။ အခြား ယတြာများနှင့်လည်း တွဲ၍ ဆောင်ရွက်၍ရပါသည်။

အချို့က ဆရာ တိုက်အိမ်နဲ့ ရပ်ကွက်ထဲက ခြံမြေနဲ့ အိမ်၊ လုံးချင်း၊ ကွန်ဒိုတိုက်ခန်း ခွဲခြားပြီး လုပ်ရတာလားဟု မေးကြသည်။ ခွဲခြားစရာ မလိုပါ။ အိုးအိမ်အဆောက်အဦး အကုန် တနင်္ဂနွေနံ (၁) ဂဏန်းယူ၍ ပြုလုပ်နိုင်ပါသည်။

အချို့ အုန်းသီးအခွံခွာပြီး ထိုအုန်းသီးပေါ်တွင် ဩ အက္ခရာရေးကာ ဖယောင်းတိုင်မီး ခြောက်ရက်ထွန်းပြီး အိမ်ရောင်းထွက်ရန် ဆောင်ရွက်ကြသည်။ တနင်္ဂနွေနံ အုန်းသီး၊ အုတ်၊ အိုးတို့ကို အသုံးပြုထားကြပါသည်။

အထက်ပါအိုး ရေမျှောယတြာကို ယုံကြည်စွာလုပ်ကြပါရန် အကြံပြုလိုက်ပါသည်။ ဆရာနတ်မျက်စိက အိမ်ရောင်းထွက်၍ ကားနှင့်လာကန်တော့သည်ဟု ရေးထားသည်။ စာရေးသူ ပြုလုပ်ပေးလိုက်သော မခိုင်ဆိုသူကတော့ ရောင်းထွက်သွားပြီးရင် လာကန်တော့မယ်ဟု ပြောဆိုကာ ပြန်ပေါ်မလာတော့ပေ။ တစ်လကျော်ကြာသောအခါ အိမ် ရောင်းထွက်၍ အကြွေးတွေဆပ်နေရကြောင်း ပြောဆိုလာပါသည်။

## မြေရောင်းထွက်ရန် အိုးအစီအရင်

မြေအိုးတစ်လုံးတွင် ရောင်းမည့်မြေထည့်ပါ။ မှန်ကွဲ၊ ပဲပင်ပေါက်၊ ပေါက်ပေါက်ထည့်ပါ။ မြေတူးထားတဲ့ နေရာမှာ မြေဖြူမှုန့် ဖြူးပေးထားပါ။ ရောင်းမည့်မြေ အလယ်တစ်နေရာမှာ မြေတူးထားပါ။

မြေအိုးက တစ်ပေရှိပါက မြေကိုလည်း တစ်ပေသာသာ တူးပါ။ အိုးကို မြေကြီးထဲ ထည့်ပြီးသောအခါ ပဲပင်ပေါက်များ အိုးပေါ်ဖြူးပြီး မြေပြန်ဖို့ပါ။ မြေဖို့ထားသောနေရာတွင် မြေဖြူဖြင့် 'မ'အက္ခရာကိုရေးပါ။ မြေအမြန်ရောင်းထွက်ပါစေဟုပြောပြီး ရေးပါ။ အင်္ဂါသားသမီးတစ်ဦးဦး ပြုလုပ်လျှင် ပိုမြန်သည်။ အစိက ရေးနေစဉ် ဤမြေကြီး ဈေးကောင်းဈေးမှန်ရ၍ အမြန်ဆုံးရောင်းရစေ၊ ရောင်းထွက်ပါစေဟု ပြောရပါမည်။ ပြီးလျှင် ဝသုန္ဒြေမြေစောင့်နတ်မင်းကို အာရုံပြု၍ ဖယောင်းတိုင် အမွှေးတိုင် တစ်တိုင်စီ ပူဇော်ဆုတောင်းပါ။ တစ်လအတွင်း ရောင်းထွက်စေသည်။ အတွက် နက္ခတ်နေ့ ပိုကောင်းပါသည်။

**နေ့နှင့် အထွက်နက္ခတ်**

တနင်္ဂနွေနေ့ လဆန်း ၃၊ ၁၂၊ လဆုတ် ၃။ တနင်္လာနေ့ လဆန်း ၇၊ ၁၄၊ လဆုတ် ၁၂။ အင်္ဂါနေ့ လဆန်း ၃၊ ၄၊ ၁၂၊ လဆုတ် ၃၊ ၁၀။ ဗုဒ္ဓဟူးနေ့ လဆန်း ၂၊ ၈၊ လဆုတ် ၁၊ ၇။ ကြာသပတေး လဆန်း ၆၊ ၁၃၊ လဆုတ် ၅၊ ၁၀။ သောကြာနေ့ လဆန်း ၃၊ ၁၀၊ လဆုတ် ၂၊ ၈၊ ၁၃။ စနေနေ့ လဆန်း ၅၊ ၁၂၊ လဆုတ် ၇၊ ၁၃။

ပြက္ခဒိန်ကြည့် ဆောင်ရွက်ပါ။ မြန်မာလဆန်း ၃ ရက်၊ ၁၂ ရက် တနင်္ဂနွေနေ့နှင့် တိုက်ဆိုင်သောနေ့ (သို့) လဆုတ် (လပြည့်ကျော်) ၃ ရက်နှင့် တိုက်ဆိုင်ပါက ထိုနေ့သည် အထွက်နက္ခတ်နေ့ဖြစ်သည်။ အိမ်ခြံမြေ ရောင်းလိုသော၊ ထွက်စေလိုသော ယတြာအစီအရင် ဆောင်ရွက်နိုင်ပါသည်။

အိမ်ခြံမြေနှင့် မြေအိုး ၁၅၊ ၅၁ ကက်ကင်းဓာတ် မိနေပါသည်။ ထို့ကြောင့် မြေအိုးပါသောယတြာ ပို၍အစွမ်းထက်စေသည်ဟု ဆိုရပါတော့မည်။

ဂမ္ဘီရဆရာလှမျိုး (B.Sc)



www.burmeseclassic.com

www.burmeseclassic.com

# စင်နက္ခတ်ကို သိရှိရန်

✦ ဆရာဦးမောင်မောင်မြင့်

ကျွန်ုပ်တို့ မြန်မာ့ရိုးရာ နက္ခတ်အခြေခံတို့တွင် အရေးပါ အရာရောက်သော စင်နက္ခတ်ကို သိရှိနားလည်နိုင်ကြစေရန် တွက်နည်းကို ရေးသားလိုက်ရပေသည်။

မှတ်ချက် ။ ။ မြန်မာ့သံဒိဋ္ဌကျမ်း၊ ကျွန်ုပ်မြန်မာနိုင်ငံ၌ သံဒိဋ္ဌ ငါးမျိုးရှိပါသည်။

၎င်းသံဒိဋ္ဌတို့တွင် (၁) ဆရာကြီး ဦးလုမောင်၊ (၂) ၎င်း၏သား ဆရာဦးမိုးလှ၊ (၃) ဆရာကြီးကာလာစံ၊ (၄) ဆရာကြီးဦးမိုလ်ထွေး၊ (၅) ဆရာကြီးဦး ကျော်ငြိမ်းတို့ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့ကြိုက်နှစ်သက်ရာ သံဒိဋ္ဌတစ်မျိုးမျိုးတို့ ကိုင်ဆောင်ထားရပါမည်။ တစ်နှစ်တစ်ကြိမ် ထုတ်ပါသည်။ ထိုသံဒိဋ္ဌပြက္ခဒိန်မှ တနင်္ဂနွေဂြိုဟ်စည်းကို ထုတ်၍ တွက်ရပေမည်။ အလွန်တန်ဖိုးမြင့်သော ရိုးရာတွက်နည်းဖြစ်ပါ၍ သေသေချာချာဖတ်၍၊ သေသေချာချာ မှတ်ထားကြပါ။ မိမိအလိုရှိသောနေ့ အလိုရှိသောအချိန်တို့၏ တနင်္ဂနွေဂြိုဟ်စင်ကို သံဒိဋ္ဌပြက္ခဒိန်မှ ထုတ်ယူ၍ တွက်ရပေမည်။

မှတ်ချက် ။ ။ သံဒိဋ္ဌပြက္ခဒိန်သည် ကောင်းကင်မှ သန်းခေါင်ချိန် ဂြိုဟ်၊ နက္ခတ်တို့ သွားလာခြင်းတို့ကို တွက်ထားသော ပြက္ခဒိန်ဖြစ်သောကြောင့် ၎င်းပြက္ခဒိန်မှ တနင်္ဂနွေဂြိုဟ်စင်ကို တည်၍တွက်ရပေသည်။

ဥပမာ - ၁၃၇၈ ခု၊ ဝါဆိုလဆန်း ၂ ရက် တနင်္ဂနွေဂြိုဟ်စင်ကို ထုတ်၍တွက်ကြည့်ပါ။

## တွက်နည်း

တနင်္ဂနွေဂြိုဟ်စင်ကို လိတ္တာဖွဲ့ပါ။ ထို့နောက် ၎င်းလိတ္တာကို ၈၀၀ ဖြင့် စားပါ။ ရလဒ်သည် နက္ခတ်ဖြစ်၏။ ၎င်း၏ စားကြွင်းကို ၂၀၀ ဖြင့် စားပါ။ ၎င်း၏ ရလဒ်သည် ပါဒ်ဖြစ်၏။ ၎င်း၏ စားကြွင်းကို ၃ ဖြင့် မြှောက်ပါ။ ထို့နောက် ၆၀ ဖြင့် စားပါ။ ရလဒ်သည် ယဥ္ဇ ဖြစ်၏။ အကြွင်းကို ၂ ဖြင့် စားပါ။ ရလဒ်သည် ဝိယဥ္ဇ ဖြစ်၏။ ထို့နောက်ရရှိထားသော နက္ခတ်၊ ပါဒ်၊ ယဥ္ဇ၊ ဝိယဥ္ဇကို စင်နက္ခတ်ကိုကြည့်ပါ။ ထိုအခါ မည်သည့်နက္ခတ် ဖြစ်သည်ကို သိရပေလိမ့်မည်။

တနင်္ဂနွေဂြိုဟ်စင်

ရာသီ၊ အံသာ၊ လိတ္တာ

```
  ၃     ၁၈    ၄၄
× ၃၀
-----
  ၉၀
+ ၁၈
-----
 ၁၀၈
× ၆၀
-----
၆၄၈၀
+ ၄၄
-----
၅၅၂၄  = လိတ္တာပေါင်း

၈၀၀ | ၅၅၂၄ | ၆ - နက္ခတ်
    | ၄၈၀၀ |
    ------
    |  ၇၂၄ | ၃ - ပါဒ်
၂၀၀ |  ၆၀၀ |
    ------
     ၁၂၄
   ×   ၃
၆၀ | ၃၇၂ | ၆ - ယဥ္ဇ
   | ၃၆၀ |
   ------
      ၁၂
    ×  ၃
၂ |  ၃၆ | ၁၈ - ဝိယဥ္ဇ
      ၂
    ----
     ၁၆
     ၁၆
    ----
      ၀
```



www.burmeseclassic.com

www.burmeseclassic.com

# စင်နက္ခတ်ဇယား

| စင်နက္ခတ် | နက္ခတ်အမည် | ဓာတ် | ကျား/မ နပုန်း | ဒသာဂြိုဟ် | မျိုးနွယ် | ဒသာဂြိုဟ် |
|---|---|---|---|---|---|---|
| ၁ | အဿဝဏီ | မြေ | ကျား | ကိတ် | ဒလိဒ္ဒ | သူခင်းရဲ |
| ၂ | ဘရဏီ | မီး | မ | ၆ ကြာ | သေဋ္ဌ | သူဌေး |
| ၃ | ကြတ္တိကာ | မီး | မ | ၁ နွေ | စောရ | သူခိုး |
| ၄ | ရောဟဏီ | ရေ | မ | ၂ လာ | ရာဇ | မင်း |
| ၅ | မိဂသီ | လေ | မ | ၃ ဂါ | ဒေဝီ | မယ်တော် |
| ၆ | အဒြ | ရေ | မ | ရာဟု | ယက္ခ | ဘီလူး |
| ၇ | ပုဏ္ဏဖုသျှ | ရေ | ကျား | ၅ တေး | အမစ္စ | အမတ် |
| ၈ | ဖုသျှ | မီး | ကျား | စနေ | ဗြဟ္မဏ | ပုဏ္ဏား |
| ၉ | အသလိဿ | ရေ | မ | ၄ ဟူး | သမဏ | ရဟန်း |
| ၁၀ | မာဃ | မီး | နပုန်း | ကိတ် | ဒလိဒ္ဒ | သူဆင်းရဲ |
| ၁၁ | ပြုဗ္ဗဖလဂုနီ | မီး | မ | ၆ ကြာ | သေဋ္ဌ | သူဌေး |
| ၁၂ | ဥတ္တရဂုနီ | မြေ | မ | ၁ နွေ | စောရ | သူခိုး |
| ၁၃ | ဟဿတ | လေ | မ | ၂ လာ | ရာဇ | မင်း |
| ၁၄ | စိတြ | လေ | မ | ၃ ဂါ | ဒေဝီ | မယ်တော် |
| ၁၅ | သွာတိ | လေ | မ | ရာဟု | ယက္ခ | ဘီလူး |
| ၁၆ | ဝိသာခါ | မြေ | မ | ၅ တေး | အမစ္စ | အမတ် |
| ၁၇ | အနုရာဓ | မြေ | ကျား | စနေ | ဗြဟ္မဏ | ပုဏ္ဏား |
| ၁၈ | ဇေဋ္ဌ | မီး | မ | ၄ ဟူး | သမဏ | ရဟန်း |
| ၁၉ | မူလ | ရေ | မ | ကိတ် | ဒလိဒ္ဒ | သူဆင်းရဲ |
| ၂၀ | ပြုဗ္ဗာသဠ် | မြေ | မ | ၆ ကြာ | သေဋ္ဌ | သူဌေး |
| ၂၀ | ဥတ္တရာသဠ် | မြေ | ကျား | ၁ နွေ | စောရ | သူခိုး |
| ၂၂ | သရဝဏ် | မြေ | ကျား | ၂ လာ | ရာဇ | မင်း |
| ၂၃ | ဓနသိဋ္ဌ | မြေ | မ | ၃ ဂါ | ဒေဝီ | မယ်တော် |
| ၂၄ | သတ္တဘိသျှ | ရေ | နပုန်း | ရာဟု | ယက္ခ | ဘီလူး |
| ၂၅ | ပြုဗ္ဗဘဒြပိုဒ် | ရေ | ကျား | ၅ တေး | အမစ္စ | အမတ် |
| ၂၆ | ဥတ္တရဘဒြပိုဒ် | ရေ | ကျား | စနေ | ဗြဟ္မဏ | ပုဏ္ဏား |
| ၂၇ | ရေဝတီ | ရေ | မ | ၄ ဟူး | သမဏ | ရဟန်း |

မှတ်ချက် ။ ။ ၎င်းကို တွက်ကြည့်သောအခါ နက္ခတ်သည် စင်နက္ခတ် ၆ လုံး၊ ၃ ပါဒ်၊ ၉ ယဋ္ဌိ၊ ၁၈ ဝိယဋ္ဌိသည် နက္ခတ်တန်ဖိုးအရ နက္ခတ် ၆ လုံးကျော်၍ ပုဏ္ဏဖုသျှနက္ခတ်ဖြစ်၍ အမစ္စ၊ အမတ်ဖြစ်၏။

၎င်းနည်းကို မှီ၍တွက်ကြည့်ကြပါ။

မြန်မာ့ရိုးရာ ဂဏိတ တွက်နည်းပေါင်း မြောက်မြားစွာတို့ကို ဆက်လက်ရေးသားပါဦးမည်။ မြန်မာ့ရိုးရာ နက္ခတ်ပညာများ ထိန်းသိမ်းနိုင်ကြစေရန် ဖြစ်ပါသည်။

ဆရာဦးမောင်မောင်မြင့်
၀၉-၂၅၄၂၃၇၇၄၉



www.burmeseclassic.com

www.burmeseclassic.com

# စပွါယ်ဖူး ဆေးတိုက်မှ အစွမ်းထက်လိမ်းဆေးများ




ဗဟုဓ (Y) ၀၇၄၆၅

## အရိုးကြီးပေါင်းလိမ်းဆေး

ဤဆေးကို သက်ရင်းကြီး၊ ပညာလက်ာအပါအဝင် ထူးခြားအစွမ်းထက်သော တိုင်းရင်းဆေးစစ်ဆေးမှန်များဖြင့် စီမံဖော်စပ်ထားသော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

လည်ပင်းကျိုးပေါင်း၊ ခါးဆစ်ကျိုးပေါင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ခါးကိုက်ခါးနာ၊ လေးဘက်နာဖြစ်ခြင်းကြောင့် အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲခြင်း၊ ဇက်လေးခြင်း၊ ဇက်ကြောတက်ခြင်း၊ ကြောပြင်တစ်ဝိုက် နာကျင်ကိုက်ခဲခြင်း၊ ဇက်ကြောနာကျင်ခြင်း၊ ဇက်ကြောထိုးခြင်း၊ ခေါင်းတစ်ခြမ်း ခေါင်းကိုက်ဝေဒနာများ၊ ခြေလက်ထုံကျင်ခြင်း၊ လက်မောင်းကြောရှိုး၊ တင်ပဆုံနှင့် ပေါင်ကိုက်ခြင်း၊ ရင်သားနှင့် ရင်ဘတ်မအောင့်ခြင်းနှင့် **'လေဖြတ်ဝေဒနာ'**များအတွက် ထိရောက်လျင်မြန်စွာ ပျောက်စေသည့်အပြင် တရားမထိုင်မီနှင့် အားကစားမလုပ်မီ ကြိုတင်လိမ်းထားခြင်းဖြင့် အကြောများလျော့၍ ပျော့ပျောင်းစေပါသည်။ ဤဆေးကို တိုင်းရင်းပညာ **'အဓေအးနည်း'** ဖြင့် ဖော်စပ်ထားပါသည်။

## ခွဲ့သလိပ်ကြေ ရင်လူးဆေး

ဗဟုဓ (Y) ၀၇၄၆၄




ဤခွဲ့သလိပ်ကြေ ရင်လူးဆေးသည် လူကြီး၊ ကလေး အသက်အရွယ်မရွေး အသုံးပြုနိုင်သည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

ချွဲထ၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ သလိပ်ပုပ်ထ၊ ကြက်ညှာချောင်းဆိုး၊ ချွဲပူထ၊ လည်ချောင်းယား၊ ချွဲသံကြား၊ အစာမကြေ ဗိုက်အန်၊ ရင်ပြည့်၊ ရင်ကယ်၊ အဆုတ်ပွ၊ အဆုတ်အအေးမိခြင်း၊ ဝမ်းဖောဝမ်းရောင်၊ ဗိုက်အောင့်၊ ဗိုက်ပူနံကား၊ လေပြင်နာ၊ လေဆန်နာ၊ လေထိုးလေအောင့်၊ လေပွလေထ၊ လေနှင့်ဝမ်း မကွဲသော ရောဂါများအတွက် အထူးလိမ်းဆေးဖြစ်ပါသည်။ ထိုဆေးကို လည်ပင်းမှ ဆီးစပ်အထိ တစ်နေ့ နှစ်ကြိမ် လိမ်းပေးပါက ရောဂါကို ယူပစ်သလို ပျောက်ကင်းနိုင်ပါသည်။

ပင်ရင်းဌာန - "စပွါယ်ဖူးဆေးတိုက်"၊ အမှတ်(၆၄)၊ သရဖီလမ်း၊ (၃/က)ရပ်ကွက်၊ မင်္ဂလာဒုံ။

ဖုန်းနံပါတ်များမှာ - ၀၉-၅၁၃၇၅၅၇၊ ၀၉-၅၁၉၇ဂဂဂ တို့ ဖြစ်ပါသည်။ ဤဆေးကို ဆေးဗီမွာန်ဆေးဆိုင် - ရွှေဘုံသာလမ်း(အလယ်ဘလောက်)၊ ဗလီဈေး။ စိန်ကုလား သွေးဆေးဆိုင် - ကုန်ဈေးတန်းလမ်း၊ သိမ်ကြီးဈေးနှင့် ရွှေဘုံသာလမ်းရှိ တိုင်းရင်းဆေးဆိုင်များမှာ ရရှိနိုင်ပါသည်။ အရိုးကျိုးပေါင်းနှင့် လေဖြတ်ဝေဒနာရှင်များရောဂါအမြစ်ဖြတ်လိုလျှင် "တကယ်ထူးတဲ့ စပွါယ်ဖူးဆေးတိုက်" သို့ လာရောက် ဆွေးနွေးကုသနိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - "နံနက်(၉-၁၁)နာရီ၊ ညနေ(၄-ဂ)နာရီအထိ ရှိပြီး အခမဲ့ ဆွေးနွေးနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တာဆာထလ(တိုး)-၁၃၁၂

အဆီကျ အကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်ကာဆ - ၁(စာနယ်ဇင်း)၁၃၀/၀၀၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသား တွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက် တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်က ကြည့်ရင် မနေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေကိုင်သွားဖို့လိုတယ် မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါး ညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း နေါင်းမခဲဆိုတဲ့ စကားရပ်လည်း ရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေး မဟုတ်သလို ဝမ်းမှန်ရုံ သက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ် ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောဆိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ် ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသော အဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်း တစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေး မဟုတ်လို့ နေ့စဉ်မှန်မှန် သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်း ဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - မုံရွာ - ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ် - ၈၂/၃၅၆၊ မေတ္တာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၇၇၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ(၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ(၃၄၇)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကိုရီးယားနိုင်ငံစက်သစ်ကြီးများဖြင့် အထူးစီမံထုတ်လုပ်လိုက်သော

# ကေမ္ဘာ ဆေးတိုက်မှ ဆေးအသစ်များ

၁၁/၂၀၁၁/တဆထထလ/တိုး(၂၅၉)
10 Nov 2011



## ကေမ္ဘာ ပန်းခါးဆေးလုံး

TMR 011961 (0516)

ဆီးချို၊ သွေးချို၊ သွေးတိုး၊
ငှက်ဖျားကြိုတင်ကာကွယ်ဆေး။



## ကေမ္ဘာ တပင်တိုင်မြနန်းဆေးလုံး

TMR 011636 (1215)

အဖုအကျိတ်၊ အနာပေါက်၊ ပြည်တည်နာ၊
မြစ်ပွားနာ၊ အစာအိမ်နာ၊ သားအိမ်အတွင်း
အလုံးအကျိတ် ရောဂါများအတွက် သောက်ဆေး။



## ကေမ္ဘာ ရဲယိုဆေးလုံး

TMR 011510 (1215)

လေထိုး၊ လေအောင့်၊ လေနာ၊ လေးဘက်နာ၊
အကြောအဆစ်ရောင်ရောဂါ သောက်ဆေး၊
ကိုယ်ခံစွမ်းအားတက်၍ နုပျိုလန်းဆန်းစေပါသည်။

ကျန်းမာရေးမြန်မာ့ဆေး **ကေမ္ဘာ** မှအစဉ်ပေး

## ကေမ္ဘာဆေးတိုက်မှ ထုတ်လုပ်သည်။

✽၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၉၅၂၇၇
✽၂၈၊ ဗိုလ်ချုပ်ဈေး (မြောက်ဘက်တန်း အပေါ်ထပ်)၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၇၂၅၆၅၉၊ ၀၁-၂၄၀၉၆၆-လိုင်းခွဲ-၄၁၅

www.burmeseclassic.com

www.burmeseclassic.com

# ဖြစ်တော်စဉ် ၅၅၀ မှ ဒေဝဒတ်သတ် ဇာတ်ငါးဇာတ်

အောင်မြင့်မြတ်(ပြည်ရွှေတို)

"ရုရုနန္ဒိယ၊ ဒဒ္ဒရနှင့် ဓမ္မပါလာ၊ မဟာကပိ၊ တွင်ဘိသညီ၊ ခန္တီဝါဒ၊ နာမပညတ်၊ ဤငါးဇာတ်၌၊ မုန်းလက်တုံကျင်၊ ရှင်ဒေဝဒတ်၊ အသေသတ်၍၊ လူနတ်ဆရာ၊ မသေရရှာသည်၊ ကြင်နာသနားဖွယ်ပါတကား"

အထက်ပါလင်္ကာသည် မုန်တိုင်ပင်ဆရာတော် ပြုစုတော်မူသည့် 'သုံးပုံလှေကားနှင့် သုံးပုံတံတားကျမ်း' လာ ကဗျာလင်္ကာဖြစ်သည်။ ကဗျာလင်္ကာကို ဒေဝဒတ်သတ်သော ဇာတ်ငါးဇာတ်ဟု ခေါင်းစဉ်တပ်ထားပါ၏။ အဆိုပါကျမ်းစာကို ၁၉၆၃ ခုနှစ်တွင် ဟံသာဝတီပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

လင်္ကာအကြောင်းအရာ မရေးသားမီ ကျမ်းပြုဆရာတော်၏ အကြောင်းကို အနည်းငယ် အနည်းငယ်မျှ ပြောင်ပြလိုပါသည်။ ကျမ်းပြုအကျော်အမော် မုန်တိုင်ပင်ဆရာတော်သည် ကုန်းဘောင်မင်းဆက် အမရပူရမြို့တည်နန်းတည် ဘိုးတော်မင်းတြားကြီးလက်ထက်တွင် သားတော် အိမ်ရှေ့ဥပရာဇာကိုးကွယ်၍ မင်းတြားကြီးကိုယ်တော်တိုင် (ဝံသာဝတိလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု)နှင့် (ဝံသာဘိလင်္ကာရ ဝရ မဟာဓမ္မရာဇာဓိရာဇဂုရု)ဘွဲ့တံဆိပ်တော် နှစ်ထပ် ဆက်ကပ်လှူဒါန်းပူဇော်ခြင်းကို ခံယူတော်မူရပါသည်။

ဆရာတော်ကြီး ပြုစုတော်မူခဲ့သည့် ကျမ်းစာများမှာ (၁) သုံးပုံတံချူကျမ်း၊ (၂) သုံးပုံအိပ်ထောင့်ကျမ်း၊ (၃) သုံးပုံလှေကားကျမ်း၊ (၄) သုံးပုံတံတားကျမ်း၊ (၅) စကားပြေကျမ်း၊ (၆) သဒ္ဒါအတက်ကျမ်း၊ (၇) ငါးရာ့ငါးဆယ် စကားပြေဝတ္ထု၊ (၈) သဒ္ဒါကြီးနိဿယ၊ (၉) အဘိဓမ္မတ္ထမေဒနီ၊ (၁၀) ဝိနည်းအဆုံးအဖြတ် စသည်တို့ဖြစ်ပါသည်။ အဆိုပါ သုံးပုံလှေကားနှင့် သုံးပုံတံတားကျမ်းမှာ အမှတ်စဉ် (၃) နှင့် (၄) ကို တစ်ပေါင်းတည်း ရိုက်နှိပ်ထားခြင်း ဖြစ်ပါသည်။

ကဗျာလင်္ကာမှာ ဂေါတမမြတ်စွာဘုရား အလောင်းတော်၏ ဖြစ်တော်စဉ်ပေါင်း ၅၅၀ ဒေဝဒတ်သတ်၍သေရသော ဇာတ်ငါးဇာတ်ကို ရွေးချယ်၍ လင်္ကာဖွဲ့ဆိုထားခြင်းပင်ဖြစ်၏။ ဤငါးဇာတ်မှတစ်ပါး အခြားသော ဇာတ်တို့၌ ဒေဝဒတ်သတ်၍ မရနိုင်ဟု ဆိုလိုပါသည်။ ယင်း ငါးဇာတ်မှာ (၁) ရုရုနန္ဒိယဇာတ်၊ (၂) ဒဒ္ဒရဇာတ်၊ (၃) ဓမ္မပါလဇာတ်၊ (၄) မဟာကပိဇာတ်၊ (၅) ခန္တီဝါဒီဇာတ်တို့ ဖြစ်လေသည်။

(၁) ရုရုနန္ဒိယဇာတ်မှာ ဇာတ်အဋ္ဌကထာ ဒုကနိပါတ်တော်၌လာ၏။ ဇာတ်လမ်းအကျဉ်းချုပ်မှာ ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်းလက်ထက် ဘုရားအလောင်းတော်သည် မဟာနန္ဒိယမျောက်မင်း ဖြစ်ခဲ့လေ၏။ ညီဖြစ်သူမှာ ရုရုနန္ဒိယဟု ခေါ်၏။ မိခင်မျောက်အိုမကြီးကို ပြုစုလုပ်ကျွေးကာ ညောင်ပင်တစ်ပင်ကို အမှီပြုကာ နေထိုင်ကြလေ၏။ ဘစ်နေ့သည်၌ ဒေဝဒတ်အလောင်း မုဆိုးရောက်ရှိလာပြီးလျှင် မျောက်သား အမိသုံးကောင်ကို သတ်ဖြတ်ခဲ့လေသည်။

(၂) ဒဒ္ဒရဇာတ်မှာ ဇာတ်အဋ္ဌကထာ နဝကနိပါတ်၌ လာ၏။ ဇာတ်လမ်းအကျဉ်းချုပ်မှာ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားအလောင်းတော်ခါ ဒဒ္ဒရမင်းသည် ဟိမဝန္တာဘော၌ နေလေ၏။ ဗာရာဏသီပြည်မှ ဒိသာပါမောက္ခဆရာကြီးသည် မြို့တွင်း၌ မနေလိုသဖြင့် တပည့်များကို ဟိမဝန္တာသို့ ခေါ်ယူ၍ ဘုရားအလောင်းတော် ခါမင်း၏ နေရာအနီး၌ ကျောင်းဆောက်၍ ဗေဒင်ပညာများ သင်ကြားပေးလေသည်။ ထိုကျောင်းအနီး၌ ဖွတ်မ၊ ကျားနှင့် ခြင်္သေ့တို့လည်း နေထိုင်ကြ၏။ ဖွတ်မ၌



www.burmeseclassic.com

www.burmeseclassic.com

သားနှစ်ယောက်ရှိ၏။ ဘုရားအလောင်းတော် ခါမင်းသည် ဆရာနှင့် တပည့်တို့၏ ဗေဒင်ရွတ်ဖတ်သရဇ္ဈာယ်သံကို နေ့စဉ်မပြတ် ကြားနေရသဖြင့် အလိုလို တတ်မြောက်နေလေ၏။ နောင် ဆရာကြီးကွယ်လွန်သွားသောအခါ ခါမင်းသည် တပည့်လုလင်တို့အား ဗေဒင်ပညာ သင်ကြားပေးရလေ၏။ တစ်နေ့သောအခါ တပည့်လုလင်တို့သည် မြို့တွင်း၌ ပွဲလမ်းသဘင်ကြည့်ရှုလိုသဖြင့် ခါမင်းအား ဟောင်းကို အပ်နှံထားခဲ့ကြလေ၏။ ထိုအခါ ဒေဝဒတ်အလောင်းရသေ့ ရောက်ရှိလာပြီး ခါမင်းနှင့် ဖွတ်မင်း၏ သားနှစ်ယောက်ကို သတ်၍စားလေသည်။

(၃) ဓမ္မပါလဇာတ်၏ အမည်အပြည့်အစုံမှာ စူဠဓမ္မပါလဇာတ်ဖြစ်လေ၏။ ယင်းဇာတ်မှာ ဇာတ်အဋ္ဌကထာပဥ္စကနိပါတ်တော်၌လာ၏။ ဇာတ်လမ်းအကျဉ်းချုပ်မှာ ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်တွင် ဒေဝဒတ်အလောင်း မဟာပတာပမင်း၏ သားဖြစ်၍ ဓမ္မပါလဟု ခေါ်တွင်လေ၏။ အသက်သုံးနှစ်အရွယ်၌ မယ်တော်ကကစားဆော့မြူလျက်ရှိစဉ် မင်းကြီးလာသည်ကို မမြင်၍ ခရီးဦးကြိုဆိုသမှုမပြုဘဲ နေမိသည်။ မင်းကြီးသည် မိဖုရားကြီးအား "သားကိုမှီ၍ မာနထောင်လွှားပြီး ငါ့ကို မလေးအစားပြုသည်"ဟုဆိုကာ အမျက်ပြင်းစွာ ထွက်လေ၏။ ထို့နောက် သူသတ်သမားကိုခေါ်ပြီး ဘုရားအလောင်းမင်းသားငယ်၏ လက်ခြေဦးခေါင်းတို့ကိုဖြတ်သာ သတ်စေသည်။

(၄) မဟာကပိဇာတ်မှာ ဇာတ်အဋ္ဌကထာ သတ္တနိပါတ်၌လာ၏။ ဇာတ်လမ်း၏အကျဉ်းချုပ်မှာ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်တွင် ဘုရားအလောင်းတော်သည် မျော့က်ရှစ်သောင်း အခြွေအရံရှိသော မဟာကပိမျောက်မင်း ဖြစ်ခဲ့၏။ ဟိမဝန္တာတော၌ နေကြလေ၏။ တစ်နေ့သောအခါ မျောက်မင်းတို့စားသော သရက်သီးသည် ဂင်္ဂါမြစ်ရေ၌ မျောပါသွားလေရာ ဗာရာဏသီမင်းစားရသဖြင့် အရသာကို တပ်မက်ရကား မုဆိုးတို့နှင့်အတူ ဖောင်ဖြင့် ဆန်တက်လာလေ၏။ ထိုသရက်ပင်သို့ရောက်သော် စခန်းချရပ်နားလေ၏။ ဘုရားအလောင်းတော်သည် ညအခါ မျောက်အပေါင်းနှင့် သရက်သီးစားရန်အလာ မင်းနှင့်တကွ အခြွေအရံများ၏ ဝိုင်းတားခြင်းကို ခံရလေသည်။

ထို့ကြောင့် မျောက်အပေါင်းအား ကယ်တင်ရန်အတွက် ဖြောင့်မတ်သည့် သစ်ပင်ပေါ်သို့တက်ပြီး ဂင်္ဂါမြစ်၏ တစ်ဖက်ကမ်းသို့ခုန်၍ ကြိမ်နွယ်တစ်ခုကို ဆောင်ယူ၏။ မျောက်မင်းသည် ကြိမ်နွယ်၏ အစွန်းတစ်ဖက်ကို ဂင်္ဂါမြစ်ကမ်းရှိ သစ်ပင်တစ်ပင်၌ချည်၍ အခြားအစွန်းတစ်ဖက်ကို မိမိခါး၌ချည်ပြီးလျှင် အရှိန်ဖြင့်ခုန်၏။ သို့သော် ကြိမ်နွယ်မှာ အနည်းငယ်တိုနေ၍ သစ်ပင်သို့ မရောက်နိုင်သဖြင့် မျောက်မင်းသည် လက်နှစ်ဖက်ဖြင့် သရက်ကိုင်းကိုကိုင်လျက် မျောက်တို့အား မိမိ၏ကျောပြင်ပေါ် မှနင်း၍ သွားစေသည်။

အခြားသော မျောက်တို့သည် ဘုရားအလောင်းတော်အား ရိုကိုးပြီးမှသွားကြသော်လည်း ဒေဝဒတ်အလောင်းမျောက်မှာမူ မျောက်မင်းကို သေစေလိုသောကြောင့် ကျောပေါ်သို့ ခုန်ချ၍သွားလေ၏။ ထိုဒဏ်ရာအနာကြောင့်ပင် ဘုရားအလောင်းမျောက်မင်းသည် ပြင်းစွာသောဝေဒနာကို ခံစားရပြီး နံနက်မိုးသောက် အလင်းရောက်သော် သေပွဲ

> မင်းကြီးသည် သူသတ်သမားအား ဘုရားအလောင်းတော်ရသေ့၏ လက်၊ ခြေ၊ နား၊ နှာခေါင်းတို့ကို ဖြတ်စေ၏။ ခြေဖြင့်တန်ကျောက်၍ လဲစေ၏။ အဆိုပါဒဏ်ရာများဖြင့်ပင် ဘုရားအလောင်းရသေ့သည် သေပွဲဝင်ရရှာလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဝင်ရရှာလေသည်။

(၅) ခန္တီဝါဒီဇာတ်မှာ ဇာတ်အဋ္ဌကထာ စတုတ္ထနိပါတ်၌လာ၏။ ဗာရာဏသီပြည် ကလာဗုမင်း...က်ထက်တွင် ဘုရားအလောင်းရသေ့သည် ချဉ်ဆားမှီဝဲရန်အလို့ငှာ ဟိမဝန္တာမှ ကြွလာခဲ့၍ မင်းဥယျာဉ်၌နေ၏။ စစ်သူကြီးက ဆွမ်းကွမ်းလုပ်ကျွေး၍ ဥယျာဉ်၌ပင် ကိုးကွယ်ထားလေသည်။ တစ်နေ့သောအခါ ဒေဝဒတ်အလောင်း ကလာဗုမင်းသည် အရက်သေစာ သောက်စားလျက် အခြံအရံတို့ဖြင့် ဥယျာဉ်သို့ထွက်လာ၏။ ဥယျာဉ်၌ ကာမဂုဏ်ခံစားပြီး အိပ်ပျော်နေခိုက် အခြွေအရံတို့သည် အလောင်းတော်ရသေ့ထံ၌ ခစားချဉ်းကပ် တရားနာကြလေသည်။

မင်းကြီး အိပ်ရာမှနိုး၍ အခြွေအရံတို့ကို မမြင်သော်ဒေါသအမျက် ပြင်းစွာထွက်ပြီး လိုက်လံရှာဖွေရာ ရသေ့ကြီးထံ၌ တရားနာနေကြသည့် အခြွေအရံတို့ကို တွေ့ရသည်။ ထိုအခါ မင်းကြီးက "သင်ဟာ အဘယ်အယူဝါဒရှိပါသလဲ" ဟု မေးမြန်းရာ ဘုရားအလောင်းတော်က "ကျွန်ုပ်ဟာ သည်းခံခြင်းဝါဒရှိပါတယ်"ဟု ဖြေကြားလေ၏။ ထိုအခါ မင်းကြီးသည် သူသတ်သမားအား ဘုရားအလောင်းတော်ရသေ့၏ လက်၊ ခြေ၊ နား၊ နှာခေါင်းတို့ကို ဖြတ်စေ၏။ ခြေဖြင့်ကန်ကျောက်၍ လဲစေ၏။ အဆိုပါဒဏ်ရာများဖြင့်ပင် ဘုရားအလောင်းရသေ့သည် သေပွဲဝင်ရရှာလေ၏။

ဤကား မုန်တိုင်ဆရာတော် ဖွဲ့ဆိုခဲ့သည့် ဒေဝဒတ်သတ်နိုင်သော ဇာတ်ငါးဇာတ် ကဗျာလင်္ကာပါ ဇာတ်များ၏ဇာတ်လမ်းအချုပ်တို့ပင် ဖြစ်သည်။ ငါးရာငါးဆယ် ဇာတ်တော်များသည် ပုဒ္ဓစာပေ၏ ထင်ရှားသော အစိတ်အပိုင်းများဖြစ်ပါသည်။ ပါဠိစာပေတွင် ဇာတကဟု ခေါ်ဆိုပြီး မြန်မာမှုပြုသောအခါ ဇာတ်ဟု အမည်တွင်ရရှိ၏။ ဇာတ်တော် ၅၅၀ ဟု ဆိုသော်လည်း အမှန်စင်စစ် ၅၄၇ ဇာတ်သာ ပါရှိပါသည်။ အမှတ်ရလွယ်ကူအောင် ဇာတ်တော် ၅၅၀ ဟူ၍ ခေါ်ဝေါ်သုံးစွဲကြခြင်း ဖြစ်ပါသည်။

ဇာတ်တော် ငါးရာ့ငါးဆယ်နှင့် ပတ်သက်၍ တင်ပြရသော် ပါဠ္ဍဇာတ်ဟု ခေါ်တွင်သော ဇာတကပါဠိတော်သည် ခုဒ္ဒကနိကာယ်၌ ဒသမမြောက်ကျမ်းဖြစ်၏။ ဇာတကပါဠိတော်၌မူ ဇာတ်ဝတ္ထုများမပါဘဲ ဂါထာများသာ ပါရှိလေသည်။ ဇာတ်အဋ္ဌကထာ၌မူကား ဇာတ်ဝတ္ထု၊ ပုံပြင်များပါဝင်ပါသည်။ ယင်းဇာတ်အဋ္ဌကထာတွင် ဇာတ်ပါဠိတော်အတိုင်းပင် နိပါတ်၌ အခန်းကဏ္ဍ ၂၂ ခု ခွဲခြားထား၏။ ဧကနိပါတ်မှ အသီတိနိပါတ်အထိ ဇာတ်ပေါင်း ၅၃၇ ဇာတ်ပါဝင်သည်။ နောက်ဆုံးဖြစ်သော မဟာနိပါတ်၌ကား ဇာတ်တော်ကြီး ၁၀ ဖွဲ့ ပါဝင်၍ စုစုပေါင်း ၅၄၇ ဇာတ် ဖြစ်ပါသည်။

ဇာတ်အဋ္ဌကထာများ အလွန်ကြီးမားသော ပါဠိကျမ်းကြီးဖြစ်၍ ဆဋ္ဌသင်္ဂါယနာပုံနှိပ်မှုအရ အတွဲအားဖြင့် ခုနစ်တွဲ၊ စာမျက်နှာအားဖြင့် ၃၀၀၀ ကျော်ခန့် ပါဝင်သည်။ ထိုဇာတ်အဋ္ဌကထာကျမ်းကြီးတစ်ခုလုံးကို မြန်မာစကားပြေ သက်သက်ဖြင့် ပြန်ဆိုထားသည့် ဇာတ်နိပါတ်တော်ကျမ်းကြီးမှာ ဆဋ္ဌမူအရ (ဒီမိုင်း ရှစ်ချိုးအရွယ်အားဖြင့်) စာမျက်နှာပေါင်း ၄၈၀၀ ခန့် ရှိလေသည်။

ဤသို့ အရေအတွက် ပမာဏအားဖြင့် များပြားကြီးကျယ်လှသည့် ဇာတ်တော် ၅၅၀ အနက်မှ ဒေဝဒတ်သတ်၍ ဘုရားအလောင်းတော်သေရသောဇာတ် မည်မျှရှိပါသနည်းဟု မေးလာခဲ့သော် လွယ်လင့်တကူ ဖြေဆိုနိုင်မည်လား၊ ဖြေဆိုနိုင်ဖို့ လွန်စွာမှ ခဲယဉ်းလှပါသည်။

ယခုမှ စာရေးသူ တင်ပြခဲ့သည့် မုန်တိုင်ပင်ဆရာတော်၏ သုံးပုံလေ့ကားနှင့် သုံးပုံတံတားကျမ်းပါ ကဗျာလင်္ကာ၏ ကျေးဇူးကြောင့် ဒေဝဒတ်သတ် ဇာတ်ငါးဇာတ်ကို လွယ်လင့်တကူ ကောက်ကာငင်ကာ ဖြေဆိုနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

မုန်တိုင်ပင်ဆရာတော်သည် ဇာတ်တော် ၅၅၀ ကို မြန်မာစကားပြေဖြင့် ပြန်ဆိုပေးခဲ့သည့် ကျေးဇူးကား ကြီးမားလှပါ၏။ ထို့ထက် ဇာတ်တော် ၅၅၀ အနက်မှ ဘုရားအလောင်းတော်ကို ဒေဝဒတ်မှသတ်သည့် ဒေဝဒတ်သတ် ဇာတ်ငါးဇာတ်ကို ရွေးထုတ်ကာ ကဗျာလင်္ကာ ဖွဲ့ဆိုပေးခဲ့သည့် ကျေးဇူးက ပို၍ပင် ကြီးမားလှသည်ဟု ဆိုချင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အချိန်မကုန် လူမပန်းဘဲ ဒေဝဒတ်သတ် ဇာတ်ငါးဇာတ်ကို လွယ်လင့်တကူ ကြည့်ရှုမှတ်သားပြီး သံဝေဂဉာဏ် ဖြစ်ပွားနိုင်သောကြောင့်ပင် ဖြစ်ပါတော့သည်။

အောင်မြင့်မြတ် (ပြည်ရွှေဘို)

09-250004309



www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်လမ်းပြ ဝိပဿနာတရားတော် (၂၂)

## (ခန္ဓာငါးပါး-ဝေဒနက္ခန္ဓာ-၅)

### မဟာထွန်း

ဤစာကို ရေးသားနေသည့် ဤလသည့်ကား ရဟန်းတော်များ၊ ဝါဆိုကြသည့် ဝါဆိုလဖြစ်သည်။ ဝါတွင်းကာလဖြစ်သောကြောင့်လည်း စာရေးသူ၏ကျောင်း၌ တရားဓမ္မကို လိုက်စားမွေ့လျော်ကြသည့် ယောဂီများ ပိုမိုများပြားသည်။

ဝါလကင်းလွတ် သီတင်းကျွတ်ပြီးသည့် အခါများ၌ ရပ်ဝေးမှ တရားစခန်းဖွင့်လို၍ လာပင့်ကြသော အရပ်ဒေသ မြို့နယ်၊ ကျေးရွာများ ရှိကြသလို ယခုဝါတွင်းကာလ၌လည်း မြို့တွင်း၊ ရပ်ကွက်ဓမ္မာရုံများက ဝိပဿနာတရားတော်ကို နာကြားရှုပွားလို၍ လာပင့်ကြသည့်လည်း ရှိသည်။

တချို့မှာ တစ်ရက်တရားစခန်း ရှိကြသလို၊ တချို့မှာ တစ်ပတ်တရားစခန်းများလည်း ရှိကြသည်။ ထိုအခါ ဝါတွင်းဖြစ်၍ ကျောင်းသွားကျောင်းပြန် သဘောမျိုးဖြင့်သာ ပြုလုပ်ပေးရလေသည်။

တချို့မှာ မိသားစုတရားရှုမှတ်လို၍ ပြောဆိုလျှောက်ထားကာ လာပင့်ကြသောကြောင့် အိမ်များ၊ ခြံများ၌လည်း တစ်ရက်တရားစခန်း၊ နှစ်ရက်၊ သုံးရက်၊ သုံးရက်တရားစခန်း/ရက်တိုသင်တန်းလေးများ ပြုလုပ်ပေးရသည်လည်း ရှိတတ်သည်။

တရားဓမ္မကို လိုလားရှုပွားချင်ကြသည့် သူတော်ကောင်းများအတွက် ဤစာရေးသူ၏ ဘဝနှင့်ခန္ဓာကို မငဲ့ကွက်ပေ။ နီးဝေးမဟူ ပရိသတ်အနည်းအများကို ပဓာနမထားဘဲ လိုလားရာသူတို့၏ အထံသို့ကြွရောက်ပြီး ဝိပဿနာတရားကို လည်လည်ပတ်ပတ် မိမိတို့ဘာသာ ရှုမှတ်ပွားများတတ်ကြသည်အထိ သင်ကြားဟောမြွက် ဆုံးမပေးလေ့ ရှိရသည်။

မိမိကိုယ်တိုင်က အသက်ငါးနှစ်အရွယ်ကပင် တရားတော်ကို လိုလိုလားလား၊ တောင်းတောင်းတတ မရမနေ ဆိုဘိသို့ ရှိလာခဲ့ရာ မိမိကဲ့သို့ပင် တစ်ပါးသူတို့သည်လည်း လိုလိုချင်ချင် ရှိကြပါမူ လိုက်လံပြသ ဟောကြားပေးရန်ကို ဝန်မလေးနိုင်တော့ပေ။ သို့သော်လည်း ယခုလို ဝါတွင်းကာလ၌မူ ရဟန်းတော်များ ဝါကိုင်ထားကြရလေရာ လွတ်လပ်ခြင်းကား မရှိပေ။ တရားဓမ္မ စသည့်ကိစ္စ၌ ဝါပန်ပြီးသွား၍ရသည်မှာ မှန်သော်လည်း မကြာခဏဆိုသလိုမျိုးကား မကောင်းတတ်ပေ။

ထို့ကြောင့် ကျောင်းသွားကျောင်းပြန်သာ တရားဓမ္မကိစ္စအဝဝကို ဆောင်ရွက်ရလေသည်။ ထို့ကြောင့် သာ၍ပင် အချိန်ပေးရလေသည်။ မနက်စောစောမှ ကြွသွားလျှင် ညဆယ်နာရီကျော်၍ တရားသိမ်းမှ ကျောင်းကိုပြန်ရသဖြင့် ည ၁၂ နာရီအချိန်မှ ကွန်ပျူတာရှေ့မှာ ထိုင်ဖြစ်ပြီး စာရေးရလေသည်။ ထို့ကြောင့် ရံခါ မနက်စောစော မထနိုင်ဖြစ်ရသည်။

ထိုအခါ အရဏ်တက် တရားရှုမှတ်ချိန်လည်း ပျက်ရလေသည်။ ဤစာရေးသူအနေဖြင့် တရားဓမ္မဟောပြောပြရသည်ကို ဝါသနာကြီးသလို စာရေးသားခြင်းကိုလည်း ဝါသနာကြီးပေသည်။ ထို့ကြောင့်လည်း မည်မျှအထိပင် အလုပ်(တရားအလုပ်) များပြားစေကာမူ လစဉ်ပို့ပေးနေကျ စာမူများကိုလည်း မပြတ်ပို့နိုင်စေရန်အတွက် ကြိုးစားပြီးရေးသားရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ တော်ရုံဝါသနာ၊ တော်ရုံငွဲမျှသာ ဆိုပါမူ ဝိပဿနာ တရားတော်ကို လိုက်စားသည့်အချိန်ကပင် စာရေးသားခြင်း အလုပ်များ အတော်လေးပင် အားနည်းသွားနိုင်သည်။ ရပ်နား သွားရသည်အထိလည်း ဖြစ်သွားနိုင်သည်။

ရဟန်းတော်တို့အတွက် ဘုရားရှင်ဟောကြားဆုံးမခဲ့ သည်မှာ ပရိယတ်၊ ပဋိပတ်ဟု နှစ်ခုရကိုသာ ချမှတ်ခဲ့လေ၍ ဤစာရေးသူ၏ အသက်နှင့်ခန္ဓာသည် တရားဟော၊ တရား ပြ၊ စာပေရေးသားခြင်းတည်းဟူသော ရဟန်းတို့၏ အလုပ်ခွင် ၌သာ တစ်ဘဝ၊ ဘစ်ခန္ဓာကို အဆုံးသတ်ရပေတော့မည်။

* * *

ဤလအတွက် ဝေဒနာကို သညာဖွဲ့ရန်ဖြစ်သည်။ သညာဟူသည်ကား မှတ်သားခြင်းပင် ဖြစ်သည်။

(၁) ရူပက္ခန္ဓာ = ဖောက်ပြန်ခြင်း။ (၂) ဝေဒနက္ခန္ဓာ= ခံစားခြင်း။ (၃) သညက္ခန္ဓာ = မှတ်သားခြင်း။ (၄) သင်္ခါရက္ခန္ဓာ = ပြုလုပ်ခြင်း။ (၅) ဝိညာနက္ခန္ဓာ = သိခြင်း။

ဤကဲ့သို့ အကျဉ်းအားဖြင့် အနက်ကို မှတ်သားနိုင် သည်။

ခန္ဓာငါးပါးကို အကျဉ်းချုပ်လျှင် ရုပ်နှင့်နာမ် နှစ်မျိုး တည်းသာရသည်။ ရုပ်နှင့်နာမ်ကို ဝိပဿနာနှင့်ကြည့်လျှင် သဘောဆိုက်သည်။ သဘောဆိုက်ပါမှလည်း တရားရှုမှတ်၍ ရလေသည်။ ဤစာရေးသူမှာ ဓာတ်နှင့်ပညတ်၊ ပရမတ်လမ်း စဉ်အတိုင်းသာ လျှောက်လာခဲ့သည်။ ထို့ကြောင့်လည်း ပညတ်ခွာ၍ ခန္ဓာငါးပါးကို ဓာတ်၊ ပရမတ် လမ်းစဉ်အတိုင်းပင် ရှုမှတ်သည်။ သညာဟူသည်ကား မှတ်သားခြင်းကို ပြဆို သည်။ အရာအားလုံးကို သညာဖြင့်ကြည့်လျှင် မှတ်သားခြင်း တစ်ခုတည်းကိုသာ တွေ့ရပေလိမ့်မည်။

မှတ်သားရာ၌လည်း ပညတ်ဖြင့်မှတ်သားခြင်း။ ပရ မတ်ဖြင့်မှတ်သားခြင်းဟု နှစ်မျိုးပြားသည်။ ပညတ်ဖြင့် မှတ် သားခြင်းဟူသည်ကား မြင်မြင်သမျှ အရာအားလုံးကိုပင် ဖြစ်သည်။ ပရမတ်ဖြင့် မှတ်သားခြင်းဟူသည်ကား ခန္ဓာငါးပါး၏ အပေါ်၌ ပရမတ်ဆိုက်အောင် ဉာဏ်ပေါက်သည့်အထိ သိရှိ ထားပြီးမှ မှတ်သားခြင်းမျိုးဖြစ်သည်။

ထို့ကြောင့် သညာကို အရှုခံတရားအနေဖြင့် တော်ရုံ ပုဂ္ဂိုလ်များ ဉာဏ်ပေါက်ရန် ခဲယဉ်းလိမ့်မည်ဟု ထင်သည်။ အရှုခံတရား ဟူသည်မှာလည်း ဗိမိတို့နိုင်ရာ၊ ပိုင်ရာ၊ ကျွမ်း ကျင်ရာ တရားတစ်ပါးပါးကိုသာ ရှုမှတ်လေ့ရှိကြသည်။ ယခု ပြသည့် ဤသညာကိုလည်း တရားဓမ္မလိုက်စားကြသော ယောဂီပုဂ္ဂိုလ်များအနေဖြင့် ဉာဏ်မနိုင်ပါက ဗဟုသုတဖြစ်ရုံ မျှမက ဖတ်မှတ်ကြပါရန်။

ဆိုခဲ့သလို သညာ၌ မှတ်သားရန် နှစ်မျိုးရှိသည်။ တစ်မျိုးမှာ ပညတ်ဖြင့် မှတ်သားခြင်းဖြစ်ပြီး နောက်တစ်မျိုး မှာ ပရမတ်ဖြင့် မှတ်သားခြင်းပင်ဖြစ်သည်။ အာရုံကို ပညတ် ဖြင့် ကြည့်ခြင်းဟူသည်မှာ မိမိတို့ မြင်ဖူး၊ တွေ့ဖူးသော အရာအားလုံးကို အကောင်အထည်ဖြပ် သဏ္ဌာန်အနေဖြင့် ကြည့်လျှင် ပညတ်ဖြစ်နေသည်။

မြင်ခဲ့ဖူးသည့် အရာအားလုံးမှာ တစ်စုံတစ်ခုကိုမျှ ကိုင်တွယ်ယူပြ၍မရ။ သဘောမျှသာ တည်ရှိနေသည်ဟု ဉာဏ်ဖြင့်သိလျှင် ပရမတ်ဖြစ်သည်။ ဓာတ်အနေဖြင့်ကြည့် လျှင်လည်း ထိုနည်းလည်းကောင်းသာဖြစ်သည်။ ထို့ကြောင့် သညာကို တရားရှုမှတ်လိုပါက အာရုံနောက်သို့မလိုက်စေဘဲ ဓာတ်နည်းဖြင့်သော်လည်းကောင်း။ ပရမတ်နည်းဖြင့်သော် လည်းကောင်း ဝိပဿနာဉာဏ်ဖြင့်သာ ရှုမှတ်ရပေသည်။

ဓာတ်အကြောင်းကိုမူ အထူးတလည် ရှင်းပြရန်ပင် လိုမည်ဟုမထင်ပေ။ ဓာတ်အခန်း၌ အကြိမ်ကြိမ်ပင် ရှမ်းပြ ခဲ့ဖူးပြီ။ ဤစာရေးသူ၏ ပင်ကိုယ်ပင်မဖြစ်သော အရှုခံတရား တော်သည်လည်း ဓာတ်၊ ပရမတ် တရားသာဖြစ်သည်။ ရုံခါ အနိစ္စကို ရှုမှတ်သည်လည်းရှိသည်။

မည်သို့ပင်ဆိုစေကာမူ မိမိသွားလာထားသည့် လမ်း ကြောင်း/လမ်းကောင်းကြီးမှ ခေါ်သည်က အကောင်းဆုံး။ ကိုယ်တိုင် မသိ၊ နားမလည်သည့် တရားတော်ကိုလည်း မရေး မပြ၊ မပို့ချ။ ကိုယ်တိုင်ပြတ်သားနားလည်မှ ရေးသား ပြသ ပို့ချခြင်း ဖြစ်ပေ၏။

ထို့ကြောင့် တရားတော်ကို လိုက်စားနေကြသည့် ဓမ္မယောဂီများအနေဖြင့်လည်း၊ မသိ၊ နားမလည်ဟူ၍ ရှိကြ လိမ့်မည်ဟု မထင်ပေ။ မသိ၊ နားမလည်လျှင်လည်း ဤ ရောင်ပြန်မဂ္ဂဇင်းတိုက်ကြီးမှတစ်ဆင့် မေးလျှောက်နိုင်ရန် ဖှန်းနံပါတ်ပေးသည်။

*(ဆက်ရန်)*

မဟာ[illegible]း



www.burmeseclassic.com

www.burmeseclassic.com

# ၁၂ လရာသီ စာတ်စာ

## နတ်တော်-ပြာသို

### သမားတော်ကြီးဒေါက်တာသက်ဆွေ (ရွှေဆောင်တင်ဆွေ)

**ဒီတစ်ပတ်စာတ်စာ ရှောင်ရန်၊ ဆောင်ရန်များ (ပထမပတ်)**

နတ်တော်လသည် ဆောင်းရာသီဖြစ်သဖြင့် မြောက်ပြန်လေအေး တသွေးသွေး သုတ်ဖြူးတိုက်ခတ်လာသောကြောင့် အအေးဓာတ်ခံစားကြရသည်။ ငွေနှင်းမှုန်များသည် သစ်ပင်သစ်ရွက်များပေါ်တွင် ငွေသင်ဖြူးခင်းထားသည့်နှယ် ရှုမြင်ရသူများ စိတ်ကြည်နူးဖွယ် ဖြစ်ရသည်။ တောင်သူဦးကြီးများသည် ကောက်လှိုင်းများ တလင်းပြင်တွင်ဖြန့်ကာ နွားများဖြင့်နယ်၍ စပါးစေ့များ စုဆောင်းရယူကြသော ချိန်ခါလည်းဖြစ်သည်။

ဤလဤရာသီတွင် **စားသုံးသင့်သည်များကတော့** ကြက်သား၊ ဆိတ်သား၊ သိုးသား၊ နွားသား၊ သမင်သား၊ ဂျီသား၊ ပုတတ်သား၊ ချိုးသား၊ ခိုသား၊ ခါသား၊ ယုန်သား၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ ဥသျှစ်သီး၊ ဥသျှစ်ရွက်၊ ကုက္ကိုရွက်၊ ရှောက်ရွက်၊ ဒညင်းသီး၊ ဒူးရင်းသီး၊ ရဲယိုရွက်၊ ဥနဲရွက်၊ လဲ့လူရွက်၊ ကြံတ်မှန်ရွက်၊ ကြောင်မန်းရွက်၊ သက်ရင်းကြီးရွက်၊ မုရားကြီးရွက်၊ ဖျောက်ဆိပ်ရွက်၊ ကြာဟင်းရွက်၊ ဂုံခါးရွက်၊ ခွေးတောက်ရွက်၊ တမာရွက်၊ သဘော်ရွက်၊ ကြောင် လျှာရွက်၊ ပင်စိမ်းရွက်၊ ဇီရာရွက်၊ နံနံပင်၊ စပါးလင် စသည်တို့ ဖြစ်ပါသည်။

**ရှောင်ကြဉ်ရမည့် အစာတွေကတော့** ဝက်သား၊ ဝမ်းဘဲသား၊ ဗျိုင်းသား၊ ရေကြက်သား၊ ရေစစ္စလီသား၊ ငါးကျည်း၊ ငါးခူ၊ ငါးရံ့၊ ငါးဖယ်၊ ငါးပတ်၊ ငါးသလောက်၊ ငါးပြေမ၊ ငါးခုံးမ၊ ပုစွန်ဆိတ်၊ ပုစွန်တုပ်၊ ဘဲဥ၊ ကြက်ဥ၊ ငုံးဥ၊ လိပ်ဥ၊ ဖွတ်ဥ၊ ငါးဥများ၊ မြွေဥ၊ အင်ဥ၊ ပိန်းဥ၊ အာလူး၊ ပြောင်းဖူး၊ နွားနို့၊ ဆိတ်နို့၊ ကျွဲနို့၊ မြင်းနို့၊ ထောပတ်၊ ဘူးသီး၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ သခွားသီး၊ ကျိုးအာသီး၊ ဖရဲသီး၊ သဘော်သီး၊ တလည်းသီး၊ ညြှဖာသီး၊ ဆီးသီး၊ ဖန်ခါးသီး၊ စောင်းလျားသီး စသည့်များ မတည့်ပါ။

**ဒီတစ်ပတ်စာတ်စာ ရှောင်ရန်၊ ဆောင်ရန်များ (ဒုတိယပတ်)**

မြန်မာ့ပုဒ်ပယ်တွင် နတ်တော်လကို ဓနုရာသီး ခေါ်ပြီး စန်းပြည့်နက္ခတ် မိဂသီနက္ခတ်ဖြစ်သည်။ ဟဿာတာရာ ယှဉ်သည်။ ထိုလ၏ ရာသီပန်းကား တော်ဝင်သဇင်ပန်းဖြစ်သည်။ ရာသီပွဲတော်ကား စာဆိုတော်ပွဲ ကျင်းပကြသည်။

ဤရာသီတွင် **စားသုံးရမည့်အစာအာဟာရများက**တော့ တမာရွက်၊ ခွေးတောက်ရွက်၊ ဂုံခါးရွက်၊ ကြောင်လျှာရွက်၊ သဘော်ရွက်၊ နံနံပင်၊ ဇီရာရွက်၊ ပင်စိမ်းရွက်၊ စပါးလင်၊ မဆလာ၊ ချင်း (ဂျင်း)၊ မိဿလင်၊ နနွင်းစိမ်း၊ ကြာဟင်းဖူး၊ ဂုံမင်း၊ ဆိတ်ဖူး၊ သရက်ကင်းဥ၊ ပတဲကော၊ ဂန့်အိပ်၊ ပျဉ်းတော်သိမ်ရွက်၊ မလွှသီး၊ ကြက်သွန်ဖြူ၊ မာလာဖူး၊ တောက်တဲ့ဖူး၊ မှျစ်၊ ခံတက်ချဉ်၊ ဟင်းဂလာချဉ်၊ စောင်ချမ်းချဉ်၊ ပဲကြီး၊ ပဲထောပတ်၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစွန်တာနီ၊ ပဲနောက်၊ ချင်းသုပ်၊ ချင်းယို၊ တညှင်းသီးအုန်းနို့ ဆမ်း၊ ကြက်သား၊ ဆိတ်သား၊ သိုးသား၊ ဂျီသား၊ သမင်သား၊ အမဲသား၊ ဖွတ်သား၊ ပုတတ်သား၊ ချိုးသား၊ ခါသား၊ စာကလေးသား၊ ဆိတ်သားပလာတာ၊ ဆိတ်သားကီးမား၊ ကြက်သားပလာတာတို့ စားသင့်ပါသည်။

**ရှောင်ကြဉ်ရမည့် အာဟာရတွေကတော့** ကျောက်ဖရုံသီး၊ ကျောက်ဖရုံရွက်၊ ရွှေဖရုံသီး၊ ရွှေဖရုံရွက်၊ ဘူးသီး၊



www.burmeseclassic.com

www.burmeseclassic.com

ဘူးရွက်၊ ဖရဲသီး၊ သခွားသီး၊ ရုံးပတီသီး၊ ကျီးအာသီး၊ ဗုံလုံသီး၊ အုန်းသီးနု၊ ငှက်ပျောသီး၊ သရက်သီးစိမ်း၊ သရက်သီးမှည့်၊ မရမ်းသီးစိမ်း၊ မရမ်းသီးမှည့်၊ ပိန္နဲသီးကင်း၊ ပိန္နဲသီးမှည့်၊ သပြေသီး၊ မင်းကွတ်သီး၊ ကနစိုသီး၊ လိမ္မော်သီး၊ ရှောက်သီး၊ ဝမ်းဘဲသား၊ ဝက်သား၊ ရေစစ္စလီသား၊ ပုစွန်ဆိတ်၊ ပုစွန်တုပ်၊ ငါးဥများ၊ ကြက်ဥ၊ ဘဲဥ၊ နွားနို့ ထောပတ် စသည်တို့ မစားသင့်ပါ။

## ဒီတစ်ပတ်ဓာတ်စာ ရှောင်ရန်၊ ဆောင်ရန်များ(တတိယပတ်)

နတ်တော်လကို ရှေးယခင်က နတ်ပွဲများ ကျင်းပခဲ့ကြသည်ဟု သိရှိရပြီးနောက်ပိုင်းတွင် လူတို့၏အတွေးအခေါ် အမြော်အမြင် တိုးတက်လာသည်နှင့်အမျှ နတ်တော်လ ဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ပြီး ရှေးစာဆိုတော်ကြီးများ၏ စာပေများကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ရှေးပဒေသရာဇ်ဘုရင်များ လက်ထက်ကလည်း ထူးချွန်သော စာဆိုတော်များအား ဂုဏ်ပြုချီးမြှင့်ခဲ့ပေသည်။ ယခုခေတ်လည်း စာပေဆုနှင့် သဘင်များ ကျင်းပလျက်ရှိပေသည်။

**စားသုံးသင့်သော အစားအစာတွေကတော့** မုရားကြီးရွက်၊ ဖျောက်ဆိပ်ရွက်၊ ကြောင်ပန်းရွက်၊ သက်ရင်းကြီးရွက်၊ ကြက်ဆူရိုးနီရွက်၊ ကြာဟင်းရွက်၊ ထနောင်းရွက်၊ ပိုးစာရွက်၊ ကြိတ်မှန်ရွက်၊ လှံလူရွက်၊ မြင်းခွာရွက်၊ ဥနှဲရွက်၊ ရဲယိုရွက်၊ မိုးနံ့ရွက်၊ ဥသျှစ်ရွက်၊ ငှရောက်ရွက်၊ ကုက္ကိုရွက်၊ ဒန့်သလွန်ရွက်၊ ဒူးရင်းသီး၊ ဥသျှစ်သီး၊ တညင်းသီး၊ ချိုးသား၊ ခါသား၊ နိုသား၊ စာကလေးသား၊ ဖွတ်သား၊ ပုတတ်သား၊ ဒရယ်သား၊ ဂျီသား၊ သိုးသား၊ ဆတ်သား၊ ဆိတ်သား၊ နွားသား၊ ယုန်သား၊ ကြက်သား စသည်များတည့်၏။

**ရှောင်ကြဉ်ရမည့်အစာတွေကတော့** ဝက်သား၊ ဝမ်းဘဲသား၊ ဗျိုင်းသား၊ ရေစစ္စလီသား၊ ရေကြက်သား၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ ဖွတ်ဥ၊ ပုတတ်ဥ၊ မျောက်ဥ၊ ပိန်းဥ၊ မှိုဥ၊ ကိုင်းဥ၊ ငါးဥများ၊ ကန်စွန်းဥ၊ အာတာလွတ်ဥ၊ ပဲမြစ်၊ ထန်းမြစ်၊ အာလူး၊ ပြောင်းဖူး၊ နွားနို့၊ ကျွဲနို့၊ ဆိတ်နို့၊ မြင်းနို့၊ အုန်းနို့၊ ထောပတ်၊ ဘူးသီး၊ ဖရဲသီး၊ ကျောက်ဖရုံသီး၊ ရွှေဖရုံသီး၊ သခွားသီး၊ ရုံးပတီသီး၊ ကျီးအာသီး၊ ဗုံလုံသီး၊ အုန်းသီးနု၊ ငှက်ပျောသီး၊ သရက်သီးစိမ်း၊ သရက်သီးမှည့်၊ မရမ်းသီးစိမ်း၊ မရမ်းသီးမှည့်၊ ပိန္နဲသီးကင်း၊ ပိန္နဲသီးမှည့်၊ သပြေသီး၊ စပျစ်သီး၊ မင်းကွတ်သီး၊ ပန်းသီး၊ သစ်တော်သီး၊ နာနတ်သီး စသည်တို့ မတည့်ပါ။

## ဒီတစ်ပတ်ဓာတ်စာ ရှောင်ရန်၊ ဆောင်ရန်များ (စတုတ္ထပတ်)

နတ်တော်လသည် စာဆိုတော်နေ့ ဖြစ်သည်နှင့်အညီ သက်ကြီးစာပေရှင်ကြီးများကိုလည်း ပူဇော်ကန်တော့ကြသည်။ စာအုပ်စာပေ လူ့မိတ်ဆွေ၊ အလိမ္မာမှာစာမှာရှိ၊ စာပေမြင့်မှ လူမျိုးတင့်မည်ဟု စာပေယဉ်ကျေးမှုများနှင့် ပတ်သက်၍ ဖော်ညွှန်းထားသည်များ ရှိပေသည်။ စာပေသည် လူ့အဖွဲ့အစည်းအား အလင်းရောင်ပေးနေသော မီးရှူးတန်ဆောင်လည်း ဖြစ်သည်။ ထို့ကြောင့် စာပေမြင့်ရန် လေ့လာကြိုးကုတ် အားထုတ်ကြရန် တိုက်တွန်းလိုက်ရပေသည်။

ဤစာဆိုတော်ရာသီတွင် **စားသုံးသင့်သည်များက**တော့ ပျဉ်းတော်သိမ်ရွက်၊ မလွှာပွင့်၊ မလွှာသီး၊ ကြက်သွန်ဖြူ၊ မာလာဖူး၊ တောက်တာဖူး၊ မျှစ်၊ ခံတက်ချဉ်၊ ဟင်းဂလာချဉ်၊ စောင်ချမ်းချဉ်၊ ပဲကြီး၊ ကုလားပဲ၊ ပဲနောက်၊ ပဲစင်းငုံ၊ ချင်းသုပ်၊ ချင်းယို၊ ဥသျှစ်ကင်းယို၊ ဒူးရင်းယို၊ ဇာတိပ္ဖိုလ်သီးယို၊ တညင်းသီးအုန်းနို့ဆမ်း၊ ဆိတ်သားပလာတာ၊ ဆိတ်သားစမူဆာ၊ ဆိတ်သားဖြင့် ပြုလုပ်ထားသောမုန့်များ၊ ကြက်သားဖြင့် ပြုလုပ်ထားသောမုန့်များ၊ သိုးသား၊ နွားသား၊ ကြက်သား၊ ချိုးသား၊ နိုသား၊ ခါသား၊ ယုန်သား၊ ဂျီသား၊ သမင်သား စသည်တို့ တည့်ပါသည်။


ရှောင်ကြဉ်သင့်သည့် အာဟာရများကတော့ ငါးရှူ၊ ငါးရံ့၊ ငါးခုံးမ၊ ငါးပတ်၊ ငါးဥများ၊ ဘဲဥ၊ ကြက်ဥ၊ ငုံး ဥ၊ ကိုင်းဥ၊ မှိုဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ဝက်သား၊ ဗျိုင်းသား၊ ရေကြက်သား၊ အာလူး၊ ပြောင်းဖူး၊ နွားနို့၊ ကျွဲနို့၊ ဆိတ်နို့၊ မြင်းနို့၊ အုန်းနို့၊ ထောပတ်၊ မဲဇလီရွက်၊ ပိတောက်ရွက်၊ ကြက်ဟင်းခါးရွက်၊ ပုံလုံရွက်၊ မုန်ညှင်း၊ မုန်လာရွက်၊ ကင်ပွန်းရွက်၊ သဖန်းသီး၊ ခဝဲသီး၊ မန်ကျည်းသီးစိမ်း၊ မန်ကျည်းသီးမှည့်၊ ဆီးဖြူသီး၊ သခွားသီး၊ ကြံစုသီး၊ ဆီးသီးအစိမ်း၊ ဆီးသီးမှည့်၊ သီးသီးစိမ်း၊ သီးသီးမှည့်၊ သစ်ဆိမ့်သီး၊ ကြက်ဟင်းခါးသီး၊ ကင်းပုံသီး၊ သပွတ်သီး စသည်များ ရှောင်ကြဉ်သင့်ပေသည်။

## သမားတော်ကြီးဒေါက်တာသက်ဆွေ (ရှေ့ဆောင်တင်ဆွေ)



www.burmeseclassic.com

www.burmeseclassic.com



# ရုပ်သေးပွဲ

မင်းမာဃ(ရေကြည်)

◆ ညနေစောင်းပတ်တုတ်
တတ်ရုပ်သေးပွဲကြည့်ရအောင်
သွားကြမယ် မေနဲ့မောင်
တဲ့စုံပေါင်းဆင်နွဲ့ ဒီရုပ်သေးပွဲမကြည့်ခဲ့လျှင်
စိတ်ထဲတွင် မပျော်ဘဲနှင့် မခေါ်ဘဲနေမှာ
သွားကြမယ် အမိကညာရယ် ကာနဲ့ကာစိတ်မဆိုးပါနဲ့
ရုပ်စုံဇာတ်ကပွဲဆိုတာ ကြည့်တတ်ရင် ဘာဝနာပဲမို့
တရားအစွဲတွေ ပျောက်ကြပါလေ။

◆ ဝေးလှတဲ့နေရာကကြည့်ရင် ပွန်တုံတုံဝါးနေလို့
အနီးကကြည့်ကြမယ်နော် သစ်သားရုပ်ကြိုးရှုပ်ကာပေါ်
ကကြိုးကဟန် စည်းဝါးတကျနဲ့ အလယ်ကကြည့်တော့မှ ရုပ်သေးပွဲ
အရသာ နှိုင်းတုမရပါ။

◆ မကြည့်တတ်ရင် တရားမြင်၊ ကြည့်တတ်မှ ဘာဝနာမြင်
ရာဇဝင်နိပါတ်တော်နဲ့ သိမှတ်စရာထင်ပေါ်
တေးထပ်နှင့်နော် နှစ်ပါးမြိုင် အော်ပရာတေးသရုပ်ဖော်
နောက်ပိုင်းဇာတ်ငိုချင်းရှည်တယ် မိုးလင်းပါတော့မယ်လေး။ ။

မင်းမာဃ(ရေကြည်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကချင်ဆေး ဆရာမကြီး ဒေါ်ကော့၏ သမီး

# ကချင်ဆေးဆရာမကြီး

# ဒေါ်နန်းထု

မှ

## လေမဖြတ်၊ အကြောရောဂါကြိုတင်ကာကွယ်လိမ်းဆေး

ယာယီတိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - ၀၁၀၁ Y ၁၀၇၄

လေဖြတ်၊ လေဖြန်း၊ ပါးတစ်ခြမ်းရွဲ့ ခြင်း၊ အာရုံကြောအားနည်းခြင်းများ၊ ဇက်ကြော နောက်ကြောတက်ခြင်း၊ ခါးကြောတစ်လျှောက် အမြောင်းထပြီးတက်ခြင်း၊ အကြောကပ်၊ အကြောလွဲ၊ အကြောရောင်ရမ်းကာ ကိုက်ခဲခြင်း နှင့် အကြောရောဂါအမျိုးမျိုး၊

လူကြီးလူငယ်မရွေး အကြောရောဂါအမျိုးမျိုးနှင့် ၊ လေဖြတ်ခြင်းမခံရအောင် ကြိုတင် ကာကွယ်လိုသူများ ဆရာမနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**အစွမ်းထက်သော ကချင်ရိုးရာနည်းစနစ်အတိုင်း ကုသပေးသည်။**

## ဆရာမနှင့်တွေ့ချိန်

❋ မြစ်နွာဆေးတိုက် ❋ အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့ ။ ဖုန်း - ၀၁-၃၇၇၀၉၇

(နံနက် ၁၂ နာရီ မှ ညနေ ၄ နာရီထိ) "တနင်္ဂနွေနေ့တိုင်းပိတ်သည်"

❋ နေအိမ်ဆေးခန်း ❋ အမှတ်(၃၁၆)၊ စီမံကိန်း (၁)လမ်း၊ သခင်ဖိုးလှကြီးလမ်း၊ တောင်ဥက္ကလာပမြို့။

(နံနက် ၇ နာရီ မှ ၁၁ နာရီထိ) တဆင့်/ဖုန်း - ၀၉-၄၂၅၀၁၁၇၇၅, ၀၉-၇၉၉၅၉၃၁၉၈,

၀၉-၇၉၉၅၉၃၂၆

www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်

ဆရာဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာဗေဒပညာရှင်)အား
၁၉၇၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရေးရာများကို
မေးမြန်းခဲ့ရာ ကျွန်တော်အား ၁၉၇၄ ခု ပြက္ခဒိန်အတွင်း
မြန်မာပြည် အရှေ့မြောက်ဘက်ရှိ တိုင်းပြည်သို့
ပညာတော်သင်ခရီး သွားရောက်ရမည်ဟု ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၇၄)နေ့တွင်
ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
တိကျမှန်ကန်စွာ ဟောကြားနိုင်သော ဆရာ၏ပညာရပ်များကို
အံ့ဩချီးကျူး ဂုဏ်ပြုမှတ်တမ်းတင်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၇)



၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

---

## မြင့်စေတနာဆေးတိုက်

(အစစ်ရပြားရောဂါမှန်သမျှ ဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူ နီ နက်ကွက်များ ◆ အနာကြီးရောဂါ ◆ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့် အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS, Etc.

ဆရာ **ဦးခင်မောင်မြင့်** (မြင့်စေတနာဆေးတိုက်)၊ အမှတ် (၃)၊ ပိတောက်ရိပ်မြိုင်၊
ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ **ရန်ကုန်မြို့** ။ ဖုန်း-၀၁-၆၆၆၄၇၈၊ ၀၉-၇၉၈၈၆၉၁၀၉
ဌာနခွဲ - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊
**မန္တလေးမြို့** ။ ဖုန်း - ၀၂-၄၀၂၂၅၁၅၊ ဖုန်း - ၀၉-၂၅၆၅၆၈၁၈၂

www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ်ာ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင် (ခေါင်းဆေးကျွန်း)၊ ပဲခူး (ဒေးစွန်ပါ)၊ သန်လျင် (ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်း အမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သဘော်သားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီး များ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက် သည် (မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၁၆)၊ ဆူးလေဘုရားအပိုင်း၊ ရန်ကုန်မြို့၊ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈

နံနက် (၈း၃၀) နာရီ မှ နေ့လယ် (၁၂း၃၀) နာရီ။

အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၉၇၂၆၃၂၂၇၂

ညနေ (၄း၀၀)နာရီ နောက်ပိုင်း



## အောင်ဝိဇ္ဇာမိုရ်ဆေးတိုက် (လိုင်စင်အမှတ်အမှတ် ၁/၂၀၁၅-တဆထလ/၂၇၄၆)

- အမျိုးသားများ ဆန္ဒအားနည်း၊ သေ/ညှို၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရတ်တရက်ညှိုးနွမ်းခြင်း၊ ရာနှုန်းပြည့် မစွမ်း ဆောင်နိုင်ခြင်းများအတွက် အကြောအားတိုး စွမ်းရည်မြှင့် သောက်ဆေး၊ လိမ်းဆေးများဖြင့် ပျောက်ကင်းနိုင်ပါပြီ။ (TMR 011176,77) (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝပုသီးထွက်၊ စအိုတစ်ဆို့ ရောင်ရမ်းခြင်း၊ သွေးကျခြင်း၊ သင်္ဂန်ရည်ထွက်ခြင်း၊ အကြိတ်အဖု ဂရင်ဂျီမှာ ဖြစ်ခြင်းတို့ကို အောင်ဝိဇ္ဇာမိုရ်လိပ်ခေါင်းနှင့် စအိုရောဂါ ပျောက်ဆေးများဖြင့် ပျောက်နိုင်ပြီ။ (1208Y 7942)
- ခရုသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ အရေပြားရောဂါများ၊ ကာလသားရောဂါဆေးများလည်း ရပါပြီ။
- **ဆေးတိုက်အမှတ် ၈၆၊ ၉၄လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်၊ ဖုန်း**–(09-5016372) 09-796136095, 09-5033839m 09-786252440, 09-778084724

□ **ပင်မဖြန့်ချိရေး**

ကိုဝင်းမြင့်-မဘောဘီ (01-226382)၊ ဓေါ်ဝင်း (မြန်မာ့ဂုဏ်ရည်) (01-394313)၊ ပေဋကာမွန် (လမ်းမတော်)၊ ဆေးရာဇာ (ရွှေဘုံသာ-လယ်)၊ အာရောဂျ - (သိမ်ကြီးဈေး)၊ သီဟ (056-21678 သန်လျင်)၊ ဦးတင်ဇွေ (053-26261၊ ပြည်)၊ မန္တလေး-အောင်ရတနာ (02-35061)၊ ကောင်းသန့် (02-30365)၊ အောင်သုခ (ဈေးချို 09795547955) ပျဉ်းမနား ပွဲကတော် (067-22658) ကေရီ (067-21286)၊ မကွေး ကိုတူးတူး (09-401556740)၊ သင်္ဂ (09-450542802 ဘူးသီးတောင်)၊ အေးရတနာ (09-5350403 ငတောင်ငူ)၊ အောင်သစ္စာ (09-33857339 တိုက်ကြီး)၊ ကိုရာကွတ် (09-960904837 ဝလွန်)

❖ ဆေးခန်းခွဲ (လုံး၀) မရှိပါ။ ❖


www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နန်းဦး

စားတော်ဆက်




သန့်ရှင်းလတ်ဆတ်သော တရုတ်အစားအစာ မြန်မာအစားအစာများကို ဈေးနှုန်းချိုသာစွာဖြင့် သုံးဆောင်၍ စိတ်တိုင်းကျတည်းခိုလိုလျှင် တက္ကသိုလ်နန်းဦး စားတော်ဆက်သို့ ကြွလှမ်းခဲ့ပါလို့ ငါ်ဟ်ခေါ်ပါရစေ။

ကျိုက်ထီးရိုးဘုရားသို့ ရော ်ခဲ့လျှင် ကျိုက်ထီးရိုးရင်ပြင်တော် မဆိုးဘုရားလမ်းရှိ တက္ကသိုလ်နန်းဦး စားတော်ဆက်သို့ ဝင်ရောက်သုံးဆောင်ဖို့ မမေ့နဲ့နော်။

တက္ကသိုလ်နန်းဦး စားတော်ဆက် - ကျိုက်ထီးရိုးရင်ပြင်တော် မဆိုးဘုရားလမ်း။ ဖုန်း - ၀၉-၈၇၂၃၂၆၀

ပဉ္စဂုဏ် အဟံ ဝန္ဒာမိ

# ဂမ္ဘီရဗေဒဆရာလှမျိုး (B.Sc)

## အောင်ကောင်းမြ (သာကေတ)


ဗေဒင် + လက္ခဏာ နဝင်းစီးယတြာပညာရှင်

- ဘဝတစ်သက်တာ ဖဆောင်ရန်၊ ရှောင်ရန်များ
- အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် တတ်ရိုက်တတ်ဆင်ယတြာ။
- တစ်နှစ်တာဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေးခြင်း။
- ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

| | | |
|---|---|---|
| ဟောခန်းလိပ်စာ | - | အမှတ်(၈၉၈)၊ ရတနာပုံ (၅)လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ (ကြံတိုင်းအောင်စာပေနှင့် ဟောခန်း) |
| ဟောပြောအချိန် | - | နံနက် ၈ နာရီမှ ညနေ ၃ နာရီ။ |
| လမ်းညွှန် | - | YBS အမှတ် (၈၀၊ ၈၅၊ ၃၂၊ ၄၊ ၅၊ ၃၄၊ ၃၃၊ ၉၊ ၇၆၊ ၇၀) ကားများစီး ၈ ဂိတ်မှတ်တိုင် ဆင်းပါ။ |
| ရပ်ဝေးမှလာမည့်သူများ | - | ဖုန်း - ၀၉ ၄၂၀၀၄၇၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေ နိုင်ပါသည်။ |

www.burmeseclassic.com

www.burmeseclassic.com




# မိုးပျံယတြာ လွှတ်ကြည့်ပါ

မင်္ဂလာဦးရွှေအိုး

မိုးပျံပူဖောင်းဟူသည် သာမန် ရာဘာပူဖောင်းထဲသို့ ရိုးရိုးလေမှုတ်သွင်းထည့်ခြင်း မဟုတ်ဘဲ ဟိုက်ဒြိုဂျင်ဓာတ်ငွေ့ ထည့်ထားသဖြင့် ပေါ့ပါးကာ မိုးပေါ်သို့ လွင့်တက်လိုသည့် သဘာဝကြောင့် မိုးပျံပူဖောင်းဟူ၍ အမည်သညာ ဖြစ်လာရခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com

အရပ်ထဲတွင် လှည့်လည်၍ဖြစ်စေ၊ ပွဲလမ်းသဘင်၊ ပျော်ပွဲရွှင်ပွဲများ၌ဖြစ်စေ မိုးပျံပူဖောင်းရောင်းချပါက ကလေးများသည် လိုချင်နှစ်သက်စွာဖြင့် ဝယ်ယူကာ ကြိုးစကလေး တကိုင်ကိုင် လုပ်ရသည်က ပျော်ရွှင်ဖွယ်ရာ ကောင်းလှပါပေစွ။ ကုမ္ပဏီဖွင့်ပွဲများ၊ အဆောက်အအုံဖွင့်ပွဲများ၊ သက်ဆိုင်ရာအခမ်းအနားများ၊ နိုင်ငံတော်ပွဲလမ်းကြီးများ၊ ကြေးရုပ်တုဖွင့်ပွဲ၊ တံတားဖွင့်ပွဲအစရှိသော ပွဲကြီးလမ်းကြီးများ၌ မိုးပျံပူဖောင်းစည်းကြိုးများကို အရောင်အသွေးစုံလင်စွာ ဖဲကြိုးများဖြင့် လွှတ်တင်ဖွင့်လှစ်ကြသည်။ အားကစားဖွင့်လှစ်ပွဲများမှာလည်း ထိုနည်းနှင်နှင်ပင်။

အခိုပါ မြင်ကွင်းကို စာအုပ်စာတမ်း၊ သတင်းစာများ၊ ရုပ်မြင်သံကြားသတင်းကဏ္ဍ၊ ကိုယ်တိုင်ကိုယ်ကျစသည်တို့၌ မြင်ရတွေ့ရလျှင် ကြည်နူးပီတိဖြစ်ရသည်သာတည်း။

"မိုးပျံပူဖောင်းနဲ့ ယတြာလုပ်လို့ ရတယ်ဆိုတာ ဟုတ်လား အဘ"

"ရတာပေါ့။ အဓိကကတော့ ယုံကြည်မှုပါပဲ။ မိုးပျံပူဖောင်းရဲ့ သဘာဝကိုက လွှတ်လပ်တဲ့အမြင့်ကို တက်လှမ်းရတာဆိုတော့ အမှုအခင်းနဲ့ ရင်ဆိုင်နေရသူတွေဆိုရင် လွှတ်တင်မယ့် မိုးပျံပူဖောင်းနဲ့ တွဲချည်ထားတဲ့ ကတ်ပြားမှာ ကိုယ့်မွေးနံကိုရေးပေါ့။ တနင်္ဂနွေဖွားဆိုရင် **တနင်္ဂနွေသားသမီး လွှတ်မြောက်စေ**၊ တနင်္လာဖွားဆိုရင် **တနင်္လာသားသမီး လွှတ်မြောက်စေ** စသည်ဖြင့် ရေးပေါ့။ မနက်ခင်း ဘုရားတရားကို **အာရုံပြုပြီး** မနက် ၆း၃၀ နာရီ၊ ဒါမှမဟုတ် ၉း၀၀ နာရီ တိတိမှာ လွှတ်တင်ပေးလိုက်ပါ။

အဲသည်နေ့တစ်နေ့လုံး သက်သတ်လွတ်စားပြီး မေတ္တာသုတ်တော်နဲ့ **ဓာရဏပရိတ်ကို** အာရုံထဲ နှလုံးသွင်းနိုင်သမျှ ရွတ်ဖတ်ပွားများပေးပါ။ **ထူးခြားပါလိမ့်မယ်**"

ကာလသားလူငယ်လူရွယ် **အချို့က** ၎င်းတို့မသိသော အရာများကို မေးလာကြ၏။ **ဒါသည် ကောင်းသောလက္ခဏာ**ဖြစ်၏။ မသိသည်ကို မသိလိုက်ဘာသာ **မြှုပ်ထားခြင်း**၊ မေးရမြန်းရမည်ကို ရှက်၍မြှုပ်ထားသည့်အတွက် **ပါးစပ်ရှိပါလျက်** ဆွံ့အသွားသလိုမျိုး ဦးနှောက်ရှိပါလျက် **အတွေးအခေါ်** ဗဟုသုတနှံ့နဲ့သွားခြင်းမျိုးသည် အနာဂတ်လူငယ်လူရွယ်များအတွက် မကောင်းသောလက္ခဏာပါတည်း။ ခုလိုမျိုး မေးမြန်းလာခြင်းမျိုးသည် အနာဂတ်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ဖွယ်ကောင်းသည်နှင့်အမျှ အမေးအမြန်းခံရသူ လူကြီးသူမများအနေနှင့်လည်း ပြန်လည်ဖြေကြားနိုင်အောင် ဗဟုသုတများ စုဆောင်းသိမ်းဆည်းထားဖို့ လိုပေသည်။

ယခု မိုးပျံပူဖောင်းသည်လည်း သာမန်ကာလျှံကာဆိုလျှင် ကလေးကစားစရာ အသုံးအဆောင်တစ်ခုဟူ၍သာ မှတ်ယူဖွယ်ရာရှိ၏။ သို့ရာတွင် "မိုးပျံပူဖောင်း" တည်းဟူသော **ဓာတ်သဘော**၌ လောကီရေးရာကို ထောက်ကူပေးနိုင်သည့် အာနိသင်များ ပါဝင်နေလေသည့်အတွက် လောကီရေးရာပညာရှင်များက အခါကြီးရက်ကြီးနေ့များ၊ ဖွင့်လှစ်ပွဲများ၊ အခမ်းအနားများ၌ အထိမ်းအမှတ် ရှေ့တော်ပြေးအဖြစ် အောင်မြင်စွာ ဖဲကြိုးဖြတ် ဖွင့်လှစ်ကာ မိုးပျံပူဖောင်းအား မြင့်မားလွတ်လပ်သော အနှောင့်အယှက် အမှောင့်အဖျက်ကင်းစင် သော လေဟာပြင်လေထုထဲသို့ လွှတ်တင်ကြခြင်းဖြစ်လေသည်။

ဤ၌ ပုဂ္ဂလိကတို့အဖို့လည်း မိမိတို့၌ ကြုံတွေ့ရင်ဆိုင်နေရသော မွန်းကျပ်ပိတ်လှောင်မှု အခက်အခဲများ၊ လူမှုရေး၊ အမှုအခင်းကိစ္စများ၊ အရောင်းအဝယ်ကိစ္စများ အစရှိသဖြင့် ကိစ္စများမြောင်လှတို့ဘောင်ဆိုသည့်အတိုင်း ကြုံကြိုက်ရင်ဆိုင်နေရပါက မိုးပျံပူဖောင်း၌ တွဲချည်လွှတ်တင်မည့် ကတ်ပြားကလေး၌ အလိုဆန္ဒရှိရာကို ရေးသားဖို့လိုပါသည်။ ယတြာပြုလုပ်ရမည့်နေ့သည် ကာယကံရှင်၏ မွေးနေ့ရက်ဖြစ်၏။


မိုးပျံပူဖောင်းယတြာအစွမ်းဖြင့် ပိတ်နေသောကံများ ပွင့်လန်းကာ ဘေးဘယများကင်းကွာ၍ လိုရာဆန္ဒကိစ္စအဝဝ တို့ ပြည့်စုံနိုင်ပါစေကြောင်း တင်ပြရေးသားလိုက်ရပါတော့၏။

**မင်္ဂလာရွှေအိုး**



www.burmeseclassic.com

www.burmeseclassic.com



# ခြံဝယ်ပြီး အိမ်ဆောက်ရင် သတိပြုဆင်ခြင်

ဝင်းဇော်(သုံးဆယ်)

စီးပွားရေးတိုးတက်လာ၍ဖြစ်စေ၊ ပင်စင်ဆုကြေးငွေရ၍ဖြစ်စေ၊ မိဘထံမှအမွေရ၍ တစ်အိုးတစ်အိမ်ထူထောင်ချင်၍ဖြစ်စေ အရပ်ထဲရွာထဲတွင် ခြံဝယ်ပြီး အိမ်ဆောက်နေကြသည်ကို အစဉ်အမြဲ တွေ့နေရသည်။ ထိုကဲ့သို့ ငွေကြေးအဆင်ပြေ၍ သူတစ်ပါးရောင်းသော ခြံနှင့် အိမ်ကို ဝယ်သည့်သူများလည်း ရှိသည်။

ကိုယ်တိုင်မြေနေရာဝယ်ပြီး အိမ်ဆောက်သည်ဖြစ်စေ၊ အိမ်ဝယ်သည်ဖြစ်စေ နေရာကောင်းမှာဖြစ်ဖို့ မိမိ၏မိသားစုများအတွက် ဘေးအန္တရာယ် ကင်းရှင်းဖို့တော့ လိုပါသည်။ မိမိဆောက်မိလိုက်သောအိမ်၊ ဝယ်ယူမိလိုက်သောအိမ်သည် ဘေးအန္တရာယ်ရှိနေပါက ထိုဘေးအန္တရာယ်မှ လွတ်ကင်းစေရန် ဆောင်ရွက်ရမည့်နည်းလမ်းကောင်းလေးများကို ရေးသား



www.burmeseclassic.com

www.burmeseclassic.com

တင်ပြပေးချင်ပါသည်။

ရှေးလူကြီးသူမတို့က -

၁။ လမ်းဦးတိုက်သည့်အိမ်

၂။ လှည်းဦးတိုက်သည့်အိမ်

၃။ လှေဦးတိုက်သည့်အိမ်

၄။ ရေဦးတိုက်သည့်အိမ်

၅။ အိမ်တ(တံ)စို့

၆။ နို့ညှပ်

စသည့် အိမ်ခြောက်မျိုးကို ရှောင်သင့်သည်ဟု ဆိုဆုံးမခဲ့သည်။ ထိုအိမ်ခြောက်မျိုးအနက် တစ်မျိုးမျိုးကို ဆောက်လုပ်နေမိ၊ ဝယ်၍နေထိုင်မိကြသဖြင့် အန္တရာယ်များနှင့် ကြုံတွေ့ရသော မိသားစုများကို တွေ့ဖူးကြပေလိမ့်မည်။

သည်နေရာတွင် အန္တရာယ်ဖြစ်စေသည့် အိမ်ခြောက်မျိုးကား မည်သို့သော အိမ်ဖြစ်သည်ကို အားလုံးနားလည်အောင် ရှင်းပြလိုပါသည်။

လမ်းဦးတိုက်သည့်အိမ်ဆိုသည်မှာ မိမိတို့ဆောက်ထားသည့်၊ ဝယ်ခဲ့သည့်အိမ်က တခြားလမ်းနှင့် ထိပ်တိုက်တိုက် ကျနေသော အိမ်ကို ဆိုလိုသည်။

လှည်းဦးတိုက်သည့်အိမ်ဆိုသည်က လှည်းများသွားလာသည့်လမ်းကြောင်းနှင့် မလွတ်ကင်းသော နေရာတွင်ရှိသော အိမ်ကို ဆိုလိုသည်။

လှေဦးတိုက်သည့် အိမ်ဆိုသည်က ရေလမ်းတွင်သွားလာနေကြသော လှေ၊ မော်တော်တို့နှင့် မလွတ်ကင်းသည့် အိမ်ကို ဆိုလိုသည်။

ရေဦးတိုက်သည့်အိမ်ဆိုသည်က ရေကြောင်းနှင့် မိမိအိမ် ထိပ်တိုက်တွေ့ပြီး ရေစတင်စီးဆင်းသောနေရာ၊ ရေစီးဆုံးသောနေရာတွင်ရှိသည့်အိမ်ကို ဆိုလိုသည်။

အိမ်တ(တံ)စို့ ဆိုသည်က မိမိအိမ်ကို အခြားတစ်အိမ်က အလယ်တည့်တည့် ကန့်လန့်ဆောက်ထားသည့်အိမ်ကို ဆိုလိုသည်။

နို့ညှပ်ဆိုသည်က မိမိအိမ်သည် ညီအစ်ကို၏အိမ်ကြား (သို့မဟုတ်) သားအဖကြားသို့ရောက်နေသော အိမ်ကို ဆိုလိုသည်။

အဲသည် အိမ်ခြောက်မျိုးထဲက တစ်မျိုးမျိုးကို ဆောက်လုပ်မိ၊ ဝယ်မိလျှင် အိမ်ရှင်မိသားစုအားလုံး စီးပွားရေး ထိခိုက်တတ်သည်။ ကျန်းမာရေး ထိခိုက်တတ်သည်။ အိမ်သားအချင်းချင်း စကားများရန်ဖြစ်ကာ အစဉ်အမြဲ ပြဿနာဖြစ်ပွားနေတတ်သည်။

ထို့ကြောင့် ထိုအိမ်ခြောက်မျိုးမှ တစ်မျိုးမျိုးနှင့် မကြုံတွေ့ရအောင် မဆောက်လုပ်မိ၊ မဝယ်မိစေရန် အထူးသတိထား ရှောင်ကြဉ်ရမည်။ ထိုအန္တရာယ်များမှလွတ်ကင်းစေလိုသည့် အိမ်ကိုသာ ဆောက်ပါ၊ ဝယ်ပါ၊ ငှားရမ်းနေထိုင်ပါဟု မှာကြားချင်ပါသည်။

အကယ်၍ အထက်ပါအိမ်ခြောက်မျိုးကို မသိရှိ၍ အိမ်ဆောက်လုပ်မိ၊ ဝယ်မိလျှင်လည်း ဘာမှစိတ်မညစ်ပါနှင့်။ အန္တရာယ်ကင်းစေမည့် အဆောင်များကိုပေးပါမည်။

လမ်းဦးတိုက်၊ လှည်းဦးတိုက်၊ လှေဦးတိုက်၊ ရေဦးတိုက်သည့်အိမ်ဖြစ်နေလျှင် မိမိအိမ်ရှေ့မှ လမ်းဦးတိုက်သည့်ဘက်သို့လှည့်ပြီး ကျားရုပ်ကို ပြုလုပ်ထားရမည်။ အန္တရာယ်ဟူသမျှကို ကျားက ကိုက်ခဲဖယ်ရှားပစ်မည်ဆိုသည့် သဘောဖြစ်သည်။

အိမ်တ(တံ)စို့အတွက် အဆောင်ကား မိမိအိမ်မှနေ၍ တ(တံ)စို့ထိုးထားသော အိမ်ဘက်သို့ မှန်တစ်ချပ်ထောင်ပြီး ထားရမည်။

နို့ညှပ်ထဲတွင် နေထိုင်မိလျှင် တညှပ်ကို အိမ်၏တစ်ဖက်တစ်ချက်စီတွင် ထားပေးရမည်။ တညှပ်ဆိုသည်မှာ ငါးကိုကင်ရာတွင် အသုံးပြုသော ငါးကိုအလယ်က ထက်ခြမ်းခွဲထားသည့် ဝါးပြားချပ်ကို ဆိုလိုသည်။ ငါးကိုမီးကင်သည့်အခါ အလယ်ရှိသောငါးက မကျက်ခင် ဝါးကအရင်မီးလောင်ကျွမ်းသွားသည်။ မိမိ၏အိမ်က ညီအစ်ကိုကြား၊ သားအဖကြားတွင်ရှိသော်လည်း မည်သည့်အန္တရာယ်မှ မကျရောက်နိုင်ဟု ဆိုလိုသည်။ ၎င်းအစီအရင်ကို ယုံယုံကြည်ကြည်နှင့် ဆောင်ရွက်ပါဟုသာ အထူးမှာကြားလိုပါသည်။

**ဝင်းဇော်(သုံးဆယ်)**

၀၉-၂၆၁၄၃၅၇၇၂



www.burmeseclassic.com

www.burmeseclassic.com

# သက်မညှောင်ထန်း အသက်ရှည်စတမ်း

**■ မော်တင်သိန်းဇော်ဇ**

လူကြီးသူမ၊ သက်ကြီးပုဂ္ဂိုလ်ကြီးများ၊ ဆရာပညာရှင် သမားများ၊ စာပေလာများနှင့် ကိုယ်တွေ့တို့အရ ပင်ကိုအရင်းအမြစ် သဘာဝအရ အပင်သက်တမ်းရှည်ကြာသော ဖြစ်တည်မှုသဘောနှင့် ဂုဏ်သတ္တိစွမ်းရည်များရှိကြသည့် မကြီး၊ သက်ငယ်၊ ညှောင်ပင်၊ ထန်းပင်တို့၏ အရွက် အညွန့် အခက်အလက် အသားတို့နှင့် ဝေဒနာအတွက် ကပ်လှူပေးက ... အသက်ရှည်ကြာတတ်သည်။ အကျိုးကြီးသည်ထိ လေ့လာမှတ်သား သိရှိရပါသည်။ ကျန်းမာရေးဆိုင်ရာတို့အတွက် အထူးထိရောက် အကျိုးရှိစေသည်ဟုလည်း မှတ်သားရပါသည်။

အထူးသဖြင့် အပင်ရှည်၊ အပင်ကြီးများဖြစ်ကြသော မန်ကျည်း၊ ညှောင်၊ ထန်းပင်တို့အနေနှင့် နှစ်ကာလ ရာချီမျှပင် သက်တမ်းဆက်ရှည်တတ်သော ဖြစ်တည်မှုနှင့် ဂုဏ်သတ္တိစွမ်းရည်တို့ ပိသေသထူးများ ရှိကြသလို အပင်တို၊ အပင်သေးဖြစ်သော သက်ကယ်အပင်အနေနှင့်လည်း မာကျော သက်တမ်းရှည်၍ အထူးကောင်းမြတ်သော ပညတ်ထူးများ ရှိပါသည်။ အကယ်၍ အခန့်မသင့်၍ အသက်ကို ထိပါးစေမည့် ရောဂါဝေဒနာဆိုးကြီးများကို မတော်တဆ ခံစားကုသရပါက ခွဲစိတ်မှုကြီးများကို ရင်ဆိုင်ခံစားကြုံတွေ့ရပါက မပြောမဆိုစကောင်းဆိုသလို သက်ဆိုင်ရာ အနာရောဂါဝေဒနာတို့၏ အခြေအနေအရ လူနာဝေဒနာရောဂါရှင်၏ နေရမည့် သက်တမ်းကို ပိုင်းဖြတ်ရမည့် အခြေအနေများကို ကြုံတွေ့ရပါက သူနာအတွက် တင်ပြပါ မန်ကျည်းပင်၏ အရွက်အညွန့်၊ ညှောင်ပင်၏ အရွက်အညွန့်၊ ထန်းပင်၏ အရွက်အညွန့် အခက်တို့ကို နေအိမ်နှင့် ပြင်ပ ဘုရားစေတီတို့၏ ရုပ်ပွားတော်တို့တွင် ရေနှင့်အတူ ကပ်လှူပူဇော်၍ ထက်သန်ခိုင်ကျည် စူးနှစ်စွာ ဆုတောင်းက၊ သို့မဟုတ် ကိုယ်စားတစ်ပါးသူက ဝေဒနာရှင်ကိုယ်စား ကပ်လှူပူဇော်၍ ထက်သန်ခိုင်ကျည် စူးနှစ်စွာ ဓာတ်ခံ တူသဘောဆုတောင်းပေးပါက သက်ဆိုင်ရာ ရောဂါဝေဒနာရှင် လူနာ၊ ကုသနေသူများတို့အနေနှင့် အသက်ရှည်ကြာ၍ အကာလမရဏဘေးဆိုးကြီးတို့မှ ကင်းလွတ်ပပျောက်တတ်သည်ကို အသေအချာမျှ လေ့လာသိရှိရပါသည်။ အထူးသဖြင့် အဆိုပါ မန်ကျည်း၊ ညှောင်နှင့် ထန်းညွန့်တို့ကို အထက်အညာဒေသကြီးတို့ တစ်ကြောတွင် သမားစဉ်ကြီးတစ်ရပ်အနေနှင့် ယုံကြည်ထက်သန် လေးမြတ်ကိုးစားစွာ ကပ်လှူပူဇော် ဆုတောင်းတတ်ကြသည်ဟုလည်း ဖတ်ရှုလေ့လာ မှတ်သားရပါသည်။ ဒေသစွဲ အသက်ကယ်ယတြာကြီးအဖြစ် ခံယူကြပါသည်။

ထို့အတူ အသက်ကိုကယ်ဆယ်သည်ဟု ကောင်းမြတ်ခိုင်ကျည် စူးနစ်သော ပညတ်၊ နာမ၊ ပြဋ္ဌတ်ထူးတို့ ရှိသည်။ သက်ကယ်ပင်နှင့် ပတ်သက်၍ ကျမ်းမြတ်ပါ ဆရာပညာရှင်၏ ကြီးမြတ်၍ အထူးကောင်းမွန်ထိရောက် တန်ဖိုးကြီးအပ်သော ကျန်းမာရေးအတွက် အသက်ရှည်ကြာရေးအတွက် ကျေးဇူးကြီးလှသည့် ကျန်းမာရေး ယတြာတစ်ရပ် ဆရာထက်မြတ်ကြီး တစ်ပါးက ချီးမြှင့်တော်မူကြောင်းကို နာယူသိရှိရပါသည်ကိုလည်း ကြုံကြိုက်စပ်လျဉ်းတုန်းတွင် တင်ပြအပ်ပါသည်။ လက်ဆင့်ကမ်းအပ်ပါသည်။ ကျမ်းပါ ထိုသက်ကယ်ယတြာမှာ ကျန်းမာရေးညှိုနေက ဖန်ခွက်ထဲ၌ ဟင်းစားဖွန်းနှင့် ကျန်းမာရေးညှိုနေတဲ့သူ၏ ရောက်ရှိဆဲ သက်စေ့ကို ရေခပ်ထည့်ရမည်။ ပြီးက ထိုရေသက်စေ့ခွက်ထဲကို သက်ငယ် ၁၀ ညွန့်ထပ်ကာ ထည့်ရမည်။ ပြီးက ဘုရားရုပ်ပွားတော်မြတ်မှာ ဖယောင်းတိုင်တစ်တိုင်ပူဇော်ပြီး အလေးအနက်မျှ ဆုတောင်း၍ ငါးပါးသီလခံယူခြင်း၊ သမ္ဗုဒ္ဓေ ဂါထာတော် ၃၆ ခေါက် ရွတ်ပွားခြင်း။ ဝင်လေထွက်လေ ရှုမှတ်တရားထိုင်ခြင်းများ ပြုရသည်။ ယင်းသက်ငယ်လှူ ယတြာမွန်ကို ၁၀ ရက်တိတိ လုပ်ဆောင်လှူဒါန်းရပြီး သက်စေ့မှ ရေအသစ်ထည့်ကာ လဲလှယ်ခြင်းနှင့်အတူ ထို ၁၀ ရက်အတွင်း၌ မုန့်ဟင်းခါးထဲကို ဘဲဥတစ်လုံး ထက်ခြမ်းခြမ်းပြီး ကပ်လှူပြီး တစ်ရက်ရက်မှာလည်း ကျောက်ဖရုံယို ဆွမ်းတော်ကပ်ရမည်။ ထို့အတူ ထိုကျန်းမာရေးညှိုနေသူ၊ ယတြာလုပ်ဆောင်ရသူ၏ အကျီပေါင်း၊ လုံခြည်ပေါင်းတို့ကို စွန့်ရသော ယတြာဖြစ်သည်ကို လေ့လာ



www.burmeseclassic.com

www.burmeseclassic.com

မှတ်သားရ၍ လက်ဆင့်ကမ်း တင်ပြအပ်ပါသည်။ ဝိဇ္ဇာယတြာဟုမင် ဖွင့်ဆိုအပ်သော ထိုတင်ပြပါ သက်ငယ်ညွှန့်လှူ အဆိုပါယတြာကို စာရေးသူမှ ကျန်းမာရေးဆိုးဝါးထိခိုက် ညှဲ့နေသူများအား အကြိမ်ကြိမ် လမ်းညွှန်စေခိုင်းခဲ့ရာ အင်းတကော်၊ သန်လျင်မြို့များသို့ပင် သက်ငယ်ညွှန့်များကို သွားရောက်ရှာဖွေ ခူးဆွတ်ပြီး အကူအညီပေးဆောင်ရွက်စေခဲ့ရာ ရယူပေးအပ်ပြီး ယတြာပြုစေခဲ့ရာ ကျန်းမာရေးညှဲ့နေသူ အတော်များများပင် အမှန်ပင် သက်သာပျောက်ကင်း၍ ကျန်းမာရေးကောင်းခဲ့ပါသည်။ ရိုကျိုးမှန်ကန်စွာ တင်ပြအပ်ပါသည်။ ရောဂါဝေဒနာဆိုးစုံတို့နှင့် လဲနေသူအချို့ပင် နာလန်ထူ၍ ပြန်လည်ကာ ကျန်းမာရေးကောင်းခဲ့ကြပါသည်။

အပင်သက်တမ်းရှည်ကြာပြီး ဝိဇ္ဇာနှင့် ဂမ္ဘီရစာတ်စွမ်းပကားအာနိသင်များရှိကြသော တင်ပြပါ ညောင်၊ ထန်း၊ မန်ကျည်း၊ သက်ငယ်ပင်တို့ အနေနှင့် အခြားဂုဏ်ရည်စွမ်းပကားဝိသေသတို့အနေနှင့် ညောင်ပင်ဆိုက

(၁) ဗုဒ္ဓဝင်တော်လာဖြစ်၍ အထူးမွန်မြတ် ကြီးမြတ်သည်။ (၂) ဘုရားရုပ်ပွားတော်များ ထုသွန်း၍ ရအပ်သည်။ (၃) ဗုဒ္ဓဘိသေက အနေကဖော တင်ရာ၌ ပူဇော်ရသည်။ (၄) ဆေးဖက်ဝင်သည်။ (၅) အဆောင်အဖြစ် ဆောင်သရသည်။ (အထူးသဖြင့် သောကြာ သားသမီးများ)။ (၆) လုပ်ငန်းသုံးရာ ကော်အဖြစ်သုံးစွဲ၍ရသည်။ (၇) အများသူငါတို့နှင့် ကျေး ငှက်သာရကာ သတ္တဝါတို့ မှီခို၍ရသည်။ နတ်စင်၊ ရေအိုးစင်များအဖြစ် မှီခိုရ၍ တည်ဆောက်အသုံးဝင်သည်။

ထန်းပင်ဆိုက –

(၁) ဓာတာဖွဲ့ရာ၌ အသုံးပြုနိုင်သည်။ (၂) အရွက်ပေါ်တွင် ဆုတောင်းစာများရေး၍ ပူဇော်နိုင်သည်။ (၃) ဆေးဖက်ဝင်သည်။ (၄) အဆောင်အဖြစ် ဆောင်သရသည်။ (အထူးသဖြင့် အင်္ဂါသားသမီးများ)။ (၅) အမိုးအကာအဖြစ် သုံးစွဲနိုင်သည်။ (၆) အဝေးကြည့်မှန်ပြောင်းအဖြစ် သုံးစွဲနိုင်သည်။ တက်ရောက်အားပြု၍ ကြည့်ရှုနိုင်သည်။ အထူးအသုံးဝင်သည်။

မန်ကျည်းပင်ဆိုက သောမနှင့် ပထဝီမြေဓာတ်ကြီးကျကာ (၁) ကက်ကင်းဓာတ်သဘောယူ၍ ဘိုးမင်းခေါင်ရုပ်တု ထုသွန်း၍ရသည်။ (၂) ဆေးဖက်ဝင်သည်။ သောက်သုံး လိမ်းကြံ၍ ရသည်။ (၃) အဆောင်အဖြစ် ဆောင်သရသည်။ (အထူးသဖြင့် တနင်္ဂနွေနှင့် ကြာသပတေးသားသမီးများ)။

သက်ငယ်ပင် အနေနှင့်မူ သောမနှင့် ရေမြေမိတ် ဓာတ်ကြီးကျကာ–

(၁) အသက်ကယ်ယတြာပစ္စည်းအဖြစ် အသုံးပြုနိုင်သည်။ (၂) အမိုးအကာများအဖြစ် သုံးစွဲနိုင်သည်။ (၃) ခြံဝင်းတို့အတွင်း၌ အကာအကွယ်အဖြစ် စိုက်ပျိုး၍ရသည်။ စိမ်းစိုလန်းဖြာ၍ ထောင်မတ် ဝေဆာသော သဏ္ဌာန်သရုပ်ရှိ၍ သြဘာနိမိတ်ကောင်းယူပြီး နိမိတ်ပညတ်စဉ်နှင့် ခြံအလှအပ ကျက်သရေဆောင်အဖြစ် စိုက်ပျိုး၍လည်းရသည်။ (၄)အဆောင်အဖြစ် ဆောင်သရသည်။ (အထူးသဖြင့် တနင်္လာနှင့် ကြာသပတေး သားသမီးများ) စသဖြင့် အသီးသီး အသကမျှပင် ထူးမြတ်စွာရှိကြကြောင်းကိုလည်း လေ့လာမှတ်သားရပါသည်။ အသက်ကယ်တဲ့ သက်ငယ်၊ ကံပွင့်သီးတဲ့ မန်ကျည်း၊ အောင်ဓာတ်ဆောင်တဲ့ ညောင်၊ ပွင့်လန်းတဲ့ ထန်း မင်္ဂလာရှိသော အပင်တို့အား ကျန်းမာရေးအတွက် လေ့လာနိုင်ကြပါရန် လက်ဆင့်ကမ်း တင်ပြအပ်ပါသည်။ လိုအပ်က လုပ်ဆောင်နိုင်ကြပါသည်။

လေ့လာမှတ်သားချက်တို့အရ ဗဟုသုတများအနေနှင့်

(၁) တင်ပြပါ အပင်များကို ယတြာပြုရေးအတွက် ခူးဆွတ်ကတောင်ဘက်လှည့်ကိုင်းများကို ဦးစားပေး၍ ခူးဆွတ်ရသည်။ နတ်နေကိုင်းဖြစ်၍ ပိုမိုထူးမြတ်၍ သိဒ္ဓိဝင်သည်ဟု အဆိုကြီးများ ရှိပါသည်။ (၂) ကပ်လှူပူဇော်ပြီး၍ စွန့်သောခွက်ထဲက ရေတို့နှင့် သက်ငယ်၊ မန်ကျည်း၊ ညောင်၊ ထန်းရေတို့နှင့် ကိုယ်ခန္ဓာအပြင် ဝတ္ထုပစ္စည်း၊ ဥစ္စာပစ္စည်းတို့ကို သန့်စင်လိမ်းကျံက အကျိုးထူးများ ရရှိခံစားရသည်။ အသက်ရှည်စေသည်။ ဝတ္ထုဥစ္စာပစ္စည်းများ မြဲမြံစေသည်။ မင်္ဂလာရှိ၍ လာဘ်ရွှင်စေသည်ဟု အဆိုကြီးများရှိပါသည်။ (၃) အသက်ကယ်ယတြာအဖြစ် မူကွဲအဖြစ် အကောင်းဆုံးအဖြစ် (က) ညောင်ဆိုက ဘုရားရုပ်ပွားတော် ထုသွန်းခြင်း၊ (ခ) ထန်းဆိုက ဓာတာဖွဲ့ခြင်း၊ (ဂ) မန်ကျည်းဆိုက အဖေကြီးဘိုးမင်းခေါင်ရုပ်တု ထုလုပ်ခြင်းများ ပြုမူက ကောင်းမြတ်သည်ဟု လေ့လာမှတ်သား သိရှိရပါသည်။

ယတြာမွန်ကိုချီးမြှင့်သော ဆရာတော်ဘုရားကြီးနှင့် ကျမ်းပြုပညာရှင်ဆရာတို့အား လေးမြတ်ရိုကျိုးစွာ ဦးခိုက်ကန်တော့ ဂါရဝပြုလျက်။

ဝန်ခံချက် ။ ။ ဆရာထွဏ်းအောင်ကျော်၏ အသုံးချဂမ္ဘီရယတြာ အဘိဓာန်ကျမ်းမွန်ကို မှီငြမ်းကိုးကား၍ တင်ပြအပ်ပါသည်။

မော်တင်သိန်းဇော်ဇ



www.burmeseclassic.com

www.burmeseclassic.com

# ငွေဝင်လာဘ်ရှင်

# အောင်ဆက်ဆင်

သစ္စာဝါဒီ သရာမြတ်စောလင်း

ကျွန်ုပ်သည် ဆိုင်ရှေ့တွင်ထိုင်၍ ရွှေရောင်လမ်းမဂ္ဂဇင်းတွင်ပါသော မိမိ၏ ဆောင်းပါးကို ဖတ်နေစဉ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်၏ အရှေ့မှခ်မှ အသက် ၈၀ ခန့် လောက်ရှိမည်ဟု ထင်ရသော ပုဂ္ဂိုလ်တစ်ဦး ထွက်လာသည် ကို ကျွန်ုပ် တွေ့လိုက်ရ၏။ ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်ဆိုင်သို့ သူ၏မျက်လုံးများက သေချာစွာကြည့်၍ လာနေ၏။ ထို့ ကြောင့် ကျွန်ုပ်ကလည်း သူ့အား ပြန်၍ကြည့်နေမိ၏။ ပင်နီ ရောင်တိုက်ပုံ အပေဘင်းအနွမ်းကလေးကို ဝတ်ထားပြီး အောက်တွင် စွပ်ကျယ်မပါ ရင်ကိုဖွင့်ထားသဖြင့် သူ၏ရင် အုပ်ကားကားကို ကျွန်ုပ် မြင်တွေ့နေရ၏။ အရပ်အမောင်း အားဖြင့် မမြင့်လွန်း မနိမ့်လွန်းရှိ၏။ ပုဆိုးမှာ တစ်လက်မ ခန့်ရှိသော အကွက်များပါ၏။ ၁/၂၀ ချည်ကြမ်းလုံချည်ကို ဝတ်ဆင်ထား၏။ ဖိနပ်မှာ သားရေဖိနပ်ရိုးရိုးပင် ဖြစ်၏။ အမှတ် တမဲ့ကြည့်မည်ဆိုလျှင် အဘဘိုးမင်းခေါင်တစ်ယောက် ကျွန်ုပ် ထံသို့ လာနေသည်ဟု ထင်မှတ်ရမည်ပင်ဖြစ်၏။ ပင်နီရောင် လွယ်အိတ်ကြီးကို တစ်စောင်းလွယ်၍ ညာဘက်လက်မှ ဝါး တုတ်ကောက်တစ်ချောင်းဖြင့် ထောက်၍ထောက်၍ လှမ်း လာနေသည်။ ကျွန်ုပ်ဆိုင်ရှေ့သို့ ရောက်သောအခါ -

"လူကလေး၊ အဘ ခဏထိုင်မယ်နော်"

"ထိုင်ပါ အဘ၊ ခဏမဟုတ်ပါဘူး။ အမောပြေအောင် ကြိုက်သလောက် ထိုင်ပါ"

ကျွန်ုပ်သည် ဖတ်လက်စ ရွှေရောင်လမ်းမဂ္ဂဇင်းကို စားပွဲပေါ်တွင်ချ၍ ကျွန်ုပ်၏ဆိုင်ရှေ့တွင် အရန်သင့်ရှိနေသော Watercolder ရေအေးစက်မှ ရေတစ်ခွက်ကိုခပ်၍ ထိုပုဂ္ဂိုလ် ထူးကြီးအား လက်နှစ်ဖက်ဖြင့် ရေခွက်ကို လှမ်း၍ပေးလိုက်၏။ ထိုပုဂ္ဂိုလ်ကြီးမှာ အပြည့်ပါသော ရေအေးတစ်ခွက်အား နှစ် ခြိုက်စွာ ကုန်သည်အထိ သောက်လိုက်၏။

"သာဓုပါ မောင်ရယ်။ ဒါထက် စကားမစပ် မောင်ရင့် မှာ ငွေလိုနေတယ်မဟုတ်လား။ အဟောအပြောကလည်း သိပ်မလာ၊ ကျွန်ုပ်တို့အလုပ်တွေက သိပ်မဖြစ်၊ လုပ်ငန်းအတွက် ရင်းနှီးထားတဲ့ ငွေ ၁၀ သိန်းကျော် ပြန်ပေးရမှာအတွက် စိတ်ပူနေတယ်မဟုတ်လား"

ထိုပုဂ္ဂိုလ်ထူး၏စကားကြောင့် ကျွန်ုပ်သည် လွန်စွာမှ ပင် အံ့သြနေမိတော့၏။ ထိုပုဂ္ဂိုလ်ထူး ပြောသည့်စကား အကုန်လုံးပင် မှန်နေ၏။ ကျွန်ုပ်၏ သမီးသဖွယ် ရင်းနှီးသော တပည့်ဖြစ်သူ ရှမ်းတရုတ်လူမျိုးထံမှ မိတ္တူကူးစက် ဝယ်ယူ ရန်အတွက် ငွေ ၁၀ သိန်းကျော် ယူထားပြီး ပြန်ပေးရန် အတော်ပင် ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း စိတ်ရောကိုယ်ပါ ရုန်းကန်ကြိုးစား၍နေရသော အချိန်ပင်ဖြစ်၏။

"မပူပါနဲ့ မောင်ရင်ရယ်။ အဲဒီငွေလေးလောက်က တော့ မကြာခင် ကျေသွားမှာပါ။ အဘပေးခဲ့တဲ့ ယတြာကိုသာ လုပ်ဖြစ်အောင်လုပ်ပါ အဘပေးခဲ့တယ်ဆိုတာလည်း ဟိုးနှစ် ပေါင်း ၁၀၀ ကျော်က နာမည်ကြီးခဲ့တဲ့ မကာရဋ္ဌအတုလ အကျော် ခင်ကြီးဖျော် စီရင်ရေးသားခဲ့တဲ့ အင်္ဂဝိဇ္ဇာ ဋီကာကြီး ကျမ်းမှလာတဲ့ အစီအရင်တွေပဲ ဖြစ်ပါတယ်။ ကျမ်းကနက် တော့ အတော်အတန်ဉာဏ်နဲ့ ကျမ်းသရာဆိုလိုတာကို မသိ နိုင်ဘူးပေါ့ကွယ်။ ဉာဏ်နဲ့သူတွေအတွက် အင်အတန်မှ ခက်ခဲ တဲ့ ကျမ်းကြီးပေါ့။ အေး ဉာဏ်ပညာအတွေးအခေါ် ဦးနှောက် ကြီးမားသော ပုဂ္ဂိုလ်ဆိုရင်တော့ အင်မတန် တန်ဖိုးကြီးလှတဲ့ ရတနာသိုက်ကြီးပါပဲ မောင်ရင်ရာ။ အဲဒီတော့ မင်းလည်းလုပ် ပေါ့။ ခုနစ်ရက်သားသမီးတွေလည်း ပေးပေါ့။ မင်းကြားဖူး သလောက်တော့ ကြားဖူးမှာပါ။ တို့စတုနင်းကြမ်းပြု



www.burmeseclassic.com

www.burmeseclassic.com

စကားလေ။ ဒါပါပဲကွယ်။ နောက်ဆုံးပြောရရင် နေ့သားသမီး တစ်ယောက်ရဲ့ တြိရန်းနှင့် စတုရန်းကို ဘယ်ညာထားပြီး အညွှန့် ပန်းကို မွေးနံဂြိုဟ်တိုင်မှာ စတုရန်းအချိန်မှာ လှူတာ ပါပဲ။ ဒီတော့ တြိရန်းနှင့် စတုရန်းအချိန်မှာ တြိစတုကိုနင်းပြီး မွေးနံဂြိုဟ်တိုင်မှာ အညွှန့်ပန်းကို လှူတာပါပဲ။ ဒါပါပဲ။ မောင်ရင်ရော မင်းမွေးနေ့အရ အဲဒါလေးသာ လုပ်လိုက်ပါ"

ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်ပြောခဲ့သည့်စကားကို သေချာ စွာမှတ်၍ထားလိုက်၏။ ထိုပုဂ္ဂိုလ်အား ကျွန်ုပ်သည် လက်အုပ် ချီ၍ ငွေစအနည်းငယ်ကို ကန်တော့လိုက်၏။ ထိုပုဂ္ဂိုလ်ထူး မှာ ဆုများ ဝေဝေဆာဆာပေး၍ ကျွန်ုပ်ဆိုင်ရှေ့မှ ထွက်ခွာသွား တော့၏။

## ခုနစ်ရက်သားသမီးတို့၏ တြိစတုဓာတ်ပန်းနှင့် လှူရန်နေ့ရက် အချိန်နာရီများ

တနင်္ဂနွေသားသမီးသည် အင်္ဂါနေ့ ၁၀ နာရီခွဲမှ ၁၂ နာရီအတွင်း ဇော်စိမ်းရစ်ညွှန့် ညာခြေထောက်မှနင်း၍ ဝါး ၁၇ ညွှန့် ဘယ်ခြေထောက်မှ နင်းထားပြီး ကုံကော်ပန်း ၁၅ ညွှန့်အား လက်မှကိုင်၍ တနင်္ဂနွေဂြိုဟ်တိုင်တွင် လှူပြီး ငွေကြေးနှင့် လုပ်ငန်းများကောင်းမွန်ရန် ဆုတောင်း၍လှူပါ။

တနင်္လာသားသမီးသည် ဗုဒ္ဓဟူးနေ့ ၁၀ နာရီခွဲမှ ၁၂ နာရီအတွင်း ဝါး ၁၇ ညွှန့် ညာခြေထောက်မှနင်း၍ ပျဉ်းမ ၁၉ ညွှန့် ဘယ်ခြေထောက်မှနင်းထားပြီး ဇီး ၈ ညွှန့်အား လက်မှကိုင်၍ တနင်္လာဂြိုဟ်တိုင်တွင်လှူပြီး ငွေ ကြေးနှင့် လုပ်ငန်းများကောင်းမွန်ရန် ဆုတောင်း၍လှူပါ။

အင်္ဂါသားသမီးသည် ကြာသပတေးနေ့ ၁၀ နာရီခွဲမှ ၁၂ နာရီအတွင်း ပျဉ်းမ ၁၉ညွှန့် ညာခြေထောက်မှနင်း၍ သီဟိုဠ် ၂၁ ညွှန့် ဘယ်ခြောက်မှနင်းထားပြီး ဝါး ၁၇ ညွှန့်အား လက်မှကိုင်၍ အင်္ဂါဂြိုဟ်တိုင်တွင် လှူပြီး ငွေကြေးနှင့် လုပ်ငန်း များကောင်းမွန်ရန် ဆုတောင်း၍လှူပါ။

ဗုဒ္ဓဟူးသားသမီးသည် သောကြာနေ့ ၁၀ နာရီခွဲမှ ၁၂ နာရီအတွင်း သီဟိုဠ် ၂၁ ညွှန့် ညာခြေထောက်မှနင်း၍ ထန်း ၁၀ ညွှန့် ဘယ်ခြေထောက်မှ နင်းထားပြီး ပျဉ်းမ ၁၉ ညွှန့်အား လက်မှကိုင်၍ ဗုဒ္ဓဟူးဂြိုဟ်တိုင်တွင် လှူပြီး ငွေကြေးနှင့် လုပ်ငန်းများ ကောင်းမွန်ရန် ဆုတောင်း၍လှူပါ။

ကြာသပတေးသားသမီးသည် စနေနေ့ ၁၀ နာရီခွဲမှ ၁၂ နာရီအတွင်း ထန်း ၁၀ ညွှန့် ညာခြေထောက်မှနင်း၍ အုန်း ၆ ညွှန့် ဘယ်ခြေထောက်မှ နင်းထားပြီး သီဟိုဠ် ၂၁ ညွှန့်အား လက်မှကိုင်၍ ကြာသပတေးဂြိုဟ်တိုင်တွင်လှူပြီး ငွေကြေးနှင့် လုပ်ငန်းများကောင်းမွန်ရန် ဆုတောင်း၍လှူပါ။

သောကြာသားသမီးသည် တနင်္ဂနွေနေ့ ၁၀ နာရီခွဲမှ ၁၂ နာရီအတွင်း အုန်းခြောက်ညွှန့် ညာခြေထောက်မှနင်း၍ ကုံကော် ၁၅ ညွှန့် ဘယ်ခြေထောက်မှနင်းထားပြီး ထန်း ၁၀ ညွှန့်အား လက်မှကိုင်၍ သောကြာဂြိုဟ်တိုင်တွင်လှူပြီး ငွေကြေးနှင့် လုပ်ငန်းများကောင်းမွန်ရန် ဆုတောင်း၍လှူပါ။

စနေသားသမီးသည် တနင်္လာနေ့ ၁၀ နာရီခွဲမှ ၁၂ နာရီအတွင်း ကုံကော် ၁၅ ညွှန့် ညာခြေထောက်မှနင်း၍ ဆီး ၈ ညွှန့် ဘယ်ခြေထောက်မှနင်းထားပြီး အုန်း ၆ ညွှန့်အား လက်မှကိုင်၍ စနေဂြိုဟ်တိုင်တွင်လှူပြီး ငွေကြေးနှင့် လုပ် ငန်းများကောင်းမွန်ရန် ဆုတောင်း၍လှူပါ။

အထက်ပါ အစီအရင်များမှ ကျွန်ုပ်သည် အင်္ဂါသား ဖြစ်သဖြင့် ပျဉ်းမ ၁၉ ညွှန့်ကို ညာဘက်ခြေထောက်အောက် တွင်ထား၍လည်းကောင်း။ သီဟိုဠ် ၂၁ ရွက်ကို ဘယ်ဘက် ခြေထောက်အောက်တွင်ထား၍လည်းကောင်း ဝါး ၁၇ ညွှန့်ကို လက်မှကိုင်၍ အောက်မှာရှိသော နင်းကြမ်းပန်းများအားနင်း၍ ကျွန်ုပ်၏ မွေးနံဖြစ်သော အင်္ဂါဂြိုဟ်တိုင်သို့ လှူလိုက်၏။ ထိုသို့လှူပြီးသော နောက်တစ်နေ့ သောကြာနေ့တွင် ထူးခြား စွာ ကျွန်ုပ်၏ဆိုင်သို့ ဗေဒင်မေးပရိသတ်များ ရောက်လာတော့ ၏။ ထို့ကြောင့် ထိုထူးခြားသော ကိုယ်တွေ့အသုံးချယတြာ အား ခုနစ်ရက်သားသမီးအပေါင်း အကျိုးရှိစေရန်အတွက် တင်ပြရေးသားလိုက်ပါသည်။ ဆရာလုပ်သူများ အောက်နင်း ကြမ်းကို တစ်ခုစီမခွဲဘဲ တွဲလုံးဖြင့် အသုံးချမည်ဆိုလျှင် ပို၍ပင် ထိရောက်နိုင်သည်ပင်ဖြစ်၍ ဝေဒပညာရှင်များ တွဲလုံး ကို အသုံးချပြီး မိမိလုပ်ငန်းတိုးတက်ရန် ပြုလုပ်စီရင်နိုင်ကြ ပါစေဟု မေတ္တာပြုလျက်...။

*ကျေးဇူးရှင်အား ရှိခိုးပါ၏။*

**သစ္စာဝါဒီ ဆရာမြတ်စောလင်း**

၀၉-၄၂၀၀၉၂၀၃၉



www.burmeseclassic.com

www.burmeseclassic.com

သီသာစေကြောင်း

# မင်္ဂလာနှိမိတ်ကောင်း

ဒေါက်တာမင်းသိန်း၏ နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ . . . .

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာမိမိ အသိဆုံးပါ။ ဒါပေမဲ့ ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ ဓမ္မတာပါပဲ။ ပြည်ဖုံးကား နောက်ကွယ်က ဇာတ်ရှုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။ အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .

■ အမှတ် (၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀
၀၉-၇၈၉၉၅၉၅၆၇

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း



## တနင်္လာ သားသမီး

သင်သည် ယနေ့ကာလတွင် ကုသိုလ်ကံ ကောင်းနေသည်။ အလှူအတန်းကိစ္စများ မှချလုပ်ရမည်။ ထီပေါက်သလို ငွေတွေ ဝင်လာတတ်သည်။ ငွေအနည်းငယ်ဝင်လျှင် ပြန်လှူပစ်ပါ။ ဒါမှ ငွေများစွာ ပြန်ဝင်လာမည်။ မိတ်ဆွေကြောင့် စိတ်ညစ်ရတတ်သည်။ အချင်းချင်း စိတ်ဝမ်းကွဲတတ်သည်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုရခြင်း ကြုံတတ်သည်။ ငွေကြေးနှင့် ပတ်သက်၍ အနည်းငယ် ပြဿနာ ကြုံတတ်သည်။ လွန်ခဲ့သောနှစ်က ပျောက်ဆုံးနေသော ရတနာပစ္စည်းများ၊ လက်လွှတ်ထားသောငွေများ မမျှော်လင့်ဘဲ ဝင်လာတတ်သည်။ အထူးဂရုစိုက်ရန်မှာ မိမိပိုင်ဆိုင်မှု မဟုတ်သော အသင်းအဖွဲ့ပိုင်ငွေများ အခြားသူက လာရောက်အပ်နှံသောငွေများ ထိန်းသိမ်းခြင်း၊ လက်ခံခြင်း မပြုရပါ။ အတူနေ မိသားစု အကြီးအကဲများ နာရေးကြုံတတ်သည်။ ထို့ကြောင့် သက်ကြီးရွယ်အို ဆေးဝါးလာကူသလျှင် လက်မခံသင့်ပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၇၂

### ကံကောင်းစေရန်

တနင်္လာနေ့ သို့မဟုတ် စနေနေ့တွင် တနင်္လာထောင့်၌ ငွေထီး ၉ လက် လှူပါ။

### အညံ့များ ပြေပျောက်စေရန်

အာလူးဟင်းချက်၍ ဗုဒ္ဓဟူးနေ့ ညဘက်တွင် ခွေးကျွေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း



အင်္ဂါ သားသမီး

သင်သည် ယခုကာလတွင် အလှူအတန်းများ မုချလှူဒါန်းပေးရလိမ့်မည်။ နေ့ခင်းမှာ ကပ်မည့်သူ ပေါ်တတ်သည်။ အိမ်ပြောင်းရတတ်သည်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်တတ်သည်။ ငယ်သားများအတွက် သောကရောက်ခြင်း ကြုံရတတ်သည်။ အိမ်ထောင်သည်များ တစ်နေရာ စီနေရတတ်သည်။ စာရွက်စာတမ်းကိစ္စ စိတ်ညစ်ရမည်။ သွပ်၊ သံ၊ သစ်၊ ပုလဲ ကိုယ်ပိုင်ဆို ဝယ်ပါ။ သိမ်းမထားပါနှင့်။ နိုင်မာသော စီးပွားရေးလုပ်ငန်း တည်ဆောက်ထားပါ။ လာဘ်လာဘများ ဝင်တတ်သလို အချစ်ရေးကံထူးသော ကာလဖြစ်သည်။ အတူနေ မိသားစုထဲမှ အကြီးအကဲ ကျန်းမာရေး ညံ့တတ်သည်။ သက်ကြီးရွယ်အိုများ အိမ်လာတည်းပြီး ဆေးဝါးကုသလျှင် လက်မခံပါနှင့်။ ကျန်းမာရေး ပိုညံ့သွားတတ်သည်။ အထက်လူကြီး၊ မိသားစုအကြီးအကဲများက ကိုယ့်ကို စိတ်တိုင်းမကျ ဖြစ်တတ်သည်။ လူမျိုးခြား အကျိုးပေးပါသည်။ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေး အောင်မြင်တတ်သည်။ ဆီးရောဂါ၊ ဆီးနှင့် ပတ်သက်သောဝေဒနာ မျက်စိနှင့် ဝေဒနာ ခံစားရတတ်သည်။

**ကံကောင်းသောရက်**

တနင်္လာ၊ စနေ

**ညံ့သောရက်**

ဗုဒ္ဓဟူး၊ ကြာသပတေး၊ တနင်္ဂနွေ

**ကံကောင်းသောနံပါတ်**

၂၇၊ ၇၂၊ ၇၄၊ ၂၆

**ကံကောင်းစေရန်**

နဂါးရုံဘုရားတစ်ဆူတွင်
ငွေထီး ၁ လက် မိုးပြီး လှူပါ။

**အညံ့များ ပြေပျောက်စေရန်**

မိမိအိမ်မှ လွှယ်အိတ်အဟောင်းတစ်ခုကို
စွန့်ထုတ်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း



**ဗုဒ္ဓဟူး သားသမီး**

သင်သည် ယခုကာလတွင် မိမိအား အကျိုးပေးသော မိတ်ဆွေကောင်းများ ရတတ်သည်။ တနင်္လာသား၊ စနေသားကို အကြောင်းပြု၍ ငွေရမည်။ အိမ်က တစ်ခြမ်းနိမ့်နေသည်။ ဝမ်းဗိုက်၊ ဦးခေါင်း ဒုက္ခပေးတတ်သည်။ လူမျိုးခြားနှင့် ပတ်သက်သောကိစ္စ အကျိုးပေးအောင်မြင်မည်။ မိသားစုမှ ဘိုးဘွားများ ကျန်းမာရေး ညံ့တတ်သည်။ ဆွေမျိုးသားချင်းများကို ကောင်းစွာအကူအညီပေးနိုင် လိမ့်မည်။ တစ်ဦးဦးက အရှက်တကွဲ လုပ်လိမ့်မည်။ သတိထားပါ။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း အခွင့်အရေးကောင်းရမည်။ အခြေအနေ မြင့်မားတိုးတက်ခြင်းများ ရရှိလိမ့်မည်။ ပညာရေးကိစ္စနှင့် သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်အနှောင့်အယှက် ဖြစ်တတ်၏။ ရွှေအတွက် ပြောဆိုဖြေ ရှင်းရခြင်းများ ကြုံရတတ်သည်။ အင်္ဂါနံ စိန်၊ စက်ပစ္စည်း ထွက်တတ်၏။ ရွှေထည်ဝယ်လျှင် အဟောင်းအပျက် များ ဝယ်လျှင် မကောင်းပါ။ အသစ်ဝင်လျှင် ကောင်း၏။ အောက်သက် ငယ်သားနှင့် ပတ်သက်၍ စိတ်ပင်ပန်းသောက ရောက်ရတတ်သည်။ အစားမှား၊ သေးမှားခြင်းများကို သတိထားဂရုစိုက်ရမည်။ အထူးသဖြင့် ဆီးရောဂါ၊ မျက်စိရောဂါတို့နှင့် ပတ်သက်၍ စိုးရိမ်ပူပန်ရတတ်သည်။ စာချုပ်စာတမ်းများနှင့် ပတ်သက်၍ စိတ်ပင်ပန်း အနှောင့်အယှက် ဖြစ်ရတတ်သည်။ ဆွေမျိုးသားချင်းများကို ကူညီပေးနိုင်စွမ်းရှိသည်။

**ကံကောင်းသောရက်**

တနင်္လာ၊ စနေ၊ သောကြာ

**ညံ့သောရက်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၂၇၊ ၇၂၊ ၁၆၊ ၇၁

**ကံကောင်းစေရန်**

တနင်္လာထောင့်၌ တံခွန် ၉ လုံး လှူဒါန်းပေးပါ။


**အညံ့များ ပြေပျောက်စေရန်**

ဒိတ်ဟောင်းတစ်ခုကို စွန့်ပစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း



ကြာသပတေး သားသမီး

သင်သည် ယခုကာလတွင် ကံကောင်းသောကာလဖြစ်သည်။ မထင်မှတ်ဘဲ ငွေဝင်ကိန်းရှိသည်။ အိမ်အနီးအနားတွင် ရိုးရာနတ်က သောနိမိတ်၊ ကလေးမွေးဖွားသောနိမိတ် တွေ့ပါက ထီထိုးပေးပါ။ ဗိုဗိုနှင့် အဆင်မပြေသူများက မိမိကို ပြန်လက်တွဲခြင်း။ ယခင်က မလိုအပ်သူ၊ နိမ့်ချသူများက ဗိုဗိုကို ပခုံးပေါ် ထမ်းတင်တတ်သည်။ ပညာရေးနှင့် ပတ်သက်၍ အနည်းငယ် ညံ့တတ်သည်။ သင်တန်းတက်မယ် ကြံရွယ်ပြီး မိမိတက်ချင်သော သင်တန်းမရခြင်းမျိုး ကြုံရတတ်သည်။ ငွေအလိမ်ခံရတတ်သည်။ တနင်္ဂနွေ ဗုဒ္ဓဟူး သားသမီးများကို ငွေလျော်ပေးခြင်း၊ အာမခံပေးခြင်း မပြုလုပ်ပါနှင့်။ ကျန်းမာရေးနှင့် ပတ်သက်၍ ဂရုစိုက်ပါ။ အလုံးအကျိတ်များ ခွဲစိတ်ခံရတတ်သည်။ ပြည်ပခရီးဝေးသွားလျှင် အကျိုးပေးသောကာလဖြစ်သည်။ လူမျိုးခြားနှင့် တွဲဖက်လုပ်ကိုင်နေသူများအဖို့ အလွန်ကံကောင်းတတ်ပေသည်။ ကားဝင်ကိန်းရှိသည်။ အဖိုးမတန်သော ကျောက်မျက်ရတနာများ လုံးဝအဝင်မခံပါနှင့်။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

ဗုဒ္ဓဟူး၊ တနင်္ဂနွေ

### ကံကောင်းသောနံပါတ်

၂၇၊ ၇၁၊ ၇၉

### ကံကောင်းစေရန်

မြောက်(သီရိအရပ်)တွင် ဘုရားစေတီ တည်ထား ကိုးကွယ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းဖြင့် ကုသိုလ်ယူပါ။

### အညံ့များ ပြေပျောက်စေရန်

ဗိုဗိုအိမ်မှ လွယ်အိတ်ဟောင်းတစ်ခုကို စွန့်ပစ်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း



## တနင်္ဂနွေ သားသမီး

သင်သည် ယခုကာလတွင် ကံကောင်းသောကာလ ဖြစ်နေသည်။ ဘာသာရေး၊ သာသနာရေး အနည်းငယ် လုပ်လိုက်သည်နှင့် ငွေဝင်လာကိန်း ရှိတတ်သည်။ ထို့ကြောင့် နေအိမ်တွင် အလှူတန်းပြုလိုက်ပါ။ လုပ်ငန်းအသစ်များ ပေါ်တတ်ပေသည်။ ငွေအင်အား တောင့်တောင့်တင်းတင်းနှင့် စရမည့်အချိန် ဖြစ်သည်။ ယခင်က မိမိနှင့် မသင့်မြတ်သူများနှင့် ပြန်သင့်မြတ်တတ်သောကာလဖြစ်သည်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စ အထူးအကျိုးပေးသောကာလဖြစ်သည်။ နိုင်ငံခြားမှ ပြန်လာသောသူတစ်ယောက်မှ မိမိကို လက်ဆောင်ပေးပါက ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။ ထီပေါက်နိုင်သည်။ ဝန်ထမ်းဖြစ်ပါက အလုပ်တွင် အဆင်ပြေခြင်း၊ ရာထူးတစ်ဆင့်တိုးခြင်းမျိုး ကြုံရတတ်သည်။ မိသားစုထဲတွင် သားငယ်၊ သမီးငယ်များကို ဂရုစိုက်ပါ။ မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်သည်။ ကိုယ်ကိုယ်တိုင်လည်း ကျန်းမာရေး အနည်းငယ် ညံ့တတ်သည်။ စာချုပ်၊ စာတမ်းကိစ္စများ၌ လက်မှတ်ထိုးခြင်း၊ အာမခံခြင်း ယခုလတွင် မပြုလုပ်ပါနှင့်။

**ကံကောင်းသောရက်**

တနင်္လာ၊ စနေ

**ညံ့သောရက်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၇၂၊ ၂၇၊ ၂၂၊ ၇၇

**ကံကောင်းစေရန်**

တနင်္လာထောင့်၌ ထီးဖြူသေး ၁၅ လက်၊
ထီးဖြူကြီး ၁ လက် လှူလိုက်ပါ။
ငွေဝင်ပါစေဟု ဆုတောင်းပါ။

**အညံ့များ ပြေပျောက်စေရန်**

လမ်းခင်းသောနေရာ၌ အုတ်ခဲ လှူပေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း



## သောကြာ သားသမီး

သင်သည် ယခုကာလတွင် မိမိရဲ့ ရည်ရွယ်ချက်များ စီးပွားရေးများ အကောင်အထည်ဖော်ခြင်း ပြုလုပ်ပါက အောင်မြင်သောကာလဖြစ်ပေသည်။ အကူအညီပေးမည့်သူများလည်း ပေါ်ပေါက်တတ်သည်။ စုပေါင်းတွဲဖက်လုပ်သော ကိစ္စများ အောင်မြင်မှု ရတတ်သည်။ လုပ်ငန်းအဆင့်အတန်း တိုးတက်ခြင်း၊ ဘဝအဆင့်အတန်း တိုးတက်ခြင်း ကြုံရတတ်သည်။ အလှူမင်္ဂလာပွဲများ ပြုလုပ်ပေးရသော အချိန်ကာလဖြစ်သည်။ ငွေဝင်ကိန်းရှိသည်။ ထီပေါက်သကဲ့သို့ ဝင်မည်။ ခရီးယာယီကောင်းပါသည်။ မရောက်ဖူးသေးသောအရပ်သို့ သွားရမည်။ ရေခြားမြေခြား နိုင်ငံခြားနှင့် ဆက်သွယ်သောလုပ်ငန်းများ အောင်မြင်မည်။ တနင်္လာ၊ စနေနှင့် တွဲလုပ်ပါက အောင်မြင်မှု ရတတ်သည်။ အတွေ့အကြုံသစ်များ လာဘ်လာဘများ ရရှိမည့်အချိန်ကာလဖြစ်သည်။ မိသားစုအတွင်း အနည်းငယ် စိတ်အနှောင့်အယှက်ဖြစ်စရာမျိုး ကြုံရတတ်သည်။ မိသားစုအတွင်းဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်တွင်ဖြစ်စေ စိတ်တိုင်းမကျမှုများ ကြုံရတတ်သည်။ အဖိုးတန် ကျောက်မျက်ရတနာများ ဝင်လာတတ်သည်။ ကားအပြောင်းအလဲ ကြုံရတတ်သည်။ ဝမ်းဗိုက် ဒုက္ခပေးတတ်သည်။ မျက်စိလည်း ဂရုစိုက်ပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၇၃၊ ၂၅၊ ၂၇၊ ၇၂

### ကံကောင်းစေရန်

ထီးဖြူအသေး သက်စေ့နှင့်
ထီးဖြူအကြီး(၁)လက် လှူဒါန်းပေးပါ။

### အညံ့များ ပြေပျောက်စေရန်

ဖြိုးဟပ်တိုင်ရှိဘုရားအား အမွှေးနံ့သာနှင့်ရော၍
ရေသပ္ပာယ်လှူဒါန်းပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း



## စနေ သားသမီး

သင်သည် ယခုကာလတွင် စီးပွားရေးအလွန်ကောင်းသော ကာလဖြစ်သည်။ လုပ်ငန်းများ အရှိန်အဟုန် ပို၍တိုးတက်လာမည်။ ခြေလက်ထိခိုက်သောသူ အိမ်ရောက်လာတတ်သည်။ ကားဝင်လျှင် ကောင်းသည်။ အိမ်အဟောင်းဆို ပြင်ရတတ်သည်။ အပူအနည်းငယ် လောင်တတ်သည်။ ပစ်စာ၊ ဟိုင်စာ ရောက်ခြင်းကြုံတတ်သည်။ အဂါနံ စိန့်၊ စက်ပစ္စည်း ထွက်တတ်သည်။ မိဝီအား ပြဿနာလုပ်နေသူများနှင့် အဆင်ပြေသွားမည်။ ငွေဝင်ကိန်း ရှိပါသည်။ အလုပ်ကြောင့်သော်လည်း ကောင်း။ ကံတရားကြောင့်သော်လည်းကောင်း ငွေဝင်လိမ့်မည်။ အလှူ အတန်း ပြုလုပ်ရတတ်သည်။ အလှူအတန်း လုပ်ပြီးသည်နှင့် ငွေများ ထပ်ဝင်လာတတ်သည်။ မိမိနှင့် မသင့်မြတ်သူများနှင့် ပြန်လည်အဆင် ပြေသွားမည်။ မိသားစုထဲမှ အကြီးအကဲများကြောင့် စိတ်အနှောင့် အယှက် ဖြစ်စရာများ ကြုံရတတ်သည်။ သူများကိစ္စနှင့် ပတ်သက်၍ ငွေကြေးပြဿနာ ပေါ်တတ်သည်။ လောဘကြီးသူများ ဒေါသကြီးသူ များ ငွေရဖို့ ထစ်ငေါ့သည့်အပြင် ရစရာရှိသော ငွေများ ဆုံးသွားတတ် သည်။ ကျန်းမာရေး အနည်းငယ်ညံ့တတ်သည်။ အဖျားရောဂါ ဝမ်းဗိုက် နှင့် ပတ်သက်သော ဝေဒနာ ခံစားရတတ်သည်။

**ကံကောင်းသောရက်**

တနင်္လာ၊ စနေ

**ညံ့သောရက်**

ဗုဒ္ဓဟူး၊ တနင်္ဂနွေ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၇၂၊ ၂၇၊ ၇၅

**ကံကောင်းစေရန်**

မွေးနေ့တွင် ကံစီထီး(ငွေထီး)ကို တနင်္လာထောင့်၌ လှူပါ။

**အညံ့များ ပြေပျောက်စေရန်**

စနေနေ့တိုင်း နန်းကထိုင်မှန် လှူပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း



### ရာဟု သားသမီး

သင်သည် ယခုကာလတွင် အရေးကြီးသောကံကို ထိန်းသိမ်းရန် လိုအပ်သည်။ စီးပွားပျက်ခြင်း၊ အန္တရာယ်ကြုံခြင်းများ အချိန်ကို မထိန်းနိုင်ပါက ဖြစ်ကတတ်သည်။ သူတစ်ပါး အစော်ကားခံရတတ်သည်။ ပညာရေး၊ သင်တန်းကိစ္စ အကြောင်းပြု၍ စိတ်ညစ်ရမည်။ ဝန်ထမ်းဆိုလျှင် အခြေအနေ မြင့်တက်ခြင်းကြုံမည်။ အဖိုးတန် ကျောက်မျက်ရတနာ ဝင်မည်။ ကျေးဇူးပြုမည့်သူ ပေါ်မည်။ မိမိအလုပ်မှ ငွေများ ဝင်လာတတ်သည်။ အိမ်ပိုင်၊ ကားပိုင် ဖြစ်သွားတတ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရသောကာလဖြစ်သည်။ အထက်လူကြီး၊ မိသားစုကြီးကဲသူများကြောင့် စိတ်ညစ်ရမည်။ အတူနေ မိသားစုထဲမှ အကြီးအကဲ အဘိုးအဘွားများ နာရေးဖြစ်တတ်သည်။ တခြားပို့တားပါ။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေး အောင်မြင်မည်။ ခရီးများ မကြာခဏ ထွက်ရတတ်သည်။ ထိုခရီးများသည်လည်း အကျိုးပေး အောင်မြင်လိမ့်မည်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်သည်။ အဂ္ဂိရတ်၊ စိန်၊ စက်ပစ္စည်း ထွက်တတ်သည်။ ရွှေထည်ဝယ်လျှင် အသစ်များသာ ဝယ်သင့်သည်။ အပျက်အဟောင်း မဝယ်သင့်ပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ စနေ

**ညံ့သောရက်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၂၄၊ ၄၂

**ကံကောင်းစေရန်**

အိမ်ဘုရားတွင် ဝဲခွန်(၉)လုံး
လှူဒါန်းပေးပါ။

**အညံ့များ ပြေပျောက်စေရန်**

သစ်သီး(၃)မျိုးကို မယ်သီလရှင်ကို
လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

### ဒေါက်တာစောယုနွယ်

(၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်ဘဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့ပယ် ဆိုပါက…

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၄/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၄၃၀၃၀၊ ၀၉-၇၇၉၉၅၉၅၆၇

## တနင်္ဂနွေသားသမီးများအတွက်

အလုပ်ပြောင်းရတတ်သည်။ ကောင်းသောအလုပ်ဖြစ်သည်။ ပြည်ပခရီး ထွက်ရမည်။ စက်ပစ္စည်းအသစ်လဲခြင်း၊ ဝယ်ရခြင်းများ ကြုံမည်။ အလုပ်တွင်ရှိသော အတိုက်အခံ ပြိုင်ဘက်များကို အနိုင်ရရှိမည်။ သူများလာအပ်သောငွေကို လက်မခံပါနှင့်။

**ယတြာ**

မိတ်ဆွေများကို သစ်သီး ဝယ်ကျွေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

ကောင်းတစ်ဝက် ဆိုးတစ်ဝက် ကာလဖြစ်သည်။ ပျော်စရာတွေနဲ့ ကြုံရမယ်။ မွေးနေ့ပွဲ၊ ညှော်ခံပွဲ ဖိတ်ကြားခြင်းခံရမယ်။ အလုပ်သစ်တွေရမယ်။ ငွေတွေလည်း ဝင်မယ်။ မော်တော်ကားနဲ့ ပတ်သက်ပြီး ငွေရမယ်။ သဘော်သားများ သင်တန်းတက်ရမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဟမ်ဘာဂါနှင့် အချိုရည် ဝယ်ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးမည်။ သို့မဟုတ် လုပ်ပိုင်ခွင့်ရမည်။ အလုပ်အတွင်း အတိုက်အခံကြုံမည်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာလိမ့်မည်။ ရပ်ဝေးမှ အဆက်အသွယ်များ ရမည်။ သင်တန်းတက်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပေါင်မုန့်တစ်လုံး ဝယ်ကျွေးပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

အလုပ်ပြောင်းရန် ကြံစည်ထားသူများ မကြာခင် အကြံအစည် အောင်မြင်မည်။ ငွေဝင်သောကာလဖြစ်သော်လည်း ငွေလိမ်ခံရတတ်သည်။ မော်တော်ကားကိစ္စ အဆင်ပြေမည်။ မသွားချင်သော နေရာများ သွားရလိမ့်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းသီးပါသောမုန့် ဝယ်ကျွေးပါ။

## ကြာသပတေးသားသမီးများအတွက်

ဝန်ထမ်းများ အထက်လူကြီး၏ အထင်အမြင်လွဲမှားမှု ခံရတတ်သည်။ သူတစ်ပါးအတွက် အာမခံ မလိုက်ပါနှင့်။ အလုပ်အခက်အခဲ ကြုံနေမည်။ ကားအက်ဆီးဒင့် ဖြစ်တတ်သည်။ ငွေကျပျောက်တတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ဘူး လက်ဆောင်ပေးပါ။

## သောကြာသားသမီးများအတွက်

အလုပ်ပြောင်းရန် ကြံစည်ထားသူများ မကြာခင် အကြံအစည် အောင်မြင်မည်။ ငွေဝင်သောကာလဖြစ်သော်လည်း ငွေလိမ်ခံရတတ်သည်။ မော်တော်ကားကိစ္စ အဆင်ပြေမည်။ မသွားချင်သော နေရာများ သွားရလိမ့်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းသီးပါသောမုန့် ဝယ်ကျွေးပါ။

## စနေသားသမီးများအတွက်

အိမ်အသစ်ပြောင်းခြင်း သို့မဟုတ် အိမ်အသစ်ဝယ်ခြင်းများ ပြုရတတ်တယ်။ မိတ်ဆွေတစ်ယောက်က ကူညီမည်။ အလုပ်အကိုင် အဆင်ပြေပြီး ရာထူးတစ်ဆင့်တိုးမည်။ လုပ်ပိုင်ခွင့်များ ရရှိမည်။ ခရီးအကျိုးပေးသောကာလဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများသို့ သွားရမည်။ အမြင့်မှ လိမ့်ကျတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သစ်သီးယို တစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

## ရာဟုသားသမီးများအတွက်


မိမိအပေါ် ပြဿနာလုပ်နေသူတွေက အမြင်မှန်ရပြီး ငြိမ်းချမ်းရေးစကား ပြောမည်။ မိမိအပေါ် အထင်လွဲနေသော အလုပ်ရှင်နှင့် ပြန်လည်သင့်မြတ်မည်။ အလုပ်နှင့် ပတ်သက်ပြီး မော်တော်ကား ရမည်။ စာရွက်စာတမ်း လက်မှတ်ထိုးခြင်းကိစ္စကို အလျင်စလို မလုပ်ပါနှင့်။ နိုင်ငံခြားသားများနှင့် အဆင်ပြေမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်ကင် ဝယ်ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## မဟာစည် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓာစရိယ (နိုင်ငံခြားသာသနာပြု) အောင်လက်မှတ် ဆက်ကပ်ပွဲ

ဒသမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓာစရိယ (နိုင်ငံခြားသာသနာပြု) အောင်လက်မှတ်ဆက်ကပ်ပွဲကို (၉-၁၀-၂၀၁၈) နံနက် ၈ နာရီတွင် အမှတ်(၁၆)၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်ရှိ မဟာစည် ဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဩဝါဒါစရိယဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဝါသဝ(ဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) Ph.D (မြစ်သား)ဆရာတော်၊ ဩဝါဒါစရိယဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တသောဘဏ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာကမ္ဘာ့ဗုဒ္ဓာစရိယ၊ အဂ္ဂမဟာကမ္ဘာ့ဗုဒ္ဓာစရိယ)Ph.D (ရွှေမင်းဝံ)ဆရာတော်ကြီး၊ မဟာစည်နာယက မဟာစည်အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ(သာသနဓဇဓမ္မာစရိယ၊ သာသနပါလဓမ္မာစရိယ) M.A(ဗရာဏသီ - BHU) Dip in B.Dh in English ဆရာတော်နှင့် ဆရာတော် သံဃာတော်များ၊ မဟာစည်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင့်ဆိုးလင်းနှင့် အဖွဲ့ကြီးသုံးဖွဲ့မှ အမှုဆောင်များ၊ ယောဂီများ တက်ရောက်ကြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးထံမှ သင်တန်းဆင်း အောင်လက်မှတ်များကို အရှင်ဇောတိပါလ၊ အရှင်ကာဝိနန္ဒ၊ အရှင်ဩဘာသ၊ အရှင်ကုမ္ဘာစရိယတို့က လက်ခံရယူကြပြီး အဖွဲ့ကြီးသုံးဖွဲ့နှင့် ရွှေပုဇွန်မိသားစုတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်၍ ရေစက်ချ အမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

ဒေါက်တာသက်ဆွေ

---

## ဗဟန်း မဟာစည် သာသနာ့ရိပ်သာကြီး နာယကဆရာတော် ဘဒ္ဒန္တသုရိယ ၏ (၈၂)မြောက် မွေးနေ့ အလှူတော်မင်္ဂလာ

မဟာစည် နာယကဆရာတော် ဘဒ္ဒန္တသုရိယ (သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာကမ္ဘာ့ဗုဒ္ဓာစရိယ)၏ (၈၂)နှစ်ပြည့် မွေးနေ့ကုသိုလ်တော် အလှူမင်္ဂလာကို (၁၄-၁၀-၂၀၁၈) နံနက် ၈ နာရီတွင် မဟာစည် ဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မဟာစည် ဩဝါဒါစရိယ ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဝါသဝ(ဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) Ph.D (မြစ်သား) ဆရာတော်ကြီးနှင့် သံဃာတော်များ၊ သီလရှင်များ၊ ယောဂီများ၊ အမှုဆောင်များ ၃၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

မြစ်သားဆရာတော်ကြီးထံမှ သီလခံယူခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခြင်း၊ ဆရာတော်ကြီးမှ အနုမောဒနာတရား ဟောကြားချီးမြှင့်ပေးပြီး ရေစက်ချ အမျှဝေခြင်း၊ ဝါဆိုသံဃာများအား တစ်ပါးချင်း လှူဖွယ်ပစ္စည်း ဆက်ကပ်ခြင်းတို့ ပြုလုပ်ပြီးနောက် နံနက် ၁၀ နာရီတွင် မဟာကုသလကာရီ(အပေါ်ခန်းမ)၌ ဧည့်ခံကျွေးမွေးရာ ငွေကျပ် ၂၁၇ သိန်းကျော် ကုန်ကျကြောင်း သတင်းရရှိသည်။

နေသူရိန်ဆွေ

---

## ဘုန်းရောင်ဂျာနယ်မှ သုံးရောင်ခြယ်ဘုရား လှူဒါန်း

ဘုန်းရောင်ဂျာနယ်တွင် သုံးရောင်ခြယ်ဘုရား အလှူခံထားကြသူများကို ရောင်ပြန်မဂ္ဂဇင်းနှင့် ဘုန်းရောင်ဂျာနယ် အယ်ဒီတာချုပ် ဆရာဦးမောင်မောင်မြင့်အေးမှ သီတင်းကျွတ် လပြည့်နေ့ မတိုင်မီ သုံးရောင်ခြယ်ဘုရားများ လှူဒါန်းပေးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ခင်ပွန်းကြီးဆယ်ပါး ပူဇော်ပွဲ



နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း ကပ်လှူပူဇော်နေကျ ခင်ပွန်းကြီးဆယ်ပါး ပူဇော်ပွဲကို ဆရာမ ဒေါက်တာစောယုနွယ်၏ ; ဘယာရွှေပြည့်ဟိန်း စာတ်စခန်းမှာ ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခင်နှစ်များတွင် မိသားစုများသာ ပူဇော်လေ့ရှိပြီး ယခုနှစ်တွင် ဆရာမ ဒေါက်တာစောယုနွယ်ရဲ့ တပည့်များကပါ ပူဇော်ခဲ့ကြပါသည်။

ခင်ပွန်းကြီးဆယ်ပါးကို မမေ့မလျော့ ပူဇော်တဲ့ သူတွေဟာ ဒဏ်(၁၀)ပါးမှ လွတ်ကင်းတယ်လို့ ဆိုကြပါတယ်။ ဒဏ်(၁၀)ပါးက လွတ်ပြီး လိုရာဆန္ဒတွေလည်း ပြည့်ပါတယ်။

---

## ဆရာကြီး ဒေါက်တာမင်းသိခ်၏ ပညာအမွေခံ
## ဆရာမ ဒေါက်တာစောယုနွယ်၏ ပညာဒါနကျောင်း

ဆရာကြီး ဒေါက်တာမင်းသိခ်၏ ပညာအမွေ လက်ဆင့်ကမ်း ဇော်သ ဗျာကရဏ ဗေဒ ပညာရှင်များ၏ ပညာဒါနကျောင်း သင်တန်းအမှတ်စဉ်(၆၁/၂၀၁၈)ကို (၂၅-၁၁-၂၀၁၈)ရက် မှ (၇-၁၂-၂၀၁၈)ရက်အထိ ညနေ ၃ နာရီမှ ၆ နာရီအထိ ဆရာမ ဒေါက်တာစောယုနွယ်၏ နေအိမ်ဖြစ်သော အမှတ်(၂၀၅-က)၊ ပိတောက် (၅)လမ်း၊ မြို့သစ် (၈)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်တွင် အခမဲ့ သင်ကြားပေးခဲ့သည်။

### အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင် . . .

❖ HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးများ၏ သုခရိပ်မြုံဂေဟာ (၀၁-၅၈၁၉၅၅) ❖ ဆည်းဆာရိပ် ဂီလာနဘိုးဘွားရိပ်သာ (၀၉-၇၃၀၁၈၀၀၇) ❖ နာရေးကူညီမှုအသင်းသို့ လှူဒါန်းလိုလျှင်ဖြစ်စေ၊ အကူအညီလိုလျှင်ဖြစ်စေ ဆက်သွယ်ရန် (၀၁-၆၃၉၄၉၀)၊ (၀၁-၇၀၉၂၇၇)၊ (၀၁-၅၈၁၃၆၃)၊ (၀၁-၇၀၄၇၈၄)

www.burmeseclassic.com

www.burmeseclassic.com

## ဆရာမ ဒေါက်တာစောယုနွယ်နှင့် တပည့်များ၏ နေ့ဝင်မီးလက် စီးပွားတက် အဓိဋ္ဌာန်




ဆရာမ ဒေါက်တာစောယုနွယ်၏ နေ့ဝင်မီးလက် စီးပွားတက် အဓိဋ္ဌာန်ကို ယခင်က ဆရာမတစ်ဦးတည်းအနေနှင့် ရန်ကုန်မြို့ရှိ ဘုရားကိုးဆူတွင် နှစ်စဉ်နှစ်ကြိမ်ခန့် ပူဇော်ခဲ့၏။ ရွှေတိဂုံ၊ အလံပြဘုရား။ ဆူးလေ၊ ဗိုလ်တထောင်၊ ရွှေဘုန်းပွင့်၊ ကျိုက္ကဆံ၊ ကျိုက်ဝိုင်း။ မိုးကောင်း။ ကမ္ဘာအေးစေတီ တို့တွင် ပူဇော်ခဲ့၏။

ယခုနှစ်တွင် အပတ်စဉ်(၆၀)မှ မွမ်းမံသင်တန်းသားတို့အား လက်တွေ့အဓိဋ္ဌာန် ဝင်ပုံဝင်နည်းကို ပြသသည့်အနေဖြင့် ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ရွှေဘုန်းပွင့်ကိုတွင် ညနေ ၄ နာရီမှ ည ၈ နာရီအတွင်း စေတီ(၃)ဆူကို လှည့်လည်ပူဇော်ခဲ့၏။

၎င်းအဓိဋ္ဌာန်မှာ ဘုရားတစ်ဆူလျှင် တစ်ရက်၊ ၉ ရက် အဓိဋ္ဌာန်ဝင်ရန် ဖြစ်၏။ ထိုကဲ့သို့ အဓိဋ္ဌာန်ဝင်ရာတွင် အာဇီဝအဋ္ဌမက သီလသိက္ခာပုဒ် ဆောက်တည်၍ ဝင်ရန်ဖြစ်၏။

မေတ္တာပို့ အမျှဝေခြင်းများနှင့် ဆောင်ရွက်ခဲ့သည်။ ၎င်းအဓိဋ္ဌာန် ဝင်သူများသည် စီးပွားတက်၊ လာဘ်ရွှင်၊ ကျန်းမာရေးကောင်းပြီး နာမည်ကျော်ကြား လူသိများသည်ဟု ဆရာမ ဒေါက်တာစောယုနွယ်က ပြောပြ၏။

---

## အဘိဓမ္မာ သင်တန်းဆင်းပွဲ


ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းရှိ Y.M.B.A အသင်းချုပ်ကြီးမှ ဖွင့်လှစ်ခဲ့သော အဘိဓမ္မာသင်တန်းကြီးက သင်တန်းဆင်းပွဲနှင့် ဆရာများ ပူဇော်ပွဲကို (၇-၁၀-၂၀၁၈) နေ့လည် ၂ နာရီတွင် ကျင်းပခဲ့ရာ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ သင်တန်းနည်းပြ ဆရာများ စုစုပေါင်း (၁၀၀)ကျော် တက်ရောက်ခဲ့ပါသည်။

သင်တန်းဆင်းပွဲတွင် ဘာသာစာရိတ္တအဖွဲ့ ဥက္ကဋ္ဌ ဦးကြည်မြင့်မှ အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းဆင်းများက သင်တန်းပြဆရာကြီးများအား ပူဇော်ငွေများ စုပေါင်းကန်တော့ကြကာ အခမ်းအနားကို (၁၅:၃၀)နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

နေသူရိန်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝတွင် ကံနှင့် ကြမ္မာ
တွင် လျှောက်လှမ်းနေ သူများ
ပါသည်။

ကံဆိုသည်မှာ ဘဝအဆ
ဆက်က လုပ်ခဲ့ကိုင်ခဲ့ရသော အ
ဖြစ်ပြီး ထိုအလုပ်များကို အခြေ
လူ့ဘဝ ရောက်ကြရသည်ဖြစ်
ကံကောင်းလို့ လူဖြစ်တာဟု
ကြ၏။

ကံကောင်းလို့ လူဖြစ်လ
များသည် ကြမ္မာကို ဂရုမစိုက်
ဖြင့်လျှင် ချမ်းသာ ဆင်းရဲ ဖြ
ရ၏။ မိမိကြမ္မာ မိမိဖန်တီးရသ
ပင် ပြောကြသေး၏။

ကံတယ်လောက်ကောင်း
ကြမ္မာမကောင်းလျှင် ချမ်း
ထက် ဆင်းရဲခြင်းကို နီးပေလိ

ကံကြမ္မာကောင်းအောင် လောကီရေးရာပညာတို့ဖြင့် ဖန်တီးယူမည် ဆိုပါလျှင် . . .

www.burmeseclassic.com

www.burmeseclassic.com

# လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး

## [ကျောက်တော်ကြီးဘုရား]

# လှူခွင့်ကြုံခိုက် လှူလိုက်စေချင်ပါသည်

အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီး) ဘုရားကြီးကို ဂေါပကအဖွဲ့မှ ဘုရားဖူး ပြည်သူများ စိတ်ချမ်းသာစွာဖူးမြော်နိုင်ရေး၊ ဘုရားကြီးဝန်းကျင်တွင် လှပသန့်ရှင်းရေး၊ ဘုရားကြီး ရေရှည် တည်တံ့ပြီး သာသနာတော်တည်တံ့ရေးအတွက် ရည်ရွယ်၍ လုပ်ငန်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

BURMESE CLASSIC .com

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် . . .

**(၁) ရာသက်ပန်အလှူအဖြစ် လောကချမ်းသာ ထာဝရ ငွေပဒေသာပင် အလှူတော်ကို တစ်ပင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့်လည်းကောင်း။**

**(၂) ကံမြင့်၊ ကံဆင့်၊ ကံတင့်စေရန်အတွက် ကန်တော်မင်္ဂလာကြီး ဘက်စုံပြုပြင်ခြင်းကို လည်းကောင်း။**

**(၃) ဘုရားကြီး၏ ဂန္ဓကုဋိတိုက်ကြီးကို အမြင်တင့် သပ္ပာယ်စေရန် ရွှေရေး ရွှေဆေးများ ခြယ်သ လှူဒါန်းနိုင်ရန်လည်းကောင်း . . .**

ဆောင်ရွက်လျက်ရှိပါသည်။

ထိုအလှူများကို စိတ်ဝင်စား ဒါန ပြုလိုသူများအနေဖြင့် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍ ကိုယ်တိုင် ကိုယ်ကျ လာရောက်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**ဂေါပကအဖွဲ့**

၀၁-၆၄၄၈၆၀၊ ၀၁-၆၄၄၈၅၇၊ ၀၁-၆၄၄၈၅၈

www.burmeseclassic.com

www.burmeseclassic.com

ကိုရီးယားနိုင်ငံစက်ကိရိယာကြီးများဖြင့် အထူးစီမံထုတ်လုပ်လိုက်သော

# ကေမ္ဘာ ဆေးတိုက်မှ ဆေးအသစ်များ

၁၁/ ၂၀၁၁/တဆထထလ/တိုး(၂၅၉)
10 Nov 2011

## ကေမ္ဘာ ပန်းခါးဆေးလုံး

TMR 011961 (0516)

ဆီးချို၊ သွေးချို၊ သွေးတိုး၊
ငှက်ဖျားကြိုတင်ကာကွယ်ဆေး။







## ကေမ္ဘာ တပင်တိုင်မြန်နန်းဆေးလုံး

TMR 011636 (1215)

၊ အနာပေါက်၊ ပြည်တည်နာ၊
အိမ်နာ၊ သားအိမ်အတွင်း
ရောဂါများအတွက် သောက်ဆေး။

BURMESE CLASSIC .com

## ကေမ္ဘာ ရုံးယိုဆေးလုံး

TMR 011510 (1215)

လေထိုး၊ လေအောင့်၊ လေနာ၊ လေးဘက်နာ၊
အကြောအဆစ်ရောင်ရောဂါ သောက်ဆေး၊
ကိုယ်ခံစွမ်းအားတက်၍ နုပျိုလန်းဆန်းစေပါသည်။




ကျန်းမာရေးမြန်မာ့ဆေး ကေမ္ဘာ မှအစဉ်ပေး

**ကေမ္ဘာဆေးတိုက်မှ ထုတ်လုပ်သည်။**

❋၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၄၉၁၁၆၊ ၀၁-၅၉၅၂
❋၂၈၊ ဗိုလ်ချုပ်ဈေး (မြောက်ဘက်တန်း အပေါ်ထပ်)၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၄၀၉၆၆-လိုင်းခွဲ-၄၁၅

www.burmeseclassic.com